ပညာပြည့်ဝ၊ နှလုံးလှသော်
ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်
ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ
ပြီးနိုင်စွာ၏။ (မဃဒေဝ)

## ပုံနှိပ်ခြင်း

စတုတ္ထအကြိမ်၊ ၁၉၇၇ ခု၊ ဩဂုတ်လ၊ အုပ်ရေ ၁၀၀၀။

## မျက်နှာဖုံး ပန်းချီ

စံတိုး

## ဘလောက်

ဘသစ်

## အဖုံးရိုက်

လုပ်အား

## စာအုပ်ချုပ်

ကေရီ

စာမူ ခွင့်ပြုချက် (၃၄၂)၊ မျက်နှာဖုံး ခွင့်ပြုချက် (၂၃၄)

ဦးရွှေထွန်းအောင် (၀၂၀၇)၊ လုပ်အားပုံနှိပ်တိုက်၊ အမှတ်-၅၊ လမ်း-၁၈၈၊ ကန်တော်ကလေး၊ရန်ကုန်မြို့ကရိုက်နှိပ်၍၊ ဦးနေနွယ်(၀၁၁၆၆)၊မြကန်သာစာပေ အမှတ်-၁၈၇၊၃၃၊ကာဠနမဟီရပ်၊မန္တလေးမြို့က ထုတ်ဝေသည်။

ပါဠိတော် အဋ္ဌကထာနှင့်အညီ စီစဉ်ထားသော

# ဓမ္မပဒ

(ဒေသနာတော်များနှင့် ဝတ္ထုတော်များ)

## မာဏဝ ပြုစုသည်

နှလုံးလှ စာတည်းအဖွဲ့က တည်းဖြတ် စီစဉ်သည်

နှလုံးလှစာပေဖြန့်ချိရေး၊
စာတိုက်သေတ္တာအမှတ်(၇၄)၊ ဗဟိုစာတိုက်ကြီး၊ ရန်ကုန်မြို့။
ဖုန်း—၉၈၉၇၁။

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
အမှတ် ၂၂၂၀၄
ရက်စွဲ ၂၄-၉-၈၉
သုတေသနစာကြည့်တိုက်

# အကြောင်းရပ် မာတိကာ

( အကြောင်းရပ် မာတိကာ ဟူသည်မှာ— အရှင်မဟာကဿပ၊ အရှင်သာရိပုတ္တရာ၊ ရှင်ဒေဝဒတ်၊ ဝိသာခါစသော ကျော်ကြားသည့်ပုဂ္ဂိုလ်ကြီးများဆိုင်ရာ အစုကိုလည်းကောင်း၊ ပညာ၊ ဝီရိယ၊ သဒ္ဓါ၊ ဒါန၊ သီလစသော တရားအစုဆိုင်ရာကိုလည်းကောင်း၊ ထို့ပြင် အသုံးတည့်ရာဖြစ်ရပ်ဇာတ်လမ်းအသီးသီးအစုကို လည်းကောင်း စာဖတ်သူတို့ လွယ်ကူစွာ ရွေးချယ်ဖတ်ရှုနိုင်ရန် တပေါင်းတည်း မာတိကာစဉ်ထားခြင်း ဖြစ်ပါသည်။)

## ဓမ္မပဒအဓိပ္ပာယ် နိဒါန်းသွယ်


| | | | |
|---|---|---|---|
| ဓမ္မပဒ၏ အနက်အဓိပ္ပာယ်များ | ၁ | ဘာသာပြန်ကျမ်းကြီးများ | ၄ |
| ပါဠိတော်နှင့်အဋ္ဌကထာ | ၂ | ဤကျမ်း၏အစီအစဉ် | ၆ |
| အဋ္ဌကထာ၏ ဂုဏ်ကျေးဇူး | ၃ | အရယူပါ | ၇ |


## အဂ္ဂသာဝကတို့၏ ဂုဏ်ကျေးဇူး


| | | | |
|---|---|---|---|
| အရှင်သာရိပုတ္တရာ | ၃၅ | အရှင်သာရိပုတ္တရာ၏တူပုဏ္ဏား | ၂၅၅ |
| အရှင်ရာဓ | ၂၀၅ | အဂ္ဂိဒတ္တပုဏ္ဏား | ၃၇၅ |
| အရှင်သာရိပုတ္တရာ(ရှိခိုးခြင်း) | ၅၂၃ | အရှင်စူဠသာရီ | ၄၁၉ |
| အရှင်သာရိပုတ္တရာ | ၂၃၄ | အရှင်သာရိပုတ္တရာ (အရိုက်ခံရခြင်း) | ၅၂၂ |
| အရှင်သာရိပုတ္တရာ | ၂၃၀ | အရှင်သာရိပုတ္တရာ (အဆဲခံရခြင်း) | ၅၂၉ |
| တမ္ဗဒါဌိက ခိုးသူသတ် | ၂၄၅ | အရှင်သာရိပုတ္တရာ (သင်္ကန်းပို့ရန်မှာခြင်း) | ၅၃၉ |
| အရှင်သာရိပုတ္တရာ၏ ဦးရီးပုဏ္ဏား | ၂၅၅ | | |
| အရှင်သာရိပုတ္တရာ၏ မိတ်ဆွေပုဏ္ဏား | ၂၅၆ | | |

## အရှင်မဟာကဿပ၏ ဂုဏ်ကျေးဇူး


| | | | |
|---|---|---|---|
| အရှင်မဟာကဿပ | ၁၀၁ | အရှင်မဟာကဿပ | ၂၃၀ |
| အရှင်မဟာကဿပအား ဆွမ်းလှူခြင်း | ၁၆၀ | လာဇာနတ်သမီး | ၂၃၄ |
| | | သူငယ်ငါးရာ | ၃၉၅ |


## ပုဂ္ဂလဝိသေသ သာဝကကြီးများ


| | | | |
|---|---|---|---|
| အရှင်စူဠပန္ထက | ၉၄ | သန္တတိအမတ်ကြီး | ၃၀၆ |
| အရှင်အနုရုဒ္ဓါ | ၂၃၂ | အရှင်သီဝလိ | ၅၄၃ |
| အရှင်မဟာကစ္စည်း | ၂၃၃ | အရှင် ဓမ္မဒိန္နာ | ၅၆၄ |
| အရှင်ဗာဟိယဒါရုစိယ | ၂၄၇ | အရှင်အင်္ဂုလိမာလ | ၅၆၆ |
| အရှင်မကုဏ္ဍလကေသီ | ၂၅၁ | | |


## ဘုရားမြေးတော် သာမဏေကျော်များ


| | | | |
|---|---|---|---|
| ပဏ္ဍိတသာမဏေ | ၂၁၄ | သုခသာမဏေ | ၃၁၁ |
| ကောသမ္ဗီမြို့နေ အရှင်တိဿ၏ တပည့်သာမဏေ | ၂၃၆ | အရှင်သာနု | ၄၇၀ |
| ရေဝတသာမဏေ | ၂၃၈ | သုမနသာမဏေ | ၅၁၂ |
| သံကိစ္စသာမဏေ | ၂၅၀ | သာမဏေကလေးများ | ၅၃၅ |


## ကြည်ညိုသဒ္ဓါ ကောင်းကျိုးဖြာ


| | | | |
|---|---|---|---|
| မဋ္ဌကုဏ္ဍလီ | ၁၆ | ကျွန်မပုဏ္ဏား | ၄၀၉ |
| မစ္ဆရိယကောသိယသဌေး | ၁၄၀ | ဇရပ်ဆောက်သူပုဏ္ဏား | ၄၁၅ |
| ဂရဟဒိန္နသူကြွယ် | ၁၆၄ | ကိုယ်တော်မြတ်၏ရှေးကုသိုလ်ကံ | ၄၄၉ |
| သုမနပန်းသည် | ၁၇၅ | ထင်းလှည်းသမား၏သား | ၄၅၇ |
| တိဿသာမဏေ | ၁၉၀ | စိတ္တသူကြွယ် | ၄၅၉ |
| အရှင်ကပ္ပိန | ၂၀၉ | စူဠသုဘဒ္ဒါ | ၄၆၂ |
| ကာဏာတို့ သားအမိ | ၂၂၂ | တိတ္ထိတို့၏ သာဝကများ | ၄၇၁ |
| အာယုဝဍ္ဎန သတို့သား | ၂၅၇ | အရှင်ဥဂ္ဂသေန | ၄၉၁ |
| အရှင်မဥတ္တရာ | ၃၂၀ | ပဉ္စဂ္ဂဒါယကပုဏ္ဏားကြီး | ၅၀၄ |
| ရေကပတ္တနဂါးမင်း | ၃၇၀ | အလွန်ကြည်ညိုသောပုဏ္ဏား | ၅၁၀ |
| ရောဟိနီမင်းသမီး | ၄၀၀ | အက္ကောသကဘာရဒွါဇပုဏ္ဏား | ၅၂၀ |
| ဘုရားရှင်၏ခမည်းတော်ပုဏ္ဏား | ၄၀၁ | အရှင်စန္ဒာဘ | ၅၄၀ |
| | | ဒေဝဟိတပုဏ္ဏား | ၅၆၇ |

## ကောင်းမှုစိုက်ပျိုး ကောင်းကျိုးပဒေသာ


| | | | |
|---|---|---|---|
| ဓမ္မကဥပါသကာ | ၅၀ | အသဒိသ အလှူတော်ကြီး | ၃၅၄ |
| သိကြားမင်း | ၁၀၃ | နန္ဒိယသူကြွယ် | ၃၉၇ |
| ပတိပူဇိကာ | ၁၃၀ | အရှင်မဟာမောဂ္ဂလာန် | ၄၀၇ |
| စူဠကာဠဥပါသကာ | ၃၄၁ | | |


## အမိတဘောဂ သဌေးကြီးများ


| | | | |
|---|---|---|---|
| မေဏ္ဍကသဌေးကြီး | ၄၂၂ | ဇောတိကသဌေးကြီး | ၅၅၂ |
| ဇဋိလသဌေးကြီး | ၅၄၇ | | |


## ဘာဝနာရှိန်စော် အာနုဘော်


| | | | |
|---|---|---|---|
| အရှင်နန္ဒ | ၄၄ | နတ်ပြည်မှဆင်းသက်တော်မူခြင်း | ၃၆၀ |
| မိတ်ဆွေရဟန်းနှစ်ပါး | ၆၄ | အရှင်ပေါဋ္ဌိလ | ၄၄၂ |
| မိတ်ဆွေရဟန်းနှစ်ပါး | ၁၀၂ | ရွှေပန်းယိမ်သည်၏သားရဟန်း | ၄၄၅ |
| ရဟန်းတစ်ပါး(တောမီး) | ၁၀၅ | ရဟန်းလူထွက် | ၄၀၀ |
| ရဟန်းငါးရာ(မြေကိုရှုသူများ) | ၁၂၆ | အရှင်ဓမ္မာရာမ | ၅၀၂ |
| ရဟန်းတစ်ပါး(တံလျှပ်ကိုရှုသူ) | ၁၂၇ | ရဟန်းငါးရာ (မုလေးပန်းရှုသူများ) | ၅၀၉ |
| အရှင်သပ္ပဒါသ | ၂၆၃ | အရှင်တိဿ (တောင်ဝှမ်း၌နေသူ) | ၅၃၂ |
| အရှင်အတ္တဒတ္ထ | ၃၄၂ | | |
| ရဟန်းသုံးကျိပ် | ၃၅၁ | | |


## ပညာလို့လ အသုံးချတတ်သူများ


| | | | |
|---|---|---|---|
| ကုမ္ဘဃောသကသဌေး | ၉၁ | ယက်ကန်းသည်၏သမီး | ၃၄၀ |
| မဟာဓနကုန်သည် | ၂၀၁ | ပါဝေယျကဆင်ကြီး | ၄၀၀ |


## စိတ်ကိုနိုင်လျှင် နိဗ္ဗာန်ဝင်


| | | | |
|---|---|---|---|
| ရဟန်းတပါး(ငြီးငွေ့သူ) | ၁၁၃ | မာရ်နတ်မင်း၏ သမီးများ | ၃၅၉ |
| သံဃရက္ခိတရဟန်းငယ် | ၁၁၄ | မွေ့လျော်သောရဟန်း | ၃၃၄ |
| အရှင်စိတ္တဟတ္ထ | ၁၁၆ | သတို့သမီးငစ်ယောက် | ၁၀၃ |
| အရှင်ပိတောတိကတိဿ | ၃၀၉ | အရှင်နဂ်လကုလ | ၅၁၀ |
| အရှင်ကုမာရကဿပမယ်တော် | ၃၃၅ | | |

## စစ်မြေပြင်၌ အောင်ပွဲဆင်သူများ


| | | | |
|---|---|---|---|
| ပြည့်တန်ဆာမတစ်ယောက် | ၂၄၃ | ဆွေတော်မျိုးတော်တို့၏ ငြိမ်းချမ်းရေး | ၃၀၀ |
| ကေသာဋ္ဌကပုဏ္ဏား | ၂၇၂ | မာရ်မင်း | ၃၀၂ |
| | | အရှင်သုန္ဒရသမုဒ္ဒ | ၅၄၄ |


## ကမ္မဋ္ဌာန်းရှုစရာ ဉာဏ်ခန္ဓာ


| | | | |
|---|---|---|---|
| အရှင်မဟာကာဠ | ၃၀ | ရဟန်းငါးရာ (ဝိပဿနာပွားသူများ) | ၃၄၅ |
| အရှင်တိဿ(ကိုယ်ပုပ်သူ) | ၁၂၀ | မဟာဓန ကုန်သည် | ၄၄၆ |
| သိရိမာပြည့်တန်ဆာမ | ၃၁၇ | အရှင်မ ခေမာ | ၄၉၀ |
| အရှင်မ ဇနပဒကလျာဏီ (ရူပနန္ဒာ) | ၃၂၁ | | |


## သောကငြိမ်းရာ ရောက်လာသူများ


| | | | |
|---|---|---|---|
| အရှင်မ ပဋာစာရာ | ၂၆၅ | အနတ္ထပိဏ္ဍိကသတို့သား | ၃၉၃ |
| အရှင် မကိုသာဂေါတမီ | ၂၆၀ | ပုဏ္ဏားတစ်ယောက် | ၃၉၆ |
| အဘယမင်းသား | ၃၄၆ | ရဟန်းအိုကြီးငါးပါး | ၄၄၄ |
| သူကြွယ်တစ်ဦး | ၃၉၀ | ဝဇ္ဇိတိုင်းသားရဟန်း | ၄၅၉ |
| | | စူဠမနုဂ္ဂဟပဏ္ဍိတ | ၄၉၄ |


## ဇေတဝန် ကျောင်းဒါယကာကြီး


| | | | |
|---|---|---|---|
| သုမနဒေဝီ | ၆၂ | အနာထပိဏ်သဌေးကြီး၏သား ကာလ | ၃၅၇ |
| အနာထပိဏ်သဌေးကြီး | ၂၇၆ | ခေမက သဌေးသား | ၄၆၇ |


## ပုဗ္ဗာရုံ ကျောင်းအမကြီး


| | | | |
|---|---|---|---|
| ဝိသာခါကျောင်းအမကြီး | ၁၄၆ | ရကန်းငယ်တစ်ပါး | ၃၄၃ |
| ဥပုသ်သည်မိန်းမများ | ၂၉၀ | ဝိသာကျောင်းအမကြီး | ၃၉၁ |
| ဝိသာခါ၏ အဖော်မိန်းမများ | ၃၁၅ | | |


## ကောသလမင်းကြီးနှင့် ပတ်သက်သမျှ


| | | | |
|---|---|---|---|
| ကောသလမင်းကြီး | ၃၀၅ | ကောသလမင်းကြီး စစ်ရှုံးခြင်း | ၃၀၃ |
| မလ္လိကာမိဖုရားကြီး | ၃၂၄ | | |

## သူတော်ကောင်းတို့၏ စိတ်ကောင်းစေတနာ


| | | | |
|---|---|---|---|
| အရှင်တိဿ(ရွာနိဂုံးနေ) | ၁၀၆ | စပါးကြီး မြွေပြိတ္တာ | ၂၉၉ |
| ရဟန်းတပါး(မာတိကာရွာနေ) | ၁၁၀ | သဒ္ဒေါခနုမင်းကြီး | ၃၄၄ |
| ဆတ္တပါဏိဒါယကာ | ၁၄၅ | အရှင်သမ္မုဉ္ဇန | ၃၄၇ |
| အရှင်အာနန္ဒာ၏ပုစ္ဆာ | ၁၆၀ | အရှင် အင်္ဂုလိမာလ | ၃၄၈ |
| အရှင်ဂေါဓိက | | အနာဂါမ်ရဟန်းတစ်ပါး | ၃၉၇ |
| ပရိနိဗ္ဗာန်စံဝင်ခြင်း | ၁၆၃ | ရဟန်းတပါး(သစ်ပင်ခုတ်သူ) | ၄၀၁ |
| ပါဝါမြို့နေရဟန်းသုံးကျိပ် | ၁၈၀ | ဥတ္တရာဒါယိကာမ | ၄၀၂ |
| သုပ္ပဗုဒ္ဓနူနာသည် | ၁၈၁ | ဧကုဒါန ရဟန္တာ | ၄၃၀ |
| စိတ္တသူကြွယ် | ၁၉၅ | ရဟန်းများစွာ[နယ်ခြားမြို့နေ] | ၄၇၀ |
| အရှင် လကုဏ္ဍကဘဒ္ဒိယ | ၂၂၁ | ကိုယ်တော်မြတ်၏ယဉ်ကျေးခြင်း | ၄၇၃ |
| ရဟန်းငါးရာငြိမ်သက်သူများ | ၂၂၃ | မာရ်နတ်မင်း[ဆင်] | ၄၉၅ |
| အရှင် ဓမ္မိက | ၂၂၅ | ရဟန်းကိုးရာ | |
| အရှင်ဗေလဋ္ဌသီသ | ၂၃၁ | [ခိုးသားဖြစ်ဖူးသူများ] | ၅၀၆ |
| အရှင်ခါဏုကောဏ္ဍည | ၂၆၂ | အရှင်မ ဥပလဝဏ် | ၅၃၀ |
| အရှင်မဗဟုပုတ္တိကာ | ၂၇၀ | ရဟန်းတစ်ပါး[အရိုက်ခံရသူ] | ၅၃၄ |
| ဗိဠာလပဒကသဋ္ဌေး | ၂၇၉ | ရဟန်းတစ်ပါး | |
| ကုက္ကုဋမိတ္တမုဆိုး | ၂၈၂ | [ပံ့သကူကောက်မိသူ] | ၅၃၈ |
| အရှင်တိဿ | | ကချေသည်၏သားရဟန်း | ၅၆၁ |
| (ကျောက်သွေးသမား၏ဆရာ) | ၂၈၆ | အရှင်ဝင်္ဂီသ | ၅၆၂ |


## လူမိုက်တို့၏ စရိုက်လက္ခဏာ


| | | | |
|---|---|---|---|
| လူမိုက်တို့၏ နက္ခတ်ပွဲ | ၁၀၀ | ရဟန်းတစ်ပါး | |
| အရှင်မေဃိယ | ၁၀၈ | (ပရိက္ခာရမသိမ်းဆည်းသူ) | ၂၇၉ |
| ပါဝေယျကတက္ကတွန်း | ၁၄၃ | ဆဗ္ဗဂ္ဂီရဟန်းများ [က] | ၂၉၃ |
| အရှင်မဟာကဿပ၏ | | 〃 [ခ] | ၂၉၄ |
| အတူနေတပည့် | ၁၇၅ | သူငယ်များစွာ | ၂၉၄ |
| ခါးပိုက်နှိုက်နှစ်ယောက် | ၁၇၉ | ဗဟုဘဏ္ဍိကရဟန်း | ၃၀၄ |
| အဿဇိနှင့် ပုနဗ္ဗသုက | | အရှင်လာဠုဒါယီ | ၃၂၇ |
| ရဟန်းများ | ၂၀၆ | မဟာဓနသဋ္ဌေးသား | ၃၂၈ |
| အရှင်ဆန္န | ၂၀၈ | အရှင်ဥပနန္ဒ | ၃၃၃ |
| တရားနာသူများ | ၂၂၆ | အရှင်တိဿ[ကမ္မဋ္ဌာန်းပေးသူ] | ၃၃၄ |
| အကျိုးမဲ့ကိုမေးသောပုဏ္ဏား | ၂၅၄ | အရှင်ကာဠ | ၃၄၀ |
| | | မိသားစုသုံးဦး | ၃၈၉ |

| | | | |
|---|---|---|---|
| လိစ္ဆဝီမင်းများ | ၃၉၂ | တိတ္ထိများ (ဆိတ်ဆိတ်နေသူများ) | ၄၃၄ |
| အရှင်လာဠုဒါယီ (မစင်တွင်းကျသူ) | ၄၁၇ | အရှင်တိဿ(ပေါင်ရိုးကျိုးသူ) | ၄၃၈ |
| အမျိုးသမီးတစ်ယောက် | ၄၁၈ | ဝဂ္ဂုမုဒါမြစ်ကမ်းနေ ရဟန်းများ | ၄၆၇ |
| အရှင်တိဿ(အငယ်) | ၄၂၁ | ဆိုနိုင်ခက်သောရဟန်း | ၄၆၈ |
| တရားဆုံးဖြတ်သော အမတ်ကြီးများ | ၄၂၉ | ဖြူစူသော မိန်းမ | ၄၆၉ |
| ရဟန်းများစွာ(ဖြူစူသူများ) | ၄၃၂ | နိဂဏ္ဌတက္ကတွန်း | ၄၇၀ |
| အရှင်ဟတ္ထိက | ၄၃၃ | ပုဏ္ဏားအို၏သားများ | ၄၇၅ |
| | | ဟင်္သာသတ်သောရဟန်း | ၅၀၁ |
| | | စဉ်းလဲသောပုဏ္ဏား | ၅၂၅ |


## ရန်ကို ရန်ချင်း မတုံ့လျှင်းရာ


| | | | |
|---|---|---|---|
| တိဿရဟန်းကြီး | ၂၀ | ကောသမ္ဗီပြည်သားရဟန်းများ | ၂၅ |
| ကာဠိဘီလူးမ | ၂၂ | ကြက်ဥစားသော မိန်းမ | ၄၅၄ |


## မကောင်းကံကြောင့် ဘေးဒဏ်ထိ


| | | | |
|---|---|---|---|
| အရှင်စက္ခုပါလ | ၉ | သတ္တဝါသုံးမျိုး | ၂၀၈ |
| ဝက်သတ်သမားစုန္ဒ | ၄၈ | သုပ္ပဗုဒ္ဓမင်း | ၂၉၀ |
| သာမာဝတီမိဖုရား | ၆၆ | အရှင်ကောဏ္ဍဓာန | ၂၉၅ |
| နန္ဒနွားကျောင်းသား | ၁၂၂ | အရှင်မောဂ္ဂလာန် ပရိနိဗ္ဗာန်စံ | ၃၀၀ |
| အရှင်သောရေယျ | ၁၂၃ | ဗောဓိမင်းသား | ၃၃၀ |
| ဝိဋူဍဘ | ၁၂၈ | မဟာကာလဥပါသကာ | ၃၃၈ |
| ယောကျ်ားတစ်ယောက် (ဒု သ န သော) | ၁၇၀ | စိဉ္စမာဏဝိကာ | ၃၅၂ |
| | | နွားသတ်သမား၏သား | ၄၁၃ |
| အာနန္ဒာသေဌေး | ၁၇၇ | အရှင်တိဿ(သန်းဖြစ်သူ) | ၄၁၅ |
| လယ်သမား | ၁၈၃ | ဝက်ပြိတ္တာ | ၄၃၉ |
| အရှင်မဥပ္ပလဝဏ် | ၁၈၇ | သုန္ဒရီပရိဗိုဇ်မ | ၄၆၅ |
| အရှင် ဇမ္ဗုက | ၁၈၉ | ဒုစရိုက်အကျိုးခံစားရသူများ | ၄၆၆ |
| မြွေပြိတ္တာ | ၁၉၂ | ကပိလရွှေငါးကြီး | ၄၇၃ |
| သဋ္ဌိကူဋပြိတ္တာ | ၁၉၄ | အပုတ္တက သဌေး | ၄၉၇ |
| ကောကခွေးမုဆိုး | ၂၀၅ | ကောကာလိက ရဟန်း | ၅၀၂ |

## ဒေဝဒတ်နှင့် ပတ်သက်သမျှ


ဒေဝဒတ်(သင်္ကန်းရခြင်း) ၃၃
ဒေဝဒတ်(မြေမျိုခြင်း) ၅၂
ဇီဝကပုစ္ဆာ ၂၂၉
ဒေဝဒတ်အသင်းအပင်းနှင့် ဆက်ဆံသောရဟန်း ၅၀၃


## သိမှတ်စရာ ပဒေသာ


ရဟန်းငါးရာ (မေတ္တာသုတ်ရွတ်သူများ) ၁၁၈
အရှင်အာနန္ဒာ(ဥပုသ်) ၃၇၃
အရှင်အာနန္ဒာ(အာဇာနည်) ၃၇၇
ရဟန်းများစွာ ၃၇၈
ကဿပဘုရား၏စေတီတော် ၃၇၈
ဒါယကာတစ်ယောက် ၃၈၄
အတုလဒါယကာ ၄၁၁
ဆဗ္ဗဂ္ဂီရဟန်းများ(ခုံဖိနပ်) ၄၁၂
ဒါယကာငါးယောက် (သီလတစ်ပါးစီစောင့်သူများ) ၄၂၀
ဒါယကာငါးယောက် (တရားနာသူများ) ၄၂၁
အရှင်ဥဋ္ဌာနသညီ ၄၂၇
သုဘဒ္ဒပရိဗိုဇ် ၄၂၇
ဆဗ္ဗဂ္ဂီရဟန်းများ(စကားများ) ၄၃၀
အရှင်လကုဏ္ဍကဘဒ္ဒိယ ၄၃၁
ပုဏ္ဏားတယောက်ဆွမ်းခံစားသူ ၄၃၃
တံငါသည် ၄၃၄
ရဟန်းများစွာ (သီလဓုတင်စသည်) ၄၃၅
ရဟန်းငါးရာ (လမ်းစကားပြောသူများ) ၄၃၆
အနိစ္စလက္ခဏာ ၄၃၇
ဒုက္ခလက္ခဏာ ၄၃၀
အနတ္တလက္ခဏာ ၄၃၀
အရှင်လကုဏ္ဍကဘဒ္ဒိယ ၄၅၆
ဆင်ဆရာဖြစ်ဖူးသောရဟန်း ၄၇၄
မာရ်နတ်မင်း[မင်းပြုရန်] ၄၈၁
ဝက်မကလေး ၄၈၆
နှောင်အိမ် ၄၈၉
ဥပကတက္ကတွန်း ၄၉၅
သိကြားမင်း၏အမေး ၄၉၆
အရှင်သန္တကာယ ၅၀၉
ရဟန်းများစွာ[တရားနှစ်ပါး] ၅၁၉
မာရ်နတ်မင်း[ပုစ္ဆာမေး] ၅၁၉
ပုဏ္ဏားတစ်ယောက် ၅၂၀
အရှင်အာနန္ဒာ [ကိုယ်ရောင်ကိုယ်ဝါ] ၅၂၀
ပုဏ္ဏားရဟန်းတစ်ပါး ၅၂၁
မဟာပဇာပတိဂေါတမီ ၅၂၃
ဆံကျစ်ထုံးသောပုဏ္ဏား ၅၂၄
အရှင်မကိသာဂေါတမီ ၅၂၅
ပုဏ္ဏားတစ်ယောက် ၅၂၆
ပုဏ္ဏားနှစ်ယောက် ၅၂၇
ပုဏ္ဏားတစ်ယောက်သင်္ကန်းဆွဲသူ ၅၃၁
အရှင်မခေမာ ၅၃၁
အရှင်ပိလိန္ဒဝစ္ဆ ၅၃၇

# နိဒါန်း

## ဓမ္မပဒ၏ အနက် အဓိပ္ပာယ်များ

‘ဓမ္မပဒ’ ဟူသည်မှာ ‘ဓမ္မ’ ပုဒ်နှင့် ‘ပဒ’ ဟူသော ပုဒ် နှစ်ခုတို့ ပေါင်းစပ်ခေါ်ဝေါ်ထားသော ပါဠိဘာသာ ဝေါဟာရ တစ်ခုဖြစ်၏။ ထိုဝေါဟာရကို အဖွင့်ကျမ်း အမျိုးမျိုးတို့က အနက်အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုထားခဲ့ကြပေသည်။

အင်္ဂုတ္တရအဋ္ဌကထာ ဒုတိယစာအုပ် စာမျက်နှာ ၂၂၈ နှင့် နေတ္တိအဋ္ဌကထာ စာမျက်နှာ ၃၂၅ တို့၌ ‘တရားအစု’ ဟု ဖွင့်ဆိုထား၏။ (ဓမ္မ=တရား၊ ပဒ=အစု)

နေတ္တိဝိဘာဝနီဋီကာ စာမျက်နှာ ၃၂၅ ၌ ‘ဈာန်၊ ဝိပဿနာ၊ မဂ်၊ ဖိုလ်၊ နိဗ္ဗာန် တရားအဖို့’ ဟု ဖွင့်ဆိုထား၏။

သုတ္တနိပါတ် အဋ္ဌကထာ ပထမအုပ် စာမျက်နှာ ၃၄၇ ၌ ‘နိဗ္ဗာန်၏ ခရီးလမ်းကြောင်း’ ဟု ဖွင့်ဆိုထား၏။ (ဓမ္မ=နိဗ္ဗာန်၊ ပဒ=ခရီးလမ်းကြောင်း)

အင်္ဂုတ္တရဋီကာ ဒုတိယစာအုပ် စာမျက်နှာ ၂၂၇ ၌ ‘ဈာန်စသည် အပြားရှိသော တရားကို ရကြောင်း၊ သိကြောင်းဖြစ်သောနည်းလမ်း’ ဟု ဖွင့်ဆိုထား၏။ (ဓမ္မ=တရား၊ ပဒ=ရကြောင်း၊ သိကြောင်း)

ဓမ္မပဒ အဋ္ဌကထာ ပဏ္ဏာမနှင့် ဂန္ထာရမ္ဘကထာတို့၌ ‘တရားဟူသော အစု၊ သဘာဝတ္တအစု’ ဟု ဖွင့်ဆိုထား၏။

ဓမ္မပဒ အဋ္ဌကထာမူပင် စာမျက်နှာ ၄၁၇ ၌ ‘အကျိုးကို ပြီးစေတတ်သော၊ ဆန္ဒ စသည်နှင့် စပ်သော၊ အနဘိဇ္ဈာစသော တရားအစု လေးအစုတို့တွင် တစ်ခုခု’ ဟု ဖွင့်ဆိုထား၏။

# နိဒါန်း

ဓမ္မပဒဋ္ဌကထာစာမျက်နှာ ၇ ၌ 'ဥဒယဗ္ဗယံ အရေး ငါးပါးတို့ကို သိရာ သိကြောင်း ဖြစ်သော ယင်းတရားတို့၏ အဖို့ အစုရှိသော ကျမ်း' ဟုလည်း ကောင်း၊ မနောပုဗ္ဗင်္ဂမာ စသည်ဖြင့် ဂါထာစသည်ကိုး၍ ဟောအပ်သော ပရိယတ္တိ ဓမ္မကို သိရာသိကြောင်းဖြစ်သော ယင်းပရိယတ္တိဓမ္မတို့၏ အဖို့အစု ရှိသော ကျမ်း' ဟုလည်းကောင်း ဖွင့်ဆိုထား၏။

ဤသို့အားဖြင့် အသီးသီး ဖွင့်ဆိုထားကြသော အဋ္ဌကထာ၊ ဋီကာ ဆရာကြီးများ၏ အဖွင့်တော်များကို ပေါင်းစပ်ခြုံငုံ၍ ကြည့်လိုက်သောအခါ 'နိဗ္ဗာန်၏လမ်းကြောင်း'၊ 'တရားကို သိရာ သိကြောင်း'၊ 'တရားတော်အစု' ဟူ၍ အနက်အဓိပ္ပါယ် သုံးမျိုး ပေါ်ထွက်လာ၏။ ထိုအနက်အဓိပ္ပာယ် သုံးမျိုးလုံးပင် ကျမ်းစာပါ ဒေသနာတော်များ နှင့် ဆီလျော်လှပေသည်။

## ပါဠိတော်နှင့် အဋ္ဌကထာ

ဘုရားရှင် ကိုယ်တော်မြတ် လေးဆယ့်ငါးဝါတိုင်တိုင် ဟောကြားတော်မူခဲ့သော သမ္မာ တရားဒေသနာတော်အပေါင်းကို သင်္ဂါယနာတင် ရဟန္တာ အရှင်မြတ်ကြီးတို့က ဒီဃ နိကာယ်၊ မဇ္ဈိမ နိကာယ်၊ သံယုတ္တ နိကာယ်၊ အင်္ဂုတ္တိုရ်နိကာယ်၊ ခုဒ္ဒကနိကာယ် ဟူ၍ အရှည်ပမာဏချင်းတူရာ၊ သဘော သဘာဝချင်းတူရာ တို့ကို ပေါင်းစည်း၍ နိကာယ်ကြီး ငါးရပ် သတ်မှတ်ထားခဲ့ကြ၏။ ထို နိကာယ် ကြီး ငါးရပ် တို့တွင် ဓမ္မပဒသည် ခုဒ္ဒကနိကာယ်ဝင် သုတ္တန်ကျမ်း ဆယ့်ငါးကျမ်းတွင် အပါအဝင် ဖြစ်၏။ ပိဋက ကျမ်းစာ များ ရိုက်နှိပ် ရာတွင် ခုဒ္ဒကပါဌ၊ ဓမ္မပဒ၊ ဥဒါန်း၊ ဣတိဝုတ္တက၊ သုတ္တနိပါတ် ဟူသော သုတ္တန်ကျမ်း ငါးကျမ်းကို တစ်ပေါင်းတည်း ပုံနှိပ် ကြပေသည်။

ဓမ္မပဒ ပါဠိတော်သည် သဘောတူရာ တူရာ ပေါင်းစည်းထားသော ဝဂ်အားဖြင့် ၂၆ ဝဂ် ရှိ၏။ ဂါထာ အရေအတွက်အား ၄၂၃ ဂါထာ ဖြစ်၏။ ဂါထာ တစ်ပုဒ်တည်းသည်ပင် နှစ်နေရာ၌ ပါနေသဖြင့် ကျမ်းစာထဲတွင် ဂါထာအမှတ်စဉ် ၄၂၄ အထိ ပါဝင်နေခြင်း ဖြစ်ပေသည်။

ထို ပါဠိတော် ဂါထာများ၏အနက် အဓိပ္ပာယ်ကို အဋ္ဌကထာဆရာ များက အကျယ်တဝင့် ဖွင့်ဆိုထား၏၊ ထိုဒေသနာတော်များကို ဟောကြားရာဌာန၊ ဟောကြားခံရသော ပုဂ္ဂိုလ် စသည်ဖြင့် ဂါထာတစ်ပုဒ်နှင့် တစ်ပုဒ် ပတ်သက်၍လည်း သိမှတ်ဖွယ်ရာ နောက်ကြောင်းခံ ဝတ္ထု ဇာတ်လမ်း

များကို ဝေဝေဆာဆာကြီး ဖော်ပြထားသဖြင့် ကျယ်ဝန်းသော ကျမ်းကြီးတစ်စောင် ဖြစ်သော်၊ ဘုရားရှင် လက်ထက်တော်တုန်းက ဖြစ်ထွန်းပေါ်ပေါက်ခဲ့လေသမျှ ကောင်းကောင်း ဆိုးဆိုး အမျိုးမျိုးသော ဝတ္ထုဇာတ်လမ်းများနှင့် ဆက်နွယ်နေသော အတိတ်ဇာတ်လမ်းများကိုပါ ဆက်စပ်၍ ဖော်ပြထားပေသည်။

ပထမ သင်္ဂါယနာ တင်စဉ်အခါတုန်းက ဘဏ္ဍာစိုးဖြစ်သော အရှင်အာနန္ဒာသည် မြတ်ဗုဒ္ဓ ဟောသော သုတ္တန်ဒေသနာတော်များကို ဖြေကြားလျှောက်ထားရာ၌ ဟောကြားရာ ဌာန၊ ဟောကြားအပ်သော၊ သို့မဟုတ် ရည်ညွှန်းအပ်သော ပုဂ္ဂိုလ်၊ ထိုပုဂ္ဂိုလ်၏ အပြုအမူတို့ကို ပြည့်ပြည့်စုံစုံ ထင်ပြ၍ ဖြေကြား လျှောက်ထားခဲ့၏။ ထို အစဉ်အလာကို အလေးအမူပြုသော အားဖြင့် ဓမ္မပဒ အဋ္ဌကထာကြီးကလည်း ဒေသနာတော် တစ်ခုခုကို စဘင်၍ ဖွင့်ပြတိုင်း ဟောကြားရာဌာန၊ ဟောကြားခံ၊ သို့မဟုတ် ရည်ညွှန်းခံ ပုဂ္ဂိုလ်၊ ထိုပုဂ္ဂိုလ်၏ အပြုအမူများကို ဖော်ပြ၍ ဖွင့်ဆိုထား၏။ ထိုသို့ ဖွင့်ဆိုရာမှ တစ်ဆင့် ထိုပုဂ္ဂိုလ်၊ ထိုအပြုအမူနှင့် ဆက်စပ်နေသော ဝတ္ထုဇာတ်လမ်းများကို ဖော်ပြထား၏။ ဝတ္ထုဇာတ်လမ်းတို့တွင် အချို့မှာ ထာမန်ရည်ညွှန်းရုံမျှသာ ဖြစ်၍ အချို့မှာကား အတိတ်၊ ပစ္စုပ္ပန်အခန်းများစွာ အခက်အလက်တွေ ဝေဝေဆာဆာဖြင့် ရှည်လျားစွာ ရှိနေကြပေသည်။

ဓမ္မပဒ ဝတ္ထုတော်များသည် ယေဘုယျ အားဖြင့် တစ်ခုနှင့် တစ်ခု ကွာခြားမှု ရှိဘိသကဲ့သို့ပင် ရသ ခံစားမှုတို့မှာလည်း အမျိုးစုံအောင် ပါရှိကြ၏။ ကြည်ညိုစရာ၊ ဝမ်းသာစရာ၊ အတုယူစရာများ ပါရှိကြသကဲ့သို့ ဝမ်းနည်းစရာ၊ အော့နှလုံး နာစရာများလည်း ပါရှိကြပေ၏။ တည်ငြိမ်အေးချမ်း၍ သန္တ ရသကို ခံစားစေနိုင်သော ဝတ္ထုများလည်း မြောက်မြားစွာ ပါဝင်ကြ၏။ ရသခံစားမှုအမျိုးမျိုးဖြင့် အစပျိုးလာသော ဝတ္ထုဇာတ်လမ်းများမှာလည်း ဇာတ်သိမ်းသော အခါတွင် သန္တရသမှာ ပေါင်းဆုံလာကြ ရပေမည်။

## အဋ္ဌကထာ၏ ဂုဏ်ကျေးဇူး

ဓမ္မပဒ အဋ္ဌကထာဖွင့်ဆိုချက်များကို အမှီပြု၍ ကျွန်ုပ်တို့သည် ဓမ္မပဒ ပါဠိတော်ဂါထာတို့၏ အနက်အဓိပ္ပာယ်ကို မှန်ကန်စွာ သိနိုင်ခွင့် ရရှိကြ၏။

# နိဒါန်း

အချို့နေရာများ၌ တိုက်ရိုက် ဟောကြားခြင်း မပြုဘဲ သွယ်ဝိုက်၍ ဟောကြားထားသော အချက်များပါရှိနေရာ အဋ္ဌကထာ ဖွင့်ဆိုချက်များကြောင့်သာ တစ်ဖက်စွန်းသို့ မရောက်ကြခြင်းဖြစ်၏။ ထိုဒေသနာတော်များ၏ နောက်ကြောင်းခံ ဝတ္ထုဇာတ်လမ်းတို့မှာလည်း ခေတ် အဆက်ဆက်တို့မှ ဗုဒ္ဓဘာသာဝင် သူတော်ကောင်းများအတွက် အလွန်တရာ ကျေးဇူးပြုကြပါ၏။ ဓမ္မပဒ ဝတ္ထုဇာတ်လမ်းများကို ကြားနာရင်း ခေတ်အဆက်ဆက်မှ တရားနာ ပရိသတ် အပေါင်းတို့လည်း ဘုရားရှင် ကိုယ်တော်မြတ်ကြီးနှင့် ရင်နှီးခွင့်ရလာကြ၏။ ဘုရားရှင် ရွှေမျက်နှာတော်ကို ကိုယ်တိုင် ကိုယ်ကျ ဖူးမြင်လိုက်ရဘိသကဲ့သို့ ဝမ်းသာအားရ ဖြစ်ကြရ၏။ အရှင် သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်၊ အရှင် စက္ခုပါလ စသော အရှင်မြတ်ကြီးတို့နှင့် တရင်းတနှီး ဖြစ်ခွင့်ရလာကြ၏။ ဝိသာခါ၊ အနာထပိဏ်စသော အရိယာ သာဝကကြီးများနှင့် ကျွမ်းဝင်ခွင့်ရလာကြ၏။ ဒေဝဒတ်၊ မာဂဏ္ဍီ၊ စိဉ္စမာဏဝိကာ စသော ဒုစရိုက်ကောင်တို့၏ အပြုအမူကို ရွံစင်ကြဉ်နိုင်ရန် သတိ သံဝေဂ ရရှိလာကြပေသည်။

## ဘာသာပြန် ကျမ်းကြီးများ

ဤမျှလောက် ကျေးဇူးများလှသော ဓမ္မပဒ အဋ္ဌကထာ ကျမ်းကြီးကို မြန်မာပညာရှင်ကြီးများ ပုံစံအမျိုးမျိုးဖြင့် ဘာသာပြန်ဆိုထားခဲ့ကြပါ၏။

၁။ ရန်ကုန်မြို့၊ အောင်မြေဘုံစံကျောင်း၊ ဆရာတော် ပြန်ဆိုပြုစုသော ဓမ္မပဒဝတ္ထုတော်ကြီးမှာ ၅ တွဲ ရှိ၏။ စာမျက်နှာ နှစ်ထောင်ခန့် ရှိ၏။ ဘာသာပြန်ဆိုသော်လည်း ပါဠိသွားအတိုင်း တိုက်ရိုက်ကြီးမလိုက်ပါဘဲ နဿဘာဒနီများဖြင့် ခြယ်လှယ်၍ ဖတ်ပျော် နားပျော်ဖွယ် ဖြစ်အောင် ပြုစုထား၏။

၂။ ညောင်လေးပင် တောရကျောင်းဆရာတော် ပြန်ဆိုပြုစုသော ဓမ္မပဒ ဝတ္ထုတော်ကြီးမှာ ၄ တွဲရှိ၏။ စာမျက်နှာ ၁၇၅၀ ခန့်ရှိ၏။ အဋ္ဌကထာ ကျမ်းရင်းအတိုင်း တိုက်ရိုက် ဘာသာပြန်ထား၏။

ကျော်ကျော်ကြည်

# နိဒါန်း

၃။ မန္တလေးမြို့ နယူးစတီသိုင်း ဝိဇိတာရုံကျောင်းတိုက် ဆရာတော် ဦးဝိစာရိန္ဒ ပြန်ဆိုပြုစုသော ဓမ္မပဒဝတ္ထုတော်ကြီးမှာ ၄ တွဲရှိ၏။ စာမျက်နှာ နှစ်ထောင်ခန့်ရှိ၏။ ဤကျမ်းကြီး၏ထူးခြားချက်မှာ ဓမ္မပဒ ဂါထာများကို ဦးစွာဘာသာပြန်၍ ဖော်ပြပြီးလျှင် ထိုဒေသနာတော်များ ကိုပင် ကဗျာလင်္ကာဖြင့် ထပ်မံဖော်ပြထားခြင်း ဖြစ်၏။

၄။ မလှိုင်မြို့ မြို့သစ်ကျောင်း ဆရာတော် အရှင် တိလောကာဘာရ ပြန်ဆို ပြုစုသော ဓမ္မပဒဝတ္ထုတော်ကြီးကား တစ်တွဲတည်းဖြင့် အပြီးရိုက်နှိပ်၏။ အနုသန္ဓေစကားများ၊ ဂါထာ ဖွင့်ဆိုချက်များကို ချန်လှပ်ကာ ဝတ္ထုကြောင်းနှင့် ဂါထာဘာသာပြန်များကို ပြန်ဆိုပြုစုထား၏။ ဤသို့ ပြန်ဆိုထားပါလျက်ပင် ဆိုက်ကြီး စာအုပ်ဖြင့် စာမျက်နှာ ၄၅ ခန့် ရှိနေ၏။

၅။ ဦးသော်ဇင် ပြန်ဆိုပြုစုသော ဗုဒ္ဓဝါဒအနှစ်သာရ ဓမ္မပဒသည်လည်း တစ်အုပ်တည်းဖြစ်၏။ ပါဠိတော်ဂါထာတစ်ပုဒ်ကို ရှေးဦးစွာ ဖော်ပြ၏။ ထို့နောက်မှ ထိုဂါထာများနှင့် သက်ဆိုင်သော ဝတ္ထုကြောင်း များကို အကျဉ်းချုပ်မျှသာ ရေးသားထား၏။

၆။ ဦးမြင့်ဆွေ (မဟာဝိဇ္ဇာ၊ လန်ဒန်)၏ ဓမ္မပဒသည်လည်း တစ်အုပ် တည်းဖြစ်၏။ ရှေးက ကျမ်းကြီးများလောက်လည်း မကျယ်ဝန်းစေ ဘဲ၊ ဦးသော်ဇင်၏ မူလောက်လည်း မကျဉ်းလွန်းစေဘဲ ဝတ္ထုဇာတ်လမ်း များမှာ လိုရင်းအချက်များ ပါရှိနိုင်သမျှ ပါစေရန် ဂရုစိုက် ရေးသား ထား၏။

၇။ ဆန်းညွန့်ဦး၊ ဦးလှခင်၏ ဓမ္မပဒဝတ္ထုတော်များကား အတွဲ ၅ တွဲရှိ၏။ သာဓကတူရာ ဝတ္ထုများကို စုပေါင်း၍ အုပ်တွဲကလေးများ ပြုလုပ်ထုတ်ဝေထား၏။ စာအုပ်ငယ် ကလေးများလည်း ရှိသေး၏။ ဓမ္မပဒ ဟု အမည်မတပ်ဘဲ ပုံစံအမျိုးမျိုးနှင့် ရေးသားထားကြသော ရဟန်း ပညာရှိ လူပညာ ရှိများ၏ ဓမ္မပဒ စာအုပ်များလည်း ရှိကြပေသေးသည်။

ဝေဟုပ္ပ — [illegible]

# နိဒါန်း

## ဤကျမ်း၏အစီအစဉ်

အထက်ပါ ကျမ်းကြီးများအနက်မှ ဝိဇိတာရုံ ဆရာတော်နှင့် ဦးသော်ဇင်တို့၏ ကျမ်းများမှ ပါဠိတော်ဂါထာ ရှေ့တန်းတင်ပုံကို နမူနာယူ၍ ဤကျမ်းကို ပြုစုထားပါသည်။ ဂါထာ ဘာသာပြန်များကို အဋ္ဌကထာ ဖွင့်ဆိုချက်များကို မှီငြမ်းပြုကာ မြန်မာစာပေအရလည်း ဖတ်ပျော် နားပျော်ရှိစေရန် ကြိုးစား၍ ပြန်ဆိုထားပါသည်။ ထို့နောက်မှ ဝတ္ထုဇာတ်လမ်းများကို အနုသန္ဓေ ဆက်စပ်၍ ရေးသားထားပါသည်။ ထို့ကြောင့် ဤကျမ်းကို "ဓမ္မပဒ ဒေသနာတော်များနှင့် ဝတ္ထုတော်များ" ဟု အမည်ပေးလိုက်ရပါသည်။

အနုသန္ဓေ ဆက်စပ်ပြသော စကားရပ်တို့မှာ အဋ္ဌကထာလာ အနုသန္ဓေ စကားရပ်များနှင့် တူညီသည်က များပါသည်။ အချို့နေရာများတွင်မူ ဆက်လက်၍ ဖော်ပြသည့် ဝတ္ထုဇာတ်လမ်းကို ရည်စူးကာ စကားဦး သန်းထားရသဖြင့် အဋ္ဌကထာလာ စာသားအတိုင်း မလိုက်နိုင်ဘဲ ရှိရပါသည်။ စာဖတ်ပရိသတ်၏ သိချင်ဖတ်ချင်စိတ်ကို နှိုးဆော်ပေးသော စာသားဖြစ်၍ ပညာရှင်ကြီးများ ခွင့်လွှတ်နိုင်လိမ့်မည် မျှော်လင့်ပါသည်။

အနုသန္ဓေ ဆက်စပ်ပေးပြီးနောက် သက်ဆိုင်ရာ ဝတ္ထုဇာတ်လမ်းများကို ဆက်လက်၍ ဖော်ပြပါသည်။ တစ်ပုဒ်နှင့်တစ်ပုဒ် ဇာတ်လမ်းချင်း ဆက်စပ်နေသော ဝတ္ထုဇာတ်လမ်းများကို အပြန်အလှန် ညွှန်း၍ ပြထားပါသည်။ အချို့ဝတ္ထုများမှ အခန်းများကို ဇာတ်လမ်း ဇာတ်ကွက် ပေါ်လွင် ထင်ရှား၍ ဖတ်ရှုရလွယ်ကူစေရန် နေရာပြောင်းရွှေ့၍ ရေးသားထားပါသည်။ အချို့နေရာများတွင် အဋ္ဌကထာပါ စကားရပ်များမှာ ကျဉ်းလွန်းနေသဖြင့် အခြားပါဠိတော် အဋ္ဌကထာတို့မှ သက်ဆိုင်ရာ စကားများဖြင့် ပံ့ပိုး၍ ပေးထားပါသည်။

သာသနာပြု ဆရာတော်ကြီးများ၏ ကျမ်းများမှာ အဋ္ဌကထာ အရှိအတိုင်း ဘာသာပြန်ဆိုထားသည့်အတွက် လေးစားဖွယ်ရာ ဖြစ်ကြပါ၏။ ပရိယတ်စာပေ လေ့လာပိုချသော ပုဂ္ဂိုလ်များ၏ အားကိုးအားထားရာလည်း ဖြစ်ကြပါ၏။ သို့ရာတွင် သာမန် စာဖတ်ပရိသတ်များအတွက်ကား

[illegible]

## နိဒါန်း

စာမျက်နှာ နှစ်ထောင်ဝန်းကျင်မျှ ရှိနေကြသော ကျမ်းကြီးများကို ဖတ်ရှုရန် ဝန်လေးကြပါလိမ့်မည်။ ထိုဝတ္ထုတော်ကြီးများကို အကျဉ်းချုံ့ကြစို့ ဆိုသော်လည်း ဝတ္ထု ဇာတ်လမ်း၏ အရသာ ပျက်သွားနိုင်ပါသည်။ အဆများစွာ ချုံ့ယူကြရသဖြင့် အဋ္ဌကထာမှာပါသော အခန်းများနှင့် အချက်အလက်များ ကြွင်းကျန်နေတတ်ပါသည်။

သို့ဖြစ်၍ ဤ အဋ္ဌကထာတွင် ဆောင်ယူ၍ ပြထားသော ငါးရာ့ငါးဆယ် ဇာတ်ဝတ္ထုများမှအပ ဓမ္မပဒ ဝတ္ထုကြက်ကြက်ဟု ခေါ်နိုင်သော ဝတ္ထုဇာတ်လမ်းများကို ပြည့်ပြည့်စုံစုံ ခြုံ၍ငုံ၍ ပါဝင်နိုင်စေရန် ဤကျမ်းတွင် ကြီးကြီးစားစား ရေးသားထားပါသည်။ စာသားကို ချုံ့နိုင်သမျှ ချုံ့ကာ အချက်အလက်များကိုကား စုံနိုင်သမျှ စုံစုံကြီးပါဝင်နိုင်အောင် အားထုတ်ထားပါသည်။ တစ်ဖက်မှလည်း မြန်မာစာပေ၏ အရသာကို ခံစားနိုင်စေရန် စာသွားစာလာ ရှင်းလင်း၍ မြန်မာသဒ္ဒါ စည်းကမ်းနှင့် ညီညွတ်စေရန် အထူးသတိချပ်လျက် ရေးသားထားပါသည်။

ဓမ္မပဒ ဝတ္ထုဇာတ်လမ်းများကို တစ်အုပ်တည်းနှင့် အပြီးတင်ပြနိုင်ရန် အဋ္ဌကထာတွင် ဆောင်ယူ၍ ပြထားသော ငါးရာ့ငါးဆယ် ဇာတ်တော်များကား ခြွင်းချန် ထားလိုက်ရပါသည်။ ဆက်လက်၍ လေ့လာလိုသော သုတေသီပုဂ္ဂိုလ်များ အလွယ်တကူ ရှာဖွေတွေ့ရှိနိုင်စေရန် နိပါတ်အမည်နှင့် ဇာတ်အမည်များကို ညွှန်ပြထားပါသည်။ သို့ရာတွင် ကာ၊ ကုံ၏ အကျိုးကိုကား ဂရုဘစိုက် ရေးသား ဖော်ပြထားပါသည်။

## အရယူပါ

ဤဓမ္မပဒ ပါဠိတော်၊ ပုပ္ဖဝဂ်၊ ဂါထာအမှတ် ၅၁၊ ၅၂ တို့တွင် ဘုရားတော ဒေသနာတော်များကို ပန်းနှင့်တင်စား၍ ဟောကြားထားပေသည်။ ဘုရားဟော ဒေသနာတော်များသည် နာယူသူတို့က နာယူ၍ ရှိသေစွာ ရွတ်ဖတ် သရဇ္ဈာယ်ခြင်း မပြုကြပါလျှင် အဆင်းသာလျှ၍ အနံ့မမွှေးသော ပန်းနှင့်တူ၏ ဟူ၍လည်းကောင်း၊ နာယူသူတို့က ရိုသေစွာ နာယူ၍ ရိုသေစွာ ရွတ်ဖတ် သရဇ္ဈာယ်ကြပါလျှင် အဆင်းလည်းလှ၍ အနံ့လည်း မွှေးသော ပန်းနှင့်တူ၏ ဟူ၍လည်းကောင်း ဟောကြားထားပေသည်။

[illegible]

# နိဒါန်း

ယခု စာဖတ်ပရိသတ်တို့၏ ရှေ့မှောက်တွင်လည်း ဓမ္မပဒ ဒေသနာတော်များနှင့် ဝတ္ထုတော်များ ဟူသော ပန်းတစ်ပွင့် လန်းပွင့်၍ နေချေပြီ။ စာဖတ်သူများက ဤစာကို ဂရုစိုက် ဖတ်ရှုခြင်း မပြုကြပါလျှင် စာဖတ်သူများအဖို့ ဤပန်းသည် အဆင်းလှသော ပန်းတစ်ပွင့်မျှသာ ဖြစ်နေပါလိမ့်မည်။ လောကီ လောကုတ္တရာ အကျိုးစီးပွားကို ပေးစွမ်းနိုင်ခြင်းတည်း ဟူသော ပန်းရနံ့ကား မွှေးပျံ့နိုင်မည် မဟုတ်တော့ပေ။ ထို့ဖြစ်၍ ဤစာကို ဂရုတစိုက် ဖတ်ရှု၍လည်းကောင်း၊ စာပါ လမ်းညွှန်ချက်များ အတိုင်း လိုက်နာကျင့်သုံး၍ လည်းကောင်း၊ ဤပန်းတစ်ပွင့်၏ အဆင်းအရောင် ထွန်းပြောင်လုပ်နိုင်ပါစေ၊ လောကီ လောကုတ္တရာ အကျိုးစီးပွား တည်း ဟူသော ပန်းရနံ့ကို အားပါးတရ ရှူရှိုက် သုံးဆောင်နိုင်ပါစေဟု ကျွန်ုပ်တို့ တိုက်တွန်း နှိုးဆော်ကြပါကုန်၏။

နှလုံးလှစာတည်းအဖွဲ့

စတုတ္ထအကြိမ်

# ယမကဝဂ်

ဒေသနာတော်

၁။ နာမ်တရားတို့သည် စိတ်လျှင် ရှေ့သွားရှိကုန်၏။ စိတ်လျှင် အကြီးအမှူး ရှိကုန်၏။ စိတ်ဖြင့် ပြီးကုန်၏။ အကယ်၍ ပြစ်မှားလိုသော စိတ်ဖြင့် ပြောဆိုလျှင် သော်လည်းကောင်း၊ ပြုလုပ်လျှင် သော်လည်းကောင်း၊ ကြံစည်လျှင်သော် လည်းကောင်း လှည်းဘီးသည် ဝန်ဆောင်နွား၏ နောက်သို့ အစဉ်လိုက်ပါဘိသကဲ့သို့ ထိုအမှုကြောင့် ထိုသူ၏ နောက်သို့ ဆင်းရဲခြင်းသည် အစဉ်လိုက်ပါလာ၏။

## အရှင်စက္ခုပါလ

သာဝတ္ထိပြည်တော် ဇေတဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အကုသိုလ်ကံ အားလျော်စွာ မျက်စိကွယ်ရသော စက္ခုပါလမထေရ်ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

သာဝတ္ထိပြည်တော်မှာ နေထိုင်သော သုဝဏ္ဏ သေဌေးကြီးတွင် အမွေခံ သားသမီးမရှိချေ။ တစ်နေ့သ၌ သေဌေးကြီးသည် မြစ်ဆိပ်သို့ ရေချိုးသွားရာ ကိုင်းဖားလှစွာသော ညောင်စိုးသစ်ပင်ကြီးကို မြင်၍ ဤ သစ်ပင်ကြီး၌ တန်ခိုးကြီးသော ရုက္ခစိုးနတ် ရှိလေရာ၏ဟု တွေးတောကာ ထိုသစ်ပင်ကြီးအောက်မှ ချုံနွယ် သစ်ပင်ကြီးများကို ရှင်းလင်း၍ သန့်ရှင်းပြီးသော မြေအပြင်ကို အကာအရံပြု၏။ သဲဖြူခင်းကာ တံခွန်၊ ကုက္ကားများ စိုက်ထူ၏။ ဤသို့သော ပူဇော် သက္ကာရ အမှုများ ပြုပြီးနောက် "အို...ရုက္ခစိုးနတ်မင်း၊ အကယ်၍ ကျွန်ုပ်မှာ သားသမီး ရခဲ့ပါလျှင် အသင် နတ်မင်းအား ကြီးကျယ်စွာ ပူဇော်ပါအံ့"ဟု ဆုတောင်းလေသည်။ ကံအားလျော်စွာပင် မကြာမီ သေဌေးကတော်ကြီးသည် သား တစ်ယောက်ကို ဖွားမြင်၏။ သုဝဏ္ဏသေဌေးကြီးသည် မိမိစောင့်ရှောက်ထားသော သစ်ပင်မှ ရုက္ခစိုးနတ်ကြီးက စောင့်ရှောက်သဖြင့် သားရသပ

သည်ဟု တွေးထင်ကာ သားကို ပါလသတို့သားဟု အမည်မှည့်၏။ နောက်တစ်ယောက် ဖွားမြင်လာသော သားကိုလည်း ပါလဟုပင် အမည်ပေးပြန်၏၊ အမည်တူ သားနှစ်ယောက်ကို ခွဲခြားနိုင်စေရန် သားအကြီးကို မဟာပါလဟု ခေါ်၍ အငယ်ကို စူဠပါလဟု ခေါ်ကြ၏၊ သားနှစ်ယောက်တို့ အရွယ်ရောက်၍ အိမ်ထောင်ကျပြီးသော် မိဘ ဖခင်များ ကွယ်လွန်သွားကြလေတော့သည်။

တစ်နေ့သ၌ မဟာပါလသူဌေးသည် ပန်းနံ့သာ လက်စွဲလျက် ကျောင်းတော်သို့ တရားနာ သွားကြသော ပရိသတ်များကို တွေ့မြင်ရသူပါ တရားနာချင်စိတ် ပေါ်ပေါက်လာ၏၊ သို့ဖြင့် ပရိသတ်များနှင့်အတူ ကျောင်းတော်သို့ လိုက်ပါကာ ပရိသတ် အစွန်မှာထိုင်လျက် ဘုရားရှင်ကို ဦးခိုက်ရှိခိုးနေ၏၊ ဘုရားရှင်သည် မဟာပါလ၏ ကျွတ်အမ်းဝင်မည့် အခြေအနေကို သိတော်မူသဖြင့် မဟာပါလနှင့်သင့်တော်မည့် တရားဒေသနာတော်ကို ဟောကြားတော်မူ၏၊ မဟာပါလသည် လူ့ဘောင်၌ ငြီးငွေ့ကာ ရဟန်းပြုရန် စိတ်ပိုင်းဖြတ်လိုက်လေသည်။

တရားပွဲအဆုံး၌ မဟာပါလသည် ဘုရားရှင်ထံ ချဉ်းကပ်ကာ ရဟန်းပြုလိုကြောင်း လျှောက်ထားပန်၏၊ ဘုရားရှင်က ခွင့်တောင်းထိုက်သော ဆွေမျိုးရှိပါက ထိုသူ့ထံ ခွင့်တောင်းပြီးမှ လာခဲ့ရန် မိန့်ကြားလိုက်၏။ မဟာပါလသည် ညီဖြစ်သူ စူဠပါလထံ ရဟန်းပြုခွင့်တောင်းကာ စူဠပါလ ငိုကြွေးနေစဉ်မှာပင် ကျောင်းတော်သို့ ပြန်လာ၍ ရဟန်းပြုလေတော့သည်၊

အရှင်မဟာပါလသည် အပြစ်ကြီးအပြစ်ငယ်ကို တပ်၍ရှုကာ ဆုံးမတတ်သော ဥပဇ္ဈာယ်ဆရာထံတွင် ငါးဝါပတ်လုံး နေထိုင်ပြီးနောက် ဘုရားရှင်ထံ ချဉ်းကပ်ကာ "အရှင်ဘုရား၊ တပည့်တော်သည် အသက်ကြီးမှ ရဟန်းပြုလာသဖြင့် စာပေကျမ်းဂန် သင်ကြားပေးခြင်း တည်းဟူသော ဂန္ထဓုရကို ထမ်းဆောင်ရန် မစွမ်းနိုင်ပါ၊ ဝိပဿနာ ဘာဝနာပွားများခြင်း တည်းဟူသော ဝိပဿနာဓုရကိုသာ ထမ်းဆောင်နိုင်ပါသည်၊ ထို့ကြောင့် ကမ္မဋ္ဌာန်းကိုသာ ပေးတော်မူပါ"ဟု လျှောက်ထား၏၊ မဟာပါလမထေရ်အား ဘုရားရှင်က အရဟတ္တဖိုလ်ထိ ရနိုင်သော ကမ္မဋ္ဌာန်းကို ပေးတော်မူလေသည်၊

မဟာပါလ မထေရ်သည် မိမိနှင့်အတူလိုက်ပါလိုသော ရဟန်းခြောက်ဆယ်ကို ဦးဆောင်ကာ ယူဇနာ ၁၀၀ ကွာဝေးသော တောရွာဇနပုဒ်သို့ ကြွရောက်၏၊ ထိုရွာကြီး၌ လူတို့ သိကြွာ ပြည့်စုံစွာ ဆွမ်းခံ

ဝင်လာကြသော ရဟန်းများကို ရွာသားများက ကြည်ညိုကြသဖြင့် ကျောင်းဆောက်၍ ကိုးကွယ်ထားကြသည်။

မဟာပါလ မထေရ်သည် ထိုရွာကြီး၌ ဝါဆိုပြီးနောက် လုံးဝ အိပ်စက်ခြင်း မပြုဘဲ သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်း ဟူသော ဣရိယာပုထ် သုံးမျိုးဖြင့်သာ အပြင်းအထန် တရားအားထုတ်၏။ ဝါခေါင်လပြည့် ကျော်သို့ ရောက်သောအခါ မျက်စိရောဂါ ရလာ၏။ ရေအိုးပေါက်မှ ရေများ တသွင်သွင် ပန်းစီးဆင်းသကဲ့သို့ မထေရ်၏ မျက်စိမှ မျက်ရည်များသည် သုတ်၍ မရနိုင်အောင် ယိုစီးလာကြ၏။ မထေရ်သည် ည အချိန်ရှိသမျှ ဝေဒနာကို သည်းခံ၍ တရား အားထုတ်လျက်သာနေ၏။ အရုဏ်တက်ခါမှ ကျောင်းခန်းတွင်းသို့ ကြွတော်မူ၏။ ဆွမ်းခံချိန်ရောက်၍ ရဟန်းများက လာ၍ အကြောင်းကြားခါမှ အဖြစ်မှန်ကို သိကြရလေသည်။

ထိုရွာကြီးမှ ဆေးဆရာသည် စေ့စေ့ကပင် ဆေးဝါး ကုသရန် ပန်ကြားထား၏။ ရဟန်းများက အကြောင်း ကြားသောအခါ ထို ဆေးဆရာက ဆေးဆီကိုချက်၍ လှူလိုက်၏။ မဟာပါလ မထေရ်သည် အိပ်စက်ခြင်းကို လုံးဝ ပယ်ထားသဖြင့် ထိုင်လျက်ကပင် ဆေးဆီကို နှာခေါင်းမှ ထည့်၏၊ အိပ်၍ ထည့်မှ ဆေးဆီဝင်၍ ရောဂါ ပျောက်မည် ဖြစ်ရာ ယခု ထိုင်လျက်သာ ထည့်သဖြင့် ဆေးစွမ်း မပြနိုင်ပေ။ ဆေး ဆရာသည် မျက်စိရောဂါ မသက်သာသေးသည်ကို တွေ့မြင်ရ၍ မထေရ်၏ နေရာသို့ သွားကြည့်ရာ အဖြစ်မှန်ကို သိရှိသွားသဖြင့်–

"အရှင်ဘုရား၊ ဤသို့ မပြုပါလင့်။ ရဟန်းတရား ကျင့်သုံးခြင်း မည်သည် ကိုယ်ခန္ဓာ ကျန်းမာ မျှတနေပါမှ စွမ်းနိုင်ပါသည်။ အိပ်စက်၍ ဆေးဆီ ထည့်တော်မူပါ"ဟု လျှောက်ထား၏။

ဆေးဆရာ၏ လျှောက်ထားချက်ကို မဟာပါလ မထေရ်က လက် မခံပေ။ ဆေးဆရာကို နှင်ထုတ်လိုက်ပြီးနောက် မျက်စိများ အဆုံးတိုင် ကွယ်ချင် ကွယ်စေတော့ ဟူ၍ မိမိစိတ်ကို တင်းကာ ဆက်၍သာ တရား အားထုတ်လေသည်။

ရောဂါ မသက်သာသေးဘဲ ဆွမ်းခံ ဝင်လာပြန်သော မထေရ်ကို မြင်လတ်သော် ဆေးဆရာသည် သည်းမခံနိုင်တော့သဖြင့်–

"အရှင်ဘုရား၊ အရှင်ဘုရားတို့သည် မျှမျှတတ မကျင့်ကြ ကုန် တကား။ ယနေ့မှစ၍ ဤမည်သော ဆေးသမားသည် ငါ့အတွက် ဆေးဆီ ချက်ပေးသည် ဟူ၍ အရှင်ဘုရားတို့ မပြောကြပါနှင့်တော့၊ တပည့်တော်

ကလည်း အရှင်ဘုရားတို့အတွက် ဆေးဆီ ချက်ရသည် ဟူ၍ မပြောဆို ဘော့ပါ''ဟု လျှောက်၏။

မဟာပါလ မထေရ်သည် ကျောင်းသို့ ပြန်ရောက်သောအခါ ''အမောင်၊ အဘယ့်ကြောင့် သင် မေ့လျော့ရမည်နည်း''ဟု မိမိကိုယ်ကို တိုက်တွန်း နှိုးဆော်ကာ ဆက်လက်၍ တရား အားထုတ်၏။ ထိုည သန်းခေါင်လွန်သောအခါ သူ၏ မျက်စိနှစ်လုံးတို့သည်လည်း အဆုံးတိုင် ပေါက်ကွဲ ပျက်စီး၍ သွားကြကုန်၏။ လုံး၀ မအိပ်ဘဲနေသော ဒဏ်ချက်ကြောင့် အတွင်းလေများ ဖောက်ပြန်ကာ ထိုးဖောက်လာသောကြောင့် ဖြစ်၏။ ထိုအချိန်မှာပင် ကိလေသာ အပေါင်းတို့သည်လည်း အဆုံးတိုင် ပေါက်ကွဲ ပျက်စီး၍ သွားကြကုန်၏။ ထိုအချိန်မှစ၍ စက္ခုပါလ ရဟန္တာ အရှင်မြတ်ကြီး ဟူ၍ တပည့် ပရိသတ်များက လေးစားစွာ ခေါ်ဝေါ် လာကြလေသည်။

စက္ခုပါလ မထေရ်မြတ်ကြီးအတွက် ရွာသားများက ယာဂုနှင့် ဆွမ်းများကို ကျောင်းသို့လာ၍ ပို့လှူကြ၏။ မထေရ်မြတ်ကြီးကလည်း တပည့် ပရိသတ် အပေါင်းအား အမြဲမပြတ် ဆုံးမ ပဲ့ပြင်လျက် ရှိ၏။ ထို၀ါကျွတ်သော သီတင်းကျွတ် လပြည့်နေ့တွင် ရဟန်း ခြောက်ကျိပ်လုံး ပဋိသမ္ဘိဒါ ဉာဏ်လေးပါး ရရှိ၍ ရဟန္တာဖြစ်ကာ စင်ကြယ်စွာသော ဝိသုဒ္ဓိပ၀ါရဏာကို ပြုနိုင်ကြပေသည်။

နောက်ပါ ရဟန္တာခြောက်ကျိပ်တို့သည် ဘုရားရှင်ထံ အဖူးအမြော် သွားလို၍ စက္ခုပါလ မထေရ်ကြီးထံ ခွင့်ပန်ကြသောအခါ ''ငါ့ရှင်တို့၊ သင်တို့ သွားနိုင်ကြကုန်လော့။ ငါသည် အားနည်းလှ၏၊ ခရီးအကြား တွင်လည်း ဘီလူးတို့ သိမ်းပိုက် စိုးမိုးထားသော တောအုပ်တစ်ခု ရှိနေ၏။ ငါနှင့်အတူ သွားရလျှင် သင်တို့ ပင်ပန်းကြကုန်လတ္တံ့။ သင်တို့ သွားနှင့်ကြကုန်လော့။ စင်စစ်အားဖြင့် ငါ၏ညီ စူဠပါလသည် ငါ၏ အဖြစ်ကို သိလျှင် ငါ့ထံသို့ တစ်စုံတစ်ယောက်ကို လွှတ်လိုက်လိမ့်မည်၊ ထိုသူနှင့်အတူ လိုက်လာခဲ့မည်''ဟု မိန့်ကြား၏။

ရဟန္တာခြောက်ကျိပ်တို့သည် ဇေတဝန်ကျောင်းတော်သို့ရောက်လျှင် ဘုရားရှင်နှင့်တကွ ရှစ်ကျိပ်သော မဟာသာဝကကြီးများကို ရှိခိုးဦးခိုက်ကာ နောက်တစ်နေ့တွင် စူဠပါလ သေဌေးအိမ်ရှိရာသို့ ဆွမ်းခံ ဝင်ခဲ့ကြကုန်၏။ အရှင်မြတ်တို့ထံမှ နောင်တော်မြတ်၏ အဖြစ်ဆိုးကို ကြားရလျှင် စူဠပါလ

သေဌေးသည် မြေ၌ လူးလှိမ့်ငိုကြွေး၍ တပည့်တော် မည်သို့ ပြုရပါမည်နည်းဟု မေးလျှောက်၏။

ရဟန်းတို့က ဒါယကာ၊ မထေရ်သည် ဤအရပ်မှ တစ်စုံတစ်ယောက် ရောက်လာမည်ဟု မျှော်လင့်နေ၏၊ သူတို့ထံသို့ တစ်စုံ တစ်ယောက် ရောက်သွားလျှင် ထိုသူနှင့်အတူ ကြွလာလိမ့်မည်ဟု မိန့်ကြားရာ

"ဤသို့ဆိုလျှင် တပည့်တော်၏ တူဖြစ်သူ ပါလိတလုလင်ကို စေလွှတ်ပေးကြပါ ဘုရား"

"ဒါယကာ၊ လူ့အသွင်ဖြင့် လွှတ်ရန် မသင့်ပေ။ ပါလိတ လုလင်ကို ရှင်သာမဏေပြုပြီးမှ လွှတ်သင့်၏"

"ဤသို့ဆိုလျှင် သာမဏေပြု၍ လွှတ်တော်မူကြပါ ဘုရား"

စူဠပါလသေဌေး၏ သဘောတူညီချက်အရ ပါလိတ လုလင်ကို ရဟန်းများက ရှင်သာမဏေပြုပေး၍ ဆယ့်ငါးရက်တာမျှ သပိတ်ကိုင်ပုံ၊ သင်္ကန်းစည်းပုံများ သင်ကြားပေးပြီးမှ စက္ခုပါလ မထေရ်ကြီးထံ စေလွှတ်ကြလေသည်။

ပါလိတ သာမဏေသည် ဦးရီးတော် စက္ခုပါလမထေရ် ရှိရာသို့ ရောက်ရှိက ဆယ့်ငါးရက်တာမျှ ပြုစုလုပ်ကျွေးပြီးမှ ဇာတိ ရပ်ဌာန်သို့ ပြန်ကြွပါရန် လျှောက်ထား၏။ မထေရ်လည်း ပါလိတ သာမဏေအား တောင်ဝှေးစွန်းကို အကိုင်ခိုင်း၍ ရှေးယခင်က မထေရ် နေခဲ့ဖူးသော ကဋ္ဌနဂရမည်သော ရွာသို့ ရောက်ရှိ၏။ ထိုရွာမှအထွက် တောထဲ၌ မိန်းမ တစ်ယောက်သည် ထင်းခွေရင်း သီချင်း ဆိုနေလေရာ ထိုသီချင်းသံကို ပါလိတ သာမဏေ သာယာ စွဲမက်မိသဖြင့်

"အရှင်ဘုရား၊ ခေတ္တစောင့်တော်မူပါ၊ တပည့်တော်မှာ ကိစ္စတစ်ခု ရှိနေပါသည်"ဟု လျှောက်ထား၍ ထိုမိန်းမရှိရာသို့ သွား၏။

မထေရ်သည် စောစောက ကြားခဲ့ရသော သီချင်းသံနှင့် သာမဏေ၏ အပြုအမူတို့ကို ဆက်စပ်ကြည့်၍ အဖြစ်မှန်ကို ရိပ်မိသွား၏၊ ထို့ကြောင့် မိန်းမထံမှ သာမဏေ ပြန်လာလျှင် "ဤကဲ့သို့ ယုတ်မာသူသည် ငါ၏ တောင်ဝှေးစွန်းကို ကိုင်ခွင့်မရှိပြီ"ဟု မိန့်တော်မူ၏။ သာမဏေသည် ထိတ်လန့် တုန်လှုပ်လျက် သင်္ကန်းများကိုချွတ်က လူဝတ်ဖြင့် ကူညီရန် လျှောက်ထားသော်လည်း မထေရ်က ခွင့်မပြုချေ။ သို့ဖြင့် ပါလိတလုလင်သည် ငိုယိုလျက် လွှတ်ရာ တောထဲသို့ ပြေးဝင်သွားရလေတော့သည်။

## စက္ခုအကြိမ်

စက္ကပါလမထေရ်၏ သီလတန်ခိုးကြောင့် သိကြားမင်း၏ ပဏ္ဍုကမ္ဗလာ သည် ပူလောင်၍ လာ၏။ ဤတွင် သိကြားမင်းသည် စက္ခုပါလမထေရ်၏ အဖြစ်ကို သိမြင်ကာ ခရီးသွားတစ်ယောက်၏ အသွင်ဖြင့် မထေရ်၏ ခရီးဖော်ပြု၍ ခေါ်လာခဲ့၏။ ရက်ပေါင်းများစွာ သွားရသော ခရီးရှည် ကြီးကို သိကြားမင်းက မြေကြောရှုံ့၍ ပေးသဖြင့် ထိုညနေမှာပင် သာဝတ္ထိ မြို့တော်သို့ ဆိုက်ရောက်သွား၏၊ မကြုံဖူး ထူးခြားလှသော ဤအခြေ အနေကို မထေရ်ကြီးကလည်း သတိပြုမိကာ ဤသူမှာ သာမန် လူသား မဟုတ်၊ နတ်သား တစ်ပါးပါး ဖြစ်ရာ၏ ဟု တွေးမိ၏။ သိကြားမင်းသည် စူဠပါလ သေဌေး ဆောက်ထားသော ကျောင်းသို့ မထေရ်ကို ပို့ဆောင်ကာ ထိုအသွင်ဖြင့်ပင် စူဠပါလသေဌေးထံသို့ သွား၍ မထေရ်ကြီး ရောက်နေ ကြောင်း ပြောလေ၏၊

စူဠပါလ သေဌေးသည် မထေရ်ထံသို့လာ၍ ခြေရင်း၌ လူးလိမ့် ငိုကြွေးပြီးလျှင် ကျွန်မှ မွေးဖွားထားသော သားနှစ်ယောက်ကို ကျွန် အဖြစ်မှ ထုတ်နုတ်ကာ ရှင်သာမဏေပြုရန် မထေရ်ကြီးထံ အပ်နှင်း၏။ မထေရ်ကြီးက ထိုသူငယ်နှစ်ယောက်ကို ရှင်သာမဏေ ပြုပေး၏။ သာမဏေ ငယ် နှစ်ပါးက မထေရ်ကြီးကို ရိုသေစွာ ပြုစုလုပ်ကျွေးကြကုန်၏။

တစ်နေ့သော အခါ အရပ်လေးမျက်နှာမှာ နေထိုင်ခဲ့ကြသော ရဟန်းများသည် ဇေတဝန်ကျောင်းတော်သို့ ဘုရားဖူးရန်ရောက်လာကြ၏။ ထိုညဉ့်ဦးယံ၌ မိုးကြီး သည်းထန်စွာ ရွာသွန်းကာ သန်းခေါင်ယံ၌ မိုးစဲ သွား၏။ မိုးစဲသွားပြီး မကြာမီမှာပင် တွင်းအောင်းပိုးပရွက်များထွက်ပြူ လာကြလေသည်။

စက္ခုပါလ မထေရ်သည် နံနက်တိုင်း စင်္ကြံကြနေကျ ဖြစ်၍ ထို နံနက် မှာလည်း ခါတိုင်းလိုပင် စင်္ကြံကြ၏။ မထေရ်ကြီး နင်းမိသဖြင့်စင်္ကြံပေါ် မှ ပိုးပရွက်များစွာ သေကြေပျက်စီးကြကုန်၏။ တပည့်သာမဏေငယ်များ သည်လည်း ထို အသေကောင်များကို တံမြက်မလှည်းမိသေး။ ထိုအချိန် တွင် ဘုရားဖူးလာကြသော ရဟန်းများက ပိုးပရွက် အသေကောင်များကို တွေ့မြင်သွားကြ၏။ သာမဏေများထံမှ တစ်ဆင့် စက္ခုပါလအရှင်မြတ်ကြီး နင်းမိ၍ သေကြေပျက်စီးကြရပုံကိုလည်း ကြားသိ သွားကြရ၏။ ဤတွင် ထိုရဟန်းတို့က–

''ငါ့အရှင်တို့ ဤရဟန်း၏ အမှုကို ရှုကြပါကုန်လော။ ဤရဟန်း သည် မျက်စိကောင်းစဉ် အိပ်ငိုက်မျဉ်း၍ နေပြီးလျှင် ယခု မျက်စိ ကွယ်

ခါမှ စကြံလျှောက်သဖြင့် ဤမျှများပြားသော သတ္တဝါတို့ကို သတ်ချေ၏၊ အကျိုးရှိရန် ပြုသော်လည်း အပြစ်ကိုသာ ပြုချေသည်တကား'' ဟု ကဲ့ရဲ့ကြလေကုန်၏၊

ထို့နောက် ထိုရဟန်းတို့သည် မြတ်စွာဘုရားထံသို့ ဝင်ရောက်ကာ ထိုအကြောင်းကို လျှောက်ထားကြ၏၊ ဤတွင် ဘုရားရှင်က ''ရဟန်းတို့- ထိုရဟန်းသတ်သည်ကို သင်တို့ မြင်ကြပါသလော'' ဟုမေးတော်မူရာရဟန်းတို့က ''မြင်သည်ကား မဟုတ်တို့ မမြင်ကြပါဘုရား'' ဟု လျှောက်ထားသဖြင့်-

''ရဟန်းတို့- ထိုအမှုကို သင်တို့ မမြင်ကြသကဲ့သို့ ထို ပိုးပရွက်တို့ကို လည်း ထိုရဟန်း မမြင်ပေ။ ရဟန္တာပုဂ္ဂိုလ်မှာ သေစေလိုသော စေတနာ မရှိချေ'' ဟု မိန့်ကြားတော်မူ၏၊

ထို့နောက် ရဟန်းများက ''အရှင်ဘုရား- အရဟတ္တဖိုလ်ကို ရနိုင်သော အကြောင်းတရား ရှိနေပါလျက် ထိုမထေရ်သည် အဘယ့်ကြောင့် မျက်စိကွယ်ရပါသနည်း'' ဟု မေးလျှောက်ကြလေရာ ဘုရားရှင်က စက္ခုပါလ မထေရ်၏ ရှေးအတိတ်ကံကို ထုတ်ဖော် ဟောကြားတော်မူလေသည်၊

ရှေးလွန်လေပြီးသောအခါ ဗာရာဏသီ မြို့တော်၌ ကာသိမင်း မင်းပြုစဉ် ဆေးဆရာကြီး တစ်ဦးသည် ရွာနိဂုံးများ၌ လှည့်လည်၍ ဆေးကုသ၏။ ရွာတစ်ရွာ အရောက်တွင် မျက်စိရောဂါရ၍ စမ်းတဝါးဝါးသွားလာနေရသော မိန်းမတစ်ယောက်ကို ဆေးကုသခွင့် ရ၏။ ရောဂါ ရှင်မိန်းမက ''ရောဂါပျောက်လျှင် သားသမီးများနှင့်တကွ အရှင့်ထံ ကျွန်ခံပါမည်'' ဟု ကတိပြု၏။ ဆေးဆရာသည် ရောဂါရနေသော မျက် စိ ကို ဆေးကုရာ ဆေးခါ်ချက် တစ်ခုတည်းဖြင့်ပင် မျက်စိများ အကောင်း ပကတိ ဖြစ်သွားကြလေသည်၊

မျက်စိကောင်းလာသော မိန်းမသည် မိမိ၏ ကတိအတိုင်း ကျွန်ခံ ရမည်ကိုစိုးလာသဖြင့် ''ကျွန်မမျက်စိများ ရှေးကထက် ပို၍ နာ လာ ပါ သည်'' ဟု လိမ်လည်၍ ပြော၏။ ဆေးဆရာကလည်း သူ လိမ်လည်၍ ပြောပြကြောင်း ရိပ်မိကာ အိမ်ပြန်၍ ဆေးတစ်မျိုးကို ဖော်စပ်ကာ ယူလာ ခဲ့ပြီးလျှင် ထိုမိန်းမအား မျက်စဉ်းခတ်ပေး၏။ ထိုမိန်းမသည် ထိုဆေးကို မျက်စဉ်းအမှတ်ဖြင့် ခတ်လိုက်ရာ မျက်စိနှင့်ဖက်လုံး ပေါက်ကွဲကုန်လေ၏။

ဘုရားရှင်သည် အရှင် စက္ခုပါလ၏ ဤသို့သော အကုသိုလ်ကံကို ထုတ်ဖော်တော်မူကာ ''ရဟန်းတို့-ထိုအခါ စက္ခုပါလ ပြုလုပ်မိသော ထို အကုသိုလ်ကံသည် သူ့နောက်သို့အစဉ်လိုက်ပါ၍ နေပေသည်'' ဟုမိန့်ကြား

တော်မူပြီးလျှင် ထိုစကားနှင့် ဆက်စပ်၍ တရားစကား ဟောကြားတော်မူလိုသဖြင့် အောက်ပါ ဒေသနာတော်ကို ဟောကြားတော် မူလေသတည်း။

ဒေသနာတော်

၂။ ။နာမ်တရားတို့သည် စိတ်လျှင် ရှေ့သွားရှိကုန်၏၊ စိတ်လျှင် အကြီးအမှူး ရှိကုန်၏။ စိတ်ဖြင့်ပြီးကုန်၏။ အကယ်၍ သန့်ရှင်းကြည်လင်သော စိတ်ဖြင့် ပြောဆိုသော် လည်းကောင်း၊ ပြုလုပ်သော် လည်းကောင်း၊ ကြံစည်သော် လည်းကောင်း အရိပ်သည် လူ၏ နောက်သို့ အစဉ်လိုက်ပါသကဲ့သို့ ထိုအမှုကြောင့်ထိုသူ၏နောက်သို့ ချမ်းသာသည် အစဉ်လိုက်ပါလာ၏။

## မဋ္ဌကုဏ္ဍလီ

ဤ ဒေသနာတော်ကို ဇေတဝန်ကျောင်းတော်၌ဘုရားရှင် သီတင်းသုံးတော်မူစဉ် မဋ္ဌကုဏ္ဍလီ နတ်သားကို အကြောင်းပြု၍ ဟောကြားတော် မူလေသည်။

သာဝတ္ထိမြို့တော်မှာ နေသော ပုဏ္ဏား တစ်ယောက်သည် တစ်စုံတစ်ယောက်သော သူအား အနည်းငယ်မျှပင် မပေးကမ်းဖူးသဖြင့် အဒိန္နပုဗ္ဗက အမည်တွင်လေ၏။ ထိုပုဏ္ဏားသည် ချစ်လှစွာသော သားအတွက် ရွှေနားတောင်း တစ်ရံ ပြုလုပ်လိုသော်လည်း ပန်းထိမ်သည်တို့အား လက်ခ ပေးနေရမည်ကိုစိုး၍ မိမိကိုယ်တိုင် ရွှေကိုချောက်ကာပြောင်မြစ်သောနားတောင်း ကို ပြုလုပ်၍ ဆင်ပေး၏။ ထို့ကြောင့် ထို ပုဏ္ဏားသည် မဋ္ဌကုဏ္ဍလီ ဟု အမည်တွင်လေ၏။

မဋ္ဌကုဏ္ဍလီ သတို့သားသည် တစ်ဆယ့် ခြောက်နှစ်မြောက် ရောက်ချိန်တွင် ဖျော့တော့သော ရောဂါဝေဒနာစွဲကပ်လာ၏။ မိခင်ပုဏ္ဏေးမက သားကို ဆေးကုသရန် ပြောကြားရာတွင် ပုဏ္ဏားက သင်သည် ငါ၏ဥစ္စာ ကုန်ခန်းမှုကိုအဘယ့်ကြောင့်မရှုမြင်သနည်းဟု ကြိမ်းမောင်း၏။ ထို့နောက် ဆေးဆရာများထံ ချဉ်းကပ်ကာ သား၏ ရောဂါကုရန်အတွက် ဆေးနည်း တောင်းခံ၏။ ဆေးဆရာများက ပုဏ္ဏား၏ စိတ်သဘောကို ရိပ်မိကြသဖြင့် တော်ရာ လျော်ရာ ဆေးနည်းများကို ပြော၍ လွှတ်လိုက်ကြ၏၊ ပုဏ္ဏားသည် ပိုက်ဆံမကုန်ဘဲ ရလာသော ဆေးနည်းများ အတိုင်း ဆေး ဝါး

ပစ္စည်း ရှာဖွေ၍ ကိုယ်တိုင် ကုသ၏။ ကုရင်း ကုရင်းနှင့်ပင် မဋ္ဌကုဏ္ဍလီ၏ ရောဂါသည် ဆေးကု၍ မရနိုင်လောက်အောင် သည်းထန်လာ၏။ ဤတွင်မှ ဆေးဆရာကို ခေါ်၍ ပြသသော်လည်း အကြောင်းမထူး နိုင် တော့ပြီ။ လူနာအခြေ မလှတော့သဖြင့် ဆေးဆရာက သင့်သလိုပြော၍ စွန့်ခွာသွား လေတော့၏။

ချစ်လှစွာသောသား သေတော့မည်ဟု သိရသည်နှင့် တစ်ပြိုင်နက် ပုဏ္ဏားသည် သားကို အိမ်၏ ပြင်ပဖြစ်သော အိမ်ဦးခန်းသို့ ထုတ်ထား လေ၏။ သားကို ကြည့်ရှုရန် လာကြသော မိတ်ဆွေများက မိမိ တို့၏ အတွင်းပစ္စည်းများကို မြင်မသွားစေရန် ကြိုတင် ကာကွယ်လိုက်ခြင်း ဖြစ် ပေသည်။

ထိုနေ့ နံနက်စောစောတွင် ဘုရားရှင်သည်မဟာကရုဏာသမာပတ်မှ ထတော်မူ၍ ကျွတ်ထိုက်သူတို့ကို ကြည့်ရှုတော်မူလေရာ မဋ္ဌကုဏ္ဍလီ သတို့ သားကို မြင်တော်မူလေ၏။ ထို သတို့သားထံသို့ မိမိ ကြွသွားခြင်းဖြင့် အကျိုးရှိမည်လောဟု စဉ်းစားသော် အကျိုးများစွာ ဖြစ်ထွန်းမည်ကို မြင် တော်မူ၍ နံနက်သင်းသောအခါ နောက်ပါ ရဟန်းများနှင့်တကွ ဆွမ်းခံ ဝင်လျက် အဒိန္နပုဗ္ဗက ပုဏ္ဏား၏ အိမ်ရှေ့သို့ ကြွတော်မူလေ၏။

ထိုခဏ၌ မဋ္ဌကုဏ္ဍလီသည် အိမ်အတွင်းဘက်သို့ မျက်နှာ ပြုလျက် အိပ်နေရာ ဘုရားရှင်က ရောင်ခြည်တော် တစ်ခုကို ပို့ လွှတ် တော်မူရ၏။ မဋ္ဌကုဏ္ဍလီသည် ရောင်ခြည်တော်မှ တစ်ဆင့် ဘုရားရှင်ရှိရာသို့ စောင်းလှည့် ကြည့်ရှုရာ ဘုရားရှင်ကို ဖူးတွေ့လိုက်ရ၍ ''ယခု ငါကား လက်ကိုမျှ မချီ နိုင်တော့ပြီ'' ဟု တွေးတောကာ စိတ်ဖြင့်သာ ကြည်ညိုရတော့၏။ ဘုရား ရှင်သည် ဤမျှဖြင့် တော်လောက်ပြီဟု စဉ်းစားကာ ထိုင်နေရာမှ ဖဲကြွ တော်မူ၏၊ မဋ္ဌကုဏ္ဍလီသည်လည်း ဘုရားရှင် ကွယ်ပျောက်သွားချိန်တွင် အသက်ကုန်ဆုံးကာ ယူဇနာ သုံးဆယ် ရှိသောနတ်ဗိမာန်၌ နတ်သား ဖြစ်လေ၏။

ပုဏ္ဏားသည် သား၏အလောင်းကို သဂြိုဟ်ပြီးနောက် သုသာန်သို့ နေ့စဉ်သွား၍ တမ်းတ ငိုကြွေးနေ၏။ မဋ္ဌကုဏ္ဍလီ နတ်သားသည် မိမိ၏ ကုသိုလ်ကောင်းမှုကို ဆင်ခြင်ရာမှ တစ်ဆင့် ဖခင် ပုဏ္ဏားကြီး၏ အပြုအမူ ကို မြင်လေရာ ရှေးဘဝက ရုပ်သွင်အတိုင်း ဖန်ဆင်းလေ၍ ထို သုသာန် တစ်နေရာသို့ သွား၍ ငိုကြွေးနေ၏။ ဤတွင် ပုဏ္ဏားသည် နတ် သား ထံ ချဉ်းကပ်ကာ ငိုရခြင်းအကြောင်းကို မေးမြန်း၏။

ဤတွင် နတ်သားက "အို—ပုဏ္ဏား၊ ငါ့မှာ ရွှေရထားတစ်စီး ရှိပါ၏။ ထိုရထားအတွက် ဘီးနှစ်ခုကို မရသောကြောင့် ငါ့အသက်ကို စွန့်ရချေတော့မည်တကား။" ဟု ဖြေဆိုလေရာ—

"အို—လုလင်၊ ရွှေလှည်းဘီး၊ ပတ္တမြားလှည်းဘီး၊ ကြေးလှည်းဘီး သို့မဟုတ် ငွေလှည်းဘီးအစုံကို သင့်အား ပေးအံ့၊ အသင် လိုရာကို ပြောကြားလော့"

"ကျွန်ုပ်အား အဘယ်မျှလောက်ကြီးသော လှည်းဘီးကို လုပ်၍ ပေးမည်နည်း"

"သင် အလိုရှိသလောက် လုပ်ပေးပါမည်"

"ဤသို့ဆိုလျှင် လနှင့်နေတို့ကို ကျွန်ုပ်၏ ရထားဘီး အလို့ငှာ ယူပေးပါလော့"

"အို—လုလင်။ သင်မိုက်လေစွတကား၊ သင်သည် မတောင့်တသင့်သည်ကို တောင့်တဘိ၏၊ သင်သည် သေလောက်အောင် တောင်းနေသော်လည်း လနှင့်နေတို့ကို ရမည်မဟုတ်ပေ"

"အို- ပုဏ္ဏား၊ လနှင့်နေတို့၏ ရုပ်အဆင်းသည် ထင်ထင် ရှားရှား တွေ့မြင်နေရ၏၊ သေလေပြီးသော သင်၏သားကို မတွေ့မမြင် ရတော့ပြီ၊ သို့ဖြစ်၍ ဤသုသာန်သို့ လာကာ ငိုကြွေးနေကြသော နှစ်ဦးတွင် အဘယ်သူသည် ပို၍မိုက်ပါသနည်း"

"အို လုလင်၊ သင်သည် ဟုတ်မှန်စွာဆိုဘိ၏၊ ငါသည် သာလျှင် မိုက်မဲမိ၏၊ ယခုအခါ ငါ၏ စိုးရိမ်ပူဆွေးမှုများ ပျောက်သွား ပါပြီ၊ သင်၏ အမျိုးအမည်ကိုသိပါရစေ"

"အို-ပုဏ္ဏား၊ ငါသည် သင်၏သား မဋ္ဌကုဏ္ဍလီပင် ဖြစ်ပေ၏"

ဤသို့ အစချီကာ နတ်သားက မိမိ၏ ကုသိုလ်ကံ အကျိုးပေးပုံကို ပြောပြ၏။ ပုဏ္ဏားသည် ဝမ်းမြောက်ခြင်း၊ နှစ်သိမ့်ကြည်နူးခြင်းတို့ကို ခံစားလျက် ယနေ့ပင်လျှင် မြတ်စွာဘုရားကို ဆည်းကပ်ပါတော့မည်ဟု ဆို၏။

ထိုအခါ နတ်သားသည် "အို....ပုဏ္ဏား၊ သင့်အိမ်၌ ဥစ္စာများစွာ ရှိနေ၏၊ မြတ်စွာဘုရားထံ ချဉ်းကပ်၍ အလှူပေးပါလော့၊ တရားနာပါလော့၊ ပြဿနာမေးပါလော့" ဟုဆိုကာ ထိုနေရာမှပင် ကွယ်ပျောက်လေသည်။

ပုဏ္ဏားသည် အိမ်သို့ပြန်၍ ပုဏ္ဏေးမနှင့် တိုင်ပင်ပြီးလျှင် ဘုရားရှင်နှင့်တကွ သံဃာတော်များအား မိမိအိမ်သို့ပင့်၍ဆွမ်းလုပ်ကျွေး၏။ မိတ္တာအပူ

ရှိသောသူတို့က မြတ်စွာဘုရားကိုပင့်၍ ဆွမ်းလုပ်ကျွေးလျှင် ပရိသတ်နှစ်မျိုးတို့ စုဝေးရောက်လာကြမည် ဖြစ်၏။

မိစ္ဆာအယူရှိသူတို့က "ယနေ့ ရဟန်းဂေါတမကို ပြဿနာမေး၍ ညှဉ်းဆဲသည်ကို ကြည့်ကြရကုန်အံ့" ဟု စည်းဝေးလာကြ၏။ သမ္မာအယူရှိသူတို့ကမူ "ယနေ့ ဘုရားရှင်၏ အင့်တယ်စံပယ်ခြင်းကို ဖူးမြင်ကြရကုန်အံ့" ဟု စည်းဝေးလာကြကုန်၏။ ထိုသို့ ပရိသတ်နှစ်မျိုးတို့ စည်းဝေးလာကြချိန်တွင် ပုဏ္ဏားသည် ဆွမ်းစားပြီးခါစဖြစ်သော ဘုရားရှင်ထံ ချဉ်းကပ်ကာ "အရှင်ဂေါတမ၊ အသင်တို့အား အလှူလည်းမပေး၊ ပူဇော်ခြင်းသည်းမပြု၊ တရားလည်းမနာ၊ ဥပုသ်လည်းမစောင့်၊ စိတ်ထဲက ကြည်ညိုရုံသက်သက်မျှဖြင့် နတ်ပြည်သို့ ရောက်နိုင်ပါသလော"ဟု ပြဿနာကို မေးလျှောက်၏။

"ပုဏ္ဏား၊ အဘယ့်ကြောင့် ငါဘုရားကို မေးနေသနည်း၊ သင့်အား မဋ္ဌကုဏ္ဍလီအသည် ငါဘုရား၌ကြည်ညို၍နတ်ပြည်၌ဖြစ်ကြောင်းကို ကိုယ်တိုင်လာ၍ ပြောကြားခဲ့ပြီ မဟုတ်ပါလော"ဟု ဘုရားရှင်က မိန့်တော်မူ၏။

"အရှင်ဂေါတမ၊ ဘယ်တုန်းက ဤသို့ ပြောကြားခဲ့ပါသနည်း"

ဤမေးခွန်းကိုလည်း ဘုရားရှင်က မိမိဉာဏ်တော်နှင့် သိထားသည့်အတိုင်း ဇာတ်ကြောင်းပြန်၍ ဖြေကြားတော်မူကာ....

"ငါဘုရား၌ ကြည်ညိုစိတ် ပွား၍ နတ်ပြည်၌ ဖြစ်ရသူတို့သည် မရေမတွက်နိုင် ရှိခဲ့ပြီ"ဟု မိန့်တော်မူ၏။

ထို့နောက် ဤစကားကို ယုံမှားသက်ာ ရှိနေကြသော လူများအတွက် သက်သေထင်ရှားစွာ ပြခြင်းငှာ မဋ္ဌကုဏ္ဍလီ နတ်သားသည် ဗိမာန်နှင့်တကွ လာစေသတည်းဟု အဓိဋ္ဌာန်ပြုတော်မူ၏။ မဋ္ဌကုဏ္ဍလီ နတ်သားသည် ဗိမာန်နှင့်တကွ ဆင်းသက်လာကာ အရှင်ဘုရားတို့၌ ကြည်ညိုစိတ်ပွားမိသော ကုသိုလ်ကြောင့် ဤစည်းစိမ်ကို ရပါသည်ဘုရားဟု လျှောက်ထား၏။ ဤတွင်မှ လူအပေါင်းသည် ဘုရားရှင်၏ဂုဏ်တော်၊ ကျေးဇူးတော်ကို ချီးကျူးကြကုန်၏။

ဘုရားရှင်သည် ထိုမဋ္ဌကုဏ္ဍလီ၏ကုသိုလ်ကံအကျိုးပေးပုံနှင့်ဆက်စပ်၍ တရားစကား ဟောကြားတော် မူလေသတည်း။

ဒေသနာတော်အဆုံး၌ မဋ္ဌကုဏ္ဍလီနတ်သားနှင့် အဒိန္နပုဗ္ဗကပုဏ္ဏားတို့သည် သစ္စာလေးပါးကို သိကြလေကုန်၏။

စတုတ္ထအကြိမ်

ဒေသနာတော်

၃။ ။ဤသူသည် ငါ့ကို ဆဲရေးဖူးပြီ၊ ငါ့ကိုညှဉ်းဆဲဖူးပြီ၊ ငါ့ကိုအောင်နိုင်ဖူးပြီ၊ ငါ့ဥစ္စာကို ဆောင်ယူဖူးပြီ ဟု သူ့အပေါ်၌ အကြင်သူတို့သည် ရန်ငြိုးဖွဲ့ကုန်၏။ ထိုရန်ငြိုးဖွဲ့သောသူတို့အား ရန်သည် မငြိမ်းအေးနိုင်။

## တိဿရဟန်းကြီး (ရန်ဖြစ်သူ)

ဇေတဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ရဟန်းများနှင့် ရန်ဖြစ်နေတတ်သော တိဿ ရဟန်းကြီးကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော် မူလေသည်။

တိဿရဟန်းကြီးသည် ဘုရားရှင်၏ ဒွေးလေးဖြစ်သော သမီး၏ သားဖြစ်၏၊ အသက်ကြီးခါမှ ရဟန်းပြုလာပြီးလျှင် ဘုရားရှင်အား လှူဒါန်းသော ဆွမ်း၊ ဘောဇဉ်များကို စားသောက်ရသဖြင့် ခန္ဓာကိုယ် ဝဖြိုး၏၊ အဖန်ဖန်နယ်၍ ချုပ်ဆိုးထားသော သင်္ကန်းများကို ဝတ်ရုံ၏၊ ကျောင်းအလယ် ဧည့်ခန်းမ၌ အနေများ၏။ တစ်ရပ်တစ်ကျေးမှ အာဂန္တု ရဟန်းများသည် တိဿရဟန်းကြီးကိုမြင်လျှင် "မထေရ်ကြီးတစ်ပါး ဖြစ်လတ္တံ့"ဟု ထင်မှတ်ကာ ဝတ်ကြီးဝတ်ငယ်ပြုရန်၊ ခြေဆုပ်လက်နယ်ပြုရန် ပန်ကြားကြ၏။ တိဿရဟန်းကြီးသည် မိမိ မထေရ်ကြီး မဟုတ်ကြောင်း ထုတ်ဖော်၍ မပြောကြားဘဲ ဆိတ်ဆိတ်သာ နေလေ၏၊ ရဟန်းငယ်တစ်ပါးက ထုတ်ဖော်၍ မေးသောအခါမှ "ငါ့ရှင်၊ ငါသည် ဝါ မရသေးချေ၊ အသက်ကြီးမှ ရဟန်းပြုလာသူတည်း" ဟု ဖွင့်ပြောလေသည်။

ဤတွင် အာဂန္တုရဟန်းများက "ငါ့ရှင် ရဟန်းကြီး၊ သင်သည် ဆုံးမခက်ချေ၏၊ မိမိ၏ ပမာဏကိုမျှ မသိချေ။ ဤမျှလောက်သော မထေရ်ကြီးများကို မြင်ပါလျက် အရိုအသေ ပြုဖော်မရ၊ ဝတ်ကြီးဝတ်ငယ်ပြုရန် ပန်ကြားသည်ရှိသော် ဆိတ်ဆိတ်သာ နေခဲ့၏။ သင့်အား သင့်မသင့်စဉ်းစားခြင်းမျှ မရှိချေတကား"ဟု ဆိုကာ လက်ဖျစ်တီးကာ နှင်ထုတ်ကြလေသည်။

တိဿရဟန်းကြီးသည် ငါသည်ကား မင်းမျိုးမှ ရဟန်းပြုလာသူတည်းဟူသော မာန်တက်ကြွကာ "ငါ့ကို အဘယ်သူဟု သင်တို့ ထင်ကြကုန်သနည်း၊ သင်တို့အား အမြစ်မှဖြတ်၍ ဖျက်ဆီးအံ့"ဟု ငိုယိုကြိမ်းမောင်းကာ ဘုရားရှင်ထံတော်သို့ ဝင်၏။ အာဂန္တု ရဟန်းတို့သည်လည်း ဤရဟန်းကြီးသည် တစ်စုံတစ်ရာသောစကားကို လုပ်ကြံဖန်တီး၍ လျှောက်

အမှတ် ....၂၁....

ထေရ၏ဟု စဉ်းစားမိကာ တိဿ ရဟန်းကြီးနှင့်အတူ ဘုရားရှင်ရှေ့တော်သို့ လိုက်ပါလာခဲ့၏။ မြတ်စွာဘုရားသည် အကြောင်းမှန်ကို သိပြီးဖြစ်သော်လည်း စကားစထွက်ပေါ်လာစေရန် "တိဿ၊ သင် အဘယ့်ကြောင့် မျက်ရည်စီးယို ငိုကြွေးလျက် ဝင်ရောက်လာပါသနည်း" ဟု မေးတော်မူ၏။

"အရှင်ဘုရား၊ ဤရဟန်းတို့သည် တပည့်တော်ကို ဆဲရေးကြပါသည် ဘုရား"

"သင်သည် အဘယ်နေရာမှာ နေပါသနည်း"

"ကျောင်းအလယ် ဧည့်ခန်းမကြီး၌ နေပါသည်ဘုရား"

"ဤရဟန်းတို့ လာသည်ကို သင် မြင်သလော"

"မြင်ပါသည် ဘုရား"

"သင်သည် နေရာမှထ၍ ကြိုဆိုပါ၏လော"

"မကြိုဆိုခဲ့ပါ ဘုရား"

"ပရိက္ခရာများယူရန် ပန်ကြားခဲ့ပါ၏လော"

"မပန်ကြားခဲ့ပါ ဘုရား"

"ဝတ်ကြီး ဝတ်ငယ် ပြုစုရန်၊ သောက်ရေ ဆက်ကပ်ရန် ပန်ကြားခဲ့ပါ၏လော"

"မပန်ကြားခဲ့ပါ ဘုရား"

"နေရာခင်း ပေး၍ ရှိခိုးပါ၏လော၊ ခြေဆုပ်လက်နယ် ပြုခဲ့ပါ၏လော"

"ရှိမခိုးခဲ့ပါ၊ ခြေဆုပ်လက်နယ် မပြုစုခဲ့ပါဘုရား"

"တိဿ၊ သီတင်းငယ်သော ရဟန်းသည် သီတင်းကြီးသော ရဟန်းအား ဤကျင့်ဝတ်အားလုံးကို ပြုစုသင့်၏၊ ဤသို့ မပြုသော ရဟန်းသည် ကျောင်းအလယ်၌ နေရန် မသင့်ချေ၊ ဤသို့ ခိုက်ရန်ဖြစ်ရသည်မှာ သင့်အပြစ်သာတည်း၊ ထို ရဟန်းတို့ကို ကန်တော့လော့"

"အရှင်ဘုရား၊ ထိုရဟန်းတို့သည် တပည့်တော်ကို ဆဲရေးကုန်၏၊ တပည့်တော် မကန်တော့နိုင်ပါဘုရား"

"တိဿ၊ ဤသို့ မပြုလင့်၊ သင်၏ အပြစ်သာတည်း၊ ထိုရဟန်းတို့ကို ကန်တော့လော့"

"မကန်တော့နိုင်ပါ ဘုရား"

ဤတွင် ဘုရားရှင်အား "တိဿရဟန်းကြီးသည် ရှေးအခါက ဒေဝိလရသေ့ဖြစ်စဉ်တုန်းကလည်း ဤသို့ပင် ဆုံးမရခက်၏။ နာရဒ ရသေ့ကို

မကောင်းကြံခဲ့၍ မိမိသာလျှင် အရှက်တကွဲ ပြေးခဲ့ရ၏" ဟု ထုတ်ဖော် ဟောကြားတော်မူပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြား တော် မူလေသတည်း။

ဒေသနာတော်၏ အဆုံး၌ ဆိုဆုံးမရခက်သော တိဿရဟန်းကြီး သည် ဆိုဆုံးမ၍ လွယ်ကူသော ရဟန်းတစ်ပါး ဖြစ်လာလေ၏။

### ဒေသနာတော်

၅။ ဤလောက၌ ရန်တို့မူခြင်းဖြင့် ရန်သူတို့သည် အဘယ်အခါမျှ မငြိမ်း အေးနိုင်ကုန်၊ ရန်တို့မမူခြင်းဖြင့်သာလျှင် ရန်အေးနိုင်ကုန်၏။ ဤ သဘောကား ရှေးရိုးစဉ်လာ ဓမ္မတာပင်တည်း။

## ကာဠယက္ခိနီဝတ္ထု

ဇေတဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဘဝများစွာ အပြန်အလှန်စား၍ ရန်ငြိုး ထားခဲ့ကြသော အမျိုးသမီး နှစ်ယောက်ကို အကြောင်းပြု၍ ဤ ဒေသနာတော်ကို ဟောကြားတော် မူလေသည်။

သူကြွယ် မိဘားစုတစ်စုတွင် ဖခင်သူကြွယ် သေဆုံးသွားသဖြင့် သားဖြစ်သူက လယ်လုပ်ငန်း၊ အိမ်လုပ်ငန်းအားလုံးကို တစ်ယောက်တည်း လုပ်ကိုင်နေရ၏။ တစ်ဖက်မှလည်း မိခင်အိုကြီးကို ပြုစုလုပ်ကျွေးရသေး၏။ ဤသို့ တစ်ယောက်တည်းနှင့် အလုပ်အားလုံး လုပ်နေရသော သားကို မကြည့်ရက်သဖြင့် မိခင်ဖြစ်သူက သားကိုယ်တိုင် နှစ်သက် မြတ်နိုးသော အမျိုးသမီးတစ်ယောက်နှင့် လက်ထပ်ထိမ်းမြား၍ ပေးလေသည်။

သို့ရာတွင် ထိုအမျိုးသမီးမှာ အမြုံဖြစ်နေ၍ မိခင်ကြီးက အမျိုး အနွယ် မပြတ်စေရန် အခြားအမျိုးသမီးတစ်ယောက်ကို ရှာဖွေမည်ပြု၏။ အမြုံမသည် အခြားအမျိုးသမီးကို ရှာခြင်းရှာလျှင် ငါကိုယ်တိုင် ရှာဖွေ ပေးခြင်းက ကောင်း၏ဟု တွေးတောကာ သူနှစ်သက်ရာ အမျိုးသမီးကို တောင်းယူ၍ သူကိုယ်တိုင် မိမိလင်နှင့် လက်ထပ်ထိမ်းမြား၍ ပေးလေ သည်။

ဤသို့ ထိမ်းမြား ပေးပြီးကာမှ မိန်းမပျို၏ စိတ်ထဲမှာ တစ်မျိုး တစ်မည် ဖြစ်လာပြန်၏။ အကယ်၍ ဤမိန်းမသည် သားသမီးတစ်ယောက်

ယောက်ကို ရလျှင် သူသာလျှင် ဥစ္စာရှင် ဖြစ်လိမ့်မည်။ သူ့ကို ကံလေးမရ အောင် ပြုထားသင့်၏ဟု ကြံစည်မိ၏၊ ထို့ကြောင့် မယားငယ်ကမိမိမှာ ကိုယ်ဝန် တည်ကြောင်း ပြောပြလာသောအခါ အစားအသောက် ထဲမှာ ကိုယ်ဝန်ပျက်ဆေး ထည့်၍ ကျွေးမွေး၏။ နှစ်ကြိမ်တိုင်တိုင် ဤသို့ ပြု၍ ကိုယ်ဝန် ပျက်ကျ၏။ တတိယအကြိမ် ကိုယ်ဝန်တည်လာသော အခါတွင်ကား အိမ်နီးချင်း မိန်းမတို့က အဖြစ်ကို ပြောပြကြသဖြင့် မိန်းမမြုံအား မပြောကြားတော့ပေ။

တစ်စတစ်စနှင့် ပြည့်ဖောင်းလာသော မယားငယ်၏ ဝမ်း ကို မိန်းမမြုံ မြင်သောအခါ "အဘယ့်ကြောင့် ငါ့ကို မပြောသနည်း" ဟု မေး၏။ မယားငယ်က "သင်သည် ငါ့ကိုလှည့်စားပြီး ခေါ်ယူ၍ နှစ်ကြိမ် တိုင်တိုင် ကိုယ်ဝန်ကို ပျက်စေခဲ့၏၊ အဘယ့်ကြောင့် သင့်အား ပြောတော့ မည်နည်း" ဟု ဆိုလေ၏။ ဤတွင် မိန်းမမြုံသည် မယားငယ်မေ့လျော့ နေချိန်ကို ချောင်းမြောင်းကာ အခွင့် ရသည်နှင့် ကိုယ်ဝန် ပျက်ကြသော ဆေးကို ပေး၍ပေး၏၊ ကိုယ်ဝန်မှာ ရင့်နေပြီဖြစ်၍ ပျက်မကျ တော့ဘဲ ကန့်လန့်ကျနေ၏။ မယားငယ်မှာ ပြင်းထန်သော ဝေဒနာကို ခံစားရပြီး သေခါနီး အခြေအနေသို့ အရောက်တွင် "ငါကား ကေန် ပျက်စီးရချေ တော့မည်။ သင်သည် ငါ့ကို ခေါ်ယူခဲ့၍ သင်သည်ပင် သုံးကြိမ် တိုင်တိုင် ဖျက်ဆီးခဲ့၏။ ငါသည် ဤဘဝမှ သေဆုံးပြီးနောက် သင့်သားငယ်တို့ကို စားနိုင်ချပါလို၏" ဟု ဆုတောင်း၍ သေ၏။

သေပြီးနောက် ထိုအိမ်မှာပင် ကြောင်မဖြစ်လေ၏၊ မိန်းမမြုံသည် ယင်း သူကြွယ်၏ ထောင်းထုရိုက်ပုတ်သော ဒဏ်ဖြင့် သေဆုံးကာ ထိုအိမ် မှာ ကြက်မ ဖြစ်လေ၏။

ကြက်မသည် ဥများ ဥသောအခါ ကြောင်မသည် ဥများကိုလာ၍ စား၏၊ နှစ်ကြိမ် သုံးကြိမ်တိုင်အောင် လာ၍ စား၏၊ ဤတွင် ကြက်မ သည်လည်း ဤဘဝမှ သေဆုံးပြီးသော် ထိုကြောင်မကို သားသမီးများ၊ နှင့် အတူတကွ စားရပါလို၏ဟု ဆုတောင်းကာ နောက်ဘဝတွင်တော၌ ဆစ်မ ဖြစ်၏။ ကြောင်မသည်လည်း သမင်ဖြစ်လေ၏။ သမင်မ သားဖွား သော အခါတွင် သစ်မက သုံးကြိမ်တိုင်တိုင် လာ၍ စား၏။ သမင်မတာ လည်း သေခါနီး၌ ငါသည် ဤဘဝမှ သေဆုံးသော် ဤ သစ်မ သား သမီးများနှင့် အတူတကွ စားရပါလို၏ ဟု ဆုတောင်းကာ နောက်ဘဝ

တွင် ဘီလူးမ ဖြစ်၏။ သစ်မသည်လည်း ထိုဘ၀မှ စုတေသော် သာဝတ္ထိ မြို့တော်၌ အမျိုးသမီး ဖြစ်လေ၏။

ထို အမျိုးသမီးသည် အရွယ်ရောက်သောအခါ မြို့တံခါး အနီးရှိ ရွာတစ်ရွာမှ အမျိုးသားဖြင့် အိမ်ထောင်ကျကာ လင့်အိမ်သို့ လိုက်ပါလာခဲ့ရ၏။ ဘီလူးမသည် အမျိုးသမီး၏ သူငယ်ချင်းမယောင် ဆောင်ကာ အခန်းတွင်းသို့ ဝင်လာ၏။ မွေးကင်းစ ကလေးကို ကြည့်ဟန်ပြုကာ ယူ၍ ရက်စက်စွာ ကိုက်သတ်စား၏။ နောက်တစ်ယောက် မွေးဖွားရာတွင်လည်း ဤသို့ပင် လာ၍ စား၏။ တတိယအကြိမ် ကိုယ်ဝန်ရှိ၍ ရင့်လာသောအခါ တွင်ကား အမျိုးသမီးသည် လင်ကိုခွင့်ပန်ကာ မိဘအိမ်သို့ ပြောင်းရွှေ့သွား၏။ မိဘအိမ်မှာပင် သားငယ်ကို ဘေးကင်းစွာ မွေးဖွား၏။

ထိုအချိန်၌ ဘီလူးမသည် ဝေဿဝဏ် နတ်မင်းကြီးအတွက် ရေပို့ရန် အလှည့်ကျနေ၏။ အလှည့်မှလွတ်သည်နှင့် တစ်ပြိုင်နက်အမျိုးသမီး၏ အိမ်သို့ အဆောတလျင် လာခဲ့ရာ ထိုအိမ်မှာ မတွေ့ရသဖြင့် သာဝတ္ထိ မြို့တော်အတွင်းသို့ ပြေးဝင်လာ၏။ ထိုအခိုက်မှာပင် အမျိုးသမီးသည် လည်း ဇေတဝန်ကျောင်းတော်အနီးရှိ ရေကန်ပေါင်ပေါ်တွင် သားငယ်ကို နို့တိုက်လျက်ရှိ၏။ လင်မှာလည်း ရေကန်ထဲမှာ ရေချိုးလျက် ရှိ၏။ အမျိုးသမီးသည် ဘီလူးမ ပြေးလာသည်ကို အဝေးကပင်လှမ်း၍မြင်သဖြင့် လင်ကို အော်ပြောကာ ဇေတဝန် ကျောင်းတော်ထဲသို့ ပြေးဝင်လာလေသည်။

ထိုအချိန်၌ ဘုရားရှင်သည် ပရိသတ်အလယ်၌ တရား ဟောတော်မူလျက် ရှိရာ အမျိုးသမီးသည် သားငယ်ကို ဘုရားရှင်၏ ခြေဖမိုး ပေါ်မှာ သိပ်ကာ "အရှင်ဘုရား- တပည့်တော်၏ သားအား အသက်ပေးတော်မူပါ" ဟု လျှောက်ထား၏။ အရှိန်အဟုန်နှင့် လိုက်လာသော ဘီလူးမ သည် ပရိသတ်ရှိရာသို့ ရောက်မလာနိုင်ပေ။ သုမနမည်သော တံခါးစောင့် နတ်က တားမြစ်သဖြင့် အပြင်မှာပင်နေရ၏။ ဘုရားရှင်သည်ဘီလူးမအား သွား၍ ခေါ်ချေပါဟု အရှင် အာနန္ဒာအား စေလွှတ်တော်မူ၏။ ဘီလူးမ ရှေ့သို့မှောက်သို့ ရောက်လာသောအခါ "အဘယ့်ကြောင့် ဤသို့ ပြုဘိသနည်း။ ငါဘုရား၏ ရှေ့တော်မှောက်သို့ရောက်ခွင့်မရလျှင် သင်တို့သည် မဆုံးနိုင်သော ရန်ဘက်များ ဖြစ်လတ္တံ့"ဟု မိန့်တော်မူကာ အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ ဘီလူးမသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

ဘုရားရှင်၏ အမိန့်တော်ဖြင့် အမျိုးသမီးသည် ဘီလူးမကို အိမ်သို့ ခေါ်ထားရာ ယာဂုနှင့် ထမင်းများကို ဦးဦးဖျားဖျား ပေးကျွေး၍ ပြုစု လုပ်ကျွေး၏။ သို့ရာတွင် ဘီလူးမမှာ အနှောင့်အယှက်များ တွေ့ရသဖြင့် အိမ်ပတ်ဝန်းကျင်မှာ မနေနိုင်ပေ။ သို့ဖြစ်၍ ရွာအပြင်ဘက် ဆိတ်ငြိမ်ရာ အရပ်သို့ ပို့ဆောင်ထားရ၏။ ယာဂုနှင့် ထမင်းများကို ထိုနေရာသို့ ပို့ဆောင်၍ ပြုစုလုပ်ကျွေးရ၏။

ဘီလူးမသည်လည်း အမျိုးသမီးကို ကျေးဇူး ဆပ်လိုသဖြင့် ဤနှစ် မိုးကောင်းရတ္တံ့၊ ကုန်းကျရာ၌ ကောက်ပဲသီးနှံများ စိုက်ပျိုးလော့ဟူ၍လည်းကောင်း၊ ဤနှစ် မိုးနည်းအံ့၊ ချိုင့်ကျရာ၌ ကောက်ပဲ သီးနှံများ စိုက်ပျိုးလော့ ဟူ၍လည်းကောင်း မိတ်ဆွေမအား ပြောပြ၏။ အမျိုးသမီးကလည်း ဘီလူးမ ပြောပြသည့်အတိုင်း စိုက်ပျိုးသဖြင့် နှစ်စဉ် နှစ်တိုင်း ကောက်ပဲသီးနှံများ မပျက်စီးချေ။ အခြားသူများ၏ ကောက်ပင်များမှာကား ရေကြီးသည့်အခါ နစ်မြုပ်ကုန်ကြရ၏။ သို့ဖြစ်၍အခြားသူများက ဤအကြောင်းကို မေးကြသောအခါ အမျိုးသမီးက ဘီလူးမက စောင့်ရှောက်၍ ဖြစ်ကြောင်း ပြောပြလေသည်။

ထိုအခါ တောင်သူလယ်သမား အများစုကလည်း ဘီလူးမအား ယာဂုနှင့် ထမင်းများကို ဦးဦးဖျားဖျား ပေးကမ်းပူဇော်သမှုပြုကြကုန်၏။ ဘီလူးမလည်း ပူဇော်ပသသူ အားလုံး၏ လယ်ယာလုပ်ငန်းအတွက် ကူညီမစ၏။ ဤသို့ဖြင့် ကာဠီဘီလူးမအား ပူဇော် ပသမှုသည် ယခုကာလ တိုင်အောင် အထင်အရှား ရှိနေပေသည်။

## ဒေသနာတော်

၆။ ။ ဤလောက၌ လူမိုက်တို့သည် ငါတို့သေလိမ့်မည်ဟု မသိကြကုန်။ ထိုမသိမှုကြောင့် ခိုက်ရန် ငြင်းခုံမှုတို့သည် မငြိမ်းနိုင်ကြကုန်။ ဤလောက၌ ပညာရှိသူတို့သည်ကား ငါတို့သေကြလိမ့်မည်ဟု သိကြကုန်၏။ ထိုသိမှုကြောင့် ခိုက်ရန်ငြင်းခုံမှုတို့သည် ငြိမ်းကုန်၏။

# ကောသမ္ဗီပြည်သား ရဟန်းများ

ဇေတဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်း သုံး တော်မူနေစဉ် ကောသမ္ဗီမြို့တော်မှာ နေကြသော ရဟန်းများကို အကြောင်းပြု၍ ဤ ဒေသနာတော်ကို ဟောကြားတော် မူလေသည်။

ကောသမ္ဗီမြို့တော်၊ ဃောသိတာရုံ ကျောင်းတော်၌ရဟန်းပရိသတ် ငါးရာစီကို ဦးဆောင်ကြသော ဝိနည်းဓိုရ် ရဟန်းနှင့် ဓမ္မကထိကရဟန်းတို့ ရှိကြ၏။ တစ်နေ့သ၌ ဓမ္မကထိက ရဟန်းသည် ဝစ္စကုဋိအိမ် ကန့်သက် ရေခွက်ထဲ၌ ရေကြွင်းရေကျန် အနည်းငယ်ကို ထားခဲ့မိ၏၊ ထို ရေကြွင်း ရေကျန်ကို ဝိနည်းဓိုရ် တွေ့မြင်သဖြင့် "ငါ့ရှင်၊ ရေကြွင်း ရေကျန်ကို ထားလျှင် အာပတ်သင့်သည်ကို မသိသလော"ဟု မေး၏။ ဓမ္မကထိက ရဟန်းကလည်း ရိုးသားစွာပင် "အမှတ်တမဲ့ ထားခဲ့ခြင်း ဖြစ်ပါသည်။ အာပတ်သင့်လျှင် ကုစားပါမည်" ဟု ပြန်ပြော၏။ ဝိနည်းဓိုရ် ရဟန်းက "သတိမေ့လျော့၍ ထားခဲ့မိလျှင် အာပတ် မသင့်"ဟုဆို၏၊ သို့ဖြစ်၍ဓမ္မကထိက ရဟန်းကလည်း ဤအမှုအတွက် အာပတ်မသင့်ဟု စိတ်နှလုံး ဒုံးဒုံးချထား လိုက်လေသည်။

ထို့နောက်မှ ဝိနည်းဓိုရ် ရဟန်းသည် အမှုကို ပြန်လည် သုံးသပ်ကာ ဤဓမ္မကထိက ရဟန်းသည် မိမိ အာပတ်သင့်ပါလျက်ပင် အာပတ်သင့်မှန်း မသိဟု မိမိ၏ တပည့်များအား ပြောကြား၏၊ တပည့်များက ဓမ္မကထိက ရဟန်း၏ တပည့်များကို တစ်ဆင့်ပြောကြားကြ၏။ သို့စကားသည် ဓမ္မကထိက ရဟန်းထံ ရောက်လာပေရာ "ဤ ဝိနည်းဓိုရ် ရဟန်းသည် စောစောက အာပတ်မသင့်ဟု ဆိုပြီးလျှင် ယခုအာပတ်သင့်သည်ဟု ဆိုပြန်၏။ ဤ ရဟန်းသည် မုသားဆိုလေစွတကား" ဟုပြန်ဆို၏။

ဦးစီးခေါင်းဆောင် ရဟန်းနှစ်ပါး၏ စကားမျိုးကြောင့် နှစ်ဖက်သော ရဟန်းတို့သည် ငြင်းခုံ၍၊ ခိုက်ရန်ဖြစ်၍ မဆုံးနိုင်ကြ တော့ပေ။ မကြာမီ ဝိနည်းဓိုရ်သည် မိမိဘက်မှ ထောက်ခံမည့် သံဃာ အရေအတွက်ကို လုံလောက်စွာ ရရှိကာ ဓမ္မကထိက ရဟန်းအား အာပတ်ကို မရှုခြင်း၊ ဝန်မခံခြင်းကြောင့် သံဃာ့ဘောင်မှ နှင်ထုတ်ထားသော ဥက္ခေပနီယကံကို ပြု၏။ ဓမ္မကထိက ရဟန်းကဲ ဤ ကံကိုဓမ္မကထိကက မဟု သဘောထားကာ သံဃာ့ဘောင်မှ ခွာရှောင်၍ မနေဘဲ နောက်လိုက် နောက်ပါရဟန်းများကို လက်ခံမြဲ လက်ခံထား၏။ နောက်လိုက်နောက်ပါ ရဟန်းများက

လည်း ဆရာနည်းတူ သဘောထားကာ ဆရာကိုခြံရံမှဲ ခြံရံနေကြကုန်၏။ ၎င်းတွင် သူတို့နှင့် ဆက်စပ်ရာ ပုဂ္ဂိုလ်အားလုံး စိတ်သဘောထား ကွဲပြားကာ တွေ့ဆုံမြင်ရာ နေရာတိုင်းတွင် ရန်ပွဲကြီးများ ဖြစ်ကြရလေ တော့၏။

သဘောထား ကွဲပြားနေကြသော ရဟန်းများအားညီညွတ်ကြရန် ဘုရားရှင်က ရဟန်းတစ်ပါးကို စေလွှတ်၍ မိန့်ကြားတော်မူ၏။ သုံးကြိမ်တိုင်တိုင် စေလွှတ်ပါသော်လည်း ရဟန်းများက မလိုက်နာကြချေ။ ၎င်းတွင် ဘုရားရှင်သည် ထိုရဟန်းတို့ထံသို့ ကိုယ်တော်တိုင် ကြွတော်မူကာ ဥပေက္ခာ ပနိယက ပြု၍ နှင်ထုတ်သော ရဟန်းတို့ကို လည်းကောင်း၊ ဝိနည်းအရ နှင်ထုတ် ခံထားရပါလျက် လိုက်နာခြင်း မပြုသော ရဟန်း များ ကိုလည်းကောင်း အပြစ်ပြ၍ ဆုံးမတော်မူ၏။

ဘုရားရှင် ကိုယ်တော်တိုင် ကြွ၍ ဆုံးမသည်ကိုပင် ထိုရဟန်းများက လက်မခံနိုင်ကြချေ။ တွေ့ရာမြင်ရာ ဌာနများတွင် ငြင်းခုံလျက်၊ ရန်ဖြစ်လျက်သာ ရှိကြ၏။ သို့ဖြစ်၍ ဘုရားရှင်က ထိုရဟန်းတို့အား ဆွမ်းစားဇရပ်၌ သီးခြားနေရာ သတ်မှတ်၍ ထိုင်ကြရန် ပညတ်တော်မူရ၏။ သို့ရာတွင် ငြင်းခုံပွဲ၊ ရန်ပွဲများ ပြီးဆုံး၍မသွားပေ။ ၎င်းတွင် ဘုရားရှင်ကအတိတ်ဇာတ်ကြောင်း အမျိုးမျိုးကို ထုတ်ဆောင်၍ ညီညီညွတ်ညွတ် နေကြရန် ဟောကြားလေသည်။

ရဟန်းတို့က မိမိ၏စကားကို မလိုက်နာဘဲသာ နေကြသဖြင့် ဘုရားရှင်သည် ကောသမ္ဗီမြို့၊ ဃောသိတာရုံကျောင်းတော်မှ တစ်ပါးတည်း ထွက်တော်မူပြီးလျှင် ဗာလကလောဏက ရွာသို့ ကြွတော်မူ၏။ ထိုရွာ၌သီတင်းသုံးသော ဘဂုမထေရ်အား တစ်ပါးတည်း နေထိုင်၍ ကျင့်ဝတ် ဆောက်တည်ခြင်းကို ဟောကြားတော်မူ၏။ ထို့နောက် သားငှက်တို့အား ဘေးမဲ့ပေးထားသော အရှေ့ဝါးတောသို့ ကြွတော်မူ၏။ အရှင်အနုရုဒ္ဓါ အမှူးရှိသော သီတင်းသုံးဖော်သုံးပါးတို့ သင့်တင့်ညီညွတ်စွာ နေထိုင်ကြရာရောက်ရှိ၍ အပူဇော် ခံတော်မူ၏၊ ထို့နောက် ပါလိလေယျကရွာအနီးရှိ ပါလိလေယျကတောသို့ ဝင်ရောက်တော်မူ၏။ ပါလိလေယျဆင်မင်း၏ အလုပ်အကျွေးကို ခံတော်မူလျက် ထိုတောမှာပင် ဝါဆိုတော် မူလေသည်။

ပါလိလေယျက ဆင်မင်းသည် ဘုရားရှင် နေထိုင်တော်မူရန် အင်ကြင်းပင်ရင်း၌ သစ်ခက်များကို တံမြက်စည်းသဖွယ် နှာမောင်းဖြင့် စုစည်းကာတံမြက်လှည်းပေး၏၊ အမှိုက်ရှင်း၏။ သောက်ရေ သုံးရေ ခပ်ပေး၏၊ ရေနွေး ဆက်ကပ်နိုင်ရန်အား ထင်းချောင်းတို့ကို ပွတ်တိုက်၍ မီးမွှေးရ၏၊ မီးဖို

ကြီးစွာ ဖြစ်လာသောအခါ ကျောက်ခဲကြီးများကို ထည့်၍ မီးဖုတ်၏။ ကျောက်ခဲများ ပူချိန်တန်လျှင် တုတ်ချောင်းဖြင့် ဆော်ကာ လှိမ့်ကာ ရေကန်ထဲသို့ လှိမ့်ချ၏။ နွားမောင်းနှင့်စမ်း၍ ရေနွေးလာသောအခါ ဘုရားရှင် ရေချိုးတော်မူရန် သွား၍ အသံပေး၏။ အရဏ်တက်၍ မျက်နှာသစ်ရေကပ်ရာ၌လည်း ဤသို့ပင်လျှင် လိုသမျှဆောင်ရွက်ပြုစုံ၏။ ထို့နောက် တောထဲမှ သစ်သီးအမျိုးမျိုးတို့ကို ဆောင်ယူ၍ ဆက်ကပ်လေသည်။

ပါလိလေယျက ရွာသို့ ဘုရားရှင် ဆွမ်းခံ ဝင်တော်မူရာ တွင်လည်း ပါလိလေယျကဆင်မင်းသည် သပိတ်ပရိက္ခရာများကို ဦးကင်းပေါ် တင်လျက် လိုက်ပါလာ၏။ ရွာနားနီးခါမှ ဘုရားရှင်ထံ သပိတ်ပရိက္ခရာများ ဆက်ဆပ်ကာ ထိုနေရာမှာပင် စောင့်ကြို၍ လျက်နေ၏။ ဘုရားရှင် ပြန်ကြွ တော်မူလာသောအခါ သပိတ် ပရိက္ခရာတို့ကို ဦးကင်းပေါ်တင်ကာဆောင်ယူလာပြန်၏။ အင်ကြင်းပင်ရင်းသို့ ပြန်ရောက်သောအခါတွင်လည်း အနီးအပါးမှ ယပ်လေခတ်လျက်သာ နေ၏။ ညအခါ၌လည်း တုတ်ကြီး တစ်ချောင်းသို့ ကိုင်ကာ တစ်ညလုံး စောင့်ရှောက်၍ နေလေသည်။

ဤသို့ ပါလိလေယျက တောအုပ်၌ ဘုရားရှင် တစ်ပါးတည်း နေထိုင်တော်မူသောသတင်း ဇမ္ဗူဒိပ်တစ်ခွင်လုံး ပျံ့နှံ့သွား၏၊ သာဝတ္ထိမြို့တော်မှ အနာထပိဏ်၊ ဝိသာခါ စသော ဒါယကာ ဒါယိကာမတို့က ဘုရားရှင်ကို ပင့်ခဲ့ပါရန် အရှင်အာနန္ဒာထံသို့ လျှောက်ထားလွှာများ ပို့ကြ၏။ ထိုထို အရပ်၌ သီတင်းသုံးခဲ့ကြသော ရဟန်း ငါးရာတို့ကလည်း ဘုရားရှင်ထံ ပို့ပေးပါရန် အရှင်အာနန္ဒာထံ ပန်ကြားလာကြ၏။ အရှင် အာနန္ဒာသည် ထိုရဟန်းတို့ကိုခေါ်ယူကာ ပါလိလေယျက တောအုပ်သို့ လာခဲ့၏။ တောအုပ်အဝတွင် ရဟန်းများထားခဲ့၍ အရှင်အာနန္ဒာတစ်ပါးတည်း ဝင်လာခဲ့ရာ ပါလိလေယျက ဆင်ကြီးနှင့် ပက်ပင်းပါ တိုးမိနေ၏။ ဘုရားရှင်အား ရန်မူသည့်သူထင်၍ တုတ်ချောင်းကို နှာမောင်းဖြင့် ကိုင်မြှောက်ကာ အရှင်အာနန္ဒာထံသို့ ပြေးလာ၏။ ဘုရားရှင်က အချိန်မီ တားမြစ်လိုက်သဖြင့် ပါလိလေယျက ဆင်မင်းသည် ထိုနေရာမှာပင် တုတ်ချောင်းကို ပစ်ချလိုက်လေသည်။

အရှင် အာနန္ဒာသည် ဘုရားရှင်ရှေ့တော်သို့ ဝင်၍ ရှိခိုးပူဇော်၏။ ဘုရားရှင်က ခွင့်ပြုတော်မူသဖြင့် တောအုပ်ဝတွင် စောင့်နေကြသော ရဟန်းငါးရာတို့လည်း ဘုရားရှင်ရှေ့တော်သို့ ဝင်ရောက်ခွင့် ရကြ၏။ ရဟန်းငါးရာတို့သည် ဘုရားရှင်ကို ဦးခိုက်ရှိခိုးပြီးနောက် "အရှင်ဘုရား၊ ဘုရား

ရှင်တို့သည် အလွန်တရာ သိမ်မွေ့တော်မူကုန်၏၊ ဤတောထဲ၌ ဝတ်ကြီးဝတ်ငယ်ပြုစုံသူ မရှိဟု ထင်မိပါကုန်၏''ဟု လျှောက်ထားကြ၏။ ဤတွင် ဘုရားရှင်က မိမိအား ပါလိလေယျဆင်မင်းက လိုဇုပ်သမျှ အစစ ပြုစုလုပ်ကျွေးလျက်ရှိကြောင်း မိန့်ကြားတော်မူပြီးလျှင် သုံးဂါထာတို့ဖြင့် တရားဟောကြားတော်မူ၏။ ဒေသနာတော်အဆုံး၌ ထိုရဟန်း ငါးရာတို့ ရဟန္တာ ဖြစ်ကြလေသည်။

[ထိုရဟန်းတို့အား ဟောကြားသော ဒေသနာတော်ကို နာဂဝဂ်၊ ရဟန်းငါးရာ ဝတ္ထုမှာရှုပါ]

အရှင်အာနန္ဒ၏ လျှောက်ထားချက်အရ ထိုတောအုပ်မှ ဘုရားရှင်ထွက်ကြွတော်မူမည်ပြုသောအခါ ပါလိလေယျက ဆင်မင်းသည် တစ်ရက်တာမျှ တားဆီး၍ ဘုရားရှင်နှင့်တကွ သံဃာတော်များအား တောသစ်သီးကြီးငယ်များဖြင့် ဆွမ်းကပ်၏၊ တောအုပ်မှ ဘုရား ထွက်ကြွတော်မူပြန်သောအခါတွင်လည်း မခွဲနိုင် မခွာရက်ဖြင့် လိုက်ပါလာခဲ့၏။ ရွာနားသို့ ရောက်သည်တွင်ကား ဘုရားရှင်က တားမြစ်တော်မူသဖြင့် ထိုနေရာမှာပင် မျက်ရည်စီးယို ငိုကြွေးလျက် ရပ်နေရစ်ခဲ့၏။ သူ့မြင်ကွင်းမှ ဘုရားရှင်ထွက်ခွာသွားတော်မူလျှင်ကား နှလုံးကြေကွဲ၍ သေဆုံးသွားရရှာဘော့သည်။

ဘုရားစကား နားမထောင်ခဲ့ကြသော ကောသမ္ဗီ ရဟန်းများသည်လည်း ယခုအခါ မာနီချနေကြရပြီ ဖြစ်၏။ သူတို့၏ ခိုက်ရန် ဖြစ်ပွားမှုကြောင့် ဘုရားရှင်ကို မဖူးကြရတော့ချေဟု ဆိုကာ ဒါယကာ ဒါယိကာမများက ဂရုမစိုက်၊ ပစ်ထားကြ၏။ ဘုရားရှင်ထံ ဝန်ချတောင်းပန်မှ ရှေးကကဲ့သို့ ပြန်ဂရုစိုက်ကြမည်ဟု ဆိုကြ၏။ ဝါတွင်းကာလ ဖြစ်နေ၍လည်း ရဟန်းများမှာ မည်သို့မျှမတတ်နိုင်ဘဲ တစ်ဝါတွင်းလုံး ငြီးငွေ့စွာနေလာကြ၏၊ ဘုရားရှင် ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွလာချိန်တွင်ကား ထိုရဟန်းတို့သည် ဘုရားရှင်ထံသို့ ဝင်လိုက်လာကြကာ ဝန်ချ တောင်းပန်ကြကုန်၏၊ ဤတွင် ဘုရားရှင်သည် မိမိ၏ မိဘတို့ကို သတ်ဖြတ်ခဲ့သော ဗြဟ္မဒတ်မင်းသည် မိမိလက်တွင်းသို့ သက်ဆင်းလာပါလျက် လက်တုံ့ပြန်၍ သတ်ဖြတ်ခြင်းမပြုခဲ့သော ဒီဃာဝုမင်းသား၏ ဇာတ်ကြောင်းကို ထုတ်ဖော်ဆောင်မူကာ ဒေသနာတော်ကို ဟောကြားတော်မူလေသနည်း။

[ဒီဃာဝုမင်းသား၏ စိတ်ထားကြီးမြတ်ပုံကို ဟောကြာထားသော အမှတ်စဉ် ၃၇၁၊ ဒီဃီတိကောသလဇာတ်ကို ပဉ္စကနိပါတ်မှာ ရှုပါ]

စတုတ္ထအကြိမ်

ဒေသနာတော်

၇။ တင့်တယ်၏ဟု အဖန်ဖန်ရှုနေသော၊ ဣန္ဒြေတို့၌ မစောင့်စည်းသော၊ ဘောဇဉ်၌ အတိုင်းအရှည်ကို မသိသော၊ ပျင်းရိသော၊ ဝီရိယ လျော့သောသူကို ကိလေသာမာန်သည် ကေန်မုချ နှိပ်စက် ညှဉ်းဆဲသကဲ့သို့ တည်း။

၈။ တင့်တယ်၏ဟု အဖန်ဖန်ရှုမနေသော၊ ဣန္ဒြေတို့၌ စောင့်စည်းသော၊ ဘောဇဉ်၌ အတိုင်းအရှည်ကို သိသော၊ သဒ္ဓါတရားရှိသော၊ အားထုတ်အပ်သော ဝီရိယရှိသောသူကို ကိလေသာမာန်သည် ကေန်မုချ မနှိပ်စက် မညှဉ်းဆဲနိုင်ပေ။ ကျောက်တောင်ကို လေသည် မညှဉ်းဆဲ မနှိပ်စက်နိုင်သကဲ့သို့တည်း။

## အရှင်မဟာကာလ

သေတဗျမြို့၊ ယင်းတိုက်တော၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် စူဠကာလနှင့် မဟာကာလ ညီအစ်ကိုတို့ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

သေတဗျမြို့သား စူဠကာလနှင့် မဟာကာလ လှည်းကုန်သည် ညီနောင်တို့သည် ကုန်လှည်းများနှင့်တကွ ဇေတဝန် ကျောင်းတော်နားသို့ ရောက်လာကြ၏။ ကျောင်းတော်ဆီသို့ တရားနာသွားနေသူတို့ကို မြင်ရ၍ မဟာကာလသည် ကုန်လှည်းများကို စူဠကာလထံ အပ်နှံကာ တရားနာလိုက်သွား၏။ ဘုရားရှင်သည် ဒုက္ခက္ခန္ဓသုတ် စသည်ဖြင့် ကာမဂုဏ် အာရုံခံစားခြင်း၏ အပြစ်များကို ထင်ရှားစွာပြ၍ ဟောကြားတော်မူ၏။ မဟာကာလသည် ကာမဂုဏ် အာရုံခံစားနေရသော လူ့ဘောင်ကို ငြီးငွေ့ကာ ညီငယ် စူဠကာလကို ပန်ကြား၍ ရဟန်းပြု၏။ စူဠကာလလည်း နောင်တော်ကို တားဆီး၍မရသဖြင့် အစ်ကိုကို အိမ်သို့ ပြန်ခေါ်နိုင်မည်ဟု မျှော်လင့်ကာ သူပါ ရဟန်းပြုလေသည်။

မဟာကာလမထေရ်သည် ကြီးမှရဟန်းပြုရသဖြင့် ဂန္ထဓုရကို မထမ်းနိုင်ဘဲ ဝိပဿနာဓုရ ကိုသာ ထမ်းဆောင်ရ၏။ ဝိပဿနာ ပွားနိုင်ရေး အတွက် ရဟန်းအားလုံး အိပ်နေချိန်တွင် သုသာန်ထဲသို့ သွား၍ ဘာဝနာ ပွားများ၏။ ရဟန်းများ မထမီ ကျောင်းသို့ ပြန်၍နေ၏။ မဟာကာလ မထေရ် သုသာန်သို့ လာနေသဖြင့် ကာလီမည်သော သုသာန်စောင့်မက မထေရ်အား ဤသို့ သတိပေး၏။

စတုတ္ထ အကြိမ်

"အရှင်ဘုရား၊ ညအခါတွင် ခိုးယူတိုက်ခိုက်၍ လာခဲ့သော ခိုးသားဓားပြတို့ကို ဥစ္စာရှင်တို့က လိုက်၍ ဖမ်းကြသောအခါ သူခိုးဓားပြတို့က သုသာန်တွင် ဥစ္စာကိုပစ်၍ သွားတတ်ကြပါသည်။ ထိုအခါ လူတို့က သုသာန်၌ရှိသောသူကို ရန်ပြုတတ်ကြပါသည်။ ထို့ကြောင့် ဤသုသာန်မှာ နေသော ရဟန်းက သုသာန်စောင့်အား လည်းကောင်း၊ မထေရ်ကြီးအား လည်းကောင်း ရွာသူကြီးအား လည်းကောင်း ပန်ကြားပြောဆို၍ထားသင့်ပါသည်ဘုရား"

ဤသို့ လျှောက်ထားပြီးနောက် ဤသုသာန်မှာပင် ရဟန်းကိစ္စပြီးစီးအောင် တရားအားထုတ်ရန် မဟာကာလ မထေရ်အား လျှောက်ထား၏၊ မထေရ်ကလည်း လှပသော အလောင်းကောင်း တစ်ခု ရောက်လာလျှင် အကြောင်းကြားရန် ပြောထား၏။ မကြာမီပင် လှပသော အမျိုးသမီးတစ်ယောက်သည် ရုတ်တရက်ဖြစ်သော ရောဂါဖြင့် ကွယ်လွန်သဖြင့် ဆွေမျိုးများက ကာလီသုသာန်စောင့်မထံသို့ မီးသင်္ဂြိုဟ်ပေးရန် အပ်နှံထားခဲ့ကြ၏၊ သုသာန်စောင့်မကလည်း အရှင်မဟာကာလ ထံသို့ သွားရောက် လျှောက်ထားလေသည်။

မထေရ်သည် မီးသင်္ဂြိုဟ်သောအခါ လာ၍ ကြည့်ရှု၏။ အသားအရေပြည့်ဖြိုး၍ ရွှေအဆင်းကဲ့သို့ ဝါဝင်းသော အလောင်းကောင်သည် မီးစွဲလောင်သည်နှင့် ပြောက်ကျားသော နွားမကဲ့သို့ဖြစ်လာ၏၊ ခြေတို့သည် ကွေးညွတ်၍ ပြုတ်ကျကုန်၏။ လက်တို့သည် တွန့်လိမ် ကောက်ကွေးနေ၏။ နဖူးပြင်၌ အရေခွံမရှိတော့ချေ။ မထေရ်သည် "ဤအလောင်းကောင်သည် ယခုပင် ကြည့်ရှုသူတို့အား နှစ်သက်ခြင်းငှာ ပြုနိုင်ပါသေး၏၊ ယခုပင်လျှင် ကုန်ခန်းပျက်စီးခြင်းသို့ ရောက်ခဲ့လေပြီတကား" ဟု တွေးတောဆင်ခြင်ကာ ဝိပဿနာပွားများလေရာ ပဋိသမ္ဘိဒါဉာဏ် လေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေသည်။

ညီဖြစ်သော စူဠကာလ ရဟန်းသည်ကား စိတ်လှုပ်ရှား ထကြွကာ လူ့ဘောင်သို့သာ စိတ်ညွတ်လျက်ရှိ၏။ သားမယားများကို အစဉ်အောက်မေ့လျက်ရှိနေ၏။ ထိုစဉ်တွင် ဘုရားရှင်သည် နောက်ပါ ရဟန်းများနှင့်တကွ သေတဗျမြို့သို့ ဒေသစာရီ ကြွချီတော်မူရာ ယင်းတိုက်တောသို့ဝင်၍ သီတင်းသုံးတော်မူ၏။ စူဠကာလ ရဟန်း၏ မယားဟောင်းတို့သည် မိမိတို့ လင်ကို ပြန်၍ ခေါ်ယူနိုင်ရန် ဘုရားရှင်နှင့်တကွ သံဃာတော်များကို ပင့်ဖိတ်ရန် အကြံအဆောင်တစ်ယောက်ကိုစေလွှတ်ကြ၏။ မဟာကာလမထေရ်

၏အမိန့်အရ အရှင်စူဠကာလသည် မိမိ မယားဟောင်းများ၏ အိမ်သို့ တစ်ပါးတည်း ရှေးဦးစွာ သွားနှင့်ရ၏။ ဘုရားရှင်နှင့်တကွ အဂ္ဂသာဝက၊ မဟာသာဝကကြီးများ၏ နေရာကို အစီအစဉ်ကျကျ ခင်းပေးထားနှင့်ရန် ဖြစ်၏။ မကြွရောက်ဖူးသေးသော နေရာသို့ ဘုရားရှင် ကြွချီတော်မူလျှင် ဤသို့ပင် ရဟန်းတစ်ပါးက ကြိုတင်၍ နေရာခင်းပေးရမြဲ ဖြစ်ပေသည်။

အရှင် စူဠကာလ၏ မယားတို့သည် မိမိတို့ လင်ဟောင်းကို ပြက်ရယ် ပြုလိုကြသဖြင့် နေရာများကို တလွဲတချော်ဖြစ်ရန် တမင်တကာ ဖန်တီး၍ ခင်းပေးထားကြကုန်၏။ ဤအပြုအမူကို အရှင်စူဠကာလက တားမြစ်သောအခါ မယားဟောင်းတို့က သူ၏သင်္ကန်းများကို ဝိုင်း၍ ချွတ်ယူထား လိုက်ကြ၏။ သင်္ကန်းအစား အဝတ်ဖြူကို ဝတ်ဆင်ပေးကာ ခေါင်းမှာ လည်း ပန်းကုံးစွပ်၍ ပေးကြသေး၏။ စူဠကာလသည် ငယ်ရွယ်သေးသူဖြစ် ၍ ရှက်ရမှန်း မသိဘဲ ထိုအသွင်ဖြင့်ပင် ဘုရားရှင်ထံ ပင့်လျှောက်ရန် လာ လေသည်။

မဟာကာလ မထေရ်၏ မယားဟောင်းတို့သည်လည်း စူဠကာလ၏ မယားများကို အားကျကာ နောက်တစ်နေ့အတွက် ဘုရားရှင်နှင့်တကွ သံဃာတော်များအား မိမိတို့အိမ်သို့ ဆွမ်းဘုဉ်းပေးကြရန် ပင့်လျှောက်ကြ ၏၊ ထိုနေ့နံနက်တွင်အား ကြိုတင်၍ နေရာခင်းထားရန် အခြား ရဟန်း တစ်ပါး ကြွသွား၏။ ဤသို့ နေရာခင်းရန် အလှည့်တွင် အခွင့်မသာသည်ဖြစ် ၍ မဟာကာလမထေရ်၏ မယားဟောင်းတို့သည် ဆွမ်းဘုဉ်းပေးပြီးသော အခါ ဆွမ်းအနုမောဒနာ ပြုရန်အတွက် မဟာကာလမထေရ်အား ချန်ထား ခဲ့ပါရန် လျှောက်ထားကြ၏။ ဘုရားကလည်း မဟာကာလ မထေရ်တစ်ပါး တည်းကို ချန်ထားကာ နောက်ပါသံဃာတော်များနှင့်တကွ ကြွသွားတော် မူလေ၏။

လမ်းမသို့ ရောက်သောအခါ နောက်ပါရဟန်းများသည် မဟာ ကာလမထေရ်အတွက် စိုးရိမ်စကားဆိုကြ၏။ "စူဠကာလက မယား နှစ် ယောက်သာရှိ၏။ မဟာကာလ မထေရ်မှာကား မယားဟောင်း ရှစ်ယောက် ရှိနေပေသည်။ ထိုမယားဟောင်းတို့က ဝိုင်းဝန်း၍ ဖမ်းယူသော် မည်သို့ တတ်နိုင်ပါမည်နည်း"ဟု ဘုရားရှင်အား လျှောက်ထားကြကုန်၏။ ဤတွင် ဘုရားရှင်က မဟာကာလ မထေရ်သည် စူဠကာလနှင့် မတူကြောင်းကို မိန့် ကြားတော်မူကာ အထက်ပါဒေသနာတော်ကို ဟောကြားတော်မူသတည်း။

ဒေသနာတော် အဆုံး၌ မဟာကာလ မထေရ်လည်း ကောင်းကင်မှ ဆင်းသက်၍ ဘုရားရှင်၏ ခြေတော်အဆုံးကို ရှိခိုးလေ၏၊ မယားဟောင်းတို့က ဖမ်းယူရန် စိုင်းသာကြသည်တွင် မထေရ်သည် ဈာန်အဘိညာဉ် တန်ခိုးဖြင့် ပျံတက်ကာ အိမ်ခေါင်မိုးကိုခွဲ၍ ထွက်လာခြင်း ဖြစ်ပေသည်။

ဒေသနာတော်

၉။ ။ဇာမြေကို ဆုံးမခြင်း ကင်း၍ မှန်ကန်စွာ ပြောဆိုခြင်း မရှိသော၊ ကိလေသာဖန်ရည် မကင်းပါဘဲလျက် ဖန်ရည်ဆိုးသင်္ကန်းကို ဝတ်သော သူသည် ဖန်ရည်ဆိုးသင်္ကန်းနှင့် မထိုက်တန်ပေ။

၁၀။ ဇာမြေတို့ကို ဆုံးမ၍ မှန်ကန်စွာ ပြောဆိုခြင်း ရှိသော၊ ကိလေသာ ဖန်ရည်ကို ထွေးအန်ပြီး၍ သီလတို့၌ ကောင်းစွာ စောင့်ထိန်းသော သူသည်သာလျှင် ဖန်ရည်ဆိုးသင်္ကန်းနှင့် ထိုက်တန်၏။

## ဒေဝဒတ်(သင်္ကန်းရခြင်း)

ဇေတဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဒေဝဒတ်ကို အကြောင်း၍ ဤဒေသနာတော်ကို ဟောကြားတော် မူလေသည်။

အရှင်သာရိပုတ္တရာနှင့် အရှင် မဟာမောဂ္ဂလာန်တို့သည် ဘုရားရှင်ထံ ပန်ကြားကာ ဇေတဝန်ကျောင်းတော်မှ ရာဇဂြိုဟ်မြို့တော်သို့ ကြွလာကြကုန်၏။ တစ်ပါးတစ်ပါးတွင် တပည့်ရဟန်းငါးရာစီ ပါလာကြ၏။ ရာဇဂြိုဟ်မြို့တော်မှ ဆွမ်းဒါယကာ ဒါယိကာမများအား ဆွမ်းအနုမောဒနာ ပြုရာတွင် အရှင်သာရိပုတ္တရာသည် ဤသို့ ဟောကြားတော်မူ၏။

"ဒါယကာတို့၊ မိမိကိုယ်တိုင်သာ ပေးလှူ၍ သူတစ်ပါးတို့ကို မတိုက်တွန်းသောသူသည် ဖြစ်လေရာ ဘဝတိုင်း၌ စည်းစိမ်ဥစ္စာ ပြည့်စုံစွာ ရရှိ၏၊ အခြံအရံကိုကား မရချေ။ သူတစ်ပါးကိုသာ တိုက်တွန်း၍ မိမိကိုယ်တိုင် မပေးလှူသောသူသည် ဖြစ်လေရာဘဝတိုင်း၌ အခြံအရံ ပြည့်စုံစွာ ရရှိ၏၊ စည်းစိမ်ဥစ္စာကိုကား မရချေ။ မိမိကိုယ်တိုင်လည်း မပေးလှူ၊ သူတစ်ပါးကိုလည်း မတိုက်တွန်းသောသူသည် စည်းစိမ်ဥစ္စာကိုလည်း မရရှိ၊ အခြံအရံကိုလည်း မရရှိချေ။ မိမိကိုယ်တိုင်လည်း ပေးလှူ၍ သူတစ်ပါးကိုလည်း တိုက်တွန်းသောသူသည်ကား၊ စည်းစိမ်ဥစ္စာ ပြည့်စုံစွာရရှိ၍ အခြံအရံနှင့်လည်း ပြည့်စုံပေသည်"

ဤဒေသနာတော်ကို ကြားနာရသော ဒါယကာ တစ်ယောက်သည် ဝမ်းမြောက်ဝမ်းသာ သဒ္ဓါပွားလျက် အရှင်မြတ်နှစ်ပါးနှင့်တကွ တပည့် ရဟန်းတစ်ထောင်ကိုပါ နက်ဖြန်အတွက် ဆွမ်းဘုဉ်းပေး ပင့်လျှောက်လေ တော့သည်။ ထိုဒါယကာသည် ရာဇဂြိုဟ်မြို့တော်တွင်း ရောက်သောအခါ "အို...မြို့မိမြို့ဖ အပေါင်းတို့၊ ကျွန်ုပ်တို့သည် နက်ဖြန်ခါတွင် ဆွမ်းကပ်ရန် ရဟန်းတစ်ထောင်ကို ဖိတ်ကြားခဲ့ပါ၏။ သင်တို့သည် ရဟန်းမည်မျှကို ဆွမ်း ကပ်နိုင်ကြပါသနည်း" ဟု လှည့်လည်နှိုးဆော်၏။ မြို့သူမြို့သားတို့သည် မိမိတို့စွမ်းအားအလျောက် ဆွမ်းကပ်နိုင်မည့် ရဟန်း အရေအတွက်ကို ပြော လာကြကုန်၏။ ဤတွင် နှိုးဆော်သူက ဤသို့ဖြစ်လျှင် တစ်နေ့ရာတည်း၌ စုပေါင်းရိပ် ကျွေးမွေးကြပါစို့။ စားသောက်ကုန်ပစ္စည်းများကို စုဆောင်း ကြပါကုန်လော့ဟု စီမံခန့်ခွဲလေသည်။

ထိုအခါ နှိုးဆော်သော ဒါယကာအား သူကြွယ်တစ်ဦးက အဖိုး တစ်သိန်း ထိုက်သော နံ့သာ သင်္ကန်းစကိုပေး၍ "သင်၏ အလှူဝတ်သည် အကယ်၍ မပြည့်မစုံ ဖြစ်ခဲ့သော် ဤသင်္ကန်းစကို ရောင်းချ၍ လိုရာဘက်မှာ ဖြည့်ပါလေ။ အကယ်၍ ပြည့်စုံနေပါလျှင်ကား လှူလိုသော ရဟန်းအား လှူပါလေ"ဟု ဆို၏။ သို့ရာတွင် အလှူဝတ်သည် အဘက်ဘက်မှ ပြည့်စုံ နေလေရာ နှိုးဆော်သူ ဒါယကာက "အချင်းတို့၊ ဤသင်္ကန်းစသည် ပိုလျှံ ၍နေ၏။ အဘယ် ရဟန်းအား ပေးလှူကြကုန်မည်နည်း" ဟု ကုသိုလ်ပြု ဖက်များကို တိုင်ပင်လေသည်။

ထိုအခါ အချို့သော ဒါယကာတို့က "အရှင်သာရိပုတ္တရာအား ပေးလှူကြကုန်အံ့"ဟု ဆိုကုန်၏။ အချို့သူတို့ကား "အရှင်သာရိပုတ္တရာ သည် စပါးပေါ်ချိန်မှသာ ကြွလာ၍ ပြန်ကြွသွားလေ့ ရှိ၏။ အရှင် ဒေဝ ဒတ်သည်ကား ငါတို့၏ မင်္ဂလာပွဲကြီးငယ်များ၌ ပါဝင်ဆောင်ရွက်၍ အိုး စရည်းကြီးကဲ့သို့ အမြဲတစေ ရပ်တည်နေ၏။ တစ်သိန်းတန် နံ့သာသင်္ကန်းစ ကို အရှင်ဒေဝဒတ်အား လှူကြကုန်အံ့"ဟု ဆိုကုန်၏။ အဆိုနှစ်ရပ်အနက် အရှင်ဒေဝဒတ်အား လှူဒါန်းလိုသူက များသဖြင့် သင်္ကန်းစကို အရှင်ဒေဝ ဒတ်အား လှူဒါန်းရ၏။ အရှင်ဒေဝဒတ်သည် ထိုသင်္ကန်းစကို ဖြတ်တောက် ချုပ်ဆိုး၍ ဝတ်ရုံလေတော့သည်။

ရပ်ဝေးနေ ရဟန်း တစ်ပါးသည် ရာဇဂြိုဟ်မြို့တော်သို့ ရောက်ခိုက် ဤအခြင်းအရာကို ကြားသိကာ ဇေတဝန်ကျောင်းတော်သို့ ရောက်သော

အခါ ဘုရားရှင်ထံ ဝင်၍လျှောက်ထား၏။ ဤတွင် ဘုရားရှင်က "ရဟန်း၊ ဒေဝဒတ်သည် ယခုမှ မိမိနှင့်မထိုက်တန်သော သင်္ကန်းကို ဝတ်ရုံသည် မဟုတ်သေး။ ရှေးအခါကလည်း မိမိနှင့် မထိုက်တန်သော သင်္ကန်းကို ဝတ်ရုံခဲ့ပေပြီ"ဟု မိန့်ကြားတော်မူပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ လျှောက်ထားသော ရဟန်းသည် သောတာပန်ဖြစ်လေ၏။

[မိမိနှင့် မထိုက်တန်သော သင်္ကန်းကို ဒေဝဒတ်ဝတ်ရုံခြင်းနှင့် ပတ်သက်၍ ဟောကြားထားသော အမှတ် ၂၂၁၊ ကာသာဝဇာတ်ကို ဒုကနိပါတ်မှာ ရှုပါ။]

ဒေသနာတော်

၁၁။ အနှစ်မရှိသောတရား၌ အနှစ်ရှိ၏ဟု အယူရှိကြကုန်သော၊ အနှစ်ရှိသောတရား၌ အနှစ်မရှိဟု အယူရှိကြကုန်သော သူတို့သည် မှားယွင်းသော ကြံစည်မှုလျှင် အာရုံရှိကုန်သည်ဖြစ်၍ အနှစ်ရှိသော တရားကို မရနိုင်ကြကုန်။

၁၂။ အနှစ်ရှိသော တရားကိုလည်း အနှစ်ရှိသော တရားဟူ၍၊ အနှစ်မရှိသော တရားကိုလည်း အနှစ်မရှိသော တရားဟူ၍ သိကြကုန်သော ကြောင့် ထိုသူတို့သည် မှန်ကန်သော ကြံစည်မှုလျှင် အာရုံရှိကုန်သည်ဖြစ်၍ အနှစ်ရှိသောတရားကို ရနိုင်ကြကုန်၏။

## အရှင်သာရိပုတ္တရာ

ရာဇဂြိုဟ်မြို့တော် ဝေဠုဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အဂ္ဂသာဝကနှစ်ပါးကို အကြောင်းပြု၍ ဤ ဒေသနာတော်ကို ဟောကြားတော်မူလေသည်။

အဂ္ဂသာဝက နှစ်ပါးတို့တွင် အရှင်သာရိပုတ္တရာကို ရာဇဂြိုဟ်မြို့တော်အနီးရှိ ဥပတိဿရွာကြီးတွင် သာရိပုဏ္ဏေးက ဖွားမြင်၏။ အရှင်မောဂ္ဂလာန်ကို ထိုရွာအနီးရှိ ကောလိတရွာတွင် မောဂ္ဂလိ ပုဏ္ဏေးမက ဖွားမြင်၏၊ ဖွားမြင်ရာကို အစွဲပြု၍ အဂ္ဂသာဝက အလောင်းလျာ နှစ်ပါးကို 'ဥပတိဿ' နှင့် 'ကောလိတ' ဟူ၍ ငယ်စဉ်က ခေါ်ဝေါ်ခဲ့ကြလေသည်။

စတုတ္ထအကြိမ်

ဥပတိဿနှင့် ကောလိတတို့သည် လူလား မြောက်လာသောအခါ အတတ်ပညာမျိုးစုံကို အတူတကွ သင်ကြား၍ တတ်မြောက်ကြကုန်၏။ ရာဇဂြိုဟ်မြို့တော်၌ တောင်ထိပ်ပွဲသဘင်ကို နှစ်စဉ်နှစ်တိုင်း ကျင်းပလေ့ ရှိရာ သူငယ်ချင်း နှစ်ယောက်တို့သည် အခြံအရံများနှင့် နှင့်တကွအတူသွား၍ ပျော်ပါးနေကျဖြစ်၏။ ရယ်ရွှင်ခြင်း၊ ကြောက်ရွံ့ခြင်း စသော သဘင်၏အရသာကို အတူတကွ ခံစားလေ့ရှိကြကုန်၏။ သေမြောက်အောင် ကပြသီဆိုနိုင်သော သဘင်သည်တို့အား အတူတကွ ဆုချလေ့ရှိကြကုန်၏။ ထိုနှစ်က တောင်ထိပ်ပွဲတွင်ကား သူတို့နှစ်ယောက်လုံး မပျော်ပါးနိုင်ကြတော့ချေ။ အဘင့်အရသာကို မခံစားနိုင်ကြတော့ပေ။ သူတို့နှစ်ဦးလုံးသည် သဘင်ကိုကြည့်ရှုရင်း ထူးထူးခြားခြား တွေးတော၍ နေမိကြ၏။ "ဤသဘင်၌ ကြည့်စရာဟူ၍ အဘယ်မှာ ရှိသနည်း။ ဤသူအားလုံးတို့သည် အနှစ်တစ်ရာ မကြာမီမှာပင် အမည်မျှပင် မကျန်ရစ်အောင် အားလုံးကုန်သေဆုံးကြကုန်လတ္တံ့။ ငါတို့သည် သေဘေးမှ လွတ်မြောက်ရာ တရားကို ရှာသင့်၏" ဟု တွေးတောနေကြလေ၏။

သူငယ်ချင်း နှစ်ယောက်တို့သည် တစ်ယောက်၏ အတွေး အကြံကို အခြားတစ်ယောက်အား ပြောကြားမိသောအခါ "ငါတို့ နှစ်ဦးစလုံး အကြံကောင်းကို ကြံမိကြ၏။ သေဘေးမှ လွတ်မြောက်ရာ တရားကို ရှာဖွေနိုင်ရန် တစ်မျိုးမျိုးသော ရဟန်းအဖြစ်ကို ယူသင့်၏" ဟု တိုင်ပင်တာ သိဉ္စည်း ဆရာကြီးထံတွင် ပရိဗိုဇ် ရဟန်းပြုလေ၏။ လုလင်နှစ်ဦး ရဟန်းပြုလာချိန်မှစ၍ သိဉ္စည်း ဆရာကြီးသည် ပိုမို၍ ဂုဏ်သတင်းကြီးမားလာ၏၊ လာဘ်သပ်ပကာ ပေါများလာ၏။

သူငယ်ချင်း နှစ်ဦးတို့သည် သိဉ္စည်း ဆရာကြီး၏ အယူဝါဒကို နှစ်ရက် သုံးရက်မျှဖြင့် သင်ကြားတတ်မြောက်ကြ၍ "ဆရာ- ဆရာတို့သိသော ဝါဒသည် ဤမျှသာလော။ သည့်ထက်အလွန်ရှိသေးသလော" ဟု မေးကြ၏။ သိဉ္စည်းဆရာကြီးက "ငါ၏အယူဝါဒသည် ဤမျှသာ ဖြစ်သည်။ ငါ၏ အယူအားလုံးကို သင်တို့သိကြကုန်ပြီ။ သင်တို့ နှစ်ဦးသည် ငါနှင့်အတူ ဤ ပရိသတ်ကြီးကို ဦးဆောင်ကြပါစို့" ဟု ဆိုလေ၏။ သို့ရာ တွင် သူငယ်ချင်း နှစ်ဦးတို့သည် ထိုအခွင့်အရေးကို မယူကြတော့ဘဲ "ငါတို့သည် လွတ်မြောက်ရာ တရားကို ရှာဖွေရန် ထွက်လာခဲ့ကြ၏။ ဤဆရာ့ထံ၌ ထိုတရား မရှိချေ" ဟု ဆိုးဖြတ်ကာ လွတ်မြောက်ရာတရားကို ရှာဖွေရန် ခရီး ထွက်ခဲ့ကြကုန်၏။

ရှာနိုင်း မင်းနေပြည် အသီးသီး၌ လွတ်မြောက်ရာ တရားကို ဟော နိုင်သော ပညာရှိ ရဟန်း၊ ပညာရှိပုဏ္ဏား ရှိသည်ဟုကြားလျှင် ထိုပုဂ္ဂိုလ် ရှိရာသို့ သွားသော တရားစကား ဆွေးနွေးကြ၏။ သူငယ်ချင်း နှစ်ဦး တို့ သိလိုသော ပြဿနာကို ထိုပညာရှိတို့ မဖြေနိုင်ကြပေ။ သူတို့ မေး ထား သော ပြဿနာများကိုသာ သူငယ်ချင်း နှစ်ဦးတို့ကဖြေကြရ၏၊ ဤသို့ဖြင့် ဇမ္ဗူဒိပ် တစ်ကျွန်းလုံး လှည့်လည်၍ မေးမြန်းပါသော်လည်း လွတ်မြောက် ရာ တရား ဟောကြားနိုင်သူဟု မတွေ့ရပေ။ သို့ဖြစ်၍ ရာဇဂြိုဟ်မြို့တော်သို့ ပြန်လာကာ “ငါတို့နှစ်ဦးတွင် လွတ်မြောက်ရာတရားကို ရှေးဦးစွာရသူက ပြန်လည် ပြောကြားစေအံ့” ဟု ကတိကဝတ် ပြုကြကုန်၏။

ဤသို့ ရှိစဉ်မှာပင် ဘုရားရှင်သည် ရှေးယခင်က ပဋ္ဌာတောင်ခြေ တွင် ဗိမ္ဗိသာရမင်း ပင့်လျှောက်ခဲ့သည်ကို ငဲ့ညှာ၍ ရာဇဂြိုဟ် မြို့တော်သို့ ကြွချီသ၏။ ဗိမ္ဗိသာရမင်းက ကျောင်းအဖြစ် လှူဒါန်းသော ဝေဠုဝန် ဥယျာဉ်ကို အလှူခံတော်မူ၏၊ ပဉ္စဝဂ္ဂီ ငါးဦးတွင် အပါအဝင်ဖြစ်သော အဿဇိမထေရ်သည်လည်း သာသနာပြု ခရီးကြွချီရာမှ ရာဇဂြိုဟ်မြို့တော်သို့ ရောက်ရှိကာ မြို့ထဲတွင် ဆွမ်းခံကြ၏။ ဥပတိဿ ပရိဗိုဇ်အရာမ်သို့ သွားစဉ် အရှင် အဿဇိကို ဖူးမြင်ရ၍ “ဤသို့ တည်ကြည်ငြိမ်သက်သော သဘာ ရှိသော ရဟန်းကို ယခင်က ငါ မမြင်ရဖူးသေးချေ။ လောက၌ ရဟန္တာ ပုဂ္ဂိုလ် ဟူသည်မှာ ဤကဲ့သို့သော ပုဂ္ဂိုလ်မျိုးသာ ဖြစ်ပေလိမ့်မည်။ ငါသည် ဤရဟန်း၏ တရားကို မေးရမူ ကောင်းလေစွ” ဟု အကြံဖြစ်လေသည်။

ထို့နောက်မှ “ယခု ရွာတွင်းမှာ ဆွမ်းခံဝင်နေဆဲ ဖြစ်၏၊ မေးရန် အခွင့် မသာသေးချေ။ ငါသည် ရဟန်းနောက်သို့ အစဉ်လိုက်အံ့၊ အလို ရှိသူတို့သည် လမ်းစကို မျက်ခြည်ပြတ် မခံသင့်ပေ” ဟု တွေးတောကာ အရှင် အဿဇိနောက်သို့ အစဉ် လိုက်ပါ၏။ အရှင် အဿဇိ သည်လည်း တစ်ပါးစာ ဆွမ်းပြည့်စုံစွာရ၍ သင့်လျော်သောနေရာ တစ်ခု၌ ထိုင်မည် ပြု၏။ ဥပတိဿ ပရိဗိုဇ်လည်း ထိုင်စရာကို အရန်သင့် ခင်းပေး၏၊ အရှင် အဿဇိ ဆွမ်းဘုန်းပေး၍ ပြီးသောအခါ မိမိ၏ ရေကရားမှ ရေကို ဆက် ကပ်ပြီးလျှင် “အရှင်—အရှင်၏ ဣန္ဒြေတို့သည် ကြည်လင်လှကုန်၏၊ အရေ အဆင်းသည် ကြည်လင်လှ၏၊ သင်သည် မည်သူ့ကို ဆရာတင်၍ ရဟန်း ပြုပါသနည်း။ သင့်ဆရာသည် မည်သူနည်း၊ မည်သူ၏တရားကိုနှစ်သက်ပါ သနည်း” ဟု မေးမြန်း၏။

အရှင် အဿဇိက "ပရိဗိုဇ်တို့သည် သာသနာတော်၏ဆန့်ကျင်ဘက် ဖြစ်ကြ၏" ဟု နှလုံးပိတ်ကာ ရုတ်တရက် မဖြေသေးမူ၍ "ငါ့ရှင်.... ငါသည် သာသနာတော်တွင်းသို့ ရောက်ဆည်မှာမကြာသေးပေ။ တရား တော်ကို အကျယ်တဝင့် မဟောတတ်သေးပါ" ဟု ဖြေ၏။ ဤတွင်မှ ဥပတိဿ ပရိဗိုဇ်က "တရားသဘောကို ဟောကြားတော်မူပါ။ သဒ္ဒါပုဒ်ပါဠိ မြောက်များစွာ ဟောနေ၍ ဘာအကျိုးရှိမည်နည်း" ဟု ပြန်၍ လျှောက် ထား၏။ ဤတွင် အဿဇိမထေရ်က—

ယေ ဓမ္မာ ဟေတုပ္ပ ဘဝါ<br>
တေသံ ဟေတုံ တထာဂတော အာဟ။<br>
တေ သဉ္စ ယော နိရောဓော<br>
ဧဝံ ဝါဒီ မဟာ သမဏော။

အကြင်တရားတို့သည် အကြောင်းလျှင် အမွန်ရှိ ရှိကုန်၏။ ထိုတရားတို့၏ အကြောင်းကို ဘုရားရှင် ဟောကြားတော်မူ၏၊ ထိုအကြောင်း တရားတို့၏ ချုပ်ငြိမ်းခြင်းကိုလည်း ဟောကြား တော်မူ၏။ မြင့်မြတ်သော ရဟန်းသည် ဤသို့ဟောကြားလေ့ ရှိပေသည်။

ဤ ဒေသနာတော်၏ ထက်ဝက်မှာပင် ဥပတိဿသည် သောတာ ပတ္တိဖိုလ်သို့ ဆိုက်ရောက်လေသည်။ ထို့နောက် ဥပတိဿက "အရှင်ဘုရား၊ ယခု ဘုရားရှင် အယ်မှာ သီတင်းသုံးတော်မူသနည်း" ဟု မေးလျှောက်၏။ အရှင် အဿဇိက "ငါ့ရှင်၊ ဝေဠုကျောင်းတော်တွင် သီတင်းသုံးတော် မူနေ၏" ဟု ဖြေကြား၏။ ဤတွင် ဥပတိဿက "အရှင်ဘုရား၊ ကြွနှင့်တော် မူပါ၊ တပည့်တော်မှာ သူငယ်ချင်း တစ်ယောက် ရှိပါသေးသည်။ သူ့ကို အခေါ်ပြီးမှ ဘုရားရှင်ထံ ဝင်ရောက် လာပါမည်" ဟု လျှောက်ကာ မထေရ်၏ ခြေတော်ရင်း၌ သုံးကြိမ်တိုင်တိုင် ရှိခိုးစွာ ဟုပ်ဝပ် ရှိခိုး၏။ မထေရ်ကြွသွားပြီးခါမှ ပရိဗိုဇ် အရာမ်သို့ ပြန်လာခဲ့လေသည်။

ကောလိတသည် ဥပတိဿ ပြန်လာသည်ကို အဝေးမှပင် လှမ်းမျှော် ကြည့်ရှုကာ "ယနေ့ ငါ့သူငယ်ချင်း၏ မျက်နှာသည် အခြား နေ့များနှင့် မတူပေ၊ အထူးသဖြင့် တည်ငြိမ်းအေးချမ်းလှ၏။ ကေန်မုချလွတ်မြောက်ရာ တရားကို ရခဲ့ဟန်တူ၏" ဟု အကဲခတ်နေ၏။ အနားရောက်လာ၍မေးမြန်း

ကြည့်သောအခါ ဥပတိဿက ဟုတ်မှန်ကြောင်း အဖြေပေးကာ မိမိ ကြားနာခဲ့ရသော တရားကို ပြန်လည်၍ ဟောပြ၏။ ဤတွင် ကောလိတ သည်လည်း သောတာပတ္တိဖိုလ်သို့ ဆိုက်လေသည်။

သူငယ်ချင်း နှစ်ယောက်သည် မိမိတို့ ရရှိထားသောလွတ်မြောက်ရာ တရားကို မိမိတို့ ဆရာကြီးထံ သင်ပြကာ ဆရာကြီးကိုပါ ခေါ်ယူရန်သို့သည်၊ ဆရာကြီးထံ ဝင်ရောက်လာခဲ့ပြီးလျှင် "ဆရာကြီး-လောက၌ မြတ်စွာဘုရား ပွင့်ထွန်းနေပါပြီ၊ တရားတော် ထင်ရှားနေပါပြီ၊ သံဃာအဖွဲ့အစည်းလည်း ပေါ်ပေါက်နေပါပြီ။ မြတ်စွာဘုရားထံသို့ သွားကြပါကုန်စို့" ဟုပြောဆို တိုက်တွန်းကြ၏။ ဤတွင် သိဉ္စည်း ဆရာကြီးက "သင်တို့သာ သွားကြ။ ငါကား မလိုက်နိုင်" ဟုဆိုလေရာ-

"ဆရာကြီး၊ အဘယ်ကြောင့်ပါနည်း"

"တပည့်တို့၊ ငါသည် အိုးစရည်းနှင့်တူစွာ တပည့်များစွာကို ဆရာ လုပ်၍ လာခဲ့၏၊ ဤသို့ အိုးစရည်းကြီး ဖြစ်ပါလျက် လက်ငင်အိုး အဖြစ် မခံနိုင်ပြီ။ ရဟန်း ဂေါတမထံ ဝင်ရောက်၍တပည့်မခံနိုင်ပြီ"

"ဆရာကြီး၊ မြတ်စွာဘုရား ပွင့်တော်မူလာသော အခါမှစ၍ လူ များစွာတို့သည် ပန်းနံ့သာစသည် ကိုင်ဆောင်လျက် ထို မြတ်စွာဘုရား ရှိရာသို့သာ သွား၍ ပူဇော်ကြပါလိမ့်မည်။ ကျွန်ုပ်တို့သည်မြတ်စွာဘုရားထံ သွားရောက်ကြပါတော့မည်။ ဆရာကြီးတို့မည်သို့ နေရစ်ကြပါမည်နည်း"

"ချစ်သားတို့၊ လောက၌ လူမိုက်ကများသလော၊ ပညာရှိက များ သလော"

"ဆရာကြီး၊ လူမိုက်က များပါသည်"

"ချစ်သားတို့၊ ဤသို့ဖြစ်လျှင် ပညာရှိသူတို့သည် ပညာ ရှိသော ရဟန်း ဂေါတမထံ သွားကြလိမ့်မည်။ လူမိုက်တို့ကား ငါ့ထံသို့ဝင်ရောက် လာကြလိမ့်မည်။ ငါ့ထံတွင်ပရိသတ်မရှိဟူ၍ ပူရန်မလိုချေတကား"

ဤသို့ သိဉ္စည်း ဆရာကြီးက ငြင်းပယ်လိုက်သဖြင့် သူငယ် ချင်း နှစ်ယောက်တို့မှာ ဆရာကြီးကိုပါ အပါမခေါ်နိုင်ဘဲ သူတို့ချည်းထွက်လာ ခဲ့ကြရ၏။ သူငယ်ချင်းနှစ်ယောက် ထွက်ခွာလာခဲ့သည့်နောက်တင် တပည့် ပရိဗိုဇ် အများအပြား လိုက်ပါ၍ လာခဲ့ကြလေသည်။

ဘုရားရှင်သည် ပရိသတ် လေးပါးအလယ်၌ ထိုင်၍ တရား ဟော တော်မူနေစဉ် သူငယ်ချင်း နှစ်ယောက်တို့ကို အဝေးမှ လှမ်း၍ ကြည့်ရှု တော်မူကာ-

"ရဟန်းတို့၊ ကောလိတနှင့် ဥပတိဿ သူငယ်ချင်း နှစ်ယောက်တို့ လာနေကြကုန်၏၊ သူတို့နှစ်ဦးသည် ငါဘုရား၏အမြတ်ဆုံး သောသာဝက အစုံ (အဂ္ဂသာဝကနှစ်ပါး) ဖြစ်ပေလိမ့်မည်" ဟု ဟောကြားတော်မူလေသည်။

ဥပတိဿနှင့် ကောလိတတို့သည် သင့်တင့် လျောက် ပတ် သော နေရာ၌ ထိုင်၍ ဘုရားရှင်ကို ရှိခိုးကာ "အရှင်ဘုရား တပည့်တော်တို့သည် ဘုရားရှင်တော်ထံ၌ ရှင်အဖြစ်ကို ရလိုပါကုန်၏။ ရဟန်းအဖြစ်ကို ရလိုကြပါကုန်၏ ဘုရား" ဟု လျှောက်ထားကြ၏။ ဘုရားရှင်ကလည်း "ရဟန်းတို့-လာကြကုန်။ တရားတော်ကို ကောင်းစွာ ဟောထားပြီးပြီ၊ ဆင်းရဲခြင်း၏ အဆုံးကို ပြုနိုင်ရန် မြတ်သောအကျင့်ကို ကျင့်သုံးကြကုန်လော့"ဟု မိန့်ကြားကာ ဧဟိဘိက္ခုခေါ်တော်မူလေသည်။

(ရဟန်းတို့၊ လာကြကုန်ဟူသော စကားမှာ 'ဧဟိဘိက္ခုဝေါ်' ဟူသော ပါဠိကို ဘာသာပြန်ထားခြင်း ဖြစ်၏။ တစ်ပါးတည်းဖြစ်လျှင် ဧဟိဘိက္ခု ဟု မိန့်တော်မူ၍ 'ရဟန်း လာလော့' ဟု အဓိပ္ပာယ်ရလေသည်) ထိုစကားတော်ဖြင့်ပင် ဥပတိဿ၊ ကောလိတနှင့်တကွ ပါလာသူအားလုံးတို့သည် ဧဟိဘိက္ခုရဟန်းဖြစ်ကာ ရှေးကောင်းမှု၏ တန်ခိုးကြောင့် သပိတ်သင်္ကန်းများ ဆေးလိုအလျောက် ပေါ်ပေါ်ကလာကာ ထိုပရိက္ခရာများကို ဝတ်ရုံသုံးဆောင်လျက် ဝါတော် ခြောက်ဆယ်ရသော မထေရ်ကြီးများ ကဲ့သို့ တင့်တယ် သပ္ပာယ်ကြကုန်၏။

ရဟန်းအဖြစ်သို့ ရောက်သောအခါ မယ်တော်များ၏ အမည်နှင့် ဆက်နွယ်ကာ ဥပတိဿသည် အရှင်သာရိပုတ္တရာ အမည်တွင်၏။ ထို့အတူပင် ကောလိတသည်လည်း အရှင် မောဂ္ဂလာန်ဟု အမည်တွင်လေသည်။

ထို့နောက် အရှင် မောဂ္ဂလာန်သည် ရဟန်းဖြစ်၍ ခုနစ်ရက်မြောက်သောနေ့တွင် မဂဓတိုင်း၊ ကလ္လဝါလရွာကို အမှီပြု၍ နေထိုင်တရားအားထုတ်စဉ် ငိုက်မျဉ်းသောအခါ ဘုရားရှင်က တန်ခိုးတော်ဖြင့် ထိတ်လန့်အောင်ပြုတော်မူ၍ ငိုက်မျဉ်းခြင်းကို ပယ်ဖျောက်ပေးပြီးလျှင် ဓာတ် ကမ္မဋ္ဌာန်းကို ပေးတော်မူ၏။ ထိုကမ္မဋ္ဌာန်းကို ကြားနာရင်း ပွားများသဖြင့် အထက်မဂ် သုံးပါးကိုစွမ်း ပြီးဆုံ သွား၍ ရဟန္တာဖြစ်ကာ သာဝက ပါရမီဉာဏ်၏ အထွတ်အထိပ်သို့ ဆိုက်ရောက်လေသည်။ အရှင် သာရိပုတ္တရာသည်လည်း ရဟန်းဖြစ်ပြီးနောက် တစ်ဆယ့်ငါးရက် မြောက်သည့်တွင် ရာဇဂြိုဟ်မြို့တော်ကို အမှီပြု၍ သူကရခတ လိုဏ်ဂူ၌ သီတင်းသုံး၍ တရားအားထုတ်စဉ် မိမိ၏

တူဖြစ်သူ ဒီဃနခ ပရိဗိုဇ်အား ဘုရားရှင် ဟောကြားတော် မူနေသော ဝေဒနာ သိမ်းဆည်းကြောင်း (ဝေဒနာပရိဂ္ဂဟ) သုတ္တန်ကို ကြားနာရင်း ဉာဏ်အမြင် ပွင့်လင်းကာ ရဟန္တာအဖြစ်သို့ ရောက်၏။ တစ်ပါးသူ ခူးခပ်ထားသော ထမင်းကို အရနံ့သင့် စားရသကဲ့သို့ သာဝက ပါရမီဉာဏ်၏ အထွတ်အထိပ်သို့ သက်တောင့်သက်သာ လွယ်ကူစွာ ဆိုက်ရောက်လေသည်။

ထိုနေ့ ညနေချမ်းအချိန်တွင် ဘုရားရှင်သည် ဝေဠုဝန် ကျောင်းတော်၌ တပည့်ပရိသတ် အပေါင်းအား စည်းဝေးစေပြီးလျှင် အရှင်နှစ်ပါးတို့အား အမြင့်အမြတ်ဆုံးသော တပည့်နှစ်ပါးအဖြစ် ကြေညာတော်မူကာ အဂ္ဂသာဝကအရာကို ပေးတော်မူ၏။ ဤတွင် အချို့သော ရဟန်းတို့က "မြတ်စွာဘုရားသည် အဂ္ဂသာဝကအရာကို ပေးတော်မူလိုလျှင် ရှေးဦးစွာ ရဟန်းဖြစ်ကြသော ပဉ္စဝဂ္ဂီတို့အား ပေးသင့်၏။ သူတို့ကို မပေးလိုသေးလျှင် သူတို့နောက်မှ ရဟန်းဖြစ်လာကြသော အရှင်ယသ အမှူးရှိသော ရဟန်းငါးဆယ့်ငါးပါးတို့အား ပေးသင့်၏။ သူတို့ကို မပေးလိုသေးလျှင် ဘဒ္ဒဝဂ္ဂီညီနောင် သုံးကျိပ်သော ရဟန်းတို့ကို ပေးသင့်၏။ သူတို့ကို မပေးလိုသေးလျှင် ဥရုဝေလကဿပ စသော ညီနောင်သုံးပါးတို့အား ပေးသင့်၏။ ဤမျှသော ရဟန်းတို့ရှိပါလျက် နောက်ဆုံးမှ ရဟန်းပြုလာကြသော သာရိပုတ္တရာနှင့် မောဂ္ဂလာန်တို့ကို အဂ္ဂသာဝက အရာပေး ခြင်းသည် မျက်နှာလိုက်၍ ပေးခြင်းသာတည်း"ဟု ကဲ့ရဲ့ကြလေသည်။

ထိုရဟန်းတို့၏ စကားသည် ဘုရားရှင်နားတော်သို့ ရောက်လာသောအခါ ဘုရားရှင်က "ရဟန်းတို့၊ ငါဘုရားသည် မျက်နှာလိုက်၍ ပေးသည်မဟုတ်။ ရှေးရှေးဘဝက ဆုတောင်းရှိခဲ့သည့်အတိုင်းသာလျှင် သာရိပုတ္တရာနှင့် မောဂ္ဂလာန်တို့အား အဂ္ဂသာဝကအရာကို ပေး၏"ဟု မိန့်တော်မူကာ အရှင်မြတ်နှစ်ပါး၏ အတိတ်က ဆုတောင်းခဲ့ပုံကို မိန့်ကြားတော်မူလေသည်။ အရှင်မြတ်နှစ်ပါးသည် တစ်သင်္ချေနှင့် ကမ္ဘာတစ်သိန်းအက်၌ အနောမဒဿီ ဘုရားရှင်၏ ရှေ့မှောက်တွင် ဤအဂ္ဂသာဝကဆုကိုတောင်းခဲ့ကြခြင်းဖြစ်၏။ ထိုစဉ်က အရှင်သာရိပုတ္တရာ၏ အလောင်းလျာသည် ပုဏ္ဏားမျိုးမှာ ပေါက်ဖွားလာ၍ သရဒလုလင် အမည်တွင်၏။ အရှင်မောဂ္ဂလာန်၏ အလောင်းလျာသည် ကုန်သည်မျိုးမှာ ပေါက်ဖွားလာ၍ သိရိဝဍ္ဍနလုလင် အမည်တွင်၏။ နှစ်ယောက်သော လုလင်တို့သည် မြေမှုန့်ကစားဖက်သူငယ်ချင်းများ ဖြစ်ကြကုန်၏။

တစ်နေ့သ၌ သရဒလုလင်သည် သေဘေးမှ လွတ်မြောက်ရာ တရားကိုရှာခြင်းငှာ ရသေ့ပြုလိုစိတ် ပေါ်လာသဖြင့် သီရိဝစ္စနှ လုလင်ထံလာ၍ တိုင်ပင်ရာ သီရိဝစ္စနက ရသေ့မပြုနိုင်သဖြင့် သူတစ်ဦးတည်းသာလျှင် ရသေ့ပြုလေသည်။ မကြာမီ နောက်လိုက် နောက်ပါ ရသေ့ပေါင်း များစွာ ခြံရံသာကြလေသည်။

ထိုအခါတွင် အနောမဒဿီ ဘုရားရှင် ပွင့်ထွန်းတော် မူလာ၍ ကရုဏာသမာပတ်မှထ၍ လောကကို ကြည့်ရှုတော်မူရာ သရဒ ရသေ့ကို မြင်တော်မူ၏၊ ထို့နောက် ထိုရသေ့၏ ဆုတောင်းတိုင်း ပြည့်နိုင်သော အခြေအနေကို သိမြင်တော်မူသဖြင့် ဘုရားရှင် တစ်ပါးတည်းသာလျှင် သရဒ ရှင်ရသေ့ထံသို့ တန်ခိုးတော်ဖြင့် ကြွတော်မူလေသည်။

ထိုစဉ်တွင် တပည့်ရသေ့ အပေါင်းသည် တောထဲ၌ သစ်သီးရှာဖွေလျက် ရှိကြကုန်၏။ သင်္ခမ်းကျောင်းသို့ပြန်ရောက်သောအခါ သရဒရသေ့က ပြောပြသဖြင့် အနောမဒဿီ ဘုရားရှင်၏ ဂုဏ်တော် ကျေးဇူးတော်များကို သိရှိသွားကြ၏။ ထို့ကြောင့် ဆရာရသေ့နှင့်တကွ တပည့်ရသေ့ အပေါင်းသည် မနောမဒဿီ မြတ်စွာဘုရားအား သစ်သီးဆွမ်း ဆက်ကပ်ကြ၏။ ထိုစဉ်တွင် မနောမဒဿီ မြတ်စွာဘုရားက အဓိဋ္ဌာန် ပြုတော်မူသဖြင့် ထိုဘုရားရှင်၏ အဂ္ဂသာဝက နှစ်ပါးသည် ရဟန္တာ တစ်သိန်းခြံရံလျက် ရှေ့တော်မှောက်သို့ ရောက်လာကြလေသည်။

ထို အဂ္ဂသာဝက နှစ်ပါးတွင် လက်ယာရံမထေရ်မှာ အရှင်နိသဘ ဖြစ်၍ လက်ဝဲရံမထေရ်မှာ အရှင် အနောမတို့ ဖြစ်၏။ သရဒ ရှင်ရသေ့သည် တပည့်များကို စေခိုင်း၍ လည်းကောင်း၊ မိမိ၏ တန်ခိုးစွမ်းအားဖြင့် လည်းကောင်း လှပမွှေးကြိုင်သော ပန်းများကို ယူဆောင်ပြီးလျှင် ဘုရားရှင်နှင့်တကွ နောက်ပါ သံဃာတော် အားလုံးအတွက် ပန်းပလ္လင်များ ပြုလုပ်၍ ပူဇော်၏။ အနောမဒဿီ ဘုရားရှင်နှင့်တကွ တပည့်ရဟန်း အပေါင်းသည် ပန်းပလ္လင်များပေါ်၌ ခုနစ်ရက်တိုင်တိုင် သီတင်းသုံးတော်မူကြလေသည်။

အနောမဒဿီ မြတ်စွာဘုရားသည် သရဒ ရသေ့အား အကျိုးများစေရန် ပန်းပလ္လင်ထက်၌ နိရောဓ သမာပတ်ကို ဝင်စားတော်မူ၏။ သရဒ ရှင်ရသေ့သည် ကြီးစွာသော ပန်းထီးဖြင့် ဘုရားရှင်ကိုမိုးကာ ဝမ်းသာ ကြည်နူးလျက် ခုနစ်ရက်ပတ်လုံး ရပ်တည်လျက်ရှိ၏။ ခုနစ်ရက်စေ့၍ နိရောဓသမာပတ်မှ ထကြွသောအခါ ဘုရားရှင်က တိုက်တွန်းတော်မူသဖြင့်

အဂ္ဂသာဝက နှစ်ပါးတို့ တရားဟောကြ၏။ ထို့နောက် အနောမဒဿီ ဘုရားရှင် ကိုယ်တော်တိုင် တရားဟောတော်မူရာ ထပည့်ရသေ့ပေါင်း ခုနစ်သောင်း လေးထောင်တို့သည် အရဟတ္တဖိုလ်သို့ ဆိုက်ရောက်ကြကုန်၏။

သရဒ ရှင်ရသေ့မှာကား လက်ယာရံ အဂ္ဂသာဝက အရှင် နိသဘထေရ် တရားဟောစဉ်ကပင် အရှင် နိသဘ ကဲ့သို့ ပညာအရာတွင် သူမတူအောင် ထူးချွန်မြင့်မြတ်လှသော အဂ္ဂသာဝက တစ်ပါးဖြစ်ရန် လိုလားတောင့်တလျက်ရှိ၏။ ထို့ကြောင့် အနောမဒဿီ ဘုရားရှင်၏ တရားတို့တွင် စိတ်စူးစိုက်မှု မပြုနိုင်ပေ။ ထို့ကြောင့် ထိုစဉ်က မဂ်ဖိုလ် တရားကို မရနိုင်ဘဲ အဂ္ဂသာဝကဆုကိုသာ တောင်းခဲ့ရလေသည်။

''မြတ်စွာဘုရား၊ တပည့်တော်သည် ခုနစ်ရက်ပတ်လုံး ပန်းပလ္လင် ဆောက်ကာ ပန်းထီးမိုးခဲ့ရသော ကုသိုလ်ကြောင့် နောင်အခါတွင် တစ်ဆူသော ဘုရားရှင်ထံတော်၌ အရှင်နိသဘထေရ်ကဲ့သို့ အဂ္ဂသာဝက ဖြစ်ရပါလို၏''ဟု ဆုတောင်း၏။ အနောမဒဿီ ဘုရားရှင်ကလည်း အနာဂတံသဉာဏ်တော်ဖြင့် လှမ်းမျှော် ကြည့်ရှုတော်မူကာ မြင်သဖြင့် ဆုတောင်းတိုင်း ပြည့်စုံမည်ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူလေသည်။

သရဒ ရှင်ရသေ့သည် မိမိအတွက် ပဌမ အဂ္ဂသာဝကဆုကို တောင်းပြီးနောက် မိမိ၏ သူငယ်ချင်းကိုလည်း မိမိနှင့် ထပ်တူ ဆုတောင်းစေလိုသဖြင့် သိရိဝဍ္ဎန သူကြွယ်အထံသို့ သွားရောက်၏။ သိရိဝဍ္ဎန သူကြွယ်ကလည်း သူငယ်ချင်း ရှင်ရသေ့နည်းတူ ဆုယူလိုသဖြင့် ရှစ်ခင်းယဉ်မျှရှိသော မြေအပြင်ကို အညီအညွတ်ပြုကာ သဲနှင့် ပေါက်ပေါက်များ၊ ပန်းများ ဖြန့်ခင်းကာ ကြာညိုပန်းမိုးသော မဏ္ဍပ်ကို ဆောက်၏။ ထိုမဏ္ဍပ်သို့ အနောမဒဿီ ဘုရားရှင်နှင့်တကွ တပည့် သံဃာတော်များကို ပင့်ကာ မွန်မြတ်သော ဆွမ်းဘောဇဉ်တို့ဖြင့် ရိုသေစွာ ပူဇော် လုပ်ကျွေး၏။ ထိုနေ့မှစ၍ ခုနစ်ရက်တိုင်တိုင် ဤသို့ပင် ပူဇော် လုပ်ကျွေး၏။ ခုနစ်ရက်ပြည့်သော နေ့တွင် ဘုရားရှင် ရှေ့တော်မှောက်၌ လက်အုပ်ချီမိုး ရှိခိုးပြီးလျှင်—

''မြတ်စွာဘုရား၊ တပည့်တော်၏ မိတ်ဆွေ သရဒ ရှင်ရသေ့ အဂ္ဂသာဝက ဖြစ်သောအခါ တပည့်တော်သည်လည်း ဤကောင်းမှုကြောင့် ထိုဘုရားရှင်၏ ထံတော်မှာပင် ဒုတိယ သာဝကဂ္ဂ ဖြစ်ရပါလို၏ ဘုရား'' ဟု ဆုတောင်းလေသည်။ အနောမဒဿီ ဘုရားရှင်ကလည်း ဆုတောင်းတိုင်း ပြည့်မည်ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူလေသည်။

ဤသို့ တစ်သခေါ်နှင့် ကမ္ဘာတစ်သိန်းထက်က သုဃယ်ချင်းနှစ်ယောက်တို့ တောင်းခဲ့သော ဆုကို ပြန်လည် မိန့်ကြားတော်မူပြီးလျှင် ဘုရားရှင်က "ငါဘုရားသည် အဂ္ဂသာဝကဆုကို မျက်နှာလိုက်၍ ပေးသည်မဟုတ်။ ရှေးက ဆုတောင်းရှိခဲ့သည့် အတိုင်းသာ ပေးရပေသည်"ဟု မိန့်ကြားတော်မူလေသည်။

ထို့နောက် အဂ္ဂသာဝက် အရှင်မြတ်နှစ်ပါးက် မိမိတို့ ဘုရားရှင်ထံသို့ ရောက်လာရပုံကို လျှောက်ထား၏။ သိဉ္စည်းဆရာကြီးကို အပါခေါ်ပါသော်လည်း ခေါ်၍မရသဖြင့် မိမိတို့ချည်းသာ လာခဲ့ရကြောင်း လျှောက်ထား၏။ ဤတွင် ဘုရားရှင်က သိဉ္စည်းဆရာကြီးနှင့် အဂ္ဂသာဝက နှစ်ပါးတို့၏ အသိအမြင်များကို နှိုင်းယှဉ်တော်မူပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၁၃။ ကောင်းမွန်စွာ မိုး၍ မထားအပ်သော အိမ်ကို မိုးရေသည်ဖောက်၍ ဝင်နိုင်သကဲ့သို့ ကောင်းမွန်စွာ မပွားအပ်သော စိတ်ကို ရာဂသည် ဖောက်၍ ဝင်နိုင်၏။

၁၄။ ကောင်းမွန်စွာ မိုး၍ထားအပ်သော အိမ်ကို မိုးရေသည် ဖောက်၍ မဝင်နိုင်သကဲ့သို့ ကောင်းမွန်စွာ ပွားများအပ်သော စိတ်ကို ရာဂသည် ဖောက်၍ မဝင်နိုင်ပေ။

## အရှင်နန္ဒ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ညီတော် အရှင်နန္ဒကို အကြောင်းပြု၍ ဟောကြားတော်မူလေသည်။

မြတ်စွာဘုရားသည် ဣသိပတန မိဂဒါဝုန်တော၌ ဓမ္မစကြာ တရားတော်ကို ဟောကြားလျက် ပထမ ဝါဆိုတော်မူ၏။ ထို့နောက် ရာဇဂြိုဟ်မြို့တော် ဝေဠုဝန် ကျောင်းတော်၌ စံတော်မူ၏။ ထိုစဉ်တွင် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး က သားတော်ဘုရားအား ပင့်လျှောက်ရန် အမတ်ကိုးယောက်တို့အား ဆက်ကာဆက်ကာ စေလွှတ်ရာဟုင် အခြွေအရံများနှင့်တကွ အမတ်ကိုးယောက်လုံးသည်လည်း ဘုရားရှင် ရှေ့တော်အရောက်တွင်တရားနာရသဖြင့် ရဟန္တာ ဖြစ်ကုန်ကြ၏။ ထိုပုဂ္ဂိုလ်တို့က သုဒ္ဓေါဒနမင်းကြီး

ပေးလိုက်သော တာဝန်ကို လျှော့လျှော့ရှုကာ နေကြသဖြင့် ဆယ်ယောက်မြောက်အဖြစ် ကာဠုဒါယီအမတ်ကို စေလွှတ်ပြန်၏။ ကာဠုဒါယီအမတ်သည်လည်း ဘုရားရှင် ရှေ့တော် အရောက်တွင် တရားနာရသဖြင့် အခြံအရံများနှင့်တကွ ရဟန္တာဖြစ်၏။ သို့ရာတွင် ရှေ့သွား ပုဂ္ဂိုလ်များကဲ့သို့ သုဒ္ဓေါဒနမင်းကြီး ပေးလိုက်သော တာဝန်ကို လျစ်လျူမရှုဘဲ ရာသီဥတုနှင့် ခရီးလမ်းပန်း သာယာပုံများကို ဂါထာခြောက်ဆယ် ဖွဲ့သီကာ ပင့်လျှောက်၏။ ဤတွင် ဘုရားရှင်သည် ရဟန်းပေါင်း နှစ်သောင်း ခြံရံလျက် ကပိလဝတ်မြို့တော်သို့ ကြွချီတော်မူလေသည်။

ကပိလဝတ်မြို့တော်သို့ ဘုရားရှင်ရောက်တော်မူ၍ ဆွေတော် မျိုးတော်များစုဝေးကြရာတွင် ပေါက္ခရဝဿမိုး ရွာသွန်းလာ၏။

ပေါက္ခရဝဿမိုးဟူသည်ကား ကြာတောမှာ ရွာသော မိုးကဲ့သို့ စိုစွတ်လိုသောသူမှာသာ စိုစွတ်၍ မစိုစွတ်လိုသော သူမှာကား မစိုစွတ်ပေ။ ဤမိုးကိုအကြောင်းပြု၍ ဝေသန္တရာဇာတ်တော်ကို ဟောကြားတော်မူ၏။ နောက်တစ်နေ့နံနက် ဆွမ်းခံ ဝင်တော်မူစဉ်တွင် (ဥတ္တိဋ္ဌေ နပ္ပမဇ္ဇေယျ) စသော ဂါထာတော်ဖြင့် ခမည်းတော်ကြီးအား သောတာပတ္တိဖိုလ်၌ တည်စေတော်မူ၏။ တစ်ဖန် (ဓမ္မဥ္စရေ)စသော ဂါထာတော်ဖြင့် မိထွေးတော် မဟာပဇာပတိ ဂေါတမီကိုလည်း သောတာပတ္တိဖိုလ်၌ တည်စေကာ ထိုနှင့် တစ်ပြိုင်တည်းမှာပင် ခမည်းတော်ကြီးအားလည်း သကဒါဂါမိ ဖိုလ်၌ တည်စေတော်မူ၏။

ထို့မှတစ်ဖန် နန်းတော်သက်ဝင်တွင် ဆွမ်းဘုဉ်းပေးပြီးနောက် ရာဟုလာ၏မယ်တော် ယသော်ဓရာ၏ နန်းဆောင်သို့ ကြွတော်မူကာ ယသော်ဓရာ၏ ဂုဏ်ကျေးဇူးကို အကြောင်းပြု၍ စန္ဒကိန္နရီဇာတ်တော်ကို ဟောကြားတော်မူလေသည်။

ဤသို့ ဘုရားရှင် ကြွရောက်တော်မူ၍ သုံးရက်မြောက်သော နေ့တွင်ကား ညီတော်နန္ဒမင်းသား၏ အဘိသိက်မင်္ဂလာ၊ အိမ်တော်သိမ်းမင်္ဂလာနှင့် လက်ထပ်မင်္ဂလာပွဲကြီးများ ကျင်းပနေကြ၏။ ထိုစဉ်တွင် ဘုရားရှင်ကြွရောက်၍ ဆွမ်းခံတော်မူကာ နန္ဒမင်းသားလက်သို့ သပိတ်တော်ကို အပ်နှင်းထားတော်မူ၏။ မင်္ဂလာတရားတော် ဟောကြားပြီးနောက် ပြန်ကြွတော်မူရာတွင် သပိတ်တော်က ဘုရားရှင်က ပြန်၍ယူတော်မမူပေ။ နန္ဒ

မင်းသားလည်း နောင်တော်ဘုရားရှင်ကို ရိုသေလေးမြတ်လှသဖြင့် သပိတ်တော်ပြန်မအပ်ဝံ့ဘဲ နောက်တော်မှလိုက်ပါသွားရ၏။ ထိုစဉ်ဘွင်နှမတော် ဇနပဒကလျာဏီသည် ရေစိုဆံ့ခြင်း နှင်ဖက်ခဲ့ပြီး ဆံပင်ဖရိုဖရဲဖြင့် ဆောလျင်စွာထလာပြီးလျှင်–

"အရှင်သား၊ မြန်မြန်ကြီး ပြန်ကြွလာတော်မူပါ"ဟု မှာကြားလိုက်၏။ ဤအသံသည် နန္ဒမင်းသား၏ စိတ်နှလုံး၌ တံကျင် လျှိုထားဘိသကဲ့သို့ စူးဝင်နစ်နေလေသည်။

နန္ဒမင်းသားသည် သပိတ်တော်ကို တစ်နေရာရာတွင် နောင်တော်ဘုရားက ယူလိမ့်နိုးနိုး မျှော်ကိုးရင်း လိုက်ပါလာခဲ့ရာ မည်သည့်နေရာမှ ယူတော်မမူသဖြင့် ကျောင်းတော်ထိရောက်ရှိလာ၏၊ ဤတွင် ဘုရားရှင်က "နန္ဒ၊ သင် ရဟန်းပြုနိုင်မည်လော" ဟု မေးတော်မူ၏။ နန္ဒမင်းသားမှာ ဘုရားရှင်ကို ရိုသေလေးမြတ်သူဖြစ်၍ မိမိစိတ်သဘောရှိရာကို မလျှောက်ဝံ့ဘဲ "ရဟန်းပြုနိုင်ပါသည် ဘုရား"ဟူ၍သာ အလိုက်သင့် လျှောက်ထား၏။ ထိုနေ့မှာပင် ဘုရားရှင်က ညီတော်နန္ဒကို ရဟန်း ပြု၍ ပေးတော်မူလိုက်လေသည်။

ဘုရားရှင်ရောက်တော်မူ၍ ခုနစ်ရက်မြောက်သောနေ့တွင် ယသော်ဓရာသည် သားတော်ရာဟုလာအား အဝတ်တန်ဆာ ဆင်ပေးပြီးလျှင် ခမည်းတော် ဘုရားထံသို့ အမွေတောင်းရန် စေလွှတ်လိုက်၏။ ရာဟုလာသည် အဖဟူသော ချစ်ခြင်းဖြင့် ရှေ့တော်သို့ ရဲတင်းစွာ ဝင်ရောက်ပြီးလျှင် တီတီတာတာ ပြောဆိုရင်း အမွေတောင်း၏။ ဘုရားရှင်လည်း သားတော်လေး ရာဟုလာကို မည်သို့မျှ မိန့်တော်မမူဘဲ ဆွမ်းဘုဉ်း ပေးပြီးလျှင် ဆွမ်းအနုမောဒနာတရား ဟောကြားကာ နေရာမှထ၍ ကြွတော်မူ၏။ သားတော်လေး ရာဟုလာသည်လည်း ခမည်းတော်နောက်မှ အမွေတောင်းရင်းလိုက်ပါလာလေသည်။

သားတော်လေးရာဟုလာကို ဘုရားရှင်က ပြန်သွားရန် မိန့်ကြားတော်မမူပေ။ ဘုရားရှင်နောက်မှ လိုက်ပါလာနေသည်ဖြစ်၍ လူအများကလည်း မတားဝံ့ပေ။ ကျောင်းတော်သို့ ရောက်သော အခါတွင်ကား ဘုရားရှင်က သားတော်လေး ရာဟုလာအား ဤသို့ အမွေ ပေးတော်မူလေသည်။

"သာရိပုတ္တရာ၊ ဤရာဟုလာသည် ဆင်းရဲခြင်း၏ အကြောင်းဖြစ်သော လောကီအာမွေကို တောင်းပေသည်။ ငါဘုရားသည် သားတော်ရာဟုလာအား လောကုတ္တရာအမွေကို ပေးအံ့။ ထို့ကြောင့် သားတော်ရာဟုလာအား ရှင်ပြုပေးပါလော့"

ဤ အမိန့်တော်အရ ဧရှင်သာရိပုတ္တရာသည် သားတော်ရာဟုလာကို ရှင်ပြုပေးလိုက်၏၊ ဤတွင် ခမည်းတော် သုဒ္ဓေါဒန မင်းကြီးသည် စိတ်ဆင်းရဲခြင်းကို သည်းမခံနိုင်တော့သဖြင့် ဘုရားရှင်ထံဝင်ရောက်ကာ "အရှင်ဘုရား၊ တပည့်တော် တောင်းပန်ပါသည်။ အမိအဖတို့ ခွင့်မပြုသောသားကို ရှင်ရဟန်းပြု၍ မပေးစေလိုပါ ဘုရား"ဟု လျှောက်ထား၏၊ ဘုရားရှင်ကလည်း ခမည်းတော်ကြီး၏ လျှောက်ထားချက်ကို လိုက်လျောတော်မူလေသည်။

နောက်တစ်နေ့တွင် မြတ်စွာဘုရားသည် မဟာဓမ္မပါလ ဇာတ်ကို ဟောကြားတော်မူကာ ခမည်းတော်ကြီးအား အနာဂါမ်ဖိုလ်၌ တည်စေတော်မူ၏၊ ထို့နောက်ဘုရားရှင်သည် ရာဇဂြိုဟ်မြို့တော်သို့ ပြန်ကြွတော်မူ၏။ ထိုမှတစ်ဆင့် အနာထပိဏ်သဌေး ပင့်လျှောက်ချက်အရ သာဝတ္ထိမြို့တော်သို့ ကြွတော်မူကာ ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူလေသည်။

ဇေတဝန်ကျောင်းတော်အရောက်တွင် စိတ်မပါဘဲ ရဟန်းပြုခဲ့ရသော အရှင်နန္ဒသည် သည်းမခံနိုင်လောက်အောင် ငြီးငွေ့လာ၏။ သူသည် သီတင်းသုံးဖော် ရဟန်းများနှင့် တွေ့ဆုံလေ၏၊ "ငါရှင်တို့ ငါသည် မမွေ့လျော်ပါဘဲလျက် သာသနာ့ဝန် ထမ်းဆောင်နေရ၏။ ဤတာဝန်ကို ဆက်လက် မထမ်းနိုင်တော့ပါ။ သိက္ခာချ၍လူထွက်တော့မည်"ဟု ပြောကြားနေ၏။ ထိုအကြောင်းကို ဘုရားရှင် ကြားတော်မူ၍ မေးမြန်းတော်မူသော၊ အခါ အရှင်နန္ဒက "အရှင်ဘုရား၊ ဇနပဒကလျာဏီ မှာလိုက်သော အသံကို ကြားယောင်နေ၍ သာသနာတော်၌ မမွေ့လျော်နိုင်ပါ ဘုရား"ဟု လျှောက်ထားလေသည်။

ထိုအခါ ဘုရားရှင်သည် ညီတော်နန္ဒကို လက်မောင်းမှ ဆွဲကိုင်ကာ တန်ခိုးတော်ဖြင့် ဟိမဝန္တာသို့ ကြွတော်မူ၏။ ဟိမဝန္တာတော တစ်နေရာတွင် သစ်ငုတ်၌ ထိုင်နေသော နားရွက်နှင့် နှာခေါင်းများပြတ်ကာ ပါး

စောင်၌ အဖုရှိသော မျောက်မကို ပြတော်မူ၏၊ ထိုမှတစ်ဆင့် တာဝတိံသာ နတ်ပြည်ကို ကြွတော်မူရာ အရှင်နန္ဒလည်း အတူပါလာ၏။ ထိုတွင် သိကြားမင်း ထံ ခစားရန်လာကြသော ခိုခြေကဲ့သို့ ခြင်းခြင်းနီထွေးသော အဆင်းရှိသော နတ်သမီးငါးရာတို့နှင့် တွေ့ဆုံကြရ၏။ ဤတွင် ဘုရားရှင်က "နန္ဒ၊ သာကီဝင်မင်းသမီး ဇနပဒကလျာဏီနှင့် ဤနတ်သမီးများအနက် မည်သူက လှပတင့်တယ်ပါသနည်း"ဟု မေးတော်မူ၏။ အရှင် နန္ဒက "အရှင်ဘုရား၊ ဤနတ်သမီးများနှင့် နှိုင်းယှဉ်ရပါသော် ဇနပဒကလျာဏီသည် လမ်းမှာ တွေ့ခဲ့ရသော မျောက်မသဖွယ် ဖြစ်နေပါပြီဘုရား" ဟု လျှောက်ထား၏။ ဤတွင် ဘုရားရှင်က "နန္ဒ၊ သာသနာတော်မှာ ပျော်ပျော်ကြီး နေပါလော့၊ လှတင့်တယ်သော နတ်သမီးကို ရရှိရန် ငါဘုရား တာဝန်ခံ၏"ဟု မိန့်ကြားတော်မူ၏။ အရှင်နန္ဒကလည်း ဤသို့ ဆိုလျှင် သာသနာတော်၌ ဆက်လက်နေပါမည်ဘုရားဟု အာမခံလေသည်။

ထို့နောက် ဘုရားရှင်သည် ညီတော်နန္ဒနှင့်အတူ ဇေတဝန်ကျောင်းတော်သို့ ပြန်လည်၍ ကြွရောက်တော်မူ၏။ ဤအကြောင်းကို အရှင်နန္ဒနှင့် ခင်မင်ရင်းနှီးသော ရဟန်းများ ကြားသိသောအခါ "အရှင် နန္ဒသည် နတ်သမီးတည်းဟူသော အဖိုးအခကို ခံစားရန် ရဟန်းဝတ်၏၊ ရဟန်းဝတ်ခြင်းတည်းဟူသော အရင်းအနှီးဖြင့် နတ်သမီးများကို ဝယ်ယူ၏" ဟု ကဲ့ရဲ့ကြကုန်၏။ ထိုစကားကြောင့် အရှင်နန္ဒသည် လွန်စွာရှက်ရွံ့ကာ အလွန်တရာ စက်ဆုပ်ကာ ဆိတ်ငြိမ်ရာသို့ တစ်ပါးတည်း ကပ်၍ တရားအားထုတ်ရာ ထိုညမှာပင်လျှင် ရဟန္တာ အရှင်မြတ်တပါး ဖြစ်လေတော့သည်။

ထိုညလွန်မြောက်၍ နံနက်ခင်း ရောက်လတ်သော် အရှင်နန္ဒသည် ဘုရားရှင်ထံချဉ်းကပ်ပြီးလျှင် "အရှင်ဘုရား၊ ဘုရားရှင်သည် တပည့်တော်အား လှပတင့်တယ်သော နတ်သမီးရရှိစေရန် တာဝန်ကို တပည့်တော်က ခွင့်လွှတ်လိုက်ပါပြီဘုရား"ဟု လျှောက်ထား၏။ ဘုရားရှင်က "နန္ဒ၊ သင့်စိတ်သည် အာသဝတရားတို့မှ လွတ်မြောက်ချိန်၌ပင် ငါဘုရား၏ တာဝန်ခံယူမှုမှ လွတ်မြောက်နေပါပြီ"ဟု မိန့်တော်မူကာ-

ကာမညွန်အိုင်မှ ကူးမြောက်ပြီ ကာမဆူးငြောင့်ကို ဖျက်ဆီး
လျက် မောဟကုန်ရာ နိဗ္ဗာန်သို့ ရောက်သူသည် ချမ်းသာခြင်း
ဆင်းရဲခြင်းတို့၌ တုန်လှုပ်တော့ချေ တကား"

ဟု ဥဒါန်းကျူးရင့်တော်မူလေသည်။

ဤသို့ ရဟန္တာဖြစ်နေသော အရှင်နန္ဒက မိမိအကြောင်းကို ပြောပြရာတွင် ရဟန်းများက မယုံကြည်သဖြင့် ဘုရားရှင်ထံ ဝင်ရောက်၍လျှောက်ထားကြ၏။ ဤတွင်ဘုရားရှင်က ညီတော်နန္ဒ၏ ဟိုယခင်က အခြေအနေနှင့် အခုအခြေအနေ မတူတော့ကြောင်း နှိုင်းယှဉ်ပြီးတော်မူကာ အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၁၅။ မကောင်းမှုပြုသောသူသည် ဤဘဝ၌ စိုးရိမ်ရ၏။ တမလွန်ဘဝ၌ စိုးရိမ်ရ၏။ ပစ္စုပ္ပန် တမလွန် နှစ်တန်သော ဘဝတို့၌ စိုးရိမ်ရ၏။ ထိုသူသည် မိမိ၏ ညစ်နွမ်းသော ကံကို သိမြင်၍ စိုးရိမ်ရ၏။ ပူပန်ရ၏။

## ဝက်သတ် သမား စုန္ဒ

ဝေဠုဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဝက်သတ်သမား စုန္ဒကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ဝေဠုဝန်ကျောင်းတော် အနီးမှာ နေသော စုန္ဒသည် ဝက်သတ်၍ အသက်မွေးသူဖြစ်၏။ အိမ်နောက်ဖေး၌ ခြံဘည့်၍ မွေးမြူထားသော ဝက်များအနက်မှ သတ်လိုသောဝက်ကို မလှုပ်နိုင်အောင် တုပ်နှောင်ကာ အသားများ ကြွတက်လာစေရန် ဝက်ပါးစပ်ကိုဖွင့်၍ တုတ်ဖြင့် ထောက်ထားပြီးလျှင် ကျိုက်ကျိုက်ဆူနေသော ရေကို သံခွက်ဖြင့်ခပ်ကာ ပါးစပ်ထဲသို့ လောင်းထည့်၏။ ထိုရေပူသည် ဝမ်းထဲမှ အညစ်အကြေးများကို ယူဆောင်၍ အောက်ဒွါရမှ ထွက်၏။ ကျိုက်ကျိုက်ဆူသောရေကို ဝက်၏ ကျောပေါ် လောင်းချ၏။ ရေပူကြောင့် ဝက်၏ ကျောမည်းမည်းကြီး ဖြူဖွေးလာ၏။ ကြွင်းကျန်သော အမွေးများကို မီးမြှိုက်၍ ပစ်ရ၏။ ထို့နောက် ဓားထက်ထက်ဖြင့် ဝက်ကို လည်ပင်းမှ ပိုင်းဖြတ်လေတော့သည်။

စုန္ဒသည် ဝက်သွေးဝက်သားကို သားမယားနှင့်တကွ မြိန်ယှက်စွာ ချက်ပြုတ်စားသောက်ကာ ကျန်သမျှကို ရောင်းချ၏။ မြတ်စွာဘုရား၏ ကျောင်းတော်အနီးမှာ နေသော်လည်း ပန်းတစ်ဆုပ်မျှ ဆွမ်းတစ်ဇွန်းမျှ မလောင်း မလှူဖူးပေ။ ဤသို့ဖြင့် ငါးဆယ့်ငါးနှစ်တာ ကာလပတ်လုံး သတ်ဖြတ် စားသောက်လာခဲ့၍ မကောင်းကျိုး ပေးချိန်တန်သောအခါ စုန္ဒ၏ကိုယ်ပေါ်၌ အနာကြီးပေါက်လာ၏။ အဝီစိ ငရဲမီးသည် သူတို့ရှိရာသို့ တက်လာ၍ လောင်မြှိုက်၏။ စုန္ဒသည် မိမိပြုခဲ့သော ကံကို၏ အကျိုးကို

ခံစားမှုင်း အောင်မြည်လျက် လေးဖက်ထောက်လျက် ပြေးနေရ၏။ အိမ်သူအိမ်သားတို့သည် သူ့ကို မည်သူမျှ မတားဆီးနိုင်ဘဲ အိမ်ထဲမှ မထွက်နိုင်ရန်သာ တံခါးရှိသမျှ ပိတ်၍ ထားကြရကုန်၏။ ဤသို့ဖြင့် ခုနစ်ရက်တိုင်တိုင် ခံစားရကာ ရှစ်ရက်မြောက်သော နေ့တွင်ကား သေဆုံး အဝီစိငရဲ၌ ကျရောက်ရလေတော့သည်။

စုန္ဒ၏ အိမ်အနီးမှ ဖြတ်သွားခဲ့ကြသော ရဟန်းတို့သည် အိမ်ထဲမှ ဝက်အော်သံကို ကြားရသဖြင့် ဤအိမ်၌ မင်္ဂလာပွဲတစ်ခုခု ပြုလုပ်ရန် ရှိနေသည်ဟု ထင်မှတ်ကြ၏။ ဤအကြောင်းကို ဘုရားရှင်ထံ လျှောက်ထားကြရာ ဘုရားရှင်က ဝက်သတ်သမားစုန္ဒ၏ အကုသိုလ်ကံ အကျိုးပေးပုံကို မိန့်ကြားတော်မူပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

## ဒေသနာတော်

၁၆။ ။ကောင်းမှုပြုသူသည် ဤဘဝ၌လည်းမြောက်ရ၏။ တမလွန်ဘဝ၌လည်း ဝမ်းမြောက်ရ၏။ ပစ္စုပ္ပန် တမလွန် နှစ်တန်သောဘဝတို့၌ ဝမ်းမြောက်ရ၏။ အလွန်ဝမ်းမြောက်ရ၏။

## ဓမ္မိက ဥပါသကာ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် မသေမိကပင်နတ်ရထားများ ဆိုက်ရောက်လာရသော ဓမ္မိကဥပါသကာကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

သာဝတ္ထိမြို့တော်မှာ နေထိုင်သော မဟာဓမ္မိက ဥပါသကာသည် သီလနှင့်ပြည့်စုံ၍ အကျင့်ကောင်းမွန်၏၊ လှူဒါန်းဝေဖန်မှု၌ မွေ့လျော်၏။ သူ၏ ဇနီးနှင့်တကွ သားခုနစ်ယောက်၊ သမီးခုနစ်ယောက် တို့သည်လည်း ဖခင်၏နည်းတူ ကုသိုလ်ကောင်းမှု ပြုကြလေသည်။

မဟာဓမ္မိက ဥပါသကာကြီးသည် တစ်နေ့သ၌ အနာရောဂါ ကျရောက်၍ အသက်ဘေးကို စိုးရိမ်လာရ၏။ ဤတွင် ရဟန်းတော်များကို ပင့်ဖိတ်၍ တရားဟောကြားရန် လျှောက်ထား၏။ ရဟန်းများသည် ဥပါသကာကြီး၏ ညောင်စောင်းကို ဝန်းရံကာ ဥပါသကာကြီး နှစ်သက်သော မဟာသတိပဋ္ဌာန် သုတ္တန်ကြီးကို ရွတ်ဖတ်ကြ၏။ ထိုစဉ်တွင် နတ်ပြည်ခြောက်ထပ်တို့မှ နတ်ရထားခြောက်စီးအည် ကောင်းကင်မှ ဆိုက်ရောက်

လာကာ "အိုဥပါသကာကြီး၊ မြေအိုးကိုခွဲပြီး ရွှေအိုးကို ယူသကဲ့သို့ ဤရထားထက်သို့ တက်တော်မူပါ" ဟု ရထားမှူးနတ်သားတို့က သူ့ထက် ငါ တောင်းပန်ကြလေသည်။

ဥပါသကာကြီးသည် တရားနာရာတွင် အနှောင့်အယှက် မဖြစ်စေ လိုသဖြင့် ထိုနတ်သားတို့အား "ဆိုင်းကြဦး၊ ဆိုင်းကြဦး" ဟု လှမ်း၍ ဆို၏။ ရဟန်းတို့သည် မိမိတို့အား တားသည်ထင်မှတ်၍ သုတ္တန်ရွတ်ဖတ် ခြင်းကို ရပ်စဲ၍ ထားလိုက်ကြ၏။ ဤတွင် သားသမီးတို့ကလည်း "ငါတို့၏ ဖခင်သည် ရှေးအခါတုန်းက တရားနာ၍ မရောင့်ရဲခဲ့ဖူးချေ။ ယခု ရဟန်း များကို ပင့်ဖိတ်ကာ ရွတ်စေပြီးမှ သူကိုယ်တိုင် တားမြစ်ဘိ၏။ သေခြင်း တရားကို မကြောက်သောသူ မရှိပါတကား" ဟု ဆိုကာ ငိုကြွေးကြကုန်၏။ ရဟန်းများလည်း "ယခုအခါ ငါတို့ ရွတ်ဆိုခွင့် မရှိတော့ပြီ" ဟု နှလုံး သွင်းကာ ပြန်၍ ကြွကြလေသည်။

အတန်ကြာမှ ဥပါသကာကြီး သတိရ၍ သားသမီးတို့၏ ငိုရခြင်း အကြောင်းကို မေး၏၊ သားသမီးတို့က ငိုရခြင်းအကြောင်းကို ပြောကြား ကြရာ—

"ငါသည် ရဟန်းတော်တို့ကို တားမြစ်သည် မဟုတ်ပါ။ နတ်ပြည် ခြောက်ထပ်မှ နတ်ရထားခြောက်စီး ဆိုက်ရောက်လာကာ ရထားမှူးတို့က သူ့ထက်ငါ ခေါ်နေကြသဖြင့် သူတို့ကို တားမြစ်ခြင်းသာ ဖြစ်ပါသည်"

"နတ်ရထားတို့ အဘယ်မှာ ရှိပါသနည်း"

"သားတို့၊ သမီးတို့ ငါ့အတွက် ပြုလုပ်ထားသော ပန်းကုံး ရှိပါ သလော"

"ရှိပါသည် ဖခင်"

"သို့ဖြစ်လျှင် နတ်ပြည်ခြောက်ထပ်အနက် ဘယ်နတ်ပြည်သည် မွေ့ လျော်ဖွယ် ကောင်းသနည်း"

"ဘုရားလောင်း အားလုံးနှင့်တကွ ဘုရားမယ်တော် မည်းတော်တို့ ပျော်စံရာ တုသိတာနတ်ပြည်သည် မွေ့လျော်ဖွယ် ကောင်းပါသည် ဖခင်"

ဤသို့ သားသမီးများ ဖြေကြားကြသဖြင့် မဟာဓမ္မိကဥပါသကာ သည် "တုသိတာနတ်ပြည်မှ ရထားဦးတွင် ချိတ်စေသတည်း" ဟု အဓိဋ္ဌာန် ပြုကာ ပန်းကုံးကို ပစ်မြှောက်ရန် စေခိုင်း၏။ သားသမီးတို့ ပစ်မြှောက် သော ပန်းကုံးသည် တုသိတာနတ်ပြည်မှ ရထားဦးတွင် သွား၍ စွပ်နေ၏။

လူတို့သည် ပန်းကုံးကိုသာ မြင်ရ၍ ရထားကိုမမြင်ကြရချေ။ မဟာ ဓမ္မိက ဥပါသကာသည် "ငါကား တုသိတာ နတ်ပြည်သို့ လိုက်ပါရအံ့၊ သင်တို့ မစိုးရိမ်ကြကုန်လင့်၊ ငါ့ထံသို့ လိုက်ပါလိုကြလျှင် ငါကဲ့သို့ ကုသိုလ် ကောင်းမှုပြုကြကုန်"ဟု ဆို၊မစကားဆိုကာ ကွယ်လွန်ပြီးနောက် တုသိတာ နတ်ရထားပေါ်၌ နတ်သား ဖြစ်လေသည်၊

တရားဒေသနာတော် ရွတ်ဖတ်ရန် ကြွရောက်ခဲ့ကြသော ရဟန်း၊ များက ထိုအကြောင်းများကို လျှောက်ထားကြရာ ဘုရားရှင်က ကုသိုလ် ကောင်းမှု၏ အကျိုးပေးပုံကို မိန့်ကြားတော်မူပြီးလျှင် အထက်ပါဒေသနာ တော်ကို ဟောကြားတော်မူလေသတည်း။

## ဒေသနာတော်

၁၇။ ။မကောင်းမှု ပြုသူသည် ဤဘဝ၌လည်း ပူပန်ရ၏၊ တမလွန်ဘဝ၌ လည်း ပူပန်ရ၏။ ပစ္စုပ္ပန် တမလွန် နှစ်တန်သောဘဝ၌ ပူပန်ရ၏။ ငါသည် မကောင်းမှုကို ပြုမိပြီဟူ၍ ပူပန်ရ၏။ ဒုဂ္ဂတိသို့ ကျရောက် ပါမူ အလွန်အမင်း ပူပန်ရ၏။

## ဒေဝဒတ် (မြေမျိုခြင်း)

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် မြေမျိုခံရသော ဒေဝဒတ်ကို အကြောင်းပြု၍ ဤ ဒေသနာတော်ကို ဟောကြားတော်မူ လေသည်။

အနုပိယ အမည်ရှိသော မလ္လမင်းတို့၏ နိဂုံးရွာရှိ အနုပိယသရက် ဥယျာဉ်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဒေဝဒတ်သည် အခြား သကျ မင်းသားများနှင့်အတူ ရဟန်းပြုခဲ့သူဖြစ်၏၊ အရှင်ဗာဟုဒါယီ ပင့်လျှောက် ၍ ကပိလဝတ်မြို့တော်ကို ကြွချီတော်မူလာစဉ်က သကျမင်းသားပေါင်း အမြောက်အမြား ရဟန်းပြုခဲ့၏။ သို့ရာတွင် ဘဒ္ဒိယသည် သုဒ္ဓေါဒနမင်းကြီး ၏ကိုယ်စား တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေရ၍ ရဟန်း မပြု ဖြစ်ခဲ့ပေ။ အနုရုဒ္ဓါ၊ အာနန္ဒာ၊ ဘဂု၊ ကိမိလနှင့် ဒေဝဒတ် မင်းသား တို့မှာလည်း ရဟန်းပြုရန် နှောင့်နှေးခဲ့ကြ၏၊ ဤသို့ ရှိရာမှ မြတ်စွာဘုရား အနုပိယ သရက်ဥယျာဉ်တော်၌ စံတော်မူနေချိန်တွင်ကား ရဟန်းပြုရန် စိတ်ထက်သန် လာကြလေသည်။

ထိုမင်းအားတို့တွင် အနုရုဒ္ဓါ မင်းသားကား ကုသိုလ်ကံ အကျိုး ပေးကောင်းသူ ဖြစ်၏၊ရှေးဘဝတစ်ခု၌ ဥပရိဋ္ဌ ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား

ထွမ်းလှူခဲ့ဖူးသောကောင်းမှုကြောင့် မရှိဟူသော စကားလုံးကိုပင် နားမလည်ခဲ့ပေ။ တစ်နေ့သ၌ အခြား သကျမင်းသားများနှင့်အတူ မုန့်ပေးတမ်းခုံညင်းထိုး ကစားကြရာ အနုရုဒ္ဓါရှုံးသဖြင့် မယ်တော်ထံ မုန့်ယူရန်အခိုင်းအစေကို လွှတ်လိုက်၏။ မယ်တော်က အသင့်စီမံ၍ ပေးလိုက်သောမုန့်ကို အနုရုဒ္ဓါသည် ကစားဖော် မင်းသားများနှင့်အတူ စားကြကာ ဆက်၍ ကစားပြန်၏။ အနုရုဒ္ဓါပင် ဆက်၍ရှုံးသဖြင့် မယ်တော်ထံသို့ အခိုင်းအစေကို လွှတ်ရပြန်၏။ သုံးကြိမ်မြောက် မုန့်ထည့်ပေးပြီး၍ လေးကြိမ်မြောက်အဆောက်တွင်မူ မယ်တော်သည် 'မုန့်မရှိတော့'ဟု ဆိုကာ အခိုင်းအစေကို ပြန်လွှတ်လိုက်၏။ အနုရုဒ္ဓါသည် မရှိဟူသောစကား၏ အဓိပ္ပာယ်ကိုပင် နားမလည်သဲ မုန့်တစ်မျိုးဟု ထင်မှတ်ကာ ထိုမရှိမုန့်ကိုပင် ပေးလိုက်ပါ ဟူ၍ အခိုင်းအစေကို ပြန်လွှတ်လိုက်လေသည်။

[အရှင် အနုရုဒ္ဓါ၏ ရှေးကောင်းမှု အကြောင်းကို ဘိက္ခုဝဂ်၊ သုမနသာမဏေဝတ္ထုမှာ ရှုပါ။]

ဤတွင် မယ်တော်သည် 'မရှိ' ဟူသော စကား၏ အဓိပ္ပာယ်ကို သားတော် နားလည်စေရန် ရွှေခွက်အလွတ်တစ်လုံးကို အခြားရွှေခွက်တစ်လုံးဖြင့် ဖုံးအုပ်၍ ပေးလိုက်၏၊ အနုရုဒ္ဓါမင်းသား၏ ရှေးက ပြုခဲ့ဖူးသော ကောင်းမှုကုသိုလ်ကံကြောင့် မြို့စောင့်နတ်များသည် ထိုရွှေခွက်၌ နတ်မုန့်များ ထည့်ပေးကြရ၏။ အလွန်တရာ အနံ့အရသာရှိလှသော နတ်မုန့်များကို ကစားဖော်များနှင့်အတူ အနုရုဒ္ဓါသည် မယ်တော်ထံသို့ ပြန်လာကာ "မယ်တော်သည် သားတော်ကို ချစ်ပါလျက် ယခင်နေ့များ၌ အဘယ့်ကြောင့် မရှိမုန့်များ လုပ်၍ ပေးပါသနည်း" ဟု မေးမြန်း၏။ မယ်တော်သည် အခိုင်းအစေကို မေးမြန်းကြည့်ခါမှ ထိုမေးခွန်း၏ ဆိုလိုချက်ကို သဘောပေါက်သွား၏။ ထိုနေ့မှစ၍ အနုရုဒ္ဓါက မရှိမုန့်စားချင်သည် ဆိုလေတိုင်း ရွှေခွက်အလွတ်ကို ပို့ပေးရ၏။ ပို့ပေးလေသမျှ ရွှေခွက်များတွင်လည်း နတ်မုန့်များ ပြည့်လျက်သာ ပါလာကြလေသည်။

ဤသို့ ကုသိုလ်ကံ အကျိုးပေး ကောင်းလှသော အနုရုဒ္ဓါကို နောင်တော်ကြီး မဟာနမ်က ဤသို့ တိုင်ပင်လေ၏။

"ညီတော်၊ အခြားသော ဆွေတော် မျိုးတော်များသည် ရဟန်းပြုကုန်ကြပြီ၊ ငါတို့အိမ်မှာသည်း တစ်ယောက်ယောက် ရဟန်းပြု ရပေလိမ့်မည်။ နောင်တော်ပင် ရဟန်းပြုရမည်လော၊ သို့မဟုတ် ညီတော်ပင် ရဟန်းပြုမည်လော"

"ညီတော်သည် နူးညံ့သိမ်မွေ့သူဖြစ်၍ ရဟန်းမပြုနိုင်ပါ နောင်တော်"

"ဤသို့ဆိုလျှင် နောင်တော် ရဟန်းပြုပါမည်။ ညီတော်သာလျှင် အလုပ်ကိစ္စကို လုပ်ဆောင်ပါ"

"အလုပ်ကိစ္စများဟူသည် အဘယ်သို့ပါနည်း၊ နောင်တော်"

ဤသို့ အနုရုဒ္ဓါက မေးသဖြင့် နောင်တော်ကြီး မဟာနာမ်က လယ်ထွန်ခြင်းမှ စတင်၍ အဆင့်ဆင့် လုပ်ဆောင်ရသော လယ်ယာလုပ်ငန်းများကို ပြောပြရ၏။ ဤတွင် အနုရုဒ္ဓါသည် ရဟန်းပြုရန် စိတ်ထက်သန်လာကာ မယ်တော်ထံ ပန်ကြား၏။ မယ်တော်သည် သုံးကြိမ်တိုင်တိုင် ငြင်းပယ်ပြီးမှ သားတော်၏သူငယ်ချင်း ဘဒ္ဒိယ ရဟန်းပြုလျှင် သင့်လည်း ပြုပေလောဟု ခြွင်းချက်ဖြင့် ခွင့်ပြုလိုက်၏။ အနုရုဒ္ဓါသည် ဘဒ္ဒိယထံသို့ သွားကာ 'ငါ၏ရဟန်းပြုနိုင်ခွင့်သည် သင်နှင့် ဆက်စပ်နေ၏။ သင်ပါ ရဟန်းပြုပါမှ ငါ့ကို မယ်တော်က ရဟန်းပြုခွင့် ပေးပါလိမ့်မည်'ဟု ဆို၏။ ဘဒ္ဒိယကလည်း မိမိပါ ရဟန်းပြုပါမည်ဟု ဝန်ခံချက်ပေးလိုက်လေသည်။

ဤသို့ဖြင့် ဘဒ္ဒိယ၊ အနုရုဒ္ဓါ၊ အာနန္ဒာ၊ ဘဂု၊ ကိမိလနှင့် ဒေဝဒတ်ဟူသော သကျမင်းသားခြောက်ယောက်နှင့်တကွ ဆတ္တာသည် ဥပါလိတို့သည် ဘုရားရှင်ရှိရာသို့ အတူတကွ လာခဲ့ကြ၏။ မိမိတို့နယ်မြေကို ကျော်၍ မလ္လမင်းတို့၏ နယ်မြေသို့ ရောက်သောအခါ အခြွေအရံများကို ပြန်၍လွှတ်ပြီးလျှင် "အချင်း ဥပါလိ၊ သင် ပြန်လေလော့။ ဤမျှလောက်သော ဥစ္စာဖြင့် သင် အသက်မွေးနိုင်လောက်ပြီ" ဟု ဆိုကာ ဥပါလိထံ ဥစ္စာထုပ်ကို ပေးကြ၏။

ဆတ္တာသည် ဥပါလိသည် ဥစ္စာထုပ်ကိုယူကာ အတန်ငယ် သွားမိပြီးမှ "သကျမင်းသားတို့သည် ကြမ်းတမ်းကြကုန်၏။ ဤမင်းသားများ ပြန်မလာကြတော့သဖြင့် ငါ့ကို သတ်လိုက သတ်ကြရာ၏။ ဤမင်းသားတို့သည်ပင် ဤသို့သော စည်းစိမ်ဥစ္စာကို စွန့်လွှတ်ကာ ရဟန်းပြုနိုင်ကြသေး၏။ ငါသည်လည်း အဘယ်ကြောင့် မပြုနိုင်ရမည်နည်း"ဟု တွေးတောကာ ဥစ္စာထုပ်ကို သစ်ပင်တစ်ခုမှာ ချိတ်ထားခဲ့ပြီးလျှင် မင်းသားများနောက်သို့ အမီလိုက်၏။ မင်းသားများကလည်း ဝမ်းမြောက် ဝမ်းသာ လက်ခံကာ ဥပါလိကိုပါ ခေါ်ဆောင်၍ လာကြလေသည်။

ဘုရားရှင် ရှေ့တော်မှောက်သို့ ရောက်သော် သကျမင်းသားများက "အရှင်ဘုရား၊ တပည့်တော်တို့ အကျမင်းသားများသည် မာန်မာန ပြင်းထန်

ကြပါ၏။ ဤဆတ္တာသည် ဥပါလိအား တပည့်တော်တို့အား အချိန်ကြာမြင့်စွာ ပြုစု လုပ်ကျွေးခဲ့သူ ဖြစ်ပါ၏။ သူ့ကို ပထမဆုံး ရဟန်းပြုတော်မူပါ၊ သို့မှသာလျှင် သူ့ကိုတပည့်တော်တို့က ရိုခိုးနိုင်ကြပါလိမ့်မည်" ဟု လျှောက်ထားကြ၏။ ဘုရားရှင်ကလည်း ဥပါလိကို ပထမဆုံး ရဟန်းပြုပေးကာ သကျမင်းသားခြောက်ယောက်ကို နောက်မှ ရဟန်းပြု၍ ပေးတော်မူလေသည်။

ထိုပုဂ္ဂိုလ်တို့တွင် အရှင်ဘဒ္ဒိယသည် ထိုဝါတွင်းမှာပင် ပုဗ္ဗေနိဝါသ အဘိညာဉ်၊ ဒိဗ္ဗစက္ခုအဘိညာဉ်၊ အာသဝက္ခယဉာဏ် ဟူသော ဝိဇ္ဇာဉာဏ်သုံးပါးဖြင့် ရဟန္တာဖြစ်၏။ အရှင်အနုရုဒ္ဓါသည် ဒိဗ္ဗစက္ခုအဘိညာဉ် ရရှိကာ နောင်အခါ မဟာဝိတက္ကသုတ်ကို ကြားနာပြီးလျှင် နည်းမှန်လမ်းကျ တရားအားထုတ်၍ ရဟန္တာဖြစ်၏။ အရှင်အာနန္ဒာသည် သောတာပတ္တိဖိုလ်၌ တည်၏၊ အရှင်ဘဂုနှင့်အရှင် ကိမိလတို့သည် နောင်အခါတွင် ဝိပဿနာ ပွားများ၍ ရဟန္တာဖြစ်ကြကုန်၏၊ အရှင်ဒေဝဒတ်ကား လောကီအဘိညာဉ်ကို ရရှိလေသည်။

နောင်အခါ၌ ဘုရားရှင်သည် ကောသမ္ဗီမြို့သို့ ကြွရောက်၍ သီတင်းသုံးတော်မူ၏။ မြို့သူမြို့သားတို့သည် လှူဖွယ်ပစ္စည်းများကို သယ်ဆောင်လာကြပြီးလျှင် မြတ်စွာဘုရားနှင့်အတူ ထင်ရှားသော ထင်ရှားသော မထေရ်ကြီးများထံသို့ သွား၍ သွား၍ လှူဒါန်းကြ၏။ အရှင်ဒေဝဒတ်ထံသို့ကား မည်သူမျှရောက်မလာကြပေ။ ဤတွင် ဒေဝဒတ်သည် "ငါသည်လည်း သူတို့နှင့်အတူတူ ရဟန်းပြုခဲ့၏၊ သူတို့သည်လည်း မင်းမျိုးမှထွက်၍ ရဟန်းပြုခဲ့ကြ၏။ ငါသည်လည်း မင်းမျိုးမှထွက်ခဲ့၍ ရဟန်းပြုခဲ့၏။ မြို့သူမြို့သားတို့သည် သူတို့ကိုသာလျှင် ရှာဖွေ၍ မေးမြန်းကြကုန်၏၊ ငါ့နာမည်ကိုကား ခေါ်သူမျှပင် မရှိချေ။ ငါသည် အဘယ်သူကို အမှီပြု၍ လာဘ်ပေါများအောင် ကြံဆောင်ရပါမည်နည်း" ဟု စဉ်းစားလေသည်။

ဤသို့ စဉ်းစားပြီးနောက် ဒေဝဒတ်သည် ကောသမ္ဗီမြို့မှ ရာဇဂြိုဟ်မြို့တော်သို့ သွားပြီးလျှင် မိမိကိုယ်ကို လုလင်ပျိုအသွင် ဖန်ဆင်းလိုက်၏။ ထိုလုလင်ပျို၏ လက်ခြေလေးဖက်တို့၌မြွေကြီးလေးကောင် ရစ်ပတ်လျက်ရှိနေစေ၏။ မြွေကြီးတစ်ကောင်ကို လည်ပင်းမှာဆွဲ၏။ တစ်ကောင်ကို ခေါင်းပေါင်းပြု၏၊ တစ်ကောင်တို့ ပခုံးမှာတင်၏၊ ဤသို့ မြွေတန်ဆာ ဆင်ယင်ပြီးလျှင် အဇာတသတ်မင်းသား၏ ရင်ခွင်ထဲသို့ ကောင်းကင်မှ ပြန်းခနဲ ဆင်း၍ ထိုင်လိုက်၏။ ခမည်းတော် ဗိမ္ဗိသာရမင်းကြီးမှာ သောတာပန်

ပုဂ္ဂိုလ်ဖြစ်နေ၍ မိမိဘက် ပါမည့်သူ မဟုတ်မှန်းကို သိသဖြင့် အကောင်းအဆိုးကို နားမလည်သေးသော အဇာတသတ်မင်းသားကို သွေးဆောင်လိုက်ခြင်း ဖြစ်ပေသည်၊

အဇာတသတ်မင်းသားသည် အထိတ်တလန့်ဖြင့်ကာ "သင်မည်သူနည်း"ဟု မေး၏။ ဒေဝဒတ်က မိမိဖြစ်ကြောင်းကို ပြောဆိုကာ ဖန်ဆင်းထားသော ရုပ်သွင်ကို ဖျောက်ကာ ပကတိရုပ်သွင်ဖြင့် ကိုယ်ထင်ပြလိုက်၏။ ဤတွင် အဇာတသတ်မင်းသားသည် အလွန်တရာ ကြည်ညိုကာ နေ့စဉ်နေ့တိုင်း သွမ်းအုပ်ငါးရာ ပို့လျှ၏။ နေ့စဉ် နေ့တိုင်း နှစ်ခေါက် နှစ်ခေါက်သွား၍ ကိုးကပ်ဆည်းကပ်၏။ ဤသို့သော လာဘ်ပကာဖြင့် အပူဇော်ခံရသဖြင့် ဒေဝဒတ်သည် မာန်မာနတက်ကြွကာ "ငါသည် ရဟန်းသံဃာအားလုံးကို ဦးစီးခေါင်းဆောင် ပြုတော့အံ့"ဟု ကြံစည်မိ၏။ ဤသို့ကြံစည်မိသည်နှင့်တစ်ပြိုင်နက် ရရှိထားသော လောကီအဘိညာဉ် ကွယ်ပျောက်သွားလေသည်။

မိမိ၏ ယုတ်မာသော အကြံအစည်ကြောင့် စျာန်အဘိညာဉ် ကွယ်ပျောက်ရသည်ကိုပင် နောင်တမရသေးဘဲ ဒေဝဒတ်သည် ဘုရားရှင် ရှေ့တော်မှောက်မှာပင် ထိုအကြံအစည်ကို ထုတ်ဖော်လျှောက်ထား၏။ ထိုစဉ် ဘုရားရှင်သည် ဝေဠုဝန်ကျောင်းတော်၌ မင်းပရိတ်သတ် အပေါင်းအား တရားဟောတော်မူလျက်ရှိ၏။ ထိုပရိတ်သတ်အကြားသို့ ကြားကြားဝင့်ဝင့် ဝင်ရောက်လာကာ ရိုသေစွာ လက်အုပ်ချီလျက်–

"အရှင်ဘုရား၊ ယခုအခါ မြတ်စွာဘုရားသည် အိုမင်းလာပါပြီ။ အသက်အရွယ်ကြီးရင့်လာပါပြီ၊ ထို့ကြောင့် ဖလသမာပတ် ချမ်းသာဖြင့် ကြောင့်ကြမဲ့စွာ စံနေတော်မူပါလော့။ တပည့်တော်သည် ရဟန်းသံဃာကို ဦးစီးခေါင်းဆောင်ပြုပါအံ့။ ရဟန်း သံဃာကို တပည့်တော်အား အပ်နှင်းတော်မူပါဘုရား"ဟု လျှောက်ထားလေသည်။

ဘုရားရှင်သည် ဒေဝဒတ်၏ လျှောက်ထားချက်ကို လက်သင့်မခံဘဲ ဒေဝဒတ်၏ လာဘ်သပ်ပကာ မက်မောသည့်အဖြစ်ကို ရည်ညွှန်းတော်မူကာ "သူများတံတွေးပေါက် ကောက်၍ စားမျိုသူ"ဟူသော စကားဖြင့် မောင်းမဲတော်မူလိုက်၏။ ဤတွင် ဒေဝဒတ်သည် ဘုရားရှင်အပေါ် ပထမဦးစွာ ရန်ငြိုးဖွဲ့လျက် ပရိသတ်ကြားမှ ထွက်ခွာသွားလေတော့သည်။

ထို့နောက်ဘုရားရှင်သည် ဒေဝဒတ်အား ရာဇဂြိုဟ်မြို့တော်၌ ပကာသနီယကံကို ပြုတော်မူ၏။ ပကာသနီယကံဆိုသည်မှာ ဒေဝဒတ်၏ အပြုအမူအားလုံးသည် ရဟန်းသံဃာနှင့် မသက်ဆိုင်ကြောင်း ရာဇဂြိုဟ်မြို့တော်တစ်ခွင်လုံးအား သတိပေးကြညာရခြင်းဖြစ်၏။ ဤသို့ဘုရားရှင်က စွန့်ပယ်တော်မူလိုက်ပြီဖြစ်၍ ဒေဝဒတ်သည် ဘုရားရှင်အား သတ်ဖြတ်နိုင်ရန် အမျိုးမျိုးအဖုံဖုံကြံစည်လေတော့သည်။

ဒေဝဒတ်သည် ပထမဦးစွာ အဇာတသတ်မင်းသားအား ခမည်းတော်ဗိမ္ဗိသာရမင်းကြီးကို လုပ်ကြံသတ်ဖြတ်ရန် တိုက်တွန်းလေရာ မင်းသားသည် ခမည်းတော်ကြီးကို သေကြောင်းကြံစည်ကာ ထီးနန်းကို သိမ်းပိုက်အုပ်စိုး၏။ အဇာတသတ်မင်း၏ အာဏာကို အသုံးပြု၍ ဒေဝဒတ်သည် ဘုရားရှင်အား သတ်ဖြတ်ရန် လေးသမားများကို စေလွှတ်၏။ ဘုရားရှင်အားသတ်ဖြတ်ပြီးနောက် ပြန်လာသော လေးသမားများကိုလည်း သတ်ဖြတ်ပစ်ရန်၊ ထို့ထက်အစ်ဆတစ်ဆ များပြားသော လေးသမားများကို စေလွှတ်ထားပြန်၏။ သို့ရာတွင် လေးသမားအားလုံးသည် ဘုရားရှင်ရှေ့တော်မှောက်၌ သောတာပန် ဖြစ်သွားကြလေတော့သည်။

ဤသို့ သူတစ်ပါးကို စေခိုင်း၍ မအောင်မြင်သောအခါ ဂိဇ္ဈကုဋ်တောင်ခြေ၌ ဘုရားရှင် စင်္ကြံကြွတော်မူစဉ် ဒေဝဒတ်ကိုယ်တော်တိုင်တောင်ပေါ်မှ ကျောက်မောင်းဆဲ၍ ချ၏။ ကျောက်တုံးမှကွဲ၍ လွင့်လာသော ကျောက်စထိမှန်သဖြင့် ဘုရားရှင်၏ ခြေတော်ရင်းသွေးစိမ်းရှင်ရှင် ယိုစီး၏။ ဤသည်မှာ အပြစ်အကြီးလေးဆုံးသော အနန္တရိယကံကြီး ငါးပါးတွင် ပါဝင်သော လောဟိတုပ္ပာဒကကံ ဖြစ်ပေသည်။

ဤသို့လည်း ဘုရားရှင်ကို သတ်ဖြတ်၍ မရသေးသဖြင့် ရာဇဂြိုဟ်မြို့တော်တွင်း၌ ဘုရားရှင် ဆွမ်းခံ ကြွလာတော်မူစဉ်တွင် နာဠာဂိရိဆင်ကြီးကို အရက်သေစာများတိုက်ကျွေး၍ လွှတ်လိုက်ပြန်၏။ နာဠာဂိရိ ဆင်ကြီးက ဘုရားရှင်ထံ နင်းခြေသတ်ရန် ပြေးလာရာ နောက်တော်ပါ အရှင်အာနန္ဒာသည် ဘုရားရှင်ကိုယ်စား မိမိအသက်ကို အသေခံရန် ရှေ့တော်ကို ကျော်တက်သွား၏။ အရှင်အာနန္ဒာကို တားမြစ်ကာ ဘုရားရှင်ကိုယ်တော်တိုင် မေတ္တာစွမ်းအားဖြင့် ဆင်ကြမ်းကြီးကို ယဉ်ကျေးအောင် ဆုံးမတော်မူလေသည်။

ဗိမ္ဗိသာရမင်းကြီးကို သတ်ရန် တိုက်တွန်းခြင်းကို လည်းကောင်း၊ ဘုရားရှင်အားသတ်ဖြတ်ရန်လေးသမားများ စေလွှတ်ခြင်းကိုလည်းကောင်း၊

## စတုတ္ထအကြိမ်

ကျောက်မောင်းဆင်၍ ချခြင်းကိုလည်းကောင်း တိုင်းသူပြည်သားတို့ မသိကြပေ၊ နာဠာဂီရိဆင်ကြီးကို စေလွှတ်သည်တွင်အား လူအများတို့ ကြားသိကြကုန်၏။ "ဤမျှလောက် ယုတ်မာသော ဒေဝဒတ်ကို မင်းကြီးသည် ကိုးကွယ်ဆည်းကပ်နေဘိသည် တကား"ဟု ကြွေးကြော်ကြကုန်၏။ အဇာတသတ်မင်းသည် တိုင်းသူပြည်သားတို့ ကြွေးကြော်သံကြောင့် ဒေဝဒတ်ထံပို့နေကျ ဆွမ်းအုပ်ငါးရာကို ဖြတ်တောက်လိုက်ရ၏။ ဒေဝဒတ်ထံသို့ သွားလာဝင်ထွက်ခြင်းကိုလည်း မပြုတော့ပေ။ မြို့သူမြို့သားတို့ကလည်း ဒေဝဒတ်ကို ဆွမ်းမလောင်းကြတော့ပေ။

ဤတွင် ဒေဝဒတ်သည် အခြားတစ်ဘက် အစွမ်းပြ၍ ပရိသတ်မေးလိုသဖြင့် ဘုရားရှင်ရှေ့တော်သို့ ဝင်ကာ အချက်ငါးချက်ကို တောင်းထိုလေသည်။

"အရှင်ဘုရား၊ တပည့်တော် တောင်းပန်ပါ၏။ ရဟန်းတို့သည် အသက်ထက်ဆုံး တောကျောင်းမှာသာ နေကြပါစေ။ အသက်ထက်ဆုံး ဆွမ်းခံ၍သာစားကြပါစေ။ အသက်ထက်ဆုံး သစ်ပင်ရင်းမှာသာ နေကြပါစေ။ အသက်ထက်ဆုံး သားငါးကို ရှောင်ကြဉ်ကြပါစေ။ ဤအချက်များမလိုက်နာသော ရဟန်းအား အာပတ်သင့်ပါစေဘုရား"

ဤအချက်များအားလုံးကို ဘုရားရှင်သည် ပယ်ချတော်မူလိုက်၏။ ဒေဝဒတ်သည် ဤပယ်ချသည်ကို အခွင့်ကောင်းယူကာ မလိမ္မာသေးသော ရဟန်းငယ်များကို သွေးဆောင်စည်းရုံး၏။ "ငါသည် သံသရာဝဋ်မှ လွတ်မြောက်နိုင်ရန် အမြင့်မြတ်ဆုံးသော အကျင့်အဖြစ်ဖြင့် တောင်းပန်ခဲ့၏။ ငါ တောင်းပန်သောအချက်များကို ဘုရားရှင်က ခွင့်မပြုပေ။ သို့ဖြစ်၍ အမြင့်မြတ်ဆုံးသောအကျင့်များကို ငါတို့ဘာသာကျင့်ကြကုန်အံ့။ ငါတို့နည်းတူ ကျင့်လိုသူတို့သည် ငါနှင့်အတူ လိုက်ပါကြကုန်၏"ဟု ကြွေးကြော်ပြောဆို၏။ မလိမ္မာသော ရဟန်းငယ် ငါးရာတို့သည် ဒေဝဒတ်၏စကားကို နှစ်သက်ကာ ဒေဝဒတ်ထံသို့ ဆည်းကပ်လာကြလေသည်။

မိမိဘက်မှာ တပည့်သံဃာ ငါးရာတိတိ ရှိလာပြီဖြစ်၍ ဒေဝဒတ်သည် သံဃာကို သင်းခွဲရန် ကြိုးစားလာ၏။ ဤအကြောင်းကို ဘုရားရှင် ကြားသိတော်မူ၍ ဒေဝဒတ်ကို ခေါ်ယူပြီးလျှင် ဝန်လေးလှစွာသော သံဃဘေဒကအနန္တရိယကံကြီးကို မပြုလုပ်ရန် တားမြစ်တော်မူ၏။ သို့ရာတွင် ဒေဝဒတ်ကား မလိုက်နာနိုင်ပေ။ ကရုဏာနှင့် ဆုံးမတော်မူသည်ကို ကျောခိုင်းကာ ထွက်ခွာသွား၏။ နောက်တစ်နေ့၌ အရှင်အာနန္ဒာသည် ရာဇဂြိုဟ်

မြို့တော်တွင်း၌ ဆွမ်းခံဝင်နေစဉ် ဒေဝဒတ်နှင့် တွေ့ဆုံလေရာ "အာနန္ဒာ၊ ဤနေ့မှစ၍ ငါသည် မြတ်စွာဘုရားကို ပစ်ပယ်၍သာလျှင်၊ ရဟန်းသံဃာကို ပစ်ပယ်၍သာလျှင် တသီးတခြား ဥပုသ်ပြုတော့အံ့၊ တသီးတခြား သံဃာ့ကံကို ပြုတော်အံ့"ဟု ဒေဝဒတ်က ဆို၏။ ဤစကားကို ဘုရားရှင် ကြားသိတော်မူသောအခါ....

"သူတော်ကောင်းသည် ကောင်းမှုပြုရန် လွယ်၍ သူယုတ်မာသည် ကောင်းမှုကိုပြုရန် မလွယ်ပေ။ သူယုတ်မာသည် မကောင်းမှုကို ပြုရန်လွယ်၍ အရိယ ပုဂ္ဂိုလ်သည် မကောင်းမှုကိုပြုရန် မလွယ်ပေ"ဟု ဓမ္မသံဝေဂဖြင့် ဥဒါန်းစကား မြွက်ကြားတော် မူရလေသည်။

ထို့နောက် ဒေဝဒတ်သည် မိမိစကားကို နှစ်သက်သော ဝဇ္ဇီတိုင်းသား ရဟန်းငယ်ငါးရာတို့ဖြင့် တသီးတခြား ဥပုသ်ကံပြုခြင်းဖြင့် သံဃာကို သင်းခွဲပြီးလျှင် ထိုရဟန်းငယ်များကို ခေါ်ဆောင်ကာ ဂယာသီသ အရပ်သို့ သွားလေသည်။

ဤအကြောင်းကို ဘုရားရှင် ကြားသိတော်မူသောအခါ ဘုရားရှင်သည် မလိမ္မာ၍လိုက်ပါသွားမိကြသော ရဟန်းငယ်များကို ပြန်၍ခေါ်ယူရန် အဂ္ဂသာဝကနှစ်ပါးအား စေလွှတ်တော်မူလေသည်။

အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ လာနေသည်ကို ကောကာလိက ရဟန်းသည် အဝေးက လှမ်းမြင်၍ ဆရာကြီး ဒေဝဒတ်အား သူတို့နှင့် အကျွမ်းတဝင်မပြုရန် သတိပေး၏။ သို့ရာတွင် ဒေဝဒတ်ကား မနာယူပေ။ အဂ္ဂသာဝကနှစ်ပါးသည် ဘုရားရှင်ကိုစွန့်ပယ်ကာ သူ့ထံသည်းကပ်လာကြသည်ဟုဆိုကာ သူကိုယ်တိုင် ကြိုဆို၍ နေစရာ ထိုင်စရာပေး၏။ ညအခါတွင်လည်း မိမိကိုယ်စား ရဟန်းငယ်များကို တရားဟောခွင့် ပေး၏။ သူကိုယ်တိုင်မူကား ကျောအောင့်သဖြင့် ခေတ္တခဏလဲလျောင်းဦးမည် ဆို၍ အိပ်စက်လေရာ မကြာမီ တခေါခေါ ဟောက်လျက် အိပ်ပျော်လေသည်။

ဤသို့ ပြုခြင်းမှာ အမှန်အားဖြင့် ဘုရားရှင်ကို တုပလိုက်ခြင်းပင် ဖြစ်၏။ ညအခါ ရဟန်းပရိသတ်များအား ဘုရားရှင် တရားဟောရာတွင် အကျဉ်းဥဒ္ဒေသကို ကိုယ်တော်တိုင် ဟောတော်မူပြီးလျှင် အကျယ်နိဒ္ဒေသကို သာဝကကြီးတစ်ပါးပါးအား ဆက်လက် ဟောကြားရန် တာဝန်ပေးကာ လျောင်းစက်တော်မူ၏။ ကျောအောင့်သော ဝေဒနာမှသက်သာစေရန်သာ

လျောင်းစက်ခြင်း ဖြစ်၏။ သတိသမ္ပဇဉ် ယှဉ်စပ်နေသဖြင့် အိပ်ပျော်သည် မဟုတ်ပေ။ ဤသဘောကိုကား ဒေဝဒတ်က တုပနိုင်ဘဲ လျောင်းစက်ခြင်းကိုသာ တုပနိုင်ပေသည်။

ဘုရားရှင်ကို တုပ၍ ဒေဝဒတ် အိပ်ပျော်နေခိုက်တွင် အဂ္ဂသာဝက နှစ်ပါးတို့သည် ရဟန်းငယ်ငါးရာတို့အား တရားဟောကြားကြ၏။ ရဟန်းငယ်ငါးရာတို့လည်း အသိမှန် အမြင်မှန် ရလာကြသဖြင့် အဂ္ဂသာဝကနှစ်ပါးတို့နှင့်အတူ ညတွင်းချင်း လိုက်ပါသွားကြလေသည်။

နံနက်လင်းသောအခါ ကောကာလိကရဟန်းသည် ဒေဝဒတ်၏ ရင်ဘတ်ကို ဒူးနှင့်တိုက်ကာ "ငါ့ရှင်ဒေဝဒတ်၊ ထလော့။ သင့်တပည့်တို့ကို သာရိပုတ္တရာနှင့် မောဂ္ဂလာန်တို့ ခေါ်ဆောင်သွားချေပြီ။ သူတို့နှင့် အကျွမ်းမဝင်မပြုရန် ငါသတိပေးခဲ့သည် မဟုတ်ပါလော" ဟု ပြောဆိုကြိမ်းမောင်း၏။ ထိုဒဏ်ချက်ဖြင့်ပင် ဒေဝဒတ်မှာ သွေးပွက်ပွက် အန်ရလေတော့လေသည်။

ရာဇဂြိုဟ်မြို့တော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဒေဝဒတ်ကို အကြောင်းပြု၍ ဇာတ်တော်ပေါင်းများစွာကို ဟောကြားတော်မူ၏။ ထို့နောက် နောက်ပါ သံဃာတော်များနှင့်တကွ ရာဇဂြိုဟ် မြို့တော်မှသည် သာဝတ္ထိမြို့တော်သို့ ကြွတော်မူကာ ဇေတဝန် ကျောင်းတော်၌ သီတင်းသုံးတော်မူလေသည်။

ဒေဝဒတ်လည်း စိတ်ရောဂါယ်ပါ ဝေဒနာခံစား၍ ကိုးလကြာမြင့်သောအခါ ဘုရားရှင်ကို ဖူးမြင်လိုလာ၍ တပည့်များအား ဇေတဝန် ကျောင်းတော်သို့ ပို့ပေးရန် ပြောကြား၏။ သို့ရာတွင် တပည့်များကို လိုက်၍မပို့ကြပေ။ "သင်သည် ကျန်းမာနေစဉ် အခါတုန်းက ဘုရားရှင်နှင့် ရန်ဘက်ဖြစ်၍ နေခဲ့၏။ ဘုရားရှင်ထံသို့ ငါတို့မပို့စံ ကုန်" ဟု ဆိုကြကုန်၏။ ဤတွင် ဒေဝဒတ်က "ငါ့ရှင်တို့၊ ငါ့ကို မဖျက်ဆီးကြပါကုန်လင့်။ ငါက ရန်ဘက်ဖြစ်၍ နေသော်လည်း ဘုရားရှင်ကတော့ ငါ့ကို ဆံတစ်ဖျားမျှလည်း ရန်ငြိုးမထားခဲ့ပါ။ မြတ်စွာဘုရားကို ငါ ဖူးမြင်ပါရစေ" ဟု တောင်းပန်၏။ ဤသို့ ဒေဝဒတ်က ထပ်တာ ထပ်ကာ တောင်းပန်သဖြင့် လက်ကျန် တပည့်တို့သည် ဒေဝဒတ်အား ညောင်စောင်းပေါ် တင်၍ ထမ်းကာ ဇေတဝန်ကျောင်းတော်သို့ ဦးတည်၍ လာကြ[illegible]သည်။

ဇေတဝန်ကျောင်းတော်သို့ တရွေ့ရွေ့ လှမ်းလာကြရာတွင် ကြို တင်၍ သတင်းရထားကြသောရဟန်းများက ဒေဝဒတ်လာနေကြောင်းကို

ဘုရားရှင်ထံ လျှောက်လာကြ၏၊ ဤတွင် ဘုရားရှင်က "ဒေဝဒတ်သည် ဤဘဝတွင် ငါဘုရားကို ဖူးမြင်ရသည် မဟုတ်တော့ပေ"ဟု မိန့်ကြားတော်မူ၏၊ ဘုရားရှင်ခွင့်ပြုတော်မမူနိုင်သော အချက်ငါးချက်ကို တောင်းဆိုသောအခါမှစ၍ ဒေဝဒတ်သည် ဘုရားရှင်ကို ဖူးမြင်ခွင့် မရနိုင်တော့ချေ။ ထို့သို့ဖြင့် ဇေတဝန်ကျောင်းတော်အနီးသို့ ဒေဝဒတ်ရောက်လာ၏။ ညောင်စောင်းကို ထမ်းလာခဲ့ကြသောရဟန်းများသည် ဇေတဝန်ကျောင်းတော်ဝရှိ ရေကန်တော်တွင် ညောင်စောင်းကို ချထားကာ ရေထဲသို့ ရေချိုးဆင်းကြ၏။ ထိုအခိုက် ဒေဝဒတ်သည် ညောင်စောင်းပေါ်မှ ထိုင်ကာ ခြေနှစ်ဘက်ကို မြေပေါ်ချလိုက်၏၊ ထိုအခိုက်တွင်ပင် သူ၏ခြေနှစ်ဖက်သည် မဟာပထဝီ မြေကြီးအတွင်းသို့နစ်ဝင်သွားကြ၏။ ထို့နောက် ခန္ဓာကိုယ်ကြီးလည်း ဆက်လက်နစ်ဝင်သွား၏။ ခန္ဓာကိုယ်ကြီး တစ်ခုလုံး နစ်ဝင်သွား၍ မြေနှင့် မေးရိုး ထိလာသောအခါတွင်ကား—

အမြင့်မြတ်ဆုံးဖြစ်တော်မူ၍ နတ်တကာတို့ထက် လွန်မြတ်သော နတ်ဖြစ်တော်မူသော၊ လူနတ်တို့ကို ဆုံးမရာ၌ ရထားထိန်းပမာဖြစ်တော်မူသော၊ သဗ္ဗညုတဉာဏ်တော် ရှိတော်မူ၍ ဘုန်းလက္ခဏာများစွာနှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားကို ငါ အရိုးတို့ဖြင့်လည်းကောင်း၊ ဤ အသက်တို့ဖြင့်လည်းကောင်း တပည့်တော် ဆည်းကပ်ပူဇော်ပါ၏ ဘုရား"

ဤသို့ ရွတ်ဆိုကန်တော့ကာ မဟာပထဝီမြေကြီးအတွင်းသို့ စုံးစုံး မြုပ်သွားပြီးလျှင် မဟာအဝီစိငရဲသို့ ကျရောက်လေတော့သည်။

ဤမျှလောက်သော မကောင်းမှုများ ပြုလုပ်မည့် အကြောင်းကို သိတော်မူပါလျက် ဒေဝဒတ်အား ဘုရားရှင်သည် အဘယ်ကြောင့် ရဟန်းပြုပေးပါသနည်း ဟူမူကား ရဟန်းပြုခွင့်မရ၍ လူပုဂ္ဂိုလ် အဖြစ်နှင့်လည်း ဒေဝဒတ်သည် အပြစ်ကြီးလှသော အကုသိုလ်ကံကြီးများကို ပြုလုပ်မည်သာဖြစ်ရာ နောင်အခါတွင် ဘဝဆင်းရဲမှ ထွက်မြောက်ခွင့် ရနိုင်တော့မည် မဟုတ်ပေ၊ ရဟန်းပြုလိုက်ရသည့်အတွက်သာ အကုသိုလ်ကံကြီးများကို ပြုမိသည့်တိုင်အောင် နောင်အခါ၌ ဘဝဆင်းရဲမှ ထွက်မြောက်ခွင့်ရမည် ဖြစ်၏၊ ဒေဝဒတ်ကား ဤကမ္ဘာမှ နောက်ကမ္ဘာတစ်သိန်း အရောက်တွင် အဋ္ဌိဿရ မည်သော ပစ္စေကဗုဒ္ဓါတစ်ဆူ ဖြစ်လာလိမ့်မည်တည်း။

ဤသို့ အားဖြင့် ဒေဝဒတ်၏ လာဘ်ရာဂတိကို ရဟန်းများက မေး လျှောက်ကြသဖြင့် ဘုရားရှင်က မြွက်ကြားတော်မူပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော် မူလေသတည်း။

ဒေသနာတော်

၁၀။ ကောင်းမှု ပြုသောသူသည် ဤဘဝ၌လည်းနှစ်သက်ရ၏။ တမလွန် ဘဝ၌လည်း နှစ်သက်ရ၏၊ ပစ္စုပ္ပန်တမလွန် နှစ်တန်သော ဘဝတို့၌ နှစ်သက်ရ၏။ ငါသည် ကောင်းမှုကို ပြုအပ်ပေပြီဟု နှစ်သက်ရ၏။ သုဂတိဘဝသို့ ရောက်ပါမူကား အလွန်နှစ်သက်ရ၏။

## သုမနဒေဝီ

ဇေတဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူနေစဉ် အနာထပိဏ်သေဋ္ဌေးသမီး သုမနဒေဝီကိုအကြောင်းပြု၍ ဟောကြားတော် မူလေသည်။

သာဝတ္ထိမြို့တော်မှ ဇေတဝန် ကျောင်းဒါယကာ အနာထပိဏ် သေဋ္ဌေးနှင့် ပုဗ္ဗာရုံကျောင်းအမ ဝိသာခါတို့သည် ရဟန်းသံဃာ၏ စိတ် အလိုကိုလည်း သိတတ်ကုန်၏။ ရဟန်းသံဃာနှင့် စပ်အပ်အောင်လည်း စီမံ ဖန်တီးတတ်ကုန်၏၊ ထို့ကြောင့် အခြား အလှူရှင်များသည်မိမိတို့အလှူ ကို ဦးဆောင် ဦးရွက်ပြုပေးပါရန် ထိုပုဂ္ဂိုလ်နှစ်ဦးထံ အကူအညီ တောင်း ကြရ၏။ ကျောင်းဒါယကာကြီးအနာထပိဏ်နှင့်ကျောင်းအမကြီး ဝိသာခါ တို့သည် သူတစ်ပါး၏ အလှူကို ဦးဆောင် ဦးရွက် ပြုနေကြရသဖြင့် မိမိတို့ အိမ်မှ အလှူဝတ်များအတွက် မိမိတို့ကိုယ်စား ဆောင်ရွက်နိုင်မည့် သူများ ကို တာဝန် ပေးထားကြရ၏။ ကျောင်းအမကြီး ဝိသာခါသည် သားမှ မွေးသော မြေးတစ်ယောက်ကို တာဝန်ပေးထား၏။ ကျောင်းဒါယကာကြီး အနာထပိဏ်သည် ပထမဦးစွာ သမီးကြီး မဟာသုဘဒ္ဒါကို တာဝန်ပေး၏။ ထို့နောက် သမီးလတ်ကို တာဝန်ပေးပြန်၏။ သောတာပန် တည်ပြီးသော ထိုသမီးနှစ်ယောက်တို့သည် လင့်အိမ် လိုက်ပါသွားကြရသောအခါ သုမန ဒေဝီ မည်သောသမီးငယ်ကို တာဝန်ပေးရပြန်လေသည်။

သုမနဒေဝီကား ဆယ်ပျိုစဉ်ဘဝဖြင့်ပင် သံဃာတော် များအစား ပြုစုလုပ်ကျွေးနေ၏၊ သကဒါဂါမိ တည်ပြီးသူဖြစ်၏၊ တစ်နေ့သောအခါ သုမနဒေဝီသည် ရောဂါနှိပ်စက်၍ အစားအစာ ပြတ်လပ်နေသဖြင့် ဖခင်

သေမင်းကြီးကို တွေ့မြင်လိုလာ၏။ အိမ်သူအိမ်သားများက အလှူမဏ္ဍပ်တစ်ခုတွင် ဆောင်ရွက်နေသော သေမင်းကြီးထံ အကြောင်းကြားသဖြင့် သေမင်းကြီး ရောက်လာကာ—

"သမီး သုမန၊ မည်သို့ရှိပါသနည်း"ဟု မေး၏။

ဤတွင် သုမနဒေဝီက

"မောင်ငယ်၊ သင်အဘယ်မှာနည်း"

"ချစ်သမီး၊ ယောင်ယမ်းပါသလော"

"မောင်ငယ်၊ ငါမယောင်ယမ်းပါ"

"ချစ်သမီး၊ ကြောက်နေပါသလော"

"မောင်ငယ်၊ ငါမကြောက်ပါ"

ဤသို့ဖခင်ကို မောင်ငယ်ဟု ခေါ်ဝေါ်ပြောဆိုကာ မကြာမီပင် သုမနဒေဝီ ကွယ်လွန်သွားလေသည်။

သောတာပန် အနာထပိဏ်သူဌေးသည် သမီးဈာပနကိစ္စကို ဆောင်ရွက်ကာ မျက်ရည်ရွဲစို ငိုကြွေးလျက် ကျောင်းတော်သို့ သွား၏။ ဘုရားရှင်က ငိုရခြင်း၏ အကြောင်းကို မေးတော်မူသောအခါ အနာထပိဏ်သူဌေးက "အရှက်အကြောက်နှင့် ပြည့်စုံလှသော သမီးငယ် သုမနသည် သေခါနီးအချိန်၌ သတိနိုင်ခိုင်မထားဘဲ တပည့်တော်ကို မောင်ငယ်ဟု ယောင်ယမ်းပြောဆိုကာ သေဆုံးသွားပါသည်။ ထို့ကြောင့် တပည့်တော်မှာ အလွန်စိတ်ဆင်းရဲနေရပါသည်"ဟု လျှောက်၏။

ဤတွင် ဘုရားရှင်က "အိမ်ရှင်သူဌေး၊ သုမနဒေဝီသည် ယောင်ယမ်း၍ ပြောဆိုသည်မဟုတ်။ သင်သည် သောတာပန်အဆင့်မျှသာ ရောက်သေး၍ သင့်သမီးသည်ကား သကဒါဂါမ် အဆင့်သို့ ရောက်နေချေပြီ။ မဂ်ဖိုလ်အားဖြင့် သင့်ထက်အသက်ကြီးသူဖြစ်နေ၍ မောင်ငယ်ဟု ခေါ်ခြင်းဖြစ်၏။ ယခုအခါ သုမနဒေဝီသည် တုသိတာနတ်ပြည်၌ နတ်တို့၏ စည်းစိမ်ကို ခံစားလျက်ရှိနေပြီ"ဟု မိန့်ကြားတော်မူပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

### ဒေသနာတော်

၁၉။ နွားရှင်ဖြစ်သူ သူတစ်ပါးတို့အား နွားများကို ရေတွက်၍ အပ်လိုက်
ရသော နွားကျောင်းသားသည် နွားနို့အရသာကို မခံစားရ
သကဲ့သို့ အကျိုးစီးပွားနှင့် စပ်ယှဉ်သော တရားစကားကို များစွာ

ဟောကြားနေသော်လည်း မေ့မေ့လျော့လျော့ နေသောသူသည် ပြုထိုက်သည်ကို ပြုသည် မမည်ပေ၊ မဂ်ဖိုလ်အရသာကို မခံစားရပေ။

၂၀။ အကျိုးစီးပွားနှင့် စပ်ယှဉ်သော တရားစကားကို အနည်းငယ်မျှသာ ဟောပြောပါသော်လည်း တရားအားထုတ်သော အကျင့်ကိုကျင့်လေ့ရှိသူဖြစ်ပါမူကား ရာဂ၊ ဒေါသ၊ မောဟကို ပယ်ပြီးလျှင် ကောင်းစွာအပြားအားဖြင့်သိသည်ဖြစ်၍ကိလေသာတို့မှလွတ်သော စိတ်ရှိသည်ဖြစ်၍ ဤလောက၌ လည်းကောင်း၊ တမလွန် လောက၌ လည်းကောင်း စွဲလမ်းမှု မရှိတော့ပြီ။ ထိုသူသည်သာ မဂ်ဖိုလ်အရသာကို ခံစားရပေသည်။

## မိတ်ဆွေ ရဟန်း နှစ်ပါး

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ကျမ်းဂန်တတ် ရဟန်းနှင့် ရဟန္တာ ရဟန်းတို့ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

သာဝတ္ထိမြို့တော်မှ မိတ်ဆွေနှစ်ယောက်တို့သည် ဇေတဝန်ကျောင်းတော်သို့ တရားနာ လာကြပြီးလျှင် ရဟန်းပြုကြကုန်၏။ ထိုနှစ်ပါးတို့အနက် ရဟန်းတစ်ပါးသည် ဘုရားရှင်ထံတော်မှ ကမ္မဋ္ဌာန်းကို တောင်း၍ တရားအားထုတ်လေရာ ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်၏။ တစ်ပါးသော ရဟန်းသည်ကား ပိဋကတ်ကျမ်းများကို သင်ယူကာ ရောက်လေရာ အရပ်၌ တရားဟောကြား၏။ ပိဋကတ် ကျမ်းဂန်များကို အသံသာသာဖြင့် ရွတ်ဖတ်သရဇ္ဈာယ်၏။ ရဟန်းငါးရာတို့အား စာပေပို့ချ၏။ ဤသို့ဖြင့် ဂိုဏ်းကြီးတစ်ဆယ့်ရှစ်ဂိုဏ်းတို့၏ ဆရာတစ်ဆူ ဖြစ်လာလေသည်။

ရဟန်း များစွာတို့သည် ရဟန္တာ မထေရ် ထံသို့ သွားရောက်ကာ ရဟန္တာမထေရ်၏ ဆုံးမသွန်သင်မှုကို ခံယူကာ ရဟန္တာအဖြစ်သို့ ရောက်ကြကုန်၏။ ထို့နောက် ဘုရားရှင်ထံ အဖူးမျှော် သွားလိုကြသဖြင့် ရဟန္တာမထေရ်ထံ ခွင့်ပန်ကြသောအခါ ရဟန္တာမထေရ်က “ငါ့ရှင်တို့၊ သွားကြကုန်လော့။ ငါ၏စကားဖြင့် မြတ်စွာဘုရားကို ရှိခိုးပြီးလျှင် ရှစ်ကျိပ်သော မဟာသာဝက ထေရ်ကြီးများကိုလည်း ရှိခိုးကြကုန်လော့။ ထို့နောက် ငါ၏မိတ်ဆွေ မထေရ်ကိုလည်း ငါ၏ ကိုယ်စား ရှိခိုးကြကုန်လော့” ဟု မှာကြားလိုက်လေသည်။

အာဂန္တု ရဟန္တာမထေရ်များသည် ဆရာသမား မှာကြားလိုက်သည့်အတိုင်း ဘုရားရှင်နှင့်တကွ ရှစ်ကျိပ်သော မဟာသာဝက မထေရ်ကြီးများကို ရှိခိုးကြ၏။ ထို့နောက် ဆရာသမား၏ မိတ်ဆွေ ကျမ်းဂန်တတ် ရဟန်းထံသို့လည်း ဝင်ရောက်ကာ "တပည့်တော်တို့၏ ဆရာက အရှင်ဘုရားကို ရှိခိုးလိုက်ပါ၏ဘုရား" ဟု ဆို၍ ရှိခိုးကြကုန်၏။ ဤတွင် ကျမ်းဂန်တတ်ရဟန်းက "သင်တို့ဆရာသည် မည်သူဖြစ်သနည်း" ဟု မေးမြန်းရာ အာဂန္တု ရဟန္တာမထေရ်များက "အရှင်ဘုရား၏ မိတ်ဆွေ ဖြစ်ပါသည် ဘုရား" ဟု လျှောက်ထားကြလေ၏။

အာဂန္တုရဟန္တာ ပုဂ္ဂိုလ်များက တစ်ပါးပြီးတစ်ပါး ဆက်ကာဆက်ကာ လျှောက်ကြသောအခါ ကျမ်းဂန်တတ် ရဟန်းသည် မိမိ မိတ်ဆွေ ရဟန်းအပေါ် သည်းမခံနိုင်လောက်အောင် အမျက်ထွက်လာကာ "သင်တို့သည် သူ့ထံ၌ မည်သည့်စာကို သင်ခဲ့ကြကုန်သနည်း" ဟု ကြိမ်းမောင်းလေတော့၏။ ထို့နောက်ရဟန္တာမထေရ်သည် ဘုရားရှင်ထံ ဖူးမြင်ရန် ရောက်လာကာ ကျမ်းဂန်တတ်ရဟန်းထံသို့လည်း ဝင်လာ၏။ ဤတွင် ကျမ်းဂန်တတ်ရဟန်းသည် ရဟန္တာမထေရ်အား ပြဿနာမေး၍ ညှဉ်းဆဲရန် ကြံဆင်၏။ ထိုခဏ၌ မြတ်စွာဘုရား ကြွတော်မူလာကာ ကျမ်းဂန်တတ် ရဟန်းအား ဈာန်အရာ၊ မဂ်ဖိုလ်အရာ ပြဿနာများကို မေးတော်မူ၏။ ကျမ်းဂန်တတ် ရဟန်း၊ မဖြေနိုင်ပေ။ ရဟန္တာမထေသည်ကား ဘုရားရှင် မေးသမျှကို ဖြေကြားနိုင်၏။ ဤတွင် ဘုရားရှင်က သာဓုခေါ်တော်မူရာ နတ်ပြဟ္မာအပေါင်းကလည်း ကောင်းချီး ပေးကြလေသည်။

ကျမ်းဂန်တတ် ရဟန်း၏ တပည့်တို့သည် ဘုရားရှင်က ကျမ်းဂန်မတတ်သော ရဟန္တာမထေရ်၏စကားကိုမှ သာဓုခေါ်ရသည်ကို နားမလည်နိုင်ကြဘဲ ကဲ့ရဲ့စကား ဆိုကြလေရာ ထိုရဟန်းတို့အား ဘုရားရှင်က အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသည်။

# အပ္ပမာဒဝဂ်

ဒေသနာတော်

၂၁။ မမေ့မလျော့ခြင်းသည် နိဗ္ဗာန်၏အကြောင်းတည်း။ မေ့လျော့စွာနေခြင်းသည် သေခြင်း၏ အကြောင်းတည်း။ မမေ့မလျော့သော သူတို့သည် သေသည် မမည်ကုန်။ မေ့လျော့သော သူတို့သည်ကား သေသည် မည်ကုန်၏။

၂၂။ မမေ့မလျော့သော ပညာရှိတို့သည် ဤသို့သော ထူးခြားချက်ကို သိ၍ မမေ့မလျော့သော သတ်တရား၌ ရွှင်လန်း ဝမ်းမြောက်ကြကုန်လျက် အရိယာတို့ ကျက်စားရာ လောကုတ္တရာတရား တို့၌ မွေ့လျော်ကြကုန်၏။

၂၃။ ထိုပညာရှိတို့သည် ကိလေသာကို မလောင်ကျွမ်းကြစေပြီးလျှင် အမြဲ မပြတ်လုံ့လပြုကုန်၍။မတွန့်မဆုတ် လုံ့လပြုကုန်၍ ယောဂလေးပါး၏ ကုန်ရာ အတုမရှိသော မြတ်သော နိဗ္ဗာန်သို့ ရောက်ကြကုန်၏။

## သာမာဝတီမိဖုရား

ကောသမ္ဗီမြို့တော် ဃောသိတာရုံ ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် မီးရှို့၍ အသတ်ခံရသော သာမာဝတီ အမှူးရှိသော မိန်းမတို့ကို အကြောင်းပြု၍ ဟောကြားတော်မူလေသည်။

သာမာဝတီသည် ဥဒေနမင်း၏ မိဖုရားတစ်ပါးဖြစ်သည်။ သူ့နည်းတူ ပင့်ဝါသုလဒတ္တာနှင့် မာဂဏ္ဍီ ဟူသော မိဖုရားကြီးနှစ်ပါးလည်း ရှိသေးသည်။ ထိုမင်းမိဖုရားနှစ်ပါးတို့အနက် ပထမဦးစွာ ဥဒေန မင်းအကြောင်းကို ဖော်ပြရသော်....

ဥဒေနမင်းသည် ကောသမ္ဗီမြို့တော်မှ နန်းစိုက်သော ပရန္တပ မင်း၏ သားတော်ဖြစ်၏။ ဥဒေနမင်းသား ကိုယ်ဝန် ရှိစဉ်က သူ့မည်းတော်တို့နှင့် မယ်တော်တို့သည် နန်းကြမ်းပြင် လသာဆောင်၌

နေဆာလှုံနေကြ၏။ မယ်တော် မိဖုရားကြီးသည် ကမ္ဗလာခနိကိုခြုံထားကာ ပူရန္တပ္ပမင်းကြီး၏လက်မှ မင်းတံဆိပ် ပါသော တစ်သိန်းတန် လက်စွပ်ကို ချွတ်ယူကာ မိမိလက်မှာ ဝတ်ဆင်ကြည့်နေ၏။ ထိုစဉ်ခိုက်တွင် ငှက်ဆင်ကြီး တစ်ကောင်သည် မိဖုရားကို သားတစ်မွှတ်ထင်၍ ကောင်းကင်မှ အတောင်ရုပ် ဆင်း၍လာကာ မိဖုရာကြီးကို သုတ်ချီသွားလေသည်။

ငှက်ဆင်ကြီး၏ ခြေသည်းများကြားမှာ အလိုက်သင့် ပါသွားသဖြင့် မိဖုရားကြီးမှာ ဒဏ်ရာအနာတရ မရှိပေ။ သို့သော် အသံပြုလိုက်လျှင် ငှက်ဆင်ကြီးက လန့်၍ လွှတ်ချလိုက်ပါက ဝမ်းတွင်းမှ ကလေးရော မိမိပါ သေဆုံးရမည် ဖြစ်၍ ငြိမ်ငြိမ်ကလေး လိုက်ပါ သွားရ၏။ ဤသို့ဖြင့် ဟိမဝန္တာအရပ်ရှိ အကိုင်းအခက် ဝေဆာ ပြန့်ပြူး လှသော ညောင်ပင်ကြီးသို့ ရောက်လာကြ၏။ ငှက်ဆင်ကြီးသည် သုတ်ချီ လာသော သတ္တဝါတို့ကို ဤညောင်ပင်ကြီး၏ ခွကြား၌ ချကာ ထိုးဆိတ် ဆတ်ဖြတ်၍ စားနေကျဖြစ်၏။ မိဖုရားကြီးကိုလည်း ဤခွကြား၌ ချကာ သူတို့၏ လေ အတိုင်း လာခဲ့သော လမ်းရိုးကို ပြန်လှည့်၍ ကြည့်၏။ ဤတွင် မိဖုရားသည် လက်ခုပ် လက်ဝါးတီး၍ သံကုန် အော်ဟစ် လိုက်လိုက်လေရာ ငှက်ဆင်ကြီးမှာ လန့်၍ ပျံပြေးလေတော့သည်။

ထိုနေ့ နေဝင်ချိန်မှစ၍ မိဖုရားကြီး၏ ကမ္ဗလလေများ လှုပ်ရှား လာ၏။ အရပ်လေးမျက်နှာမှ မိုးသား တိမ်လိပ်များ ဆို့ပိတ်လာကာ မကြာမီ မိုးကြီးလေကြီး ကျလာ၏။ နန်းတော်မှာ ရှိစဉ်က ဆထိန်း တော်၊ အရံတော်များကြား၌ နေလာခဲ့ရသော မိဖုရားကြီးမှာ အား ပေးသံလေး တစ်ခုကိုမျှ မကြားရဘဲ တစ်ညလုံး ဒုက္ခပင်လယ်ဝေနေရ ၏။ ထိုညကုန်ဆုံး၍ အရုဏ်တက်လာချိန်တွင် မိုးရောလေရော ကင်းစင် သွား၏။ ထိုစဉ်ခိုက်မှာပင် သားတော် ကလေးကိုလည်း ဖွားမြင်၏။ ဤသို့အားဖြင့် မိုးဥတု အငွေ့အသက်၊ တောင်၏ဥတု အငွေ့အသက်နှင့် နေအရုဏ် အငွေ့အသက်တို့ကို ခံယူ၍ ဖွားမြင်လာသဖြင့် ထိုသားငယ် အား ဥတေနဟူ၍ မယ်တော်မိဖုရားက အမည်ပေးလိုက်လေသည်။

ထိုညောင်ပင်၏ မနီးမဝေးတွင် အလ္လကပ္ပရသေ့၏ ကျောင်း သင်္ခမ်းရှိနေ၏။ ရှေးယခင်က သူသည် အလ္လကပ္ပတိုင်း၏ ဘုရင်ဖြစ်၏။ ဝေဋ္ဌဒီပတိုင်းကို အစိုးရသော ဝေဋ္ဌဒီပမင်းနှင့် မိတ်ဆွေ ရင်းချာ ဖြစ်၏။ သူငယ်ချင်း မင်းနှစ်ပါးသည် စိတ်တူကိုယ်မျှ တိုင်းပြည်မှထွက်၍ ရသေ့ပြုကာ တောင်တစ်လုံးစီ ခွဲခြား၍ နေခဲ့ကြ၏။ ထစ်ပါး ရှိနေ

ကြောင်းကို အခြားတင်ပါက သိရှိရန် ညအခါမှာ မီးဖိုပြု၍ အချက် ပေးကြရ၏။ တစ်နေ့သ၌ ဝေဠုဒီပ ရသေ့သည် ကွယ်လွန်၍ တန်ခိုး ကြီးသော နတ်တစ်ပါးဖြစ်လာသည်။ ဤတွင်ထိုနတ်သည် သူငယ်ချင်း ရသေ့ထံလာ၍ မိမိ၏အဖြစ်ကို ပြောပြ၏။ ဤတွင် အလ္လကပ္ပရသေ့က မိမိတံမြက်လှဲသွားသောနေရာ၌ ဆင်များလာ၍ ချေးယိုကြောင်း၊ အညီအညွတ် ပြုပြင်ထားသော မြေတလင်းပြင်ကို ဆင်များက ခွာနှင့် ရှပ်၍ ဖျက်ဆီးကြကြောင်း ပြောကြား၏။ ဤတွင် သူငယ်ချင်းနတ်က ဟတ္ထိကန္တစောင်းနှင့် ဟတ္ထိကန္တမန္တန်တို့ကို ထိုရသေ့အား ပေးထား လေသည်။

ဟတ္ထိကန္တဟူသည်မှာ ဆင်တို့၏ ချစ်ခြင်းကို ရရှိနိုင်သော သဘော ဖြစ်၏။ ဟတ္ထိကန္တစောင်း၌ ညို့ကြိုးသုံးချောင်း ပါရှိလေရာ ပထမ တစ်ချောင်းကိုတီး၍ မန္တန်ရွတ်လိုက်လျှင် ဆင်တို့သည် ပြန်မကြည့်ဝံ့ဘဲ ပြေးကြရကုန်၏၊ ဒုတိယ တစ်ချောင်းကို တီး၍ မန္တန်ရွတ်လိုက်လျှင် နောက်သို့လှည့်ကြည့်ကာ ပြေးကြရကုန်၏။ တတိယကြိုးကိုတီး၍ မန္တန် ရွတ်လိုက်လျှင် ဆင်အုပ်တစ်အုပ်လုံး၏ အကြီးအမှူး ဖြစ်သော ဆင် သည် ကျောစင်း၍ ချဉ်းကပ်လာပေသည်။

အလ္လကပ္ပရသေ့သည် ဆင်းပြေးသော မန္တန်ကိုရွတ်ဆိုကာ ဆင် ပြေးသောကြိုးကို တီးလျက် ထိုတောတောင်၌ ချမ်းသာစွာ နေထိုင် ရ၏။ ရသေ့သည် မီးရှာသောနေ့များတွင် အာအားထက်ကို ကြောက် သဖြင့် သစ်သီးရှာ မသွားတော့ဘဲ ထိုညောင်ပင်ကြီးအောက်သို့ သွားကာ ငှက်ဆင်ကြီးတို့ စားကြွင်းစားကျန် အသားအရိုးများကို ချက်ပြုတ်၍ စားနေကာဖြစ်၏။ ထိုနေ့ နံနက်မှာလည်း မီးရှာပြီးပြီးဖြစ်၍ ထိုညောင် ပင်အောက်သို့ ရောက်လေရာ ဥဒေနတို့ သားအမိနှင့် တွေ့ဆုံလေသည်။ ရသေ့သည် ဥဒေနတို့ သားအမိကို ညောင်ပင်အောက်သို့ ချပေးကာ မိမိသခ်မ်းကျောင်းသို့ ခေါ်ယူ၍ ပြုစုလုပ်ကျွေး၏၊ ဤသို့နေဖန်များ၍ အကျွမ်းဝင်လာသောအခါ ရသေ့နှင့်မိဖုရားတို့ အတူသကွ ပေါင်းဖက် ကြလေတော့သည်။

တစ်နေ့သ၌ ရသေ့သည် နက္ခတ် အသွားအလာတို့ကို ကြည့်ရှု ကာ “ချစ်နှမ၊ ကောသမ္ဗီမြို့တော်မှ ပရန္တပမင်း နတ်ရွာစံပြီ” ဟု ပြောဆို၏။ မိဖုရားသည် မိမိ နောက်ကြောင်းကို ပြန်ပြောပြ ရှင်း ငိုကြွေးကာ “ကျွန်မ၏ သားငယ်သည် ထီးပေါ်နန်းပေါ်မှသော ရှိနေ

ပါက ယခုနေအခါမှာ ထီးဖြူစိုးအုပ် မင်းလုပ်ရပြီ၊ ယခု အခါမှာ ကား တောထဲတောင်ထဲမှာ ရှိနေ၍ ခမည်းတော်၏ အမွေကို ဆုံးရှုံးရချေပြီ''ဟု ပြောဆို၏။ ရသေ့က ''ချစ်နှမ၊ မစိုးရိမ်လင့်၊ သင့်သားမင်းအဖြစ်ကိုရစေရန် ငါဆောင်ရွက်ပေးအံ့''ဟုဆိုကာ ဥတေနမင်းသားအား ဟတ္ထိကန္တမန္တန်ကို သင်ပေး၏၊ ဟတ္ထိကန္တစောင်း တီးတတ်ရန်လည်း သင်ပေး၏။ ထိုမန္တန်၊ ထိုစောင်းကြိုးတို့၏ တန်ခိုး၊ အာနိသင်ကိုလည်း ပြောပြ၏၊ ဥတေန မင်းသားကလည်း ရသေ့ သင်သမျှကို မှတ်ယူကာ ရသေ့သင်ကြားသမျှ အတိအကျလိုက်နာလေသည်။

နောက် ထိုရသေ့နှင့် မိဘုရားတို့သည် ဟတ္ထိကန္တစောင်း၊ ကမ္ဗလာခြုံထည်၊ မင်းတံဆိပ်ပါသော လက်စွပ်တို့ကို ပေးကာ ခမည်းတော် ပူရန္တပမင်း၏ ထီးမွေနန်းမွေကို ဆက်ခံရန် ကောသမ္ဗီမြို့တော်သို့ စေလွှတ်လိုက်ကြ၏။ စစ်သူကြီး စသော မှူးမတ်ကြီးတို့၏ အမည်များကိုလည်း ပြောပြလိုက်ကြ၏။

ဥတေနမင်းသားသည် ဟတ္ထိကန္တမန္တန်နှင့် ဟတ္ထိကန္တစောင်း တို့ကို အသုံးပြုကာ ဆင်တပ်ကြီးကို ဖွဲ့စည်းလိုက်၏၊ ထိုဆင်တပ်ကြီး၏ အကြီးအချုပ်ဖြစ်သော ထိုဆင်ကြီးအပေါ်မှာ စီးနင်းလိုက်ပါလာ၏၊ ဥတေနမင်းသည် ဆင်တပ်ကြီးနှင့်အတူ တိုင်းစွန် နယ်ဖျားသို့ ချီတက်လာကာ စစ်သည်ဗိုလ်ပါများ စုရုံး၏။ စစ်သည် ဗိုလ်ပါ အလုံအလောက် ရရှိသောအခါ ကောသမ္ဗီမြို့တော်ကို ဝိုင်းကာ ''စစ်ထိုးခွင့် ပေးမည်လော၊ တိုင်းပြည်ကို အပ်မည်လော''ဟု ရာဇသံ ပေးလိုက်လေတော့သည်။

မြို့တော်အနီးရှိ မှူးမတ်များက ''ငါတို့၏ မိဖုရားကြီးသည် ကိုယ်ဝန်အရင့်အမာဖြင့် ငှက်ဆင်ချီရာ ပါသွားခဲ့၏။ မိဖုရားကြီး အသက်ထင်ရှားရှိမရှိကို မသိရသေးသမျှ မြို့တံခါးကို ဖွင့်မပေးနိုင်''ဟု ဆိုကြ၏၊ ဤတွင် ဥတေနမင်းသားသည် စစ်သူကြီးအမည်ကို ပြော-ပြ၍ လည်းကောင်း၊ ကမ္ဗလာခြုံထည် အနီနှင့် မင်းတံဆိပ် ခတ်နှိပ်ထားသော လက်စွပ်တို့ကို လည်းကောင်း ထုတ်ပြရ၏။ ဤတွင် ပူရန္တပမင်းကြီး၏သား ဖြစ်ကြောင်း မှူးမတ်ဗိုလ်ပါ အပေါင်းက ယုံကြည်ကာ ဥတေနမင်းသားအား မြို့တံခါးကို ဖွင့်ပေးကြလေတော့သည်။

ထို ဥတေနမင်း၏ မိဖုရား သာမာဝတီသည် ဘဒ္ဒဝတီ မြို့တော်မှ ဘဒ္ဒဝတီ သေဌေးသမီး ဖြစ်၏။ ဘဒ္ဒဝတီ သေဌေးနှင့် ကုမ္ဘဃောသက သေဌေးတို့သည် တစ်ယောက်နှင့်တစ်ယောက် မမြင်ရသေးခင်ကပင် သတင်း

စကားကို အပြန်အလှန်ပါး၍ မိတ်ဆွေရင်းချာ ဖြစ်နေကြ၏။ နောင်တွင် သာမာဝတီကို ကုမ္ဘဃောသက သေဌေးက သမီးအဖြစ် ချစ်ခင်စွာ မွေး မွေးစားထား၏။ ထို့ကြောင့် သာမာဝတီ မိဖုရားအကြောင်းကို တင်ပြ ရာတွင် ကုမ္ဘဃောသက အကြောင်းဖြင့် အခြေပြုလိုက်ရပါသည်။

ကုမ္ဘဃောသက သေဌေးသည် ဇာတ်ခုဘောဝ၌ အလ္လကပ္ပမြို့တော် တွင် ကောတူဟလိက် အမည်ဖြင့် နေထိုင်ခဲ့ဖူး၏။ အလ္လကပ္ပမြို့တော်၌ ကပ် ဘေးကြီး သင့်လာသောအခါ သားမယားနှင့်တကွ ကောသမ္ဗီမြို့တော်သို့ ထွက်လာခဲ့ကြ၏။ လမ်းတွင် အစာရေစာ ပြတ်လပ်၍ အားအင် ကုန်ခမ်း လာသောအခါ ကောတုဟလိကက သားငယ်ကို စွန့်ပစ်ထားခဲ့ရန် ပြော ဆို၏၊ မိခင်ဖြစ်သူက သားကို မစွန့်ရက်ပေ။ ဤသို့ဖြင့် အကြိမ်ကြိမ် တစ မြစ်သောအခါ ကောတုဟလိကသည် ချုံတစ်ခုအောက်တွင် သားငယ်ကို တိတ်တဆိတ် စွန့်ပစ်ထားခဲ့၏။ မိခင်က သားမမြင်၍ မေးကာမှ အဖြစ်မှန် ကို ပြောပြ၏။ မိခင်သည် သားကို ပြန်၍ ချီပိုးလာခဲ့သော်လည်း တောလမ်း ခရီးမှာပင် သားငယ် သေဆုံးရှာတော့သည်။

ကောတုဟလိကတို့ လင်မယားသည် တောလမ်းခရီးမှ လွန်မြောက် သောအခါ နို့ညှစ်မင်္ဂလာပြုနေသော နွားကျောင်းသားအိမ်သို့ ရောက် လာကြ၏။ နွားကျောင်းသားသည် ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို ဆွမ်းကပ် ခြင်းမင်္ဂလာပြုကာ ရောက်လာသူများကို ကျွေးမွေးပြုစုရန် နို့ထမင်းများ ချက်ပြုတ်ထား၏။ သူသည် ကောတုဟလိကတို့၏ ဆင်းရဲဒုက္ခ ရောက်ခဲ့ရပုံ များကို ကြားသိရသောအခါ ကရုဏာသက်ကာ ထောပတ်များနှင့်တကွ နို့ထမင်းများကို ကျွေးမွေး၏။ မယားဖြစ်သူမှာ အစာကို မျှတရုံသာ စား သောက်၏။ ကောတုဟလိကမှာကား ရှစ်ရက်တိုင်တိုင် ငတ်မွတ်လာခဲ့သည် ကို သည်းမခံနိုင်ဘဲ တနင့်တပိုး စားသောက်မိ၏။ ထို့နောက် နို့ထမင်း များ စားသောက်နေရသော ခွေးမကို မြင်သောအခါ "ဤကဲ့သို့ နို့ ထမင်းများ အစဉ်သဖြင့် စားသောက်နေရသော ခွေးမသည် ကံသိလ် ကောင်းပေစွ"ဟု တွေးတောမိ၏။ ကောတုဟလိကသည် အစာမကြေ သော ရောဂါနှင့် ထိုညမှာပင် ကွယ်လွန်ကာ ထိုခွေးမ၏ ဝမ်းဗိုက်၌ ပဋိ သန္ဓေ တည်နေလေသည်။

ကောတုဟလိက အဖြစ်မှ ဘဝပြောင်းလာခဲ့သော ခွေးငယ်သည် အိမ်သို့ နေ့စဉ် ကြွလာသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်နှင့် ချစ်ကျွမ်းဝင် လာ၏။ နွားကျောင်းသားက ပစ္စေကဗုဒ္ဓါ အရှင်မြတ်ထံ အပင့်အလျှောက်

မသွားနိုင်လျှင် ခွေးငယ်ကို လွှတ်လိုက်ရ၏။ ခွေးငယ်သည် နွားကျောင်းသား၏ အမိန့်ကို တစ်ခွန်းတည်းဖြင့် နာခံပြီးလျှင် ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကျောင်းသို့ သွား၏၊ လမ်းမှာ ရှိနေသော သားရဲ တိရစ္ဆာန်များ ပြေးသွားစေရန် သုံးကြိမ်သုံးခါ ဟောင်ခဲ့၏၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်၏ ကျောင်းဝသို့ ရောက်သောအခါ မိမိလာကြောင်း သိစေရန် သုံးကြိမ်သုံးခါ ဟောင်ပြန်၏၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည် အချိန်ကျ၍ ဆွမ်းခံရန် ကြွတော်မူလာသောအခါ ခွေးငယ်က ရှေ့မှ ဟောင်၍ စောင်၍ လမ်းပြလာလေသည်။

ထိုဘဝမှ ခွေးငယ် သေဆုံးသောအခါ ထိုသို့ ဟောင်ပေးခဲ့ဖူးသော ကုသိုလ်ကံကြောင့် တာဝတိံသာ နတ်ပြည်၌ ဃောသကဟူသော နတ်သားတစ်ပါး ဖြစ်လာ၏။ ထိုနတ်သား၏ အသံသည် တိုးတိုး ပြောဆိုသောအခါ တစ်ဆယ့်ခြောက် ယူဇနာမျှ ပျံ့နှံ့၏၊ ပြောရိုးပြောစဉ် ပြောကြားရာတွင်ကား ယူဇနာတစ်ထောင်၊ ကျယ်သော တာဝတိံသာ နတ်ပြည်တစ်ခုလုံးကို လွှမ်းခြုံလေသည်၊ ထိုသို့ အသံကျယ်လှသောကြောင့် ဃောသက နတ်သား၏ အလုပ်အကျွေး နတ်သမီးတို့ကား တစ်ထောင်မျှ ရှိကြကုန်၏။

ဃောသက နတ်သားသည် နတ်စည်းစိမ်ကို ခံစားရင်း သတိလွှတ်အင်းသဖြင့် အစာစားချိန်တွင် မစားမိဘဲ ပျက်ကွက်သွားမိ၏။ နတ်တို့၏ ကိုယ်ခန္ဓာသည် အလွန် နူးညံ့သိမ်မွေ့လှသဖြင့် အစာစားချိန်ကို တစ်ကြိမ်တစ်ခါမျှ ကျော်လွန်သွားလျှင်ပင် အသက်မရှင်နိုင်တော့ပေ။ ထို့ကြောင့် ဃောသက နတ်သားသည် နတ်ပြည်မှ စုတေကာ ကောသမ္ဗီမြို့တော်မှ ပြည့်တန်ဆာမ ဝမ်းတွင်းတွင် ပဋိသန္ဓေ တည်လာလေသည်၊

ပြည့်တန်ဆာမသည် ကလေးငယ်ကို ဖွားမြင်ပြီးသောအခါ ဆန်ကောစုတ်မှာ ထည့်၍ အမှိုက်ပုံမှာ စွန့်ပစ်စေ၏၊ ကလေးငယ်ကို ခွေးများ ကျီးများက အဝေးမှ ဝိုင်း၍ အုံနေကြ၏၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား ပြုခဲ့ဖူးသော ကုသိုလ်ကံများကြောင့် တစ်ကောင်တလေမျှ အနားသို့မကပ်ဝံ့ပေ၊ ထိုစဉ်တွင် လူတစ်ယောက်သည် အပြင်သို့ ထွက်လာ၍ ကလေးငယ်ကို တွေ့မြင်ကာ သားစည်းဟူသော ချစ်ခြင်းဖြင့် ပွေ့ချီခေါ်ယူသွားလေသည်။

ထိုခဏမှာပင် ကောသမ္ဗီ သေဌေးကြီးသည်လည်း နန်းတော်မှ ပြန်လာသော ပုရောဟိတ်ကြီးနှင့် တွေ့ဆုံလေရာ ပုရောဟိတ်ကြီးက "ဤမြို့တော်၌ ယနေ့ ဖွားမြင်သော သူငယ်သည် အကြီးဆုံးသေဌေး ဖြစ်လတ္တံ့"ဟု ဟော

ကိုန်း ထုတ်ပေးလိုက်၏။ ကောသမ္ဗီ သေဋ္ဌေးကတော်ကြီးမှာ မီးဖွားလုဆဲဆဲသာ ရှိသေး၍ သေဋ္ဌေးကြီးသည် ယနေ့ဖွားသော ကလေးငယ်ကို ရှာဖွေကာ ငွေတစ်ထောင်ပေး၍ ယူခဲ့ရန် ကျွန်မတစ်ယောက်ကို စေလွှတ်လိုက်၏။ ကျွန်မ လက်ထဲ၌ ကလေးငယ် ပါလာသောအခါ ကောသမ္ဗီ သေဋ္ဌေးကြီးက "ငါတို့မှာ သမီး မွေးဖွားလျှင် သမီးနှင့် ထိမ်းမြား၍ သေဋ္ဌေးကြီး ဖြစ်အောင် ဆောင်ရွက်ပေးမည်။ အကယ်၍ ငါတို့မှာ သားမွေးလာလျှင် သူ့ကို သတ်မည်"ဟု ကြံစည်ကာ ထိုကလေးငယ်ကို မွေးမြူထားလေသည်။

ရက်အနည်းငယ် ကြာသောအခါ သေဋ္ဌေးကတော်ကြီးသည် သား တစ်ယောက် ဖွားမြင်လာ၏။ ကောသမ္ဗီ သေဋ္ဌေးကြီးသည် စောစောက ကြံစည်ထားသည့်အတိုင်း မွေးစားသားကို သတ်ဖြတ်ရန် ကြံစား၏။ ပထမဦးစွာ နွားများနင်း၍ သေစေရန် နွားခြံ၀မှာ ချထားစေသော်လည်း အကြီးဆုံး နွားလားကြီးက ရှေ့ဆုံးမှထွက်ကာ လေးဖက်ခွ၍ ရပ်ထားသဖြင့် အခြားနွားများ မနင်းရတော့ပေ။ နောက်တစ်ခါ လှည်းကြီး၍ သေစေရန် လှည်းလမ်းကြောင်းမှာ ချထားစေသည့်တွင်လည်း နွားများက မနင်းဘဲ ရှိန်းတန် ထွက်ပြေးကြကုန်၏။ တစ်ဖန် သုသာန်မှာ ခွေးများ၊ မြေဖုတ်ဘီလူးများ စားကြစေရန် ပစ်ထားရာတွင်လည်း ဆိတ်မကြီး တစ်ကောင်က လာ၍ နို့တိုက်နေသဖြင့် ဆိတ်ကျောင်းသားက တွေ့ရှိကာ ကယ်ဆယ်သွားပြန်၏။ နောက်တစ်ဖန် ခိုးဆားများကို ပင်ချ၍ သတ်ဖြတ်ရာ ဖြစ်သော ချောက်ကမ်းပါးသို့ ပစ်ချရာတွင်လည်း ချုံထူထူပေါ်မှာ ကျကာ နှီးထိုးသမား သားအဖနှင့် တွေ့၍ ကယ်ဆယ်သွားပြန်၏။ ကောသမ္ဗီ သေဋ္ဌေးကြီးသည် ကယ်ဆယ်၍ သွားသူတိုင်းထံမှ အသပြာတစ်ထောင် တစ်ထောင် ပေးကာ ပြန်၍ ရွေးယူရလေသည်။

ဤသို့ အကြိမ်ကြိမ် သေကြောင်း ကြံစည်ရင်း လွတ်မြောက်သွားရင်းဖြင့် မွေးစားသားငယ်လည်း ကြီးထွားလာရ၏။ ရှေးဘ၀က ကုသိုလ်ကံအတိုင်း ဃောသက ဟူ၍ပင် အမည်တွင်လာလေသည်။

သေဋ္ဌေးကြီးသည် ဃောသကကို ကြည့်၍ မရနိုင်လောက်အောင် မုန်းတီးလှသဖြင့် သေကြောင်း ကြံစည်လျက်သာ ရှိ၏။ တင်နေသည့် မိတ်ဆွေ အိုးထိန်းသည်ထံ သွားကာ အသပြာတစ်ထောင် ပေးလျက် "ငါ၏ သားဆိုးတစ်ယောက် ဤအိမ်သို့ ရောက်လာသောအခါ ပဲခွပ်ဖြင့် အပိုင်းပိုင်း ခုတ်ဖြတ်၍ အိုးကြီးထဲမှာ ထည့်၍ ဖုတ်ပေးပါဟု"ဟု ပြော၏။ အိုး

ထိန်းသည်ကလည်း "ကောင်းပါပြီ"ဟု ဝန်ခံ၏။ သေဌေးကြီးသည် နောက်တစ်နေ့၌ ဃောသကကို ခေါ်ပြီးလျှင် အိုးထိန်းသည်ထံ စေလွှတ်လိုက်၏။ "မနေ့က ကျွန်ုပ်၏ဖခင် စေခိုင်းထားသောကိစ္စ ပြီးစီးအောင် ဆောင်ရွက်ပါလော့"ဟူသော စကားကိုလည်း ပြောဆိုဘတ်ရန် သင်ပေးလိုက်၏။ ဃောသကသည် မိမိအား သေကြောင်းကြံစည်သည်ကို မရိပ်မိဘဲ ခိုင်းသည့်အတိုင်း ထွက်လာရာ လမ်းတွင် သားအရင်းနှင့် တွေ့ဆုံ၏။ သားအရင်းသည် ကစားဖော်များနှင့် ခုံညင်းထိုး ကစားရာတွင် သူ့ဘက်ကချည်း ရှုံးနေသဖြင့် သူ့ကိုယ်စား အစ်ကိုက ကစားပေးပါရန် တောင်းပန်ပြီးလျှင် ဃောသက၏ ကိုယ်စား အိုးထိန်းသည် ရှိရာသို့ ထွက်သွား၏။ ညနေစောင်း၍ ဃောသက ပြန်လာသောအခါတွင်မှ သေဌေးကြီးသည် တလွဲတချော် ဖြစ်ကုန်သည်ကို သိရှိရကား အိုးထိန်းသည်ထံသို့ ငိုကြီးချက်မနှင့် ပြေးသွား၏။ အိုးထိန်းသည်က "အရှင်သေဌေးမင်း၊ အသံမပြုပါနှင့်၊ သင့်ကိစ္စ ပြီးပါပြီ"ဟု ဆီးကြို၍ ပြော၏။ ဤတွင် သေဌေးကြီးသည် ပြင်းထန်လှသော စိတ်ဆင်းရဲခြင်းကို ခံစားရလေတော့သည်။

ဤမျှလောက်သော စိတ်ဆင်းရဲခြင်းကို ခံစားရသော်လည်း သေဌေးကြီးသည် ဃောသကအပေါ် အငြိုးမပြေနိုင်သေးချေ၊ ဃောသကအား သတ်နိုင်မည့် နည်းလမ်းကိုသာ ရှာဖွေနေ၏။ ဤသို့ဖြင့် တစ်နေ့သ၌ ဃောသကကို ခေါ်ယူကာ မိမိ စိုးပိုင်သော ရွာပေါင်းတစ်ရာ၏ ကိုယ်စားလှယ်ထံသို့ စာတစ်စောင်သွား၍ ပေးစေ၏။ လမ်းဘူင် စားသောက်တည်းခိုနိုင်သော မိတ်ဆွေ သေဌေးတစ်ယောက်ကိုလည်း ပြောပြလိုက်၏။ ဃောသကသည် သေဌေးကြီး ပေးလိုက်သော စာလွှာကို လိပ်၍ ပုဆိုး ခါးပုံစမှာ ထုပ်စည်းကာ ထိုမိတ်ဆွေ သေဌေးအိမ်သို့ ဆိုက်ရောက်၏။ မိခင် ဖခင်များနှင့်တကွ မိမိအမည်ကို ပြောပြလိုက်သောအခါ သေဌေးကတော်ကြီးသည် ဃောသကအား သားကဲ့သို့ ချစ်လာလေသည်၊

ထိုသေဌေးအိမ်မှ ကျွန်မသည် ဃောသကအတွက် ခုတင်ခင်းပေးခြင်း၊ ခြေဆေးပေးခြင်း၊ ခြေနယ်ဆီ လိမ်းပေးခြင်း၊ အိပ်ရာခင်းပေးခြင်းကိစ္စများ ဆောင်ရွက်နေသဖြင့် သေဌေးသမီး ခိုင်းလိုက်သော ကိစ္စကို အချိန်ကြာမြင့်ခါမှ ပြုလုပ်ပေးနိုင်၏။ သေဌေးသမီးက ကြာမြင့်ရခြင်းအကြောင်းကို မေးသောအခါ ကျွန်မက "ဃောသကအတွက် ဆောင်ရွက်ပေးရ၍ ဖြစ်ပါသည်"ဟု ပြောပြ၏၊ ထိုသေဌေးသမီးသည် တစ်ဆယ့်ခြောက်နှစ်အရွယ်ရှိ၏၊ ရုပ်ရည်လှပချောမော၏။ သူသည် ရှေးယခင်က

ကောတုဟလိက၏ မယားဖြစ်ခဲ့ဖူးသဖြင့် ယခုဘဝမှာ ဃောသကဟူသော နာမည်ကို ကြားရုံမျှနှင့် ပင် ချစ်ခင်စုံမက်လာလေသည်။ ထိုဘဝမှာ ရှိစဉ် တုန်းက ပစ္စေကဗုဒ္ဓအရှင်မြတ်အား ဆွမ်းတစ်စလောယ်ချက်၍ လှူဒါန်းခဲ့ရသော ကုသိုလ်ကံကြောင့် သေဋ္ဌေးသမီး ဘဝကို ရရှိခြင်း ဖြစ်ပေသည်။

သေဋ္ဌေးသမီးသည် မိဘများ စခြားမှာ ပျောက်နေခိုက်တွင် ဃောသကအိပ်မောကျနေရာသို့ တိတ်တဆိတ် လာကြည့်ကာ ခါးပုံစထဲမှ အထုပ်ကို မြင်လေရာ အသာအယာ ဖြေယူလိုက်၏။ မိမိတိုက်ခန်းသို့ ဝင်၍ စာကို ကြည့်လိုက်သော အခါ–

"ယခုလာသော ဤသူသည် ငါ၏ သားဆိုး ဖြစ်သည်။ ဤသားကို သတ်၍ မစင်တွင်း၌ ချပါလော့၊ ဤသို့ သတ်ပြီးလျှင် ဦးရီးတော်ကို ကျေးဇူး ဆပ်ပါမည်"ဟု တွေ့ရှိရလေသည်။

ဃောသကမှာ အကြိမ်ကြိမ် အဖန်ဖန် သေကြောင်းကြံစည် ခံရရင်း ကြီးပြင်းလာသဖြင့် စာပေသင်ကြားခွင့်မရခဲ့ပေ။ ထို့ကြောင့်ပင် သူသည် မိမိ၏သေစာကို ခါးပုံကြားမှာ ထုပ်စည်း၍ ယူလာခဲ့ခြင်း ဖြစ်ပေသည်။

သေဋ္ဌေးသမီးသည် "ငါသာ သူ့ကို ယနေ့ မတွေ့ရပါသော် သူ့ အသက်မရှိတော့ပြီ"ဟု ရေရွတ်ကာ ထိုစာကို ဖျက်ဆီးပစ်လိုက်၏။ ထို့နောက် –

"ဤသူသည် ငါ၏သား ဃောသက ဖြစ်ပေသည်။ ရွာပေါင်း တစ်ရာမှ လက်ဆောင် ပစ္စည်းများ စုဆောင်းပြီးလျှင် ဇနပုဒ်ရွာ သေဋ္ဌေးသမီးနှင့် လက်ထပ်မင်္ဂလာပြုကာ မိမိနေရာ ရွာလယ်၌ နှစ်ထပ်အိမ်ဆောက်၍ ပေးပါလော့။ တံတိုင်း၊ အကာအရံ၊ အစောင့်အရှောက်ယောကျ်ားတို့ကိုလည်း ပေး၍ ပြုစုပါလော့။ ဤသို့ ပြုပြီးလျှင် ငါ့ထံသို့ သတင်းပို့ပါလော့။ ဤကိစ္စများ ပြီးစီးအောင် ဆောင်ရွက်ပြီးလျှင် ဦးရီးတော်အား ကျေးဇူးဆပ်ပါမည်"

ဤသို့ သေဋ္ဌေးကြီး၏ ဟန်ပန်ဖြင့် စာတစ်စောင်ရေးကာ ဃောသက ခါးပုံစမှာ ပြန်၍ ထုပ်စည်းပေးထားလိုက်လေသည်။

ရွာပေါင်းတစ်ရာမှ ကိုယ်စားလှယ်ကြီးသည် ဃောသက ထံမှာ ပါလာသော စာအတိုင်း အစစအရာရာ ပြည့်စုံအောင် ဆောင်ရွက်ပြီးလျှင် ကောသမ္ဗီသေဋ္ဌေးကြီး ထံသို့ သတင်းပို့လိုက်လေ၏။ ကောသမ္ဗီ သေ

ဌေးကြီးသည် ထိုသတင်းကိုကြားသောအခါ အတိုင်းထက်အလွန်စိတ်မချမ်းမသာဖြစ်ကာ ဝမ်းပျက်ရောဂါရလေတော့သည်။ ဝေဒနာနှစ်မျိုးလုံးကို ခံစားနေရသည့် ကြားက ငါ် မိမိသေဆုံးလျှင် ယောသကကို အမွေမဆက်ခံစေလိုသဖြင့် ကိုယ်စားလှယ်တစ်ယောက်မှ တစ်ဆင့် ယောသကကို အခေါ်လွှတ်လိုက်လေသည်။

သေဌေးသမီးသည် တစ်စုံတစ်ယောက် ရောက်လာလျှင် မိမိနှင့်သာ ပထမဦးစွာ တွေ့ဆုံနိုင်ရန် ဖန်တီးထားသဖြင့် ထိုသတင်းပို့လာသူနှင့် မိမိတွေ့ဆုံကာ "မောင်ကြီး၊ သေဌေးကြီး မည်သို့ရှိပါသနည်း"ဟု မေး၏။ "သေဌေးကြီးကား ရှိပါသေးသည်။ အစားအစာ ဝင်ပါသေးသည်" ဟု သတင်းပို့လာသူက ပြောကြားလျှင် ထိုသူ့အတွက် နေရာ၊ စားစရာ ပေးထားကာ "စောင့်ဆိုင်းငံ့ပါဦး"ဟု တောင်းပန်၍ ထားလေသည်။

နောက်တစ်ယောက် ရောက်လာသူကိုလည်း သေဌေးသမီးက ဤသို့ပင် ဆွဲဆောင်ထား၏။ တတိယမြောက်ရောက်လာသောသူကား "အရှင်မ၊ သေဌေးကြီး ရောဂါသည်းနေပြီ၊ အစာမဝင်ဘဲ သေလုဆဲဆဲ ဖြစ်နေပြီ" ဟု ပြောပြ၏၊ ဤတွင် သေဌေးသမီးသည် သေဌေးကြီး မကျန်းမမာဖြစ်ပုံကို ယောသကအား တိုင်ပင်ကာ ကောသမ္ဗီမြို့တော်သို့ လှည်းနှင့်လာခဲ့ကြသောသည်။

လမ်းမှာတုန်းက သေဌေးသမီး စီစဉ်ထားသည့်အတိုင်း သေဌေးကြီး၏ ခြေရင်းမှာ ထိုင်ရ၏။ သေဌေးသမီးက သေဌေးကြီး၏ ခေါင်းနားမှာ ထိုင်ရ၏။ ထိုသို့ရှိစဉ်တွင် မိမိ၏ လူများအား အိမ်ရှေ့ အိမ်နောက်တို့၌ အစောင့်ချထား၏။ ယောသကကို မြင်ရသောအခါ သေဌေးကြီးသည် စာရင်းထိန်းကို ခေါ်ယူပြီးလျှင် အိမ်ရှိပစ္စည်း တို့ကိုမေးမြန်း၏။ စာရင်းထိန်းက ကုဋေလေးဆယ်သော ဥစ္စာပစ္စည်း တို့နှင့်တကွ အခြားထက်ရှိ သက်မဲ့ပစ္စည်းများစာရင်းသို့ ပြောပြ၏။ ဤတွင်သေဌေးကြီးသည် "ဤမျှသော ဥစ္စာတို့ကို ငါသား ယောသကအား ငါမပေးပါ" ဆိုလိုပါလျက် "ငါပေးပါ၏"ဟု ဆိုမိ၏။ သေဌေးသမီးသည် သေဌေးကြီး စကားပြန်၍ ပြင်မည်ကို စိုးရိမ်သဖြင့်သေဌေးကြီး၏ရင်ဘတ်ပေါ်သို့ခေါင်းထင်၍ ငိုကြွေး၏။ သေဌေးကြီးလည်း ထိုခဏမှာပင်ကွယ်လွန် သွားလေတော့သည်။

ကောသမ္ဗီသေဌေးကြီး ကွယ်လွန်ကြောင်းကို ဥတေနမင်းကြီးထံသို့ တင်လျှောက်ကြသောအခါ မင်းကြီးက ယောသကကို ခေါ်ယူပြီးလျှင်

"ဖခင်သေဌေးကြီးအမွေကို ဆက်ခံခွင့် ပေးမည်"ဟု ကတိပေးလိုက်လေ၏။ ဃောသကလည်း နန်းတော်သို့ လာစဉ်တုန်းက နန်းရင်ပြင်မှာ တွေ့ရသော ရေအိုင်ငယ်များကို ကလေးသဖွယ် ခုန်လွှား၍ လာခဲ့၏၊ အပြန်တွင်ကား မခုန်လွှားတော့ဘဲ လူကြီးသဖွယ် ကွေ့ကောက်၍ လာခဲ့၏။ ဤသည်ကို ဥတေနမင်းကြီးက သတိပြုမိ၍ ပြန်ခေါ်ပြီး မေးသောအခါ "ဧရှင် မင်းကြီးက သေဌေးရာထူးပေးမည်ဟု ကတိပေးထားပြီးဖြစ်၍ လူကြီးစိတ်ဖြင့် ငြိမ်ငြိမ်သက်သက်လာခဲ့ပါသည်"ဟု တင်လျှောက်၏။ ဤတွင် ဥတေန မင်းကြီးသည် ဃောသက တည်ကြည်ဖြောင့်မတ်သောစိတ်ကို နှစ်ခြိုက်ကာ သေဌေးကြီး၏ အမွေအားလုံးကို ချက်ချင်းပင် ပေးလိုက်လေတော့သည်။

ထို့နောက် ဃောသကသေဌေးသည် သေဌေးကတော်နှင့်တကွ မိမိ အားသတ်ရန် တာဝန်ယူခဲ့ရသော ကျွန်မတို့ ပြောသဖြင့် ဖြစ်ကြောင်း ကုန်စင် သိရှိသွားကာ "ဤသို့သဘောရှိသော သေခြင်းမှ လွတ် လာ သော ငါသည် မေ့မေ့လျော့လျော့ဖြင့် အသက်ရှင်နေရန် မသင့်လျော် ပေ၊ ကုသိုလ်ကောင်းမှုကို မမေ့မလျော့ ပြုစုအားထုတ်မှ တော်ချေ မည်"ဟု စဉ်းစားဆာနေစဉ် အသပြာတစ်ထောင်ကို စွန့်လွှတ်လှူဒါန်း လေတော့သည်။

ထိုဃောသကသေဌေးကြီး၏ မွေးစားသမီး သာမာဝတီသည် ကား ဘဒ္ဒဝတီ သေဌေးသမီးဖြစ်၏။ ဘဒ္ဒဝတီမြို့တွင် ကူးစက်ရောဂါ ထပ်ဆိုးကြီး ကျရောက်လာသဖြင့် သာမာဝတီနှင့်တကွ သူ၏ မိခင် ဖခင်များသည် ဃောသက သေဌေးရှိရာ ကောသမ္ဗီ မြို့တော်သို့ ပြေးလာကြရ၏။ အသက်ကိုလု၍ ပြေးလာခဲ့ရသဖြင့် ရိက္ခာ အနည်း ငယ်မျှသာ ပါလာလေရာ ထိုရိက္ခာသည် လှည်းလမ်းမှာပင် ကုန်ခန်း ခဲ့၏။ ခရီးကြမ်းကြမ်းကို မထွက်စဖူး ထွက်လာကြရသည့်အတွက် လေဒဏ်၊ နေပူဒဏ်နှင့် ဆာလေဝင်မွတ်သိပ်ခြင်းဒဏ်တို့ကို မြင်းပြင်း ထန်ထန်ခံစားလာကြရလေသည်။

ဤသို့ဖြင့် ကောသမ္ဗီမြို့တော်သို့ရောက်၍ မြို့တံခါး အနီးရှိ ဇရပ် တွင် ခေတ္တတည်းခိုမိကြ၏။ ဤတွင် ဖခင်သေဌေးက "ညှိုးမှိန် နွမ်းပါး လှသော ရုပ်သွင်ဖြင့် မိတ်ဆွေဃောသကသေဌေးထံ မဝင်ရောက်လို သေးပေ။ တစ်ရက် နှစ်ရက်မျှ ဃောသကသေဌေး၏ အလှူထမင်းကို စားကာ ရုပ်ရည်လက္ခဏာကြည်လင်လာသောအခါမှ မိတ်ဆွေဃောသက သေဌေးထံ သွားမည်"ဟု ဆို၏။ ဖခင်စကားကို နားထောင်သော

အားဖြင့် သမီးဖြစ်သူသည် ယခင်က သေဌေးသမီး ဖြစ်ခဲ့ပါသော်လည်း ယခုအခါ ဆင်းရဲသူတစ်ယောက် ဖြစ်နေလေ၍ ခွက်လက်စွဲကာ ထမင်းတောင်းသွားရ၏။ မိမိတို့မှာ မိသားစုသုံးယောက် ရှိနေသည့် အတွက် သုံးယောက်စာ ထမင်းဟင်းများ တောင်း၍ ယူလာရ၏။

ဘဒ္ဒဝတီသေဌေးသည် သမီးယူလာသော ထမင်းဟင်းများကို ဆာလောင်မွတ်သိပ်စွာ စားသောက်လေရာ အရုဏ်တက်ချိန်တွင် အစာမကြေရောဂါဖြင့် သေဆုံးသွား၏။ သို့ဖြစ်၍ သမီးဖြစ်သူသည် နောက်တစ်နေ့အတွက် နှစ်ယောက်စာ ထမင်း ဟင်းများကိုသာ တောင်းယူခဲ့၏။ တစ်ဖန် မိခင်ဖြစ်သူလည်း အစာမကြေရောဂါဖြင့်ပင် သေဆုံးပြန်ရာ သမီး ဖြစ်သူမှာ တစ်ယောက်စာကိုသာ တောင်းရတော့၏။ ဃောသကသေဌေး၏ အလှူကို ကြီးမှူး ဆောင်ရွက် ပေးနေရသော မိတ္တာသူကြွယ်သည် သူ့ကို သတိထားလာခဲ့သည် ဖြစ်၍ "ဟယ်....သူယုတ်မ၊ ဖယ်လော့ ရှားလော့။ သင်သည် ယမန်နေ့မျာစတုန်းက သုံးယောက်စာကိုလည်း ယူခဲ့၏။ ယနေ့မှ သင်သည် သင်၏ ဝမ်းပမာဏကို သိရှာသလော"ဟု ပြောဆို ကြိမ်းမောင်း၏။ အရှက်အကြောက်နှင့် ပြည့်စုံသော အမျိုးကောင်း သမီးကလေးသည် မျက်ရည်ရွဲစို ငိုကြွေးလျက် ဖြစ်ရပ်မှန်ကို ပြောပြလိုက်၏။ ဤတွင် မိတ္တာသူကြွယ်သည် နောင်တကြီးစွာရရှိကာ အိမ်သို့ ခေါ်သွားပြီးလျှင် သမီးအကြီးအရာထား၍ မွေးစားလေသည်။

ရှေးယခင်က အလှူမဏ္ဍပ်သို့ တောင်းရမ်း လာသူတို့သည် စုပြုံတိုးဝှေ့ကာ ဆူညံစွာ ငြင်းခုံဟစ်အော်ကြ၏။ သာမာဝတီသည် ဤအခြေအနေကို ပြုပြင်လိုသဖြင့် ဖခင်သေဌေးကို ခွင့်ပန်ကာ အလှူမဏ္ဍပ်ကို အလုံကာရံပြီးလျှင် တစ်ယောက်ချင်း ဝင်သာ ထွက်သာရုံမျှ ပြုကာ အစဉ်အတိုင်း ပေးလှူနိုင်ရန် စီမံပေး၏။ ဤသို့ဖြင့် အလှူမဏ္ဍပ်၌ ငြင်းခုံ ဟစ်အော်သံများ ကင်းဆိတ်သွားလေရာ ဃောသက သေဌေးသည် မိတ္တာသူကြွယ်တို့ ခေါ်၍ မေး၏။ မိတ္တာသူကြွယ်က 'သမီး သာမာဝတီ စီမံပေး၍ အလှူမဏ္ဍပ်၌ တိတ်ဆိတ် ငြိမ်သက် သွားပါသည်'ဟု ပြောပြသဖြင့် ဃောသက သေဌေးက သာမာဝတီကို ခေါ်၍ တွေ့ဆုံမေးမြန်း၏။ မမြင်ဖူးသော မိမိ မိတ်ဆွေ၏သမီးဖြစ်ကြောင်းကို သိရသောအခါ သမီးကြီးအရာ၌ထားလျက် ချစ်ခင်ကြင်နာစွာ ပြုစုစောင့်ရှောက်ထားလေသည်။

နက္ခတ်ပွဲသဘင် ဆင်ယင် ကျင်းပသော နေ့၌ သာမာဝတီသည် အခြံအရံ မိန်းမငါးရာနှင့်တကွ နန်းတော် ကွင်းပြင်ကို ဖြတ်၍ မြစ်ဆိပ်သို့ ရေချိုးသွား၏။ ဥတေနမင်းကြီးသည် ခြသေ့ံခံသော ပြာသာဒ်မှ သာမာဝတီကို လှမ်း၍မြင်သော် အမတ်တို့အား မေးမြန်းပြီးလျှင် ဃောသက သေဌေးထံသို့ သမီးဆက်သရန် မင်းကြီးများကို စေလွှတ်လိုက်၏။ သမီးကို နှိပ်စက်ညှဉ်းပန်းမည် စိုး၍ ဃောသကသေဌေးက မပေးမဆက်ဘဲ နေလေရာ ဥတေနမင်းသည် ဃောသကသေဌေး၏ အိမ်ကို မင်းတံဆိပ် ခပ်နှိပ်ကာ ဃောသေဌေးနှင့် သေဌေးကတော်တို့ကို အိမ်မှ ဆွဲ၍ ထုတ်စေ၏၊ သာမာဝတီက "လက်ရှိအခြံအရံများနှင့်တကွ လိုက်ပါခွင့်ရလျှင် ပေးဆက်ပါတော့" ဟုဆို၏။ ဖခင်ဃောသကသေဌေးကလည်း သမီးနှစ်သက်သည့်အတိုင်း ဆောင်ရွက်၍ ပေးလိုက်လေသည်။

ဥဇ္ဇေနီမြို့တော်၌ ထီးနန်း စိုးစံသော စဏ္ဍပဇ္ဇောတမင်းသည် မိမိထက် စည်းစိမ်ချမ်းသာ သာလွန်သော ဥတေနမင်းကို ဖမ်းဆီးနိုင်ရန် သစ်သားဆင်ရုပ်ကို ပြုလုပ်စေ၏။ ဥတေနမင်းသည် ဟတ္ထိကန္တစောင်းနှင့် ဟတ္ထိကန္တမန္တန်တို့၏ တန်ခိုးဖြင့် ဆင်တို့ကို ပြေးလည်း ပြေးစေနိုင်၏။ ဖမ်းလည်းဖမ်းယူနိုင်၏။ ထို့ကြောင့် ဥတေနမင်း၏ အမိန့်ကို မနာခံဘဲ နေနိုင်သောဆင်ကို စီး၍ရခြင်း ဖြစ်ပေသည်။

စဏ္ဍပဇ္ဇောတမင်းသည် ဆင်ရုပ်ကို ပကတိ ဆင်ကဲ့သို့ မှန်းမံခြယ်လှယ်၍ စက်ယန္တရားများ တပ်ဆင်ထားပြီးလျှင် ဥတေနမင်း၏ နိုင်ငံ နယ်နိမိတ်အတွင်းရှိ ရေအိုင်အနားမှာ လွှတ်ထား၏။ ဆင်ချေးတုံးများကို ယူဆောင်ကာ ဟိုမှာသည်မှာ ပစ်ချသွား၏။ ဆင်ရုပ်ဝမ်းတွင်း၌ကား စစ်သည် ဗိုလ်ပါတို့ ရှိနေကြပေသည်။ တောသွားမုဆိုးတစ်ယောက်ထံမှ တစ်ဆင့် ထိုဆင်ရုပ်အကြောင်းကို ဥတေနမင်း ကြားသိသောအခါ ဟတ္ထိကန္တစောင်းနှင့် ဟတ္ထိကန္တ မန္တန်တို့ အားကိုးဖြင့် ဆင်စီး၍ ထွက်လာခဲ့၏၊ စဏ္ဍပဇ္ဇောတမင်း၏ စစ်သည်တို့သည် အလယ်စစ်ကြောင်းကို ဟင်းလင်းဖွင့်ကာ နံဘေးစစ်ကြောင်းမှ ဖြန့်၍ နေနှင့်ကြ၏။ ဥတေနမင်း အနီးသို့ ရောက်သောအခါ ဆင်ရုပ်အတွင်းမှ လူများသည် ဆင်ရုပ်ကိုအလျင်အမြန် ဆောင်နှင်ပြေးကြ၏။ ပကတိ ဆင်တို့ ပေါ်၌ ဩဇာ အာဏာသက်ရောက်လှသော ဟတ္ထိကန္တစောင်းနှင့် ဟတ္ထိကန္တ မန္တန်တို့သည် အရုပ်ဆင်ကိုကား မည်သို့မျှ မလွှမ်းမိုးနိုင်ချေ၊ ဥတေနမင်းသည် ဆင်စီး၍လိုက်သော်လည်း မမီသဖြင့် မြင်းစီး၍

လိုက်ပြန်၏။ ဤတွင် မိမိ၏ စစ်သည်ဗိုလ်ပါများ ကွဲကွာနိုရစ်ခဲ့ကြသဖြင့် စဏ္ဍပဇ္ဇောတမင်းသည် သူ့ကို လက်ရ ဖမ်းမိလေတော့သည်။

စဏ္ဍပဇ္ဇောတမင်းသည် ဥဒေနမင်းကို လက်ရ ဖမ်းနိုင်သဖြင့် သုံးရက်တိုင်တိုင် အောင်သေသောက်ပြီးလျှင် ဆင်တို့ ချစ်မြတ်နိုးသော မန္တန်ကို သင်ပေးလျှင် သင့်ကိုလွှတ်အံ့ဟုဆို၏။ ဥဒေနမင်းက "မိမိအား ရှိခိုး၍ ဆင်ယူလျှင် သင်ပေးမည်" ဟု ဆို၏။ စဏ္ဍပဇ္ဇောတမင်းသည် ဥဒေနမင်းကို အလက်ဘာ ဖြင့် ခြိမ်းခြောက်သော်လည်း မရသဖြင့် "ကောင်းပြီ၊ ငါနန်းတော်၌ ခါးကုန်းမတစ်ယောက်ရှိ၏။ ထိုခါးကုန်း မကို ကန့်လန့်ကာအတွင်းမှာ ထိုင်စေ၍ သင်က ကန့်လန့်ကာအပြင်မှ ဆင်ပေးလော့"ဟုဆို၏။ ဥဒေနမင်းကလည်း "မိမိအား ရှိခိုးလျှင် မည်သူ့ကိုမဆို သင်ပေးမည်"ဟု ပြန်ပြောလေသည်။

ဤသို့သော အစီအစဉ်ဖြင့် မန္တန်ကို ပို့ချလာခဲ့ရာ တစ်နေ့လုံး အကြိမ်ကြိမ် ပို့ချပါသော်လည်း အတွင်းမှ သင်ယူသူသည် မန္တန်ပုဒ်ကို ပီပီသသလိုက်၍ မဆိုနိုင်ချေ။ ဤတွင်ဥဒေနမင်းက အမျက်ထွက်ကာ "ဟယ်....ခါးကုန်းမ၊ သင့်နှုတ်ခမ်းသည် ထူလွန်းလှချည်တကား"ဟု ကြိမ်းမောင်းပြောဆို၏။ အတွင်းက သင်ယူသူကလည်း "ဟယ်....ရေ သင်းဖြူစွဲနေသော နူနာသည်၊ ငါကဲ့သို့သော မင်းသမီးသည် ခါးကုန်းမ ဖြစ်သည်လော"ဟု ဒေါသဖြင့် တုံ့ပြန်ကာ ကန့်လန့်ကာကို ဆွဲ၍ဖွင့် လိုက်၏။ ဤတွင်မှ ခမည်းတော် စဏ္ဍပဇ္ဇောတမင်း မိမိတို့နှစ်ဦး ချစ် ကျွမ်းဝင်၍ မသွားစေရန် စီမံထားကြောင်း ရိပ်မိကြလေသည်။ ထိုနေ့မှ စ၍ မန္တန်သင်ယူခြင်း မရှိကြတော့ဘဲ ချစ်ကြိုက်၍သာ နေကြလေ သည်။

ထိုသို့ နေကြပြီးနောက် ဥဒေနမင်းက "ချစ်နှမ၊ လင်ယော ကျား တို့က ချီးမြှောက်နိုင်သော စည်းစိမ်မျိုးကို မိဘတို့က ပေးနိုင်စွမ်း မရှိ ချေ။ အကယ်၍ ငါ၏အသက်ကို ကယ်ဆယ်ပါလျှင် ငါကလည်း နှမ တော်ကို မိန်းမအခြံအရံငါးရာပေး၍ မိဖုရားကြီးအရာ၌ ထားပါမည်" ဟု ဆို၏။ သမီးတော် ဝါသုလဒတ္တာကလည်း ဤအဆိုကို လက်ခံ ကျေနပ်ကာ ခမည်းတော်ထံ ဝင်ရောက်ပြီးလျှင် "ညအခါ နက္ခတ် ယှဉ်စိုက်တွင် မန္တန်၏ အထောက်အကူအလို့ငှာ ဆေးမြစ်တူး ထွက်စရာ ရှိပါသည်။ ထို့ကြောင့် အချိန်အခါ ဟုတ်သည်ဖြစ်စေ၊ အချိန်မဟုတ်သည် ဖြစ်စေ ဝင်ထွက်နိုင်သော တံခါးတစ်ပေါက်နှင့် ဆင်တစ်စီးကို ပေး

တော်မူပါ'' ဟု လျှောက်တင်၏။ စက္ကုပဇ္ဇောတမင်းကလည်း သမီး လျှောက်တင်သည်ကို ပေးသနားလိုက်လေသည်။

တစ်နေ့သ၌ စက္ကုပဇ္ဇောတမင်းသည် ဥယျာဉ်ဆော့စားရန် နန်းတော်မှ ထွက်၏။ ထိုအချိန်ကို အခွင့်ကောင်းယူကာ ဥဒေနမင်းသည် ဆင်ပေါ်တွင် ရွှေအိတ်၊ ငွေအိတ်များနှင့်တကွ ဝါသုလဒတ္တာကို တင်ယူ၍ ထွက်ပြေးလာခဲ့၏။ စက္ကုပဇ္ဇောတမင်း၏ စစ်သည်ဗိုလ်ပါများ လိုက်လာကြသောအခါ ပထမ ငွေအိတ်၊ နောက်ရွှေအိတ်ကိုဖွင့်၍ကြဲချလိုက်၏။ စစ်သည်တို့သည် ရွှေများကောက်ယူနေကြစဉ်တွင်ပင် ဥဒေနမင်းသည် မိမိ၏ စစ်သည်ဗိုလ်ပါများနှင့် ပြိုင်၍ ဆုံမိလေတော့သည်။ ဥဒေနမင်းကြီးသည် ဝါသုလဒတ္တာကိုလည်း၊ သာမာဝတီနှင့်အတူ မိဖုရားကြီးအရာ၌ ထားလေသည်။

ဥဒေနမင်းကြီး၏ မိဖုရားကြီးများ အနက် သာမာဝတီသည် သေဌေးမျိုးဖြစ်၏။ ဝါသုလဒတ္တာသည် မင်းမျိုး ဖြစ်၏။ အခြား မိဖုရားကြီးတစ်ယောက်မှာကား ကုရုတိုင်းမှ ပုဏ္ဏားမျိုးဖြစ်၏။ သူတို့၏ မျိုးရိုးကိုအစွဲပြု၍ တစ်ဆွေလုံး တစ်မျိုးလုံး မာဂဏ္ဍီ ဟူ၍သာ အမည်တွင်နေကြ၏။ သမီး မာဂဏ္ဍီသည် နတ်ကညာတမျှ လှပသူဖြစ်၍ အမျိုးကောင်းသားတို့က တောင်းရမ်းလာကြသော်လည်း ဖခင် ပုဏ္ဏားကြီးသည် ''သင်တို့နှင့် တန်သလော'' ဟူ၍ ကြိမ်းမောင်း၍သာ လွှတ်ခဲ့၏။ တစ်နေ့သ၌ ဘုရားရှင်သည် မာဂဏ္ဍီ ပုဏ္ဏားကြီးနှင့် ပုဏ္ဏေးမတို့ ကျွတ်တမ်းဝင်ရမည့်အရေးကို ရှုမြင်တော်မူသဖြင့် မာဂဏ္ဍီ ပုဏ္ဏားကြီးတို့နေထိုင်ရာ ရွာ၏ပြင်ပရှိ မီးပူဇော်ရာဌာနသို့ တစ်ပါးတည်း ကြွချီတော်မူ၏။ မာဂဏ္ဍီ ပုဏ္ဏားကြီးသည် တင့်တယ် သပ္ပာယ်လှစွာသော ကိုယ်တော်ကို ကြည့်ရှုပြီးလျှင် ''အရှင် ရဟန်း၊ ကျွန်ုပ်၏ သမီးတစ်ယောက် ရှိပါသည်။ ကျွန်ုပ်၏ သမီးသည် အရှင်ကဲ့သို့သော ယောကျ်ားမြတ်နှင့်သာ ထိုက်တန်ပါသည်။ အရှင်မြတ်အား ကျွန်ုပ်၏ သမီးကို ပေးဆက်လိုက်အံ့သည်။ ကျွန်ုပ် မရောက်လာမီတွင် ဤနေရာ၌သာ နေရစ်ပါ'' ဟု လျှောက်ထားအံ့ ရွာတွင်းသို့ ဝင်သွားလေသည်။

မာဂဏ္ဍီ မိသားစုတို့ ရွာမှ ထွက်လာကြသောအခါ လူအပေါင်းတို့လည်း အတူ လိုက်ပါလာကြ၏။ အမီး မာဂဏ္ဍီနှင့် မထိုက်အန်ဟူ၍ လာလာသမျှ လုလင်ပျိုများကို ပယ်ချပြီးကာမှ ယခုမှ ထိုက်တန်သူ တွေ့ပြီဆိုသဖြင့် ထိုက်တန်သူကို အကဲခတ်ရန် ဖြစ်ပေသည်။ ဘုရားရှင်သည်

ပုဏ္ဏားနှင့် တွေ့ဆုံရာတွင် နေတော်မမူဘဲ ခြေတော်ရာကို ထင်စေလျက် လှမ်းကြွတော်မူကာ အခြား တစ်နေရာ၌ သီတင်းသုံးတော် မူနေ၏။ မာဂဏ္ဍီ ပုဏ္ဏေးမကြီးသည် ဘုရားရှင်၏ ခြေတော်ရာကို ဖူးမြင်ရသောအခါ ဗေဒင်သုံးပုံနှင့်တကွ လက္ခဏာကျမ်းကို အထင်ကျွမ်းထားသဖြင့် "ပုဏ္ဏား၊ ဤခြေရာသည် ကာမဂုဏ် ခံစားသူ၏ ခြေရာ မဟုတ်ပါချေကား" ဟု ဆိုလေသည်။

ပုဏ္ဏားကြီးသည် ပုဏ္ဏေးမအား တိတ်တိတ်နေရန် မခန့်မဲပြီးလျှင် ဘုရားရှင် ရှေ့တော်သို့ ဝင်ရောက်ကာ "အို-အရှင်ရဟန်း၊ ကျွန်ုပ်၏ သမီးကို ခြေရင်း အလုပ်အကျွေးအလို့ငှာ ပေးပါ၏"ဟု လျှောက်ထား၏။ ထိုအခါ ဘုရားရှင်က မဟာဗောဓိပင်အနီး ဆိတ်ကျောင်း ညောင်ပင်အောက်မှာ သီတင်းသုံးတော်မူစဉ်က တဏှာ၊ ရတီနှင့် ရာဂါ ဟူသော မာရ်နတ်မင်း၏ သမီးသုံးယောက်တို့ လာရောက်၍ မြူဆွယ်ကြပုံကို ဟောပြတော်မူပြီးလျှင် "ပုဏ္ဏား၊ မာရ်နတ်မင်း၏ သမီး သုံးယောက်ကိုမျှ ငါဘုရား အလိုမရှိခဲ့ပါဘဲလျက် ကျင်ငယ် ကျင်ကြီး တို့ဖြင့် ပြည့်နေသော မာဂဏ္ဍီ သူငယ်မကို အဘယ်မှာ အလိုရှိပါမည်နည်း၊ သင့်သမီး မာဂဏ္ဍီကို ခြေဖြင့်ပင် မထိလိုပေ"ဟု မိန့်ကြားတော်မူလေသည်။

ဤဒေသနာတော် အဆုံး၌ မာဂဏ္ဍီ ပုဏ္ဏားကြီးနှင့် ပုဏ္ဏေးမတို့သည် အနာဂါမိဖိုလ်၌ တည်ကုန်၏။ သမီး မာဂဏ္ဍီသည်ကား မိမိအား ချိုးချိုးဖွဲ့ဖွဲ့ ဆိုရန်ကောဟု ရန်ငြိုးကြီးစွာ ဖွဲ့မိလေသည်။ ဘုရားရှင်သည် သမီး မာဂဏ္ဍီ ဤသို့ ရန်ငြိုးဖွဲ့မည့် အရေးကို သိရှိတော်မူသော်လည်း ပုဏ္ဏားကြီးနှင့် ပုဏ္ဏေးမတို့ အကျိုးငှာ ဤသို့ ဟောတော်မူပေသည်။ အနာဂါမ် ပုဏ္ဏားကြီးနှင့် ပုဏ္ဏေးမတို့သည် သာသနာတော်၌ ရဟန်းပြုကြသောအခါ ညီဖြစ်သူ စူဠမာဂဏ္ဍီထံသို့ သမီးကိုအပ်နှံထားခဲ့ကြ၏။ စူဠမာဂဏ္ဍီက ဥတေနမင်းကြီးထံ ဝင်ရောက်၍ သမီးကညာအဖြစ် ဆက်သလေရာ ဥတေနမင်းကြီးကလည်း ချစ်ခင်မြတ်နိုးကာ မိဖုရားကြီး အရာ၌ ထားလေသည်။

ကောသမ္ဗီ မြို့တော်၌ ဃောသကသေဋ္ဌေး၊ ကုက္ကုဋသေဋ္ဌေးနှင့် ပါဝါရိကသေဋ္ဌေးဟူ၍ သေဋ္ဌေးကြီး သုံးဦးတို့ ရှိနေကြ၏။ သေဋ္ဌေးကြီး သုံးဦးလုံးပင် မိုးတွင်းလေးလ၌ ဟိမဝန္တာမှ ကြွလာကြသော ရသေ့ငါးရာတို့ကို ကြည်ညိုစွာ ပြုစုလုပ်ကျွေးကြကုန်၏။ ရသေ့တို့သည် ကောသမ္ဗီ မြို့တော်အနီး တောအုပ်အတွင်းရှိ ညောင်ပင်ကြီးတစ်ပင် အောက်မှာ ထိုင်

မိကြ၏။ ဤတွင် အကြီးဆုံးရသေ့က "ဤညောင်ပင်၌ ကနိုးကြီးသော နတ်တစ်ပါးပါး ရှိနေပါက ငါတို့အား သောက်ရေပေးပါလျှင် ကောင်း လေစွ"ဟု စိတ်ထဲမှ တောင့်တလိုက်၏။ ထိုညောင်ပင်မှ နတ်သည်လည်း ရသေ့တို့အား သောက်ရေကို ပေးလှူ၏။ ထို့နောက် ချိုးရေကို ပေးလှူ ၏။ ထို့နောက် ဆွမ်းဘောဇဉ်များ ပေးလှူ၏။ နောက်ဆုံးတွင်ကား ရသေ့တို့၏ ဆန္ဒအတိုင်းပင် ညောင်ပင်၏ ပင်စည်ကို ထွင်းဖောက်ကာ ကိုယ်ထင်ပြရလေတော့သည်။

"အဘယ်ကောင်းမှုကြောင့် ဤကဲ့သို့သော စည်းစိမ် ချမ်းသာကို ရပါသနည်း"ဟု ရသေ့တို့က မေးသောအခါ ပင်ညောင်စောင့်နတ်သည် မပြောဘဲနေ၏။ မိမိ၏ ကုသိုလ်ကောင်းမှု သေးငယ်လွန်းလှသည်ကို ထုတ် ဖော် လျှောက်ထားရန် ရှက်နေ၍ ဖြစ်၏။ နောက် ရသေ့များက ထပ်ကာ ထပ်ကာ မေးမှ "သာဝတ္ထိမြို့တော်မှ အနာထပိဏ် သေဌေးကြီးသည် ဘုရား၊ တရား၊ သံဃာ ရတနာ သုံးပါးတို့၌ ကြည်ညို မြတ်နိုးလှပါသည်။ အပည့်တော်သည် ထိုသေဌေးကြီး၏ အခစား သူရင်းငှား ဖြစ်ခဲ့ပါသည်။ တစ်နေ့သ၌ ကျွန်ုပ်သည် တစ်နေ့လုံး တောထဲမှာ အလုပ်လုပ်၍ ညနေမှ ပြန်လာခဲ့ရာ အခြားသူများအားလုံး ဥပုသ်စောင့်ထားကြသည်ကို တွေ့ရ၍ အပည့်တော်လည်း ညစာမစားတော့ဘဲ ဥပုသ်စောင့်ခဲ့ပါသည်။ တစ်နေ့လုံး အလုပ်လုပ်ကာ ဆာလောင်လွန်းနေပါလျက် ဥပုသ်ကို အပျက်မခံဘဲ တစ် ညတာမျှ စောင့်ခဲ့သဖြင့် ထိုညမှာပင် ကွယ်လွန်ကာ ဤညောင်ပင်ဗိမာန်၌ လာ၍ ဖြစ်ရပါသည်"ဟု လျှောက်ထားလေသည်။

ရသေ့တို့သည် ဘုရားတည်းဟူသော အသံကို ကြားရမျှဖြင့် ဝမ်း မြောက် ဝမ်းသာ ဖြစ်ကာ နောက်တစ်နေ့တွင် "ဘုရားရှင်ရှိရာ သာဝတ္ထိ မြို့တော်သို့ သွားကြကုန်အံ့"ဟု သေဌေးကြီး သုံးယောက်ထံ ခွင့်ပန်ကြား ကြကုန်၏။ သေဌေးကြီးများက "တပည့်တော်တို့လည်း လိုက်ပါလိုပါ သည်၊ အစီအစဉ်များ ပြုလုပ်ရန် ရှိပါ၍ ခေတ္တမျှ ဆိုင်းငံ့တော်မူကြပါ ဘုရား"ဟု လျှောက်ထားကြ၏။ ရသေ့များက အစီအစဉ်များ ပြုလုပ် နေလျှင် ကြာလိမ့်မည်ဟု ဆိုကာ ရှေးဦးစွာ သွားနှင့်ကြကုန်၏။ ဘုရားရှင် ရှေ့တော်မှောက်၌ တရားတော်ကို နာရသောအခါ ရသေ့ အားလုံးတို့ သည် ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ကာ ဟော် တိကျွ ရဟန်း အဖြစ်ကို ရကြလေသည်။

သေဋ္ဌေးကြီးသုံးဦးတို့သည်လည်း လှည်းငါးရာစီဖြင့် မွန်မြတ်သော စားသောက်ကုန် ပစ္စည်းများကို တင်ဆောင်လာပြီးလျှင် သာဝတ္ထိမြို့တော်သို့ လိုက်လာခဲ့ကြ၏။ ဘုရားရှင် ရှေ့တော်မှောက်မှ တရားတော်ကြားနာရသည်တွင် သောတာပတ္တိဖိုလ်သို့ ရောက်ကြ၏။ သူတို့သည် ဘုရားအမှူးရှိသော သံဃာတော် အပေါင်းအား တစ်ဆယ့်ငါးရက်ကြာမျှ ဆွမ်းခဲဖွယ်များ ဆက်ကပ်လှူကျွေးကြပြီးလျှင် ဘုရားရှင်အစ ကောသမ္ဗီမြို့တော်သို့ ကြွပါရန် ပင့်လျှောက်ကြ၏။ ဘုရားရှင်က "ဒါယကာတို့၊ ဘုရားရှင်တို့သည် တိတ်ဆိတ်ရာ၌ မွေ့လျော်ကြကုန်၏"ဟု မိန့်တော်မူလေရာ ဒါယကာများက "အရှင်ဘုရား၊ တပည့်တော်တို့သည် ဘုရားရှင်၏ အလိုတော်ကို သိကြပါသည်။ တပည့်တော်တို့ထံမှ အပင့်အလျှောက် လာသောအခါ ကြွတော်မူပါဘုရား"ဟု လျှောက် ထားကြ၏။

ထို့နောက် သေဋ္ဌေးသုံးယောက်တို့သည် ကောသမ္ဗီမြို့တော်သို့ ပြန်လာကြကာ လူသံသူသံ တိတ်ဆိတ်၍ နှလုံးမွေ့လျော်ဖွယ်ကောင်းသော အရပ်၌ ကျောင်းများ ဆောက်လုပ်ကြ၏။ ဃောသကသေဋ္ဌေး ဆောက်လုပ်သော ကျောင်းသည် ဃောသိတာရုံအမည်တွင်၏။ ကုက္ကုဋ သေဋ္ဌေး ဆောက်လုပ်သောကျောင်းသည် ကုက္ကုဋာရုံ အမည်တွင်၏။ ပါဝါရိက သေဋ္ဌေး ဆောက်လုပ်သော ကျောင်းသည် ပါဝါရိကာရုံ အမည်တွင်၏။ ထို့နောက် ဘုရားရှင်ထံသို့ အပင့်အလျှောက် လွှတ်လိုက်ကြ၏။ ဘုရားရှင်လည်း ကောသမ္ဗီမြို့တော်သို့ ကြွတော်မူကာ သေဋ္ဌေးကြီး သုံးယောက်၏ ကျောင်းများတွင် အလှည့်ကျ သီတင်းသုံးတော်မူလေသည်။

သာမာဝတီမိဖုရား၏ ကျွန်မတစ်ယောက်သည် ခုဇ္ဇုတ္တရာ အမည်တွင်၏။ အမည်ရင်းမှာ ဥတ္တရာဖြစ်သော်လည်း ခါးကုန်းနေသောကြောင့် ခုဇ္ဇာသဒ္ဒါနှင့် တွဲစပ်ကာ ဤသို့အမည်တွင်နေခြင်း ဖြစ်၏။ တစ်ခုသော ဘဝတုန်းက သူသည် အတန်ငယ် ခါးကုန်းသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို အကြောင်းပြုကာ ကမ္ဗလာကိုခြုံ၍ ရွှေခွက်ကို ပွေ့ပိုက်ပြီးလျှင် "ငါတို့၏ အရှင်မြတ်သည် ဤသို့ ဤပုံ ကြွလေ၏"ဟူ၍ ပြက်ရယ်မှုကို ပြုမိလေ၏၊ ထို့ကြောင့် ဤဘဝတွင် ခါးကုန်းနေရ၏။ ထိုဘဝမှစပင် နို့ဃနာဘူပူကို လူသဖြင့် ပူနေသော သပိတ်များကို အကိုင်ရခက်နေသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်များအား မိမိ၏ ဆင်စွယ်လက်ကောက်

ရှစ်ကွင်းတို့ကို သပိတ်ခြေ အဖြစ်ဖြင့် ပေးလှူခဲ့၏။ ထိုကောင်းမှုကြောင့် ဤဘ၀တွင် ဉာဏ်ပညာ ကြီးမားရှိအကြား အမြင်မျှားကာ အမျိုးသမီး ဓမ္မကထိကများထဲတွင် အမြတ်ဆုံးဟူသော တေဒဂ်ဂုဏ်ထူးကို ဆွတ်ခူး နိုင်ပေသည်။ တစ်ဖန် သေ၍ဝေးသမီးဖြစ်ရာ ဘ၀တွင်လည်း ကဿပဘုရား ရှင်၏ တပည့်ရဟန္တာ အရှင်တစ်ပါးသို့ မိမိထံ ကြွလာခိုက်တွင် ခြေပြင် ထောင်းကို ယူဇပေးရန် စေခိုင်းမိခဲ့၏။ ထို့ကြောင့်ပင် ယခုဘ၀တွင် သူ တစ်ပါး၏ အခိုင်းအစေကို ခံနေရလေသည်။

ဥတေနမင်းကြီးသည် သာမာ၀တီအတွက် နေ့စဉ် ပန်းဖိုး ရှစ် ကျပ်ပေးလေရာ ခုဇ္ဇုတ္တရာသည် ထိုငွေဖြင့် ပန်း၀ယ်၍ ဆက်ရ၏။ တစ် နံနက်ခင်း၌ ခုဇ္ဇုတ္တရာသည် ပန်း၀ယ်ရန် ပန်းသည် သုမနထံသို့ သွား လေရာ သုမနသည် ဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်း ဆက်ကပ်နေ၍ ပန်းမရောင်းနိုင်ပေ။ သို့ဖြစ်၍ ခေတ္တမျှစောင့်ဆိုင်း၍ ဆွမ်း ကပ်ရာတွင် ကူညီပါရန် သုမနက ပန်ကြားလေရာ ခုဇ္ဇုတ္တရာကလည်း ဆွမ်းကပ်ရာတွင် ကူညီနေ၏။ ထို့နောက် ဘုရားရှင်၏ ဆွမ်းအနုမောဒနာ တရားတော်ကို ကြားနာရသည်တွင် သောတာပတ္တိဖိုလ်၌ တည်လေ သည်။

ခုဇ္ဇုတ္တရာသည် ယခင်နေ့များတုန်းက ပန်းဖိုး ရှစ်ကျပ်အနက်မှ လေးကျပ်ကို မိမိအတွက်ယူထား၍ ကျန်လေးကျပ်ဖြင့်သာ ပန်း၀ယ်နေ ကျ ဖြစ်၏။ ထိုနေ့တွင်ကား ငွေအားလုံးဖြင့် ပန်းများ၀ယ်၍ သွားလေ သည်။ သာမာ၀တီသည် ဓါတ်ပိုင်းထက် နှစ်ဆ များနေသော ပန်းများ ကို မြင်လေရာ "မိခင်၊ ယနေ့ မင်းကြီးက ပန်းဖိုးနှစ်ဆပေးပါသလော" ဟု မေး၏။ ခုဇ္ဇုတ္တရာက ဖြစ်မှန်ကို ပြောပြလိုက်သောအခါ သာမာ ၀တီသည် ၀မ်းမြောက်၀မ်းသာဖြစ်ကာ "မိခင်၊ မိခင်သောက်သုံးခဲ့ရ သော အမြိုက်အရသာကို သမီးတို့အားလည်း တိုက်ကျွေး ပါလော့" ဟု ပန်ကြား၏။ ထို့နောက် ခုဇ္ဇုတ္တရာကို နံ့သာရည်တို့ဖြင့် ရေချိုး ပြီးလျှင် ချော်ခမောခေသာ အ၀တ်နှစ်ထည်ကို ပေး၏။ ခုဇ္ဇုတ္တရာသည် အ၀တ်သစ်များကို ၀ပ်ရပ်စွာ၀တ်ဆင်ကာ နန်းတွင်းသူ ငါးရာနှင့်တကွ သာမာ၀တီတို့အား ဘုရားရှင် ဟောတော်မူသော နည်းအတိုင်း တရား ဟောလေသည်။ ကျွန်မ ခုဇ္ဇုတ္တရာ၏ တရားကိုကြားနာရ၍ သာမာ၀တီ နှင့်တကွ နန်းတွင်းသူငါးရာတို့ သောတာပတ္တိဖိုလ်၌ တည်ကြလေကုန် ၏။

နန်းတွင်းသူအပေါင်းက ခုဇ္ဇုတ္တရာကို ရှိခိုးပြီးလျှင် "မိခင်၊ ယနေ့မှစ၍ ပင်ပန်းသော အလုပ်များကို မလုပ်ပါနှင့်။ ကျွန်မတို့၏ အမိ အရာ၊ ဆရာအရာမှာ နေပါလော့။ ဘုရားရှင်ထံတော် သွားကာ ဘုရား ဟောကြားသော တရားတော်ကို ကြားနာပြီးလျှင် ကျွန်မတို့အား တစ် ဆင့်ဟောကြားပြပါလော့" ဟု တောင်းပန်ကြ၏။ ခုဇ္ဇုတ္တရာလည်း တောင်းပန်သည့်အတိုင်း ပြုလေသော် အချိန်ကာလ ရှည် လျား လာ သောအခါ ဘုရားဟော တရားတော်အားလုံးကို နှုတ်ငုံဆောင်လာနိုင်သ ဖြင့် ဘုရားရှင် ကိုယ်တော်တိုင်က အထူးမြတ်ဆုံးသော အမျိုးသမီး ဓမ္မကထိကအဖြစ်ဖြင့် ဧတဒဂ်အရာ ထားတော်မူလေသည်။

ထို့နောက် နန်းတွင်းသူ ငါးရာတို့သည် မြတ်စွာဘုရားကို ဖူးမြင် လိုပါ၍ ဖူးမြင်ခွင့်ရအောင် ကြံဆောင်ပေးပါရန် တောင်းပန်ကြပြန် ၏။ ခုဇ္ဇုတ္တရာသည် နန်းတွင်းသူများအား အပြင်ပသို့ ခေါ်ဆောင် သွားရန် ဝန်လေးလှသဖြင့် သူတို့အိပ်ခန်းဆောင် နံရံများတွင် အ ပေါက်များ ဖောက်ပေးထား၍၊ ကောသမ္ဗီ မြို့တော်တွင်းသို့ ဘုရား ရှင်နှင့် သံဃာတော်များ ဆွမ်းခံကြသောအခါ၊ ဆွမ်းခံရာမှ ပြန်ကြလာ သောအခါ ထိုအပေါက်များမှ နန်းတွင်းသူတို့ ဖူးမြော် ကြည်ညိုကြရ လေသည်။

တစ်နေ့သ၌ မာဂဏ္ဍီသည် လမ်းလျှောက်ထွက်ရာတွင် သာမာ ဝတီတို့ အိမ်ခန်း နံရံများမှ အပေါက်တို့ကို တွေ့မြင်ကာ ထိုနန်းတွင်း သူတို့ကို မေးမြန်း၏။ နန်းတွင်းသူတို့ကလည်း မာဂဏ္ဍီ၏ ရန်ငြိုးကို မသိကြသဖြင့် ဟုတ်တိုင်းမှန်ရာ ဖြေဆိုကြ၏။ ဤတွင် မာဂဏ္ဍီသည် ဘုရားရှင်နှင့်တကွ ဘုရားရှင်ကို ကြည်ညိုသူများကိုပါ ဒဏ်သင့်စေလိုသဖြင့် ဥတေနမင်းကြီးထံသို့ ဝင်ရောက်ကာ "အရှင်မင်းကြီး၊ သာမာဝတီ၏ အခြံအရံ မိန်းမတို့သည် ပြင်ပ ယောကျ်ား တစ်ယောက်ယောက်ကို လိုလား တောင့်တနေကြကုန်၏။ တစ်ရက်နှစ်ရက်ဖြင့်ပင် သင်မင်းကြီး ၏ အသက်ကို သတ်ကြကုန်လတ္တံ့" ဟု လျှောက်တင်၏။ ဤသို့ သုံး ကြိမ်တိုင်အောင် လျှောက်တင်သော်လည်း ဥတေနမင်းကြီးက မယုံကြည် ပေ။ သို့ဖြစ်၍ မာဂဏ္ဍီသည် ထိုအိပ်ခန်းများသို့ ဥတေနမင်းကြီးကို ပင့်ခေါ်ပြ၏။ ဥတေနမင်းကြီးကလည်း ဒေါသိမျှ မပြောဆိုဘဲ လူတစ်ရပ် ထက် မြင့်ရာမှသာ အပေါက်ဖောက်ကြရန် မိန့်ကြားလိုက်လေသည်။

မာဂဏ္ဍီသည် နန်းတွင်းသူများအား အပြစ်သင့်အောင် ပြုလုပ်၍ မရတော့သဖြင့် မြို့သူမြို့သားများကို လာဘ်ထိုးပြီးလျှင် "မြို့တွင်းသို့ရဟန်းဂေါတမ ဆွမ်းခံကြွလာလျှင် ကျေးကျွန်များ၊ အလုပ်သမားများအား ရဟန်းဂေါတမကို ဆဲရေးစေပါလော့"ဟု စေခိုင်း၏၊ ရတနာသုံးပါး၌ မကြည်ညိုနိုင်သူတို့သည် မာဂဏ္ဍီ၏ အလိုကျအတိုင်း ဘုရားရှင်ဆွမ်းခံဝင်သောအခါ အမျိုးမျိုးအဖုံဖုံ ဆဲဆို ကြိမ်းမောင်းကြလေတော့သည်။

ဤတွင် အရှင်အာနန္ဒာသည် "အရှင်ဘုရား ဤမြို့သူ မြို့သားတို့သည် ဆဲရေးကြကုန်၏၊ ခြိမ်းခြောက်ကြကုန်၏၊ ဤမြို့မှတစ်ပါးသောမြို့သို့ သွားကြပါစို့"ဟု ဘုရားရှင်ထံ လျှောက်ထား၏၊ ဘုရားရှင်က "အာနန္ဒာ၊ ဤသို့ မပြုသင့်ပေ။ ဖြစ်ပေါ်လာသော အဓိကရုဏ်းကို ဖြစ်ပေါ်ရာ အရပ်၌သာ ငြိမ်းစေပြီးမှ အခြားအရပ်သို့ သွားရာ၏။ အာနန္ဒာ၊ မစိုးရိမ်လင့်၊ ထိုသူတို့သည် ခုနစ်ရက်တာမျှသာ ဆဲရေးနိုင်ကြကုန်လတ္တံ့၊ ရှစ်ရက်မြောက်သောအခါ နှုတ်ဆိတ် သွားကြကုန်လတ္တံ့"ဟု မိန့်ကြားတော်မူ၏။ မိန့်တော်မူသည့်အတိုင်း ရှစ်ရက်မြောက်သောအခါ ဆဲရေးသံ၊ ခြိမ်းခြောက်သံများတိတ်ဆိတ်၍ သွားကြလေတော့သည်။

ဤသို့ဆဲရေး ခြိမ်းခြောက်ခိုင်း၍ မအောင်မြင်သော မာဂဏ္ဍီသည် နောက်တစ်မျိုးကြံစည်ပြန်၏။ ဥတေနမင်းကြီး သေရည်သောက်နေခိုက်တွင် ပုရောဟိတ်အရာရနေသော ဘထွေးတော် စူဠမာဂဏ္ဍီ ပုဏ္ဏားသည် မိဖုရား မာဂဏ္ဍီမှာကြားချက်အရ ကြက်သေရှစ်ကောင်နှင့် ကြက်ရှင် ရှစ်ကောင်ကိုယူ၍ခစားလာ၏။ သို့သော် မင်းကြီး ရှေ့တော်မှောက် ထိအောင် မဝင်ဘဲ မာဂဏ္ဍီမိဘုရား၏အခိုင်းအစေလုလင်ထံမှသာပေးခဲ့၏၊ မာဂဏ္ဍီသည် ပုရောဟိတ်ကြီးက ကြက်များပို့ဆက်လာကြောင်း လျှောက်ဘင်လေရာ ဥတေနမင်းကြီးက "ငါတို့အတွက် ကောင်းမွန်သော လက်သုတ်ဟင်းလျာဖြစ်ပေစွ။ ထိုကြက်တို့ကို မည်သူချက်မည်နည်း"ဟု မေး၏။ မာဂဏ္ဍီက သာမာဝတီ၏ အခြံအရံမိန်းမတို့ကို အချက်ခိုင်းရန် လျှောက်တင်လေသော် မင်းကြီးကလည်း ထိုအခိုင်းအစေလုလင်အား "သွားချေ၊ သူတို့ကိုယ်တိုင်ချက်၍ပို့လာစေ"ဟု အမိန့်ပေးလိုက်လေ၏။

သာမာဝတီ၏ အခြံအရံမိန်းမတို့သည် သောတာပန် ပုဂ္ဂိုလ်များဖြစ်နေကြ၍ သူတစ်ပါးအသက်ကို မသတ်ဖြတ်ကြကုန်။ ထို့ကြောင့် ကြက်အရှင်တို့ကိုသတ်၍ မချက်နိုင်ကြောင်း ပြောပြလိုက်ကြ၏။ ဤတွင် မာဂဏ္ဍီက "အရှင်မင်းကြီး၊ မြင်ပြီမဟုတ်လော၊ ထိုမိန်းမတို့သည် အကယ်ပင်

သူ့အသက် သတ်မထတ်သိလိုပါလျှင် ရဟန်းဂေါတမအတွက် ချက်၍ပို့စေဟု အမိန့်ပေးတော်မူပါ''ဟု လျှောက်တင်၏။ မင်းကြီးက အမိန့်ပေးသောအခါ မာဂဏ္ဍီသည် ကြက်ရှင်များကို ဘထွေးတော်ထံ ပြန်ပေးကာ ကြက်သေနှစ်ကောင်ကို အပို့လွှတ်လိုက်၏။ သာမာဝတီ၏ အခြံအရံများက ကြက်သေများကို ဖွယ်ဖွယ်ရာရာချက်ပြုတ်ကာ ဘုရားရှင်ထံသို့ ပို့လှူကြ၏။ ဤအချက်ကို စောင့်နေသော မာဂဏ္ဍီက ''အရှင်မင်းကြီး၊ ရှုတော်မူပါလော့။ ထိုမိန်းမတို့သည် သင်မင်းကြီးကဲ့သို့သော ပုဂ္ဂိုလ်များအတွက်ပင် ဤမျှလောက် ဂရုတစိုက် မပြုကြကုန်။ အပြင်အပမှအခြားယောကျ်ားတစ်ယောက်ယောက်ကို လိုလားမှုရှိ၍သာ ဖြစ်ပါလိမ့်မည်''ဟု လျှောက်တင်၏။ သို့ရာတွင် ဥတေနမင်းကြီးကမာဂဏ္ဍီ၏စကားကို မယုံကြည်သေးပေ။

ဤသို့ အမျိုးမျိုး အဖုံဖုံ ကြံစည်၍ မအောင်မြင်သောအခါ မာဂဏ္ဍီသည် နောက်ဆုံးအကြံအစည်တစ်ခုကိုပြုလုပ်ပြန်လေသည်။ ဥတေနမင်းကြီးသည် သာမာဝတီ၊ ဝါသုလဒတ္တာနှင့် မာဂဏ္ဍီဟူသော မိဖုရားကြီး သုံးယောက်တို့၏ ပြာသာဒ်ဆောင်များ၌ ခုနစ်ရက်စီ နေထိုင်လေ့ရှိ၏။ ထိုနေ့ကား မာဂဏ္ဍီ၏ ပြာသာဒ်ဆောင်မှ သာမာဝတီ၏ ပြာသာဒ်ဆောင်သို့ ပြောင်းရွှေ့မည့်နေ့ဖြစ်၏။ မာဂဏ္ဍီသည် ဥတေနမင်းကြီးအား မိမိအိပ်မက် မကောင်းသဖြင့် မသွားသင့်ကြောင်းပြောဆို၍တားမြစ်၏။ ဥတေနမင်းကြီးအား အကြိမ်ကြိမ်တားမြစ်၍ မရသောအခါ မာဂဏ္ဍီလည်း သာမာဝတီ၏ အဆောင်သို့ လိုက်ပါသွားလေသည်။

ဥတေနမင်းကြီးသည် သွားလေရာရာတွင် ဟတ္ထိကန္တ စောင်းကိုယူ၍ သွားလေ့ရှိ၏။ သာမာဝတီတို့နန်းဆောင်သို့ ရောက်သောအခါ ဥတေနမင်းကြီးသည် မြိန်မြတ်လှသော ပွဲတော်များ စားသုံးပြီးလျှင် စောင်းကို ခေါင်းရင်းမှာထားကာ အိပ်စက်၏။ အကြံနှင့်လိုက်ပါလာသော မာဂဏ္ဍီသည် ဟိုဟိုသည်သည်သွားသကဲ့သို့ပြုကာ စောင်းပေါက်မှာ ဆို့ပိတ်ထားသော ပန်းကုံးကို ဆွဲ၍ ဖယ်လိုက်၏။ ထိုစဉ်အခိုက်မှာပင် စောင်းပေါက်ထဲမှ အဆိပ်ပြင်းသော မြွေတစ်ကောင်သည် တရှူးရှူးမြည်၍ ထွက်လာ၏။ စောင်းထဲမှာ နှစ်ရက် သုံးရက်အောင်းကာ အစားအစာ ပြတ်လပ်နေခဲ့သဖြင့် မြွေက ဤမျှလောက် ဒေါသကြီးနေရခြင်း ဖြစ်၏။ စောင်းထဲမှာ မြွေထည့်ထားရန် စေခိုင်းခဲ့သော မာဂဏ္ဍီသည် မြွေထွက်လာသည်နှင့် တစ်ပြိုင်နက် 'မြွေ-မြွေ'ဟု ကျယ်လောင်စွာ အော်ဟစ်ပြီးလျှင် သာမာဝတီ၏ လုပ်ကြံမှု ဖြစ်စေအောင် လီဆယ်၍ လျှောက်တင်လေသည်။

မာဂဏ္ဍီသည် နန်းတွင်းသူများအား အပြစ်သင့်အောင် ပြုလုပ်၍ မရတော့သဖြင့် မြို့သူမြို့သားများကို လာဘ်ထိုးပြီးလျှင် "မြို့တွင်းသို့ရဟန်းဂေါတမ ဆွမ်းခံကြွလာလျှင် ကျေးကျွန်များ၊ အလုပ်သမားများအား ရဟန်းဂေါတမကို ဆဲရေးစေပါလော့"ဟု စေခိုင်း၏၊ ရတနာသုံးပါး၌ မကြည်ညိုနိုင်သူတို့သည် မာဂဏ္ဍီ၏ အလိုကျအတိုင်း ဘုရားရှင်ဆွမ်းခံဝင်သောအခါ အမျိုးမျိုးအဖုံဖုံ ဆဲဆို ကြိမ်းမောင်းကြလေတော့သည်။

ဤတွင် အရှင်အာနန္ဒာသည် "အရှင်ဘုရား ဤမြို့သူ မြို့သားတို့သည် ဆဲရေးကြကုန်၏၊ ခြိမ်းခြောက်ကြကုန်၏။ ဤမြို့မှတစ်ပါးသောမြို့သို့ သွားကြပါစို့"ဟု ဘုရားရှင်ထံ လျှောက်ထား၏၊ ဘုရားရှင်က "အာနန္ဒာ၊ ဤသို့ မပြုသင့်ပေ။ ဖြစ်ပေါ်လာသော အဓိကရုဏ်းကို ဖြစ်ပေါ်ရာ အရပ်၌သာ ငြိမ်းစေပြီးမှ အခြားအရပ်သို့ သွားရာ၏။ အာနန္ဒာ၊ မစိုးရိမ်လင့်၊ ထိုသူတို့သည် ခုနစ်ရက်တာမျှသာ ဆဲရေးနိုင်ကြကုန်လတ္တံ့။ ရှစ်ရက်မြောက်သောအခါ နှုတ်ဆိတ် သွားကြကုန်လတ္တံ့"ဟု မိန့်ကြားတော်မူ၏။ မိန့်တော်မူသည့်အတိုင်း ရှစ်ရက်မြောက်သောအခါ ဆဲရေးသံ၊ ခြိမ်းခြောက်သံများတိတ်ဆိတ်၍ သွားကြလေတော့သည်။

ဤသို့ဆဲရေး ခြိမ်းခြောက်ခိုင်း၍ မအောင်မြင်သော မာဂဏ္ဍီသည် နောက်တစ်မျိုးကြံစည်ပြန်၏။ ဥတေနမင်းကြီး သေရည်သောက်နေခိုက်တွင် ပုရောဟိတ်အရာရနေသော ဘထွေးတော် စူဠမာဂဏ္ဍီ ပုဏ္ဏားသည် မိဖုရား မာဂဏ္ဍီမှာကြားချက်အရ ကြက်သေရှစ်ကောင်နှင့် ကြက်ရှင် ရှစ်ကောင်ကိုယူ၍ခစားလာ၏။ သို့သော် မင်းကြီး ရှေ့တော်မှောက် ထိအောင် မဝင်ဘဲ မာဂဏ္ဍီမိဖုရား၏အခိုင်းအစေလုလင်ထံမှသာပေးခဲ့၏။ မာဂဏ္ဍီသည် ပုရောဟိတ်ကြီးက ကြက်များပို့ဆက်လာကြောင်း လျှောက်တင်လေရာ ဥတေနမင်းကြီးက "ငါတို့အတွက် ကောင်းမွန်သော လက်သုတ်ဟင်းလျာဖြစ်ပေစွ၊ ထိုကြက်တို့ကို မည်သူချက်မည်နည်း"ဟု မေး၏။ မာဂဏ္ဍီက သာမာဝတီ၏ အခြံအရံမိန်းမတို့ကို အချက်ခိုင်းရန် လျှောက်တင်လေသော် မင်းကြီးကလည်း ထိုအခိုင်းအစေလုလင်အား "သွားချေ၊ သူတို့ကိုယ်တိုင်ချက်၍ပို့လာစေ"ဟု အမိန့်ပေးလိုက်လေ၏။

သာမာဝတီ၏ အခြံအရံမိန်းမတို့သည် သောတာပန် ပုဂ္ဂိုလ်များဖြစ်နေကြ၍ သူတစ်ပါးအသက်ကို မသတ်ဖြတ်ကြကုန်။ ထို့ကြောင့် ကြက်အရှင်တို့ကိုသတ်၍ မချက်နိုင်ကြောင်း ပြောပြလိုက်ကြ၏။ ဤတွင် မာဂဏ္ဍီက "အရှင်မင်းကြီး၊ မြင်ပြီမဟုတ်လော၊ ထိုမိန်းမတို့သည် အကယ်ပင်

သူ့အသက် သတ်မထတ်သီလိုပါလျှင် ရဟန်းဂေါတမအတွက် ချက်၍ပို့စေဟု အမိန့်ပေးတော်မူပါ''ဟု လျှောက်တင်၏။ မင်းကြီးက အမိန့်ပေးသောအခါ မာဂဏ္ဍီသည် ကြက်ရှင်များကို ဘဏ္ဍာထေးတော်ထံ ပြန်ပေးကာ ကြက်သေနှစ်ကောင်ကို အပို့လွှတ်လိုက်၏။ သာမာဝတီ၏ အခြံအရံများက ကြက်သေများကို ဖွယ်ဖွယ်ရာရာချက်ပြုတ်ကာ ဘုရားရှင်ထံသို့ ပို့လှူကြ၏။ ဤအချက်ကို စောင့်နေသော မာဂဏ္ဍီက ''အရှင်မင်းကြီး၊ ရှုတော်မူပါလော့။ ထိုမိန်းမတို့သည် သင်မင်းကြီးကဲ့သို့သော ပုဂ္ဂိုလ်များအတွက် ပင် ဤမျှလောက် ဂရုတစိုက် မပြုကြကုန်။ အပြင်အပမှအခြားယောကျ်ား တစ်ယောက်ယောက်ကို လိုလားမှုရှိ၍သာ ဖြစ်ပါလိမ့်မည်''ဟု လျှောက်တင်၏။ သို့ရာတွင် ဥတေနမင်းကြီးကမာဂဏ္ဍီ၏စကားကို မယုံကြည်သေးပေ။

ဤသို့ အမျိုးမျိုး အဖုံဖုံ ကြံစည်၍ မအောင်မြင်သောအခါ မာဂဏ္ဍီသည် နောက်ဆုံးအကြံအစည်တစ်ခုကိုပြုလုပ်ပြန်လေသည်။ ဥတေနမင်းကြီးသည် သာမာဝတီ၊ ဝါသုလဒတ္တာနှင့် မာဂဏ္ဍီဟူသော မိဖုရားကြီး သုံးယောက်တို့၏ ပြာသာဒ်ဆောင်များ၌ ခုနစ်ရက်စီ နေထိုင်လေ့ရှိ၏။ ထိုနေ့ကား မာဂဏ္ဍီ၏ ပြာသာဒ်ဆောင်မှ သာမာဝတီ၏ ပြာသာဒ်ဆောင်သို့ ပြောင်းရွှေ့မည့်နေ့ဖြစ်၏။ မာဂဏ္ဍီသည် ဥတေနမင်းကြီးအား မိမိအိပ်မက် မကောင်းသဖြင့် မသွားသင့်ကြောင်းပြောဆို၍တားမြစ်၏။ ဥတေနမင်းကြီးအား အကြိမ်ကြိမ်တားမြစ်၍ မရသောအခါ မာဂဏ္ဍီလည်း သာမာဝတီ၏ အဆောင်သို့ လိုက်ပါသွားလေသည်။

ဥတေနမင်းကြီးသည် သွားလေရာရာတွင် ဟတ္ထိကန္တ စောင်းကိုယူ၍ သွားလေ့ရှိ၏။ သာမာဝတီတို့နန်းဆောင်သို့ ရောက်သောအခါ ဥတေနမင်းကြီးသည် မြိန်မြတ်လှသော ပွဲတော်များ စားသုံးပြီးလျှင် စောင်းကို ခေါင်းရင်းမှာထားကာ အိပ်စက်၏။ အကြံနှင့်လိုက်ပါလာသော မာဂဏ္ဍီသည် ဟိုဟိုသည်သည်သွားသကဲ့သို့ပြုကာ စောင်းပေါက်မှာ ဆို့ပိတ်ထားသော ပန်းကုံးကို ဆွဲ၍ ဖယ်လိုက်၏။ ထိုစဉ်အခိုက်မှာပင် စောင်းပေါက်ထဲမှ အဆိပ်ပြင်းသော မြွေတစ်ကောင်သည် တရှူးရှူးမြည်၍ ထွက်လာ၏။ စောင်းထဲမှာ နှစ်ရက် သုံးရက်အောင်းကာ အစားအစာ ပြတ်လပ်နေခဲ့သဖြင့် မြွေက ဤမျှလောက် ဒေါသကြီးနေရခြင်း ဖြစ်၏။ စောင်းထဲမှာ မြွေထည့်ထားရန် စေခိုင်းခဲ့သော မာဂဏ္ဍီသည် မြွေထွက်လာသည်နှင့် တစ်ပြိုင်နက် 'မြွေ-မြွေ'ဟု ကျယ်လောင်စွာ အော်ဟစ်ပြီးလျှင် သာမာဝတီ၏ လုပ်ကြံမှု ဖြစ်စေအောင် လီဆယ်၍ လျှောက်တင်လေသည်။

မာဂဏ္ဍီ၏ အကြိမ်ကြိမ် လျှောက်တင်ခဲ့သည်ကို မယုံကြည်ခဲ့သော ဥဒေနမင်းကြီးသည် မြင်ကိုမြင်သောအခါကား သာမာဝတီတို့အပေါ်တွင် ပြင်းထန်စွာ အမျက်ထွက်လေတော့သည်။ "ထိုမိန်းမတို့သည် ဤမျှလောက် သောအမှုကိုပင် ပြုကြကုန်၏။ ယုတ်မာလှန်းသည်တကား။ ငါသည် ဤမိန်းမတို့၏ ယုတ်မာမှုများကို ကြားသိခဲ့ရသော်လည်း ယုံကြည်မှု မရှိခဲ့ပေ။ ယခုသော်ကား ငါ၏ စက်ရာထဲ၌ပင် မြွေဆိုးကို လွှတ်ကြသည်တကား" ဟု အလျှံတ ပြောင်ပြောင် တောက်လောင်သကဲ့သို့ အမျက်ထွက်လေသည်။

သာမာဝတီသည် အဖြစ်အပျက်များ အားလုံးကိုသိသောပေါက် ပြီးလျှင် အခြံအရံ မိန်းမငါးရာတို့အား "ငါတို့အား ဘုရားမှတစ်ပါး အားကိုးရာမရှိတော့ပြီ။ လူတို့၏ အရှင်အသခင်ဖြစ်သော မင်းကြီးအပေါ်၌ လည်းကောင်း၊ မာဂဏ္ဍီမိဖုရားအပေါ်၌လည်းကောင်း၊ မိမိကိုယ်အပေါ် ၌လည်းကောင်း ညီမျှသော မေတ္တာကိုသာ ထားကြကုန်လော့။ မည်သူ့ အပေါ်တစ်ယောက်ကိုမျှ အမျက်မထွက်ကြစေနှင့်" ဟု ပြောဆိုဆုံးမ၏။ ဒေါ သအမျက် ခြောင်းခြောင်း ထွက်နေသော ဥဒေနမင်းကြီးသည် ဗိုလ်ခြေ တစ်ထောင်အားရှိသော ဆိတ်ချိုလေးကိုယူပြီးလျှင် လေးညှို့ကို ဆန့်၍၊ ဆိတ်လူးမြားကိုတင်၍ သာမာဝတီကိုရှေ့ဆုံးမှထားပြီး စီတန်းကာ ရပ်နေ ကြသော မိန်းမငါးရာတို့၏ ရင်ဝတည့်တည့်ကို ပစ်လွှတ်လိုက်၏။ ကျောက် တောင်ကျောက်ဆောင်ကိုပင် ဖောက်ထွင်းနိုင်သော မြားသည်သာမာဝတီ တို့ကို မဖောက်ထွင်းဘဲ မင်းကြီးထံသို့ ပြန်လှည့်လာကာ မင်းကြီး၏ အသည်းနှလုံးကို ဖောက်ထွင်းတော့မည်ကဲ့သို့ ပြုလေသည်။

ဤတွင်မှ ဥဒေနမင်းကြီးသည် သာမာဝတီ၏ ဂုဏ်ကျေးဇူးကို သိတော့ကာ ရိုသေစွာ ထိုင်၍ ရှိခိုးတောင်းပန်၏။ သာမာဝတီ ကလည်း "အရှင်မင်းကြီး၊ ကျွန်မကို မကိုးကွယ် မဆည်းကပ်ပါနှင့်။ ကျွန်မတို့ ကိုးကွယ်ဆည်းကပ်ရာ မြတ်စွာဘုရားကိုသာ ဆည်းကပ်ပါလော့" ဟု ဆို၏။ ဥဒေနမင်းကလည်း သာမာဝတီ၏အဆိုကို သဘောတူကာ သာမာ ဝတီအား "လိုအပ်သော ဆုတစ်ခုကို တောင်းပါ" ဟု ခွင့်ပြု၏။

ဥဒေနမင်းကြီးက ဘုရားရှင်နှင့်တကွ သံဃာတော်များကို ပင့်၍ ခုနစ်ရက်တိုင်တိုင် အလှူကြီးပေးသောအခါ သာမာဝတီသည် ပေးထား သောဆုကို တောင်း၏။

"အရှင်မင်းကြီး၊ ကျွန်မသည် ရွှေငွေ စသော ဆုလာဘ်များကို အလိုမရှိပါ။ ဤနန်းတော်သို့ ဘုရားရှင်သည် သံဃာတော် ငါးရာနှင့်အတူ

နေ့စဉ် နေ့တိုင်း ကြွတော်မူ၍ တရားဟောတော်မူရန်သာလျှောက်ထားပေး ပါ''ဟု တောင်းဆို၏။ ဦးတေနမင်းကြီးက ထိုစကားဖြင့် လျှောက်ထား လေရာ ဘုရားရှင်က ''မင်းကြီး၊ ဘုရားရှင်တို့မည်သည် တစ်နေရာတည်းသို့ နေ့စဉ်မပြတ် မကြွကြကုန်''ဟု မိန့်တော်မူ၏။ ထို့နောက် ဦးတေနမင်းကြီး က''ရဟန်းတစ်ပါးပါးကို လွှတ်ပေးတော်မူပါ''ဟု လျှောက်ထားသဖြင့် အရှင်အာနန္ဒာအား နန်းတော်သို့ နေ့စဉ်သွား၍ တရားဟောရန် ဘုရား ရှင်က တာဝန်ပေးတော်မူလေသည်။

တစ်နေ့သ၌ သာမာဝတီနှင့်တကွ အခြံအရံ နန်းတွင်းသူ ငါးရာတို့ သည် အရှင်အာနန္ဒာအား အပေါ်ရုံ ငါးရာတို့ဖြင့် တရားပူဇော်ကြ၏။ အပေါ်ရုံတစ်ထည်လျှင် ငွေဝါးရာတန်၏။ ဦးတေနမင်းကြီး ထိုအကြောင်း ကို ကြားသိသောအခါ အရှင်အာနန္ဒာထံ ချဉ်းကပ်ပြီးလျှင်

''အရှင်ဘုရား၊ နန်းတွင်းသူများက အရှင်ဘုရားအား အပေါ်ရုံ ငါးရာကို လှူဒါန်းကြပါသလော''ဟု မေးလျှောက်၏။

''မင်းကြီး၊ လှူဒါန်းကြသည် မှန်ပေ၏''ဟု အရှင်အာနန္ဒာက ပြန်ကြားလေရာ

''အရှင်မြတ်တို့သည် အားလုံးကိုပင် အလှူခံပါသလော''

''မင်းကြီး၊ အလှူခံသည် မှန်ပေ၏''

''အရှင်ဘုရား၊ အပေါ်ရုံ အဝတ်တို့သည် အလွန် များနေသည် မဟုတ်ပါလော၊ ဤအဝတ်တို့ကို မည်သို့ အသုံးပြုပါသနည်း''

''မင်းကြီး၊ ငါတို့အတွက် အသုံးကျသမျှသာထား၍ ကျန်သမျှကို သင်္ကန်းနွမ်းရှိသော ရဟန်းတို့အား ပေးလှူပါ၏''

''ထိုရဟန်းတို့သည် ဆွေးရှိသော သင်္ကန်းကို မည်သို့ အသုံးပြုကြ ပါသနည်း''

''မိမိတို့ထက် ပို၍ သင်္ကန်း နွမ်းရှိသောရဟန်းအား ပေးလှူပါ၏''

''ရဟန်းတို့သည် ထိုသင်္ကန်းတို့ကို မည်သို့ပြုကြပါသနည်း''

''အိပ်ရာခင်း ပြုလုပ်ကြပါသည်''

''အိပ်ရာခင်း အဟောင်းတို့ကို မည်သို့ပြုကြပါသနည်း''

''မြေအခင်းပြုကြပါမည်''

''မြေအခင်းအဟောင်းတို့ကို မည်သို့ပြုကြပါသနည်း''

''ခြေသုတ်ပြုကြပါလိမ့်မည်''

''ခြေသုတ်အဟောင်းတို့ကို မည်သို့ပြုကြပါသနည်း''

"မင်းကြီး၊ ခါးနှင့်နုပ်နုပ်စင်းကာ ရှိုးမြနှင့် နယ်ပြီးလျှင်ကျော့စင်း နံရံ၌ လိမ်းကျံကြပါလိမ့်မည်"

"အရှင်ဘုရား၊ အရှင်ဘုရားတို့အား လှူဒါန်းလိုက်သောပစ္စည်း သည် ဤမျှလောက်ထိအောင် မပျက်မစီးဘဲ ရှိနေပါသည်တကား"

ဥတေန မင်းကြီးက ဤသို့ အားရဝမ်းသာ လျှောက်ထားကာ နောက်ထပ်အဝတ်ငါးရာတို့ကို ထပ်၍လှူဒါန်းပြန်လေသည်။

မာဂဏ္ဍီသည် သာမာဝတီတို့ ပျက်စီးရန်ကြံသမျှ မအောင်မြင် သဖြင့် ဥတေနမင်းကြီး ဥယျာဉ်ကစားရန် ထွက်သောနေ့တွင် ဘထွေး တော် စူဠမာဂဏ္ဍီအား သာမာဝတီတို့ နန်းဆောင်တိုင်များကို ဆီစိမ် အဝတ်များပတ်၍ မီးတင်ရှို့ရန် စေခိုင်း၏၊ စူဠမာဂဏ္ဍီကလည်း စေခိုင်း သည့်အတိုင်း ပြုလုပ်၏။ သာမာဝတီသည် အခြွေအရံ မိန်းမတို့အား "အမိတို့၊ အစမထင်သော သံသရာတစ်လျှောက်လုံး၌ ကျင်လည် နေကြ သော ငါတို့မှာ ဤကဲ့သို့ မီးအရှို့ခံရသော ကိုယ်ခန္ဓာတို့ မည်ရွေ့ မည်မျှ ရှိသည်ဟူ၍ ဘုရားရှင်တို့ပင် ရေတွက်ရန် မလွယ်ကူပေ။ မမေ့ မလျော့နေကြကုန်လော့" ဟု ပြောဆိုဆုံးမ၏၊ နန်းတွင်းသူ အပေါင်း တို့သည် မီးလောင်ခံရသော ဝေဒနာကို ကမ္မဋ္ဌာန်းရှုကာ ပွားများကြသ ဖြင့် သကဒါဂါမ်၊ အနာဂါမ်အဖြစ်သို့ ရောက်ကာ မီးလောင်ကျွမ်း၍ သွားလေသည်။

သာမာဝတီနှင့်တကွ နန်းတွင်းသူငါးရာတို့သည် လွန်လေပြီးသော ဘဝတစ်ခု၌ ဗာရာဏသီမြို့တော် ဗြဟ္မဒတ်မင်းကြီး နန်းတော်မှာ နေထိုင် ကြရကုန်၏။ သူတို့သည် တစ်နေ့သ၌ မြစ်ဆိပ်၌ ရေဆင်းကစားကြရာ လွန်စွာ ချမ်းအေးလှသဖြင့် အရန်သင့်တွေ့ရသော မြက်ချုံကြီးကို မီးဖို၍ လှုံကြကုန်၏။ မြက်များကို မီးလောင်၍ သွားသောအခါ၊ ဗြဟ္မဒတ် မင်းကြီး ကိုးကွယ်ဆည်းကပ်သော ပစ္စေကဗုဒ္ဓအရှင်မြတ်တစ်ပါး နိရောဓ သမာပတ် ဝင်စားနေသည်ကို တွေ့ကြရ၏။ ဤတွင် နန်းတွင်းသူတို့သည် ဗြဟ္မဒတ်မင်းကြီးသိလျှင် အပြစ်ပေးခံရမည်ဟု တွေးတောကာ အရှင် မြတ်အား လက်စသတ်လောင်ကျွမ်းသွားစေရန် ထင်းများရှာ၍ မီးတိုက် ကြ၏၊ ပထမတစ်ကြိမ် မြက်အမှတ်ဖြင့် မီးရှို့ခြင်းကား စေတနာမပါ၍ ကံမမြောက်ပေ။ နောက်မီးရှို့ရာတွင်ကား စေတနာပါ၍ ကံမြောက် ပေသည်။ ထိုပစ္စေကဗုဒ္ဓါအရှင်မြတ်မှာ နိရောဓသမာပတ် ဝင်စားနေခိုက် ဖြစ်၍ မည်သို့ပင် ရှို့သော်လည်း မီးငွေ့ သင့်ရုံမျှပင် မတတ်နိုင်ပေ။

စေတနာဆိုးဖြင့် ပြုမိခဲ့ကြသော သာမာဝတီတို့မှာကား အသေဆိုးဖြင့် သေခဲ့ကြရလေတော့သည်။

ဥဒေနမင်းကြီးသည် သာမာဝတီတို့ နန်းဆောင် မီးလောင်ကြောင်းကြားသိရ၍ အလျင်အမြန် ပြန်လာခဲ့သော်လည်း၊ သာမာဝတီတို့ အသက်ကို မကယ်နိုင်ပေ၊ သာမာဝတီ၏ ဂုဏ်ကျေးဇူး များကို တွေးတော စဉ်းစားလျက် အမှု၏ လက်သည်ကို ဖော်နိုင်ရန် ဤသို့ စကားဆို၏။

'အမတ်တို့၊ သာမာဝတီသည် ငါ၏ အကျိုးမဲ့အောင် ပြုခဲ့ပေ၏။ ယခုကား ငါစိတ်ချမ်းသာစွာ နေရပေပြီ၊ ငါ့ အပေါ် ချစ်ခင်သူ တစ်ယောက်ယောက်ကသာ ဤသို့ပြုခြင်း ဖြစ်ပေလိမ့်မည်"

ဤစကား ကြားသောအခါ မာဂဏ္ဍီသည်

"အရှင်မင်းကြီး၊ အခြားသူ တစ်စုံတစ်ယောက်သည် ဤအမှုကို မပြုနိုင်ပါ။ ကျွန်မသာလျှင် ဘထွေးတော်ကို စေခိုင်း၍ ပြုခဲ့ပါသည်"ဟု လျှောက်တင်၏။ ဤတွင် ဥဒေနမင်းက "မာဂဏ္ဍီမှတစ်ပါး ငါ့အပေါ်၌ ချစ်ခင်သူ မရှိပေ။ မာဂဏ္ဍီကို ငါနှစ်သက်လှ၏၊ သင့်အား ငါဆုပေးလို၏။ သင့် ဆွေမျိုးအားလုံးကို ခေါ်ပါချေလော့"ဟု မိန့်ကြား၏။ ထိုမိန့်ကြားချက်အရ ဆုတော်လာဘ်တော် ခံယူရန် လာကြသူအားလုံးတို့သည် နန်းရင်ပြင်၌ ချက်အထိ မြေမြှုပ်ထားကာ အရှင်လတ်လတ်မီးတင်ရှို့၍ သတ်ဖြတ်ခြင်းကို ခံကြရလေသည်။ မာဂဏ္ဍီကိုကား မိမိကိုယ်ပေါ်မှ အသားများကို မိမိကိုယ်တိုင်လှီးစေပြီးလျှင် မိမိကိုယ်တိုင် ဆီအိုးကင်းမှာ ကြော်၍ စားရလေသည်။

ရဟန်းတို့မှာ "ဤကဲ့သို့ မရှုမလှ သေကြရကုန်သော သာမာဝတီနှင့် မာဂဏ္ဍီတို့အနက် အဘယ်သူတို့သည် ရှင်သည် မည်ပါကုန်သနည်း။ အဘယ်သူတို့သည် သေသည် မည်ပါကုန်သနည်း" ဟူ၍ မေးလျှောက်ကြ၏။ ထိုအမေးကို ဖြေကြားသောအားဖြင့် ဘုရားရှင်က ဤဝတ္ထု အကြောင်းများ၏ အစမှာပါရှိသော ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၂၃။ ထကြွလုံ့လရှိသောသူ၊ သတိရှိသောသူ၊ စင်ကြယ်သော ကံသုံးပါး ရှိသောသူ၊ စူးစမ်းဆင်ခြင်၍ ပြုလေ့ရှိသောသူ၊ ဣန္ဒြေကို စောင့်စည်းသောသူ၊ တရားသဖြင့် အသက်မွေးသောသူ မမေ့

မလျော့သော သူအား အခြေအရံ အကျော်အစောသည် တိုးပွား၏။

## ကုမ္ဘဃောသက သေဌေး

ရာဇဂြိုဟ်မြို့တော်၊ ဝေဠုဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ကုမ္ဘဃောသက သေဌေးကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ကုမ္ဘဃောသကသည် ရာဇဂြိုဟ်မြို့တော်မှ ကုဋေလေးဆယ် ကြွယ်ဝသော သေဌေးကြီး၏ သားဖြစ်၏။ ကုမ္ဘဃောသက ငယ်ရွယ်ခိုက သူတို့အိမ်၌ ကူးစက်ရောဂါဆိုးကြီး ကျရောက်လာလေရာ မိခင် ဖခင်တို့က "ချစ်သား၊ ဤရောဂါဆိုးကြီး ကျရောက်လာလျှင် အိမ်နံရံကို ဖောက်၍ပြေးနိုင်မှသာ အသက်ရှင်နိုင်၏။ သင်ချစ်သားသည် ငါတို့ကို တွယ်တာမနေဘဲ ထွက်ပြေးပါလော့။ နောင်အခါ ရောဂါကင်းသွားခါမှ ပြန်လာပြီးလျှင် ဥစ္စာများကို တူးဖော်၍ အသက်မွေးပါလော့" ဟု ဆိုကာ ဥစ္စာများမြှုပ်နှံထားသည့် နေရာကို ပြောကြားကြ၏။ သေဌေးသားသည် မျက်ရည်စို့ရွဲ ငိုကြွေးလျက် မိဘများကို ရှိခိုးကန်တော့ပြီးလျှင် အိမ်နံရံကိုဖောက်၍ ထွက်ပြေးရလေသည်။

တောင်ထိပ်မှာရှိသော ရွာတစ်ရွာ၌ ဆယ့်နှစ်နှစ် တိုင်တိုင် ပုန်းရှောင်နေပြီးမှ မိဘရပ်ထံ ပြန်လာခဲ့သောအခါ ဆံမုတ်ဆိတ်များ ရှည်လျားကာ လူလားမြောက်နေပြီဖြစ်၍ သူ့ကို မည်သူကမျှ မမှတ်မိတော့ပေ။ မိဘများ မြှုပ်ထားခဲ့သော ဥစ္စာများကို တိတ်တဆိတ်သွားကြည့်သောအခါ ပကတိအတိုင်း ရှိနေသည်ကို တွေ့ရ၏။ ဤတွင် သေဌေးသားသည် "ငါ့ကို မည်သူ့ကမျှ မမှတ်မိခဲ့။ ငါသည် မြှုပ်ထားသော ဥစ္စာတို့ကို ထုတ်၍ သုံးစွဲပါလျှင် သူဆင်းရဲ တစ်ယောက်က ရွှေအိုးကို ထုတ်ယူ၏ဟုဆိုကာ ငါ့ကို နှိပ်စက်ကလူ ပြုကုန်ရာ၏။ ငါသည် အခစား ပြုလုပ်၍ အသက်မွေးမှ တော်လိမ့်မည်" ဟု တွေးတော မိ၏။ ဤသို့ဖြင့် မြို့တော်သူ မြို့တော်သားတို့အား နံနက်စောစောထ၍ နှိုးဆော်ရသော အလုပ်ကို လုပ်ကိုင်လေသည်။ ထိုအလုပ်ဖြင့် စားစရာ ဝတ်စရာရကာ နှင့်တကွ နေစရာအိမ်ကိုပါ ရရှိလေသည်။

နံနက်အရုဏ်တက်ချိန်များ၌ ရာဇဂြိုဟ်မြို့တော်၏ လမ်းများပေါ်ဝယ် "အဘတို့ ထကြကုန်လော့။ လှည်းတို့ကို ပြင်ကြကုန်၊ နွားတို့ကို

ကကြကုန်၊ ဆင်စာ မြင်းစာရိတ်ရန် သွားကြကုန်။ အမိတို့ ထကြကုန်။ ယာဂုကျိုကြကုန်။ ထမင်းချက်ကြကုန်''ဟူ၍ သေဌေးသားက အချိန်မှန်မှန် ဟစ်အော်နိုးဆော်၏။ ဤသို့ ဟစ်အော် နိုးဆော်သော အသံကို အကြောင်းပြု၍ သူ့ကို ဃောသကဟု အများက ခေါ်ဝေါ် ကြ၏။ နောင်တွင် ရွှေအိုးများ တူးဖော်ရရှိသဖြင့် ကုမ္ဘဃောသကဟုပါ ထည့်စွက်၍ ခေါ်ကြရပြန်ပေသည်။

အောင်မြင်ခန့်ညားလှသော သူ့အသံကို ဗိမ္ဗိသာရမင်းကြီးက ဂရုတစိုက် နားထောင်ပြီးလျှင် ''ဤအသံသည် အလွန်တရာ ပစ္စည်းဥစ္စာ ချမ်းသာသူ၏ အသံဘည်း''ဟု မိန့်မြွက်လိုက်၏။ မင်းကြီး၏ အနားမှာ ရှိနေသော မောင်းမတစ်ယောက်သည် မင်းကြီး၏ စကားကို ကြားမိသဖြင့် မင်းချင်းတစ်ယောက်အား အသံရှင်ကို သွား၍ စုံစမ်းစေ၏။ သာမန် လူဆင်းရဲတစ်ယောက်သာဖြစ်ကြောင်း မင်းချင်းက ပြန်ပြော၏။ သို့ရာတွင် ဗိမ္ဗိသာရမင်းကြီးက သုံးရက်တိုင်တိုင် ဆက်၍ မိန့်မြွက်လာသည်တွင်ကား ထိုမောင်းမသည် ဗိမ္ဗိသာရမင်းကြီးထံ ဝင်ရောက်စားပြီးလျှင် ''အရှင်မင်းကြီး ကျွန်မအား အသပြာတစ်ထောင် ချီးမြှင့်ပါလျှင် ထိုသူ၏ ဥစ္စာအားလုံးကို နန်းတော်သို့ ယူဆောင်ခဲ့ပါမည်။ သမီးတော်ကိုလည်း ခေါ်သွားလိုပါသည်''ဟု လျှောက်ထင်လေသည်။

ဗိမ္ဗိသာရမင်းကြီး၏ ခွင့်ပြုချက်ဖြင့် မောင်းမနှင့် မင်းသမီးတို့သည် ဆင်းရဲသူအသွင် ဝတ်ဆင်ကာ ကုမ္ဘဃောသက၏အိမ်မှာ တည်းခိုလာကြ၏။ ဝင်လာစဉ်က တစ်ညတာမျှ တည်းခိုရန်ဟုဆိုကြသော်လည်း ဃောသကအတွက် မြိန်ယှက်ဖွယ်ရာ ထမင်းဟင်းများ၊ ချက်ပြုတ် ကျွေးမွေးခြင်းဖြင့် ရက်ဆွဲ၍ နေကြ၏။ ထို့နောက် မောင်းမ အမျိုးသမီးကြီးသည် ဃောသကနှင့် မင်းသမီးတို့အား ယှဉ်းပါးလာအောင် ကြံဆောင်ပြီးလျှင် နှစ်ရက် သုံးရက် လွန်သောအခါ ဗိမ္ဗိသာရမင်းကြီးထံသို့ သတင်းစကား ပါးလိုက်သည်။ မောင်းမ အမျိုးသမီးကြီး၏ လျှောက်တင်ချက်အရ ဗိမ္ဗိသာရမင်းကြီးသည် ဃောသကတို့ နေထိုင်ရာ အလုပ်သမားလမ်း၌ ပွဲလမ်းသဘင် ပြုလုပ်ကြရန် အမိန့်ထုတ်လိုက်၏။ ပွဲလမ်းသဘင် မပြုသောသူအား ဒဏ်တပ်မည်ဟူ၍လည်း သတိပေးထား၏။ မောင်းမ အမျိုးသမီးကြီးက ''သားမောင် မင်းအာဏာကို လွန်ဆန်၍ မရကောင်းချေ။ ပွဲလမ်းသဘင်ပြုလုပ်ရန် တစ်အိမ်အိမ်မှ တစ်ကျပ်ဖြစ်စေ နှစ်ကျပ်ဖြစ်စေ ချေးယူခဲ့ပါလော့''ဟု ဆို၏။ ဃောသကသည် မကျေမနပ် ပြော

ဆိုရေရွတ်ကာ မြှုပ်ထားသော ဥစ္စာများအနက်မှ ငွေတစ်ကျပ်တည်း ကိုသာ ယူလာခဲ့၏။ မောင်းမ အမျိုးသမီးကြီးသည် ထိုငွေတစ်ကျပ်ကို ဗိမ္ဗိသာရမင်းကြီးထံ ဆက်သကာ မိမိမှာ ပါလာသော ငွေဖြင့် ပွဲလမ်းသဘင် ပြုလုပ်လေသည်။

ဤသို့ဖြင့် နောက်တစ်ကြိမ် ပွဲလမ်းသဘင် ပြုလုပ် ရပြန်သော အခါ ယောသကသည် ငွေသုံးကျပ်ကိုသာ ယူလာခဲ့၏။ ထိုအခါတွင် အား ယောသကကို ဗိမ္ဗိသာရ မင်းကြီးကိုယ်တိုင်က ဆင့်ခေါ်လေ တော့သည်။ မင်းနှင့်အကျွမ်းတဝင်မရှိသော ယောသကသည် နန်းတော် သို့ လိုက်ပါရန် ငြင်းဆန်နေသဖြင့် မင်းချင်းများက အတင်းအကျပ် ခေါ်ယူကြရ၏။ မင်းကြီး၏ ရှေ့တော်သို့ ရောက်သောအခါမှာလည်း "မိမိမှာ ပစ္စည်းဥစ္စာ မရှိပါ"ဟသာ လျှောက်တင်၏။ ဤတွင် ဗိမ္ဗိ သာရမင်းကြီးက မိမိထံ ရောက်နေသော ငွေဒင်္ဂါးများကို ပြ၍ စစ် ဆေးရ၏။ ယောသကသည် ဤငွေဒင်္ဂါးများကို မင်းကြီးထံ မည်သူက ပေးပါသနည်းဟု ဟိုဟိုသည်သည် ကြည့်လိုက် သောအခါ မိမိနှင့် ရင်းနှီးဖူးသော အမျိုးသမီးနှစ်ယောက်ကို လမ်း၍ မြင်ရ၏။ သို့ရာတွင် ရှုတ္တိမှာ ယခုလို ဆင်းရဲသားအသွင်အဆင်နှင့် မဟုတ်တော့ဘဲ အမျိုး သမီးပေါ်မှာ မင်းသမီးတို့၏ ဝတ်စားတန်ဆာများနှင့် ဖြစ်လေသည်။

ဗိမ္ဗိသာရမင်းကြီးက လက်ဆုပ်လက်ကိုင်ပြကာ မေးစစ်ပြီးဖြစ်၍ ယောသကမှာ "မိမိမှာမြှုပ်ထားသော ဥစ္စာကုဋေလေးဆယ်ရှိပါသည်" ဟု ဝန်ခံရတော့၏။ တစ်ဖန် "ဤမျှလောက် ဥစ္စာများစွာ ရှိနေပါလျက် အဘယ့်ကြောင့် အခစားအလုပ် လုပ်နေရပါသနည်း"ဟု မင်းကြီးက မေး သောအခါ "အားကိုးအားထား မရှိ၍ဖြစ်ပါသည်"ဟု ယောသကက လျှောက်ထားပါ၏။ ဤတွင်မင်းကြီးက "ငါသည် သင်၏ အားကိုး အားထား ရာမဟုတ် လော"ဟု မိန့်ကြားကာ မြှုပ်ထားသော ဥစ္စာများကို ဖော်ယူစေ၍ သမီးတော်နှင့် လက်ထပ်ပေးပြီးလျှင် ရေအိုးများရရှိခြင်းကို အကြောင်းပြု၍ ကုမ္ဘဃောသက ဟူသော သို့အမည်ဖြင့် သေဋ္ဌေးအရာကို ပေးအပ်လေသည်။

ထို့နောက် ဗိမ္ဗိသာရမင်းကြီးသည် သမက်တော်သေဋ္ဌေးနှင့်အတူ ဝေဠုဝန်ကျောင်းတော်သို့သွားရောက်၍ ကုမ္ဘဃောသက၏ ကြိုးကြိုးစား စားနှင့် ရိုးသားဖြောင့်မတ်စွာ ပြုလုပ်ပုံများကို လျှောက်ထားလေရာ ဘုရားရှင်က အောက်ပါဒေသနာတော်ကို ဟောကြားတော်မူလေသတည်း၊

ဒေသနာတော်၏အဆုံး၌ ကုမ္ဘဃောသကသေဌေးသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

ဒေသနာတော်

၂၅။ ထထကြွကြွ လုံ့လ ပြုခြင်းနှင့်လည်းကောင်း၊ မမေ့မလျော့ခြင်းနှင့်လည်းကောင်း၊ သီလစောင့်ခြင်းနှင့် လည်းကောင်း၊ ဣန္ဒြေကို ဆုံးမခြင်းနှင့် လည်းကောင်း ပြည့်စုံသော ပညာရှိသည် အရဟတ္တဖိုလ်ဟူသော မှီရာကျွန်းကို ပြုလုပ်ရာ၏။ ထိုကျွန်းကို ကိလေသာရေအလျဉ်သည် မဖျက်ဆီးနိုင်ပေ။

## အရှင် စူဠပန္ထက

ဝေဠုဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အရှင် စူဠပန္ထကမထေရ်ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

စူဠပန္ထက ဟူသောအမည်၌ စူဠ ဟူသည်မှာ နောင်တော်ကြီး မဟာပန္ထက၏ ညီငယ်ဖြစ်သောကြောင့် ဖြစ်၏။ ပန္ထကဟူသည်မှာ လမ်းမှာ မွေးဖွားသူဟု အနက်အဓိပ္ပာယ်ရ၏။ သူတို့၏ဘိုးဘေးမှာ ရာဇဂြိုဟ်မြို့တော်မှ ဓနသေဋ္ဌိ သေဌေးကြီးဖြစ်၏။ ဓနသေဋ္ဌိ သေဌေးတွင် သမီးတစ်ယောက်ရှိလေရာ ထိုသမီးသည် အိမ်မှုအလုပ် ကျွန်တစ်ယောက်နှင့် ငြိစွန်းမိသဖြင့် အိမ်မှာမနေဝံ့ဘဲ ခင်ပွန်းသည်နှင့်အတူ လှည်းရာလှတ်ကြောင်း ထွက်ပြေးလာရ၏။ သေဌေးကြီးနှင့် လွတ်ရာ လှတ်ကြောင်း ထွက်ပြေးလာရ၏။ သေဌေးကြီးနှင့်လွှတ်ကင်းရာတွင် နှစ်ယောက်သား နေလာခဲ့ကြရာ အချိန်တန်သောအခါ သေဌေးသမီး၌ ကိုယ်ဝန်တည်လာ၏။ စောစောက လွတ်ရာကျွတ်ရာ ထွက်လာခဲ့သော်လည်း ကိုယ်ဝန်ရင့်လာသောအခါတွင်ကား သေဌေးသမီးသည် မိဘထံသို့ ပြန်လိုသာ၏။ မိဘ၏ အစောင့်အရှောက်ဖြင့် သားကို ဖွားမြင်လိုလာ၏။ ဤအကြောင်းကို ခင်ပွန်းသည်အား ပြောပြသောအခါ ခင်ပွန်းသည်မှာ သေဌေးကြီးထံသို့မလိုက်ဝံ့သဖြင့် နေ့ရွှေ့ ရက်ရွှေ့ လုပ်နေ၏။ မွေးဖွားရန် နည်းကပ်လာသောအခါ၌ ခင်ပွန်းသည်မရှိခိုက်တွင် မိဘများရှိရာသို့ တစ်ယောက်တည်း ထွက်လာခဲ့ပေတော့သည်။

ခင်ပွန်းသည်သည် အိမ်နီးပါးချင်းများထံသတင်းမေးကာ သေဌေးသမီးနောက်သို့လိုက်လာ၏။ သူမီလာသောအခါတွင်ကား သေဌေးသမီး

သည် သားယောကျ်ားလေးကို ဖွားမြင်ပြီး ဖြစ်နေ၏။ လမ်းခရီးမှာ မွေး ဖွားသောကြောင့် ယင်းကလေးကို ပန္ထက သို့ အမည်မှည့်လိုက်ကြ၏။ ထို့နောက် ဖွားမြင်ခြင်းကိုစွပြီးစီးသွားပြီဖြစ်၍ မိဘရပ်ထံ မပြန်ကြဘဲ မိမိတို့ နေအိမ်သို့ ပြန်လာခဲ့ကြ၏။ နောက်တစ်ခါ ကိုယ်ဝန်ရှိသော အခါမှာလည်း ဤသို့ပင် မွေးပြန်သည်ဖြင့် ပန္ထကဟူ၍ပင် အမည် မှည့်ကြရ၏။ ပန္ထက်နှစ်ယောက် ဖြစ်နေ၍ အစ်ကိုဖြစ်သူကို မဟာပန္ထကဟု မှည့်ကာ ညီငယ်ကို စူဠပန္ထကဟု ခွဲခြား၍ ခေါ်ဝေါ်ကြလေသည်။

မဟာပန္ထကသည် ပြေးနိုင် လွှားနိုင်ရှိလာသောအခါ အဖေ်များနှင့် ကစား၏။ ထိုစဉ်တွင် အခြားကလေးများသည် အဘိုးအဘွား၊ ဘကြီး ဘထွေး စသည်ဖြင့် ခေါ်ဝေါ်စရာ ဆွေမျိုးများ ရှိပါသော်လည်း မိမိမှာ ခေါ်စရာမရှိပုံကို သတိပြုမိ၏။ ဤအကြောင်းကို မိခင်ထံ ပြောပြသော အခါ မိခင်ဖြစ်သူက မိမိတို့ဆွေမျိုးများသည် ရာဇဂြိုဟ်မြို့တော်မှာ မြစက်မြားစွာရှိနေကြောင်း ပြောပြ၏။ ဤတွင် မဟာပန္ထကသည် အဘိုးအဘွားများထံ ပို့ပေးရန် အကြိမ်ကြိမ် ပူဆာလေရာ သေဌေးသမီးသည် ခင်ပွန်းသည်ကို တစ်ဆင့်ပြောပြရ၏။ ခင်ပွန်းသည်က "လိုက်၍ ပို့ရုံသာ ပို့နိုင်မည်။ အိမ်ထိအောင်ကား မလိုက်ဝံ့"ဟု ဆိုကာ သူတို့သားအမိကို ရာဇဂြိုဟ်မြို့တော်သို့ ပို့ဆောင်ပေး၏။ သေဌေးသမီးသည် "သားနှစ်ယောက်ကို လက်ဆွဲကာ မိဘများထံ ဝင်ရောက်လိုပါသည်"ဟု သတင်းစကား ပို့လိုက်၏။ မိဘများက "မြေးနှစ်ယောက်ကိုသာ လက်ခံမည်"ဟု ဆိုကာ သမီးကိုကား ရိက္ခာပေး၍သာ လွှတ်လိုက်ကြလေသည်။

ညီအစ်ကို နှစ်ယောက်တို့သည် အဘိုးအဘွားများထံမှာ ကြီးပြင်းလာကြ၏။ တစ်နေ့သ၌ မဟာပန္ထကသည် အဘိုးနှင့်အတူ ဘုရားကျောင်းတော်သို့ လိုက်ပါ၍ တရားနာလေရာ ရှင်သာမဏေပြုရန် စိတ်ညွတ်လာ၍ အဘိုးထံ ခွင့်ပန်ပြီးလျှင် ရှင်သာမဏေပြု၏။ သာမဏေရှင်မဟာပန္ထကသည် ပိဋကတ် သုံးပုံကို သင်ကြားလျက် အသက်နှစ်ဆယ်ပြည့်သောအခါ ရဟန်းဘောင်သို့ ရောက်၏။ ရဟန်းဖြစ်ပြီးနောက် ကမ္မဋ္ဌာန်းတရားကို အသင့်အတင့် နှလုံးသွင်း၍ ပွားများလေရာ အရဟတ္တဖိုလ်သို့ ရောက်ရှိလေသည်။

ရဟန္တာပုဂ္ဂိုလ် အရှင်မဟာပန္ထကသည် မိမိ ရရှိထားသော စျာန်ချမ်းသာ၊ မဂ်ဖိုလ်ချမ်းသာကို ညီဖြစ်သူ စူဠပန္ထကအား ပေးဝေလိုသဖြင့် အဘိုးထံ ခွင့်ပန်ပြီးလျှင် စူဠပန္ထကကို ရဟန်းပြုပေး၏။ နောင်

တော်ကြီး အရှင်မဟာပန္ထကမှာ ဉာဏ်ပညာ ထက်မြက် သော်လည်း ညီငယ်ဖြစ်သူ အရှင်စူဠပန္ထကသည်ကား ဉာဏ်လေးလွန်းလှ၏။ သူသည် ကဿပဘုရားရှင် လက်ထက်တော်တုန်းက ကျမ်းဂန်တတ်သော ရဟန်း တစ်ပါးဖြစ်ခဲ့လေရာ ဉာဏ်လေးသော ရဟန်းတစ်ပါးအား ဘုရားဟော ဒေသနာတော်များ ပို့ချရင်း ကဲ့ရဲ့ ရှုတ်ချမိဖူး၏။ သူ၏ ကဲ့ရဲ့ရှုတ်ချမှု ကြောင့် ရှက်ရွံ့ရှာသဖြင့် ဉာဏ်လေးသော ရဟန်းမှာ ဘုရားဟော ဒေသနာတော်များ သင်ကြားမှုကို မပြုတော့ပေ။ ရွတ်ဖတ် သရဇ္ဈာယ် မှုကို မပြုတော့ပေ။ ထို အကုသိုလ်ကံ၏ အကျိုးတရားကို ယခုဘဝတွင် ခံစားနေရခြင်း ဖြစ်ပေသည်။

ပဒ္မံ ယထာ ကောကနုဒံ သုဂန္ဓံ၊
ပါတော သိယာ ဖုလ္လမ ဝီတဂန္ဓံ။
အင်္ဂီရသံ ပဿ ဝိရောစမာနံ၊
တပန္တ မာဒိစ္စ မိဝန္တ လိက္ခေ။

အနံ့ကောင်းလှသော ကောကနုဒမည်သော ကြာသည် နံနက် ခင်း၌ ငွားငွားစွင့်စွင့် ပွင့်လေဘိသကဲ့သို့ ကိုယ်တော်မှ ထွက် သော ရောင်ခြည်တော်ရှိသော၊ ထက်ကောင်းကင်မှာ ထွန်း လင်းသော နေမင်းကဲ့သို့ တင့်တယ်တောက်ပသော ဘုရားရှင်ကို ဖူးမြင်လေလော့။

အရှင်စူဠပန္ထကသည် ဤဂါထာတစ်ပုဒ်တည်းကို လေးလတိုင်တိုင် သင်ကြား၍ပင် မရနိုင်ပေ။ ရှေ့အပုဒ်က တတ်သိလျှင်ပင် နောက်အပုဒ် ကို မေ့တော့၏။ ထို့ကြောင့် နောင်တော်ကြီး မဟာပန္ထကက "စူဠ ပန္ထက၊ သင်သည် ဂါထာတစ်ပုဒ်ကို လေးလသင်၍ပင် မတတ်နိုင်ချေ။ ရဟန်းကိစ္စ ပြီးဆုံးရန်ကား ဘယ်မှာ တတ်နိုင်အံ့နည်း။ ဤကျောင်းမှ ထွက်သွားလော့" ဟု ကြိမ်းမောင်း၍ နှင်ထုတ်၏။ စူဠပန္ထကသည်ကား သာသနာတော်ကို ချစ်မြတ်နိုးသဖြင့် လူမထွက်လိုသေးချေ။

ထိုနေ့မှာပင် ဆရာဇီဝကသည် မိမိ ဆောက်လုပ် လှူဒါန်းထား သော သရက်ဥယျာဉ် ကျောင်းတော်သို့လာ၍ ဘုရားရှင်ထံမှ တရား နာပြီးလျှင် အရှင်မဟာပန္ထကထံသို့ ဝင်လာ၏။ အရှင်မဟာပန္ထကသည် ဆွမ်းစားပင့်လာသမျှကို လက်ခံကာ သံဃာတော်များကို ခွဲဝေ ညွှန်ကြား ပေးရသော ပုဂ္ဂိုလ်ဖြစ်၍ ဆရာဇီဝကက "နက်ဖြန်နံနက် ဆွမ်းစားပင့်

လိုပါ၍ သံဃာတော် မည်မျှရှိပါသနည်း” ဟု မေးလျှောက်၏၊ အရှင်မဟာပန္ထကက “ဒါယကာ၊ ရဟန်းသံဃာ ငါးရာရှိပါသည်။ သို့ရာတွင် စူဠပန္ထက အမည်ရှိသော ရဟန်းသည် ဉာဏ်ထိုင်း လွန်း၍၊ ဟရားတော်ကို စည်ပင် ပြန့်ပွားစေရန် စွမ်းဆောင်နိုင်သူ မဟုတ်ပေ။ ထို့ကြောင့် သူ့ကို ချန်ထားပြီးလျှင် ကျန်သော ရဟန်းများ အတွက် ပင့်ဖိတ်သည်ကို လက်ခံပါသည်”ဟု ပြန်ကြားလေသည်။

အရှင် စူဠကပန္ထကသည် ထိုစကားကို ကြားမိသောအခါ “နောင်တော်သည် ငါ့အပေါ်၌ ကျေနပ်မှုချ စိတ်ပျက်သွားပေပြီ၊ ယခု ငါသည် သာသနာတော်၌နေ၍ အဘယ်အကျိုးရှိတော့မည်နည်း။ လူထွက်၍ ကောင်းမှု ကုသိုလ်ပြုတော့မည်”ဟု စိတ်ကူးကာ နောက်တစ်နေ့ နံနက်စောစောတွင် ကျောင်းတော်မှထွက်ရန် တံခါးရှိရာသို့ သွား၏။ သူ၏ စိတ်အကြံကို သိတော်မူနေသော ဘုရားရှင်သည် အရှင်စူဠပန္ထက ထွက်မည့် တံခါးမှာ စောင့်ကြိုတော်မူကာ “စူဠပန္ထက၊ သင်သည် ငါ ဘုရားထံမှာ ရဟန်းပြုခဲ့သူ ဖြစ်၏။ နောင်တော်က နှင်ထုတ်လျှင် အဘယ့်ကြောင့် ငါဘုရားထံသို့ မလာပါသနည်း။ သင်လူထွက်၍ အဘယ် အကျိုးရှိမည်နည်း။ ငါဘုရားအထံ၌သာ နေပါလော့”ဟု မိန့်တော်မူကာ အရှင်စူဠပန္ထက်၏ ဦးခေါင်းကို လက်တော်ဖြင့် သုံးသပ်၍ ခေါ်သွားတော် မူလေသည်။

ဘုရားရှင်သည် အရှင်စူဠပန္ထကို ဂန္ဓကုဋိတိုက်နားသို့ ခေါ်ဆောင်မူကာ အရှေ့မှာ မျက်နှာမူနေလျက် တန်ခိုးတော်ဖြင့် ဖန်ဆင်းထားသော အဝတ်ပိုင်းကို ပေးတော်မူကာ (ရဇောဟရဏံ ရဇောဟရဏံ) “အညစ်အကြေးစွန်းပေလော၏။ အညစ်အကြေး စွန်းပေလော၏”ဟူ၍ ရွတ်ဆိုရင်း နှလုံးသွင်း၍ မှတ်နေရန် မိန့်ကြားတော်မူ၏။ ထို့နောက် ဇီဝကအိမ်မှ ဆွမ်းဘုဉ်းပေးရန် အပင့်အလျှောက် ရောက်လာသဖြင့် အရှင်စူဠပန္ထကကို ထားခဲ့ပြီးလျှင် သံဃာတော်များနှင့်အတူ ကြွရောက်တော် မူလေသည်။

အရှင်စူဠပန္ထက်သည် ဘုရားရှင် မိန့်ကြားတော်မူခဲ့သည့် အတိုင်း ရွတ်ဆိုသုံးသပ်၍ အဝတ်ပိုင်းကို ဆုပ်နယ်၍နေရာ ဆုပ်နယ်နေခိုက်မှာပင် အဝတ်ပိုင်းသည် ညစ်နွမ်းလာ၏၊ အညစ်အကြေး စွန်းထင်း လာ၏။ ဤတွင် အရှင်စူဠပန္ထကသည် “ဤအဝတ်ပိုင်းသည် ယခင်က အလွန်ဖြူစင်လှ၏။ ဤကိုယ်ခန္ဓာကိုအမှီပြု၍သာ ရှေးကဖြူစင်သောသဘောကို စွန့်ကာ ဤသို့ညစ်နွမ်းလာရပေ၏။ သင်္ခါရတရားတို့သည် မမြဲစွတကား” ဟု ဆင်ခြင်သုံးသပ်ကာ ဝိပဿနာ ပွားလေသည်။

ဘုရားရှင်သည် ဆရာဇီဝကအား အိမ်မှာ သီတင်းသုံးတော်မူရာကပင် အရှင်စူဠပန္ထက ရှိရာသို့ ရောင်ခြည်တော်များလွှတ်တော်မူပြီးလျှင်—

(က) "အညစ်အကြေးဟူသည်ရာဂပေတည်း။ ပကတိ အညစ်အကြေးကို မဆိုအပ်ပေ။ အညစ်အကြေးဟူသောအမည်သည် ရာဂ၏အမည်ပေတည်း။ ဤရာဂအညစ်အကြေးကို ပယ်၍နေကုန်သော ရဟန်းတို့သည် ရာဂအညစ်အကြေးကင်းသောသာသနာတော်၌နေကြကုန်၏။

(ခ) "အညစ်အကြေးဟူသည် ဒေါသပေတည်း။ ပကတိ အညစ်အကြေးကို မဆိုအပ်ပေ။ အညစ်အကြေး ဟူသောအမည်သည် ဒေါသ၏ အမည်ပေတည်း၊ ဤဒေါသ၏ အညစ်အကြေးကို ပယ်ကုန်သော ရဟန်းတို့သည် ဒေါသ အညစ်အကြေးကင်းသော သာသနာတော်၌ နေကြကုန်၏။

(ဂ) "အညစ်အကြေးဟူသည် မောဟပေတည်း။ ပကတိအညစ်အကြေးကို မဆိုအပ်ပေ။ အညစ်အကြေး ဟူသောအမည်သည် မောဟ၏ အမည်ပေတည်း။ ဤမောဟအညစ်အကြေးကို ပယ်၍ နေကုန်သော ရဟန်းတို့သည် မောဟ အညစ်အကြေးကုန်ရာ သာသနာတော်၌ နေကြကုန်၏"

ဤဒေသနာတော်များကို ဟောကြားတော်မူလေရာ ထိုဒေသနာတော်များ အဆုံး၌ အရှင်စူဠပန္ထကသည် ပဋိသမ္ဘိဒါ လေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ဆိုက်ရောက်လေသည်။ ပဋိသမ္ဘိဒါလေးပါးကို ရရှိသဖြင့် ပိဋကသုံးပုံကို တခင်တကာသင်ယူမနေရတော့ဘဲ သူ့နှလုံးမှ အလို အလျောက် ရွတ်ဖတ်ဟောကြားလာနိုင်ပေသည်။

အရှင်စူဠပန္ထကသည် ရှေးယခင် ဘဝတစ်ခုတုန်းက မင်းဖြစ်ခဲ့ဖူး၍ မြို့ကို လက်ျာရစ်လှည့်သည်ခိုက်တွင် နဖူးမှ ချွေးထွက်လာသဖြင့် ပုဝါဖြူဖြူနှင့် သုတ်လိုက်၏။ နဂိုက ဖြူစင်သော အဝတ်သည် အညစ်အကြေး စွန်းထင်းလာ၏။ ဤတွင် "နဂိုပကတိဖြူစင်သော ဤပုဝါသည် ကိုယ်ခန္ဓာကိုမှီ၍ ညစ်နွမ်းလာ၏၊ သင်္ခါရတို့သည် မမြဲလေကုန်တကား" ဟု အနိစ္စသညာကို ပွားခဲ့ဖူး၏။ ထို့ကြောင့် ထိုရဇောဟရဏ ကမ္မဋ္ဌာန်းသည် အရှင်စူဠပန္ထကအဖို့ အရဟတ္တဖိုလ်ရကြောင်း ဖြစ်နေပေသည်။

ဆရာဇီဝကသည် ဘုရားရှင်အား အလှူရေစက်ကို ဆက်ကပ်လေရာ ဘုရားရှင်က "ဇီဝက၊ ကျောင်းမှာ ရဟန်းရှိသေးသည်" ဟု မိန့်တော်မူ

၏၊ ဆရာဇီဝကသည် အမှုထမ်းတစ်ယောက်ကို ကျောင်းတော်သို့ စေလွှတ်၍ ကြည့်စေရာ တစ်ထောင်သော ရဟန်းများကို ဖူးတွေ့ရ၏။ သရက်ဥယျာဉ်တစ်ခုလုံး ရဟန်းတို့နှင့် ပြည့်နေ၏။ ရဟန်းအချို့က သင်္ကန်းချုပ်နေကြ၏၊ အချို့က သင်္ကန်းဆိုးနေကြ၏။ အချို့က တရားဒေသနာတော်များ ရွတ်ဖတ် သရဇ္ဈာယ်နေကြ၏။ ဤသို့အားဖြင့် တစ်ပါးနှင့် တစ်ပါး မတူညီသော အမှုအရာများကို ပြုမူ လုပ်ရှားနေကြ၏။ ရဟန္တာဖြစ်ခါမှ အရှင်စူဠပန္ထကက တန်ခိုးနှင့် ဖန်ဆင်း၍ ပြထားခြင်း ဖြစ်ပေသည်။

လာ၍ကြည့်သော အမှုထမ်းသည် ရဟန်းတစ်ထောင်ကြီး ဖြစ်နေသဖြင့် ဆရာဇီဝကထံသို့ ပြန်ပြေး ပြ၏။ ထိုအခါ မြတ်စွာဘုရားက "ဒါယကာ ကျောင်းတော်သို့သွား၍ စူဠပန္ထကကို ဘုရားရှင် ခေါ်တော်မူ၏ဟု လျှောက်ထားလေလော့"ဟု မိန့်တော်မူ၏။ အမှုထမ်း ယောကျ်ားက ဤအတိုင်းသွား၍ လျှောက်ထားလေသော် ရဟန်းတစ်ထောင်တို့က "ငါ စူဠပန္ထကတည်း"ဟု ဆိုကြကုန်၏။

အမှုထမ်းသည် မည်သည့်ရဟန်းကို ပင့်ရမည်မသိ၍ အိမ်သို့ ပြန်လာ၏။ ဘုရားရှင်က "ဒါယကာ၊ ထိုသို့ဖြစ်လျှင် ကျောင်းသို့ တစ်ဖန်သွား၍ ငါ စူဠပန္ထကတည်းဟု ပထမဦးစွာ ပြောဆိုသော ရဟန်းကို လက်မောင်းမှ ကိုင်၍ပင့်ခဲ့လော့"ဟု မိန့်တော်မူ၏။ အမှုထမ်းကလည်း ဘုရားရှင် မိန့်တော်မူသည့်အတိုင်း ပင့်လျှောက်လေရာ လက်ထဲမှာ ဆွဲထားသော အရှင်စူဠပန္ထကအစစ်မှတစ်ပါး ဖန်ဆင်းထားသော ရဟန်းများ ကွယ်ပျောက်သွားကြလေသည်။

မြတ်စွာဘုရားသည် ဆွမ်းစားခြင်းကိစ္စ ပြီးစီးသောအခါ အရှင်စူဠပန္ထကအား ဆွမ်းအနုမောဒနာတရားဟောရန် တာဝန်ပေးကာ ဝေဠုဝန်ကျောင်းတော်သို့ ကြွတော်၏။ အရှင် စူဠပန္ထကသည် ကေသရာဇာခြင်္သေ့မင်း ဟိန်းဟောက်ဘိသကဲ့သို့ ပိဋကတ်သုံးပုံမှ တရားဒေသနာအခော်များကို ရဲတင်းပြတ်စွာ ဟောကြားလိုက်လေသည်။

ဤ အရှင် စူဠပန္ထကနှင့် ပတ်သက်၍ ရဟန်းတို့က အံ့ဩရဖွယ်ရာ ပြောဆိုနေကြစဉ်တွင် ဘုရားရှင် ကြွချီတော်မူကာ ဤဝတ္ထု၏အစ ဒေသနာတော် များကို ဟောကြားတော်မူလေသတည်း။ (အရှင်စူဠပန္ထက၏ အတိတ်ဇာတ်ကြောင်းကို ကေနိပါတ်စူဠသေဋ္ဌိဇာတ်မှာ ရှုပါ)

စတုတ္ထအကြိမ်

ဒေသနာတော်

၂၆။ ပညာမဲ့၍ မိုက်မဲသောသူတို့သည် မေ့လျော့ခြင်းကို အားထုတ်ကြကုန်၏။ ပညာရှိသည်ကား မမေ့မလျော့ခြင်းကို အမြတ်ဆုံးသော ဥစ္စာကဲ့သို့ စောင့်ရှောက်၏။

၂၇။ ထို့ကြောင့် သင်တို့သည် မေ့လျော့ခြင်းကို အားမထုတ်ကြကုန်လင့်။ ကာမတို့၌ မွေ့လျော်ခြင်းဟု ဆိုအပ်သော တဏှာနှင့် အကျွမ်းဝင်ခြင်းကို အားမထုတ်ကြကုန်လင့်။ အဘယ့်ကြောင့် နည်းဟူမူကား သမထ ဝိပဿနာဖြင့် ကိလေသာကို ရှို့မြိုက်သော မမေ့မလျော့သောသူသည် မြင့်မြတ်သော နိဗ္ဗာန်ချမ်းသာသို့ ရောက်နိုင်သောကြောင့်တည်း။

# လူမိုက်တို့၏ နက္ခတ်ပွဲ

သာဝတ္ထိမြို့တော် ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် လူမိုက်တို့၏ နက္ခတ်ကြွေးကြော်ပွဲကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

တစ်ရံရောအခါ သာဝတ္ထိမြို့တော်၌ ဗာလနက္ခတ်သင့်သည့် အခါတွင် အလွန်မိုက်မဲဆိုးတေသောသူတို့သည်မိမိကိုယ်ကို ပြာဖြင့်လည်းကောင်း၊ နွားချေးဖြင့်လည်းကောင်း သုတ်လိမ်းပြီးလျှင် ခုနစ်ရက်တိုင်တိုင်မကြွေးကြော်စံ့ နေသာဆဲရေးတိုင်းထွာကြကုန်၏။ မိဘဆွေမျိုးကိုမြင်သော်လည်းကောင်း၊ ရဟန်းသံဃာနှင့် တွေ့ဆုံသော်လည်းကောင်း ရှက်ရကောင်း၊ မှန်း မသိကြပေ၊ သူတို့သည် အိမ်ပေါက်စေ့ လျှောက်၍ ဆဲရေးတိုင်းထွာကြလေရာ သူတို့အသံကို မကြားလိုသူတို့က တစ်မူး၊ တစ်မတ်၊ တစ်ကျပ် စသည်ဖြင့် ငွေ အတန်အသင့်ပေး၍လွှတ်ကြရ၏။ မိုက်မဲဆိုးတေသူတို့သည် ငွေကိုသာမက အိမ်တံခါးမှာရှိလေသမျှ ပစ္စည်းများကိုလည်း ဆွဲ၍ ယူသွားကြသည်၊

သာဝတ္ထိမြို့တော်မှ အရိယာသာဝကအပေါင်းသည်ကား ထိုပွဲမှာ မပါဝင်ကြပေ။ သူတို့သည် ခုနစ်ရက်အတောအတွင်း သာဝတ္ထိ မြို့တော်တွင်းသို့ ဆွမ်းခံမကြွပါရန် ဘုရားရှင်နှင့် သံဃာတော်များအား လျှောက်ထားကြပြီးလျှင် ဆွမ်း၊ ယာဂု စသည်တို့ကို ကျောင်းတော်အရောက် ချက်ပြုတ်၍ ပို့လှူကြကုန်၏။ နက္ခတ်ပွဲပြီးဆုံးခါမှ သာဝတ္ထိမြို့တော်တွင်းသို့ ဘုရားရှင်နှင့်တကွ သံဃာတော်များအား ဆွမ်းခံပင့်လျှောက်၍ အလှူကြီး ပေးကြပြီးလျှင် ထိုနက္ခတ်ပွဲကြီး၌ ပါဝင် ဆင်နွှဲကြသော မိုက်မဲဆိုးတေသူများအကြောင်းကို လျှောက်ထားကြ၏။ ဤတွင် ဘုရားရှင်က မေ့မေ့

မေ့လျော့နေသူနှင့် မမေ့မလျော့နေသူတို့ကို နှိုင်းယှဉ်ပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသည်။

### ဒေသနာတော်

၂၈။ ပညာရှိသည် မေ့လျော့ခြင်းကို မမေ့မလျော့ခြင်းဖြင့် ပယ်ဖျောက်၏။ စိုးရိမ်မှုကင်းပြီးသော ရဟန္တာသည် ဒိဗ္ဗစက္ခုတည်းဟူသော ပညာပြာသာဒ်သို့ တက်ပြီးလျှင် စိုးရိမ်မှုရှိနေကြသော သတ္တဝါအပေါင်းကို ကြည့်ရှု၏။ တောင်ထိပ်၌ တည်နေသောသူသည် မြေပြင်၌ တည်နေသော သူတို့ကို ကြည့်ရှုသကဲ့သို့ ရဟန္တာ ပညာရှိသည်သူမိုက်တို့ကို ကြည့်ရှု၏။

## အရှင်မဟာကဿပ

ဇေတဝန်ကျောင်းတွင်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အရှင်မဟာကဿပမထေရ်၏ အကြောင်းပြု၍ ဤဒေသနာကို ဟောကြားတော်မူလေသည်။

တစ်နေ့အခါ၌ အရှင်မဟာကဿပမထေရ်သည် ရာဇဂြိုဟ်မြို့တော်၌ ဆွမ်းခံ ဝင်၍ ဆွမ်းစားခြင်းကိစ္စ ပြီးစီးသောအခါ ပိပ္ပလိလိုဏ်ဂူတွင် သီတင်းသုံးလျက် အာလောက ကသိုဏ်းကို ပွားများ၍ ဒိဗ္ဗစက္ခုအဘိညာဉ်ကို ဝင်စားပြီးလျှင် မေ့လျော့နေသော သတ္တဝါများနှင့် မမေ့မလျော့သော သတ္တဝါတို့ကိုလည်းကောင်း၊ သေဆဲသတ္တဝါများနှင့် ပဋိသန္ဓေ တည်ဆဲ သတ္တဝါတို့ကိုလည်းကောင်း ကြည့်ရှုရှု၍ နေ၏။ ထိုစဉ်ခိုက်တွင် ဘုရားရှင်သည် အရှင်မဟာကဿပထံသို့ ရောင်ခြည်တော်များလွှတ်ပေးပြီးလျှင် ရှေ့တူရူသို့ ဘုရားရှင် ကိုယ်တော်တိုင် ကြွလာသကဲ့သို့ တန်ခိုးတော် ဖန်ဆင်း၍ "ကဿပ၊ မမေ့မလျော့ခြင်းသည်သာ သင်၏ဆရာတည်း" ဟု မိန့်တော်မူကာ အထက်ပါဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

### ဒေသနာတော်

၂၉။ လျင်မြန်သောမြင်းသည် ခွန်အားနည်းသောမြင်းကို နောက်ချန်ထား၍ သွားဘိသကဲ့သို့ မမေ့မလျော့သော ပညာရှိတို့သည် မေ့လျော့နေသော သူတို့ကို နောက်ချန်ထား၍ သွား၏။ နိုးကြားနေသော ပညာရှိသည် အိပ်မောကျနေသူတို့ကို နောက်ချန်ထား၍ သွား၏။

# မိတ်ဆွေရဟန်းနှစ်ပါး

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် မိတ်ဆွေ ရဟန်းနှစ်ပါးကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော် မူလေသည်။

မိတ်ဆွေ ရဟန်းနှစ်ပါးတို့သည် ဘုရားရှင်၏ ထံတော်မှာ အတူတကွ ကမ္မဋ္ဌာန်း အောင်းခဲ့ကြပြီးလျှင် တောရကျောင်း-သို့ လာခဲ့ကြကုန်၏။ ထိုနှစ်ပါးတို့အနက် ရဟန်း တစ်ပါးသည် စောစောကပင် ထင်းများ ခွေ၍ထားကာ ညဉ့်ဦးယံ ရောက်လာသောအခါ မီးဖင်းအိုးတွင် မီးဖိုပြီးလျှင် သာမဏေငယ်များနှင့်အတူ ရောက်တတ်ရာရာ စကားပြော၍နေ၏။ အခြားရဟန်းကား မမေ့မလျော့သော အားဖြင့် တရားအားထုတ်လျက်ရှိ၏။ မမေ့မလျော့သော ရဟန်းသည် မေ့လျော့နေသော ရဟန်းအား "ငါ့ရှင်၊ ဤသို့မပြုပါနှင့်။ မေ့မေ့လျော့လျော့နေသော သူအတွက် အပါယ်လေးပါးတို့သည် မိမိတို့ အမြဲတစေ နေထိုင်ရာသော အိမ်နှင့်တူကုန်၏၊ မြတ်စွာဘုရားရှင်တို့ မည်သည် ဤသို့ မရိုးဖြောင့်သော အမှုကို နှစ်သက်တော် မမူကြပါ"ဟု ပြောဆို ဆုံးမ၏၊ မီးလှုံနေသော ရဟန်းသည်ကား ဆုံးမ စကားကို နားမထောင်ပေ။ တရားအားထုတ်သော ရဟန်းသည် ညဉ့်ဦးယံပတ်လုံး စင်္ကြံသွားပြီးနောက် သန်းခေါင်ယံ အချိန်တွင် အိပ်ရာသို့ ဝင်၏၊ မီးလှုံနေသော ရဟန်းသည်လည်း သူ့နောက်က လိုက်ပါ၍ အိပ်ရာဝင်၏။ တရားအားထုတ်သော ရဟန်းသည် သန်းခေါင်ယံ၌ ခေတ္တမျှသာ အိပ်စက်ကာ နံနက်ပိုင်းတွင် စောစောထ၍ တရားအားထုတ်ပြန်၏။ ဤသို့ မမေ့မလျော့ တရားအားထုတ်သဖြင့် မကြာမီမှာပင် ပဋိသမ္ဘိဒါ လေးပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေသည်၊ အအိပ်ကြီးသော ရဟန်းမှာကား မည်သည့် တရားထူးကိုမျှ မရပေ။

ထိုရဟန်းနှစ်ပါးတို့သည် ရှေ့တော်မှောက် ဝင်ရောက် လာကြသောအခါ ဘုရားရှင်က "ရဟန်းတို့၊ မမေ့မလျော့ ရဟန်းတရားကို ကျင့်ကြကုန်၏လော၊ သင်တို့၏ ရဟန်းကိစ္စသည် အထွတ်အထိပ်သို့ ရောက်ကြပြီလော"ဟု မေးတော်မူ၏၊ ဤတွင် ပျင်းရိသောရဟန်းက "အရှင်ဘုရား၊ ဤရဟန်းသည် သွားသောအခါမှစ၍ အချိန်ရှိသမျှ အိပ်စက်လဲလျောင်း၍သာ နေပါသည်ဘုရား"ဟု လျှောက်၏၊ မြတ်စွာဘုရားက

"ရဟန်း၊ သင်က မည်သို့ပြုလုပ်၍ နေသနည်း"ဟု မေးတော်မူရာ "တပည့်တော်သည်ကား စောစောကပင် ထင်းခွေထားပြီးလျှင် ညဥ့်ဦးယံ ပတ်လုံး မီးလှုံ၍သာ နေပါသည် ဘုရား"ဟု လျှောက်၏။ ဤတွင် ဘုရားရှင်က "ရဟန်း သင်သည်ကား မိမိကိုယ်တိုင်က မမေ့လျော့သူ ဖြစ် နေပါလျက် မမေ့လျော့သောသူကို မေ့လျော့သူအဖြစ်ဖြင့် လျှောက်ထင် ၏"ဟု မိန့်တော်မူကာ အောက်ပါဒေသနာတော်ကို ဟောကြားတော် မူလေသတည်း။

ဒေသနာတော်

၃၀။ ။မာဃလုလင်သည် ကုသိုလ်ကောင်းမှု၌ မမေ့လျော့ခြင်းကြောင့် နတ်တို့၏ အထွတ်အထိပ်သို့ ရောက်၏။ ကုသိုလ်ကောင်းမှု၌ မမေ့လျော့ခြင်းကို ပညာရှိတို့ ချီးမွမ်းကြကုန်၏။ ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်းကို အခါ ခပ်သိမ်း ကဲ့ရဲ့အပ်၏။

## သိကြားမင်း

ဝေသာလီမြို့အောင် ကူဋာဂါရ ကျောင်းတော်၌ ဘုရားရှင် သီ တင်းသုံးတော်မူစဉ် မဟာလိမည်သော လိစ္ဆဝီမင်းသားကို အကြောင်း ပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

တစ်နေ့သ၌ မဟာလိသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီး လျှင် "အရှင်ဘုရား သိကြားမင်းကို မြင်ရပါသလော"ဟု မေးလျှောက် ၏။ ဘုရားရှင်က "မဟာလိ ငါဘုရားသည် သိကြားမင်းကို မြင်ရ၏" ဟု ဖြေကြားတော်မူလေရာ-

"အရှင်ဘုရား၊ အရှင်ဘုရား မြင်ရသော သိကြားမင်းသည် သိကြားမင်းအတုဖြစ်ရာ၏။ သိကြားမင်းကိုမြင်ရန်ခဲယဉ်းလှပါသည်ဘုရား"

"မဟာလိ၊ ငါဘုရားသည် သိကြားမင်းကို လည်းကောင်း၊ သိ ကြားမင်း ဖြစ်ကြောင်း တရားကိုလည်းကောင်း သိ၏။

"မဟာလိ၊ သိကြားမင်းသည် ရှေးအခါ လူဖြစ်စဉ်တုန်းက မာဃ မည်သော လုလင်ဖြစ်ခဲ့ဖူး၏။ ထို့ကြောင့် "မာဃဝ"ဟုလည်း ခေါ်ရ၏။

"မဟာလိ၊ သိကြားမင်းသည် ရှေးအခါ လူဖြစ်စဉ်တုန်းက ရှေးဦးစွာအလှူကိုပေးလှူခဲ့၏။ ထို့ကြောင့် "ပုရိန္ဒ"ဟုလည်း ခေါ်ရ၏။

"မဟာလိ၊ သိကြားမင်းသည် ရှေးအခါ လူဖြစ်စဉ်တုန်းက အလှူ ကို ရိုရိုသေသေပေးခဲ့၏။ ထို့ကြောင့် "သက္က" ဟုလည်း ခေါ်ရ၏။

"မဟာလိ၊ သိကြားမင်းသည် ရှေးအခါ လူဖြစ်စဉ်တုန်းက တည်းခိုစရာဇရပ်ကို ပေးခဲ့၏။ ထို့ကြောင့် "ဝါသဝ"ဟုလည်း ခေါ်ရ၏။

"မဟာလိ၊ သိကြားမင်းသည် တစ်ထောင်မကသော အကျိုးအကြောင်းကို တစ်ခဏချင်း တွေးတော ကြံစည်နိုင်၏။ ထို့ကြောင့် "သဟဿက္ခ"ဟုလည်း ခေါ်ရ၏။

"မဟာလိ၊ သိကြားမင်း၏ မယားသည် သုဇာမည်သော အသုရာတို့၏ သမီးပျိုဖြစ်၏၊ ထို့ကြောင့် "သုဇမ္ပတိ"ဟုလည်း ခေါ်ရ၏။

"မဟာလိ၊ သိကြားမင်းသည် တာဝတိံသာနတ်တို့ကို အစိုးရ၏။ ထို့ကြောင့် "ဒေဝါနမိန္ဒ"ဟုလည်း ခေါ်ရ၏။

"မဟာလိ၊ သိကြားမင်းသည် ရှေးအခါ လူဖြစ်စဉ်တုန်းက ခုနစ်ပါးသော အကျင့်တို့ကို စွမ်းနိုင်သည် အားလျော်စွာ ကောင်းစွာ ကျင့်ခြင်းကြောင့် သိကြားမင်းအဖြစ်ကိုရ၏။ ထိုကျင့်ဝတ် ခုနစ်ပါးတို့ကား

၁။ အသက်ထက်ဆုံး မိဘကိုလုပ်ကျွေး၏။
၂။ အသက်ထက်ဆုံး မိမိတို့ဆွေမျိုးထဲမှ ကြီးသူတို့ကိုရိုသေခြင်း။
၃။ အသက်ထက်ဆုံး ချိုချိုသာသာ ပြောဆိုခြင်း၊
၄။ အသက်ထက်ဆုံး ကုန်းချောစကားကို မဆိုခြင်း။
၅။ အသက်ထက်ဆုံးဝန်တိုခြင်းကင်းသောစိတ်ဖြင့်နေထိုင်ခြင်း။
၆။ လွတ်လွတ်ကျွတ်ကျွတ် ပေးကမ်းစွန့်ကြဲခြင်း။
၇။ အသက်ထက်ဆုံး မှန်ကန်သော စကားဆို၍ အမျက်မထွက်ခြင်းတို့ ဖြစ်ပေသည်။

ဤသို့ မိန့်တော်မူပြီးလျှင် မဟာလိ၏ တောင်းပန်ချက်အရ မာဃလုလင်ဘဝတုန်းက ကျင့်ဝတ်တည်ဆောက်ခဲ့ပုံ အကျယ်ကို ဟောကြားတော်မူသော ထိုမာဃလုလင်၏ အကြောင်းနှင့် ဆက်စပ်လျက် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဤဒေသနာတော်အဆုံး၌ လိစ္ဆဝီမင်းသား မဟာလိသည် သောတာပတ္တိဖိုလ်၌ တည်လေ၏။

(မာဃလုလင်ဘဝတုန်းက ကျင့်ဝတ် တည်ဆောက်ခဲ့ပုံ အကျယ်ကို ကေကနိပါတ်၊ ကုလာဝကဇာတ်မှာ ရှုပါ။)

ဒေသနာတော်

၃၁။ ။မီးသည် ကြီးငယ်မရှောင် လောင်စာဟူသမျှ လောင်ကျွမ်းဘိသကဲ့သို့ မမေ့မလျော့ခြင်း၌ မွေ့လျော်၍ မေ့လျော့ခြင်းကို ဘေးဟု ရှုလေ့ရှိသော

စတုတ္ထအကြိမ်

ရဟန်းသည် ကြီးကြီး ငယ်ငယ် သံဃာဇဉ်တွယ်တာမှုဟူသမျှကို လောင်ကျွမ်းစေလျက် နိဗ္ဗာန်သို့ သွား၏။

## ရဟန်းတစ်ပါး (တောမီး)

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးနေတော်မူစဉ် မထင်ရှားသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

မထင်ရှားသော ရဟန်းတစ်ပါးသည် ဘုရားရှင်ထံတော်မှ အရဟတ္တဖိုလ်အထိ ရောက်နိုင်သော ကမ္မဋ္ဌာန်းတရားကို ယူပြီးလျှင် တောရကျောင်းသို့ ဝင်ကာ တရားအားထုတ်၏။ မဆုတ်မနစ်သော ဇွဲလုံ့လဖြင့် ကြိုးစားအားထုတ် ပါသော်လည်း အရဟတ္တဖိုလ်ကို မရနိုင်ချေ။ သို့ဖြစ်၍ ထိုရဟန်းသည် ဘုရားရှင်ထံတော်၌ တစ်မူထူးခြားသော ကမ္မဋ္ဌာန်းကို တောင်းဦးမည်ဟု နှလုံးသွင်း၍ ဇေတဝန်ကျောင်းတော်သို့ ပြန်လာ၏။ လမ်းခရီး၌ တောမီးကြီးစွာ လောင်နေသည်ကို တွေ့ရ၍ မြက်သစ်ပင်မပေါက်သော တောင်ကုန်းတက်သို့ တက်လေပြီးလျှင် တောမီးကြီး လောင်နေသည်ကို ကြည့်ရှုကာ "ဤတောမီး သည် ကြီးကြီးငယ်ငယ် လောင်စာဟူသမျှ လောင်မြိုက်ဘိသကဲ့သို့ အရိယာ မဂ်ဉာဏ်တည်း ဟူသော မီးသည်လည်း ကြီးကြီးငယ်ငယ် သံယောဇဉ်ဟူသမျှကို လောင်မြိုက်သည် ဖြစ်လတ္တံ့" ဟု တွေးတောလေသည်။

ဤတွင် ဘုရားရှင်သည် ဇေတဝန် ကျောင်းတော်မှနေ၍ ရဟန်းထံသို့ ရောင်ခြည်တော်များ ပို့လွှတ်၍ ထိုရဟန်း၏ ရှေ့မှောက်၌ ကိုယ်တော်ထင်ရှား ရောက်လာဘိသကဲ့သို့ တန်ခိုး ဖန်ဆင်းတော်မူပြီးကာ "ရဟန်းသင်၏ တွေးတောမှုသည် မှန်ကန်ပေစွ" ဟု မိန့်ကြားတော် မူပြီးလျှင် အောက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ ထိုရဟန်းသည် ရဟန္တာဖြစ်ပြီးလျှင် ဘုရားရှင်ထံသို့ ကောင်းကင်ခရီးဖြင့် လာ၍ ပူဇော်ကန်တော့လေ၏။

### ဒေသနာတော်

၃၂။ ။ မမေ့မလျော့ခြင်း၌ မွေ့လျော်၍ မေ့လျော့ခြင်း၌ ဘေးဟု ရှုလေ့ရှိသော ရဟန်းသည် မဂ်ဖိုလ်မှ ဆုတ်ယုတ်ခြင်းငှာ မထိုက်တန်ပေ၊ ထိုရဟန်းသည် နိဗ္ဗာန်၏ အနီး၌သာလျှင် ရှိနေပေသည်။

# အရှင်တိဿ (ရွာနိဂုံးနေ)

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ရွာနိဂုံးနေ တိဿ ရဟန်းကိုအကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

သာဝတ္ထိမြို့တော်နှင့် မနီးမဝေးမှာရှိသော ရွာနိဂုံး၌ မွေးဖွားခဲ့သော တိဿလုလင်သည် ဘုရားသာသနာတော်၌ ရဟန်းပြု၏။ ရဟန်းအဖြစ်သို့ ရောက်ပြီးနောက် မိမိရွာမှာပင် နေထိုင်၏။ အလိုနည်း၏။ ရောင့်ရဲလွယ်၏။ ဆိတ်ငြိမ်ရာ၌ မွေ့လျော်၏။ လုံ့လဝီရိယရှိ၏။ အနာထပိဏ်သဌေး စသောသူတို့က အလှူကြီး ပေးသောအခါ၌ လည်းကောင်း၊ ပသေနဒီကောသလမင်းကြီးက တိုင်းသူပြည်သားတို့ တုပ၍ မရနိုင်အောင် လှူဒါန်းသော အသဒိသ အလှူတော်ကြီး ပေးသော အခါ၌လည်းကောင်း သာဝတ္ထိမြို့တော်သို့ မသွားပေ။ တိဿမထေရ်၏ စိတ်ရင်း သဘောထားကိုမသိသော ရဟန်းတို့က "ဤရွာနိဂုံးသား တိဿမထေရ်သည် လုံ့လကြိုးကုတ် အားထုတ် နေပါလျက် ဆွေမျိုးများနှင့် ရောနှောဆက်ဆံပါသည်ဘုရား" ဟု ဘုရားရှင်ထံ လျှောက်ထားကြလေသည်။

ဘုရားရှင်သည် တိဿမထေရ်၏ဂုဏ်ကျေးဇူးကို ရဟန်းအများတို့ သိရှိကြစေရန် တိဿမထေရ်ကို ရှေ့တော်သို့ ခေါ်ယူ၍ မေးစစ်တော်မူ၏။ တိဿမထေရ်က "အရှင်ဘုရား တပည့်တော်သည် ဆွေမျိုးများနှင့် ရောနှောဆက်ဆံခြင်း မပြုလုပ်ပါ။ ထိုသူတို့ထံမှ စားလောက်ရုံမျှ သောအာဟာရကိုသာ ရရှိပါသည်။ ကြမ်းတမ်းသည်ဖြစ်စေ၊ နူးညံ့သည် ဖြစ်စေ မျှတရုံမျှ ရရှိလျှင် ရှေ့သို့ဆက်လက်၍ ဆွမ်းမခံတော့ပါ" ဟု လျှောက်ထား၏။ ဤတွင် ဘုရားရှင်က "ရဟန်းတို့၊ ရဟန်းမည်သည် အလိုနည်းသည် ဖြစ်ရာ၏" ဟု မိန့်တော်မူပြီးလျှင် အောက်ပါ ဒေသနာကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ ထိုရဟန်းသည် ရဟန္တာဖြစ်လေ၏။

(တိဿမထေရ်၏ အလိုနည်းခြင်းနှင့် ဆက်စပ်၍ ဟောကြားထားသော အတိတ်ဇာတ်ကြောင်းကို ဒသကနိပါတ်၊ သုဝဇာတ်၌ ရှုပါ)

# မိဿဝဂ်

## ဒေသနာတော်

၃၃။ ။ လေးသမားသည် မြှားကို ဖြောင့်အောင်ပြုဘိသကဲ့သို့ တုန်လှုပ်တတ်သော၊ လျှပ်ပေါ်လေဒီလည်သော၊ စောင့်ထိန်းရန် ခက်ခဲသော၊ တားမြစ်ရန် ခက်ခဲသော စိတ်ကို ပညာရှိသည် ဖြောင့်အောင်ပြု၏။

၃၄။ ။ ရေတည်းဟူသော မိရာတည်ရာမှ ထုတ်ဆောင်၍ ကုန်းပေါ်၌ ပစ်ချထားအပ်သော ငါးသည် တစ်ဖျပ်ဖျပ် တုန်လှုပ်ဘိသကဲ့သို့ ကိလေသာမာရ်၏ ကိုယ်တွင်းရန်ကို ပယ်နိုင်ရန် ကာမနယ်မှ ထုတ်ဆောင်ထားအပ်သော ဤစိတ်သည် တစ်ဖျပ်ဖျပ်တုန်လှုပ်၏။

## အရှင်မေဃိယ

စာလိယတောင်၌ ဘုရားရှင်သီတင်းသုံးတော်မူစဉ် အလုပ်အကျွေးဖြစ်သော အရှင်မေဃိယကို အကြောင်းပြု၍ ဤဒေသနာတော်ကိုဟောကြားတော်မူလေသည်။

ဘုရားရှင်၏ ဝါတော် ၄၅ ဝါကို နှစ်ပိုင်းပိုင်း၍ ပထမ ဝါတော် ၂၀ ကို "ပထမဗောဓိ"ဟု ခေါ်၍ နောက်ပိုင်းဝါတော် ၂၅ဝါကို "ပစ္ဆိမဗောဓိ"ဟု ခေါ်၏။ ပထမဗောဓိ ဝါတော် ၂၀ အတွင်း၌ ဘုရားရှင်ကို အမြဲတမ်း ပြုစု လုပ်ကျွေးသော ရဟန်း မရှိသေးပေ။ ရံခါ အရှင်နာဂသမာလသည် ဘုရားရှင်၏ သပိတ်သင်္ကန်းကို ယူဆောင်လျက် လိုက်ပါ၏။ ရံခါ အရှင်နာဂိတ၊ ရံခါ အရှင်ဥပဝါန၊ အရှင်သုနက္ခတ္တ၊ ရံခါ အရှင်စုန္ဒသမဏေရ်၊ ရံခါ အရှင်သာဂတ၊ ရံခါ အရှင်မေဃိယတို့က ပြုစုလုပ်ကျွေးကြ၏။

စတုတ္ထအကြိမ်

တစ်ရံရောအခါ ဘုရားရှင်သည် အရှင်မေဃိယနှင့်အတူ သားကောင်တို့အား ဘေးမဲ့ပေးထားသော ပါစီနဝံသ တောအုပ် အနီးရှိ ဇန္တုရွာသို့ ကြွတော်မူ၏။ ထိုရွာတွင် ဆွမ်းခံဝင်၍ ဆွမ်းဘုဉ်းပေးပြီးကြသောအခါ အရှင်မေဃိယသည် မွေ့လျော်ဖွယ် ကောင်းလှသော ကိုမိကာဠ မြစ်ကမ်းပါးရှိ သရက်ဥယျာဉ်ကို မခွဲနိုင်သဖြင့် "အရှင်ဘုရား၊ ဘုရားရှင်သည် အရှင်တို့၏ သပိတ်သင်္ကန်းကို ယူတော်မူပါလော့။ တပည့်တော်သည် ကိုမိကာဠ မြစ်ကမ်းပါးရှိ သရက်ဥယျာဉ်တွင် တရားအားထုတ်လိုပါသည် ဘုရား"ဟု လျှောက်၏။ ဘုရားရှင်က "ရဟန်း ငါဘုရားအား ပြုစုလုပ်ကျွေးမည့် အခြားရဟန်းတစ်ပါး ရောက်လာသည် အထိ ဆိုင်းငံ့လေဦးလော့"ဟု မိန့်တော်မူလေသည်။

ဘုရားရှင်က ဤသို့ ဤပုံ သုံးကြိမ်တိုင်တိုင် တားမြစ်ပါလျက် အရှင်မေဃိယ မထေရ်သည် ဘုရားရှင်ကို တစ်ပါးတည်းထားပစ်ခဲ့ကာ သရက် ဥယျာဉ်သို့ လာခဲ့၏။ မွေ့လျော်ဖွယ် ကောင်းလှသော သရက် ဥယျာဉ်ထဲတွင် တရား အားထုတ်မိသော အခါတွင်အား သူထင်ထားသကဲ့သို့ မဟုတ်ချေပြီ။ စိတ်နှလုံးတည်ကြည်စွာ ကမ္မဋ္ဌာန်းအာရုံတစ်ခုခုကို သိမ်းပိုက်ရမည့် အစား မသင့်လျော်သော အတွေးအကြံ များကသာ လွှမ်းမိုးဖိစီးလာ၏။ ထိုအတွေးအကြံများကို ပယ်ဖျောက်၍ ကမ္မဋ္ဌာန်း အာရုံသို့ စိတ်ကို ရှေးရှု ပေးပါသော်လည်း အချည်းနှီးသာ ဖြစ်ရ၏။ ဤတွင် အရှင်မေဃိယသည် ဘုရားရှင်ရှိတော်မူရာ စာလိယတောင်သို့ လိုက်ပါသွားလေရာ ဘုရားရှင်က "မေဃိယ၊ သင့်အပြုအမူသည် ဝန်လေးစွတကား၊ ငါဘုရားက ဆိုင်းငံ့ရန် တောင်းပန်ပါလျက် သင်သည် ငါဘုရားကို တစ်ပါးတည်း ပစ်ထားခဲ့၏။ သင်သည် ဤကဲ့သို့ စိတ်အလိုကို လိုက်ပါရန် မသင့်လျော်ပေ"စသည်ဖြင့် ဆုံးမတော် မူပြီးလျှင် အောက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ အရှင်မေဃိယသည် သောတာပန်ဖြစ်လေ၏။

ဒေသနာတော်

၃၅။ ။ နှိမ်နင်းရန် ခဲယဉ်းထသော၊ လျင်မြန်သော သဘောရှိသော၊ အလိုရှိရာ အာရုံ၌ ကျရောက် ကျက်စားလေ့ ရှိသော စိတ်ကို ဆုံးမခြင်းသည် ကောင်း၏။ ဆုံးမပြီး၍ ယဉ်ကျေးသောစိတ်သည် ချမ်းသာသုခကို ရွက်ဆောင်၏။

## ရဟန်းတစ်ပါး (မာတိကာရွာနေ)

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် မာတိကာရွာတွင် နေထိုင်ခဲ့သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ထိုရဟန်း၏ ရှေးဦးစွာ ရဟန်းခြောက်ကျိပ်တို့သည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်း တောင်းပြီးလျှင် ထိုရွာသို့ ရောက်ခဲ့ကြ၏၊ ထိုရွာမှ ရွာသူကြီး၏ မိခင်သည် တစ်ရွာလုံး၏ မိခင်သဖွယ်ဖြစ်၍ မာတိကမာတာ အမည်တွင်နေ၏။ မာတိကမာတာ ဒါယိကာမကြီးသည် ရဟန်း ခြောက်ကျိပ်အတွက် မိမိရွာမှာပင် ကျောင်းဆောက်ကိုးကွယ်ကာ ပစ္စည်းလေးပါးဖြင့် ထောက်ပံ့လေသည်။

ရဟန်း ခြောက်ကျိပ်တို့သည် တစ်နေရာတည်း၌ နှစ်ပါးမနေကြပေ။ ညနေချမ်းတွင် မထေရ်ကြီးထံ ဆည်းကပ်သော အချိန်နှင့် နံနက်ခင်း ဆွမ်းစားချိန်တို့၌သာ သံဃာအားလုံး ပေါင်းဆုံမိကြ၏။ ထိုအချိန်မှအပတွင် မကျန်းမာ၍ အကူအညီလိုအပ်ပါက ခေါင်းလောင်းကို တီးရ၏။ ဤသို့ကတိကဝတ်ထား၍ တရားဘာဝနာပွားများ နေကြစဉ်တွင် မာတိကမာတာ ဒါယိကာမကြီးသည် ထောပတ်၊ ဆီ၊ တင်လဲ စသော လှူဖွယ်ပစ္စည်းများကို ယူဆောင်ပြီးလျှင် ကျေးကျွန်များနှင့် တကွ ကျောင်းသို့ရောက်လာ၏။ ထိုလူများထဲတွင် ရဟန်းတို့၏ ကတိကဝတ်ကို သိထားသောသူက ပြောပြသဖြင့် ဒါယိကာမကြီးသည် ခေါင်းလောင်းကို တီးလိုက်၏။ ဤတွင်မှ ရဟန်းခြောက်ကျိပ်တို့သည် မိမိတို့နေရာ အသီးသီးမှ တစ်ပါးစီ တစ်ပါးစီ ကြွလာကြလေသည်။

မာတိကမာတာ ဒါယိကာမကြီးက "အရှင်ဘုရားတို့၊ နံနက်အခါ တပည့်တော်အိမ်သို့ ဆွမ်းခံကြွလာကြတုန်းက တစ်ပေါင်းတည်းဖြစ်ကြပါကုန်၏။ ယခု တစ်ပါးစီ တစ်ပါးစီ ကြွတော်မူကြရသည်မှာ

အကြောင်း မည်သို့ရှိပါသနည်း''ဟု မေးလျှောက်၏။ ရဟန်းများက ဒါယိကာမကြီး၊ ရဟန်းများသည် တစ်ပါးစီ တစ်ပါးစီခွဲခြား၍ နေကြပြီးလျှင် ရဟန်းတရားကို အားထုတ်ကြပါကုန်၏။ မိမိကိုယ်ခန္ဓာရှိ ဆံပင်၊ မွေးညှင်းစသော သုံးဆယ့်နှစ်ကောဋ္ဌာသတို့ကို ရွတ်ဖတ်သရဇ္ဈာယ်လျက် သုံးသပ်ဆင်ခြင်ကာ မိမိကိုယ်ခန္ဓာကြီး၏ ကုန်ခန်းခြင်း၊ ပျက်စီးခြင်း သဘောကို မြင်အောင် ရှုကြပါကုန်၏''ဟု ပြန်ပြောကြ၏။ မာတိကမာတာ ဒါယိကာမကြီးသည်လည်း ဤကမ္မဋ္ဌာန်းကို တောင်းယူသွား လေသည်။

ဒါယိကာမကြီးသည် ထိုကမ္မဋ္ဌာန်းကို ရွတ်ဖတ်သရဇ္ဈာယ်လျက် ကိုယ်ခန္ဓာကြီး၏ ကုန်ခန်းခြင်း၊ ပျက်စီးခြင်းတို့ကို ရှုမြင်လေရာ ရဟန်းများထက်စော၍ တရားပေါက်သွား၏။ သောတာပန်၊ သကဒါဂါမိ အဆင့်ကို ကျော်လွန်ကာ အနာဂါမိ အဆင့်ထိ ဆိုက်ရောက်သွား၏။ အနာဂါမိမဂ်ဖိုလ်နှင့်အတူ ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ အဘိညာဉ် တို့ကိုပါ ရရှိလေတော့သည်။

ဒါယိကာမကြီးသည် ရဟန်းခြောက်ကျိပ်တို့၏ စိတ်သန္တာန်ကို အဘိညာဉ်တန်ခိုးနှင့် လှမ်း၍ ဆင်ခြင်လိုက်သောအခါ ''ငါ့သား ရဟန်းများအတွက် ကျောင်းနှင့်ပတ်သက်၍ သော်လည်းကောင်း၊ ပုဂ္ဂိုလ် ရေးနှင့် ပတ်သက်၍သော်လည်းကောင်း မသင့်မလျော်သည် မရှိပေ။ အစားအသောက်တွင်မူ ရဟန်းတို့၏ စိတ်အလိုနှင့် မသင့်မလျော်ခြင်းသာ ရှိနေ၏။ ထို့ကြောင့်ပင်လျှင် ငါ့သား ရဟန်းများသည် ရဟန္တာ ဖြစ် နိုင်လောက်သော အခြေခံရှိပါလျက် တရားမရနိုင်ရှာကြခြင်း ဖြစ်၏''ဟု ဆင်ခြင်သုံးသပ်မိ၏။ ထို့ကြောင့် မိမိအိမ်၌ အထူးထူးသော ယာဂုကို လည်းကောင်း၊ အမျိုးအမည် စုံလင်စွာသော ခဲဖွယ် ဘောဇဉ် တို့ကို လည်းကောင်း ချက်ပြုတ်ကြော်လှော်စေပြီးလျှင် ရဟန်းများကို ပင့်ဖိတ် ၍ စိတ်တိုင်းကျ ဘုဉ်းပေးကြရန် လျှောက်ထား၍ ဆက်ကပ် လေသည်။

ရဟန်းခြောက်ကျိပ်တို့သည် မိမိစိတ်အလိုနှင့် သင့်လျော် လျောက် ပတ်သော စားသောက်ဖွယ် များကို စားကြရ၊ သောက်ကြရသဖြင့် စိတ်နှလုံးတည်ကြည်စွာ တရားအားထုတ်နိုင်လာကြ၏။ မကြာမီမှာပင် ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ရှိ ကြပြီးလျှင် ဒါယိကာမကြီးကို ပန်ကြားကာ ဘုရားရှင်ထံ ခရီးရောက် ဖူးမြော်၍ ဤ အကြောင်းကို လျှောက်ထားကြလေသည်။

မထင်ရှားသော ရဟန်း တစ်ပါးသည် ထိုစကားများကို နားထောင်ပြီးလျှင် မာတိကမာတာ ဒါယိကာမကြီးရှိရာသို့ သွားလိုလာ၏။ သို့ဖြစ်၍ ထိုရဟန်းသည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းတောင်းပြီးလျှင် ထိုရွာရှိရာသို့ လာခဲ့၏၊ ရွာရောက်၍ ကျောင်းသို့ ဝင်မိသောအခါ ထိုရဟန်းက "မာတိကမာတာ ဒါယိကာမကြီးသည် ကြံစည်သမျှကို သိသည်ဟု ဆို၏။ ငါသည်လည်း ခရီးပန်းနေ၍ ကျောင်းကို သုတ်သင် ရှင်းလင်းရန် လူတစ်ယောက်ကို စေလွှတ်လိုက်လျှင် ကောင်းလေစွ"ဟု တောင်းတလိုက်၏။ ဒါယိကာမကြီးကလည်း ရဟန်း၏တောင်းတမှုကို အိမ်မှပင် သိရှိကာ ကျောင်းကို သုတ်သင်ရှင်းလင်းရန် လူတစ်ယောက်ကို စေလွှတ်လိုက်လေသည်။

ထိုရဟန်းသည် သကာရေချော်ရည်ကို လည်းကောင်း၊ နူးညံ့သော အာဟာရကိုလည်းကောင်း၊ မိမိစိတ်အလိုကျသော ခဲဖွယ်ဘောဇဉ်ကို လည်းကောင်း တောင်းတ၏။ တောင်းတလေသမျှ ဒါယိကာမကြီးက အပို့ အလှူလွှတ်ပေး၏။ ထို့နောက် ထိုရဟန်းသည် မာတိကမာတာ ဒါယိကာမကြီးကို တွေ့မြင်လိုလာသဖြင့် ဆွမ်းဘောဇဉ်များ ယူဆောင်လာ ကျောင်းသို့ ဒါယိကာမကြီးကိုယ်တိုင် သွား၍ ဆက်ကပ်၏။ ဤတွင် ရဟန်းက "ဒါယိကာမကြီး၊ အသင်သည် သူတစ်ပါး၏ စိတ်အကြံကို သိပါသလော"ဟု မေး၏၊ ဒါယိကာမကြီးက သိပါ၏ ဟူ၍ တိုက်ရိုက် မပြောကြားလိုသဖြင့် "သာ၊ ရဟန်းမြတ်၊ သူတစ်ပါး၏ စိတ်အကြံကို သိသောသူတို့သည် ဤသို့ ပြုလုပ်ဆောင်ရွက်ကြပါကုန်၏"ဟု လျှောက်ထားလေသည်။

ဤတွင် ရဟန်းသည် "ပုထုဇဉ်တို့မည်သည် ထွေထွေရာရာ ကြံစည် တတ်ကုန်၏၊ ငါသည် မသင့်မလျော်ရာကို ကြံစည်မိလျှင် ဤဒါယိကာမကြီးသည် ခိုးသူကြီးကို ခိုးရာပါ ပစ္စည်းများနှင့်တကွ သျှောင်ဆွဲ၍ ဖမ်းလိုက်သကဲ့သို့ ငါ့ကို ဖရိုဖရဲ အရှက်တကွဲဖြစ်အောင် ပြုလေရာ၏" ဟု တွေးတောကာ ထိုရွာ ထိုကျောင်းမှ ဇွတ်တရွတ်ထွက်လာ၏။ ဘုရားရှင် ထံရောက်၍ ထိုအကြောင်းကို လျှောက်ထားသောအခါ ဘုရားရှင်က ထိုကျောင်းသို့ပင် ပြန်၍နေရန် မိန့်ကြားတော် မူပြီးလျှင် အောက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ရဟန်းသည် ထိုရွာ ထိုကျောင်းသို့ပြန်လာ၍ မာတိကမာတာ ဒါယိကာမကြီး၏ ပြုစုလုပ်ကျွေးမှုကို ခံယူလျက် တရားအားထုတ်လေရာ သုံးရက်မျှဖြင့် ရဟန္တာဖြစ်လေသည်။

ဒေသနာတော်

၃၆။ ။ အလွန်တရာ မြင်နိုင်ခဲထသော၊ အလွန်တရာ သိမ်မွေ့ထသော၊ အလိုရှိရာ အာရုံ၌ ကျရောက် ကျက်စားလေ့ရှိသော စိတ်ကို ပညာရှိသည် စောင့်ရှောက်ရာ၏။ စောင့်ရှောက်ထားအပ်သော စိတ်သည် ချမ်းသာသုခကို ဆောင်ရွက်၏။

## ရဟန်းတစ်ပါး (ငြီးငွေ့သူ)

ဇေတဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် သာသနာတော်၌ ငြီးငွေ့သော ရဟန်း တစ်ပါးကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

သာဝတ္ထိမြို့တော်မှ သေဌေးသား တစ်ယောက်သည် ဓါနကုသိုလ် အမျိုးမျိုးတို့ကို ဆည်းပူး ရှာဖွေ ပြီးလျှင် ထိုထက် ပိုလွန်၍ ကုသိုလ် ကောင်းမှုပြုလိုသေးသဖြင့် သာသနာတော်၌ ရဟန်းပြု၏။

ထိုရဟန်း၏ နိဿရည်းဆရာသည် အဘိဓမ္မာဆောင်ဖြစ်၍ ဥပဇ္ဈာယ် ဆရာမှာ ဝိနည်းဆောင်ဖြစ်၏။ နိဿရည်းဆရာသည် မိမိထံသို့ သေဌေး သား ရဟန်း ချဉ်းကပ်လာသောအခါ အဘိဓမ္မာ ဒေသနာတော်များ မှာဆာ ရှိသော ပြုအပ်သောအမှုနှင့် မပြုအပ်သောအမှုများကို ဟော ပြောဆုံးမ၏။ တစ်ဖန် ဥပဇ္ဈာယ်ဆရာထံသို့ ချဉ်းကပ်ရာတွင်လည်း ဝိနည်း တရားတော်မှာသာ ရှိသော ပြုအပ်သောအမှုနှင့် မပြုအပ်သောအမှုတို့ ကို ဟောပြောဆုံးမ၏။ ထိုအခါ သေဌေးသားရဟန်းသည် "ဪ.... ရဟန်းဘဝသည်ကား ဝန်လေးစွတကား။ ငါသည် ဆင်းရဲဒုက္ခမှ ကင်း လွတ်ရန် ရည်ဆန်၍ ရဟန်းပြုခဲ့၏။ ဤရဟန်းဘဝတွင်ကား လက်ဆန့် စရာ နေရာကို ရှာမရနိုင်ပြီ။ အိမ်မှာနေလျက် ကုသိုလ်ကောင်းမှု ပြုသော် ဆင်းရဲဒုက္ခမှ လွတ်ကင်းရန်စွမ်းနိုင်ပါလိမ့်မည်။ ငါ လူထွက်ရန် သင့်ပေ သည်"ဟု ကြံစည်တွေးတောလေသည်။

ထိုရဟန်းသည် သာသနာတော်၌ မပျော်ဘဲ နေရသဖြင့် ကမ္မဋ္ဌာန်း တာဝနာ တရားများ မပွားများတော့ပေ၊ အသားအရေ ပိန်ချုံး၍

အကြောပြိုင်းပြိုင်၊ ထလာ၏။ သန့်ရှင်း စင်ကြယ်အောင် ရေမချိုးဘဲ ပျင်းရိနေသဖြင့် တစ်ကိုယ်လုံးဝဲရောဂါ ကပ်ရောက်လေ၏။ ထိုရဟန်း၏ ဥပဇ္ဈာယ်ဆရာနှင့် နိဿရည်းဆရာတို့သည် ထိုရဟန်းကို ဘုရားရှင် ရှေ့တော်သို့ ပို့ဆောင်၍ အကျိုးအကြောင်းကို လျှောက်ထား၏။ ဤတွင် ဘုရားရှင်က ''ရဟန်း၊ သင်သည် စိတ်တစ်ခုတည်းကိုသာ စောင့်ရှောက်လေလော့၊ စိတ်တစ်ခုတည်းကိုသာ စောင့်ရှောက်လျှင် ကြွင်းကျန်သော အရာများကို စောင့်ရှောက်သဖွယ်သာ ရှိပြီ''ဟု မိန့်တော်မူပြီးလျှင် အဆက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ သေဌေးသားရဟန်းသည် သော်တာပန် ဖြစ်လေ၏။

ဒေသနာတော်

၃၇။ ။ အဝေးသို့သွားတတ်သော၊ တစ်ခုတည်း ကျက်စားတတ်သော၊ အထောင်အထည် မရှိသော၊ ဟဒယဝတ္ထုတည်း ဟူသော လိုဏ်ဂူ၌ နေသော စိတ်ကို အကြင်သူတို့သည် စောင့်စည်းကြကုန်၏။ ထိုသူတို့သည် မာရ်၏အနှောင်အဖွဲ့မှ လွတ်မြောက်ကြကုန်လတ္တံ့။

## သံဃရက္ခိတ ရဟန်းငယ်

ဇေတဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အရှင် သံဃရက္ခိတ၏တူ ရဟန်းငယ်ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

သာဝတ္ထိ မြို့တော်မှ သံဃရက္ခိတ မည်သော အမျိုးသား တစ်ယောက်သည် သာသနာတော်၌ ရဟန်းပြုကာ နှစ်ရက်သုံးရက်မျှဖြင့် အရဟတ္တဖိုလ်သို့ ရောက်ရှိ၏။ ထိုသံဃရက္ခိတမထေရ်၏ တူကိုလည်း 'သံဃရက္ခိတ'ဟုပင် သူ့မိခင်က မှည့်ခေါ်၏။ တူဖြစ်သူသည် အရွယ်ရောက်သောအခါ ဦးရီးတော် မထေရ်မြတ်ထံ၌ ရဟန်းပြုကာ မထင်ရှားသော ရွာကျောင်းတစ်ခု၌ ဝါကပ် နေထိုင်၏။ ထိုဝါကျွတ်သောအခါ ရဟန်းငယ်သည် ဝါဆိုလာဘ်နိုး အဖြစ်ဖြင့် ခုနစ်တောင် အဝတ်စ တစ်ထည်နှင့် ရှစ်တောင် အဝတ်စ တစ်ထည်တို့ကို ရရှိ၏။ ထိုနှစ်ထည်အနက် ခုနစ်တောင် အဝတ်စ တစ်ထည်ကို မိမိအတွက် ထားကာ ကျန်တစ်ထည်ကို ဦးရီးတော် မထေရ်ကြီးထံ ဆက်ကပ်ရန် ယူလာခဲ့လေသည်။

ဦးရိုးတော်၏ ကျောင်းသို့ ရောက်သောအခါ ဦးရိုးတော် မရှိသေးပေ။ ရွာထဲသို့ ဆွမ်းခံကြွနေ၏။ သို့ဖြစ်၍ တူရဟန်းသည် ဦးရိုးတော်၏ နေ့ခင်းနေ့လည် နေထိုင်ရာ ဌာနကို တံမြက်လှည်းခြင်း၊ ခြေဆေးရေ ထည့်ထားခြင်း၊ နေရာခင်းခြင်းတို့ကို ပြုပြီးလျှင် ဦးရိုးတော် လာမည့်လမ်းကို မျှော်ကြည့်နေ၏။ ဦးရိုးတော် လာသောအခါ ခရီးဦး ကြိုဆိုပြီးလျှင် ခင်းထားသော နေရာ၌ ထိုင်ပါရန် လျှောက်၏။ ဆောက်ရေ ဆက်ကပ်၏။ ခြေများကို ဆေးပေး၏။ ထို့နောက် ရှစ်တောင်အဝတ်စကို မဆေရ်၏ ခြေရင်း၌ ချထားပြီးလျှင် "အရှင်ဘုရား၊ ဤသင်္ကန်းစကို အသုံးပြုတော်မူပါ ဘုရား"ဟု လျှောက်ထားလေသည်။

ဦးရိုးတော် သံဃရက္ခိတ မထေရ်သည် မိမိမှာ သင်္ကန်း ပြည့်စုံနေပြီဟု ဆိုကာ ရဟန်း၏ ဆက်ကန်းစများကို လက်မခံပေ။ အကြိမ်ကြိမ် အဖန်ဖန် လျှောက်ထားသော်လည်း ဝယ်မြဲသာ ပယ်နေ၏။ ဤတွင် တူရဟန်းငယ်သည် "ငါသည် မထေရ်မြတ်၏ တူလည်းဖြစ်ခဲ့၏။ တပည့်ရင်းလည်းဖြစ်၏။ သို့ဖြစ်ပါလျက် ငါ၏ ဥပဇ္ဈာယ် ဆရာမြတ်သည် ငါလှူဒါန်းသော ပစ္စည်းကို မသုံးဆောင်လိုပါတကား။ ရဟန်းဘဝမှာ နေခြင်းဖြင့် ငါ့မှာ ဘာအကျိုး ရှိတော့မည်နည်း။ လူထွက်တော့အံ့"ဟု ကြံစည်မိလေသည်။

ထိုနောက်မှ ဆက်လက်၍ တွေးတောသည်မှာ "ငါသည် ရှစ်တောင်အဝတ်စကို ရောင်းချပြီး ဆိတ်မတစ်ကောင် ဝယ်မည်။ ဆိတ်မမှာ သားပေါက်မြန်၍ ဖြစ်၏။ ဆိတ်က သားကျလာသောအခါ ဆိတ်ငယ်ကလေးများကို အသားတိုးအောင် ကျွေးမွေးပြီး ရောင်းချမည်။ ရောင်းချ၍ ငွေတော်တော် စုမိသောအခါ မယားယူမည်၊ မယားက သားကလေး တစ်ယောက် မွေးလိမ့်မည်။ သားနှင့်မယားကို လှည်းနှင့်တင်ကာ ဦးရိုးတော် ကန်တော့ရန် လာကြမည်။ လမ်းတွင် ငါက "ငါ့သားကို ပေးစမ်းပါ၊ ငါ တစ်လှည့် ချီဦးမည်"ဆို၍ မယားထံမှ တောင်းယူမည်။ မယားကလည်း "သားကို မချီပါနှင့်၊ လှည်းကိုသာ မောင်းစမ်းပါ"ဟု ဆိုကာ သားကို ပြန်ယူလိမ့်မည်။ သားကလေးသည် မိခင်လက်မှ လွတ်ကျကာ လှည်းဘီးဖြင့် အကြိတ်ခံရပေလိမ့်မည်။ ထိုအခါ ငါသည် မယားကို ဆဲဆို ကြိမ်းမောင်းကာ သူ့ကျောပြင်ကို ကြိမ်တံပြားနှင့် ရိုက်လိုက်မည်။

ရဟန်းငယ်သည် ဤသို့ ကြံစည်ရင်း စိတ်နောက် ကိုယ်ပါ ဖြစ်ကာ မထေရ်၏ နဖူးကို ယပ်ဝန်းဖြင့် ရိုက်မိလေသည်။ မထေရ်သည် စျာန် အဘိ

ဉာဉ်ရှိ ပုဂ္ဂိုလ် ဖြစ်၍ "သံဃရက္ခိတ မည်သို့ ပြုလိုက်ပါလေသနည်း၊ သင်သည် သင့် ယာဉ်ကို မရိုက်နိုင်ပါဘဲလျက် ငါ့ဖနောင့်ကို အားဖြင့် ကြိမ်ဖြင့်တို့ ရိုက်ရပါသနည်း" ဟု ဆိုလိုက်၏။ ရဟန်းငယ်သည် ရှက်လည်းရှက်၊ ကြောက်လည်းကြောက်ကာ ထန်းရွက်ယပ်ကို ချ၍ပြေး၏။ ကျောင်းမှာ ရှိနေကြသော ရဟန်းငယ်နှင့် သာမဏေများက သံဃရက္ခိတ ရဟန်းငယ်ကို လိုက်၍ ဖမ်းဆီးကြပြီးလျှင် ဘုရားရှင်အထံသို့ ပို့ဆောင်ကြ၏။ ဤတွင် ဘုရားရှင်က "ရဟန်း၊ ဤသို့ မကြံစည်လင့်" စသည်ဖြင့် ဆုံးမတော်မူပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော် အဆုံး၌ သံဃရက္ခိတ ရဟန်းငယ်သည် သောတာပန် ဖြစ်လေ၏။

## ဒေသနာတော်

၃၈။ ။ မတည်တံ့သောစိတ် ရှိသော၊ သူတော်ကောင်း တရားကို မသိသော၊ ယုံကြည်မှု မခိုင်မြဲသောသူအား ပညာသည် မပြည့်စုံပေ။

၃၉။ ။ ရာဂဖြင့် မစိုစွတ်သော စိတ်ရှိသော၊ ဒေါသဖြင့် ထိပါးပုတ်ခတ်စိတ် မရှိသော၊ ကောင်းမှု မကောင်းမှုကို ပယ်ပြီးသော နိုးကြားသော ရဟန္တာ ပုဂ္ဂိုလ်အား ဘေးရန် မရှိယော့ပေ။

## အရှင် စိတ္တဟတ္ထ

ဇေတဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ခြောက်ကြိမ်တိုင်တိုင် လူထွက်၍ ခုနစ်ကြိမ် ရဟန်းပြုသော စိတ္တဟတ္ထ မထေရ်ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

သာဝတ္ထိ မြို့တော်မှ အမျိုးသားတစ်ယောက်သည် ပျောက်နေသော နွားကို တောမှာရှာ၍ တွေ့လာသဖြင့် မိမိ၏ နွားအုပ်ထဲတွင် လွှတ်ထားလိုက်၏။ ထိုအချိန်သည် မွန်းတည့်ချိန်ဖြစ်၍ ဆာလောင်လှသဖြင့် ရဟန်းကျောင်း တစ်ကျောင်းသို့ ဝင်သွားရာ ရဟန်းများက ဆွမ်းကျန် ဟင်းကျန်များကို ကျွေးမွေးကြ၏။ အမျိုးသားသည် စားကောင်း သောက်ဖွယ်များကို မြိန်ရှက်စွာ စားသောက်ပြီးလျှင် "ငါတို့သည် နေ့စဉ် လုံ့လကြီးစွာ ကြိုးစား၍ လုပ်ကိုင်ပါသော်လည်း ဤမျှလောက် ကောင်းသော ထမင်းနှင့် ဟင်းကို မရကြကုန်။ ဤရဟန်းတို့ကား ဤသို့သော စားကောင်း သောက်ဖွယ်တို့ကို နေ့စဉ် စားသောက်၍ နေကြကုန်၏။ လူ

ဘဝမှာ နေသဖြင့် ငါ့မှာ ဘာအကျိုး ရှိမည်နည်း။ ရဟန်းပြုတော့အံ့" ဟု ကြံစည်ကာ ရဟန်းများထံတွင် ရဟန်းပြုခွင့် တောင်း၏၊ ရဟန်းများကလည်း သူ့ကို ရဟန်းပြုပေးကြလေသည်။

ထိုရဟန်းသည် ဘုရားရှင်၏ ဂုဏ်ကျေးဇူးကို ရည်စူး၍ လေ့ငင်းလှူသော ဆွမ်းဘောဇဉ်များကို အလျှံပယ် စားသောက်ရသဖြင့် နှစ်ရက်သုံးရက်ဖြင့်ပင် အသားအရည် ဝဖြိုးလာ၏။ ထို့နောက် နေ့စဉ်နေ့တိုင်း ဆွမ်းခံ ထွက်နေရသည်ကို ငြီးငွေ့သဖြင့် လူထွက်လိုက်၏။ လူထွက်ပြီးနောက် နှစ်ရက်သုံးရက်မျှ အလုပ်ကြမ်း လုပ်ရ၍ ကိုယ်ခန္ဓာ ပိန်ချုံးသွားသောအခါ လူ့ဘောင်ကို ငြီးငွေ့၍ ရဟန်းပြုပြန်၏။ ထိုသူမှာ ရဟန်းဘဝနှင့် ရှိစဉ်တုန်းက အခြား ရဟန်းတို့အား ဝတ်ကြီးဝတ်ငယ် ပြုစုပေးခဲ့အဖြစ်၍ သူ့ကျေးဇူးကို ထောက်ထားကာ ရဟန်းများက သူ့ကို စိတ်ရှည် လက်ရှည် ရဟန်းပြုပေးကြ၏။ သို့သော်လည်း သူသည် ဤတစ်ကြိမ်မှာလည်း နှစ်ရက် သုံးရက်ဖြင့်ပင် လူထွက်သွားပြန်၏။ ဤသို့ဖြင့် ခြောက်ကြိမ်တိုင်တိုင် ရဟန်းပြု၍ ခြောက်ကြိမ်တိုင်တိုင်ပင် လူထွက်သွားလေရာ စိတ်အလိုရှိတိုင်း သွားလာတတ်သူ ဟူသော ဗျုပ္ပတ်ဖြင့် သူ့ကို "စိတ္တဟတ္ထ" ဟု ရဟန်းများက အမည်ပေးကြရလေသည်။

စိတ္တဟတ္ထ အမျိုးသား ကျောင်းနှင့်အိမ်၊ အိမ်နှင့်ကျောင်း ကူးသန်းနေစဉ်မှာပင် သူ့မယားမှာ ကိုယ်ဝန်ရှိလာ၏။ သူသည် လူ့ဘဝ၌ ငြီးငွေ့ပြန်ကာ ခုနစ်ကြိမ်မြောက် ရဟန်းပြုလိုလာသဖြင့် သင်္ကန်းယူရန် အိပ်ခန်းတွင်းသို့ ဝင်လိုက်၏။ ထိုအခိုက်တွင် မယားဖြစ်သူသည် အိပ်ခန်းထဲ၌ ဝတ်လစ်စားလစ် အိပ်ပျော်နေ၏။ ပါးစပ်မှ အာပုပ်ရည်များ ယိုကျနေ၏။ နှာခေါင်းမှလည်း တခူးခူး မြည်နေ၏။ နှုတ်ခမ်းများပွင့်ကာ သွားကြီးတီးလျက် ရှိ၏။ စိတ္တဟတ္ထသည် မယားကို ကြည့်ရင်း ဖူးဖူးရောင်နေသော သူသေကောင်ကြီးကဲ့သို့ ထင်မြင်လာကာ "ငါသည်ကား ရဟန်းပြုခဲ့ပါလျက် ဤမိန်းမကို သုံးယောဇဉ် တွယ်ငြိကာ ဤမျှလောက် ကြာအောင် ရဟန်းဘဝ၌ တည်တည်တံ့တံ့ မနေနိုင်ခဲ့ပါအကား"ဟု သံဝေဂ ဖြစ်မိလေသည်။

သင်္ကန်းကို ရင်မှာပိုက်၍ စိတ္တဟတ္ထ အိမ်မှ ထွက်သွားသောအခါ အိမ်ချင်းကပ်လျက်နေသော ယောက္ခမကြီးက သမီးကိုရိုက်နှက်၍ နိုးပြီးလျှင် "ဟယ်....အယုတ်တမာမ၊ ထစမ်းလော့။ နင့်လင်သည် နင်အိပ်နေပုံကိုမြင်၍ စိတ်ပျက်သွားချေပြီ။ နင့်ကို ဤအချိန်မှစ၍ ပေါင်းသင်းခြင်း မပြုတော့ပြီ

တကား''ဟုဆိုပြည်၏။ သမီးဖြစ်သူက ''မိခင်၊ သူဆည်မည်မျှကြာအောင် သွားနိုင်မည်နည်း။ နှစ်ရက်သုံးရက်ကြာလျှင် ပြန်လာလိမ့်မည်''ဟုပြောဆို၏။ ထိုစဥ်ဘွင် စိတ္တဟတ္ထသည် မိမိကိုယ်ခန္ဓာကြီး၏မပြပုံ၊ ဆင်းရဲပုံတို့ကို ရွတ်ဆိုရင်း ပွဲစားများသွားလေရာ လမ်းမှာပင် သေစတုပတ္တိဖိုလ်သို့ ရောက်ရှိ၏။ သူသည် ကျောင်းသို့ ရောက်အောင် သွားပြီးလျှင် ရဟန်းများထံ ရဟန်းပြုပေးပါရန် လျှောက်ထား၏။ ရဟန်းများက ''ငါတို့သည် သင့်ကို ရဟန်းပြုပေးရန် မတတ်နိုင်ကြကုန်။ သင်၏ ရဟန်းအဖြစ်သည် မည်သို့ ပါနည်း။ ထင်၏ဦးခေါင်းကစားဓားသွေးကျောက်နှင့် တူလေစွ တကား'' ဟုဆိုကြ၏။ ဝိတ္တဟတ္ထက်လည်း ''အရှင်ဘုရားတို့၊ ထပည့်တော်အား ဤတစ်ကြိမ်သာရဟန်းပြု၍ပေးတော်မူကြပါ''ဟုတိုးလျှိုးတောင်းပန်ရ၏။ ရဟန်းများကလည်း သူ၏ ကျေးဇူးတရားများကို ထောက်ထားကာရဟန်းပြုပေးလိုက်ကြ၏။ ဤတစ်ကြိမ်တွင်ကား အရှင်စိတ္တဟတ္ထ ဟူသော ဘွဲ့အမည်ဖြင့် သာသနာ့ဘောင်မှာ တည်မြဲသွားပေပြီ။ နှစ်ရက် သုံးရက် အကြာတွင် အရှင်စိတ္တဟတ္ထသည် ရဟန္တာဖြစ်သွားလေသည်။

ဤအဖြစ်ကို မသိဆေးသော ရဟန်းများက ''ငါ့ရှင် စိတ္တဟတ္ထ၊ သင့်အိမ်သို့ ရက်မကြာခင်ပြန်သွားနေကျဖြစ်ပါလျက် ဤတစ်ကြိမ်မှာ ကြာမြင့်လေစွတကား''ဟု ဆိုကြ၏။

အရှင်စိတ္တဟတ္ထက ''အရှင်ဘုရားတို့၊ မယားနှင့် ပေါင်းဆင်း ဆက်ဆံလိုသောအခါတုန်းက ပြန်သွားခဲ့ပါ၏။ ထိုစိတ်သည်တပည့်တော်၏ သန္တာန်၌ ကင်းပြတ်သွားပါပြီ။ နေစက်ထပ်တစ်ဖန် ပြန်သွားရန် မလိုတော့ပါပြီ'' ဟူ၍ လျှောက်ထား၏။ ဤအသုံးအနှုန်းမှာ ရဟန္တာပုဂ္ဂိုလ်တို့၏ အသုံးအနှုန်းဖြစ်နေ၍ မယုံကြည်နိုင်သော ရဟန်းများက ဘုရားရှင်ထံလျှောက်ထားကြ၏။ ဘုရားရှင်က အရှင်စိတ္တဟတ္ထ၏ စကားကို မှန်ကန်ကြောင်း ထောက်ခံတော်မူပြီးလျှင် အထက်ပါဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ဒေသနာတော်

၄၀။ ဤကိုယ်ခန္ဓာကို အိုးနှင့်တူ၏ ဟု သိ၍ ဤစိတ်ကို မြို့နှင့်တူ၏ဟု ဥာဏ်၌ သက်ဝင်စေလျက် ပညာလက်နက်ဖြင့် ကိလေသာမာရ်ကို တိုက်ဖျက်ရာ၏။ တိုက်ဖျက်၍ အောင်မြင်သော တရားကိုလည်း ကပ်ငြိတွယ်တာခြင်း မရှိဘဲ စောင့်ရှောက်ထားရာ၏။

စတုတ္ထအကြိမ်

# ရဟန်းငါးရာ (မေတ္တသုတ်ရွတ်သူများ)

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် တောစောင့်နတ်တို့၏ ခြောက်လှန့်ခြင်းကို ခံခဲ့ကြရသော တောနေ ရဟန်းငါးရာတို့ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

သာဝတ္ထိမြို့တော်မှ ရဟန်းငါးရာတို့သည် ဘုရားရှင် ထံတော်မှ ကမ္မဋ္ဌာန်းတောင်းပြီးလျှင် ယူဇနာတစ်ရာဝေးသော မဟာဝါသရွာကြီးသို့ လာခဲ့ကြကုန်၏။ ရွာသူရွာသားတို့က တောင်းပန်ကြသဖြင့် ထိုရွာကြီး၏ အနီးရှိ တောအုပ်တစ်ခုထဲတွင် သီတင်းသုံးကြကုန်၏။ ထိုတောအုပ်မှာ ရှိနေကြသော ရုက္ခစိုးနတ်တို့သည် "သီလရှိသောအရှင်မြတ်တို့သည် ဤတောအုပ်ကို ခရီးကြုံသဖြင့် ရောက်လာကြကုန်၏။ ဤတောအုပ်၌ ယနေ့တစ်ညမျှသာနေကြ၍နက်ဖြန်နံနက်တွင်ကော်နီမှုချ ပြန်၍ ကြွသွားကြပေလိမ့်မည်။ အရှင်မြတ်တို့ ရှိနေခိုက်တွင် ငါတို့သည် သစ်ပင်ထက်မှာ နေထိုင်ရန်မသင့်လျော်ပေ" ဟု စည်းဝေးတိုင်ပင်ကြပြီးလျှင် သားမယားနှင့်တကွ မြေပေါ်သို့ ဆင်း၍ နေကြလေသည်။

ရဟန်းတို့သည် နောက်တစ်နေ့၌ မဟာဝါသရွာသို့ ဆွမ်းခံဝင်ကြပြီးလျှင် ထိုတောအုပ်သို့ပင်ပြန်လာကြ၏။ ရုက္ခစိုးနတ်တို့က "နက်ဖြန်အတွက် တစ်စုံတစ်ယောက်ကပင့်ဖိတ်ထား၍ဖြစ်ပေလိမ့်မည်။ ယနေ့ မကြွဖြစ်ကြသေးဘဲ နက်ဖြန်ကျမှ ပြန်ကြွကြပေလိမ့်မည်ဟုတွေးတောကြ၏။ ဤသို့ဖြင့် ဆယ့်ငါးရက်ကြာမျှ မြေပေါ်မှာနေကြရ၏။ ထို့နောက် အရှင်မြတ်တို့သည် ဤတောအုပ်မှာပင် ဝါဆိုမည့်အကြောင်းကို သိကြရ၏။ ဤတွင် ရုက္ခစိုးနတ်တို့သည် သစ်ပင်ပေါ်သို့လည်းတက်မနေရဲ။ မြေပြင်ပေါ်မှာလည်းသုံးလလုံးလုံး သားမယားများနှင့်တကွ မနေနိုင်။ သို့ဖြစ်၍ရဟန်းများကြောက်လန့်၍ ပြန်ပြေးကြစေရန် ရဟန်းတို့သီတင်းသုံးသောနေရာများ၌ ဦးခေါင်းပြတ်ကြီးများနှင့် ကိုယ်တစ်ပိုင်းပြတ်ပုံသဏ္ဌာန်များကိုပြကြကုန်၏။ ကြောက်မက်ဖွယ်သောဘီလူးသံကြီးများကို ပြုကြကုန်၏။ ရဟန်းများမှာ ထိုအာရုံများကြောင့် စိတ်နှလုံး ချောက်ချား၍ အဖျားအနာ ထူပြောလာကြရ၏။ ဤအရပ်ကား မနေအပ်သောအရပ်တည်းဟု နှလုံးပိုက်ကာ ဘုရားရှင်ထံသို့ ပြန်လာကြလေသည်။

စတုတ္ထအကြိမ်

ဘုရားရှင်က "ရဟန်းတို့၊ ထိုအရပ်သို့သွားလျှင် သင်တို့သွားသင့်၏။ သင်တို့သည်ထိုတောအုပ်ကိုမကြောက်ကြကုန်သင့်။ သင်တို့အား ငါဘုရားက မေတ္တာသုတ် ဟူသော လက်နက်ကို ပေးလိုက်မည်။ ဤမေတ္တာ သုတ်ကို တောအုပ်သို့ဝင်သည်မှစ၍ ရွတ်ဖတ်သရဇ္ဈာယ်၍သွားကြကုန်" ဟု မိန့် ဆော်မူကာ "ကရဏီယမေတ္တကုသလေန" စသော မေတ္တာသုတ်ကို ဟောကြားတော်မူ၏။ ရဟန်းတို့ကလည်း၊ ဘုရားရှင် မိန့်တော်မူသည့်အတိုင်း လိုက်နာ ဆောင်ရွက်ကြလေသည်။

မေတ္တာသုတ်၏ အာနုဘော်ကြောင့် ရုက္ခစိုးတို့သည် မေတ္တာသက် ဝင်လာကြကာ ရဟန်းများကို ခရီးဦးကြိုဆိုကြကုန်၏။ သပိတ်၊ သင်္ကန်းကို လှမ်းယူကြကုန်၏၊ ခြေဆုပ်လက်နှယ်ပြုကြကုန်၏၊ အစောင့်အရှောက်ပေး ကြကုန်၏။ ကြောက်မက်ဖွယ်ရာ အာရုံများကင်းရှင်းသွားသဖြင့် ရဟန်းတို့ သည်စိတ်နှလုံး တည်ငြိမ်စွာ ဝိပဿနာပွားကြကုန်လျက် ဤကိုယ်ခန္ဓာသည် ကားပျက်စီးအတ်သောသဘော အမြဲမတည်သောသဘောကြောင့် အိုးခွက် အစိမ်းနှင့် တူ၏ ဟူ၍ နှလုံးသွင်းကြကုန်၏။ ဤတွင် ဘုရားရှင်က ရဟန်း များရှိရာသို့ ရောင်ခြည်တော်ခြောက်သွယ်ကိုလွှတ်တော်မူပြီးလျှင် ထိုရဟန်း များရှေ့မှောက်သို့ ကြွရောက်ဟောမူသကဲ့သို့ တန်ခိုး ဖန်ဆင်းကာ အထက် ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ ရဟန်းငါးရာတို့သည်ရဟန္တာဖြစ်ကြလေကုန်၏။

ဒေသနာတော်

၄၁။ ဤကိုယ်ခန္ဓာသည် စိတ်ဝိညာဉ် ကင်းသွားခဲ့သော် အသုံးမကျသော ထင်းတုံးကဲ့သို့ စွန့်ပစ်အပ်သည်ဖြစ်၍ မကြာမီမြေပေါ်၌ အိပ်ရပေ လိမ့်မည်တကား။

## အရှင်တိဿ (ကိုယ်ပုပ်သူ)

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ကိုယ်ခန္ဓာတစ် ခုလုံးပုပ်နေသော တိဿမထေရ်ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

သာဝတ္ထိမြို့တော်မှ 'တိဿ' ဟူသော အမျိုးသား၊ တစ်ယောက်သည် သာသနာတော်၌ ရဟန်းပြုကာ ရဟန်းတရား ကြိုးစား အားထုတ်နေ၏။ ထိုမထေရ်သည် ကဿပဘုရားရှင်လက်ထက်တော်၌ ငှက်မုဆိုးဖြစ်ကာ ငှက်

မျှစးစုခကို ဖမ်းဆီးသတ်ဖြတ်၍ ပြည့်ရှင်မင်းအား ခစားလုပ်ကျွေး၏။ မင်းတို့ထံ ဆက်သ၍ ကြွင်းကျန်သည်ကို ရောင်း၏။ ရောင်း၍ ကျန်သော ငှက်တို့ကို မသတ်သေးဘဲ မပျံနိုင်ရုံမျှ အတောင်ပံများ၊ ခြေထောက်များကို ချိုး၍ထား၏။ တစ်နေ့သ၌ သူသည် အရသာကောင်းသောအမဲး တင်းများချက်နေစဉ် ဆွမ်းခံဝင်လာသော ရဟန္တာအရှင်မြတ်အား ကြည်ညိုလှသဖြင့် ချက်ထားသော ဆွမ်းနှင့် ဆွမ်းဟင်းများကို လောင်းလှူကာ အရှင်မြတ်ရရှိထားသော တရား၏ အထွတ်အထိပ်သို့ ရောက်ရပါလို၏ဟု ဆုတောင်းခဲ့လေသည်။

ထိုဘဝမှ မကောင်းမှု အကုသိုလ်ကံများကြောင့် အရှင်တိဿသည် ဤဘဝတွင် တစ်ကိုယ်လုံး အနာများပေါက်ရ၏၊ အနာများသည် တဖြည်းဖြည်း ကြီးထွားလာကာ သွေးပြည်များစိုရွှဲလျက်ရှိနေ၏။ အနာမှ တစ်ဆင့် အရိုးများပါ ကျိုးကုန်သဖြင့် မိမိကိုယ်ကို ဆန့်ရှင်းမှုပြုရန် မတတ်နိုင်တော့ပေ။ အခြား သီတင်းသုံးဖော်များမှာလည်း ပြုစုရန် မတတ်နိုင်ပေ။ သို့ဖြစ်၍ တိဿမထေရ်မှာ သွေးပြည်အလိမ်းလိမ်းဖြင့် တုံးလုံး ပက်လက်သာ နေရလေတော့သည်။

ဘုရားရှင်သည် သဗ္ဗညုတဉာဏ်တော်ဖြင့် အရှင်တိဿကို ရှုမြင်တော်မူပြီးလျှင် မီးတင်းကုပ်သို့ဝင်၍ ကိုယ်တော်တိုင်ရေနွေးအိုးတည်တော်မူကာ တစ်ကိုယ်လုံးပုပ်နေသော အရှင်တိဿရှိရာသို့ ကိုယ်တော်တိုင် ကြွ၍ ပြုစုတော်မူ၏။ ရဟန်းများကလည်း ဝိုင်းဝန်း၍ ပြုစုလာကြ၏။ ဘုရားရှင် ကျိုတော်မူထားခဲ့သော ရေနွေးဖြင့် အရှင်တိဿ၏ သင်္ကန်းများကို သွေးပြည်များ စင်သွားအောင် ဆေးကြောဖွပ်လျှော်ပေးကြ၏။ မထေရ်၏ကိုယ်ကို ဘုရားရှင်ကိုယ်တော်တိုင် ရေနွေးဖြင့် ရေချိုးပေးတော်မူ၏။ ကိုယ်ပေါ်မှ ရေများခြောက်သွေ့သွား၍ လှန်းထားသော သင်္ကန်းများပါ ခြောက်သွေ့သွားသောအခါ မထေရ်ကို ပြန်၍ ဝတ်ပေးကြ၏။ အရှင်တိဿသည် စိတ်နှလုံးပေါ့ပါးစွာ၊ တည်ကြည်စွာဖြင့် ညောင်စောင်းပေါ်မှာ လျောင်းစက်နေ၏။ ထိုစဉ်ခိုက်မှာပင် ဘုရားရှင်က အထက်ပါဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ အရှင်တိဿသည် ရဟန္တာဖြစ်ကာ ထိုနေရာမှာပင် ပရိနိဗ္ဗာန်ပြုလေ၏။ ဘုရားရှင်က အရှင်တိဿ၏ ရုပ်ကလာပ်ကို ဖုံးတိကြည်း သင်္ဂြိုဟ်စေပြီးလျှင် အရိုးစုများကို စေတီတည်ထားရန် မိန့်ကြားတော်မူလေ၏။

ဒေသနာတော်

၄၂။ ။ ခိုးသူတစ်ယောက်သည် ခိုးသူတစ်ယောက်ကို မြင်၍ ပျက်စီးအောင် ပြုရာ၏။ ရန်သူတစ်ယောက်သည် ရန်သူတစ်ယောက်ကို မြင်၍ ပျက်စီးအောင်ပြုရာ၏။ မကောင်းသဖြင့် ထားအပ်သောစိတ်သည်ကား ထိုစိတ်ဖြစ်ပွားသောသူကို ထို့ထက်ပင် ယုတ်ညံ့အောင် ပြုပေသည်။

## နန္ဒနွားကျောင်းသား

ဇေတဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် နန္ဒနွားကျောင်းသားကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

သာဝတ္ထိမြို့တော်မှ နန္ဒမည်သော အမျိုးသား တစ်ယောက်သည် မိမိမှာ ဥစ္စာများစွာ ကြွယ်ဝချမ်းသာပြီး ဖြစ်သော်လည်း အခွန်အတုတ်ပေးလိုသဖြင့် အနာထပိဏ်သေဋ္ဌေးကြီး၏ နွားကျောင်းသား အဖြစ်ဖြင့် လုပ်ကိုင်နေထိုင်လျက်ရှိ၏။ နန္ဒသည် နွားနို့မှရသော အရသာ ငါးမျိုးကို ယူဆောင်၍ အနာထပိဏ် သေဋ္ဌေးကြီးထံသို့ သွားကာ ဘုရားရှင်ကို ဖူးမြင်၏။ တရားတော်ကို ကြားနာ၏။ မိမိနေအိမ်သို့ ကြွတော်မူပါရန် ဘုရားရှင်ကို ပင့်လျှောက်၏။ ဘုရားရှင်သည် နန္ဒ၏ဉာဏ် မရင့်ကျက်သေးသဖြင့် ကြွတော်မမူသေးဘဲ အချိန်စောင့်တော်မူကာ နန္ဒ၏ ဉာဏ်ရင့်ကျက်လာခါမှ ကြွတော်မူ၏။ နန္ဒသည် ဘုရားနှင့်တကွ နောက်ပါ သံဃာတော်များအား ခုနစ်ရက်တိုင်တိုင် မွန်မြတ်လှသော နွားနို့ အရသာ ငါးမျိုးဖြင့် ဆက်ကပ်လုပ်ကျွေး၏။ ခုနစ်ရက်မြောက်သောနေ့၌ ဘုရားရှင်က ဆွမ်းအနုမောဒနာ တရားဟော ကြားတော်မူလေရာ နန္ဒ နွားကျောင်းသားသည် သောတာပန် ဖြစ်လေသည်။

နန္ဒနွားကျောင်းသားသည် ဘုရားရှင်၏ သပိတ်တော်ကို ထမ်းကာ အပြန်တွင် လိုက်ပို့၏။ "ဒါယကာ၊ နေရစ်ဦးလော့"ဟု တားမြစ်တော်မူခါမှ နေရစ်၏။ ထိုစဉ်တွင် မုဆိုးတစ်ယောက်သည် နန္ဒနွားကျောင်းသားကို အဝေးမှ ပစ်ခတ်၍ သတ်ဖြတ်လိုက်၏။ နောက်မှ လိုက်လာသော ရဟန်းတို့သည် ထိုအခြင်းအရာကိုမြင်လျှင် ဘုရားရှင်ထံ မီအောင် လိုက်ကြပြီးလျှင် "အရှင်ဘုရား၊ နန္ဒ နွားကျောင်းသားသည် ဘုရားရှင်ကို လိုက်ပို့ရာမှ အပြန်တွင် မုဆိုးတစ်ယောက်က အဝေးမှ ပစ်ခတ်သဖြင့် သေဆုံးပါသည်။ အကယ်၍ ဘုရားရှင်သာ မကြွလာခြင်းအံ့။

နန္ဒသွားကျောင်းသားအဖို့ ဆေးဆိုးရန် အကြောင်းရှိမည် မထင်ပါ" ဟု လျှောက်ထားကြ၏။ ဤတွင် ဘုရားရှင်က "ရဟန်းတို့။ ငါဘုရား ကြွလာသည်ဖြစ်စေ၊ မကြွလာသည်ဖြစ်စေ နန္ဒအဖို့ သေဘေးမှ လွတ်ရန် အကြောင်းမရှိပေ။ သူ၏ မကောင်းသော ဖြစ်ရပ်သည် သူ၏ စိတ်ဖြင့် ပြစ်မှားကျူးလွန်ခဲ့သော မကောင်းမှု၏ အကျိုးတရားသာတည်း" ဟု မိန့်တော်မူကာ အထက်ပါ ဒေသနာတော်ကို ဟောကြားတော် မူလေသည်။

ဒေသနာတော်

၄၃။ ။ လူ နတ် နိဗ္ဗာန်သုံးတန်သော ထိုချမ်းသာကို အမိသည်လည်း ပြုမပေးနိုင်။ အဖသည်လည်း ပြုမပေးနိုင်။ ဆွေမျိုးတို့သည်လည်း ပြုမပေးနိုင်ပေ။ ထိုသို့သောချမ်းသာကို ကောင်းစွာထားအပ်သော စိတ်သည်သာလျှင် တိုမိဘ ဆွေမျိုးတို့ထက် တစ်ဆင့်ထက်တစ်ဆင့် မြင့်မြတ်အောင် ပြုပေးနိုင်ပေသည်။

## အရှင်သောရေယျ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် တစ်ဘဝတည်း၌ ယောကျ်ား မိန်းမ နှစ်ဘဝ ပြောင်းခဲ့ရသော အရှင်သော ရေယျကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဘုရားရှင်ဟောကြားတော်မူလေသည်။

သောရေယျမြို့မှ သောရေယျ သေဋ္ဌေးသားသည် မိတ်ဆွေ သေဋ္ဌေးသား တစ်ယောက်နှင့်အတူ လှည်းယာဉ်ငယ် စီး၍ အခြွေအရံ များနှင့်တကွ ရေချိုးကစားရန် မြို့မှထွက်သွား၏။ ထိုစဉ် အခိုက်မှာ၌ အရှင်မဟာကစ္စည်းသည် သောရေယျမြို့သို့ ဆွမ်းခံဝင်ရန် မြို့ပြင်၌ သင်္ကန်း ရုံနေ၏။ သောရေယျ သေဋ္ဌေးသားသည် ရဟန္တာအရှင်မြတ်၏ ရွှေ အဆင်းကဲ့သို့ ဝါဝင်းသော အသားရောင်ကို ဖူးမြင် ရသော အခါ "သြော်၊ ဤမထေရ်သည် ငါ၏ မယားဖြစ်ပါမူ ကောင်းလေစွ။ ငါ၏ မယားသည်လည်း ဤမထေရ်ကဲ့သို့ ဖြစ်ပါမူ ကောင်းပေစွ" ဟု စိတ်အား ဖြင့် ပြစ်မှားကြံစည်မိ၏။ ထိုသို့ ကြံစည်ကာမျှဖြင့်ပင်လျှင် ထိုသေဋ္ဌေး သား၏ ယောကျ်ားအသွင်အပြင် ပျောက်သွားကာ မိန်းမ၏ အသွင် အပြင်များ ရောက်လာ၏။ တစ်ခဏချင်းမှာပင် ယောကျ်ားဘဝမှ မိန်းမ ဘဝသို့ ပြောင်းလာ၏။ ထိုအမျိုးသမီးသည် ရှက်လွန်းလှသဖြင့် လှည်း

ပေါ်မှ ဆင်းပြေး၏။ ပါလာသော အဖော်များမှာလည်း ဖြစ်ရပ်အမှန်ကို မသိကြ၍ တပ်အပ်သေချာ မပြောနိုင်ကြကုန်။ သူ၏ မိဘများမှာကား တငိုးတငိုကြွေးကာ သူသေပြီထင်၍ ဆွမ်းသွတ်လိုက်ကြလေသည်။

ထိုမိန်းမသည် လွတ်ဆကျွတ်ရာ ထွက်လာခဲ့ပြီးနောက် တက္ကသိုလ်မြို့သို့ သွားသော လှည်းတစ်စီးတွင် လက်စွပ်တစ်ကွင်းပေး၍ ခွင့်ပန်ကာ လိုက်ပါလာ၏။ လှည်းသမားတို့က ပို့ဆောင်ပေးသဖြင့် တက္ကသိုလ်မှ သေဋ္ဌေးသား တစ်ယောက်ထံ ရောက်လာရ၏။ ထိုသေဋ္ဌေးသားမှာ မယားမရှိသေးသဖြင့် သောရေယျကို မြင်လေလျှင် ချစ်ခင် မြတ်နိုးစိတ်ဖြင့် မယားအဖြစ် သိမ်းပိုက်၍ ပေါင်းသင်းလေသည်။

ဤသို့ဖြင့် သောရေယျ အမျိုးသမီးသည် တက္ကသိုလ် သေဋ္ဌေးသားနှင့် ပေါင်းကာ သားနှစ်ယောက် ရှိလာ၏။ သောရေယျမြို့၌လည်း သောရေယျကို အစွဲပြု၍ ဖွားမြင်ပြီးသော သားနှစ်ယောက် ရှိ၏။ ထို့ကြောင့် သောရေယျ၌ သားလေးယောက် ရှိချေပြီ။ ထိုအခါတွင် သောရေယျမြို့မှ သူငယ်ချင်း သေဋ္ဌေးသားသည် တက္ကသိုလ်မြို့သို့ လှည်းနှင့် လာလေရာ သောရေယျ အမျိုးသမီးက လသာပြတင်းမှ လှမ်းမြင်သဖြင့် သူငယ်ချင်း သေဋ္ဌေးသားကို အိမ်သို့ ခေါ်ယူကာ ဖြစ်ကြောင်းကုန်စင်ကို ပြောပြ၏။ ဤတွင် သူငယ်ချင်း သေဋ္ဌေးသားက "သြော်၊ ရှင်မ၏ အမှုကား ဝန်လေးလေစွ၊ အဘယ်ကြောင့် ကျွန်ုပ်အား စောစောက မပြောခဲ့ပါသနည်း၊ မထေရ်မြတ်ကို ကန်တော့ပြီးပြီလော" ဟု မေး၏။ "မကန်တော့ရသေးပါ၊ ထိုမထေရ်မြတ်သည် ယခု ဘယ်မှာ ရှိပါသနည်း" ဟု အမျိုးသမီးက ပြန်၍မေး၏။ သူငယ်ချင်း သေဋ္ဌေးသားက "ဤတက္ကသိုလ်မှာပင် ဆွမ်းခံ၍ သီတင်းသုံးနေသည်" ဟု ဖြေကြား၏။ ထို့ကြောင့် မထေရ်မြတ်အတွက် ကန်တော့ပွဲများ ပြင်ဆင်ပြီးလျှင် မထေရ်ထံ ဝင်ရောက်၍ ဖြစ်ကြောင်းကုန်စင် တင်လျှောက်ပြီးလျှင် အိမ်သို့ ပင့်လာခဲ့၏။ အိမ်သို့ ရောက်လာသောအခါ အမျိုးသမီးအား မထေရ်မြတ်၏ ခြေရင်းမှာ ဝပ်စင်းစေပြီးလျှင် "အရှင်ဘုရား၊ တပည့်တော်၏ သူငယ်ချင်းအား သည်းခံတော်မူပါ" ဟု လျှောက်၏။ အရှင် မဟာကစ္စည်း မထေရ်မြတ်က "အင်းတို့အား ငါ သည်းခံ၏" ဟု မိန့်ကြား၏။ ထိုသို့ မိန့်ကြားသည်နှင့် တစ်ပြိုင်နက် သောရေယျ အမျိုးသမီးသည် ယခင်ကအတိုင်း ယောကျ်ားဘဝသို့ ပြန်ရောက်သွားလေသည်။

သောရေယျ သေဋ္ဌေးသားကို တက္ကသိုလ် သေဋ္ဌေးသားက အိမ်

မှာပင် ပျော်ပျော်ရွှင်ရွှင် နေပါရန် ပန်ကြား၏။ သို့ရာတွင် သောရေယျ သေဌေးသားသည် အိမ်မှာ မပျော်မွေ့တော့ချေ။ "ကျွန်ုပ်သည် တစ်ဘဝအည်းမှာပင် ဖောက်ဖောက်ပြန်ပြန် ဖြစ်လွန်းလှ၏၊ ကျွန်ုပ်သည် အရှင်မြတ်ထံ၌ ရဟန်းပြုပါအံ့။ ဤကလေး နှစ်ယောက်ကိုသာ တာဝန်ယူ၍ ကျွေးမွေး ပြုစုပါလော့"ဟု မှာကြားကာ သားကလေးများကို နဖူး၌ နမ်းရှုပ် ဆုပ်နယ်၍ ရင်ခွင်မှာ ပွေ့ပိုက်ပြီးလျှင် ဖခင်လက်ထဲသို့ ထည့်လိုက်၏၊ ထို့နောက် အရှင်မဟာကစ္စည်း မထေရ်မြတ်ထံတွင် ရဟန်းဘဝကို ရယူလေသည်။

အရှင်မဟာကစ္စည်း မထေရ်မြတ်သည် သောရေယျ ရဟန်းကို နောက်ပါ ခေါ်ယူ၍ သာဝတ္ထိ မြို့တော်သို့ ရောက်လာလေရာ အနီး ဝန်းကျင်မှ ရွာသူရွာသားများသည် အုတ်အုတ်ကျက်ကျက် ဖြစ်လာကြ၏။ သောရေယျ ရဟန်းထံသို့ သူ့ထက်ငါ ဝင်ရောက်ကာ "အရှင်ဘုရား၊ အရှင်ဘုရား၏ ဝမ်းနှင့်လွယ်၍ ဖွားမြင်ခဲ့သော သားနှစ်ယောက်နှင့် အရှင်ဘုရားကို အစွဲပြု၍ မွေးဖွားခဲ့သော သားနှစ်ယောက်တို့အနက် မည်သည့်သားကို ပို၍ ချစ်ပါသနည်း"ဟု မေးမြန်းကြ၏။ "ဒါယကာတို့၊ ဝမ်းနှင့်လွယ်ခဲ့ရသော သားများကို ပို၍ ချစ်ပါသည်"ဟူ၍ သောရေယျ ရဟန်းက ဖြေကြားလေသည်။

ဤသို့ချည်း ခဏခဏ ဖြေကြားရဖန်များသောအခါ သောရေယျ ရဟန်းသည် ရှက်လာသဖြင့် လူသူအတွေ့မခံဘဲနေ၏၊ ဆိတ်ငြိမ်ရာတွင် တစ်ပါးတည်းနေထိုင်ရင်း ခန္ဓာကိုယ်ကြီး၏ ကုန်ခန်းခြင်း၊ ပျက်စီးခြင်း အစအဘောတို့ကို ဝိပဿနာဆင်၍ ဆင်ခြင်ပွားများလေရာ မကြာမီ ရဟန္တာ ဖြစ်လေ၏။ ဤအကြောင်းကို မသိသေးသော ရဟန်းများက ယခင် ဒါယကာများ မေးလေ့ရှိသော မေးခွန်းများကို မေးကြသောအခါ "အရှင်ဘုရားတို့၊ တပည့်တော်သည် မည်သူ့ကိုမျှ ချစ်ခင်တွယ်တာခြင်း မပြုတော့ပါ"ဟု ဖြေကြားလေသည်။

ဤအသုံးအနှုန်းမှာ ရဟန္တာပုဂ္ဂိုလ်တို့၏ အသုံးအနှုန်း ဖြစ်နေ၍ မယုံကြည်နိုင်သော ရဟန်းတို့က ဘုရားရှင်ထံ ဝင်ရောက်၍ လျှောက်ထားကြ၏၊ ဘုရားရှင်က "ရဟန်းတို့၊ ငါ၏ သားတော်သည် ကောင်းစွာ ထားအပ်သောစိတ်ဖြင့် မဂ်တရားကို သိမြင်သည်မှစ၍ တစ်စုံ တစ်ယောက်ကိုမျှ ချစ်ခင် တွယ်တာမှု မပြုတော့ပြီ"ဟု မိန့်တော်မူပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

# ပုပ္ဖဝဂ်

## ဒေသနာတော်

၄၄။ ။ဤကိုယ်ခန္ဓာတည်းဟူသော မြေကြီးကို လည်းကောင်း၊ အပါယ်လေးဘုံတည်းဟူသော ယမလောကကို လည်းကောင်း၊ နတ်လောကနှင့် တကွသော ဤလူ့လောကကို လည်းကောင်း အဘယ်သူသည် ဉာဏ်ဖြင့် စိစစ်ရွေးချယ်နိုင်မည်နည်း။ ကျွမ်းကျင်ပြီးသော ပန်းသည် ္သည် ပန်းကို ကောင်းစွာ စိစစ်ရွေးချယ် သကဲ့သို့ ကောင်းစွာ ဟောကြားအပ်သော တရားအစု(ဓမ္မပဒ)ကို အဘယ်သူသည် စိစစ်ရွေးချယ်နိုင်မည်နည်း။

၄၅။ ။ဤခန္ဓာတည်းဟူသော မြေကြီးကို လည်းကောင်း၊ အပယ်လေးဘုံတည်းဟူသော ယမလောကကို လည်းကောင်း၊ နတ်လောကနှင့်တကွသော လူ့လောကကို လည်းကောင်း၊ သေက္ခပုဂ္ဂိုလ်သည် ဉာဏ်ဖြင့် စိစစ်ရွေးချယ်နိုင်ပေလတ္တံ့။ ကျွမ်းကျင်ပြီးသော ပန်းသည် သည် ပန်းကိုကောင်းစွာ စိစစ်ရွေးချယ် နိုင်သကဲ့သို့ ကောင်းစွာ ဟောကြားအပ်သော တရားအစုံ (ဓမ္မပဒ)ကို သေက္ခပုဂ္ဂိုလ်သည် ဉာဏ်ဖြင့် စိစစ်ရွေးချယ်နိုင်လတ္တံ့။

## ရဟန်းငါးရာ (မြေကိုရှုသူများ)

ဇေတဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဇနပုဒ်သို့ ဒေသစာရီ လှည့်လည်ရာမှ ပြန်ရောက်လာကြသော ရဟန်းများကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော် မူလေသည်။

ထိုရဟန်းငါးရာတို့သည် ဇေတဝန် ကျောင်းတော်သို့ ပြန်ရောက်လာကြသောအခါ လမ်းခရီးမှာ တွေ့ခဲ့ရသော မြေမျက်နှာပြင်အမျိုးမျိုး၊ မြေ၏အရောင်အသွေး စသည်တို့ကို ပြောဆို နေကြကုန်၏။ ထိုအခါ

ထိုရဟန်းတို့ စည်းဝေးရာသို့ ဘုရားရှင် ကြွတော်မူပြီးလျှင် "ရဟန်းတို့၊ သင်တို့ပြောဆိုနေကြသော မြေကြီးသည် အပြင်ပမှ မြေကြီးသာတည်း။ သင်တို့၏ ကိုယ်ခန္ဓာတည်းဟူသော အတွင်းမြေကြီးကိုသာ ဝိပဿနာ ဆာရှုပြုကာ ပွားများသင့်ကြပေသည်"ဟု မိန့်တော်မူပြီးလျှင် အထက် ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ ရဟန်းငါးရာတို့သည် ပဋိသမ္ဘိဒါလေးပါး နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ကြလေကုန်၏။

ဒေသနာတော်

၄၆။ ။ဤကိုယ်ခန္ဓာကို ရေမြှုပ်နှင့် တူ၏ဟု သိ၍ တံလျှပ်သဘော ရှိ၏ဟု ဉာဏ်ဖြင့် ထိုးထွင်းသိမြင်လျက် မာရ်မင်း၏ ပန်းခိုင်သဖွယ်ဖြစ်သော ဝဋ်သုံးပါး တို့ကို ဖြတ်တောက်ပြီးလျှင် သေမင်း မမြင်နိုင်ရာ နိဗ္ဗာန်သို့ သွားရာ၏။

## ရဟန်းတစ်ပါး (တံလျှပ်ကိုရှုသူ)

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင်သီတင်းသုံးတော်မူစဉ် တံလျှပ် ကို ကမ္မဋ္ဌာန်းရှုသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤဒေသနာ တော်ကို ဟောကြားတော်မူလေသည်။

မထင်ရှားသောရဟန်းတစ်ပါးသည် ဘုရားရှင်ထံတော်မှ ကမ္မဋ္ဌာန်း တောင်းပြီးလျှင် တောသို့ဝင်၍ တရားအားထုတ်သော်လည်း အရဟတ္တ ဖိုလ်သို့ မရောက်နိုင်ပေ။ ထိုရဟန်းသည် ကမ္မဋ္ဌာန်း တစ်မျိုးကို တောင်း ဦးအံ့ဟူ၍ ဇေတဝန်ကျောင်းတော်သို့ ပြန်လာစဉ် လမ်းခရီး၌ တံလျှပ် များ ထနေသည်ကို တွေ့ရ၏။ တံလျှပ်၏သဘောမှာ အဝေးမှာ ရှိစဉ်က ဆာတော့လိုလို တောင်လိုလို၊ ရေကန်ကြီးလိုလို ထင်နေရသော်လည်း အနီးသို့ ရောက်သောအခါ ပျောက်သွား၏။ ထို့နောက် ခရီးပန်း အဖြင့် အစိရဝတီမြစ်၌ ရေချိုးပြီးလျှင် မြစ်ကမ်းပါး၌ ထိုင်နေလေရာ ကြီးမားလှသော ရေမြှုပ်ခဲကြီးများသည် ရေအဟုန်ကြောင့် ပျက်၍ ပျက်၍ သွားနေကြသည်ကို တွေ့မြင်ရ၏။ ထိုမှတစ်ဆင့် မိမိ ကိုယ်ခန္ဓာ ကြီးမှာလည်း တံလျှပ်နှင့်တူစွာ၊ ရေမြှုပ်ရေခဲနှင့်တူစွာ၊ ပျောက်တတ် သော သဘော၊ ပျက်တတ်သောသဘောကို ဆင်ခြင်လျက် ဝိပဿနာ ရှု၏။ ထိုစဉ်အခိုက်တွင် ဘုရားရှင်သည် ဇေတဝန် ကျောင်းတော်မှပင်

တန်ခိုးတော်ဖြင့် ထိုရဟန်းအား အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ဒေသနာတော်အဆုံး၌ ထိုရဟန်းသည် ပဋိသမ္ဘိဒါလေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

ဒေသနာတော်

၄၇။ ။ ပန်းတို့ကို ကောင်းနိုးရာရာ ဆွတ်ခူးနေသောသူကဲ့သို့ ကာမဂုဏ်တို့၌ လုန်စွာကပ်ငြိတွယ်တာစိတ်ရှိနေသောသူကို ကြီးစွာသော ရေအလျဉ်သည် အိပ်ပျော်နေသောရွာကို လွှမ်းမိုးတိုက်ယူသွားသကဲ့သို့ သေမင်းသည် ယူဆောင်သွား၏။

# ဝိဋ္ဋူဘ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဝိဋ္ဋူဘမင်းနှင့်တကွ စစ်သည် ဗိုလ်ပါ အပေါင်းတို့ အစိရဝတီမြစ်ရေ၌ မျောပါသေဆုံးရခြင်းကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော် မူလေသည်။

သာဝတ္ထိမြို့တော်မှ ပသေနဒီကောသလမင်း၊ ဝေသာလီမြို့တော်မှ မဟာလိမည်သော လိစ္ဆဝီမင်းသား၊ မလ္လတိုင်းမှ ဗန္ဓုလတို့သည် တက္ကသိုလ်မြို့တော်၌ အတူတကွ ပညာသင်ခဲ့ကြသော မိတ်ဆွေရင်းချာများ ဖြစ်ကြ၏။ တက္ကသိုလ်မြို့တော်မှ ပညာတတ်မြောက်ကြ၍ မြို့တော် ပြန်ကြသောအခါ ပသေနဒီ ကောသလမင်းသားအား ခမည်းတော် မဟာကောသလ မင်းကြီးက ထီးနန်း လွှဲအပ်ပေး၏။ လိစ္ဆဝီမင်းသား မဟာလိမှာကား တပည့်များအား အတတ်ပညာသင်ပေးရာတွင် အလွန်အမင်း အားစိုက်မိသဖြင့် မျက်စိနှစ်ဖက်စလုံး ကွယ်သွား၏။ တပည့်မင်းသားများက သူ့အား အခွန်တစ်သိန်း ထွက်သော မြို့တံခါးအနီးမှ ရွာကြီးတစ်ရွာကိုပေးကာ စောင့်ရှောက်ထားကြ၏။ ဗန္ဓုလသည်လည်း မိမိနေရပ်သို့ ပြန်ရောက်လျှင် မိမိစွမ်းအားအတတ်ကို ပြလျက် နေ၏။ တစ်နေ့သောအခါ သူ့အစွမ်းသတ္တိကို စမ်းလိုသော မလ္လမင်းသားများက ဝါးအလုံးခြောက်ဆယ်ကို တစ်စုတည်း စည်းပြီးလျှင် တစ်ချက်တည်း ခုတ်ဖြတ်ရန် တိုက်တွန်းကြ၏။ ဗန္ဓုလသည် အတောင်ရှစ်ဆယ်မျှ ကောင်းကင်သို့ ခုန်တက်ပြီးလျှင် ဝါးစည်းကို သန်လျက်နှင့် တစ်ချက်

တည်း ခုတ်လိုက်ရာ နောက်ဆုံးအလုံးအရောက်တွင် ကျွဲခနဲ အသံထွက်သွား၏။ အသံ ထွက်ရသည့်မှာကား ဝါးအလုံး ခြောက်ဆယ် တို့တွင် သံချောင်းများ ထိုးထည့်ထားသောကြောင့် ဖြစ်လေသည်။

ဤအဖြစ်သိရသောအခါ ဗန္ဓုလသည် သန်လျက်ကို ပစ်လွှတ်ပြီးလျှင် "ဤမျှလောက် များပြားလှသော ငါ၏ဆွေမျိုးများ၊ မိတ်ဆွေများတွင် တစ်ယောက်စာလေမျှ ငါ့ကို မချစ်ကြကုန်။ ငါ့ကိုသာ ဤအကြောင်းကို ပြောပြထားပါလျှင် အသံမမြည်အောင် ခုတ်နိုင်မည်သာတည်း"ဟု ပြောဆို ငိုကြွေး၏။ ထို့နောက် မလ္လမင်းညီမင်းသားအားလုံးကို သတ်ဖြတ်၍ မင်းပြုရန် တိုင်ပင်သောအခါ ခမည်းတော်၊ မယ်တော်တို့က တားမြစ်သဖြင့် သာဝတ္ထိမြို့တော်သို့ ထွက်ခွာ လာခဲ့၏။ ပသေနဒီကောသလမင်းသည် မိတ်ဆွေရင်းချာ ဗန္ဓုလကို ဝမ်းမြောက် ဝမ်းသာ ကြိုဆိုပြီးလျှင် စစ်သူကြီးအရာကို ပေးလေသည်။

ဗန္ဓုလစစ်သူကြီးသည် မိဘများနှင့်တကွ မယားဖြစ်သူ မလ္လိကာတို့ကိုပါ သာဝတ္ထိမြို့တော်သို့ ခေါ်ယူပြီးလျှင် အတူတကွ နေထိုင်ကြ၏။ ကာလကြာမြင့်စွာ ပေါင်းသင်းခဲ့ပါသော်လည်း မလ္လိကာတွင် သားသမီး မပေါ်ပေါက်သဖြင့် ဗန္ဓုလက အိမ်မှနှင်ချ၏။ မလ္လိကာသည် မိဘရပ်ဌာနီ ကုသိနာရုံမြို့သို့ ပြန်ရသည့်အပြုတွင် ဘုရားရှင်ထံ ဝင်၍ ရှိခိုးကန်တော့၏။ ဘုရားရှင်က မေးတော်မူသဖြင့် မလ္လိကာက သွားရခြင်း အကြောင်းကို လျှောက်ထားလေရာ "မလ္လိကာ၊ ထိုသို့ဖြစ်လျှင် သွားဖွယ်မရှိပြီ။ အိမ်သို့ပြန်၍ နေလေလော့"ဟု မိန့်တော်၏။ မိန့်တော်မူထားသည့်အတိုင်း မလ္လိကာတွင် ကိုယ်ဝန်ရှိသောအခါ ဝေသာလီမြို့တော်မှ လိစ္ဆဝီမင်းညီမင်းသားများ၏ အဘိသိက် မင်္ဂလာရေကန်သို့ ဆင်း၍ ရေချိုးပြီးလျှင် ရေကိုလည်း သောက်လိုသော ချင်ခြင်းအပ်လာလေသည်။

ထိုအကြောင်းကို ဗန္ဓုလသိရှိသောအခါ မလ္လိကာကို ရထားနှင့်တင်၍ ခေါ်လာခဲ့၏။ မဟာလိစ္ဆဝီ၏ အိမ်အနီးရှိ တံခါးမှဝင်လာခဲ့ရာ တံခါးတိုင်ကို ရထားဝင်ရိုးစွန်းဖြင့် တိုက်မိခဲ့၏။ မဟာလိစ္ဆဝီသည် "ဤအသံကား ဗန္ဓုလ၏ရထားသံတည်း။ ယနေ့ လိစ္ဆဝီမင်းတို့ ဘေး တွေ့လတ္တံ့"ဟု ပြောဆို၏။ လိစ္ဆဝီမင်းအပေါင်းက ဘိသိက်မင်္ဂလာပြုရာ ရေကန်ကို အစောင့်အကြပ် ထူထပ်စွာ ချထား၏။ ငှက်တစ်ကောင်မျှ ဝင်၍ မရနိုင်မအောင် သံကွန်ရက်မိုးထား၏။ ဗန္ဓုလသည် ရထားမှ

ဆင်းပြီးလျှင် အစောင့်အကြပ်တို့ကို ကြိမ်နှင့်ရိုက်၍ ဖယ်ရှား ပြီးလျှင် သံကွန်ရက်များကို သံလျက်ဓားဖြင့် ဖြတ်တောက်လိုက်၏။ ထို့နောက် မလ္လိကာအား စိတ်တိုင်းကြိုက် ရေချိုးစေ သောက်စေပြီးလျှင် လာလမ်းအတိုင်း ပြန်ထွက်လာလေသည်။

ဤအကြောင်းကို အစောင့်အကြပ်တို့က တင်လျှောက်သဖြင့် လိစ္ဆဝီမင်းတို့သည် ဒေါသတကြီးဖြင့် ရထားစီးကာ ထွက်လာခဲ့ကြ၏။ မဟာလိစ္ဆဝီမင်းက "မလိုက်ကြကုန်လင့်၊ မလိုက်ကြကုန်လင့်၊ ဗန္ဓုလသည် သင်တို့အားလုံးကို သတ်လိမ့်မည်တည်း"ဟု တားမြစ်၏။ လိစ္ဆဝီမင်းတို့ကား မဟာလိစ္ဆဝီ၏စကားကို လက်မခံဘဲဆက်၍ လိုက်လာကြ၏။ မလ္လိကာသည် "အရှင်၊ နောက်ရထားများ လိုက်လာကြ၏"ဟု ဆိုရာ ဗန္ဓုလက "ရထားအားလုံး တစ်တန်းဖြစ်၍ တစ်စီးကဲ့သို့ မြင်ရသောအခါ ပြောကြားလော့"ဟု ဆို၏။ ရထားငါးရာတို့ တစ်တန်းတည်း ရှိနေကြသော အခါ ဗန္ဓုလသည် ရထားကြိုးကို မလ္လိကာထံပေးကာ ဗိုလ်ခြေ တစ်ထောင် လေးကြိုးကို လေးညှို့တင်လိုက်၏။ ထိုစဉ်တွင် မိုးချုန်းသံကဲ့သို့ မြည်ဟိန်းကာ ရထားဘီးတစ်ဝက် မြေသို့ နစ်ဝင်သွား၏။ ဤအချင်းအရာကို မြင်နေသော်လည်း လိစ္ဆဝီမင်းညီမင်းသားတို့သည် ပြန်လှည့်ရ ကောင်းမှန်း မသိကြသေးပေ။ သို့ဖြစ်၍ ဗန္ဓုလသည် ရထားပေါ်မှ ရပ်လျက် မြားတစ်စင်းကို လွှတ်လိုက်၏။ ထိုမြားသည် ရထားငါးရာ လုံးကို ဖောက်ထွင်းကာ မြေကြီးထဲသို့ ဝင်သွားလေသည်။

လိစ္ဆဝီမင်းတို့သည် မိမိတို့ ရင်ဘတ်တို့၌ မြားဖောက်သွားသည်ကို မသိကြသေးဘဲ "အချင်းရပ်လော့၊ အချင်းရပ်လော့"ဟု ကြွေးကြော်လျက် လိုက်မြဲလိုက်နေကြ၏။ ဗန္ဓုလသည် ရထားကို ရပ်ပေးပြီးလျှင် "သင်တို့သည်လူသေတို့သာတည်း။ လူသေများနှင့် ငါ စစ်မတိုက်လိုပေ။ ငါ့စကားကို မယုံကြည်သော် နောက်ဆုံးဖြစ်သော လိစ္ဆဝီမင်း၏ ချပ်ဝတ်စုံကို ချွတ်၍ကြည့်ကြကုန်လော့"ဟု ဆို၏။ ချပ်ဝတ်စုံကို ချွတ်လိုက်သည်နှင့် တစ်ပြိုင်နက် လိစ္ဆဝီမင်းတို့သည် လဲကျသေဆုံးသွားကြ၏။ ဤတွင် ဗန္ဓုလက "သင်တို့သည် မိမိအိမ်သို့ပြန်ကြကုန်။ သားမယားအား မှာစရာရှိသည်ကို မှာကြားပြီးမှ ချပ်ဝတ်စုံကို ချွတ်ကြကုန်"ဟု ပြောဆိုကာ သာဝတ္ထိမြို့တော်သို့ ပြန်လာခဲ့လေသည်။

ထို့နောက်တွင် မလ္လိကာသည် သားနှစ်ယောက် ဆယ့်ခြောက်ကြိမ်မျှ အမြွှာမွေးလေရာ သားသုံးဆယ့်နှစ်ယောက် ရလေသည်။

သားအားလုံးတို့သည်လည်း ဖအေတူဖြစ်အော ရဲရင့်ကြကုန်၏။ ခွန်အား ဗလနှင့် ပြည့်ဝကြကုန်၏။ စစ်ပညာရပ်များကို ဆုံးခန်းတိုင် တတ်မြောက်ကုန်၏။ သားတစ်ယောက်ယောက်မှာပင် အခြံအရံ မြောက်မြားစွာရှိလေရာ စစ်သူကြီး ဗန္ဓုလနှင့်အတူသူတို့အားလုံး နန်းတော်သို့ အခစားဝင်ကြသောအခါ နန်းရင်ပြင်သည် ဗန္ဓုလပရိသတ်နှင့်ပင် ပြည့်နေလေတော့သည်။

ကောသလ မင်းကြီးသည် အနာထပိဏ်သေဋ္ဌေးကြီး၊ အနာထပိဏ်သေဋ္ဌေးကလေး၊ ဝိသာခါနှင့် သုပ္ပဝါသာတို့နေအိမ်သို့ အမြဲမပြတ်ဆွမ်းဘုဉ်းပေးရန်ကြွသွားသောသံဃာတော်တို့ကိုဖူးမြင်ရသော်မိမိလည်းလှူဒါန်းလိုသဖြင့် ဘုရားရှင်နှင့် သံဃာတော်များအား နန်းတော်သို့ ပင့်ကာ ခုနစ်ရက်တိုင်တိုင် ဆွမ်းဆက်ကပ်၏။ ထို့နောက်တွင်လည်း သံဃာတော်များစေလွှတ်တော်မူပါရန် လျှောက်ထား၏။ ကောသလ မင်းကြီးသည်စောစောပိုင်းမှာ ကိုယ်တိုင်စီမံခန့်ခွဲ၍ သံဃာတော်များအား ဆွမ်းကပ်၏။ ရှစ်ရက်မျှ ကြာသွားလျှင်ကား မင်းမှုကိစ္စများနေသဖြင့် စီမံခန့်ခွဲမှု မပြုမိတော့ချေ။ မင်းတို့၏ နန်းတော်မည်သည် တာဝန်ရှိသူတို့အား မစေခိုင်းဘဲ တစ်စုံတစ်ရာ ပြုလုပ်ခွင့်မရကြသဖြင့် အမှုထမ်းတို့သည် သံဃာတော်အတွက် တစ်စုံတစ်ရာ ဆောင်ရွက်မပေးဝံ့ကြပေ။ ဤတွင် ရဟန်းများသည် နန်းတော်မှ ထွက်ခွာ၍ ယခင်သွားနေကျ အိမ်များသို့သာ သွားကြ၏။ အရှင်အာနန္ဒာ တစ်ပါးတည်းသာလျှင် ကောသလမင်းကြီး၏ သဒ္ဒါတရားကို ထောက်ထား၍ ဆက်လက်ကြွရောက်နေလေသည်။

ရဟန်းများ ကြွပြီးနောက် ကောသလမင်းကြီး လာ၍ ကြည့်ရှုသောအခါ ချက်ပြုတ်ထားပြီးသော ဆွမ်းနှင့်ဟင်းများ အရာမယွင်းဘဲ တည်ရှိနေသည်ကို တွေ့ရသဖြင့် ဘုရားရှင်ထံ လာရောက် လျှောက်ထား၏။ ဘုရားရှင်က "မင်းကြီး ငါဘုရား၏တပည့်တို့သည် မင်းကြီးနှင့် အကျွမ်းဝင်ခြင်းမရှိကြသေးချေ။ ထို့ကြောင့် မကြွရောက်ခြင်း ဖြစ်ပေလိမ့်မည်" ဟု မိန့်ကြားတော်မူလေသည်။

ကောသလမင်းကြီးသည် "ငါသည် ရဟန်းသံဃာနှင့် အကျွမ်းတဝင် ပြုသင့်၏၊ ဘုရားရှင်၏ ဆွေမျိုးထဲမှ မင်းသမီးတပါးကို နန်းတော်သို့ ခေါ်ထားသင့်၏။ ဤသို့ဆိုလျှင် ရဟန်းငယ်နှင့် သာမဏေတို့သည် ဘုရားရှင်၏ ဆွေမျိုးမင်းကြီးဟူ၍ အကျွမ်းတဝင် ဖြစ်ကာ နန်းတော်သို့မပြတ်တမ်း လာကြကုန်လတ္တံ့" ဟုကြံစည်မိ၏။ ထိုအကြံကို တင်ပြရာ သကျမင်းတို့

သည် စစ်သည်ဗိုလ်ပါ များပြားလှသော ကောသလမင်းကြီးကိုလည်း ဆန့်ကျင်ရဲပေ၊ မိမိတို့အမျိုးထဲမှ မင်းအမျိုးကိုလည်း အမျိုးချင်းမတူသော ကောသလမင်းကြီးအား မပေးလိုချေ။ သို့ဖြစ်၍ ဘုရားရှင်၏ နေ့ခင်းတော်ကြီး မဟာနာမ်နှင့် ကျွန်မတို့မွေးဖွားသော ဝါသဘခတ္တိယာမင်း သမီးကို ပေးရန် သဘောတူ ဆုံးဖြတ်ကြလေသည်။

သာဝတ္ထိမြို့တော်မှ သံဝဏ်လှာ ယူဆောင်လာကြသော သံတမန်တို့ ယုံကြည်စိတ်ချစေရန် မဟာနမ်မင်းကြီးသည် ဝါသဘခတ္တိယာနှင့်အတူ ထမင်းတစ်ပွဲတည်းမှာ ထိုင်ကာ စားဟန်ပြု၍ ပြ၏။ ဤတွင် သံတမန်တို့က "ကျွန်မသမီးမဟုတ်၊ မင်းသမီးဖြစ်သည်"ဟု စိတ်ချယုံကြည်ကာ သာဝတ္ထိမြို့တော်သို့ ဆောင်ယူသွားကြ၏။ ကောသလမင်းကြီးသည် ဝါသဘခတ္တိယာကို နှစ်သက်မြတ်နိုးသဖြင့် မိဖုရားခေါင်ကြီးအဖြစ် အဘိသိက်သွန်း၍ ချီးမြှောက်ထားလေသည်။

ဝါသဘခတ္တိယာသည် သားတော်လေးတစ်ယောက် ဖွားမြင်လာလေရာ ကောသလမင်းကြီးသည် မယ်တော်ဘက်မှ ဆွေမျိုးများက ကြိုက်နှစ်သက်ရာအမည်ကို မှည့်ခေါ်ကြရန် ကပိလဝတ်မြို့သို့ သံတမန်စေလွှတ်လိုက်၏။ မဟာနာမ်မင်းကြီးသည် "ဝါသဘခတ္တိယာသည် ယခုအခါ မင်းနှင့် အလွန်စာရာ အကျွမ်းဝင်နေသည်ဖြစ်လတ္တံ့"ဟု မိန့်ဆို၏။ အကျွမ်းဝင်ခြင်း ဟူသောအနက်ကို ပါဠိဘာသာအားဖြင့် "ဝလ္လဘ"ဟူသော သဒ္ဒါဖြင့် ပြောကြားရသဖြင့် ထိုဝလ္လဘဟူသော အသံကိုသံတမန်က နားခပ်လေးလေးဖြစ်၍ ဝိဋ္ဋူပဟု၍ ကြားလိုက်မိ၏။ ထိုအသံသည်ပင် ဘိုးတော်မဟာနာမ်မင်းကြီးက မြေးတော်အတွက် ပေးလိုက်သော နာမည်ဟု မှတ်ယူလာခဲ့၏။ သို့ဖြစ်၍ သားတော်လေးမှာ ခမည်းတော်ဘက်၊ မယ်တော်ဘက်မှ အမည်တစ်ခုကိုမျှ မခံယူရဘဲ ဝိဋ္ဋူဘဟူသောအမည် တွင်လာရပေတော့သည်။

ဝိဋ္ဋူဘမင်းသား အသက် ခုနစ်နှစ်အရွယ် ရောက်လာသောအခါ အခြားမင်းသားများသို့ သူတို့ အဘွားများက ကစားစရာ အရုပ်များ ပေးပို့ကြသည်ကို သတိပြုမိကြ၏။ သို့ဖြစ်၍ မယ်တော့ထံဝင်ရောက်၍ ထိုအကြောင်းကို ပြောပြပြီးလျှင် "မယ်တော့မှာ မယ်တော်၊ ခမည်းတော်တို့ မရှိပါသလော"ဟု မေးမြန်း၏။ ဝါသဘခတ္တိယာက "သားတော် မယ်တော့မှာ မယ်တော်၊ ခမည်းတော်တို့ရှိပါသည်။ ဝေးလံလှစွာသော ကပိလဝတ်မြို့တော်မှာ နေကြသဖြင့် သားတော်ထံလက်ဆောင်မပို့နိုင်ကြ

ပေ''ဟု လှည့်ပတ်၍ ပြောပြရ၏၊ ထိုနောက် ဝိဋ္ဋူဘမင်းသား ဆယ့်ခြောက်နှစ်အရွယ် ရောက်သောအခါ ဘိုးတော်ဘွားတော်များအထံ အလှူးအမြော်သွားလိုပါကြောင်း ခွင့်တောင်းပြန်၏။ မယ်တော်က အကြိမ်ကြိမ်တားမြစ်ပါသော်လည်း မရသဖြင့် နောက်ဆုံးတွင် ခွင့်ပြုလိုက်ရ၏။ ထစ်ဘက်မှလည်း သကျမင်းများထံသို့ ''ကျွန်ုပ်တော်မသည် နန်းတော်၌ ချမ်းသာစွာနေရပါ၏၊ ဖခင်တို့သည် သားတော်အတွက် အနှောင့် အယှက် မပြုကြပါကုန်လင့်''ဟု သဝဏ်လွှာပါးထားရလေသည်။

သကျမင်းတို့သည် ဝိဋ္ဋူဘကို ရှိမခိုးလိုကြသဖြင့် သူ့ထက် ငယ်သော မင်းညီမင်းသားတို့ကို တောရွာဇနပုဒ်သို့ စေလွှတ်ကြ၏။ သို့ဖြစ်၍ ဝိဋ္ဋူဘရောက်လာသောအခါ မိမိထက်ကြီးသူများကိုသာ ရှိခိုးရ၍ မိမိကို ရှိခိုးမည့်သူကိုကား တစ်စုံတစ်ယောက်မျှ မတွေ့ရပေ။ ဝိဋ္ဋူဘသည် ထိုအကြောင်းကို မည်သို့မျှထူးထူးခြားခြားမတွေးတောဘဲ နှစ်ရက်သုံးရက်မျှ ကပိလဝတ်နန်းတော်မှာ နေထိုင်၏။ ထိုမှပြန်လာသော အခါတွင်မူကား ဝိဋ္ဋူဘမှာ စိတ်ဖြေ၍ မရနိုင်သောက်အောင် နာကျည်း၍ သွားရလေတော့သည်။

ဝိဋ္ဋူဘပြန်လာသောအခါ သူ၏ မင်းချင်းတစ်ယောက်သည်လက်နက်ခမေ့ကျန်နေရစ်သဖြင့် မင်းကွန်းသို့ ပြန်ပြီး ယူ၏။ ထိုစဉ်ခိုက်တွင် ကျွန်မတစ်ယောက်သည် ဝိဋ္ဋူဘထိုင်သော နေရာကို နွားနို့ရောဆေးရေဖြင့် ဆေးကြောရင်း ''ဝါသဘခတ္တိယာ ကျွန်မ၏သား ထိုင်ခဲ့သော နေရာတည်း''ယု ဆဲဆို ရေရွတ်နေ၏။ ထိုကျွန်မ၏ ဆဲဆိုရေရွတ်ပုံကို လျှောက်ထင်လိုက်သောအခါ ဝိဋ္ဋူဘမင်းသားသည် ''ငါထိုင်ခဲ့သော နေရာကို နွားနို့ရည်ဖြင့် ဆေးကြောနှင့်ကြဦး။ ငါ မင်းဖြစ်သောအခါ သူတို့၏ လည်ချောင်းသွေးဖြင့်ပင် ထိုနေရာကို ဆေးကြောအံ့''ဟု ဆုံးဖြတ်ချက်ချထားလိုက်လေတော့သည်။

ဝါသဘခတ္တိယာသည် ကျွန်မ၏ သမီးတည်းဟု သိရသောအခါ ကောသလမင်းကြီးသည် သူတို့သားအမိ၏ စည်းစိမ်အားလုံးကိုရုပ်သိမ်းကာ ကျေးကျွန်တို့၏ အဆင့်အတန်းသို့ လျှော့ချလိုက်၏။ ရက်အနည်းငယ်လွန်သောအခါ ဘုရားရှင်သည် နန်းတော်သို့ ကြွတော်မူ၍ ''မင်းကြီး၊ အမိမျိုးဆည်ပမာနမဟုတ်၊ အဖမျိုးသာလျှင် ပမာနဖြစ်၏။ ဝါသဘခတ္တိယာသည် မဟာနာမ်မင်းကြီး၏ သမီးတော်သာဖြစ်၏။ ရှေးပညာရှိတို့သည် ထင်းခွေသည်မတစ်ယောက်အားမိဖုရားခေါင်ကြီးနေရာ၌ ထားပြီး

ဖူးလေပြီ''ဟု မိန့်တော်မူကာ ကဋ္ဌဝါဟာနဇာတ်ကို ဟောတော်မူ၏။ ဤတွင် ကောသလမင်းကြီး ကျေနပ်သွားကာ ဝိဋ္ဋူဘတို့ သားအမိအား ယခင်အတိုင်း ပြန်လည်ချီးမြှောက်လေသည်။

[ကဋ္ဌဝါဟာနဇာတ်ကို ကေကနိပါတ် ဇာတ်အဋ္ဌကထာ၌ရှုပါ]

တစ်နေ့သ၌ တရားရုံးတော်မှ ရုံးနိမ့်လာခဲ့ကြသူများသည် ဗန္ဓုလထံသို့ လာရောက်ကာ တရားသူကြီးက မိမိတို့အား မတရားသဖြင့် အရှုံး လိုက်ပုံကို တိုင်ကြားကြ၏။ ဗန္ဓုလသည် ထိုဖြတ်ထုံးတို့ကို သေသေချာချာ လေ့လာသုံးသပ်ပြီးလျှင် ထိုသူတို့ နိုင်ထိုက်နေသည်ကို တွေ့ရသဖြင့် အချင်း ဖြစ်ပွားနေသော စဉ်းစိမ်ဥစ္စာများကို ထိုသူတို့အား ပေးလိုက်၏။ ဤတွင် တိုင်းသူ ပြည်သားတို့က အားရဝမ်းသာကောင်းချီးပေးကြလေရာ ကောသလမင်းကြီးကလည်း စစ်သူကြီး ဗန္ဓုလအား တရားသူကြီး တာဝန်ကိုပါ ထမ်းဆောင်ရန် တာဝန်ပေးလိုက်လေသည်။

ဗန္ဓုလသည် တရားတပေါင်ဖြစ်ပွားလေသမျှကို တိကျမှန်ကန်စွာ စစ်ဆေးဆုံးဖြတ်၍ ပေးနေလေရာ လာဘ်စားခဲ့သော တရားသူကြီးဟောင်း များမှာလည်း လာဘ်တိတ်ကြရ၏။ ဤတွင် ထိုတရားသူကြီးဟောင်းတို့က ကောသလမင်းကြီးထံ ချဉ်းကပ်ကာ ''ဗန္ဓုလသည် မင်းအဖြစ်ကို တောင့်တ နေ၏''ဟု လျှောက်တင်ကုန်ကြ၏။ ကောသလမင်းကြီးသည် ဗန္ဓုလ၏ များပြားလှသော ပရိက်သတ်ကို အကြောင်းပြုကာ ထိုစကားကို ပယ်ရှား ရန် မတတ်နိုင်ပေ။ သို့ဖြစ်၍ တိုင်းစွန်နယ်ဖျား၌ သူပုန်ထနေစေရန်သူလျှို များကို စေလွှတ်၍ ခိုင်းစေထားပြီးမှ ထိုသူပုန်ရန် နှိမ်နင်းရန် ဗန္ဓုလနှင့် သားများအား စေလွှတ်လိုက်၏။ ဗန္ဓုလတို့ ရောက်လာသောအခါ သူတို့ အားလုံးကရှောင်၍ နေကြကုန်၏၊ ဤသို့ဖြင့်ဗန္ဓုလတို့သည်တိုင်းစွန်နယ်ဖျား ကို ငြိမ်သက်အေးချမ်းအောင်ဆောင်ရွက်ကာ သာဝတ္ထိမြို့တော်သို့ ပြန်လာ ကြ၏။ ထိုအပြန်လမ်းမှာပင် ကောသလမင်းကြီး စေလွှတ်ထားသူများက ဗန္ဓုလနှင့်တကွ သားသုံးဆယ့်နှစ်ယောက်ကို ခေါင်းဖြတ်၍ သတ်လိုက်ကြ လေသည်။

ထိုနေ့မှာပင် စစ်သူကြီးကတော် မလ္လိကာသည် အရှင်သာရိပုတ္တရာ အရှင်မောဂ္ဂလာန်တို့နှင့် တကွ သံဃာတော် ငါးရာအား အိမ်သို့ပင့်၍ ဆွမ်းလုပ်ကျွေးနေ၏။ အိမ်ရှိ အမှုထမ်း မိန်းမတို့သည် ရဟန်းတို့အား ဆွမ်းလိုက်နေစဉ် ထောပတ်အိုးကို ယူဆောင်လာကြရာ မထေရ်တို့၏ ရှေ့

မှာပင် ထောပတ်အိုး ကျ၍ကွဲ၏၊ ဓမ္မသေနာပတိ ဖြစ်သော အရှင်သာရိပုတ္တရာက "ကွဲတတ်သော သဘောတရားသည် ကွဲပေ၏၊ စိုးရိမ်ပူပန်ခြင်း မရှိလင့်"ဟု မိန့်ကြား၏။ ဤတွင် မလ္လိကာ ဒါယိကာမကြီးသည် ရင်ခွင်ကြားမှ သိုဝှက်ထားသော စာလွှာကို ထုတ်ယူကာ "အရှင်ဘုရား၊ ဗန္ဓုလနှင့် တကွ သားသုံးဆယ့်နှစ်ယောက်လုံး ခေါင်းဖြတ်၍ အသတ်ခံရကြောင်း ဤစာလွှာမှာ ရေးသားထားပါသည်။ ဤစာလွှာကို စောစောကပင် ရခဲ့သော်သည်း တပည့်တော်မသည် တစ်စုံအရာ တုန်လှုပ်ချောက်ချားခြင်း မရှိဘဲ စိတ်နှလုံး တည်ငြိမ်စွာဖြင့် ပြုစုလုပ်ကျွေးခဲ့ပါသည် ဘုရား" ဟု လျှောက်ထား၏။ အရှင်သာရိပုတ္တရာလည်း (အနိစ္စ မနညာတံ) အစရှိသော သလ္လသုတ်လာ ဂါထာတို့ကို ဟောကြားတော်မူကာ သံဃာတော်များနှင့်အတူ ကျောင်းတော်သို့ ပြန်ကြွသွားလေသည်။

ထို့နောက် မလ္လိကာသည် ချွေးမ သုံးဆယ့်နှစ်ယောက်ကို ခေါ်ယူပြီးလျှင် "သမီးတို့၊ သင်တို့၏ ခင်ပွန်းအသည်တို့သည် အပြစ် မရှိကြသော်လည်း ရှေးရှေးက ပြုမိခဲ့သော အကုသိုလ်ကံ အားလျော်စွာ သေဆုံးကြရချေပြီ။ သင်တို့ မပူဆွေးကြနှင့်၊ မငိုကြွေးကြနှင့်၊ မင်းကြီးအပေါ် စိတ်မပြစ်မှားကြနှင့်"ဟု ပြောဆိုဆုံးမ၏။ ထိုစကားကို မင်းလွှတ်ထားသော သူလျှိုများ ကြားသိ၍ မင်းထံ တင်မလျှောက်ကြ၏။ ကောသလမင်းကြီးက မလ္လိကာအား ခေါ်ယူပြီးလျှင် လိုအပ်သောဆုကို တောင်းရန် ခွင့်ပေး၏။ မလ္လိကာသည် ချွေးမများအား သူတို့မိဘများထံ ပြန်ပို့ခွင့်နှင့် မိမိအား မိမိရပ်ဌာန် ကုသိနာရုံမြို့သို့ ပြန်ခွင့်ပြုရန် ဟူသော ဆုကိုသာ တောင်းယူ၏။ ကောသလမင်းကြီးကလည်း မလ္လိကာ၏ ဆန္ဒအတိုင်း ဆောင်ရွက်ပေးရန် မိန့်ကြားလိုက်လေသည်။

ကောသလမင်းကြီးသည် အပြစ်မရှိသော ဗန္ဓုလနှင့် သားများအား သတ်ဖြတ်ပြီးသည်မှစ၍ စိတ်နှလုံး မသာမယာ ဖြစ်နေရ၏။ မင်းစည်းစိမ်ကို ခံစားနေရသော်လည်း စိတ်နှလုံး မချမ်းသာ နိုင် တော့ပေ။ သို့ဖြစ်၍ စိတ်သက်သာမှု ရလိုရငြား ဘုရားရှင် ရှိရာသို့ ထွက်ခွာလာခဲ့၏။ ထိုစဉ်တုန်းက ဘုရားရှင်သည် သကျမင်းတို့၏ နယ်မြေအတွင်း၌ရှိ မေဒဠုပ မည်သော ရွာနိဂုံးကို အမှီပြု၍ နေတော်မူ၏။ ကောသလမင်းကြီးသည် ဘုရားကျောင်းတော်မှ မနီးမဝေးတွင် သစ်ခက်တဲနန်း ထိုးစေပြီးလျှင် အခြွေအရံ အနည်းငယ်မျှဖြင့် ဘုရားရှင်ထံသို့ သွားရောက်လေသည်။

ဗန္ဓုလ၏ စစ်သူကြီးအရာကို တူဖြစ်သူ ဒီဃကာရာယနထံသို့ ကောသလမင်းကြီးက လွှဲအပ်ထားပြီး ဖြစ်၏။ ဒီဃကာရာယနသည် စစ်သူကြီးအရာကို ရရှိလာသော်လည်း၊ ကောသလမင်းကြီးအား မကျေချမ်းနိုင်ပေ။ အပြစ်မရှိသော မိမိ၏ဦးရီးတော်အား လုပ်ကြံ သတ်ဖြတ်ခဲ့သဖြင့် လက်စားချေခွင့်ကိုသာ ရှာဖွေလျက် ရှိ၏။ ထိုနေ့က ကောသလမင်းကြီးနှင့်အတူ ဘုရားကျောင်းတော်သို့ လိုက်ပါသွားသူများတွင် ဒီဃကာရာယနလည်း ပါဝင်၏။ ကောသလမင်းကြီးသည် ဒီဃကာရာယန၏ အကြံအစည်ကို မရိပ်မိဘဲ မိမိ၏ မင်းမြောက်တန်ဆာ ငါးပါးကို ဒီဃကာရာယနထံ အပ်နှံကာ ဘုရားရှင်ထံ ဝင်၍ ဖူးမြော်၏။ ရှိခိုး၏။ မင်းကြီး ဘုရားရှင်ထံ ဝင်ရောက်နေစဉ်မှာပင် ဒီဃကာရာယန စစ်သူကြီးသည် ဝိဋူဋဘ မင်းသားထံသို့ မင်းမြောက်တန်ဆာ ငါးပါးကို ပေးဆက်၍ မင်းမြှောက်လိုက်၏။ ထို့နောက် ကောသလမင်းကြီးအတွက် မြင်းတစ်စီးနှင့် အလုပ်အကျွေး မိန်းမ တစ်ယောက်ကိုသာ ချန်ထားကာ သူတို့အားလုံး သာဝတ္ထိမြို့တော်သို့ ပြန်သွားကြလေသည်။

(ဤအကြောင်း အစုံအလင်ကို မဇ္ဈိမ ပဏ္ဏာသ၊ ဓမ္မစေတီယသုတ် ပါဠိတော် အဋ္ဌကထာတို့၌ ရှုပါ။)

ကောသလမင်းကြီးသည် ဘုရားရှင်နှင့်တကွ ချစ်ခင်ရင်းနှီးစွာ စကားပြောဆိုပြီးနောက် ပြန်ထွက်လာ၏။ အလုပ်အကျွေး မိန်းမကို မေးမြန်း၍ အဖြစ်အပျက်များကို သိရသောအခါ "ငါ၏ တူတော် အဇာတသတ်မင်းကို သွားခေါ်ပြီး၊ ဝိဋူဋဘကို အဖမ်းခိုင်းမည်"ဟု ဆိုကာ ရာဇဂြိုဟ် မြို့တော်သို့ လာခဲ့ကြ၏။ ရာဇဂြိုဟ်မြို့တော်သို့ ရောက်သောအခါ ညအချိန် ဖြစ်နေသဖြင့် မြို့တံခါးများ ပိတ်ထားကြချေပြီ။ ဤသို့ဖြင့် ကောသလမင်းကြီးသည် မြို့တံခါး အပြင်ဘက် ဇရပ် တစ်ဆောင် မှာသာ တစ်ညလုံး နေရ၏။ အသက်အရွယ် ရှစ်ဆယ်မျှ ရှိရသည်တွင် တစ်နေ့ခင်းလုံး ခရီးက ပန်းလာရ၏။ လေပူနေပူဒဏ်ကို ခံလာရ၏။ တည်းခိုရသော ဇရပ်မှာလည်း အကာအရံ လုံလောက်စွာ မရှိပေ။ သို့ဖြစ်၍ ထိုဒဏ်အားလုံးတာ စုပေါင်း၍ နှိပ်စက်သဖြင့် ကောသလမင်းကြီးမှာ စိတ်ထောင်းကိုယ်ကြေ ဖြစ်၍ ကွယ်လွန်ရလေတော့သည်။

ဤအကြောင်းကို အဇာတသတ်မင်း ကြားသိသောအခါ ဦးရီးတော်၏ အလောင်းကို ကြီးကျယ်စွာ ပူဇော်ပွဲ ကျင်းပ၍ သင်္ဂြိုဟ်လေသည်။

ဝိဋဋူဘသည် ကောသလတိုင်းကြီး၏ မင်းအဖြစ်ကို ရပြီးနောက် သကျခင်းတို့၏ စော်ကားမော်ကားပြုခဲ့ပုံကို ပြန်လည်အောက်မေ့ကာ "သကျအားလုံးကို သတ်အံ့"ဟု ကြိမ်းဝါးလျက် စစ်ချီ၍ ထွက်လာ၏။ ဘုရားရှင်သည် ဆွေတော်မျိုးတော်တို့၏ သေဘေးကို ရှုမြင်တော်မူကာ ကောင်းဆောင်ခရီးဖြင့် ကောသလတိုင်းနှင့် သကျတို့နယ်မြေ ထိစပ်ရာအရပ်သို့ ကြွတော်မူနေ၏။ ကောသလတိုင်းဘက်၌ အရိပ် ကောင်းလှသော ပညောင်ပင်ကြီး ရှိနေ၏။ သကျတို့၏ နယ်မြေဘက်၌ အရိပ်ကျဲလှသော သစ်ပင်တစ်ပင် ရှိနေ၏။ ဘုရားရှင်သည် အရိပ်ကောင်းလှသော ပညောင်ပင်ကြီးအောက်တွင် သီတင်းသုံးတော်မမူဘဲ အရိပ်ကျဲလှသော သစ်ပင်အောက်တွင်သာ သီတင်းသုံးတော်မူလေသည်။

ဝိဋဋူဘသည် ဤနေရာသို့ ရောက်လာပြီးနောက် ဘုရားရှင်ထံ ဝင်ရောက်၍ ရှိခိုးဦးချပြီးလျှင် "အရှင်ဘုရား အရိပ်ကောင်းလှသော သစ်ပင်ကြီးအောက်မှာ သီတင်းသုံးတော်မမူဘဲ အဘယ့်ကြောင့် အရိပ်ကျဲသော သစ်ပင်အောက်၌ သီတင်းသုံးတော်မူရပါသနည်း" ဟု မေးလျှောက်၏။ ဘုရားရှင်က "မင်းကြီး၊ ဆွေမျိုးတို့၏အရိပ်သည် အေးမြပေ၏"ဟု မိန့်တော်မူ၏။ ဝိဋဋူဘမင်းသည် မြတ်စွာဘုရားကား ဆွေတော် မျိုးတော်များအား စောင့်ရှောက်ရန် ကြွတော်မူလာခြင်း ဖြစ်လတ္တံ့ဟု တွေးတောကာ ထိုနေရာမှ ပြန်ဆုတ်လာခဲ့လေသည်။

ဤသို့နှစ်ကြိမ်မှ သုံးကြိမ်တိုင်တိုင် တပ်ကြီး ပြန်၍ ဆုတ်ပြီးလျှင် ဝိဋဋူဘမင်းသည် လေးကြိမ်မြောက်စစ်ချီပြီး၍ လာပြန်၏။ ထိုအကြိမ်တွင်ကား ဘုရားရှင် ကြွချီတော်မမူတော့ပေ။ အကျွ ဆွေတော် မျိုးတော်များသည် ရှေးဘဝတစ်ခုတုန်းက မြစ်ထဲမှာ အဆိပ်ခတ်၍ ငါးများကို သတ်ခဲ့ပုံးသေစကားကို ရှုမြင်တော်မူကာ ထိုကံကို တားမြစ်၍ မရတော့သဖြင့် လျစ်လျူရှုတော်မူရ၏။ ဝိဋဋူဘမင်းသည် ဘိုးတော် မဟာနာမ်နှင့် သူ့အခြွေအရံတို့ကိုသာ ချန်လှပ်ကာ သကျမင်းသား၊ မင်းသမီး အားလုံးကို နို့စို့ကလေးပါမကျန် သတ်ဖြတ်လိုက်လေသည်။

ဝိဋဋူဘမင်းသည် ဘိုးတော်မဟာနာမ်မင်းကို ခေါ်ယူ၍ ပြန်လာခဲ့ရာ နံနက်စာ စားသောက်ချိန်အရောက်တွင် ပွဲတော်တည်ရန် ပြင်ဆင်၏။ ဘိုးတော်မဟာနာမ်မင်းကြီးအား အတူတကွ စားသောက်ရန် ပင့်ခေါ်၏။ မဟာနာမ်မင်းကြီးသည် ကျွန်မ၏သားနှင့် အတူ မစားလိုသဖြင့် "ရေချိုးဦးမည်"ဟုဆိုကာ ရေကန်ထဲသို့ ဆင်းပြီးလျှင် ဝိဋဋူဘ၏

အသတ်ကိုမခံဘဲ မိမိဘာသော ဆတ်သေရန် ရေကန်ထဲသို့ ဆင်းလိုက်၏။ ဤတွင် နဂါးမင်းသည် မဟာနာမ်မင်းကြီးအား နဂါးပြည်သို့ ပင့်ဆောင်၍ ပြုစုလုပ်ကျွေးထားလေသည်။

ဝိဋ္ဋူဘမင်းသည် ဘိုးတော် မဟာနာမ်မင်းကြီးကို ရှာဖွေ၍ မရတော့သဖြင့် မိမိ၏ တပ်ကြီးနှင့်အတူ ပြန်လာကာ အစိရဝတီ မြစ်ကမ်းပါး၌ ညဉ့်အိပ်ရပ်နား၏။ စစ်ထပ်ကြီးအတွင်း၌ အကုသိုလ်က အကျိုးပေးရန် အလှည့်မဆောင့်သေးသူများကား နိမ့်ရာမှမြင့်ရာ သို့ ဆင်း၍ အိပ်မိကြကုန်၏။ ယိုစဉ်အခိုက်တွင် မိုးကြီးသည်းစွာ ရွာသွန်း၍ အစိရဝတီ မြစ်အတွင်း၌ ရေအလျဉ်ကြီး ဆင်းလာလေရာ ဝိဋ္ဋူဘမင်းနှင့် တကွ အနိမ့်မှာအိပ်နေသော စစ်သည်ဗိုလ်ပါ အပေါင်းကို လွှမ်းမိုး တိုက်ယူသွားလေသည်။

ဤအကြောင်းကို ရဟန်းများက ပြောဆို နေကြရာ ဘုရားရှင်ကြွတော်မူ၍ "ရဟန်းတို့၊ ဤသတ္တဝါတို့၏ အလိုဆန္ဒ မပြည့်ဝမီမှာပင် သေမင်းက လာ၍ခေါ်ကာ အပါယ်လေးပါးသို့ပို့ဆောင်တတ်စေသည်"ဟု မိန်တော်မူပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၄၈။ ။ ဝန်းတို့ကို ကောင်းနိုးရာရာ ဆွတ်းခူးသောသူကဲ့သို့ ကာမဂုဏ်တို့၌ လွန်စွာ ကပ်ငြိ တွယ်တာစိတ်ရှိနေသော၊ ကာမဂုဏ်တို့၌ မရောင့်ရဲသောသူကို သေမင်းယုတ်သည် မိမိအလိုအတိုင်း ပြုလုပ်သည်။

## ပတိပူဇိကာ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ပတိပူဇိကာ အမည်ရှိသော အမျိုးသမီး တစ်ယောက်ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

တာဝတိံသာနတ်ပြည်မှ မာလာဘာရီ နတ်သားသည် နတ်သမီး တစ်ထောင်နှင့်တကွ ဥယျာဉ်ဘေးလျှော်ရှိစဉ် နတ်သမီးတစ်ယောက်သည် သစ်ကိုင်းပေါ်မှပင် စုတေစိတ်ကျ၏။ စုတေစိတ်ကျသည်နှင့် တစ်ပြိုင်နက် သူ၏ခန္ဓာကိုယ်သည် ဆီကုန်ခန်းသွားသော ဆီမီးတောက် ကဲ့သို့ ချုပ်ပျောက်သွားပြီးလျှင် သာဝတ္ထိမြို့တော်မှ အိမ်တစ်အိမ်တွင် မွေးဖွားလာ၏။ ထိုသတို့သမီးငယ်သည် ယခင်ဘဝကို ပြန်လည် အောက်မေ့နိုင်

သော ဇာတိဿရဉာဏ်ကို ရရှိသဖြင့် မိမိကိုယ်ကို မာလာဘာရီနတ်သား၏ မယားဖြစ်သည်ဟုပင် မှတ်ထင်နေ၏။ တစ်ဆယ့်ခြောက်နှစ် အရွယ်သို့ ရောက်သောအခါ သတို့သား တစ်ယောက်ကာ တောင်းရမ်းလာသဖြင့် ခင်ပွန်းအိမ်သို့ လိုက်သွားရ၏။ ထိုအိမ်မှာ နေစဉ်မှာလည်း၊ စားရေးတံဆွမ်း၊ လပတ်ဆွမ်းနှင့် ဝါဆိုသင်္ကန်းစသည်တို့ကို လှူဒါန်း၏။ ကုသိုလ်ကောင်းမှု တစ်ခုခုပြုလုပ်တိုင်း "တပည့်တော်မသည် ဤကောင်းမှုကြောင့် အရှင်နတ်သားထံသို့ ပြန်၍ ရောက်ရပါစေသတည်း" ဟု ဆုတောင်းလေ့ရှိ၏။ ထို့ကြောင့် ရဟန်းတို့က လင်ကို တောင်းဆုလှူဒါန်းပူဇော်ခြင်းကို ဗျူပွတ်ပြုကာ "ပတိပူဇိကာ" ဟု အမည်ပေးကြလေသည်။

ပတိပူဇိကာသည် ရဟန်းတို့၏ ဆွမ်းစားဇရပ်ကို အမြဲပြုတ် သုတ်သင်ရှင်းလင်းပေး၏။ သောက်ရေတည်ထား၏။ နေရာများကို ခင်းကျင်း၏။ အခြားသူများ၏ ကောင်းမှု ကုသိုလ်ပြုရာတွင်လည်း ကူညီဆောင်ရွက်ပေး၏။ ဤသို့ ကုသိုလ်ကောင်းမှု အမျိုးမျိုးပြုလျက် နေလာခဲ့ရာ သားလေးယောက်ရရှိ၏။ တစ်နေ့သ၌ ပတိပူဇိကာသည် ဘုရားရှင်အားလှူဒါန်းဖွယ် ဝတ္ထုပစ္စည်းများလှူဒါန်းပြီးလျှင် သီလဆောက်တည်ခြင်း၊ တရားနာခြင်းများ ပြုလုပ်၍ အိမ်သို့ ပြန်လာ၏။ ထိုနေ့ နေ့ဝင်ချိန်မှာပင် ရုတ်တရက် ဖြစ်ပေါ်လာသော ရောဂါဖြင့် ကွယ်လွန်ကာ မာလာဘာရီနတ်သားထံသို့ ပြန်ရောက်သွား၏။ ထိုအချိန်၌ နတ်သမီးတို့သည် မာလာဘာရီနတ်သားကို ပန်ဆင်ပေးနေကြဆဲ ဖြစ်လေသည်။

မာလာဘာရီနတ်သားက "နံနက်စောစော သင့်ကို မမြင်ရပါ။ အဘယ်အရပ်သို့သွားနေသနည်း" ဟု မေးမြန်း၏။ ပတိပူဇိကာက နတ်ပြည်မှ စုတေစိတ်ကျ၍ လူ့ပြည်၌ ဖြစ်ခဲ့ရပုံများကို ပြောပြ၏။ ထိုအချိန်၌ လူတို့၏ သက်တမ်းမှာနှစ်တစ်ရာဖြစ်လေရာ ထိုနှစ်တစ်ရာသည် တာဝတိံသာ နတ်ပြည်၌တစ်ရက်တာမျှသာဖြစ်၏။ ထိုရက်ကို လဖွဲ့ကာ ထိုလကို တစ်ဖန် နှစ်ဖွဲ့ကာ နှစ်ပေါင်းတစ်ထောင်တိုင်တိုင် တာဝတိံသာနတ်တို့ အသက်ရှည်၏။ လူတို့၏ အရေအတွက်ကား နှစ်ပေါင်း သုံးကုဋေ ခြောက်သန်း ဖြစ်၏။ ထို့ကြောင့် မာလာဘာရီနတ်သားက "အသက်တမ်းတိုလှသော လူတို့အဖို့မေ့မေ့လျော့လျော့ နေရန်မသင့်ချေတကား" ဟု ရွတ်ဆိုလေသည်။

နောက်တစ်နေ့၌ ရဟန်းတို့သည် မိမိတို့ကို ပြုစုလုပ်ကျွေးခဲ့သော ပတိပူဇိကာ သေဆုံးကြောင်းသိကြ၍ ပုထုဇဉ် ရဟန်းတို့က ငိုကြွေးကြကုန်၏။ ရဟန္တာပုဂ္ဂိုလ်တို့ကား ဓမ္မသံဝေဂ ပွားများကြကုန်၏။ ထိုရဟန်းတို့

သည် ဆွမ်းစားပြီးကြသောအခါ ဘုရားရှင်ထံသို့ဝင်ရောက်ကာ "အရှင်ဘုရား၊ သတ္တဝါတို့၏အသက်သည် အလွန်တရာ တိုတောင်း၏ လစ္စတာဘာ၊ ငတိပူဇိကာသည် နံနက်အခါကပင် တပည့်တော်တို့ကို ပြုစုလုပ်ကျွေးခဲ့၍ ညနေမှာ သေဆုံးသွားရပါသည်ဘုရား" ဟု လျှောက်ထားကြကုန်၏။ ဘုရားရှင်က "ရဟန်းတို့ ထိုစကား မှန်၏၊ သတ္တဝါတို့ အသက်သည် အလွန်တရာ တိုတောင်းလှ၏" ဟု မိန့်တော်မူကာ အောက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၄၉။ ပျားပိတုန်းသည် ပန်းပွင့်ကိုလည်းကောင်း၊ အဆင်းအနံ့ကိုလည်းကောင်း၊ မပျက်စေဘဲ ပန်းဝတ်ရည်ကို စုပ်ယူ ပျံသွားဘိသကဲ့သို့ ရဟန်းသည် ပန်းတည်းဟူသော သဒ္ဓါတရားကိုလည်းကောင်း၊ အဆင်းအနံ့တည်းဟူသောစည်းစိမ်ဥစ္စာကိုလည်းကောင်း မပျက်စီးစေဘဲ ရွာ၌ ကျင့်သုံးရာ၏။

## မစ္ဆရိယကောသိယ သေဌေး

ဇေတဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် မစ္ဆရိယကောသိယသေဌေးအားအရှင် မောဂ္ဂလာန်ဆုံးမခြင်းချွတ်သည်ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ရာဇဂြိုဟ်မြို့တော်နှင့် မနီးမဝေးရှိ သက္ကာရမည်သော ရွာကြီးတွင် မစ္ဆရိယကောသိယသေဌေး နေထိုင်၏။ ထိုသေဌေးသည် ကုဋေရှစ်ဆယ်မျှ ကြွယ်ဝချမ်းသာသော်လည်းမိမိကိုယ်တိုင်လည်းစည်းစိမ် ခံစားခြင်းမပြုပေ။ သူတစ်ပါးကိုလည်း ဝေးကမ်းစွန့်ကြဲမှု မပြုပေ။ တစ်နေ့သ၌ မစ္ဆရိယကောသိယ သေဌေးသည် မင်းထံ ခစားဝင်ရာမှ ပြန်အလာတွင် ရွာသားတစ်ဦး မုန့်ကြော်ကို မြိန်မြိန်ယှက်ယှက်စားနေသည်ကို မြင်ကာ မိမိလည်း စားချင်လှ၏။ သို့ရာတွင် မိမိကစားချင်ကြောင်းပြောလိုက်၍ အခြားသူများကပါ အတူယူ၍ စားချင်လာကြလျှင် မုန့်များစွာ ကြော်နေရမည်ကို စိုး၍ မည်သူ့ကိုမျှမပြောဘဲ မျိုသိပ်ထား၏။ ဤသို့ မျိုသိပ်ထားလေ မုန့်ကြော်စားချင်စိတ်ပြင်းထန်လာလေဖြစ်ကာ သေဌေးကြီးသည်အခန်းထဲဝင်၍ အိပ်နေရလေတော့သည်။

သေဋ္ဌေးကတော်ကြီးသည် သဋ္ဌေးကြီး၏ အမူအရာထူးခြားနေသည်ကို အကဲခတ်ကာအခန်းထဲဝင်၍ မရမက မေးလွန်းပါမှ သူ့စိတ်အလိုကို ပြောပြ၏။ သေဋ္ဌေးကတော်ကြီးက သေဋ္ဌေးကြီးနှင့်တကွ လူအများတို့ စားနိုင်အောင် ကြော်ပေးမည် ပြောသော်လည်း သေဋ္ဌေးကြီးက လက်မခံပေ၊ ထိုမှတစ်ဆင့် ကျွေးရမည့်လူကို လျှော့၍ လျှော့၍ ပြောသော်လည်း ငြင်းပယ်မြဲငြင်းပယ်နေ၏။ နောက်ဆုံး သေဋ္ဌေးကြီး တစ်ယောက်အတွက် လာကြော်ပေးပါမည်ဆိုမှ လက်ခံ၏။ တစ်ယောက်တည်းအတွက် ကြော်ကြစို့ ဆိုတော့လည်း အခြားသူတို့ စားချင်နေကြမည်စိုး၍ မုန့်ကြော်စရာ ပစ္စည်းများကို ဘုံခုနစ်ဆင့် ပြာသာဒ်ထက်သို့ ယူဆောင်ကာ သူတို့ လင်မယားနှစ်ယောက်တည်း မုန့်ကြော်ကြလေသည်။

ထိုနေ့၌ ဘုရားရှင်သည် မစ္ဆရိယ ကောသိယသေဋ္ဌေး ကျွတ်တမ်းဝင်မည့် အရေးကို မြင်တော်မူသဖြင့် အရှင် မောဂ္ဂလာန်အား သေဋ္ဌေးကို ဆုံးမ၍ ခေါ်ဆောင်လာခဲ့ရန် စေလွှတ်တော်မူ၏။ အရှင် မောဂ္ဂလာန်သည်သပိတ်လွယ်လျက်၊သင်္ကန်းကို သပ္ပာယ်စွာ ဝတ်ရုံကာ သေဋ္ဌေး၏ လေသာပြတင်းဝတွင် ရပ်တည်လာ၏။ မစ္ဆရိယကောသိယ သေဋ္ဌေးကြီးသည် ဤသို့ တောင်းလာ ရမ်းလာမည့်သူများ မြင်မည်စိုး၍ ပုန်းရှောင်လာခဲ့ပါလျက် မိမိ ပုန်းရှောင်ရာသို့ ရဟန်းက မရ ရအောင် လိုက်လာခဲ့သဖြင့် ဒေါသအမျက်ခြောင်းခြောင်း ထွက်ကာ "ရဟန်း၊ ကောင်းကင်၌ ရပ်သော်လည်း ဘာကိုရမည်နည်း၊ ကောင်းကင်၌ ခြေရာထင်အောင် စင်္ကြံကြွသော်လည်း ဘာကိုမျှ ရမည်မဟုတ်ချေ"ဟု ဆို၏။ အရှင်မောဂ္ဂလာန်သည် ထို ပြတင်းဝမှာပင် လူးလာခေါက်ပြန် စင်္ကြံကြွလေသည်။

သေဋ္ဌေးကြီးက တစ်ဖန် "စင်္ကြံကြွသော်လည်း ဘာကိုရမည်နည်း၊ ကောင်းကင်၌ တင်ပျဉ်ခွေ၍ထိုင်သော်လည်း ဘာကိုမျှရမည်မဟုတ်ချေ"ဟု ဆိုပြန်၏။ အရှင်မောဂ္ဂလာန်ကလည်း ကောင်းကင်၌ တင်ပျဉ်ခွေ၍ထိုင်၏။ သေဋ္ဌေးကြီးကတစ်ဖန် "ရဟန်း၊ ကောင်းကင်၌ တင်ပျဉ်ခွေ၍ ထိုင်သော်လည်း ဘာကိုရမည်နည်း၊ တံခါး ခုံ၌ ရပ်သော်လည်း ဘာကိုမျှမရလတ္တံ့" ဟု ဆိုပြန်၏။ အရှင်မောဂ္ဂလာန်ကလည်း တံခါးဝမှာ ရပ်ပြန်၏။

သေဋ္ဌေးကြီးက တစ်ဖန်"တံခါးဝမှာ ရပ်သော်လည်း ဘာကိုရမည်နည်း၊ အခိုးလွှတ်သော်လည်း ဘာကိုမျှရမည်မဟုတ်"ဟု ဆိုပြန်လေ၏။ အရှင်မောဂ္ဂလာန်ကလည်း ပြာသာဒ်ဆောင်တစ်ခုလုံး ဖုံးလွှမ်းသွားအောင် အခိုးလွှတ်၏။ သေဋ္ဌေးကြီး၏ မျက်စိများသည်မီးခိုးဒဏ်ကြောင့် ကျိန်းစပ်

စူးရှလာကုန်၏။ သေဋ္ဌေးကြီးသည် ပြာသာဒ်ဆောင်ကြီး မီးလောင်သွားမည် စိုး၍ "မီးလျှံလွှတ်သော်လည်း မရ" ဟု မဆိုရဲတော့ဘဲ သေဋ္ဌေးကတော်ကြီးကိုသာ "ရှင်မ၊ ရှင်မ၊ ရဟန်းသည် မရလျှင် ပြန်သွားမည်မဟုတ်ချေ။ သူ့အတွက် မုန့်သေးတစ်ယှက်ကြော်၍ ပေးလိုက်ပါ" ဟု ဆိုလေသည်။

သေဋ္ဌေးကတော်သည် မုန့်အနည်းငယ်မျှကိုသာ ယူ၍ အိုးထဲ ထည့်ကြော်လိုက်၏။ မုန့်ချည်နှင့်မလိုက်အောင် မုန့်ယှက်သည် ဒယ်နှင့်အပြည့် ဖောင်းဖောင်းကားကား ဖြစ်လာ၏။ သေဋ္ဌေးကြီးသည် မုန့်ယှက်ကြီးကို ကြည့်ကာ "သင်သည် မုန့်ရည်များစွာယူ၍ဖြစ်မည်" ဟု ဆိုကာ ယောက်မအစွန်းကလေးဖြင့် မုန့်ရည်ကို တို့ရုံမျှသာ ယူပြီးလျှင် ဒယ်ထဲထည့်၍ ကြော်လိုက်၏။ ယခင် မုန့်ယှက်ထက် ပို၍ကြီးသော မုန့်ယှက်ကြီးဖြစ်လာပြန်၏။ ထိုမုန့်ယှက်ကို မကျေနပ်သေးသဖြင့် ထပ်ကာထပ်ကာ ကြော်လေသမျှ မုန့်များမှာလည်း ကြီးသည်ထက် ကြီး၍ကြီး၍လာကြ၏။ သေဋ္ဌေးကြီးသည် မုန့်သေးသေးကို ကြော်မရသဖြင့် စိတ်ပျက်လက်ပျက်ဖြစ်ကာ "နှမ၊ ဤရဟန်းအား မုန့်တယှက်လှူလိုက်ပါလော့" ဟု ဆိုလေသည်။

သေဋ္ဌေးကတော်ကြီးသည် မုန့်တစ်ယှက်ကိုလှူရန် ခွဲယူရာတွင် မုန့်အားလုံးသည် တစ်ခုနှင့်တစ်ခု ကပ်နေကြ၏။ သေဋ္ဌေးကြီး ပါ ဝင်ကူညီ၍ ဆစ်ခုချင်းဖြစ်အောင် ခွဲသော်လည်း ကွဲကွာ၍မလာပေ။ မုန့်များကို အားကုန်ဆွဲ၍ ခွဲနေရသဖြင့် သဋ္ဌေးကြီးမှာ ချွေးပြိုက်ပြိုက်ကျလာ၏။ တစ်ကိုယ်လုံး နုံးခွေပန်းလာကာ "နှမ၊ ငါမုန့်မစားလိုတော့ပြီ။ မုန့်အားလုံးရဟန်းအား လှူလိုက်ပေလော့" ဟုဆို၏။ သေဋ္ဌေးကတော်ကြီးသည် မုန့်များကို အရှင်မောဂ္ဂလာန်ထံသို့ ယူကာ ဆက်ကပ်လှူဒါန်း၏။ အရှင်မောဂ္ဂလာန်သည် သူတို့နှစ်ဦးအား ဒါနအကျိုးတရားကို ဟောကြားလေသည်။

သေဋ္ဌေးကြီးသည် တရားတော်ကို ကြားနာရ ကြည်ညိုလာသဖြင့် "အရှင်ဘုရား၊ ဤပလ္လင်သို့ ကြွတော်မူ၍ မုန့်ကို ဘုဉ်းပေးတော်မူပါ" ဟု လျှောက်ထား၏။ အရှင်မောဂ္ဂလာန်က "သေဋ္ဌေးကြီး ဘုရားရှင်သည် ယနေ့ အခြားဆွမ်းကို ဘုဉ်းပေးတော်မမူ၊ သေဋ္ဌေးကြီးတို့ လောင်းလှူသောမုန့်ကိုသာဘုန်းပေးရန် ဇေတဝန်ကျောင်းတော်မှ စောင့်မျှော်တော်မူလျက် ရှိနေ၏။ ဤရွာနှင့် ဇေတဝန်ကျောင်းတော်သည် လေးဆယ့်ငါးယူဇနာမျှကွာလှမ်း၏။ သို့ရာတွင် သေဋ္ဌေးကြီးတို့ လိုက်လိုကြပါလျှင် ငါတာ တန်ခိုးဖြင့် ဆောင်ယူပေးပါအံ့" ဟု မိန့်ကြား၏။ သေဋ္ဌေးကြီးတို့ နှစ်ယောက်လည်း

ဘုရားရှင်ထံသို့ လိုက်ပါလိုကြသဖြင့် သေဌေးကြီး၏ ပြာသာဒ်စောင်းအနီး ရှေ့လှေကားဦးကို ဇေတဝန်ကျောင်းတော် တံခါးမုခ်သို့ရောက်နေအောင် အစီအစဉ်ပြုလိုက်လေသည်။

သေဌေးကြီးနှင့် သေဌေးကတော်တို့သည် စောင်းတန်းမှ ဆင်း၍ ဇေတဝန် ကျောင်းတော်သို့ ဝင်ကာ ဘုရားရှေ့တော်မှောက်သို့ ရောက်ကြကုန်၏၊ သေဌေးကြီးသည် ဘုရားရှေ့တော်၌ အလှူရေစက်ကို သွန်းလောင်း၏။ သေဌေးကတော်ကြီးက ဘုရားရှင်နှင့်တကွ သံဃာတော်များအား မုန့်ဆွမ်းဆက်ကပ်၏။ ထောပတ်၊ ပျားသကာတို့ကိုလည်း ဆက်ကပ်၏၊ ထိုမုန့်တို့သည် ဇေတဝန်ကျောင်းတော်ကြီး တစ်ခုလုံးရှိ ရဟန်းများနှင့်တကွ စားကြွင်းစားများ စားသောက်၍ပင် မကုန်ခန်းနိုင်ပေ။

ဆွမ်းစားခြင်းကိစ္စ ပြီးစီးသောအခါ ဘုရားရှင်သည် ဆွမ်းဒါယကာနှင့် ဒါယိကာမကြီးတို့အား တရားဟောတော်မူ၏။တရားတော်အဆုံး၌ နှစ်ယောက်လုံး သောတာပန်တည်ကြကုန်၏၊ သေဌေးနှင့်သေဌေးကတော်တို့သည် ဘုရားရှင်ကို ရှိခိုးပူဇော်အာ မိမိတို့ပြာသာဒ်ထက်သို့ အက်လာကြကုန်၏။ ထိုအခါမှစ၍ မစ္ဆရိယ ကောသိယသေဌေးကြီးသည် ကုဋေရှစ်ဆယ်သော ဥစ္စာများကို သာသနာတော်၌ စွန့်လွှတ် လှူဒါန်းလေသည်။

ရဟန်းတို့သည် ညချမ်း အချိန်၌ တရားသဘင်မှာ စုဝေးကြပြီးလျှင် "ငါ့ရှင်တို့၊ အရှင်မောဂ္ဂလာန်၏တန်ခိုးအာနုဘော်ကို ရှုကြစမ်းလော့၊ သေဌေးကြီး၏အဒ္ဒါစရှုးကိုလည်းကောင်း၊ စည်းစိမ်ဥစ္စာ ကိုလည်းကောင်း၊ မထိခိုက်မပျက်စီးစေဘဲ အရှင်မောဂ္ဂလာန်သည် မစ္ဆရိယကောသိယသေဌေးကြီးကို ကျောင်းတော်သို့ ခေါ်ဆောင်၍လာနိုင်ပါပေသည်"ဟု ချီးကျူးကြကုန်၏။ ထိုစဉ်တွင်ဘုရားရှင်ကြွချီတော်မူလာကာ "ရဟန်းတို့၊ ဒါယကာတို့ကို ဆုံးမတတ်သော ရဟန်းမည်သည် ဤသို့သာ ကျင့်သုံးရာ၏"ဟု မိန့်တော်မူပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူသတည်း။

## ဒေသနာတော်

၅၀။ ။သူတစ်ပါး၏ မသင့်လျော်သော အပြစ်ဒေါသကို မကြည့်ရှုရာ။ သူတစ်ပါးတို့၏ ကောင်းမှု၊ မကောင်းမှု ပြုမပြုကို မကြည့်ရှုရာ။ မိမိ၏ကောင်းမှု၊ မကောင်းမှု ပြု မပြုကိုသာလျှင် ကြည့်ရှုရာ၏။

## ဇာတ္တုပ္ပာဇကြီးမိ

# ပါဝေယျက တက္ကတွန်း

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ပါဝေယျက အမည်ရှိသော တက္ကတွန်းကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

သာဝတ္ထိမြို့တော်မှ သူကြွယ်မတစ်ဦးသည် အိမ်နီးချင်းတို့ထံမှ ဘုရားရှင်၏ ဂုဏ်ကျေးဇူးများကို ကြားသိရသဖြင့် ဘုရားကျောင်းတော်သို့ သွား၍ တရားနာရန်ကြံစည်၏။ မိမိ၏ အကြံအစည်ကို မိမိက သားကဲ့သို့ ကျွေးမွေးပြုစုထားသော ပါဝေယျက တက္ကတွန်းက အကြိမ်ကြိမ် တားမြစ်နေသဖြင့် ဘုရားရှင်ကို အိမ်သို့ပင့်၍ ဆွမ်းကပ်ရန် အိမ်မှာရှိနေသော သားကို အပင့်အလျှောက် စေလွှတ်လိုက်၏။ သားဖြစ်သူသည် ဘုရားကျောင်းတော်သို့အသွားတွင် ပါဝေယျက တက္ကတွန်း၏ ကျောင်းသို့လည်း ဝင်ရောက်ကာ မိခင်ခိုင်းလိုက်သောကိစ္စကို ပြောပြ၏။ တက္ကတွန်းက "ရဟန်းဂေါတမထံ သွားမပင့်နှင့်။ ရဟန်းဂေါတမအတွက် ချက်ပြုတ်ထားသော စားကောင်းသောက်ဖွယ်ကို ငါတို့နှစ်ယောက်သာ စားကြစို့" ဟု ဆို၏။ သားဖြစ်သူက "အမိကိုကြောက်၍ မသွားဘဲ မနေနိုင်ပါ" ဟု ဆိုသောအခါ တက္ကတွန်းက "ဤသို့ဖြစ်လျှင် ရဟန်းဂေါတမကို သင်တို့ အိမ် တည်ရှိရာ မပြောပြဘဲ ပင့်ခဲ့လော့" ဟုဆို၏။ သားဖြစ်သူကလည်း တက္ကတွန်းဆိုသည့်အတိုင်း အိမ်နေရာဌာနကို မလျှောက်ထားဘဲ ဘုရားရှင်ကို ပင့်ခဲ့လေသည်။

အိမ်နီးချင်း အမျိုးသမီးတို့သည် သူကြွယ်မကြီး၏ အိမ်၌ ဘုရားရှင်အတွက် နေစရာ ထိုင်စရာ ခင်းကျင်း၍ ပေးကြရ၏။ ရတနာသုံးပါး မဆည်းကပ် မကိုးကွယ်ဖူးသော သူတို့သည် ဆင့်တင့် လျောက်ပတ်သော နေစရာထိုင်စရာကို မခင်းတတ်ကြသဖြင့် ဤသို့ ကူညီပေးရခြင်း ဖြစ်၏။ ပါဝေယျက တက္ကတွန်းသည် စောစောကပင် ရောက်နေကာ တိုက်ခန်း၏ နောက်ကွယ်၌ ပုန်းလျှိုး၍ နေလေသည်။

လျှောက်ထားသူက အိမ်တည်ရှိရာ ဌာနကို မလျှောက်ထားခဲ့သော်လည်း ဘုရားရှင်က သိရှိတော်မူသည်သာ ဖြစ်၏။ ဘုရားရှင်တို့သည် အပါယ်လေးပါးသွားရာလမ်းကြောင်း၊ လူ့ပြည်၊ နတ်ပြည် သွားရာလမ်းကြောင်းနှင့်တကွ နိဗ္ဗာန်သွားရာ လမ်းကြောင်းများကို သိတော်မူထားပြီးဖြစ်၍ မြေပြင်ပေါ်မှ သာမန်ခရီးများကို လျှောက်ထားနေရန် မလိုချေ။ သို့ဖြစ်၍

အချိန်ကျရောက်သောအခါ ဘုရားရှင်လည်း သပိတ်ကိုလွယ်ကာ ယက်န်း ကိုရုံလျက် သူကြွယ်မကြီး၏ အိမ်သို့ ကြွတော်မူ၏။ သူကြွယ်မကြီးသည် ဘုရားရှင်ကို အိမ်တွင်းသို့ပင့်၍ ဆွမ်းဆက်ကပ်ပြီးလျှင် တရားနာယူလေ သည်။

ဘုရားရှင်၏ တရားတော်ကို သူကြွယ်မကြီးက အားရဝမ်းသာ သာခုံ ခေါ်၍ နာယူနေသည်ကို တက္ကတွန်းက သည်းမခံနိုင်သဖြင့် ပုန်းကွယ်နေ ရာမှ ထွက်လာပြီးလျှင် သူကြွယ်မကြီးနှင့်တကွ ဘုရားရှင်ကိုပါ ဆဲရေး၍ ထွက်ခဲ့ပြီး၏။ သူကြွယ်မကြီးသည် တက္ကတွန်း၏ ဆဲရေးစကားတို့ကြောင့် စိတ်အနှောင့်အယှက်ဖြစ်ကာ တရားကို စိတ်ဖြောင့်ဖြောင့် မနာနိုင်ပေ။ သို့ဖြစ်၍ ဘုရားရှင်က ဒါယိကာမကြီးအား သတိပေးသော အားဖြင့် အထက်ပါဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ သူကြွယ်မကြီးသည် သောတာပန် ဖြစ်လေ၏။

ဒေသနာတော်

၅၁။ ။ အဆင်းသာရှိ၍ အနံ့မရှိသော လှပတင့်တယ်သော ပန်းသည် တစ်စုံတရာ အကျိုးမရှိသကဲ့သို့ ကောင်းစွာ ဟောကြားအပ်သော တရား ဒေ သနာတော်သည် မလိုက်နာ မကျင့်သုံးသောသူအား အကျိုးဆောင်၍ မပေး နိုင်ချေ။

၅၂။ ။အဆင်းရောအနံ့ပါ ပြည့်စုံ၍ လှပတင့်တယ်သောပန်းသည် အကျိုး များစွာ ရှိသကဲ့သို့ ကောင်းစွာ ဟောကြားအပ်သော တရားဒေသနာတော် သည် လိုက်နာကျင့်သုံးသူအား အကျိုးများစွာ ရွက်ဆောင်ပေး၏။

## ဆတ္တပါဏိ ဒါယကာ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် မလ္လိကာ မိဖုရားနှင့် ဝါသဘခတ္တိယာ မိဖုရားတို့ကို အကြောင်းပြု၍ ဤဒေသနာ တော်ကို ဟောကြားလေသည်။

သာဝတ္ထိမြို့တော်မှ "ဆတ္တပါဏိ" အမည်ရှိသော ဒါယကာ တစ် ယောက်သည် ပိဋကတ်သုံးပုံကိုလည်း ဆောင်၏၊ အနာဂါမ်ပုဂ္ဂိုလ်လည်း ဖြစ်၏။ အနာဂါမ်ပုဂ္ဂိုလ်ဖြစ်၍ သီလခံယူရန်မရှိ၊ ပကတိမြဲခိုင်သော ဗြဟ္မ စရိယ သီလရှိပြီးဖြစ်သော်လည်း တရားနာယူရန် ဘုရားရှင်ထံသို့ သွား၏။ ထိုအချိန်မှာပင် ကောသလမင်းကြီးသည် ဘုရားရှင်ထံသို့ ဝင်ရောက်

လာလေရာ ဘုရားရှင်ထက် မင်းကို အရိုအသေပေးရာ ရောက်မည် စိုး၍ ဆတ္တပါဏိ ဒါယကာသည် မင်းကြီးအား နေရာမှထ၍ မပေးပေ။ မင်းကြီး အမျက်ထွက်၍ အပြစ်ပေးလျှင် ခံရုံပင် ရှိတော့သည်ဟု စိတ်ပိုင်းဖြတ် ထားလေသည်။

ဆတ္တပါဏိဒါယကာ တွေးမိသည့်အတိုင်း ကောသလမင်းကြီးကလည်း အမျက်ထွက်၏။ ဤသို့ အမျက်ထွက်ကြောင်းကို ဘုရားရှင် သိတော်မူ လေရာ "မင်းကြီး ဆတ္တပါဏိဒါယကာသည် ပညာရှိ၏။ တရားကိုသိပြီး ဖြစ်၏၊ ပိဋကတ်သုံးပုံဆောင်၏၊ အကြောင်းအကျိုး၌ ကျွမ်းကျင်လိမ္မာ ၏၊" ဟု ဟောတော်မူ၏။ ထိုစကားကို ကြားရသဖြင့် ကောသလမင်း ကြီး အမျက်ဒေါသများ ပြေပျောက်သွားလေသည်။

တစ်နေ့သ၌ ကောသလမင်းကြီးသည် ဆတ္တပါဏိဒါယကာကို ခေါ်ယူ ကာ နန်းတော်သို့ နေ့စဉ်လာရောက်၍ တရားဒေသနာတော်များကို ပို့ချ ပေးရန် မိန့်ကြား၏။ ဆတ္တပါဏိက "အရှင်မင်းကြီး၊ ကျွန်ုပ် မစွမ်းနိုင် ပါ၊ နန်းတော်ဇည်သည် အပြစ်များလှပါသည်" ဟု လျှောက်တင်၏။ သို့ဖြစ်၍ ဘုရားရှင်ထံသို့ ကောသလမင်းကြီးကိုယ်တိုင် ဝင်ရောက်ပြီး "အရှင်ဘုရား၊ မလ္လိကာနှင့်ဝါသဘခတ္တိယာတို့က တရားဒေသနာတော် များ သင်ယူလိုသည်ဟု ဆိုကြပါသည်၊ တရားဒေသနာတော်များ ပို့ချ ရန် ရဟန်းတစ်ပါးကို စေလွှတ်၍ ပေးတော်မူပါဘုရား" ဟု လျှောက်ထား ၏၊ ဘုရားရှင်က အရှင်အာနန္ဒာကို ဟပဝန်ပေး၍ စေလွှတ်တော် မူလေ သည်။

တစ်နေ့သ၌ ဘုရားရှင်က အရှင်အာနန္ဒာတော်ကို တရားဒေသနာတော် ပို့ချခြင်းနှင့်စပ်လျဉ်း၍ မေးမြန်းတော်မူလေရာ အရှင်အာနန္ဒာက "အရှင် ဘုရား၊ မလ္လိကာမိဖုရားသည် တရားဒေသနာတော်များကို ရိုသေစွာ သင်ယူပါသည်၊ ရိုသေစွာ ရွတ်ဖတ် သရဇ္ဈာယ်ပါသည်၊ နှုတ်တက်ရွရွ ရရှိထားပါသည်၊ ဝါသဘခတ္တိယာမိဖုရားကား တရားဒေသနာတော်ကို ရိုသေစွာ သင်ယူခြင်းလည်း မပြုပါ၊ ရိုသေစွာ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း လည်း မပြုပါ၊ နှုတ်တက်ရွရွလည်း မရရှိပါ" ဟု လျှောက်ထား ၏။ ဤသို့ လျှောက်ထားသော စကားကို အကြောင်းပြု၍ ဘုရားရှင်သည် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၅၃။ ။ ပန်းပုံကြီး အတွင်းမှ များစွာသော ပန်းကုံးတို့ကို သိကုံးသကဲ့သို့ ဖြစ်ခဲပေါ်လာသော သတ္တဝါသည် ဥစ္စာ၊ သဒ္ဓါတည်း ဟူသော အစုအပုံတွင်းမှ များစွာသော ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ရာ၏။

# ဝိသာခါ ကျောင်းအစ်မကြီး

သာဝတ္ထိပြည်တော်၊ ပုဗ္ဗာရုံကျောင်း၌ ဒါယိကာမကြီး ဝိသာခါကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော် မူလသည်။

ဝိသာခါသည်ကား ဗိမ္ဗိသာရမင်းကြီး၏ ပိုင်နက်ဖြစ်သော အင်္ဂတိုင်း ဘဒ္ဒိယမြို့မှ မေဏ္ဍကာ သေဋ္ဌေးကြီး၏သား ဓနဉ္စယ သေဋ္ဌေးနှင့် သေဋ္ဌေးကတော် သုမနဒေဝီတို့မှ ပေါက်ဖွားသော သမီးရတနာ ဖြစ်၏။ ဗိမ္ဗိသာရမင်းကြီး၏ ပိုင်နက် အတွင်းမှာပင် ဇောတိက၊ ဇဋိလ၊ ပုဏ္ဏကနှင့် ကာကဝလိယ ဟူသော အခြား သေဋ္ဌေးကြီးများလည်း ရှိကြပေသေးသည်။ တစ်ရံရောအခါ ဘုရားရှင်သည် မေဏ္ဍကာ သေဋ္ဌေးကြီး နေထိုင်ရာ ဘဒ္ဒိယမြို့သို့ ကြွရောက်တော်မူ၏။ မေဏ္ဍက သေဋ္ဌေးကြီးသည် ခုနစ်နှစ်အမိ အရွယ်မျှသာ ရှိသေးသော မြေးဖြစ်သူ ဝိသာခါကို ကျွန်မ ငါးရာနှင့်တကွ ရထား ငါးရာဖြင့် ဘုရားရှင်ထံ စေလွှတ်လိုက်၏။ ဝိသာခါသည် ဘုရားရှင်နှင့် မနီးမဝေးသို့ရောက်သောအခါ ရထားမှ ဆင်းသက်၍ ဘုရားရှင်ထံ ခြေကျင် သွားရောက်ပြီးလျှင် ရိုသေစွာ ရှိခိုးဦးချ၏။ ဘုရားရှင်က ဝိသာခါ၏ စိတ်ဓာတ် စရိုက်နှင့် သင့်လျော်သော တရားတော်ကို ဟောကြားတော်မူလေရာ ဝိသာခါသည် ကျွန်မ ငါးရာနှင့်အတူ သောတာပတ္တိဖိုလ်၌ တည်၏။ မေဏ္ဍကာ သေဋ္ဌေးကြီးသည်လည်း ဘုရားရှင်ထံမှ တရားနာရသဖြင့် သောတာပတ္တိဖိုလ်၌ တည်ပြီးနောက် ဘုရားရှင်နှင့်တကွ သံဃာတော်များကို အိမ်သို့ပင့်ဆော ဆယ့်ငါးရက်တိုင်တိုင် အလှူကြီး ပေးလေသည်။

မဂဓတိုင်း အရှင် ဗိမ္ဗိသာရမင်းကြီးနှင့် ကောသလတိုင်း အရှင် ပသေနဒီ ကောသလမင်းကြီးတို့သည် သမီးယောက်ဖ အပြန်အလှန် တော်စပ်သူများ ဖြစ်ကြ၏။ ဗိမ္ဗိသာရမင်းကြီး၏ နိုင်ငံ အတွင်း၌ စည်းစိမ်ဥစ္စာ မရေတွက်နိုင်လောက်အောင် ပေါများသော သေဋ္ဌေးကြီး ငါးဦး ရှိနေသော်လည်း ကောသလမင်းကြီး၏ နိုင်ငံတွင်ကား တစ်ယောက်မျှမရှိပေ။ တစ်နေ့သ၌ ကောသလမင်းကြီး လာရောက်ကာ မိမိနိုင်ငံသို့ သေဋ္ဌေးကြီး

တစ်ဦးဦးကို ပေးပါရန် တောင်းဆို၏၊ ဗိမ္ဗိသာရမင်းကြီးသည် ဆွေအား မျိုးအား တောင့်တင်းလှသော သေဋ္ဌေးကြီးများကို ပေးလိုက်ရန် အခက် အခဲ ရှိနေ၍ဖြင့် မေဏ္ဍက သေဋ္ဌေးကြီး၏သား ဓနဉ္စယ သေဋ္ဌေးကို ပြောင်း ဆို ဖျောင်းဖျ၍ ကောသလတိုင်းကို ထည့်လိုက်၏၊ ဓနဉ္စယသေဋ္ဌေးသည် ကောသလမင်းကြီးနှင့် အတူ လိုက်ပါသွားလေရာ သာဝတ္ထိ မြို့တော်မှ ခုနစ်ယူဇနာ ဝေးသော အရပ်သို့ ရောက်သောအခါ မိမိမှာ အခြွေအရံ များလှသဖြင့် ကျိန်းနေရာမှာပင် မြို့တည်၍ နေခွင့်ပြုပါရန် ကောသလမင်း ကြီးအား ပန်ကြား၏၊ ကောသလမင်းကြီးက ခွင့်ပြု၍ မြို့တည်လေရာ ကိုယ်တိုင် သဘောကျ မြို့နေရာယူခြင်းကို အကြောင်းပြု၍ ထိုမြို့သည် သာကေတမြို့ဟု အမည်တွင်လေသည်၊

သာဝတ္ထိမြို့တော်မှ မိဂါရသေဋ္ဌေးသည် မိမိသား ပုဏ္ဏဝဍ္ဎနအတွက် ကောင်းခြင်း ငါးဖြာနှင့် ပြည့်စုံသော ဇနီးလောင်းကို ရှာဖွေရန် ပုဏ္ဏား ရှစ်ယောက်တို့အား ရွှေပန်းကုံးနှင့်တကွ ဥစ္စာများ ပေးအပ်၍ စေလွှတ် လိုက်၏၊ ပုဏ္ဏား ရှစ်ယောက်တို့သည် ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံသော သတို့သမီးကို ရှာမရကြသဖြင့် နောက်ဆုံး စခန်း အဖြစ် သာကေတမြို့သို့ ဝင်လာကြ၏၊ ထိုနေ့တွင် နက္ခတ်သဘင် ဆင်ယင် ကျင်းပနေသည် ဖြစ်၍ ဝိသာခါသည် ကျွန်မငါးရာခြံရံလျက် ရေကစား ရန် ထွက်လာလေရာ ပုဏ္ဏား တို့ရှိရာသို့ ရောက်လာ၏၊ ထိုအချိန်၌ ဝိသာခါသည် တစ်ဆယ့်ခြောက်နှစ် အရွယ်သို့ ရောက်နေပြီ ဖြစ်၏၊ ဆံပင်၏ ကောင်းခြင်း၊ အသား၏ ကောင်းခြင်း၊ အရိုး၏ ကောင်းခြင်း၊ အရေ၏ ကောင်းခြင်းနှင့် အရွယ်၏ ကောင်းခြင်းတည်းဟူသော ကောင်းခြင်း ငါးဖြာနှင့် ပြည့်စုံနေလေသည်၊ ထိုတွင် ဆံပင်၏ ကောင်းခြင်း ဟူသည်မှာ ဆံပင်တို့သည် ဖြန့်ချထားသော အခါ ခြေဖျားထိအောင် ရောက်လျက် ဥဒေါင်းမြီးကဲ့သို့ အဖျား ကော့ ထောင်နေခြင်း ဖြစ်၏၊ အသား၏ ကောင်းခြင်း ဟူသည်မှာ နှုတ်ခမ်းများ နီရဲနေကာ အထက်နှင့်အောက် ထိစပ်နေခြင်း ဖြစ်၏၊ အရိုး၏ ကောင်း ခြင်း ဟူသည်မှာ သွားတို့သည် ခရုသင်းကဲ့သို့ ဖြူဖွေးနေကာ တစ်ချောင်း နှင့် တစ်ချောင်း ကျဲမနေဘဲ ညီညီညွတ်ညွတ် တည်ရှိနေခြင်း ဖြစ်၏၊ အရေ၏ ကောင်းခြင်း ဟူသည်မှာ အသားညိုလျှင် ပြုပြင် လိမ်းခြယ်မှု ပြုမနေဘဲ အသားအရေ ပြေပြစ်ကာ ကြာညိုပန်းကဲ့သို့ တည်ရှိနေခြင်း၊ အသားဖြူလျှင်ကား မဟာလေကား ပန်းပွင့်ကဲ့သို့ ဝင်းဝါနေခြင်း ဖြစ်၏၊ အရွယ်၏ ကောင်းခြင်း ဟူသည်မှာ သားသမီး ဆယ်ကြိမ် ဖွားမြင်ပြီးသော်

လည်း တစ်ကြိမ်သာ ဖွားဖူးသူကဲ့သို့ အရွယ်အဆင်း မယုတ်လျော့ခြင်း ဖြစ်၏။

ဝိသာခါနှင့် အခြွေအရံတို့ ရေချိုးဆိပ်သို့ လာကြစဉ် မိုးကြီး သည်း ထန်စွာ ရွာသွန်းသဖြင့် အခြွေအရံတို့သည် ဇရပ်သို့ အလျင်အမြန် ပြေး ကြကုန်၏။ ဝိသာခါသည်ကား ဖြည်းညင်းစွာသာ သွားသဖြင့် အဝတ် အစားများ မိုးစိုကုန်၏။ ဇရပ်မှာ ထိုင်ကြည့်နေကြသော ပုဏ္ဏားတို့သည် ဝိသာခါ၏ ကောင်းခြင်း လေးပါးကိုသာ မြင်ကြ၍ အရိုး၏ ကောင်း ခြင်းကို မမြင်ကြရသေးသဖြင့် “ငါတို့၏ ဤသမီးသည်ကား ပျင်းရိဟန် ရှိ၏။ ဤသမီး၏ လင်ယောကျ်ားသည် ပုန်းရည်ဟင်းကိုမျှ စားရမည် မထင်”ဟု အချင်းချင်း ပြောသကဲ့သို့ ပြောဆိုကြ၏။ ထိုအခါ ဝိသာခါက “အရှင်တို့၊ မည်သူ့ကို ဆိုကြပါသနည်း”ဟု မေး၏။ ဝိသာခါ၏ မေးသံ သည် ကြေးဖလားကို တီးခတ်သော အသံကဲ့သို့ သာယာချိုလွင်ကာ ဖြူဖွေး ညီညာသော သွားများကို တွေ့ကြရသဖြင့် ပုဏ္ဏားများက ကြေနပ် သွားကြ၍ “သမီး၊ သင့်ကို ဆိုကြကုန်၏”ဟု ဖြေကြားလေသည်။

ထိုအခါ ဝိသာခါက “အဘယ့်ကြောင့် ဆိုကြပါသနည်း” ဟု မေးမြန်းရာ “ပုဏ္ဏားများက “သင်၏ အခြွေအရံတို့သည် ဇရပ်သို့ အလျင် အမြန် ပြေးလာကြသဖြင့် အဝတ်အဆင်ကို ရေမစိုကုန်။ သင်သမီးမူကား ဖြေးညင်းစွာ ဝင်လာသဖြင့် အဝတ်အဆင်များ ရေစိုကုန်၏။ ထို့ကြောင့် ဆိုရခြင်း ဖြစ်ပါသည်”ဟု ဖြေကြားကြ၏။ ဤတွင်ဝိသာခါက

“ဖခင်တို့၊ ဤသို့ မဆိုကြကုန်လင့်။ ကျွန်မသည် ဤ အခြွေအရံတို့ ထက် ခွန်အားဗလ ကြီးပါ၏။ သို့ရာတွင် အဆောတလျင် မသွားသင့် သော အကြောင်းများကို ဆင်ခြင်စဉ်းစား၍ မပြေးသွားခြင်းဖြစ်ပါ သည်။ လောက၌ ပြေးသွား၍ မသင့်တော်သူ လေးဦးရှိပါသည်။ အဘိသိတ် သွန်းပြီး၍ မင်းမြောက်တန်ဆာ ဆင်ယင်ထားသောမင်းသည် ပြေးသွား၍ မတင့်တယ်ပါ၊ အဆင်းတန်ဆာ ဆင်ယင်ထားသော မင်း၏ မင်္ဂလာ ဆင် တော်သည် ပြေးသွား၍ မတင့်ပါ။ ရဟန်းသည် ပြေးသွား၍ မတင့်တယ် ပါ။ မိန်းမသည် ပြေးသွား၍ မတင့်တယ်ပါ။ အခြားအကြောင်းတစ်ခု သော်ကား၊ မိန်းမတို့သည် အမှန်အားဖြင့် ရောင်းကုန်တိုင်ငံ ဖြစ်ကြပါ သည်။ ကျွန်မတို့အား အမျိုးသားအိမ်သို့ လိုက်ပါနေကြစဉ် အင်္ဂါကြီးငယ် တို့ ထင့်တယ်လှပစေရန် မိဘတို့က မွေးမြူ၍ ထားကြပါကုန်၏။ အဆော လျင်စွာ ပြေးသွားရာတွင် ထဘီစကို နင်းမိသည်ဖြစ်စေ၊ ခြေချော်၍ ဖြစ်

စေ လဲပြိုသဖြင့် ခြေသက်အင်္ဂါတစ်ခုခု ကျိုးပဲ့သွားလျှင် မည်သည့်အမျိုးသားကမျှ မယူချင်တော့ပါ။ မိဘဆွေမျိုးများကသာ အင်္ဂါချို့တဲ့သော သမီးကို ရာသက်ပန်ကျွေးမွေးစောင့်ရှောက်၍ ထားကြရပါတော့သည်။ ထိုအကြောင်းများကို ဆင်ခြင်၍မပြေးသွားခြင်း ဖြစ်ပါသည်''ဟု ဖြေဆိုလေသည်။

ဝိသာခါ၏စကားကို ပုဏ္ဏားများက နှစ်သက်ကာ ကောင်းခြင်းငါးဖြာကိုပါ မြင်ကြရပြီဖြစ်၍ မိဂါရသေဋ္ဌေးပေးလိုက်သော ရွှေပန်းကုံးကို ဝိသာခါထံ ဆက်သကုန်၏။ ဝိသာခါက သတို့သား၏ အမည်နှင့် အမျိုးအနွယ်ကိုမေးမြန်းပြီးလျှင် မိမိတို့နှင့် အမျိုးအနွယ်ချင်းတူနေသဖြင့် ရွှေပန်းကုံးကို လက်ခံလိုက်လေ၏။ ထို့နောက်ဖခင်ထံသို ရထားလွှတ်လိုက်ရန်မှာကြားပြီးလျှင် ပုဏ္ဏားများနှင့်တကွ ရထားစီး၍ အိမ်သို့ ပြန်လာ၏။ ဖခင် ဓနဉ္စယသူဋ္ဌေးကသည်း သတို့သား၏ အမည်နှင့် အမျိုးအနွယ်ကို မေးမြန်းပြီးလျှင် ''သင်တို့သေဋ္ဌေးသည် မည်မျှ ကြွယ်ဝပါသနည်း'' ဟု မေး၏။ ပုဏ္ဏားများက ''ကုဋေလေးဆယ် ကြွယ်ဝပါသည်''ဟု ဖြေကြသောအခါ ''သူ၏ဥစ္စာသည် ငါတို့ဥစ္စာနှင့် နှိုင်းသော် ရွှေးစေ့မျှသာ ရှိ၏။ သို့သော် သမီးအတွက် ထိန်းသိမ်းစောင့်ရှောက်မည့်သူ ရခြင်းသာ ပဓာနဖြစ်ပေသည်''ဟု ဆိုကာ ဓနဉ္စယသူဋ္ဌေးကလည်း ကျေနပ်စွာလက်ခံလိုက်လေသည်။

ပုဏ္ဏားထံမှ ဤအကြောင်းကို ကြားသိရသောအခါ မိဂါရသေဋ္ဌေးသည် ကောသလမင်းကြီးထံသို့ တစ်ဆင့်လျှောက်တင်၏။ ကောသလ မင်းကြီးက ''ဤသေဋ္ဌေးကို ငါကိုယ်တိုင် ဗိမ္ဗိသာရမင်းကြီးထံမှ တောင်းယူလာကာ သာကေတမြို့ကို တည်စေခဲ့၏။ ထိုသူဋ္ဌေးအား အမြတ်တနိုး ပြုသောအားဖြင့် သတို့သမီးတောင်းယူရာတွင် သွားသင့်၏''ဟု မိန့်ကြား၍ မင်းကြီးကိုယ်တိုင် လိုက်ပါလာ၏။

ဝိသာခါသည် ကောသလမင်းကြီး၊ မိဂါရသေဋ္ဌေးနှင့်တကွ ရောက်လာသမျှသော မင်းသေဋ္ဌေး ပရိသတ်များအတွက် တည်းအိမ်များ စီစဉ်၍ပေး၏။ ပါလာသမျှသော ဆင်များ၊ မြင်းများကိုလည်း သာဝတ္ထိမြို့တော်မှ လိုက်ပါလာသော အမှုထမ်းများကို မကျွေးစေဘဲ မိမိ၏ ကျေးကျွန်များကိုသာ အစာကျွေးမွေးရန် စေခိုင်း၏။ လိုက်ပါလာသမျှ ပရိသတ်အားလုံးတို့ မင်္ဂလာသဘင် ဆင်ယင်ကျင်းသည်ကို ကြည့်နိုင်ကြရန် ဖြစ်ပေသည်။

ထိုနေ့မှာပင် ဓနဥ္စယသေဋ္ဌေးသည် ရွှေပန်းထိမ်သည် ငါးရာတို့ကို ခေါ်ပြီးလျှင် ရွှေစင်နိက္ခ တစ်ထောင်၊ ထိုရွှေနှင့် လိုက်ဖက်သော ငွေ၊ ပတ္တမြား၊ ပုလဲ၊ သန္တာနှင့် စိန်တို့ကို ထုတ်ပေးထားကာ သမီးအတွက် မဟာလတာ တန်ဆာကို ပြုလုပ်စေ၏။ မဟာလတာ ပြုလုပ်နေဆဲဖြစ်၍ မင်္ဂလာပွဲ မကျင်းပနိုင်သေးဘဲ စောင့်ဆိုင်း၍ နေကြရ၏။ ကောသလမင်းကြီးနှင့်တကွ လာလာသမျှ ပရိသတ်အားစားဝတ်နေရေး မချို့တဲ့ရအောင် ကြီးကြပ်သူတို့က ဆောင်ရွက်ပေးရ၏။ သုံးလ ကျော်လာသောအခါ ယမင်းဟင်းချက်စရာ ထင်းများ ကုန်သွားသဖြင့် သာဝတ္ထိမြို့တွင်းမှ ဆင်တင်းကုပ်အို၊ အိမ်အိုတို့ကိုဖျက်၍ ထင်းဆိုက်ကြရ၏။ ဆယ့်ငါးရက်အကြာတွင် ထိုထင်းများကုန်ပြန်သော် အထည်ဂိုဒေါင်တို့ကို ဖွင့်စေ၍ အဆာထူသော အထည်စများကို မီးစာကဲ့သို့ကျစ်၍ ဆီစိမ်ပြီးလျှင် ဆယ့်ငါးရက်တိုင်တိုင် မီးဆိုက်၍ ချက်ပြုတ်ကြရလေသည်။

ဤသို့ ကျွေးမွေး လုပ်ကိုင်ကြ၍ လေးလအတွင်း မဟာလတာ တန်ဆာ ပြီးစီးသွား၏။ ထိုတန်ဆာ၌ စိန် လေးစလယ်၊ ပုလဲ တစ်ဆယ့်တစ်စလယ်၊ သန္တာ နှစ်ဆယ့်နှစ်စလယ်၊ ပတ္တမြား သုံးဆယ့်သုံးစလယ်စီ ထည့်၍ ပြုလုပ်ထား၏။ အခြား ရတနာများဖြင့်လည်း မွမ်းမံထားသေး၏။ တန်ဆာ၏ အမာခံကို ငွေချည်ဖြင့် ရက်လုပ်ထား၏။ ထိုတန်ဆာကို ဦးခေါင်းမှ စွပ်လိုက်သောအခါ ခြေဖမိုးထိအောင် လွှမ်းခြုံမိ၏။ နေရာတိုင်း၌ လက်စွပ်ကွင်းတို့ကို ဆက်သွယ်ထားပြီးလျှင် ရွှေစင်ရွှေကြိုးတို့ဖြင့် အိမ်ဝန်း ပြုလုပ်ထား၏။ ထိုတန်ဆာ တစ်ခုလုံး၏ အထွတ်အထိပ်တွင် ရတနာ ကျောက်မျက်၌ မျိုးစုံ ခြယ်ထားသော ဥဒေါင်းရုပ် ဖြစ်၏။ ထိုဥဒေါင်းရုပ်သည် ဝိသာခါ၏ ဦးခေါင်းထက်၌ သံသာအစ တွန်ကျူး၍ မြူးထူး ကခုန်နေသကဲ့သို့ ထင်မှတ်ရလေ၏။ ထိုမဟာလတာ တန်ဆာ၏ တန်ဖိုးသည် ကိုးကုဋေဖြစ်၍ လက်ခချည်းသက်သက် ငွေတစ်သိန်း ပေးရလေသည်။

ဤသို့သော မဟာလတာ တန်ဆာကို ဆင်မြန်းရခြင်း၏ အကြောင်းရင်းကား သင်္ကန်းလှူခဲ့ဖူးသော ကုသိုလ်ကောင်းမှုဖြစ်၏။ ကဿပ ဘုရားရှင် လက်ထက်တော်တုန်းက ဝိသာခါသည် ကိကီမင်းကြီး၏ သမီးတော်ခုနစ်ယောက်တို့တွင် သံဃဒါသီ အမည်ဖြင့် အငယ်ဆုံး သမီးတော် ဖြစ်ကာ သံဃာတော် နှစ်သောင်းတို့အား သင်္ကန်းနှင့်တကွ အပ်၊ အပ်ချည်၊ ဆိုးရည်တို့ကို လှူဒါန်းခဲ့၏။ ထိုကဲ့သို့ သင်္ကန်း လှူရသော ကုသိုလ်

ကောင်းမှု၏ အထွတ်အမြတ်ဆုံး အကျိုးပေးသည်ကား မိန်းမများအတွက် မဟာလတာ တန်ဆာ ဆင်မြန်းရခြင်း ဖြစ်၍ ယောကျာ်းများအတွက် သက်နံ့ပရိက္ခရာ ပြည့်စုံစွာဖြင့် ဟေဘိက္ခု ရဟန်းအဖြစ်ကို ရရှိခြင်း ဖြစ်ပေသည်။

မဟာလတာ တန်ဆာ ပြုလုပ်ပြီးစီး၍ သမီးအား သာဝတ္ထိမြို့တော် မထည့်မီ တစ်ညတွင် ဓနဥ္စယ သေဌေးသည် သမီးကို ခေါ်ပြီးလျှင် လင့် အိမ်မှာ နေကြရသော အမျိုးသမီးတို့၏ ကျင့်ဝတ်ကို ဤသို့ ဆုံးမသွန်သင် လေသည်။

"ချစ်သမီး၊ ယောက္ခမအိမ်၌ နေသော အမျိုးသမီးသည် အတွင်း မီးကို အပြင်သို့ မထုတ်သင့်၊ အပြင်မီးကို အတွင်းသို့ မသွင်းသင့်ပေ၊ ပေး သူအားသာ ပေးသင့်၏။ မပေးသူအား မပေးသင့်၊ ပေးသောသူအား လည်းကောင်း၊ မပေးသောသူအား လည်းကောင်း ပေးသင့်၏။ ချမ်းသာ စွာ နေထိုင်သင့်၏။ ချမ်းသာစွာ စားသောက်အပ်၏။ ချမ်းသာစွာ အိပ် အပ်၏။ မီးကို လုပ်ကျွေးသင့်၏။ အိမ်ဦးနတ်ကို ရှိခိုးသင့်၏။"

ဤသို့သော ဆုံးမချက် ဆယ်ချက်တို့ကို အဓိပ္ပာယ် ဖွင့်ဆိုချက်များ နှင့် တကွ ပြောဆိုဆုံးမ၏။ နောက်တစ်နေ့နံနက် ရောက်သောအခါ ကောသလမင်းကြီးနှင့်တကွ စစ်သည်ဗိုလ်ပါတို့ အလယ်၌ သမီးမှာ အပြစ် ရှိလျှင် ဆုံးမသွန်သင်ကြရန် သူကြွယ်ရှစ်ဦးထံ အပ်နှံ၏။ ထို့နောက် သမီး ဝိသာခါကို မဟာလတာ တန်ဆာ ဆင်ယင်ပေးပြီးလျှင် ရေချိုး ဆပ်ပြာ မှုန့်ဖိုး၊ နံ့သာဖိုးအဖြစ် အသပြာ ၅၄ ကုဋေ့ပေးသော ယာဉ်ပေါင်း၍ ပေးလိုက်လေသည်။

ထိုမှတစ်ဖန် ဓနဥ္စယ သေဌေးသည် အသပြာအပြည့် တင်ထား သော လှည်းငါးရာ၊ ရွှေအိုးရွှေခွက် အပြည့်တင်ထားသော လှည်းငါးရာ ငွေအိုး ငွေခွက် အပြည့်တင်ထားသော လှည်းငါးရာ၊ ချည်ထည် ပိုးထည် အပြည့်တင်ထားသော လှည်းငါးရာ၊ ထောပတ်၊ ဆီ၊ သလေးဆန် စသော စားသောက် ကုန်ပစ္စည်းများနှင့် ထွန်တုံး၊ ထွန်သွား စသော လယ်လုပ် ကိရိယာများ အပြည့်တင်ထားသော လှည်းငါးရာတို့ကို လက်ဖွဲ့လိုက်၏။ ထို့ပြင် ဝိသာခါ၏ အခြွေအရံအဖြစ်ဖြင့် ဝတ်စားအန်ဆာ ပြည့်ပြည့်စုံစုံ ဝတ်ဆင်ထားသော အမျိုးသမီး သုံးဦးစီပါသော လှည်း ငါးရာကိုလည်း တစ်ပါတည်း ပေးလိုက်၏။ ထိုအမျိုးသမီးတို့၏ အမှုကိစ္စ ဟူသမျှကို

ဆောင်ရွက်ရန် အလုပ်အကျွေး တစ်ထောင့်ငါးရာကိုလည်း ထည့်ပေးလိုက်လေသည်။

ထိုမှတစ်ဖန် သမီးအတွက် နွားတို့ကိုလည်း ပေးလိုသေးသဖြင့် အမှုထမ်းတို့အား နွားခြံများကိုဖွင့်၍ လွှတ်စေ၏။ နွားခြံတို့မှ နွားတို့ထွက်လာရာတွင် အမှုထမ်းတို့က ဘေးသို့ ဟွက်မလာစေရန် စောင့်ကြပ်ကြရ၏။ နွားတန်းကြီး တစ်ဂါဝုတ် တစ်ဂါဝုတ်သို့ ရောက်လာတိုင်း စည်သံဖြင့် အချက်ပေးရ၏။ ဤသို့ဖြင့် နွားတန်းကြီး၏ အကျယ် တစ်ဥသဘ (ပေ ၂၀၀ ခန့်)၊ အလျား သုံးဂါဝုတ် (၉ မိုင်ခန့်) ရှိသွားသောအခါ ဤမျှဖြင့် တော်လောက်ပြီဟု ဓနဉ္စယသူဌေးက နွားခြံတို့ကို ပိတ်စေ၏။ သို့ရာတွင် နွားတို့ကား တားရှိဆီး၍ မရတော့ပေ။ တားဆီးသော လူများကိုပင် ကျော်လွှား တိုးဝှေ့ကာ ဝိသာခါ၏ နွားများ နောက်သို့ နွားမကြီး ခြောက်သောင်း လိုက်ပါသွားကြ၏။ ထိုသို့ဖြစ်ရခြင်းမှာ ကဿပဘုရားရှင် လက်ထက်တော်တုန်းက သံဃာဒါသီ မင်းသမီးအဖြစ်ဖြင့် သံဃာတော်များအား နွားနို့အရသာ ငါးမျိုး လှူဒါန်းရာတွင် ရဟန်းငယ်၊ သာမဏေတို့က တော်ပါပြီဟု တားမြစ်နေသည့် တိုင်အောင် ဤ အစားအစာကို ကောင်းပါသည်ဘုရားဟု ဆိုကာ ဆက်ကာ၍ ကျွေးမွေး ဆက်ကပ်ခဲ့သော ကုသိုလ်ကံကြောင့် ဤသို့ အကျိုးခံစားရခြင်း ဖြစ်လေသည်။

ဓနဉ္စယသူဌေးသည် သမီးအတွက် ဤသို့ လိုလေသေးမရှိအောင် ပေးလိုက်ရာတွင် ခိုင်းစေရန် ကျေးကျွန်တို့ကား သူ့အာဏာဖြင့် မထည့်တော့ပေ။ သာကေတမြို့ ပတ်ဝန်းကျင်ရှိ တစ်ဆယ့်လေးရွာမှ ရွာသူ ရွာသားတို့သည် မိမိတို့ အလိုအလျောက် ဝိသာခါ နောက်သို့ လိုက်ပါသွားကြလေသည်။

သာဝတ္ထိ မြို့တော်သူ မြို့တော်သားတို့သည် ဓနဉ္စယ သူဌေးက မိမိတို့အား ကျွေးမွေး ပြုစုခဲ့သော ကျေးဇူးများကို တုံ့ပြန်သောအားဖြင့် ဝိသာခါထံသို့ လက်ဆောင်ပစ္စည်းများ ပို့ကြကုန်၏။ ဝိသာခါသည် ပို့လာသမျှ လက်ဆောင် ပစ္စည်းများကို မိမိအိမ်မှာ သိမ်းမသိမ်းဆည်း မထားစေဘဲ အခြားသူများထံသို့ တစ်ဆင့်ပြန်၍ လက်ဆောင်ပေး၏။ သာဝတ္ထိ မြို့တော်သူ မြို့တော်သားတို့ကိုလည်း ဖခင်အရွယ်ဆိုလျှင် ဖခင်၊ မိခင်အရွယ် ဆိုလျှင် မိခင် စသည်ဖြင့် ဆွေသားရင်းချာကဲ့သို့ ခေါ်ဝေါ် ပြောဆို၍ ဆက်ဆံ၏။ ထို့ကြောင့် သာဝတ္ထိ မြို့တော်သူ မြို့တော်သား တို့ကလည်း ဝိသာခါကို ဆွေမျိုးရင်းချာကဲ့သို့ ချစ်ခင်လေးစားကြလေသည်။

မိဂါရ သေဌေးသည် မိမိယာ၊ ပုဏ္ဏာစုနှင့် ဝိသာခါ တို့၏ ထိမ်းမြား မင်္ဂလာပွဲတွင် သူ ကိုးကွယ်နေသော တက္ကတွန်းများကို ပင့်ဖိတ်၍ ကျွေးမွေး၏။ ဝိသာခါကိုလည်း "ရဟန္တာများကို ဖူးရန် လာပါ" ဟု ခေါ်ယူ၏။ ရဟန္တာ အသံ ကြား၍ ဝမ်းသာ အားရ လိုက်လာခဲ့သော ဝိသာခါသည် အဝတ်မဝတ်သော တက္ကတွန်းများကို မြင်ရသောအခါ "စက်ဆုပ်ဖွယ်ရာ စကား"ဟု ဆိုကာ မျက်နှာလွှဲ၍ ပြန်ထွက်လာခဲ့၏။ တက္ကတွန်းများက "ရဟန်း ဂေါတမ၏ တပည့် ဖြစ်သော ဤသူယုတ်မာကို အိမ်မှ နှင်ထုတ်လော့"ဟု သေဌေးကို တိုက်တွန်းကြ၏။ မိဂါရသေဌေးကား ဤပြစ်မှုမျှဖြင့် ဆွေသိုက်မျိုးသိုက် ကြီးမားလှသော ဝိသာခါကို အိမ်မှ နှင်မချနိုင်သေးချေ။

ထို့နောက် မကြာမီအချိန်တွင် ဝိသာခါကို နှင်ထုတ်ရန်အကြောင်း ပေါ်လာ၏။ တစ်နေ့သ၌ မိဂါရသေဌေး နို့ဃနာထမင်း စားနေချိန်တွင် ရဟန်းတစ်ပါး ဆွမ်းလာရပ်၏။ ယောက္ခမအား ယပ်လေခပ်၍ ပေးနေသော ဝိသာခါသည် ရဟန်းကို မြင်ပါ၏။ သို့ရာတွင် ယောက္ခမများ၏ အုပ်စိုးမှုအောက်တွင် နေထိုင်ရသော ချွေးမ ဖြစ်၍ ဝိသာခါမှာ ဆွမ်းလောင်းရန် မတိုက်တွန်းပေ။ မိဂါရ သေဌေးကိုယ်တိုင် ရဟန်းကို မြင်စေရန် မိမိကိုယ်ကို တိမ်းဖယ်ပေးလိုက်၏။ သေဌေးသည် ရဟန်းကို မြင်သော်လည်း လောင်းလှူရန် လုံးဝ စိတ်မကူးဘဲ စားမြဲစား စားနေ၏။ ဤတွင် ဝိသာခါက "ကန်တော့ပါသေးသည် အရှင်ဘုရား၊ တပည့်တော်မ၏ ယောက္ခမသည် အစားဟောင်းကိုသာ စားပါသည် ဘုရား" ဟု လျှောက်ထားလိုက်ရလေသည်။

စောစောက ပြစ်မှုများအတွက် သည်းခံနိုင်ခဲ့သော မိဂါရသေဌေးသည် ဤပြစ်မှုကိုကား သည်းခံ၍ မရနိုင်တော့သဖြင့် အိမ်ရှိ ကျေးကျွန်နှင့် အလုပ်သမားများအား "ဝိသာခါကို အိမ်မှဆွဲ၍ နှင်ထုတ်ကြ"ဟု အမိန့်ပေး၏၊ အိမ်ရှိ ကျေးကျွန်များနှင့် အလုပ်သမားတို့သည် ဝိသာခါ၏ ဘက်သားချည်း ဖြစ်သဖြင့် ဝိသာခါကို လက်ဖျားနှင့်မျှ မတို့ကြကုန်။ ဤတွင် ဝိသာခါက "ဖခင် ဤမျှသောစကားဖြင့် ကျွန်မ ထွက်မသွားနိုင်ပါ။ ကျွန်မမှာ အပြစ်ရှိလျှင် အပြစ်ပြု၍ ဆုံးမသွန်သင်ရန် ထည့်လိုက်သော ဖသေဌေးကြီး ရှစ်ဦးကို ခုံတင်၍ ကျွန်မမှာ အပြစ်ရှိမရှိ စီစဉ်ဆုံးဖြတ်ပါလော့" ဟု ဆိုလေသည်။

ဝိသာခါ၏ အဆိုကို မိဂါရသေဋ္ဌေးကလည်း သဘောကျသဖြင့် သူကြွယ်ရှစ်ဦးကို ဖိတ်ခေါ်က ဝိသာခါ၏ပြစ်မှုများကို တင်ပြ၏။ သူကြွယ်ရှစ်ဦးတို့က "ချစ်သမီး ဝိသာခါ၊ ချစ်သမီးသည် ယောက္ခမ သေဋ္ဌေးအား အစားဟောင်းစားသည်ဟု ဆိုသည်မှာ မှန်ပါသလော"ဟု မေးကြ၏။ ဝိသာခါမှာ "ဖခင်တို့၊ အစားဟောင်းဟု ဆိုသည်မှာ မှန်ပါသည်။ သို့ရာတွင် မစင်ကိုစားသည်ဟု မဆိုလိုပါ။ ယောက္ခမသေဋ္ဌေးကြီးသည် မိမိရှေ့မှာ ဆွမ်းရပ်လာသော ရဟန်းကို မြင်ပါလျက် ဆွမ်းလောင်းရကောင်းမှန်း မသိပါ။ ဤဘဝတွင် အသစ်ဖြစ်သော ကုသိုလ်ကောင်းမှုကို မပြုဘဲ ရှေးရှေးဘဝက ကုသိုလ်ကောင်းမှု အဟောင်းများ၏ အကျိုးကိုသာ ခံစားနေရပါသည်။ ထို့ကြောင့် အစားဟောင်းကို စားသည်ဟု ဆိုရခြင်းဖြစ်ပါသည်"ဟု ဖြေရှင်းလေသည်။

ထို့နောက် မိဂါရသေဋ္ဌေးက နေ့စက်အမှုများကို တင်ပြပြန်သဖြင့် သူကြွယ်များက "ချစ်သမီး၊ ဆန်းခေါင်ယံတွင် အိမ်ပြင်သို့ ထွက်သည် မှန်သလော"ဟု မေးကြ၏။ ဝိသာခါက "အိမ်ပြင်သို့ထွက်သည်မှာ မှန်ပါသည်။ အာဇာနည်မြင်းကလေး မွေးဖွားနေသဖြင့် အခြံအရံများနှင့်တကွ ထွက်ကာ ကူညီပြုစုခြင်း ဖြစ်ပါသည်"ဟု ဖြေရှင်းလေသည်။

တစ်ဖန် မိဂါရသေဋ္ဌေးက "အရှင်သူကြွယ်တို့၊ ဤကိစ္စမှာ အပြစ်မရှိလျှင် ရှိပါစေတော့၊ ဤအိမ်သို့ လိုက်ခါနီးတုန်းက သူ၏ ဖခင်သည် လျှို့ဝှက်သော စကားတို့ဖြင့် အဆုံးအမဆယ်ချက်တို့ကို ပေးခဲ့ပါသည်။ ဤအဆုံးအမဆယ်ချက်တို့၏ အနက်အဓိပ္ပာယ်ကို ဖွင့်ဆိုရန် စေခိုင်းကြပါ" ဟု ဆို၏။ သူကြွယ်များကလည်း ဝိသာခါကို အဓိပ္ပာယ်ဖွင့်ဆိုပေးရန် စေခိုင်းကြလေရာ ဝိသာခါက....

"အရှင်သူကြွယ်တို့၊ အတွင်းမီးကို အပြင်သို့ မထုတ်သင့်ဆိုသည်မှာ မိမိအိမ်သူအိမ်သား၏ အပြစ်အနာကို အခြားအိမ်များသို့ လှည့်လည်၍ မပြောကြားရန် ဆုံးမခြင်းဖြစ်ပါသည်။

"အပြင်မီးကို အတွင်းသို့ မသွင်းသင့်ဆိုသည်မှာ မိမိအိမ်သူ အိမ်သားတို့၏ အပြစ်အနာကို အခြားအိမ်များက ပြောဆိုကြလျှင် ထိုစကားကို မိမိအိမ်သို့သယ်ဆောင်၍ မပြောကြားရန် ဆုံးမခြင်းဖြစ်ပါသည်။

"ပေးသောသူအား ပေးသင့်၏ဟူသည်မှာ ပစ္စည်းအသုံးအဆောင်များကို ငှားယူပြီးလျှင် ပြန်ပေးလာသော သူများအားသာလျှင်နောက်ထပ်ပေးရန်၊ ငှားရန် ဖြစ်ပါသည်။

"မပေးသောသူအား မပေးသင့်ဟူသည်မှာ ပစ္စည်းအသုံးအဆောင်များ ငှားယူပြီးလျှင် ပြန်မပေးသူအား နောက်တစ်ခါ မပေးရန်၊ မငှားရန် ဖြစ်ပါသည်။

"ပေးသောသူအား လည်းကောင်း၊ မပေးသောသူအား လည်းကောင်း ပေးသင့်၏ဟူသည်မှာ ဆင်းရဲနွမ်းပါးသော ဆွေမျိုးများရောက်လာလျှင် သူတို့က အတုံ့အလှည့် ပေးနိုင်သည်ဖြစ်စေ၊ မပေးနိုင်သည်ဖြစ်စေ မိမိကပေးရန် ဖြစ်ပါသည်။

"ချမ်းသာစွာ စားသင့်၏ဟူသည်မှာ ယောက္ခမနှင့် ခင်ပွန်းလင်တို့ကို ပြည့်စုံလုံလောက်အောင် ကျွေးမွေးပြီးမှ မိမိစားရန် ဖြစ်ပါသည်။

ချမ်းသာစွာ အိပ်အင်၏ဟူသည်မှာ ယောက္ခမနှင့် ခင်ပွန်းလင်တို့အား ဝတ်ကြီးဝတ်ငယ် ပြုစုပြီးမှ မိမိအိပ်ရာဝင်ရန် ဖြစ်ပါသည်။

"မီးကိုလုပ်ကျွေးသင့်၏ဟူသည်မှာ ယောက္ခမများနှင့် ခင်ပွန်းလင်တို့အား မီးပုံကြီးကဲ့သို့ ကြောက်ရွံ့ရိုသေစွာ ပြုစုလုပ်ကျွေးရန် ဖြစ်ပါသည်။

"အိမ်တွင်းနတ်ကို ရှိခိုးသင့်၏ဟူသည်မှာ ယောက္ခမများနှင့်ခင်ပွန်းလင်တို့အား နတ်ကဲ့သို့ ရိုသေမြတ်နိုးစွာ ပြုစုလုပ်ကျွေးရန် ဖြစ်ပါသည်"

ဤသို့ ဝိသာခါက ဖြေရှင်းပြလိုက်သောအခါ မိဂါရသေဌေးသည် "ဝိသာခါမှာ အပြစ်မရှိပါ"ဟု ဝန်ခံရလေသည်။ ဝိသာခါသည် "ကျွန်မ၌ အပြစ်မရှိကြောင်း ထင်ရှားပြီဖြစ်၍ ကျွန်မသာသာ ဤအိမ်မှထွက်ခွာပါတော့မည်" ဟုဆိုကာ ယာဉ်များကို ပြင်ဆင်ရန် စေခိုင်း၏။ မိဂါရသေဌေးက "ချစ်သမီး ဝိသာခါ၊ ငါမသိ၍ ပြော မိသည်ကို သည်းခံပါလော့။ ဤအိမ်မှ ထွက်မသွားပါနှင့်"ဟု တောင်းပန်၏။ ဝိသာခါက "ကျွန်မသည် ဘုရားရှင်၏ သာသနာတော်၌ မတုန်မလှုပ် မြတ်နိုးကြည်ညိုသူ ဖြစ်ပါသည်။ ရဟန်းသံဃာကို ပြုစုလုပ်ကျွေးခွင့်ရလျှင ဤအိမ်မှာ နေနိုင်ပါမည်" ဟု အရေးဆို၏။ မိဂါရသေဌေးကလည်း ဝိသာခါ၏ အဆိုကို လက်ခံလိုက်ရလေတော့သည်။

ဤသို့ဖြင့် ဝိသာခါသည် ဘုရားရှင်နှင့်တကွ သံဃာတော်များအား အိမ်သို့ပင့်၍ ဆွမ်းခံဖွယ်ဖြင့် ဆက်ကပ်လုပ်ကျွေး၏။ မိဂါရသေဌေးမှာမူ သူကိုးကွယ်ထားသော တက္ကတွန်းများက တားမြစ်ထားသဖြင့်ဘုရားရှင်အား ဆွမ်းဆက်ကပ်ခြင်း မပြုရပေ။ ဟစ်ဖန် တရားနာချိန်ရောက်သည်တွင်လည်း တက္ကတွန်းများက "ရဟန်းဂေါတမနှင့် မျက်နှာချင်းမဆုံမိစေ

ရန် တင်းတိမ်အတွင်းမှ တရားနာရမည်''ဟု ဆိုကြသဖြင့် ထိုအမိန့်အတိုင်း တရားနာရ၏။ သို့ရာတွင် ဘုရားရှင်၏ ဘုန်းတန်ခိုးတော်ကြောင့် ဘုရားရှင်၏မျက်နှာတော်သည် မိမိထံသို့ ကရုဏာရှေးရှု ကြည့်တော်မူ၍ ဟောကြားနေဘိသကဲ့သို့ ဖူးတွေ့ကာ တရားနာရသဖြင့် သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်၏။ ဤတွင် မိဂါရသေဋ္ဌေးသည် တင်းတိမ်ကို မြောက်ဖွင့်၍ ပရိသတ်ထဲသို့ ဝင်လာပြီးလျှင် ဝိသာခါ၏ သားမြတ်ကို ပါးစပ်ဖြင့် ငုံပြီးသော် ''အရှင်မ ဝိသာခါသည် ကျွန်ုပ်၏မိခင်ပါတည်း''ဟု ပြောဆိုကြွေးကြော်လိုက်၏။ ထိုအခါမှစ၍ ဝိသာခါအား မိဂါရ၏မိခင်(မိဂါရမာတာ) ဟူ၍ ခေါ်ကြလေတော့သည်။

နောက်တစ်နေ့တွင်လည်း ဝိသာခါသည် ဘုရားရှင်နှင့်တကွ သံဃာတော်များအား အိမ်သို့ပင့်၍ ဆွမ်းကပ်ပြန်၏။ ထိုနေ့တွင်ကား သေဋ္ဌေးကတော်ကြီးသည် သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်၏။ ထိုနေ့မှစ၍ ဝိသာခါတို့အိမ်သည် ဗုဒ္ဓသာသနာတော်ကြီး တစ်ခုလုံးအတွက် တံခါးပွင့်သွား၏။ ထိုနောက် ဝိသာခါသည် ဘုရားရှင်၏ အထံတော်မှ ဆုရှစ်မျိုးကို တောင်းယူပြီးလျှင် ရဟန်းသံဃာတော်များအား လိုလေသေးမရှိ ပြုစုလုပ်ကျွေး၏။ သားတစ်ကျိပ် သမီးတစ်ကျိပ်မွေးဖွားရာ သားသမီးအားလုံး ကျန်းမာသန့်ရှင်း၍ ရောဂါကင်းကြကုန်၏။ ထိုသားသမီးများကလည်း တစ်ယောက် တစ်ယောက်လျှင် သားသမီးနှစ်ဆယ်စီ မွေးဖွားကြကာ ထိုမြေးများကလည်း ထိုနည်းအတိုင်းပင် ပေါက်ဖွားကြပြန်၏။ ထို့ကြောင့် ရှေးဆရာတို့က ''နှစ်ကျိပ် သားသမီး၊ မြေးကြီး လေးရာ၊ မြစ်မှာရှစ်ထောင်၊ မြေးမြောင် ကြွယ်ဝ၊ ဝိသခါ ကျောင်းအစ်မ''ဟုဆိုထုံးပြုကြရလေသည်။ သားသမီး နှစ်ဆယ်ဖွားမြင်သော်လည်း ဝိသခါသည် အရွယ်တင်လှသဖြင့် မိမိ၏ သမီးများ၊ မြေးမများနှင့် ခွဲခြား၍ မရနိုင်အောင် ရှိလေသည်။

ဝိသခါ ကျောင်းအစ်မ ဖြစ်လာရပုံကား ဤသို့တည်း။ ရောဂါကင်း၍ ကျန်းမာသန့်စွမ်းသော သားသမီးတို့ကို ဖွားမြင်ထားသဖြင့် ဝိသခါကို မင်္ဂလာရှိသော အမျိုးသမီးဟု သာဝတ္ထိမြို့တော် တစ်ခုလုံးက သတ်မှတ်သားကြ၏။ သို့ဖြစ်၍ မင်္ဂလာပွဲတစ်ခုခု ပြုလုပ်လေတိုင်း ဝိသခါကို တရိုတသေဖိတ်ကြား၍ ကျွေးမွေးကြရ၏။ တစ်နေ့သော် ဝိသခါသည် မဟာလတာ တန်ဆာကိုဆင်မြန်း၍ မင်္ဂလာပွဲတစ်ခုကို ချီးမြှောက်ခဲ့ပြီးလျှင် ဇေတဝန်ကျောင်းတော်သို့ လာခဲ့၏။ ဘုရားရှင် ရှေ့တော်သို့ ဤမဟာလတာ တန်ဆာနှင့် ဝင်ရန် မသင့်လျော်သဖြင့် မဟာလတာတန်ဆာကို

ချွတ်၍ အဝတ်နှင့်ထုပ်ကာ ကျွန်မထံ အပ်နှံပြီးလျှင် ဘုရားရှင်ထံဝင်၍ တရားနာ၏။ တရားနာ၍ပြန်လာကာ ကျောင်းဝင်းပြင်ပ ရောက်ခါမှ မဟာလတာတန်ဆာကို ပြန်၍ ဝတ်ဆင်ရန် တောင်း၏။ ဤတွင်မှ ထိန်းသိမ်းခဲ့သော ကျွန်မက ဇေတဝန်ကျောင်းတော်မှာ မေ့ကျန်ခဲ့ကြောင်း သတိရလေသည်။

ကျွန်မသည် ဇေတဝန်ကျောင်းတော်သို့ ပြန်လာရာ မေ့ကျန်နေခဲ့သော မဟာလတာတန်ဆာကို အရှင်အာနန္ဒာက ကောက်ယူကာ စောင်းတန်းဘေး၌ ချိတ်ဆွဲထားသည်ကို တွေ့ရ၏။ အရှင်အာနန္ဒာက မဟာလတာတန်ဆာကို ပြန်ယူသွားရန် မိန့်ကြားသော်လည်း ကျွန်မမှာ မယူရဲပေ။ “အရှင်ဘုရား၊ အရှင်ဘုရား၏လက်ဖြင့် ထိကိုင်ထားသော ဥစ္စာဘဏ္ဍာကို တပည့်တော်မ၏သခင်မက ပြန်လည်ယူဆောင်မည် မဟုတ်ပါ” ဟု လျှောက်ထားကာ ဝိသာခါထံသို့ ဤအကြောင်းကို ပြန်၍ ပြောပြ၏။ ဝိသာခါကလည်း “အရှင်မြတ်၏ လက်တော်ဖြင့် ထိကိုင်ပြီးသော ဤတန်ဆာကို အရှင်မြတ်အား လှူဒါန်းပြီးဖြစ်၏။ သို့ဖြစ်ရာ ဤတန်ဆာကို အရှင်မြတ်တို့ ထိန်းသိမ်းရန် ခက်ပေလိမ့်မည်။ ထိုတန်ဆာကို ရောင်းချပြီးမှ အပ်စပ်သော ဝတ္ထုပစ္စည်းများကို လှူဒါန်းတော့မည်” ဟု ဆိုကာ တန်ဆာကို သွားရွေးယူစေ၏။ ထို့နောက် မဟာလတာတန်ဆာကို လှည့်လည်၍ ရောင်းချသော်လည်း ဝယ်ယူနိုင်သူ မပေါ်ပေါက်သဖြင့် မိမိဘာသာ ငွေကိုးကုဋေဖြင့် ဝယ်ယူလိုက်ရလေတော့သည်။

ဝိသာခါသည် “အရှင်ဘုရား၊ ဤငွေ ကိုးကုဋေဖြင့် မည်ကဲ့သို့သော ကုသိုလ်ကို ပြုရပါမည်နည်း ဘုရား” ဟု ဘုရားရှင်ထံ ဝင်ရောက်လျှောက်ထားရာ ဘုရားရှင်က မြို့တော်၏ အရှေ့အရပ်၌ သံဃာများအတွက် ကျောင်းဆောက်လုပ်ရန် မိန့်ကြားတော်မူ၏။ ထို့နောက် ဘုရားရှင်သည် ဘဒ္ဒိယမြို့မှ ဘဒ္ဒိယသေဋ္ဌေးသားကို ခြွချွတ်တော်မူလိုသဖြင့် ဒေသစာရီ ကြွချီတော်မူ၏။ ဤတွင် ဝိသာခါသည် တန်ခိုးကြီးလှသော အရှင်မဟာမောဂ္ဂလာန်ကို ဘုရားရှင်ထံမှ ခွင့်ပန်၍ငှားထားလိုက်၏။ အရှင်မောဂ္ဂလာန်လည်း မိမိ၏တပည့်ငါးရာနှင့်တကွ နေရစ်ခဲ့ပြီးလျှင် ကျောင်းဆောက်လုပ်ရာ၌ လိုအပ်သော သစ်သားများ၊ ကျောက်များတို့ကို မိမိတန်ခိုးဖြင့် အလွယ်တကူ ရောက်ရှိနိုင်ရန်ကူညီဆောင်ရွက်၍ ပေးလေသည်။

ဘုရားရှင်သည် ကိုးလတိုင်တိုင် ဒေသစာရီ ကြွချီတော်မူပြီးနောက် သာဝတ္ထိမြို့တော်သို့ ပြန်ကြွတော်မူလာသောအခါ ဝိသာခါ၏ ကျောင်း

တော်ကြီးသည်လည်း ပြီးစီးနေပြီဖြစ်၏။ ကျောင်းတော်ကြီးမှာ နှစ်ထပ်တိုက်ကျောင်းကြီး ဖြစ်၏။ တင်ထပ်တစ်ထပ်၌ တိုက်ခန်းငါးရာစီ ရှိကြ၏။ ကျောင်းဝင်းမှာ နှစ်မင်းပယ်စာမျှ ကျယ်ဝန်း၏။ ထိုမျှ ကျယ်ဝန်းသော ကျောင်းဝင်းထဲတွင် တိုက်ကျောင်းကြီး ထီးတည်းဖြင့် မတင့်တယ်သေးဟု ဆိုကာ ကျောင်းတော်ကြီးကိုပတ်၍ ကမ္ဗဋ္ဌာန်းကျောင်းငယ် ငါးရာကိုလည်း ဆောက်လုပ်ထား၏။ ရေအိုးခြောက်ဆယ်မျှ ပမာဏရှိသော တိုက်ကျောင်းကြီးအထွတ်ကိုတော့ နီဖလုံရွှေဖြင့် ပြုလုပ်ထားလေသည်။

ကျောင်းအစ်မကြီး ဝိသာခါသည် ဘုရားရှင်နှင့်ဝ.ကွ သံဃာတော်များအား မိမိကျောင်း၌ ဝါကပ်တော်မူကြရန် လျှောက်ထား၍ပြီးလျှင် လေးလပတ်လုံး အလှူကြီးပေး၏။ နောက်ဆုံးနေ့၌ သင်္ကန်းစများ လှူဒါန်းလေရာ အငယ်ဆုံးသံဃာ ရသော သင်္ကန်းစသည်ပင် အဖိုးထစ်ထောင်ထိုက်၏။ ဤသို့ဖြင့် ဝိသာခါသည် ကျောင်းမြေဝယ်ရာ၌ ကိုးကုဋေ၊ ကျောင်းဆောက်ရာ၌ ကိုးကုဋေ၊ ကျောင်းပူဇော်ပွဲ ကျင်းပရာ၌ ကိုးကုဋေ အားလုံးပေါင်း နှစ်ဆယ့် ခုနစ်ကုဋေ ရှသော ဥစ္စာတို့ကို ဘုရားသာသနာတော်၌ စေတနာသဒ္ဒါတရား ထက်သန်စွာ လှူဒါန်းခဲ့သဖြင့် လှူဒါန်းပေးကမ်းသော အမျိုးသမီးများတွင် အထွတ်အမြတ်ဆုံး ဟူသော တေဒဂ်ဂုဏ်ထူးကို ဆွတ်ခူးနိုင်လေသည်။

ဝိသာခါသည် ကျောင်းပူဇော်ပွဲကြီး ပြီးဆုံး အောင်မြင်သော ညနေချမ်းတွင် သားသမီး၊ မြေးမြစ်တို့ခြံရံလျက် ကျောင်းတော်ကြီးကို လှည့်ပတ်ပြီးလျှင် အောက်ပါ အကြောင်းခြင်းရာတို့ကို ဥဒါန်း ကျူးရင့်လေသည်။

"ငါသည် တိုက်ကျောင်းကြီးကို ဘယ်အခါမှာ လှူရပါမည်နည်းဟု တောင်းတခဲ့၏။ ယခု ငါ၏ တောင်းတချက် ပြည့်ဝပေပြီ တကား။ ငါသည် ညောင်စောင်း၊ အင်းပျဉ်၊ ဘုံလျှို၊ ခေါင်းအုံးနှင့် ကျောင်းပရိဘောဂများကို ဘယ်အခါ လှူရပါမည်နည်းဟု တောင်းတခဲ့၏၊ ယခု ငါ၏ တောင်းတချက် ပြည့်ဝပြီ တကား။ ငါသည် စင်ကြယ်သော သားပြွမ်း စားရေးတံဆွမ်းကို ဘယ်အခါ၌ လှူရပါမည်နည်းဟု တောင်းတခဲ့၏။ ယခု ငါ၏ တောင်းတချက် ပြည့်ဝပေပြီတကား။ ငါသည် ကာသိတိုင်း ခေါမတိုင်းဖြစ် သင်္ကန်းများကို ဘယ်အခါ လှူရပါမည်နည်းဟု တောင်းတခဲ့၏၊ ယခု ငါ၏တောင်းတချက် ပြည့်ဝပေပြီတကား။ ငါသည် ထောပတ်ဆီ၊ ဆီဦး၊ ပျားတင်လဲ တည်းဟူသော ဆေးအလှူကို

ဘယ်အခါ၌ လှူရပါမည်နည်းဟု လောင်းတခဲ့၏။ ယခုငါ၏တောင်းတ ချက် ပြည့်ဝပေပြီတကား"

ဤသို့ ကျောင်းအမကြီး ဝိသာခါက ကျောင်းတော်ကြီးကို လှည့်လည်၍ ဥဒါန်းကျူးရင့်နေသည်ကို ရဟန်းများက "ကျောင်းအမ ကြီးသည် သည်းခြေပျက်ကာ ရူးသွပ်သွားသဖြင့် သီဆိုနေလေသလော" ဟု တွေးတောကာ ထိုအကြောင်းကို ဘုရားရှင်ထံသွား၍ လျှောက်ထား ကြ၏။ ဘုရားရှင်က "ရဟန်းတို့၊ ဝိသာခါသည် သည်းခြေပျက်ကာ ရူးသွပ်သွား၍ သီချင်းဆိုနေသည် မဟုတ်ပေ။ လွန်လေပြီးသော ကမ္ဘာ အစ်သိန်းထက်၌ ပွင့်တော်မူခဲ့သော ပဒုမုတ္တရ ဘုရားရှင်နှင့်တကွ သံဃာ တော်တို့အား ခုနစ်ရက်တိုင်တိုင် ဆွမ်းဆလှူတော်ကြီး ပေးပြီးလျှင် နောက်ဆုံးနေ့၌ သက်န်းစများ လှူဒါန်းလျက် သာသနာတော်၏ အလုပ်အကျွေးအရာတွင် အထွတ်အမြတ်ဆုံး ဖြစ်စေရန် ဆုတောင်းခဲ့၏။ ထိုဆုတောင်းတို့ ပြည့်ဝကြပြီဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ဥဒါန်းကျူးရင့် နေခြင်းသာ ဖြစ်သည်"ဟု မိန့်တော်မူကာ ဤဂါထာ၏ရှေ့မှာ ပါခဲ့သော ဒေသနာတော်ကို ဟောကြားတော်မူလေတော့သည်။

ဒေသနာတော်

၅၄။ ပန်းတို့၏ ရနံ့သည် လေညာသို့ မရောက်နိုင်ပေ။ စန္ဒကူး၊ တောင်ဇ လပ်၊ ကြံရုံးတို့၏ ရနံ့သည်လည်း လေညာသို့မရောက်နိုင်ကြပေ။ သူတော်စ ကောင်းတို့၏ သီလတည်းဟူသော ရနံ့သည်ကား လေညာသို့ ရောက်နိုင်၏။ သူတော်ကောင်းတို့၏ ဂုဏ်သတင်းသည်ကား အရပ်မျက်နှာအားလုံးသို့ သင်းပျံ့ လွှမ်းမိုးနိုင်၏။

၅၅။ စန္ဒကူးရနံ့သည်လည်းကောင်း၊ တောင်ဇလပ်ပန်း ရနံ့သည် လည်း ကောင်း၊ ကြာညိုပန်းရနံ့သည် လည်းကောင်း ရှိပေ၏။ ထိုရနံ့မျိုးတို့ထက် သီလတည်းဟူသော ရနံ့သည်သာလျှင် အတုမရှိ မြင့်မြတ်လှပေ၏။

## အရှင်အာနန္ဒာ၏ ပုစ္ဆာ

ဇေတဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်း သုံးတော်မူစဉ် အရှင်အာနန္ဒာ မေးလျှောက်သောစကားကို အကြောင်းပြု၍ ဤဒေသနာ တော်ကို ဟောကြားတော်မူလေသည်။

အရှင်အာနန္ဒာသည် တစ်ခုသောညချမ်းအခါ၌ ဘုရားရှင်ထံ ချဉ်း ကပ်ပြီးလျှင် "အရှင်ဘုရား၊ အမြစ်နံ့သာ၊ အနှစ်နံ့သာနှင့် အပွင့်နံ့သာ

ဟူသော နံ့သာသုံးပါးတို့သည် လေအောက်မှသာရနံ့သင်း၍ လေညာသို့ကား သင်းထုံ သစ ရနံ့ကိုမပျံ့စေနိုင်ကြပါ။ လေအောက်လေညာ နှစ်ဌာလုံးသို့ သင်းပျံ့မွှေးကြိုင်စေသော ရနံ့မျိုးတော ရှိပါသေးသလော" ဟု လျှောက်ထား၏။ ဘုရားရှင်သည် အရှင်အာနန္ဒာ၏ ဤပုစ္ဆာကို ဖြေကြားသောအားဖြင့် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၅၆။ ။တောင်စလပ်ပန်း၊ စန္ဒကူးပန်းတို့၏ ရနံ့သည် အနည်းငယ်မျှသာ ဖြစ်၏။ သီလရှိသောပုဂ္ဂိုလ်တို့၏ သီလတည်းဟူသော ဤရနံ့သည်ကား ထူးကဲ မွန်မြတ်သည်ဖြစ်၍ နတ်ပြည်သို့ထိအောင်သင်းပျံ့ကြိုင်လှိုင်၏။

# အရှင်မဟာကဿပအား ဆွမ်းလှူခြင်း

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အရှင်မဟာကဿပအား သိကြားမင်းက ဆွမ်းလှူခြင်းကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

အရှင်မဟာကဿပသည် ခုနစ်ရက်တိုင်တိုင် နိရောဓသမာပတ် ဝင်စား၍ သမာပတ်မှ ထတော်မူပြီးသော် ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံရန် ကြွတော်မူ၏။ ထိုစဉ်တွင် သိကြားမင်း၏ အလုပ်အကျွေး နတ်သမီးငါးရာတို့သည် နတ်သမီးတို့၏ အဆင်တန်ဆာ အသွင်အပြင်တို့ဖြင့် လမ်းမှ ဆီးကြို၍ ဆွမ်းလောင်းရန် ကြိုးစားကြ၏။ အရှင်မဟာကဿပသည် သူဆင်းရဲတို့ကိုသာ ချီးမြှောက်ရန် ရည်မှန်းထားပြီး ဖြစ်နေ၍ နတ်သမီးတို့အား ဆွမ်းလောင်းခွင့်မပေးဘဲ နှင်လွှတ်လိုက်၏။ နတ်သမီးတို့ နတ်ပြည်သို့ပြန်၍ ဤအကြောင်းကို သိကြားမင်းအား ပြောကြားလေရာ သိကြားမင်းသည် အရှင်မဟာကဿပ လာမည့် လမ်းမှ ရက်ကန်းသည် လမ်းတစ်လမ်းကို ဖန်ဆင်း၏။ ကိုယ်တိုင်လည်း သူဆင်းရဲ ရက်ကန်းသည် ပုံသဏ္ဌာန် ဖန်ဆင်းလျက် ရက်ကန်းခတ်၍နေ၏။ သိကြားမင်း၏ မိဖုရားကြီး သုဇာတာသည်လည်း သူဆင်းရဲ ရက်ကန်းသည်မကြီး သဏ္ဌာန် ဖန်ဆင်းကာ ရက်ဖောက်ယောက်၍ နေလေသည်။

အရှင်မဟာကဿပသည် ရက်ကန်းသည်လမ်းသို့ ဝင်လာကော ရက်ကန်းသည် သူအိုလင်မယားကို မြင်လေသော် "ဤသူတို့ကား အိုမင်းသည့်အချိန်တိုင်အောင်ပင် အလုပ်လုပ်နေကြရ၏။ ဤမြို့၌ သူတို့ထက် ပို၍

ဆင်းရဲသူရှိမည် မထင်ပေ။ ဤလူအိုများသည် ဆွမ်းတစ်ယောက်မကို ဖြစ်စေ၊ ဟင်းရွက်ပြုတ်ကိုပင်ဖြစ်စေ လောင်းလှူကြပါစေ၊ သူတို့လောင်းလှူသမျှကို အလှူခံ၍ သူတို့ကို ချီးမြှောက်လတ္တံ့"ဟု ကြံစည်ကာသူတို့ အိမ်ရှေ့မှာ ဆွမ်းရပ်လေ၏။ သိကြားမင်း သူအိုကြီးသည် အိမ်မှထွက်၍ အရှင်မဟာကဿပကို တည်ခြင်းငါးပါးတို့ဖြင့် ရှိခိုးပြီးလျှင် ဒူးနှစ်ဖက်ကို လက်ထောက်လျက် ညည်းညည်းညူညူရပ်ကာ မျက်စိမှုန်သကဲ့သို့ နဖူး ပြင်၌ လက်ဝါးကာ၍ ကြည့်ရှု၏။ ထို့နောက် "ဩော် ဒုက္ခ ဒုက္ခ၊ ငါတို့၏ အရှင်မဟာကဿပ အရှင်မြတ်ကြီးပါတကား။ ဤအရှင်မြတ်ကြီးသည် အချိန်ကြာခါမှ ငါတို့အိမ်ဝသို့ ဆွမ်းရပ်တော် မူလာပေသည်။ အိမ်မှ လှူဖွယ်ဝတ္ထု တစ်ခုခုမှ ရှိပါသည်လော"ဟု ပြောဆို ညည်းတွား၏။ နတ်မိဖုရားအမယ်အိုကြီးသည် အိမ်ထဲမှာ ဟိုဟိုသည်သည် ရှာဖွေ သကဲ့သို့ ပြုကာ "အို အရှင်၊ လှူဖွယ်ဝတ္ထု ရှိပါသေးသည်"ဟုဆို၏။ သိကြားမင်း သူအိုကြီးက အရှင်မဟာကဿပထံမှ သပိတ်ကို တောင်းယူပြီးလျှင် နတ်ဩဇာတို့ကို သပိတ်နှင့် အပြည့် လောင်းထည့်ပြီးလျှင် အရှင်မဟာ ကဿပထံဆက်ကပ်လိုက်၏။ ထိုနတ်ဩဇာဆွမ်း၏ ရနံ့သည် ရာဇဂြိုဟ် မြို့တော် တစ်ခုလုံးကို လွှမ်းခြုံသွားလေသည်။

ဤတွင် အရှင်မဟာကဿပသည် ဆွမ်းလှူဒါန်းသူမှာ သိကြားမင်း ဖြစ်နေကြောင်း သိရှိသွားကာ "သိကြားမင်း၊ သင်သည်ဆင်းရဲသားတို့၏ စည်းစိမ်ဥစ္စာကို လုယက်ဘိ၏။ ယနေ့ ငါ့အား အလှူပေးမိလေသော ဆင်းရဲသားတစ်ယောက်ယောက်သည် သေနင်္ဂကြီးသော် လည်းကောင်း၊ စစ်သူကြီးသော် လည်းကောင်း ဖြစ်ပေရာ၏"ဟု မိန့်ဆို၏။ သိကြားမင်း ကလည်း "အရှင်ဘုရား၊ တပည့်တော်သည် သိကြားမင်းပင် ဖြစ်သော်လည်း ဆင်းရဲသားတစ်ယောက်သာ ဖြစ်ပါသည်။ တပည့်တော်သည် သာသနာပ ကာလတုန်းက ကောင်းမှုကုသိုလ် ပြုခဲ့သူသာ ဖြစ်ပါသည်။ စူဠရထနတ်သား၊ မဟာရထနတ်သားနှင့် အနေကဝဏ္ဏနတ်သားတို့မှာ ကား သာသနာတော်တွင်း၌ ကောင်းမှု ကုသိုလ်ပြုခဲ့သူများ ဖြစ်ကြပါ သည်။ တပည့်တော်၏ နံဘေးမှာပင် ဘွားကနဲ ဖြစ်ပေါ် လာကြပါ သည်။ တပည့်တော်ထက် တန်ခိုးကြီးကြပါသည်။ သူတို့သည် အခြံအရံ များကို ခေါ်ယူကာ နက္ခတ်သဘင်၌ ပျော်ရွှင်စွာ ကစားရန် လမ်း ပေါ်သို့ ထွက်လာကြသောအခါ တပည့်တော်မှာ လွတ်ရာကျွတ်ရာ ထွက်ပြေး၍ ဗိမာန်တွင်း ပုန်းနေရပါသည်။ သူတို့၏ ကိုယ်ရောင်ကိုယ်ဝါ

သည် တပည့်တော်၏ ကိုယ်ရောင်ကိုယ်ဝါကို လွှမ်းခြုံ သွားကြပါသည် ဘုရား''ဟု လျှောက်ထားလေသည်။

ထို့နောက် သိကြားမင်းသည် သုဇာအာမိဖုရားနှင့် အတူတကွ အရှင်မဟာကဿပကို ရှိခိုးကာ လက်ယာရစ် လှည့်ပတ် ပူဇော်ပြီးလျှင် ကောင်းကင်သို့ ပျံတက်၍ ''ငါ၏အလှူသည် မြင့်မြတ်လေစွတကား။ အရှင်မဟာကဿပ ကိုယ်တော်မြတ်ကြီးထံ၌ ကောင်းမွန်စွာ တည်လေပြီ တကား''ဟု ဝမ်းမြောက် ဝမ်းသာဥဒါန်းကျူးရင့် လေသည်၊

ဤသို့ ဥဒါန်းကျူးရင့်သည်ကို ဘုရားရှင်ကြားတော် မူသဖြင့် ရဟန်းတို့ကို ခေါ်တော်မူပြီးလျှင် သိကြားမင်းက သူဆင်းရဲ ရုပ်ကန်း ဆည်အိုးယာခင်ဆောင်ကာ ဆွမ်းလှူဒါန်း၍ ဥဒါန်းကျူးရင့်ပုံကို မိန့်ကြား တော်မူပြီးလျှင်

''ပိဏ္ဍပါတ်ခွတင်ကိုဆောင်၍ မိမိကိုယ်ကို မွေးမြူသော၊ သူတစ်ပါး၏ မွေးမြူခြင်းကိုမခံယူဘဲအမြဲမပြတ်သတိရှိသော၊ကိလေသာ ငြိမ်းအေး၍ တာဒိဂုဏ်နှင့် ပြည့်စုံသော ရဟန်းအား နတ်တို့ချစ်မြတ်နိုးကြ ကုန်၏''ဟု ဥဒါန်းကျူးတော်မူလေသည်။

ဤသို့ ဥဒါန်းကျူးရင့်တော်မူပြီးနောက် ''ရဟန်းတို့၊ နတ်တို့ သနင်း သိကြားမင်းသည် ငါ့သားတော်ကြီး၏ သီလရနံ့ကြောင့် နတ်ပြည်မှ လာရောက်၍ ဆွမ်းလှူဒါန်း ရပေသည်''ဟု မိန့်တော်မူကာ ဤဝတ္ထု၏ ရှေ့မှာပါသော ဓမ္မဒေသနာတော်ကို ဟောကြားတော်မူလေ သတည်း။

ဒေသနာတော်

၅၇။ သီလနှင့် ပြည့်စုံကုန်သော၊ မမေ့မလျော့ နေလေ့ ရှိကုန်သော၊ ကောင်းစွာ ဥာဏ်ဖြင့် သိ၍ ကိလေသာမှ လွတ်မြောက်သော ထို သူတို့၏ သွားရာ လမ်းကြောင်းကို မာရ်နတ်သည် မတွေ့မမြင်နိုင်ပေ။

## အရှင်ဂေါဓိက ပရိနိဗ္ဗာန်စံဝင်ခြင်း

ရာဇဂြိုဟ်မြို့တော် ဝေဠုဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော် မူစဉ် ဂေါဓိက မထေရ်၏ ပရိနိဗ္ဗာန်စံခြင်းကိုအကြောင်းပြု၍ ဤဒေသနာ တော်ကို ဟောကြားတော်မူလေသည်။

အရှင်ဂေါဓိကသည် ဣသိဂိလိတောင်၏ နံပါးရှိ ကာဠသိလာ ကျောက်ဖျာ၌မမေ့မလျော့ လုံ့လကြီးကုတ်အားထုတ်သဖြင့်လောကီချာန် သမာပတ်ကို ရရှိ၏။ ရရှိ၍ မကြာမီမှာပင် နာတာရှည် ရောဂါတစ်မျိုး ကပ်ရောက်လာသဖြင့် ချာန်သမာပတ်မှ လျှောကျ၏။ တစ်ဖန် ပြန်၍အား ထုတ်ရသော အခါမှာလည်း ရေးနည်းတူ လျှောကျပြန်၏။ ဤသို့ဖြင့် ခြောက်ကြိမ်တိုင်တိုင် လျှော့ကျ၍ ခုနစ်ကြိမ်မြောက် ရရှိသော အခါတွင် ကား “ချာန်မှလျှောကျသူမှာ ဂတိမမြဲနိုင်။ ချာန်မှ လျှောမကျသောသူသာ လျှင် ဂတိမြဲနိုင်၏။ ထို့ကြောင့် ငါသည် ချာန်မှ မလျှောကျသေးမီ မိမိ လည်မျိုကိုဓားသင်တုန်းဓားဖြင့် ဖြတ်၍သေစေတော့အံ့”ဟု ကြံစည်ကာ သင်တုန်း ဓားကို ကိုင်၍ ညောင်စောင်းပေါ်၌ အိပ်လေသည်။

ထိုအရှင်၏စိတ်ကို မာရ်နတ်က သိ၍ “ဓားလက်နက်ဖြင့် မိမိကိုယ်ကို သတ်ဖြတ်သော သူတို့သည် မိမိအသက်ကို ငဲ့ကွက်ခြင်း ကင်းကုန်၏။ ထို သူတို့သည် ဝိပဿနာကို ပွားလျှင် အရဟတ္တဖိုလ်အထိ ရောက်နိုင်ကုန်၏။ ငါကိုယ်တိုင် သွား၍ တားမြစ်လျှင် ထိုရဟန်းကလိုက်နာမည် မဟုတ်ပေ။ ဘုရားရှင်ကို တားမြစ်ရန် တိုက်တွန်းမှ ဖြစ်မည်”ဟု တွေးတောကာ မထင် ရှားသော အသွင်ဖြင့် ဘုရားရှင်ထံသို့ ချဉ်းကပ်လာပြီးလျှင် “အရှင်ဘုရား၊ အရှင်ဘုရား၏ တပည့်ဂေါဓိကသည် မိမိကိုယ်ကို သတ်သေရန် ကြိုးစား၍ နေပါသည်။ ထိုဂေါဓိကကို တားမြစ်တော်မူပါ”ဟု လျှောက်ထား၏။ ထိုသို့ လျှောက်ထားနေစဉ်မှာပင် အရှင်ဂေါဓိကသည် သင်တုန်းဖြင့် မိမိ လည်မျိုကို ဖြတ်လိုက်လေသည်။

ဘုရားရှင်သည် လျှောက်ထားသူမှာ မာရ်နတ်ဖြစ်ကြောင်းသိတော် မူသဖြင့် “ဟယ် - မာရ်နတ်ယုတ်၊ ပညာရှိတို့သည် ဤသို့ပင် အသက်ရှင် ခြင်းကို မတောင့်တကြကုန်။ ဂေါဓိကသည် တဏှာကို အကြွင်းမဲ့ ဖယ်နုတ်၍ ပရိနိဗ္ဗာန်ပြုလေပြီ”ဟု မိန့်ကြားတော်မူ၏။ ထိုစဉ်တွင် ဘုရားရှင်သည် ဟိုဟိုသည်သည် လှည့်လည်သွားလာနေသော မီးခိုးအစု၊ အမိုက်မှောင် အစုသဏ္ဍာန်ကို ပြုတော်မူပြီး၊ “ရဟန်းတို့ ဤသည်ကား မာရ်နတ်သည်။ ဂေါဓိက၏ ဝိညာဉ်ကို လှည့်လည် ရှာနေခြင်းဖြစ်၏။ ဂေါဓိကကား ပဋိသန္ဓေနေခြင်း မရှိတော့ဘဲ ပရိနိဗ္ဗာန်ပြုလေပြီ”ဟု မိန့်ကြားတော်မူ လေသတည်း။

မာရ်နတ်သည် အရှင်ဂေါဓိက၏ ဝိညာဉ်ကို အရပ်ရှစ်မျက်နှာ အား လုံး၌ ရှာဖွေသော်လည်း မတွေ့ရချေ။ “ထိုဂေါဓိကသည် အဘယ်အရပ်

သို့ ရောက်ပါသနည်း''ဟု မေးလျှောက်၏။ ဘုရားရှင်က ''ဟယ်-မာရိနတ်ယုတ်၊ ဂေါဓိကာ၏ လားရာအရပ်ကို သိခြင်းဖြင့် သင့်မှာ ဘာအကျိုးရှိမည်နည်း''ဟု မိန့်တော်မူကာ အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၅၇။ လမ်းမကြီး၌ စွန့်ပစ်ထားသော အမှိုက်ပုံ၌ မွှေးရနံ့ ကြိုင်လှိုင်၍ နှစ်သက်ဖွယ်ရှိသော ပဒုမ္မာကြာပန်းပေါက်လာသကဲ့သို့။

၅၈။ အမှိုက်ပုံသဖွယ်ဖြစ်သော သတ္တဝါတို့အလယ်၌ နေသော ဘုရားရှင်၏ တပည့်သည်လည်း အကန်းသဖွယ်ဖြစ်သော ပုထုဇဉ်တို့ကို ပညာဖြင့် ကျော်လွန်၍ တင့်တယ်၏။

# ဂရဟဒိန္န သူကြွယ်

ဇေတဝန်ကျောင်းတော်၌ဘုရားရှင်သီတင်းသုံးတော်မူစဉ် ဂရဟဒိန္န၏မိးကျီးတွင်းထဲမှ ပဒုမ္မာကြာပန်းပေါက်ရောက်လာခြင်းတို့ အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

သာဝတ္ထိမြို့တော်၌ သီရိဂုတ္တသူကြွယ်နှင့် ဂရဟဒိန္န သူကြွယ်တို့သည် သူငယ်ချင်းများ ဖြစ်ကြ၏။ သို့ရာတွင် သီရိဂုတ္တသူကြွယ်သည် ဘုရားရှင်၏ တပည့်ဖြစ်၍ ဂရဟဒိန္န သူကြွယ်ကမူ နိဂဏ္ဌတိတ္ထိတို့ကို ကိုးကွယ်ဆည်းကပ်သူဖြစ်နေ၏။ နိဂဏ္ဌတိတ္ထိတို့က တိုက်တွန်းသဖြင့် ဂရဟဒိန္နသည် သူငယ်ချင်းအား ဘုရားရှင်ကို ကိုးကွယ်နေမည့်အစား နိဂဏ္ဌတိတ္ထိတို့အား ကိုးကွယ်ဆည်းကပ်ရန် သွေးဆောင်ပြောကြား၏။ ဤသို့ မကြာခဏ ပြောဖန်များလာသောအခါ သီရိဂုတ္တက ''သူငယ်ချင်း၊ သင်၏ဆရာတို့သည် အဘယ်အရာကို သိပါသနည်း''ဟု မေး၏။ ဂရဟဒိန္နက ''သူငယ်ချင်း၊ ဤသို့ မဆိုပါလင့်။ ငါတို့အရှင်မှာ မသိသောအရာဟူ၍ မရှိပါ။ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ရှိ တရားအားလုံးကိုလည်းကောင်း၊ ကာယကံ၊ ဝစီကံ၊ မနောကံ အားလုံးကိုလည်းကောင်း သိကြကုန်၏''ဟု ဆို၏။ ဤတွင် သီရိဂုတ္တက ''သူငယ်ချင်း၊ ယနေ့မှစ၍ ငါသည် အရှင်တို့၏ ဉာဏ်စွမ်းကို သိရလေ၏။ ထိုအရှင်ထံ သွားပါလော့။ ငါ၏ကိုယ်စား အရှင်တို့ကို ပင့်ဖိတ်ပေးပါလော့''ဟု မိန့်၏။ ဂရဟဒိန္နသည် သီရိဂုတ္တ၏ ကိုယ်စား သွား၍ပင့်လျှောက်သောအခါ နိဂဏ္ဌတိတ္ထိတို့က ဝမ်းသာအားရ လက်ခံလိုက်ကြလေသည်။

သီရိဂုတ္တသည် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် တရားအားလုံးနှင့် ကာယကံ၊ ဝစီကံ ၊မနောကံ အားလုံးကိုသိသည်ဆိုသော နိဂဏ္ဌတိတ္ထိများ အဟုတ်တကယ်သိမသိ စမ်းသပ်ရန် စီမံပြုလုပ်၍ထား၏။ ဂရဟဒိန္နသည် နံနက်စောစော သီရိဂုတ္တအိမ်သို့လာပြီးလျှင် "အရှင်မြတ်တို့အတွက် ဆက်ကပ်ကျွေးမွေးစရာများ ချက်ပြုတ်ပြီးပြီလော"ဟု မေး၏။ သီရိဂုတ္တက ထမင်းလုံးများ၊ ဟင်းဖတ်များ၊ ယာဂုများ၊ ထောပတ်များ၊ တင်လဲများ ပေကျံနေ၍ ပိတ်ထားသော အိုးကြီးများကိုလည်းကောင်း၊ ခင်းထားသော နေရာများကိုလည်းကောင်း ပြသည်။ အရှင်မြတ်တို့အတွက် ဆက်ကပ်လုပ်ကျွေးရန် အဆင်သင့်ရှိနေပါပြီဟု ပြောပြ၏။ ဂရဟဒိန္နသည် ပိတ်ထားသော အိုးကြီးများကိုဖွင့်မကြည့်ဘဲ ဝမ်းပန်းတသာဖြင့် နိဂဏ္ဌတိတ္ထိများကို သွား၍ ပင့်လေသည်။

နိဂဏ္ဌတိတ္ထိများလာကြသောအခါ သီရိဂုတ္တသည် လက်အုပ်ချီမိုး ရှိခိုး၍ ဤသို့ဆိုကာ "အရှင်တို့သည် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် တရားအားလုံးနှင့် ကာယကံ၊ ဝစီကံ၊ မနောကံအားလုံးကို သိသည်ဟု ဆိုပါ၏။ အကယ်၍ အဟုတ်တကယ် သိရှိရိုးမှန်ပါလျှင် တပည့်တော်၏ အိမ်သို့ အရှင်ဘုရားတို့ မဝင်ကြပါကုန်လင့်"ဟု စိတ်ထဲမှ လျှောက်ထား၏။ နိဂဏ္ဌတိတ္ထိတို့ကား စိတ်ထဲမှလျှောက်ထားနေသည်ကို မသိကြသဖြင့် အိမ်ထဲသို့ တသီတတန်းကြီး ဝင်ကုန်ကြ၏။ သီရိဂုတ္တသူကြွယ်၏ အမှုထမ်းတို့က နိဂဏ္ဌတိတ္ထိတို့အား "အရှင်ဘုရားတို့၊ တန်း၍ ခင်းထားသော ညောင်စောင်းများ ရှေ့တွင် ထေစဉ်ဝါလိုက် ရပ်တော်မူပြီးမှ တစ်ပြိုင်နက် ထိုင်တော်မူကြပါ"ဟု လျှောက်ထားကြလေသည်။

အမှန်အားဖြင့် ထိုညောင်စောင်းတို့ အောက်တွင် တွင်းရှည်ကြီး တူးထားကာ မစင်များ ပြည့်လျက်ရှိ၏။ တွင်းပေါ်မှာ ကြိုးများတန်း၍ ဖျာများဖြင့် ဖုံးလွှမ်းကာ ညောင်စောင်း၏ ခြေရင်း ခြေထောက်တို့ကို တွင်းနှုတ်ခမ်းမြေကြီးပေါ်မှာထား၍ ခေါင်းနှင့် ခြေထောက်တို့ကို တွင်းပေါ်မှ ကြိုးတန်းပေါ်မှာ တင်ထား၏။ ငှက်ပျောဖက်နှင့် ပိတ်ဖြူများ ပိတ်ထားသော အိုးကြီးများ၌ စားသောက်ဖွယ်များ လိမ်းကျံထားသော်လည်း အထဲတွင် ဘာမျှမရှိပေ။ အစစအရာရာ ဘာမဆို သိပါသည် ဆိုသော နိဂဏ္ဌတိတ္ထိတို့သည် အမှုထမ်းတို့ လျှောက်ထားသည့်အတိုင်း တစ်ပြိုင်နက်ထိုင်ကြလေရာ မစင်တွင်းထဲသို့ ကျွမ်းထိုးမှောက်ခုံ ကျသွားကြရ၏။ တွင်းထဲမှ တက်လာသောအခါတွင်လည်း ထိုတိတ္ထိတို့ကို "သင်

တို့သည် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ကို အဘယ်ကြောင့်မသိကြရသနည်း''ဟု ဆိုကာ အမှုထမ်းများက ရိုက်နှက်ကြ၏။ တွင်းမှတက်၍ ပြောင်ချောနေအောင် ပြုပြင်ထားသော မြေပြင်၌ တမိုင်းမိုင်းလဲကြပြန်တော့လည်း ထပ်မံ၍ ရိုက်နှက်ကြပြန်လေသည်။

မသိဘဲနှင့် သိဟန်ဆောင်၍ အရှက်တကွဲဖြစ်ခဲ့ရသော နိဂဏ္ဌတိတ္ထိတို့သည် ဂရဟဒိန္နအိမ်သို့ပြေးသွားကြကုန်၏။ ဂရဟဒိန္နသည် ဤအဖြစ်ကို မခံမရပ်နိုင်ဖြင့်ကာ ကောသလမင်းကြီးထံ ဝင်ရောက်၍ သိရိဂုတ္တအား အသပြာတစ်ထောင် ဒဏ်ရိုက်ပါရန် လျှောက်တင်၏။ ကောသလမင်းကြီးက သိရိဂုတ္တကို ခေါ်ယူ၍ မေးစစ်သောအခါ သိရိဂုတ္တက ''အရှင်မင်းကြီး၊ ဂရဟဒိန္နက သူ၏ဆရာ နိဂဏ္ဌတိတ္ထိများသည် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် တရားအားလုံးနှင့် ကာယကံ၊ ဝစီကံ၊ မနောကံ အားလုံးကို သိသည်ဟု ပြောပါသည်။ သူပြောသည့်အတိုင်းထိုတိတ္ထိတို့ အဟုတ်တကယ် သိမသိ သိရှိနိုင်ရန် စမ်းသပ်ခြင်းသာ ဖြစ်ပါသည်''ဟု ဖြေရှင်း လျှောက်တင်၏။ ဤတွင် ကောသလမင်းကြီးက သိရိဂုတ္တကို ဒဏ်မရိုက်တော့ပေ။ ဂရဟဒိန္နကိုသာ အသပြာတစ်ထောင်ပေးဆောင်ရန် ဒဏ်ရိုက်လေတော့သည်။

ဂရဟဒိန္နသည် သိရိဂုတ္တကို အမျက်ထွက်လှသဖြင့် ဆယ့်ငါးရက်ကြာမျှ စကားမပြောဘဲ နေ၏။ ထို့နောက်မှ သိရိဂုတ္တကိုလည်းလက်စားချေ၍ ချေရန် အကြံရကာ သိရိဂုတ္တထံသို့သွား၍ ပြေပြေပြစ်ပြစ်စကားပြော၏။ တစ်နေ့သ၌ သိရိဂုတ္တက ဂရဟဒိန္နအား နိဂဏ္ဌတိတ္ထိများကို ကိုးကွယ်မည့်အစား ဘုရားရှင်နှင့်တကွ ရဟန္တာအရှင်မြတ်များအား ဆည်းကပ်ကိုးကွယ်ရန်တိုက်တွန်း၏။ ဤအချက်ကို စောင့်နေသော ဂရဟဒိန္နက ''သင်တို့ဆရာသည် အဘယ်တရားကိုသိပါသနည်း''ဟုမေး၏။ သိရိဂုတ္တက ''သူငယ်ချင်း၊ ဤသို့မဆိုပါလင့်၊ ငါတို့ဆရာ ဘုရားရှင်သည် အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် တရားအားလုံးကို သိတော်မူ၏။ သတ္တဝါတို့၏ စိတ်နေသဘောထားကို ခွဲခြား၍ သိတော်မူ၏''ဟု ဆို၏။ ဤတွင် ဂရဟဒိန္နက သိရိဂုတ္တအား ဘုရားရှင်နှင့်တကွ သံဃာတော်များအား မိမိကိုယ်စား ပင့်လျှောက်ပေးပါရန် ပန်ကြားလေသည်။

သိရိဂုတ္တသည် ဘုရားရှင်ထံသို့ ဝင်ရောက် ရှိခိုးပြီးလျှင် ''အရှင်ဘုရား၊ တပည့်တော်၏ သူငယ်ချင်း ဂရဟဒိန္နက ဘုရားရှင်နှင့် တကွ သံဃာတော်များအား သူ့အိမ်သို့ ဆွမ်းဘုဉ်းပေးကြွရန် ပင့်လျှောက်ပါသည်။ ယခင်ရက်များတုန်းက တပည့်တော်သည် သူ၏ ဆရာ နိဂဏ္ဌတိတ္ထိ

တို့အား၊ အိမ်သို့ ပင့်ကာ မစင်တွင်း၌ ထဲချ၍ အရှက်ခွဲခဲ့ဖူးပါသည်။ သို့ဖြစ်၍ တပည့်တော်ကို လက်စားချေရန် ပင့်ဖိတ်လေသလော၊ စေတနာသန့်သန့်ဖြင့် ပင့်ဖိတ်လေသလော မသိနိုင်ပါ။ ဆင်ခြင်စဉ်းစား၍ လက်ခံသင့်မှ လက်ခံတော်မူပါ ဘုရား''ဟု လျှောက်ထား၏။ ဘုရားရှင်က ဉာဏ်တော်ဖြင့် ဆင်ခြင် သုံးသပ်ကာ အကျိုးတရား ဖြစ်ပွားမည့် အရေးကို မြင်တော်မူသဖြင့် ပင့်လျှောက်ခြင်းကို လက်ခံတော်မူလိုက်လေသည်။

သီရိဂုတ္တသည် နံနက်စောစော ဂရဟဒိန္န၏အိမ်သို့ လာကာ ''အရှင်မြတ်များအတွက် ဆက်ကပ်ဖွယ်ရာများ ချက်ပြုတ်ပြီးပြီလော''ဟု မေးမြန်း၏။ ဂရဟဒိန္နက စားသောက်ဖွယ်ရာ အစအနများ လိမ်းကျံထား၍ အလုံပိတ်ထားသော အိုးကြီးများကို ပြကာ ''အရှင်မြတ်များ အတွက် ဆက်ကပ်ဖွယ်ရာများ ချက်ပြုတ် ပြီးစီးနေပါပြီ'' ဟု ပြန်ပြော၏။ သီရိဂုတ္တသည် ငှက်ပျောရွက်နှင့် ပိတ်ဖြူများ ဖုံးအုပ်ထားသော အိုးများကို စစ်ဆေး ကြည့်ရှုမနေတော့ဘဲ ဘုရားရှင်နှင့် သံဃာတော်များကို သွား၍ ပင့်လျှောက်လေသည်။

ဘုရားရှင်နှင့် သံဃာတော်များ ကြွလာတော်မူသောအခါ ဂရဟဒိန္နသည် အိမ်မှထွက်ကာ ရှိသေစွာ ရှိခိုး၍ ကြိုဆိုပြီးလျှင် ''အရှင်ဘုရားတို့သည် အတိတ် အနာဂတ် ပစ္စုပ္ပန် တရားအားလုံးကို သိကုန်၏။ သတ္တဝါတို့၏ စိတ်နေ သဘောထားများကို ခွဲခြား၍ သိကုန်၏ဟု ဆိုပါ၏။ အကယ်၍ အဟုတ်အကယ် သိရိုးမှန်လျှင် တပည့်တော်၏ အိမ်သို့ မဝင်ကြပါနှင့်''ဟု စိတ်ထဲမှ လျှောက်ထား၏။ ဘုရားရှင်သည် ထိုသို့ လျှောက်ထားသည်ကို မနေယူဘဲ အိမ်ထဲသို့ ဆက်လက်၍ ဝင်တော်မူ၏။ ဂရဟဒိန္နသည် ဘုရားရှင်၏ သပိတ်တော်ကို လှမ်းယူကာ ''အရှင်ဘုရား၊ နေရာများသို့ လှမ်းကြွသောအခါ တစ်ပါးချင်း တစ်ပါးချင်း လှမ်းကြွတော်မူကြပါ''ဟု လျှောက်ထားလေသည်။

အမှန်အားဖြင့် ဘုရားရှင်နှင့်တကွ သံဃာတော်များအတွက် ခင်းထားသော ညောင်စောင်းများ အောက်တွင် မီးကျီးတွင်းကြီး ရှိနေပေသည်။ သီရိဂုတ္တကို လက်စားချေရန် ဂရဟဒိန္နက တွင်းလျားရှည်ကြီးကို တူးကာ လှည်းရှစ်ဆယ်တိုက်မျှ ရှိသော ရှားသားများကို မီးကျီးခဲများ ဖြစ်အောင် မီးရှို့ထားပြီးမှ ကြိုးများတန်း၍ ပျဉ်ချပ်များစီကာ ဖျာများ ဖုံးထား၏။ မီးကျီးတွင်းများသို့ ရောက်သောအခါ ဂရဟဒိန္နသည် ရပ်တန့်ပြီးလျှင် ''အရှင်ဘုရား၊ ရှေ့က ကြွတော်မူပါ''ဟု လျှောက်၏။ ဘုရား

ရှင်သည် ကြွတော်မူ၍ မီးကျီးတွင်းပေါ်၌ ခြေတော် ချလိုက်သောအခါ ဖုံးထားသော အရာများ ကွယ်ပျောက်သွားပြီးလျှင် ရဲရဲညီးနေသော ရှား မီးကျီးခဲများထဲမှ လှည်းဘီးလောက် ရှိသော ပဒုမ္မာ ကြာပွင့် ကြီး များ ပေါ်ပေါက်လာ၏၊ ဘုရားရှင်သည် ပဒုမ္မာကြာပွင့်ကြီး၏ အလယ်မှာ နင်းတော်မူ၍ ခင်းထားသော နေရာ၌ ထိုင်တော်မူ၏။ သံဃာတော်များ သည်လည်း မိမိတို့ရှေ့မှာ ပေါ်ပေါက်လာသော ပဒုမ္မာကြာပွင့်ကြီးများ ကို နင်းကာ မိမိတို့ နေရာ အသီးသီး၌ ထိုင်ကြလေသည်။

ဂရုဟဒိန္နသည် သိရိဂုတ္တထံသို့ ပြေးသွားကာ ဤအကြောင်းများကို ပြောပြပြီးလျှင် "ဘုရားရှင်နှင့် သံဃာတော်များအား ဆက်ကပ်စရာမရှိ၍ ကူညီပါ"ဟု ပန်ကြား၏၊ သိရိဂုတ္တက "သူငယ်ချင်း၊ အိမ်သို့ ပြန်ချေ လော့။ သင်က ဆွမ်းအိုးဟု ဆိုခဲ့သော အိုးလွတ်ထဲတွင် ဆွမ်းများ ပြည့် နေပေလိမ့်မည်။ သင်က ဟင်းအိုးဟု ဆိုခဲ့သော အိုးလွတ်ထဲတွင် ဟင်းလျာ များ ပြည့်နေပေလိမ့်မည်" စသည်ဖြင့် ပြောဆို၍ လွှတ်လိုက်၏။ ဂရဟ ဒိန္နသည် ဘုရားရှင်၏ အန်ုဘိုးတော်ကြောင့် အယောင်ဆောင် ပြုလုပ်ထား သော အိုးလွတ်များထဲမှ အသီးသီး အပြည့်ရှိသော စားသောက်ဖွယ်များ ဖြင့် ဘုရား အမှူးရှိသော သံဃာတော်များအား စိတ်နှလုံး ကြည်လင် ချမ်းမြေ့စွာ ဆက်ကပ် လှူဒါန်းလေသည်။

ဆွမ်းကိစ္စ ပြီးစီးသောအခါ ဘုရားရှင်သည် ဆွမ်းအနုမောဒနာ တရား ဟောကြားတော် မူပြီးလျှင် "ဤ သတ္တဝါတို့သည် ပညာမျက်စိ မရှိကြသောကြောင့်သာလျှင် ငါဘုရား၏ ဂုဏ်ကျေးဇူးကို လည်းကောင်း၊ တပည့် သာဝကများ၏ ဂုဏ်ကျေးဇူးကို လည်းကောင်း၊ သာသနာတော်၏ ဂုဏ်ကျေးဇူးကို လည်းကောင်း မသိနိုင်ကြကုန်"ဟု မိန့်ကြားတော်မူကာ အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော် အဆုံး၌ တရားနာ ဗရိသတ်များနှင့်တကွ သူကြွယ် နှစ်ဦးတို့သည် သောတာပန် ဖြစ်ကြကုန်၏။ သူကြွယ် နှစ်ဦးတို့သည် မိမိ တို့၏ စည်းစိမ်ဥစ္စာတို့ကို သာသနာတော်၌ လှူဒါန်းကြလေကုန်၏။

# ဗာလဝဂ်

ဒေသနာတော်

၆၀။ ။အိပ်မပျော်သူအား ညဉ့်တာသည် ရှည်လျား၏။ ခရီးပန်းသောသူအား တစ်ယူဇနာခရီးသည် ရှည်လျား၏။ သူတော်ကောင်းတရားကို မသိသော သူမိုက်တို့အား သံသရာသည် ရှည်လျား၏။

## ယောကျ်ားတစ်ယောက် (ဒု၊သ၊န၊သော)

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ကောသလမင်းကြီး ကြားလိုက်ရသော ဒု၊သ၊န၊သော ဟူသော အသံကြီးလေးချက်ကို အကြောင်းပြု၍ ဤဒေသနာကို ဟောကြားတော်မူသေသည်။

ကောသလမင်းကြီးသည် ပွဲလမ်းသဘင် ဆင်ယင်ကျင်းပနေသောနေ့၌ ပုဏ္ဍရိကမည်သော ဆင်ဖြူတော်ကြီးကိုစီးလျက် မြို့တော်သို့ လှည့်လည်စဉ် တိုက်အပေါ်ထပ် ပြတင်းမှ မိမိထံ လှမ်းကြည့်နေသော အမျိုးသမီးတစ်ယောက်ကို တပ်မက်စွဲလမ်းလာခဲ့၏။ နန်းတော်သို့ ပြန်လာပြီးနောက် အမတ်တစ်ယောက်ကို စေလွှတ်၍ ထိုအမျိုးသမီးအကြောင်းကို စုံစမ်းထောက်လှမ်းရန် ခိုင်းလိုက်ရာ လင်ရှိ မိန်းမဖြစ်ကြောင်း သိရသဖြင့် သူ့လင်ကိုသတ်၍ ထိုအမျိုးသမီးကို အရယူရန် ဆုံးဖြတ်လိုက်၏။ ဤသို့ဖြင့် ကောသလမင်းကြီးသည် ထိုယောကျ်ားအား နန်းတော်သို့ ဆင့်ခေါ်လိုက်၏။ ထိုယောကျ်ားကလည်း မိန်းမကို မှီ၍ ဘေးဖြစ်လာကြောင်းကို ရိပ်မိကာ မင်းအာဏာကို မလွန်ဆန်ရဲသဖြင့် နန်းတော်သို့ သွား၏။ နန်းတော်သို့ ရောက်လျှင် ကောသလ မင်းကြီးက "နန်းတော်၌ အမှုထမ်းလော့" ဟု မိန့်ကြား၏။ ထိုယောကျ်ားကလည်း မိမိအား အပြစ်ရှာ၍

သတ်ဖြတ်ရန်ဖြစ်ကြောင်း ရိပ်စားမိသဖြင့် "အရှင်မင်းကြီး၊ ကျွန်ုပ်သည် မိမိအလုပ်ကို လုပ်ကိုင်ကာ အရှင်မင်းကြီးအား အခွန်တော် ဆက်သ၍သာ နေပါရစေ"ဟု လျှောက်တင်၏။

သို့ရာတွင် ကောသလမင်းကြီးက ခွင့်မပြုဘဲ ကာဠနှင့်လက်နက်ကိုပေးကာ မိမိထံခစားရန် အမိန့်ပေးလိုက်လေတော့သည်။

ထိုယောကျာ်းအား မိမိအသက်ဘေးကို မျှော်တွေးကာ မင်းမှုထမ်းကို မနေ့မလျှော့ဘဲ ကျေပွန်အောင် ထမ်းဆောင်လာ၏။ ကောသလမင်းကြီးသည် ထိုယောကျာ်းကို သတ်ခွင့်မရနိုင်သေးသဖြင့် သတ်ခွင့်ရရန် ဆက်လက်၍ ကြံစည်ပြန်ရာ အကြံတစ်ခုကိုရရှိ၏။ သို့ဖြစ်၍ ထိုယောကျာ်းကို ခေါ်ယူပြီးလျှင် "အသင်ယောကျာ်း၊ ဤမြို့မှ တစ်ယူဇနာ ဝေးသော အရပ်၌ မြစ်တစ်စင်းရှိ၏။ ထိုမြစ်၏တစ်နေရာမှ ကုမုဒြာကြာနှင့် အရုဏ်အဆင်းရှိသော မြေညှက်ကိုဆောင်ခဲ့လော့။ ယနေ့ည ငါ ရေချိုးချိန်အမီ မရောက်လာလျှင် သင့်ကိုသတ်အံ့"ဟု မိန့်ဆိုလေသည်။

မင်းခစား ယောကျာ်းသည် မိန်းမဖြစ်သူက ချက်၍ ဖိုစင်ပေါ်မှာ နှပ်ထားဆဲဖြစ်သော ထမင်းကို ခြင်းမှာသိပ်ထည့်ကာ ဟင်းအဖြစ် ပုန်းရည်ကိုယူပြီးလျှင် တစ်ယူဇနာဝေးသော ခရီးကို မနားတမ်းပြေးသွားရ၏။ မြစ်ကမ်းပါးသို့ ရောက်သောအခါ သူသည် ထမင်းဦးကိုဖယ်ထားပြီး၍ စားသောက်နေစဉ် ခရီးသည်တစ်ယောက် ရောက်လာသဖြင့် ထိုခရီးသည်အား မိမိ စားရန်ဖယ်ထားသော ထမင်းဦးကို ရိုရိုသေသေ ပေးလှူ၏။

ထို့နောက် မင်းခစား ယောကျာ်းသည် ထမင်းတစ်ဆုပ်ကို ရေမှာ ပစ်ချ၍ လက်ဆေးပြီးလျှင် "ဤမြစ်၌ အုပ်စိုးနေကြသော နဂါး၊ ဂဠုန်နှင့် နတ်အပေါင်းတို့အား တိုင်တည်ပါ၏၊ ကောသလမင်းကြီးသည် ကျွန်ုပ်ကို သတ်ဖြတ်လိုသဖြင့် ဤမြစ်မှ ကုမုဒြာကြာနှင့် အရုဏ်ရောင် အဆင်းရှိသောမြေညှက်ကို ယူခဲ့ရန်စေလွှတ်လိုက်ပါ၏။ ကျွန်ုပ်သည် ခရီးသည်တစ်ယောက်အား ထမင်းဦးကိုလှူခဲ့ပါ၏။ ထိုအလှူကု အသင်တို့အား အမျှဝေပါ၏။ ကျွန်ုပ်အား ကုမုဒြာကြာနှင့် အရုဏ်ရောင် အဆင်းရှိသော မြေညှက်ကို နဂါးပြည်မှယူဆောင်၍ ပေးကြကုန်လော့"ဟု ကြွေးကြော်၏။ ထိုမြစ်မှာ အုပ်စိုးနေသော နဂါးမင်းသည် ထိုအသံကိုကြားသဖြင့် လူတို့အသွင်ဖြင့် လာရောက်ပြီးလျှင် မင်းခယောကျာ်းအား ကုမုဒြာကြာနှင့် အရုဏ်အဆင်းရှိသော မြေညှက်ကို ပေးလိုက်လေသည်။

ကောသလမင်းကြီးသည် အကြောင်းတစ်ခုခုဖြင့် မင်းခယောကျ်ား အချိန်မီရောက်လာလျှင် မသတ်ရမည်စိုး၍ မြို့တံခါးကို ခါတိုင်းထက်စော ပိတ်စေပြီးလျှင် တံခါးသော့ကို ယူထားလိုက်၏။ မင်းခယောကျ်ားသည် အလျင်အမြန်ပြေးလာ၍ အချိန်မီရောက်ပါ၏။ သို့သော် မြို့တံခါး ပိတ်ထား ပြီးဖြစ်၍ မည်သို့မျှ မတတ်နိုင်တော့ပေ။ သို့ဖြစ်၍ သူသည် ကုမုဒြာကြာနှင့် အရုဏ်ရောင် အဆင်းရှိသော မြေညက်ကို တံခါးပေါ်၌တင်ထားကာ ဇေတဝန်ကျောင်းတော်သို့ သွား၍အိပ်ရလေသည်။

ကောသလမင်းကြီးသည် နံနက်လင်းလျှင် ထိုယောကျ်ားကိုသတ်၍ သူ့မယားကို ယူတော့မည်ဟု ကြံစည်စိတ်ကူး၍ အိပ်ရာဝင်ခဲ့ရာ တရေးနိုး သောအခါတွင် မဟာပထဝီမြေကြီးအတွင်းမှ ဒု,သ,န,သော ဟူသော အသံကြီးလေးခုကြားကာ စိုးရိမ်ထိတ်လန့်လှသဖြင့် တစ်ညလုံး အိပ်မပျော် နိုင်တော့ပေ။ နံနက်လင်းသောအခါ ပုရောဟိတ်ကြီးကိုခေါ်၍ ထိုအသံ မျိုးအကြောင်းကို ပြောကြားလေရာ ပုရောဟိတ်ကြီးမှာ အသံများ၏ အကြောင်းရင်းကို မသိမမြင်နိုင်သဖြင့် "မင်းမြတ်၊ ဝန်လေးလေစွတကား။ သို့ရာတွင် အရှင်မင်းကြီး၏ အသက်အန္တရာယ်ကို ကာကွယ်နိုင်သော နည်း လမ်းကား ရှိပါသေးသည်။ ထိုနည်းကား ဆင်တစ်ရာ၊ မြင်းတစ်ရာ၊ နွား လားတစ်ရာ၊ နွားမတစ်ရာ၊ ဆိတ်တစ်ရာ၊ သိုးတစ်ရာ၊ ကြက်တစ်ရာ၊ ဝက် တစ်ရာ၊ သူငယ်တစ်ရာ၊ သူငယ်မတစ်ရာတို့ကို သတ်ဖြတ်၍ သဗ္ဗစတုက္က ယဇ် ပူဇော်ပွဲကြီးကို ကျင်းပလျှင် အရှင်မင်းကြီးသည် အသက်ဘေးမှ လွတ်နိုင် ပါသည်" ဟု လျှောက်တင်၏။ မင်းကြီးသည်လည်း "ငါ့အသက်ရှင်ရေး သာ လိုရင်းပေတည်း"ဟု တွေးတောကာ ယဇ်ပူဇော်ရန် သတ္တဝါနှင့် သူငယ် သူငယ်မတို့ကို ဖမ်းယူရန် အမိန့်ပေးလိုက်လေသည်။

မိမိတို့ သားသမီးများ၊ ဆွေမျိုးများ အဖမ်းခံရသူတို့သည် တစ်မြို့ လုံး ဆူညံသောသည်းမျှ ငိုကြွေးကြလေရာ မလ္လိကာဒေဝီမိဖုရားကြီး ကြားသိသဖြင့် ကောသလမင်းကြီးထံဝင်၍ အကျိုးအကြောင်း မေးမြန်း၏။ ကောသလ မင်းကြီးက ညကကြားရသော အသံများနှင့် ပုရောဟိတ်ကြီး၏ အစီအစဉ် များကိုပြောပြ၏။ ဤတွင် မလ္လိကာမိဖုရားကြီးက "အရှင်မင်းကြီး၊ သူတစ်ပါးအသက်ကိုသတ်၍ မိမိအသက်ဘေးမှ ချမ်းသာသည်ဟူ၍မရှိပါ။ ဇေတဝန် ကျောင်းတော်သို့သွား၍ ဘုရားရှင်ကိုသာ ဤအကြောင်းကို လျှောက်ထားဆင့်ပါသည်။ ဘုရားရှင် အဆုံးအမအတိုင်းသာ ပြုလုပ်သင့် ပါသည်"ဟု လျှောက်တင်၏။ ကောသလမင်းကြီးကလည်း သဘောတူ

ထဖြင့် ပေါ်ပါးသော ယစဉ်ငယ်ဖြင့် မင်းမိဖုရားနှစ်ပါး ကျောင်းတော်သို့ လာကြလေသည်။

ဘုရားရှင်ရှေ့တော်သို့ ရောက်ရောအခါတွင်လည်း ကောသလမင်းကြီးသည် သေဘေးကိုကြောက်ရွံ့ကာ တစ်စုံတစ်ရာ မလျှောက်ထားနိုင်ဘဲ ရှိခိုးလျက်သာနေသဖြင့် မလ္လိကာမိဖုရားကြီးက ညကကြားရသော အသံများနှင့် ပုရောဟိတ်ကြီး၏ အစီအစဉ်များကို လျှောက်ထားရ၏။ ဤတွင် ဘုရားရှင်....

"မင်းကြီး၊ မကြောက်ပါလင့်။ ထင်မင်းကြီးအတွက် အသက်အန္တရာယ် တစ်စုံတစ်ရာမရှိပါ။ အကုသိုလ်ကံ ပြုခဲ့မိသူများသာ မိမိတို့ အကုသိုလ်ကံကြောင့် ဆင်းရဲဒုက္ခကြီးမားစွာခံစားနေရပုံကို အထင်အရှား ပြလို၍သာ ဤသို့ရွတ်ဆိုကြခြင်း ဖြစ်ပါသည်။

"မင်းကြီး၊ ကဿပ မြတ်စွာဘုရား လက်ထက်တော်တုန်းက ဗာရာဏသီမြို့မှ ကုဋေလေးဆယ် ကြွယ်ဝကုန်သော သေဋ္ဌေးသား လေးယောက်တို့သည် ကဿပဘုရားရှင်၏ သာသနာတော်၌ ကောင်းမှုကုသိုလ် တစ်စုံတစ်ခုမျှ မပြုကြဘဲ ပစ္စည်းဥစ္စာဖြင့် ဖြားယောင်း၍ သူတစ်ပါး၏ ချော့မောလှပသော မယားများ၊ သမီးပျိုများကို ကျူးလွန်ဖျက်ဆီးခဲ့ကြ၏။ ထိုသေဋ္ဌေးသား လေးယောက်တို့သည် အနှစ် နှစ်သောင်းမျှ ထိုအကုသိုလ်ကံကို ကျူးလွန်ကြ၍ သေလွန်သောအခါ မဟာအဝီစိငရဲသို့ ကျရောက်ကြကုန်၏။ ကဿပဘုရားရှင်၏ လက်ထက်တော်မှစ၍ မဟာအဝီစိငရဲမှာ ခံစားခဲ့ရပြီးလျှင် ယခုအခါ ထိုကုသိုလ်ကံ အကြွင်းအကျန်ဖြင့် ယူဇနာ ခြောက်ဆယ်ရှိသော လောဟကုမ္ဘိ (ကြေးအိုးကြီး) ငရဲ၌ ချက်ပြုတ် ကြော်လှော်ခြင်းကို ခံနေကြရ၏။ ထိုငရဲအိုးကြီး၌ အောက်သို့ နှစ်မြုပ်ရာတွင် နှစ်ပေါင်း သုံးသောင်းကြာ၍ အထက်သို့ ပေါ်လာရာတွင်လည်း နှစ်ပေါင်း သုံးသောင်းကြာလေသည်။

"မင်းကြီး၊ သေဋ္ဌေးသားလေးယောက်တို့သည် အပေါ်သို့ ပေါ်လာသည့်အခိုက် မိမိတို့ အကုသိုလ်ကံနှင့် စပ်ဆက်၍ နောင်တကြီးစွာဖြင့် ဂါထာတစ်ပုဒ်စီကို ရွတ်ဖတ်မှန် အားထုတ်ကြရာ ဂါထာ အစ အက္ခရာ တစ်လုံးစီကိုသာ ရွတ်နိုင်ကြပြီးလျှင် အောက်သို့မြုပ်၍ မြုပ်သွားကြရ၏။

"မင်းကြီး၊ ပထမ သေဋ္ဌေးသား ရွတ်ဆိုသော 'ဒု' ဟူသော အသံမှာ (ဒုဇ္ဇီဝိတံ မဇီဝိမှ) စသော ဂါထာ၏ အစအက္ခရာဖြစ်၏။ "ငါတို့သည် မကောင်းသော အသက်မွေးမှုကို အသက်မွေးခဲ့ကြကုန်၏။ စည်းစိမ်

ညစ္စာ ထင်ရှား ရှိနေကြပါလျက် မပေးမလှူမိခဲ့ကြကုန်။ မိမိတို့၏ မှီခို အားထားရာ ကုသိုလ်ကောင်းမှုကို မပြုမိခဲ့ကြကုန်'' ဟု ဆိုလိုပေသည်။

''မင်းကြီး၊ ဒုတိယ သေဌေးသား ရွတ်ဆိုသော 'သ' ဟူသော အသံမှာ (သဋ္ဌိဝဿ သဟဿာနိ) စသော ဂါထာ၏ အစအက္ခရာဖြစ်၏။ ''နှစ်ပေါင်း ခြောက်သောင်းတို့ပတ်လုံး ငါတို့သည် လောဟကုမ္ဘီ ငရဲအိုးကြီး၌ ကျခံခဲ့ကြရကုန်ပြီ။ ဘယ်အခါတွင်မှ အဆုံးထင်ရပါမည်နည်း'' ဟု ဆိုလိုပေသည်။

''မင်းကြီး၊ တတိယ သေဌေးသား ရွတ်ဆိုသော 'န' ဟူသော အသံမှာ (နတ္ထိ အန္တော၊ ကုတော အန္တော) စသော ဂါထာ၏ အစ အက္ခရာဖြစ်၏။ ''အဆုံးမရှိနိုင်ချေတကား။ အဆုံးသည် အဘယ်မှာနည်း။ အဆုံး မထင်ပါတကား။ အို အချင်း၊ ထိုစဉ်အခါတုန်းက ငါသည်လည်းကောင်း၊ သင်သည်လည်းကောင်း မကောင်းမှုကို ပြုခဲ့မိချေပြီ'' ဟု ဆိုလိုပေသည်။

''မင်းကြီး၊ စတုတ္ထ သေဌေးသား ရွတ်ဆိုသော 'သော' ဟူသော အသံသည်ကား (သောဟံ နူန ဣတော ဂန္တွာ) စသော ဂါထာ၏ အစ အက္ခရာဖြစ်၏။ ''ထို ငါသည် ဤငရဲမှလွတ်၍ လူ့ဘဝကို ရရှိလျှင် အလှူခံတို့၏စကားကိုသိ၍ သီလနှင့်ပြည့်စုံလျက် ကုသိုလ်ကောင်းမှုကို ဧကန်မုချ ပြုပါတော့မည်'' ဟု ဆိုလိုပေသည်။

ဤသို့ မိန့်ကြားတော်မူသည်ကို နာကြားရသဖြင့် ကောသလ မင်းကြီးသည် သံဝေဂကြီးစွာဖြစ်၏။ ''ဪ၊ သူတစ်ပါး၏ မယားနှင့် သမီးပျိုတို့ကို ဖျက်ဆီးသောအမှုကား အပြစ် ကြီးလှန်းလှစွ တကား။ ငါသည်လည်း သူတစ်ပါးမယားကို တပ်မက်မိလေသောကြောင့် တစ်ညလုံး အိပ်ခပျော်နိုင်အောင်ဖြစ်ခဲ့ရပြီ။ ဤအချိန်မှစ၍ သူတစ်ပါး မယားတို့ကို တပ်မက်စွဲလမ်းမှု မပြုတော့ပြီ'' ဟု တွေးတောကာ ''အရှင်ဘုရား၊ တပည့်တော်သည် ယနေ့ည ညဉ့်အချိန် ရှည်လျားနေသည်ကို သိရပါသည် ဘုရား'' ဟု လျှောက်ထား၏။ မင်းခယောက်ျားသည်လည်း ဘုရားရှင်၏ အနီးမှာပင် ရှိနေသဖြင့် ''အရှင်ဘုရား၊ တပည့်တော်မှာကား တစ်ယူဇနာခရီး၏ ရှည်လျားလှသောအဖြစ်ကို ယမန်နေ့တုန်းက သိခဲ့ရပါပြီ ဘုရား'' ဟု လျှောက်ထား၏။ ဘုရားရှင်သည် နှစ်ဦးလုံး၏ စကားနှစ်ရပ်ကို ဆက်စပ်တော်မူကာ ဤဝတ္ထု၏ ရှေ့မှာပါသော ဒေသနာတော်ကို ဟော ကြားတော် မူလေသတည်း။

စတုတ္ထအကြိမ်

ဒေသနာတော်အဆုံး၌ မင်းခယောကျ်ားသည် သောတာပန် ဖြစ်လေ၏။

### ဒေသနာတော်

၆၁။ တရားကျင့်သုံးသောသူသည် မိမိထက်မြင့်မြတ်သူနှင့် တူညီသူကို မရနိုင်ပါလျှင် တစ်ယောက်တည်းသာလျှင် စွဲမြဲစွာ ကျင့်သုံးသင့်၏။ လူမိုက်တို့နှင့် ပေါင်းသင်းဆက်ဆံ၍ အကျိုးမရှိချေ။

## အရှင်မဟာကဿပ၏အတူနေတပည့်

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အရှင်မဟာကဿပ၏ ကျောင်းကို မီးရှို့ထွက်ပြေး သွားသော တပည့် ရဟန်းငယ်တစ်ပါးကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

အခါတစ်ပါး၌ အရှင်မဟာကဿပသည် ရာဇဂြိုဟ်မြို့တော်ကို အမှီပြု၍ ပိပ္ပလိလိုဏ်ဂူ၌ သီတင်းသုံး၏။ အရှင်မဟာကဿပနှင့် အတူနေ တပည့်ရဟန်းငယ် နှစ်ပါး ရှိကြရာ တစ်ပါးသည် ဝတ်ကြီးဝတ်ငယ် ပြုစုသူဖြစ်၍ ကျန်တစ်ပါးကား ဟန်ဆောင်တတ်သူ ဖြစ်၏။ ဝတ်ကြီးဝတ်ငယ် ပြုစုသော ရဟန်းငယ်က ဆရာသမားအတွက် မျက်နှာသစ်ရေနှင့် တံပူများပြင်ဆင်ပြီးချိန်တွင် ဟန်ဆောင်တတ်သော ရဟန်းက အရှင်မဟာကဿပထံ ချဉ်းကပ်ပြီးလျှင် "အရှင်ဘုရား၊ မျက်နှာသစ်ရေနှင့်တံပူတို့ကို တပည့်တော်ပြင်ဆင်ပြီးပါပြီ။ မျက်နှာသစ်တော်မူပါ ဘုရား" ဟု လျှောက်ထား၏။ ခြေဆေးရေ၊ ချိုးရေများ ခပ်ပြီးချိန်မှာလည်း ဤသို့ပင် မိမိပြုသကဲ့သို့ ဟန်ဆောင်၍ လျှောက်ထားလေသည်။

ဝတ်ကြီးဝတ်ငယ် ပြုစုသော ရဟန်းငယ်သည် ဟန်ဆောင်သော ရဟန်းငယ်၏ အပြုအမူများကို မနှစ်သက်သဖြင့် တစ်နေ့သောအခါတွင် ဟန်ဆောင်သောရဟန်းငယ် အိပ်ပျော်နေစဉ် ချိုးရေကို ပူနွေးအောင် ကျိုကာ အိုးတစ်လုံးမှာ ထည့်၍ ရေချိုးအိမ်၏နောက်မှာ ဝှက်ထား၏။ ရေနွေးကျိုသောအိုးထဲတွင်ကား တစ်ခွက်စာမျှသာရှိသောရေကို အငွေ့တထောင်းထောင်းထနေအောင် ကျိုထား၏။ ဟန်ဆောင်သော ရဟန်း

ငယ်သည် အိပ်ရာမှနိုးလတ်သော် အငွေ့တစ်ထောင်းထောင်းထနေသည်ကို ကြည့်ရှုကာ အရှင်မဟာကဿပထံ ချဉ်းကပ်၍ "အရှင်ဘုရား၊ ရေချိုးအိမ်၌ ရေနွေးထည့်ထားခဲ့ပါပြီ။ ရေချိုးရန် ကြွတော်မူပါ"ဟု လျှောက်၏။ အရှင်မဟာကဿပသည် ရေချိုးအိမ်၌ ရေနွေးကိုမတွေ့ရ၍ "ငါ့ရှင် ရေအဘယ်မှာနည်း"ဟု မေး၏။ ဟန်ဆောင်သောရဟန်းသည် အငွေ့တထောင်းထောင်းထနေသော ရေနွေးအိုးထံသို့ ပြေးသွား၍ ခပ်လေရာ ရေမှုတ်သည် အိုးဖင်နှင့်သာ တိုက်မိ၏။ ရေနွေးကိုကား လိုလောက်အောင်ခပ်၍မရပေ။ ထို့ကြောင့် ဝတ်ကြီး ဝတ်ငယ်ပြုရသော ရဟန်းငယ်အား ရေရွတ်ပြောဆိုကာ ရေချိုးဆိပ်သို့ ရေခပ်ရန် သွားရလေ၏။ ဤတွင် ဝတ်ကြီးဝတ်ငယ်ပြုစုသော ရဟန်းငယ်က ဖိုက်ထားသော ရေနွေးများကို ရေချိုးအိမ်သို့ ယူလာခဲ့လေသည်။

အရှင်မဟာကဿပသည် ဟန်ဆောင်သောရဟန်းငယ်၏ အပြုအမူကို ရိပ်မိသဖြင့် ညချမ်းအချိန်၌ ထိုရဟန်းငယ်ကို ခေါ်ယူကာ "ငါ့ရှင်၊ ရဟန်းမည်သည် မိမိပြုမှသာ ပြုသည်ဟုဆိုသင့်၏။ မိမိမပြုဘဲ ပြုသည်ဟု မဆိုသင့်"ဟု ဆုံးမ၏။ ဟန်ဆောင်သောရဟန်းသည် မိမိအားဆုံးမသည်ကို ရေနွေးမတည်မိတာလေးတစ်ခုနှင့် ပြောရက်လေခြင်းဟု မကျေမချမ်းနိုင်ဖြစ်လာ၏။ သို့ဖြစ်၍ နောက်တစ်နေ့တွင် အရှင်မဟာကဿပနှင့်အတူ ဆွမ်းခံမလိုက်ဘဲ ချန်နေခဲ့၏။ ဝတ်ကြီးဝတ်ငယ်ပြုစုသော ရဟန်းနှင့်အတူ အရှင်မဟာကဿပ အရပ်တစ်ပါးသို့ ကြွသွားစဉ်မှာလည်း အရှင်မဟာကဿပ၏ ဒါယကာများအိမ်သို့ဝင်ကာ အရှင်မဟာကဿပ နာကျန်းဖြစ်၍ ဆွမ်းခံမလိုက်နိုင်ဟု ပြောဆို၏။ ဒါယကာများက ရှင်မဟာကဿပ အတွက်လှူလိုက်သော စားကောင်းသောက်ဖွယ်များ ခံယူကာ လမ်းကြား မှာပင် စားပစ်လေသည်။

အရှင်မဟာ ကဿပသည် ထိုအရပ်တစ်ပါး၌ အလျားအနံ ရှည်လျား၍ နူးညံ့သော ယက်နှီးစကို ရလေရာ အတူလိုက်ပါလာသော ရဟန်းငယ်အား ပေးလိုက်၏။ ဝတ်ကြီး ဝတ်ငယ်ပြုသော ရဟန်းငယ်ကလည်း ထိုအဝတ်ကို သင်္ကန်းအဖြစ် ချုပ်၍ ဆိုး၍ ဝတ်ရုံ၏။ အရှင်မဟာကဿပသည် မိမိအတွက်ဟုဆိုကာ စားကောင်းသောက်ဖွယ်များ ဟန်ဆောင်တောင်း၍ စားသောက်ခြင်းကို ဒါယကာများလျှောက်ထားကြ၍ ကြားသိသဖြင့် ဟန်ဆောင်ရသော ရဟန်းငယ်ကို ခေါ်ကာ "ငါ့ရှင်၊ သင်၏ အမှုသည် ရဟန်းတို့နှင့် မသင့်လျော်ပေ။ ဒါယကာများထံ တောင်း၍

စစားကောင်းချေတကား''သို့ ပြောဆိုဆုံးမ၏။ ဟန်ဆောင်သောရဟန်းငယ်သည် အထက်ပါအကြောင်းသုံးမျိုးတို့ဖြင့် ရန်ငြိုးဖွဲ့ပြီးလျှင် အရှင်မဟာကဿပ ရွာတွင်းသို့ ဆွမ်းခံကြွခိုက်တွင် အိုးအင်ခွက်ယောက်များကို တုတ်နှင့် ရိုက်ခွဲကာ သစ်ရွက်မိုး ကျောင်းကလေးကို မီးရှို့လေ၏။ မီးရှို့၍ မလောင်သောပစ္စည်းများကို ထုရိုက်ဖျက်ဆီးပစ်၏။ ဤသို့ အားရအောင် ပြုပြီးမှ လွတ်ရာသို့ ထွက်ပြေးလေတော့သည်။

ရာဇဂြိုဟ်မြို့တော်မှ ရဟန်းတစ်ပါးသည် ဇေတဝန်ကျောင်းတော်သို့ လာရောက်၍ ဘုရားရှင်ကို ဖူးမြင်ပြီးလျှင်အရှင်မဟာကဿပနှင့် တပည့်မိုက်အကြောင်းကို လျှောက်ထား၏။ ဤတွင် ဘုရားရှင်က''ငါ၏ သားတော်ကြီး ကဿပအတွက် ဤသို့သော တပည့်မိုက်နှင့် နေရခြင်းထက် တစ်ပါးတည်း နေရခြင်းက မြတ်ပေသည်တကား''ဟု မိန့်တော်မူကာ အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာအဆုံး၌ ခရီးသည် ရဟန်းသည် သောတာပန် ဖြစ်လေ၏။ ဟန်ဆောင်သော ရဟန်း၊ သေဆုံးသောအခါတွင်ကား မဟာအဝီစိ ငရဲသို့ ကျရောက်လေ၏။

ဒေသနာတော်

၆၂။ ငါ့အား သားသမီးတို့ရှိကုန်၏။ ဥစ္စာတို့ရှိကုန်၏ဟူ၍ လူမိုက်သည် သာယာစွဲလမ်းမှုဖြင့် ဆင်းရဲပင်ပန်းရ၏။ အမှန်အားဖြင့် ငါတည်းဟူသော အတ္တသည်ပင် မရှိပါဘဲလျက် အဘယ်မှာ ငါ၏သားသမီး ရှိပေမည်နည်း။ အဘယ်မှာ ငါ၏ဥစ္စာရှိပေမည်နည်း။

## အာနန္ဒာသေဌေး

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင်သီတင်းသုံးတော်မူစဉ် အာနန္ဒာ သေဌေးတဝမ္မသေဆုံး၍ စဏ္ဍာလမျိုးမှဖွားမြင်လာရသောသူငယ်တစ်ယောက်ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

သာဝတ္ထိမြို့တော်မှ အာနန္ဒာမည်သော သေဌေးကြီးတစ်ဦးသည် ကုဋေလေးဆယ်ကြွယ်ဝပါသော်လည်း အလွန်တရာ ကပ်စေးနှဲသည် ဖြစ်၍ မိမိ၏သား မူလသိရီအား ရှိနေသော ဥစ္စာကို သူတပါးအားမပေးရန်၊အသစ်

အသစ်သော ဥစ္စာကို တိုးပွားအောင် ကြိုးစားရန်၊ တစ်ကျပ်တစ်ပြားကိုမျှ အကျိုးမဲ့ ကုန်ခန်းအောင် မပြုလုပ်ရန်ဟူ၍ ဤသုံးချက်သော အဆုံးအမကို ပေးလေ့ရှိသည်။

တစ်နေ့သောအခါတွင် အနန္တပသေဌေးကြီးကွယ်လွန်၍သာဝတ္ထိမြို့ တံခါးအနီး စဏ္ဍာလရွာတစ်ရွာရှိ စဏ္ဍာလအမျိုးသမီး တစ်ယောက်ထံတွင် ပဋိသန္ဓေတည်နေ၏၊ ထိုသူငယ်ပဋိသန္ဓေ တည်နေသည်မှစ၍ စဏ္ဍာလ အမျိုး အနွယ်ဝင် တစ်ယောက်တို့သည် အခစားအလုပ်များ မရကြတော့ပေ၊ ထမင်းကျန် ဟင်းကျန်ကိုမျှ ဝလင်အောင် မစားရတော့ပေ။ သို့ဖြစ်၍ လူတစ်ထောင်ကို ထက်ဝက်စီခွဲ၍ ထက်ဝက်စီ ဆင့်ကာဆင့်ကာ သူယုတ်ကို ရှာဖွေကြလေရာ ထိုသူငယ်ကို ကိုယ်ဝန်ဆောင်ရသူပါသော အုပ်စုသည် ငတ်ပြတ်ဆင်းရဲသည်ချည်းဖြစ်နေ၏။ ဤသို့ဖြင့်ထိုအမျိုးသမီးတစ်ယောက် တည်းကိုပင် သူယုတ်မာဖြစ်ကြောင်း တွေ့ကြရ၍ ဆွေမျိုးများအားလုံးက နှင်ထုတ် လိုက်ကြလေသည်။

စဏ္ဍာလအမျိုးသမီးသည် အရပ်ဆိုးလှသော သားတစ်ယောက်ကို ဖွားမြင်သော်လည်း မိခင်စိတ်ဖြင့် မစွန့်ပစ်နိုင်ဘဲ နို့ချိုတိုက်ကျွေးမွေးမြူ ရ၏။ သို့ရာတွင် ကလေးနှင့်အတူတကွ လှည့်လည်တောင်းခံရာတွင် ဘာ တစ်ခုမျှမရပေ။ ကလေးကိုထားခဲ့ပြီး တောင်းခံပါမှ စားသောက်ဖွယ်ရာ များရရှိ၏၊ ဤသို့ဖြင့် နေလာကြ၍ထိုကလေးသည် မိမိဘာသာစားသောက် နိုင်သောအချိန်တွင် မိခင်က တခြားခွဲ၍ လွှတ်လိုက်ရ၏၊ သူငယ်သည် တစ် အိမ်ပြီးတစ်အိမ် လှည့်လည်တောင်းရမ်း စားသောက်နေရာ တစ်နေ့တွင် အာနန္ဒာသေဌေးဘဝက နေခဲ့သောအိမ်ကြီးသို့ဆိုက်ရောက် လာလေသည်။

အိမ်ကြီးရှေ့ ရောက်သည်နှင့် တစ်ပြိုင်နက်သူငယ်သည် ရှေးဘဝကို အောက်မေ့နိုင်သော ဇာတိဿရဉာဏ်ကိုရလာ၏၊ အနန္တပ သေဌေးကြီး ကွယ်လွန်ပြီးနောက် ကောသလမင်းကြီးက မူလသိရိအား အမွေဆက်ခံရန် အမိန့်ချမှတ်ပေးသဖြင့် ယခုထိုအိမ်ကြီးသည် မူလသိရိသေဌေး၏ အိမ်ကြီး ဖြစ်နေ၏၊ သူငယ်မှာမူကား ဤသဘောကို တွေးတောမနေဘဲ မိမိနေခဲ့ ဖူးသော အိမ်အဖြစ် တန်းတန်းမတ်မတ်ဝင်သွားလေရာ သေဌေး၏အမှုထမ်း တို့က ရိုက်ပုတ်ကြပြီးလျှင် အမှိုက်ပုံထဲမှာ စွန့်ပစ်ထားခဲ့ကြလေသည်။

ထိုအချိန်တွင်ကား ဘုရားရှင်သည် အရှင်အနန္ဒာနှင့်အတူသာဝတ္ထိ မြို့တော်တွင်းသို့ ဆွမ်းခံကြွစဉ် ထိုသူငယ်ကိုတွေ့မြင်လေရာ ထိုသူငယ်၏ဘဝ

ဓနာက်ကြောင်းကိုဟောတော်မူ၏။ ဤတွင်အရှင်အာနန္ဒာသည် မူလသီရိ ထေရ္ဓေးကို ခေါ်ယူကာ သူငယ်ကိုပြပြီးလျှင် "ဒါယကာသေဋ္ဌေး၊ ဤသူ ငယ်ကား သင့်ဖခင် အာနန္ဒာသေဋ္ဌေးကြီး ပေတည်း"ဟု မိန့်ကြား၏။ မူလသီရိသေဋ္ဌေးက အရှင်အာနန္ဒာ၏ စကားကို မယုံနိုင်ဘဲရှိလေရာ အာ နန္ဒာသေဋ္ဌေးကြီး ဘဝတုန်းက နှုးမြှာလုသဖြင့် သားများကို မပြောဘဲ ထားခဲ့သော ရွှေအိုးကြီး ငါးလုံးကို ညွှန်ပြပေးရန် သူငယ်အား မိန့်ကြား လိုက်၏။ သူငယ်ကလည်း ယခင်ဘဝက မိမိမြှုပ်ထားခဲ့သော ရွှေအိုးကြီး ငါးလုံးနေရာကို ညွှန်ပြ၏။ ဤတွင်မှ မူလသီရိထေဌေးသည် ဘုရားရှင်ကို ကိုးကွယ်ဆည်းကပ်လေသဖြင့် ဘုရားရှင်က အထက်ပါ ဒေသနာတော်ကို ဟောကြားတော် မူလေသတည်း။

ဒေသနာတော်

၆၃။ လူမိုက်သည် မိမိမိုက်သည့်အပြစ်ကို သိ၏။ ထိုသို့သိခြင်းကြောင့် ပညာရှိ ဖြစ်နိုင်သေး၏။ လူမိုက်သည် ငါပညာရှိ ဟူ၍ မိမိစိတ်ကို အထင်ရောက်ပါမူကား ထိုသူကိုလူမိုက်စင်စစ်ဟု ခေါ်ဆိုရပေသည်။

## ခါးပိုက်နှိုက်နှစ်ယောက်

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ခါးပိုက်နှိုက် နှစ်ယောက်ကိုအကြောင်းပြု၍ဤဒေသနာကို ဟောကြားတော်မူလေသည်။

သူငယ်ချင်းခါးပိုက်နှိုက်သူခိုးနှစ်ယောက်တို့သည်ဇေတဝန်ကျောင်း တော်သို့ တရားနာသူများနှင့် ရောနှောလိုက်ပါလာကြ၏။ သူခိုးနှစ်ယောက် အနက် တစ်ယောက်သည် တရားတော်ကိုစူးစိုက်ကာနာကြားသဖြင့် သောတ ပတ္တိဖိုလ်သို့ ဆိုက်ရောက်သွား၏။ ကျန်တစ်ယောက်မှာကား ခိုးရန်ကိုစွ ကိုသာ အာရုံစိုက်နေသဖြင့် အသပြာငါးပဲမျှ နှိုက်ယူလာနိုင်၏။ ဤအသပြာ ငါးပဲကို မယားထံ ထမင်း, ဟင်း, ချက်ပို့ရန် ပြောကြားရင်း မိမိသူငယ် ချင်းကို ပျက်ရယ်ပြုလိုသဖြင့် "သင်ကား အလွန်တရားပညာရှိလှ၍ အိမ်မှာ ထမင်းချက်စရာကိုမျှ မရချေတကား"ဟုဆို၏။ သူခိုးဘဝမှ သောတပန်ဖြစ် လာသောသူသည် မိမိဆွေမျိုးနှင့်တကွ ဘုရားရှင်ထံရောက်၍ ဤအကြောင်း လျှောက်ထားလေရာ ဘုရားရှင်က အထက်ပါ ဒေသနာတော်ကို ဟော ကြားတော်မူလေသတည်း။

ဒေသနာအဆုံး၌ တရားနာလာကြသော ဆွမျိုးများနှင့်တကွ လူပေါင်းများစွာ သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်ကြလေကုန်၏။

ဒေသနာတော်

၆၄။ ယောက်မသည် ဟင်း၏အရသာကို မသိသကဲ့သို့ လူမိုက်သည်အသက် ရှည်သမျှ ကာလပတ်လုံး ပညာရှိကို ဆည်းကပ်နေသော်လည်း သူ တော်ကောင်း တရားကို မသိနိုင်ပေ။

## အရှင်လာဠုဒါယီ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ပညာရှိဟန် ဆောင်သော အရှင်လာဠုဒါယီကို အကြောင်းပြု၍ ဤဒေသနာကို ဟော ကြားတော်မူသည်။

တစ်နယ်တစ်ကျေးမှ ကြွလာသော အာဂန္တုရဟန်းများသည် တရား ဟော ပလ္လင်၌ ထိုင်နေသောအရှင်လာဠုဒါယီကို ပညာရှိပုဂ္ဂိုလ်ကြီး ထင် မှတ်၍ ခန္ဓာ အာယတန စသော တရားသဘောများကို မေးမြန်းကြ၏။ အရှင်လာဠုဒါယီကား တစ်စုံတစ်ရာမျှ မဖြေပေ။ ဤတွင် အာဂန္တုရဟန်း တို့က ''ဤရဟန်းကား အဘယ်သို့သော ရဟန်းပေနည်း။ ဘုရားရှင်နှင့် တစ်ကျောင်းတည်းနေပါလျက် ခန္ဓာ အာယတနတို့ကိုမျှ မသိချေ တကား''ဟု ကဲ့ရဲ့ကြပြီးလျှင် ဘုရားရှင်ထံ ဝင်ရောက်၍ ဤအကြောင်းကို လျှောက်ထားကြ၏။ သို့ဘုရားရှင်သည် ထိုအာဂန္တုရဟန်းတို့အား တရားဟော တော်မူလိုသဖြင့် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေ သတည်း။

ဒေသနာတော်အဆုံး၌ အာဂန္တုရဟန်းအားလုံးတို့သည် အာသဝေါ ကင်းကွာ၍ ရဟန္တာဖြစ်ကြလေကုန်၏။

ဒေသနာတော်

၆၅။ လျှာသည် ဟင်း၏အရသာကို ချက်ချင်းသိသကဲ့သို့ သိ, ကြား, လိမ္မာသောသူသည် ပညာရှိကို တစ်ခဏမျှ ဆည်းကပ်ရစေကာမူ သူတော်ကောင်းတရားကို လျင်မြန်စွာ သိနိုင်၏။

စတုတ္ထအကြိမ်

# ပါဝါမြို့နေ ရဟန်းသုံးကျိပ်

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် လျင်မြန်စွာ ရဟန္တာဖြစ်ကြသော ပါဝါမြို့နေ ရဟန်းသုံးကျိပ်တို့ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ထိုရဟန်းသုံးကျိပ်တို့သည် ကောသလမင်းကြီး၏ သားတော်များ ဖြစ်၍ ဘဒ္ဒဝဂ္ဂီညီနောင် သုံးကျိပ်ဟု ခေါ်တွင်၏။ သူတို့သည် မင်းသား ဘဝတုန်းက ကပ္ပာသိယ တောအုပ်သို့ ပျော်ပါးမြူးထူးရန် လာခဲ့ကြရာ မယား မရှိသေးသော ညီအထွေးဆုံးအတွက် ပြည့်တန်ဆာမ တစ်ယောက်ကို ခေါ်လာခဲ့ကြ၏။ ထိုမင်းသားတို့ ပျော်ပါးမြူးထူး၍ အိပ်မောကျနေစဉ် ပြည့်တန်ဆာမသည် မင်းသားတို့၏ အဝတ်တန်ဆာတို့ကိုယူ၍ ထွက်ပြေး၏။ မင်းသားတို့သည် ပြည့်တန်ဆာမကို လိုက်ရှာရင်း ဘုရားရှင်နှင့် တွေ့ဆုံကာ တရားနာကြသဖြင့် သောတာပန်ကျ ရဟန်းအဖြစ်ကို ရခဲ့ကြလေ၏။ ထို့နောက် မှတစ်ဆယ့်သုံးပါးကို ဆောက်တည် ကျင့်သုံးကာ ပါဝါမြို့မှ ဘုရားရှင် ရှိရာ ဇေတဝန်ကျောင်းတော်သို့ ဆင်းရဲပင်ပန်းစွာ လာကြ၍ အနမတဂ္ဂ သုတ္တန်ကို ကြားနာရသည်တွင် အားလုံး ရဟန္တာ ဖြစ်ကြကုန်၏။ ထိုရဟန်း တို့ လျင်မြန်စွာ ယာဉ်သမ္ဗန်ပုံကို အခြား ရဟန်းများက တရားသဘင်၌ ပြောဆိုနေကြရာ ဘုရားရှင် ကြွတော်မူ၍ "ရဟန်းတို့၊ ဤရဟန်းသုံးကျိပ်တို့ သည် ငါဘုရား တုဏ္ဍိလ ဝက်မင်း ဖြစ်စဉ်တုန်းက သေသောက်ကြူးများ ဖြစ်ခဲ့ကြသော်လည်း ငါ၏ တရားကို ကြားနာရသဖြင့် အမြဲမှန်ရကာ ငါးပါးသီလ စောင့်ထိန်းခဲ့ကြကုန်၏။ ထိုကဲ့သို့သော အကြောင်းတရား ကြောင့် ယခုဘဝတွင် တစ်ထိုင်တည်းနှင့် ရဟန္တာ ဖြစ်နိုင်ပေသည်" ဟု မိန့်ကြားတော်မူကာ အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေ သတည်း။

[တုဏ္ဍိလ ဝက်မင်း၏ အကြောင်းကို ဆက္ကနိပါတ်၊ တုဏ္ဍိလဇာတ်မှာ ရှုပါ။]

ဒေသနာတော်

၆၆။ စပ်ရှားခံက် ဆင်းရဲခြင်း သက်သက်သော အကျိုးကို ပေးတတ် သော၊ မကောင်းမှု အကုသိုလ်ကံကို ပြုကြသော လူမိုက်တို့သည် မိမိကိုယ်ကို မိမိ ရန်ပြုကြကုန်လျက် သံသရာမှာ လှည့်လည်ကြရ ကုန်၏။

# သုပ္ပဗုဒ္ဓနူနာသည်

ရာဇဂြိုဟ်မြို့တော် ဝေဠုဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် သုပ္ပဗုဒ္ဓ အမည်ရှိသော နူနာသည် တစ်ယောက်ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ဝေဠုဝန်ကျောင်းတော်၌ ဘုရားရှင် တရား ဟောကြားတော်မူစဉ် သုပ္ပဗုဒ္ဓမည်သော နူနာသည် တစ်ယောက်သည် ပရိသတ် အစွန်အဖျားမှာ နေ၍ တရားနာခလရာ သောတာပတ္တိဖိုလ်သို့ ဆိုက်ရောက်၏။ သုပ္ပဗုဒ္ဓသည် မိမိ ရရှိထားရသော ဂုဏ်ကျေးဇူးကို ဘုရားရှင်အား လျှောက်ထားလိုသော်လည်း ပရိသတ်များကြားသို့ တိုးဝင်ရန် မသင့်သဖြင့် ပရိသတ်များနှင့်ပင် ပြန်လာခဲ့ရ၏။ ပရိသတ်များ စဲသွားကြသောအခါမှ ဘုရားရှင်ထံ ပြန်သွား၏။ ဤဘုင် သိကြားမင်းသည် သုပ္ပဗုဒ္ဓ၏စိတ်ကို စမ်းလိုသဖြင့် လမ်းမှ ဆီးကြိုကာ "အို သုပ္ပဗုဒ္ဓ၊ သင်သည် အထီးကျန် သူဆင်းရဲဖြစ်၏။ သင့်အား ပိုင်းခြားရေတွက်၍ မရနိုင်လောက်အောင် များပြားသော ဥစ္စာများကို ငါ ပေးအံ့။ ဂေါတမဘုရားသည် ဘုရားမဟုတ်၊ သူဟောကြားသော တရားသည် တရားမဟုတ်၊ သူ၏ သံဃာသည် သံဃာမဟုတ်၊ ဘုရား တရား သံဃာတို့ကို ငါ အလိုမရှိဟု ဆိုလေတော့" ဟု တိုက်တွန်းလေသည်။

သုပ္ပဗုဒ္ဓသည် ဤသို့ တိုက်တွန်းသူမှာ သိကြားမင်းဖြစ်ကြောင်း သိရှိလေလျှင် "တယ် အရှက်မရှိသော သိကြားမိုက်၊ ငါသည် သင်နှင့် ဖက်ပြိုင်၍ စကားဆိုရန်ပင် မသင့်ချေ။ သင်သည် ငါ့ကို အထီးကျန် သူဆင်းရဲ ဟု ဆိုဘိ၏။ ငါသည်ကား အထီးကျန် သူဆင်းရဲ မဟုတ်ချေ။ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပ ဟူသော သူတော်ဥစ္စာ ခုနစ်ပြားတို့နှင့် ပြည့်စုံသည်ဖြစ်၍ ငါသည် ဥစ္စာပေါသူ၊ ချမ်းသာသူသာ ဖြစ်ပေသည်"ဟု ပြန်ပြောလိုက်၏။ သိကြားမင်းသည် သုပ္ပဗုဒ္ဓထက် ရှေးဦးစွာရောက်အောင် သွားကာ ဘုရားရှင်ထံ ဤအကြောင်းကို လျှောက်ထား၏။ ဘုရားရှင်က "သိကြားမင်း၊ သင်ကဲ့သို့ သိကြားမင်း အရာအထောင်က တိုက်တွန်းသော်လည်း ရတနာသုံးပါး ပစ်ပယ်သောစကားကို သုပ္ပဗုဒ္ဓက ပြောကြားမည် မဟုတ်ပေ"ဟု မိန့်ကြားတော်မူ၏။ သုပ္ပဗုဒ္ဓလည်း မိမိ ဂုဏ်ကျေးဇူးကို ဘုရားရှင်ထံ လျှောက်ထားပြီး၍ ပြန်သွားရာတွင် သားငယ်ကပ်ကာ စွန့်သွင်းနေသော နွားမက ဝှေ့သဖြင့် သေဆုံးရလေသည်။

သုပ္ပဗုဒ္ဓကဲ့သို့ပင် နွားမအဝှေ့ခံရ၍ သေဆုံးရသော သာဝကများမှာ ပုက္ကုသာတိ၊ ဒါရုစိရိယဗိုဇ်နှင့် တမ္ဗဒါဌိက ခိုးသူသတ်ကြီးတို့ ဖြစ်၏။ ထိုလေးယောက်တို့သည် ရှေးကာလ ဘဝတစ်ခု၌ သေဌေးသားများ ဖြစ်ကာ ပြည့်တန်ဆာမ တစ်ယောက်ကို အသပြာ တစ်ထောင်ပေး၍ ဥယျာဉ်တစ်ခုသို့ ခေါ်ယူပျော်ပါးကြ၏။ ပျော်ပါးကြပြီးနောက် ငွေလည်း မပေးဘဲ သူ၏လက်ဝတ် လက်စားများကိုလည်း ယူလိုကြသဖြင့် သတ်ဖြတ် ပစ်ကြ၏။ ပြည့်တန်ဆာမသည် သေခါနီးဆဲဆဲ၌ "ငါသည် ဘီလူးမဖြစ်၍ သူတို့ လေးယောက်ကို ပြန်၍ သတ်နိုင်ရပါလို၏"ဟု ဆုတောင်းခဲ့၏။ ထို ဆုတောင်းအတိုင်း ဘီလူးမဖြစ်ကာ နွားယောင်ဆောင်၍ ဝှေ့သတ် လိုက်ခြင်း ဖြစ်လေသည်။

ထို့နောက် ရဟန်းတို့က ဘုရားရှင်ထံ ဝင်ရောက်ကြပြီးလျှင် "သုပ္ပဗုဒ္ဓ နူနာသည် သည် မည်သည့် ဘဝသို့ လားရပါသနည်း" ဟု လျှောက်ထားကြရာ ဘုရားရှင်က "သုပ္ပဗုဒ္ဓသည် သောတာပတ္တိဖိုလ်သို့ ရောက်ပြီးဖြစ်၍ တာဝတိံသာဘုံ၌ ဖြစ်၏"ဟု မိန့်တော်မူ၏ တစ်ဖန် ရဟန်းများက "အဘယ်သို့သော မကောင်းမှုကြောင့် နူနာသည် ဖြစ်ရပါ သနည်း" ဟု မေးလျှောက်ကြရာ ဘုရားရှင်က "သုပ္ပဗုဒ္ဓသည် တဂ္ဂရသိခီ အမည်ရှိသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို တံတွေးဖြင့် ထွေးပက်ကာ မရိုမသေ ပြုခဲ့သဖြင့် အချိန်ကြာမြင့်စွာ ငရဲမှာ ခံစားရပြီးမှ ယခု ဝိပါက် အကြွင်းအကျန်ဖြင့် နူနာသည် ဖြစ်ရပေ၏"ဟု မိန့်တော်မူကာ အထက်ပါ ဒေသနာတော်ကို ဟောကြားတော် မူလေသတည်း။

ဒေသနာတော်

၆၇။ အကြင် ကံကို ပြုလုပ်ပြီး၍ နောင်တ တစ်ဖန် ပူပန်ရ၏၊ အကြင် ကံ၏ အကျိုးကို မျက်ရည်စက်လက် ငိုကြွေးလျက် ခံစားရ၏၊ ထိုကံမျိုးကို မပြုလုပ်ရာ။

## လယ်သမား

ဇေတဝန်ကျောင်း၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ငွေတစ်ထောင်ထုပ်ကို ကောက်ယူမိသော လယ်သမား တစ်ယောက်ကို အကြောင်းပြု၍ ဤ ဒေသနာတော်ကို ဟောကြားတော် မူလေသည်။

တစ်ညသ၌ ခိုးသူတို့သည် သာဝတ္ထိမြို့တော်တွင်းသို့ ရေမြောင်းပေါက် ဝမှ ဝင်ခဲ့ကြကာ သေဌေးတစ်ဦး၏ တိုက်အိမ်ကို ဥမင်လိုဏ်ခေါင်းတူး၍

ဖောက်ပြီးလျှင် ရွှေ ငွေ ဥစ္စာများကို ယူခဲ့ကြ၏။ နောက် မနီးမဝေးရှိ လယ်တစ်ကွက်ထဲတွင် ဝေစုခွဲကြ၏၊ ခိုးသူ တစ်ယောက်သည် ပြွန်ဝမှ ထွက်လာစဉ်က အဖော်များ မသိအောင် ငွေတစ်ထောင်ထုပ်ကို ခါးတောင်းကျိုက် အတွင်း၌ ဝှက်ထားကာ ဝေစုခွဲရာသို့ ဝင်လာ၏။ မိမိ အတွက် ဝေစုများ ခွဲယူပြီးနောက် ထိုခိုးသူသည် ဝှက်ယူထားသော ငွေ တစ်ထောင်ထုပ်ကို လယ်ထဲမှာပင် မေ့ထားခဲ့လေသည်။

ထိုလယ်ကိုလုပ်သော လယ်သမားသည် နံနက်စောစော လယ် ထွန်ရန် ရောက်လာ၏၊ ဘုရားရှင်သည်လည်း ထိုလယ်သမားကို ကယ်တော် မူရန် အရှင်အာနန္ဒာနှင့်တကွ ထိုလယ်သို့ ကြွတော်မူကာ ထိုငွေတစ်ထောင် ထုပ်နေရာသို့ ကြည့်ပြီးလျှင် "အာနန္ဒာ၊ ကြည့်လော့။ အဆိပ်ထန်သော မြွေတည်း"ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာကလည်း "အရှင်ဘုရား၊ အဆိပ်ထန်သောမြွေကို မြင်ပါ၏ ဘုရား"ဟု လျှောက်ထား၏။ ဤမျှသာ မိန့်ကြား၍ ဘုရားရှင် ကြွတော်မူလေသော် လယ်သမားသည် မြွေကို သတ်ရန် နှင်တံကိုင်၍ လာကြည့်၏။ ငွေထုပ်ကို မြင်သောအခါ "ဤ သည်ကို ရည်ရွယ်၍ ဘုရားရှင် မိန့်တော်မူရာ၏"ဟု စဉ်းစားပြီးလျှင် ငွေထုပ်ကို ယူလာခဲ့၏၊ ယူလာပြီးနောက် သိုသိုသိပ်သိပ် မဝှက်ထားတတ်သဖြင့် တစ်နေရာတွင် ဖုန်မှုန့်များနှင့် ဖုံးကာ လယ်ထွန်၍ နေလေသည်။

အခိုးခံရသော သေဌေးအိမ်မှ လူတို့သည် ခိုးသူများနောက်သို့ ခြေရာခံ၍ လိုက်လာကြရာ ထိုလယ်ကွက်သို့ ရောက်လာကြ၏။ တစ်ဖန် ထိုလယ်သမား၏ ခြေရာအတိုင်း လိုက်ကြည့်ကြသောအခါ ငွေအစ်ထောင် ထုပ်ကို တွေ့ကြပြန်၏။ ဤတွင် သေဌေး၏ လူများသည် လယ်သမားကို သူခိုးဟုဆို၍ ဖမ်းယူကာ ကောသလမင်းကြီးထံ ပို့ကြကုန်၏။ ကောသလ မင်းကြီးကလည်း ခိုးထုပ်ခိုးထည်နှင့်တကွ ပါလာသည်ဖြစ်၍ သတ်ရန် အမိန့်ချလိုက်၏။ အာဏာသားတို့သည် လယ်သမားကို လက်ပြန်ကြိုးတုပ်၍ ကြိမ်နှင့်ရိုက်ကာ သင်္ချိုင်းသို့ ခေါ်လာကြရာ လယ်သမားက ဘုရားရှင်နှင့် အရှင်အာနန္ဒာတို့ အပြန်အလှန် ပြောဆိုသော စကားများကို ထပ်ကာ ထပ်ကာ ရွတ်ဆိုရင်း လိုက်ပါလာလေသည်။

အာဏာသားများသည် "ဘုရားရှင်နှင့် အရှင်အာနန္ဒာတို့၏စကားကို အဘယ့်ကြောင့် ရွတ်ဆိုရသနည်း"ဟု မေးမြန်းသောအခါ လယ်သမားသည် "ကောသလမင်းကြီးကို ဖူးမြင်ခွင့်ရလျှင် ပြောကြားပါမည်"ဟု ဆို၏။ ဤအကြောင်းကို အာဏာသားများက ကောသလမင်းကြီးထံ လျှောက်တင်

ကြာရာတွင် ကောသလ မင်းကြီးကလည်း လယ်သမားကို နန်းတော်သို့ ခေါ်ကာ ရှတ်ဆိုသော စကားများ၏ အဓိပ္ပာယ်ကို မေး၏။ လယ်သမားက နံနက်ခင်းတုန်းက ဘုရားရှင်နှင့် အရှင်အာနန္ဒာတို့ မိမိလယ်သို့ ကြွ၍ ငွေတစ်ထောင်ထုပ်ကို ကြည့်ကာ အမြွေနှင့်အလှူနီး မိန့်ကြားကြပုံများကို လျှောက်တင်ကြ၏။ ကောသလမင်းကြီးကလည်း "အချင်းတို့၊ ဤသူသည် လောက၌ အမြင့်မြတ်ဆုံးသော ဘုရားရှင်ကို သက်သေပြုထား၏၊ ဤသူအား အပြစ်ပေးရန် မသင့်သေးပေ၊ ဤအမှုကို ငါကိုယ်တိုင်သိအောင် စုံစမ်းဦးမည်" ဟု မိန့်ကြားကာ ညနေပိုင်းတွင် ဘုရားရှင်ထံ ဝင်ရောက်၍ ထိုအကြောင်းကို မေးမြန်းလျှောက်ထား၏။ ဘုရားရှင်ကလည်း လယ်သမား ပြောသည့်အတိုင်း ဟုတ်မှန်ကြောင်း သက်သေခံတော်မူ၏။ ဤတွင် ကောသလမင်းကြီးက "အရှင်ဘုရား၊ ဤသူသည် အရှင်ဘုရားကိုသက်သေ ပြုနိုင်ခဲ့ပါက အသက်ရှင်တော့ပြီ" ဟု လျှောက်ထား၏။ ဘုရားရှင်က ဤစကားများနှင့် အနုသန္ဓိ ဆက်စပ်ကာ တရားစကား ဟောကြားတော်မူလို၍ အောက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော် အဆုံး၌ လယ်သမားသည် သောတာပန်ဖြစ်လေ၏။

### ဒေသနာတော်

၆၈။ အကြင် ကံကို ပြုလုပ်ပြီး၍ နောင်တ တစ်ဖန် မပူရပေ။ အကြင် ကံ၏ အကျိုးကို နှစ်သက်ဝမ်းမြောက်လျက် စံစားရ၏။ ထိုကံမျိုးကို ပြုလုပ်ခြင်းသည် ကောင်း၏။

## သုမန ပန်းသည်

ရာဇဂြိုဟ်မြို့တော် ဝေဠုဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် မိမိအသက်ကို မငဲ့ကွက်ဘဲ ပန်းလှူခဲ့သော သုမနပန်းသည်ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

တစ်နေ့သ၌ ဘုရားရှင်သည် ခြောက်သွယ်သော ရောင်ခြည်တော်တို့ကို လွှတ်၍ ထူးကဲ မွန်မြတ်လှစွာသော ဘုရားရှင်တို့၏ အသရေတော်ဖြင့် ရာဇဂြိုဟ်မြို့တော်သို့ ဆွမ်းခံဝင်တော်မူ၏။ ဗိမ္ဗိသာရမင်းကြီး၏ ပန်းတော်ဆက်ဖြစ်သော သုမနပန်းသည် သည် မင်းကြီးထံ ဆက်သရန် မြတ်လေးပန်း ရှစ်စလွယ်တို့ကို ယူဆောင်လာခဲ့ရာ ဘုရားရှင်၏ ကြည်ညိုဖွယ် တင့်တယ်လှစွာသော အသရေတော်ကို ဖူးတွေ့ရသောအခါ "ဤပန်းတို့ကို ဆက်သ

ဖြင့် ဗိမ္ဗိသာရမင်းကြီးသည် တစ်နံနက်လျှင် ရှစ်အသပြာ ပေးနေကျ ဖြစ်၏။ ဤပန်းတို့ကို ယနေ့ မဆက်သဖြင့် မင်းကြီးသည် ငါ့ကို သတ်လိုလည်း သတ်စေ၊ နှောင်ဖွဲ့လိုလည်း နှောင်ဖွဲ့စေ၊ တိုင်းပြည်မှ နှင်ထုတ်လိုလည်း နှင်ထုတ်စေ။ မင်းကြီးသည် ငါ့အား ဤတစ်ဘဝ အသက်မွေးရုံ လောက်သာ ပေးရာ၏။ ဘုရားရှင်ကို ပူဇော်ရလျှင်ကား ကမ္ဘာ ကုဋေ ပေါင်းများစွာ ချမ်းသာစီးပွား များလေရာ၏'' ဟု ကြံစည်ကာ ဘုရားရှင်၏ အထက်အရပ် လေးမျက်နှာတို့၌ ပန်းနှင့်ဆုပ်စီကို ကြဲဖြန့်၍ ပူဇော် လိုက်လေသည်။

ဘုရားရှင်၏ အထက်သို့ ကြဲဖြန့်လိုက်သော ပန်းတို့သည် အထက်မှာ ဗိတာန် ကျက်ထားသကဲ့သို့ တည်ရှိကုန်၏။ အရပ်လေးမျက်နှာမှ ကြဲဖြန့် လိုက်သော ပန်းတို့သည် ရှေ့တော်မှ ကြွသာရုံမျှ အပေါက်ချန်ထားကာ ပန်းပုဆိုးဖြင့် အရပ်လေးမျက်နှာမှ ကာရံထားသကဲ့သို့ တည်ရှိကုန်၏။ ဘုရားရှင် ကြွတော်မူလျှင် အတူတကွ ရွေ့သွား၏။ ဘုရားရှင် ရပ်တော် မူလျှင် အတူတကွ ရပ်ကြကုန်၏။ ရာဇဂြိုဟ် မြို့တော်သူ မြို့တော်သား အားလုံးသည် တအံ့တသြဖြစ်ကာ ဆွမ်းအုပ်များကို ကိုင်၍ ထွက်လာကြ ကုန်၏။ လူများစုသည် အားပါးတရ ကြွေးကြော်ကာ ပုဆိုးပေါင်း တစ်ထောင်ကျော်ကို ပစ်မြှောက်ကြလျက် ဘုရားရှင်၏ ရှေ့တော်မှ သွားကြလေသည်။

သုမနပန်းသည်သည် နှစ်သက်ခြင်းပီတိ ပြည့်လျှမ်းသော ကိုယ်ခန္ဓာ ဖြင့် ဘုရားရှင်ကို ရှိခိုးပူဇော်ပြီးလျှင် ပန်းတောင်းအလွတ်ကို ကိုင်ကာ အိမ်သို့ ပြန်လာ၏။ ပန်းတို့ကို ဘုရားရှင်အား ပူဇော်ခဲ့ကြောင်း ဇနီးသည်က သိသောအခါ မင်းပြစ်သင့်မည်ကို ကြောက်လှသဖြင့် သုမန ပန်းသည်ကို ဆဲဆို ရေရွတ်ပြီးလျှင် မင်းနန်းတော်သို့ သွား၍ ''သူပြုသော အမှုသည် သူနှင့်သာ ဆိုင်ပါစေ၊ သူ့ကို ကျွန်ုပ် စွန့်လွှတ်ခဲ့ပါပြီ'' ဟု လျှောက်တင်၏။ ဗိမ္ဗိသာရ မင်းကြီးသည်ကား ဘုရားရှင်ကို စတင် ဖူးမြင်ရစဉ်ကပင် သောတာပတ္တိဖိုလ်သို့ ရောက်ပြီးဖြစ်၍ ကြည်ညိုသဒ္ဓါပွားကာ ဘုရားရှင်၏ နောက်သို့ လိုက်ပါ၍ ပူဇော်လေသည်။

ဘုရားရှင်သည် မင်းစည် လှည့်လည်ရာဖြစ်သော မင်းလမ်းမကြီး အတိုင်း မြို့တော် တစ်ခွင်၌ လှည့်လည်ပြီးလျှင် နန်းတော်သို့ ကြွတော် မူ၏။ ဗိမ္ဗိသာရမင်းကြီးက ဘုရားရှင်၏ သပိတ်တော်ကို ယူ၍ နန်းတော် ပေါ်သို့ ကြွရန် ပင့်လျှောက်သော်လည်း ဘုရားရှင်က ပရိသတ် အားလုံးတို့ ဖူးမြော်

ခွင့် ရကြစေရန် နန်းရင်ပြင်၌သာ နေတော်မူ၏။ သို့ဖြစ်၍ ဗိမ္ဗိသာရ မင်းကြီးက နန်းရင်ပြင်တွင် တစ်ခဏချင်းဖြင့် မဏ္ဍပ်ကြီးထိုး၍ ပေးရလေသည်။

ဗိမ္ဗိသာရမင်းကြီးသည် ဘုရားအမှူးရှိသော သံဃာတော်များအား မွန်မြတ်သော ဆွမ်း ခဲဖွယ် ဘောဇဉ်တို့ဖြင့် ဆက်ကပ်ပူဇော်၏၊ ဘုရားရှင် ကြွချီတော် မူလေသော် သုမနပန်းသည်ကို ခေါ်ပြီးလျှင် ဆင် ရှစ်စီး၊ မြင်း ရှစ်စီး၊ ကျွန်ယောကျ်ား ရှစ်ယောက်၊ ကျွန်မိန်းမ ရှစ်ယောက်၊ မြတ်သော အဝတ်တန်ဆာ ရှစ်စုံ၊ ငွေ ရှစ်ထောင်၊ တန်ဆာ ဆင်ထားပြီးသော အပျိုကညာ ရှစ်ယောက်နှင့် ရွာ ရှစ်ရွာတို့ကို ဆုချလိုက်တော့သည်။

ကျောင်းတော်သို့ ရောက်သောအခါ အရှင်အာနန္ဒာက ပန်းလှူရသော ကုသိုလ်ကြောင့် သုမနပန်းသည် ခံစားရမည့် အကျိုးတရားများကို မေးလျှောက်လေရာ ဘုရားရှင်က "အာနန္ဒာ၊ ဤပန်းသည်သည် မိမိအသက်ကို စွန့်ကာ ငါဘုရားကို ပူဇော်ရသော ကောင်းမှုကြောင့် ကမ္ဘာတစ်သိန်းကိုင်တိုင် အပါယ်မလားရဘဲ လူ နတ်တို့၏ စည်းစိမ်ကို ခံစားရပြီးလျှင် သုမနမည်သော ပစ္စေကဗုဒ္ဓါ ဖြစ်လတ္တံ့"ဟု မိန့်တော်မူ၏။ တစ်ဖန် ရဟန်းများက တရားသဘင်၌ "သုမနသည် အသက်ကို စွန့်ကာ ဘုရားရှင်ကို ပူဇော်သဖြင့် ထိုတစ်ခဏအတွင်းမှာပင် ရှစ်မျိုးရှစ်လီ ဆုတော်ကြီးကို ခံယူရ၏"ဟု ပြောဆို၍ နေကြစဉ် ဘုရားရှင် ကြွချီတော်မူပြီးလျှင် ထိုစကားစုနှင့် အနုသန္ဓေဆက်စပ်၍ တရားစကား ဟောကြစေတော် မူလိုသဖြင့် အထက်ပါ ဒေသနာတော်ကို ဟောကြားတော် မူလေသတည်း။

ဒေသနာတော်

၆၉။ အကြင်မျှလောက် ကာလပတ်လုံး မကောင်းမှုသည် အကျိုးမပေးသေး၊ ထိုမျှလောက်သော ကာလပတ်လုံး လူမိုက်သည် မကောင်းမှုကို ပျားသကာကဲ့သို့ မှတ်ထင်၏။ အကြင်အခါ၌ကား မကောင်းမှုသည် အကျိုးပေး၏။ ထိုအခါ၌ ဆင်းရဲခြင်းသို့ ရောက်ရ၏။

## အရှင်မ ဥပ္ပလဝဏ်

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဥပ္ပလဝဏ် ထေရီမအား နန္ဒလုလင်က ကျူးလွန်ပြစ်မှားခြင်းကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

သာဝတ္ထိမြို့တော်မှ သေဋ္ဌေးသမီး တစ်ယောက်သည် ကမ္ဘာတစ်သိန်း ထက်က ပဒုမုတ္တရ ဘုရားရှင်ထံတွင် ကောင်းမှုကုသိုလ်ပြုကာ ဆုမွန်ကောင်း တောင်းခဲ့သဖြင့် ကြာညိုပန်း၏ အတွင်းသားကဲ့သို့ အဆင်းရှိ၏။ ထို့ကြောင့် ထိုသေဋ္ဌေးသမီးသည် ဥပ္ပလဝဏ်ဟု အမည်တွင်လာ၏။ ဥပ္ပလဝဏ် အရွယ် ရောက်သောအခါ ဇမ္ဗူဒိပ် တစ်ကျွန်းလုံးရှိ မင်းညီ မင်းသားများ၊ သေဋ္ဌေးသားများက လက်ဆက်လိုကြောင်း သဝဏ်လွှာများ ပေးပို့ကြ၏။ ဖခင် သေဋ္ဌေးကြီးသည် တစ်ယောက်ကိုပေးလျှင် ကျန်လူများက ကြည်ဖြူကြမည် မဟုတ်သဖြင့် ထိုဘေးအန္တရာယ်မှ လွတ်နိုင်စေရန် "သမီး ရဟန်းပြုနိုင်မည်လော" ဟု မေး၏။ ဥပ္ပလဝဏ်ကလည်း ဤအခွင့်အရေးကို မျှော်လင့်နေသူ ဖြစ်၍ ဝမ်းမြောက် ဝမ်းသာ ရဟန်းပြု၏။ မကြာမီမှာပင် အရှင်မ ဥပ္ပလဝဏ်သည် ဥပုသ်ပြုရန်သိမ်၌ ဝေယျာဝစ္စပြုလုပ်ရန် အလှည့် ကျလေရာ သိမ်အပြင်ကို တံမြက်လှည်း၍ ဆီမီး ထွန်းညှိပြီးလျှင် ဆီမီး တောက်ကို ကြည့်လျက် တေဇောကသိုဏ်းကို ရှုလေရာ လောကီစျာန်များ ရရှိ၏။ ထိုစျာန်ကို အခြေပြုကာ ဆီမီးတောက်၏ ကုန်ခန်း ပျက်စီး တတ်သော သဘောကို ဝိပဿနာတင်၍ ပွားများသည်တွင်ကား ပဋိသမ္ဘိဒါ လေးပါး၊ အဘိညာဉ် ခြောက်ပါးတို့နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်လေ သည်။ တစ်နေ့သ၌ အရှင်မ ဥပ္ပလဝဏ်သည် သာဝတ္ထိမြို့တော်တွင် ဆွမ်းခံ ဝင်ကာ မိမိတစ်ပါးတည်း နေထိုင်ရာ အန္ဓဝန်တောအတွင်းရှိ ကျောင်း ကလေးသို့ ပြန်လာ၏။ ထိုစဉ်အခါက ဘိက္ခုနီမတို့ တောထဲမှာနေခြင်းကို ဘုရားရှင်က မတားမြစ်ရသေးပေ။ အရှင်မ ဥပ္ပလဝဏ်သည် နေရောင် ထဲမှ လာခဲ့၍ ကျောင်းထဲသို့ အရောက်တွင် မျက်စိများ မှုန်သေးသဖြင့် ညောင်စောင်းပေါ်တွင် ခဏတာမျှ ထိုင်နေ၏။ ထိုစဉ်အခိုက်တွင် အရှင်မ၏ ဦးရီးတော်သား နန္ဒမည်သော လုလင်သည် အရှင်မအပေါ် တစ်ဖက်သတ် တပ်မက် စွဲလမ်းကာ ညောင်စောင်းအောက်မှာ ပုန်းနေရာမှ ထွက်၍ အရှင်မကို အတင်းအကျပ် ဖမ်းချုပ်ပြီးလျှင် ကျူးလွန်မှု ပြစ်မှားလိုက်လေ တော့သည်။

အရှင်မကို ကျူးလွန်ပြီးနောက် ကျောင်းကလေးမှ ထွက်သွား လျှင်ပင် ထိုလူမိုက်အား မဟာပထဝီမြေကြီးက ဟက်တက်ကွဲ၍ ဝါးမျို သွား၏။ ဤအကြောင်းကို အရှင်မ ဥပ္ပလဝဏ်မှတစ်ဆင့် ယဉ်ဦးမှတစ်ဦးသို့ ပျံ့နှံ့ကာ ဘုရားရှင် ကြားသိတော်မူသောအခါ စည်းဝေး နေကြသော

ရဟန်းများအား ဘုရားရှင်က တရားစကား ဟောကြားတော်မူလိုသဖြင့် အထက်ပါ ဒေသနာတော်ကို ဟောကြားတော် မူခဲ့လေသတည်း။

[အရှင်မ ဥပ္ပလဝဏ်၏ ဇာတ်လမ်းအဆက်ကို ဗြဟ္မဏဝဂ်၊ အရှင်မ ဥပ္ပလဝဏ် ဝတ္ထုမှာ ရှုပါ။]

### ဒေသနာတော်

၂၀၀။ လူမိုက်သည် လစဉ်လတိုင်း အနှစ်တစ်ရာ ကာလပတ်လုံး မြိုးမြံသော အကျင့်ကို ကျင့်အံ့ဟု သမန်းမြက်ဖျားဖြင့် အစာစား စေကာမူ ထိုလူမိုက်၏ အကျင့်သည် တရားသိပြီးသော ပုဂ္ဂိုလ်၏ အကျင့်ကို တစ်ဆယ့်ခြောက်စိတ်စိတ်၊ တစ်စိတ်လောက်မျှ အဖိုး မထိုက်ပေ။

## အရှင် ဇမ္ဗုက

ရာဇဂြိုဟ်မြို့တော် ဝေဠုဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် မစင်စားသော အာဇီဝကအဖြစ်မှ ရဟန္တာ ဖြစ်လာသော အရှင် ဇမ္ဗုကကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော် မူလေသည်။

ရာဇဂြိုဟ်မြို့တော်မှ ဇမ္ဗုက အမည်ရှိသော သူငယ်တစ်ယောက်သည် ချမ်းသာကြွယ်ဝသော မိဘများရှိပါလျက် အိပ်ရာပေါ်မှာမအိပ်ဘဲ မြေကြီးပေါ်မှာသာ အိပ်၏။ ထမင်း၊ ဟင်းစသည်ကို မစားဘဲ မိမိမစင်ကိုသာစား၏။ အရွယ်ရောက်လာသောအခါတွင်လည်း အဝတ်မဝတ်ဘဲ ကိုယ်လုံးတီးအတိုင်းသာနေထိုင်သွားလာ၏။ မိဘများသည် ပေါ်ခဲ့တုန်းက မသိ၍ပြု ရှာသည်ဟု သဘောထားကာ ခွင့်လွှတ်နိုင်ကြသော်လည်း အရွယ် ရောက်လာသည်ထိ ငယ်မူကို မဖျောက်သည်တွင်ကား သားကို အာဇီဝက များထံ အပ်နှံလိုက်ရ၏။ အာဇီဝကများသည် သူ့ကို နက်သောတွင်း ထဲမှာချ၍ ပခုံးနှစ်ဖက်ပေါ်၌ ပျဉ်ပြားတင်၍ နင်းထားပြီးလျှင် ထန်းစေ့ ခွံ့ခြမ်းဖြင့် ဆံပင်တို့ကို နုတ်ပယ်ပြီးမှ အာဇီဝက ရဟန်းပြုပေးကြ၏။ ဇမ္ဗုက၏ မိဘများက သားနှင့်တကွ အာဇီဝက ရဟန်းများအား နက်ဖြန် တွင် မိမိတို့အိမ်သို့ ဆွမ်းဘုဉ်းပေးကြွရန် ပင့်ဖိတ်ခဲ့လေသည်။

နောက်တစ်နေ့ အာဇီဝကများ ဆွမ်းစား သွားကြသောအခါ ဇမ္ဗုကသည် မလိုက်ပါဘဲ နေခဲ့ပြီးလျှင် ဝစ္စကုဋီကျင်းထဲမှ မစင်များကို အားပါးတရ အလုတ်အလွေးပြု၍ စားသောက်၏။ သူ့အတွက် မြို့တွင်းမှ ယူလာသော အစားအစာကိုကား မစားပေ။ ဇမ္ဗုက၏ အပြုအမူကို မသက်သာ

သဖြင့် နောက်တနေ့ ထွမ်းခံထွက်သောအခါ အဇီဝကတစ်ပါးက ပုန်းကွယ်နေရစ်၍ ချောင်းမြောင်းကြည့်သောအခါ အမြင်မှန်ကို သိရ၏။ ဤတွင် အဇီဝကများက "ဩော်၊ ဝန်ဘာလေးပေစွ။ ရဟန်းဂေါတမ၏ တပည့်များကြားသိကြလျှင် အဇီဝကတို့သည် မစင်စားကုန်၏ဟု ပြောဆိုကဲ့ရဲ့ကြကုန်လတ္တံ့" ဟု ဆိုကာ သူ့ကို နှင်ထုတ်လိုက်ကြလေသည်။

ဇမ္ဗုကသည် အဇီဝကများထံမှ ထွက်လာပြီးလျှင် လူအများတို့ မစင်စွန့်ရာဌာနတွင်ရှိသော ကျောက်ဖျာကြီးသို့ ရောက်လာ၏။ ထိုနေရာမှ မစင်များကိုညတွင် စားသောက်ကာ နေ့ခင်း၌ လူများ မစင်စွန့်ရန်လာကြသောအခါ ကျောက်ဖျာမှ ကျောက်စွန်းကိုကိုင်၍ ရပ်နေပြီးလျှင် ပါးစပ်ကိုဟလျက်၊ ခြေတစ်ဖက်ကို မြှောက်လျက်နေ၏။ လူများက ဤသို့နေရခြင်း အကြောင်းကို မေးကြသောအခါ ဇမ္ဗုကက "ငါသည် လေကိုသာ စားသောက်၏။ ငါ၏အကျင့်သည် ပြင်းထန်လှသဖြင့် ငါ၏ခြေနှစ်ဖက်စလုံးနှင့် နင်းလိုက်လျှင် မြေကြီးတုန်လှုပ်၏။ ငါသည် ဘယ်သောအခါမှ ထိုင်ခြင်း၊ အိပ်ခြင်းမပြုပေ" ဟု ဆိုလေသည်။

သူ့စကားကို ယုံကြည်သူတွေပေါလာသဖြင့် အင်္ဂတိုင်း၊ မဂဓတိုင်းတို့မှ လူများတို့သည် လစဉ်လတိုင်း သူ့ထံသို့လာ၍ ဆည်းကပ် ပူဇော်ကြ၏။ ပူဇော်သူများ ကျွေးမွေးသော စားကောင်း သောက်ဖွယ်များကို ဇမ္ဗုကက မစားပေ။ အစာစားလိုက်လျှင် ငါ၏အကျင့် ပျက်သွားမည်ဟု ဆိုကာ လာလာသမျှကို ငြင်းပယ်၏။ ကျွေးမွေးသူများက အတင်းအကျပ် တိုက်တွန်းခါမှ သမန်းမြက်ဖျားကလေးဖြင့် ကော်ယူ၍ လျှာပေါ်သို့ တင်ပြီးလျှင် "သွားကုန်လော့။ သင်တို့အတွက် ထိုမျှဖြင့် ဝီးပွားချမ်းသာ တိုးတက်သင့်ပြီ" ဟုဆိုကာ နှင်ထုတ်လိုက်လေသည်။

ဤကဲ့သို့ ငါးဆယ့်ငါးနှစ်တာမျှ နေထိုင်စားသောက်လာခဲ့ပြီးနောက် ဇမ္ဗုက၏ ကျွတ်တမ်းဝင်ချိန် ရောက်နေကြောင်းကို ဘုရားရှင် သိမြင်တော်မူသဖြင့် သူ့ထံသို့ ကြွတော်မူလာ၏။ ဘုရားရှင်ကြွတော်မူမည်ကိုသိကြသဖြင့် နတ်များက ဇမ္ဗုကနေသော ကျောက်ဖျာကြီးသန့်ရှင်းစင်ကြယ်သွားစေရန် မိုးကြီး သည်းထန်စွာရွာချပေးကြ၏။ ထို့နောက် အဆင်းငါးမျိုးရှိသော ပန်းမိုးကို ရွာချပေးကြ၏။ ဘုရားရှင်သည် ညနေချမ်းအချိန် ဇမ္ဗုကထံသို့ ကြွတော်မူကာ တစ်ညတာနေထိုင်ရန် ခွင့်တောင်း၏။ ဇမ္ဗုကက "ရဟန်းကြီး၊ ဤအရပ်၌ သင့်အတွက်နေရာမရှိ" ဟု ငြင်းဆို၏။ သို့ဖြစ်၍ ဘုရားရှင်သည် မနီးမဝေးရှိ တောင်စောင်းတစ်နေရာတွင် သီတင်းသုံးတော်မူရလေသည်။

ဘုရားရှင် သီတင်းသုံးတော်မူရာအရပ်သို့စတုမဟာရာဇ်နတ်မင်းကြီး လေးပါးတို့ ဆည်းကပ်လာ၏။ ပစ္စိမယံ၌ ဗြဟ္မာကြီးများ ဆည်းကပ်လာ ကြ၏။ ဇမ္ဗုကသည် ထိုဗြဟ္မာများ၏ ကိုယ်ရောင်ကိုယ်ဝါကို မြင်ရသဖြင့် တအံ့တသြဖြစ်နေ၏။ ထို့ကြောင့် နံနက်စောစောပင် ဘုရားရှင်ထံသို့ လာ ၍ ညဉ့်ကလာကြသော ပုဂ္ဂိုလ်များအကြောင်းကို မေးလျှောက်၏။ ဘုရား ရှင်က မိမိထံဆည်းကပ်လာကြသူများကိုဖြေကြားလိုက်သောအခါဇမ္ဗုကက "ရဟန်းကြီး သင်သည် အံ့သြဖွယ်ရှိပေစွ။ ငါသည် ဤအရပ်၌ ငါးဆယ့် ငါးနှစ်ပတ်လုံး လေကိုစားလျက်သာနေခဲ့၏၊ ထိုမျှလောက်ကြာအောင်နေ ခဲ့သော်လည်း ငါ့ထံသို့ မည်သည့်နတ်ဗြဟ္မာမျှမလာဖူးပေ"ဟု ဆိုလေသည်။

ထိုအခါ ဘုရားရှင်က "ဇမ္ဗုက၊ သင်သည် မသိနားမလည်သော လူများကို လှည့်စားပြီးလျှင် ငါဘုရားကိုလည်း လှည့်စားလိုသောသဘောရှိ နေ၏။ သင်သည် ငါးဆယ့်ငါးနှစ်တာပတ်လုံး မစင်ကိုသာစားနေခဲ့သည် မဟုတ်ပါလော။ မြေပေါ်၌သာ အိပ်သည် မဟုတ်ပါလော။ အဝတ်မဝတ် ဘဲနေသည်မဟုတ်လော။ အင့်ဆံပင်များကို ထန်းစေ့မှုတ်ခြမ်းဖြင့် ညှပ်၍ အနုတ်ခံထားရသည် မဟုတ်ပါလော။ ဤဘဝ၌ သင်ခံစားရသော ဤ အကျိုးတရားတို့သည် ကဿပဘုရားရှင် လက်ထက်တော်တုန်းက သင်ပြုခဲ့ သော မကောင်းမှုများကြောင့်ဖြစ်၏။ ထိုစဉ်တုန်းက သင်သည် ကျောင်း ထိုင်ရဟန်းဖြစ်သော သင်၏ပစ္စည်းလေးပါး ဒါယကာက အာဂန္တုရဟန္တာ အရှင်မြတ် တစ်ပါးအား ကိုးကွယ်ဆည်းကပ်သည်ကို မရှုဆိမ့်နိုင်သဖြင့် အာဂန္တုအရှင်မြတ်ထံသွားပြီးလျှင် "ငါ့ရှင် အာဂန္တုရဟန်း၊ သင့်အတွက် သူကြွယ်အိမ်မှ ထမင်းကို စားခြင်းထက် မစင်ကိုစားခြင်းက မြတ်၏၊ သူကြွယ် ခေါ်၍ စေခိုင်းသော ဆတ္တာသည်ဖြင့် ဆံပင်ရိတ်ခြင်းထက် ထန်းစေ့မှုတ် ခြမ်းဖြင့် အနုတ်ခံရခြင်းက မြတ်၏၊ သူကြွယ်လှူသော သင်္ကန်းကို ဝတ်ခြင်း ထက် ကိုယ်လုံးတီးနေခြင်းက မြတ်၏၊ သူကြွယ်လှူသော ညောင်စောင်းတွင် အိပ်ခြင်းထက် မြေကြီးပေါ်၌ အိပ်ခြင်းသည် မြတ်၏"ဟု ဆဲရေးခဲ့၏။ ဤ အကြောင်းဆယ် လေးမျိုးဖြင့် သင် ဆဲရေးခဲ့သဖြင့် မဟာအဝီစိငရဲ၌ ကျရ က၊ အကျိုးအကြွင်းအကျန်ဖြင့် ယခုဘဝ၌ ဆိုးရွားလှသော အကျိုးပေး လေးမျိုးကို ခံစားနေရသည်မဟုတ်ပါလော"ဟု မိန့်ကြားတော်မူလေသည်။

ဤသို့မဟာကြားတော်မူသည်ကို နာခံလျက် ဇမ္ဗုကသည် သတိ သံဝေဂဝင်ရောက်လာ၍ အရှက်တရားကပ်လာသဖြင့် ကိုယ်ကိုကျုံ့၍ ထိုင်၏၊ ဘုရားရှင်က ပစ်၍ပေးလိုက်သော ရေသနုပ်တစ်ထည်ကို ဝတ်လျက်

ဆက်လက်၍ တရားနာလေရာ တရားတော်အဆုံး၌ ပဋိသမ္ဘိဒါ လေးပါးနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်ရှိ၏။ ထိုသို့ရောက်သည်နှင့် ထစ်ပြိုင်နက် သူ၏အတိတ်က အကုသိုလ်ကံများ ကုန်ဆုံးကြပြီဖြစ်ရာ ဘုရားရှင်က သူ့ကို ဧဟိဘိက္ခု ခေါ်တော်မူ၏။ ဧဟိဘိက္ခုဟု ခေါ်တော်မူလိုက်သည်နှင့်တစ်ပြိုင်နက် ပရိက္ခရာရှစ်ပါးကိုလွယ်လျက် ဝါတော်ခြောက်ဆယ်ရ မထေရ်ကြီးကဲ့သို့ ဣန္ဒြေသိက္ခာနှင့် ပြည့်စုံလှသော အရှင်မြတ်တစ်ပါး ဖြစ်လာလေသည်။

ထိုနေ့မှစပင် အရှင်ဇမ္ဗုကကို ကိုးကွယ် ဆည်းကပ်လာခဲ့ကြသော သူတို့က တစ်စုတစ်ဝေးကြီး ရောက်လာကြရာ ဘုရားရှင်နှင့်အတူ သူတို့ ကိုးကွယ်သောဆရာကို တွေ့မြင်ကြရသဖြင့် "ဘုရားရှင်ကမြတ်လေသလော၊ အရှင်ဇမ္ဗုကက မြတ်လေသလော" ဟု တွေးတော ကြံဆကြ၏။ ဤတွင် အရှင်ဇမ္ဗုကသည် စတုတ္ထဈာန်ကို ဝင်စားကာ ထန်းတစ်ဆင့် ပမာဏ ကောင်းကင်သို့ ပျံတက်ပြီးလျှင် "အရှင်ဘုရား၊ အရှင်ဘုရားသည် တပည့်တော်၏ ဆရာပါတည်း။ တပည့်တော်သည် အရှင်ဘုရား၏တပည့်ပါတည်း" ဟု လျှောက်ထား၏။ ထို့နောက် ထန်းတစ်ဆင့် တစ်ဆင့်တိုးကာ ထန်းခုနစ်ဆင့်အထိ ပျံတက်၍ လျှောက်ထားပြန်လေသည်။

အင်္ဂတိုင်း၊ မဂဓတိုင်းမှ စုဝေးရောက်လာကြသူများသည် ဘုရားရှင်၏ဂုဏ်ကျေးဇူးကို ချီးကျူးပူဇော်ကြရကုန်၏။ ဤတွင် ဘုရားရှင်သည် ဇမ္ဗုက ယခင်က ကျင့်သုံးခဲ့ပုံများနှင့် ယခုကျင့်သုံးပုံတို့ကို နှိုင်းယှဉ်ပြကာ တရားစကား ဟောကြားတော်မူလိုသဖြင့် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

### ဒေသနာတော်

၇၀။ ။ညစ်ပြီးစ နို့ရည်သည် အချဉ်မပေါက်သေးသကဲ့သို့ ပြုပြီးခါစဖြစ်သော မကောင်းမှုသည် ချက်ချင်း အကျိုးမပေးသေး။ အကျိုးပေးသောအခါတွင်မူ ပြာဖုံးသော မီးကျီးခဲကဲ့သို့ ထိုသူမိုက်ကို လောင်ကျွမ်းစေလျက် အစဉ်လိုက်၏။

## မြွေပြိတ္တာ

ဝေဠုဝန်ကျောင်းတော်၌ဘုရားရှင်သီတင်းသုံးတော်မူစဉ်အရှင်မောဂ္ဂလာန် တွေ့မြင်ခဲ့သော မြွေပြိတ္တာကိုအကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

စတုတ္ထအကြိမ်

အရှင်မဟာမောဂ္ဂလာန်နှင့် အရှင်လက္ခဏတို့သည် ရာဇဂြိုဟ်မြို့တော်သို့ ဆွမ်းခံဝင်ရန် ဂိဇ္ဈကုဋ်တောင်မှဆင်းလာကြရာ အရှင်မောဂ္ဂလာန်သည် မြေပြိတ္တာတစ်ကောင်ကိုမြင်သဖြင့် ပြုံးမိ၏။ မြေပြိတ္တာ၏ ဦးခေါင်းမှစ လူကဲ့သို့ပင်ဖြစ်၍ ကျန်သမျှကား မြွေကဲ့သို့ဖြစ်၏။ နှစ်ဆယ့်ငါးယူဇနာမျှ ရှည်လျား၏။ ဦးခေါင်းမှ တောက်လောင်သောမီးသည် အမြီးထိရောက်၏။ အမြီးမှ တောက်လောင်သောမီးသည် ဦးခေါင်းထိရောက်၏။ အရှင်လက္ခဏသည် ပြုံးရခြင်း၏အကြောင်းကို မေးလေရာ အရှင်မဟာမောဂ္ဂလာန်က ထိုနေရာမှာမပြောသေးဘဲ ဘုရားရှင်ရှေ့တော်မှောက် ရောက်ခါမှ ထိုမြေပြိတ္တာကို မြင်ခဲ့ရ၍ ပြုံးရပုံကို ဖြေဆို၏။ ဘုရားရှင်ကလည်း အရှင်မဟာမောဂ္ဂလာန်၏ ဖြေဆိုချက်ကို ထောက်ခံတော်မူလေသည်။

ဤတွင် အရှင်မောဂ္ဂလာန်က မြေပြိတ္တာ၏အကုသိုလ်ကံကိုမေးလျှောက်လေရာ ဘုရားရှင်က မြေပြိတ္တာ၏ အကုသိုလ်ကံကို ဖြေကြားတော်မူ၏။

ရှေးလွန်လေပြီးသော အခါတုန်းက ဂင်္ဂါမြစ်ကမ်း၌ သီတင်းသုံးသော ပစ္စေကဗုဒ္ဓါ အရှင်မြတ်အတွက် ဒါယကာများအား သစ်ရွက်မိုး ကျောင်းကလေး ဆောက်ပေးကြ၏။ ဗာရာဏသီ မြို့သူမြို့သားတို့သည် နေ့ရောညပါ အခါမလပ် ပစ္စေကဗုဒ္ဓါအရှင်မြတ်ထံ ဆည်းကပ်ပူဇော်ရန် သွားကြလေရာ လမ်းမှာရှိသော လယ်ကွက်တစ်ခုကို ဖြတ်သန်း၍ သွားကြ၏။ လယ်သမားက ဖြတ်မသွားရန် တားမြစ်သော်လည်း မရပေ။ သို့ဖြစ်၍ လယ်သမားသည် မိမိလယ် အနင်းအဖြတ်မခံရစေရန် ပစ္စေကဗုဒ္ဓါ အရှင်မြတ် ဆွမ်းခံကြွတော်မူခိုက်တွင် အသုံးအဆောင်တို့ကို ရိုက်ခွဲပြီးလျှင် သစ်ရွက်မိုး ကျောင်းကလေးကို မီးရှို့လိုက်လေ၏။ ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ကျောင်း မီးလောင်နေသည်ကို တွေ့ရသဖြင့် အရပ်တစ်ပါးသို့ ကြွသွားတော်မူ၏။

ထိုပစ္စေကဗုဒ္ဓါအရှင်မြတ်ကို ကိုးကွယ်ဆည်းကပ်သူတို့က ရိုက်ကြသဖြင့် ထိုလယ်သမား သေဆုံးကာ မဟာအဝီစိငရဲ၌ ကျခံရပြီးလျှင် အကျိုးအကြွင်းအကျန်ဖြင့် ဂိဇ္ဈကုဋ်တောင်မှ မြေပြိတ္တာကြီး ဖြစ်နေရလေသည်။

ဘုရားရှင်သည် မြေပြိတ္တာ၏ အကုသိုလ်ကံကို ဟောကြားတော်မူပြီးလျှင် ထိုအကုသိုလ်ကံနှင့် အနုသန္ဓေဆက်စပ်၍ စည်းဝေးလာကြသော ရဟန်းများအား တရားစကား ဟောကြားတော်မူလိုသဖြင့် အောက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၇၂။ လူမိုက်၏ အတတ်ပညာသည် လူမိုက်၏ အကျိုးပျက်စီးစေရန်သာ ဖြစ်၏။ စင်ကြယ်သော ကုသိုလ်အဖို့ကို ဖျက်ဆီးတတ်၏။ ပညာ တည်းဟူသော ဦးခေါင်းကိုပြတ်၍ ကျစေတတ်၏။

## သဋ္ဌိကူဋ ပြိတ္တာ

ဝေဠုဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အရှင် မဟာမောဂ္ဂလာန် တွေ့မြင်ခဲ့ရသော သဋ္ဌိကူဋပြိတ္တာကို အကြောင်းပြု၍ ဤ ဒေသနာတော်ကို ဟောကြားတော် မူလေသည်။

အရှင် မဟာ မောဂ္ဂလာန်နှင့် အရှင်လက္ခဏတို့ ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လာကြစဉ် အရှင် မဟာမောဂ္ဂလာန်သည် သဋ္ဌိကူဋပြိတ္တာကို တွေ့မြင်၍ ပြုံးမိ၏။ ထိုပြိတ္တာသည် သုံးဂါဝုတ်ပမာဏရှိ၏။ အလျှံ ရဲရဲတောက်ပြောင်ကုန်သော သံတူခြောက်သောင်းတို့သည် ထိုပြိတ္တာ၏ ဦးခေါင်းကို တစ်လက်ပြီးတစ်လက် ထုနှက်ကြကုန်၏။ သံတူများထုနှက်၍ ကြေသွားသော ဦးခေါင်းသည် တစ်ဖန်ပြန်၍ဖြစ်လာကာ အထုခံ၍ကွဲရ ပြန်၏။ အရှင်လက္ခဏက ပြုံးရခြင်းအကြောင်းကို မေးလျှောက်ရာ အရှင် မဟာမောဂ္ဂလာန်က မဖြေသေးဘဲ ဘုရားရှင် ရှေ့တော်မှောက်ရောက်ခါမှ ဖြေဆို၏။ ဘုရားရှင်ကလည်း အရှင်မဟာမောဂ္ဂလာန်၏ ဖြေဆိုချက်ကို ထောက်ခံတော်မူလေသည်။

ဤတွင် ရဟန်းတို့က ထိုပြိတ္တာ၏ အကုသိုလ်ကံကို မေးလျှောက်ကြ သဖြင့် ဘုရားရှင်က ဟောကြားတော်မူ၏။

ရှေးလွန်လေပြီးသော အခါတုန်းက ထိုပြိတ္တာသည် လူလင်ကစ် ယောက်ဖြစ်ခဲ့၏။ ကျောက်စရစ်ပစ်တတ်သော အတတ်ပညာဖြင့် ဘုရင်၏ ချီးမြှောက်ခြင်းကို ခံယူရသော ဆွံ့ထံမှ ကျောက်စရစ် ပစ်တတ်သော အတတ်ပညာကို သင်ယူပြီးလျှင် ပစ်ခတ်သတ်ဖြတ်၍ ပညာစမ်းရမည့်သူကို ရှာဖွေ၏။ ပိုင်ရှင်ရှိသော နွားများနှင့် ဆွေမျိုးသားချင်းရှိသော လူများကို ပစ်ခတ်သတ်ဖြတ်မိလျှင် လျော်ကြေးပေးရမည်ဖြစ်၍ သုနေတ္တ အမည်ရှိသော ပစ္စေကဗုဒ္ဓါအရှင်မြတ် ဆွမ်းခံကြွလာစဉ်တွင် အရှင်မြတ်၏ လက်ယာဘက် နားပေါက်ထဲသို့ ကျောက်စရစ်ကို ပစ်သွင်းလိုက်၏။ ကျောက်စရစ်သည် ဦးခေါင်းကို ဖောက်သွင်းကာ လက်ဝဲဘက်နားမှ ထွက်သွား၏။ ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ပြင်းထန်လှစွာသော ဝေဒနာဖြင့် သစ်ရွက်မိုး

ကျောင်းကလေးသို့ ကောင်းကင်ခရီးမှ ကြွရောက်ကာ ပရိနိဗ္ဗာန်ပြုတော်မူ၏။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ကို ကိုးကွယ်ဆည်းကပ်သူများက ရိုက်နှက်သဖြင့် ထိုယောကျ်ား သေဆုံးပြီးလျှင် မဟာဧတ္တိအဝီစိငရဲ၌ကျခံရ၏။ ငရဲမှ လွတ်ပြီးနောက် အကျိုးအကြွင်းအကျန်ဖြင့် ဂိဇ္ဈကုဋ်တောင်တွင် သဋ္ဌိကူဋ ပြိတ္တာဖြစ်၍ ခံစားနေရလေသည်။

ဘုရားရှင်သည် သဋ္ဌိကူဋပြိတ္တာ၏ အကုသိုလ်ကံကို ဟောကြားတော်မူပြီးလျှင် ထိုအကုသိုလ်ကံနှင့် ဆက်စပ်၍ တရားစကား ဟောကြားတော်မူလိုသဖြင့် အထက်ပါ ဒေသနာတော်ကို ဟောကြားတော် မူလေသတည်း။

[ကျောက်စရစ်ခဲ ပစ်ဘတ်သော ငဆွံ့အကြောင်းကို ကေကနိပါတ်၊ ပရောသတဝဂ်၊ သာလိတ္တကဇာတ်တွင် ရှုပါ။]

### ဒေသနာတော်

၇၃။ ။မလိမ္မာသော ရဟန်းသည် ရဟန်းတို့အလယ်၌ မိမိတွင် ထင်ရှားမရှိသော ဂုဏ်ကျေးဇူးဖြင့် ချီးမွမ်းခြင်းကို လည်းကောင်း၊ မိမိအား ခြံရံလျက် ရှေ့ဆောင် နေရာထားခြင်းကို လည်းကောင်း၊ ကျောင်းအိပ်ရာနေရာတို့၌ အစိုးရခြင်းကိုလည်းကောင်း၊ ဆွေမျိုးမတော်သူတို့၏ ပစ္စည်းလေးပါးဖြင့် ပူဇော်ခြင်းကို လည်းကောင်း အလိုရှိ၏။

၇၄။ ။"ငါ့ကြောင့်သာလျှင် အမှုကြီးငယ်သို့ ပြီးစီးကုန်၏"ဟု ရဟန်းရှင်လူ နှစ်ဦးသူတို့ မှတ်ထင်ကြစေကုန်သတည်း။ တစ်စုံတစ်ခုသော အမှုကြီးငယ်တို့တွင် ငါ့အလိုသို့ လိုက်စေကုန်စေသတည်းဟု မိုက်သော ရဟန်းအား အကြံအစည်သည် လည်းကောင်း၊ အလိုရမ္မက်သည် လည်းကောင်း၊ မာန်မာနသည် လည်းကောင်း တိုးပွား၏။

## စိတ္တသူကြွယ်

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် စိတ္တသူကြွယ်အား နှုတ်ပြစ်မှားမိသော အရှင်သုဓမ္မကို အကြောင်းပြု၍ ဤဒေသနာကို ဟောကြားတော်မူလေသည်။

ပဉ္စဝဂ္ဂီ ငါးဦးတွင် အပါအဝင်ဖြစ်သော အရှင်မဟာနာမ်သည် မစ္ဆိကာသဏ္ဍမြို့သို့ ကြွရှိ တရားဟောလေရာ ထိုမြို့မှ စိတ္တသူကြွယ်သည် သောတာပတ္တိဖိုလ်၌ တည်၏။ ထို့နောက် သောတာပန်တို့၏ မတုန်လှုပ်

သော သဒ္ဓါတရားဖြင့် မိမိ၏ အမွေဝင္စက ဥယျာဉ်တွင် ကျောင်းဆောက်လှူဒါန်းပေ၏။ ထိုကျောင်း၌ ကျောင်းထိုင်ပုဂ္ဂိုလ်အဖြစ် အစဉ်အမြဲ သီတင်းသုံးသူကား အရှင်သုဓမ္မ ဖြစ်လေသည်။

တစ်ရံရောအခါ အဂ္ဂသာဝက အရှင်မြတ် နှစ်ပါးတို့သည် စိတ္တသူကြွယ်၏ ဂုဏ်သတင်းများကို ကြားသိသဖြင့် မစ္ဆိကာသဏ္ဍ မြို့သို့ ကြွလာကြ၏။ စိတ္တသူကြွယ်သည် ယူဇနာဝက်ခရီးမှ နေ၍ အရှင်မြတ်ကြီးများအား ကြိုဆို၍ ပင့်ဆောင်လာ၏။ ကျောင်းသို့ရောက်၍ ခရီးပန်းမပြေမီမှာပင် အရှင်သာရိပုတ္တရာက တရားဟောလေရာ စိတ္တသူကြွယ်သည် အနာဂါမိဖိုလ်သို့ ဆိုက်ရောက်သွားလေသည်။

ထို့နောက် စိတ္တသူကြွယ်သည် အဂ္ဂသာဝက အရှင်မြတ်ကြီးနှစ်ပါးတို့အား နက်ဖြန်နံနက် မိမိအိမ်သို့ ကြွ၍ ဆွမ်းဘုဉ်းပေးရန် ပင့်ဖိတ်ပြီးလျှင် ကျောင်းထိုင်ပုဂ္ဂိုလ် အရှင်သုဓမ္မကိုလည်း ပင့်လျှောက်၏။ အရှင်သုဓမ္မက "အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ကို အလျင်ပင့်ပြီးမှ ငါ့ကို ပင့်ရမည်လော" ဟု စိတ်ဆိုးမာန်ဆိုးဖြစ်ကာ ပင့်လျှောက်သည်ကို လက်မခံပေ။ စိတ္တသူကြွယ်က ထပ်ကာထပ်ကာ ပင့်လျှောက်သော်လည်း ငြင်းပယ်မြဲ ငြင်းပယ်၏။ ဤတွင် စိတ္တသူကြွယ်က "အရှင်ဘုရား၊ တပည့်တော် သိပါပြီ" ဟု ဆိုကာ ကျောင်းမှ ထွက်လာခဲ့လေသည်။

နောက်တစ်နေ့ နံနက်တွင် စိတ္တသူကြွယ်သည် အရှင်မြတ်ကြီးများအတွက် မိမိအိမ်၌ ဆွမ်းခဲဖွယ် အမျိုးမျိုးကို ချက်ပြုတ် ကြော်လှော်ရန် စီမံပေး၏။ အရှင်သုဓမ္မသည် ပင့်တုန်း လက်မခံပါဘဲလျက် အရှင်မြတ်ကြီးများအတွက် ချက်ပြုတ်စီမံထားပုံကို ကြည့်လိုသဖြင့် ကျောင်းဒါယကာ၏ အိမ်သို့ ကြွလာ၏။ စိတ္တသူကြွယ်က "အရှင်ဘုရား၊ သီတင်းသုံးတော်မူပါ" ဟု ထိုင်စရာနေရာ ပေးသော်လည်း လက်မခံပေ။ "ငါမထိုင်လို၊ ဆွမ်းခံ၍ စားမည်" ဟု ဆို၏။ ထို့နောက် ချက်ပြုတ်ထားသော ခဲဖွယ် ဘောဇဉ်အမျိုးမျိုးကို လိုက်လံကြည့်ရှုပြီးလျှင် "ဒါယကာ၊ သင်၏ လှူဖွယ်ပစ္စည်းများသည် အမျိုးအမည် များလှပါပေ၏။ သို့ရာတွင် လှူဖွယ်ဝတ္ထုတစ်ခုကား လစ်ဟင်းနေပေသည်" ဟု ဆို၏။ စိတ္တသူကြွယ်က "အရှင်ဘုရား၊ အဘယ်လှူဖွယ်ပါနည်း" ဟု မေးလျှောက်သောအခါ အရှင်သုဓမ္မက "ဒါယကာ၊ နှမ်းပျစ်ပေတည်း" ဟု ဆိုလိုက်၏။ စိတ္တသူကြွယ်တို့၏ မျိုးရိုးထဲ၌ မုန့်သည်တစ်ယောက် ရှိခဲ့ဖူးသဖြင့် မိမိထက် ပို၍ အရှင်မြတ်ကြီးတို့ကို ကြည်ညိုသော ကျောင်းဒါယကာအား ပုတ်ခတ်လိုက်ခြင်းပင် ဖြစ်ပေသည်။

ဤတွင် စိတ္တသူကြွယ်က "အရှင်ဘုရား၊ ရှေးလူကြီးများ ပြောရိုးဆိုစဉ် ရှိခဲ့ဖူးပါသည်။ ဒက္ခိဏာပထတိုင်းသား ကုန်သည်တို့သည် အရှေ့တက် တိုင်းပြည်များသို့ ကူးသန်းရန် သွားကြလေရာ အပြန်မှာ ကြက်မ တစ်ကောင် ပါလာခဲ့သည်၊ ကြက်မသည် ကျီးကန်း တစ်ကောင် နှင့် အကြောင်းပါ၍ သားငယ်လေးတစ်ကောင်ပေါက်ဖွားလာသည်၊ ထိုသားကလေးသည် ဖခင်၏ မျိုးရိုးသို့ လိုက်၍ မြည်လိုသောအခါ "ကာကလိ အောက်"ဟု မြည်သည်။ မိခင်၏ မျိုးရိုးသို့ လိုက်၍ မြည်လိုသောအခါ "အောက်ကလိကာ"ဟု မြည်သည်။ ဤ မိမစစ် ဖမစစ် သတ္တဝါကလေး ကဲ့သို့ပင် အရှင်ဘုရားသည်လည်း ရတနာသုံးပါးနှင့် ပတ်သက်၍ ပြောစရာ ဆိုစရာ စကားတွေ မြောက်မြားစွာ ရှိနေပါလျက် မပြောပလောက်သော နှမ်းပျစ်ကလေးကိုမှ စကားလုပ်၍ ပြောဆိုပေသည်တကား"ဟု ပြန်လျှောက်လေသည်။

ဤသို့ အောက်ကလိကာ ပုံပြင်ဖြင့် ရှုတ်ချခြင်းခံလိုက်ရသဖြင့် အရှင်သုဓမ္မသည် "ဒါယကာ၊ ဤကျောင်းသည် သင့်ကျောင်းသာတည်း၊ အင့်ကျောင်း၌ ငါမထိုင်လိုပြီ"ဟု ဆိုကာ အိမ်မှထွက်လာ၏၊ စိတ္တသူကြွယ်က သုံးကြိမ်တိုင်တိုင် တားသည်ကိုလည်း လက်မခံတော့ဘဲ ဘုရားရှင် ထံသို့ လာကာ ထိုအကြောင်းများကို လျှောက်ထား၏၊ ဘုရားရှင်က "သုဓမ္မ၊ သင်သည် သဒ္ဓါတရားနှင့် ပြည့်စုံသော ဒါယကာကို ယုတ်နိမ့်သောစကားဖြင့် ဆဲရေးဘိ၏၊ သွားလော့၊ စိတ္တသူကြွယ်ကို တောင်းပန်လော့"ဟု ပဋိသာရဏိယကံကို ပြုတော်မူ၍ ပြန်လွှတ်လိုက်၏။

အရှင် သုဓမ္မသည် မစ္ဆိကာသဏ္ဍသို့ သွား၍ ကျောင်းဒါယကာ စိတ္တသူကြွယ်ကို တောင်းပန်လေသည်။ သို့ရာတွင် စိတ္တသူကြွယ်က လက်မခံအဖြင့် ဇေတဝန် ကျောင်းတော်သို့ ပြန်လာ၏။ ဘုရားရှင်သည် အရှင်သုဓမ္မ မာန်မာန လျော့ကျသည်ကို သိတော်မူသဖြင့် တောင်းပန်ရာတွင် ပါဝင်ကူညီပေးမည့် ရဟန်းတစ်ပါးကို ပေးပြီးလျှင် ဖြစ်ခဲ့ရသော ကိစ္စနှင့် ဆက်စပ်၍ တရားစကား ဟောကြားတော်မူလိုသဖြင့် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

အရှင်သုဓမ္မသည် အဖော်ရဟန်းနှင့်တကွ စိတ္တသူကြွယ်ထံ သွား၍ တောင်းပန်၏၊ စိတ္တသူကြွယ်က "အရှင်ဘုရား၊ တပည့်တော် သည်းခံပါ၏၊ တပည့်တော်မှာ အပြစ်ရှိလျှင်လည်း သည်းခံတော်မူပါ ဘုရား"ဟု လျှောက်ထား၏၊ ဤတွင်မှ အရှင် သုဓမ္မသည် စိတ်နှလုံး ကြည်လင် ချမ်း

မြေ့စွာ တရားအားထုတ်လေရာ တစ်ရက်နှစ်ရက်ဖြင့်ပင် ရဟန္တာ အရှင်မြတ် တစ်ပါး ဖြစ်လာလေ၏။

(စိတ္တသုကြွယ် အခြံအရံများစွာဖြင့် ဘုရားဖူးသွားပုံကို ပကိဏ္ဏကဝဂ်၊ စိတ္တသူကြွယ် ဝတ္ထု၌ ရှုပါ။)

ဒေသနာတော်

၇၅။ လာဘ်ရကြောင်း အကျင့်သည် တခြားတည်း။ နိဗ္ဗာန်ရောက်ကြောင်း အကျင့်သည် တခြားတည်း။ ဤအကျင့် နှစ်မျိုးနှစ်စားကို ခွဲခြားသိ၍ ဘုရားရှင်၏ တပည့်သား ရဟန်းသည် လာဘ်ပူဇော်သကာကို မနှစ်သက်ရာ၊ ဝိဝေက တရားကိုသာ တိုးပွားစေရာ၏။

# တိဿသာမဏေ (တောကျောင်းနေ)

ဇေတဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံး နေတော်မူစဉ် တောကျောင်းနေ တိဿ သာမဏေကို အကြောင်းပြု၍ ဤ ဒေသနာတော်ကို ဟောကြားတော်မူလေသည်။

အရှင် သာရိပုတ္တရာ၏ တပည့်ဖြစ်သော တိဿ သာမဏေသည် ယခင်ဘဝကလည်း အရှင်သာရိပုတ္တရာကို ကိုးကွယ်ဆည်းကပ်ခဲ့သူ ဖြစ်၏။ ထိုဘဝထန်းက သူသည် အရှင်သာရိပုတ္တရာ၏ ခမည်းတော် ဝင်္ဂန္တပုဏ္ဏားကြီး၏ မိတ်ဆွေရင်းချာ "မဟာသေန" မည်သော ပုဏ္ဏား တစ်ယောက် ဖြစ်ခဲ့၏။ အရှင်သာရိပုတ္တရာသည် မဟာသေနပုဏ္ဏားကြီးကို ချီးမြှောက်လိုသဖြင့် ရာဇဂြိုဟ်မြို့တော်တွင်းရှိ သူ့အိမ်သို့ဆွမ်းခံကြွ၏။ ထိုအချိန်၌ မဟာသေနပုဏ္ဏားကြီးမှာ မရှိဆင်းရဲဘဝရောက်နေသဖြင့် ဆွမ်းတစ်ယောက်စာကိုမျှ မလောင်းလှူနိုင်ပေ။ သို့ဖြစ်၍ အိမ်ထဲမှာသာပုန်းနေရ၏။ နောက်တစ်ဇနေ့မှာလည်း ထို့အတူပင် ပုန်းနေရ၏။ တတိယနေ့တွင် ပုဏ္ဏား စကားပြောပွဲတစ်ခုမှ ပုဆိုးကြမ်းတစ်ထည်နှင့် နို့ဃနာတစ်ခွက်ကို ရရှိလာခဲ့၏။ ထိုခဏမှာပင် အရှင်သာရိပုတ္တရာသည်လည်း ဈာန်သမာပတ်မှထ၍ မဟာသေန ပုဏ္ဏားကြီးအိမ်သို့ ကြွလာလေသည်။

မဟာသေနပုဏ္ဏားကြီးသည် အရှင်သာရိပုတ္တရာကို ဝမ်းမြောက်ဝမ်းသာ အိမ်တွင်းသို့ပင့်ကာ အရှင်သာရိပုတ္တရာ၏ သပိတ်ထဲသို့ နို့ဃနာ ထမင်းများ လောင်းထည့်၏။ ထက်ဝက်မျှကို လောင်းမိသောအခါ

အရှင်သာရိပုတ္တရာက သပိတ်ကိုလက်နှင့်ပိတ်၏။ မဟာသေနပုဏ္ဏားကြီးက "အရှင်ဘုရား၊ ဤနို့ဃနာထမင်းသည် တစ်ယောက်စာမျှသာ ဖြစ်ပါသည်။ အပည့်တော်အား ဤဘဝအတွက်သာ ချီးမြှောက်တော်မမူပါနှင့်။ နောင်ဘဝအတွက်ပါ ချီးမြှောက်တော်မူပါ။ အကုန်လုံး လောင်းပါရစေဘုရား"ဟု လျှောက်၏။ အရှင်သာရိပုတ္တရာကလည်း နို့ဃနာထမင်းအားလုံးကို အလှူခံကာ ပုဏ္ဏားကြီး၏ ရှေ့မှာပင် ဘုဉ်းပေးလိုက်၏။ ဆွမ်းစားခြင်းကိစ္စ ပြီးစီးသောအခါ မဟာသေနပုဏ္ဏားကြီးက ပုဆိုးကြမ်းကို အရှင်သာရိပုတ္တရာအား လှူဒါန်းပြီးလျှင် "အရှင်ဘုရား၊ တပည့်တော်သည် ဤကောင်းမှုကြောင့် အရှင်ဘုရားတို့ သိမြင်ထားသော တရားကိုသာ သိမြင်ရပါလို၏"ဟု လျှောက်ထား၏။ အရှင်သာရိပုတ္တရာကလည်း "ပုဏ္ဏားကြီး၊ သင်လိုအပ်သောဆုအတိုင်း ပြည့်စုံပါစေသတည်း"ဟု အစချီ၍ အနုမောဒနာတရားဟောကြားကာ ကျောင်းတော်သို့ ပြန်လာခဲ့လေသည်။

မဟာသေနပုဏ္ဏားကြီးသည် မရှိနွမ်းပါးသည့်ကြားက လှူဒါန်းလိုက်ရသော ကုသိုလ်ကောင်းမှုကို ဝမ်းမြောက်ဝမ်းသာဖြစ်ကာ အရှင်သာရိပုတ္တရာကိုလည်း အလွန်တရာ ကြည်ညိုမြတ်နိုးသော စိတ်ဓာတ်များ ဖွားဖွားဖြစ်လျက် သေဆုံးလေရာ သာဝတ္ထိမြို့တော်မှ အရှင်သာရိပုတ္တရာကို ကိုးကွယ်ဆည်းကပ်သောအိမ်၌ ပဋိသန္ဓေတည်နေ၏။ ပဋိသန္ဓေဆောင်ရသော အမျိုးသမီးသည် "အရှင်သာရိပုတ္တရာ အမှူးရှိသော သံဃာတော် ငါးရာတို့ကို ပင့်ဖိတ်ကာ ရေမရောသောနို့ဃနာဆွမ်းကို ဆက်ကပ်ပြီးလျှင် မိမိကိုယ်တိုင်လည်း ဖန်ရည်ဆိုးသောအဝတ်ကို ဝတ်လျက် သံဃာတော်တို့၏ နေရာအစွန်၌ထိုင်၍ သံဃာတော်တို့၏ စားကြွင်းဖြစ်သော နို့ဃနာဆွမ်းကို ရွှေခွက်နှင့်စားလိုသော ချင်ခြင်း"ဖြစ်ပေါ်လာ၏။ အမျိုးသမီး၏ အိမ်သူအိမ်သားတို့က "ငါ့သမီး၏ ချင်ခြင်းသည် တရားတော်နှင့် လျော်ညီပါပေသည်"ဟုဆိုကာ ချင်ခြင်းရှိသည့် အတိုင်း ဆောင်ရွက်ပေးကြ၏။ မမွေးဖွားမီပြုလုပ်သော မင်္ဂလာပွဲတွင် လည်းကောင်း၊ ဖွားမြင်သောအခါ ပြုလုပ်သော မင်္ဂလာပွဲတွင်လည်းကောင်း ဤကဲ့သို့ ပြုလုပ်ကျွေးကြရလေသည်။

သူငယ်ကို အမည်မှည့်မင်္ဂလာ ပြုသောနေ့၌လည်း မိဘများက အရှင်သာရိပုတ္တရာအမှူးရှိသော သံဃာတော်များအား အိမ်သို့ ပင့်ဖိတ်ကြ၏။ သရဏဂုံနှင့် ငါးပါးသီလခံယူရန် သူငယ်အား အရှင်မြတ်ကြီး

၏ ရှေ့သို့ ဆောင်ယူကြသောအခါ သူငယ်သည် မိမိ၏ ကျေးဇူးရှင်ကြီး ဖြစ်နေမှန်းသိသဖြင့် မိမိအိပ်ရာဖြစ်သော တစ်သိန်းတန်ကမ္ဗလာကို လက်ဖြင့် ဆွဲယူသွား၏။ အထိန်းအယတို့က မတော်တဆ ဆွဲမိဆွဲရာ ပါလာသည် အောက်မေ့၍ ကမ္ဗလာကို ဆွဲယူကြရာ သူငယ်က အယူမခံဘဲ ငိုကြွေး၏။ မိဘများက သားငယ်၏ အလိုဆန္ဒကို ရိပ်မိသဖြင့် ဆွဲယူသူများကို တားမြစ်ပေးကြ၏။ သူငယ်သည် မထေရ်မြတ်၏ ရှေ့တော်မှောက်ရောက်သော အခါ ကမ္ဗလာကိုလွှတ်ချလိုက်၏။ မိဘဆွေမျိုးတို့ကလည်း "အရှင်ဘုရား ၏ တပည့်က တစ်သိန်းတန် တစ်သိန်းတန် ကမ္ဗလာကို လှူဒါန်းပါသည် ဘုရား" ဟု လျှောက်ထားကြ၏။ ထို့နောက် သံဃာတော်များအား ရေမရေးသော နို့ဃနာဆွမ်းများ ဆက်ကပ်ပြီးလျှင် သူငယ်အား အရှင်သာရိပုတ္တရာ၏ ငယ်နာမည် ထစ်စိတ်တစ်ဒေသအတိုင်း "တိဿသတ္တိ သား" ဟု အမည်ပေးလိုက်ကြလေသည်။

တိဿသတို့သားအား ထမင်းခွံ့မင်္ဂလာ၊ နားထွင်းမင်္ဂလာ၊ ပုဆိုး ဝတ်မင်္ဂလာနှင့် သျှောင်ထုံးမင်္ဂလာပွဲရာတို့၌လည်း ဤသို့ပင် ပင့်ဖိတ်၍ ကျွေးမွေးကြ၏။ ဤသို့ဖြင့် မင်္ဂလာပွဲအဆင့်ဆင့်နှင့် ကောင်းမှုကုသိုလ် အသီးသီးတို့ကို ပြုလုပ်ကြရင်း တိဿသတို့သားသည် ခုနစ်နှစ်သားအရွယ် သို့ ရောက်လာ၏။ တိဿသတို့သားသည် အရှင်သာရိပုတ္တရာထံ၌ ရှင်ပြု လိုပါကြောင်း ခွင့်တောင်း၏။ မိဘများက သားကို အခမ်းအနားကြီး ကျယ်စွာ ပြုလုပ်၍ ကျောင်းတော်သို့ ပို့ဆောင်ကြ၏။ အရှင်သာရိပုတ္တရာ သည် ဆံပင်၊ မွေးညင်း၊ ခြေသည်း၊ လက်သည်း၊ သွား၊ အရေထူ၊ အရေ ပါးဟူသော တစပဉ္စက ကမ္မဋ္ဌာန်းကို ဟောကြားကာ တိဿသတို့သားကို ရှင်ပြုပေး၏။ တိဿသာမဏေ၏ မိဘတို့သည် ခုနစ်ရက်တိုင်တိုင် ရှင်ပြု ပူဇော်ပွဲကြီး ကျင်းပပြီး လျှင် သံဃာတော်များအား ကျောင်းတော်မှာပင် နို့ဃနာဆွမ်းများ ချက်ပြုတ်၍ ဆက်ကပ်ကြလေသည်။

ခုနစ်ရက်စေ့၍ မိဘများ အိမ်ပြန်သွားကြသောအခါ တိဿ သာမဏေသည် ရဟန်းများနှင့်အတူ သာဝတ္ထိ မြို့တော်တွင်းသို့ ဆွမ်းခံ ဝင်၏။ ဒါယကာ၊ ဒါယိကာမတို့သည် ပထမနေ့၌ ဆွမ်းအုပ်ငါးရာတို့ဖြင့် မြို့တွင်းမှ ဆီးကြိုကာ တိဿသာမဏေအား လှူဒါန်းကြ၏။ နောက်တစ် နေ့တွင်ကား ထိုကဲ့သို့သော လှူဖွယ်ပစ္စည်းများကို ကျောင်းဥပစာထိ ဆောင် လာ၍ လှူကြ၏။ ဤအကျိုးပေးတို့သည်ကား ယခင် ဘဝက ပြုလုပ်ခဲ့ရသော ကုသိုလ်ကံ၏ အကျိုးတရားတို့ ဖြစ်ပေသည်။

ဆောင်းတွင်းအခါ၌ တစ်နံနက်ခင်းတွင် တိဿ သာမဏေသည် ကျောင်းတိုက်အတွင်း၌ လှည့်လည်ကြည့်ရှုရာ ချမ်းလွန်းလှ၍ မီးလှုံနေကြသော ရဟန်းများကို တွေ့ရသဖြင့် "အရှင်ဘုရားတို့၊ ကမ္ဗလာအလိုရှိသော ရဟန်းများ တပည့်တော်နှင့်အတူ လိုက်တော်မူကြကုန်"ဟု လျှောက်ထား၍ ရဟန်းတစ်ထောင်နှင့်အတူ သာဝတ္ထိမြို့တွင်းသို့ ဝင်၏။ မြို့ဆင်ခြေဖုံးမှာပင် ကမ္ဗလာငါးရာကို ရရှိသဖြင့် တိဿသာမဏေသည် ရဟန်းငါးရာကို လှူလိုက်၏။ ကျန်သောရဟန်းများအတွက် ကမ္ဗလာ လိုသေးသဖြင့် တိဿသာမဏေသည် မြို့တွင်းပိုင်းသို့ ဆက်၍ လာ၏။ ဤတွင် ကမ္ဗလာသည် တစ်ယောက်အား ယောက်ျားတစ်ယောက်က "အချင်း၊ သာမဏေ တစ်ပါးသည် ကမ္ဗလာမြင်သမျှကို လိုက်၍ သိမ်းယူနေ၏။ သင့် ကမ္ဗလာတို့ကိုလည်း ဖုံးဝှက်၍ထားလော့"ဟု မနာလိုဝန်တိုစိတ်နှင့် ပြောလာ၏။ ကမ္ဗလာသည်က "သာမဏေသည် လှူဒါန်းသော ပစ္စည်းကိုသာ သယ်ဆောင်နိုင်၏။ ငါ၏ ပစ္စည်းကို လှူလိုမှလှူမည်"ဟု ဆိုကာ ဆိုင်ခင်းပြခင်းနေ၏။ တိဿသာမဏေ ဆိုင်ရှေ့ရောက်သောအခါတွင်ကား သားတည်းဟူသော ချစ်ခြင်းဖြင့် ကမ္ဗလာငါးရာလုံးကို လှူလိုက်လေတော့သည်။ ဤသို့ တစ်ရက်တည်းဖြင့် ကမ္ဗလာတစ်ထောင် ရခြင်းသည်ကား အမည်မှည့်မင်္ဂလာပွဲ၌က ကမ္ဗလာတစ်ထည် လှူခဲ့ရသော ကုသိုလ်၏ အကျိုးပေးတည်း။

ဤသို့ဖြင့် တိဿသာမဏေသည် ဘုန်းကံကြီးမားစွာ ဇေတဝန်ကျောင်းတော်၌ နေရသော်လည်း မပျော်မွေ့ချေ။ ဆွေမျိုးများ၊ ဒါယကာ၊ ဒါယိကာမများက တစ်သုတ်ပြီးတစ်သုတ် လာ၍ နေကြသဖြင့် ကမ္မဋ္ဌာန်းအားထုတ်ခွင့် မရပေ။ သို့ဖြစ်၍ ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းတောင်းပြီးလျှင် သာဝတ္ထိမြို့တော်နှင့် ယူဇနာတစ်ရာ့နှစ်ဆယ် ဝေးကွာသော တောအရပ်သို့ ထွက်လာခဲ့၏။ တောကြိုအုံကြားမှ ရွာကလေးတစ်ရွာသို့ရောက်သောအခါ အဘိုးအိုတစ်ယောက်က သားကဲ့သို့ချစ်ခင်မြတ်နိုးသော အဆင့်ရှိနေပြီးသော တောရကျောင်းကလေးသို့ ပို့ဆောင်ပေး၏။ ဤသို့ဖြင့် ပထမနာမည်ဖြစ်သော တိဿမှ သံဃာတော်များအား ဆွမ်းအုပ် တစ်ထောင် လှူဒါန်းသဖြင့် "ပိဏ္ဍပါတ ဒါယကာ တိဿ"ဟု အမည်သစ်တွင်ခဲ့၏။ ထိုမှတစ်ဖန် ကမ္ဗလာတစ်ထောင်လှူခဲ့သဖြင့် "ကမ္ဗလာ ဒါယကာ တိဿ"ဟု အမည်တွင်ပြန်၏။ ယခုတစ်ဖန် တောရ ဆောက်တည်မှုန်သည်

တွင်ကား "ဝနဝါသီ တိဿ"ဟု အမည်တွင်ပြန်၏။ ဤသို့ဖြင့် ခုနစ်နှစ်အတွင်းမှာ ဘွဲ့နာမည်လေးမျိုး တွင်ခဲ့လေသည်။

ထိုရွာရှိ ဒါယကာ၊ ဒါယိကာမများက လျှောက်ထားကြသဖြင့် တိဿသာမဏေသည် ထိုရွာမှာပင် ဝါဆိုနေထိုင်၏။ ရွာတွင်းသို့ ဆွမ်းခံဝင်ရင်း တရားဟောရာတွင် "ချမ်းသာကြပါစေ၊ ဆင်းရဲတွင်းမှ လွတ်ကြပါစေ"ဟူ၍ ဤစကားနှစ်ခွန်းတည်းသာ ဟောကြား၏။ ဤသို့နေထိုင်၍ တတိယလသို့ ရောက်သောအခါ တိဿသာမဏေသည် ရဟန္တာ ဖြစ်လေသည်။

တိဿသာမဏေ၏ ဥပဇ္ဈာယ်ဆရာ အရှင်သာရိပုတ္တရာသည် ဝါကျွတ်သောနေ့တွင် ပဝါရဏာပြုပြီးလျှင် ဘုရားရှင်ထံခွင့်ပန်၍ နောက်ပါရဟန်း ငါးရာနှင့်တကွ တိဿသာမဏေထံသို့ လာရန်ပြင်ဆင်၏။ ထိုသတင်းကို ကြားသိသဖြင့် အရှင်မဟာမောဂ္ဂလာန်၊ အရှင်မဟာကဿပ၊ အရှင်အနုရုဒ္ဓါ၊ အရှင်ဥပါလိ၊ အရှင်ပုဏ္ဏစသော မဟာသာဝကကြီးများကလည်း နောက်ပါ ရဟန်းများနှင့်တကွ လိုက်ပါလာကြ၏။ အရှင်သာရိပုတ္တရာ အမှူးရှိသော သံဃာတော်များအား တိဿသာမဏေကို သွားကဲ့သို့ ချစ်ခင်သောအတိုးအိုက ရွေးကလည်း ဖူးတွေ့ဆည်းကပ်ဖူးသဖြင့် ရွာဝမှ ဆီးကြို၏။ ထို့နောက် အရှင်မြတ်များအတွက် နေစရာဆိုင်စရာများ ယူခဲ့ကြရန် ရွာသူရွာသားများအား နှိုးဆော်ပြီးလျှင် တိဿသာမဏေ၏ အောရကျောင်းကလေးသို့ သံဃာတော်များအား ပို့ဆောင် ပေး၏။ တိဿသာမဏေသည် အရှင်မြတ်များကို ဆီးကြိုဦးချ၍ အရှင်မြတ်များ၏ သပိတ် သင်္ကန်းများကို ယူငင်ကာ နေရာတကျ သိမ်းဆည်းပေး၏။ ဒါယကာ ဒါယိကာမများ ယူလာသော ပစ္စည်းများဖြင့် နေစရာ ထိုင်စရာများ ပြင်ဆင်ပေး၏။ ဤသို့ ပြင်ဆင်ရပြီးနှင့်ပင် မိုးချုပ်သွားလေသည်။

မိုးချုပ်သွားပြီဖြစ်၍ ဒါယကာ ဒါယိကာမများ အိမ်ပြန်ကြရန် အရှင်သာရိပုတ္တရာက နှိုးဆော်၏။ သို့ရာတွင် ဒါယကာ ဒါယိကာမများက "ယနေ့ညတွင် တိဿသာမဏေထံမှ တရားနာရမည့် အလှည့်ဖြစ်၍ မပြန်နိုင်ပါဘုရား"ဟု လျှောက်ထားကြ၏။ သို့ဖြစ်၍ အရှင်သာရိပုတ္တရာက "သာမဏေ တရားဟောလော့"ဟု မိန့်ကြားလေရာ တိဿသာမဏေက "အရှင်ဘုရား၊ တပည့်တော်သည် ချမ်းသာကြပါစေ၊ ဆင်းရဲခြင်းမှ လွတ်ကြပါစေဟု စကားနှစ်ခွန်းတည်းကိုသာ ဟောတတ်ပါသည်။ အခြားဓမ္မကထိကပုဂ္ဂိုလ်တစ်ပါးအား စေခိုင်းတော်မူပါဘုရား" ဟု လျှောက်

ထား၏။ အရှင်သာရိပုတ္တရာက "သဒ္ဓမဏေ၊ သို့ဖြစ်လျှင် ချမ်းသာစပုံနှင့် ဆင်းရဲခြင်းမှ လွတ်ပုံကို ငါတို့အား အနက်အဓိပ္ပာယ် ဖွင့်ဆို ပြပါလော့" ဟု မိန့်ဆိုလေသည်။

တိဿသာမဏေသည် "ကောင်းပါပြီ အရှင်ဘုရား" ဟု ဝန်ခံပြီးလျှင် ဆန်းကြယ်သော ယပ်ကိုကိုင်က၊ တရားပလ္လင်သို့ တက်ပြီးလျှင် နိကာယ်ငါးရပ်တို့မှ ကြောင်းကျိုးဆက်စပ်ပုံများ၊ ခန္ဓာ၊ အာယတန၊ ဗောဓိပက္ခိယ တရားများကို မိုးသီးမိုးပေါက်များ ရွာချဘိသကဲ့သို့ အခါးပါးတရ ဟောကြားကာ အရဟတ္တဖိုလ်သို့ ရောက်သော သူသည် ချမ်းသာ၍ ဆင်းရဲခြင်းမှ လွတ်ပါသည်။ အောက်ပိုင်း ဖလင့်သုံးပုဂ္ဂိုလ် သုံးယောက်တို့သည် ဇာတိဒုက္ခ စသည်တို့မှ မလွတ်သေးပါ။ ပုထုဇဉ် ပုဂ္ဂိုလ်တို့သည် ဇာတိမှ လည်းကောင်း၊ အပါယ်ဒုက္ခမှ လည်းကောင်း မလွတ်သေးပါဘုရား" ဟု လျှောက်ထား၏။ အရှင်မြတ်ကြီးများအား တိဿသာမဏေ၏ တရားကို တစ်ခဲနက် သာဓုခေါ်ကြလေသည်။

တိဿသာမဏေ၏ တရားကိုကြားနာပြီးလျှင် ပရိသတ်များသည် နှစ်ပိုင်းကွဲသွားကြ၏။ တစ်ပိုင်းမှာ "ဤသို့သော တရားစကားကို တတ်ကျွမ်းနေပါလျက် မိဘကဲ့သို့ ပြုစု လုပ်ကျွေးလာခဲ့သော ဒါယကာ၊ ဒါယိကာမများအား တစ်ကြိမ်တစ်ခါမျှ မဟောခဲ့လေခြင်း" ဟု ဒေါသ ထွက်ကြကုန်၏။ တစ်ပိုင်းကမူ "ငါတို့မှာ အရတော်လေစွ၊ ဤမျှလောက်ဂုဏ်ကျေးဇူးရှိမည်၊ မရှိမည်ကို မသိရခင်ကပင် ငါတို့ ကိုးကွယ်ဆည်းကပ်ခဲ့ကြ၏။ ယခု ဤအရှင်ထံမှ မွန်မြတ်လှသော တရားဒေသနာကို ကြားနာရပေသည်" ဟု ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရပေသည်။

ဘုရားရှင်သည် ဇေတဝန် ကျောင်းတော်မှနေ၍ ရွှေညာဏ်တော်ကွန်ရက်ဖြန့်ကြက် ကြည့်ရှုတော်မူလေရာ နှစ်ပိုင်းကွဲနေသော ပရိသတ်တို့ကို တွေ့မြင်တော်မူသဖြင့် တန်ခိုးတော်ဖြင့် ထိုရွာသို့ ချက်ချင်း ကြွတော်မူ၏။ ထိုခဏတွင် ရောက်နေကြသော သံဃာတော်များသည် လည်း ဆွမ်းခံဝင်ရန် ပြင်ဆင်နေကြဆဲဖြစ်၍ သံဃာတော်များ၏ရှေ့၌ ကိုယ်ကို ထင်ရှားပြတော်မူ၏။ ဘုရားရှင် ကြွလာတော်မူပြီဟု ကြားသိရသဖြင့် ရွာသူရွာသားတို့သည် ထူးထူးခြားခြားအားဆက်ဆရောဖြစ်ကာ ဘုရားရှင်နှင့်တကွ သံဃာတော်များအား ယာဂုနှင့် ဆွမ်း ခဲဖွယ်များ ဆက်ကပ်ကြ၏။ ဆွမ်းကိစ္စပြီးစီးသောအခါ ဘုရားရှင်က ဆွမ်းအနုမောဒနာတရားများ ဟောကြားတော်မူကာ "ဒါယကာတို့၊ သင်တို့မှာ အရတော်လေစွ၊ အင်

တို့သည် သင်တို့ဆရာ တိဿ သာမဏေကို အကြောင်းပြု၍ သာရိပုတ္တရာ အမှူးရှိသော သံဃာတော်များကို ဖူးတွေ့ရကုန်၏။ ငါဘုရားသည်လည်း သင်တို့ဆရာ သာမဏေကို အကြောင်းပြု၍သာလျှင် ဤအရပ်သို့ ကြွလာခဲ့ပေ၏”ဟု မိန့်တော်မူ၏။ ဤသို့ မိန့်ကြားသံကို ကြားနာရခါမှ တိဿ သာမဏေအပေါ် ဒေါသထွက်နေခဲ့ကြသော ပရိသတ်များသည် ကြည်ညို သဒ္ဓါပွားလာကြလေသည်။

ဘုရားရှင်သည် တိဿသာမဏေကို နေရပ်မှာပင် ထားခဲ့ပြီးလျှင် သံဃာတော်များနှင့်အတူ ဇေတဝန်ကျောင်းတော်သို့ ကြွတော်၏။ ဇေတဝန် ကျောင်းတော်သို့ ရောက်ရှိပြီးနောက် လိုက်ပါလာခဲ့ကြသော ရဟန်းများသည် တရားသဘင်တွင် စုဝေးကြကုန်လျက် “ငါ့ရှင်တို့၊ တိဿသာမဏေသည် ဇေတဝန်ကျောင်းတော်မှာနေစဉ်က လာဘ်လာဘ အလွန်ပေါခဲ့ပါလျက် တောရဆောက်တည်ကာ ရတက်သမျှသော အာဟာရဖြင့်မျှတနိုင်ပါပေ၏”ဟု ချီးကျူးစကား ပြောကြားကြကုန်၏။ ရဟန်းတို့ ချီးကျူးစကားကို ဘုရားရှင်ကြားသိတော်မူ၍ တရားသဘင်သို့ ကြွတော်မူလာပြီးလျှင် ရဟန်းတို့၏ ချီးကျူးစကားနှင့် အနုသန္ဓေဆက်စပ်ကာ တရားစကား ဟောကြားတော် မူလိုသဖြင့် ဤဝတ္ထု၏ ရှေ့မှာပါရှိသော ဓမ္မဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

# ပဏ္ဍိတဝဂ်

ဒေသနာတော်

၇၆။ အပြစ်ကို ဖော်ပြ၍ နှိမ့်ချဆုံးမလေ့ရှိသော ထိုကဲ့သို့သော ပညာရှိကို မြှုပ်ထားသော ရွှေအိုးကို ပြောကြားလာသူကဲ့သို့ ရှုမြင်ရာ၏။ ဆည်းကပ်ရာ၏။ ထိုကဲ့သို့သော ပညာရှိကို ဆည်းကပ်သော သူအား မြင့်မြတ်ခြင်းသာ ဖြစ်၏။

## အရှင်ရာဓ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဆုံးမစကား နာခံယူလွယ်သော အရှင်ရာဓကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

သာဝတ္ထိမြို့တော်မှ ရာဓမည်သော ပုဏ္ဏားတစ်ယောက်သည် ဆင်းရဲနွမ်းပါးလှသဖြင့် ဇေတဝန် ကျောင်းတော်တွင် မှီခို၍ နေရ၏။ သူသည် ကျောင်းတော်အတွင်းရှိမြက်သစ်ပင်များကို ခုတ်ထွင်ရှင်းလင်း၏။ ကျောင်းဝင်းအတွင်း၌ တံမြက်လှည်း၏။ သံဃာတော်များအတွက် မျက်နှာသစ်ရေခပ်ပေး၏။ ဤသို့ တာဝန်ကျေပွန်လှသဖြင့် ရဟန်းများက စားစရာနေစရာ ပေးကြ၏။ သို့ရာတွင် ရဟန်းပြုပေးရန်ကား စိတ်မပါကြကုန်။ သို့ဖြစ်၍ ရာဓသည် စိတ်နှလုံး ထိခိုက်ကာ ပိန်ချုံး၍ နေရှာလေသည်။

တစ်နေ့သ၌ ဘုရားရှင်သည် ရာဓ၏ ရှေ့အလားအလာကောင်းကို ရှုမြင်တော်မူသဖြင့် ရဟန်းများကို စုဝေးစေတော်မူပြီးလျှင် "ရဟန်းတို့၊ မည်သူသည် ရာဓ၏ ကျေးဇူးကို မှတ်မိပါသနည်း"ဟု မေးမြန်းတော်မူ၏။ အရှင်သာရိပုတ္တရာသည် နေရာမှထပြီးလျှင် "အရှင်ဘုရား၊ တပည့်တော် မှတ်မိပါသည်။ ရာဇဂြိုဟ်မြို့တွင်း၌ တပည့်တော် ဆွမ်းခံလှည့်လာစဉ် ရာဓ ပုဏ္ဏားသည် မိမိစားရန် ယူဆောင်လာသော ဆွမ်းတစ်ယောက်စာကို လှူဒါန်း

ထုတ္တအဖြူမိ

ဖူးပါသည်''ဟု လျှောက်၏၊ ဤတွင် ဘုရားရှင်က ရာမပုဏ္ဏားအား ရဟန်း ပြုပေးရန် အရှင်သာရိပုတ္တရာအား တာဝန်ပေးလိုက်လေသည်။

ရာမ ရဟန်းမှာ အသက်အားဖြင့် ကြီးမားလှပြီ ဖြစ်သော် လည်း ရဟန်းသိက္ခာ အငယ်ဆုံးဖြစ်နေသဖြင့် သံဃာတော်၏ အစွန်အဖျားမှာသာ နေရ၏၊ ယာဂု ဆွမ်းခဲဖွယ်တို့ကို ထေရ်ဝါစဥ်လိုက် ဝေငှကြသောအခါ ရာမ ရဟန်းကြီးအတွက် ဝေစု မကျန်သည်လည်း ရှိ၏၊ သူတကာတွေ မစားမသောက်ချင်လောက်အောင် ညံ့ဖျင်းသော အစားအစာများလည်း ဖြစ်တတ်၏၊ ထို့ကြောင့် အရှင်သာရိပုတ္တရာက ရာမ ရဟန်းကြီး အတွက် ဆွမ်းခဲဖွယ်များ ပြည့်စုံစေရန် မိမိနှင့်အတူ ခေါ်၍ ဆွမ်းခံရ၏၊ ပြုအပ်သော ကိစ္စနှင့် မပြုအပ်သော ကိစ္စများကိုလည်း နေ့စဥ်ရက်ဆက် ဆုံးမ သွန်သင်ပေးနေရ၏၊ ရာမ ရဟန်းကြီးကလည်း ဥပဇ္ဈာယ်ဆရာ အရှင်သာရိပုတ္တရာ၏ ဆုံးမစကားကို တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်လေသည်။

ဇေတဝန်ကျောင်းတော်ရှိ ရဟန်းများသည် ညနေချမ်းအချိန်တွင် တရားသဘင်၌ စုဝေးကုန်လျက် ''သာရိပုတ္တရာမထေရ်သည် သူ့ကျေးဇူးကို သိတတ်ပေ၏၊ ဆွမ်းတစ်ယောက်မျှသာ လောင်းလှူဖူးသော ရဟန်းအိုကို ရဟန်းပြုပေး၏၊ သာရိပုတ္တရာမထေရ် ကိုယ်တိုင်အား ဆုံးမစကားကို နာယူသည်ဖြစ်၍ ဆုံးမခြင်းငှာ လွယ်ကူလှသော တပည့်ကို ရပါပေသည်'' ဟု ပြောဆိုကြ၏၊ ထိုရဟန်းတို့၏ ပြောဆိုသံကို ဘုရားရှင် ကြားသိတော်မူသဖြင့် တရားသဘင်သို့ ကြွလာပြီးလျှင် ရဟန်းတို့ ပြောကြားနေသော စကားနှင့် အနုသန္ဓေ ဆက်စပ်ပြီးလျှင် တရားစကား ဟောကြားတော်မူလို သဖြင့် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ဒေသနာတော်

၇၇။ ဆုံးမရာ၏၊ ဩဝါဒ ဆုံးမရာ၏၊ မကောင်းသော အပြုအမူတို့မှ လည်း တားမြစ်ရာ၏၊ ထိုသို့ ဆုံးမတတ်သောသူကို သူတော် ကောင်းတို့ ချစ်ခင်မြတ်နိုးအပ်၏၊ သူတော်ကောင်း မဟုတ်သူတို့ကား မချစ်ခင် မနှစ်သက်ကြပေ။

# အသဒိသနှင့် ပုနဗ္ဗသုက ရဟန်းများ

ဇေတဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဥ် အမျိုးမျိုး အဖုံဖုံသော အနေသန အမှုများကို ပြုကြကုန်သော အဿဇိနှင့် ပုနဗ္ဗသုက

မည်သော ရဟန်းများကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ဆဿဇိနှင့် ပုနဗ္ဗသုအတို့သည် သာသနာတော်၌ အမျိုးမျိုးသော မတော်မှုများကို ပြုခဲ့ကြသော ဆဗ္ဗဂ္ဂီ ရဟန်းတို့တွင် အပါအဝင် ဖြစ်ကြ၏။ သူတို့အားလုံး ရဟန်းပြုစဉ်တုန်းက အရေးကြုံလျှင် အကာအကွယ်ရစေရန် အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့ထံတွင် ရဟန်းပြုခဲ့ကြ၏။ သို့ရာတွင် ဆရာ့စကားကို လိုက်နာခြင်း မပြုကြပေ။ ဆဗ္ဗဂ္ဂီ ရဟန်းခြောက်ပါးတို့အနက် ဆဿဇိနှင့် ပုနဗ္ဗသုက တို့အား သာဝတ္ထိမြို့တော်နှင့် ဝေးကွာသော ကိဋာဂိရိဇနပုဒ်သို့ တပည့်ရဟန်းများနှင့်အတူ သွားရောက်၍ အခြေစိုက်ကြ၏။ သူတို့သည် ပန်းပင်ငယ်များ စိုက်ကာ ပွင့်လာသော ပန်းတို့ကို ဒါယိကာမကြီးများအား ပေးကမ်းကာ လှူဒါန်းချင်လာအောင် သွေးဆောင် ဖြားယောင်းကြ၏။ ဤသို့ လာဘ်ရစေခြင်းငှာ အခြားသော အမှုအမျိုးမျိုးတို့ကိုလည်း ပြုကြကုန်၏။ ဤကဲ့သို့ လာဘ်ရအောင် ပြုလုပ်သော အမှုဖြင့် ပစ္စည်းဥစ္စာ ရှာဖွေခြင်းကို ရဟန်းကောင်းတို့ မပြုအပ်သော အမှုဖြင့် အနေသန အမှုဟူ၍ ခေါ်ဝေါ်ကြလေသည်။

အဿဇိနှင့် ပုနဗ္ဗသုက တို့သည် မိမိတို့ကိုယ်တိုင် အနေသန အမှုများကို ပြုကြရုံသာမက မိမိတို့ကဲ့သို့ မပြုလုပ်သော ရဟန်းကောင်းများကိုလည်း မိမိတို့ရပ်ရွာ၌ မနေနိုင်အောင် ပြုလုပ်ကြကုန်၏။ ထိုအကြောင်းကို ဘုရားရှင် ကြားသိတော်မူသောအခါ ထိုရဟန်းဆိုးတို့ကို ပဗ္ဗာဇနီယကံ ပြုလုပ်၍ နှင်ထုတ်ရန် အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့အား စေလွှတ်တော်မူရင်း အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့သည် ကိဋာဂိရိဇနပုဒ်သို့ ကြရောက်ပြီးလျှင် ထိုရဟန်းဆိုးတို့ကို ဆုံးမကြ၏။ အချို့ကား ဆုံးမစကားကို နာယူကြကုန်၏။ အချို့ကား လူထွက်သွားကြကုန်၏။ အချို့မူကား အဆုံးအမကိုလည်း မခံယူ၊ လူထွက်ခြင်းလည်း မပြုကြသဖြင့် အရှင်မြတ်ကြီး နှစ်ပါးတို့က ပဗ္ဗာဇနီယကံ ပြု၍ နှင်ထုတ်ကြရလေ၏။

၇၈။ ယုတ်မာသော မိတ်ဆွေတို့ကို မဆည်းကပ်ရာ။ ယုတ်မာသော ပုဂ္ဂိုလ်တို့ကို မဆည်းကပ်ရာ။ မိတ်ဆွေကောင်းတို့ကို ဆည်းကပ်ရာ၏။ ပုဂ္ဂိုလ်မြတ်တို့ကို ဆည်းကပ်ရာ၏။

## အရှင်ဆန္န

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဆုံးမ စကား ကို မနာယူသော အရှင်ဆန္နကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

အရှင်ဆန္နသည် ဘုရားအလောင်း တောထွက်တော်မူစဉ် မြင်းမြီးဆွဲ မောင်ဆန် အဖြစ်ဖြင့် လိုက်ပါခဲ့ရသည်ဖြစ်၍ ရဟန်းဘဝ ရောက်သည့်တိုင် အောင် ဂုဏ်မောက်နေခဲ့၏။ တောထွက်စဉ်တုန်းက အတူလိုက်ပါခဲ့ရသော မိမိထက် အရှင်သာရိပုတ္တရာနှင့် အရှင်မောဂ္ဂလာန်တို့က ပိုမို၍ ထင်ပေါ် ကျော်ကြားနေသည်ကို မရှုဆိတ်နိုင်ပေ။ ထို့ကြောင့် “ငါသည် ငါတို့၏ အရှင်သခင်နှင့်အတူ မြတ်သော တောထွက်ခြင်းတွင် လိုက်ပါလာခဲ့၏။ ထို အခါတုန်းက ငါမှတစ်ပါး အခြားသူတစ်ယောက်မျှ မပါခဲ့ပေ။ ယခုမူသာ ‘ငါကား သာရိပုတ္တရာတည်း၊ ငါကား မောဂ္ဂလာန်တည်း၊ ငါတို့ကား အဂ္ဂသာဝကကြီးတို့ပေတည်း’ဟု ဆိုကာ လှည့်လည်နေကြကုန်၏” ဟူ၍ အဂ္ဂသာဝက် အရှင်မြတ်နှစ်ပါးကို ဆဲရေး၏။ ထိုသို့ ဆဲရေးသည်ကို ဘုရား ရှင် ကြားသိတော်မူသောအခါ ခေါ်ယူဆုံးမ၏။ အရှင်ဆန္နသည်ကား ခဏ တိတ်ဆိတ်သွားကာ တော်တော်ကြာလျှင် ဆဲမြဲဆဲ၍သာ နေလေသည်။

ဤသို့ ဆဲလိုက်၊ ခေါ်ယူဆုံးမလိုက်ဖြင့် သုံးကြိမ်မြောက်ရှိလာသော အခါတွင် ဘုရားရှင်က “ဆန္န၊ အဂ္ဂသာဝကနှစ်ပါးတို့သည် သင်၏ မိတ် ဆွေကောင်းကြီးများ ဖြစ်ကြ၏။ သင် ဆည်းကပ် ကိုးကွယ်ထိုက်သော ယောကျ်ားမြတ်များ ဖြစ်ကြ၏”ဟု မိန့်တော်မူကာ အထက်ပါ ဒေသနာ တော်ကို ဟောကြားတော်မူလေသည်။

ဤသို့ ဆုံးမပြီးသည့် နောက်မှာလည်း အရှင်ဆန္နသည် ဆဲရေးမြဲ ဆဲရေးသည်သာ ဖြစ်၏။ သူ၏ ကျင့်တမ်းဝင်ချိန် မဟုတ်သေးသည်ကို သိတော်မူသော်လည်း ဘုရားရှင်က အာဏာဖြင့် တားမြစ်တော် မမူပေ။ နောက်ဆုံး ပရိနိဗ္ဗာန် စံတော်မူခါနီးအခါတွင်ကား အရှင်ဆန္နအား ဗြဟ္မ

ဒဏ်ပေးရန် မိန့်မှာတော်မူခဲ့၏။ ဗြဟ္မဒဏ်ဟူသည်မှာ အရှင်ဆန္န ပြောလိုရာ ပြောစေ၊ ပြုလိုရာ ပြုစေ၊ မည်သည့် ရဟန်းကမျှ ဆုံးမခြင်း တားမြစ်ခြင်း မပြုဘဲ ဝိုင်းပယ်ထားကြရန် ဖြစ်ပေသည်။ ထိုသို့ မိန့်တော်မူစဉ်က အရှင်ဆန္နသည် အနီးအပါးမှာ မရှိပေ။ သို့ဖြစ်၍ ဘုရားရှင် ပရိနိဗ္ဗာန် စံတော်မူပြီးနောက် အရှင်ဆန္န ရှိရာသို့ အရှင်အာနန္ဒာ ကြွသွားပြီးလျှင် ဗြဟ္မဒဏ် ထားခဲ့ပုံကို ပြောကြားလေရာ အရှင်ဆန္နမှာ အလွန်တရာ စိတ်ထိခိုက်သွားပြီး မူးမေ့လဲကျသွားရရှာ၏။ ထို့နောက်တွင်မှ ရဟန်းများကို တောင်းပန်ကာ ဝိပဿနာတရား ကြိုးစားအားထုတ်သဖြင့် ရဟန္တာ ဖြစ်လေ၏။

ဒေသနာတော်

၇၉။ ။တရား တည်းဟူသော အမြိုက်ရေကို သောက်ရသော သူသည် အထူးကြည်လင် သန့်ရှင်းသော စိတ်ဖြင့် ချမ်းသာစွာ နေရ၏။ ပညာရှိသည် အရိယာ သူတော်မြတ်တို့ ဟောကြားသော ဗောဓိပက္ခိယတရား၌ အခါခပ်သိမ်း မွေ့လျော်၏။

# အရှင်ကပ္ပိန

ဇေတဝန် ကျောင်းတော်၌ ဘုရားရှင်သီတင်းသုံးတော်မူစဉ် ကုက္ကုဋဝတီ မြို့သို့ရှင် ကပ္ပိနမင်းကြီးအဖြစ်မှ ထက်သန်စွာလှသော သဒ္ဓါတရားဖြင့် ရဟန်းပြုလာသော အရှင်ကပ္ပိနကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော် မူလေသည်။

ကပ္ပိနမင်းကြီး၊ အနောဇာမိဖုရား၊ အမတ်တစ်ထောင်နှင့် အမတ်ကတော် တစ်ထောင်တို့သည် ရှေးယခင် ဘဝများစွာတည်းက ကုသိုလ်ကောင်းမှု ပြုဖော်ပြုဖက်များ ဖြစ်ကြ၏။ ကပ္ပိနမင်းကြီးသည် ကဿပ တစ်သိန်းထက်၌ ပွင့်တော်မူခဲ့သော ပဒုမုတ္တရမြတ်စွာဘုရား လက်ထက်တော်မှ စ၍ ဤသို့သောဆုကို တောင်းခဲ့သူဖြစ်၏။ ထိုဘဝမှစုတေ၍ သံသရာ ကျင်လည်နေစဉ် တစ်ခုသောဘဝတွင် ဗာရာဏသီမြို့တော်အနီးရှိ ရက်ကန်း သည်ရွာကြီးတွင် ရက်ကန်းသည်မှူးကြီး ဖြစ်လာ၏။ ထိုအချိန်တွင် လူတို့ ရပ်ဌာန်၌ မိုးလေးလပတ်လုံး သီတင်းသုံးရန် ဟိမဝန္တာမှ ပစ္စေကဗုဒ္ဓါ တစ်ထောင်တို့ ကြွလာကြ၏။ ပြည့်ရှင်မင်းက လယ်ထွန်ပွဲလာပွဲ ကျင်းပ နေဆဲဖြစ်၍ အရှင်မြတ်များအတွက် နေစရာထိုင်စရာပြုလုပ်၍ မပေးနိုင်

သေးပေ။ သို့ဖြစ်၍ အရှင်မြတ်များ အခြားသို့ ကြွမည်ပြုစဉ် ရက်ကန်းသည်မှူးကြီး၏ မယားက ဖူးတွေ့ရသဖြင့် နက်ဖြန်ခါတွင် မိမိတို့ရွာသို့ ဆွမ်းဘုဉ်းပေးကြွရန် ပင့်လျှောက်ခဲ့လေသည်။

ရက်ကန်းသည်မှူးကြီး၏မယားသည် ရွာသူရွာသားများအား ထိုအကြောင်းကို ပြောပြ၍ နှိုးဆော်လေရာ ရက်ကန်းသည် အိမ်ထောင်ပေါင်း တစ်ထောင်တို့သည် တစ်အိမ်ထောင်လျှင် အရှင်မြတ်တစ်ပါးကျ တာဝန်ယူ၍ ကျောင်းဆောက်၍ ကိုးကွယ်ကြကုန်၏၊ ဆွမ်းဝတ် ပြုကြကုန်၏၊ ဝါကျွတ်သောအခါ တစ်ထောင်တန် သင်္ကန်းများကို လှူကြကုန်၏၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်များသည် အနုမောဒနာ တရား ဟောကြားပြီးလျှင် ဟိမဝန္တာသို့ ပြန်ကြွတော်မူလေသည်။

ထိုကုသိုလ်ရှင်များ ကွယ်လွန်သောအခါ တာဝတိံသာနတ်ပြည်၌ နတ်တို့၏စည်းစိမ်ကို စံစားကြရ၏။ ထိုမှတစ်ဖန် ကဿပဘုရားရှင် ပွင့်တော်မူလာသောအခါ သူကြွယ်မျိုးရိုး၌ ဖြစ်ကြကုန်၍ ယခင် ရက်ကန်းသည်ဘဝမှာကဲ့သို့ပင် တစ်ပေါင်းတစ်စည်းတည်း ဖြစ်ကြကုန်၏။ သူတို့သည် ကဿပဘုရားရှင်နှင့်အကွ သံဃာတော်များအတွက် ပြာသာဒ်ဆောင် တစ်ထောင် ခြံရံသော ဘုရားကျောင်းတော်ကြီးကို အားလုံးစုပေါင်း၍ ဆောက်လုပ်လှူဒါန်းကြ၏၊ သူကြွယ်မှူးကြီး၏ မယားသည်ကား ကဿပဘုရားရှင်အား လိပ်ဆူးရွှေပန်းကဲ့သို့ အဆင်းရှိသော တစ်ထောင်တန် သင်္ကန်းနှင့်အကွ လိပ်ဆူးရွှေပန်းခြင်းကို လှူဒါန်းပြီးလျှင် "နောက်နောင်ဖြစ်လေရာဘဝတို့၌ လိပ်ဆူးရွှေပန်းကဲ့သို့အဆင်းရှိ၍အနောဇာဟူပင်အမည်တွင်လိုပါကြောင်း" ဆုတောင်း၏။ ကဿပဘုရားရှင်ကလည်း တောင်းသောဆုနှင့် ပြည့်စုံစေ" ဟု အနုမောဒနာ ပြုတော်မူလေသည်။

ကုသိုလ်ကောင်းမှု ပြုဖော်ပြုဖက်များသည် ထိုဘဝမှ ကွယ်လွန်သော် နတ်ပြည်၌ စံစားကြရပြီးလျှင် ယခု ဘုရားရှင်၏ လက်ထက်တော်တွင် ကုက္ကုဋဝတီပြည်၌ အတူတကွ ဖြစ်သာကြကုန်၏။ အကြီးအမှူးမှာ ကပ္ပိနမင်းကြီးဖြစ်၍ အကြီးအမှူး၏မယားမှာ အနောဇာမိဖုရား ဖြစ်လေ၏။ အနောဇာဟူသည် လိပ်ဆူးရွှေပန်း၏ ဝေါဟာရတစ်မျိုးဖြစ်၍ သူ့အသားအရေကလည်း နာမည်နှင့်လိုက်လျောစွာ လိပ်ဆူးရွှေပန်းကဲ့သို့ ရွှေချင်စဖွယ်ရှိပေသည်။ အခြားကုသိုလ်ရှင်များကလည်း အမတ်တစ်ထောင်နှင့် အမတ်ကတော်တစ်ထောင်တို့ ဖြစ်လာကြလေသည်။

တစ်နေ့သ၌ ကပ္ပိနမင်းကြီးသည် သုပတ္တ မည်သော မြင်းတော်ကို စီးပြီးလျှင် အမတ်တစ်ထောင် ခြံရံလျက် ဥယျာဉ်တော်သို့ ထွက်လာ၏။ ထိုစဉ်တွင် ယူဇနာ တစ်ရာ့နှစ်ဆယ် ဝေးကွာသော သာဝတ္ထိမြို့တော်မှ ရောက်လာကြ လှည်းကုန်သည်များနှင့် တွေ့ရသဖြင့် "သင်တို့အရပ်၌ ထူးဆန်းသော သတင်းထူးဖြစ်ပေါ်သလော"ဟု မေးမြန်း၏။ လှည်းကုန်သည်များက "ဘုရားရတနာ ပွင့်ထွန်းပေါ်ပေါက်လာသော သတင်းထူး ဖြစ်ပေါ်နေပါသည်"ဟု လျှောက်တင်ကြ၏။ ဘုရားတည်း ဟူသော အသံကိုကြားရသည်နှင့်ပင် ကပ္ပိနမင်းကြီးသည် နှစ်သက်ကြည်နူးလွန်းလှ၍ မူးမေ့သွားရ၏။ နောက်တစ်ဖန် ဆက်၍လျှောက်ရာတွင်လည်း ထို့အတူ ပင် ခံစားရပြန်၏။ သုံးကြိမ်တိုင်တိုင် လျှောက်တင်ခါမှ ကပ္ပိနမင်းကြီးမှာ သတိဆယ်၍ရပေသည်။ တရားရတနာ၊ သံဃာရတနာသတင်းတို့ကိုလျှောက် တင်သောအခါ၌လည်း ထို့အတူပင် ခံစားရပေသည်။

ကပ္ပိန မင်းကြီးသည် ရွှေပေလွှာစာချွန်ကို တောင်းယူပြီးလျှင် "အနန္တဇာမိဖုရားကြီးကလည်း ကုန်သည်တို့အား အသပြာ သုံးသိန်းကို ဆုအဖြစ် ထုတ်ပေးလိုက်ပါ။ ကပ္ပိနမင်းကြီးသည် မိမိအစိုးရသော မင်းစည်းစိမ်ကို အရှင်မဲ့ လွှဲအပ်ခဲ့ပြီ။ ချမ်းသာစွာ စံစားရစ်ပါလော့"ဟု ရေးသားကာ ထိုရွှေပေလွှာကို ကုန်သည်များထံ ပေးပြီးလျှင် "ရတနာ သုံးပါး သတင်းထူးများ လျှောက်တင်ရသဖြင့် မိဖုရားကြီးထံမှ ဆုတော် ခံယူကြစေ"ဟု မိန့်ကြား၍ စေလွှတ်လိုက်၏။ ထို့နောက် အမတ်တစ်ထောင် နှင့်အတူ ဘုရားရှင်ရှိရာသို့ ရဟန်းပြုရန် မြင်းစီး၍ ထွက်ခွာလာခဲ့ကြလေ ကည်။

ထိုနေ့ နံနက်စောစောတွင် ဘုရားရှင်သည် ကပ္ပိနမင်းကြီးနှင့် အမတ်တစ်ထောင်တို့ ရောက်လာကြမည့်အရေးကို ဉာဏ်တော်အားဖြင့် ရှုမြင်တော်မူ၍ စန္ဒဘာဂါမြစ်ကမ်းရှိ ညောင်ပင်ကြီးအောက်သို့ ကြွတော် မူနေ၏။ ကပ္ပိန မင်းကြီးနှင့် အမတ် တစ်ထောင်တို့သည် ပထမဦးစွာ အပရစ္ဆာမည်သော မြစ်ကို ရောက်ကြကုန်၏။ ထိုမြစ်ကို ဖြတ်ကူးရန် လှေလည်း မရှိပေ။ ဖောင်လည်း မရှိပေ။ ကပ္ပိနမင်းကြီးနှင့် အမတ်တစ်ထောင် တို့သည် ဘုရားရှင်၏ ဂုဏ်တော်များကို ကြည်ညိုပွားများလျက် မြင်းများ နှင့်တကွ မြစ်တွင်းသို့ သက်ဆင်းကြရာ ရေမှာ မနစ်မြုပ်ဘဲ ကျောက်ဖျာ ပေါ်မှာ သွားရသကဲ့သို့ ရေပေါ်မှ ဖြတ်ကျော်၍ လာနိုင်ခဲ့ကြ၏။ နောက်

ထပ် တွေ့ရသော နီလဝါဟိနီမြစ်နှင့် စန္ဒဘာဂါမြစ်များကိုလည်း တရားဂုဏ်တော်များနှင့် သံဃာ့ဂုဏ်တော်များကို ကြည်ညိုစွာ ပွားများလျက် ရှေးနည်းတူ ဖြတ်ကျော်လာနိုင်ကြလေသည်။

စန္ဒဘာဂါမြစ်ကို ဖြတ်ကျော်ပြီးလျှင်ကား ပင်လုံးကျွတ်မျှ ရွှေရောင်ဝင်းနေသော ညောင်ပင်ကြီးကို မြင်ကြရ၏။ ဤသို့သော အရောင်သည်ကား ဘုရားရှင်၏ ရောင်တော်တို့ပင် ဖြစ်မည်ဟူ၍ သိရှိကြသဖြင့် ကပ္ပိနမင်းကြီးနှင့် အမတ်တစ်ထောင်တို့သည် ဘုရားရှင် ရှေ့တော်မှောက်သို့ တန်းတန်းမတ်မတ် ဝင်ရောက်လာကြ၏။ ဘုရားရှင်၏ တရားတော်ကို ကြားနာရသောအခါ အားလုံး သောတာပန် ဖြစ်ကြကုန်၏။ ဘုရားရှင်သည် ထိုသူတို့၏ ရှေးက ပြုခဲ့ဖူးသော ကောင်းမှုအဟုန်ကို ရှုမြင်တော်မူသဖြင့် သူတို့အားလုံးကို 'ဧဟိဘိက္ခု' ခေါ်တော်မူသည်နှင့် တစ်ပြိုင်နက် သူတို့အားလုံးသည် ပရိက္ခရာရှစ်ပါး လှယ်ကာ ဝါတော် ခြောက်ဆယ်ရ မထေရ်ကြီးများကဲ့သို့ ကြည်ညိုဖွယ်ရာ ဖြစ်လာကြကုန်သောသည်။

အနောဇာ မိဖုရားသည်လည်း ကုန်သည်တို့ထံမှ ရွှေလေးလုံးကို ဖတ်ရှုပြီးလျှင် ရတနာသုံးပါး သတင်းထူးများကိုလည်း ဆက်လက်၍ ကြားနာရသဖြင့် ကပ္ပိနမင်းကြီးကဲ့သို့ ခံစားရ၏။ ထို့ကြောင့် ကုန်သည်တို့အား မိမိကလည်း ရတနာတစ်ပါးပါးအတွက် ဆုတော်ငွေ သုံးသိန်းစီ ဆုချ၏။ ဤသို့ဖြင့် သာဝတ္ထိမှလည်း ကုန်သည်များသည် ရတနာသုံးပါး သတင်းထူးကို ပြောကြားရသဖြင့် ဆုတော်ငွေ တစ်သန်းနှစ်သိန်းကို ရရှိကြလေသည်။

ကပ္ပိနမင်းကြီး လွှဲအပ်ခဲ့သော်လည်း အနောဇာ မိဖုရားကြီးသည် ထီးနန်းစည်းစိမ်ကို မမက်မောပေ။ ထီးနန်းစည်းစိမ်ကို ထွေးလိုက်ပြီးသော တံတွေးခဲကဲ့သို့ အောက်မေ့ပြီး လွတ်လွတ်ကျွတ်ကျွတ် စွန့်လွှတ်ပြီးလျှင် ဘိက္ခုနီမ ပြုလုပ်ရန် ဘုရားရှင်ရှိရာသို့ လာခဲ့၏။ အမတ်ကတော် တစ်ထောင်တို့လည်း သူနှင့်အတူ လိုက်ပါလာကြ၏။ လမ်းမှာ တွေ့ရသော မြစ်သုံးစင်းကို ကပ္ပိနမင်းကြီးကဲ့သို့ပင် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးတော်များကို အစဉ်အကိုင်း ပွားများ၍ ကျော်လွန်လာခဲ့ကြလေသည်။

စတုတ္ထအကြိမ်

အနေဝဇာမိဖုရားနှင့် အမတ်ကတော် တစ်ထောင်တို့ လာနေကြစဉ်တွင် ဘုရားရှင်သည် မဟာကပ္ပိန စသော ရဟန်းများကို တန်ခိုးတော်ဖြင့် ကြွယ်ထားတော်မူ၏။ မိမိတို့ လင်ယောကျ်ားများအား ဦးပြည်ခေါင်းတုံးနှင့် ရဟန်းအသွင်ဖြင့် မြင်လိုက်လျှင် ထိုအမျိုးသမီးများ စိတ်လှုပ်ရှားသွားနိုင်၏၊ စိတ်လှုပ်ရှားနေလျှင် ဓမ္မဖိုလ်ကို မရနိုင်ပေ။ ထို့ကြောင့် အမျိုးသမီး၏ ရှေ့မှောက်မှာပင် သူတို့ လင်ယောကျ်ား ဖြစ်ခဲ့ဖူးသော ရဟန်းများကို ကွယ်ထားတော်မူပြီးလျှင် အမျိုးသမီးများအား တရားဟောတော်မူ၏။ တရားတော်၏ အဆုံး၌ အနောဇာ မိဖုရားနှင့်တကွ အမတ်ကတော် တစ်ထောင်တို့ သောတာပန် ဖြစ်ကြ၏။ အရှင်ကပ္ပိနနှင့် တကွသော ရဟန်းတစ်ထောင်တို့သည်လည်း ထိုဒေသနာတော်ကို ကြားနာရ၍ပင် ပဋိသမ္ဘိဒါနှင့်တကွ ရဟန္တာများ ဖြစ်လာကြ၏။ ထိုအခါတွင်မှ အမျိုးသမီးများအား ဘုရားရှင်က ရဟန္တာ တစ်ထောင်ကို ပြတော်မူလေသည်။

အနောဇာနှင့်တကွ အမျိုးသမီးတစ်ထောင်တို့သည် အရှင်မြတ်များကဲ့သို့ပင် သာသနာ့ဘောင်သို့ ဝင်လိုကြောင်း တောင်းပန်ကြ၏။ ထို့ကြောင့် ဘုရားရှင်က သာဝတ္ထိမြို့တော်ရှိ ဘိက္ခုနီများထံ သွား၍ ရဟန်းပြုကြရန် စေလွှတ်တော်မူ၏။ ဘုရားရှင်ကိုယ်တော်တိုင်လည်း ရဟန်းတစ်ထောင်နှင့်တကွ ဇေတဝန်ကျောင်းတော်သို့ တန်ခိုးတော်ဖြင့် ပြန်၍ ကြွတော်မူလေသည်။

အရှင်ကပ္ပိနသည် ပြည့်ရှင်မင်း၏ စည်းစိမ်ထက် အဆ ရာထောင်သာလွန်သော ရဟန်းတို့ စည်းစိမ်ကို ခံစားပြီးလျှင် "သြော်၊ ချမ်းသာလေစွ"ဟု မကြာခဏ ဥဒါန်းကျူးလေ့ ရှိ၏။ အရှင်မြတ်ကြီး၏ စိတ်သဘောကို မသိကြသော ရဟန်းများက "ဤရဟန်းသည် ယခင်က ခံစားခဲ့ရသော မင်းစည်းစိမ်ကို အောက်မေ့၍ ဥဒါန်းကျူးနေပါသည် ဘုရား"ဟု ဘုရားရှင်ထံ တင်လျှောက်ကြ၏။ ဘုရားရှင်က အရှင်ကပ္ပိနကို ခေါ်တော်မူ၍ ဥဒါန်းကျူးရခြင်း အကြောင်းကို မေးတော်မူ၏။ အရှင်ကပ္ပိနကလည်း ဟုတ်တိုင်းမှန်စွာ ဖြေကြားလျှောက်ထား၏၊ ဤတွင် ဘုရားရှင်က ထိုစကားနှင့် ဆက်စပ်၍ တရားစကား ဟောကြားတော်မူလိုသဖြင့် ဤဝတ္ထု၏ ရှေ့မှာ ပါသော ဒေသနာတော်ကို ဟောကြားတော်မူလေသည်။

၈၀။ ။ ရေသွယ်သော လယ်သမားတို့သည် ရေကို အလိုရှိရာသို့ သယ်ယူကြကုန်၏။ မြားပြုလုပ်သူတို့သည် မြားကိုဖြောင့်စေအောင် ပြုကြကုန်၏။ လက်သမားတို့သည် သစ်ကိုလိုအပ်သော ပုံစံကျအောင် ရွေကြကုန်၏။ ပညာရှိတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကြကုန်၏။

## ပဏ္ဍိတ သာမဏေ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ခုနစ်နှစ်အရွယ်ဖြင့် ရဟန္တာဖြစ်သော ပဏ္ဍိတသာမဏေကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ပဏ္ဍိတသာမဏေသည် ကဿပမြတ်စွာဘုရား လက်ထက်တော်တုန်းက အလွန်ဆင်းရဲသော ယောကျ်ားတစ်ယောက်ဖြစ်၍ "မဟာဒုဂ္ဂတ" ဟု အမည်တွင်ခဲ့၏။ တစ်နေကုန် အခြားအလုပ်ကိုလုပ်ကိုင်၍ အသက်မွေးရ၏။ အလုပ်ခိုင်းမည့်သူ မရှိသောနေ့များတွင် တစ်စုံတစ်ရာမျှ မရရှိသဖြင့် ကဿပဘုရားရှင်၏ကျောင်းတော်သို့သွား၍ စားကြွင်းစားကျန် များကို စားသောက်ရလေသည်။ တစ်နေ့သောအခါ ကဿပဘုရားရှင်သည် ဒေသစာရီ လှည့်လည်တော်မူရာမှ ဗာရာဏသီမြို့တော်သို့ ရဟန်း နှစ်သောင်းနှင့်တကွ ပြန်ကြွလာတော်မူ၏။ နိဗ္ဗာန်ဆော်ပုဂ္ဂိုလ်တစ်ယောက်သည် ဘုရားရှင်နှင့်တကွ သံဃာတော်များအား ဆွမ်းဆက်ကပ်ကြရန် မြို့သူမြို့သားတို့အား လှည့်လည်နှိုးဆော်၏။ မြို့သားတို့သည် ရဟန်းတစ်ကျိပ်၊ ရဟန်းနှစ်ကျိပ်မှစ၍ မိမိတို့ စွမ်းနိုင်သလောက် သံဃာကို တောင်းယူကြ၏။ နိဗ္ဗာန်ဆော်ကလည်း ပေးဝင်းဆိုသော ဆွမ်းဒါယကာနှင့် ကျွေးမွေးနိုင်မည့် သံဃာအရေအတွက်ကို စာရင်းရေးမှတ်ထားလေသည်။

နိဗ္ဗာန်ဆော်က နှိုးဆော် တိုက်တွန်းသဖြင့် မဟာဒုဂ္ဂတသည်လည်း ရဟန်းတစ်ပါးကို တောင်းဆို၏။ ရဟန်းတစ်ပါးတည်း ဆိုသဖြင့် နိဗ္ဗာန်ဆော်က စာရင်းမတင်ဘဲ ထားလိုက်၏။ မဟာဒုဂ္ဂတမှာကား "ရဟန်းတစ်ပါး ရလေပြီ"ဟု အားရဝမ်းသာစွာ အိမ်သို့ပြန်ကာ မယားဖြစ်သူအား ပြောကြား၏။ မယားကလည်း ရဟန်းတစ်ပါးတောင်းခဲ့သည်ကို အပြစ်မတင်

ပေး၊ ကျွန်မတို့သည် ဈေးတုန်းက မလှူခဲ့ကြ၍ ယခုဆင်းရဲနေကြရ၏၊ ကျွန်မတို့ နှစ်ယောက်စလုံး အခစားလုပ်၍ ရဟန်းတစ်ပါးကို ဆွမ်းကပ်ကြပါစို့” ဟု ဆိုလေသည်။

ဤသို့တိုင်ပင်၍ အလုပ်ရှာ ထွက်ကာကြရာ မဟာဒုက်တို့သည် သူဌေးကြီး တစ်ယောက်အိမ်သို့ ရောက်လာကြ၏။ သူဌေးကြီးသည် နောက်တစ်နေ့တွင် ရဟန်းသုံးရာကို ဆွမ်းကပ်ရန် တာဝန်ယူထားလေရာ ဆွမ်းချက်ရန် ထင်းများလိုအပ်နေ၏။ မဟာဒုက်သည် ကြီးမားလှသော ထင်းတုံးများကို ပုဆိန်တစ်လှည့် ပဲခွပ်တစ်လှည့်ဖြင့် အားကြိုးမာန်တက် ခွဲ၏၊ မဟာဒုက်၏ ထူးထူးခြားခြား ကြိုးစားလုပ်ကိုင်နေပုံကို သတိထားမိ၍ သူဌေးကြီးက မေးမြန်းသောအခါ မဟာဒုက်က “ကျွန်ုပ်တော်သည် နက်ဖြန်ခါတွင် ရဟန်းတစ်ပါးကို ဆွမ်းကျွေးရန် ရှိနေသဖြင့် ဤကဲ့သို့ အားတက်ရှင်သန်နေခြင်း ဖြစ်ပါသည်” ဟု ပြောပြ၏။ မဟာဒုက်၏ မယားသည်လည်း ထိုသူဌေးကြီးအိမ်မှာပင် ဆွမ်းဆန်များထောင်းရန် အလုပ်ရသဖြင့် ပျော်ရွှင်မြူးတူးစွာ မောင်းထောင်း ဆန်ဖွပ် အလုပ်များကို လုပ်ကိုင်၏။ သူဌေးကတော်ကြီးက သူ၏ ပျော်တပြုံးပြုံးနှင့် လုပ်ကိုင်နေသည်ကို အကဲခတ်မိ၍ မေးမြန်းသောအခါ မဟာဒုက်ကဲ့သို့ပင် ပြောကြားလေသည်။

မဟာဒုက်သည် တစ်နေ့တာလုပ်အားခအဖြစ် ဆလေးဆန် တစ်ပြည်နှင့်ဆုအဖြစ် သလေးဆန်တစ်ပြည်ကို ရရှိ၏၊ သူ၏မယားသည်လည်း သလေးဆန်တစ်စလယ်နှင့် ထောပတ်တစ်အိုး၊ နို့စိမ်းတစ်အိုး၊ ငရုတ်၊ ဆီ ဆားစသော ဟင်းချက်စရာပစ္စည်းများ ရလာ၏။ ဆွမ်းတစ်နပ်စာအတွက် ချက်စရာ ပြုတ်စရာများ ပြည့်စုံပြီဖြစ်၍ နောက်တစ်နေ့ နံနက်တွင် စောစောကြီး ထကာ ဆွမ်းချက်ကြ၏။ မယားဖြစ်သူက မဟာဒုက်အား ဟင်းရွက်များသွား၍ ဝယ်ရန် စေလွှတ်၏၊ အချိန် စောနေသေးသဖြင့် ဈေးထဲတွင် ဟင်းရွက်များ မတွေ့ရသေးချေ။ သို့ဖြစ်၍ မဟာဒုက်သည် မြစ်ကမ်းပါးသို့သွားကာ သီချင်းတကြော်ကြော်နှင့် ပျော်ပျော်ကြီး ဟင်းရွက်ခူးနေ၏၊

ထိုစဉ်တွင် မြစ်တွင်း၌ ပိုက်ချနေကြသော တံငါသည်များကမဟာဒုက်၏ အသံဖြစ်ကြောင်း သိကြသဖြင့် မဟာဒုက်ကို ခေါ်ပြီးလျှင် ဖမ်းမိထားသော ငါးများကို အတွဲလုပ်ပေးရန် စေခိုင်းကြ၏၊ မဟာဒုက်ကလည်း လှေထဲရှိ ငါးတို့ကို တစ်မတ်တန်၊ ငါးမူးတန်၊ တစ်ကျပ်တန် အတွဲ

မျှစ ပြုလုပ်ပေး၏။ တွဲ၍ပြီးလေသမျှသော ငါးများကို ဆွမ်းဒါယကာများက ဝယ်ယူသွားကြသဖြင့် တံငါသည်များက မိမိတို့စားရန် သဲထဲမှာ ဝှက်ထားသော ငါးကြင်းလေးကောင်ကို ဖော်၍ ပေးလိုက်ကြလေသည်။

ငါးကြင်းတွဲကိုယူ၍ မဟာဒုက် အိမ်ပြန်လာသောအခါ သိကြားမင်းသည် ဆင်းရဲသားယောကျ်ားတစ်ယောက်၏ အသွင်အပြင်ဖြင့် မဟာဒုက်အိမ်သို့ဝင်ကာ ဆွမ်းချက်ရာတွင် ကူညီလုပ်ကိုင်ပေး၏။ သို့ရာတွင် မဟာဒုက်သွား၍ စာရင်းသွင်းထားသော ရဟန်းတစ်ပါးကို တောင်းသောအခါ နိဗ္ဗာန်ဆော်က "ရဟန်းတစ်ပါးမျှ မကျန်တော့"ဟု ပြောပြ၏။ ရဟန်းတစ်ပါးတည်းသာယူနိုင်သော မဟာဒုက်အတွက် ပေါ်ပေါ်တန်တန် သဘောထားတာ စာရင်း မသွင်းခဲ့မိသဖြင့် ဒါယကာများက မိမိတို့ ရဟန်းများကို ပင့်ကြသောအခါ၌ ချန်မထားမိခဲ့၍ ဖြစ်ပေသည်။

မဟာဒုက်မှာ ကြိုးစားပမ်းစား ရှာဖွေချက်ပြုတ်ပြီးခါမှ ကျွေးစရာရဟန်းမရတော့အဖြင့် ဝမ်းပန်းတနည်းဖြစ်သွားရ၏။ "ယမန်နေ့က အသင်နိဗ္ဗာန်ဆော်ကြီး နှိုးဆော်၍ပင် ကျွန်တော်တို့ လင်မယားနှစ်ယောက် တစ်နေ့လုံး အခစားလုပ်၍ ရှာဖွေရပါ၏။ ကျွန်တော်တို့အတွက် ရဟန်းတစ်ပါးပေးပါလော့"ဟု ပြောဆိုငိုကြွေး၏၊ ဤတွင် နိဗ္ဗာန်ဆော်ကြီးက မဟာဒုက်ကိုသနားလာပြီး "အချင်း မဟာဒုက်၊ မြတ်စွာဘုရားတို့မည်သည် ဆင်းရဲသူကို သနားတော်မူကုန်၏၊ ချီးမြှောက်တော်မူကုန်၏။ သင်သည် ဘုရားရှင်၏ကျောင်းတော်သို့ သွားပါလေ။ "မြတ်စွာဘုရား၊ တပည့်တော်သည် အဆင်းရဲဆုံးဖြစ်ပါသည်။ တပည့်တော်ကို ချီးမြှောက်တော်မူပါဘုရား'ဟု လျှောက်ထားချေလော့" ဟု ပြောဆို၍ လွှတ်လိုက်လေသည်။

ကဿပမြတ်စွာဘုရားသည် ဤယနေ့အဖို့ မဟာဒုက်ကို ချီးမြှောက်တော်မူရန် ဂန္ဓကုဋိတိုက်ထဲတွင် သီတင်းသုံးနေတော်မူ၏။ မြတ်စွာဘုရားထွက်တော်မူလာလျှင် သပိတ်တော်ကိုယူ၍ ဆွမ်းကပ်နိုင်ရန် ပြည့်ရှင်မင်းနှင့်တကွ အိမ်ရှေ့မင်း၊ စစ်သူကြီး စသည်တို့ကလည်း ဂန္ဓကုဋိတိုက်တံခါးဝမှ အသင့်စောင့်နေကြ၏။ မဟာဒုက်လာသည်ကို တွေ့ရသောအခါ ထိုသူတို့က ခါတိုင်းကဲ့သို့ စားကြွင်းစားကျန်စားရန် လာသည်ထင်မှတ်၍ "မဟာဒုက်၊ ဆွမ်းစားချိန်ပင် မရောက်သေးပေ။ အဘယ်ကြောင့် လာရသနည်း" ဟု ဆိုကြပြန်၏။ မဟာဒုက်က "အရှင်တို့ ဆွမ်းစားချိန် မဟုတ်သေးကြောင်း သိပါ၏။ မြတ်စွာဘုရားကို ရှိခိုးရန်လာပါသည်"ဟုဆိုကာ ဂန္ဓကုဋိတိုက်၏

တံခါးခုံကို ဦးတိုက်ပြီး နို့မှုန့်ဆော်ကြီး သင်ပေး လိုက်သည့် အတိုင်း လျှောက်ထား၏။ ကဿပမြတ်စွာဘုရားသည် ဂန္ဓကုဋိတိုက်တံခါးကို ဖွင့်တော်မူကာ မဟာဒုက်ထံသို့ သပိတ်တော်ကို ပေးလိုက်လေသည်။

ပြည့်ရှင်မင်းကြီး၊ အိမ်ရှေ့မင်း စသည်တို့သည် တအံ့တသြဖြစ်ကာ မဟာဒုက်ထံသို့ ဝိုင်းလာကြပြီးလျှင် "အချင်း မဟာဒုက်၊ မြတ်စွာဘုရား၏ သပိတ်တော်ကိုပေးလော့။ သင့်အား ရွှေငွေရတနာ အမြောက်အမြားပေးအံ့"ဟုဆိုကြ၏။ ဘုရားရှင်ကိုယ်တော်တိုင်က ပေးအပ်ထားသော သပိတ်တော်ကို သူတို့ အနိုင်အထက်ပြု၍ကား မယူဝံ့ကြပေ။ မဟာဒုက်ကား ရွှေငွေရတနာကို မမက်မောဘဲ သပိတ်တော်ကိုသာ စွဲမြဲစွာ ပွေ့ပိုက်ထားလေသည်။

မဟာဒုက်သည် ကဿပမြတ်စွာဘုရားကို အိမ်သို့ ပင့်ဖိတ်လာပြီးလျှင် "အရှင်ဘုရား၊ အိမ်တွင်းသို့ ဝင်တော်မူပါ"ဟု လျှောက်၏။ မဟာဒုက်၏အိမ်သည် နိမ့်လွန်းလှ၏။ သူတို့လင်မယားသည်ပင် ကုန်း၍ဝင်ကြရထွက်ကြရ၏။ ဘုရားရှင်တို့မည်သည်ကား ကိုယ်တော်ကို ကိုင်းညွတ်၍ ဝင်ရိုးထုံးစံမရှိပေ။ သို့ဖြစ်၍ ကဿပဘုရားရှင်သည် ကိုယ်တော်ကိုမကိုင်းညွတ်ဘဲ မဟာဒုက်၏အိမ်တွင်းသို့ ဝင်တော်မူလေရာ လွတ်လွတ်ကျွတ်ကျွတ်ပင် ဝင်တော်မူနိုင်၏။ ဘုရားရှင်၏ တန်ခိုးတော်ကြောင့် မြေကြီးကလည်း နိမ့်ဆင်းသွား၏၊ အိမ်မိုးကလည်း မြင့်တက်သွား၏။ အိမ်တွင်းသို့ဝင်တော်မူသောအခါတွင်ကား ပကတိအတိုင်း ပြန်၍ ဖြစ်နေပေသည်။ ပြန်၍ထွက်တော်မူသောအခါ၌လည်း ဤအတိုင်းပင် ဖြစ်လာပေသည်။

ကဿပဘုရားရှင်သည် သိကြားမင်း ခင်းထားသောနေရာ၌ ထိုင်တော်မူ၏။ ဘုရားရှင်အား ဆက်ကပ်ရန် ဆွမ်းအုပ်ကို ဖွင့်လိုက်သောအခါ သိကြားမင်းစီမံထားသော ယာဂု ဆွမ်း စသည်တို့၏ရနံ့သည် တစ်မြို့လုံး ပျံ့နှံ့ကြိုင်လှိုင်သွား၏။ ကဿပဘုရားရှင်သည် မဟာဒုက်၏ ဆွမ်းဘောဇဉ်များကို ဘုဉ်းပေးတော်မူပြီးလျှင် ဆွမ်းအနုမောဒနာတရားဟောကြား၍ ကျောင်းတော်သို့ ပြန်ကြွတော်မူလေရာ မဟာဒုက်အလည်း သပိတ်တော်ကို ထမ်း၍ လိုက်ပါပို့ဆောင်ပေးလေသည်။

ဘုရားရှင် ပြန်ကြွသွားတော်မူလျှင် သိကြားမင်းသည်လည်း အိမ်မှထွက်၍ ကောင်းကင်သို့ မော့ကြည့်လိုက်၏။ ထိုသို့ မော့ကြည့်လိုက်သည်နှင့်တစ်ပြိုင်နက်တည်း ကောင်းကင်မှ ရတနာ ရွှေမိုး ငွေမိုးများ ရွာချလာ၍ မဟာဒုက်၏ အိမ်တစ်ခုလုံးပြည့်သွား၏။ သိကြားမင်းလည်း တာဝတိံသာ

နတ်ပြည်သို့ပြန်သွား၏။ မဟာဒုက် အိမ်ပြန်ရောက်လာ၍ ရတနာ ရွှေငွေ များကို တွေ့ရသောအခါ "ယနေ့ပင် ငါ၏အလှူကို အကျိုးပေးသည်" ဟု ဝမ်းမြောက်ဝမ်းသာ ပြောဆိုကာ ပြည့်ရှင်မင်းထံ သွား၍လျှောက် တင်၏။ ထို့နောက် ပြည့်ရှင်မင်းက လှည်းများဖြင့် ရတနာရွှေငွေများကို ဆယ်ယူကာ နန်းရင်ပြင်၌ စုပုံပြီးလျှင် မဟာဒုက်အား သေဋ္ဌေးကြီးအရာ ကိုပေးလိုက်၏။ ထို့နောက် ယခင်က သေဋ္ဌေးတစ်ယောက် နေခဲ့ဖူးသော အိမ်ရာဟောင်းကို မဟာဒုက်နေထိုင်ရန် ပေးလိုက်၏။ မဟာဒုက်၏လူများ အား ထိုနေရာကို ရှင်းလင်း တူးဆွကြသောအခါ တစ်လုံးနှင့်တစ်လုံး ထိ နေသော ရွှေအိုးကြီးများကို တွေ့ကြရလေသည်။

ထို ဆွမ်းဒါယကာ မဟာဒုက်သည် ထိုဘဝမှ ကွယ်လွန်သော် တာဝတိံသာ နတ်ပြည်တွင် နတ်စည်းစိမ်ကိုခံစားကာ ဂေါတမဘုရားရှင်၏ လက်ထက်တော်တွင် ထိုဘုံမှစုတေ၍ လူ့ပြည်သို့ ဆက်ဆင်းလာ၏။ သာဝတ္ထိမြို့တော်တွင် အရှင်သာရိပုတ္တရာကို ကိုးကွယ်ဆည်းကပ်သောအိမ်၌ ပဋိသန္ဓေတည်နေလာ၏။ ထိုသူငယ် ပဋိသန္ဓေ တည်နေလာသည်နှင့် အစ် ပြိုင်နက် ထိုကိုယ်ဝန်ဆောင် အမျိုးသမီးသည် အရှင်သာရိပုတ္တရာအမှူး ရှိသော ရဟန်းငါးရာအား ငါးကြင်းသားဟင်းနှင့် ဆွမ်းကပ်ပြီးလျှင် မိမိ ကိုယ်တိုင်လည်း ဖန်ရည်ဆိုးသော အဝတ်ကို ဝတ်ရုံ၍ သံဃာတော်များ၏ နေရာအစွန်း၌ထိုင်လျက် သံဃာတော်များ၏ စားကြွင်းစားကျန်ကို စား လိုသော ချင်ခြင်း ဖြစ်ပေါ်လာ၏။ သူ၏ အိမ်သအိမ်သား တို့ကလည်း သူ့အလိုကျ စီမံဖန်တီးပေးကြ၏။ တောရကျောင်းနေ တိဿသာမဏေ ဝတ္ထုမှာကဲ့သို့ပင် ဤဝတ္ထုမှာလည်း ငါးကြင်းသားဟင်းဖြင့် မင်္ဂလာ အလှူပွဲများ ဆက်ကာဆက်ကာ ပြုလုပ်ပြီးလျှင် သားငယ်အား "ပဏ္ဍိတ" ဟု အမည်မှည့်ပေးကြလေသည်။

တိဿသာမဏေကဲ့သို့ပင် ပဏ္ဍိတ သတို့သားသည်လည်း ခုနစ်နှစ် သားအရွယ်မှာပင် အရှင်သာရိပုတ္တရာ အထံ၌ ရှင်သာမဏေ အဖြစ်သို့ ရောက်၏။ ပဏ္ဍိတသာမဏေသည် အရှင်သာရိပုတ္တရာ၏ နောက်ပါးမှနေ၍ ဆွမ်းခံရန် လိုက်လာခဲ့ရာ တစ်နေရာတွင် ရေမြောင်းတစ်ခုကို တွေ့ရသဖြင့် မေးမြန်း၏။

"အရှင်ဘုရား၊ ဤရေမြောင်းဖြင့် အဘယ်ပြုလုပ်ကြပါသနည်း"

"ပဏ္ဍိတ၊ ဤရေမြောင်းဖြင့် ရေကိုသွယ်ပြီးလျှင် ကောက်ပင်များ ဖြစ်ထွန်းအောင် ပြုကြပေသည်"

"အရှင်ဘုရား၊ ရေမှာ သိတတ်သောစိတ် ရှိပါသလား"

"ရေမှာ သိတတ်သောစိတ်မရှိပေ"

"အရှင်ဘုရား၊ စိတ်မရှိသောရေကိုလိုရာသို့ သယ်ဆောင်နိုင်ပါသလော"

"ပဏ္ဍိတ၊ သယ်ဆောင်နိုင်ပေသည်"

ဤသို့ အရှင် သာရိပုတ္တရာ၏ ဖြေဆိုသံကို ကြားပြီးနောက် ပဏ္ဍိတ သာမဏေသည် စိတ်မရှိသော ရေကိုပင် လိုရာသို့ဆောင်ယူနိုင်ကြသေးလျှင် စိတ်ရှိသောလူများသည် မိမိစိတ်ကိုမိမိအလိုသို့ လိုက်စေ၍ ရဟန်းတရားအား ထုတ်ရန် အဘယ်ကြောင့် မတတ်နိုင်ဘဲ ရှိရမည်နည်းဟု တွေးတောမိလေသည်။

တစ်ဖန် လေးသမားတစ်ယောက် မြားကို မီးကင်ကာ မျက်စိ တစ်ဖက်စည်း၍ ကြည့်၍ မြားဖြောင့်နေသည်ကို တွေ့ရသော အခါတွင်လည်း မေးမြန်းပြန်၏၊

"အရှင်ဘုရား၊ ထိုသူတို့သည် ဘာကိုပြုလုပ်နေပါသနည်း"

"ပဏ္ဍိတ၊ မြားကို မီးကင်၍ ဖြောင့်အောင် ပြုနေကြကုန်၏"

"အရှင်ဘုရား၊ မြားမှာ သိတတ်သောစိတ် ရှိပါသလော"

"ပဏ္ဍိတ၊ မြားမှာ သိတတ်သောစိတ် မရှိပေ"

ဤအဖြေကို ကြားနာပြီးနောက် ပဏ္ဍိတ သာမဏေကား စိတ် မရှိသော မြားကိုပင် မီးကင်၍ဖြောင့်အောင်လုပ်နိုင်ကြသေးလျှင် စိတ်ရှိသော လူတို့အည် မိမိစိတ်ကို မိမိအလိုသို့ လိုက်စေ၍ ရဟန်းတရား အားထုတ်ရန် အဘယ့်ကြောင့် မတတ်နိုင်ဘဲ ရှိရမည်နည်းဟု တွေးတောမိလေသည်။

ဤသို့တွေးတောပြီးလျှင် ပဏ္ဍိတသာမဏေသည် "ကျောင်းသို့ ပြန်၍ တရားအားထုတ်လိုပါသည် ဘုရား"ဟု ပန်ကြား၏။ အရှင်သာရိပုတ္တရာကလည်း အနှောင့်အယှက်ကင်းစွာ တရားအားထုတ်နိုင်ရန် မိမိ အခန်းသော့ကို ပေးလိုက်၏။ ပဏ္ဍိတသာမဏေကလည်း အရှင်သာရိပုတ္တရာ၏ အခန်းတွင်းသို့ ဝင်ပြီးလျှင် မိမိကိုယ်ခန္ဓာကို ဝိပဿနာကမ္မဋ္ဌာန်း ဆင်ခြင်သုံးသပ်၍နေ၏။ သိကြားမင်းနှင့်တကွ စတုမဟာရာဇ် နတ်မင်းကြီး လေးပါးတို့ ဆင်းလာကြကာ ဆူညံသံ မြည်တတ် တန်ဆာသော ငှက် များကို ဝေးရာသို့ မောင်းနှင်ပေးကြ၏။ ကျောင်းတော်ဝန်းကျင်မှ စောင့်

ရှောက်နေကြ၏။ သိကြားမင်း၏အမိန့်ဖြင့် လနတ်သားသည် လ၀န်းကို ရှေ့ဆက်မသွားရန် ဆွဲထား၏။ သိကြားမင်း ကိုယ်အိုင်ကလည်း တံခါးကိုဖွင့်သော သော့နေရာ သွား၍ စောင့်ရှောက်နေလေသည်။

အသံတိတ်ဆိတ်လှသောနေရာ၌ စိတ်ငြိမ်စွာ ၀ိပဿနာ ပွားလိုက်ရသဖြင့် ပဏ္ဍိတ သာမဏေသည် ဆွမ်းစားချိန်မှာပင် မဂ်ဖိုလ် သုံးဆင့်သို့ ဆိုက်ရောက်၏။ အရှင်သာရိပုတ္တရာသည် ဆွမ်းခံရာမှ ပါးကြင်းသားဟင်းနှင့် ဆွမ်းကို ယူလာပြီးလျှင် သာမဏေထံ ပေးကမ်းရန် အသောလျင်စွာ ကြွလာ၏။ ဘုရားရှင်သည် ပဏ္ဍိတသာမဏေ၏ ရဟန္တာအထိဖြစ်နိုင်သော အခြေအနေကို သိမြင်တော်မူသဖြင့် အရှင်သာရိပုတ္တရာ၏ ကျောင်းတံခါးမုခ်သို့ ကြွသွားတော်မူပြီးလျှင် အရှင်သာရိပုတ္တရာအား ပုစ္ဆာလေးရပ်ကို မေးတော်မူ၏။

"သာရိပုတ္တရာ၊ ဘာကိုရလာသနည်း"
"အရှင်ဘုရား၊ အာဟာရကို ရလာပါသည်ဘုရား"
"သာရိပုတ္တရာ၊ အာဟာရသည် ဘာကိုဆောင်ပါသနည်း"
"အရှင်ဘုရား၊ အာဟာရသည် ၀ေဒနာကို ဆောင်ပါသည်ဘုရား"
"သာရိပုတ္တရာ၊ ၀ေဒနာသည် ဘာကိုဆောင်ပါသနည်း"
"အရှင်ဘုရား၊ ၀ေဒနာသည် ရုပ်ကိုဆောင်ပါသည် ဘုရား"
"သာရိပုတ္တရာ၊ ရုပ်သည် ဘာကိုဆောင်ပါသနည်း"
"အရှင်ဘုရား၊ ရုပ်သည် ဖဿကို ဆောင်ပါသည်ဘုရား"

ပုစ္ဆာလေးရပ်ကို အရှင်သာရိပုတ္တရာက ဖြေဆိုသည်ကို ကြားနေစဉ်လျက် ၀ိပဿနာကို ဆက်၍ပွားလေရာ ပဏ္ဍိတ သာမဏေသည် ထိုအဖြေအဆုံးတွင် ရဟန္တာဖြစ်သွား၏။ ဤတွင်မှ ဘုရားရှင်က အရှင်သာရိပုတ္တရာကို အခန်းတွင်း၀င်၍ ဆွမ်းဘုဉ်းပေးရန် ခွင့်ပြုတော်မူလေသည်။

ရှင်ပြုပြီးနောက် ရှစ်ရက်မြောက်သောနေ့၌ ရဟန္တာဖြစ်လာသော ပဏ္ဍိတ သာမဏေသည် ပဒုမ္မာကြာငန်းကဲ့သို့ ရှင်လန်းသောမျက်နှာဖြင့် ဆွမ်းဘုဉ်းပေး၏။ ဆွမ်းဘုဉ်းပေး၍ ပြီးသည်နှင့် တစ်ပြိုင်နက် လနတ်သား၊ နေနတ်သားတို့က လ၀န်း နေ၀န်းများကို လွှတ်လိုက်ကြလေရာ တစ်ခဏချင်းနှင့် ညနေပိုင်းရောက်သွား၏။ ထိုအချိန်တွင်မှ ဆွမ်းဘုဉ်းပေးပြီး၍ သပိတ်ဆေးနေသော ပဏ္ဍိတ သာမဏေကို ရဟန်းများက တွေ့မြင်သဖြင့်

သာမဏေကို ကဲ့ရဲ့ရှုတ်ချကာ ဘုရားရှင်ထံ လျှောက်ကြား ကြကုန်၏။ ဘုရားရှင်က သိကြားမင်းနှင့်တကွ စတုမဟာရာဇ် နတ်မင်းကြီးများ၊ လနတ်သား၊ နေနတ်သားများက စောင့်ရှောက်ထားရှဲ့ ဖြစ်ကြောင်း မိန့်ကြားတော်မူပြီးလျှင် ပဏ္ဍိတသာမဏေ၏ တရားအားထုတ်ပုံကို ဟောကြားတော်မူလိုသဖြင့် ဤဝတ္ထု၏အဆုံး၌ ပါရှိသော ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၈၀။ ။တစ်ခဲနက်တည်းဟူသော ကျောက်တောင်သည် အရပ်၊ လေးမျက်နှာမှ လာသောလေကြောင့် မတုန်လှုပ်သကဲ့သို့ ပညာရှိတို့သည် ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်းတို့ကြောင့် မတုန်လှုပ်ကြကုန်။

## အရှင်လကုဏ္ဍကဘဒ္ဒိယ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ကိုယ်ခန္ဓာသေးငယ်ပုကွလှသော အရှင်လကုဏ္ဍကဘဒ္ဒိယကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

အရှင်လကုဏ္ဍကဘဒ္ဒိယသည် ရဟန္တာပုဂ္ဂိုလ်ကြီး ဖြစ်သော်လည်း ကိုယ်ခန္ဓာသေးငယ်ပုကွလှသဖြင့် ပုထုဇဉ် ရဟန်းသာမဏေတို့က အရှင်မြတ်ကြီး၏ ဂုဏ်ကျေးဇူးကို မသိမြင်ကြသဖြင့် အရှင်မြတ်ကြီး၏ ဦးခေါင်း၊ နားရွက်နှင့် နှာခေါင်းများကို ဆွဲကိုင်ကြပြီးလျှင် "အသျှင်နည်း ဘထွေးလေး၊ သာသနာတော်၌ ပျော်ရွှင်ပါ၏လော" ဟု မြက်ရယ်ပြုကာ ပြောဆိုရယ်မောကြကုန်၏။ အရှင်လကုဏ္ဍကဘဒ္ဒိယကား ထိုရဟန်းသာမဏေတို့ကို အမျက်မထွက်ချေ။ ထိုအကြောင်းကို ဓမ္မသဘင်၌ ရဟန်းတို့က ပြောဆိုနေကြရာ ဘုရားရှင် ကြွလာတော်မူပြီးလျှင် ထိုစကားနှင့် ဆက်စပ်၍ တရားစကား ဟောကြားတော်မူလိုသဖြင့် အောက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၈၂။ ။နက်လှစွာသော ရေသည် နှောက်ကျူခြင်းမရှိ၊ အထူးကြည်လင်သကဲ့သို့ ပညာရှိတို့သည် တရားတော်တို့ကို ကြားနာရကုန်၍ အထူး ကြည်လင်ကုန်၏။

# ကာဏာတို့သားအမိ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ်က ကာဏာ တို့သားအမိကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော် မူလေသည်။

သာဝတ္ထိမြို့တော်မှ ကာဏာမည်သော အမျိုးသမီး၏မိခင်သည်သမီး ကို လင့်အိမ်သို့ပြန်ရာတွင် လက်ဆောင်ပေးရန် မုန့်များကြော်၏။ ထိုစဉ် တွင် ရဟန်းတစ်ပါးကလာ၍ အလှူခံသဖြင့် ထိုနေ့၌ မသွား ဖြစ်တော့ ပေ။ နောက်နေ့မှာလည်း အခြားတစ်ပါးကလာ၍ လာ၍အလှူခံပြန်၏။ ဤသို့လေးရက်တိုင်တိုင် ရဟန်းလေးပါးက မုန့်ကို အလှူခံကြသဖြင့် ကာဏာတို့သားအမိ မသွားနိုင်သောအခါ ကာဏာ၏ လင်ယောကျ်ား သည် အခြားအမျိုးသမီးတစ်ယောက်ကို လက်ထပ်၍ ယူလိုက်၏။ ထိုကိစ္စ နှင့် ပတ်သက်၍ ကာဏာကဲ့သို့သော အမျိုးသမီးများအားအကာအကွယ် ပေးရန် ကာဏာမာတာသိက္ခာပုဒ်ကို ဘုရားရှင် ပညတ်တော်မူရပေသည်။

ကာဏာသည် "ဤရဟန်းများကြောင့် ငါ၏အိမ်ထောင်ပျက်စီးရ၏" ဟု ရဟန်းမြင်တိုင်း ဆဲရေး၏။ ထိုအဖြစ်အပျက်ကို ဘုရားရှင်ကြားသိ တော်မူသဖြင့် ကာဏာတို့အိမ်သို့ ကြွတော်မူပြီးလျှင် "ငါ၏တပည့်ရဟန်း တို့သည် သင်တို့ပေးလှူသည်ကို ယူသလော၊ မပေးလှူသည်ကို ယူကြ သလော" ဟု မေးတော်မူလေရာ-

"ပေးသည်ကိုသာ ယူကြပါသည် ဘုရား"

"ဤသို့ဆိုလျှင် ငါ၏တပည့် ရဟန်းများမှာ အပြစ်ရှိသလော၊ မရှိ သလော"

"ရဟန်းတို့မှာ အပြစ်မရှိပါ။ တပည့်တော်တို့မှာသာ အပြစ်ရှိပါ သည်ဘုရား"

ဤသို့ အမေးအဖြေပြုလုပ်ကြပြီးလျှင် ဘုရားရှင်က ကာဏာတို့ သားအမိကို တရားဟောတော်မူလေရာ တရားတော်အဆုံး၌ ကာဏာသည် သောတာပန်တည်သွား၏။ ဘုရားရှင်သည် ကာဏာတို့အိမ်မှ ထွက်တော် မူပြီးလျှင် နန်းရင်ပြင်ကိုဖြတ်၍ ကြွတော်မူလေသည်။

ကောသလမင်းကြီးသည် ဘုရားရှင်ထံ ချဉ်းကပ်လာ၍ "အဘယ် အရပ်မှ ကြွတော်မူလာပါသနည်း" ဟု မေးလျှောက်၏။ ဘုရားရှင်က

"ကာဏာတို့အိမ်မှ ကာဏာကို လောကုတ္တရာစည်းစိမ်ရှင် ပြုပေး၍ပြန်လာခဲ့ပါသည်"ဟု ဖြေကြားတော်မူ၏။ ကောသလမင်းကြီးက "တပည့်တော်ဆည်လည်း ကာဏာကို လောကီစည်းစိမ်ရှင် ပြုပေးပါမည်ဘုရား" ဟု ဘုရားရှင်ကို လျှောက်ထား၏။ ထို့နောက် ကာဏာတို့အိမ်သို့ ရထားပေါင်းချုပ်ကို စေလွှတ်၍ ခေါ်ယူစေပြီးလျှင် သမီးတော်အရာ၌ ထားလေသည်။

ကောသလမင်းကြီးသည် "သမီးတော် ကာဏာအား ကျွေးမွေးနိုင်သူများရှိလျှင် ယူကြကုန်"ဟု ကြေညာ၏။ အမှုခပ်သိမ်းကို ထမ်းဆောင်နိုင်သော အမတ်ကြီးတစ်ယောက်က ကာဏာကို ခေါ်ဆောင်ပြီး၍ စည်းစိမ်အားလုံးကို အပ်နှင်းပြီးလျှင် "အလိုရှိသလောက် ကုသိုလ်ကောင်းမှု ပြုပါလော့"ဟု ခွင့်ပြုထား၏။ ထိုအခါမှစ၍ ကာဏာသည် စိတ်ရှိသလောက် အလှူဒါနများပြုနိုင်လာ၏။ ကာဏာတို့ သားသမီး၏ အဖြစ်အပျက်များကို ရဟန်းများက တရားသဘင်၌ ပြောဆိုနေကြရာ ဘုရားရှင်ကြွတော်မူပြီးလျှင် ထိုစကားနှင့်ဆက်စပ်၍ တရားစကား ဟောကြားတော်မူလိုသဖြင့် ဤဝတ္ထု၏ရှေ့မှာ ပါသော ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၈၃။ ။သူတော်ကောင်းတို့သည် သခ်ါရတရားအားလုံးတို့၌ တပ်မက်ခြင်းကို ဝင်စစ်အားဖြင့် စွန့်လွှတ်ကြကုန်၏။ သူတော်ကောင်းတို့သည် ကာမဂုဏ်တို့ကို အလိုရှိ၍ မပြောဆိုကြကုန်။ ပညာရှိတို့သည် ချမ်းသာခြင်းနှင့် တွေ့ရသော်သည်း ဝမ်းမသာကြပေ။ ဆင်းရဲခြင်းနှင့် တွေ့ရသော်လည်း ဝမ်းမနည်းကြပေ။

## ရဟန်းငါးရာ (ငြိမ်သက်သူများ)

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အေးချမ်း ငြိမ်သက်စွာ နေလာခဲ့ကြသော ရဟန်းငါးရာကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ပထမဗောဓိဟု ဆိုအပ်သော ရှေ့ပိုင်းဝါတော်နှစ်ဆယ်အတွင်း၌ ဘုရားရှင်သည် ဝေရဉ္ဇပုဏ္ဏားကြီး၏ ပင့်လျှောက်ချက်အရ နောက်ပါ

ရဟန်းဝါးရာနှင့်တကွ ဝေရဉ္စာမြို့သို့ကြွ၍ ဝါဆိုတော်မူ၏။ ဝေရဉ္စာပုဏ္ဏားကြီးသည် ဘုရားရှင်ကြွလာတော် မူသောအခါ၌ကား၊ မာရ်နတ်၏ လှည့်စားခြင်းခံရ၍ ဘုရားရှင်ကို တစ်စုံတစ်ခုမျှ လှူဒါန်းခြင်း မပြုပေ။ ထိုစဉ်တွင် ဝေရဉ္စာမြို့၌ ကောက်ပဲသီးနှံများ ပျက်စီးသဖြင့် ငတ်မွတ်ခေါင်းပါးခြင်း ဘေးကြီးဆိုက်ရောက်လေရာ ရဟန်းများမှာ ဆွမ်းခံ၍ မရနိုင်တော့ပေ။ ထိုအခြေအနေတွင် ဥတ္တရာပထတိုင်းမှ မြင်းကုန်သည်များ ရောက်လာကြကာ မြင်းစာကျွေးရန် သယ်ဆောင်လာခဲ့သော မုယောဆန် တစ်စလယ်စီ နေ့စဉ်လောင်းလှူကြ၏။ ရဟန်းများသည် ထိုမုယောဆန်များကို ကျောက်ပျဉ်မှာကြိတ်၍ ရေနှင့်ဖျော်ကာ ဆောက်ကြရလေသည်။

ဝါကျွတ်ပြီးနောက် ပြန်ကြွရန် ဘုရားရှင်ကို ပန်ကြားသောအခါတွင်ကား ဝေရဉ္စာပုဏ္ဏားကြီးသည် မာရ်နတ်၏ လှည့်စားခံရခြင်းမှ လွတ်မြောက်၍ သရဏဂုံသုံးပါး ဆောက်တည်ကာ လှူဖွယ်ဝတ္ထုအမျိုးမျိုးကို လှူဒါန်း၏။

ဘုရားရှင်နှင့် သံဃာတော်များ ဇေတဝန်ကျောင်းတော်သို့ ပြန်ရောက်တော်မူလာကြသောအခါ သာဝတ္ထိမြို့တော်မှ ဒါယကာ ဒါယိကာမတို့က မြိန်ယှက်ဖွယ်ရာ အရသာ ကောင်းမွန်လှသော ဆွမ်းခဲဖွယ်တို့ကို ဆက်ကပ် လှူဒါန်းကြကုန်၏၊ ဝေရဉ္စာမြို့တုန်းက စားရေးသောက်တာ ချို့တဲ့ခဲ့လသမျှကို မေ့ထမိစေရန် ဖြစ်ပေသည်။ ထိုအခါ စားကြွင်းစားငါးရာတို့သည် ရဟန်းတို့ စား၍မကုန်နိုင်သော အစားအသောက်များကို စားကြပြီးလျှင် ကျောင်းထဲမှာပင် တုံးလုံးပက်လက်အိပ်ကြကုန်၏၊ အိပ်ရာမှ နိုးသောအခါ အစိရဝတီမြစ်ဆိပ်သို့ သွားကာ ကြွေးကြော်ကြကုန်၏၊ ခုန်ပေါက် မြူးထူးကြကုန်၏၊ လက်ပန်းပေါက်ခတ်၍ ကစားကြကုန်၏။ ထိုသို့ မြူးထူးပျော်ပါး၍ ကျောင်းထဲသို့ပြန်လာကြသော အခါတွင်လည်း ရှိုင်းစိုင်းစွာ ဆူညံစွာ ပြောဆိုနေထိုင်ကြကုန်၏၊ ဝေရဉ္စာမှာ ဝါဆိုခဲ့ကြသော ရဟန်းငါးရာတို့မှာကား ဝေရဉ္စာမှာတုန်းကကဲ့သို့ပင် ဇေတဝန်ကျောင်းတော်မှာလည်း အေးချမ်းငြိမ်သက်စွာ နေထိုင်ကြလေသည်။

တရားသဘင်၌ ထိုအကြောင်းများကို ရဟန်းများက ပြောဆိုနေကြရာ ဘုရားရှင် ကြွရောက်တော်မူပြီးလျှင် ထိုစကားနှင့်ဆက်စပ်၍တရား

စကဲ၊ ဟောကြားတော်မူလိုသဖြင့် အထက်ပါ ဒေသနာတော်ကို ဟော ကြားတော် မူလေသတည်း။

(ထိုစေးကြွင်းစေးတို့၏ ဆူညံခြင်းနှင့်ပတ်သက်၍ ဟောကြစးထား သော ဝါဠောဒကဇာတ်ကို ဒုကနိပါတ်၊ အသဒိသဝဂ်မှာရှုပါ)

ဒေသနာတော်

၈၄။ ။ပညာရှိသူသည် မိမိကြောင့်ဖြစ်စေ၊ သူတစ်ပါး တို့ကြောင့် ဖြစ်စေ မကောင်းမှုကို မပြုပေ။ မကောင်းမှုဖြင့် သားသမီးကို လည်းကောင်း၊ ဥစ္စာကို လည်းကောင်း၊ တိုင်းပြည်ကို လည်း ကောင်း အလိုမရှိရာ။ မတရားမှုဖြင့် မိမိ၏ ပြည့်စုံမှုကို အလိုမရှိရာ။ ထိုသို့သဘောရှိသော သူသည် သီလရှိသူ၊ ပညာရှိသူ၊ တရားရှိသူ ဖြစ်၏။

# အရှင်ဓမ္မိက

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အရှင် ဓမ္မိကကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေ သည်။

သာဝတ္ထိမြို့တော်မှ အမျိုးသားတစ်ယောက်သည် တရားနှင့်အညီ နေထိုင်သဖြင့် ဓမ္မိကဟု အမည်တွင်၏။ တစ်နေ့သ၌ ဓမ္မိကသည် သာ သနာတော်၌ ရဟန်းပြုလိုသဖြင့် မယားထံခွင့်တောင်း၏။ ကိုယ်ဝန်ဆောင် မယားက "ကလေးမွေးဖွားပြီးသည်အထိ စောင့်ပါဦး"ဟုဆို၏။ကလေး မွေးဖွားပြီး၍ ခွင့်တောင်းပြန်သော အခါတွင်လည်း "ကလေး လူသား မြောက်အောင် စောင့်ပါဦး"ဟုဆိုပြန်၏။ ဤတွင် ဓမ္မိကသည် မယား ကို မတိုင်ပင်တော့ဘဲ လွတ်ရာသို့ထွက်လာခဲ့ပြီးလျှင် ရဟန်းပြု၏။ ရဟန်း ပြုပြီးနောက် ကမ္မဋ္ဌာန်းတရား ပွားများ အားထုတ်သဖြင့် မကြာမီပင် ရဟန္တာဖြစ်လာ၏။ ရဟန္တာဖြစ်ပြီးနောက် သာဝတ္ထိမြို့တော်သို့ ပြန်၍ သားကို တရားဟော၏။ သားသည်ရဟန်းပြု၍ မကြာမီရဟန္တာ ဖြစ်လာ ၏၊ ထို့နောက် မယားသည်လည်း ရဟန်းအဖြစ်ကိုခံယူလေရာ မကြာမီ ရဟန္တာအရှင်မတစ်ပါး ဖြစ်လာလေသည်။

ရဟန်းတို့သည် တရားသဘင်၌ ထိုအကြောင်းကို ပြောဆိုနေကြရာ ဘုရားရှင်ကြွလာတော်မူပြီးလျှင် ထိုအကြောင်းနှင့်ဆက်စပ်၍ တရားစကား ဟောကြားတော်မူလိုသဖြင့် အထက်ပါ ဒေသနာတော်ကို ဟောကြား တော်မူလေသတည်း။

ဒေသနာတော်

၈၅။ ။လူအပေါင်းတို့တွင် နိဗ္ဗာန်ဟူသော တစ်ဖက်ကမ်းသို့ ကူးနိုင်သူတို့သည်နည်းပါးလှကုန်၏။ ဤမှတစ်ပါးသော သူများသည် သက္ကာယဒိဋ္ဌိတည်းဟူသော ဤမှာဘက်ကမ်း၌သာလျှင် အစဉ်အဖြင့် ပြေးလွှားနေကြကုန်၏။

၈၆။ ။ကောင်းမွန်စွာ ဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်သောသူတို့သည်ကား ကူးမြောက်နိုင်သော သေမင်း၏ နေရာ သံသရာကို ကူးမြောက်နိုင်၍ နိဗ္ဗာန်တည်းဟူသော ထစ်ဖက်ကမ်းသို့ ရောက်ကြကုန်လတ္တံ့။

## တရားနာသူများ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင်သီတင်းသုံးတော်မူစဉ် သာဝတ္ထိမြို့မှတော်မှ တရားနာသူများကို အကြောင်းပြု၍ ဤဒေသနာတော်ကိုဟောကြားတော်မူလေသည်။

သာဝတ္ထိမြို့တော်ရှိ လမ်းတစ်လမ်းမှ လူတို့သည်အသင်းဖွဲ့၍ အလှူကြီးပေးပြီးလျှင် ညလုံးပေါက်တရားပွဲကြီး ကျင်းပကြ၏။ သို့ရာတွင် လူအနည်းငယ်မှ တစ်ပါး ညလုံးပေါက်အောင် တရား မနာ နိုင်ကြပေ။ အချို့က ကာမဂုဏ်ခံစားလို၍ အိမ်ပြန်သွားကြ၏။ တချို့က ဒေါသထွက်၍၊ အချို့က မာနခက်ထန်၍ အိမ်ပြန်သွားကြ၏။

တရားပွဲမှာ ကျန်ရစ်သူ အများစုမှာလည်း ငိုက်မျဉ်း နေကြကုန်၏။ ဇေတဝန်ကျောင်းတော်တွင်း၌ ပြုလုပ်မြဲဖြစ်သော တရားသဘင်တွင် ရဟန်းတို့သည် ထိုအကြောင်းကို ပြောဆိုနေကြရာ ဘုရားရှင် ကြွတော်မူလာပြီးလျှင် ထိုအကြောင်းနှင့်ဆက်စပ်၍ တရားစကား ဟောကြားတော်မူလိုသဖြင့် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူသေအတည်း။

ဒေသနာတော်

၈၇။ ၈၈။ ပညာရှိသည် မည်းညစ်သော အကုသိုလ်တရားကို ပယ်စွန့်၍ တဏှာတည်းဟူသော တည်ရာမှ လွတ်မြောက်ကာ တဏှာကင်းရာ နိဗ္ဗာန်ကို အာရုံပြုလျက် ဖြူစင်သော ကုသိုလ်တရားကို ပွားများရာ၏။ ပညာရှိသည် ကာမဂုဏ်တို့ကို ပယ်စွန့်၍ မွေ့လျော်နိုင်ခဲသော ဝိဝေက သုံးပါး၌ အလွန်မွေ့လျော်ခြင်းကို အလိုရှိရာ၏။ စိတ်ညစ်ညူးကြောင်း နီဝရဏတရားတို့မှ မိမိကိုယ်ကို ဖြူစင်စေရာ၏။

၇၉။ အကြင်ပုဂ္ဂိုလ်တို့သည် ဗောဇ္ဈင်တရားတို့၌ စိတ်ကို ကောင်းစွာ
ပွားများကြကုန်၏။ မစွဲလမ်းကုန်မူ၍ ဥပါဒါန်ကို စွန့်လွှတ်ရာ
နိဗ္ဗာန်၌ မွေ့လျော်ကြကုန်၏၊ လောက၌ အာသဝေါကုန်ကြပြီး
သော တန်ခိုးကြီးကုန်သော ထိုပုဂ္ဂိုလ်တို့သည် ငြိမ်းချမ်းကြပေ
ကုန်၏။

## အာဂန္တု ရဟန်းများ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင်သီတင်းသုံးတော်မူစဉ် ဝါကျွတ်ချိန်၌ ဘုရားဖူးရန် ရောက်လာကြသော အာဂန္တုရဟန်းငါးရာအား အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသည်။

# အရဟန္တဝဂ်

## ဒေသနာတော်

၉၀။ သံသရာခရီး ပြီးဆုံးခဲ့ပြီးသော၊ အလုံးစုံသော တရားတို့မှ လွတ်မြောက်ပြီးသော၊ အလုံးစုံသော အထုံးအဖွဲ့ကို ပယ်စွန့်ပြီးသော ရဟန္တာပုဂ္ဂိုလ်အား ပူပန်ခြင်း မရှိတော့ပေ။

## ဇီဝက၏ ပုစ္ဆာ

ရာဇဂြိုဟ်မြို့တော် ဇီဝက၏ သရက်ဥယျာဉ်ကျောင်း၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဆရာဇီဝက မေးမြန်းသော ပုစ္ဆာကို ဖြေကြားသောအားဖြင့် ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

တစ်နေ့သောအခါ ဘုရားရှင်သည် ဂိဇ္ဈကုဋ်တောင်ရိပ်၌ စင်္ကြံကြွတော်မူနေစဉ် ဒေဝဒတ်သည် ဂိဇ္ဈကုဋ်တောင်ထိပ်မှနေ၍ ကျောက်မောင်းဆင်၍ ကျောက်တုံးကြီးကို လှိမ့်ချလိုက်၏။ ကြီးလှစွာသော ကျောက်တုံးကြီးသည် ဘုရားရှင်နှင့် တည့်တည့်သို့ လိမ့်ဆင်းလာခဲ့၏။ သို့ရာတွင် ဘုရားရှင်ထံ မရောက်မီကလေးတွင် ကျောက်စောင်ထွက် နှစ်ခုတို့က ဆီး၍ခံလိုက်သဖြင့် ကျောက်တုံးကြီးသည် ထိုနေရာမှာပင် ရပ်တန့်သွားရ၏။ ကျောက်တုံးနှင့် ကျောက်ဆောင်ထွက်တို့ ထိခိုက်မိရာမှ ပဲ့ထွက်လာသော ကျောက်လွှာအသည်ကလေး ဘုရားရှင်၏ ခြေတော်ကို ထိမိသွား၏။ ဒဏ်ရာ ပြင်းထန်လှသဖြင့် သွေးစိမ်းရှင်ရှင် ယိုစီး၏။ ပြင်းပြသော ဝေဒနာကို ဘုရားရှင် ခံစားတော်မူရ၏။ ရဟန်းတို့သည် ဘုရားရှင်ကို ပထမဦးစွာ

မဒ္ဒကုစ္ဆိတောင်သို့ ဆောင်ယူကြကုန်၏။ မဒ္ဒကုစ္ဆိတောင် ရောက်ပြီးခါမှ ဘုရားရှင်၏ မိန့်တော်မူချက်အရ ဇီဝက သရက်ဥယျာဉ်ကျောင်းသို့ ပြောင်း လာကြရပြန်လေသည်။

ဆရာဇီဝကသည် ထိုသတင်းကိုကြား၍ ဘုရားရှင်ထံ လာရောက်ပြီး လျှင် ဒဏ်ရာကို ဆေးစည်း၍ပေး၏။ ထို့နောက် မြို့တွင်းမှ ကုလက်စလူနာ တစ်ယောက်ထံ သွားရန် ရှိနေသေးသဖြင့် "အရှင်ဘုရား၊ တပည့်တော် ပြန်ရောက်မလာမချင်း ဤဆေးကို စည်းမြဲတိုင်းသာ ရှိနေပါစေ ဘုရား" ဟု လျှောက်ခဲ့၏။ သို့ရာတွင် ဆရာဇီဝကသည် ကျောင်းသို့ တစ်ဖန်ပြန်၍ မလာနိုင်တော့ပေ။

လူနာကိုကုပြီး၍ ပြန်လာမည်ပြုစဉ်တွင်ပင် မိုးချုပ်သွား၍ မြို့တံခါး ကြီး ပိတ်ထားသဖြင့် "ဩော်၊ ငါသည် ဝန်လေးသောအမှုကို ပြုမိပေစွ၊ ဘုရားရှင်၏ ဒဏ်ရာကို သာမန်လူများ၏ ဒဏ်ရာကဲ့သို့ ထက်မြက်သောဆေး များ စည်း၍ ပေးခဲ့မိ၏၊ ယခုအချိန်ကား စည်းထားသောဆေးကို ဖြေရ မည့် အချိန်သည်။ ဤအချိန်တွင်မှ မဖြေမိလျှင် ဘုရားရှင်၏ ကိုယ်တော် တစ်ခုလုံး ပူလောင်နေပေလိမ့်မည်"ဟု စဉ်းစားနေမိ၏။ ဤသို့ စဉ်းစား စားနေသည်ကို ဘုရားရှင် သိတော်မူသဖြင့် အရှင်အာနန္ဒာအား စည်း ထားသောဆေးကို ဖြေစေတော်မူ၏။ ဒဏ်ရာသည် သစ်ပင်မှ သစ်ခေါက် ကွာကြသကဲ့သို့ အနာဖေးကွာကျ၍ ပကတိ အသားအတိုင်း တည်ရှိနေ လေသည်။

ဆရာဇီဝကသည် နံနက်အရုဏ်တက်၍ မြို့တံခါးကြီး ဖွင့်လျှင်ဖွင့်ချင်း ဘုရားရှင်ထံ လာရောက်ပြီး လျှင် "အရှင်ဘုရား၊ အရှင်ဘုရား၏ကိုယ်တော် မှ ပူလောင်ခြင်းကို ခံစားရပါသလော"ဟု မေးလျှောက်၏။ ဤသို့ မေးလျှောက်သော ပုစ္ဆာကို ဖြေတော်မူသောအားဖြင့် ဘုရားရှင်က အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

(ဒေဝဒတ်၏ ဘုရားရှင်အား သတ်ဖြတ်ရန် ကြံစည်ခြင်းများကို ယမက ဝဂ်၊ ဒေဝဒတ်(မြေမျိုခြင်း) ဝတ္ထုမှာ ရှုပါ။)

### ဒေသနာတော်

၉၁။ သတိရှိသော သူတို့သည် လုံ့လကြိုးကုတ် အားထုတ်ကြကုန်၏။ ထိုသူတို့သည် ကာမဂုဏ် ဟူသော တည်ရာတို့၌ မမွေ့လျော်ကြကုန်။ ဟင်္သာတို့သည် ရွံ့ညွန်အိုင်ကို စွန့်ခွာ၍ ပျံသန်းကြသကဲ့သို့ တဏှာဟူသော တည်ရာ ဟူသမျှကို စွန့်ခွာ၍ သွားကြကုန်၏။

## အရှင် မဟာကဿပ

ရာဇဂြိုဟ်မြို့တော်မှ ထွက်၍ ဘုရားရှင် ဒေသစာရီ လှည့်လည်တော်မူစဉ် အရှင် မဟာကဿပလည်း မိမိ၏ တပည့်ရဟန်းများနှင့်အတူ လိုက်ပါ၏။ မာပမာဒ အမည်ရှိ ချောက်သို့ ရောက်သောအခါ ဘုရားရှင်က "ကဿပ ရာဇဂြိုဟ်မြို့တော်၌ လူအများတို့သည် သင်၏ ဆွေမျိုးသော်လည်းကောင်း၊ အလုပ်အကျွေးသော် လည်းကောင်း ဖြစ်ကြကုန်၏။ ထိုသူတို့သည် သာရေးနာရေး ကိစ္စတို့၌ ရဟန်းများကို ပင့်ဖိတ်လိုကြ၏။ ကျောင်းတော်၌ ရဟန်းသံဃာ မြွတ်လပ်၍ မနေနစေရန် သင့်ပရိသတ်များနှင့်တကွ ကျောင်းတော်သို့ ပြန်လေလော့"ဟု မိန့်တော်မူ၏။ အရှင်မဟာကဿပသည် မိမိ၏ တပည့်ပရိသတ်များနှင့်တကွ ကျောင်းတော်သို့ ပြန်ကြွသွားလေသည်။

အရှင်မဟာကဿပ၏ ဂုဏ်ကျေးဇူးကို မသိနိုင်ကြသော ရဟန်းများက "ငါတို့သည် သပိတ်ဖုတ်ခြင်း၊ သင်္ကန်းလျှော်ခြင်း ပြုစဉ်တုန်းကပင် အရှင်မဟာကဿပသည် မိမိ၏ ဆွေမျိုးများနှင့် အလုပ်အကျွေးများကို စွန့်ခွာ၍ သွားနိုင်မည်မဟုတ်ဟု ဆိုခဲ့၏၊ ယခု ဆိုခဲ့သည့်အတိုင်း ဖြစ်လာပေသည်"ဟု ဆိုကြကုန်၏။ ဤတွင် ဘုရားရှင်က "ရဟန်းတို့၊ လွန်ခဲ့သော ကမ္ဘာတစ်သိန်းထက်၌ ပွင့်တော်မူသော ပဒုမုတ္တရ ဘုရားရှင်၏ လက်ထက်တော်တွင် ပစ္စည်းလေးပါးတို့၌ မကပ်ငြိမူ၍ ဒါယကာစတုဿထ်တွင် လမင်းပမာ ချဉ်းကပ်ရန် စွမ်းနိုင်ပါလို၏ဟု ဆုတောင်းခဲ့၏။ ယခု ထိုဆုတောင်းအတိုင်း ကျင့်သုံးနေခြင်းသာ ဖြစ်ပေသည်။ ကျောင်းတိုက်အစနှင့် ဒါယကာ၊ ဒါယိကာမတို့ကို မစွန့်နိုင်၊ မခွာနိုင်၍ မဟုတ်။ ငါဘုရား၏ အမိန့်ကို လိုက်နာ၍ ပြန်သွားခြင်းသာ ဖြစ်ပေသည်"ဟု မိန့်မြွက်တော်မူပြီးလျှင် ထိုစကားများနှင့် ဆက်စပ်၍ တရားစကား ဟောကြားတော်မူလိုအပြင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၉၂။ အကြင်ပုဂ္ဂိုလ်တို့အား သိုမှီးသိမ်းဆည်းခြင်း မရှိပေ။ အကြင်ပုဂ္ဂိုလ်တို့သည် ပရိညာ သုံးပါးဖြင့် ပိုင်းခြား၍ ခံဖွယ်ဘောဇဉ်ကို သုံးဆောင်ကုန်၏။ အကြင်ပုဂ္ဂိုလ်တို့သည် ရာဂ စသည်တို့မှ ကင်းဆိတ်သော ရာဂ စသော နိမိတ်မရှိသော နိဗ္ဗာန်အာရုံ၌ ကျက်စားကြကုန်၏။ ကောင်းကင်၌ ငှက်တို့၏ သွားရာလမ်းကြောင်းကို မမြင်နိုင်သကဲ့သို့ ထိုရဟန္တာ ပုဂ္ဂိုလ်တို့၏ လားရာဂတိကို မမြင်နိုင်ပေ။

## အရှင် ဗေလဋ္ဌသီသ

ဇေတဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဆွမ်းများကို အခြောက်လှန်း၍ စားသောက် နေထိုင်သော အရှင် ဗေလဋ္ဌသီသကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

အရှင်ဗေလဋ္ဌသီသသည် ''နေ့စဉ်နေ့တိုင်း ဆွမ်းခံနေရသည်မှာ ဆင်းရဲပုံမှ''ဟု နှလုံးသွင်းကာ ပိုလျှံသော ဆွမ်းများကို အခြောက်လှမ်း ပြီးလျှင် နောက်ထပ် နှစ်ရက်သုံးရက်မျှ ဆွမ်းမခံဘဲ ထိုဆွမ်းခြောက်များကိုသာ စားနေ၏။ ဆွမ်းခံသွားနေရမည့်အချိန်တွင် ဈာန်ချမ်းသာကို ခံစား၍ နေ၏။ ဘုရားရှင်သည် ယင်းကိစ္စကို အကြောင်းပြုကာ သိုမှီးသိမ်းဆည်း စားသောက်ခြင်းအား ရှောင်ကြဉ်ရန် သိက္ခာပုဒ်ကို ပညတ်တော်မူ၏။ အရှင်ဗေလဋ္ဌသီသသည်ကား အလိုနည်းခြင်းကြောင့် ပြုလုပ်ခဲ့ခြင်းဖြစ်၍ ဘုရားရှင်က အပြစ်တင်တော်မမူဘဲ ထိုအကြောင်းနှင့် ဆက်စပ်၍ တရားစကား ဟောကြားတော်မူလိုသဖြင့် အထက်ပါ ဒေသနာကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၉၃။ အကြင်ပုဂ္ဂိုလ်အား အာသဝတရားတို့ ကုန်ခမ်းကုန်၏။ အစာအဟာရ၌လည်း စွဲလမ်း မှီတွယ်ခြင်းမရှိချေ။ အကြင်ပုဂ္ဂိုလ်တို့သည် ရာဂ စသော နိမိတ်မရှိသော နိဗ္ဗာန်အာရုံ၌ ကျက်စားကြကုန်၏။ ကောင်းကင်၌ ငှက်တို့၏ ခြေရာကို မသိနိုင်သကဲ့သို့ ရဟန္တာ ပုဂ္ဂိုလ်တို့၏ လားရာဂတိကို မသိနိုင်ပေ။

## အရှင် အနုရုဒ္ဓါ

ဝေဠုဝန်ကျောင်း၌ ဘုရားရှင်သီတင်းသုံးတော်မူစဉ် ဆွမ်း ခဲဖွယ်ဘောဇဉ်များစား၍ မကုန်နိုင်အောင် ရှိသော အရှင်အနုရုဒ္ဓါကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

တစ်နေ့သောအခါ၌ အရှင်အနုရုဒ္ဓါသည် မိမိ၏သင်္ကန်းများ ဆွေး မြည့်နေပြီဖြစ်၍ ပံ့သကူ သင်္ကန်းကို လှည့်လည်ရှာဖွေ၏။ လွန်ခဲ့သော သုံးဘဝတုန်းက အရှင်အနုရုဒ္ဓါ၏ မယားဖြစ်ခဲ့ဖူးသော ဇာလိနီနတ်သမီးသည် ဤအကြောင်းကို သိသဖြင့် တာဝတိံသာနတ်ပြည်မှ ဆင်းသက်လာ၏။ အရှင်အနုရုဒ္ဓါက ဤအတိုင်းလှူလျှင် အလှူခံမည်မဟုတ်သဖြင့် အလျား တစ်ဆယ့်သုံးတောင်၊ အနံလေးတောင်ရှိသော နတ်ပုဆိုး သုံးထည်တို့ကို အမှိုက်အောက်မှာထားကာ အဖျားစကလေးပေါ်ရုံသာပြု၍ထား၏။ အရှင်အနုရုဒ္ဓါလည်း ထိုအဖျားစကလေးကို မြင်၍ ပံ့သကူကောက်လိုက်ရာ နတ်ပုဆိုးသုံးထည်စလုံး ပါလာလေတော့သည်။

ထိုသင်္ကန်းသို့ချုပ်သောနေ့၌ ဘုရားရှင်နှင့်တကွ မဟာသာဝကကြီး ရှစ်ကျိပ်တို့သည် အရှင်အနုရုဒ္ဓါ၏ ကျောင်းသို့ ကြွတော်မူကြ၏။ အရှင်မဟာကဿပသည် သင်္ကန်းအရင်း၌နေ၏၊ အရှင်သာရိပုတ္တရာသည် အလယ်၌ နေ၏၊ အရှင်အာနန္ဒာသည် အဖျား၌နေ၏။ ကျန်သော ရဟန်းများက အပ်ချည်ကျစ်ကြ၏။ အရှင်မောဂ္ဂလာန်ကား၊ လိုအပ်ရာရာကို ယူဆောင်၍ ပေးနေလေသည်။

အရှင်အနုရုဒ္ဓါ၏ကျောင်းမြေကို သိကြားမင်းက ညီညွတ်အောင် ပြုပြင်ကာ ချိပ်ရည်လောင်းထားသကဲ့သို့ဖြစ်အောင်ပြုပေး၏။ အရှင်မောဂ္ဂလာန်သည်ဆွမ်းစားချိန် ကျွေးမိတွင် ရဟန်းများအတွက် ဇမ္ဗူသပြေသီးများကို ယူ၍ကျွေး၏။ ဇာလိနီနတ်သမီးကိုနှိုးဆော်ထားသဖြင့် ဒါယကာ ဒါယိကာမများကလည်း ဆွမ်း ခဲဖွယ်များ သူ့ထက်ငါ ပို့သကြ၏။

ဆွမ်း ခဲဖွယ် ပေါများလှသဖြင့် ရဟန်းအပေါင်းတို့ စားသောက်မြဲကုန် နိုင်ပေ။ အရှင်အနုရုဒ္ဓါ၏ ဂုဏ်ကျေးဇူးကို မသိသေးသော ရဟန်းများက "အရှင်အနုရုဒ္ဓါသည် မိမိ၏ ဆွေမျိုးများကြောင်း၊ အလုပ်အကျွေးများ ကြောင်းကို ပြသလိုတကား" ဟု ဆိုကြကုန်၏။ ဤသို့ ဘုရားရှင်က "ရဟန်းတို့၊ ရဟန္တာတို့မည်သည်ကား ပစ္စည်းနှင့်စပ်သောစကားကို မဆို ကုန်။ ဤသို့ ဆွမ်းခဲဖွယ်ပိုလျှံနေရခြင်းကား နတ်တို့ နှီးဆော်ထား၍ဖြစ် ပေသည်" ဟု မိန့်တော်မူပြီးလျှင် ထိုစကားနှင့် ဆက်စပ်၍ တရားစကား ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၉၄။ ရထားထိန်းကကောင်းစွာဆုံးမထားပြီးသောမြင်းတို့သည် တည်ငြိမ် ကြသကဲ့သို့ အကြင်ပုဂ္ဂိုလ်၏ ဣန္ဒြေတို့သည် တည်ငြိမ် ကြကုန်၏။ မာနကို ပယ်ပြီးသော၊ အာသဝမရှိသော၊ တာဒိဂုဏ်နှင့် ပြည့်စုံ သော ထိုရဟန္တာအား နတ်တို့သည် ချစ်မြတ်နိုးကြကုန်၏။

# အရှင်မဟာကစ္စည်း

သာဝတ္ထိမြို့တော်ဝိသာခါ၏ ပြာသာဒ်ကျောင်းအဆောက်၌ ဘုရားရှင်သီတင်း သုံးတော်မူစဉ် သိကြားမင်း၏ ရှိခိုးပူဇော်ခြင်းကို ခံယူရသော အရှင်မဟာ ကစ္စာနကိုအကြောင်းပြု၍ဤဒေသနာတော်ကိုဟောကြားတော်မူလေသည်။

ဘုရားရှင်နှင့်တကွ မဟာသာဝကကြီးများ သီတင်းသုံးတော်မူရာသို့ သိကြားမင်းသည်အခြံအရံများနှင့်တကွသွားရောက်၍ပူဇော်၏။ သီတင်းသုံး နေကြသော မဟာသာဝကကြီးများတွင် မိမိ ကြည်ညိုမြတ်နိုးသောအရှင် မဟာကစ္စည်း မပါရှိသဖြင့် "ငါ၏အရှင် ကြွလာလျှင် ကောင်းလေစွ" ဟု တောင့်တမိ၏၊ ထိုသို့ သောတောင့်တနေခိုက်မှာပင် အရှင်မဟာကစ္စည်း သည်လည်း အဝန္တိတိုင်းမှ ကြွလာ၍ မိမိ အတွက် ခင်းထားသော နေရာ၌ ထိုင်၏၊ သိကြားမင်းသည် အရှင်မဟာကစ္စည်း၏ ခြေထောက်များကို ဆုပ် နယ်ပြီးလျှင် "တပည့်တော်၏ အရှင် ကြွလာပေသည်တကား။ တပည့် တော်သည် အရှင်ကြွလာရန် မျှော်လင့်နေပါသည်ဘုရား" ဟု ဝမ်းမြောက် ဝမ်းသာ လျှောက်ထားလေသည်။

အရှင်မဟာကစ္စည်း၏ ဂုဏ်ကျေးဇူးကို မသိကြသေးသော ရဟန်းများက "သိကြားမင်းသည် အရှင်မဟာကစ္စည်းကိုသာ မျက်နှာလိုက်၍ ပူဇော်ဘိ၏၊ အခြားမထေရ်ကြီးများကိုကား မပူဇော်ချေတကား" ဟု ဆိုကြကုန်၏။ ဤတွင် ဘုရားရှင်က "ရဟန်းတို့၊ ငါ၏တပည့်ဖြစ်သော မဟာကစ္စည်းကဲ့သို့ ဣန္ဒြေစောင့်စည်းသော ရဟန်းတို့အား နတ်ရော လူပါ ချစ်မြတ်နိုးကြပေသည်" ဟု မိန့်ကြားတော်မူပြီးလျှင် ထိုစကားနှင့်ဆက်စပ်၍ တရားစကား ဟောကြားတော်မူလိုသဖြင့် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၉၅။ တာဒိဂုဏ်နှင့်ပြည့်စုံသော၊ ကောင်းသောအကျင့်ရှိသော ပုဂ္ဂိုလ်သည် မြေကြီးကဲ့သို့ လည်းကောင်း၊ တံခါးတိုင်ကဲ့သို့ လည်းကောင်း သည်းခံစိတ်ရှိသည်ဖြစ်၍ ဆန့်ကျင်ရန်ဖက်ခြင်း မပြုပေ။ ရွှံ့ညွှန်ကင်းသော ရေအိုင်ကဲ့သို့ ထိုရဟန္တာပုဂ္ဂိုလ်အား သံသရာ ကျင်လည်ရခြင်းတို့ မဖြစ်ကုန်။

# အရှင်သာရိပုတ္တရာ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် မိမိကိုယ်ကို အလွန်တရာ နှိမ့်ချတတ်သော အရှင်သာရိပုတ္တရာကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

တစ်ခုသော ဝါကျွတ်ကာလတွင် အရှင်သာရိပုတ္တရာသည် ဘုရားရှင်ထံ ပန်ကြားပြီးလျှင် မိမိ၏ရိသတ်နှင့်တကွ ဒေသစာရီ လှည့်လည်ရန် ဇေတဝန်ကျောင်းတော်မှ ထွက်ခွာ၏။ အခြား သီတင်းသုံးဖော်များက အရှင်မြတ်ကြီးအား လိုက်၍ ပို့ကြရာ အရှင်မြတ်ကြီးက ထိုသီတင်းသုံးဖော်တို့ကို အမည်အားဖြင့် လည်းကောင်း၊ အနွယ်အားဖြင့် လည်းကောင်း ရင်းနှီးစွာ ခေါ်ဝေါ်နှုတ်ဆက်၏။ ထိုသီတင်းသုံးဖော်များ အကြားတွင် ပါလာသော ရဟန်းတစ်ပါးကိုကား၊ သတိမထားမိသဖြင့် နှုတ်မဆက်ခဲ့ရပေ။ မိမိအား မနှုတ်ဆက်ခဲ့သည့်အတွက် ထိုရဟန်းကဲ ရန်ငြိုးဖွဲ့၏။ ထို့ပြင် အရှင်မြတ်ကြီး၏ ဒုကုဋ်သင်္ကန်းစွန်းကလည်း ထိုရဟန်းကိုအမှတ်မထင် ထိခိုက်သွားမိ၏။ ထိုသို့ဖြစ်၍ ထိုရဟန်းသည် ရန်ငြိုးကြီးသည်

ထက်ကြီးလာကာ ဘုရားရှင်ထံဝင်ရောက်ပြီးလျှင် "အရှင်ဘုရား၊ အရှင်သာရိပုတ္တရာသည် အရှင်ဘုရားတို့၏ အဂ္ဂသာဝကပေတကား"ဟူ၍ မာန်မူပြီးလျှင် "တပည့်တော်ကို နားရင်းမှာ ပုတ်ခတ်ပြီးလျှင် မတောင်းပန်ဘဲ ထွက်သွားပါသည်ဘုရား"ဟု လျှောက်ထား၏။ ဘုရားရှင်ကလည်း အရှင်သာရိပုတ္တရာအား ပြန်ခေါ်ခဲ့ရန် အမိန့်ချမှတ်တော် မူလေသည်။

အရှင်မဟာမောဂ္ဂလာန်နှင့် အရှင်အာနန္ဒာတို့သည် ဘုရားရှင်၏ ရည်ရွယ်ချက်ကို ရိပ်စားမိကြသဖြင့် ကျောင်းပေါင်းစုံသို့ လှည့်လည်ကြပြီးလျှင် "ငါ့ရှင်တို့၊ ထွက်ကြကုန်လော့။ ဘုရားရှင်၏ ရှေ့တော်မှောက်၌ အရှင်သာရိပုတ္တရာသည် ခြင်္သေ့မင်း ဟောက်ဘိသကဲ့သို့ ကြောက်ရွံ့ခြင်း ကင်း၍ ရဲတင်းသောစကား ဆိုလတ္တံ့"ဟု နှိုးဆော်ကြ၏။ ဘုရားရှင် ရှေ့တော်မှောက်၌ ရဟန်းများ စည်းဝေးမိကြသည်တွင် အရှင် သာရိပုတ္တရာလည်း ဝင်ရောက်လာ၏။

ရှိသေစွာ ရှိခိုး၍ ထိုင်နေသော အရှင်သာရိပုတ္တရာအား ဘုရားရှင်က ရန်ငြိုးထားသော ရဟန်း၏စကားကို ဟုတ်မဟုတ် မေးမြန်းတော်မူ၏။ အရှင်သာရိပုတ္တရာက "အရှင်ဘုရား၊ ကာယဂတာသတိကို မပွားများသော ရဟန်းသည်သာလျှင် ဤသာသနာတော်၌ တစ်ပါးသော ရဟန်းကို ပုတ်ခတ်ရာ၏။ ပုတ်ခတ်ပြီးနောက် အပြစ်ကိုပဆင်ခြင်ဘဲ ထွက်ခွာသွားနိုင်ရာ၏"ဟု လျှောက်ထားပြီးလျှင် မိမိကိုယ်ကို မြေကြီးစသော ဥပမာများဖြင့် တင်စား၍ နှိမ့်ချတတ်သော စိတ်ထားရှိပုံကို လျှောက်ထား၏။ မြေကြီးပေါ်၌ စင်ကြယ်သောအရာဝတ္ထုနှင့် မစင်ကြယ်သော အရာဝတ္ထုတို့ကို ပစ်ချသော်လည်း မြေကြီးသည် အမျက်မထွက်ဘဲ သည်းခံ၏။ ရေ၊ မီး၊ လေတို့သည် ထို့အတူပင်သည်းခံ၏။ ခြေသုတ် ပုဆိုး၊ ဒွန်းစဏ္ဍားမျိုးနှင့် ဦးချိုကျိုးသော နွားတို့သည်လည်း သူတကာတို့ နှိပ်စက် စော်ကားသော်လည်း အမျက်မထွက်ဘဲ သည်းခံကြ၏။ ထို့ပြင် မိမိကိုယ်ကို မြွေပုပ်ကဲ့သို့ လည်းကောင်း၊ အဆီထည့်သော အိုးကဲ့သို့လည်းကောင်း ရှုမြင် သုံးသပ်ထားပုံတို့ကိုလည်း အရှင်သာရိပုတ္တရာက လျှောက်ထား၏။ မိမိကိုယ်ကို ခြေသုတ်ပုဆိုး၊ စဏ္ဍာလမျိုးနှင့် အဆီအိုးဖြင့် ဥပမာပြုသည်ကို ကြားရသောအခါ ပုထုဇဉ်ရဟန်းများ မျက်ရည်ဆည်နိုင်ဖြစ်ကြရ၏။ ရဟန္တာပုဂ္ဂိုလ်များကား ဓမ္မသံဝေဂ ဖြစ်ကြရလေသည်။

အရှင်သာရိပုတ္တရာက် အထက်ပါ ဥပမာများဖြင့် ဝင်လျောက်နေစဉ် ရန်ငြိုးထားခဲ့သော ရဟန်းမှာ တစ်ကိုယ်လုံး ပူလောင်လာကာ အရှင်သာရိပုတ္တရာ၏ခြေကိုဦးခိုက်၍ ဝန်ချတောင်းပန်၏။ အရှင်သာရိပုတ္တရာက်လည်း ထိုရဟန်း၏အပြစ်ကို သည်းခံရုံတွင်မကဘဲ "ငါ့ရှင်၊ ငါ့မှာအပြစ်ရှိလျှင်လည်း ခွင့်လွှတ်ပါ"ဟု တုံ့ပြန်၍ တောင်းပန်လေသည်။

ရဟန်းတို့သည် တရားသဘင်၌ အရှင်သာရိပုတ္တရာ၏ဂုဏ်ကျေးဇူးကို ချီးကျူး မပြောဆိုနေကြစဉ် ဘုရားရှင် ကြွတော်မူလာ၍ မြီးလျှင် ထိုစကားနှင့်ဆက်စပ်၍ တရားစကား ဟောကြားတော်မူလိုသဖြင့် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

### ဒေသနာတော်

၉၆။ ။တရားကို ကောင်းမွန်စွာသိ၍ ကိလေသာမှ လွတ်ပြီးသော၊ ငြိမ်သက်သော၊ တာဒိဂုဏ်နှင့်ပြည့်စုံသော ထိုရဟန္တာ၏ စိတ်သည် ငြိမ်သက်၏။ နှုတ်အမူအရာသည် လည်းကောင်း၊ ကိုယ်အမူအရာသည် လည်းကောင်း ငြိမ်သက်၏။

## ကောသမ္ဗီမြို့နေ အရှင်တိဿ၏ တပည့်သာမဏေ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ကောသမ္ဗီမြို့နေ အရှင်တိဿ၏ တပည့်သာမဏေကို အကြောင်းပြု၍ ဤဒေသနာကို ဟောကြားတော်မူလေသည်။

ကောသမ္ဗီမြို့မှာ ဝါဆိုနေထိုင်သော အရှင်တိဿအား သူ၏ကျောင်းဒါယကာက သင်္ကန်းသုံးထည်၊ ထောပတ်နှင့် တင်လဲတို့ကို လှူဒါန်း၏။ အရှင်တိဿက "မိမိမှာ ဝေယျာဝစ္စ ဆောင်ရွက်ပေးမည့် သာမဏေမရှိ၍ ဤပစ္စည်းများကို အလှူမခံလို"ဟု ဆို၍ငြင်းပယ်၏။ ကျောင်းဒါယကာက ခုနစ်နှစ်အရွယ်ရှိ မိမိသားကို အရှင်တိဿထံသို့ အပ်နှံ၍ သာမဏေ ဝတ်ပေး၏။ ထိုသူငယ်အား အရှင်တိဿက တစပဉ္စက ကမ္မဋ္ဌာန်းကို ဟောကြားရင်း ခေါင်းရိတ်ပေးလေရာ ထိုသူငယ်သည် ခေါင်းရိတ်အပြီးတွင် ရဟန္တာဖြစ်သွားလေသည်။

အရှင်တိဿသည် သူငယ်ကို ရှင်ပြုပေး၍ ဆယ့်ငါးရက် ကြာတွင် သာမဏေနှင့်အတူ ဘုရားရှင်ကို ဖူးမြော်ရန် ခရီးထွက်လာ၏။ ခရီးအကြား၌

ကျောင်းတစ်ကျောင်းသို့ ဝင်ရောက်တည်းခိုကြ၍ သာမဏေသည် ဥပဇ္ဈာယ် ဆရာ၏နေရာကို ပြင်ဆင်ပေး၏။ မိမိနေရာကိုကား မိုးချုပ်သွား၍ မပြင်ဆင်တော့ပေ။ ဤတွင် အရှင်တိဿက သာမဏေအား မိမိအခန်းမှာပင် အိပ်ရန်အမိန့်ရှိ၏။ အိပ်ရာဝင်မိလျှင်ပင် ပုထုဇဉ်ဖြစ်သော ဆရာသည် အိပ်မောကျသွား၏။ ဤသို့ ဆရာနှင့်တပည့် တစ်မိုးအောက်ရဲ ဘည်းသော ကျောင်း၌ အတူအိပ်စက်ခဲ့သည်မှာ ယနေ့ညပါနှင့်ဆိုလျှင် သုံးည ရှိသွားတော့မည်ဖြစ်၍ ဆရာအရှင်အား သဟသေယျ အာပတ်မသင့်စေရန် သာမဏေသည် မအိပ်စက်ဘဲ တစ်ညလုံး ထိုင်၍သာနေလေသည်။

ဤသို့နေသည်ကို တစ်ညလုံး အိပ်နေသော အရှင်တိဿက မသိရှာပေ။ နံနက်မိုးသောက်၍ အိပ်ရာမှနိုးသောအခါတွင်မှ သာမဏေ ထိုင်နေသော သင်ဖြူးအဖျားကို ယပ်ဖျားနှင့်လှမ်းရိုက်၍ နှိုးလိုက်၏။ ရိုက်လိုက်သော ယပ်ဖျားသည် သာမဏေ၏မျက်စိကို ပုတ်ခတ်မိသွားသဖြင့် မျက်စိ ပျက်သွားရ၏။ ဤသည်ကို ဆရာကလည်း မသိ။ တပည့်ကလည်း မလျှောက်ထားပေ။ တပည့်သာမဏေသည် ဆရာက "ဤအခန်းမှ ထွက်လော့" ဟု အမိန့်ပေးသဖြင့် ပျက်လေသောမျက်စိကို လက်တစ်ဖက်ဖြင့်ဖိကာ တိတ်ဆိတ်စွာ ထွက်ခွာသွားပေသည်။

သာမဏေသည် မျက်စိပျက်စီးခဲ့ပါသော်လည်း မိမိ၏တာဝန်ဝတ္တရားများကိုကား အပျက်မခံပေ။ ပျက်လေသော မျက်စိကို လက်တစ်ဖက်ဖြင့် ဖိလျက် ဝစ္စကုဋီနှင့် မျက်နှာသစ်သည့်နေရာတို့ကို အမှိုက်လှည်း၏။ မျက်နှာသစ်ရေကို ခပ်ထား၏။ ကျောင်းဝင်းတစ်ခုလုံးကို တံမြက်လှည်း၏။ ထို့နောက် မျက်နှာသစ်နေသော ဆရာအရှင်အား အားနေသော လက်တစ်ဖက်ဖြင့် တံပူကပ်လေရာ "သာမဏေ၊ သင့်ကို ဆရာသမားက မဆုံးမပြီလော၊ ဆရာသမားတို့အား လက်တစ်ဖက်တည်းဖြင့် တံပူကပ်သင့်ပါသလော" ဟု ကြိမ်းမောင်း၏။ ဤတွင်မှ သာမဏေက ဖြစ်ရပ်မှန်ကို လျှောက်ထားလေရာ အရှင်တိဿသည် နောင်တကြီးစွာ ရလေတော့သည်။

အရှင်တိဿက "သူတော်ကောင်းသာမဏေ၊ ငါ့အား သည်းခံပါလော့၊ ငါသည် ထိုအကြောင်းကို မသိခဲ့ပါ" ဟု ရိုသေစွာ တောင်းပန်၏။ သာမဏေက "အရှင်ဘုရား၊ ဤသို့ဖြစ်ရာ၌ အရှင်ဘုရား၏ အပြစ်လည်း မပါပါ။ တပည့်တော်၏ အပြစ်လည်း မပါပါ။ သံသရာဝဋ်၏ အပြစ်သာ ဖြစ်ပါသည်ဘုရား" ဟု ပြန်လည်လျှောက်ထား၏။ သို့ရာတွင် အရှင်တိဿသည် စိတ်မဆေးနိုင်ဘဲ ဘုရားရှင်ထံသို့ ဆက်လက် လာရောက်ကာ ထို

အကြောင်းကို ဘုရားရှင်ထံ လျှောက်ထား၏။ ဤတွင် ဘုရားရှင်က ရဟန္တာ ပုဂ္ဂိုလ်တို့၏ ဂုဏ်ကျေးဇူးကို ဟောတော်မူပြီးလျှင် ထိုစကားနှင့်ဆက်စပ်၍ တရားစကား ဟောကြားတော်မူလိုသဖြင့် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ဒေသနာတော်အဆုံး၌ ကာဠမြို့မြို့နေ အရှင်တိဿသည် ပဋိသမ္ဘိဒါလေးပါးရရှိသော ရဟန္တာဖြစ်လေ၏။

ဒေသနာတော်

၉၇။ အကြင်သူသည် သူတစ်ပါးပြောစကားဖြင့်သာ ယုံကြည်သူမဟုတ်၊ နိဗ္ဗာန်ကို ကိုယ်တိုင် သိသူလည်းဖြစ်၏၊ ဝဋ်သုံးပါး၏အစပ်ကို ဖြတ်တောက်ထားပြီးသူလည်းဖြစ်၏။ ကုသိုလ်၊ အကုသိုလ်ကံတို့၏ အကျိုးပေးခွင့်ကို သတ်ဖြတ်ပြီးသူလည်းဖြစ်၏၊ အလုံးစုံသော တဏှာကို ထွေးအန်ပြီးသူလည်းဖြစ်၏။ ထိုသူသည် စင်စစ်အားဖြင့်ယောကျ်ားမြတ် ဖြစ်ပေ၏။

## အရှင်သာရိပုတ္တရာ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အရှင်သာရိပုတ္တရာကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

အခါတစ်ပါး၌ ဘုရားရှင်သည် မိမိထံပါး၌ ရှိခိုးလျက် ရှိကြကုန်သော တောကျောင်းနေရဟန်းတို့၏ အရဟတ္တဖိုလ် ရောက်မည့်အရေးကို မြင်တော်မူသဖြင့် "သာရိပုတ္တရာ၊ သဒ္ဓိန္ဒြေကို ပွားများသော်၊ အကြိမ်များစွာ အလေ့အလာပြုသော် အမြိုက်နိဗ္ဗာန်သို့ သက်ဝင်၏၊ အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိ၏ ဟူသောစကားကို သင် ယုံကြည်ပါသလော" ဟု မေးမြန်းတော်မူ၏။ ဝီရိယိန္ဒြေ၊ သတိန္ဒြေ၊ ပညိန္ဒြေတို့ကိုလည်း ဤအတိုင်းမေးတော်မူ၏၊ အရှင်သာရိပုတ္တရာက "အရှင်ဘုရား၊ သဒ္ဓိန္ဒြေကို ပွားများသော် အကြိမ်များစွာ အလေ့အလာပြုသော် အမြိုက်နိဗ္ဗာန်သို့ သက်ဝင်၏၊ အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိ၏ဟူသော စကားကို တပည့်တော်သည် အရှင်ဘုရားအား ယုံကြည်၍ ဆည်းကပ်သည်မဟုတ်ပါ။ အရှင်ဘုရား၊ သဒ္ဓိန္ဒြေ၏ ပွားများသော်၊ အကြိမ်များစွာအလေ့အလာပြုသော် အမြိုက်နိဗ္ဗာန်သို့ သက်ဝင်၏၊ အမြိုက်နိဗ္ဗာန်လျှင် အဆုံးရှိ၏ ဟူသောအခြင်းအရာကို ဉာဏ်ပညာဖြင့် ကောန်မသိသူ၊ မရှုမြင်နိုင်သေးသူ၊ ထိုးထွင်း၍

မသိသေးသူ၊ မျက်မှောက်မပြုနိုင်သေးသူတို့သည်သာလျှင် သူတစ်ပါးတို့အား ယုံကြည်၍ ဆည်းကပ်ကုန်ကြ၏”ဟု လျှောက်ထား၏။ အခြားရဟန်းများအတွက်လည်း ဤသို့ ပင် ဖြေကြားလေသည်။

ထိုစကား၏ အနက်အဓိပ္ပာယ်ကိုမသိကြသော ရဟန်းများ “အရှင်သာရိပုတ္တသည် မိစ္ဆာအယူကို မစွန့်သေး၊ ယနေ့ထက် တိုင်အောင်ပင် ဘုရားရှင်ကို မယုံကြည်သေး”ဟုဆိုကြကုန်၏။ ဤတွင် ဘုရားရှင်က “ရဟန်းတို့၊ သာရိပုတ္တရာသည် ကုသိုလ်ကောင်းမှု၏အကျိုးဝိပါက်ကိုလည်းကောင်း၊ ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးတို့ကိုလည်းကောင်း မယုံကြည်သည် မဟုတ်ပေ။ ဤသာရိပုတ္တရာသည် မိမိရသော ဈာန်ဝိပဿနာ မဂ်ဖိုလ်တို့၌ သူတစ်ပါးတို့အား ယုံကြည်၍ ဆည်းကပ်နေရသူမဟုတ်ပေ။ မိမိကိုယ်တိုင် သိမြင်ထားပြီးသူဖြစ်၍ ဤသို့ လျှောက်ထားပေသည်”ဟု မိန့်တော်မူပြီးလျှင် ဤစကားများနှင့် ဆက်စပ်၍ တရားစကား ဟောကြားတော် မူလိုသဖြင့် အထက်ပါဒေသနာတော်ကို ဟောကြားတော်မူလေလတည်း။

ဤဒေသနာတော်အဆုံး၌ သုံးကျိပ်သောရဟန်းတို့သည် ရဟန္တာ ဖြစ်ကြကုန်၏။

ဒေသနာတော်

၉၈။ ရွာ၌ဖြစ်စေ၊ တော၌ဖြစ်စေ၊ ချိုင့်ဝှမ်း၌ ဖြစ်စေ၊ ကုန်းမြင့်၌ ဖြစ်စေ ရဟန္တာပုဂ္ဂိုလ်တို့ နေထိုင်ကြကုန်၏။ ရဟန္တာပုဂ္ဂိုလ်တို့ နေထိုင်ရာ ထိုအရပ်သည် မွေ့လျော်ဖွယ်ရှိ၏။

## ရေဝတ သာမဏေ (ရှားတောနေ)

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အရှင်သာရိပုတ္တရာ၏ ညီအထွေးဆုံးဖြစ်သော သာမဏေရှင်ရေဝတ အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

အရှင်သာရိပုတ္တရာသည် ရှင်ဆယ့်ခုနစ်ကုဋေမျှသော စည်းစိမ်ဥစ္စာတို့ကို စွန့်လွှတ်၍ ရဟန်းပြုသည့်နောက်တွင် စာလာ၊ ဥပစာလာ၊ သိသူပစာလာ ဟူသော ညီအစ်မသုံးယောက်နှင့် နန္ဒ၊ ဥပသေန ဟူသော ညီနောင်နှစ်ယောက် တို့လည်း ရဟန်းပြုလာကြ၏။ သို့ဖြစ်၍ မယ်တော်သာရိပုဏ္ဏေးမကြီး၏လက်ထဲတွင် အထွေးဆုံးသားငယ် ရေဝတတစ်ယောက်သာ ကျန်ရစ်တော့၏။ ထို

စတုတ္ထအကြိမ်

ကြောင့် သာရိပုတ္တရာမကြီးက အနမ္မဆက်ခံမည့်သူ ကျန်ရစ်စေရန် ခုနစ်နှစ်မျှသာရှိသေးသော ရေဝတကို သက်တူ ရွယ်တူ အမျိုးအနွယ်တူ မိန်းကလေး တစ်ယောက်နှင့် လက်ထပ်ပေး၏၊ မိန်းကလေးအိမ်သို့သွားရောက်၍ မင်္ဂလာအခမ်းအနား ပြုလုပ်ကြကာ မင်္ဂလာစကား ပြောကြားရာတွင် သတို့သမီး၏ဆွေမျိုးများက "ချစ်သမီးသည် ချစ်သမီး၏ဘွားကဲ့သို့ အသက်ရှည်ပါစေ" ဟုဆိုကြ၏။ ရေဝတသည် ထိုဘွားသက်ရှည်ကို ကြည့်လိုမြင်လိုလာသဖြင့် သွားကြည့်သောအခါ သွားကလည်း ကျိုးချောင်းမျှမရှိ၊ ဆံပင်များက ဆွတ်ဆွတ်ဖြူ၊ အသားအရေတွက တွန့်လိမ်တွဲကျလျက် ခါးကုန်းနေသော အသက်တစ်ရာ့နှစ်ဆယ်ရှယ် အဘွားအိုကို တွေ့ရ၏၊ ဤတွင် ရေဝတသည် "မိမိ၏ သတို့သမီးကလေးသည် အချိန်တန်လျှင် ဤသို့ပင် ဖြစ်လာပေမည်၊ ယနေ့ပင် ငါသည် နောင်တော်ကြီး ဥပတိဿထံ သွား၍ ရဟန်းဘောင် ဝင်တော့မည်" ဟု တွေးတောကြံစည်မိလေသည်။

ထိုအကြံကို အကောင်အထည် ဖော်နိုင်စေရန် ရေဝတသည် သတို့သမီးကို လှည်းနှင့်တင်၍ ခေါ်ယူလာသောအခါ နောက်ဖေးသွားချင်သည် ဆို၍ လှည်းပေါ်မှ ဆင်းခဲ့၏။ ချုံဖုတ်ထဲမှာ ခေတ္တထိုင်ဖာနဲ့ ပြုပြီးမှ ပြန်လိုက်လာ၏။ နောက်ထပ် နှစ်ကြိမ်မှ သုံးကြိမ်ထိ ဤသို့ပင် ပြုပြန်၏၊ အစောင့်အရှောက် လိုက်ပါလာသော ဆွေမျိုးများသည် "ဝမ်းဖောက်ပြန်နေ၍ပင် ဖြစ်မည်၊ သူ့ကိစ္စပြီးလျှင် လိုက်လာလိမ့်မည်" ဟု တွေးတောကာ တအိအိ မောင်းသွားကြ၏၊ ရေဝတသည် ဤအခွင့်ကောင်းကို လက်လွှတ်မခံပေးဘဲ လွတ်ရာ ကျွတ်ရာ ပြေးထွက်လာခဲ့ရာ တောကျောင်းနေ ရဟန်းသုံးကျိပ်နှင့် တွေ့၍၊ ထိုရဟန်းများကို အရှင် သာရိပုတ္တရာက "ရေဝတလာလျှင် ရှင်ပြုပေးလိုက်ကြပါ" ဟု မှာထားပြီး ဖြစ်သဖြင့် ထိုရဟန်းများက ရေဝတကို ရှင်ပြုပေးလိုက်ကြလေသည်။

သာမဏေ ရှင်ရေဝတသည် ဆွေမျိုးများနှင့် ဝေးဝေးနေလိုသဖြင့် တောနေရဟန်းများထံမှ ကမ္မဋ္ဌာန်းတောင်းပြီးလျှင် ယူဇနာသုံးဆယ်ကွာ လှမ်းသော ရှားတောရှိရာသို့ သွား၍ တရားအားထုတ်၏၊ မကြာမီမှာပင် ပဋိသမ္ဘိဒါလေးပါး ရရှိလျက် ရဟန္တာဖြစ်၏။ အရှင် သာရိပုတ္တရာသည် ဝါကျွတ်၍ ပဝါရဏာပြုပြီးလျှင် ရေဝတ သာမဏေထံသို့ သွားခွင့်ပန်လေသည်။

ဘုရားရှင်ကလည်း နေ့စက်ပါ ရဟန်းငါးရာနှင့်တကွ ဇေတဝန်ထံသို့ ကြွချီတော်မူ၏၊ အတန်ငယ်သွားမိကြလျှင် လမ်းနှစ်သွယ်ခွဲရာသို့ ရောက်လာကြသဖြင့် အရှင်အာနန္ဒာက "အရှင်၊ လမ်းတစ်သွယ်သည် လမ်းကွေ့ဖြစ်၍ ယူဇနာခြောက်ဆယ် ရှိပါသည်။ လမ်းတစ်သွယ်ကား လမ်းဖြောင့်ဖြစ်၍ ယူဇနာသုံးဆယ် ရှိပါသည်။ လမ်းကွေ့တွင် မြို့များရွာများရှိပါသည်၊ လမ်းဖြောင့်မှာကား လူနေအိမ်ခြေမရှိ။ နတ်ဘီလူးတို့ ကြီးစိုးသော တောလမ်းခရီးသာ ဖြစ်ပါသည်။ အဘယ်လမ်းဖြင့် သွားကြရပါမည်နည်း" ဟု လျှောက်ထား၏။ ဘုရားရှင်က "ဤရဟန်းများထဲ၌ သီဝလိ ပါလာလျှင် လမ်းဖြောင့်မှ သွားကုန်အံ့"ဟု မိန့်ကြားတော်မူလေသည်။

ဤအရပ်သည်ကား အရှင်သီဝလိ၏ ပြုစုခဲ့ဖူးသော ကုသိုလ်ကောင်းမှု၏ အကျိုးပေးရာ အရပ် ဖြစ်နေ၍ ဘုရားရှင်က ဤသို့ မိန့်ကြားတော်မူခြင်း ဖြစ်၏။ အရှင်သီဝလိသည် လွန်လေပြီးသော ကိုးဆယ့်တစ်ကမ္ဘာက ပွင့်တော်မူသော ဝိပဿီ ဘုရားရှင်၏ လက်ထက်တော်တွင် မထင်ရှားသော ဇနပုဒ်သား တစ်ယောက် ဖြစ်ခဲ့၏။ သူသည် ရွာစားမင်းထံ အကြောင်းကိစ္စ တစ်ခုဖြင့် လာရောက်ခဲ့ရာ လမ်းတွင် ပျားအုံတစ်အုံတွေ့ရှိသဖြင့် ပျားကောင်များကို ခြောက်လှန့်၍ ထုတ်ပြီးလျှင် ပျားအုံနှင့်တကွ ယူလာခဲ့၏၊ ထိုအခါ၌ ဝိပဿီမြတ်စွာဘုရားအား ဘုရားရှင်၏ ခမည်းတော် မင်းကြီးနှင့် မြို့သူမြို့သားတို့က အပြိုင်အဆိုင် တစ်လှည့်စီ ဆွမ်းကပ်နေကြရာ မည်သည့်ဘက်ကမျှ အနိုင်မရသေးဘဲရှိနေ၏။ ထို့ကြောင့် မြို့သူမြို့သားတို့သည် မိမိတို့ စီမံထားသော စားကောင်း သောက်ဖွယ်များ၌ မချက်ရသေးသော ပျားရည်အစိမ်း လိုနေသေးသဖြင့် ထိုပျားရည် ရရှိစေရန် မြို့တံခါး လေးရပ်တို့မှ လူတစ်ယောက်စီကို ငွေတစ်ထောင်စီနှင့် လွှတ်ထားကြ၏၊ ဇနပုဒ်သား၏ လက်ထဲမှ ပျားအုံကို စောင့်နေသူတစ်ယောက်က တွေ့မြင်၍ ငွေတစ်ထောင်ပေးကာ ဝယ်ယူလိုပါကြောင်း ပန်ကြား၏။ ဇနပုဒ်သားက "တစ်မတ်မျှပင် အဖိုးမထိုက်သော ဤပျားအုံကို ငွေတစ်ထောင် ပေးနေဘိ၏၊ အကြောင်းမည်သို့ရှိပါသနည်း"ဟု မေးမြန်း၏။ စောင့်နေသော ယောကျာ်းက အကြောင်းရင်းမှန်များကို ပြောပြလိုက်သောအခါ ဇနပုဒ်သားက "မိမိလည်း ကုသိုလ် ပါဝင်လိုပါသည်" ဟု ဆိုကာ ပျားရည်များကို ဘုရား အမှူးရှိသော သံဃာတော်များအား လောင်းလှူ၏။ ထိုကောင်းမှုကြောင့် အရှင်သီဝလိသည် လာဘ်ပေါများသော တေဒင်္ဂုဏ်ထူးဆောင် ရဟန္တာတစ်ပါး ဖြစ်လာလေသည်။

(အရှင်သီဝလိ၏ ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက်တိုင်တိုင် အမိ ဝမ်း၌ ကိန်းအောင်းရခြင်း၏ အကြောင်းဖြစ်သော အကုသိုလ်ကံကို ဗြိဟ္မဏဝဂ်၊ အရှင်သီဝလိ ဝတ္ထုမှာ ရှုပါ။)

အရှင် သီဝလိ၏ ပျားရည်လှူခဲ့သော ကုသိုလ်ကံကြောင့် လမ်းမှာ ရှိကြသော နတ်ဘီလူးတို့သည် တစ်ယူဇနာ တစ်ယူဇနာ အရပ်၌ ကျောင်း များ ဖန်ဆင်းထားကြပြီးလျှင် နတ်၌ဖြစ်သော အာဟာရခဲဖွယ် ဘောဇဉ် များကို အရှင်သီဝလိအား ကပ်လှူကြ၏။ အရှင်သီဝလိကလည်း မိမိထံ ကပ်လှူလာသမျှကို ဘုရားအမှူးရှိသော သံဃာတော်များအား လှူဒါန်း သည်။ ဤသို့ဖြင့် ဘုရားရှင်နှင့် တကွသော သံဃာတော်များသည် ယူဇနာ သုံးဆယ်ရှိသော ခရီး၌ အရှင်သီဝလိ၏ ဘုန်းကံကိုမှီ၍ စားသောက်ကြ ရလေသည်။

ရှင်ရေဝတ၏ ရွာတောသို့ရောက်သောအခါတွင် ဘုရားရှင်နှင့်တကွ သော သံဃာတော်များအတွက် ကျောင်းအိပ်ရာ နေရာများ ပြည့်ပြည့်စုံစုံ ရှိနေသည်ကို တွေ့ကြရ၏။ ရေတွင်း၊ ရေကန်၊ ဥယျာဉ်များနှင့်တကွ နတ်ဘုံ နတ်နန်းတမျှ တခမ်းတနား ရှိနေ၏။ ဘုရားရှင်နှင့်တကွ အတူပါလာသော ရဟန်းအို နှစ်ပါးတို့သည် ကျောင်းအဆောက်အအုံ များကို လှည့်ပတ် ကြည့်ရှုပြီးလျှင် "ဤသာမဏေ ရှင်ရေဝတသည် ဤမျှလောက် ခမ်းနား ထည်ဝါလှသော ကျောင်းအဆောက်အအုံများကို ပြုလုပ် နေလေရာ အဘယ်မှာ ကမ္မဋ္ဌာန်း ပွားများနိုင်ပါအံ့နည်း။ အရှင် သာရိပုတ္တရာ၏ ညီငယ် ဖြစ်နေ၍သာ မျက်နှာလိုက်၍ ကြွတော်မူဘိ၏" ဟု ဆိုကြကုန်၏။ ဤသို့ဖြင့် ရေဝတ သာမဏေ၏ ရွာတောတွင် တစ်လကြာမျှ သီတင်း သုံးပြီးနောက် ပြန်ကြလာခဲ့ကြရာ ရှင်ရေဝတကို ပြောဆိုခဲ့သော ရဟန်း အိုကြီး နှစ်ပါးတို့သည် ဆီကျည်တောက်၊ ရေဘူးနှင့် ဖိနပ်များကို မေ့ လျော့ခဲ့ကြ၏။ လမ်းရောက်မှ သတိရ၍ ပြန်ယူသောအခါ ယခင်က ရေတွင်း၊ ရေကန်၊ ဥယျာဉ် ဗိမာန်များဖြင့် မေ့လျော့ဖွယ် ရှိခဲ့သော အရပ်သည် ခြောက်သွေ့ ကြမ်းတမ်းသော ရွာတောအတိ ဖြစ်နေ၏။ ရဟန်းအိုကြီး နှစ်ပါးမှာ မခြထောက် ဆူးခံ၍ လှည့်လည် ရှာဖွေခါမှ ရှားပင်ကစ်ပင်တွင် ချိတ်ဆွဲထားလျက် ရှိနေသော မိမိဥစ္စာတို့ကို တွေ့ကြ ကုန်၏။ ရဟန္တာ သာမဏေ ရှင်ရေဝတက မိမိ၏ ဖန်ဆင်းနိုင်သော စျာန်အဘိညာဉ် တန်ခိုးများကို ပြန်၍ ရုပ်သိမ်းထားလိုက်သောကြောင့် ဖြစ်လေသည်။

ဇေတဝန်ကျောင်းတော်သို့ ရောက်ကြပြီးနောက် ကျောင်းဒါယိကာကြီး ဝိသာခါက ရဟန်းများအား "အရှင်ဘုရား၊ ရေဝတ သာမဏေကလေး၏ နေရာသည် မွေ့လျော်ဖွယ်ရှိပါ၏လော"ဟု မေးလျှောက်၏။ ဆူးစူးခံခဲ့ရသော ရဟန်းအိုကြီး နှစ်ပါးက ဒါယိကာမကြီး၊ ရေဝတ သာမဏေ၏ နေရာသည် မွေ့လျော်ဖွယ် မရှိ။ ရှားတောအတိသာတည်းဟု ဆိုကြ၏။ အခြားရဟန်းများကမူ "ဒါယိကာမကြီး၊ ရေဝတ သာမဏေ၏ နေရာသည် သုဓမ္မ နတ်သဘင်နှင့် တူလှ၏။ တန်ခိုးအားဖြင့် ဖန်ဆင်းထားသကဲ့သို့ ဖြစ်၏"ဟု ဆိုကြ၏။ အဆိုနှစ်ရပ် ဆန့်ကျင်ဘက် ဖြစ်နေသဖြင့် ကျောင်းအစ်မကြီး ဝိသာခါသည် မိမိအိမ်သို့ ဘုရားရှင် ကြွတော်မူလာသောအခါ ဤအကြောင်းကို ထပ်မံ၍ မေးလျှောက်၏။ ဘုရားရှင်က ကျောင်းဒါယိကာမကြီး ဝိသာခါ၏ မေးခွန်းကို ဖြေကြားတော်မူပြီးလျှင် ထိုစကားနှင့် ဆက်စပ်၍ တရားဟော၊ ဟောကြားတော်မူလိုသဖြင့် ဤဝတ္ထု၏ ရှေ့မှာ ပါသော ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

(ရှင်ရေဝတ ဘုန်းကြီးမားခြင်းနှင့် ဆက်စပ်၍ ဘုရားရှင် ဟောကြားသော ဒေသနာတော်ကို ဖြုတ်လောက်ဝင်၊ ရေဝတသာမဏေ (ရှားတောနေ) ဝတ္ထု၌ ရှုပါ)

### ဒေသနာတော်

၉၉။ တောတို့သည် မွေ့လျော်ဖွယ် ဖြစ်ကုန်၏။ ကာမဂုဏ် ရှာမှီးသူ လူအပေါင်းသည်ကား ထိုတောတို့၌ မမွေ့ လျော်နိုင် ကြကုန်။ ရာဂကင်းသော ပုဂ္ဂိုလ်တို့သည်သာ ထိုတော၌ မွေ့လျော်ကြကုန်လတ္တံ့။ ထိုပုဂ္ဂိုလ်တို့သည် ကာမဂုဏ်ကို မရှာမှီးကြကုန်။

## ပြည့်တန်ဆာမတစ်ယောက်

ဇေတဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ပြည့်တန်ဆာမ တစ်ယောက်၏ ဖြားယောင်းခြင်းကို ခံရသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ပိဏ္ဍပါတ်ဓုတင်ဆောင်ရဟန်းတစ်ပါးသည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းတောင်းပြီးလျှင် ဥယျာဉ်ဟောင်း တစ်ခု၌ ကမ္မဋ္ဌာန်း ပွားများနေ၏။ ထိုစဉ် ပြည့်တန်ဆာမ တစ်ယောက်သည် ချိန်းထားသော ယောကျ်ားက

သို့ရာတွင် ခိုးသားဓားပြများကို ခေါင်းဖြတ်၍ သတ်လိုသူ ဂိုဏ်းကား ရှာဖွေ၍ မတွေ့ကြပေ။ သို့ဖြစ်၍ အမတ်များက ခိုးမှုကြီးထံ ချဉ်းကပ်ကာ ကျွန်ုပ်လူများကို သတ်ဖြတ်ပါလျှင် ထင်သည်လည်း အသက်ရှင်အံ့၊ ဆုငွေကိုလည်း ရအံ့ဟု ဆိုကြ၏။ ခိုးမှုကြီးက 'မိမိအားပေါ် မှခိုးနေကြသောထမည့် လက်သားများကို မသတ်လို'ဟု ငြင်းဆိုလေ၏။ နောက်လူများကလည်း ဤအတိုင်း ငြင်းဆိုကြ၏။ နောက်ဆုံး၊ တမ္ဗဒါဌိက၏ အလှည့်သို့ ရောက်သည်တွင်ကား၊ မိမိ၏ အသင်းအပင်းများကို သတ်ဖြတ်ရန် ဝန်ခံလိုက်လေတော့သည်။

အခြားသော မြို့တံခါးသုံးပေါက်တို့မှလည်း ခိုးသားဓားပြငါးရာစီကို ဖမ်းမိလာကြရာ တမ္ဗဒါဌိကပင် ခိုးသားဓားပြ နှစ်ထောင်စလုံးကို သတ်ဖြတ်ပေးရ၏။ ထို့နောက် တစ်ယောက်စ နှစ်ယောက်စ ဖမ်းမိလာသော ခိုးသားတို့ကိုလည်း နေ့စဉ်သတ်ဖြတ်ပေးနေရ၏။ ဤသို့ဖြင့် တမ္ဗဒါဌိကသည် ခိုးသူသတ်ရာထူးကို ထမ်းဆောင်လာခဲ့ရာ ငါးဆယ့်ငါးနှစ်တိုင်တိုင် ကြာခဲ့၏။ ထိုအခါတွင်မူကား တမ္ဗဒါဌိကသည် အိုမင်းမစွမ်းရှိသာပြီဖြစ်၍ ခိုးသားများကို တစ်ချက်တည်းဖြင့် အသေမသတ်နိုင်တော့ပေ။ အသတ်ခံရသူများမှာ မချိမဆံ့ ခံစားပြီးမှ သေကြရ၏။ သို့ဖြစ်၍ သူ ကိုမြို့သူမြို့သားများက ခိုးသူသတ်ရာထူးမှ ထုတ်ပယ်ကြလေသည်။

တမ္ဗဒါဌိကသည် ခိုးသူသတ်ရာထူးကို ထမ်းဆောင်ရစဉ်က အလွန်တရာ ရက်စက်လှသော အလုပ်ကိုလုပ်နေရသဖြင့် ပုဆိုးသစ်ကိုလည်း ဝတ်ဆင်ခွင့်မရပေ။ ထောပတ်သစ်ဖြင့် ချက်ပြုတ်စီမံထားသော နို့ဃနာထမင်းကိုလည်း စားခွင့်မရပေ။ မြတ်လေးပန်းကိုလည်း ပန်ဆင်ခွင့် မရပေ၊ နံ့သာလိမ်းကျံခွင့်ကိုလည်း မရပေ။ ယခု ထိုရာထူးမှ ထွက်ခွင့်ရသည်တွင်ကား၊ "ငါ့အတွက် နို့ဃနာထမင်း ချက်ကြကုန်" ဟု အိမ်သူအိမ်သားများကို စေခိုင်းလိုက်၏။ ထို့နောက် မြစ်ဆိပ်သို့သွား၍ ရေချိုးသန့်စင်ပြီးလျှင် အစာမခြေရသေးသော ပုဆိုးသစ်ကို ဝတ်ဆင်၏။ မြတ်လေးပန်းကို ခေါင်းမှာပန်၏၊ နံ့သာများကို လိမ်းကျံ၏။ ဤသို့ စိတ်တိုင်းကျ ပြင်ဆင်ပြီးနောက် နို့ဃနာထမင်းကို စားသုံးရန် ထိုင်လိုက်သည်တွင် အရှင်သာရိပုတ္တရာ ဆွမ်းခံကြွရောက်လာလေသည်။

တမ္ဗဒါဌိကသည် အရှင်သာရိပုတ္တရာကို ဖူးမြင်ရလျှင် စိတ်နှလုံးကြည်လင်လာသဖြင့် အိမ်တွင်းသို့ ပင့်ဖိတ်၏။ ထို့နောက် အရှင်မြတ်ကြီး၏ သပိတ်ထဲသို့ နို့ဃနာထွမ်းများ လောင်းလှူပြီးလျှင် ယပ်လေ ခတ်လျက်

နေ၏၊ ဤသို့ စိတ်ထဲက ကြည်ညိုစွာ ပြုလုပ်နေရသော်လည်း ထူ၏ဝမ်းဗိုက်ကမူ နို့ဃနာထမင်းကို စားချင်စိတ် မြင်းပြနေ၏။ ဤအကြောင်းကို အရှင်သာရိပုတ္တရာ သိရှိသဖြင့် တမ္ဗဒါဌိကအား နို့ဃနာစားသောက်ရန် မိန့်ကြား၏။ အခြားသူတစ်ယောက်အားလည်း တမ္ဗဒါဌိကကို ယပ်ခတ်ပေးရန် မိန့်ကြားရလေသည်။

ကမ္ဗဒါဌိကသည် ယပ်လေခတ်ခံသော နို့ဃနာ ထမင်းကို တင်းတိမ်အောင် စားသောက်ပြီးနောက် အရှင်မြတ်ကြီးရှေ့မှာ ရှိခိုးလျက် နေ၏။ အရှင်သာရိပုတ္တရာက ဆွမ်းအနုမောဒနာတရား ဟောကြားလေရာ တမ္ဗဒါဌိကသည် မိမိပြုခဲ့ဖူးသော မကောင်းမှုများကို ပြန်လည် အောက်မေ့နေသဖြင့် တရားနှလုံးမသွင်းနိုင်ဘဲ ရှိနေ၏။ ဤအချက်ကို အရှင်သာရိပုတ္တရာ သိမြင်သဖြင့် တမ္ဗဒါဌိက၏ စိတ်ချမ်းသာမှုရရှိစေရန် ''ဒါယကာ၊ သင်သည် ခိုးသူသတ်ခြင်းအမှုများကို မိမိစိတ်အလိုအတိုင်း ပြုရခြင်း ဟုတ်ပါလေအံ့လော''ဟု မေး၏။ တမ္ဗဒါဌိကက ''အရှင်ဘုရား၊ မိမိစိတ် အလိုအတိုင်း ပြုရခြင်းမဟုတ်ပါ၊ မင်းကြီးစေခိုင်း၍ ပြုရခြင်းသာ ဖြစ် ပါသည် ဘုရား''ဟု လျှောက်ထား၏၊ အရှင်သာရိပုတ္တရာက ''ဤသို့ ဖြစ်လျှင် သင့်မှာ အကုသိုလ် ဖြစ်ပါမည်လော''ဟု မေးမြန်း၏။ ဤတွင် တမ္ဗဒါဌိကသည် မိမိမှာ အကုသိုလ်မဖြစ်ဟု ထင်မှတ်၍ ဝမ်းမြောက်ရွှင်လန်းလာကာ ဟောကြားသောတရားကို ကောင်းမွန်စွာ နာကြားလာနိုင်၏။ သို့ဖြစ်၍ သောတာပတ္တိမဂ်ဉာဏ်၏ရှေ့မှာဖြစ်သော အနုလောမခန္တီဉာဏ်ကို ရရှိလေသည်။

တမ္ဗဒါဌိကသည် အရှင်သာရိပုတ္တရာကို အတန်ငယ်လိုက်ပို့၍ ပြန်လာစဉ်တွင် ဘီလူးမအသွင်ဆောင်ကာ နွားမယောင်ဆောင်ကာ ဝှေ့သဖြင့် ထိုနေရာမှာပင် သေဆုံးသွား၏။ ရဟန်းတို့သည် စည်းဝေးသဘင်၌စည်းဝေးကြကုန်၍ ''တမ္ဗဒါဌိကသည် မည်သည့်ဘုံသို့ လားလိမ့်မည်နည်း'' ဟု ဆွေးနွေးပြောဆိုကြရာ ဘုရားရှင် ကြွတော်မူလာ၍ ''ရဟန်းတို့၊ တမ္ဗဒါဌိကသည် တုသိတာဘုံသို့ လားရာ၏''ဟု မိန့်ကြားတော်မူ၏။ ထိုမှဆက်လက်၍ အရှင်သာရိပုတ္တရာ၏ အနည်းငယ်မျှသော တရားစကားကို ကြားနာရ၍ တုသိတာနတ်ပြည်သို့ လားရပုံကို ဟောကြားတော်မူကာ ထိုစကားများနှင့်ဆက်စပ်၍ တရားစကား ဟောကြားတော်မူလိုသဖြင့် ဤဝတ္ထု၏ ရှေ့မှာပါသော ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၁၀၁။ ။အကျိုးမဲ့ ပုဒ်များပါဝင်သော ဂါထာသည် တစ်ထောင်ဝင် ရှိစေကာမူ မမြတ်ချေ။ ကြားနာရပြီးလျှင် ကိလေသာ ငြိမ်းဝေး ကြောင်း ဖြစ်သော ဂါထာတစ်ပုဒ်သည်သာလျှင် မြင့်မြတ်ပေ၏။

# အရှင်ဗာဟိယဒါရုစီရိယ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် သစ်သား ပျဉ်ချပ်များကို ကြိုးဖြင့်သီ၍ ဝတ်ဆင်ထားသော ဗာဟိယကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ဗာဟိယတိုင်းသားဖြစ်၍ ဗာဟိယဟု ခေါ်ဝေါ်ကြရသော လူတစ်ယောက်သည် သမုဒ္ဒရာတွင် သင်္ဘောပျက်ရာမှ ကမ်းပေါ်သို့ ရောက်လာ၏။ သူ့မှာ ဝတ်ဆင်ထားသော အဝတ်အစားများ စုတ်ပြတ်ကျန်ခဲ့ပြီ ဖြစ်၍ သမုဒ္ဒရာကမ်းစပ်မှ ရမိသော ပျဉ်ချပ်များ၊ သစ်သားချောင်းများ ကို ကြိုးဖြင့်သီ၍ အရှက်လုံရုံ ဝတ်ဆင်ရ၏၊ ထို့နောက် နတ်စင်တစ်ခုမှ ရသော ခွက်တစ်လုံးဖြင့် နီးစပ်ရာ ရွာများသို့ ဝင်၍ ထမင်းတောင်း၏။ ရွာသူရွာသားများသည် သူ၏ ထူးခြားလှသော အဝတ်အဆင်ကို အထင်ကြီးကာ ရဟန္တာကြီးဟု ဆို၍ ကိုးကွယ်ဆည်းကပ်ကြကုန်၏။ ဒါယကာများက ကောင်းမွန်သော အဝတ်များ ပေးလှူကြသော်လည်း လာဘ်တိတ်သွားမည်စိုး၍ ဗာဟိယက လက်မခံပေ။ ဤသို့ ရွာသာရွာသူများက ရဟန္တာကြီးအဖြစ်ဖြင့် ကိုးကွယ် ဆည်းကပ်နေကြရာမှ ဗာဟိယ ကိုယ်တိုင်ကပင် "ငါသည် ရဟန္တာဖြစ်ပြီ" ဟု ထင်မှတ်လာလေသည်။

ဗာဟိယ၏ အကြံအစည်ကို အတိတ်ဘဝက တရားအားထုတ်ခဲ့ဖူးသော ဗြဟ္မာကြီးတစ်ယောက်က သိရှိသွား၏။ ဗာဟိယနှင့် ထိုဗြဟ္မာကြီးတို့သည် ကဿပဘုရားရှင်၏ သာသနာတော်၌ ရဟန်းပြုခဲ့ကြ၏။ သူတို့သည်ကဿပ ဘုရားရှင် ပရိနိဗ္ဗာန် ပြုတော်မူပြီးနောက် ဖောက်ပြန် ဖြစ်လာကြသော ရဟန်းသာမဏေများကို တွေ့မြင်၍ သံဝေဂရကာ ဇခြား သီတင်းသုံးဖော် ငါးပါးနှင့်အတူ မတ်စောက်လှသော တောင်ထိပ်လုံးပေါ်သို့ လှေကားထောင်၍တက်လာကြ၏။ ဤတောင်ပေါ်မှာပင် တရားထူးရလိုက ရစေ၊ သေလိုကသေစေဟု ဆိုကာ ပြန်၍ မဆင်းနိုင်ကြစေရန် လှေကားကို တွန်းလှန်၍ပစ်ကြကုန်၏။ ထို့နောက် သီတင်းသုံးဖော် ခုနစ်ပါးတို့ သည် တရားအားထုတ်ကြရာ အကြီးပုဂ္ဂိုလ်သည် တစ်ညအလွန်တွင် ရဟန္တာ

ဖြစ်၏။ ဈာန်အဘိညာဉ်ကိုလည်း ရရှိ၏။ ထိုရဟန္တာ အရှင်မြတ်သည် ဥတ္တရကုရုကျွန်းမှ ဆွမ်းခံလာ၍ သီတင်းသုံးဖော်များကို ပေး၏။ သီတင်းသုံးဖော်များကို "မိမိတာ့သာ တရားထူးရပြီးမှ ဆွမ်းခံစားမည်" ဟု ဆိုကာ ငြင်းပယ်လိုက်ကြ၏။ ဒုတိယနေ့၌ ဒုတိယအကြိမ် ဆုံးပုဂ္ဂိုလ်သည် အနာဂါမိဖိုလ်ကို ရရှိ၏။ ဤရဟန်း ယူဆောင်လာသော ဆွမ်းကိုလည်း သီတင်းသုံးဖော်များက ငြင်းပြန်၏။ ဤသို့ဖြင့် ရဟန္တာ ပုဂ္ဂိုလ်သည် ပရိနိဗ္ဗာန်ပြုကာ အနာဂါမိရဟန်းမှာ ဗြဟ္မာ့ပြည်သို့လား၏။ ကျန်ရဟန်းတို့ကား တရားထူးမရဘဲ အသားအရေ ခြောက်ပေ၍ သေဆုံးပြီးလျှင် နတ်ပြည်သို့လားကြရလေသည်၊

ထိုနတ်သားငါးယောက်တို့သည် ဂေါတမဘုရားရှင် ပွင့်တော်မူသော အခါ လူ့ပြည်သို့လာရောက်ကြ၏။ သူတို့ငါးဦးသည် ပက္ကုသာတိမင်း၊ ကုမာရကဿပ၊ မလ္လမင်းသား၊ ဒဗ္ဗ၊ သဘိယပရိဗိုဇ်နှင့် ဗာဟိယတို့ ဖြစ်လာကြလေသည်။

ဤသို့ ရှေးယခင်က အတူတကွ တရားအားထုတ်ခဲ့ဖူးသော မိတ်ဆွေ ဟောင်းကိုလမ်းမှန်ရောက်အောင် ပို့လိုသဖြင့် ဗာဟိယထံသို့ ဗြဟ္မာကြီး ဆင်းသက်လာပြီးလျှင် "သင်သည် ရဟန္တာလည်းမဟုတ်၊ ရဟန္တာ ဖြစ်ကြောင်း ကောင်းမြတ်သော အကျင့်လည်းမရှိ" ဟု ပြောကြားလေသည်။

ဤတွင်မှ ဗာဟိယသည် ထိတ်လန့်တုန်လှုပ်သွားကာ "ကောင်းပါပြီ၊ လောကမှာ ရဟန္တာပုဂ္ဂိုလ်ရှိလျှင် ညွှန်ပြပါ" ဟု တောင်းပန်၏။ ဗြဟ္မာကြီးက "ဗာဟိယ၊ ဤနေရာမှ မြောက်အရပ်သို့ သွားလျှင် သာဝတ္ထိမြို့ တော် ရောက်လတ္တံ့။ သာဝတ္ထိမြို့တော်၌ ဘုရားရှင် သီတင်းသုံးတော်၏။ ရဟန္တာဖြစ်ကြောင်း ကောင်းမြတ်သော အကျင့်တရားတို့ကိုလည်း ဟော ကြားတော်မူနေ၏" ဟု ညွှန်ကြားလိုက်၏။ ဗာဟိယသည် ဘုရားရှင်ကို ဖူးချင်လွန်းလှသဖြင့် ယူဇနာတစ်ရာနှစ်ဆယ်မျှရှိသော ခရီးကို ... ရာ လျှင် တစ်ညသာ ရပ်နား၍ ခရီးပြင်းနှင်လာခဲ့၏။ နောက်ဆုံး သာဝတ္ထိမြို့ တော် ဇေတဝန်ကျောင်းတော်သို့ ရောက်ရှိ၍ စကြံကြွနေသော ရဟန်း များနှင့် တွေ့ရ၏။ ရဟန်းများက "ဘုရားရှင်သည် ယခု သာဝတ္ထိမြို့တော် တွင်းသို့ ဆွမ်းခံကြွနေတော်မူနေ၏" ဟု ပြောကြားလျှင် ဗာဟိယသည် သာ ဝတ္ထိမြို့တော်တွင်းသို့ မျက်ချင်းလိုက်လာခဲ့လေသည်။

သာဝတ္ထိမြို့တော်တွင်း၌ ဆွမ်းခံကြွတော်မူနေသော ဘုရားရှင်၏ ဘုန်းကျက်သရေကို မြင်သဖြင့် ဗာဟိယသည် ခြေတော်အစုံ၌ ဝပ်စင်းကာ

တရားဟောရန်တောင်းပန်၏၊ ဘုရားရှင်က "ဗာဟိယ၊ တရားဟောရန် အချိန်မဟုတ်သေး၊ ဆွမ်းခံနေဆဲဖြစ်၏" ဟု မိန့်ကြားတော်မူ၏။ ခရီးပန်းလာသော ဗာဟိယအား ခရီးအပန်းပြေစေရန်နှင့် အလွန်တရား စိတ်စောနေခြင်းတို့သည် ပြေပျောက်သွားစေရန် မိန့်ကြားတော်မူခြင်းဖြစ်၏။ ဗာဟိယက ဒုတိယအကြိမ် ဆက်လက်၍ တရားတောင်း၏၊ ဒုတိယအကြိမ်အကြိမ် အငြင်းခံရပြန်သောအခါ တတိယကြိမ် ထပ်မံလျှောက်ပြန်၏။ ဤအခါ၌ ဗာဟိယသည် ခရီးအပန်းပြေကာ တရားထူးရရန် အဆင့်ဖြစ်နေသဖြင့် ဘုရားရှင်က "မြင်လျှင် မြင်ကာမတ္တ နေထိုင်ကျင့်သုံးပါ၊ ကြားလျှင် ကြားကာမတ္တ နေထိုင်ကျင့်သုံးပါ။ နံလျှင် နံကာမတ္တ နေထိုင်ကျင့်သုံးပါ၊ စားလျှင် စားကာမတ္တ နေထိုင်ကျင့်သုံးပါ၊ ထိလျှင် ထိကာမတ္တ နေထိုင်ကျင့်သုံးပါ" စသည်ဖြင့် အကျဉ်းချုပ် တရား ဟောကြားတော်မူ၏။ ဗာဟိယသည် တရားတော်ကို နာယူစဉ်မှာပင် ရဟန္တာ ဖြစ်သွားလေသည်။

ရဟန္တာပုဂ္ဂိုလ် ဗာဟိယသည် "သာသနာတော်၌ ရဟန်းပြုလိုပါသည်ဘုရား" ဟု လျှောက်ထား၏။ ဗာဟိယသည် ရှေးယခင်ဘဝ ရဟန်းဖြစ်စဉ်တုန်းက အခြားရဟန်းများအား သင်္ကန်းအပိုထဲ စသည်တို့ မလှူခဲ့ဖူးပေ။ သို့ဖြစ်၍ သူ့ကို ဘုရားရှင်က ဧဟိဘိက္ခု ခေါ်တော်မမူသဖြင့် ဗာဟိယသည် သင်္ကန်းပရိက္ခရာကို မိမိဘာသာ လှည့်လည်ရှာရ၏၊ ဤတွင် ဘီလူးမတစ်ယောက်က နွားယောင်ဆောင်ကာ ဝှေ့သဖြင့် ထိုနေရာမှာပင် ပရိနိဗ္ဗာန်ပြုရလေသည်။

ဘုရားရှင် ဆွမ်းခံရာမှ အပြန်တွင် ဗာဟိယ၏ အလောင်းကို တွေ့မြင်တော်မူသဖြင့် "ရဟန်းတို့၊ သင်တို့သည် သီတင်းသုံးဖော်ဖြစ်သော ဗာဟိယ၏အလောင်းကို ယူဆောင်၍ သင့်လျော်ရာ၌ စေတီ တည်ထားကြကုန်လော့" ဟု မိန့်ကြားတော်မူ၏။ ထို့နောက် ဘုရားရှင်သည် တရားတော်ကို လျင်မြန်စွာ ထိုးထွင်းသိမြင်နိုင်သော အရှင်ဗာဟိယအား ခိပ္ပာဘိညာဏ်ဧတဒဂ် ရာထူးဖြင့် ချီးကျူးတော်မူလေသည်။

ရဟန်းတို့သည် တရားသဘင်၌ အနည်းငယ်မျှသော တရားစကားဖြင့် ရဟန္တာအဆင့်အထိ ပေါက်ရောက်သွားကာ အရှင်ဗာဟိယအကြောင်းကို ပြောဆိုနေကြရာ ဘုရားရှင်ကြွချီတော်မူပြီးလျှင် ထိုစကားနှင့် ဆက်စပ်၍ တရားစကား ဟောကြားတော်မူလေသတည်း။

၁၀၂။ အကျိုးမဲ့ပုဒ်များ ပါရှိသော ဂါထာတစ်ရာကို ရွတ်ဆိုစေကာမူ မမြတ်ချေ။ ကြားနာပြီးလျှင် ကိလေသာငြိမ်းအေးကြောင်း ဖြစ်သော တရားတစ်ပုဒ်ကို ရွတ်ဆိုခြင်းသည်သာလျှင် မြတ်၏။

၁၀၃။ အကြင်သူရဲကောင်းသည် စစ်မြေပြင်၌ စစ်သည် ဗိုလ်ပါတို့ကို အကြိမ်တစ်သိန်း အောင်နိုင်ရာ၏၊ အကြင်သူရဲကောင်းသည် ကိုယ်တွင်း ကိလေသာကို တစ်ကြိမ်တစ်ခါမျှ အောင်နိုင်ရာ၏။ ထိုသူရဲကောင်းသည်သာလျှင်စစ်နိုင်သူတို့တွင် အမြတ်ဆုံး ဖြစ်၏။

## အရှင်မ ကုဏ္ဍလကေသီ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အရှင်သာရိပုတ္တရာနှင့် ဝါဒချင်းပြိုင်ရာမှ သာသနာတော်တွင်းသို့ ရောက်လာခဲ့သော အရှင်မကုဏ္ဍလကေသီကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

အရှင်မကုဏ္ဍလကေသီသည် ရာဇဂြိုဟ်မြို့တော်မှ သူဌေးသမီး တစ်ဦးဖြစ်ခဲ့၏။ တစ်နေ့သ၌ မိမိအိမ်ရှေ့လမ်းမမှ ခိုးသား တစ်ယောက်အား သတ်ဖြတ်ရန် လက်ပြန်ကြိုးတုပ်၍ ခေါ်ဆောင်သွားသည်ကို မြင်လေရာ ခိုးသားကို တပ်မက်စွဲလမ်း၍ မစားနိုင်၊ မအိပ်နိုင်ဖြစ်၏။ မိဘ များက သိရှိ၍ အမျိုးမျိုး ဖျောင်းဖျကြသော်လည်း သူဌေးသမီးက လက်မခံပေ။ "ဤယောကျ်ားကိုမှ မရလျှင် သေရပါတော့မည်" ဟုဆို၏။ သို့ဖြစ်၍ မိဘတို့သည် မင်းချင်းယောကျ်ားထံ အသပြာတစ်ထောင်ကို လာဘ်ထိုးကာ ခိုးသားကို အဆောက်အမှုနုတ်ယူ၍ သမီးနှင့် ပေးစား၍ ထား လိုက်ကြ၏။ မင်းချင်းသည်လည်း အခြားယောကျ်ားတစ်ယောက်ကို သတ်ဖြတ်ပြီးလျှင် ခိုးသားကို သတ်ပြီးပါကြောင်း မင်းကြီးထံ လျှောက်တင်လေသည်။

သူခိုးအမှုကင်းလွတ်၍ သူဌေးသမီးနှင့်အတူ စံစားနေရသော်လည်း ခိုးသားသည် ရောင့်ရဲကျေနပ်မှုမရှိပေ။ သူဌေးသမီး၏ပြုစု လုပ်ကျွေးမှုများထက် သူဌေးသမီး၏ လက်ဝတ်တန်ဆာ များကိုသာ မက်မောနေ၏။ ထိုလက်ဝတ်တန်ဆာများကို ထုခွဲရောင်းချ၍ အရက်ဆိုင်၌ စိတ်တိုင်းကျ သောက်စားမူးယစ်နိုင်ရေးကိုသာ ကြံစည်နေ၏။ သို့ဖြစ်၍ တစ်နေ့သ၌ ခိုးသားသည် တောင်စောင့်နတ်အား ပူဇော် ပသရန်ဟု

အကြောင်းပြကာ သေဌေးသမီးကို လက်ဝတ်တန်ဆာများ၊ ဝတ်ဆင်စေ၍ တောင်ကုန်းတစ်ခုစီသို့ ခေါ်လာ၏။ ပါလာသောထွေမျိုးများကို အောင်ခြေမှ ပြန်လွှတ်ကာ ဗလိနတ်စာ ပူဇော်ရန် အတွက် လက်ဝတ်တန်ဆာ ပစ္စည်းတို့ကို သေဌေးသမီးအား ချွတ်စေ၍ တောင်ပေါ်သို့ ခေါ်လာ၏၊ ထိုတောင်သည်အား တစ်ဖက်တွင် လူတက်နိုင်သော ဆင်ခြေလျှောရှိ၍ တစ်ဖက်တွင်ကား၊ အသူတစ်ရာနက်သော ငမ်းပေါ်ပြတ်ကြီး ဖြစ်နေ၏။ စပ်ဆိုရမိသော ခိုးသားများကို ၎င်းကမ်းပါးထိပ်မှတွန်းချကာ သတ်ဖြတ်နေကျ ဖြစ်ပေသည်၊

ကောင်ထိပ်ပေါ်သို့ ရောက်လျှင်ပင် ခိုးသားသည် မိမိ၏ အကြံအစည်ကို သေဌေးသမီးအား ဖွင့်ပြောလိုက်၏၊ လက်ဝတ်တန်ဆာ အားလုံးကို ချွတ်စေပြီးလျှင် ကမ်းပါးပြတ်မှတွန်းချ၍ သတ်ဖြတ်ရန် စီစဉ်၏၊ သေဌေးသမီးက ပစ္စည်းများကို ယူ၍ အသက်ကိုမူ ချမ်းသာပေးပါရန် အသနားခံသော်လည်း၊ မရပေ။ သို့ဖြစ်၍ သေဌေးသမီးက "နောက်ဆုံးကန်တော့ခြင်းဖြင့် ကန်တော့ပါရစေ" ဟု ခွင့်ပန်ကာ ခိုးသားကို လက်ယာရစ် လှည့်ပတ်၍ ရှိခိုး၏။ "နောက်နောင်တွင် ဇရှင့်ကို မြင်ရတော့မည် မဟုတ်ပါ"ဟု ပြောဆိုငိုကြွေးလျက်ခိုးသားကို ဖက်လှဲဘက်ကင်းပြု၏၊ ဤသို့ပြုရာမှ အမှတ်တမဲ့ ဖြစ်နေသောခိုးသားကို ကမ်းပါးပြတ်ထဲသို့တွန်းချလိုက်လေတော့သည်၊

အရေးကြုံခိုက်တွင် ဉာဏ်ကိုအသုံးချ၍ သေဘေးမှလွတ်မြောက်လာခဲ့သော သေဌေးသမီးသည် မိဘအိမ်သို့မပြန်လိုတော့သဖြင့် ပရိဗိုဇ်ရဟန်းမများ၏ကျောင်းသို့ သွားကာ ရဟန်းပြု၏။ ပရိဗိုဇ်များထံမှ ဝါဒ တစ်ထောင်ကို သင်ယူ၍ တတ်မြောက်သောအခါ သပြေခက်တစ်ခုကို ကိုင်ဆောင်လျက် ဝါဒပြိုင်ရန် လှည့်လည်၏။ ထို့ကြောင့်သူ့ကို "ဇမ္ဗုပရိဗ္ဗာဇိက"ဟု ခေါ်ဝေါ်ကြလေသည်၊

သပြေခက်ရှင် ပရိဗိုဇ်မသည် တစ်မြို့မြို့တစ်ရွာရွာသို့ ရောက်လျှင် တံခါးဝတို့တွင် အပြေခက်ကို စိုက်ထောင်ထားပြီးလျှင် "မိမိနှင့် ဝါဒချင်း ပြိုင်လိုသူရှိပါက သပြေခက်ကို ဖျက်ဆီးကြကုန်"ဟု ကြွေးကြော်လေ့ရှိ၏၊ အမြို့မြို့အရွာရွာရှိ လူကြီး လူငယ်များသည် ထိုအပြေခက်ကို

ဝေးဝေးရှောင်ကြရ၏။ ဤသို့ဖြင့် တစ်ရွာပြီးတစ်ရွာ၊ တစ်မြို့ပြီး တစ်မြို့ လှည့်လည်လာခဲ့ရာ သာဝတ္ထိမြို့တော်သို့ ရောက်လာ၏။ ပရိဗိုဇ်မသည် ပြုနေကျအတိုင်း တံခါး၀တွင်သဲပြခက်ကိုစိုက်ထူ၍ ကြွေးကြော်လိုက်၏။ အရှင်သာရိပုတ္တရာသည် ထိုသဲပြခက်ကို တွေ့မြင်သဖြင့် အနားမှာ ရှိနေသော သူငယ်တို့အား ဖျက်ဆီးရန် စေခိုင်းလိုက်လေသည်။

သဲပြခက်ရှင် ပရိဗိုဇ်မသည် မွန်းလွဲချိန်၌ အရှင်သာရိပုတ္တရာထံသို့ ဝါဒပြိုင်ရန် ထွက်သွားခဲ့၏။ မြို့သူမြို့သားတို့ကလည်း ပညာရှိနှစ်ဦးတို့ဝါဒပြိုင်ပွဲကို နားထောင်ရန် တစ်စုတစ်ဝေး လိုက်ပါလာကြ၏၊ ပရိဗိုဇ်သည် အရှင်သာရိပုတ္တရာအား ဝါဒတစ်ထောင်ကို မေး၏။ အရှင်သာရိပုတ္တရာကလည်း ဝါဒတစ်ထောင်ကိုပင် ဖြေကြား၏။ ဤသို့ပရိဗိုဇ်ဘက်မှ မေးစရာမျိုးကုန်သွားသောအခါ အရှင်သာရိပုတ္တရာက "တစ်ခုဟူသည်အဘယ်နည်း" ဟူသော ပုစ္ဆာကိုမေး၏။ ပရိဗိုဇ်မှာ မေးခွန်းကို မဖြေနိုင်တော့သဖြင့် အရှုံးပေးပြီးလျှင် အရှင်သာရိပုတ္တရာထံ၌ ရဟန်းပြု၏။ ပရိဗိုဇ်များထံတွင် ရဟန်းပြုစဉ်တုန်းက သူ၏ဆံပင်တို့ကို ထန်းစေ့မှုတ်ခြမ်းဖြင့် ညှပ်၍ နှုတ်ထားကြသဖြင့် နောက်ထပ် ပေါက်လာသော ဆံပင်တို့သည် နားတောင်းသဏ္ဌာန် အခွေလိုက် အခွေလိုက် ဖြစ်နေကြ၏။ ထို့ကြောင့် သူ့ကို အရှင်မကုဏ္ဍလကေသီဟု ခေါ်ဝေါ်ကြရ၏။

အရှင်မကုဏ္ဍလကေသီသည် ရဟန်းပြုပြီးနောက် သုံးရက်မြောက်မှာပင် ရဟန္တာအဆင့်သို့ ဆိုက်ရောက်သွားလေသည်။

တရားသဘင်၌ ရဟန်းတို့သည် "ကုဏ္ဍလကေသီ အရှင်မသည် အနည်းငယ်မျှသော တရားစကားကို ကြားနာရရုံနှင့် ရဟန္တာ ဖြစ်လာ၏။ သူသည် ရန်သူခိုးသား တစ်ယောက်ကို လှလှပပကြီး အနိုင်ယူ၍ ဤသာသနာတော်သို့ ဝင်လာ၏" ဟု ပြောဆို ဆွေးနွေးနေကြ၏။ ဤတွင် ဘုရားရှင်သည် တရားသဘင်သို့ ကြွလာတော်မူပြီးလျှင် ထိုစကားနှင့် ဆက်စပ်၍ တရားစကား ဟောကြားတော်မူလိုသဖြင့် အောက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၁၀၄-၁၀၅။ မိမိကိုယ်တွင်းမှ ကိလေသာတို့ကို အောင်နိုင်ခြင်းသည် မြတ်၏။ သူတစ်ပါးကို အောင်နိုင်ခြင်းသည်ကား မမြတ်ပေ။ မိမိကိုယ် မိမိ ဆုံးမပြီးသော အမြဲစောင့်စည်းသော အကျင့်ရှိသော၊ ထိုသို့သဘောရှိသော ပုဂ္ဂိုလ်၏ အောင်မြင်ခြင်းကို နတ်သည်လည်းကောင်း၊ ဂန္ဓဗ္ဗသည် လည်းကောင်း၊ ဗြဟ္မာနှင့်တကွသော မာရ်နတ်မင်းသည် လည်းကောင်း ရှုံးအောင် မပြုနိုင်ပေ။

## အကျိုးမဲ့ကို မေးသောပုဏ္ဏား

ဇေတဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အကျိုးမဲ့ကို မေးမြန်းသော ပုဏ္ဏားတစ်ယောက်ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

တစ်နေ့သ၌ ပုဏ္ဏားတစ်ယောက်သည် ဘုရားရှင်ထံ ဝင်ရောက်၍ အကျိုးမဲ့ခြင်း၏ အကြောင်းကို မေးမြန်း၏။ ဘုရားရှင်က “ပုဏ္ဏား၊ နေထွက်အောင် အိပ်ခြင်း၊ ပျင်းရိခြင်း၊ ခက်ထန်ခြင်း၊ နေ့ရက် ရှည်ကြာစွာ သောက်ကြူးခြင်း၊ တစ်ယောက်တည်း ခရီးရှည်သွားခြင်း၊ သူတစ်ပါး မယားကို ကျူးလွန်ပြစ်မှားခြင်း၊ ဤတရား ခြောက်မျိုးတို့ကို မှီဝဲလျှင် သင့်မှာ အကျိုးစီးပွား မဲ့သတတ်၊”ဟု မိန့်ကြားတော်မူလေသည်။

ထိုမှ ဆက်လက်၍ ဘုရားရှင်က ထိုပုဏ္ဏား၏ အသက်မွေးမှုကို မေးမြန်းတော်မူရာ ပုဏ္ဏားက “ကြွေအန်ကစားခြင်းဖြင့် အသက်မွေးပါသည်”ဟု လျှောက်ထား၏။ ဘုရားရှင်က “သင်သည် ရှုံးသလော၊ နိုင်သလော”ဟု မေးတော်မူရာ ပုဏ္ဏားက “အရှင်ဘုရား၊ တစ်ခါတစ်ရံရှုံး၍၊ တစ်ခါတစ်ရံ နိုင်ပါသည် ဘုရား”ဟု လျှောက်ထား၏။ ထိုစကားနှင့် ဆက်စပ်၍ ဘုရားရှင်က တရားစကား ဟောကြားတော်မူလိုသဖြင့် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ဒေသနာတော်

၁၀၆။ အနှစ်တရာ ကာလပတ်လုံး သာသနာပ ပုဂ္ဂိုလ်တို့အား အသပြာ တစ်ထောင်ကုန် လှူဒါန်း ပူဇော်ရာ၏၊ ဝိပဿနာ ပွားများသော စိတ် ရှိသော ရဟန်းတို့အား တစ်ကြိမ် တစ်ခဏမျှသာ လှူဒါန်း ပူဇော်ရာ၏။ ထိုနှစ်မျိုးတို့တွင် ဝိပဿနာ ပွားများသော ထို ရဟန်းတို့အား ထိုတစ်ခဏ ပူဇော်ခြင်းသည် မြတ်၏၊ သာသနာပ ပုဂ္ဂိုလ်များအား ပူဇော်ခြင်းသည် မမြတ်ချေ။

## အရှင်သာရိပုတ္တရာ၏ ဦးရီးပုဏ္ဏား

ရာဇဂြိုဟ်မြို့တော် ဝေဠုဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော် မူစဉ် အရှင်သာရိပုတ္တရာ၏ ဦးရီးပုဏ္ဏားကို အကြောင်းပြု၍ ဤဒေသနာ တော်ကို ဟောကြားတော်မူလေသည်။

တစ်နေ့သ၌ အရှင်သာရိပုတ္တရာသည် ပြုဟွာ့ပြည်ရောက်လို၍ တက္က တွန်း ရဟန်းတို့အား လစဉ်လတိုင်း အသပြာ တစ်ထောင်ကုန် လှူဒါန်း ပူဇော်နေသော ဦးရီး ပုဏ္ဏားတစ်ယောက်ကို ဘုရားရှင်ထံသို့ ပို့ဆောင် လေရာ ဘုရားရှင်က အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူ လေသတည်း။

ဒေသနာတော် အဆုံး၌ ထိုပုဏ္ဏားသည် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။

ဒေသနာတော်

၁၀၇။ အကြင်သူသည် အနှစ်တစ်ရာ ကာလပတ်လုံး တော၌ မီးကို လုပ် ကျွေး ပူဇော်နေရာ၏။ အကြင်သူသည်ကား ဝိပဿနာ ပွားများ သော စိတ်ရှိသော ရဟန်းတို့အား တစ်ကြိမ် တစ်ခဏမျှ လှူဒါန်း ပူဇော်ရာ၏။ ထိုနှစ်မျိုးတို့တွင် ဝိပဿနာ ပွားများသော ထိုရဟန်း တို့အား ထိုတစ်ခဏမျှ ပူဇော်ခြင်းသည် မြတ်၏။ အနှစ် တစ်ရာ ကာလပတ်လုံး မီးပူဇော်ခြင်းသည် မမြတ်ချေ။

## အရှင်သာရိပုတ္တရာ၏ တူ ပုဏ္ဏား

ဝေဠုဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အရှင်သာရိ ပုတ္တရာ၏ တူ ပုဏ္ဏားကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြား တော်မူလေသည်။

တစ်နေ့သ၌ အရှင်သာရိပုတ္တရာသည် ဗြဟ္မပြည်သို့ ရောက်ရန် လစဉ်လတိုင်း သားကောင် တစ်ကောင်ကျ သတ်၍ မီးပူဇော်နေသော တူ ပုဏ္ဏား တစ်ယောက်အား ဘုရားရှင်ထံသို့ ခေါ်သွားလေရာ ဘုရားရှင် က အောက်ပါ ဒေသနာတော်ကို ဟောကြားတော်မူ လေသတည်း။

### ဒေသနာတော်

၁၀၈။ လောက၌ ကုသိုလ်ကောင်းမှုကို လိုလား၍ ငဲ့ကွက်သော သူသည် ယဇ်ကြီး၊ ကိုလည်းကောင်း၊ ယဇ်ငယ်ကို လည်းကောင်း တစ်နှစ် ပတ်လုံး ပူဇော်ရာ၏၊ ထိုပူဇော်ခြင်းသည် ဖြောင့်မတ်စွာကျင့်သော အရိယာ ပုဂ္ဂိုလ်တို့အား ရှိခိုးပူဇော်ရသော ကုသိုလ်ကောင်းမှု၏ လေးပုံ့တစ်ပုံ့ကိုမျှ မမီချေ၊ အရိယာပုဂ္ဂိုလ်တို့အား ရှိခိုးရသော ကုသိုလ်ကောင်းမှုသည်သာလျှင် မြတ်၏။

## အရှင်သာရိပုတ္တရာ၏ မိတ်ဆွေ ပုဏ္ဏား

ဝေဠုဝန် ကျောင်းတော်၌ ဘုရားရှင်၏ သီတင်းသုံးတော်မူစဉ် အရှင် သာရိပုတ္တရာ၏ မိတ်ဆွေ ပုဏ္ဏား တစ်ယောက်ကို အကြောင်းပြု၍ ဤ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

တစ်နေ့သ၌ အရှင်သာရိပုတ္တရာသည် ဗြဟ္မာ့ပြည်ရောက်ရန် ယဇ်ကြီး ယဇ်ငယ် ပူဇော်၍နေသော မိတ်ဆွေ ပုဏ္ဏား တစ်ယောက်အား ဘုရားရှင် ထံတော်သို့ ခေါ်ဆောင်၍လာခဲ့ရာ ဘုရားရှင်က အောက်ပါ ဒေသနာ တော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော် အဆုံး၌ ထိုပုဏ္ဏားသည် သောတာပတ္တိဖိုလ်၌ တည် လေ၏။

ဒေသနာတော်

၁၀၉။ သီလရှိသော ပုဂ္ဂိုလ်အား ရိုသေစွာ ရှိခိုးလေ့ရှိသော၊ အသက်ကြီးသော၊ ဂုဏ်သိက္ခာ ကြီးသော ပုဂ္ဂိုလ်တို့အား အရိုအသေပေးလေ့ရှိသော သူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာကြီးခြင်း၊ ခွန်အား ကြီးခြင်း ဟူသော အကျိုး တရား လေးပါးတို့ တိုးပွားကြကုန်၏။

## အာယုဝဍ္ဎန သတို့သား

ဒီဃလမ္ဗိက မြို့အနီး တောကျောင်း၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အသက်သေမည့်ဆဲဆဲမှ လွတ်မြောက်လာသော အာယုဝဍ္ဎန သတို့သားကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ဒီဃလမ္ဗိက မြို့နေ ရသေ့လူထွက် တစ်ယောက်ထံသို့ ယခင်က ဆရာကျင့်ဖက် ရသေ့တစ်ပါး ရောက်လာရာ မိသားစုတို့က ရှိခိုးကြ၏။ ပုဏ္ဏားနှင့် ပုဏ္ဏားမတို့ ရှိခိုးသောအခါ ရသေ့က အသက် ရှည်ပါစေဟု ဆုပေး၏။ သားငယ်ကို ရှိခိုးစေသောအခါ၌ ရသေ့က ဆုမပေးချေ။ အကြောင်းကို မေးလျှောက်သောအခါ ရသေ့က "ပုဏ္ဏား၊ သင့်သားငယ်မှာ အသက်အန္တရာယ် ရှိနေ၏။ ခုနစ်ရက်မျှသာလျှင် အသက်ရှင်လတ္တံ့" ဟု မိန့်ကြား၏။ ပုဏ္ဏားက "ထိုအန္တရာယ်ကို တားမြစ်နိုင်ပါသလော" ဟု မေးမြန်းရာ ရသေ့က "ငါကား မတားမြစ်နိုင်၊ ရဟန်း ဂေါတမသည်သာ တားမြစ်နိုင်ပေလိမ့်မည်" ဟု မိန့်ကြားလေသည်။

ပုဏ္ဏားသည် မိမိတို့နှင့် ဝါဒချင်း မတူသော ဘုရားရှင်ထံသို့ လေးလိုသော်လည်း သားငယ်၏ အသက်ဘေးကြောင့် လွဲသာ မရှောင်သာ၍ သွားရောက် လျှောက်ထားရ၏။ ဘုရားရှင်က "သားငယ်၏ အသက်အန္တရာယ်ကို တားမြစ်နိုင်၏" ဟု မိန့်ကြားတော်မူပြီးလျှင် တားမြစ်နိုင်မည့် အစီအစဉ်များကိုပါ မိန့်ကြားတော်မူလိုက်၏။ ဘုရားရှင် မိန့်ကြားတော်မူသည့်အတိုင်း ပုဏ္ဏားသည် မိမိအိမ်ရှေ့တွင် မဏ္ဍပ်ကြီး ထိုးပြီးလျှင် သံဃာတော်များကို ပင့်၍ ပရိတ်တော်များ နာကြား၏။ သားငယ်ကို ခုံငယ်ဖြင့် သိပ်ကာ သံဃာတော်တို့၏ အလယ်မှာ ထား၍ ဤသို့ နေ့ညမပြတ် ပရိတ်တော်များ ရွတ်ဖတ်၍ ခုနစ်ရက်မြောက်သော နေ့တွင်ကား ဘုရားရှင် ကိုယ်တော်တိုင် ပုဏ္ဏားအိမ်သို့ ကြွတော်မူလေသည်။

ဘုရားရှင် ကြွတော်မူလာလျှင် တန်ခိုးကြီးသော နတ်မင်းကြီးတို့ စည်းဝေးလာကြလေရာ တန်ခိုးမကြီးသော နတ်များမှာ နောက်သို့ ဆုတ်သွား

ကြရ၏။ ထိုအထဲတွင် အဝရုဒ္ဓက အမည်ရှိသော ဘီလူးလည်း ပါဝင်၏။ အဝရုဒ္ဓကဘီလူးသည် ဝေဿဝဏ်နတ်မင်းကြီး၏ ဆယ်နှစ်တိုင်တိုင်အလုပ်အကျွေးပြုခဲ့သဖြင့် ဝေဿဝဏ်နတ်မင်းကြီးက ထိုသားငယ်ကို စားခွင့်ပေးထား၍ ဤနေ့တွင် စားသောက်ရန် စောင့်မျှော် နေခဲ့သော်လည်း ဘုရားရှင်နှင့်အတူ ငရိတ်တော်၊ သံဃာတော်တို့၏ အရှိန်အဟာကြောင့် ဘီလူးသည် သားငယ်ကို မစားနိုင်တော့ပေ။ သို့ဖြစ်၍ နောက်တစ်နေ့ ရောက်သောအခါ ပေးထားသောနေ့ကို ကျော်လွန်သွားပြီဖြစ်၍ မစားနိုင်တော့ပေ။ သို့ဖြစ်၍ ဘုရားရှင်က သားငယ်ကို ရှေ့တော်သို့ခေါ်တော်မူပြီးလျှင် "အသက်တစ်ရာနှစ်ဆယ် ရှည်စေသတည်း"ဟု ဆုပေးတော်မူလိုက်လေသည်။

ရတနာမြတ်သုံးပါး၏ ဂုဏ်ကျေးဇူးကြောင့် ဤသို့ အသက်တမ်းတိုးပွားလာသဖြင့် ထိုသားငယ်ကို အာယုဝဍ္ဍနသတို့သားဟု မိဘများက အမည်မှည့်ကြ၏။ အာယုဝဍ္ဍန သတို့သားသည် လူလားမြောက်လာသောအခါ သီတင်းသည် ငါးရာခြံရံလျက် ဘုရားကျောင်းတော်တွင်လှည့်လည်သွားသာရင်း တရားသဘင်သို့ရောက်လာ၏။ တရားသဘင်၌ စည်းဝေးနေကြသောရဟန်းများသည် အာယုဝဍ္ဍန၏ အသက်ရှည်ခြင်းအကြောင်းကို ပြောဆိုနေကြရာ ဘုရားရှင် ကြွတော်မူလာပြီးလျှင် ထိုစကားနှင့်ဆက်စပ်၍ တရားစကား ဟောကြားတော်မူလိုသဖြင့် အောက်ပါဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ အာယုဝဍ္ဍန သတို့သားနှင့်တကွ သီတင်းသည်ငါးရာတို့ သောတာပန် စသည်ဖြစ်ကြလေကုန်၏။

ဒေသနာတော်

၁၁၀။ အကြင်သူသည် သီလမရှိဘဲ၊ သမာဓိမတည်ကြည်ဘဲ အသက်တစ်ရာ ရှည်ငြားအံ့၊ သူ၏အသက်ရှည်ခြင်းသည် မမြတ်ချေ။ သီလရှိ၍ ဈာန်သမာပတ် ပွားများနေသောသူ၏ တစ်ရက်တာမျှအသက်ရှည်ခြင်းက မြတ်၏။

## သံကိစ္စသာမဏေ

ဇေတဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် သံကိစ္စသာမဏေ ခေါ်ဆောင်လာသော ခိုးသားငါးရာတို့ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

စတုတ္ထအကြိမ်

သံကိစ္စသာမဏေကား မွေးဖွားကတည်းက ထူးခြားလှသူဖြစ်၏။ သူအမိဝမ်းတွင်းရှိနေစဉ်မှာပင် သူ၏မိခင် ကွယ်လွန်ခဲ့ရာ ဆွေမျိုးသားချင်းများက သူသာန်သို့ ထုတ်ဆောင်၍ မီးသင်္ဂြိုဟ်ကြ၏။ မိခင်၏ အလောင်းတစ်ခုလုံး မီးလောင်ပြာကျ သွားသော်လည်း သားအိမ်ကိုကား မီးမလောင်နိုင်ချေ။ နေဝင်ခါနီးသောအခါ မီးသင်္ဂြိုဟ်သော ယောကျ်ားတို့သည် ထိုသားအိမ်ကို တံစူးဝါးဖြင့် ထိုးဆွကာ မီးကျီခဲပုံပေါ်မှာ တင်ထား၍ အိမ်ပြန်သွားကြ၏။ နံနက်လင်း၍ မီးငြိမ်းရန် ပြန်လာကြသောအခါတွင်ကား မီးကျီးခဲထက်တွင် ချစ်စဖွယ် ကလေးငယ် တစ်ယောက် အိပ်စက်လျက်ရှိနေသည်ကို တွေ့ကြရ၏။ ကလေးငယ်၏ မျက်စိတစ်ဖက်သည်ကား တံစူးဝါးထိုးမိ၍ ပျက်စီးနေလေသည်။

ထိုကလေးငယ်မှာ ဤဘဝတွင် ကေနီမုချ ရဟန္တာဖြစ်မည့် ပစ္ဆိမဘဝိကပုဂ္ဂိုလ်ဖြစ်၍ မီးပုံကြားမှပင် ဘေးမသီရန်ခမ မွေးဖွား၍ အိပ်စက်နေနိုင်ခြင်းဖြစ်၏။ ရောက်လာကြသော ဆွေမျိုးများတို့သည် ကလေးငယ်ကို တအံ့တသြ ကောက်ယူပွေ့ချီ၍ ခေါ်ဆောင်လာခဲ့ကြ၏။ မျက်စိ တစ်ဖက်ပျက်ခဲ့သောကြောင့် ထိုကလေးငယ်ကို "သံကိစ္စ"ဟု အမည်မှည့်ကာ ကျွေးမွေးပြုစုထားကြ၏။ ခုနစ်နှစ်အရွယ် ရောက်သောအခါ သံကိစ္စသည် မိမိ၏ မွေးဖွားခဲ့ရပုံကို သိရှိရသဖြင့် သတိသံဝေဂ ရရှိပြီးလျှင် အရှင်သာရိပုတ္တရာထံတွင် ရှင်ပြုလေသည်။ အရှင်သာရိပုတ္တရာသည် သံကိစ္စအား တစပဉ္စက ကမ္မဋ္ဌာန်းကို သင်ကြားပေး၏။ သံကိစ္စသည် ထိုကမ္မဋ္ဌာန်းကို ပွားများလျက် ခေါင်းရိတ်ခံရာတွင် ခေါင်းရိတ်၍ ပြီးဆုံးလျှင် ရဟန္တာပုဂ္ဂိုလ်ဖြစ်သွားလေသည်။

တစ်နေ့သ၌ သာဝတ္ထိမြို့သား ရဟန်း သုံးကျိပ်တို့သည် ဘုရားရှင်ထံတွင် ကမ္မဋ္ဌာန်းတောင်းခံ၍ တောရဆောက်တည်ရန် လျှောက်ထားကြ၏။ ဘုရားရှင်က ထိုရဟန်းတို့၏ ရှေ့ရေးကို သိမြင်တော်မူသဖြင့် အရှင်သာရိပုတ္တရာထံဝင်၍ ဖူးမြော်သွားကြရန် မိန့်ကြား၏။ အရှင်သာရိပုတ္တရာကလည်း ဘုရားရှင်၏ရည်ရွယ်ချက်ကို သိရှိသည်ဖြစ်၍ မိမိ၏တပည့်သံကိစ္စသာမဏေကို ထိုရဟန်းများနှင့်အတူ ထည့်ပေးလိုက်လေသည်။

ရဟန်းသုံးဆယ်တို့သည် ယူဇနာတစ်ရာ့နှစ်ဆယ် ဝေးကွာသော ရွာကြီးတစ်ရွာကို အမှီပြုကာ တောရဆောက်တည်၍ ကမ္မဋ္ဌာန်းပွားများကြကုန်၏။ သံကိစ္စသာမဏေကလည်း ဝတ်ကြီးဝတ်ငယ် ကျေပွန်စွာ ပြုစုပေး၏။ တစ်နေ့သောအခါတွင် ဆင်းရဲသားယောကျ်ားတစ်ယောက်သည်

ရဟန်းတို့၏ စားကြွင်းများကို လာ၍ စားသောက်ကာ ကျောင်းမှာပင် ဝတ်ကြီး၀တ်ငယ် ပြုစု၍နေ၏၊ ဤသို့နှစ်လမျှ နေပြီးနောက် သမီးကို လွှမ်းဆွတ်လှသဖြင့် ရဟန်းများထံမှပန်ကြား၍ ထွက်ခွာလာခဲ့ရာ တာအုပ်တစ်ခုမှ ခိုးသားငါးရာတို့က သူ့ကိုဖမ်းသွားကြလေတော့သည်။

မိမိတို့နေရာသို့ရောက်သောအခါ ခိုးသားတို့သည် မီးပုံကြီးစွာပြုပြီး လျှော် တံစို့များကို ချွန်ကြ၏၊ စားကြွင်းစားက မေးကြည့်သောအခါ "သင့်ကိုသတ်၍ သင့်အသားအသွေးဖြင့် ဗလိနတ်စာကျွေးမည်" ဟုခိုးသားများကဆို၏၊ ဤတွင်စားကြွင်းစားက "အို အရှင်တို့၊ ကျွန်ုပ်ကား စားကြွင်းစားဖြစ်၍ ယုတ်ညံ့လှပါသည်၊ တောကျောင်းမှာ ရှိသော ရဟန်းသုံးကျိပ်တို့သည်ကား မြင့်မြတ်သောအမျိုးတို့မှ ရဟန်းပြုလာကြပါသည်၊ သူတို့ကိုသာ သတ်ဖြတ်၍ဗလိနတ်စာ ကျွေးကြပါ" ဟုဆို၏၊ ဤတွင် ခိုးသားတို့သည် စားကြွင်းစားကိုလမ်းပြခေါ်ကာ တောရကျောင်းသို့လာခဲ့ကြ၏၊ ကျောက်စည်ထိး၍ ရဟန်းများ စုဝေးမိကြသောအခါ ခိုးသားများအား ယင်ပူဇော်ရန် ရဟန်းတစ်ပါးကို တောင်းကြလေတော့သည်။

ရဟန်းသုံးကျိပ်တို့သည် အခြားသူများအတွက် မိမိအသက်ကိုပေးလိုသူချည်း ဖြစ်ကြ၏၊ သို့ရာတွင် သံကိစ္စ သာမဏေသည် ရဟန်းများကိုယ်စား မိမိလိုက်သွားခွင့်ပြုပါရန် နှိုးကြား၏၊ ရဟန်းများက "ခွင့်မပြုနိုင်ပါ" ဟု ဆိုကြသောအခါ "အရှင်ဘုရားတို့၊ ဤသို့သေဖအရေးအခင်းကို ကြိုကြိုတင်ဘဲသိမြင်ထားပြီးဖြစ်၍ အရှင်မြတ်ကြီး၏ တပည့်တော်ကို ထည့်လိုက်ခြင်းဖြစ်ပါသည်၊ တပည့်တော်လိုက်သွားပါရစေ" ဟု ထပ်၍ တောင်းပန်၏၊ ဤတွင်မှ ရဟန်းများက လိုက်သွားခွင့် ပြုကြလေသည်။

ခိုးမှူးကြီးသည် မိမိနေရာသို့ ရောက်သောအခါသံကိစ္စသာမဏေကို ဓားဖြင့်ခုတ်သတ်သည်၊ သို့သော် ခုတ်လိုက်သော ဓားသွားသည် ခေါက်လိပ်၍သွား၏၊ အားခွန်ဗလကောင်းလှသော ခိုးမှူးကြီးသည် ကျောက်တိုင်ကိုလည်းကောင်း၊ ရွားငုတ်ကိုလည်းကောင်း ထိုဓားဖြင့် အလွယ်တကူ ခုတ်ဖြတ်နိုင်၏၊ သို့သော် သံကိစ္စသာမဏေကိုကား ထိခါးမတိုးပေ၊ ဓားအိမ်ကိုချွတ်၍ မိမိထံသို့ ခိုးမှူးကြီး လာနေစဉ်ကပင် သံကိစ္စသာမဏေသည် ဈာန်သမာပတ်ကို ဝင်စားနေရာ ထိုဈာန်သမာပတ်က ကာဆီး၍ထားခြင်းပင် ဖြစ်ပေသည်။

ခိုးမှူးကြီးသည် မကြုံစဖူး ထူးခြားလှသော ဖြစ်ရပ်ကြောင့် ဓား ကိုလွှတ်ချကာ သံကိစ္စသာမဏေ၏ ခြေရင်းတွင်ဝပ်စင်းလျက် "အရှင် ဘုရား၊ အဘယ့်ကြောင့် မကြောက်ရှိပါသနည်း" ဟု မေး၏။ သံကိစ္စ သာမဏေသည် ချာန်သမာပတ်မှ ထလာလျက် "ဒါယကာကြီး၊ ရဟန္တာ သည် ကြောက်ရွံ့ခြင်းအားလုံးကို လွန်မြောက်၍ သံယောဇဉ်ကုန်ပေပြီ။ ရဟန္တာပုဂ္ဂိုလ်သည် ကိုယ်နှင့်အသက်ကို ငဲ့ကွက်ခြင်းကင်းသည်ဖြစ်၍ စိတ် ဆင်းရဲခြင်း မရှိအောင်ပေ။ ဘဝကို ဆောင်တတ်သော တဏှာကုန်ခြင်း ကြောင့် ဝန်ထုပ်ကို ပစ်ချသကဲ့သို့ မျက်မှောက်ဘဝ၌ သေရခြင်းကို မကြောက်လန့်တော့ပေ" ဟု ဟောကြား၏။ ခိုးမှူးကြီးနှင့်တကွ ခိုးသား ငါးရာတို့သည် သံကိစ္စသာမဏေ၏ တရားကို နှစ်သက်ကြကုန်သည် ဖြစ်၍ ရဟန်းပြုပေးပါရန် ပန်ကြားကြလေသည်။

သံကိစ္စသာမဏေသည် လူယက်ဆတ်ဖြတ်ရာတွင် အသုံးပြုခဲ့သော သူတို့၏ ဓားများဖြင့်ပင် သူတို့၏ဆံပင်များကို ရိတ်ဖြတ်ပေးရ၏။ အဝတ် ၏ အမြိတ်အဆာများကို လှီးဖြတ်ပေးရ၏။ ပြီးမှ ထိုအဝတ်တို့ကို မြေနီ ဆိုးကာ ဝတ်ဆင်စေ၍ ဆယ်ပါးသီလပေးပြီးရဟန်းသုံးကိုပ်ထံဝင်ရောက် ရှိခိုးပြီးလျှင် နေကြပါတပည့် ငါးရာနှင့်တကွ ရှေးဦးစွာ ဥပဇ္ဈာယ်ဆရာ အရှင်သာရိပုတ္တရာထံသို့ ဝင်ရောက်ရှိခိုး၏။ ထိုမှတစ်ဆင့် ဘုရားရှင်ရှေ့တော် သို့ဝင်ရောက်၏။ ဘုရားရှင်က ထိုတပည့် ငါးရာတို့အား တရားစကား ဟောကြားတော်မူလိုသည် ဖြစ်၍ ဤဝတ္ထု၏ ရှေ့မှာပါသော ဒေသနာ တော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ ရဟန်းအသွင် ဝတ်ဆင်ထားသော တပည့် ငါးရာတို့သည် ရဟန္တာဖြစ်ကြလေသည်။

သံကိစ္စသာမဏေသည် ရဟန်းပြု၍ ဆယ်ဝါရှိသောအခါ တပည့် ပရိသတ်များကို လက်ခံ၏။ ထိုတပည့်များထဲမှ တူဖြစ်သူ အဓိမုတ္တက သာမဏေသည်လည်း ခိုးသားများနှင့် တွေ့ကြုံရသည်သာဖြစ်၏။ သာမဏေ ရဟန်းခံခါနီးတွင် အသက်ပြည့်မပြည့် သိရစေရန် အရှင်သံကိစ္စက သူ့ကို ဆွေမျိုးများထံ ပြန်လွှတ်၍ အမေးခိုင်း၏။ လမ်းခရီး၌ တောအုပ် တစ်ခု တွင် ခိုးသားများက ယဇ်ပူဇော်ရန် ဖမ်းပြီးမှ သာမဏေ၏ တရားကို ကြည်ညို၍ ပြန်လွှတ်လိုက်၏။ သို့ရာတွင် "ဤတောအုပ်၌ ခိုးသားများ ရှိနေကြောင်းကို မည်သူ့မျှမပြောပါ" ဟူသော ကတိစကားဖြင့် တောင်း

လိုက်ကြ၏၊ အပြန်တွင် သာမဏေနှင့်အတူ မိဘများလိုက်ပါလာကြရာ ခိုးသားများက ဖမ်း၍ ရိုက်နှက် ညှဉ်းဆဲကြ၏၊ ထိုတွင် မိဘများအား "သာမဏေ၊ သင်သည် ခိုးသားများနှင့် သဘောတူစိတ်တူ ဖြစ်နေချေသည်တကား၊ ထိုတောအုပ်မှာ ခိုးသားများရှိသည်ဟု ငါတို့ကို မပြောခဲ့ချေတကား"ဟုဆိုကာ ငိုကြွေးကြလေသည်။

ထိုတွင်မှ ခိုးသားများသည် မိဘတို့၏ အသက်ဘေးထက် ထားခဲ့သော ကတိစကားကို အပျက်မခံဘဲ စိတ်တည်ကြည်ခိုင်မာလှသော သာမဏေလေး၏ ရှေ့မှောက်တွင် ဒူးထောက်ကြရ၏။ သာသနာတော်၌ ရဟန်းပြုလိုပါကြောင်း တောင်းပန်ကြ၏၊ အဝိမုတ္တက သာမဏေက ဦးရိုးတော်နည်းတူ ဘုရားရှင်ရှေ့တော်မှောက်သို့ ခေါ်ဆောင်သွားသောအခါ ဘုရားရှင်က အောက်ပါ ဒေသနာတော်ကို ထုတ်၍ ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၁၁၁။ ။ အကြင်သူသည် ပညာမရှိဘဲ၊ သမာဓိမတည်ကြည်ဘဲ အသက်
တစ်ရာရှည်ငြားအံ့၊ ထိုသူ၏ အသက်ရှည်ခြင်းသည် မမြတ်ချေ။
ပညာရှိ၍ ဈာန်သမာပတ်ပွားများနေသော သူ၏ တစ်ရက်တာမျှ
အသက်ရှင်ခြင်းကသာလျှင် မြတ်၏။

## အရှင်ခါဏုကောဏ္ဍည

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အရှင်ခါဏုကောဏ္ဍည ခေါ်ဆောင်လာသော တပည့်ငါးရာကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

အရှင်ကောဏ္ဍညသည် တောရဆောက်တည်၍ ဝိပဿနာပွားများသဖြင့် ရဟန္တာဖြစ်၏။ ထို့နောက် ဘုရားရှင်ထံဖူးမြော်ရန် ပြန်လာခဲ့ရာ ခရီးပင်ပန်းလှသဖြင့် လမ်းဘေးရှိ ကျောက်ဖျာကြီးတစ်ခုပေါ်တွင် ထိုင်၍ ဈာန်ဝင်စားနေ၏၊ နေဝင်ရီတရော အချိန်၌ လုယက်တိုက်ခိုက်၍ ပြန်လာခဲ့ကြသော ခိုးသားငါးရာတို့လည်း ထိုကျောက်ဖျာသို့ ရောက်လာကြ၏။

သူတို့သည် ဈာန်ဝင်စားနေသော အရှင်ကောဏ္ဍညကို သစ်ငုတ်ကြီးတစ်ခု ဟုမှတ်ထင်ကာ ပါလာသော ဘဏ္ဍာထုပ်များကို အရှင်ကောဏ္ဍည၏ ဦး ခေါင်းပေါ်မှာ တင်သူကတင်၏။ အချို့က အရှင်ကောဏ္ဍညကို မှီ၍ ဘဏ္ဍာထုပ်များကို ထားကြ၏။ ဤသို့ဖြင့် ခိုးသားငါးရာတို့သည် ဘဏ္ဍာ ထုပ် ဝါးရာတို့ကို အရှင်ကောဏ္ဍညထံမှာ စုပုံထားကြပြီးလျှင် သူတို့ လည်း ထိုအနားမှာပင် အိပ်ကြ၏။ ဤသို့ သစ်ငုတ်အထင်ခံခဲ့ရသည်ကို အကြောင်းပြု၍ ဤအရှင်မြတ်ကို 'အရှင်အညသိကောဏ္ဍည' နှင့် ကွဲ ပြားစေရန် ''အရှင်ခါဏုကောဏ္ဍည''ဟု ခေါ်ဝေါ်ကြရ၏။ နံနက်ယံ ခါမှ ဈာန်ဝင်စားနေသော အရှင်မြတ်ကြီးကို မြင်သဖြင့် ဘီလူးထင်မှတ် ကာ သူ့ထက်ငါ ပြေးကြလေသည်။

ဈာန်သမာပတ်မှ ထနေပြီးသော အရှင်ကောဏ္ဍညက ''ဒါယကာ တို့၊ မကြောက်ကြပါနှင့်၊ ငါကား ရဟန်းတည်း''ဟု လှမ်း၍ပြောရ၏။ ဤတွင်မှ ခိုးသားငါးရာတို့သည် မိမိတို့ အထင်မှား၍ ပြုမူပုံကို လျှောက် ထား၍ တောင်းပန်ကြပြီးလျှင် အရှင်မြတ်ထံ၌ ရဟန်းပြုကြ၏။ အရှင် ခါဏုကောဏ္ဍညက ခေါ်ဆောင်သဖြင့် ထိုရဟန်းတို့ ဘုရားရှင်ထံတော်သို့ ရောက်လာကြသောအခါ ဘုရားရှင်က အောက်ပါဒေသနာတော်ကို ဟော ကြားတော်မူ လေသတည်း။

ဒေသနာတော် အဆုံး၌ ရဟန်း ငါးရာတို့သည် ရဟန္တာ ဖြစ်ကြ လေ၏။

ဒေသနာတော်

၁၁၂။ ။ အကြင်သူသည် ပျင်းရိသည်ဖြစ်၍ လုံ့လဝီရိယ ချို့တဲ့လျက် အနှစ်တစ်ရာ အသက်ရှည်ငြားအံ့။ ထိုသူ၏ အသက်ရှင်ခြင်းသည် မမြတ်ချေ။ ဝီရိယကို မြဲမြံစွာ အားထုတ်သောသူ၏ တစ်ရက် တာမျှ အသက်ရှင်ရခြင်းသည် မြတ်၏။

## အရှင် သပ္ပဒါသ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် မိမိကိုယ်ကို သေကြောင်းကြံခဲ့ဖူးသော အရှင်သပ္ပဒါသကို အကြောင်းပြု၍ ဤဒေသနာ တော်ကို ဟောကြားတော်မူလေသည်။

ဝတ္ထုအကျဉ်း

သာဝတ္ထိမြို့သား ရဟန်းတစ်ပါးသည် ကဿပ ဘုရားရှင်၏ သာသနာ၀ယ် ရဟန်းဖြစ်စဉ်ထုံးက သိတင်းသုံးဖော် ရဟန်းတစ်ပါး၏ထက်နီး ရိုက်ရာကို လိုချင်၍ ထိုသိတင်းသုံးဖော်အား လူထွက်ချင်အောင် ပြောခဲ့မိသဖြင့် ယခုဘဝတွင် သာသနာတော်၌ မပျော်နိုင်ပေ။ သို့ရာတွင် ထိုရဟန်းမှာ တကယ်တမ်း လူမထွက်ဖြစ်ဘဲ "လူထွက်ခြင်းထက် သေရသည်က တော်ပေသေးသည်"ဟု တွေးတောကာ မိမိကိုယ်ကို သတ်သေနိုင်ရေးကိုသာ ကြံစည်နေ၏။ တစ်နေ့၌ ရဟန်းများသည် မီးတင်းကုပ်ထဲမှ ဝင်ရှိနေသော မြွေဟောက်ကို ကြိုးကွင်းစွပ်၍ ဖမ်းယူကာ အိုးမှာထည့်ပြီးလျှင် လွတ်ရာသို့သွား၍ လွှတ်ရန် စီစဉ်နေကြ၏။ ထိုအခိုက်တွင် သေကြောင်း ကြံစည်နေသော ရဟန်း ရောက်လာကာ "မြွေကို မိမိ သွား၍ လွှတ်ပေးမည်"ဟု ပြောဆို၍ အိုးကို ယူလာခဲ့ပြီးလျှင် အိုးထဲသို့ လက်နှိုက်၏။ အိုးထဲ နှိုက်ရုံနှင့် မကိုက်သေးသဖြင့် မြွေ၏ ပါးစပ်ထဲသို့ လက်ချောင်း ထိုးထည့်၏။ သို့သော်လည်း လွန်ခဲ့သော သုံးဘဝတုန်းက ထိုမြွေသည် ရဟန်း၏ကျွန် ဖြစ်ခဲ့ဖူး၏။ ထို့ကြောင့် မိမိအရှင်သခင်ကိုမကိုက်ချေ။ ထို့ကြောင့် ထိုရဟန်းအား သိတင်းသုံးဖော်များက အရှင်သပ္ပဒါသဟု ခေါ်ကြလေသည်။

အရှင်သပ္ပဒါသသည် မြွေကိုက်ခံ၍ သေခြင်း မတွေ့နိုင်သဖြင့် သင်တုန်းဓားဖြင့် မိမိလည်ပင်းကို လှီးဖြတ်၍ သေရန် ကြိုးစားပြန်၏။ ဆတ္တာသည် အမှတ်တမဲ့ ချထားမိခဲ့သော သင်တုန်းဓားကို ကောက်ယူပြီးလျှင် သစ်ပင် တစ်ပင်ပေါ်၌ သင်တုန်းဓားနှောင်ကို တင်ထားပြီးလျှင် သင်တုန်းဓားသွားပေါ်၌ မိမိလည်ပင်းကို ဖိ၍ လှီးဖြတ်မည်အပြုတွင် မိမိ၏သီလကို ဆင်ခြင်လိုက်၏။ ရဟန်းပြု၍ သိမ်ထွက်လာသည်မှစ၍ ငွေ့လဝန်းကြီးကဲ့သို့ သန့်ရှင်းစင်ကြယ်လှသော မိမိ၏သီလကို အောက်မေ့မိသဖြင့် တစ်ကိုယ်လုံး ပီတိဖြင့် လွှမ်းခြုံသွား၏။ ထိုမှ ပီတိကိုခွာ၍ ဝိပဿနာ ပွားလေရာ ထိုနေရာမှာပင် ရဟန္တာ ဖြစ်လေသည်။

အရှင်သပ္ပဒါသသည် မိမိ၏အဖြစ်ကို သိတင်းသုံးဖော်များအား ပြောပြလေရာ သိတင်းသုံးဖော်များက မယုံကြည်သဖြင့် ဘုရားရှင်ထံ လျှောက်ထားကြ၏။ ဘုရားရှင်က အရှင်သပ္ပဒါသ၏ စကားကို ထောက်ခံတော်မူပြီးလျှင် တရားစကား ဟောကြားတော်မူလေသည်။

စတုတ္ထအကြိမ်

ဒေသနာတော်

၁၁၃။ ။ အကြင်သူသည် အဖြစ်အပျက်ကို မရှုမြင်ဘဲ အနှစ် တစ်ရာ အသက်ရှည်ငြားအံ့၊ ထိုသူ၏ အသက်ရှည်ခြင်းသည် မမြတ်ချေ။ အဖြစ်အပျက်ကို ရှုမြင်သော ပုဂ္ဂိုလ်၏ တစ်ရက်မျှ အသက်ရှည်ခြင်းသည်သာလျှင် မြတ်၏။

## အရှင်မ ပဋာစာရာ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် လောကဓံ မျိုးစုံ စုပြုံ၍ ခံစားခဲ့ရသော အရှင်မ ပဋာစာရာကို အကြောင်းပြု၍ ဤဒေသနာကို ဟောကြားတော်မူလေသည်။

အရှင်မ ပဋာစာရာသည်ကား သာဝတ္ထိမြို့တော်မှ ကုဋေလေးဆယ် ကြွယ်ဝသော သူဌေးကြီးတစ်ဦး၏ သမီးဖြစ်၏၊ ဆယ့်ခြောက်နှစ် သာမီး အရွယ်တွင် ပဋာစာရာသည် အိမ်မှ ကျွန်လုလင်ပျို တစ်ယောက်နှင့် ချစ်ကြိုက်နေ၏။ မိဘများကလည်း အမျိုးဇာတ်ချင်း တူမျှသော သတို့သား တစ်ယောက်နှင့် လက်ထပ်ပေးရန် စီစဉ်ထားကြ၏။ မင်္ဂလာဆောင်မည့် ရက်ကို သတ်မှတ်ထားကြ၏။ မင်္ဂလာဆောင်မည့်ရက် မတိုင်မီလေးမှာပင် ပဋာစာရာသည် ကျွန်လုလင်ပျိုနှင့်အတူ လွတ်ရာကျွတ်ရာ ထွက်ပြေးကာ အတူဘက္က ပေါင်းသင်း နေထိုင်ကြ၏၊ သာဝတ္ထိမြို့တော်နှင့် ဝေးကွာလှသော ရွာတစ်ရွာတွင် သူတို့လင်မယား မှီခို၍ နေထိုင်ကြ၏။ ယောကျ်ား ဖြစ်သူက လယ်ထွန်ခြင်း၊ ဟင်းသီးဟင်းရွက် ရောင်းခြင်း စသည် လုပ်ကိုင် ကျွေးမွေး၏၊ သူဌေးသမီး ဖြစ်ခဲ့သော ပဋာစာရာကလည်း ရေခပ်ခြင်း၊ မောင်းထောင်းခြင်း၊ ထမင်းချက်ခြင်း စသည်တို့ကို ကျေးကျွန်ပမာ ပြုလုပ်၏။ ဤသို့ နေကြရာမှ ပဋာစာရာတွင် ကိုယ်ဝန် တည်ရှိလာလေသည်။

ကိုယ်ဝန် ရင့်လာသောအခါ ပဋာစာရာသည် မိဘထံသို့ ပြန်၍ မွေးဖွားရန် ယောကျ်ားအား တောင်းပန်၏။ ယောကျ်ားက ပြန်သွားလျှင် ညှဉ်းပန်း နှိပ်စက်ခြင်း ခံရမည်စိုး၍ လိုက်မပို့ရဲပေ။ ဤသို့ အကြိမ်ကြိမ် ပြော၍မရသောအခါ ပဋာစာရာသည် ယောကျ်ားမရှိခိုက်တွင်တိတ်တဆိတ် ထွက်သွား၏၊ ယောကျ်ား ပြန်ရောက်လာသောအခါ အိမ်နီးချင်းများ ထံမှ အကျိုးအကြောင်း သိရသဖြင့် ပဋာစာရာ နောက်သို့ လိုက်လာ၏။ တောလမ်း တစ်နေရာတွင် ပဋာစာရာနှင့် တွေ့ဆုံသော်လည်း ပြန်ခေါ်၍

ကား မရောက်ခဲ့ချေ။ ညသို့ဖြင့် နှစ်ယောက်သား ဆက်လက်၍ သွားကြရာ ထိုတောထဲမှာပင် သားတစ်ယောက် ဖွားမြင်ပြန်လေ၏။ ကလေးမွေးဖွားခြင်းကိစ္စ အောင်မြင်သွားပြီဖြစ်၍ ပဋာစာရာလည်း ယောကျာ်းနှင့်အတူ အိမ်သို့ ပြန်လိုက်လာလေသည်။

ဒုတိယကလေး ကိုယ်ဝန်ရင့်လာသောအခါ၌လည်း ပဋာစာရာသည် ညှိသွပ်ပင် မိဘထံသို့ တိတ်တဆိတ် ထွက်လာရင်း တောထဲမှာပင် မွေးဖွား၏။ ညအကြိမ်တွင်ကား ပထမကလေးတုန်းက ကဲ့သို့ ခြောက်ခြောက် သွေ့သွေ့ မမွေးရပေ။ မိုးရွာလေပြင်း ထန်လွန်းနေ၍ပင် ကမ္ဘာလောက လှုပ်ရှားနေ၏။ ယောကျာ်းသည် မိုးလုံသော နေရာတစ်ခု တွေ့လိုတွေ့ငြား ချုံများကို ပဲခွပ်ဖြင့် ခုတ်ထွင်၍ ရှာဖွေရာတွင် တောင်ပို့တစ်ခုမှ အဆိပ်ပြင်းသောမြွေက သူ့ကို ကိုက်လိုက်လေ၏။ ယောကျာ်းသည် ထိုနေရာမှာပင် လဲကျသေဆုံးသွားလေသည်။

ပဋာစာရာသည် လင်ယောကျာ်းကို ဆင်းရဲပင်ပန်းစွာ စောင့်မျှော်ရင်းကပင် ဒုတိယကလေးကို ဖွားမြင်၏။ သားကြီးနှင့် သားငယ် ကလေးငယ် နှစ်ယောက်တို့သည် မိုးဒဏ်လေဒဏ် ခံကြရသဖြင့် တစာစာ ငိုကြွေးကြရ၏။ ပဋာစာရာသည် ကလေးနှစ်ယောက်ကို ရင်ခွင်အောက်မှာထားကာ တစ်ညလုံး လေးဘက်ထောက်၍ နေခဲ့ရ၏။ နံနက်လင်း၍ ယောကျာ်း၏ ခြေရာကို ခံလျက် လိုက်ရှာသောအခါ ညိုမည်း၍နေသော အလောင်းကို တွေ့ရ၏။ "ငါ့ကြောင့်ပြု၍ ငါ့လင်သည် လမ်းမှာ သေခဲ့ရပြီတကား" ဟု ငိုကြွေးပြီးလျှင် ပဋာစာရာသည် သားနှစ်ယောက်ကို ပွေ့၍ ထွက်လာခဲ့လေသည်။

ပဋာစာရာတို့ သားအမိသည် တရွေ့ရွေ့ လျှောက်လာခဲ့ကြရာ အစိရဝတီ မြစ်ကမ်းပါးသို့ ရောက်လာကြ၏။ ညက ရွာထားသောမိုးများကြောင့် အစိရဝတီ မြစ်ထဲတွင် ရေတသွင်သွင် စီးဆင်းနေ၏။ ရေမှာ ရင်စို့လောက်သာ ရှိ၏။ ပဋာစာရာသည် ထိုမျှလောက်ရေကိုပင် သားနှစ်ယောက်လုံးနှင့် အတူ မကူးရဲသဖြင့် သားကြီးကို ကမ်းပေါ်မှာ ထားပြီးလျှင် သားငယ်နှင့် အတူ ဖြတ်ကူး၏။ မွေးဖွားခါစဖြစ်၍ သားတစ်အသွင် နီရဲနေသော ကလေးငယ်ကို ကမ်းပါးပေါ်၌ သိပ်ထားခဲ့ပြီးလျှင် သားကြီးကိုခေါ်ရန် ပြန်လာ၏။ ပဋာစာရာ မြစ်လယ်သို့ ရောက်ခိုက်တွင် ကောင်းကင်မှ စွန်ကြီးတစ်ကောင်က ဖွားစသားငယ်ကို သားတစ်မှတ်၍ သုတ်ချီရန် ဆင်းလာ၏။ ပဋာစာရာသည် စွန်ကြီး လန့်ပြေးရန် လက်နှစ်ဖက်ကို မြှောက်၍

ဟစ်အော် ခြောက်လှန့်၏။ စွန်ကြီးကား ခြောက်လှန့်သည်ကို ပမာ မထားဘဲ သားငယ်ကို သုတ်ချီ၍ သွား၏။ တစ်ဖက်ကမ်းမှ သားကြီးကလည်း မိခင်က မိမိကို လှမ်းခေါ်နေသည်ဟု ထင်မှတ်၍ ရေထဲသို့ ဆင်းလာ၏။ သားကြီး သားငယ် နှစ်ယောက်စလုံး ဤနေရာမှာပင် အသက်ဆုံးရှုံးရရှာလေသည်။

ပဋာစာရာသည် လင်ယောကျ်ားနှင့် သားများသေဆုံးရပုံကို ပြောဆို ငိုကြွေးရင်း လှမ်းလာခဲ့ရာ သာဝတ္ထိမြို့တော်မှ လာခဲ့သော ခရီးသွားယောကျ်ားတစ်ယောက်နှင့်တွေ့ရ၏။ ခရီးသွားယောကျ်ားကို မိမိ၏ မိဘများအကြောင်းကို မေးကြည့်သောအခါ ထိုယောကျ်ားက "နှမငယ်၊ ညက မိုးကြီး လေကြီး ကျရောက်ရာတွင် တိုက်ပြိုကျသဖြင့် သင့်မိဘ နှစ်ပါးလုံးနှင့်တကွ သင့်မောင်ပါ သေဆုံးလေပြီ။ သူတို့ သုံးယောက်လုံးကို တစ်ပေါင်းတည်း မီးဆိုက်ပြုလုပ်ရသဖြင့် မီးခိုးတလူလူ ထွက်နေပေသည်" ဟု ပြောပြ၏။ ဤတွင် ပဋာစာရာသည် သတိလက်လွတ် ရူးသွပ်သွား၏။ ကိုယ်တွင် အဝတ်အပ်ရုံကောင်းမှန်းမသိတော့ဘဲ အရပ်တကာ လှည့်လည်နေတော့၏။ သူနှင့်ဆုံမိကြသောသူများက "အရူးမ၊ အရူးမ" ဟု ဆိုကာ ခဲနှင့် ပစ်ပေါက်ကြလေသည်။

ပဋာစာရာသည် သား၊ လင်၊ မိဘနှင့် မောင်များ သေဆုံးရပုံကို ငိုကြွေးမြည်တမ်းရင်း ဇေတဝန်ကျောင်းတော်နားသို့ ရောက်လာ၏။ ဇေတဝန်ကျောင်းတော်မှာလည်း ဘုရားရှင်သည် ပရိသတ် အပေါင်းအား တရားဟောတော်မူလျက်ရှိ၏။ အရူးမ ပဋာစာရာသည်ကား ပဒုမုတ္တရ ဘုရားရှင်၏ လက်ထက်တော်တုန်းက ကုသိုလ်ကောင်းမှု ပြုပြီးလျှင် "ဝိနည်းဆောင် ဘေဒဂ်ရထေရီမ ဖြစ်ရပါလို၏" ဟု ဆုတောင်းခဲ့ဖူး၏။ ယခု ထိုဆုနှင့် ပြည့်ခါနီးပြီဖြစ်၍ ပဋာစာရာအား မိမိထံမှောက် ရောက်လာအောင် ဘုရားရှင်က တန်ခိုးဖြင့် ခေါ်တော်မူ၏။ ပရိသတ်များက ပဋာစာရာကို နှင်ထုတ်မည်ပြုကြသည်တွင် ဘုရားရှင်က အားမြစ်တော်မူကာ "ပဋာစာရာ၊ သတိထားလော့" ဟု မိန့်တော်မူ၏။ ထိုခဏမှာပင် ပဋာစာရာသည် သတိဝင်လျက် ရှက်ကြောက်စွာ ကျုံ့ကျုံ့ ထိုင်လိုက်လေသည်။

အဝတ်မဲ့လျက် ထိုင်နေရှာသော ပဋာစာရာအား တရားနာသူ တစ်ယောက်က အပေါ်ရုံပုဆိုးကို ပစ်ပေးလိုက်၏။ ပဋာစာရာသည် အပေါ်ရုံ ပုဆိုးဖြင့် မိမိကိုယ်ကို လုံခြုံအောင် ဝတ်ရုံပြီးလျှင် ဘုရားရှင် ခြေတော်ကို ဦးခိုက်လျက် "အရှင်ဘုရား၊ တပည့်တော်မ၏ဆောက်တည်ရာဖြစ်တော်မူပါဘုရား" ဟု လျှောက်ထား၏။ ဘုရားရှင်က "ပဋာစာရာ သမုဒ္ဒရာလေး

စင်းမှာရှိသောအရာသည် ဘဝအဆက်ဆက်၌ စိုးရိမ်ပူဆွေး ငိုကြွေးခဲ့ရသော သင်၏မျက်ရည်နှင့် နှိုင်းစာသော် နည်းနေသေး၏၊ အဘယ့်ကြောင့် သင်မေ့လျော့နေဘိသနည်း''ဟု ဟောကြားတော်မူ၏၊ ထိုတရားတော်ကိုနာရသဖြင့် ပဋာစာရာ၏ စိုးရိမ်ပူဆွေးမှုများ လျော့နည်းသွားသောအခါ ဘုရားရှင်က ဆက်လက်၍''သေခြင်းနှင့် ခင်ဆိုင်တွေ့ရသောသူအား စောင့်ရှောက် ကယ်တင်နိုင်သော သားသမီးတို့လည်းမရှိကုန်၊ မိဘတို့လည်းမရှိကုန်၊ အဆွေခင်ပွန်းတို့လည်းမရှိကုန်၊ ထိုအကြောင်းကိုသိ၍ ပညာရှိသည် သီလကိုစောင့်ရှောက်လျက် နိဗ္ဗာန်သို့ သွားရာလမ်းကို လျင်မြန်စွာ သုတ်သင်ရာ၏''ဟု ဟောတော်မူ၏၊ ထိုဒေသနာတော်အဆုံး၌ ပဋာစာရာသည် သောတာပန်ဖြစ်သွားလေသည်။

သောတာပန်ဖြစ်သွားပြီးနောက် ပဋာစာရာသည် ဘိက္ခုနီမများထံဝင်ရောက်၍ ရဟန်းပြု၏။ တစ်နေ့သ၌ အရှင်မ ပဋာစာရာသည် ခြေဆေးရေများ ကုန်ခမ်းသွားသည်ကို ကြည့်ရှုရင်း ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ်၊ သတ္တဝါတို့ သေဆုံးရပုံကို လက္ခဏာဘင်၍ ဆင်ခြင် သုံးသပ်နေ၏၊ ဤတွင် ဘုရားရှင်သည် ဂန္ဓကုဋိ တိုက်တော်တွင်းမှ အရှင်မ ပဋာစာရာထံသို့ ရောင်ခြည်တော်များလွှတ်တော်မူပြီး လျှင် ဤဝတ္ထု၏ ရှေ့မှာ ပါရှိသော ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ အရှင်မ ပဋာစာရာသည် ရဟန္တာ ဖြစ်လေ၏၊ ထို့နောက် ဝိနည်းဆောင် ဘိက္ခုနီအရှင်မတို့တွင် အမြင့်မြတ်ဆုံး ဧတဒဂ်ဘွဲ့ထူးကို ရရှိလေသည်။

ဒေသနာတော်

၁၁၄။ အကြင်သူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကိုလမ်းမမြင်ဘဲ အနှစ်တရာ အသက်ရှည်ငြားအံ့၊ ထိုသူသည် အသက်ရှင်ခြင်းသည် မမြတ်ချေ။ သေခြင်းကင်းရာ နိဗ္ဗာန်ကို မြင်သောသူ၏ တစ်ရက်တာမျှ အသက်ရှင်ခြင်းသာလျှင် မြတ်၏။

## အရှင်မ ကိသာဂေါတမီ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင်သီတင်းသုံးတော်မူစဉ် သားသေအတွက် မှိုင်းညှိုးနေခဲ့သော အရှင်မ ကိသာဂေါတမီကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

အရှင်မ ကိသာဂေါတမီသည်ကား သာဝတ္ထိမြို့တော်မှ သူဆင်းရဲသားသမီး တစ်ယောက် ဖြစ်ခဲ့၏၊ ကိုယ်ခန္ဓာ သေးသွယ်သည့် အတွက်

'ဂေါတမီ'ဟူသော နာမည်ရင်းရှေ့တွင် ကိသာဂေါတမီနှင့်တွဲ၍ ခေါ်တွင်နေ၏။ တစ်နေ့၌ သူသည် ဈေးသို့သွား၍လေရာ အဝတ်၊ ဆီ၊ ပျားစသော ဈေးဆိုင်တို့အကြားဝယ် ထူးထူးခြားခြား ဈေးဆိုင်တစ်ခုကို တွေ့ရ၏။ သို့ဖြစ်၍ ကိသာဂေါတမီက "အိုဖခင်၊ အခြားသောသူတို့သည် အဝတ်၊ ဆီ၊ ပျား စသည်တို့ကို ရောင်းကြကုန်၏။ ဖခင်သည်ကား ရွှေငွေတို့ကို ဆိုင်တင်၍ ရောင်းချနေပေသည်တကား"ဟု ဆို၏။ အမှန်အားဖြင့် အကြောင်းတစ်စုံတစ်ခုကြောင့် ရွှေငွေများမှ ရုပ်ပြောင်းနေသော မီးသွေးခဲများ ဖြစ်၏။ ဤသို့ ရွှေငွေစင်စစ်မှ မီးသွေးခဲများဖြစ်ကုန်သဖြင့် စိတ်ဆင်းရဲနေရသော ပစ္စည်းရှင်အား မိတ်ဆွေ တစ်ယောက်က အကြံပေးသဖြင့် ဤသို့ ဆိုင်ခင်းပြထားရ၏။ အခြားသူများသာ ဤပစ္စည်းများကို မီးသွေးအဖြစ်မြင်သာ တွေ့မြင်၍ ပြောဆိုသွားခဲ့ကြ၏။ ကိသာဂေါတမီကမူ ရွှေငွေအဖြစ်ဖြင့် တွေ့မြင်ပြောဆိုလာခြင်း ဖြစ်လေသည်။

ဤသို့ ကံစပ်သူကို ရှာဖွေနေဆဲတွင် ကိသာဂေါတမီ၏ ပြောဆိုသံကို ကြားလိုက်ရသည့် ပစ္စည်းရှင် လူကြီးမှာ ဝမ်းသာအားရဖြစ်၍ "သမီး၊ အဘယ်ပစ္စည်းကို ပြောဆိုပါသနည်း"ဟု မေး၏။ ကိသာဂေါတမီက "ဖခင်၊ ဤပစ္စည်းများပင် ဖြစ်ပါသည်"ဟု မီးသွေးခဲများကို ကောက်ပြလိုက်၏။ ကိသာဂေါတမီ၏ လက်နှင့် ထိသည်နှင့် တစ်ပြိုင်နက် ထိုပစ္စည်းများမှာ ရွှေများ၊ ငွေများဖြစ်သွားကြလေသည်။

ပစ္စည်းရှင်သင်္ဌေးကြီးသည် ကိသာဂေါတမီအား မိမိသားနှင့်ထိမ်းမြားပေး၍ အိမ်သို့ခေါ်ယူထား၏။ ကုဋေလေးဆယ်မျှသော ပစ္စည်းများကို ကိသာဂေါတမီထံ အပ်နှံထား၏။ ဤသို့ ချမ်းသာစွာ နေကြရင်း ကိသာဂေါတမီသည် သားကလေးတစ်ယောက် ဖွားမြောက်လာ၏။ ထိုသားကလေးသည် မတ်တတ်ပြေးနိုင်သောအရွယ်တွင် သူငယ်နာရောဂါဖြင့် ရုတ်တရက်သေဆုံးသွား၏။ ကိသာဂေါတမီမှာ ဤသို့သော အဖြစ်မျိုးနှင့် မတွေ့ဖူးသေးသဖြင့် မိမိသားကလေးကို သုသာန်သို့ ဆောင်ယူခွင့် မပေးပေ။ သားသေကို ရင်မှာပိုက်လျက် သားကလေးပြန်ရှင်လာအောင် ကုနိုင်သည့်ဆေးကို လျှောက်ရှာနေ၏။ တွေ့သမျှလူများကိုမေး၏။ လူအများတို့က "ကိသာဂေါတမီ၊ သင်ကား ရူးလေပြီ"ဟု ဆိုကြ၏။ ကိသာဂေါတမီကို ကရုဏာသက်သော ပညာရှိတစ်ယောက်ကမူ "ချစ်သမီး၊ ငါကား သင့်သား ပြန်ရှင်လာအောင် ကုနိုင်သော ဆေးကိုမသိပါ။ သို့ရာတွင်

ဤဆေးကို ဂေါတမဘုရားရှင်က သိတော်မူပါ၏၊ ဘုရားရှင်ထံသွားသော
လော့''ဟု လမ်းညွှန်လိုက်လေသည်။

ဤတွင် ကိသာဂေါတမီသည် ဘုရားရှင်ထံအလျှင်အမြန်ဝင်ရောက်
ပြီးလျှင် သားအသက်ပြန်ရှင်နိုင်မည့်ဆေးကို တောင်း၏။ ဘုရားရှင်က
''ကိသာဂေါတမီ၊ သင့်သားအတွက် ဆေးဖော်စပ်ရန်လူမသေဖူးသေးသော
အိမ်မှ မုန်ညင်းစေ့ တစ်ဆုပ်မျှ တောင်းခဲ့လော့''ဟု မိန့်ကြားတော်မူ၏၊
ကိသာဂေါတမီသည် သာဝတ္ထိမြို့ဘော် တစ်ခုလုံး လူမသေဖူးသော အိမ်ကို
လိုက်ရှာသော်လည်း မတွေ့နိုင်ပေ၊ ဤတွင် ဤသို့သောသေခြင်းသဘောမှာ
လူတိုင်းနှင့် မကင်းကွာနိုင်ကြောင်း သဘောပေါက်လာ၍ သားအလောင်းကို
တောမှ စွန့်ပစ်ခဲ့၍ ဘုရားရှင်ထံ ပြန်လာ၏။ ဤတွင်ဘုရားရှင်က''ကြီးစွာ
သောရေအလျဉ်သည် အိပ်ပျော်နေသော ရွာသူရွာသားအပေါင်းကို တိုက်
ယူ၍သွားသကဲ့သို့ ထို့အတူ သေမင်းသည် လွန်စွာ မေ့လျော့၍ ကပ်ငြိစိတ်
ရှိသောသတ္တဝါတို့ကိုခေါ်ဆောင်၍သွားလေ၏''ဟူသောဒေသနာတော်ကို
ဟောကြားတော်မူ၏၊ ထိုဒေသနာတော်အဆုံး၌ ကိသာဂေါတမီသည်
သောတာပန်ဖြစ်လေသည်။

ကိသာဂေါတမီသည် ဘိက္ခုနီ အရှင်မများ ထံတွင် ရဟန်းပြုပြီး
နောက် ဆီမီးတောက်ကို ကြည့်ရှုရင်း ကုန်ခန်းပျက်စီးသွားသော သဘော
ကို နှလုံးသွင်း၍ ပွားများနေ၏။ ဤတွင် ဘုရားရှင်က ဂန္ဓကုဋိ တိုက်တော်
ထဲမှ အရှင်မကိသာဂေါတမီထံသို့ ရောင်ခြည်တော်များ လွှတ်တော်မူကာ
ဤဝတ္ထု၏ ရှေ့မှာပါသော ဒေသနာတော်ကို ဟောကြားတော်မူလေ
သတည်း။

ဒေသနာတော်အဆုံး၌ အရှင်မကိသာဂေါတမီသည် ရဟန္တာဖြစ်လေ၏၊

ဒေသနာတော်

၁၁၅။ အကြင်သူသည် မြင့်မြတ်သော လောကုတ္တရာတရား ကို မသိဘဲအနှစ်
တစ်ရာ အသက်ရှည်ငြားအံ့၊ ထိုသူ၏ အသက်ရှည်ခြင်းသည် မမြတ်
ပေ၊ မြင့်မြတ်သော လောကုတ္တရာကို သိသောသူ၏ တစ်ရက်တာမျှ
အသက်ရှင်ခြင်းကသာ မြတ်၏၊

အရှင်မ ဗဟုပုတ္တိကာ

ဇေတဝန်ကျောင်း တော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဗဟုပုတ္တိကာ
အမည်ရှိသော ဘိက္ခုနီကြီးကို အကြောင်းပြု၍ ဤဒေသနာတော်ကို
ဟောကြားတော်မူလေသည်။

သာဝတ္ထိမြို့တော်ရှိအိမ်တစ်အိမ်တွင် သားခုနစ်ယောက်၊ သမီးခုနစ်ယောက်တို့ပေါက်ပွားကုန်၏။ သားသမီးအားလုံးတို့အသီးသီးအိမ်ထောင်ကျသွားသောအခါ ၊ သူတို့၏ဖခင်ကြီးသေဆုံးသွား၏။ ကျန်ရစ်သောသီတင်းသည်မကြီးသည် ရှိသမျှသောပစ္စည်းကိုခွဲဝေမပေးဘဲထား၏။ ၎င်းတွင် သားသမီးများက "အို မခင်၊ မိခင်မှာ ပစ္စည်းဥစ္စာ သိမ်းဆည်း ထားသဖြင့်အဘယ်အကျိုး ရှိမည်နည်း။ ကျွန်တော်တို့သည် မိခင်ကြီးကို လုပ်ကျွေးနိုင်သည် မဟုတ်ပါလော"ဟု ပြောဆိုကြ၏။ မိခင်ကြီးက မတုန့်မလှုပ်နေသည်တွင် ထပ်ကာထပ်ကာ ပူဆာကြ၏။ နောက်ဆုံးတွင် မိခင်ကြီးသည် သားသမီးတို့က လုပ်ကျွေးကြလိမ့်မည်ဟု ယုံစားကာ ပစ္စည်းအားလုံးကို အမွေခွဲ၍ ပေးလိုက်လေတော့သည်။

အမွေခွဲပြီးနောက် မကြာမီမှာပင် သီတင်းသည်မကြီးသည် သားကြီး၏ အိမ်သို့ သွား၏။ သားကြီး၏မိန်းမက ယောက္ခမကြီးကိုမြင်သည်ဖြင့် "ငါတို့၏ ယောက္ခမကြီးသည် အံ့သြဖွယ်ရှိပေစွ။ ငါ့သားကြီးဟူ၍ အမွေနှစ်ဆ ပေးထားသကဲ့သို့ ဤအိမ်သို့သာ ရောက်လာဘိ၏" ဟု ရေရွတ်၏။ အခြားသားသမီးများထံ သွားပြန်တော့လည်း ဤသို့ပင် ရေရွတ်ကြပြန်၏။ ၎င်းတွင် သီတင်းသည်မကြီးသည် သားသမီးများကို စိတ်နာပြီးလျှင် ဘိက္ခုနီအရှင်မများ၏ ကျောင်းသို့သွား၍ ရဟန်းပြု၏။ သားသမီးများစွာ ရှိခဲ့သဖြင့် သူ့ကို အရှင်မဗဟုပုတ္တိကာဟု ခေါ်ဝေါ်ကြပြန်လေသည်။

ထိုဗဟုပုတ္တိကာ အရှင်မကြီးသည် မိမိထက်သိက္ခာကြီးသော ဘိက္ခုနီအရှင်မများ၏ ဝတ်ကြီးဝတ်ငယ်ကို ပြုစုပြီးလျှင် ကျောင်းပြန်ချိန်တိုင်ကို ကိုင်လျက် ညစ်ညလုံး တရားအားထုတ်၏။ ၎င်းတွင် ဘုရားရှင်သည် ဂန္ဓကုဋိတိုက်တော်အတွင်းမှ အရှင်မ ဗဟုပုတ္တိကာထံသို့ ရောင်ခြည်တော်များ လွှတ်ပြီးလျှင် အောက်ပါဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ အရှင်မ ဗဟုပုတ္တိကာသည် ရဟန္တာ ဖြစ်လေ၏။

# ပါပဝဂ်

ဒေသနာတော်

၁၁၆။ ။စိတ်သည် မကောင်းမှု၌ မွေ့လျော်တတ်၏။ ကောင်းမှု ပြုသောသူအား နှုန်နှေးသတ်ရကား၊ စိတ်ကို မကောင်းမှုမှ တား မြစ်ရာ၏။ ကုသိုလ်ကောင်းမှုကို ဆောလျင်စွာ ပြုရာ၏။

## ဧကသာဋကပုဏ္ဏား

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် တစ်ထည်တည်းသာရှိသော အပေါ်ရုံ ပုဆိုးကို လှူဒါန်းသော ပုဏ္ဏားကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

သာဝတ္ထိမြို့တော်မှ ပုဏ္ဏားလင်မယားနှစ်ယောက်တို့တွင် ခါးဝတ် တစ်ထည်စီ ရှိကြ၏။ အပေါ်ရုံ ပုဆိုးကား နှစ်ယောက်လုံးအတွက် တစ် ထည်တည်းသာရှိ၏။ သို့ဖြစ်၍ သူ့ကိုလူအများက ဧကသာဋကပုဏ္ဏား ဟု ခေါ်ဝေါ်ကြ၏။ သူတို့မှာ အပေါ်ရုံ တစ်ထည်တည်းသာ ရှိသဖြင့် နှစ်ယောက်လုံး အပြင်မထွက်နိုင်ပေ။ အပေါ်ရုံပုဆိုးကို တစ်ယောက်က ခြုံ၍ ထွက်သွားလျှင် တစ်ယောက်မှာ အိမ်ထဲတွင် နေရစ်ရလေသည်။

တစ်နေ့သ၌ ဇေတဝန်ကျောင်းတော်တွင် တရားပွဲကြီးကျင်းပလေ ရာ နှစ်ယောက်စလုံး တရားနာရန်သွားလိုပါသော်လည်း သွား၍မဖြစ်နိုင် သဖြင့် နေ့ခင်းမှာ ပုဏ္ဏားမ သွား၍ တရားနာ၏။ ညတရားပွဲမှာကား ပုဏ္ဏားတရားနာ သွားခွင့်ရ၏။ ပုဏ္ဏားသည် ဘုရားရှင်၏ တရားတော်ကို ကြားနာရင်း တစ်ကိုယ်လုံးတွင် နှစ်သိမ့်ခြင်းပီတိတို့ ပျံ့နှံ့ကာ တစ်ထည် တည်းသာရှိသော အပေါ်ရုံပုဆိုးကို လှူချင်သော သဒ္ဓါတရား ပေါ် ပေါက်လာ၏။ ထိုသဒ္ဓါတရားနောက်တွင် မလှူရက်သော နှမြောတွန့်

တို့စိတ်များဆော လွှမ်းမိုးလာကြ၏။ ကျွန်ုပ်သို့ဖြင့် လှူချင်သော သဒ္ဓါတရား ပေါ်လိုက်၊ မလှူချင်သော ဝန်တိုစိတ်များ ပေါ်လိုက်ဖြင့် ညဉ့်ဦးယံ၊ သန်းခေါင်ယံတို့ကို ကျော်လွန်သွားခဲ့၏။ ပစ္ဆိမယံသို့ရောက်၍ လှူလိုသော သဒ္ဓါတရားလေး ပေါ်ပေါက်လာသည်တွင်ကား ပုဏ္ဏားသည် မိမိစိတ်ကို တိတိပြတ်ပြတ်ဆုံးဖြတ်ပြီးလျှင် တစ်ထည်တည်းသော အပေါ်ရုံ ပုဆိုးကို ဘုရားရှင် ခြေတော်ရင်းသို့ချကာ "ငါအောင်ပြီ၊ ငါအောင်ပြီ" ဟူ၍ သုံးကြိမ်တိုင်တိုင် ကြွေးကြော်လိုက်လေသည်။

ထိုဘုရားပွဲ၌ ကောသလမင်းကြီးလည်း တရားနာလျက် ရှိနေရာ ထို အသံကိုကြားရသဖြင့် "ဘာကိုအောင်ပါသနည်း" ဟု မင်းချင်းတို့အား မေးမြန်းစေ၏။ ပုဏ္ဏားထံမှ အကြောင်းမှန်ကို သိရသောအခါ "ပြုနိုင်ခဲ သောအမှုကို ပြုပေစွ" ဟုဆိုကာ ပုဏ္ဏားအား ပုဆိုးတစ်စုံကို ဆုချ၏။ ပုဏ္ဏားကလည်း ဆုကိုခံယူပြီးလျှင် ဘုရားရှင်ထံဆက်ကပ်လိုက်၏။ မင်းကြီး ကလည်း တစ်ဆတစ်ဆတက်၍ ဆုချမြန်၏။ ပုဏ္ဏားကလည်း ဆုရလေ သမျှကို ဘုရားရှင်ထံချည်းလှူဒါန်း၏။ တစ်ဖန် တစ်ဆတက်၍ ပုဆိုး သုံးဆယ့်နှစ်စုံ ဆုချသည်တွင်ကား မင်းကြီး၏ အထင်လွဲမှုကို မခံရစေရန်နှစ်စုံ ကို မိမိတို့လင်မယားအတွက်ယူ၍ ကျန်သော ပုဆိုး အစုံသုံးဆယ်ကို လှူ ဒါန်းလိုက်၏။ တစ်ဖန် ကောသလမင်းကြီးက ကမ္ဗလာနှစ်ထည်ကို ဆုချ မြန်လေရာ ပုဏ္ဏားသည် တစ်ထည်ကို ဘုရားရှင် သီတင်းသုံးသော နေရာ၏ အထက်တွင် မျက်နှာကြက် ကြက်၍ တစ်ထည်ကိုကား မိမိအိမ်သို့ ဆွမ်း ခံကြွသော ရဟန်းတို့ဝယ် နေရာ၏ အထက်တွင် မျက်နှာကြက် ကြက် ထားလေသည်။

ကောသလမင်းကြီးသည် ညနေချမ်းအချိန်၌ ဘုရားရှင်ထံ သွား ရောက်ဖူးမြင်ကာ မိမိဆုချထားသော ကမ္ဗလာဖြင့် မျက်နှာကြက် ထား သည်ကို တွေ့ရသဖြင့် ဆင်ငါးစီး၊ မြင်းငါးစီး၊ အသပြာငါးထောင်၊ မိန်းမငါးယောက်၊ ကျွန်ငါး ယောက်၊ ယောကျ်ား ငါးယောက်၊ ရွာကြီးငါးရွာဟူသော ငါးခုနှစ်လီဆုတော်ကြီးများကို ချီးမြှင့်လိုက်လေ သည်။

တရားသဘင်၌ ရဟန်းတို့သည် စူဠေကသာဋကပုဏ္ဏား၏ ကုသိုလ်ကံ အကျိုးပေးကောင်းပုံကို ပြောဆိုနေကြစဉ် ဘုရားရှင် ကြွလာတော်မူပြီး လျှင် ထိုစကားနှင့်ဆက်စပ်၍ တရားစကား ဟောကြားတော် မူလိုသဖြင့် အထက်ပါဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာစကာ်

၁၁၇။ ။ လူသည် မကောင်းမှုကို ပြုမိသော်ငြားလည်း ထိုမကောင်းမှုကို ထပ်ကာထပ်ကာ မပြုလုပ်ရာ၊ ထိုမကောင်းမှု၌ အလိုဆန္ဒကို မပြုရာ။ မကောင်းမှုကို ပွားစေခြင်းသည် ဆင်းရဲခြင်း၏အကြောင်းတည်း။

## အရှင် သေယျသက

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အရှင် သေယျသကကို အကြောင်းပြု၍ ဤဒေသနာကို ဟောကြားတော်မူလေသည်။

အရှင် သေယျသကသည် မိမိဆရာ အရှင်လာဠုဒါယီ၏ နည်းပေးလမ်းပြကို ခံယူ၍ ကာမဂုဏ် နှိပ်စက်လာလေတိုင်း မိမိလက်ဖြင့် သုတ်လွှတ်ခြင်းအမှုကို ပြုနေ၏။ ဤအကြောင်းကို ဘုရားရှင် ကြားသိတော်မူသောအခါ အရှင် သေယျသကအား အမျိုးမျိုး ကဲ့ရဲ့ရှုတ်ချတော်မူကာ ပထမ သံဃာဒိသိသ် သိက္ခာပုဒ်ကို ပညတ်တော်မူ၏။ ထိုမှတစ်ဖန် အစည်းအဝေး ရောက်လာသော ပရိသတ်တို့အား ထိုအကြောင်းနှင့် ဆက်စပ်၍ တရားစကား ဟောကြားတော်မူလို၍ အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၁၁၈။ ။ လူသည် ကုသိုလ်ကောင်းမှု ပြုပြီးလျှင် ထပ်ကာ ထပ်ကာ ပြုလုပ်ရာ၏၊ ထိုကောင်းမှု၌ အလိုဆန္ဒကို ပြုရာ၏၊ ထိုကောင်းမှုကို ပွားစေခြင်းသည် ချမ်းသာခြင်း၏ အကြောင်းတည်း။

## လာဇာနတ်သမီး

ဇေတဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် လာဇာနတ်သမီးကို အကြောင်းပြု၍ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

လာဇာနတ်သမီးသည် ယခင်ဘဝတုန်းက ဆင်းရဲ နွမ်းပါးသော အမျိုးသမီးလေးဖြစ်၍ သူဌေးတစ်ပါး၏ သလေးစပါးခင်းကို အစောင့် စောင့်ရှောက်နေရ၏။ တစ်နေ့သ၌ ထိုအမျိုးသမီးလေးသည် စပါးခင်းစောင့်ရင်း

စားသောက်ရန် ပေါက်ပေါက်များကို ယူလာခဲ့၏။ ထိုအချိန်တွင် အရှင်မဟာကဿပသည် ပိပ္ဖလိလိုဏ်ဂူ၌ ခုနစ်ရက်ပတ်လုံး နိရောဓ သမာပတ်ဝင်စားရာမှ ထကာ ထိုအမျိုးသမီးကလေးကို ချီးမြှောက်ရန် စပါးခင်းသို့ ကြွလာ၏၊ စပါးခင်းစောင့် အမျိုးသမီးလေးသည် အရှင်မဟာကဿပကို ဖူးမြင်ရသဖြင့် ကြည်ညိုလှန်းလှသဖြင့် ပါလာသော သပိတ်ထဲသို့ ပေါက်ပေါက်များ လောင်းထည့်လိုက်၏။ အရှင်မဟာကဿပ ပြန်ကြွသွား၍ မကြာမီမှာပင် ထိုအမျိုးသမီးကလေးမှာ စပါးခင်းထဲမှ အဆိပ်ပြင်းသော မြွေ အကိုက်ခံရ၍ သေဆုံးပြီးလျှင် တာဝတိံသာ နတ်ပြည်၌ ယူဇနာသုံးဆယ်ရှိသော ရွှေဗိမာန်၌ နတ်သမီး ဖြစ်လာ၏။ ပေါက်ပေါက်လှူခဲ့သော ကုသိုလ်ကံကြောင့် ဤစည်းစိမ်ကို ရရှိသဖြင့် သူ့ကို လာဇာ နတ်သမီးဟု ခေါ်ဝေါ်ကြလေသည်။

လာဇာနတ်သမီးသည် မိမိ၏ ရွှေဗိမာန်တံခါးဝမှာရပ်လျက် မိမိ၏ ကုသိုလ်ကံကို ပြန်၍ ဆင်ခြင်သောအခါ အရှင်မဟာကဿပထံတွင် ပြုခဲ့ဘူးသော ကုသိုလ်ကံကို တွေ့မြင်ရသဖြင့် နံနက်စောစောပင် နတ်ပြည်မှ ဆင်းလာခဲ့၏။ ရွှေတံမြက်စည်းနှင့် ခြင်းတောင်းတို့ကို ယူလာပြီးလျှင် အရှင်မဟာကဿပ၏ ကျောင်းဝင်းကို တံမြက်စည်းလှည်း၏၊ အမှိုက်များကို ကျုံး၏။ သောက်သုံးရေမျှား ခပ်ထည့်ထားခဲ့၏၊ အရှင်မဟာကဿပသည် ဤအခြင်းအရာကို မြင်သော်လည်း တစ်စုံတစ်ရာ မတွေးမိချေ၊ တပည့်ရဟန်း သာမဏေများ ဆောင်ရွက်ထားသည်ဟု မှတ်ထင်နေ၏၊ တတိယနေ့ ရောက်သည်တွင်ကား နတ်သမီး၏ တံမြက်လှည်းသံ၊ သော့ပေါက်မှ ဝင်လာသော ကိုယ်ရောင်ကိုယ်ဝါကြောင့် နတ်သမီးမှန်း သိသဖြင့် အရှင်မဟာကဿပက "သင်နတ်သမီး၊ ပြုခဲ့ပြီးသည်ကား ရှိစေ၊ နောက်နောင်တွင် ဤနေရာသို့ မလာနှင့်"ဟု မိန့်ကြား၏။ နတ်သမီးက အဖန်ဖန် တောင်းပန်သော်သည်း အရှင်မဟာကဿပက ခွင့်မပြုပေ၊ "အရှင်မဟာကဿပ မထေရ်ကြီးအား နတ်သမီးတစ်ယောက် လာ၍ ဝတ်ကြီးဝတ်ငယ် ပြုစုနေပေသည်ဟု ဓမ္မကထိကများ၏ အပြောအဆို မခံရပါစေနှင့်" ဟု ဆိုကာ ဆက်သက်၍သာ နှင်၏၊ နတ်သမီးက ငိုယို၍ တောင်းပန်နေသည်တွင် အရှင်မဟာကဿပက လက်ဖျောက်တီးလိုက်၏။ နတ်သမီးသည် ကောင်းကင်သို့ ပျံတက်ကာ ငိုယို၍ နေရလေသည်၊

ဘုရားရှင်သည် ဂန္ဓကုဋိတိုက်အတွင်းမှ နတ်သမီး၏ ငိုသံကို ကြားတော်မူ၍ နတ်သမီးထံသို့ ရောင်ခြည်တော်များကို လွှတ်တော်မူကာ "နတ်

သမိ၊၊ စောင့်စည်းခြင်းသည် ငါတပည့်သား မဟာကဿပ၏ တာဝန်တည်း၊၊ ကုသိုလ်ကောင်းမှု ပြုခြင်းသား ကုသိုလ်ကောင်းမှု ပြုလိုသူ၏ တာဝန်တည်း၊”ဟု မိန့်ကြားတော်မူပြီးလျှင် ဤစကားနှင့် ဆက်စပ်၍ တရားစကား ဟောကြားတော်မူလိုသဖြင့် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း၊

ဒေသနာတော် အဆုံး၌ လာဇာနတ်သမီးသည် သောတာပတ္တိဖိုလ်ထက် မှာပင် သောတာပန် ဖြစ်လေ၏၊

ဒေသနာတော်

၁၁၉၊ မကောင်းမှုပြုသူပင်ဖြစ်သော်ငြားလည်း မကောင်းမှု အကျိုးမပေးသမျှ ကာလပတ်လုံး ကောင်းမြတ်သော အာရုံကို တွေ့မြင်နိုင်သေး၏၊ မကောင်းမှုအကျိုးပေးသော အခါ၌ကား၊ မကောင်းမှု ပြုသူသည် မကောင်းကျိုးကိုသာ တွေ့မြင်ရတော့၏၊

၁၂၀၊ ကောင်းမှုပြုသူပင် ဖြစ်သော်ငြားလည်း၊ ကောင်းမှု အကျိုးမပေးသမျှ ကာလပတ်လုံး မကောင်းသောအာရုံကို တွေ့မြင်နိုင်သေး၏။ ကောင်းမှု အကျိုးပေးသော အခါ၌ကား၊ ကောင်းမှု ပြုသူသည် ကောင်းကျိုးကိုသာ တွေ့မြင်ရတော့၏၊

## အနာထပိဏ် သေဌေးကြီး

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင်သီတင်းသုံးတော်မူစဉ် အနာထပိဏ် သေဌေးကြီးနှင့် သူ၏ တံခါးစောင့်နတ်တို့ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်၊

အနာထပိဏ် သေဌေးကြီးသည် ဇေတဝန် ကျောင်းတော်ကြီးနှင့် ပတ်သက်၍ ငါးဆယ့်လေးကုဋေမျှသောဥစ္စာကို သာသနာတော်၌စွန့်လွှတ် လှူဒါန်းခဲ့၏၊ ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် ရှိနေတော်မူလျှင် တစ်နေ့လျှင် သုံးကြိမ်ကျ သွားရောက်ဖူးမြော်၏၊ သွားသော အခါတိုင်းမှာလည်း လှူဘွယ်ထစ်ခုခု ပါလာစမြဲသာဖြစ်၏၊ နံနက်စောစောဆိုလျှင် ယာဂုယူလာ၏။ ထမင်းစားပြီးချိန်ဆိုလျှင် ထောပတ်၊ ဆီဦး၊ စသော ဆေးပစ္စည်းများ ယူလာ၏၊ ညနေချမ်းချိန်ဆိုလျှင် ပန်းနံ့သာ၊ နံ့သာပျောင်း၊ သင်္ကန်းစသည်များယူလာ၏၊ နေ့တိုင်းအလှူပေး၍ နေ့တိုင်းသီလဆောက်

တည်၏။ ထို့နောက် ကာလအတန်ကြာသောအခါ အနာထပိဏ် သူဌေး ကြီး၏ ဥစ္စာများပျက်စီးကုန်ကြ၏။ ကုန်သည်များကလည်း သူဌေးကြီး ထံမှ ချေးယူထားသော ငွေ ဆယ့်ရှစ်ကုဋေကို မပေးနိုင်ကြပေ။ မိဘ ဘိုး ဘွားထံမှ အမွေရသော ငွေ ဆယ့်ရှစ်ကုဋေတို့ကို မြစ်ကမ်းပါး အနီးတွင် မြှုပ်နှံထားရာ ကမ်းပြိုကျသဖြင့် မဟာသမုဒ္ဒရာသို့ ရွေ့ပါသွားကြ၏။ ဤသို့ ပစ္စည်းဥစ္စာများ ဆုံးရှုံးသွားသော်လည်း သူဌေးကြီးသည် အလှူ ဝတ်ကိုကား အပျက်မခံပေ။ အမွန်အမြတ်ကို မတတ်နိုင်သော်လည်း ဆန် ကွဲထမင်းနှင့် ပုန်းရည်ဟင်းကိုကား လှူလျက်သာ ရှိနေလေသည်။

ဤသို့ဆင်းရဲနွမ်းပါးစွာ အလှူပေးနေရသောအနာထပိဏ်သူဌေး ကြီးအား ဘုရားရှင်က "ဒါယကာကြီး၊ တန်ဖိုးနည်းသောပစ္စည်းကိုပေးလှူ ရ၏ဟု မကြံစည်ပါနှင့်။ စိတ်ထားမွန်မြတ်လျှင် ရတနာသုံးပါး၌ ပေးလှူ သော အလှူသည် အဖိုးတန်သည်သာဖြစ်၏။ စင်စစ်အားဖြင့် သင်ဒါယ ကာကြီးသည် အရိယာပုဂ္ဂိုလ် ရှစ်ယောက်တို့အား ပေးလှူရ၏။ ငါဘုရား သည် ဝေလာမပုဏ္ဏားဖြစ်သောအခါ ဇမ္ဗူဒိပ်တစ်ကျွန်းလုံးကို ထွန်ယက် စားသောက်ခြင်းမပြုစေဘဲ မိမိတစ်ယောက်တည်းက အမြဲချက်ပြုတ်၍ ကျွေးခဲ့၏။ သို့ရာတွင် အလှူခံသူများထဲတွင် သရဏဂုံတည်သူပင်ပါဝင် ခြင်းမရှိပေ။ ထို့ကြောင့် သင်၏အလှူသည် အဖိုးမတန်ဟု မကြံစည်ပါ နှင့်"ဟု မိန့်ကြားတော်မူလေသည်။

(ဝေလာမပုဏ္ဏား၏အလှူတော်အကြောင်းအပြည့်အစုံကို အင်္ဂုတ္တရ နိကာယ်၊ နဝနိပါတ်၊ သီဟနာဒဝဂ်၊ ဝေလာမသုတ်၌ ရှုပါ)

အနာထပိဏ်သူဌေးကြီး၏ တံခါးမှုစောင့်သောနတ်သည် မိမိ၏ တံခါးမှုခ်သို့ ဘုရားရှင်နှင့် တပည့် ရဟန်းများကြွလာလေတိုင်း အထက်မှာ မနေရဘဲ ဆင်းပေးနေခဲ့ရ၏။ ထိုစဉ်ကတည်းကဘုရားရှင်နှင့် တပည့်ရဟန်း များကို ကိုးကွယ်ဆည်းကပ်ခြင်းမပြုရန် သူဌေးကြီးအား ပြောလိုသော် လည်းမပြောဖြစ်ခဲ့ပေ။ စည်းစိမ်ဥစ္စာနှင့် ပြည့်စုံနေခိုက်တွင် ပြောသော် လည်းလက်ခံမည်မဟုတ်ဟု ဆိတ်ဆိတ်နေခဲ့ရ၏။ ယခု စည်းစိမ် ဥစ္စာများ ပျက်စီးသွားချိန်တွင်ကား မိမိစကားကို လက်ခံတော့မည်ဟု ထင်မှတ်လာ ၏။ ထို့ကြောင့် တံခါးစောင့်နတ်သည် ညအချိန်တွင် သူဌေးကြီး၏ အိပ် ခန်းသို့ ဝင်၍ ကိုယ်ထင်ပြပြီးလျှင် "သူဌေးကြီး၊ သင်သည် ရဟန်းဂေါတမ ၏ သာသနာတွင် ပရမ်းပတာပေးလှူ၏။ ယခု သူဆင်းရဲဘဝ ရောက်သည်

တိုင်အောင်လည်း၊ အလှူမပြတ်သေး၍၊ ရဟန်းတော်များအား ပေးလှူခြင်းကို ရပ်စဲ၍ စီးပွားဥစ္စာပြုန်းတီးအောင်ပြုပါလော့''ဟု ဆို၏။ အနာထပိဏ်သေဌေးက တံခါးစောင့်နတ်စကားကို လက်မခံဘဲ ထိုနတ်ကိုသစ မိမိအိမ်မှ နှင်ချလိုက်လေတော့သည်။

တံခါးစောင့်နတ်သည် သောတာပန်အရိယာသာဝကကြီး၏ စကားကို မလွန်ဆန်ရဲသဖြင့် သားသမီးများကို ခေါ်၍ ထွက်သွားရ၏။ အခြားမှာလည်း နေစရာမရှိသဖြင့် သေဌေးကြီးအိမ်တွင် နေခွင့်ရရေးအတွက် ကူညီ၍ တောင်းပန်ပေးရန် မြို့စောင့်နတ်အား ပန်ကြား၏။ မြို့စောင့်နတ်က သူ့စကားကို ပယ်လှန်လိုက်သဖြင့် တံခါးစောင့်နတ်သည် စတုမဟာရာဇ်နတ်မင်းကြီး လေးယောက်ထံသွား၍ ပန်ကြားပြန်၏။ နတ်မင်းကြီးများက ပယ်လိုက်ပြန်သောအခါ သိကြားမင်းထံ သွားရပြန်လေသည်။

သိကြားမင်းကလည်း၊ ''ငါသည် သေဌေးကြီးကို တောင်းပန်ပေးရန် မစွမ်းနိုင်ပါ''ဟု ဆို၏။ သို့ရာတွင် သေဌေးကြီးကို ကျေနပ်အောင် ကန်တော့နိုင်မည့်နည်းလမ်းကို ညွှန်ကြားလိုက်၏။ ထို့ကြောင့် တံခါးစောင့်သည် ငွေချေးထားသော ကုန်သည်တို့ထံမှ ငွေများပေးဆပ်ရန် မိမိတန်ခိုးဖြင့် တိုက်တွန်းနှိုးဆော်၏။ သေဌေးကြီးလက်မှတ်ဖြင့် မြို့သားများထံမှ ကြွေးမြီအားလုံးကို သိမ်းယူကာ သေဌေးကြီး၏ ဘဏ္ဍာတိုက်များကို ပြည့်စေ၏။ သမုဒ္ဒရာထဲတိ ရှေ့ပါသွားသော ဥစ္စာ များနှင့်တကွ အခြားပိုင်ရှင်မဲ့ ရွှေငွေများကိုပါ ဘဏ္ဍာတိုက်များသို့ ပို့ဆောင်ပေး၏။ ဤသို့ ဒဏ်ထမ်းပြီးခါမှ သေဌေးကြီးထံသို့ ဝင်ရောက်တောင်းပန် ကန်တော့၏။ အနာထပိဏ် သေဌေးကြီးကလည်း တံခါးမှုန်စောင့်နတ်ကို ဘုရားရှင်ထံ ခေါ်ဆောင်သွား၏၊ ဤတွင် ဘုရားရှင်သည် ထိုစကားနှင့် ဆက်စပ်၍ တရားစကား ဟောကြားတော်မူလိုသဖြင့် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ ထိုနတ်သည် သောတာပန်ဖြစ်လေသည်။

ဒေသနာတော်

၁၂၁။ အနည်းငယ်မျှသော မကောင်းမှုသည် အကျိုးသက်ရောက် လာလိမ့်မည်မဟုတ် ဟူ၍ မကောင်းမှုကို အထင်ဝသေးရာ။ မိုးရေပေါက်တို့ ကျဖန်များသောအခါ ရေအိုးသည် ပြည့်လာဘိထကဲ့သို့ အနည်းငယ်မျှသော မကောင်းမှုများကို ဆည်းပူးဖန်များလတ်သော် လူမိုက်သည် မကောင်းမှုဖြင့် ပြည့်၏။

## ရဟန်းတစ်ပါး (ပရိက္ခရာ မသိမ်းဆည်းသူ)

ဇေတဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ပရိက္ခရာ မသိမ်းဆည်းသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ရဟန်းတစ်ပါးသည် ညောင်စောင်း၊ အင်ပျဉ်စသော ပရိက္ခရာ အသုံးအဆောင်တို့ကို လွင်တီးခေါင်၌ ယူ၍နေထိုင်ပြီးလျှင် မသိမ်းဆည်းဘဲ ပစ်ထားသဖြင့် သံဃိက ပစ္စည်းများ ပျက်စီးကြရ၏။ အခြားရဟန်းများက ဤသို့ မပြုရန် ပြောဆိုကြသော်လည်း လိုက်နာခြင်းမရှိဘဲ "ငါ့ရှင်တို့၊ ငါ ပြုလုပ်သော မကောင်းမှုသည် အနည်းငယ်သာတည်း" ဟု ဆိုကာ ပြုမြဲတိုင်း သာပြု၏။ ဤတွင် ဘုရားရှင်က ထိုရဟန်းကို ဆုံးမတော်မူလိုသဖြင့် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ထို့နောက် ဘုရားရှင်သည် သံဃိက ညောင်စောင်း၊ အင်ပျဉ်များကို လွင်တီးခေါင်၌ ယူ၍နေထိုင်ပြီးလျှင် ပြန်မထားသော ရဟန်းအား ပါစိတ်အာပတ်သင့်စေဟု ပထမ သေနာသန သိက္ခာပုဒ်ကို ပညတ်တော်မူလေ၏။

ဒေသနာတော်

၁၂၂။ အနည်းငယ်မျှသော ကောင်းမှုသည် အကျိုး ဆက်ရောက်လိမ့်မည် မဟုတ်ဟူ၍ ကောင်းမှုကိုအထင်မသေးရာ။ မိုးရေပေါက်ကျဖန်များ သောအခါ ရေအိုးသည် ပြည့်လာဘိသကဲ့သို့ ကောင်းမှုကို ဆည်းပူး ဖန်များလတ်သော် ပညာရှိသည် ကောင်းမှုဖြင့် ပြည့်၏။

## ဗိဠာလပဒက သေဌေး

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဗိဠာလပဒက အမည်ရှိသော သေဌေးကြီးကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

သာဝတ္ထိမြို့တော်မှ နိဗ္ဗာန်ဆော်တစ်ယောက်သည် ဘုရားအမှူးရှိသော သံဃာတော်များအား ဆွမ်းကပ်ရန် လှည့်လည် နှိုးဆော်၏။ မြို့သူမြို့သားများစွာတို့သည် ဆန်၊ ဆီ၊ ဆား စသော စားသောက်ကုန် ပစ္စည်းများကို နိဗ္ဗာန်ဆော်ထံသို့ ပေးလှူကြ၏။ သေဌေး စစ်ယောက်သည်ကား

"မိမိဘာသာ တတ်နိုင်သလောက်မကပ်လှူဘဲ သူများလိုက်၍ နှိုးဆော်နေရသလော"ဟု မတွေးတောကာ နိဗ္ဗာန်ဆော်ကို မကျေမနပ် ဖြစ်နေ၏။ သို့ဖြစ်၍ မိမိဆိုင်ရှေ့သို့ နိဗ္ဗာန်ဆော်ရောက်လာသောအခါ လက်သုံးချောင်းဖြင့် ကော်၍ ပါသမျှအနံ့ကို လှူလိုက်၏။ ပဲနောက်၊ ပဲလွန်းတို့ကိုလည်း အနည်းငယ်ကလေးမျှသာ ပေး၏။ ဤသို့ကြောင့် လက်ထစ်ပက်စသမျှသာ ပေးလှူသဖြင့် ထိုသေဋ္ဌေးကို ဗိဠာလပဒက သေဋ္ဌေးဟု အများက ခေါ်ဝေါ်ကြလေသည်။

နိဗ္ဗာန်နှိုးဆော်သည် အခြားသူများ လှူဒါန်းသော ပစ္စည်းများကို အကျိုးဟုရာဟုရာ ဆောင်း၍ထည့်၏။ ဗိဠာလပဒက သေဋ္ဌေး၏ ပစ္စည်းများကို ကား သီးသန့်ထည့်၍ထား၏။ ဤတွင် ဗိဠာလပဒကသေဋ္ဌေးသည် နိဗ္ဗာန်ဆော်၏အပြုအမူကို သတိပြုမိ၍ အလုပ်သမားငယ်တစ်ယောက်အား နိဗ္ဗာန်ဆော်၏ အပြုအမူကို စုံစမ်းရန် စေလွှတ်လိုက်၏။ နိဗ္ဗာန်ဆော်သည်ကား အလှူရှင် သေဋ္ဌေးအား ကုသိုလ်ပွားစေခြင်းငှာ ချက်ပြုတ်လေသမျှသော ယာဂုအိုး၊ ဆွမ်းအိုး၊ မုန့်ကြော် စသော ဝယ်တို့တွင် ဗိဠာလပဒကသေဋ္ဌေး၏ ပစ္စည်းများကို တစ်စေ့တစ်စက်စီ လျှောက်ထည့်ပေးလေ၏။

လာရောက်ကြည့်ရှုနေသော အလုပ်သမားငယ်သည် ထိုအကြောင်းကို ဗိဠာလပဒကသေဋ္ဌေးအား ပြန်၍ပြောပြ၏။ သို့ရာတွင် ဗိဠာလပဒကသေဋ္ဌေးသည် စိတ်မပြေနိုင်သေးချေ။ "ပရိသတ်အလယ် ထိုသူသည် ငါ့ကို ရှုတ်ချစကား ဆိုငြားအံ့၊ ငါ့နာမည်ကို မြွက်ဆိုသည်နှင့်တစ်ပြိုင်နက် သင်းကိုသတ်အံ့"ဟု ဆုံးဖြတ်ကာ နောက်တနေ့ နံနက်၌ ပုဆိုးခြုံထဲတွင် ဓားကို ဝှက်၍ယူလာခဲ့၏။ နိဗ္ဗာန်နှိုးဆော်သည်ကား မိမိနှိုးဆော်၍ ရလာသော ဝတ္ထုပစ္စည်းများကို ကူညီဆောင်ရွက်သူများနှင့် အတူတကွ ချက်ပြုတ်စီမံ၍ ဘုရားအမှူးရှိသော သံဃာတော်များအား ထွပ်းလုပ်ကျွေးနေ၏။ ဤသို့ လုပ်ကျွေးပြီးနောက် "အရှင်ဘုရား၊ တပည့်တော်သည် လူအများကို နှိုးဆော်တိုက်တွန်း၍ ဤအလှူကို လှူပါ၏။ လူအများတို့ စွမ်းအားရှိသလောက်ထည့်ဝင် လှူဒါန်းကြပါကုန်၏၊ နည်းများမဟူ လှူဒါန်းသူအားလုံးအား အကျိုးကြီးမြတ်ပါစေ ဘုရား"ဟု လျှောက်၏။ ဤတွင်မှ ဗိဠာလပဒက သေဋ္ဌေးသည် နိဗ္ဗာန်ဆော်၏ စိတ်သဘောထား မြင့်မြတ်ပုံကို သဘောပေါက်ကာ မိမိအပြစ်ကို ဝန်ချတောင်းပန်လေသည်။ ဘုရားရှင်

သည် ထိုအဖြစ်အပျက်နှင့်ဆက်စပ်၍ ဗိဋ္ဋလပဒက သေဌေးအား တရားစကား ဟောကြားတော်မူလိုသဖြင့် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ ဗိဋ္ဋလပဒက သေဌေးသည် သောတာပန်ဖြစ်လေ၏။

### ဒေသနာတော်

၁၂၃။ အဖော်နည်း၍ ဥစ္စာများသော ကုန်သည်ကြီးသည် ဘေးရန်များသော ခရီးလမ်းကို ရှောင်ကြဉ်သကဲ့သို့လည်းကောင်း၊ အသက်ရှင်လိုသောသူသည် သေစေတတ်သောအဆိပ်ကို ရှောင်ကြဉ်သကဲ့သို့လည်းကောင်း၊ ပညာရှိသည် မကောင်းမှုကို ရှောင်ကြဉ်ရာ၏။

## မဟာဓန ကုန်သည်

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင်သီတင်းသုံးတော်မူစဉ် ဘေးရန်များသော လမ်းခရီးကိုရှောင်ကြဉ်တတ်သော မဟာဓနကုန်သည်ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူပါသည်။

အခါတစ်ပါး၌ မဟာဓနကုန်သည် သည် ကုန်လှည်းများနှင့်တကွ ခရီးထွက်လေရာ ရဟန်းငါးရာကိုပါ အတူခေါ်ဆောင်၍ သွားလေ၏။ သွားလေရာက်လေရာ အချပ်၌ရဟန်းတို့ကိုဆွမ်းဆက်ကပ်သဖြင့်ရဟန်းတို့သည် ချမ်းချမ်းသာသာ ရှိကြ၏။ မဟာဓနကုန်သည်၏အိမ်ကိုလုယက်တိုက်ခိုက်လိုသော်လည်း အခွင့်မသာခဲ့ကြသောခိုးသားငါးရာတို့သည် တောအုပ်ထဲမှ ဆီး၍ တိုက်ခိုက်ရန် စောင့်နေကြ၏။ မဟာဓနကုန်သည်သည် တောအုပ်အဝင်ဝရှိ ရွာတစ်ရွာတွင်စခန်းချကာ နှစ်ရက်သုံးရက်မျှ နေ၍ လှည်းများပြင်ဆင်လျက်ရှိ၏။ မဟာဓနကုန်သည် မလာသေးသဖြင့် ခိုးမှူးကြီးသည် ခိုးသားတစ်ယောက်အား ရွာထဲသို့ လွှတ်၍ စုံစမ်းစေ၏။ ထို ခိုးသားမှတစ်ဆင့် ခိုးသား ငါးရာတို့၏ အကြံအစည်ကို ရွာသားတစ်ယောက်က သိရှိသွား၏။ ထိုရွာသားတမှ တစ်ဖန် မဟာဓနကုန်သည်အား အကြောင်းကြား၏။ မဟာဓနကုန်သည်သည် သာဝတ္ထိမြို့တော်သို့ လှည့်၍ပြန်ရန် စီစဉ်လေသည်။

မဟာဓန ကုန်သည် ထွက်မလာနိုင်သဖြင့် ခိုးမှူးကြီးသည် ခိုးသားတစ်ယောက်ကို ရွာထဲသို့ လွှတ်ပြန်၏။ မဟာဓနကုန်သည် လှည့်၍ပြန်တော့မည့်အကြောင်းကိုစုံစမ်းသိရသဖြင့် ခိုးသားငါးရာတို့သည် ပြန်မည့်လမ်းမှ စောင့်နေကြပြန်၏။ ရွာထဲသို့ စုံစမ်းလာသော ခိုးသားမှတစ်ဆင့် ထိုအကြ

အစဉ်ကို မဟာဓနကုန်သည် ကြားသိပြန်သဖြင့် အပြန်ခရီးကိုလည်း မသွားဖြစ်တော့ချေ။ "အရှင်ဘုရား၊ ခိုးသားတို့သည် တပည့်တော်ကို လုယက်တိုက်ခိုက်ရန် အသွားလမ်း၊ အပြန်လမ်းမှ စောင့်ကြိုနေကြပါ၏။ တပည့်တော်သည် ဤရွာ၌ အထန်ကြာ မျှနေရပါဦးမည်။ ဤရွာ၌ဆက်လက်၍ သီတင်းသုံးလိုလျှင်လည်း သီတင်းသုံးကြပါကုန်၊ ကြွလိုလျှင်လည်း မိမိနှစ်သက်ရာရာ ကြွတော်မူကြပါကုန်" ဟု လျှောက်ထား၏။ ရဟန်းငါးရာတို့သည် ဇေတဝန်ကျောင်းတော်သို့ ပြန်လာကြလေ၏။

ထိုရဟန်းငါးရာတို့သည် ဘုရားရှင်ထံ ဝင်ရောက် ရှိခိုးကြပြီးလျှင် မဟာဓနကုန်သည်၏ အကြောင်းကိုလျှောက်ထားကြကုန်၏။ ဘုရားရှင်သည် ထိုစကားနှင့် ဆက်စပ်၍ ရဟန်းငါးရာတို့အား တရားစကား ဟောကြားတော်မူလိုသဖြင့် အထက်ပါဒေသနာတော်ကို ဟောကြားတော် မူလေသတည်း။

ဒေသနာတော်အဆုံး၌ ရဟန်းငါးရာတို့သည် ရဟန္တာဖြစ်ကြလေကုန်၏။

ဒေသနာတော်

၁၂၄။ လက်၌ အနာမရှိလျှင် လက်ဖြင့် အဆိပ်ကို ကိုင်ဆောင်နိုင်၏။
အဆိပ်သည် အနာမရှိသောလက်သို့ အစဉ်မလိုက်။ စေတနာမပါ
ဘဲ ပြုသောသူအား မကောင်းမှုကံမည်သည် မရှိချေ။

# ကုက္ကုဋမိတ္တမုဆိုး

ဝေဠုဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ကုက္ကုဋမုဆိုး၏ သောတာပန်တည်ပြီးသော မယားကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ကုက္ကုဋမိတ္တမုဆိုး၏ မယားသည် သူဌေးသမီး တစ်ယောက်ဖြစ်၍ အပျိုစင်ဘဝကပင် သောတာပန် တည်ခဲ့သူဖြစ်၏။ သူသည် ကဿပဘုရားရှင်လက်ထက်တော်တုန်းကလည်း ဤသူ၏ မယားပင် ဖြစ်ခဲ့ဖူး၏။ လင်ယောကျ်ားနှစ်ယောက်နှင့် သားခုနစ်ယောက်၊ ချွေးမခုနစ်ယောက်တို့သည် ကဿပမြတ်စွာဘုရား၏ ဓာတုစေတီအား ဇေတီကျွန်အဖြစ်ဖြင့် မိမိတို့

ကိုယ်ကို လူ့ဒါန်းကာ စေတီတော်ကို ရာသက်ပန်သုတ်သင် ရှင်းလင်းနေခဲ့ကြ၏။ ထိုကုသိုလ်ကောင်းမှုကြောင့် ထိုမိသားစုတစ်စုလုံးသည် ထိုဘဝမှ သေဆုံးသောအခါ နတ်စည်းစိမ်ကို ခံစားနေကြရပြီးလျှင် ဂေါတမ ဘုရားရှင်၏ လက်ထက်ကျမှ လူ့ပြည်သို့ ရောက်လာခြင်းဖြစ်၏။ မယားဖြစ်ခဲ့သူသည် သေဌေးသမီးဖြစ်၍ ယောကျ်ားဖြစ်ခဲ့သူအသည် မုဆိုးဖြစ်လာ၏။ သေဌေးသမီးသည် ထိုစဉ်တုန်းက ထားရှိခဲ့ဘူးသော ချစ်ခြင်းမေတ္တာကြောင့် မုဆိုးကို မြင်လျှင်မြင်ချင်း ချစ်ခင်စွဲလမ်းမိ၏။ သို့ဖြစ်၍ အိမ်မှ ကျွန်မကဲ့သို့ မိမိကိုယ်ကို ပြုပြင်ဖန်ဆင်း၍ အိမ်မှထွက်ကာ တိတ်ဆိတ်စွာ မုဆိုး၏ လှည်းနောက်သို့ လိုက်၏။ မုဆိုးသည် အကြောင်းကိုမသိသော်လည်း သေဌေးသမီးအား မိမိလှည်းနောက် လိုက်မလာရန် တားမြစ်သေး၏။ နောက်မှ မိမိနောက်သို့ လိုက်လာကြောင်း သိသဖြင့် သေဌေးသမီးကို လှည်းပေါ်တင်၍ ခေါ်ယူကာ ချစ်ခင်စွာ ပေါင်းသင်းနေထိုင်၏။ ဟိုယခင်က တော်စပ်ခဲ့ဖူးသော သားများနှင့် ချွေးမများသည်လည်း ယခင်က အတိုင်း ဖြစ်ပေါ်၍လာကြလေ၏။

တစ်နေ့သ၌ ဘုရားရှင်သည် တစ်ဆယ့်ငါးယောက်သော မုဆိုး မိသားစုတို့၏ ကျွတ်တမ်းဝင်မည့်အရေးကို မြင်တော်မူသဖြင့် ကုက္ကုဋ္ဌမုဆိုး ကျော့ကွင်းထောင်ရာသို့ ကြွချီတော်မူ၏။ ဘုရားရှင် ရှိနေသဖြင့် သမင်တစ်ကောင်မျှ ကျော့ကွင်း၌ မမိတော့ချေ။ ကုက္ကုဋ္ဌမုဆိုးသည် နံနက် စောစော လေးနှင့်မြားကိုယူ၍ ထိုနေရာသို့ လာလေရာ သမင်တစ်ကောင်မျှ မမိသဖြင့် မကျေမနပ်ဖြစ်ရ၏။ ထိုနေရာမှ ဘုရားရှင်ချထားတော်မူခဲ့သော ခြေတော်ရာအတိုင်း လိုက်သွားလေရာ ချုံရိပ်တစ်ခုအောက်တွင် သီတင်းသုံးတော်မူနေသော ဘုရားရှင်ကို တွေ့မြင်ရ၏။ ဤတွင် ကုက္ကုဋ္ဌမုဆိုးသည် "ငါ့သမင်များကို လွတ်ပစ်သူကား ဤသူပင်ဖြစ်မည်"ဟု တွေးတောကာ ဘုရားရှင်ကို ပစ်သတ်ရန် လေးကိုတင်၏။ တင်ပြီးသည့်နောက် ဘုရားရှင်၏ တန်ခိုးတော်ကြောင့် ပစ်ကား မပစ်နိုင်ပေ။ ချရန်လည်း မစွမ်းနိုင်။ နံရိုးများ ကျိုးမတတ်နာကျင်ခြင်း ဝေဒနာများကို ခံစားလျက် တံတွေးများ ယိုစီးလျက်သာရှိနေလေသည်။

ပြန်နေကျအချိန်၌ မုဆိုးပြန်မလာသဖြင့် မုဆိုး၏မယားသည် သား ခုနစ်ယောက်တို့အား ဖခင်ထံ စေလွှတ်လိုက်၏။ သားခုနစ်ယောက်တို့သည် ဘုရားရှင်ရှေ့တော်၌ ဒုက္ခကြီးစွာ ခံစားနေရသောဖခင်ကိုမြင်လျှင် ဘုရား

ရှင်ကို ပခင်း၏ ရန်သူထင်မှတ်၍ လေးကို တင်ကြကုန်၏။ သူတို့လည်း သူတို့ ပခင်နည်းတူ မလှုပ်မယှက်နိုင်ဘဲ ဒုက္ခကြီးစွာ ခံစား၍ နေကြရလေသည်။

မုဆိုးနှင့်သားများ၊ ပြန်မရောက်လာနိုင်သဖြင့် မုဆိုး၏ မယားသည် ချွေးမခုနစ်ယောက်နှင့်တကွ ထိုနေရာသို့ လိုက်လာ၏။ ဘုရားရှင်ကိုမြားနှင့် ပစ်ရန် ချိန်ရွယ်နေကြသော သားအဖများကို တွေ့ရသောအခါ လက်မောင်းကို မြှောက်ချီလျက် "ငါ့ဖခင်ကို မသတ်ကြပါနှင့်၊ ငါ့ဖခင်ကို မထိတ်ကြပါနှင့်"ဟု အသံကျယ်စွာ အော်ဟစ်၏၊ ဤတွင် မုဆိုးသည် 'မိမိယောက္ခမတည်း'ဟု တွေးတောကာ မေတ္တာသက်ဝင်လာ၏။ သားများကလည်း 'ငါတို့၏ အဘိုးတည်း'ဟု ချစ်ခင်လာကြ၏၊ ဤတွင် မိခင်က မုဆိုးနှင့်သားများအား ဘုရားရှင်ကို ရှိခိုးကန်တော့ရန် ပြောပြလေသည်။

မုဆိုးသားအဖတို့၏ စိတ်နှလုံး နူးညံ့လာသည်ကို သိတော်မူသဖြင့် ဘုရားရှင်သည် လေးများချနိုင်ရန် ခွင့်ပြုတော်မူလိုက်၏။ ဤတွင်မှ သူတို့ အားလုံး လေးများချ၍ ဘုရားရှင်ကို ရှိခိုး ကန်တော့ကြ၏။ ထိုအခါ ဘုရားရှင်သည် သူတို့အားလုံးအား တရား ဟောတော်မူလေရာ မုဆိုးနှင့်တကွ သားခုနစ်ယောက်၊ ချွေးမခုနစ်ယောက်တို့ သောတာပန် တည်ကြလေသည်။

တရားသဘင်ရှိ ရဟန်းတို့သည် "ကုက္ကုဋမိတ္တ မုဆိုး၏ မယားသည် လင်က စေခိုင်းသဖြင့် လေး၊ မြား၊ လှံ၊ တံစို့၊ ပိုက်ကွန်တို့ကို ယူ၍ ပေးခဲ့ရ၏၊ မုဆိုးသည် မယား ယူပေးသော ထိုကိရိယာများဖြင့် သားကောင်များကို သတ်ဖြတ်၏၊ မည်သို့ပါနည်း၊ သောတာပန်တို့သည် သူ့အသက်ကို သတ်ကြပါသလော"ဟု ပြောဆိုကြကုန်၏၊ ဤတွင် ဘုရားရှင်သည် တရားသဘင်သို့ ကြွတော်မူလာ၍ "ရဟန်းတို့၊ သောတာပန်တို့သည် သူ့အသက်ကို မသတ်ကြကုန်။ လင်၏ စကားကို လိုက်နာသော အားဖြင့် မယားဝတ္တရားနှင့်အညီ ပြုလုပ်ပေးခြင်းသာ ဖြစ်၏၊ ကိရိယာများဖြင့် သတ္တဝါများကို သတ်စေတော့ဟူသော စိတ်သဘော မျိုး မရှိပေ"ဟု မိန့်တော်မူပြီးလျှင် ထိုစကားနှင့် ဆက်စပ်၍ တရားစကား ဟောကြားတော်မူလိုသဖြင့် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၁၂၅။ ။အကြင်သူသည် မပြစ်မှားထိုက်သော၊ စင်ကြယ်သော၊ ကိလေသာကင်းသော ရဟန္တာပုဂ္ဂိုလ်အား ပြစ်မှား၏၊ လေညာသို့ လွှင့်ပစ်လိုက်သော သိမ်မွေ့သော မြူမှုန်သည် လွှင့်သူထံသို့သာ ပြန်ကျလာသကဲ့သို့ ထိုလူမိုက်သို့သာလျှင် မကောင်းမှုသည်ပြန်ကျလာ၏။

## ကောကမုဆိုး

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် မိမိခွေး၏ ကိုက်စားခြင်း ခံရသော ကောကခွေးမုဆိုးကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

တစ်နေ့သ၌ ကောကခွေးမုဆိုးသည် ခွေးအပေါင်း ခြံရံ လျက် တောသို့ သွားလေရာ ဆွမ်းခံဝင်လာသော ရဟန်းတစ်ပါးနှင့် တွေ့ဆုံခဲ့ရ၏၊ ရဟန်းကို မြင်ရသဖြင့် မုဆိုးသည်ဝမ်းမြောက်ဝမ်းသာမဖြစ်လာဘဲ "ဝါသည် သူယုတ်မာကို မြင်ရ၏၊ ထို့ကြောင့် ယနေ့ သားကောင် တစ်ကောင်ကိုမျှ ရတော့မည် မဟုတ်"ဟု တွေးတောမိ၏။ တွေးတော မိသည့်အတိုင်းလည်း ထိုနေ့ နေမြင့်သည့်တိုင်အောင် သားကောင် တစ်ကောင်မျှ မရချေ။ အပြန်လမ်းတွင်လည်း ဆွမ်းခံရာမှ ပြန်လာသော ရဟန်းနှင့် တွေ့ဆုံရပြန်သဖြင့် အမျက်ထွက်သည်ထက် ထွက်လာပြီး လျှင် ရဟန်းကို ခွေးများဖြင့် ရှူးတိုက်၏။ ရဟန်းလည်း မုဆိုးကို တောင်းပန်၍ မရသဖြင့် လူတစ်ရပ်ခန့်ရှိသော သစ်ပင်ပေါ်သို့ တက်နေရလေသည်။ သစ်ပင်ပေါ် တက်နေသော်လည်း သင် လွတ်မြောက်မည် မဟုတ်ဟုဆိုကာ မုဆိုးသည် ရဟန်း၏ ခြေထောက်များကို မြားချွန်ဖြင့် ထိုး၏၊ ရဟန်း၏ ခြေတစ်ဖက် ရုပ်သွားလျှင်နောက်တစ်ဖက်ကိုထိုးပြန်၏၊ ရဟန်းတစ်ကိုယ်လုံး မီးမြိုက်ထားသကဲ့သို့ ဝေဒနာပြင်းစွာ ခံစားရသဖြင့် ဝတ်ရုံထားသော သင်္ကန်းများကို ငြိမထိန်းနိုင်တော့ချေ။ သို့ဖြစ်၍ သင်္ကန်းသည် ရဟန်း ထံမှ ရွတ်တရက် လျှောကျကာ မုဆိုးကို လွှမ်းခြုံသွား၏၊ ဤတွင် တောလိုက်ခွေးများသည် ရဟန်း ကျလာသည် ထင်မှတ်ကာ မုဆိုးကို ကိုက်ဝါး စားသောက်လေတော့သည်။

ရဟန်းသည် ခွေးများကို သစ်ကိုင်းခြောက်တစ်ခုဖြင့် လှမ်း၍ ပေါက်၏။ ဤတွင်မှ ခွေးများသည် မိမိသခင်ကို ကိုက်စားခဲ့မိကြောင်း

သိရှိကာ တောထဲသို့ ပြေးဝင်သွားကြ၏။ ရဟန်းသည် သစ်ပင်ပေါ်မှ ဆင်းပြီးနောက် ဘုရားရှင်ထံတော်သို့ ဝင်ရောက်၍ ထိုအကြောင်းကို လျှောက်ထားကာ "အရှင်ဘုရား၊ တပည့်တော်ကံကောင်း၍ လွှမ်းခြုံမိ၍ မှဆိုးသေဆုံးခဲ့ရပါ၏။ တပည့်တော်၏ သီလသည် စင်ကြယ်ပါသေး၏ လော၊ တပည့်တော်သည် ရဟန်းဖြစ်ပါသေး၏လော" ဟု လျှောက်ထား၏။ ဘုရားရှင်က "ရဟန်း၊ သင်၏သီလသည် စင်ကြယ်၏၊ သင်သည် ရဟန်းစစ်စစ် ကောင်းဖြစ်၏။ ထိုမုဆိုးသည် မပြစ်မှားသင့်သူကို ပြစ်မှား၍သာ သေဆုံးရခြင်း ဖြစ်လေသည်" ဟု မိန့်ကြားတော်မူပြီးလျှင် ထို စကားနှင့်ဆက်စပ်၍ တရားစကား ဟောကြားတော်မူလိုသဖြင့် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ ထိုရဟန်းသည် ရဟန္တာ ဖြစ်လေ၏။

ဒေသနာတော်

၁၂၆။ ။အချို့သော သူတို့သည် အမိဝမ်းတွင်းဝယ် ပဋိသန္ဓေနေကြ ကုန်၏။ မကောင်းမှု ပြုသူတို့သည် ငရဲသို့ ကျရောက် ရကုန်၏။ ကောင်းမှု ပြုသူတို့သည် နတ်ပြည်သို့ လားရကုန်၏။ ရဟန္တာ ပုဂ္ဂိုလ်တို့ကား ပရိနိဗ္ဗာန် ပြုကြကုန်၏။

## အရှင်တိဿ (ကျောက်သွေးသမား၏ဆရာ)

ဇေတဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ကျောက်သွေး သမားရိုက်သဖြင့် ပရိနိဗ္ဗာန်ပြုရသော အရှင်တိဿကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ရဟန္တာပုဂ္ဂိုလ် အရှင်တိဿသည် ကျောက်သွေးသမားတစ်ယောက် ၏ အိမ်၌ ဆယ့်နှစ် တိုင်တိုင် ဆွမ်း ဘုဉ်းပေးခဲ့၏။ ကျောက်သွေးသမား မယားကလည်း အရှင်တိဿကို မိဘအရာထား၍ ရိုသေစွာ လုပ်ကျွေးလာ ခဲ့ကြ၏။ တစ်နေ့သောအခါတွင်ကား ကောသလမင်းကြီး၏ မင်းမှုထမ်း တစ်ယောက်သည် မင်းကြီး၏ ပတ္တမြားကို သွေး၍ အပေါက်ဖောက်ပေးရန် အပ်နှံလာ၏။ ထိုစဉ်ခိုက်တွင် ကျောက်သွေးသမားသည် အမဲသားများကို ခုတ်စင်းလျက်ရှိရာ သွေးပေနေသောလက်ဖြင့် ပတ္တမြားကို ယူပြီးလျှင် ကလပ်ပေါ် တင်ထားလိုက်၏။ ယင်းနောက် ကျောက်သွေးသမားသည်

လက်ဆေးရန် ထွက်သွားစဉ် အိမ်တွင်မွေးထားသော ကြိုးကြာက သွေးပေနေသော ပတ္တမြားကို သားတစ်မှတ်၍ မျိုချလိုက်လေသည်။

ကျောက်သွေးသမားပြန်လာသောအခါ ပတ္တမြားကို မမြင်သဖြင့် မယားကို မေး၏၊ သားကို မေး၏၊ သူတို့က မယူကြောင်း ပြောဆိုကြသည်တွင် နောက်ဆုံး အရှင်တိဿကိုမေးရာ ကြိုးကြာကို သတ်မည်စိုး၍ မပြောသောကြောင့် အရှင်တိဿ ဗိုလ်ကျစ်ဆေးရန်မယားနှင့်တိုင်ပင်၏။ မယားက "ဤမျှလောက် ကာလပတ်လုံး အရှင်မြတ်မှာ အပြစ်တင်စရာ မရှိခဲ့ပါ"ဟု ဆို၍တားမြစ်၏။ ကျောက်သွေးသမားသည် မယား၏စကားကို နားမထောင်ဘဲ "အရှင်ဘုရား၏နေရာ၌ အရှင်ဘုရားမှတပါး အခြားသူမရှိပေ၊ အရှင်ဘုရားသည်သာလျှင် ပတ္တမြားကို ယူသွားလိမ့်မည်၊ ပတ္တမြားကို ပေးပါ"ဟု စွပ်စွဲ၍ တောင်းဆို၏။ အရှင်တိဿသည်ကား ကြိုးကြာ မျိုသည်ကို မျက်မြင် ဒိဋ္ဌ တွေ့သော်ရှိသော်လည်း ကြိုးကြာကို သတ်မည်စိုး၍ ထုတ်ဖော်မပြောဘဲ "ဒါယကာ၊ ငါမယူပါ"ဟူ၍သာ မိန့်ကြားရလေသည်။

အရှင်တိဿက မယူကြောင်း ငြင်းဆိုသဖြင့် ကျောက်သွေးသမားသည် အရှင်တိဿ၏ဦးခေါင်းကို ကြိုးနှင့် တင်းတင်းကျပ်ကျပ် ရစ်ပတ်ပြီးလျှင် ရိုက်၍စစ်ဆေး၏၊ အရှင်တိဿ၏ဦးခေါင်း၊ နားရွက်၊ နှာခေါင်းတို့မှ သွေးစိမ်းရှင်ရှင် ယိုထွက်လာ၏။ ကြိုးကြာသည် သွေးနံ့ရသဖြင့် အနားသို့ လာရောက်ကာ အရှင်တိဿထံမှ ထွက်ကျလာသော သွေးကို သောက်၏၊ ကျောက်သွေးသမားသည် ဒေါသအရှိန်ဖြင့် ကန်လိုက်လေရာ ကြိုးကြာသည် ပက်လက်လန်၍ သေသွားလေသည်။

အရှင်တိဿက "ဒါယကာ ကြိုးကြာ သေပြီလား"ဟု မေး၏၊ ကျောက်သွေးသမားက "ကြိုးကြာ သေလေပြီ၊ သင်ဖုန်းသည်လည်း ကြိုးကြာကဲ့သို့ပင် သေရမည်"ဟု ပြော၏။ အရှင်တိဿက "ဒါယကာ၊ ကြိုးကြာ သေဆုံးပြီဖြစ်လျှင် ပတ္တမြားကို ကြိုးကြာ မျိုထား၏"ဟု မိန့်ကြား၏။ ကြိုးကြာ၏ ဝမ်းကို ခွဲကြည့်သောအခါ ကျောက်သွေးသမားသည် ပတ္တမြားကို မြင်ရ၏။ ဤတွင်မှ ကျောက်သွေးသမားသည် အရှင်တိဿ၏ အနှောင်အဖွဲ့ကို ဖြေပေး ပြီးလျှင် ခြေရင်းမှာ ဝပ်စင်း၍တောင်းပန်၏၊ အရှင်တိဿက "ဒါယကာ၊ သင့်မှာလည်း အပြစ်မရှိပါ၊ သံသရာ ဝဋ်ဆင်းရဲ၏ အပြစ်သည်သာဖြစ်ပါသည်"ဟု မိန့်ကြား၏၊ ကျောက်သွေး

သာမဏေ“ဤသို့ဆိုလျှင် တပည့်တော်အိမ်၌ ယခင်အတိုင်း ဆက်လက်၍ ဆွမ်းဘုဉ်းပေးတော်မူပါဘုရား”ဟု လျှောက်ထား၏။ ထိုတွင် အရှင်တိဿက “ဒါယကာ၊ အိမ်တွင်းသို့ ဝင်မိသည့်အတွက် ဤသို့ ခံစားရ၏။ ဤယနေ့မှစ၍ ငါသည် သူတစ်ပါး၏အိမ်သို့မဝင်တော့ပြီ။ ငါ၏ခြေထောက်များ လှမ်းနိုင်သေးသရွေ့ အိမ်ပေါက်ဝမှသာ ဆွမ်းခံစားတော့မည်”ဟု မိန့်ဆိုလေသည်။

အရှင်တိဿသည် ထိုဝေဒနာဖြင့်ပင် ပရိနိဗ္ဗာန်စံ၏။ ကြိုးကြာသည် ကျောက်သွေးသမားမယား၏ ဝမ်း၌ ပဋိသန္ဓေတည်နေ၏။ ကျောက်သွေးသမားသေဆုံးသော် ငရဲကျ၏။ သူ၏မယားသည်ကား အရှင်တိဿအား ထာဝစဉ် ကြည်ညို ဆည်းကပ်လာခဲ့သဖြင့် သေလွန်သောအခါ နတ်ပြည်သို့ လားရ၏။ ထိုသူတို့၏လားရာဂတိကို ရဟန်းများက မေးလျှောက်ကြသဖြင့် ဘုရားရှင်က အထက်ပါဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၁၂၇။ မကောင်းမှု ပြုသောသူသည် ကောင်းကင်၌ ပျံနေသော်လည်း လည်းကောင်း၊ သမုဒ္ဒရာအလယ်၌ တည်နေသော်လည်းကောင်း၊ တောင်ခေါင်းတွင်းသို့ ဝင်၍နေသော်လည်းကောင်း မကောင်းမှုမှ လွတ်နိုင်ချေ။ မကောင်းမှုမှ လွတ်မြောက်အောင် ပုန်းရှောင်နိုင်သော အရပ်သည် မရှိသည်သာတည်း။

## သတ္တဝါသုံးမျိုး

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အကုသိုလ်ကံ၏ အကျိုးကို ခံစားကြရသော သတ္တဝါသုံးမျိုးကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ဘုရားရှင်ထံသို့ ဖူးမြော်ရန် လာခဲ့ကြသော ရဟန်းတို့သည် ရွာတစ်ရွာသို့ ဝင်၍ ဆွမ်းခံကြ၏။ ရွာသူရွာသားများသည် ရဟန်းများအား ဆွမ်းစားဇရပ်၌ ယာဂုဆက်ကပ်ကာ ဆွမ်းခဲဖွယ်များ ချက်ပြုတ်ကြ၏။ ထိုစဉ်တွင် မိန်းမတစ်ယောက်၏ ဟင်းအိုးမှ မီးသတောက်ကာ အိမ်ကိုပါ မီးစွဲလောင်၏။ ထိုအိမ်မှ မြက်ကရွတ်ခွေ တစ်ခုသည် မီးလောင်လျက် ကောင်းကင်သို့ လွင့်ပါးသွားရာ ကျီးတစ်ကောင်၏ လည်ပင်းကို စွပ်မိ၏။ ကျီးသည် မီးလောင်၍ကျကာ သေဆုံးသွားလေသည်။

အခြား ရဟန်းတို့သည် ဘုရားဖူးရန် သင်္ဘောစီး၍ လာကြစဉ် သင်္ဘောသည် ရေလယ်ခေါင်တွင် ကျောက်ချထားဘိသကဲ့သို့ ရပ်ဆိုင်းနေ၏။ သင်္ဘောသားတို့သည် “သင်္ဘောပေါ်၌ သူယုတ်မာ ပါလေ၍သာ ဤသို့ဖြစ်ရမည်”ဟု တွေးတောကြပြီးလျှင် မဲချ၍ သူယုတ်မာ ရှာကြ၏။ သူယုတ်မာသည် သင်္ဘောသူကြီး၏ ဇနီးမှာ ကျ၏။ သင်္ဘောသူကြီး၏ ဇနီးသည် ငယ်ရွယ်နုပျို၏။ ချောမောလှပ၏။ သို့ရာတွင် သင်္ဘောပေါ်ရှိ လူအားလုံး အသက်ရှင်ရေးအတွက် ဤမိန်းမတစ်ယောက်ကို မငဲ့နိုင်ကြပေ။ သင်္ဘောသူကြီးသည် မိမိ၏ ဇနီးကို မစွန့်ရက်နိုင်သဖြင့် မပြုန်ချရန် တိုက်တွန်း၏။ သုံးကြိမ်မြောက် မဲချသည့်တိုင်အောင် သူယုတ်မာ မှာသည် ဇနီးသည်ထံမှာသာ ကျ၏။ ဤတွင် သင်္ဘောသူကြီးက “ရေပေါ် ပေါ်နေသည်ကို မကြည့်ရက်ပါ”ဟု ဆိုကြသဖြင့် ဇနီးသည်၏ လည်ပင်းမှာ သဲအိုးတစ်ခုကို ချည်နှောင်ကာ သမုဒ္ဒရာထဲသို့ ပစ်ချလိုက်ကြရ၏။ ဤတွင်မှ သင်္ဘောက အရှိန်နှင့် ထွက်ခွာလေတော့သည်။

ဘုရားဖူးရန်ထွက်လာခဲ့ကြသော ရဟန်း ခုနစ်ပါး တို့သည်လည်း ကျောင်းတစ်ကျောင်းသို့ ဝင်၍ တည်းခိုကြရာ အခြားမှာ နေရာမရတော့ သဖြင့် တောင်ခေါင်းတစ်ခုထဲ၌ ညောင်စောင်းများမှာ အိပ်ကြရ၏။ ထိုစဉ်တွင် အိမ်လုံးလောက်ပမာဏရှိသော ကျောက်တုံးကြီးက သူ့အလို အလျောက် အပေါက်ဝသို့ လာ၍ ပိတ်နေ၏။ ကျောင်းခံရဟန်းများသည် ထိုကျောက်တုံးကို မည်သို့မျှ မဖယ်ရှားနိုင်ကြပေ။ အတွင်းက ရဟန်း ခုနစ်ပါးတို့ကလည်း မည်သို့မျှ မတတ်နိုင်ကြပေ။ ဤသို့ဖြင့် အစာရေစာ ပြတ်လပ်ကာ ခုနစ်ရက်တိုင်တိုင် ဒုက္ခကြီးစွာ ခံစားရပြီးမှ သူ့အလို အလျောက် နေရာရွေ့သွား၏။

ဘုရားဖူးရန် လာကြသောရဟန်းအုပ်စုသုံးစုလုံးသည် ဘုရားရှင်ထံသို့ တစ်ပေါင်းတည်း ဝင်ကြကာ အဖြစ်ဆိုးကြုံရသူသုံးမျိုးတို့၏ အတိတ်ကံကို မေးလျှောက်ကြကုန်၏။ ဘုရားရှင်ကလည်း ဖြေကြားတော်မူ၏။ ထမင်းစွာ မီးကင်းစွပ်မိသောကျီးသည် ဗာရာဏသီမြို့တော်၌ လယ်သမားတစ်ယောက် ဖြစ်ခဲ့၏။ သူသည် ဆုံးမ၍ မရနိုင်သော နွားတစ်ကောင်ကို လည်ပင်းတွင် ကောက်ရိုးခွေစွပ်ကာ မီးရှို့၍ သတ်ခဲ့ဖူး၏။ ထိုအကုသိုလ်ကံကြောင့် ထို လယ်သမားသည် ငရဲ၌ ကြာမြင့်စွာ ခံခဲ့ရပြီးလျှင် အကျိုးအကြွင်းအကျန် အဖြစ်ဖြင့် ခုနှစ်ကြိမ်တိုင်တိုင် ကျီးဘဝတွင် မီးကွင်းစွပ်ခံရ၍ သေဆုံးခဲ့ရ လေသည်။

သဘော်သူကြီး၏ ယောသည်လည်း ယခင်ဘဝတုန်းက သူကြွယ်၏ မယားဖြစ်ခဲ့၏၊ သူသွားရာနေရာ၌ ခွေးတစ်ကောင်က တစ်ကောက် ကောက်လိုက်ပါလာရာ လူငယ် လူရွယ်တို့က "အချင်းတို့၊ ခွေးမုဆိုး ထွက်လာပြီ၊ ယနေ့ ငါတို့ အမဲဟင်း စားရတော့မည်"ဟု ပျက်ရယ်ပြု ကြ၏၊ ဤသို့ပြက်ရယ်ပြုခံရသည်ကို ရှက်လှသဖြင့် သူကြွယ်မယားသည် ခွေးကို မလိုက်လာအောင် ခြောက်လှန့်မောင်းနှင်၏၊ ခွေးက လိုက်မြဲလိုက် နေ၏။ ခွေးလည်ပင်းတွင် သဲအိုးတစ်ခု ချည်နှောင်ကာ ရေထဲသို့ နှစ်၍ သတ်လိုက်၏၊ ထိုအကုသိုလ်ကံကြောင့် ထိုမိန်းမသည် ငရဲ၌ ကာလကြာ ရှည်မှာ ခံစားရပြီးလျှင် ကံကြွင်းမှဖြစ်ပြီး ဘဝတစ်ရာတိုင်တိုင် သဲအိုး လည်ပင်းမှာဆွဲ၍ ရေနစ်သေဆုံးခဲ့ရလေသည်၊

တောင်ခေါင်းထဲမှာ ပိတ်မိကြသော ရဟန်းခုနစ်ပါး တို့မှာသည်း ဘဝတစ်ခုမှာတုန်းက နွားကျောင်းသားများဖြစ်ခဲ့ကြ၏။ သူတို့သည် တောင်ပို့ထဲသို့ ဝင်သွားသော ဖွတ်တစ်ကောင်ကို ဖမ်းကြရာ နေဝင်သည့် တိုင်အောင် ဖမ်း၍ မရကြပေ။ သို့ဖြစ်၍ နောက်တစ်နေ့ကျမှ လာ၍ ဖမ်းကြရာ တောင်ပို့ရှိ အပေါက်ခုနစ်ပေါက်တို့ကို သစ်ကိုင်းသစ်ရွက်များ ဖြင့် ကိုယ်စီကိုယ်ငပိတ်ဆို့၍ထားခဲ့ကြ၏။ နောက်နေ့မှာ၌ မေ့လျော့ နေမိကြ၍ ဖွတ်ကို မဖမ်းမိခဲ့ကြပေ။ ခုနစ်ရက်မြောက်သောအခါတွင်မှ ပိတ်ဆို့ ထားခဲ့သော သစ်ရွက်များကို ဖယ်ကြရာ ဖွတ်မှာ အရိုးပေါ်တွင် အရေ တင်ရုံမျှသာကျန်၍ ချည့်နဲ့စွာထွက်လာ၏၊ ဤတွင် နွားကျောင်းသား များက မသတ်ရက်ကြတော့သဖြင့် ကျောကုန်းကို ဆုပ်နယ်ပေးကာ ချမ်း သာရာသို့ လွှတ်လိုက်ကြလေ၏၊ ထိုစဉ်က ဖွတ်ကို မသတ်ခဲ့ကြသဖြင့် သူတို့ သည် ငရဲသို့ကား မလားကြရကုန်၊ ခုနစ်ရက်တိုင်တိုင် ပိတ်ဆို့ထားခဲ့ သော အကုသိုလ်ကံကြောင့်သာလျှင် ဆယ့်လေးဘဝတိုင်တိုင် အစာရေ စာပြတ်လပ်ခဲ့ကြလေသည်၊

ဘုရားရှင်သည် သုံးမျိုးသော သတ္တဝါတို့၏ မိမိပြုလုပ်ခဲ့ဖူးသော အကုသိုလ်ကံ အားလျော်စွာ ခံစားခဲ့ရပုံကို ဖြေကြားတော်မူပြီးနောက် ထိုစကားနှင့် ဆက်စပ်၍ တရားစကား ဟောကြားတော်မူလိုသဖြင့် အထက် ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ ထိုရဟန်းသည် သောတာပန် စသည်ဖြစ်ကြ လေကုန်၏၊

ဒေသနာတော်

၁၂၈။ မကောင်းမှု ပြုသောသူသည် ကောင်းကင်၌ ပျံနေသော်လည်း ကောင်း၊ သမုဒ္ဒရာ အလယ်၌ တည်နေသော်လည်းကောင်း၊ တောင်ခေါင်းတွင်းသို့ဝင်၍ နေသော်လည်းကောင်း သေမင်းလက်မှ မလွတ်နိုင်ချေ။ သေမင်း၏ နှိပ်စက် ညှဉ်းပန်းခြင်းမှ လွတ်မြောက်အောင် ပုန်းရှောင်နိုင်သော အရပ်သည် မရှိသည်သာ သာတည်း။

## သုပ္ပဗုဒ္ဓမင်း

ကပိလဝတ္ထုမြို့တော် နိဂြောဓာရုံကျောင်း၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဘုရားရှင်၏ ဘထွေးတော်ဖြစ်သော သုပ္ပဗုဒ္ဓမင်းကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

သုပ္ပဗုဒ္ဓမင်းကား သကျအမျိုးသား မင်းတစ်ပါးဖြစ်၍ မယ်တော်မာယာနှင့် မိထွေးတော် ဂေါတမီတို့၏ မောင်ဖြစ်၏။ ဤသို့ အားဖြင့် သူသည် ဘုရားရှင်၏ ဘထွေးတော် ဖြစ်သော်လည်း ဘုရားရှင်ကို မကျေနပ်ပေ၊ သမီးတော် ယသော်ဓရာကို စွန့်ပစ်ထားခဲ့၍လည်း ကောင်း၊ သားတော် ဒေဝဒတ်ကို ရဟန်းပြုပေးပြီးမှ ရန်သူအရာ ထားသောကြောင့် လည်းကောင်း ဘုရားရှင်အပေါ် ရန်ငြိုးထားလျက်သာ ရှိ၏။ ဤသို့ဖြင့် ဆွမ်းခံကြွလာသော ဘုရားရှင်သည် သံဃာတော်များနှင့်တကွ ဆွမ်းဘုဉ်းပေးပွဲထားရာသို့ ကြွတော်မူလေရာ သုပ္ပဗုဒ္ဓမင်းသည် ထိုလမ်းကို ပိတ်၍ထားသဖြင့် ထိုနေရာမှ ပြန်ကြွတော်မူရ၏။ လမ်းသို့၌ ဘုရားရှင်ပြုံးတော်မူသဖြင့် အရှင်အာနန္ဒာက ပြုံးရခြင်း၏ အကြောင်းကို မေးလျှောက်လေရာ ဘုရားရှင်က "အာနန္ဒာ၊ သုပ္ပဗုဒ္ဓမင်းသည် ငါဘုရားအား လမ်းပိတ်ထားခြင်းဖြင့် ဝန်လေးသော အမှုကြီးကို ပြုဘိ၏။ သုပ္ပဗုဒ္ဓမင်းသည် ဤနေ့ ခုနစ်ရက်မြောက်သောနေ့၌ ပြာသာဒ်အောက် စောင်းတန်း ခြေရင်းတွင် မြေမျိုခံရလတ္တံ့"ဟု မိန့်ကြားတော်မူလေသည်။

သုပ္ပဗုဒ္ဓက စေလွှတ်ထားသော မင်းချင်းယောကျ်ားသည် ထိုစကားကို ပြန်သည်လျှောက်တင်၏။ သုပ္ပဗုဒ္ဓမင်းကား မကြောက်ရွံ့ချေ။ ငါ့တူသိဒ္ဓတ္ထ ဆိုခဲ့သောစကားသည် သူဆိုတိုင်းဖြစ်တတ်၏၊ သို့ရာတွင် သူ့ကို ခုနစ်ရက်မြောက်သောနေ့၌ မြေမျိုလတ္တံ့ဟူ၍ သာမည မဆိုမူ၍ ပြာသာဒ်အောက်

စောင်းတန်းခြေရင်း၌ မြေမျိုလတ္တံ့’ဟုဆို၏၊ ဤနေ့မှစ၍ ငါသည် ထို နေရာသို့ မသွားဘဲနေရအံ့၊ ဤသို့ဖြင့် သူ့ကို မှသာဝါဒဖြင့် နှိပ်စက် ပေအံ့ဟု တွေးတောကာ ဘုံခုနစ်ဆင့် ပြာသာဒ်သို့ တက်နေ၏၊ အသုံး အဆောင်ဟူသမျှကို ပြာသာဒ်ထက်သို့ တင်ထား၏၊ ပြာသာဒ်သို့ တက် သော စောင်းတန်းကို ဖယ်ထားလိုက်၏၊ တံခါးပေါက် တစ်ပေါက်စီ၌ လည်း မြေလျှော၍ အောက်သို့ဆင်းခဲ့မိသော် တားမြစ်ကြရန် လက်ဝှေ့ ကျော် နှစ်ယောက်စီကို အစောင့်ချထား၏၊ ထိုအကြောင်းကို ဘုရားရှင် သိတော်မူသောအခါ စည်းဝေးနေကြသော တရားနာ ရဟန်းသတ်အား ထိုအကြောင်းနှင့် ဆက်စပ်၍ တရားစကားဟောကြားတော်မူလိုသဖြင့် ဤ ဝတ္ထု၏ရှေ့မှာပါသော ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ခုနစ်ရက်မြောက်သောနေ့၌ ဘုရားရှင်အား လမ်းပိတ်ထားခဲ့သော အချိန်တွင် သုပ္ပဗုဒ္ဓမင်း၏ မင်္ဂလာမြင်းတော်သည် အထိတ်တလန့်ဖြစ်ကာ မြင်းဇောင်း နံရံများကို ကန်ကျောက်၍နေ၏၊ ထိုမြင်းသည် သုပ္ပဗုဒ္ဓမင်းကို မြင်မှသာလျှင် ငြိမ်ငြိမ်သက်သက် နေတတ်၏၊ သို့ဖြစ်၍ သုပ္ပဗုဒ္ဓမင်းသည် မင်္ဂလာမြင်းတော်ကိုဖမ်းယူရန် တံခါးဆီသို့သွားလေရာ တံခါးသည်အလိုလို ပွင့်သွား၏၊ ဖယ်ထားသော စောင်းတန်းမှာလည်း သူ့နေရာမှာပင် ပြန် ရောက်နေ၏၊ တံခါးမှာစောင့်နေကြသော လက်ဝှေ့ကျော်များကလည်း သုပ္ပဗုဒ္ဓမင်းကို တစ်ဆင့်ပြီး တစ်ဆင့် အောက်သို့သာ ပစ်ချလိုက်ကြ၏၊ စောင်းတန်းခြေရင်းသို့ သုပ္ပဗုဒ္ဓမင်း ကျရောက်သွားသောအခါ မဟာ ပထဝီမြေကြီးသည် ဟင်းလင်းပွင့်ကာ သူ့ကို ဝါးမျိုသွားလေ၏၊

# ဒဏ္ဍဝဂ်

## ဒေသနာတော်

၁၂၉။ အလုံးစုံသောသတ္တဝါတို့သည် ဒဏ်ကို ထိတ်လန့်ကုန်ကြ၏။ အလုံးစုံသောသတ္တဝါတို့သည် သေခြင်းကို ကြောက်ရွံ့ကြကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍ သတ္တဝါများကိုမသတ်ရာ။

## ဆဗ္ဗဂ္ဂီရဟန်းများ(က)

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဆဗ္ဗဂ္ဂီရဟန်းများကို အကြောင်းပြု၍ ဤဒေသနာတော်ကိုဟောကြားတော်မူလေသည်။

ဆဗ္ဗဂ္ဂီ (ခြောက်ပါးအစုရှိသော) ရဟန်းတို့သည် သတ္တရသဝဂ္ဂီ (ဆယ့်ခုနစ်ပါးအစုရှိသော)ရဟန်းငယ်များ သုတ်သင်ခင်းကျင်းထားသော နေရာတို့ကို ''ငါတို့ကား ရဟန်းကြီးတို့တည်း။ ဤနေရာတို့ကား ငါတို့နေရာတည်း''ဟုဆို ကြ၏။ သတ္တရသဝဂ္ဂီရဟန်းငယ်တို့က မပေးသဖြင့် ဆဗ္ဗဂ္ဂီရဟန်းတို့က ရိုက်နှက်ကြရာ သတ္တရသဝဂ္ဂီ ရဟန်းငယ်များ ထိတ်လန့်၍ ငိုကြွေးကြရ၏။ ထိုအကြောင်းကို ဘုရားရှင် ကြားသိတော်မူသောအခါ ရဟန်းများကို မရိုက်နှက်ရန် ပါစိတ်ပဟာရ သိက္ခာပုဒ်ကို ပညတ်တော်မူပြီးလျှင် စည်းဝေးနေကြသော ပရိသတ်များအား ထိုစကားနှင့် ဆက်စပ်၍ တရားစကား ဟောကြားတော်မူလိုသဖြင့် အထက်ပါဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

[အလုံးစုံဟုဆိုရာ၌ ရဟန္တာ ပုဂ္ဂိုလ်များကို ချန်လှပ်၍ ကျန်သောသတ္တဝါများကိုသာ ယူရမည်။]

ဒေသနာတော်

၁၃၀။ အလုံးစုံသောသတ္တဝါတို့သည်ဒဏ်ကို ထိတ်လန့်ကြကုန်၏၊ အလုံးစုံသော သတ္တဝါတို့သည် မိမိအသက်ကို ချစ်ကြကုန်၏၊ မိမိကိုယ်ကို ဥပမာပြု၍ သတ္တဝါများကို မသတ်ဖြတ်ရာ၊ မနှိပ်စက်ရာ။

## ဆဗ္ဗဂ္ဂီရဟန်းများ (ခ)

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဆဗ္ဗဂ္ဂီရဟန်းတို့ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော် မူလေသည်။

ဆဗ္ဗဂ္ဂီရဟန်းတို့သည် သတ္တရသဝဂ္ဂီ ရဟန်းတို့၏နေရာကို လုကြရာမှ လက်ဝါးပျက်ဖြင့် မိုး၍ ရိုက်နှက်ရန် ကြံရွယ်ကြ၏၊ သတ္တရသဝဂ္ဂီ ရဟန်းများက ထိတ်လန့်ဘကြား ငိုကြွေးကြ၏၊ ထိုအကြောင်းကိုဘုရားရှင် ကြားသိတော်မူသောအခါ ရဟန်းများကို လက်ဝါးပျက်ဖြင့် မိုးရန် ပါစိပ်တလသတ္တိက သိက္ခာပုဒ် ကို ပညတ်တော်မူပြီး၊ လျှင် စည်းဝေးနေကြသောပရိသတ်အား တရားစကားဟောကြားတော်မူလို၍ဖြင့် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၁၃၁။ အကြင်သူသည် မိမိချမ်းသာရေးကို ရှာဖွေအံ့ဟု၍ ချမ်းသာခြင်းကို အလိုရှိကုန်သော သတ္တဝါတို့ကို တုတ်စသည်ဖြင့် ညှဉ်းဆဲ၏၊ ထိုညှဉ်းဆဲသူသည် တမလွန်ဘဝ၌ ချမ်းသာခြင်းကို မယူနိုင်ချေ။

၁၃၂။ အကြင်သူသည် မိမိချမ်းသာရေးကို ရှာဖွေအံ့ဟု၍ ချမ်းသာခြင်းကို အလိုရှိကုန်သော သတ္တဝါတို့ကို တုတ်စသည်ဖြင့် မညှဉ်းဆဲပေ၊ မညှဉ်းဆဲသူသည် တမလွန်ဘဝ၌ ချမ်းသာခြင်းကို ရရှိ၏။

## သူငယ်များစွာ

ဇေတဝန်ကျောင်းတော်မှ ဘုရားရှင် ဆွမ်းခံထွက်တော်မူစဉ် လမ်းမှာ တွေ့ရသော သူငယ်များစွာကို အကြောင်းပြု၍ ဤဒေသနာတော်ကိုဟောကြားတော်မူလေသည်။

သူငယ်များစွာတို့သည် ဘုရားရှင် ဆွမ်းခံကြွရာ လမ်းကြား၌ အဆိပ်မရှိသော မြွေတစ်ကောင်ကို ရိုက်နေကြ၏၊ ဘုရားရှင်က ''သူငယ်တို့၊

အဘယ်ကြောင့် ရိုက်နေကြရပါသနည်း''ဟု မေးတော်မူရာ သူငယ်များက ''ကိုက်မည်ကြောက်၍ ရိုက်ရပါသည်''ဟု လျှောက်ထားကြ၏။ ဤတွင် ဘုရားရှင်က ထိုစကားနှင့် ဆက်စပ်၍ သူငယ်တို့အား တရားစကားဟော ကြားတော်မူလိုသဖြင့် အထက်ပါဒေသနာတော်ကို ဟောကြားတော် မူလေသတည်း။

ဒေသနာတော်အဆုံး၌ ထိုလူငယ်တို့သည် သောတာပန် ဖြစ်ကြ လေသည်။

ဒေသနာတော်

၁၃၃။ တစ်စုံတယောက်ကိုမျှ ကြမ်းတမ်းသော စကားကိုမဆိုရာ။ အဆို ခံရသူတို့သည် သင့်ကို တုံ့ပြန်၍ ဆိုကုန်ရာ၏။ ချုပ်ချယ်သော စကားသည် ဆင်းရဲခြင်း၏ အကြောင်းတည်း။ သူတစ်ပါးကို ဒဏ် ခတ်လျှင် သင့်ထံသို့ အတုံ့အလှည့် ဒဏ်များရောက်လာကြကုန်ရာ၏။

၁၃၄။ အနားပြတ်သော ကြေးဖလားသည် အသံမထွက် ငြိမ်သက်နေဘိ သကဲ့သို့ အကယ်၍ မိမိကိုယ်ကို ငြိမ်သက် တည်ကြည်အောင် စောင့် ရှောက်ငြားအံ့၊ ထိုသူသည် နိဗ္ဗာန်သို့ ရောက်နိုင်၏။ ချုပ်ချယ်မှု မရှိတော့ချေ။

# အရှင်ကောဏ္ဍဓာန

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင်သီတင်းသုံးတော်မူစဉ် ရဟန်းအပေါင်း ၏ အထင်မှားခြင်းကို ခံယူနေခဲ့ရသော အရှင်ကောဏ္ဍဓာနကို အကြောင်း ပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

အရှင်ကောဏ္ဍဓာန၏ ဘွဲ့မည်ရင်းမှာ အရှင် ဓာန သာဖြစ်၏။ ရဟန်းပြုပြီးချိန်မှစ၍ မိန်းမဆာဏ္ဍာန်တစ်ခုက တကောက်ကောက် လိုက်ပါ နေသဖြင့် အခြားသော သီတင်းသုံးဖော်များက အညွန့်တုံးသူ၊ ရဟန်း သိက္ခာမရှိသူဟု အပြောအဆိုခံနေရသဖြင့် ကောဏ္ဍဓာန အမည်တွင်ရခြင်း ဖြစ်၏။ ဤသို့အမျိုးသမီးတစ်ဦးက သွားလေရာ ပါနေသဖြင့် အရှင် ကောဏ္ဍဓာန ဆွမ်းခံဝင်သောအခါ ဆွမ်းဒါယကာ၊ ဒါယိကာမများက ဆွမ်း နှစ်ဇွန်းထပ်ဆင့်လှူကြပြီးလျှင် ''တစ်ဇွန်းသည် အရှင်ဘုရားအတွက် ဖြစ်၍ နောက်တစ်ဇွန်းသည် အရှင်ဘုရား၏အဖော်မအတွက် ဖြစ်ပါသည်'' ဟု လျှောက်ထားကြလေသည်။

ဤသို့ သွားလေရာနေရာ်သို့ တကောက်ကောက် ပါနေသော မိန်းမသဏ္ဌာန်ကို အခြားသူများ မမြင်ရ၍ အရှင်ကောဏ္ဍဓာန ကိုယ်တိုင်ကမူ မမြင်ရပေ။ ရှေးက မိမိပြုခဲ့ဖူးသော အကုသိုလ်ကံအရ သူတစ်ပါး၏ အစွပ်အစွဲခံနေရစေရန် ပုံသဏ္ဌာန်ပေါ်နေခြင်းသာ ဖြစ်၏။ အရှင်ကောဏ္ဍဓာနသည် အဿပ မြတ်စွာဘုရား လက်ထက်တော်တုန်းက တာဝတိံသာ နတ်ပြည်ဝယ် နတ်သားတစ်ပါး ဖြစ်ခဲ့၏။ ကဿပ မြတ်စွာဘုရား၏ တပည့်သား ရဟန်းနှစ်ပါးတို့က ညီအစ်ကို အချင်းအချာဘမျှချစ်ခင်ကြ၍ အတူတကွ နေထိုင်ကြရာ ထိုရဟန်းနှစ်ပါး စိတ်ဝမ်းကွဲသွားစေရန် နတ်သားက ပြုလုပ်ခဲ့၏။ ထိုရဟန်းနှစ်ပါး ဥပုသ်ပြုရန် လာခဲ့ကြရာ တောလမ်းခရီးတွင် ရဟန်းတစ်ပါးက ကိုယ်လက်သုတ်သင်ရန် ချုံတွင်းသို့ဝင်၏။ ကိစ္စပြီး၍ ချုံထဲမှထွက်လာသောအခါ တာဝတိံသာ နတ်သားသည် မိန်းမသဏ္ဌာန်ဖန်ဆင်းကာ လက်တစ်ဖက်ဖြင့် ပြေကျနေသော ဆံပင်များကို သိမ်းလျက် လက်တစ်ဖက်ဖြင့် ထဘီကို ပြင်ဝတ်လျက် လိုက်ပါလေ၏။ ထိုသဏ္ဌာန်ကို ဆိုင်းငံ့နေသော ရဟန်းကသာမြင်၍ ချုံထဲ ဝင်ခဲ့သော ရဟန်းကမမြင်ရချေ။ ဤတွင် ဆိုင်းငံ့နေသောရဟန်းက "ငါ့ရှင်၊ သင်၏ သီလ ပျက်စီးခဲ့ပြီ"ဟု ဆို၏။ ချုံထဲဝင်ခဲ့သော ရဟန်းက မဟုတ်ကြောင်း ငြင်းဆိုသော်သည်း မျက်မြင်ဒိဋ္ဌ တွေ့မြင်သားရသော ရဟန်းက လက်မခံတော့ချေ။ ချုံထဲဝင်သော ရဟန်းနှင့်အတူ ဥပုသ်ပြုရန်ကိုပင် ငြင်းဆန်လေသည်။ ဤတွင်မှ နတ်သားသည် နောင်တကြီးစွာရ၍ အဖြစ်မှန်ကို လျှောက်ထားသဖြင့် ရဟန်းနှစ်ပါးမှာ ဥပုသ်အတူ ပြုနိုင်ကြလေသည်။

ဤသို့သော မကောင်းမှုကြောင့် ထိုနတ်သားသည် မတော့အဝီစိငရဲ၌ ကျနေခဲ့ရာမှ ယခု ဘုရားရှင်၏ သာသနာတော်ကာလတွင်မူ လူ့ဘဝသို့ ရောက်လာ၏။ ကျူးလွန်ခဲ့မိသော အကုသိုလ်ကံ၏ အကြွင်းအကျန်ကြောင့် သူတစ်ပါးတို့ စွပ်စွဲမှုကို နေ့စဉ်မပြတ် ခံစားနေရ၏။ အခြားရဟန်းများက ကျောင်းဒါယကာကြီးအနာထပိဏ်၊ ကျောင်းဒါယိကာမကြီး ဝိသာခါတို့ထံ သွားရောက်ကာ "သီလမရှိသော ဤရဟန်းကို ကျောင်းမှ နှင်ထုတ်ပါလော့။ ဤရဟန်းကို အကြောင်းပြု၍ အခြားရဟန်းများပါ နာမည်ပျက်ကုန်ပါလိမ့်မည်"ဟု ဆိုကြ၏။

ဝိသာခါနှင့် အနာထပိဏ်တို့က "ဘုရားရှင်သာ သိတော်မူပါလိမ့်မည်"ဟု လျှောက်ထားကြ၏။ ဤသို့ဖြင့် ထိုရဟန်းတို့သည် ကောသလ

မင်းကြီး၏ နန်းတော်သို့ဝင်ကာ ထိုအကြောင်းကို ပြောဆို တိုက်တွန်းကြပြန်လေသည်။

ကောသလမင်းကြီးသည်ကား ရဟန်းတို့၏စကားကို လက်ခံပြီးလျှင် ညနေချမ်းအချိန်တွင် အရှင် ကောဏ္ဍဓာနနေသော ကျောင်းကို မင်းလုလင်များအား ဝိုင်းရံထားစေပြီးလျှင် အရှင်ကောဏ္ဍဓာနကျောင်းသို့ ကိုယ်တိုင်လာရောက်၏။ အရှင် ကောဏ္ဍဓာနသည် လူသံသူသံကြားသဖြင့် ကျောင်းမျက်နှာစာသို့ ထွက်၍ ရပ်နေရာ သူ့နောက်ပါးမှ မိန်းမသဏ္ဌာန်ကလည်း ပေါ်လာ၏။ မင်းကြီးကိုယ်တိုင် လာမှန်းသိ၍ အရှင် ကောဏ္ဍဓာနက ကျောင်းပေါ်တက်နေသော အခါတွင်ကား ထိုသဏ္ဌာန် ပျောက်သွား၏။ ကောသလမင်းကြီးသည် အရှင်ကောဏ္ဍဓာနကို ရှိမခိုးဘဲ ဟိုဟိုသည်သည် လျှောက်ကြည့်၏။ စောစောက မြင်ရသော မိန်းမသဏ္ဌာန်ကို ဘယ်နေရာမှ ရှာမတွေ့တော့ချေ။ အရှင်ကောဏ္ဍဓာနကို မေးလျှောက်ကြည့်သော အခါတွင်လည်း "မင်းကြီး၊ ငါကား မမြင်ရပေ" ဟုဖြေသော အခါဖြစ်ရ၏။ ကောသလမင်းကြီးသည် အရှင်ကောဏ္ဍဓာနကို အမျိုးမျိုး စမ်းသပ်ကြည့်ရှုကာ ဝဋ်ကြွေးတစ်ခုမျှသာဖြစ်ကြောင်း သိရှိလာသဖြင့် "အရှင်ဘုရား၊ ဤသို့သော သာသနာ့အညစ်အကြေးသည်အရှင်ဘုရားနောက်သို့တကောက်ကောက် လိုက်ပါနေလျှင် မည်သူက ဆွမ်းလောင်းချင်ပါ တော့မည်နည်း။ ယနေ့မှစ၍ တပည့်တော်၏ နန်းတော်သို့သာ ဆွမ်းခံကြွပါ၊ လိုအပ်သော ပစ္စည်းလေးပါးတို့ဖြင့် တပည့်တော် ထောက်ပံ့လုပ်ကျွေးပါမည် ဘုရား" ဟု လျှောက်ထားလေသည်။

ဤသို့အားဖြင့် နှင့်ထုတ်ပေးပါမည်ဟု တာဝန်ယူခဲ့သော ကောသလမင်းကြီးက အရှင်ကောဏ္ဍဓာနကို ပစ္စည်းလေးပါးဖြင့် ဖိတ်ကြားလိုက်သဖြင့် ရဟန်းများက မင်းကြီးကိုလည်း ကဲ့ရဲ့ကြ၏။ အရှင်ကောဏ္ဍဓာနကိုလည်း "မင်းမြောက်စားခြင်းခံရသော အညွန့်တုံးသူ" ဟု ပြောဆိုကြကုန်၏။ အရှင်ကောဏ္ဍဓာနသည် ယခင်က ပြောသမျှ ဆိုသမျှကို သည်းခံပါသော်လည်း ယခုအခါ မင်းမြောက်စားခြင်း ခံရပြီဖြစ်၍ "အရှင်ဘုရားတို့သာ သီလမရှိသူများ ဖြစ်ကုန်၏။ အရှင်ဘုရားတို့သာ အညွန့်တုံးသူများ ဖြစ်ကုန်၏။ အရှင်ဘုရားတို့သာ မိန်းမကိုခေါ်၍ လှည့်လည်ကြကုန်လော့" ဟု တုံ့ပြန်ပြောဆို၏။ ဤအကြောင်းကို ရဟန်းများက ဘုရားရှင်ထံ လျှောက်ထားလေရာ ဘုရားရှင်က အရှင်ကောဏ္ဍဓာနကိုခေါ်၍ ဆုံးမတော်

မှုပြီးလျှင် ထိုစကားနှင့်ဆက်စပ်၍ တရားစကား ဟောကြားတော် မူလို သဖြင့် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

အရှင် ကောဏ္ဍဓာနသည် ဤသို့ အားဖြင့် ဘုရားရှင် ပေးတော်မူသော ဩဝါဒကို လိုက်နာကျင့်သုံးသဖြင့် ရဟန္တာ ဖြစ်လေသည်။ ရဟန္တာဖြစ်၍ မကြာမီ ကောင်းကင်သို့ ပျံတက်၍ စာရေးတံကို ယူလေ၏။

ဒေသနာတော်

၁၃၅။ နွားကျောင်းသားသည် နှင်တံဖြင့် နွားတို့ကို စားကျက်သို့ မောင်းနှင်ဘိသကဲ့သို့ ဤအတူစင် အိုခြင်းသည် လည်းကောင်း၊ သေခြင်းသည် လည်းကောင်း သတ္တဝါတို့၏ အသက်ကို မောင်းနှင် ကုန်၏။

# ဥပုသ်သည် မိန်းမများ

သာဝတ္ထိမြို့တော် ပုဗ္ဗာရုံကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဥပုသ်သည် အမျိုးသမီး ငါးရာတို့အား အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော် မူလေသည်။

ဥပုသ်နေ့ကြီး တစ်နေ့၌ ပုဗ္ဗာရုံကျောင်းသို့ ဥပုသ်စောင့် လာကြသော အမျိုးသမီးတို့အား ကျောင်းအမကြီး ဝိသာခါက ဥပုသ်စောင့်ရခြင်း၏ ရည်ရွယ်ချက်ကို မေးမြန်းလေရာ သက်ကြီးရွယ်အို ဥပုသ်သည်များက "နတ်စည်းစိမ်ခံနိုင်ရန်"ဟု ဖြေကြ၏။ အရွယ်လတ် အမျိုးသမီးများက "လင်တုမိန်းမ၊ ရန်သူတို့နှင့် အတူ မနေရစေရန်"ဟု ဖြေကြား၏။ အိမ်ထောင်ကျခါစ အမျိုးသမီးငယ်များက "ပထမ ကိုယ်ဝန်တွင် သားယောကျ်ားလေး မွေးဖွားရန်"ဟု ဖြေကြ၏။ အပျိုစင် ဥပုသ်သည်များကမူ "အရွယ်ဟောင်းမီ လင်အိမ်သို့ လိုက်နိုင်ရန် ဥပုသ်စောင့်ပါသည်"ဟု ဖြေကြ၏။ ဤတွင် ကျောင်းအမကြီးဝိသာခါသည် ထိုအမျိုးသမီး ငါးရာတို့အား ဘုရားရှင်ရှေ့တော်သို့ ခေါ်သွားပြီးလျှင် သူတို့ ဖြေကြားသော စကားတို့ကို လျှောက်ထား၏။ ဘုရားရှင်သည် ထိုဥပုသ်သည် အမျိုးသမီး ငါးရာတို့အား တရားစကား ဟောကြားတော် မူလိုသဖြင့် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

စတုတ္ထအကြိမ်

၁၃၆။ လူမိုက်သည် မကောင်းသော အမှုများကို ပြုလုပ်စဉ်က မသိပေ။ ပညာမဲ့သူသည် မိမိပြုသော မကောင်းမှုကြောင့် မီးလောင်သူကဲ့သို့ ပူပန်ရ၏။

# စပါးကြီးမြွေ ပြိတ္တာ

ဝေဠုဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အရှင်မဟာမောဂ္ဂလာန်တွေ့မြင်ခဲ့ရသော စပါးကြီးမြွေပြိတ္တာကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

အရှင် မဟာမောဂ္ဂလာန်သည် အရှင်လက္ခဏနှင့်အတူ ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လာစဉ် ဒိဗ္ဗစက္ခုအဘိညာဉ်ဖြင့် စပါးကြီးမြွေ ပြိတ္တာတစ်ကောင်ကို တွေ့မြင်ရ၏။ ထိုမြွေပြိတ္တာသည် နှစ်ဆယ့်ငါးယူဇနာမျှ ရှည်လျား၏။ ထိုမြွေပြိတ္တာ၏ ဦးခေါင်းမှ မီးတောက်မီးလျှံတို့သည် အမြီးဖျားသို့ တောက်လောင်သွားကြ၏။ အမြီးဖျားမှ မီးတောက်မီးလျှံတို့သည် ဦးခေါင်းသို့ တောက်လောင်သွားကြ၏။ နံပါးနှစ်ဖက်မှ မီးတောက်မီးလျှံတို့သည် အလယ်သို့ တောက်လောင်လာကြ၏။ ထိုမြွေပြိတ္တာကို တွေ့ရသဖြင့် အရှင်မောဂ္ဂလာန် ပြုံးလေရာ အရှင်လက္ခဏက ပြုံးရခြင်း အကြောင်းကို မေးမြန်း၏။ အရှင်မောဂ္ဂလာန်သည် ထိုနေရာတွင် မဖြေသေးဘဲ ဘုရားရှင်ရှေ့တော်မှောက်ပါမှ ဖြေကြားရာ၌ ဘုရားရှင်ကလည်း အရှင်မောဂ္ဂလာန် စကားကိုထောက်ခံတော်မူကာ ထိုစပါးကြီးမြွေပြိတ္တာ၏ ရှေးကပြုခဲ့မိသော အကုသိုလ်ကံကို ဟောကြားတော်မူလေသည်။

ထိုစပါးကြီးမြွေပြိတ္တာသည် ကဿပဘုရားရှင် လက်ထက်တော်၌ ခိုးသားတစ်ယောက်ဖြစ်၍ မြို့တံခါးဝရှိ ဇရပ်တစ်ဆောင်၌ အိပ်နေခဲ့၏။ ထိုနေ့နံနက်စောစောတွင် ကျောင်းဒါယကာ သုမင်္ဂလ သေဌေးကြီးသည် ဘုရားကျောင်းတော်သို့ လာလေရာ ဖန်ရည်ဆိုးအဝတ်ကို ခေါင်းမြီးခြုံ၍ အိပ်နေသော ထိုခိုးသား၏ ခြေထောက်များကို ကြည့်ရှုပြီးလျှင် "ဤသူ၏ ခြေထောက်တို့ကား ရွှံ့အလိမ်းလိမ်း ပေကျံနေကြ၏။ ညမှာ သွားလာကျက်စား၍ နေ့မှာ အိပ်သူဖြစ်၏" ဟု ဆိုမိ၏။ ခိုးသားသည် သုမင်္ဂလ သေဌေးကြီးကို ရန်ငြိုးဖွဲ့ပြီးလျှင် သေဌေးကြီး၏ လယ်များကို ခုနစ်ကြိမ်

တိုင်တိုင် မိုးရွာ၏။ ခြံထဲက နွားများ၏ ခြေထောက်တို့ကို ရှနင်ကြွမ် တိုင်တိုင် မြေနှင့်ခုတ်ပြတ်၏၊ အိမ်ကိုလည်း ခုနစ်ကြိမ်တိုင်တိုင် မီးရှို့၏၊ ဤသို့ ပြုရှိမှု မကျေအေးနိုင်သေးဘဲ ကဿပမြတ်စွာဘုရား ဆွမ်းခံကြွ တော်မူနေခိုက်တွင် သွာကော်တဲ့ရေအိုးနှင့် သုံးရေအိုးများကို ရိုက်ခွဲ ပြီးလျှင် သုမင်္ဂလသေဋ္ဌေးကြီး ဆောက်လုပ်လှူဒါန်းထားသော ကျောင်း တော်ကိုပါ မီးရှို့လိုက်၏၊ ဤကျောင်းတော်မှာ သေဋ္ဌေးကြီး အမြဲနှိုး ဆုံးဖြစ်၍ ခိုးသားက သေဋ္ဌေးကြီးကို လက်စားချေလိုက်ခြင်းဖြစ်ပေသည်၊

မိမိ အမြဲနှိုးဆုံး ကျောင်းတော်ကြီးကို မီးရှို့ခံလိုက်ရသော်လည်း သုမင်္ဂလ သေဋ္ဌေးကြီးသည် နှလုံးမသာ မဖြစ်ချေ၊ အနည်းငယ်မျှပင် စိတ် အနှောင့်အယှက် မဖြစ်ဘဲ "နောက်တစ်ခါ ကုသိုလ်ပြုခွင့် ရမြန်ပြီ" ဟု ဆို၍ အားရဝမ်းသာ လက်ပန်းပေါက် ခတ်၏၊ ထို့နောက် ယခင် တစ်ခါကဲ့သို့ပင် ကျောင်းတော်ကြီးကို တခမ်းတနား ဆောက်လုပ်က ကျောင်းပူဇော်ပွဲကြီးလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပလေသည်။

ဤသို့ အမျိုးမျိုး နှိပ်စက်ဖျက်ဆီးခြင်း ခံရပါလျက် မျက်နှာမပျက် သော သေဋ္ဌေးကြီးကို ခိုးသားသည် မကျေမအေးနိုင်ဖြစ်ကာ လက်စတုံး သတ်ဖြတ်ရန် ကြံစည်နေ၏။ ကျောင်းပူဇော်ပွဲ ကျင်းပနေသော ခုနစ်ရက် လုံးလုံး အဝတ်ထဲ၌ ဓားဝှက်၍ ချောင်းသော်သည်း အခွင့်မသာနိုင်ပေ၊ ခုနစ်ရက်မြောက်၍ ကျောင်း ရေစက်ချပွဲကြီး ပြုလုပ်သည့်တွင်ကား သုမင်္ဂလ သေဋ္ဌေးကြီးက "အရှင်ဘုရား၊ ယောကျ်ားတစ်ယောက်သည် တပည့်တော်၏ လယ်များကို ခုနစ်ကြိမ်တိုင်တိုင် မီးရှို့ခဲ့ပါသည်။ တပည့်တော်၏ ခြံထဲရှိ နွားများ၏ ခြေထောက်များကို ခုနစ်ကြိမ်တိုင်တိုင် ဓားနှင့်ခုတ်ဖြတ်ခဲ့ ပါ၏၊ တပည့်တော်၏ အိမ်ကိုလည်း ခုနစ်ကြိမ်တိုင်တိုင် မီးရှို့ခဲ့ပါ၏၊ ယခု ဘုရားရှင်ကျောင်းတော်ကို မီးရှို့သူမှာလည်း ထိုသူပင် ဖြစ်ပါလိမ့် မည်။ တပည့်တော်သည် ဤအလှူ၌ ရရှိသော ကုသိုလ်အဖို့ကို ထိုယောကျ်ား အား ပဌမဦးစွာ အမျှဝေပါ၏ ဘုရား" ဟု လျှောက်ထား၏၊ ဤတွင် ခိုးသားသည် မိမိ၏ မိုက်မှားမှုများကို နောင်တကြီးစွာ ရရှိကာ သေဋ္ဌေး ကြီး၏ ခြေရင်း၌ ဝပ်စင်း၍ ကန်တော့လေသည်။

ဘုရားရှင်သည် စပါးကြီးမြွေ ပြိတ္တာ၏ ဤသို့သော အကုသိုလ်ကံကို ဟောကြားတော်မူပြီးလျှင် ထိုစကားနှင့်ဆက်စပ်၍ တရားစကား ဟော ကြားတော်မူလိုသဖြင့် အောက်ပါ ဒေသနာတော်ကို ဟောကြားတော် မူလေသတည်း၊

ဒေသနာတော်

၁၃၇။ အကြင်သူသည် အပြစ်ဒဏ် ကင်းကြကုန်၍ မပြစ်မှားထိုက် ကုန်သော ရဟန္တာပုဂ္ဂိုလ်တို့အား တုတ် စသည်တို့ဖြင့် ပြစ်မှား၏။ ထိုသူသည် ဆင်းရဲကြောင်း ဒဏ်ဆယ်မျိုးတို့တွင် တစ်မျိုးမျိုးသို့ လျင်မြန်စွာပင် ဆိုက်ရောက်ရ၏။

၁၃၈–၁၃၉။ ပြင်းထန်သော ဝေဒနာတို့သည်လည်းကောင်း၊ ဥစ္စာ ပျက်စီး ဆုံးရှုံးခြင်းသို့ လည်းကောင်း၊ ကိုယ်အင်္ဂါ ပျက်စီးခြင်းသို့ လည်းကောင်း၊ ကြီးလေးသော အနာရောဂါ စွဲကပ်ခြင်းသို့ လည်းကောင်း၊ စိတ်ပျံ့လွင့် ရူးသွပ်ခြင်းသို့ လည်းကောင်း၊ မင်းဘေး သင့်ခြင်းသို့ လည်းကောင်း၊ ပြင်းထန် ကြမ်းတမ်းသော အစွပ်စွဲ ခံရခြင်းသို့ လည်းကောင်း၊ ဆွေမျိုးများ ပျက်စီးခြင်းသို့ လည်း ကောင်း၊ စည်းစိမ်ချမ်းသာ ယိုယွင်း ကျဆင်းခြင်းသို့ လည်း ကောင်း ဆိုက်ရောက်ရ၏။

၁၄၀။ ထို့ပြင် ထိုပြစ်မှားသူ၏ အိမ်တို့ကို ပဏာတီမီးသည် လည်း ကောင်း၊ တောမီးသည်လည်းကောင်း လောင်၏။ ပညာမဲ့သော ထိုသူသည် ခန္ဓာကိုယ် ပျက်စီးသည်မှ နောက်၌ ငရဲသို့ ကျရောက် ရ၏။

## အရှင်မဟာမောဂ္ဂလာန် (ပရိနိဗ္ဗာန်စံခြင်း)

ဝေဠုဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အရှင်မဟာ မောဂ္ဂလာန်အား ရိုက်သတ်ကြသော ခိုးသားငါးရာကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

တစ်နေ့သောအခါ တိတ္ထိတို့သည် မိမိတို့ လာဘ်ပူဇော်သက္ကာ များ လာနိုင်မည့်အရေးကို စည်းဝေး တိုင်ပင်ကြကုန်၏။ ထိုအစည်းအဝေးတွင် တိတ္ထိတစ်ဦးက ''ငါ့ရှင်တို့၊ မဟာမောဂ္ဂလာန်မည်သော ရဟန်းတစ်ပါးကို အမှီပြု၍ ရဟန်းဂေါတမသည် လာဘ်ပူဇော်သက္ကာ များပြားနေ၏။ ထိုရဟန်းသည် နတ်ပြည်သို့တက်ပြီးလျှင် နတ်တို့ပြုလုပ်ခဲ့သော ကောင်းမှု တို့ကို မေးမြန်းလာကာ လူတို့အား ဟောပြော၏၊ ငရဲပြည်သို့ သက်ဆင်း ပြီးလျှင် ငရဲသားတို့ ပြုမှားခဲ့သော မကောင်းမှုများကို မေးမြန်းလာကာ လူတို့အား ဟောပြော၏။ လူတို့သည် ထိုရဟန်း၏ ဟောပြောချက်ကိုကြားနာ ကြကုန်၍ များစွာသော လာဘ်ပူဇော်သက္ကာတို့ဖြင့် လှူဒါန်း ပူဇော်ကြ ကုန်၏။ ထိုရဟန်းကို ငါတို့ တစ်နည်းနည်းဖြင့် သတ်ဖြတ်နိုင်လျှင် ထိုလာဘ် ပူဇော်သက္ကာတို့သည် ငါတို့ထံ ရောက်လာကုန်လတ္တံ့''ဟု ပြောဆို၏။

ထိုသူ၏ ပြောဆိုချက်ကို တိတ္ထိအားလုံးက လက်ခံကြ၍ မိမိ၏ ဒကာမျာ ထံမှ စုဆောင်းရရှိသော ငွေတစ်ထောင်ကို လူသတ်နေကျ ခိုးသား များအား ပေးကမ်းပြီးလျှင် အရှင်မဟာ မောဂ္ဂလာန်အား သတ်ဖြတ် ပေးရန် ခိုင်းစေကြလေသည်။

ခိုးသားတို့သည် ဥစ္စာကို မက်မောသဖြင့် သတ်ဖြတ်ရန် တာဝန်ယူ ပြီးလျှင် အရှင်မဟာမောဂ္ဂလာန် ဝါကပ်၍နေထိုင်သော ကျောက်ညို လိုဏ်ဂူသို့ လာ၍ ဝိုင်းကြ၏။ ခိုးသားတို့ လာနေမှန်းကို သိသဖြင့် အရှင် မဟာမောဂ္ဂလာန်သည် တန်ခိုးဖြင့် သော့ပေါက်မှထွက်၍ လွတ်ရာသို့ ကြွသွား၏။ ခိုးသားများ နောက်တစ်ခေါက် ထွက်လာပြန်သောအခါ ခေါင်မိုးကိုခွဲ၍ ထွက်ကြွသွား၏။ ဤသို့ဖြင့် ဝါတွင်းကာလ ပထမလ၊ ဒုတိယလတို့တွင် ခိုးသားတို့သည် အရှင်မြတ်ကြီးကို ဖမ်းဆီး၍မရနိုင်ကြပေ။ သုံးလမြောက် ရောက်သည်တွင်ကား၊ အရှင်မဟာမောဂ္ဂလာန်သည် မိမိပြုခဲ့ ဖူးသော အကုသိုလ်ကံ၏ ဆွဲငင်လာသည့် အဖြစ်ကို သိမြင်လာသဖြင့် ထွက်၍ မကြွတော့ပေ။ ခိုးသားတို့သည် အရှင်မြတ်ကြီးကို တစ်ကိုယ်လုံးရှိ အရိုးများ ကြေမွအောင် ရိုက်နှက်ကြပြီးလျှင် သေဆုံးပြီ အထင်ဖြင့် ချုံကွယ်မှာ ပစ်ထားခဲ့ကြလေသည်။

အရှင်မဟာမောဂ္ဂလာန်သည် ဘုရားရှင်ကို ဖူးမြင်ပြီးမှ ပရိနိဗ္ဗာန် ပြုလိုသဖြင့် စိစိညက်ညက်ကြေနေသော ကိုယ်ခန္ဓာကို စျာန်တန်ခိုးဖြင့် ပြန်လည်ဖွဲ့စည်းပြီးလျှင် ကောင်းကင်ခရီးဖြင့် ဘုရားရှင်ရှေ့တော်သို့ လာ ရောက်၍ ရှိခိုးကာ "အရှင်ဘုရား၊ တပည့်တော် ပရိနိဗ္ဗာန်ပြုပါတော့မည်" ဟု လျှောက်ထား၏။ ဘုရားရှင်က "မောဂ္ဂလာန်၊ ငါဘုရားအား တရား ဟော၍ သွားဦးလော့၊ သင်ကဲ့သို့သော တပည့်သာဝကအား နောက်ထပ် တွေ့မြင်ဖွယ် မရှိပြီ"ဟု မိန့်တော်မူ၏။ အရှင် မဟာမောဂ္ဂလာန်သည် အမျိုးမျိုးသော တန်ခိုးပြာဋိဟာများကိုပြကာ တရားဒေသနာတော် ဟော ကြားပြီးလျှင် ကျောက်ညိုလိုဏ်ဂူသို့ပင် ပြန်ကြွ၍ ပရိနိဗ္ဗာန် ဝင်စံလေ သည်။ အရှင်မဟာမောဂ္ဂလာန်အား ခိုးသားတို့က ရိုက်နှက်သတ်ဖြတ်သော သတင်းကိုကြားသဖြင့် အဇာတသတ်မင်းသည် တရားခံများကို ဖမ်းဆီး နိုင်ရန် သူလျှိုများကို စေလွှတ်ထား၏။ ရိုက်သတ်ခဲ့ကြသော ခိုးသား အချို့သည် သေတင်းကုပ်တွင် သောက်စားမူးယစ်ရင်း တစ်ယောက်ကို တစ်ယောက် ပုတ်ခတ်မိရာမှ ခိုက်ရန်ဖြစ်ပွားကာ အရှင်မဟာမောဂ္ဂလာန်အား ရိုက်နှက်ခဲ့ပုံများကို ကြွားဝါပြောဆိုမိကြ၏။ ဤတွင် အဇာတသတ်မင်းက

ထိုခိုးသားများကို ဖမ်း၍စစ်ဆေးကာ ခိုးသားငါးရာစလုံးကို ဖမ်းစေ၏။ ခိုးသားများမှအစဆင့် ငွေပေး၍ စေခိုင်းသော တိတ္တိငါးရာတို့ကိုလည်း ဖမ်း၏။ ဖမ်း၍ရသော တရားခံတစ်ထောင်တို့ကို နန်းရင်ပြင်၌ ချက်အထိ နက်သော တွင်းတို့၌ မတ်တတ်မြှုပ်ထားကာ ကောက်ရိုးပုံများပုံ၍ မီးတိုက်စေ၏။ မီးလောင်ပြီးသော ကိုယ်ခန္ဓာတို့ကို သံထွန်သွားဖြင့် အပိုင်းပိုင်း မြွတ်အောင် တိုက်စေလေသည်။

ရဟန်းတို့သည် တရားသဘင်၌ စည်းဝေးကြ၍ "အရှင် မဟာမောဂ္ဂလာန်သည် မိမိနှင့် မလျော်ကပ်သော အခြင်းအရာအားဖြင့် သေဆုံးခဲ့ရ၏"ဟု ပြောဆိုကြရာ ဘုရားရှင် ကြွလာတော်မူပြီးလျှင် "ရဟန်းတို့၊ မောဂ္ဂလာန်သည် ဤကိုယ်ခန္ဓာအားဖြင့်သာ မလျော်ကပ်သော အခြင်းအရာအားဖြင့် သေဆုံးရ၏။ ရှေးဘဝ၌ ထိုမောဂ္ဂလာန်ပြုခဲ့ဖူးသော ကံအားဖြင့်မူကား လျော်ကပ်သော အခြင်းအရာဖြင့် သေဆုံးခဲ့ရလေသည်"ဟု မိန့်တော်မူကာ အရှင်မဟာမောဂ္ဂလာန်၏ အတိတ်ကံကို ဟောကြားတော်မူလေသည်။

လွန်လေပြီးသော အတိတ်ဘဝတစ်ခု၌ အရှင်မဟာမောဂ္ဂလာန်သည် ဗာရာဏသီမြို့တွင် အမျိုးကောင်းသားတစ်ယောက်ဖြစ်၍ မျက်မမြင် မိခင်အို ဖခင်အိုတို့ကို ပြုစုလုပ်ကျွေး၍ နေ၏။ တစ်နေ့သ၌ မိခင်ဖခင်များက တိုက်တွန်းလှသဖြင့် အမျိုးသမီးတစ်ယောက်နှင့် လက်ထပ်ကာ အိမ်သို့ ခေါ်ယူထား၏။ အမျိုးသမီးသည် မိအိုဖအိုတို့ကို နှစ်ရက်သုံးရက်မျှသာ ပြုစုလုပ်ကျွေး၍နေ၏။ ထို့နောက်တွင်ကား ကြည့်ရှုမျှပင် မကြည့်လိုတော့သဖြင့် "သင့်မိဘများနှင့်အတူ မနေနိုင်တော့ပါ"ဟု လင်ယောကျ်ားကို ပြောကြား၏။ အမျိုးသားက မယားစကားကို လက်မခံပေ။ သို့ဖြစ်၍ လင်ယောကျ်ား အပြင်သို့ထွက်သွားခိုက်တွင် သင်ပေါင်းလျှော် အပိုင်းအစများ ယာဂုအမြှုပ်များကို အမြင်မတော်လောက်အောင် အနှံ့အပြား ကြဲဖြန့်ထား၏။ ယောကျ်ားပြန်လာ၍ မေးသောအခါ "မျက်ကန်းအိုကြီးတို့က တစ်အိမ်လုံးကို ပေကျံကုန်အောင် ပြုထားကြသည်။ သူတို့နှင့် အတူမနေနိုင်တော့ပါ"ဟု ပြောပြ၏။ ဤသို့ အကြိမ်ကြိမ် ပြောဖန်များလာသောအခါ အမျိုးသားသည် မယား၏စကားကို လက်ခံမိလေတော့သည်။

မယားစကားလက်ခံပြီးနောက် အမျိုးသားသည် ဆွေမျိုးများထံ သွားရန်ဟု အကြောင်းပြကာ မိအိုဖအိုများအား လှည်းနှင့်တင်၍ ခေါ်သွား၏။ တောထဲသို့ရောက်သောအခါ နွားကြိုးကို ဖခင်လက်ထဲထည့်ကာ

အောက်သို့ဆင်းသွားၿ၏၊ အတန်ကြာသောအခါ ခိုးသားများကဲ့သို့ မိမိ အသံကိုပြောင်း၍ ခိုးသားယောင်ဆောင်ကာ မိအိုဖအိုများကို ခြိမ်းခြောက် ဆဲဆို၏၊ မိအိုဖအိုများက အကယ်ပင် ခိုးသားများတိုက်ခိုက်နေသည် ထင် မှတ်၍ "ချစ်သား၊ ငါတို့ကား အိုမင်းကုန်ပြီ၊ သင် ချစ်သားသာလျှင် လွတ်ရာသို့ ပြေးပါလော့"ဟု ဟစ်အော်ပြောဆိုကြ၏။ ဤသို့သော ဿနၢး စပွယ် ဟစ်အော်ပြောဆိုနေကြစဉ်ပင် အမျိုးသားသည် မိအိုဖအိုများ ထောင်းထု သတ်ပုတ်ကာ တောထဲမှာ ပစ်ထားခဲ့လေသည်။

ဘုရားရှင်သည် အရှင်မဟာမောဂ္ဂလာန်၏ ဤသို့သော အတိတ် ကံကို ဟောကြားတော်မူပြီးလျှင် "ရဟန်းတို့၊ မောဂ္ဂလာန်သည် ဤသို့ သော ကံကို ပြုမိ၍ နှစ်ပေါင်း သန်းပေါင်းများစွာ ငရဲမှာ ကျခံခဲ့ရ၏၊ ငရဲမှ လွတ်ပြန်သော်လည်း ဝိပါတ်အကြွင်းအကျန်ဖြင့် ဘဝတစ်ရာတိုင်တိုင် ဤသို့ပင် မှုန့်မှုန့်ညက်ညက်ကြေအောင် ထောင်းထုရိုက်နှက်ခြင်းခံရ၍ သေ ဆုံးခဲ့ရ၏၊ ဤသို့လျှင် မောဂ္ဂလာန်သည် မိမိကံအားလျော်စွာ သေဆုံး ရခြင်း ဖြစ်၏၊ ခိုးသားတို့နှင့် တိတ္ထိတို့သည်ကား မပြစ်မှားထိုက်သောပုဂ္ဂိုလ် ကို ပြစ်မှားကြ၍ မိမိတို့အမှုနှင့် သင့်လျော်စွာသာ သေဆုံးကြရကုန်၏" ဟု မိန့်တော်မူ၏၊ ထိုသို့ မိန့်တော်မူပြီးနောက် ထိုစကားနှင့်ဆက်စပ်၍ တရားစကား ဟောကြားတော်မူလိုသဖြင့် ဤဝတ္ထု၏ ရှေ့တွင်ပါသော ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၁၄၁။ အဝတ်မဝတ်သော အကျင့်သည်လည်းကောင်း၊ ဆံကျစ်ထုံးသော အကျင့်သည် လည်းကောင်း၊ ရွှံ့ညွန်အလိမ်းလိမ်းကပ်သော အကျင့်သည်လည်းကောင်း၊ အစာတော်ခံသော အကျင့်တို့သည် လည်းကောင်း၊ မြေကြီး၌အိပ်သောအကျင့်တို့သည်လည်းကောင်း၊ မြူမှုန် အလိမ်းလိမ်း တင်စေသော အကျင့်သည်လည်းကောင်း၊ ဆောင့်ကြောင့်ထိုင်သော အကျင့်သည်လည်းကောင်း တွေးတော ယုံမှားခြင်းမှ မလွတ်ကင်းသောသူကို စင်ကြယ်အောင် မစွမ်း ဆောင်နိုင်ကြကုန်။

## ဗဟုဘဏ္ဍိကရဟန်း

ဇေတဝန်ကျောင်း၌ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဘုရားရှင်ရှေ့တော်၌ ကောသိ မပါဘဲ ရပ်၍ ပြသော ဗဟုဘဏ္ဍိက ရဟန်းကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

သာဝတ္ထိမြို့နေ ယောက်ျား သူကြွယ်တစ်ဦးသည် မယားယူပြီးနောက် သာသနာတော်၌ ရဟန်းပြုခဲ့ကြသောအခါ ဇေတဝန်ကျောင်းတိုက်၏ အပြင်၌ မိမိဘာသာ သီးသန့် နေထိုင်ရန် ကျောင်းတစ်ဆောင်၊ မီးတင်းကုပ်နှင့် ဘဏ္ဍာတိုက်တို့ကို ဆောက်လုပ်စေ၏။ ဘဏ္ဍာတိုက်အတွင်း၌ စားသောက်ကုန်ပစ္စည်းများနှင့် အခြားအသုံးအဆောင်များကို အပြည့်အသိပ် သိုမှီးထားစေ၏။ ဤသို့ စိတ်တိုင်းကျ ပြင်ဆင်ပြီးခါမှ ရဟန်းပြု၏၊ ရဟန်းပြုပြီးသော အခါ၌လည်း အခြားရဟန်းကဲ့သို့ ဆွမ်းခံ၍မစားပေ။ လူဘဝတုန်းက ကျေးကျွန်များကို ခေါ်ယူကာ အလိုရှိရာ ချက်ပြုတ်စေ၍ စားသောက်နေ၏။ သူ့မှာ ရဟန်းပရိက္ခရာနှင့် တခြားအသုံးအဆောင်များလည်းပါလှ၏။ နေ့မှာ ဝတ်သော သင်္ကန်းနှင့် ညမှာ ဝတ်သော သင်္ကန်းကို တစ်ထည်စီထား၍ လဲလှယ်ဝတ်ရုံ၏။ ဤသို့ အသုံးအဆောင် ဥစ္စာဘဏ္ဍာ များပြားလှသဖြင့် ထိုရဟန်းကို ဗဟုဘဏ္ဍိကရဟန်းဟု ခေါ်ဝေါ်ကြရလေသည်။

တစ်နေ့သ၌ ရဟန်းတို့သည် ကျောင်းစဉ် လှည့်လည်ကြရာ ဗဟုဘဏ္ဍိက ရဟန်း၏ကျောင်းနားသို့ ရောက်လာကြ၏။ ဗဟုဘဏ္ဍိကရဟန်း၏ များပြားလှစွာသော သင်္ကန်းများနှင့် အသုံးအဆောင်များ နေလှန်းထားသည်ကို တွေ့ကြရ၏။ ရဟန်းတို့သည် ဗဟုဘဏ္ဍိကရဟန်းကို ဘုရားရှင်ရှေ့တော်သို့ ခေါ်ယူလာခဲ့ကြရာ ဘုရားရှင်က စစ်မေးတော်မူပြီးလျှင် "ရဟန်း၊ ငါဘုရားသည် အလိုနည်းကြောင်းတရားကို ဟောကြားနေပါလျက် သင်သည် အဘယ်ကြောင့် ဥစ္စာများစွာ ထားနေပါသနည်း" ဟု မိန့်တော်မူ၏၊ ဤမျှမိန့်တော်မူရုံနှင့်ပင် ဗဟုဘဏ္ဍိကရဟန်းသည် အမျက်ခြောင်းခြောင်းထွက်ကာ "ဤသို့ဆိုလျှင် ယခု ဤမျှသာ ထား၍ ကျင့်ပါတော့မည်" ဟုဆိုကာ ပရိသတ်အလယ်တွင် ကေသီကိုချွတ်ပုံကာ သင်းပိုင်တစ်ထည်တည်းဖြင့် ရပ်၍နေ၏၊ ဤတွင် ဘုရားရှင်က "ရဟန်း၊ သင်သည် ရှေးအခါက ရေစောင့်ဘီလူး ဖြစ်စဉ်အခါကပင် ဟိရိဩတ္တပ္ပတရားကို ရှာမှီးလျက် တဆယ့်နှစ်နှစ် တိုင်တိုင် နေထိုင်ခဲ့ဖူးသည် မဟုတ်ပါလော။ ယခုအခါ ပရိသတ်အလယ်တွင် အဘယ့်ကြောင့် အရှက်အကြောက်ကင်းမဲ့စွာ ရပ်နေရပါသနည်း" ဟု မိန့်တော်မူကာ ဒေဝဓမ္မဇာတ်ကို ဟောတော်မူလေသည်။

ဤသို့ ဟောကြားတော်မူလာမှ ဗဟုဘဏ္ဍိကရဟန်းသည် အရှက်အကြောက် ရပ်ရောက်လာကာ ကေသီကို ကောင်းစွာ ဝတ်ရုံလျက် ဘုရား

ရှင်ကို ပွဲခိုးနေ၏၊ ဤတွင်ဘုရားရှင်က စည်းဝေးနေကြသော ပရိသတ်များကို ဤစကားနှင့်ဆက်စပ်၍ ဝရားစကား ဟောကြားတော်မူလိုသဖြင့် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

[ဗဟုဘဏ္ဍိက ရဟန်းကို အကြောင်းပြု၍ ဟောကြားသော ဒေဝဓမ္မဇာတ်ကို ကောနီပါတ်၊ ဆောက္ကသဝဂ်၌ ရှုပါ။]

ဒေသနာတော်

၁၄၂။ အကြင်သူသည် ကိလေသာငြိမ်း၏၊ ဣန္ဒြေကို သုံးမပြီးဖြစ်၏၊ မဂ်လေးပါးဖြင့် မြဲ၏၊ မြတ်သောအကျင့်ရှိ၏၊ အလုံးစုံသော သတ္တဝါတို့၌ လက်နက်တို့ ဖယ်ချထားသည်ဖြစ်၍ မေတ္တာအညီအမျှ ကျင့်၏၊ ထိုသူသည် ဝတ်စားတန်ဆာဆင်ယင်ထားစေကာမူ မကောင်းမှုကို အပပြုပြီးသူဖြစ်၍ ဗြဟ္မဏမည်၏၊ ကိလေသာကို ငြိမ်းစေသူဖြစ်၍ သမဏ မည်၏၊

# သန္တတိအမတ်ကြီး

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင်သီတင်းသုံးတော်မူစဉ် ကောင်းကင်ထက်၌ ပရိနိဗ္ဗာန်စံဝင်သော သန္တတိအမတ်ကြီးကို အကြောင်းပြု၍ ဤဒေသနာတော်ကိုဟောကြားတော်မူလေသည်။

အခါတစ်ပါး၌ နယ်စွန်နယ်ဖျားဝယ် သူပုန်များထကြွသောင်းကျန်းလေရာ ထိုသူပုန်များကို သန္တတိအမတ်ကြီးက အောင်မြင်စွာတိုက်ခိုက်နှိမ်နင်း၍ ရပ်ရွာအေးချမ်းအောင် ဆောင်ရွက်ပြီးလျှင် သာဝတ္ထိမြို့တော်သို့ ပြန်ဝင်လာ၏။ ကောသလမင်းကြီးသည် အမတ်ကြီးအား နှစ်သက်လှသဖြင့် ခုနစ်ရက်တိုင်တိုင် မင်းစည်းစိမ်ကို ခံစားရန် ဆုပေး၏။ အဆိုအက ကောင်းမွန်သော ကချေသည်မတစ်ယောက်ကိုလည်း ပေးထား၏၊ သန္တတိအမတ်ကြီးသည် ခုနစ်ရက်တိုင်တိုင် သေရည်သောက်စား မူးယစ်လျက် စည်းစိမ်ခံစားပြီးလျှင် ဝတ်စားတန်ဆာဆင်ယင်လျက် မင်းစီးဆင်ကို စီး၍ ရေချိုးဆိပ်သို့ သွား၏။ ထိုအခါ၌ ဘုရားရှင်ကလည်း နောက်ပါ သံဃာတော်များနှင့် ဆွမ်းခံ ကြွလာတော်မူရာ သန္တတိအမတ်ကြီးသည် ဆင်ထက်မှပင် ဦးခေါင်းညွှတ်၍ ရှိခိုးလိုက်လေသည်။

သန္တတိအမတ်ကြီးကျော်လွန်သွားသောအခါ ဘုရားရှင် ပြုံးတော်မူ၏။ ပြုံးတော်မူရခြင်း အကြောင်းကို အရှင်အာနန္ဒာ မေးလျှောက်သော

အခါ ဘုရားရှင်က "အာနန္ဒာ၊ သန္တတိအမတ်ကြီးသည် ဝတ်စားဆင်ယင်ကာ ဆင်ယင်လျက် ယနေ့ပင်လျှင် ငါဘုရားထံမှောက်သို့ ရောက်လာပေလိမ့်မည်။ ငါဘုရားထံမှ တရားတပုဒ်ကို ကြားနာရ၍ အဆုံးတွင် ရဟန္တာဖြစ်ကာ ကောင်းကင်ထက်၌ ရေးနိဗ္ဗာန်စံဝင်လတ္တံ့"ဟု မိန့်တော်မူ၏။ မိန့်ကြားချက်ကို သိကြသူအပေါင်းတို့တွင် မိစ္ဆာအယူရှိသူများသည် "အချင်းတို့၊ ရဟန်းဂေါတမ အပြုအမူကို ကြည့်ကြကုန်လော့၊ ရဟန်းဂေါတမသည် ပါးစပ်ဖျားမှသာ အလွယ်တကူ ပြောလေ့ရှိ၏၊ ယနေ့ရဟန်းဂေါတမအား မုသာဝါဒဖြင့် စွပ်စွဲ နှိပ်ကွပ်ကြကုန်အံ့"ဟု ကြံစည်ကြကုန်၏။ သမ္မာအယူရှိသူများကမူ "ဪ၊ ဘုရားရှင်၏ တန်ခိုး အာနုဘော်ကား ကြီးမားလေစွ၊ အံ့ဖွယ်ရှိလေစွ။ ယနေ့ ဘုရားရှင်၏ တင့်တယ်ခြင်းနှင့် သန္တတိအမတ်ကြီးတို့၏ တင့်တယ်ခြင်းကို ရှုမြင်ကြကုန်လတ္တံ့"ဟု တွေးတောကြလေသည်။

သန္တတိ အမတ်ကြီးသည် ရေချိုးဆိပ်တွင် ရေကစားပြီးနောက် ဥယျာဉ်တော်သို့ ဝင်၍ သေသောက်တလင်းမြေပြင်၌ ထိုင်နေ၏။ ဆုပေးထားသော ကချေသည်မသည်လည်း ပွဲဝိုင်းအလယ်သို့ ဝင်ကာ ကပြဖျော်ဖြေရန် ပြင်ဆင်၏။ ထိုကချေသည်မသည် ကိုယ်ခန္ဓာလှပပြေပြစ်စွာ ကပြလိုသဖြင့် ခုနစ်ရက်ဘိုင်ဘိုင် အစားအစာကို လျှော့၍ စားထားခဲ့သဖြင့် ကပြ၍ မကြာမီမှာပင် ဝမ်းတွင်းမှ လေသင်တုန်းများ ထကြွလာ၍လဲကျသွား၏။ သန္တတိအမတ်ကြီး၏ ရှေ့မှာပင် မျက်စိခံတွင်း ဟင်းလင်းပွင့်လျက်သေဆုံးသွားရှာ၏။ သန္တတိအမတ်ကြီးသည် အမှန်တကယ် သေဆုံးသွားသည်ဟု မထင်ရက်သေးဘဲ "စမ်းသပ် ကြည့်ရှုကြပါဦးလော့"ဟု ဆို၏။ မင်းချင်းများက စမ်းသပ်ပြီးလျှင် "အရှင်၊ အသက်ဇီဝိန် ချုပ်ပျောက်သွားလေပြီ"ဟု လျှောက်တင်ကြ၏။ ကချေသည်မကလေးအမှန်တကယ် သေဆုံးသွားပြီဟု သိရသည်နှင့် တစ်ပြိုင်နက် ခုနစ်ရက်တိုင်တိုင် သောက်စားထားသော အရက်သေစာတန်ခိုးပြယ်သွားကြ၏။ မူးယစ်ရီဝေခြင်း မရှိတော့ဘဲ စိုးရိမ်ပူဆွေးမှုသာလျှင် ဖိစီးလာတော့၏။ ဤသို့ရှိရာမှ သန္တတိအမတ်ကြီးသည် မိမိ၏ စိုးရိမ်ပူဆွေးမှုကို ဘုရားရှင်သာလျှင် ငြိမ်းသတ် ပေးနိုင်လိမ့်မည်ဟု သတိရကာ ညနေချမ်းတွင် ဗိုလ်ပါအပေါင်းနှင့်တကွ ဘုရားရှင်ထံသို့ လာရောက်လေသည်။

ဘုရားရှင်က စိုးရိမ်သောက ခံစားနေရသော သန္တတိအမတ်ကြီးအား "အမတ်ကြီး၊ ရှေးအကြောင်း စွဲလမ်း၍ ဖြစ်ပေါ်လာသော စိုးရိမ်

ပူဇော်ခြင်းကို သုတ်သင်ဖယ်ရှားလော့၊ နောက်အကြောင်း၌လည်း သင့်အား စိုးရိမ်ပူဆွေးခြင်းမဖြစ်စေလင့်၊ အလယ်ဖြစ်သော ပစ္စုပ္ပန်အကြောင်း၌လည်း၊ စိုးရိမ်ပူဆွေးခြင်းကို မယူပါလျှင် သင်သည် ငြိမ်းအေးလျက် သွားရလတ္တံ့"ဟု ဟောကြားတော်မူ၏၊ ထိုဒေသနာတော် အဆုံး၌ သန္တတိအမတ်ကြီးသည် ရဟန္တာ ဖြစ်လေသည်။

သန္တတိ ရဟန္တာကြီးသည် မိမိ၏ အသက်တမ်းကို ကြည့်ရှုသည့်တွင် အသက်ယမ်းကုန်နေသည်ကို တွေ့ရသဖြင့် "အရှင်ဘုရား၊ တပည့်တော် ပရိနိဗ္ဗာန်ပြုပါရစေဘုရား"ဟု ဘုရားရှင်ထံ လျှောက်လေ၏၊ ဘုရားရှင်သည် မိစ္ဆာအယူရှိသူတို့ စွပ်စွဲ၍ မရနိုင်စေရန်၊ သမ္မာအယူရှိသူတို့ မျှော်လင့်ချက် ပြည့်ဝ သွားစေရန် ရည်ရွယ်တော်မူလျက်"သန္တတိ၊ သို့ဖြစ်လျှင် သင်ပြုခဲ့သော ကောင်းမှုကို ငါဘုရားအားဟောကြားလော့"ဟု မိန့်ကြားတော်မူ၏၊ သန္တတိရဟန္တာကြီးကလည်း ဘုရားရှင် မိန့်တော်မူသည့် အတိုင်း ထန်းခုနစ်ဆင့်မျှသော ကောင်းကင်၌ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေပြီးလျှင် ဤသို့ လျှောက်ထားလေသည်။

"ဘုန်းတော်ကြီးသော မြတ်စွာဘုရား၊ တပည့်တော်၏ ရှေးကောင်းမှုကို နာတော်မူပါလော့၊ တပည့်တော်သည် ဤဘဒ္ဒကမ္ဘာမှ ပြန်၍ရေတွက်သော် ကိုးဆယ့်တစ်ကမ္ဘာထက်၌ ဝိပဿီမြတ်စွာဘုရားပွင့်တော်မူရာဝယ် ဗန္ဓုမတီမြို့တော်သား တစ်ယောက်ဖြစ်ခဲ့ပါသည်။ တပည့်တော်သည် သူတစ်ပါးအား သတ်ဖြတ်ညှဉ်းဆဲမှုကို မပြုလုပ်ဘဲ ကုသိုလ်တရားကိုသာ ကြိုးစားလိုသဖြင့် နိဗ္ဗာန်ဆော်အလုပ် ကိုလုပ်ခဲ့ပါသည်၊ နံနက်စောစော အိပ်ရာမှ ထပြီးလျှင် ဗန္ဓုမတီမြို့တော်ရှိလမ်းများစွာတွင်လှည့်သည်လျက် "အိုသူတော်ကောင်း အပေါင်းတို့၊ ကုသိုလ်ကောင်းမှုကို ပြုကြကုန်လော့။ ဥပုသ်သီလကိုခံယူကြကုန်လော့၊ အလှူကို ပေးကြကုန်လော့၊ တရားတော်ကို နာကြကုန်လော့၊ ရတနာသုံးပါးကို ပူဇော်ကြကုန်လော့"ဟု နှိုးဆော်ခဲ့ပါသည်။ တပည့်တော်၏ နှိုးဆော်သံကို ကြား၍ဝိပဿီဘုရားရှင်၏ခမည်းတော်ဗန္ဓုမတီမင်းကြီးက လည်း နှိုးဆော်ရာ၌ စီးရန် မြင်းလိမ္မာတစ်ကောင်ကိုပေးပါသည်။ ဆင်မြန်း စရာ ပန်းကုံးတစ်ခုကိုလည်း ချီးမြှင့်ပါသည်။ ထို့နောက်တွင် သိန္ဓုမြင်း ကလေးရထားကို ပေးပါသည်၊ တစ်ဖန် ထို့နောက်တွင် စီးတော်ဆင် နှင့်တကွ စည်းစိမ်ဥစ္စာများကို လည်းကောင်း၊ မြတ်သော အဆင်းတန်ဆာ ကို လည်းကောင်း ပေးပြန်ပါသည်၊ ဘုရားတပည့်တော်သည် မြတ်သော အဆင်းတန်ဆာကို ဆင်မြန်း၍ စီးတော်ဆင်ကို စီးပြီးလျှင် နှစ်ပေါင်း

ရှစ်သောင်းတိုင်တိုင် လူညီလည်နှိုးဆော်ခဲ့ပါသည်။ ဤသည်ပင်လျှင် တပည့်တော်၏ ရှေးကောင်းမှု ဖြစ်ပါသည်ဘုရား" သန္တတိရဟန္တာကြီးသည် ဤသို့ လျှောက်ထားပြီးလျှင် ကောင်းကင်ထက်မှပင် တေဇောကသိုဏ်းကို ဝင်စား၏၊ ဤတွင် အရှင်မြတ်ကြီး ကိုယ်ခန္ဓာမှ မီးတောက်မီးလျှံများ ထွက်လာကာ အရှင်မြတ်ကြီး၏ ကိုယ်ခန္ဓာကို လောင်ကျွမ်းစေ၏၊ ဘုရားရှင်က စင်ကြယ်သော အဝတ်တစ်ခုကို ဖြန့်၍ ခံလိုက်သောအခါ ကောင်းကင်မှ ဓာတ်တော်များ ကျလာကြ၏၊ ထိုဓာတ်တော်များကို လမ်းဆုံလမ်းခွ၌ စေတီတည်ထား၍ ပူဇော်ကြရန် ဘုရားရှင်က မိန့်ကြားတော်မူ၏၊ ရဟန်းတို့သည် တရားသဘင်၌ "သန္တတိအမတ်ကြီးသည် တရားတစ်ပုဒ်အဆုံး၌ ရဟန္တာဖြစ်၍ ကောင်းကင်၌ ပရိနိဗ္ဗာန်ပြု၏၊ ထိုပုဂ္ဂိုလ်ကြီးကို သမဏဟု ခေါ်ရမည်လော၊ ဗြာဟ္မဏဟု ခေါ်ရမည်လော" ဟု ပြောဆိုကြ၏၊ ဤတွင် ဘုရားရှင် ကြွတော်မူလာပြီးလျှင်ထိုစကားနှင့် ဆက်စပ်၍ တရားစကား ဟောကြားတော် မူလိုသဖြင့် ဝတ္ထု၏ ရှေ့မှာ ပါသော ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၁၄၃။ မြင်းကောင်းသည် ကြိမ်လုံးကို ရှောင်ကြဉ်သကဲ့သို့ အကြင်သူသည် မိမိ၏ အိပ်ပျော်ခြင်းကို နှိုးကြားစေ၏၊ မကောင်းသော အကြံအစည်ကို ရှက်ကြောက်ခြင်းဖြင့် တားမြစ်၏၊ ထိုပုဂ္ဂိုလ်မျိုးသည် လောက၌ တစ်ယောက်တလေသာ ရှိကြ၏။

၁၄၄။ မြင်းကောင်းသည် ကြိမ်လုံးဖြင့် ပုတ်ခတ်သည်ရှိသော် လုံ့လထုတ်လာသကဲ့သို့ လုံ့လ ထုတ်ကြကုန်လော့၊ ထိတ်လန့်ကြကုန်လော့။ သဒ္ဓါတရားဖြင့် လည်းကောင်း၊ သီလဖြင့် လည်းကောင်း၊ ဝီရိယဖြင့် လည်းကောင်း၊ သမာဓိဖြင့် လည်းကောင်း၊ တရားကို ဆုံးဖြတ်နိုင်သော ဉာဏ်ဖြင့် လည်းကောင်း၊ ဝိဇ္ဇာစရဏတို့နှင့် ပြည့်စုံကုန်သည်ဖြစ်၍၊ ထင်သော သတိရှိကုန်သည်ဖြစ်၍ အတိုင်းမသိ ရှည်လျားလှသော သံသရာဒုက္ခကို စွန့်လွှတ်နိုင်ကြကုန်လတ္တံ့။

## အရှင်ပိလောတိကတိဿ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ပုဆိုးနွမ်းကလေး ထားရာသို့ မကြာခဏ သွားရောက်တတ်သော အရှင်ပိလောတိကတိဿကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

စတုတ္ထအကြိမ်

အရှင် ပိလောတိကတိဿကား လူ့ဘဝတုန်းက တိဿ ဟူသော အမည်ဖြင့် ဆင်းရဲနွမ်းပါးသော လုလင်ယောက်ျားတစ်ယောက် ဖြစ်ခဲ့၏၊ ပုဆိုးနွမ်းကလေး တစ်ထည်သာ ဝတ်နိုင်၍ ခွက်သက်စွဲကာ တောင်းစားနေရ၏။ ထိုသူငယ်ကို အရှင်အာနန္ဒာက သနားသဖြင့် ကျောင်းသို့ ခေါ်ပြီးလျှင် ကိုယ်တိုင် ရေချိုးပေး၏၊ ကမ္မဋ္ဌာန်းကို သင်ပြပေး၏၊ သင်္ကန်းများ ပေးကာ ရှင်ပြုပေး၏၊ ရှင်ဖြစ်မှ အသက်စေ့သောအခါ ရဟန်းဘောင်သို့ ရောက်လေသည်။ ရဟန်းဘောင်သို့ရောက်ပြီး အစားကောင်း စား၍ အဝတ်ကောင်း ဝတ်ရသောအခါ အသွေးအသားများ ပြည့်ဖြိုးလာသဖြင့် သာသနာတော်၌ မပျော်မွေ့တော့ဘဲ လူထွက်ရန် ကြံစည်၏။ လူ့ဘဝတုန်းက ဝတ်ဆင်ခဲ့ဖူးသော အဝတ်နွမ်းကလေးထားသော သစ်ပင်ရှိရာသို့ လာခဲ့၏၊ ထိုအဝတ်နွမ်းကလေးတွင် ရေစစ်ပြုလုပ်၍ ရနိုင်လောက်ရုံမျှ ကောင်းမွန်သော အသားမရှိတော့သဖြင့် အရှင်အာနန္ဒာက ချောင်ကျရာ သစ်ပင်တစ်ပင်မှာ နှက်နှင့်အတူ ချိတ်၍ထား၏၊ ထိုအဝတ်နွမ်းကလေး ရှိရာသို့ ရောက်သောအခါ အရှင်တိဿသည် ပုဆိုးနွမ်းကလေးကို ယူပြီးမှ "အို အရှက်မရှိသူ၊ သင်သည် လူအများက သဒ္ဓါတရားဖြင့် ပေးလှူထားသော သင်္ကန်းများကို စွန့်ပစ်လျက် ပုဆိုးနွမ်းကို ဝတ်ကာ ခွက်လက်စွဲ၍ တောင်းစားလိုရသလော" ဟု မိမိကိုယ်ကို ဆုံးမ၏။ ဤသို့ ဆုံးမသဖြင့် အရှင်တိဿ၏စိတ်သည် ငြိမ်သက်သွားလေသည်။

အရှင်တိဿသည် ဤသို့စိတ်ငြိမ်သက်စွာ ပြန်လာပြီးနောက် မကြာမီ မှာပင် လူထွက်ချင်လာပြန်သဖြင့် ပုဆိုးနွမ်းရှိရာသို့ လာပြန်၏၊ မိမိကိုယ်ကို ဆုံးမ၍ ပြန်လာခဲ့ပြန်၏။ ဤသို့ ပုဆိုးနွမ်းရှိရာသို့ မကြာခဏသွားနေသဖြင့် သီတင်းသုံးဖော်များက "အဘယ်သို့ သွားနေသနည်း" ဟု မေးမြန်းကြရာ အရှင်တိဿက "ဆရာ့ထံသို့ သွားပါသည်" ဟု ဖြေကြား၏၊ အရှင်တိဿသည် ဤသို့အားဖြင့် ပုဆိုးနွမ်းကလေးကို ဆရာထင်၍ မိမိကိုယ်ကို ဆုံးမလျက် တရားအားထုတ်လေရာ နှစ်ရက်သုံးရက်အကြာတွင် ရဟန္တာ ဖြစ်၏၊ ဤသို့ပုဆိုးနွမ်းကို ဆရာတင်၍ ရဟန္တာဖြစ်သဖြင့် ထိုပုဂ္ဂိုလ်အား အရှင်ပိလောတိက တိဿဟု ခေါ်ဝေါ်ကြလေသည်။

အရှင် ပိလောတိကတိဿသည် ပုဆိုးနွမ်းထံသို့ သွားရန် အကြောင်း မရှိတော့သဖြင့် မသွားဘဲနေလေရာ သီတင်းသုံးဖော်များက "ငါ့ရှင်၊ ဆရာ့သမားထံသို့ အဘယ်ကြောင့် မသွားပါသနည်း" ဟု မေးကြ၏၊ အရှင် ပိလောတိကတိဿက "ငါ့ရှင်တို့၊ ဆရာသမားနှင့် ဆက်ဆံမှု ရှိမှသာ

သွားနေရ၏၊ ယခုဝါကား ဆရာအမားနှင့် ကင်းပြတ်ခဲ့ပြီ။ ထို့ကြောင့် ဆရာသမားထံသို့ မသွားတော့ပြီ''ဟု ပြောကြ၏။ ဤအသုံးအနှုန်းမှာ ရဟန္တာတို့ အသုံးအနှုန်းဖြစ်နေ၍ မယုံကြည်နိုင်သော ရဟန်းတို့က ''အရှင်ပိလောတိကတိဿသည် အရဟတ္တဖိုလ်ကို ပြောကြားနေ၏''ဟု ဘုရားရှင်ထံ လျှောက်ထားကြရာ ဘုရားရှင်က အရှင် ပိလောတိကတိဿ၏ ပြောကြားချက်ကို ထောက်ခံတော်မူပြီးလျှင် ထိုစကားနှင့် ဆက်စပ်၍ တရားစကား ဟောကြားတော်မူလိုသဖြင့် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၁၄၅။ ရေသွယ်သော လယ်သမားတို့သည် ရေကို အလိုရှိရာသို့ သွယ်ယူကြကုန်ကြ၏၊ မြားလုပ်သူသည် မြားကို ဖြောင့်အောင် ပြုကြကုန်၏၊ လက်သမားတို့သည် သစ်ကို လိုအပ်သော ပုံစံကျအောင်ရွေကုန်ကြ၏။ သူတော်ကောင်းတို့သည် မိမိကိုယ်ကို ယဉ်ကျေးအောင် ဆုံးမကြကုန်၏။

## သုခသာမဏေ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ခုနစ်နှစ်အရွယ်တွင် ရဟန္တာဖြစ်သော သုခသာမဏေကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

သုခသာမဏေသည် ရှေးလွန်လေပြီးသော ဘဝတစ်ခု၌ တောရွာသားတစ်ယောက်ဖြစ်ခဲ့၏။ တစ်နေ့သ၌ သူသည် ရိက္ခာသယ်ယူရန် ဗာရာဏသီ မြို့သို့ လှည်းနှင့်လာခဲ့ရာ ဂန္ဓသေဋ္ဌေး၏ ထမင်းစားပွဲနှင့် ကြုံကြိုက်ခဲ့၏၊ ဂန္ဓသေဋ္ဌေးသည်ကား ''ဝ၊ ၏ မိဘဘိုးဘွားများသည် ပစ္စည်းဥစ္စာများကို ထားခဲ့၍ သေလွန်ကြရကုန်၏။ င ါသည်ကား ဤဥစ္စာတို့ကို စားသောက်ခြင်းဖြင့် ယူဆောင်သွားအံ့''ဟု မဆော်မသင့် ကြံစည်တာ စားသောက်ပွဲကြီးကို ကြီးကျယ်ခမ်းနားစွာ ကျင်းပ၏၊ သူသည် ဖန်ရေချိုးအိမ်ကို တစ်သိန်းဘာ်ပြုလုပ်၏၊ တစ်သိန်းတန် ဖန်ရေချိုးဗျဉ်၊ တစ်သိန်းဆန် ထိုင်စရာပလ္လင်၊ တစ်သိန်းတန် ထမင်းစားခွက်၊ တစ်သိန်းတန်

ထမင်းအုပ်၊ တစ်သိန်းတန် ပန်းကန်လုံးနှင့် တစ်သိန်းတန် တံခါးပေါက်တို့ကို ပြုလုပ်ထား၏။ ထမင်းစားသည့်နေ့မျိုးတွင် နံနက်စာအတွက် ငွေတစ်ထောင်၊ ညစာအတွက် ငွေတစ်ထောင်ထုတ်ပေး၏။ လပြည့်နေ့မျိုးတွင်ကား ထမင်းတစ်နပ်အတွက် ငွေတစ်သိန်း ထုတ်ပေး၏။ ထိုနေ့တွင် မြို့ကို ငွေတစ်သိန်း အကုန်ခံ၍ တန်ဆာဆင်စေပြီးလျှင် "ဂန္ဓသေဋ္ဌေး ထမင်းစားသည်ကို ကြည့်လာကြကုန်"ဟု စည်တီး ကြေညာလေသည်။

ဂန္ဓသေဋ္ဌေး ထမင်းစားသော အခမ်းအနားကို မြို့သူမြို့သားတို့သည် ပွဲကြည့်စင်များ အဆင့်ဆင့်ထိုး၍ ကြည့်ကြရကုန်၏။ ဂန္ဓသေဋ္ဌေးသည် တစ်သိန်းတန် ရေချိုးပျဉ်ထက်၌ နံ့သာရေတစ်ဆယ့်ခြောက်အိုးကို ချိုးပြီးလျှင် တစ်သိန်းတန်တံခါးကိုဖွင့်၍ တစ်သိန်းတန် ပလ္လင်ထက်၌ ထိုင်ကာ ကချေသည်အပေါင်း ခြံရံလျက် တစ်သိန်းတန်ထမင်းအုပ်၊ တစ်သိန်းတန် ထမင်းခွက်ထဲသို့ တစ်သိန်းတန်ထမင်းကို ခူးစေပ်၍ ထည့်ကာ ကြည့်ရှုသူသူအများ ရှေ့တွင် တခမ်းတနား စားသောက်လေသည်။ ဗာရာဏသီ မြို့သို့ ရောက်လာသော တောသားသည်လည်း မြို့ခံမိတ်ဆွေနှင့်အတူ ထိုအခမ်းအနားကို လာ၍ ကြည့်လေရာ ထမင်းနံ့ကို ရှူရှိုက်ရသဖြင့် မစားရလျှင် မနေနိုင်အောင်ဖြစ်လာ၏။ မြို့ခံမိတ်ဆွေက ဖျောင်းဖျသော်လည်း မနေနိုင်ပေ၊ မစားရလျှင် သေရပါလိမ့်မည်ဟုရှိသာ ဆို၏။ သို့ဖြစ်၍ မြို့ခံမိတ်ဆွေက "အရှင်သေဋ္ဌေးမင်း"ဟု ဂန္ဓသေဋ္ဌေးထံ လှမ်း၍ အော်ပြီးလျှင် "ကျွန်တော်၏ မိတ်ဆွေအတွက် ထမင်းတစ်လုပ်စာ နှစ်လုပ်စာမျှ ပေးပါ"ဟု တောင်းခံ၏။ ဂန္ဓသေဋ္ဌေးက ထမင်းကို အလကားမပေးနိုင်၊ ငါ့အိမ်တွင် သုံးနှစ်တိတိကျွန်ခံပါလျှင် ငါစားနေကျထမင်းခွက်ကို ပေးမည်"ဟုဆို၏။ တောသားကလည်း ထိုအဆိုကို အဘောတူကာ ဇနီးမယားကို ပစ်ပယ်လျက် ထိုသေဋ္ဌေးအိမ်တွင် သုံးနှစ်တိတိကျွန်ခံ၏။ ဤသို့ ထမင်းတစ်နပ် ရေးအတွက်ကျွန်ခံသဖြင့်သူ့ကို ဘတ္တဘတိကဟု ခေါ်ဝေါ်ကြလေသည်။

ဘတ္တဘတိကသည် အိမ်မှုကိစ္စအဝဝကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သဖြင့် ဂန္ဓသေဋ္ဌေးသည် မိမိစားနေကျ အခမ်းအနားကို ဘတ္တဘတိကအတွက်ပြုလုပ်စေ၏။ မိမိဇနီးတည်းတစ်ပါး ဆခြား မိန်းမများအား ဘတ္တဘတိကထံ ပြုစုလုပ်ကျွေးရန်စေလွှတ်၏။ ဂန္ဓသေဋ္ဌေး စားသောက်စဉ်ကကဲ့သို့ပင် မြို့သူမြို့သားများကလည်း ကြိတ်ကြိတ်တိုးမျှ လာကြည့်ကြ၏။ ဘတ္တဘတိကသည် တစ်သိန်းတန် ရေချိုးအိမ်တွင် တစ်သိန်းတန်

ရေချိုးပျဉ်ထက်၌ နံ့သာရေ တစ်ဆယ့်ခြောက်အိုးတို့ကို ချိုးပြီးလျှင် တစ်သိန်းတန် တံခါးကိုဖွင့်၍ တစ်သိန်းတန်ပလ္လင်ထက်၌ထိုင်ကာ တစ်သိန်းတန် ထမင်းအုပ်မှ တစ်သိန်းတန် ထမင်းခွက်ထဲသို့ ခူးသည့် ထားသော တစ်သိန်းတန် ထမင်းကို စားရန်သက်ဆေး၏။ ထိုစဉ်ခိုက်တွင် ဂန္ဓမာဒန တောင်တွင် ခုနစ်ရက်တိုင်တိုင် နိရောဓသမာပတ်ဝင်စားပြီး၍ နိရောဓ သမာပတ်မှ ထတော်မူလာသော အရှင်ပစ္စေက ဗုဒ္ဓါတစ်ဆူသည် ဘတ္တ ဘတိက၏ ရှေ့မှောက်သို့ ဆွမ်းခံကြွရောက်တော်မူလာလေသည်။

ဘတ္တဘတိကသည် အရှင်ပစ္စေကဗုဒ္ဓါကို ဖူးမြင်ရလျှင် "ငါသည် ရှေးယခင်က ဒါနကောင်းမှု မပြုခဲ့မိ၍ ထမင်းတစ်ခွက်အတွက် သုံးနှစ် တိုင်တိုင် ကျွန်ခံခဲ့ရ၏။ ဤထမင်းသည် ငါ့အတွက် တစ်ရက်စာသာလျှင် ဖြစ်၏။ ဤထမင်းကို အရှင်ပစ္စေက ဗုဒ္ဓါအား လောင်းလှူ လိုက်လျှင် တမ္ဘာပေါင်း ကုဋေများစွာ ငါ့ကို အကျိုးပြုလတ္တံ့"ဟု ကြံစည် ကာ သုံးနှစ်တိုင်တိုင် ကျွန်ခံ၍ရလာသော ထမင်းအားလုံးကို အရှင်ပစ္စေက ဗုဒ္ဓါ၏ သပိတ်၌ လောင်းလှူကာ အရှင်ဘုရားတို့ သိမြင်သော တရားကို သိမြင်ရပါလို၏ဘုရား"ဟု ဆုတောင်း၏။ အရှင်ပစ္စေကဗုဒ္ဓါကလည်း ဘတ္တဘတိကအလိုရှိအပ်၊ တောင့်တအပ်သော ဆုများ ပြည့်စုံစေသတည်း ဟု မိန့်မြွက်တော်မူပြီးလျှင် ဂန္ဓမာဒနတောင်သို့ ပြန်ကြွတော်မူ၏။ အရှင် ပစ္စေကဗုဒ္ဓါ၏ အာနုဘော်ကြောင့် လူသားအားလုံးတို့သည် ဂန္ဓမာဒန တောင်သို့ရောက်သည့်တိုင်အောင် အရှင်ပစ္စေကဗုဒ္ဓါကို ဖူးကြရလေသည်။

ဆွမ်းခံကြွသွားသော အရှင်ပစ္စေကဗုဒ္ဓါသည် မိမိသပိတ်မှ ဆွမ်း များကို ပစ္စေကဗုဒ္ဓါအရှင်မြတ် ငါးရာတို့အား ခွဲဝေ၍ပေး၏။ ဤအဖြစ်ကို ဖူးမြင်ကြရသော လူအပေါင်းက နှစ်ထောင်းအားရဖြစ်ကာ ဖစ်ခဲနက် ထ၍ခေါ်ကြ၏။ ထိုအဖြစ်ကို ဂန္ဓသေဋ္ဌေးကြီး သိသောအခါ ကြည်ညို ထွန်းပွားများလာသဖြင့် အသပြာတစ်ထောင်ပေးပြီးလျှင် "သင့်အလှူမှ ဝေါကို အမျှပေးပေပါလော့"ဟု ဆို၏၊ ဘတ္တဘတိကကလည်းအမျှပေး ဝေ၏၊ ဂန္ဓသေဋ္ဌေးသည် ဘတ္တဘတိက၏အလှူမှ အမျှယူကာ စည်းစိမ် ဥစ္စာရှိသမျှ တက်ဝက်ခွဲ၍ ဘတ္တဘတိကအားပေး၏။ ထို့နောက် ပြည့်ရှင် မင်းကြီးကလည်း အသပြာတစ်ထောင်ပေး၍ ဘတ္တဘတိက အလှူမှ အမျှ ခံယူကာ ဘတ္တဘတိကအား သေဋ္ဌေးကြီးအရာထား၍ ချီးမြှောက်လေသည်။

ဤသို့ မျက်မှောက်ဘဝ၌ ဘတ္တဘတိကအား အကျိုးပေးထက်သန် ခြင်းမှာ သမ္ပဒါလေးပါးတို့ ပေါင်းဆုံမိသောကြောင့် ဖြစ်၏။ သမ္ပဒါ

ဟူသည်မှ၀ ပြည့်စုံခြင်းကို ဆိုလို၏၊ ထိုပြည့်၀ခြင်းလေးမျိုးတို့ကား ၀တ္ထု၏ ပြည့်စုံခြင်း၊ ပစ္စည်း၏ပြည့်စုံခြင်း၊ စေတနာ၏ပြည့်စုံခြင်း၊ ဂုဏ်လွန်ကဲမှု၏ ပြည့်စုံခြင်းတို့ဖြစ်၏၊ ထိုတွင် နိရောဓ သမာပတ် ရရှိသော ရဟန္တာပုဂ္ဂိုလ် ဖြစ်စေ၊ အနာဂါမ်ပုဂ္ဂိုလ်ဖြစ်စေ ဤသို့သော အလှူခံပုဂ္ဂိုလ်သည် ၀တ္ထု၏ ပြည့်စုံခြင်းမည်၏၊ တရားနှင့်အညီ ရရှိထားသော လှူဖွယ်ပစ္စည်းများသည် ပစ္စည်း၏ ပြည့်စုံခြင်းမည်၏၊ မလှူမီ လှူနေဆဲ လှူပြီးချိန်ဟူ၍ ကာလသုံးပါးတို့၌ ၀မ်းမြောက်၀မ်းသာ ဉာဏ်ပညာ ယှဉ်သော စိတ်စေတနာများသည် စေတနာ၏ ပြည့်စုံခြင်းမည်၏၊ အလှူခံပုဂ္ဂိုလ်၏ နိရောဓသမာပတ်မှ ထသော်သောအဖြစ်သည် ဂုဏ်လွန်ကဲမှု ပြည့်စုံခြင်းမည်၏။ ဘတ္တဘတိက၏ ဆွမ်းအလှူကား ဤသို့သော သမ္ပဒါတရား လေးပါးတို့ ပေါင်းဆုံနေသဖြင့် မျက်မှောက်ကာလတွင် သူဌေးကြီးဖြစ်ခဲ့ရပေသည်။

ဘတ္တဘတိကသည် ဂန္ဓသူဌေးနှင့်အတူ စားသော နေ့ထိုင်၍ သက်တမ်းကုန်သောအခါ နတ်ပြည်သို့ ရောက်ပြီး နတ်စည်းစိမ်ကို ခံစားလျက်နေ၏။ ဂေါတမ ဘုရားရှင်၏ သာသနာတော် ပေါ်ထွန်းလာသောအခါမှ နတ်ပြည်မှ စုတေ၍ သာ၀တ္ထိမြို့တော်ရှိ အရှင်သာရိပုတ္တရာ၏ အလုပ်အကျွေး ဒါယကာ၏အိမ်တွင် ပဋိသန္ဓေ ကြည်နေ၏၊ (ပစ္စုပ္ပန်၀တ္ထုကား ပဏ္ဍိတသာမဏေ၀တ္ထုသို့ နှင့် အားလုံးတူ၏၊ သာမဏေအတွက် အရှင်သာရိပုတ္တရာ ဆောင်ယူလာသောဆွမ်းတွင် ကြောင်းအေးဟင်းအစေး အရသာရှိသော ဘောဇဉ် ဖြစ်နေခြင်းသာ ကွာခြား၏။)

ရှင်ပြုပြီး ရှစ်ရက်မြောက်သောနေ့၌ ရဟန္တာဖြစ်လာသော သုခသာမဏေသည် ပဒုမ္မာကြာပန်းကဲ့သို့ ရှင်လန်းသောမျက်နှာဖြင့် ဆွမ်းဘုဉ်းပေး၏၊ ဆွမ်းဘုဉ်းပေးပြီးသည်နှင့် တစ်ပြိုင်နက် လနတ်သား၊ နေနတ်သားတို့က လ၀န်း၊ နေ၀န်း တို့ကို လွှတ်လိုက်ရာ ကောင်းကင်ခြင်းနှင့် ညနေပိုင်းရောက်သွား၏၊ ထိုအချိန်တွင် ဆွမ်းဘုဉ်းပေးပြီး၍ သပိတ်ဆေးနေသော သုခသာမဏေကို ကဲ့ရဲ့ရှုတ်ချကာ ဘုရားရှင်ထံ လျှောက်ထားကြကုန်၏။ ဘုရားရှင်က သိကြားနှင့်တကွ စတုမဟာရာဇ် နတ်မင်းကြီးများ၊ လနတ်သား၊ နေနတ်သား တို့ကစောင့်ရှောက်ထား၍ဖြစ်ကြောင်း မိန့်ကြားတော်မူပြီးလျှင် သုခသာမဏေ၏ အားထုတ်ပုံကို ဟောကြားတော်မူလိုသဖြင့် ဤ၀တ္ထု၏ ရှေ့မှာပါသော ဒေသနာတော်ကို ဟောကြားတော်မူခဲ့သည်။

# ဓရာဝင်

## ဓမ္မပဒ

၁၄၆။ အမြဲတမ်း ကိလေသာမီး တောက်လောင်နေပါလျက် အဘယ့်ကြောင့် ဝမ်းမြောက်နေဘိသနည်း။ အဝိဇ္ဇာမှောင်ကြီး ပိတ်ဆို့၍ထားပါလျက်! အဘယ့်ကြောင့် ပညာဆီမီးကို မရှာမှီးကြပါသနည်း။

## ဝိသာခါ၏ အပေါင်းအဖော်မိန်းမများ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ကျောင်းအမကြီး ဝိသာခါ၏အပေါင်းအဖော် မိန်းမငါးရာတို့ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

သာဝတ္ထိမြို့တော်မှ အမျိုးသားငါးရာတို့သည် မိမိတို့မယားများ မမေ့မလျော့ ဆိုထိုင်ကြစေရန် ကျောင်းအမကြီး ဝိသာခါထံ အပ်နှံထားကြ၏။ ထိုမိန်းမတို့သည် ဥယျာဉ်သို့ဖြစ်စေ၊ ဘုရားကျောင်းတော်သို့ဖြစ်စေ ဝိသာခါနှင့်အတူ သွားလာနေကြရ၏။ တစ်နေ့သ၌ ခုနစ်ရက်တိုင်တိုင် သေရည်သောက်ပွဲကြီး ကျင်းပကြလေရာ ထိုအမျိုးသမီးတို့သည် မိမိတို့လင်ယောကျ်ားများအတွက် သေရည်များစီစဉ်ပေးကြရ၏။ ခုနစ်ရက်မြောက်၍ ယောကျ်ားများ အလုပ်ခွင်သို့ သွားကြသောအခါ ထိုမိန်းမတို့သည် ကြွင်းကျန်နေသော သေရည်များကို သောက်လိုကြသဖြင့် ဥယျာဉ်သို့သွားရန် ဝိသာခါအား အဖော်ညှိကြ၏။ ဝိသာခါက လိုက်မည်ဆိုသောအခါ ထိုမိန်းမတို့သည် သေရည်များကို သိုဝှက်၍ယူလာကြပြီးလျှင် ဥယျာဉ်ထဲမှာ သောက်ကြ၏။ သေရည် မူးယစ်လျက် စိတ်ကူးတည့်ရာ လျှောက်သွားကြကုန်၏။ ထိုမိန်းမတို့သည် အိမ်ပြန်ရောက်သောအခါ မကျန်းမမာဖြောင်

ဆောင်၍ အိပ်ရာထဲမှာ နေကြ၏၊ လင်ယောကျ်ားများက သေရည်များ သောက်ထားကြောင်း သိသဖြင့် ထောင်းထု ရိုက်နှက်ကြလေသည်။

နောက်တစ်ဖန် သေသောက်ပွဲကြီး ပြီးစီးသွားချိန်၌လည်း ထို မိန်းမတို့သည် ဥယျာဉ်သို့သွားရန် ဝိသာခါအား အဖော် ညှိကြပြန်၏၊ ဝိသာခါက ''ယခင်တလည်း သင်တို့သည် ငါ့ကို နာမည်ပျက်အောင် ပြုခဲ့ကြပြီ၊ သင်တို့ကို ငါမခေါ်ဆောင်တော့ပြီ''ဆိုကာ ငြင်းပယ်၏၊ ထိုအခါ ထိုမိန်းမများက ''ကျွန်မတို့ ဤသို့ မပြုလုပ်တော့ပါ၊ ကျွန်မတို့ ဘုရားကျောင်းတော်သို့သာ သွားလိုကြပါသည်၊ ဘုရားရှင်ကို ဖူးဖော်လိုကြပါသည်''ဟုဆို၏၊ ဤတွင် ဝိသာခါသည်လည်း အဘော်တူ၍ သူတို့ကို ဇေတဝန်ကျောင်းတော်သို့ ခေါ်လာခဲ့၏၊ ကျောင်းတော်သို့ ရောက်သောအခါတွင်ကား ဆိတ်ကွယ်ရာသို့ ဝင်ကြပြီးလျှင် လက်ဆုပ်ဘူးဖြင့် ချည်ဝှက်၍ ယူလာခဲ့ကြသော သေရည်များကို သောက်ကြကုန်၏၊ ဘုရားရှင်ရှေ့တော်မှောက်သို့ ရောက်သောအခါ ထိုမိန်းမတို့သည် သေရည် ယစ်မူးကြသဖြင့် က,ချင်စိတ်၊ သီချင်းဆိုချင်စိတ်များ ပေါ်ပေါက်လာကြ၏၊ ထိုနေ့တွင် မာရ်နတ်၏ အသင်းအပင်း နတ်သားတစ်ယောက်ကလည်း ထိုမိန်းမတို့ ကိုယ်တွင် ပူးဝင်ကာ ထိုမိန်းမတို့အား လက်ခုပ်တီး၍ ရယ်ရန်၊ ကခုန်ရန် စေခိုင်းလေသည်။

ဘုရားရှင်သည် ရှေးဉာဏ်တော်ဖြင့် ဆင်ခြင်ကြည့်တော်မူသောအခါ အကြောင်းမှန်ကို သိတော်မူသဖြင့် မာရ်နတ်၏ အသင်းအပင်းနတ်တို့အား ဖျက်ဆီးခွင့်မပေးအံ့ဟု နှလုံးသွင်းတော်မူရာ မျက်ခုံးမွေးတော်မှ ညိုသော ရောင်ခြည်တော်များကို လွှတ်တော်မူ၏၊ ထိုခဏမှာပင် တစ်ခဲနက် မှောင်ကြီးကျရောက်လာတော့ ထိုမိန်းမများမှာ ထိတ်လန့် ကြောက်ရွံ့ ကုန်ကြ၍ အမူးပြေကုန်ကြ၏၊ ဘုရားရှင်သည် မိမိနေရာမှ ကွယ်ခဲ့၍ မြင်းမိုရ်တောင် ထိပ်၌ ရပ်တော်မူကာ ဥဏ္ဏာလုံမွေးရှင်တော်မှ ဖြူသော ရောင်ခြည်တော်များ လွှတ်တော်မူ၏၊ တစ်ခဏချင်းမှာပင် လမင်းတစ်ထောင် ထွန်းလင်းလာ သကဲ့သို့ ဖြစ်လာ၏၊ ဘုရားရှင်သည် ထိုမိန်းမများကို ခေါ်တော်မူကာ ''ငါဘုရား၏ ရှေ့တော်မှောက်သို့ ရောက်လာကြသော သင်တို့သည် မေ့မေ့လျော့လျော့ လာရောက်ရန် မသင့်လျော်ကား၊ သင်တို့ မေ့လျော့နေ၍သာလျှင် မာရ်နတ်၏ အသင်းအပင်း နတ်သားတစ်ယောက်သည် အခွင့်ရ၍ သင်တို့ကို ဘုရားရှေ့တော်၌ ရယ်မြူးရန်၊ ကခုန်ရန် စေခိုင်းခဲ့၏၊ ယခုအခါ သင်တို့သည် ကိလေသာမီးများ ငြိမ်းစေခြင်းငှာ အားထုတ်သင့်၏''ဟု မိန့်တော်မူပြီးလျှင် ထိုစကားနှင့်ဆက်စပ်၍ တရားစကား ဟော

ကြားတော်မူလိုသဖြင့် အထက်ပါဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ ထိုမိန်းမငါးရာတို့သည် သောတာပန်တည်ကြလေ၏။ ဘုရားရှင်လည်း မြင်းမိုရ်တောင်ထိပ်မှ ဆင်းတော်မူကာ ဘုရားရှင်နေရာ၌ ထိုင်တော်မူပြီးလျှင် သေရည်သောက်စားသဖြင့် သတ္တဝါများ သေကြပျက်စီးရပုံကို အကျယ်အားဖြင့် ဟောကြားမူလို၍ တိုင်းနိပါတ်၊ ကုမ္ဘဇာတ်ကို ဟောကြားတော်မူလေ၏။

ဒေသနာတော်

၁၄၇။ အဆန်းတကြယ် ပြုလုပ်ထားသော အရုပ်နှင့် တူသော၊ အရိုးသုံးရာတို့ဖြင့် ထောက်ထားအပ်သော၊ နာကျင်တတ်သော၊ လူများစွာတို့ ကြံစည်အပ်သော၊ ကိုးပေါက်သော ဒွါရဟူသော အမာဝ ရှိသော ကိုယ်ခန္ဓာကို ကြည့်ရှုလော့။ ယင်းကိုယ်ခန္ဓာ၏ အမြဲသဖြင့် တည်ရှိခြင်းသည် မရှိချေတကား။

## သိရိမာ ပြည့်တန်ဆာမ

ဝေဠုဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် သိရိမာ ပြည့်တန်ဆာမကို စွဲလမ်းသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ရာဇဂြိုဟ်မြို့တော်ရှိ အလွန်အဆင်းလှပသော ပြည့်တန်ဆာမ သိရိမာသည် သုမနသေဌေး၏မယား၊ ပုဏ္ဏသေဌေး၏သမီး ဥတ္တရာအား ပြစ်မှားမိသဖြင့် ဥတ္တရာ၏အိမ်သို့ ဘုရားရှင်နှင့်တကွ သံဃာတော်များအား ဆွမ်းပင့်ကျွေးပြီး၊ ဥတ္တရာကို ကန်တော့ရ၏။ ထိုဆွမ်းကျွေးပွဲအပြီးတွင် ဘုရားဟောကြားသော တရားတော်ကို ကြားနာရသဖြင့် သိရိမာ ပြည့်တန်ဆာမသည် သောတာပန်ဖြစ်လေသည်။ (ဤအကြောင်း အကျယ်ကို ကောဓဝဂ်၊ ဥတ္တရာဥပါသိကာမဝတ္ထု၌ ရှု။)

ဤသို့ သောတာပန် ဖြစ်ပြီး၍ နောက်တစ်နေ့တွင်လည်း သိရိမာသည် ဘုရားရှင်နှင့် သံဃာတော်များအား မိမိအိမ်သို့ပင့်၍ အလှူကြီးပေး၏။ ထိုနေ့မှစ၍ တစ်နေ့လျှင် ရဟန်းရှစ်ပါးကို ဆွမ်းဝတ်ပြုစု၏။ နေ့စဉ်နေ့တိုင်း တစ်ဆယ့်ခြောက်အသပြာ အကုန်ခံ၍ ဆွမ်းချက်ပြုတ် လှူဒါန်း၏။ ရဟန်းတစ်ပါးတစ်ပါးရသော ဆွမ်းသည် ရဟန်းသုံးပါး စားလောက်၏။ ထိုသိရိမာ၏ဆွမ်းကို ရဟန်းများသည် ထေရ်စဉ်ဝါလိုက် စာရေးတံကျရာကြ၍ အလှူခံကြရ၏။ ထိုသို့ စာရေးတံကျ၍ ဆွမ်းအလှူခံရဖူးသော ရဟန်း

ကစ်ပါးသည် သုံးယူဇနာထက်ဝေးဝေးသော တောရွာကျောင်း တစ်ကျောင်း
သို့ သွား ရောက်၍ သီရိမာ၏ ဆွမ်းကောင်းပုံနှင့် သီရိမာ၏ ချောမောလှပ
ပုံများကို စီကာပတ်ကုံး ပြောပြလေသည်။

ကျောင်းနေ ရဟန်းကြီးတစ်ပါးသည် သီရိမာ၏ ချောမောလှပပုံကို
သတင်းကြားရုံနှင့်ပင် ချစ်ခင်စွဲလမ်းသဖြင့် သီရိမာကို သွား၍ ကြည့်ရန်
စိတ်ကူး၏။ ထိုအာဂန္တုရဟန်းအား စာရေးတံကျရာ ဇရပ်ဝယ် ဝါစဉ်ကို
မေးကြည့်သောအခါ မိမိထက်ဝါငယ်သော ရဟန်းများ အလှည့်ရောက်နေ၍
မိမိသာလျှင် မိမိအတွက် နောက်နေ့ စာရေးတံကျမည်ဟု သိရ၏။ ထို့ကြောင့်
ရဟန်းကြီးသည် ကာစာရုံအတွင်းမှာပင် သပိတ်သင်္ကန်းများ ပြင်ဆင်၍
ဝေဠုဝန်ကျောင်းတော်သို့သွား၏။ နောက်တစ်နေ့ နံနက်စောစောတွင်
စာရေးတံကျရာသို့သွား၍ရပ်လေရာ ဝါကြီးသော ပုဂ္ဂိုလ်ဖြစ်သဖြင့် သီရိမာ
အိမ်သို့ ဆွမ်းခံသွားရန် စာရေးတံကျလေသည်။

ယမန်နေ့ ဆွမ်းလောင်းပြီးချိန်ကစ၍ ရုတ်တရက် ရောဂါတစ်ခု
စွဲကပ်ဖိစီးလာသဖြင့် သီရိမာသည် အဆင်တန်ဆာများ ချွတ်ကာ အိမ်ထဲမှာ
နေရ၏။ စာရေးတံမဲကျသော ရဟန်းရှင်ပါး ကြွလာသောအခါ သီရိမာ
ကိုယ်စား ကျွန်မများကသာ ဆွမ်းများလောင်းကြ၏။ ဆွမ်းများ
လောင်းပြီးချိန်တွင် သီရိမာသည် ကျွန်မများ၏ပခုံး ချီမှီ၍ ရဟန်း
များရှေ့သို့ လာရောက်ကာ တုန်တုန်ယင်ယင်ဖြင့် ရှိခိုးကန်တော့၏။ တော
ကျောင်းမှ ရဟန်းကြီးသည် ရောဂါဖိစီးနေသော သီရိမာကိုကြည့်လျက်
"မကျန်းမာနေလျက်ကပင် ဤမိန်းမသည် ဤမျှလောက် လှပနေသေး၏။
ရောဂါကင်းရှင်း၍ အဆင်တန်ဆာများ ဆင်ယင်ထားလိုက်လျှင် မည်မျှ
လောက် လှပလမည်နည်း" ဟု တွေးလေသော ကိန်းအောင်းနေသော
ကိလေသာများ ထကြွလှုပ်ရှား၍ လာကြလေသည်။

ထိုရဟန်းကြီးသည် ကျောင်းသို့ ပြန်ရောက်လာသောအခါ ပါလာ
သောသပိတ်ကို တစ်နေရာမှာထားပြီးလျှင် မိမိ၏ သင်္ကန်းကြီးကိုဖြန့်ခင်း
၍ အိပ်နေ၏။ အပေါင်းရဟန်းတစ်ပါးက ဖျောင်းဖျသော်လည်း နားမဝင်
နိုင်ပေ။ ဤသို့ တောကျောင်းမှ ရဟန်းအိုကြီးကား သီရိမာကို ရလိုမှုဖြင့်
မစားနိုင် အိပ်မပျော်နိုင် ဖြစ်နေချိန်မှာပင် သီရိမာသည် ကွယ်လွန်သွား
၏။ ဗိမ္ဗိသာရမင်းကြီးသည် "ဇီဝက၏နှမငယ် သီရိမာ ကွယ်လွန်သွား
ပါပြီ ဘုရား" ဟု ဘုရားရှင်ထံ သတင်းပို့ လျှောက်ထား၏။ ဘုရားရှင်က
သီရိမာကို မီးသင်္ဂြိုဟ်ခြင်း ပြုဖွယ်မရှိ၊ သုသာန်သို့ ဆောင်ယူ၍ ခွေး၊

လင်းအေ မစားအောင် စောင့်ရှောက်ထားရန် မိန့်မှာတော်မူ၏၊ ဗိမ္ဗိသာရ မင်းကြီးကလည်း ဘုရားရှင် မိန့်မှာတော် မူသည့်အတိုင်း စောင့်ရှောက် ထားရာ လေးရက်မြောက် ရောက်သောအခါ အလောင်းသည် ဖူးရောင် လာ၏၊ ဒွါရကိုးပေါက်မှ ပိုးလောက်များ တဖွားဖွားကျကန်၏၊ ထမင်း အိုးကြီး ပွက်လာသကဲ့သို့ အလောင်းကောင်ကြီး တစ်ခုလုံး ကွဲပျက်ပွက်ထ၍ လာလေသည်။

သိရိမာကို ချစ်ခင်စွဲလမ်းနေသော ရဟန်းကြီးကား ထိုအဖြစ်များ ကို မသိပေ၊ သိရိမာကို ချစ်ခင်စွဲလမ်းသော စိတ်ဖြင့်ပင် မစားနိုင်၊ မအိပ် နိုင် ဒုက္ခခံလျက်သာ ရှိနေ၏၊ သိရိမာအိမ်မှ ခံယူလာသော ဆွမ်းတို့မှာ ပုပ်သိုး၍ မှိုများတက်နေ၏။ သူ၏မိတ်ဆွေ ရဟန်းတစ်ပါးက "ငါ့ရှင်၊ ဘုရားရှင်သည် သိရိမာကိုကြည့်ရှုရန် ရဟန်းများနှင့်တကွ ကြွတော်မူ၏" ဟု ပြောဆို၏။ ရဟန်းကြီးသည် အစာပြတ်၍ အားကုန်ခန်း နေပါလျက် သိရိမာ ဟူသော အသံကိုကြားသည်နှင့် သပိတ်မှ ဆွမ်းသိုးများကို ပယ် စွန့်၍ ဆေးကြောကာ သပိတ်အိတ်၌ ထည့်လွယ်ပြီးလျှင် ရဟန်းများ နောက်သို့ လိုက်ပါသွားလေသည်။

သိရိမာ၏ အလောင်းတစ်ဖက်တွင် ဘုရားရှင်နှင့် ရဟန်းများရပ်နေ ကြ၏၊ အခြားတစ်ဖက်တွင် ရဟန်းမများနှင့် မင်းပရိသတ်၊ အစေခံသူ အရပ်သားများ ရပ်နေကြ၏၊ ဘုရားရှင်က "မင်းကြီး၊ သိရိမာကို အလိုရှိ သူများ အသပြာတစ်ထောင်ဖြင့် လာယူလည့်ရန် မြို့တော်၌ စည်လည်စေ လော့" ဟု မိန့်တော်မူ၏၊ ဗိမ္ဗိသာရမင်းကြီးကလည်း မိန့်တော်မူသည့် အတိုင်း ဆောင်ရွက်၏။ သို့သော် ယခင်အာ တစ်နေ့တာ ပေါင်းသင်းရန် ငွေတစ်ထောင်ပေ မသိသူ ပေါ်ခဲ့သော်လည်း ယခု တစ်ယောက်မျှ မပေါ် လာတော့ပေ၊ သို့ဖြစ်၍ တန်ဖိုးကို ထက်ဝက် ထက်ဝက် လျှော့ချ၍ စည် လည်သော်လည်း လိုချင်သူ မပေါ်လာတော့ပေ။ နောက်ဆုံး အလကားယူ ကြရန် ကြေညာသော်လည်း ယူမည့်သူ မရှိတော့ပေ၊ ဤတွင် ဘုရားရှင်က "ရဟန်းတို့၊ လူအပေါင်းတို့ ချစ်ခင်စုံမက်ကြသော အမျိုးသမီးကို ရှုကြ ကုန်လော့၊ ဤ ရာဇဂြိုဟ်မြို့တော်၌ သူ့ကို တစ်နေ့တာအတွက် အသပြာ တစ်ထောင်ပေးကြရ၏။ ယခုတော့ကား ယူမည့်သူပင် မရှိတော့ချေ၊ ဤသို့ သဏ္ဍာန်ရှိသော ရုပ်အဆင်းသည် ကုန်ခြင်း၊ ပျက်ခြင်းသို့ ရောက်တတ်၏" ဟု မိန့်တော်မူပြီးလျှင် ဤဝတ္ထု၏ရှေ့မှာပါသော ဒေသနာတော်ကို ဟော ကြားတော်မူလေသတည်း။

ဒေသနာတော် အဆုံး၌ သိရိမာကို စွဲလမ်းချစ်ခင်ခဲ့သော ရဟန်းကြီးသည် သောတာပန်ဖြစ်လေ၏။

ဒေသနာတော်

၁၄၈။ ဤရုပ်ခန္ဓာသည် အိုမင်း ဆွေးမြည့်တတ်၏။ အနာရောဂါတို့၏ တည်နေရာဖြစ်၏။ ပုပ်သွေး ပျက်စီးတတ်၏။ အသက်ရှင်စနေခြင်းသည် သေခြင်းလျှင် အဆုံးရှိသောကြောင့် ထိုရုပ်ခန္ဓာသည် ပုပ်သည်ဖြစ်၍ ပျက်စီးရလတ္တံ့။

# အရှင်မ ဥတ္တရာ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အသက်တစ်ရာနှစ်ဆယ်ရှိသော ဘိက္ခုနီ အရှင်မ ဥတ္တရာကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

အရှင်မ ဥတ္တရာသည် သာဝတ္ထိမြို့တော်တွင် ဆွမ်းခံဝင်၍ ရလာသမျှကို ရဟန်းတစ်ပါးအား လှူဒါန်းရန် လျှောက်ထားရာ ထိုရဟန်းက မပယ်မြစ်ဘဲ အလှူခံလိုက်သဖြင့် ထိုနေ့အဖို့ ဆာလောင်ရလည်း ပြတ်သွားရ၏။ ဒုတိယနေ့ တတိယနေ့များ၌လည်း ဤသို့ပင် ကင်းပြတ်ရပြန်၏။ စတုတ္ထနေ့တွင်ကား လမ်းကျဉ်းတစ်နေရာတွင် ဆွမ်းခံကြွတော်မူနေသော ဘုရားရှင်နှင့် တွေ့ဆုံရသဖြင့် ဘုရားရှင်ကို လမ်းဖယ်ပေးရင်း နောက်သို့ဆုတ်လေရာ မိမိ၏သင်္ကန်းစကို နင်းမိပြီး အားနည်းနေသဖြင့် ပက်လက်လန် လဲကျသွား၏။ ဤဘွင် ဘုရားရှင်က ဥတ္တရာထေရီအနားသို့ ကြွသွားတော်မူပြီးလျှင် အသက်ပါ ဒေသနာတော်ကို ဟောကြားတော် မူလေသတည်း။

ဒေသနာတော်အဆုံး၌ အရှင်မဥတ္တရာသည်သောတာပန်ဖြစ်လေ၏။

ဒေသနာတော်

၁၄၉။ တန်ဆောင်မုန်းလ၌ စွန့်ပစ်ထားသော ဘူးသီးခြောက် ကဲ့သို့ စွန့်ပစ်ဆယ်ကုန်သော၊ ခိုရဆင်းကဲ့သို့ ဖြူဖွေး မည်းပြာသော အရိုးတို့ကို မြင်ရ၍ အဘယ်မှာ မွေ့လျော်နိုင်ပါဦးမည်နည်း။

# အဓိမာနိက ရဟန်းများ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် မိမိကိုယ်ကို ရဟန္တာဖြစ်လေပြီဟူသော အဓိမာနဖြင့် ဘုရားရှင်ထံ လာရောက်ခဲ့ကြသော

ရဟန်းငါးရာကို အကြောင်းပြု၍ ဤဒေသနာစာတော်ကို ဟောကြားတော်မူလေသည်။

ထိုရဟန်းငါးရာတို့သည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းတောင်းခံပြီးလျှင် တောသို့ဝင်၍ တရားအားထုတ်ကြရာ လောကီဈာန်သမာပတ်များ ရရှိကြ၏။ ရရှိထားသော ဈာန်သမာပတ်များ ဝင်စားလျက်နေကြစဉ် မိမိတို့ သန္တာန်၌ ကိလေသာများ ဖြစ်ပေါ်မလာကြသည်ကို ထောက်ဆကာ "ငါတို့ ရဟန္တာ ဖြစ်ပြီ၊ ဤအကြောင်းကို ဘုရားရှင်ထံ ဝင်ရောက်၍ လျှောက်ထားကြမည်" ဟု တွေးတောကာ ဇေတဝန်ကျောင်းတော်သို့ လာခဲ့ကြ၏။ ဘုရားရှင်၏ အမိန့်တော်အရ အရှင်အာနန္ဒာသည် ထိုရဟန်းတို့ကို အပြင်တံခါးမုခ်မှ ဆီးကြိုပြီးလျှင် "ငါ့ရှင်တို့၊ ယခု ဘုရားရှင်ကို ဖူးမြင်ရန် ကိစ္စမရှိသေးပေ။ သုသာန်သို့သွားပြီး ပြန်လာခါမှ ဖူးမြော်ကြပါ" ဟု ပြောကြား၏။ ထိုရဟန်းတို့သည် "ဘုရားရှင်က အကြောင်းရှိ၍သာ စေခိုင်းခြင်း ဖြစ်ပေလိမ့်မည်" ဟု သဘောထားကာ သုသာန်သို့ သွားကြ၏။ သုသာန်သို့ ရောက်၍ ပုပ်ပွနေသော သူသေကောင်များကို တွေ့ရသောအခါ ရွံရှာမုန်းတီးခြင်းဟူသော ဒေါမနဿများ ဖြစ်ပွားကြရ၍ စွန့်ပစ်ထားခါစ လတ်လတ်ဆတ်ဆတ် အမျိုးသမီး အလောင်းတို့ကို မူ သာယာတပ်မက်မိကြ၏၊ ဤတွင်မှ မိမိတို့သန္တာန်မှာ ကိလေသာ ရှိနေကြောင်း သိကြရသဖြင့် ထိတ်လန့်တကြား ဖြစ်ကြရ၏။ ထိုစဉ်တွင် ဘုရားရှင်သည် ထိုရဟန်းများရှိရာသို့ ရောင်ခြည်တော် လွှတ်တော်မူပြီးလျှင် အထက်ပါ ဒေသနာစာတော်ကို ဟောကြားတော် မူလေသတည်း။

ဒေသနာတော်အဆုံး၌ ထိုရဟန်း ငါးရာတို့သည် ရဟန္တာ ဖြစ်ကာ ဘုရားရှင်ထံ လာရောက်၍ ရှိခိုးပူဇော်ကြလေ၏။

ဒေသနာတော်

၁၅၀။ တကျာလက်သ်ခါးသည် အရိုးစုတို့ကို စိုက်ထူ၍ အသွေးအသား တို့ဖြင့် လိမ်းကျံလျက် ကိုယ်ခန္ဓာတည်းဟူသော မြို့ကို တည်ဆောက်ထား၏။ ထိုမြို့၌ အိုခြင်း၊ သေခြင်း၊ မာန ထောင်လွှားခြင်း၊ သူ့ကျေးဇူးကို ချေဖျက်ခြင်းသည်သာလျှင် တည်ရှိ၏။

# အရှင်မ ဇနပဒကလျာဏီ (ရူပနန္ဒာ)

ဇေတဝန်ကျောင်း၌ ဘုရားရှင်သီတင်းသုံးတော်မူစဉ် မိမိ၏ ရုပ်အဆင်းကို အလွန်တရာ သာယာနှစ်သက်သော အရှင်မ ဇနပဒကလျာဏီကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ငါ၏ မောင်တော်ကြီးဖြစ်သော သိဒ္ဓတ္ထမင်းသား၊ သည်မင်းစည်းစိမ်ကို စွန့်ခွာ တောထွက်၍ လောကတွင် အမြတ်ဆုံးသော ဘုရားရှင် ဖြစ်တော်မူပြီ။ သားတော် ရာဟုလာလည်း ရှင်သာမဏေပြုပြီ၊ မိမိ၏ ချစ်လင် နန္ဒမင်းသားလည်း ရဟန်းပြုပြီ၊ မယ်တော်ကြီး မဟာပဇာပတိ ဂေါတမီသည်လည်း ဘိက္ခုနီ အရှင်မကြီး ဖြစ်နေပြီ။ ဤမျှလောက်သော ဆွေတော်မျိုးတော်များ ရဟန်း ပြုကြကုန်ပြီဖြစ်ရာ အိမ်မှာနေ၍ ဘာ အကျိုးရှိတော့မည်နည်း။ ငါသည်လည်း ရဟန်းပြုအံ့''ဟု ကြံစည်ကာ ဇနပဒကလျာဏီသည် ဘိက္ခုနီ အရှင်မများကျောင်းသို့သွား၍ ရဟန်းပြု၏၊ ဤသို့ ရဟန်းပြုခြင်းမှာ သာသနာတော်ကို ကြည်ညိုသော သဒ္ဓါတရားကြောင့် မဟုတ်ပေ၊ ဆွေမျိုးများကို ချစ်ခင်သောကြောင့်သာ ဖြစ်၏၊ ဘိက္ခုနီအရှင်မဘဝရောက်ရာတွင်လည်း အဆင်းလှမြဲ လှနေသဖြင့် အရှင်မ ရူပနန္ဒာဟု အမည်ကျော်ကြား နေပေသည်။

ဆွေမျိုးများကို ချစ်ခင်၍ ရဟန်းပြုလာသော အရှင်မ ရူပနန္ဒာသည် ဘုရားရှင်၏ ရှေ့တော်သို့ကား မသွားပေ၊ ဘုရားရှင်က သူ၏ရုပ်ရည် အဆင်း လှပခြင်းကို အပြစ်တင်မည် စိုးသောကြောင့် ဖြစ်၏။ သို့ရာတွင် တရားနာ၍ ပြန်လာကြသော ပရိသတ်များက ဘုရားရှင်၏ ဂုဏ်တော် ကျေးဇူးတော်များကို ချီးကျူးသံ ကြားရဖန်များသောအခါတွင် အရှင်မ ရူပနန္ဒာသည် ဘုရားရှင်ရှေ့တော်သို့ ပုန်းလျှိုးကွယ်လျှို့ပြု၍ တရားနာ ရောက်လာလေသည်။

အရှင်မ ဇနပဒကလျာဏီသည် လမ်းညွှန်ဝန်းကဲ့သို့ ကျက်သရေရှိလှသော ဘုရားရှင်၏ မျက်နှာတော်ကို ကြည်ညိုရာမှ ဘုရားရှင်အား ယပ်ခတ်၍ နေသော အမျိုးသမီးလေးကို မြင်ရသောအခါ မျက်လုံးများ ပြူးသွားရ၏၊ ထိုအမျိုးသမီးသည် တစ်ဆယ့်ခြောက်နှစ်သမီး အရွယ် ဖြစ်၍ အလွန်တရာ နုပျိုလှပ၏၊ နီမြန်းသော အဝတ်များ ဝတ်ဆင် ထား၏၊ လက်ဝတ်တန်ဆာ အပြည့်အစုံ ဝတ်ဆင်ထား၏၊ ထိုအမျိုးသမီး ကလေး၏ လှပမှုနှင့် မိမိကိုယ်ကိုနှိုင်းစာ၍ ကြည့်လိုက်သောအခါ အရှင်မ

ရူပနန္ဒာသည် ရွှေဟင်္သာရှေ့မှာ ရောက်နေသော ကျီးနှင့် တူလေစွဟု မိမိကိုယ်ကို အောက်မေ့မိလေသည်။

ရုပ်ရည်အဆင်း လှပခြင်းကို နှစ်သက် မက်မောတတ်သော အရှင်မ ရူပနန္ဒာသည် ထိုအမျိုးသမီးကလေးကို နှစ်သက်မက်မောမိ၏။ "ဪ ဤမိန်းကလေး၏ ဆံပင်များသည် တင့်တယ်လေစွတကား၊ ဪ၊ သူ၏ နဖူးပြင်ကလေးသည် တင့်တယ်လေစွ တကား"ဟု တစိမ့်စိမ့် ကြည့်နေမိ၏။ ဘုရားရှင်သည် ရုပ်အဆင်း လှပခြင်းကို နှစ်သက်မက်မောတတ်သော အရှင်မ ရူပနန္ဒာအား ချေချွတ်ရန် ဤသို့ မိန်းကလေးရုပ်သွင်ကို ဖန်ဆင်း တော်မူထားခြင်း ဖြစ်၏။ ဤမိန်းကလေးကို ဘုရားရှင်နှင့် အရှင်မ ရူပနန္ဒာ တို့သာ တွေ့မြင်ကြရ၏။ ယခု အရှင်မ ရူပနန္ဒာက ဤရုပ်သွင်ကို ချစ်ခင် နှစ်သက်နေကြောင်း သိတော်မူသောအခါ ဖန်ဆင်းထားသော မိန်းကလေး၏ ရုပ်သွင်ကို အသက်နှစ်ဆယ်အရွယ်သို့ ပြောင်းရွှေ့လိုက်၏။ မိန်းကလေး၏ ရုပ်သွင်ကို စူးစိုက် ကြည့်ရှုနေသော အရှင်မ ရူပနန္ဒာက "ဝေဒနာက နှင့် မတူတော့ပါကလား"ဟု တွေးတော၍ ချစ်ခင်နှစ်သက်မှု အနည်းငယ် လျော့သွား၏။ ဘုရားရှင်သည် ထို့နောက်တစ်ဆင့် ထိုအမျိုးသမီးအား တစ်ကြိမ် သားဖွားပြီးသော မိန်းမအဆင်းသို့ ဖန်ဆင်းတော်မူ၏။ ထို့နောက်တစ်ဆင့် မိန်းမလတ်အဆင်း၊ သက်ကြီးရွယ်အို၊ အမယ်အိုအဆင်းတို့ ဖန်ဆင်းတော်မူပြန်၏။ ဆံဖြူသွားကျိုး၍ ခါးရိုးကိုင်းညွတ်နေသော ရုပ်သွင်ကို တွေ့မြင်ရသောအခါ အရှင်မ ရူပနန္ဒာသည် ထိုရုပ်သွင်ကို ချစ်ခင်မက်မောခြင်း လုံးဝ မရှိတော့ပေ။

အရှင်မ ရူပနန္ဒာ၏ ရှေ့မှောက်မှာပင် ထိုအမယ်အိုသည် ရောဂါ ဖိစီးခြင်း ခံစားလာရ၏။ တောင်ဝှေးနှင့်ယပ်ဝန်းကို ပစ်ချလျက် အော်ဟစ် ငိုကြွေးကာ လဲကျသွား၏။ မိမိစွန့်ထုတ်ထားသော ကျင်ကြီးကျင်ငယ်များ ထဲတွင် လူးလှိမ့်နေရ၏။ မကြာမီမှာပင် ရောဂါသည်ကြီး သေဆုံးကာ အလောင်းကောင်ကြီး ပုပ်ပွလာ၏။ ကိုးပေါက်သော ဒွါရတို့မှ သွေး ပုပ်ပြည်ပုပ်များ ထွက်ကျလာကုန်၏။ ပိုးလောက်များလည်း တဖွားဖွား ကျလာကုန်၏။ အရှင်မရူပနန္ဒာသည် ထိုရုပ်သွင်ကို ကြည့်ရှုမှုတစ်ဆင့် မိမိ ကိုယ်ခန္ဓာကိုလည်း အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောတို့ကို ရှုမြင်သုံးသပ်ကာ ဝိပဿနာ ပွားများမိ၏။ ဤတွင် ဘုရားရှင်က—

"ရူပနန္ဒာ၊ အမြဲတမ်းနာကျင်၍ မစင်ပုပ်အတိပြီးသော၊ အထက် ဒွါရ၊ အောက်ဒွါရတို့မှ ယိုထွက်နေသော၊ လူမိုက်တို့ အလွန် တောင့်တ

အပ်သော၊ ရွှံ့ရာဇပွယ် ကျောင်းလှုသော ဤပစ္စည်းကို ရှုသော၊ ထိုအတ္တဘော ကို ခါတီအားဖြင့်လည်းကောင်း၊ ဆိတ်သည်းသောအားဖြင့် လည်းကောင်း ရှုသကဲ့သို့ ထိုအတ္တဘောကို ရှုလော့။ ဤလောကကို တစ်ဖန် မရောက်လာ စေနှင့်၊ ဘဝ၌ သာယာ နှစ်သက်တတ်သော တဏှာကို ကင်းပြတ်စေ၍ ငြိမ်းချမ်းစွာ ကျင့်သုံးရလော့။''

ဒေသနာတော်ကို ကြားနာရသဖြင့် အရှင်မရူပနန္ဒာသည် သောတာ ပန်ဖြစ်၏၊ ထိုမှတစ်ဆင့် ဇာ ရင်မရူ နန္ဒာ၏ အထက်မဂ်များအလို့ငှာ ဘုရား ရှင်က ဤဝတ္ထု၏ ရှေ့မှာပါသော ဒေသနာတော်ကို ဟောကြားတော် မူလေသတည်း။

ဒေသနာတော်အဆုံး၌ ရူပနန္ဒာထေရီမထည် ရဟန္တာဖြစ်လေ၏။

ဒေသနာတော်

၁၅၀။ ရတနာတို့ဖြင့် ကောင်းစွာ ဆန်းကြယ်သော မင်းစီးရထားတို့ သည်ပင် အိုမင်းဆွေးမြည့်ကြရကုန်သော်၏၊ ခန္ဓာကိုယ်သည်လည်း ထို့အတူပင် အိုမင်းဆွေးမြည့်ရ၏၊ သူတော်ကောင်းတို့၏ တရား သည်ကား အိုမင်းဆွေးမြည့်ခြင်းမရှိဟူ၍ သူတော်ကောင်းတို့သည် သူတော်ကောင်းတို့နှင့် အတူတကွ ဟောပြောကြကုန်၏။

## မလ္လိကာ မိဖုရား

ဇေတဝန်ကျောင်းတော်၌ ကောသလမင်းကြီး၏ ရထားတင်းကုပ်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် မလ္လိကာ မိဖုရားကြီး ကွယ်လွန်၍ စိုးရိမ် ပူဆွေးနေ သော ကောသလမင်းကြီးအား၊ အကြောင်းပြု၍ ဤဒေသနာတော်ကိုဟော ကြားတော်မူလေသည်။

တစ်နေ့သ၌ မလ္လိကာမိဖုရားသည် ရေချိုးအိမ်၌ မျက်နှာသစ်ပြီး လျှင် ခြေသလုံးကို ကုန်း၍ ဆေးကြောနေစဉ် သူမွေးမြူထားသော ခွေးကလေး နောက်မှနေ၍ မေထုန်မှီဝဲရန် ကြံစား၏။ မိဖုရားသည် အတွေ့ကို သာယာ၍ နေစဉ် လေသာပြတင်းပေါက်မှ ကောသလမင်းကြီးက တွေ့မြင်သွား၏။ ထို့ဖြစ်၍ မလ္လိကာမိဖုရား ရေချိုးအိမ်မှ တက်လာသောအခါ ''သူယုတ်မ၊ အဘယ့်ကြောင့် ခွေးနှင့် မှားယွင်းရသနည်း'' ဟု ပြောဆို ကြိမ်းမောင်း ၏။ မလ္လိကာမိဖုရားက မဟုတ်ကြောင်း ငြင်းဆိုလေရာ ကောသလမင်းကြီး က မယုံကြည်သဖြင့် ''အရှင်မင်းကြီး၊ ဤလေသာပြတင်းပေါက်မှ လှမ်း

ကြည့်လျှင် ရေချိုးအိမ်မှာ တစ်ယောက်တည်း ရှိနေသောသူကို နှစ်ယောက်ထင်မြင်တတ်ပါသည်။ ကျွန်မ၏စကားကို မယုံကြည်ပါလျှင် အရှင်မင်းကြီးကိုယ်တိုင် ရေချိုးခန်းသို့ ဝင်တော်မူပါ။ ဤလေသာ ပြတင်းပေါက်ဝမှ ကျွန်မ ကြည့်နေပါမည်''ဟု လိမ်ဆယ်လျှောက်တင်၏။ ကောသလမင်းကြီးကလည်း ဉာဏ်ပညာထုံထိုင်းသူဖြစ်၍ မိဖုရား၏စကား၏အတိုင်း ရေချိုးခန်းသို့ဝင်၏။ မလ္လိကာ မိဖုရားက ''အရှင်မင်းကြီး၊ မိုက်မဲစွတကား၊ ဆိတ်မနှင့်အတူ မသင့်မလျော် ကျင့်ရသလော''ဟု ဆို၏။ ဤတွင် ကောသလမင်းကြီးသည် ''ဤရေချိုးခန်းသို့ဝင်၍ ဤသို့ပင် ထင်ခံရပေသည်''ဟု စွဲမှတ်သွားလေသည်။

''ငါသည် မင်းကြီးကို မဟုတ်မမှန် ပြောဆိုခဲ့မိပြီ။ ငါ၏အမှုကို ဘုရားရှင် သိတော်မူလတ္တံ့။ အဂ္ဂသာဝက အရှင်မြတ်ကြီးများ သိတော်မူကြကုန်လတ္တံ့။ ရှစ်ကျိပ်သော မဟာသာဝကကြီးများ သိတော်မူကြကုန်လတ္တံ့။ ခြော်၊ ငါသည် ဝန်လေးသောအမှုကို ပြုမိလေစွတကား'' ဟု တွေးတော၍ စိတ်မချမ်းမသာ ဖြစ်နေရ၏။ ထို့ မလ္လိကာ မိဖုရားသည်ပင် ကောသလမင်းကြီးနှင့်အတူ အသဒိသအလှူတော်ကြီးကို ပေးလှူခဲ့၏။ တစ်နေ့တည်းဖြင့်ပင် တစ်ဆယ့်လေးကုဋေမျှ အကုန်အကျခံ၍ လှူဒါန်းခဲ့၏။ မလ္လိကာမိဖုရားသည် သေခါနီးအချိန်တွင် ဤမျှလောက် များပြားလှသော ကုသိုလ်ကောင်းမှုများကို သတိမပြုနိုင်ဘဲ လိမ်ဆယ်၍ပြောဆိုခဲ့မိသော မကောင်းမှုကိုသာလျှင် သတိပြုကာ သေဆုံးသဖြင့် အဝီစိငရဲသို့ ကျရောက်ရလေသည်။

[အသဒိသ အလှူတော်ကြီးအကြောင်းကို လေဒဂ.ဝဂ်၊ အသဒိသ အလှူတော်ကြီး ဝတ္ထု ရှုပါ။]

ကောသလမင်းကြီးသည် ချစ်လှစွာသော မိဖုရားကြီး ကွယ်လွန်သွားသဖြင့် စိုးရိမ်ပူဆွေးကာ မိဖုရား၏ လားရာဘဝကိုမေးမြန်းရန် ဘုရားထံလာခဲ့၏။ သို့ရာတွင် ဘုရားရှင်က မေးမြန်းခြင်းမပြုနိုင်ရန် တန်ခိုးတော်ဖြင့် တားမြစ်ထားသဖြင့် ခုနစ်ရက်တိုင်တိုင် မမေးဖြစ်ဘဲ ပြန်သွားခဲ့ရ၏။ ရှစ်ရက်မြောက်သောနေ့တွင်ကား မလ္လိကာမိဖုရားသည် အဝီစိငရဲမှ လွတ်မြောက်ကာ တုသိတာနတ်ပြည်သို့ ရောက်သွား၏။ ဤတွင် ဘုရားရှင်သည် ကောသလမင်းကြီးနန်းတော်သို့ကိုယ်တော်တိုင် ဆွမ်းခံဝင်တော်မူလေသည်။

ခုနစ်ရက်အတွင်းမမေးရန် တန်ခိုးတော် ဖန်ဆင်းရခြင်းမှာ ကောသလမင်းကြီးအား အယူမှားမသွားစေရန်ဖြစ်၏။ ''ဤမျှလောက် လှူ

ဒါန်းခဲ့သော မိဖုရားသည်ပင် အဝိစိငရဲကျရသေးလျှင် ဆက်လက်၍လှူနေသော်ကား ဘာအကျိုးရှိမည်နည်း'' ဟု ဝ လွဲ၊ ချော်တွေးတော၍ ပွဲလုပ်မြဲဒါနဝတ်များကို ဖြတ်တောက်မိလျှင် မင်းကြီး အတွက်အကျိုးမဲ့ဖြစ်ရာ၏၊ ထို့ကြောင့် မလ္လိကာ မိဖုရားကြီး တုသိတာနတ်ပြည် ရောက်ချိန်တွင်မှ ကိုယ်တော်ဘိုင် ကြွချီတော်မူရခြင်းဖြစ်ပေသည်။

ကောသလမင်းကြီးသည် ဘုရားရှင်ကို နန်းတော်ပေါ်သို့ ပင့်ဆောင်၏၊ ဘုရားရှင်က နန်းတော်ပေါ်သို့ ကြွတော်မူဘဲ ငင်းအဆက်ဆက်တို့ ရထားများရှိရာ ထင်းကုပ်ထဲသို့သာ ကြွတော်မူ၏၊ ကောသလမင်းကြီးသည် ထိုထင်းကုပ်ထဲမှာပင် ဘုရားရှင်အား ယာဂု၊ ခဲဖွယ်တို့ကို ဆက်ကပ်ပြီးလျှင် မလ္လိကာမိဖုရား၏ လားရာဂတိကို မေးလျှောက်၏။ ဘုရားရှင်က တုသိတာနတ်ပြည်၌ နတ်ဖြစ်ကြောင်းကို မိန့်တော်မူသောအခါ ကောသလမင်းကြီးက "အရှင်ဘုရား၊ မလ္လိကာလိုအမျိုးသမီးမှ တုသိတာနတ်ပြည်သို့ မရောက်လျှင် မည်သူရောက်ပါမည်နည်း၊ မလ္လိကာ မိဖုရားသည် ဘုရားရှင်အား လှူဒါန်းရန် ကိစ္စများကိုသာ ကြံတမ်း စီစဉ်လျက် နေပါသည်၊ မလ္လိကာမိဖုရားကွယ်လွန်သွားသောအချိန်မှစ၍ အသည် တော်သည် မိမိကိုယ်ခန္ဓာကိုပင် မသယ်နိုင်အောင် ဖြစ်ရပါတော့သည် ဘုရား" ဟု လျှောက်ထားလေသည်။

ဘုရားရှင်က "မင်းကြီး၊ စိုးရိမ်ပူဆွေးခြင်း ပြုလင့်၊ ဤသို့သေခြင်းသဘောကား သတ္တဝါ ခပ်သိမ်းတို့အတွက် အမြဲတစေ တည်ရှိနေသောတရားပင်တည်း" ဟု မိန့်တော်မူကာ ဆက်၍ ရှိနေသော ရထားများအနက် အလွန်တရာ အိုမင်းဆွေးမြည့်နေသော ရထားတစ်စီးကို ညွှန်ပြပြီးလျှင် "မင်းကြီး၊ ဤရထားသည် မည်သူ့ရထားနည်း" ဟု မေးတော်မူ၏၊ ကောသလမင်းကြီးက "အရှင်ဘုရား၊ ဘိုးတော် မင်းတရားကြီး၏ ရထားဖြစ်ပါသည်ဘုရား" ဟု လျှောက်ထား၏၊ ထို့နောက် ခမည်းတော် မင်းတရားကြီးရထားနှင့် ကောသလမင်းကြီး၏ ရထားများကို ထို့အတူ မေးမြန်းတော်မူကာ "မင်းကြီး၊ ယိုသို့ အိုမင်းဆွေးမြည့်သော သဘောကြောင့်သာလျှင် သင့်ဘိုးတော်ဘုရားကြီး၏ရထားသည် သင့်ခမည်းတော် လက်ထက်တိုင်အောင် အသုံးမပြုနိုင်ဘဲ ပျက်စီးခဲ့ရ၏၊ သင့် ခမည်းတော်၏ ရထားသည်လည်း သင်မင်းကြီး လက်ထက်မတိုင်မီမှပင် ပျက်စီးခဲ့ရ၏၊ ဤသို့ သဘောရှိသော သစ်သားတုံးသည်ပင် အိုမင်း ဆွေးမြည့်ခြင်းသို့ ရောက်ရသေး၏၊ ကိုယ်ခန္ဓာသော်ကား အဘယ်ဆိုဖွယ်ရာရှိပါမည်နည်း"

ဟု မိန့်တော်မူပြီးလျှင် ဝတ္ထု၏ရှေ့မှာပါသော ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၁၅၂။ အကြားအမြင်နည်းလှသော ဤယောကျ်ားသည် နွားလားကဲ့သို့ အချည်းအနှီး ကြီးထွားလာ၏။ ထိုယောကျ်ား၏ အသားတို့ တိုးပွားလာ၏။ ပညာမူကား မတိုးပွားချေ။

## အရှင် လာဠုဒါယီ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အလွဲလွဲအချော်ချော် ဖြစ်ခဲ့ရသော အရှင်လာဠုဒါယီကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

အရှင် လာဠုဒါယီသည် မင်္ဂလာပြုသော အိမ်များသို့ သွား၍ မင်္ဂလာမရှိသော ပေတဝတ္ထုတို့ကို ဟော၏။ မင်္ဂလာမရှိသော နာမှုကိစ္စတို့ကို ဆောင်ရွက်နေကြသော အိမ်များသို့ သွား၍ မင်္ဂလာတရားကို ဟောကြား၏။ ဤအကြောင်းများကို ရဟန်းများက ဘုရားရှင်ထံ လျှောက်ထားကြရာ ဘုရားရှင်က ထိုစကားနှင့်ဆက်စပ်၍ တရားစကား ဟောကြားတော်မူလိုသဖြင့် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

[အရှင်လာဠုဒါယီ၏ အဟာအပြောမတတ်ပုံကို အကြောင်းပြု၍ ဟောကြားထားသော မဒတ္ထဇာတ်ကို ဒုကနိပါတ်၊ ဗိရဏတ္ထမ္ဘဝဂ်မှာရှုပါ။]

ဒေသနာတော်

၁၅၃။ ခန္ဓာအိမ်ကို ဆောက်လုပ်တတ်သော တဏှာ လက်သမားကို ရှာသော ငါသည် ထိုတဏှာလက်သမားကို မြင်နိုင်သောဉာဏ် မရသေးသဖြင့် ဘဝများစွာ သံသရာပတ်လုံး ပြေးလွှားကျင်လည်ခဲ့ရပေပြီ။ အဖန်ဖန် ပဋိသန္ဓေနေရခြင်းကား ဆင်းရဲလေစွတကား။

၁၅၄။ ခန္ဓာအိမ်ကို ဆောက်လုပ်တတ်သော ဟယ် တဏှာ လက်သမား၊ ယခု ငါသည် သင့်ကို မြင်အပ်ပြီ။ နောက်ထပ်တစ်ဖန် ခန္ဓာအိမ်ကို သင် မဆောက်ရလတ္တံ့။ ကိလေသာတည်းဟူသော သင်၏ အခြင်ရနယ်အားလုံးကို ငါချိုးဖွဲ့အပ်ပြီ။ အဝိဇ္ဇာတည်းဟူသော အိမ်အထွတ်ကို ငါဖျက်ဆီးအပ်ပြီ။ ငါ၏စိတ်သည် ပြုပြင်ခြင်းကင်းရာ နိဗ္ဗာန်သို့ ရောက်ပြီ။ တဏှာကုန်ရာ အရဟတ္တဖိုလ်သို့ ရောက်လေ၏။

## ဥဒါန်းကျူးတော်မူခြင်း

ဤဒေသနာတော်ကား ဗောဓိပင်နှင့် ရွှေပလ္လင်ထက်၌ ဘုရားရှင် ကျူးရင့်တော်မူခဲ့သော ဥဒါန်းဒေသနာတော်ဖြစ်၏။ ဗောဓိပင်ရင်း၌ သိတင်းသုံးတော်မူစဉ် နေဝင်မီမှာပင် မာရ်စစ်သည်အပေါင်းကို အောင်တော်မူ၍ ပဌမယံ၌ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ မဇ္ဈိမယံ၌ ဒိဗ္ဗစက္ခုဉာဏ်နှင့် ပစ္ဆိမယံ၌ အာသဝက္ခယဉာဏ်တော်ကို ရတော်မူ၏။ ထို့နောက် သိန်းပေါင်းများစွာသော ဘုရားရှင်တို့ ပြုမြဲဖြစ်သော ဥဒါန်းစကားမြွက်ကြားခြင်းကို ပြုတော်မူရန် အောက်ပါ ဒေသနာတော်ကို ကျူးရင့်တော်မူ၏။ ဗောဓိပင်ရင်း၌ ကျူးရင့်တော်မူသော ဥဒါန်းဒေသနာတော်ကို နောင်အခါတွင် အရှင်အာနန္ဒာ မေးလျှောက်သဖြင့် ထပ်မံပြန်လည်၍ ဟောကြားတော်မူလေသတည်း။

### ဒေသနာတော်

၁၅၅။ လူမိုက်တို့သည် အရွယ်ရှိခိုက်က မြတ်သောအကျင့်ကို မကျင့်လိုက်မိ၍၊ ဥစ္စာကိုလည်း မရလိုက်၍ အရွယ်လွန်သောအခါတွင် ငါးကုန်ခန်းသော ညွန်အိုင်၌ အတောင်ကျိုးသော ကြိုးကြာအိုကဲ့သို့ ကြံမှိုင်၍သာ နေကြကုန်၏။

၁၅၆။ လူမိုက်တို့သည် အရွယ်ရှိခိုက်က မြတ်သောအကျင့်ကို မကျင့်လိုက်မိ၍၊ ဥစ္စာကိုလည်း မရလိုက်မိ၍ လေးမှလွတ်ပြီးနောက် အရှိန်ကုန်သော မြားကဲ့သို့ ရှေးဖြစ်ဟောင်းတို့ကို အောက်မေ့ညည်းတွား၍သာ နေကြရကုန်၏။

## မဟာဓန သေဌေးသား

ဗာရာဏသီမြို့တော်အနီး ဣသိပတန မိဂဒါဝုန်တောရ၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ကုဋေရှစ်ဆယ်အမွေကို နှစ်ဖက်လုံးမှရပါလျက် ခွက်လက်စွဲကာ တောင်းစားရသော မဟာဓန သေဌေးသားကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ဗာရာဏသီမြို့၌ ကုဋေရှစ်ဆယ် ကြွယ်ဝသော သေဌေးကြီးသည် မိမိ၏ မဟာဓန မည်သော သားအား အကအခုန်၊ အသီအဆို၊ အတီးအမှုတ်တို့ကိုသာ သင်ကြားပေး၏။ "ငါတို့အိမ်၌ ဥစ္စာများစွာရှိ၏။ ငါတို့သားသည် အလိုရှိတိုင်း သုံးဆောင် စံစားစေ။ အခြားအလုပ်အကိုင်များ လုပ်ကိုင်ရန် မလို"ဟု တွေးတောကာ အတတ်ပညာ တစ်စုံတစ်ခုကိုမျှ သင်ကြား၍

စပေးကြပေ၊ ထိုမဟာဓနေ သေဌေးသား အရွယ်ရောက်သောအခါ ကုဋေရှစ်ဆယ်ပင် ကြွယ်ဝသော ဗာရာဏသီ သေဌေးတစ်ဦး၏ သမီးနှင့်လက်ထပ်ထိမ်းမြားပြီး၊ နှစ်ဖက်မိဘများ ကွယ်လွန်ကြသောအခါ ကုဋေရှစ်ဆယ် နှစ်လီသော ဥစ္စာတို့သည် သူ့တစ်အိမ်တည်း၌သာ ပုံလာကြလေသည်။

တစ်နေ့သ၌ မဟာဓနသေဌေးကလေးသည် နောက်လိုက်နောက်ပါများနှင့်တကွ လမ်းထွက်လာစဉ် သေသောက်ကြူးများသည် သေဌေးကလေးကိုမှီခို၍ စားသောက်လိုကြသဖြင့် "အရှင်သေဌေးမင်း အသက်တစ်ရာရှည်ပါစေ"ဟု ဆီးကြိုနှုတ်ဆက်ကြ၏၊ သေဌေးကလေးသည် သေသောက်ကြူးများ၊ သောက်နေကြသော အဖျော်အကြော်စုံကို မိမိအခြွေအရံများအား မေးကြည့်၏၊ အခြွေအရံများက "လောက၌ သောက်ရာ အကောင်းဆုံးသော အဖျော်ယမကာ ဖြစ်ပါသည်"ဟု ဖြေကြားသဖြင့် သေဌေးကလေးသည် သေရည်အနည်းငယ်ကို မြည်းကြည့်၏၊ ဤသို့ သေဌေးကလေးက သေရည်သောက်သောအခါ သေသောက်ကြူးများစွာ ဝန်းရံလာကြလေသည်၊

သေသောက်ကြူးများနှင့်အတူ စားသောက်ကာ စည်းမရှိကမ်းမရှိ သုံးဖြုန်းလိုက်သောအခါ ကုဋေရှစ်ဆယ်မျှသော ဥစ္စာများ ကုန်ခန်းသွား၏၊ မိမိဘက်မှ အမွေရဥစ္စာများကုန်လျှင် သေဌေးကတော်ဘက်မှ အမွေရဥစ္စာ ကုဋေရှစ်ဆယ်ကိုလည်း ထို့အတူ သုံးဖြုန်း၍ ပစ်လိုက်ပြန်၏၊ ထို့နောက် သုံးဖြုန်းရန်လိုသောအခါ လယ်ယာဥယျာဉ်များကို ရောင်းရ၏၊ ထို့နောက်လည်း အိုးခွက်ဘဏ္ဍာ၊ ဖခင်းရုံ၊ နေစရာ ထိုင်စရာ တို့ကိုပါ ရောင်းစားရ၏၊

ဤသို့ဖြင့် မဟာဓနသေဌေး အသက်အရွယ် အိုမင်း၍လာလေရာ အမွေရအိမ်ကိုပင် ရောင်းလိုက်ရ၏၊ ဤတွင် ဝယ်ယူသူတို့က အိမ်ပေါ်မှ နှင်ချကြလေရာ မဟာဓနတို့ လင်မယားမှာ သူတစ်ပါး၏ အိမ်နံရံတွင် မှီကပ်နေကြရပြီး ခွက်လက်စွဲ၍ တောင်းစားနေလေတော့သည်၊

တစ်နေ့သ၌ မဟာဓနသည် ဆွမ်းဇရပ် အဝသို့ လာရောက်ကာ ရဟန်းငယ်၊ သာမဏေငယ်တို့ပေးသော ဆွမ်းကျန်၊ ဟင်းကျန်များကို

ခွက်နှင့် ခံယူ၍နေ၏၊ ထိုအဖြစ်ကို ဘုရားရှင်မြင်တော်မူ၍ ပြုံးတော်မူ၏၊ ပြုံးရခြင်း၏ အကြောင်းရင်းကို ရှင်အာနန္ဒာက မေးလျှောက်လေရာ ဘုရားရှင်က "အာနန္ဒာ၊ ဤသေဌေးသားသည် ပထမအရွယ်၌ ရှိပြီး စီးပွားဥစ္စာများ မပျက်စီးစေဘဲ နောက်စီးပွားဥစ္စာ ရှာဖွေခဲ့ပါလျှင် ဤဗာရာဏသီ မြို့၌ ပထမတန်းစား သေဌေးကြီး ဖြစ်ရာ၏၊ အိမ်မှထွက်၍ ရဟန်း ပြုပါလျှင် ရဟန္တာဖြစ်ရာ၏၊ သူ၏မယားသည် အနာဂါမ်ဖြစ်ရာ၏၊ ပဉ္စမအရွယ်၌ စီးပွားဥစ္စာရှာဖွေခဲ့လျှင် ဒုတိယတန်းစားသေဌေးကြီး ဖြစ်ရာ၏၊ အိမ်မှ ထွက်၍ ရဟန်းပြုလျှင် အနာဂါမ်ဖြစ်ရာ၏၊ သူ၏မယားသည် သကဒါဂါမ် ဖြစ်ရာ၏၊ တတိယအရွယ်၌ စီးပွားဥစ္စာရှာဖွေခဲ့လျှင် တတိယတန်းစားသေဌေး ကြီး ဖြစ်ရာ၏၊ အိမ်မှထွက်၍ ရဟန်းပြုလျှင် သကဒါဂါမ်ဖြစ်ရာ၏၊ သူ၏ မယားသည် သောတာပန်ဖြစ်ရာ၏၊ ယခုအခါ၌ကား သေဌေးသားသည် လူတို့၏စည်းစိမ်ချမ်းသာကိုလည်း ကောင်း၊ ရဟန်းတို့၏ မဂ်ဖိုလ်ချမ်းသာကို လည်းကောင်း လက်လွတ် ဆုံးရှုံးရလေပြီ"ဟု မိန့်ကြားတော်မူပြီးလျှင် ထိုစကားနှင့် ဆက်စပ်၍ တရားဟောကြားတော်မူလိုသဖြင့် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

# အတ္တဝဂ်

ဒေသနာတော်

၁၅၇။ မိမိကိုယ်ကို ချစ်ခင်အပ်သည်ဟု သိပါမူ မိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက်ခြင်းဖြင့် စောင့်ရှောက်ရာ၏။ ပညာရှိသည်အရွယ် သုံးပါးတို့တွင် တစ်ပါးသော အရွယ်၌ မိမိကိုယ်ကို ကြိုးစား၍ သုတ်သင်ရာ၏။

## ဗောဓိမင်းသား

ဇေတဝန်ကျောင်း၌ သီတင်းသုံးတော်မူစဉ် သားသမီးမရနိုင်သော ဗောဓိမင်းသားကို အကြောင်းပြု၍ ဤဒေသနာ တော်ကို ဟောကြားတော်မူလေသည်။

ဗောဓိမင်းသားသည် ကမ္ဘာပေါ်တွင်တုမကင်းသော ပြာသာဒ် အစ်ဆောင်ကို ပြုလုပ်စေ၏။ ထိုပြာသာဒ်သည် ကောကနဒမည်၍ ကောင်း ကင်သို့ ပျံတက်တော့မတတ် လှပတင့်တယ်၏။ လက်သမားများက ဤသို့ သော ပြာသာဒ်မျိုး အခြားမှာမဆောက်ရသေးပါ''ဟု လျှောက်ကြသည် တွင် ဗောဓိမင်းသားသည် ဤသို့သော ပြာသာဒ်မျိုး နောက်ထပ်မဆောက် နိုင်ကြစေရန် လက်သမားများကို သတ်ဖြတ်ရန်၊ သို့မဟုတ် လက်ချောင်းများ ကို ဖြတ်ရန်၊ သို့မဟုတ် မျက်လုံးများကို ဖောက်ရန် သင့်၏''ဟု ကြံစည် ဆုံးဖြတ်ထား၏။ ဗောဓိမင်းသားသည် မိမိ၏ အကြံအစည်ကို မိတ်ဆွေရင်း ချာ သဉ္ဇိဝပုတ္တမည်သော လုလင်အား ပြောကြားလေရာ သဉ္ဇိဝပုတ္တက လက်သမားများကို သနားသဖြင့် ထုတ်ဖော်ပြောလိုက်လေသည်။

လက်သမားများသည် သဉ္ဇိဝပုတ္တအား ကျေးဇူးတင်စကား ပြော ကြားကာ ပြာသာဒ်ဆောက်၍ မပြီးသေးဟန်ဆောင်ကာ ပေါ့ပါးသော သစ်များဖြင့် ဂဠုန်ရုပ်ကြီးကို လျှို့ဝှက်စွာ ပြုလုပ်ကြ၏။ ဂဠုန်ရုပ်ကြီးကို ပျံသန်းနိုင်လောက်အောင် ယန္တရားများ တပ်ဆင်ပြီးသောအခါ လက်

သခင်းများသည် သားမယားတို့နှင့်တကွ ရွှေငွေဥစ္စာများကို တင်ဆောင်ပြီးလျှင် ဟိမဝန္တာသို့ ကောင်းကင်ခရီးမှ ထွက်ကြလေ၏။

ကောကနုဒ ပြာသာဒ်မှာ အားလုံးဆောက်လုပ် ပြီးစီးနေပြီဖြစ်၍ ဗောဓိမင်းသားသည် ပြာသာဒ်တက် မင်္ဂလာပွဲ ကျင်းပ၏။ ကောကနုဒ ပြာသာဒ်ကို နံ့သာမျိုးလေးပါးတို့ဖြင့် လိမ်းကျံပြီးလျှင် ပထမဆုံးတံခါးခုံမှစ၍ အဝိုးတန် အဝတ်များကိုဖြန့်ခင်းထား၏။ ထိုမင်္ဂလာပွဲသို့ ဘုရားရှင်နှင့် သံဃာတော်များကို ပင့်လျှောက်ထားရာ ဘုရားရှင် ကြွတော်မူလာသောအခါ ဘုရားရှင်သည် အဝတ်များပေါ်သို့ နင်း၍ ကြွတော်မမူဘဲ ရပ်အနေတော်မူ၏။ ဗောဓိမင်းသားက "အရှင်ဘုရား၊ ဝင်တော်မူပါ" ဟု သုံးကြိမ်တိုင်တိုင် လျှောက်ထားသော်လည်း ဘုရားရှင်သည် ဝင်တော်မမူဘဲအရှင်အာနန္ဒာကိုကြည့်တော်မူ၏။ အရှင်အာနန္ဒာက ဘုရားရှင်၏အလိုတော်ကို သိရှိသဖြင့် "မင်းသား၊ အဝတ်ခင်းတို့ကိုရုပ်သိမ်းလော့။ မြတ်စွာဘုရားသည် အဝတ်ခင်းတို့ကို နင်း၍ ကြွတော်မူမည်မဟုတ်။ နောင်လာနောက်သားများ၊အတုယူကြရန် ဖြစ်ပေသည်"ဟု မိန့်ကြား၏။ ဤတွင် ဗောဓိမင်းသားက အဝတ်ခင်းများကို ရုပ်သိမ်းပေးသဖြင့် ဘုရားရှင်က ကောကနုဒပြာသာဒ်ထက်သို့ ကြွတော်မူလေသည်။

ဗောဓိမင်းသားသည် ဘုရားရှင်နှင့် သံဃာတော်များအား ယာဂုခဲဖွယ်တို့ဖြင့် ဆက်ကပ်လုပ်ကျွေးပြီးနောက် "အရှင်ဘုရား၊ တပည့်တော်သည် သရဏဂုံ သုံးကြိမ် ဆောက်တည်ခဲ့သူ ဖြစ်ပါသည်။ အမိဝမ်းတွင်းတုန်းက တစ်ကြိမ်၊ ကလေးအရွယ်၌ တစ်ကြိမ် ခံယူခဲ့ပါသည်။ အရှင်ဘုရားသည် အဘယ်ကြောင့် အဝတ်များကို နင်း၍ ကြွတော်မမူပါသနည်း"ဟု မေးလျှောက်၏။ ဘုရားရှင်က "မင်းသား၊ သင်သည် မည်သို့ ကြံစည်၍ အဝတ်များ ခင်းထားသနည်း"ဟု မေးတော်မူရာ ဗောဓိမင်းသားက "တပည့်တော် သားသမီးမရှိသေးသဖြင့် သားဖြစ်စေ၊ သမီးဖြစ်စေ တစ်မျိုးမျိုး ရရှိဦးမည်ဖြစ်လျှင် ဘုရားရှင် နင်း၍ ကြွတော်မူလိမ့်မည်ဟု ကြံစည်၍ ခင်းပါသည်ဘုရား"ဟု လျှောက်ထား၏။ ဘုရားရှင်က "မင်းသား၊ ထို့ကြောင့်ပင် ငါဘုရားမနင်းခဲ့ခြင်း ဖြစ်ပေသည်"ဟု မိန့်ကြားတော်မူလေသည်။

ထို့နောက် ဗောဓိမင်းသားကမိမိတို့အား သားသမီးမရနိုင်အောင် တားမြစ်သော အကုသိုလ်ကံကိုမေးလျှောက်သဖြင့် ဘုရားရှင်က ဖြေကြားတော်မူလေသည်။

ငှက်ထုဆေးကြိမ်

ရှေးလွန်လေပြီးသောအခါက် ပင်လယ်ကူးသင်္ဘောတစီး နစ်မြုပ်လေ၍ သင်္ဘောစီးခရီးသည် အများစုမှာ သေဆုံးကြကုန်၏၊ ထိုအထဲမှ လင်မယားနှစ်ယောက်တို့သည်ကား ကံအားလျော်စွာ ကျွန်းတစ်ခုသို့ ရောက်လာကြ၏၊ ကျွန်းပေါ်တွင် ငှက်ဥမှတစ်ပါး အခြားစားစရာမရှိ၍ ငှက်ဥတို့ကိုလင်မယားနှစ်ယောက်စားသောက်ကြရ၏၊ ငှက်ဥတို့စား၍ ကုန်သောအခါ ပေါက်ခါစ ငှက်များကို စားကြရ၏၊ ဤသို့ဖြင့် ပထမအရွယ်ကုန်ဆုံးပြီးလျှင် ဒုတိယအရွယ်၊ တတိယအရွယ်တို့၌လည်း ငှက်နှင့် ငှက်ဥကိုသာစား၍သာနေကြ၏၊ ထိုဘဝတုန်းက ပြုခဲ့မိသော ဤသို့သော အကုသိုလ်ကြောင့် သားသမီးမရနိုင်ဖြစ်နေသည်၊

ဘုရားရှင်သည် ဗောဓိမင်းသားနှင့် မိဖုရားတို့၏ ရှေးက အကုသိုလ်ကံကို ဟောကြားတော်မူပြီးလျှင် ''မင်းသား၊ ထိုအခါက သင်တို့လင်မယားသည် အရွယ်သုံးပါးတို့တွင် တစ်ပါးပါး၌ သတိတရားရခဲ့ပါလျှင် ထိုအရွယ်၌သားသမီးရရာ၏၊ သင်တို့ နှစ်ယောက်တွင် တစ်ယောက်ယောက်သည် အရွယ်တစ်ပါးပါး၌ အသိတရားရခဲ့ငြားအံ့၊ ထိုတစ်ယောက်ကို အကြောင်းပြု၍ သားသမီးပေါ်ထွန်းရာ၏''ဟု မိန့်ကြားတော်မူပြီးလျှင် ထိုစကားနှင့် ဆက်စပ်၍ တရားစကား ဟောကြားတော်လိုသဖြင့် အထက်ပါဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၁၅၈။ မိမိကိုယ်ကိုသာလျှင် ကောင်းသောအကျင့်၌ ရှေးဦးစွာ တည်စေရာ၏၊ ထို့နောက်မှသူတစ်ပါးကိုဆုံးမရာ၏၊ ပညာရှိသည် သူတစ်ပါးတို့ကဲ့ရဲ့ခြင်းဖြင့် မညစ်နွမ်းစေရာ၊

## အရှင်ဥပနန္ဒ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် လောဘကြီးလွန်းသော အရှင်ဥပနန္ဒအတွက် နှလုံးမသာမယာဖြစ်ကြရသော ရဟန်းနှစ်ပါးကိုအကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်၊

အရှင်ဥပနန္ဒသည် သကျမင်းမျိုးမှ ရဟန်းပြုလာသူဖြစ်၏၊ အဟောအပြောကောင်းလှ၏၊ အဟောအပြောကောင်းလှသဖြင့် အခြားရဟန်းများကသူ့ကို တိစီဝရိတ်သက်န်းများဖြင့် တရားပူဇော်ကြကာ ဓုတင်အကျင့်များကိုကျင့်ကြ၏၊ တရားဟောသူ ဥပနန္ဒကား မည်သည့်အကျင့်ကိုမျှ မကျင့်

ပေး၊ ပရိက္ခရာ အသုံးအဆောင်များ ရနိုင်သမျှ ရအောင် ကြိုးစား၍သာနေ၏၊ သူသည် တောရွာတစ်ရွာသို့ သွားပြီးလျှင် ထိုရွာရှိ ကျောင်းလေးကျောင်းတို့အနက် ကစ်ကျောင်း၌ ဖိနပ်ကိုထား၏၊ တစ်ကျောင်း၌တောင်ဝှေးကို ထား၏၊ တစ်ကျောင်း၌ ရေဘူးကို ထား၏။ ကျန်တစ်ကျောင်း၌ မိမိကိုယ်တိုင် ဝါကပ်နေထိုင်၏၊ ထိုကျောင်းမှာ နေထိုင်ရင်း တရားဟော ပြောသဖြင့် အဝတ်သင်္ကန်းပြောက်များစွာ အပူဇော်ခံရ၏၊ အရှင်ဥပနန္ဒသည် ဤမျှဖြင့် အားမရသေးဘဲ မိမိ၏ ပစ္စည်းများထားရှိရာ ကျောင်းများမှ ဝါဆိုသင်္ကန်းများကို ဝေစုတောင်း၍ယူသေး၏၊ တစ်နေ့သ၌ ရဟန်းငယ်နှစ်ပါးတို့သည် အဝတ်နှစ်ထည်နှင့် ကမ္ဗလာတထည်ရရှိကြရာ အဝေမတည့်ဖြစ်နေကြ၏၊ သူတို့အနားသို့ အရှင်ဥပနန္ဒရောက်သွားသောအခါ သူတို့ရရှိထားသော ပစ္စည်းများ ခွဲဝေပေးပါရန် ပန်ကြားကြ၏၊ အရှင်ဥပနန္ဒက အဝတ်ငယ်ကို ရဟန်းငယ်နှစ်ပါးအား တထည်စီပေးကာ အဖိုးထိုက်တန်သော ကမ္ဗလာကိုကား တရားဟောပုဂ္ဂိုလ်ဖြစ်သော မိမိအတွက်ဟုဆိုကာ ယူသွား၏။ ရဟန်းငယ်နှစ်ပါးသည် စိတ်နှလုံးမသာမယာဖြစ်၍ ထိုအကြောင်းကို ဘုရားရှင်ထံ လာရောက်လျှောက်ထားကြ၏။ ဘုရားရှင်က အရှင် ဥပနန္ဒကို ရှုတ်ချတော်မူပြီးလျှင် ထိုရဟန်းနှစ်ပါးအား တရားစကား ဟောကြားတော်မူလိုသဖြင့် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ ထိုရဟန်းတို့သည် သောတာပန် ဖြစ်ကြလေ၏။

[အရှင်ဥပနန္ဒ၏ သင်္ကန်းခွဲဝေပေးပုံနှင့် ပတ်သက်၍ ဟောကြားသော ဒဗ္ဗပုပ္ဖဇာတ်ကို သတ္တကနိပါတ်၊ ကုက္ကုဝဂ်မှာ ရှုပါ။]

## ဒေသနာတော်

၁၅၉။ သူတစ်ပါးကို ဆုံးမသည့်အတိုင်း မိမိကိုယ်တိုင် လိုက်နာ ပြုကျင့်ရာ၏၊ မိမိကိုယ်တိုင် ယဉ်ကျေးပြီးမှသာ သူတစ်ပါးကို ဆုံးမရာ၏၊ မိမိကိုယ်တိုင် ယဉ်ကျေးအောင် ဆုံးမခြင်းသည် ခဲယဉ်းစွတကား။

## အရှင်တိဿ (ကမ္မဋ္ဌာန်းယူသူ)

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် သူတစ်ပါးကိုသာ ဆုံးမ၍ မိမိကိုယ်တိုင် လိုက်နာကျင့်သုံးခြင်းမပြုသော အရှင်တိဿကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

အရှင်တိဿသည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်း တောင်းယူပြီးလျှင် နောက်ပါ ရဟန်း ငါးရာနှင့်တကွ တောရကျောင်းသို့သွား၍ ဝါကပ်၏။ သူသည် နောက်ပါ ရဟန်းများအား တရားအားထုတ်ရန် တိုက်တွန်းနှိုးဆော်ပြီးလျှင် သူကိုယ်တိုင်ကား အိပ်စက်နေ၏။ နောက်ပါ ရဟန်းများသည် ညဉ့်ဦးယံပတ်လုံး တရားအားထုတ်ကာ မဇ္ဈိမယံတွင် အိပ်စက်ရန် ကျောင်းတွင်းသို့ ဝင်လာကြ၏၊ ဤတွင် အိပ်ရာမှနိုးနေသော အရှင်တိဿက ဆက်လက်၍ တရားအားထုတ်ရန် နှင်လွှတ်၏။ မဇ္ဈိမယံ၌ ဝင်လာကြသောအခါတွင်လည်း ဤသို့ပင် နှင်လွှတ်ပြန်၏။ အိပ်ချိန်မှာ မအိပ်ရသဖြင့် ထိုရဟန်းတို့မှာ တရားဒေသနာတော်များ ရွတ်ဖတ်ခြင်း၊ ကမ္မဋ္ဌာန်းနှလုံးသွင်းခြင်းကို မပြုနိုင်ကြကုန်။ ထိုရဟန်းတို့သည် မိမိတို့ဆရာအား လုံ့လဝီရိယ ထက်သန်လှသည်ဟု အောက်မေ့၍ လေ့လာ စူးစမ်းကြည့်သောအခါ ညဉ့်ဦးယံပတ်လုံး ကျောင်းတွင်း၌ အိပ်နေသည်ကို တွေ့ကြရလေသည်။

ထိုရဟန်းတို့သည် ရည်သည့်တရားထူးကိုမျှ မရရှိဘဲ ဘုရားရှင်ထံဝင်ရောက်၍ ထိုအကြောင်းကို လျှောက်ထားကြလေရာ ဘုရားရှင်က အရှင်တိဿကို ရှုတ်ချတော်မူကာ ထိုရဟန်းတို့အား တရားစကား ဟောကြားတော်မူလိုသဖြင့် အထက်ပါဒေသနာကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ ထိုရဟန်းငါးရာတို့ ရဟန္တာ ဖြစ်ကြလေ၏။

[အရှင်တိဿ၏ အချိန်မသိ တိုက်တွန်းနှိုးဆော်ခြင်းနှင့် ပတ်သက်၍ ဟောကြားသော အကာလာရဝိဇာတ်ကို ငါးကနိပါတ်၊ ဟံစိဝဂ်၌ရှုပါ။]

ဒေသနာတော်

၁၆၀။ မိမိသည်သာလျှင် မိမိ၏ ကိုးကွယ်ရာဖြစ်၏။ သူတစ်ပါးသည် မိမိ၏ ကိုးကွယ်ရာ အဘယ်မှာ ဖြစ်နိုင်ပါမည်နည်း။ ကောင်းစွာ ယဉ်ကျေးပြီးသော မိမိစိတ်ဖြင့်သာ ရနိုင်ခဲသော အရဟတ္တဖိုလ် ဟူသော ကိုးကွယ်ရာကို ရနိုင်၏။

## အရှင်ကုမာရကဿပ၏ မယ်တော်

ဇေတဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် သားဖြစ်သူ အရှင်ကုမာရကဿပအတွက် ဆယ့်နှစ်နှစ်တိုင်တိုင် ငိုကြွေးခဲ့ရသော မယ်တော် ဘိက္ခုနီမကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ဝတ္ထုအကျဉ်း

ရာဇဂြိုဟ်မြို့တော်မှ သေဋ္ဌေးသမီးတစ်ဦးသည် မိဘများထံ ရဟန်းပြုခွင့်တောင်းသော်လည်း မရခဲ့ပေ။ ထို့ကြောင့် ထင်အိမ်သို့ လိုက်ပါပြီး ခါမှ လင်ကို ကျေနပ်စေ၍ ခွင့်တောင်း၍ ရဟန်းပြုရ၏။ ရဟန်းပြု၍ မကြာမီမှာပင် လူ့ဘဝတုန်းက ရရှိလာခဲ့သော ကိုယ်ဝန်သည် ပေါ်လွင်ထင်ရှားလာ၏။ သူသည် ဒေဝဒတ်၏ အထင်းအပင်း ဘိက္ခုနီမများထံတွင် ရဟန်းပြုခဲ့သဖြင့် ဘိက္ခုနီမများက ထိုကိုယ်ဝန်ဆောင် ဘိက္ခုနီမကို အရှင်ဒေဝဒတ်ထံ ပို့ဆောင်ကြ၏။ အရှင်ဒေဝဒတ်သည် ဖြစ်ကြောင်းကုန်စင်ကို မစစ်ဆေးဘဲ "ငါ၏ဩဝါဒခံ ဘိက္ခုနီများ နာမည်ပျက်လိမ့်မည်" ဟု ဆိုကာ "ဤဘိက္ခုနီမ လူထွက်စေ" ဟု အမိန့်ချမှတ်လိုက်၏။ ကိုယ်ဝန်ဆောင်ဘိက္ခုနီမက မိမိသက်နှင်းကို ဆွဲချတ်နေ ချဉ်းကပ်လာသော ဘိက္ခုနီမများအား "အရှင်မတို့၊ တပည့်တော်မကို မဖျက်ဆီးကြပါနှင့်။ တပည့်တော်မသည် အရှင်ဒေဝဒတ်ကို ရည်စူး၍ ရဟန်းပြုလာသည် မဟုတ်ပါ။ ဘုရားရှင်ကိုသာ ရည်စူး၍ ရဟန်းပြုလာခြင်း ဖြစ်ပါသည်။ ဘုရားရှင်ရှိရာ ဇေတဝန်ကျောင်းတော်သို့သာ ပို့ပေးကြပါ" ဟု တောင်းပန်၏။ ဤသို့ဖြင့် ကိုယ်ဝန်ဆောင် ဘိက္ခုနီမသည် ဘုရားရှင် ရှေ့တော်မှောက်သို့ ရောက်လာရလေသည်။

ဘုရားရှင်သည် လူ့ဘဝတုန်းက ရခဲ့သော ကိုယ်ဝန်ဖြစ်ကြောင်း သိတော်မူသော်လည်း လူအများ၏ ကဲ့ရဲ့ပြစ်တင်ခြင်းမှ လွတ်ကင်းစေရန် ထိုအမှုကို ပရိသတ်အစုံအညီရှေ့၌ ဆုံးဖြတ်ရန် စီမံတော်မူ၏။ ထိုနေ့တွင် ဇေတဝန်ကျောင်းတော်၌ ပသေနဒီ ကောသလမင်းကြီးနှင့် မဟာအနာထပိဏ်သေဋ္ဌေး၊ စူဠအနာထပိဏ်သေဋ္ဌေး၊ ဝိသာခါ စသော ဆွေကြီးမျိုးကြီးများကို ခေါ်ယူစည်းဝေးစေတော်မူပြီးလျှင် ဝိနည်းဓိုရ်ပုဂ္ဂိုလ် အရှင်ဥပါလိအား ထိုအမှုကို လွှဲအပ်တော်မူ၏။ အရှင်ဥပါလိသည် ကျောင်းအမကြီး ဝိသာခါအား ထိုဘိက္ခုနီမကို စစ်ဆေးပေးရန် တင်ဆင့်လွှဲအပ်၏။ ကျောင်းအမကြီး ဝိသာခါသည် တင်းတိမ်ကာရံပြီးလျှင် ဘိက္ခုနီမ၏ ကိုယ်ဝန်ကို စမ်းသပ်စစ်ဆေးကာ ရဟန်းပြုလာခဲ့သော နေ့ရက်များနှင့် တွက်ချင့်ကာ "လူ့ဘဝတုန်းက ရခဲ့သော ကိုယ်ဝန်ဖြစ်ပါသည် ဘုရား" ဟု လျှောက်ထား၏။ အရှင်ဥပါလိက ထိုဘိက္ခုနီမ၏ သီလစင်ကြယ်ကြောင်း ပရိသတ်အလယ်၌ ကြေညာလိုက်လေသည်။

ထိုဘိက္ခုနီမသည် ဘိက္ခုနီများ၏ ကျောင်းမှာပင် သားတစ်ယောက်ကို မွေးဖွား၏။ ထိုသားငယ်ကို ပသေနဒီကောသလမင်းကြီးက ခေါ်ယူ

မေးစားကာ မင်းသားတို့၏ အဆောင်အယောင်ဖြင့် ချီးမြှောက်ထား၏။ ထို့ကြောင့် ထိုကလေးကို ကုမာရကဿပဟု ခေါ်ကြ၏။ ကုမာရကဿပ တတ်သိနားလည်လာသောအခါ မိမိ၏မယ်တော်သည် ဘိက္ခုနီမ တစ်ပါး ဖြစ်ကြောင်း သိရှိသဖြင့် သတိသံဝေဂရရှိကာ ရှင်သာမဏေပြု၏။ အဆက် နှစ်ဆယ် ပြည့်သောအခါ ရဟန်းပြုပြီးလျှင် တောသို့ဝင်ကာ တရား အား ထုတ်သော်လည်း တရားထူးမရနိုင်မျှ။ သို့ဖြစ်၍ ဘုရားရှင်ထံ ကမ္မဋ္ဌာန်း တစ်မျိုး တောင်းယူရန် ပြန်လာစဉ် အန္ဓဝန်တောအတွင်း၌ ဗြဟ္မာကြီး တစ်ယောက်က ပြဿနာတစ်ဆယ့်ငါးချက်ကို မေးမြန်းလာ၏။ ထိုဗြဟ္မာ ကြီးသည် ကဿပဘုရားရှင် လက်ထက်တော်တုန်းက အရှင်ကုမာရကဿပ နှင့် ရဟန်းတရား အားထုတ်ဖက်ဖြစ်၍ အရှင်ကုမာရကဿပအား ကူညီ စောင်မရန် မေးမြန်းလာခြင်း ဖြစ်၏။ အရှင်ကုမာရကဿပသည် ထို ပြဿနာများကို မဖြေကြားနိုင်သဖြင့် ဘုရားရှင်ထံ သွားရောက် မေး လျှောက်၏။ ဘုရားရှင်၏ဖြေကြားချက်ကို ကြားနာရသောအခါ ရဟန္တာ ဖြစ်လေသည်။

အရှင်ကုမာရကဿပ၏ မယ်တော် ဘိက္ခုနီမသည်ကား သားဖြစ်သူ အရှင်ကုမာရကဿပ တောထွက်သောအခါမှစ၍ တစ်ဆယ့်နှစ်နှစ်တိုင်တိုင် မျက်ရည်စက်လက်နှင့် ငိုကြွေးနေရ၏။ တစ်နေ့သ၌ မယ်တော်ဘိက္ခုနီမသည် ဆွမ်းခံလမ်းတွင် အရှင်ကုမာရကဿပကို လှမ်းမြင်ရသဖြင့် သားကို အမီ လိုက်ရာတွင် ခြေချော်ချော်၍ လဲကျသွား၏။ သားကို ချစ်လွန်းလှသဖြင့် အားမြတ်မှ နို့ရည်များယိုစီးကာ သင်္ကန်းများ ရွဲစိုကုန်၏။ မယ်တော် ဘိက္ခုနီမသည် လဲရာမှ လူးလဲထ၍ အရှင်ကုမာရကဿပကို အမီလိုက်၍ သားဖြစ်သူကို ဆွဲကိုင်၏။ အရှင် ကုမာရကဿပသည် မယ်တော်ကြီး၏ သံယောဇဉ်ကြိုးများမပြတ်ဘဲ ရှိနေမည်စိုးသဖြင့် "ဘယ်အမှုကိုပြု၍ လှည့် လည်နေရသနည်း။ ချစ်ခင်ခြင်းတစ်ခုကိုမျှ ပယ်ဖြတ်ရန် မတတ်နိုင်ပြီလော" ဟု ခက်ထန်စွာ ပြောဆိုလိုက်ရ၏။ ဤတွင်မှ မယ်တော် ဘိက္ခုနီမသည် သားအပေါ်၌ တွယ်တာခဲ့သော သံယောဇဉ်ကိုဖြတ်၍ တရားအားထုတ် လေရာ ထိုနေ့မှာပင် ရဟန္တာအရှင်မတစ်ပါး ဖြစ်သွား၏။ ထိုအရှင်မ၏ အကြောင်းနှင့်ဆက်စပ်၍ စည်းဝေး ရောက်လာကြသော ပရိသတ်များ အား ဘုရားရှင်က တရားစကား ဟောကြားတော်မူလိုသဖြင့် အထက်ပါ ဂါထာတော်ကို ဟောကြားသော် မူလေသတည်း။

[ထိုဘိက္ခုနီမသည်ပေါ်၌ ဒေဝဒတ်၏ အကြောင်းနှင့်စပ်လျဉ်း၍ မဇ္ဈိမပဏ္ဏာသ်ပါဠိတော်ပိုဒ်ကို ဟောကြားထားသော နိဒါနဝဂ္ဂစတ်ကို ကောက်နုတ်ပါ၏၊ သိလဝဂ္ဂ၌ ရှုပါ။]

ဒေသနာတော်

၁၆၁။ ကျောက်မှဖြစ်သော စိန်သည်မိမိမှုရာ ကျောက်ကို ထွင်းဖောက် ဖျက်ဆီးသကဲ့သို့ မိမိသည်ပြုအပ်သော၊ မိမိကြောင့် ဖြစ်ပေါ်လာ သော မကောင်းမှုသည် မိမိတည်းဟူသော ပညာမဲ့သူကို ဖျက်ဆီး၏။

## မဟာကာလ ဥပါသကာ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ခိုးသားမှတ်၍ အသတ်ခံရသော မဟာကာလ ဥပါသကာကို အကြောင်းပြု၍ ဤဒေသနာ တော်ကို ဟောကြားတော်မူလေသည်။

မဟာကာလ ဥပါသကာသည် ဇေတဝန်ကျောင်းတော်၌ ဥပုသ် စောင့်၍ ညလုံးပေါက် တရားနာပြီးလျှင် ကျောင်းအနီးရှိ ရေကန်ပေါ်၌ မျက်နှာသစ်နေ၏၊ ထိုစဉ်တွင် အိမ်ရှင်များ လိုက်လာသဖြင့် ပြေးလာခဲ့ရ သော ခိုးသားတစ်ယောက်သည် မဟာကာလဥပါသကာအနီး၌ ခိုးယူလာ သော ဥစ္စာထုပ်ကို ပစ်ထားခဲ့၍ ပြေးသွား၏၊ နောက်မှ လိုက်လာကြသော လူများသည် မဟာကာလဥပါသကာနှင့် ဥစ္စာထုပ်ကို တွေ့ကြရသောအခါ "ဤသည် ငါတို့အိမ်ခြံစည်းရိုးကို ဖောက်ထွင်းယူပြီးမှ တရားနာယောင် ဆောင်နေသည်တကား" ဟု ဆိုကာ မဟာကာလ ဥပါသကာကိုရိုက်သတ်၍ ထားခဲ့ကြကုန်၏၊ ရေခပ်လာကြသော ရဟန်းနှင့် သာမဏေများက ထို အကြောင်းကို ဘုရားရှင်အား လျှောက်ထားကြလေရာ ဘုရားရှင်က "ရဟန်းတို့၊ ဤအတ္တဘော၌ကား၊ ဤဥပါသကာသည် မိမိနှင့် မလျော် သော သေခြင်းဖြင့် သေရ၏၊ သူ၏သေဆုံးခြင်းသည် ရှေးကပြုခဲ့ဖူးသော ကံနှင့် လျော်ကန်ပတ်ပေ၏" ဟုမိန့်တော်မူကာ ထိုဥပါသကာ၏ အတိတ်ကံကို ဟောကြားတော်မူလေသည်။

ထိုမဟာကာလဥပါသကာသည် ရှေးလွန်လေပြီးသော ဘဝတစ်ခု၌ တောအုပ်စောင့် မင်းမှုထမ်းဖြစ်ခဲ့၏။ ခိုးသားများ ထကြွ သောင်းကျန်း နေသော တောအုပ်အတွင်းမှ သွားလိုသူများအား တောအုပ်ကို ဘေး မသိ ရန်မခ ဖြတ်သန်းသွားနိုင်ရန် အဖိုးအခဖြင့် စောင့်ရှောက် ပို့ဆောင် ပေးနေ၏၊ တစ်နေ့သ၌ လူတစ်ယောက်သည် အလွန် အဆင်း လှပသော

ဖယောကို လှည်းနှင့်တင်၍လာလေရာ ထိုအမှုထမ်းသည် သူ့ယောကို တပ်
မက်မိသဖြင့် သူတို့ကိုလိုက်၍ ပို့သောအဲ အိမ်မှပင် အတင်းဆွဲ၍ထား၏။
ညအချိန်တွင် မိမိမှ စရှိသော ပတ္တမြားတုံးကို ထိုယောကျ်ား၏ လှည်းကြား
မှာ ဝှက်ထားရန် လူတစ်ယောက်ကို စေခိုင်း၏။ နံနက်လင်းသောအခါ
ခိုးသားတို့ လုယက်တိုက်ခိုက်သောအသံများ ပြုလုပ်စေ၏။ သူခိုင်းထား
သော လူများက "အရှင်၊ အရှင်၏ပတ္တမြားရတနာကို ခိုးသားတို့ လုယက်
သွားပြီ" ဟု ဆိုကြ၏။ ဤတွင် မင်းမှုထမ်းသည် "ရွာထဲမှ ထွက်လာသော
လှည်းများတွင် ရှာဖွေကြ" ဟု စေခိုင်းလေရာ သူ၏လူများသည် ထို
ယောကျ်ား၏ လှည်းကြားမှ ပတ္တမြားတုံးကို တွေ့ကြရ၏။ ထိုလူတို့က
လှည်းရှင်ယောကျ်ားကို ရွာစားမင်းထံပို့ကြရာ ရွာစားမင်းက ထိုယောကျ်ား
ကို ခိုးသားဟုအတပ်စွဲ၍ သတ်ပစ်လိုက်၏။ ထိုမင်းမှုထမ်းသည် သေလွန်
သောအခါ အဝီစိငရဲ၌ ကြာမြင့်စွာ ခံနေရပြီးလျှင် အကျိုးအကြွင်းအကျန်
ဖြင့် ဘဝတစ်ရာတိုင်တိုင် ရိုက်ပုတ် သတ်ဖြတ်ခြင်းကို ခံခဲ့ရလေသည်။

ဘုရားရှင်သည် ဗဟာကဇလဉပါသကာ၏ ရှေးအတိတ်ကို ဟော
ကြားတော်မူပြီးလျှင် ထိုစကားနှင့်ဆက်စပ်၍ တရားစကား ဟောကြား
တော် မူလိုသဖြင့် အထက်ပါ ဒေသနာတော်ကို ဟောကြားတော် မူလေ
သတည်း။

ဒေသနာတော်

၁၆၂။ မာလာနွယ်သည် မိုရာသစ်ပင်ကို လွှမ်းမိုးရစ်ပတ် ဖျက်ဆီးသကဲ့သို့၊
စင်စစ် သီလမရှိခြင်းသည် အပြစ်တည်းဟူသောတဏှာ လွှမ်းမိုးခြင်း
ခံရသူသည်၊ ရန်သူအလိုရှိသ လို ပြုသည့်အတိုင်း၊ မိမိ၏ပျက်စီးခြင်း
ကို မိမိကိုယ်တိုင်ပင် ပြုလုပ်၏။

## ဒေဝဒတ်

ဝေဠုဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် မိမိအား
သတ်ဖြတ်ရန် အားထုတ်သော ဒေဝဒတ်ကို အကြောင်းပြု၍ ဤဒေသနာ
တော်ကို ဟောကြားတော် မူလေသည်။

[ဤအကြောင်းအကျယ်ကို ယမကဝဂ်၊ဒေဝဒတ်မြေမျိုခြင်းဝတ္ထု၌
ရှုပါ။ ဘုရားရှင်အား သတ်ဖြတ်ရန် လုံ့လပြုခြင်းနှင့်ပတ်သက်၍ ဟော
ကြားထားသော ဇာတ်တော်များစွာ ရှိပါသည်။]

စတုတ္ထအကြိမ်

ဓမ္မပဒဂါထာ

၁၆၃။ မိမိ၏ အကျိုးစီးပွား မဟုတ်ကုန်သော မကောင်းမှုတို့ကို ပြုလွယ်ကုန်၏။ အကျိုးစီးပွားဖြစ်၍ ကောင်းသော အမှုကိုကား အလွန်ထက်ရာ ပြုနိုင်ခဲ၏။

## သံဃာ သင်းခွဲရန် အားထုတ်ခြင်း

ဝေဠုဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဒေဝဒတ်၏ သံဃာသင်းခွဲရန် ကြိုးစားအားထုတ်ခြင်းကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော် မူလေသည်။

[ဤအကြောင်းအကျယ်ကို ယမကဝဂ်၊ ဒေဝဒတ်မြေမျိုခြင်း ဝတ္ထု၌ရှုပါ။]

ဓမ္မပဒဂါထာ

၁၆၄။ ပညာမဲ့သူသည် ယုတ်မာသော မိစ္ဆာအယူကို အမှီပြု၍ ပူဇော်ထိုက်သော တရားအဖြင့် အသက်မွေးကုန်သော ပုဂ္ဂိုလ်တို့၏ အဆုံးအမကို ထားမြစ်၏။ ဝါးသီးတို့သည် ဝါးပင်ကို သတ်ရန် သီးလာကြသကဲ့သို့ ထိုသူ၏ မိစ္ဆာအယူသည် မိမိကိုယ်ကို သတ်ရန်သာ ဖြစ်၏။

## အရှင်ကာလ

ဇေတဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဘုရားရှင်၏ တရားတော်ကို တားမြစ်ပိတ်ပင်သော အရှင်ကာလကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

သာဝတ္ထိမြို့တော်မှ ဒါယိကာမကြီးတစ်ဦးသည် အရှင်ကာလအား အမိကဲ့သို့ ပြုစုလုပ်ကျွေးနေ၏။ ထိုဒါယိကာမကြီးသည် ဘုရားရှင်ထံ တရားနာသွားရန် အရှင်ကာလအား ပန်ကြား၏။ အရှင်ကာလက "ဘုရားရှင်ထံ တရားနာသွားလျှင် ဤဒါယိကာမကြီးသည် မိမိအပေါ် အကြည်ညို ပျက်သွားတော့မည်" ဟု ယူဆကာ သုံးကြိမ်တိုင်တိုင် တားမြစ်၏။ တစ်ခုသော နံနက်ခင်းတွင်ကား ထိုဒါယိကာမကြီးသည် ဥပုသ်သီလခံယူပြီးလျှင် ကျောင်းတော်သို့ တရားနာရန် ထွက်ခွာသွား၏။ အရှင်ကာလသည် အိမ်မှာ ကျန်ရစ်သော အမိမှတစ်ဆင့် ဤအကြောင်းကိုသိ၍ ကျောင်းတော်သို့ လိုက်လာကာ "အရှင်ဘုရား၊ ဤမိန်းမသည် ညဏ်ထိုင်းလှပါသည်။ သို့ ဖြစ်၍ သိမ်မွေ့သော တရားစကားကို သိမည်မဟုတ်ပါ။ ခန္ဓာနှင့်စပ်သော

အရှုးစကားကို မဟောကြွေးဘဲ ဒါနကထာ၊ သီလ ကထာကိုသာ ဟော ကြွားသင့်ပါသည် ဘုရား''ဟု ဘုရားရှင်အား လျှောက်ထား၏။ ဘုရားရှင်သည် အရှင်သာဓေ၏စကားကို တုံ့ပြန်မိန့်ကြွားရင်း ပရိသတ်များအား တရားဓဒေ့ ဟောကြွားတော်မူလိုသဖြင့် အဆက်ပါဒေသနာတော်ကို ဟောကြွားတော်မူလေသည်။

ဒေသနာတော်အဆုံး၌ ဒါယိကာမကြီးသည် သောတာပန် ဖြစ် လေ၏။

ဒေသနာတော်

၁၆၅။ မကောင်းမှုကို မိမိပြုလျှင် မိမိသည်ပင် ညစ်နွမ်း၏။ မကောင်းမှုကို မိမိမပြုလျှင် မိမိသာလျှင် စင်ကြယ်၏။ စင်ကြယ်သော တရားနှင့် မစင်ကြယ်သော တရားသည် ထခြားစီသာ ဖြစ်၏။ တစ်ယောက် သောသူသည် အခြားသူကို စင်ကြယ်အောင် သုတ်သင်မပေးနိုင် ချေ။

## စူဠကာလ ဥပါသကာ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ခိုးသားမှတ်၍ ရိုက်သတ်ခံရသည့်ဘေးမှ လွတ်မြောက်လာသော စူဠကာလဥပါသကာကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြွားတော်မူလေသည်။

မဟာကာလဥပါသကာ ဝတ္ထုမှာကဲ့သို့ပင် တရားနာ၍ပြန်လာသော စူဠကာလ ဥပါသကာကိုလည်း ခိုးသားမှတ်၍ ရိုက်ပုတ်ကြ၏။ ထိုစဉ် ရေခပ် ကျွန်မတို့ရောက်လာကာ ခိုးသားမဟုတ်ကြောင်း ပြောဆိုကြသဖြင့် ရိုက်ပုတ်နေသူများက ချမ်းသာပေးလိုက်ကြ၏။ ဘေးမှ လွတ်မြောက် လာသော စူဠကာလဥပါသကာသည် ဘုရားရှင်ထံ လာရောက်၍ မိမိအဖြစ် ကို လျှောက်ထားလေရာ ဘုရားရှင်က ထိုစကားနှင့်ဆက်စပ်၍ တရားစကား ဟောကြွားတော်မူလိုသဖြင့် အထက်ပါဒေသနာတော်ကို ဟောကြွားတော် မူလေသတည်း။

ဒေသနာတော်အဆုံး၌ စူဠကာလ ဥပါသကာသည် သောတာပန် ဖြစ်လေသည်။

ဒေသနာတော်

၁၆၆။ သူတစ်ပါး၏ များစွာသော အကျိုးစီးပွားကြောင့် မိမိ၏အကျိုးစီးပွားကို မဆုတ်ယုတ်စေရာ။ မိမိ အကျိုးစီးပွားကို သိ၍ မိမိ အကျိုးစီးပွားကို တိုးပွားအောင် အားထုတ်ရာ၏။

## အရှင်အတ္တဒတ္ထ

ဇေတဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဘုရားရှင်၏ အပါးမှ မခွာသော အရှင်အတ္တဒတ္ထကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော် မူလေသည်။

ဘုရားရှင်က "ရဟန်းတို့၊ ငါဘုရားသည် ဤနေ့မှ နောက်လေးလ လွန်လျှင် ပရိနိဗ္ဗာန် ပြုတော့အံ့"ဟု မိန့်ကြားတော်မူလေရာ ပုထုဇဉ် ရဟန်းတို့သည် ထိတ်လန့်တကြားဖြစ်ကာ ဘုရားရှင်၏ ထံတော်ပါးမှ မခွာသာနေကြ၏။ အရှင်အတ္တဒတ္ထသည်ကား ဘုရားရှင်၏ထံတော်ပါးမှ မနေဘဲလွတ်ရာ ကျွတ်ရာမှသာ သွားနေ၏။ ဤအကြောင်းကို အခြားရဟန်းများက ဘုရားရှင်ထံ လျှောက်ထားကြလေရာ ဘုရားရှင်က အရှင်အတ္တဒတ္ထကို ရှေ့တော်သို့ခေါ်၍ မေးမြန်းတော်မူ၏။ အရှင်အတ္တဒတ္ထက "အရှင်ဘုရား၊ အရှင်ဘုရားတို့သည် လေးလကျော်လျှင် ပရိနိဗ္ဗာန်ပြုကုန်လတ္တံ့။ တပည့်တော်သည် အရှင်ဘုရားတို့ ရှိစဉ်မှာပင် ရဟန္တာ ဖြစ်ရန် အားထုတ်နေပါသည် ဘုရား"ဟု လျှောက်ထား၏။ ဘုရားရှင်သည် အရှင်အတ္တဒတ္ထ၏ လျှောက်ထားချက်ကို ကောက်ခံတော်မူပြီးလျှင် ထိုစကားနှင့် ဆက်စပ်၍ တရားစကား ဟောကြားတော်မူလိုသဖြင့် အထက်ပါ ဒေသနာတော်ကို ဟောကြားတော် မူလေသတည်း။

ဒေသနာတော်အဆုံး၌ အရှင်အတ္တဒတ္ထသည် ရဟန္တာဖြစ်လေ၏။

# လောကဝင်

ဒေသနာတော်

၁၆၇။ ဆာမဂုဏ် အယုတ်တရားကို မမှီဝဲရာ၊ မေ့လျော့ခြင်းနှင့် မပေါင်းယှဉ်ရာ၊ မိစ္ဆာအယူကို မမှီဝဲရာ၊ လောက ကြီးပွားရေး အတွက် သက်သက် မဖြစ်ရာ။

## ရဟန်းငယ်တစ်ပါး

ဝိသာခါ ဒါယိကာမကြီးအိမ်သို့ ဘုရားရှင် ဆွမ်းခံဝင်တော်မူစဉ် ဝိသာခါ၏မြေးကလေးနှင့် အချင်းပွားသော ရဟန်းငယ်တစ်ပါးကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော် မူလေသတည်း။

ပုဗ္ဗာရုံကျောင်း ဒါယိကာမကြီး ဝိသာခါ၏ အိမ်တွင် နံနက်တိုင်း ရဟန်းငါးရာအတွက် ယာဂုဝတ် အမြဲထားသည်၏။ မထေရ်ကြီးတစ်ပါးသည် တပည့်ရဟန်းကိုခေါ်၍ ဝိသာခါ၏ အိမ်သို့လာပြီးလျှင် ရဟန်းငယ်ကို ချန်ထားကာ အခြားအိမ်သို့ သွား၏။ ဝိသာခါ၏ မြေးမကလေးက အဘွား ကိုယ်စား သံဃာတော်များကို ပြုစုလုပ်ကျွေးနေ၏။ ထိုသူငယ်မကလေး သည် ရဟန်းငယ်အတွက် ရေစစ်နေစဉ် ရေအိုးထဲမှ မိမိမျက်နှာရိပ်ကို မြင်၍ ရယ်၏။ ရဟန်းငယ်ကလည်း ဆတူလိုက်၍ရယ်၏။ ဤတွင် သူငယ်မကလေး က "ဦးခေါင်းပြတ်သေသူသည် ရယ်၏"ဟု ဆို၏။ ရဟန်းငယ်ကလည်း "သင်သည် ဦးခေါင်းပြတ်သည်။ သင်၏မိဘများလည်း ဦးခေါင်းပြတ် တို့တည်း"ဟု ပြန်၍ ဆဲဆိုလေသည်။

သူငယ်မကလေးသည် ငိုယို၍ အဘွားထံသွား၍တိုင်၏။ ဝိသာခါက ရဟန်းငယ်နှင့် မြေးမကလေးကို ဖျောင်းဖျသော်လည်း မရနိုင်ပေ။ မထေရ်ကြီးရောက်လာ၍ မိမိတပည့်ကို ဆုံးမသော်လည်း ရဟန်းငယ်က မခံနိုင်ချေ။ ဤတွင် ဘုရားရှင် ကြွတော်မူလာကာ ရဟန်းငယ်၏ သောတာပတ္တိဖိုလ်ကို ရရန် အကြောင်းမြင်တော်မူသဖြင့် ရဟန်းငယ်၏ဘက်သို့ လိုက်ပါတော်

မူလျက် "ရဟန်း၊ ကံဥဂုဏ်ကိုအကြောင်းပြု၍ ရယ်မေးခြင်းသည် ယုတ်သော တရားသာတည်း" ဟု မိန့်ကြားတော်မူပြီးလျှင် ထိုစကားနှင့် ဆက်စပ်၍ တရားစကားဟောကြားတော်မူလိုသဖြင့် အထက်ပါဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ ထိုရဟန်းငယ်သည် သောတာပန် ဖြစ်လေ၏။

ဒေသနာတော်

၁၆၈။ ဆွမ်းခံခြင်းကျင့်ဝတ်၌ မမေ့မလျော့ရာ၊ ကောင်းစွာကျင့်အပ်သော တရားကို ကျင့်ရာ၏၊ တရားကို ကျင့်သောသူသည် ဤလောက၌လည်းကောင်း၊ တမလွန်လောက၌ လည်းကောင်း ချမ်းသာစွာ နေရ၏။

၁၆၉။ သုစရိုက်တရားကို ကျင့်ရာ၏၊ ဒုစရိုက်တရားကို မကျင့်ရာ၊ တရားကို ကျင့်သောသူသည် ဤလောက၌ လည်းကောင်း၊ တမလွန်လောက၌ လည်းကောင်း ချမ်းသာစွာ နေရ၏။

## သုဒ္ဓေါဒနမင်းကြီး

ကပိလဝတ်မြို့အောက်တင်း၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ခမည်းတော်ကြီး သုဒ္ဓေါဒနကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ကပိလဝတ် မြို့တော်သို့ ဘုရားရှင် ပထမအကြိမ် ကြွတော်မူစဉ် ရှိမခိုးဘဲနေကြသော ဆွေတော် မျိုးတော်တို့၏ မာနကို ပယ်ဖျောက်ရန် ကောင်းကင်တွင် စင်္ကြံကြ၍ တရားဟောတော်မူ၏။ ဤတွင်မှ ဆွေတော် မျိုးတော် အပေါင်းတို့ ကြည်ညိုသဖြင့် ထက်သန်လာကာ ခမည်းတော်ကြီး သုဒ္ဓေါဒန အမှူးရှိသော ဆွေတော် မျိုးတော်အပေါင်းကဲ ရှိခိုးကြကုန်၏။ ထိုဆွေတော် မျိုးတော်တို့၏ အစည်းအဝေး၌ ရွာချသော ပေါက္ခရဝဿ မိုးကို အကြောင်းပြု၍ ဘုရားရှင်က ဝေဿန္တရာ ဇာတ်တော်ကြီးကို ဟောကြားတော် မူလေသည်။

တရားနာ၍ ပြန်သွားသော ဆွေတော် မျိုးတော်တို့တွင် မည်သူကမျှ ဘုရားရှင်အား နက်ဖြန်အတွက် ဆွမ်းဘုဉ်းပေးပင့်ဘဲ ပြန်သွားကြ၏။ သုဒ္ဓေါဒန မင်းကြီးလည်း "ငါ့သားတော်သည် နန်းတော်သို့ မကြွလျှင် မည်သူ့အိမ်သို့ ကြွမည်နည်း" ဟု တွေးတောကာ မပင့်လျှောက်

ခဲ့သဲ ပြန်လာကာ နောက်တစ်နေ့နံနက်တွင် ဘုရားရှင်နှင့် သံဃာတော်များအတွက် ဆွမ်းဘောဇဉ်များ ချက်ပြုတ်စေ၏၊ နေစရာ ထိုင်စရာများ ခင်းထားစေ၏၊ ထိုနံနက်တွင် ဘုရားရှင်သည် ဧးရှေးသော ဘုရားရှင်တို့၏ ထုံးကို နှလုံးမူလျက် ခမည်းတော်ကြီး၏အိမ်သို့ တန်းရှိ ကြွတော်မမူဘဲ သံဃာတော်များနှင့်တကွ အိမ်စဉ်လျှောက်၍ ဆွမ်းခံတော် မူလေသည်၊

ရာဟုလာ၏မယ်တော် ယသော်ဓရာသည် ဘုရားရှင်ကို လေသာပြတင်းမှလှမ်း၍ ဖူးမြော်ပြီးလျှင် ခမည်းတော်မင်းကြီးထံသွား၍ လျှောက်ထား၏။ ခမည်းတော်ကြီး သုဒ္ဓေါဒနသည် ပုဆိုးစကို ကပျာကသီ လျက် ဘုရားရှင်ထံသို့ အဆောတလျင် သွားရောက်ကာ "သားတော်ဘုရား၊ အဘယ်ကြောင့် ခမည်းတော်ကို အရှက်ခွဲရပါသနည်း" ဟု လျှောက်ထား၏၊ ဘုရားရှင်က "မင်းကြီး၊ ခမည်းတော်မင်းကြီးကို အရှက်ခွဲသည် မဟုတ်၊ အမျိုးအနွယ်ကိုလိုက်၍ ကျင့်သုံးခြင်းသာ ဖြစ်၏"ဟု မြွက်ကြားတော်မူ၏။ ခမည်းတော်ကြီးက "အရှင်ဘုရား၊ ဆွမ်းခံ၍ အသက်မွေးသောသူသည် ခမည်းတော်တို့၏ အမျိုးအနွယ်ထဲ၌ မရှိပါ"ဟု လျှောက်ထားရာ ဘုရားရှင်က "မင်းကြီး၊ ဆွမ်းခံလှည့်လည်၍ အသက်မွေးသော အမျိုးအနွယ်သည် သင်မင်းကြီး၏ အမျိုးအနွယ်မဟုတ်ပေ၊ ငါဘုရား၏ အမျိုးအနွယ်သာ ဖြစ်၏၊ ထောင်ပေါင်းများစွာသော ဘုရားရှင်တို့သည် ဆွမ်းခံလှည့်လည်၍သာ အသက်မွေးခဲ့ကြပေသည်"ဟု မိန့်ကြားတော်မူပြီးလျှင် အထက်ပါဒေသနာတော်ကို ဟောကြားတော် မူလေသတည်း။

ဒေသနာတော်အဆုံး၌ သုဒ္ဓေါဒနမင်းကြီးသည် သောတာပန် ဖြစ်လေ၏။

ဒေသနာတော်

၁၇၀။ ရေပြင်ကို ရှုမြင်သကဲ့သို့ လည်းကောင်း၊ တံလျှပ်ကို ရှုမြင်သကဲ့သို့ လည်းကောင်း၊ ဤအတူ ခန္ဓာငါးပါး တည်းဟူသော လောကကို ရှုမြင်သောသူအား သေမင်းသည် မမြင်နိုင်ပေ။

## ရာဟုလာ (ဝိပဿနာပွားသူများ)

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဝိပဿနာ ပွားများသော ရဟန်းငါးရာကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်၊

စတုတ္ထအကြိမ်

ရဟန်းငါးရာတို့သည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်း ဆောင်းပြီးလျှင် တောသို့ဝင်ကာ အရှေးအစီးထုတ်ကြသော်လည်း တရားထူး မရကြသဖြင့် ကမ္မဋ္ဌာန်းတစ်မျိုးကို ပြောင်း၍ တောင်းရန် ဘုရားရှင်ထံသို့ ပြန်လာကြ၏။ ထိုသူတို့သည် လမ်းမှာတွေ့ရသော တံလျှပ်ကိုဝိပဿနာရှုခဲ့ကြ၏။ ကျောင်းတော် မုခ်ဦးသို့အရောက်တွင် မိုးသည်းထန်စွာရွာချသဖြင့် မိုးရေအဟုန်တွင် တဖွားဖွားပေါ်၍ တဖြုတ်ဖြုတ်ပျက်စီးကုန်သော ရေမြှုပ်တို့ကို မြင်သောအခါ ထိုရေမြှုပ်များနည်းတူ မိမိတို့ ကိုယ်ခန္ဓာ၏ ပျက်စီးခြင်းသဘောကိုလည်း ဝိပဿနာပွားများကြ၏။ ထိုတွင် ဘုရားရှင်သည် ဂန္ဓကုဋီတိုက်တော်ထဲမှနေ၍ ထိုရဟန်းများထံသို့ ရောင်ခြည်တော်များ လွှတ်တော်မူပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ ထိုရဟန်း ငါးရာတို့သည် ရဟန္တာဖြစ်ကြလေ၏။

ဒေသနာတော်

၁၇၁။ လာကြကုန်လော့၊ ရတနာ ခုနစ်ပါးတို့ဖြင့် အဆန်းတကြယ် စီခြယ်ထားသော မင်းစီးရထားသည်လျှင် ဥပမာရှိကုန်သော၊ အဝတ်တန်ဆာတို့ဖြင့် စီခြယ်ထားသော ဤလောကကို ရှုကြကုန်လော့။ အကြင်လောကထဲ၌ မိုက်မဲသူတို့သည် နစ်မြုပ်ကြကုန်၏။ ထိုလောက၌ ပညာရှိတို့အား ထပ်ငြိတွယ်တာခြင်း မရှိပေ။

## အဘယ မင်းသား

ဝေဠုဝန်ကျောင်းတော်၌ ဘုရားရှင်သီတင်းသုံးတော်မူစဉ် ကချေသည်မသေဆုံး၍ စိုးရိမ်ပူဆွေးနေရသော အဘယမင်းသားကို အကြောင်းပြု၍ ဤဒေသနာတော်ကိုဟောကြားတော်မူလေသည်။

အဘယမင်းသားသည် နယ်စွန်နယ်ဖျား၌ ပုန်ကန် ထကြွသူများကို အောင်မြင်စွာ နှိမ်နင်း၍ နယ်မြေအေးချမ်းအောင် ဆောင်ရွက်၍ ပြန်လာသောအခါ ခမည်းတော် ဗိမ္ဗိသာရမင်းကြီးက ခုနစ်ရက်တာမျှ မင်းစည်းစိမ်ကို ခံစားရန် လွှဲအပ်၏။ အဆိုအကကောင်းသော ကချေသည်မ တစ်ယောက်ကိုလည်း ပေး၏။ အဘယမင်းသားသည် သတ္တမ အရက်ကြီး၌သို့ပင် ကချေသည်မ သေဆုံးသောကြောင့် စိုးရိမ်ပူဆွေးပြီးလျှင် ဘုရားရှင်ထံသို့

ရောက်လာလေရာ ဘုရားရှင်က အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ အဘယမင်းသားသည် သောတာပန် ဖြစ်လေ၏။

ဒေသနာတော်

၁၇၂။ အကြင်သူသည် ရှေးအခါက ကုသိုလ်ကောင်းမှု၌ မေ့လျော့ခဲ့၍ နောင်အခါ၌ မမေ့မလျော့တော့ပေ။ ထိုသူသည် တိမ်တိုက်မှ လွတ်သော လကဲ့သို့ ဤလောကကို မဂ်ဉာဏ်အလင်းရောင်ဖြင့် ထွန်းလင်းတောက်ပစေ၏။

## အရှင် သမ္မဇ္ဇန

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အမြဲအစေ တံမြက်လှည်းနေခဲ့ဖူးသော အရှင်သမ္မဇ္ဇနကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

အရှင်သမ္မဇ္ဇနသည် တစ်နေ့တာကာလပတ်လုံး နေရာအနှံ့အပြား၌ တံမြက်စီး လှည်း၍သာနေရ၏။ တစ်နေ့သ၌ ဆိတ်ငြိမ်ရာတွင် တစ်ပါးတည်း ထိုင်နေသော အရှင်ရေဝတနှင့်တွေ့ရှိသဖြင့် "ဤရဟန်းကား အပျင်းကြီးလေစွ၊ လူအများက သဒ္ဓါ၍လှူသောဆွမ်းကိုစားပြီးလျှင် ဤနေရာလာ၍ ထိုင်နေ၏။ ငါကဲ့သို့ တံမြက်စည်းလှည်းရန် မသင့်ပါလော" ဟု ဆို၏။ ဤတွင် အရှင်ရေဝတက အရှင်သမ္မဇ္ဇနအား ရေချိုးစေပြီးလျှင် "ငါ့ရှင်၊ နံနက်စောစောသာလျှင် တံမြက်စည်းလှည်းပြီးလျှင် ဆွမ်းခံဝင်ပြီး၍ ဆွမ်းစားပြီးနောက် နေ့လယ်ပိုင်းတွင် ဆိတ်ငြိမ်ရာ၌ ကမ္မဋ္ဌာန်းအားထုတ်အပ်၏၊ ညနေချမ်းကျမှထ၍တံမြက်စည်းလှည်းသင့်၏" ဟုဆုံးမ၏။ အရှင်သမ္မဇ္ဇနသည် အရှင်ရေဝတ၏ အဆုံးအမကို ခံယူကာ တရားအားထုတ်လေရာ မကြာမီပင် အရဟတ္တဖိုလ်သို့ ရောက်လေ၏။

နေ့လယ်ပိုင်းတွင် တံမြက်စည်း မလှည်းတော့သည်ကို မြင်သော ရဟန်းများက "ငါ့ရှင်၊ သမ္မဇ္ဇန၊ ထိုထိုသောအရပ်တွင် အမှိုက်များရှုပ်နေ၏၊ အဘယ့်ကြောင့် တံမြက်စည်း မလှည်းပါသနည်း" ဟု မေးကြရာ အရှင်သမ္မဇ္ဇနက "အရှင်ဘုရား၊ တပည့်တော်သည် မေ့လျော့သောအခါက ဤသို့ပြုမိခဲ့ပါသည်၊ ယခုမမေ့မလျော့တော့ပါပြီ" ဟု လျှောက်ထား၏။ ဤအဆုံးအနှုန်းမှာ ရဟန္တာတို့၏ အဆုံးအနှုန်းဖြစ်နေ၍ မယုံကြည်နိုင်သော ရဟန်းများက "အရှင်သမ္မဇ္ဇနသည် အရဟတ္တဖိုလ်ကို မဟုတ်မမှန်ဘဲ

ပြောကြားပါသည်ဘုရား''ဟု ဘုရားရှင်ထံလျှောက်ထားကြရာ ဘုရားရှင်က အရှင်သမ္မဇ္ဇနဒါစကားကို ထောက်ခံတော်မူပြီးလျှင် အောက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၁၇၃။ အကြင်သူသည် ပြုခဲ့မိသော အကုသိုလ်ကံကို အရဟတ္တမဂ် ကုသိုလ်ဖြင့် ဖုံးအုပ်နိုင်၏၊ ထိုသူသည် တိမ်တိုက်မှ လွတ်သော လကဲ့သို့ ဤလောကကို အရဟတ္တမဂ် အလင်းရောင်ဖြင့် ထွန်းလင်းတောက်ပစေ၏။

## အရှင်အင်္ဂုလိမာလ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ရဟန်းပြုနိဗ္ဗာန်ဝင်စံသော အရှင်အင်္ဂုလိမာလကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

အရှင်အင်္ဂုလိမာလ၏ လားရာဂတိကို မေးလျှောက်ကြသောရဟန်းများအား ဘုရားရှင်က''အင်္ဂုလိမာလသည် နိဗ္ဗာန်ပြု၏''ဟု မိန့်တော်မူ၏၊ ရဟန်းများက''ဤမျှလောက် လူတွေကို သတ်ဖြတ်ခဲ့ပါလျက် နိဗ္ဗာန်ပြုနိုင်ပါသလော''ဟု ထပ်မံလျှောက်ထားကြရာ ဘုရားရှင်က အင်္ဂုလိမာလသည် မိမိအကုသိုလ်ကံကို အရဟတ္တမဂ် ကုသိုလ်ဖြင့်ပိတ်ခဲ့လေပြီ''ဟု မိန့်ကြားတော်မူပြီးလျှင် အောက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၁၇၄။ ဤလူအပေါင်းသည် အကန်းအတိသာဖြစ်၏။ ဤလောက၌ အနည်းငယ်မျှသော သူသည်သာ ပညာဖြင့် ရှုမြင်နိုင်၏။ အနည်းငယ်မျှသော ငှက်သည်သာ ပိုက်ကွန်မှ လွတ်နိုင်သကဲ့သို့ အနည်းငယ်မျှသော လူသည်သာလျှင် နတ်ပြည်သို့ ရောက်၏။

## ရက်ကန်းသည်၏ သမီး

အာဠဝီမြို့တော် အဂ္ဂါဠဝ ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဘုရားရှင်ဟောသော ပုစ္ဆာလေးချက်ကို မှန်ကန်စွာ ဖြေဆိုနိုင်သော ရက်ကန်းသည်သမီးကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

 

အင္ဂဝိမြို့တော်သို့ ဘုရားရှင် ကြွတော်မူသောအခါ မြို့သူ မြို့သားတို့သည် ဘုရားရှင်ကို ပင့်ဖိတ်၍ အလှူကြီးပေးကြ၏။ ဘုရားရှင်သည် ဆွမ်းဘုဉ်းပေးတော်မူ၍ ဆွမ်းအနုမောဒနာတရားဟောကြားတော်မူသောအခါ မရဏာဇနုဿတိကမ္မဋ္ဌာန်းကို အထူးပြု၍ ဟောကြားတော်မူ၏။ တရားနာ၍ ပြန်လာကြသောအခါ အခြားသူများသည် မိမိတို့အလုပ်ကိစ္စကိုသာလျှင် လိုက်၍ နေကြ၏။ ရက်ကန်းသည် သမီးလေးသည်ကား ထိုကမ္မဋ္ဌာန်းကို နေ့ရောညပါ ပွားများ၍ နေလေသည်။

သုံးနှစ်မျှရှိသောအခါ ဘုရားရှင်သည် ထိုသတို့သမီးလေး၏ သောတာပန် ဖြစ်အံ့သော အကြောင်းကို မြင်တော်မူသဖြင့် အင္ဂဝိမြို့တော်သို့ ရဟန်းငါးရာနှင့်တကွ တစ်ဖန် ကြွလာတော်မူ၏။ မြို့သူ မြို့သားတို့သည် ကျောင်းတော်သို့သွား၍ နက်ဖြန်တွင် ဆွမ်းဘုဉ်းပေးကြပါရန် ပင့်လျှောက်ကြ၏။ နောက်တစ်နေ့ နံနက်ရောက်သောအခါ ရက်ကန်းသည်သမီးသည် ဘုရားရှင်၏ လပြည့်ဝန်းနှင့်တူသော မျက်နှာတော်ကို ဖူးမြင်ကြရတော့မည်ဟု ဝမ်းမြောက် ဝမ်းသာ ဖြစ်နေ၏။ သို့ရာတွင် သတို့သမီးကလေးသည် ဘုရားရှင် ဆွမ်းဘုဉ်းပေးရာသို့ ချက်ချင်း မသွားနိုင်သေးပေ။ သူ၏ဖခင် ရက်ကန်းသည်က "ချစ်သမီး၊ ငါသည် သူတစ်ပါးအပ်နှံထားသော ပုဆိုးကို ရက်နေဆဲ ဖြစ်၏။ တစ်ထွာခန့် ရက်ရန်ကျန်နေသေး၏။ ထိုပုဆိုးကို ယနေ့ပြီးအောင် ရက်ရမည်ဖြစ်၏။ သို့အတွက် ရက်ဖောက်ကို လျင်မြန်စွာ ယောက်၍ ရက်ကန်းရုံသို့ ယူခဲ့ပါ" ဟု မှာကြားခဲ့၏။ သတို့သမီးကလေးသည် ဖခင်သို့ မကြာမီက်သဖြင့် ရက်ဖောက်များကို ထိုင်၍ယောက်နေရ၏။ လိုအပ်သမျှ ရက်ဖောက်များကို ယောက်ပြီးမှ ရက်ဖောက်တောင်းကို ဖခင်ရှိရာ ရက်ကန်းရုံသို့ ပို့ရန်အသွားတွင် ဘုရားရှင်ထံ ပင်ရောက်၍ဖူးမြော်လေသည်။

ဘုရားရှင်သည် လည်တိုင်တော်ကို ပင့်၍ သတို့သမီးလေးကို လှမ်းမျှော် ကြည့်ရှုတော်မူနေရာ သတို့သမီးကလေးသည် မိမိအားပရိသတ်ထဲဝင်လာစေလိုကြောင်း၊ ရိပ်မိသဖြင့် ပရိသတ်ကြားထဲသို့ တိုးဝင်၍ ရိုသေစွာ ထိုင်ကာ ရှိခိုး၏။ ထိုအခါမှာပင် ဘုရားရှင်က ပုစ္ဆာလေးချက်ကိုမေးသဖြင့် သတို့သမီးကလေးက ဖြေကြားလေသည်။

"သတို့သမီးကလေး၊ သင် ဘယ်အရပ်မှလာခဲ့သနည်း။"

"တပည့်တော်မ မသိပါဘုရား"

"သင် ဘယ်အရပ်ကို သွားမည်နည်း"

"တပည့်တော်မ မသိပါဘုရား"

"သင်မသိပြီလော"

"တပည့်တော်မ သိပါသည်ဘုရား"

"သင် သိပါသလော"

"တပည့်တော်မ မသိပါဘုရား"

သတို့သမီးလေး၏ ဤသို့သောဖြေကြားချက်ကို ကြားကြရသော အခါ လူအပေါင်းတို့က ကဲ့ရဲ့ကြ၏။ "အချင်းတို့၊ ဤရက်ကန်းသည် ဆမီး ငယ်သည် ဘုရားရှင်ရှေ့တော်ဝယ် ထင်ရာမြင်ရာကို ပြောဆိုဘိ၏" ဟုဆို ကြ၏၊ ဘုရားရှင်သည် လူအပေါင်းတို့အား တိတ်ဆိတ်နေကြရန် မိန့် ကြားတော်မူပြီ လျှင် သတို့သမီးလေးအား၊ မိမိ၏ ဖြေကြားချက်များ၏ အနက်အဓိပ္ပာယ်ကို မေးမြန်းတော်မူ၏။ သတို့သမီးကလေးက "အရှင် ဘုရား၊ အရှင်ဘုရားတို့သည် တပည့်တော်မ ရက်ကန်းသည်အိမ်မှ လာခဲ့ ကြောင်းကိုသိတော်မူပြီးဖြစ်ပါသည်။ ထို့ကြောင့် "ဘယ်ကလာခဲ့သနည်း" ဟုသောမေးခွန်းမှာ ဤအကြောင်းကို ရည်ရွယ်၍ မေးတော်မူခြင်း မဟုတ် ပါ၊ 'ဘယ်ဘဝမှ လာခဲ့သနည်း' ဟု မေးလိုရင်းသာ ဖြစ်ပါသည်။ ထို့ ကြောင့် 'မသိပါဘုရား' ဟု ဖြေကြားရပါသည်ဘုရား။

"တစ်ဖန် အရှင်ဘုရားတို့သည် တပည့်တော်မ ရက်ကန်းသို့ သွားရ မည့်အကြောင်းကို သိတော်မူပြီး ဖြစ်ပါသည်။ "ဘယ်အရပ်ကို သွားမည် နည်း" ဟူသော မေးခွန်းမှာ ဤအကြောင်းကို ရည်ရွယ်၍ မေးတော်မူခြင်း မဟုတ်ပါ၊ 'ဘယ်ဘဝသို့ သွားမည်နည်း' ဟု မေးလိုရင်းသာ ဖြစ်ပါသည်။ ထို့ကြောင့် 'မသိပါဘုရား' ဟု ဖြေကြားရပါသည်ဘုရား။

"ထင်ဖန် 'သင်မသိပြီလော' ဟူသော မေးခွန်းမှာ သေရမည့် အကြောင်းကို မေးတော်မူခြင်း ဖြစ်ပါသည်။ ထို့ကြောင့် 'သိပါသည် ဘုရား' ဟု တပည့်တော်မဖြေကြားရပါသည် ဘုရား။

"တစ်ဖန် 'သင်မသိပြီလော' ဟူသော မေးခွန်းမှာ သေရမည့် အကြောင်းကို မေးတော်မူခြင်းသာ ဖြစ်ပါသည်။ 'သိပါသည်ဘုရား' ဟု တပည့်တော်မ ဖြေကြားရပါသည် ဘုရား။

'ထို့နောက်တစ်ဖန် 'သင်သိပါသလော' ဟူသောမေးခွန်းမှာ သေရ မည့်အချိန်ပိုင်းကို မေးတော် မူခြင်းဖြစ်ပါသည်။ ထို့ကြောင့် တပည့်တော် မက 'မသိပါဘုရား' ဟု ဖြေကြားရပါသည် ဘုရား။

[illegible]

သတို့သမီးကလေး၏မြင်ကြွေးချက် တစ်ခု ပြီးတိုင်းပြီးတိုင်း ဘုရားရှင် အသာခု ခေါ်ယော်မှုပြီးလျှင် ရောက်ရှိ နေကြသော ပရိသတ်များအား အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ဒေသနာတော် အဆုံး၌ သတို့သမီးကလေးသည် သောတာပန်ဖြစ်၏။ ထို့နောက်ရက်ဖောက်သောင်းကို ရက်ကန်းရှိသို့ သွားရ၍ပို့၏။ ထို အချိန်တွင် ဖခင်ရက်ကန်းသည်သည် လွန်းကိုကိုင်ကာ အိပ်ငိုက်လျက်ရှိရာ သတို့သမီးသည် ရက်ဖောက်တောင်းဖြင့် လွန်းပြွန်းကို အမှတ်မထင် တိုက်မိ ကာ လွှတ်ကျသွား၏။ ဖခင်သည် ရုတ်တရက်နိုးလာပြီးလျှင် အဖျားချွန် နေသော လွန်းဖြင့် သမီးရင်ဝကို ပေါင်ရမ်း၍ ထိုးလိုက်မိ၏။ သမီး ငယ်သည် ရင်ဝမှ သွေးစိမ်းရှင်ရှင်ပန်းထွက်၍ ထိုနေရာမှာပင် သေဆုံးကာ တုသိတာဘုံသို့ ရောက်သွားလေသည်။

ဖခင်ဖြစ်သူ ရက်ကန်းသည်သည် သမီးကို အမှတ်မထင် သတ်ဖြတ်မိ သဖြင့် စိုးရိမ်ပူဆွေးကာ ဘုရားရှင်ထံ ရောက်လာ၏။ ဘုရားရှင်ထံမှ အနမ တဂ္ဂသုတ္တန် တရားတော်ကို ကြားနာရသောအခါ စိုးရိမ် ပူဆွေးခြင်းများ နည်းပါးလာကာ ရဟန်းပြု၏။ မကြာမီ ထိုရဟန်းသည် ရဟန္တာဖြစ်လေ၏။

ဒေသနာတော်

၁၇၅။ ဟသ်ာတို့သည် နေမင်း၏ လမ်းကြောင်း ကောင်းကင်၌ ပျံသန်း ကြကုန်၏။ တန်ခိုးရှင်တို့သည် ကောင်းကင်၌ သွားလာကြကုန်၏။ ပညာရှိတို့သည် စစ်သည် ဗိုလ်ပါနှင့်တကွသော မာရ်နတ်မင်းကို အောင်နိုင်၍ လောကမှ လွတ်မြောက်ကုန်၏။

## ရဟန်းသုံးကျိပ်

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ကောင်းကင်မှ ပြန်သွားကြသော ရဟန်းသုံးကျိပ်တို့ကို အကြောင်းပြု၍ ဤဒေသနာတော် ကို ဟောကြားတော်မူလေသည်။

အရပ်တစ်ပါးမျက်နှာ၌ သီတင်းသုံးခဲ့ကြသော ရဟန်း သုံးကျိပ်တို့သည် ဘုရားရှင်ထံလာကြ၏။ အရှင်အာနန္ဒာသည် ဘုရားရှင်ထံ ဝတ်ပြုရန်အလာ တွင် ထိုရဟန်းတို့လာနေသည်ကို မြင်သဖြင့် ထိုရဟန်းတို့ ပြန်ထွက်သွား ပါမှ ဝတ်ပြုရန် တံခါးမုခ်ဝမှ ရပ်စောင့်နေ၏။ ထိုရဟန်း သုံးကျိပ်တို့သည် ဘုရားရှင်ထံဝင်ရောက်ရှိခိုး၍ တရားတော်ကို နာကြရသဖြင့် အားလုံး ရဟန္တာဖြစ်ပြီးလျှင် ကောင်းကင်ခရီးမှ ပြန်သွားကြကုန်၏။ အရှင်အာနန္ဒာ

သည် အချိန်အတန်ကြာအောင် စောင့်နေရာမှ ထိုရဟန်းတို့ ပြန်ထွက်မလာ နိုင်သဖြင့် ဘုရားရှင်ထံ ဝင်ရောက်သွားရာ ရဟန်းတပါးမျှ မတွေ့ရတော့ပေ။ ထိုရဟန်းတို့အကြောင်းကို အရှင်အာနန္ဒာက မေးလျှောက်သဖြင့် ဘုရားရှင်က အောက်ပါဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၁၇၆။ အဂ္ဂါတရားတစ်ခုကို ကျော်လွန်၍ မုသားစကား ဆိုလေ့ရှိသော၊
နောင်ဘဝအတွက် ဆင်ခြင်စဉ်းစားခြင်း အလျှင်းမရှိသောသူအား
မပြုနိုင်သည့် မကောင်းမှုဟူသည် မရှိနိုင်ချေ။

## စိဉ္စမာဏဝိကာ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဘုရားရှင်အား မိမိလင်အဖြစ် စွပ်စွဲ ပြောဆိုလာသော စိဉ္စမာဏဝိကာကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူသည်။

မုဒ္ဓသာသနာတော်ကြီး ပေါ်ထွန်းလာသောအခါ တိတ္ထိတို့သည် လာဘ်ပူဇော်သက္ကာရ မရရှိကြတော့သဖြင့် လမ်းကြိုလမ်းကြား၌ ရပ်နေကြပြီးလျှင် တောင်းရမ်းကြကုန်၏။ သို့ရာတွင်လူတို့က သူတို့ကိုမလှူကြ၊ မပူဇော်ကြချေ။ သို့ဖြစ်၍ တိတ္ထိတို့သည် ဆိတ်ကွယ်ရာ၌ စည်းဝေး ကြပြီးလျှင် ဘုရားရှင်၏ ဂုဏ်သတင်းညှိုးမှိန်အောင် စွပ်စွဲဖျက်ဆီးနိုင်ရန် တိုင်ပင်ကြ၏။ ထိုအစည်းဝေးတွင် စိတ်ကြမ်း ကိုယ်ကြမ်းရှိသော တိတ္ထိတစ်ယောက်က ဤကိစ္စအတွက် စိဉ္စမာဏဝိကာကို အသုံးပြုရန် အကြံပေးလိုက်ရာ တိတ္ထိအားလုံးက ထိုအကြံကို လက်ခံကြလေသည်။

စိဉ္စမာဏဝိကာသည်ကား ရုပ်ရည်အဆင်းအလွန်လှပချောမောသော ပရိဗိုဇ်မကလေးဖြစ်၏။ သူ့ကိုယ်မှ အရောင်အဝါများ ထွက်နေ၏။ ထိုပရိဗိုဇ်မကလေးသည် သူ၏ ဆရာဖြစ်သော တိတ္ထိများထံ သွား၍ ဦးချရှိခိုးလေရာ တိတ္ထိများက "နှမ၊ အသင်သည် ငါတို့ချမ်းသာခြင်းကို လိုလားလျှင် မိမိကိုယ်ကို အသုံးပြု၍ ရဟန်းဂေါတမ၏ ဂုဏ်သတင်းကို ညှိုးမှိန်အောင် ပြုပါလော့" ဟု ဆိုကြလေသည်။

စိဉ္စမာဏဝိကာသည် တိတ္ထိတို့ပေးလိုက်သောတာဝန်ကို လက်ခံခဲ့ပြီးလျှင် ညနေချမ်းအချိန်၌ သာဝတ္ထိမြို့တော်သူမြို့တော်သားတို့ ကျောင်းတော်၌ တရားနာ၍ ကျောင်းတော်မှ ပြန်လာကြသောအခါ သူကပိုးပရန်

အဆင်းရှိသော ခြုံထည်ကို ခြုံ၍ ဇေတဝန်ကျောင်းတော်သို့လာခဲ့၏။ တရားနာ၍ ပြန်လာသူများက "ဤအချိန်တွင် အဘယ်သို့ သွားမည်နည်း" ဟု မေးကြရာ စိဉ္စမာဏဝိကာက "ဝါသွားရာအရပ်ကို သိသဖြင့် အဘယ်အကျိုးရှိမည်နည်း" ဟု ဆိုကာ ဇေတဝန်ကျောင်းတော်အနီး၌ တိတ္ထိတို့၏ ကျောင်းသို့သွား၍အိပ်၏၊ နံနက်ခင်း၌ ဒါယကာ၊ ဒါယိကာမများ ကျောင်းသို့လာကြရာတွင်လည်း ဇေတဝန်ကျောင်းတော်မှ ထွက်လာလေဟန်ပြုကာ ဤသို့ပင် ပြောဆို၏၊ ဤသို့ပြု၍ တစ်ဆယ့်ငါးရက်ခန့် ရှိသောအခါတွင် "ဂန္ဓကုဋိတိုက်ထဲ၌ ရဟန်းဂေါတမနှင့်အတူ အိပ်နေခဲ့၏" ဟုဆို၏။ သုံးလမျှကြာသောအခါ ဗိုက်ပေါ်မှာ အဝတ်ခုကာ "ရဟန်းဂေါတမနှင့် ပေါင်းသင်း၍ ကိုယ်ဝန်ရလေ၏" ဟု ဆို၏။ ရှစ်လ၊ ကိုးလခန့်ရှိသောအခါ ပျဉ်ပြားဝန်းကို ဝမ်းဗိုက်မှာ ဖွဲ့ချည်လိုက်၏။ လက်ဖမိုး၊ ခြေဖမိုးများကို နွားမေးရိုးဖြင့် ထုကာ ဖောယောင်လာအောင် ပြုပြင်၏။ အကယ့် ကိုယ်ဝန်ဆောင်ထားသကဲ့သို့ နွမ်းနယ်သောအသွင်ကိုလည်း သရုပ်ဆောင်ထား သေး၏၊ ဤသို့အဘက်ဘက်မှ ပြည့်စုံအောင် ဆောင်ရွက်ပြီးလျှင် ညနေချမ်း အချိန်တွင် ကမ္ဗလာနီကို ခြုံလျက် ဇေတဝန်ကျောင်းတော်သို့ လာခဲ့လေသည်။

ဤအချိန်တွင် ဘုရားရှင်သည် ပရိတ်သတ်လေးပါးအား တရားဟောတော်မူလျက်ရှိ၏။ စိဉ္စမာဏဝိကာသည် ဘုရားရှင်ရှေ့မှောက်ထိအောင် တန်းတန်းမတ်မတ်ဝင်လာပြီး "ရဟန်းကြီး သင်သည်ကား လူအပေါင်းတို့ကို တရားဟောနေနိုင်ပါ၏၊ သင့်အသံသည် ချိုမြိန်လှပါ၏၊ သင့်နှုတ်ခမ်းသည် စေ့စပ်လှပါသည်၊ ကျွန်မမှာ သင်နှင့် ပေါင်းသင်း၍ ကိုယ်ဝန်ရကာ မွေးဖွားချိန်နီးပေပြီ၊ ကျွန်မအတွက်သားဖွားရမည့်အချိန်ကို မသိသလော။ သားဖွားရာတွင် အသုံးပြုရန်ထောပတ်ဆီ စသည်တို့ကို ကိုယ်ကိုင် မရှာဖွေ လိုပါလျှင်လည်း ကောသလမင်းကြီးကို ဖြစ်စေ၊ အနာထပိဏ် သူဌေးကြီးကိုဖြစ်စေ၊ ဝိသာခါကိုဖြစ်စေ စေခိုင်းပါတော့လား။ ဤသို့ကား သင်မစေခိုင်းခဲ့ချေ။ သင်သည် ပျော်ပါးဖို့ကိုသာသိ၏၊ ကိုယ်ဝန်ကိုစောင့်ရှောက်ရန်မူကား မသိတတ်ချေတကား၊" ဟုစွပ်စွဲပြောလေသည်၊

ဘုရားရှင်သည် ပရိသတ်အလယ်တွင် ခြင်္သေ့မင်းကဲ့သို့ ရဲတင်းသော အသံတော်ဖြင့် "သင်ဆိုသော စကား၊ မှန်သည်၊ မမှန်သည်ကို သင်နှင့်ငါ နှစ်ယောက်တည်းသာ သိကြပေသည်" ဟု မိန့်ကြားတော်မူ၏။ စိဉ္စမာဏဝိကာသည်လည်း "ရဟန်းကြီး၊ မှန်ပေ၏၊ သင်နှင့်ကျွန်မ နှစ်ယောက်

ထည်း သိကြသောကြောင့်သာ ထိုကိစ္စဖြစ်ပွားလာလေသည်”ဟု ဆို၏၊ ဤတွင် သိကြားမင်းသည် ပဏ္ဍုကမ္ဗလာ ထင်းမစသောအဖြင့် ထိုအဖြစ်ကို သိရှိက၍ နတ်သားငယ်နှင့်တကွ ဆင်းသက်လာ၏၊ နတ်သားလေး ယောက်တို့သည် ကြွက်ငယ်ယောင်ဆောင်ကာ စိဉ္စမာဏဝိကာ၏ ဝမ်းဗိုက်မှာ ဖွဲ့ချည်ထားသော ကြိုးများကို ကိုက်ဖြတ်ကြ၏၊ ထိုအချိန်တွင် စိဉ္စမာဏဝိကာ၏ အဝတ်ကို လေက ပင့်၍တိုက်လိုက်၏၊ ပျဉ်ပြားဝန်းသည် စိဉ္စမာဏဝိကာ၏ ခြေဖမိုးပေါ်သို့ ကျ၍ ခြေဖမိုးနှစ်ဖက်စလုံး ကျိုးသွား၏၊ လူအပေါင်းတို့သည် သူမကို ဆဲဆိုရိုက်နှက်၍ ဆွဲထုတ်ကြလေရာ စိဉ္စမာဏဝိကာသည် ဘုရားရှင်၏မြင်ကွင်းမှ ထွက်သွားသည်နှင့်တပြိုင်နက် မဟာပထဝီမြေကြီး ဟင်းလင်းပွင့်သွားကာ အဝီစိငရဲသို့ ကျရောက်သွား၏၊ ဤအကြောင်းနှင့်ဆက်စပ်၍ ရောက်နေကြသော ပရိသတ်များအား အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

(စိဉ္စမာဏဝိကာ၏ စွပ်စွဲချက်နှင့်ပတ်သက်၍ ဟောကြားထားသော မဟာပဒုမဇာတ်ကို ဒွါဒသနိပါတ်မှာ ရှုပါ။)

ဒေသနာတော်

၁၇၇။ စေးနဲ့ဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်၊ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းနိုင်ကြကုန်။ ပညာရှိသည်သာလျှင် အလှူဒါနကို ဝမ်းမြောက်နိုင်၏၊ ထိုသို့ ဝမ်းမြောက်ခြင်းကြောင့် သာလျှင် ထိုပညာရှိသည် တမလွန်အဝ၌ ချမ်းသာရ၏။

## အသဒိသ အလှူတော်ကြီး

ဇေတဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ကောသလ မင်းကြီး၏ အသဒိသ အလှူတော်ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ဘုရားရှင်သည် နောက်ပါရဟန်းငါးရာနှင့်တကွ ဒေသစာရီ လှည့်လည်တော်မူရာမှ ဇေတဝန်ကျောင်းတော်သို့ ပြန်ရောက်တော် မူလာသော အခါ ပသေနဒီ ကောသလမင်းကြီးသည် နန်းတော်သို့ပင့်၍ ဆွမ်းလုပ်ကျွေး၏၊ မြို့သူမြို့သားများကိုလည်း “ငါ၏အလှူကို ကြည့်လှည့်ကြကုန်” ဟု ဖိတ်ခေါ်၏၊ မြို့သူမြို့သားတို့သည် မင်းကြီး၏အလှူကို လာ၍ကြည့်ကြပြီးလျှင် နောက်တစ်နေ့အတွက် ဘုရားရှင်နှင့်သံဃာတော်များကို ပင့်

လျှောက်ကြ၏။ ကောသလမင်းကြီးအားလည်း "အကျွန်ုပ်တို့၏ အလှူကို လည်း လာ၍ ကြည့်တော်မူပါ"ဟု လျှောက်တင်ကြ၏။ ကောသလမင်းကြီး သည် မိမိထက်သာအောင် ကြိုးစား၍ပြုလုပ်သော အလှူတို့ တွေ့ရသဖြင့် နောက်တစ်နေ့တွင် မြို့သူမြို့သားများကလည်း ထို့ထက် ပို၍ သာအောင် လှူဒါန်းကြပြန်၏။ ဤသို့ သူ့ထက်ငါ သာအောင် လှူဒါန်းလာကြ၍ ခြောက်ကြိမ်မြောက် ရောက်သောအခါ မြို့သူမြို့သားတို့သည် အဆ ရာထောင်တိုးက၍ "ဘာကလေးတစ်ခု လိုနေပါသေးသည်" ဟူ၍ မဆိုနိုင် အောင် ပြည့်စုံခမ်းနားလှသော အလှူကြီးကိုပေးကြကုန်၏။ ကောသလ မင်းကြီးသည် ထိုအလှူကို ကြည့်ရှုပြီးလျှင် မြို့သူမြို့သားများထက် ပို၍သာ အောင် မကြံဆောင်တတ်တော့သဖြင့် အိပ်ရာထဲမှာ လှဲနေရလေတော့ သည်။

မလ္လိကာမိဖုရားကြီးသည် ကောသလမင်းကြီး၏ အကြံခက်နေပုံကို မေးမြန်းသိရှိသဖြင့် သူတစ်ပါး တုပ၍မလှူနိုင်သော အသဒိသအလှူတော်ကြီး ကျင်းပနိုင်ရန် အကြံဉာဏ်ပေး၏။ ကောသလမင်းကြီးကလည်း ထို အကြံ ဉာဏ်ကို သဘောတူလက်ခံ၏။ သို့ဖြစ်၍ နန်းတော် အမှုထမ်းတို့သည် နန်း တွင်းအကွေ့၌ သာလကလျာဏီ မည်သော ပျဉ်ချပ်တို့ဖြင့် ရဟန်းငါးရာတို့ အတွက် မဏ္ဍပ်ကြီး ဆောက်လုပ်ကြကုန်၏။ ထီးဖြူငါးရာတို့ကို ဆင်ပြောင် ငါးရာတို့က နှာမောင်းများဖြင့်ကိုင်ကာ အရန်ဆောင့်ရှိနေကြ၏။ အချိန် ကျ၍ ဘုရားရှင်နှင့်တကွ ရဟန်းငါးရာ ကြွတော်မူလာကြသောအခါ ထို ထီးဖြူများအောက်တွင် ခင်းထားသော ပလ္လင်များသို့ ကောသလမင်းကြီး က ပင့်ဆောင်၏။ ရဟန်းတစ်ပါးအတွက် ထီးမိုးပေးမည့် ဆင်တစ်ကောင် လိုနေသဖြင့် ကောသလမင်းကြီးမှာ အခက်ကြုံရ၏။ ကျန်သောဆင်များမှာ တင်ရိုင်းဆင်ကြမ်းများသာ ဖြစ်နေ၍ မဏ္ဍပ်ထဲမှာထား၍ မရနိုင်ချေ။ ဤ တွင် မလ္လိကာမိဖုရားက ဆင်ရိုင်းဆင်ကြမ်းကို အရှင်အင်္ဂုလိမာလအတွက် တာဝန်ပေးရန် အကြံပေး၏။ အကြံပေးသည့်အတိုင်း ပြုလုပ်သောအခါ ဆင်ရိုင်းဆင်ကြမ်းကြီးသည် အရှင်အင်္ဂုလိမာလ၏ နောက်ပါး၌ အမြီးကို ပေါင်ကြားသို့သွင်းကာ နားရွက်များကို တွဲလွဲချလျက် မျက်စိများ စုံမှိတ် ပြီးလျှင် ရိုသေကြောက်ရွံ့စွာ ထီးမိုးနေရလေသည်။

မဏ္ဍပ်ကြီး၏အလယ်မှာ ရွှေနီပုစ္စန်ခွံအုပ်ထားသော လှေတော်ဆယ် စင်းတို့ကို ထား၍၏။ ရဟန်းနှစ်ပါး နှစ်ပါးတို့၏အကြား၌ မင်းသမီးတစ် ပါးစီက နံ့သာသွေး၍ နေကြ၏။ မင်းသမီးတစ်ယောက်စီက ယပ်လေခတ်

လျက်နေ၏၊ ကျန်သော မင်းသမီးများက သွေး၍ရလာသမျှ နံ့သာတို့ကို
ရွှေလှေများထဲမှာ လောင်းထည့်ကြ၏။ အချို့သော မင်းသမီးတို့က ရွှေ
လှေထဲမှ နံ့သာရည်တို့ကို ပိုမို၍ အနံ့မွှေးလာကြစေရန် ကြာညိုပန်းစည်း
များဖြင့် ခပ်၍ပေးနေကြ၏၊ ဤသို့ တခမ်းတနား စီစဉ်ပြီးခါမှ ဘုရားရှင်
နှင့်တကွ သံဃာတော်များအား မြိန်မြတ်လှစွာသော ဆွမ်းဘောဇဉ်များ
ဆက်ကပ်ကြ၏။ ဆွမ်းဘုဉ်းပေး၍ ပြီးကြသောအခါ ကောသလမင်းကြီး
က "အရှင်ဘုရား၊ ဤအလှူမဏ္ဍပ်မှာ ရှိပြီးသော ဥစ္စာဘဏ္ဍာအားလုံးကို
အရှင်ဘုရားအား လှူပါ၏ဘုရား" ဟု လျှောက်ထား၏၊ ဤသို့ မြို့သူမြို့သား
တို့ တု၍မပြုနိုင်သော အခမ်းအနားလှူဒါန်းမှုဖြင့် ထိုအလှူတော်ကြီးကို
အသဒိသအလှူတော်ကြီးဟု ခေါ်ကြရလေသည်။

တစ်နေ့တည်းနှင့် ပေးလှူသော ထိုအသဒိသ အလှူတော်ကြီးသည်
တစ်ဆယ့်လေးကုဋေ ကုန်ကျ၏၊ ဘုရားရှင်အတွက် ထီးဖြူတော်၊ ထိုင်တော်
မူရာပလ္လင်၊ သပိတ်ခြေနှင့် ခြေဆေးအင်းပျဉ်းတို့သည်ကား၊ အဖိုးမဖြတ်နိုင်
အောင် ရှိကုန်၏၊ ဤသို့သော အသဒိသ အလှူတော်ကြီးသည် ဘုရားတစ်ဆူ
တစ်ဆူတွင် တစ်ကြိမ်သာဖြစ်သည်၊ ထိုအလှူတော်တိုင်းမှာလည်း မိန်းမ
သားများသာ စီမံဖန်တီးကြရလေသည်။

ကောသလမင်းကြီး နန်းတော်တွင် ကာဠနှင့် ဇုဏှဟူသော အမတ်
နှစ်ယောက်ရှိကြရာ ကာဠအမတ်သည် အသဒိသအလှူတော်ကြီးကို မကျေ
နပ်ဖြစ်နေ၏။ "ဤရဟန်းတို့သည် ကျွေးမွေ့လှူဒါန်းသည်တို့ကို စား
သောက်သွားကြပြီးလျှင် အားရအောင် အိပ်ကြကုန်လတ္တံ့။ ဩော်၊ မင်း
နန်းတော်သည် ဆုတ်ယုတ်လေစွတကား" ဟု ကြံစည်နေ၏၊ ဇုဏှအမတ်
သည်ကား "ဩော်၊ မင်းကြီးအလှူသည် ကောင်းမြတ်ပေစွ၊ မင်းအဖြစ်
၌သာ မတည်ရှိပါမူ ဤသို့ လှူနိုင်မည်မဟုတ်ချေ၊ သတ္တဝါအားလုံးတို့ကို
လည်း အမျှဝေပေ၏တကား" ဟု ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်လေ
သည်၊ အသဒိသအလှူတော်ကြီးအတွက် အနုမောဒနာတရား ဟောရန်ရှိ
သောအခါ ဘုရားရှင်သည် အလှူအားလျော်စွာ ကြီးမားကျယ်ပြန့်လှသော
သုတ္တန်ဒေသနာတော်ကြီးများကို ဟောကြားလျှင် ကာဠအမတ်မှာ မခံ
မရပ်နိုင်လွန်း၍ ခေါင်းခုနစ်စိတ် ကွဲမည့်အရေးကို မြင်တော်မူသဖြင့်
ဂါထာတစ်ပုဒ်မျှသာ ဟောကြားပြီး လျှင် ကျောင်းတော်သို့ ကြွတော်မူ၏၊
ကောသလမင်းကြီးသည် ထိုကိစ္စအတွက် မကျေမနပ်ဖြစ်ကာ ဘုရားကျောင်း
တော်သို့ လာရောက်၍ မေးလျှောက်၏၊ ဘုရားရှင်က "မင်းကြီး၊ ကာဠ

အမတ်ကို သနားသောအားဖြင့် ဟောကြားခဲ့ပေ''ဟု မိန့်တော်မူကာ အမတ်နှစ်ယောက်တို့၏ စိတ်သဘောထားများကို မိန့်ကြားတော်မူ၏။ ကောသလမင်းကြီးသည် ကံဝဋ္ဋအမတ်ကို တိုင်းပြည်မှနှင်ထုတ်ကာ ရတနာ အမတ်အား မိမိကဲ့သို့ ခုနစ်ရက်တိုင်တိုင် လူဒါန်းလေ၏''ဟု ပြည်ဥပစိမ် ကို ဆပ်နှင်း၏၊ ဤအကြောင်းများနှင့်ဆက်စပ်၍ ကောသလမင်းကြီးအား တရားစကား ဟောကြားတော်မူလိုသဖြင့် ဘုရားရှင်သည အထက်ပါဒေသနာ တော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ ရတနာအမတ်သည် သောတာပန်ဖြစ်လေ၏။ (လောကဓမ္မပုရာကြီး နတ်ရွာစံခုပုံကို ရေဝင်၊ လောက မိဖုရား ဝတ္ထုတွင် ရှု၊ ဆင်ကြင်းကြီးကို မကြိုက်သော အရှင်အင်္ဂုလိမာလကို အကြောင်းပြု၍ ဟောကြားသော ဒေသနာတော်ကို ဖြဟ္မဝင်၊ အရှင် အင်္ဂုလိမာလဝတ္ထု၌ ရှုပါ။)

**ဒေသနာတော်**

၁၇၈။ မြေအပြင် တစ်ခုလုံး၌ မင်းဧကရာဇ် ဖြစ်ရသည်ထက် လည်း ကောင်း၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်သို့ ရောက်ရသည်ထက် လည်း ကောင်း၊ တစ်လောကလုံးကို အစိုးရသည်ထက် လည်းကောင်း သောတာပတ္တိဖိုလ်သည် မြတ်၏။

## အနာထပိဏ်သေဋ္ဌေးကြီး၏သား ကာလ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အနာထပိဏ် သေဋ္ဌေးကြီး၏သား ကာလကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ကာလ သတို့သားသည် သူမဟုတ်သော သဒ္ဓါတရား ထက်သန်လှ သော အနာထပိဏ်သေဋ္ဌေးကြီး၏သား ဖြစ်ပါလျက် ဘုရားရှင်ထံ မသွား လိုပေ။ အိမ်သို့ ဘုရားရှင် ကြွတော်မူလာလျှင်လည်း ဖူးမြော်ဖူးချင်ပေ။ တရားနာချင်ပေ။ သံဃာတော်များ၏ ဝေယျာဝစ္စကိုလည်း မပြုချင် ပေ။ ဤသို့သော အပြုအမူများကို ဖခင်သေဋ္ဌေးကြီး တွေ့မြင်ပါသော် လည်း လက်နှင့်ခြင်းမရှိပေ။ အနာထပိဏ် သေဋ္ဌေးကြီးသည် သားဖြစ်သူ ဤအတိုင်း ပေတေနေသွားလျှင် အပါယ်ကျမည့်အရေးကို မြင် သဖြင့် ''ချစ်သား၊ ဥပုသ်စောင့်၍ ကျောင်းသို့သွားကာ တရားနာခဲ့ပါ။ သင့်အား အသပြာတစ်ရာပေးမည်''ဟု ဆို၏။ ကာလသည် ဖခင်၏ ကတိ

စကားကို နိုင်မြဲအစဉ် ချည်တုပ်ကာ ဥပုသ်ဆောက်တည်ပြီးလျှင် ဇေတဝန်ကျောင်းတော်သို့ သွား၏၊ ကျောင်းတော်သို့ ရောက်လျှင်ကား တရားပွဲနားသို့ မရောက်တော့ပေ၊ ချမ်းသာရာနေရာ၌ တစ်ညလုံးအိပ်ပြီး နံနက်စောစော အိမ်သို့ပြန်လာ၏။ ဥပုသ်သည် ကာလအတွက် ဖခင်သူဌေးကြီး စားစရာများ ယူ၍ပေးစေသောအခါ ကာလသည် ငွေမရမချင်း မစားချေ၊ ငွေထင်ရာကို လက်ထဲသို့ပေးကာမှ စိတ်ချလက်ချ စားသောက်လေသည်၊ နောက်တစ်နေ့တွင်မူ အနာထပိဏ်သူဌေးကြီးက "ချစ်သား၊ ဘုရားရှင်ရှေ့တော်မှောက်၌ ဂါထာတစ်ပုဒ်ကို ရအောင် နာယူခဲ့လော့။ သင့်အား အသပြာတစ်ထောင် ပေးအံ့"ဟု ဆို၏၊ ကာလသည် အသပြာတစ်ထောင် ရလိုမှုဖြင့် ဘုရားရှင်ရှေ့တော်သို့ မခင်စပူး ဝင်ရောက်ကာ ဂါထာတစ်ပုဒ်ကို ဂရုစိုက်၍ကြားနာ၏၊ ဘုရားရှင်က သူ မှတ်သားထား၍ မရနိုင်အောင် တန်ခိုးဖန်ဆင်းထားသဖြင့် ကာလသည် နောက်တစ်ပုဒ်ကို ဆက်၍နာရပြန်၏၊ ဤသို့ ဆက်ကာဆက်ကာ ကြားနာရင်းကပင် ကာလသည် သောတာပန်ဖြစ်သွား၏၊ နောက်တစ်နေ့နံနက်တွင် ကာလသည် ဘုရားအမှူးရှိသော သံဃာတော်များ နောက်ပါးမှ ငြိမ်သက်စွာ လိုက်ပါလာ၏။ ဖခင်သူဌေးကြီးသည် ကာလကို အကဲခတ်ကာ "ယနေ့ ငါ့၏သား အမူအရာသည် နှစ်သက်ဖွယ် ရှိလှပေစွ"ဟု ဝမ်းသာနေ၏၊ သူဌေးကြီးသည် ဘုရားရှင်နှင့်တကွ ရဟန်းများအား ယာဂုဆက်ကပ်ကာ ဆွမ်းခဲဖွယ်များလည်း ဆက်ကပ်၏၊ သားဖြစ်သူ ကာလကိုလည်း အစားအသောက်မျိုးစုံကိုပေး၏။ ကာလသည် ယမန်နေ့ကကဲ့သို့ ပူဆာနေတော့ဘဲ စားစရာများကို ငြိမ်သက်စွာ စားသောက်လေသည်၊

ဆွမ်းစားခြင်းကိစ္စများပြီးစီးသောအခါ အနာထပိဏ်သူဌေးကြီးသည် ဘုရားရှင်၏ရှေ့တော်မှောက်၌ သားဖြစ်သူ ကာလအား မိမိ၏ကတိပြုထားခဲ့သော အသပြာတစ်ထောင်ကို ပေး၏၊ ကာလက "ဖခင်၊ ကျွန်တော် အသပြာကို အလိုမရှိပါ"ဟု ဆိုကာ ငြင်းပယ်၏၊ ဤတွင် သူဌေးကြီးက "အရှင်ဘုရား၊ တပည့်တော်သား၏ အမူအရာသည် နှစ်သက်ဖွယ်ရှိလှပါသည်။ ယခင်နေ့က အသပြာတင်ရာပေးမှ ကျောင်းတော်သို့ လွှတ်၍ရပါသည်၊ ယနေ့သော်ကား အသပြာကို အလိုမရှိတော့ပါဘုရား" ဟု လျှောက်ထား၏၊ ဘုရားရှင်က ထိုစကားများနှင့်ဆက်စပ်၍ တရားစကားဟောကြားတော်မူလိုသဖြင့် အထက်ပါဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

စတုတ္ထအကြိမ်

# ဗုဒ္ဓဝင်

ဒေသနာတော်

၉၉။ အကြင်မြတ်စွာဘုရားသည် အောင်အပ်ပြီးသော ကိလေသာကို တစ်ဖန်ပြန်၍ အောင်နိုင်ရန် မလိုပြီ၊ လောက၌ အကြင် မြတ်စွာဘုရား၏ အောင်အပ်ပြီးသော ကိလေသာ နောက်သို့ တစ်စုံတစ်ခုမျှ လိုက်ပါမလာတော့ချေ။ အပိုင်းအခြားမရှိ ကျက်စားနိုင်သော ဉာဏ်တော်ရှိသော၊ ရာဂ စသော ခရီးလမ်းကြောင်းမရှိသော ထိုမြတ်စွာဘုရားကို အဘယ်ခရီးလမ်းကြောင်းဖြင့် သင်တို့လိုရာသို့ ခေါ်ဆောင်နိုင်ကုန်အံ့နည်း။

၁၀၀။ အကြင်မြတ်စွာဘုရားအား တစ်စုံတစ်ရာသော လောကသို့ ခေါ်ဆောင်ရန် ပိုက်ကွန်ပမာ ကပ်ငြိတတ်သော တဏှာ မရှိပေ၊ အပိုင်းအခြားမရှိ ကျက်စားနိုင်သော ဉာဏ်တော်ရှိသော၊ ရာဂ စသော ခရီးလမ်းကြောင်းမရှိသော ထိုမြတ်စွာဘုရားကို အဘယ်ခရီး လမ်းကြောင်းဖြင့် သင်တို့လိုရာသို့ ခေါ်ဆောင်နိုင်ကုန်အံ့နည်း။

## မာရ်နတ်မင်း၏ သမီးများ

ဗေဓိပင်နှင့် ရွှေပလ္လင်အနီး ဆိတ်ကျောင်း ညောင်ပင်ရင်း၌ ဘုရားရှင် ပဉ္စမသတ္တာဟ စံနေတော်မူစဉ် မာရ်နတ်မင်း၏ သမီးသုံးယောက်တို့အား ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

မာရ်နတ်မင်းသည် ဘုရားလောင်း တောထွက်တော်မူသည့်အခါ၌ ကာမ၊ ဝိတက် စသော အပြစ်အနာများကို ရှာဖွေလျက် ခုနစ်ရက်တိုင်တိုင် ဘုရားလောင်း နောက်မှ လိုက်ပါနေ၏။ ဘုရားလောင်းသည်ကား မြင့်မြတ်လှစွာသော လုံ့လဝီရိယဖြင့် ဗောဓိပင်နှင့် ရွှေပလ္လင်၌ ဘုရားအဖြစ်သို့ ရောက်တော်မူကာ ပဉ္စမသတ္တာဟတွင် ဆိတ်ကျောင်း ညောင်ပင်ရင်း၌ စံနေတော်မူ၏။ မာရ်နတ်သည် အပြစ်အနာတို့ကို ရှာဖွေ၍မရသောကြောင့် "ဤသူသည် ငါ၏နယ်ပယ်ကို ကျော်လွန်သွားချေပြီ"

စတုတ္ထအကြိမ်

ဟု စိတ်နှလုံး မအားမယားဖြင့်ကာ လမ်းမကြီး၌ ကြံမှိုင်နေ၏။ ဤတွင် တဏှာ၊ အရတိ၊ ရာဂါ ဟူသော မာရ်နတ်မင်း၏ သမီးသုံးယောက်တို့ ရောက်လာကြပြီးလျှင် "ခမည်းတော်၊ မစိုးရိမ်ပါလင့်။ ယခုပင်လျှင် သိဒ္ဓတ္ထမင်းသားကို ရာဂ ကြိုးကွင်းဖြင့် ဖမ်း၍ ထွဲခေါ်လာခဲ့ပါမည်" ဟု ပြောဆိုကြလေသည်။

မာရ်နတ်မင်း၏ သမီးတို့သည် တစ်ယောက် တစ်ယောက်လျှင် အမျိုးသမီးသစ်ရာစီ ဖန်ဆင်းကြ၏။ ယောကျ်ားတို့၏ အလိုဆန္ဒအမျိုးမျိုး နှင့် ကိုက်ညီစေရန် အမျိုးသမီးတို့ကို အပျိုစင်အရွယ်၊ သားမဖွားသေး အိမ်ထောင်သည်အရွယ်၊ သားတစ်ကြိမ် ဖွားပြီးသော အရွယ်၊ သားနှစ် ကြိမ် ဖွားပြီးသောအရွယ်၊ မိန်းမလတ်အရွယ်၊ မိန်းမကြီးအရွယ်တို့ကို ဖန် ဆင်းကြ၏။ ထိုသို့ အရွယ်အမျိုးမျိုး ဖန်ဆင်းထားသော အမျိုးသမီးများ သည် ဘုရားရှင်ထံ ချဉ်းကပ်ပြီးလျှင် "ရဟန်း၊ သင်၏ခြေရင်း၌ အလုပ် အကျွေး ပြုကြပါကုန်အံ့" ဟု ဆိုကြ၏။ ဘုရားရှင်ကား သူတို့၏ ပန်ကြား ချက်ကို လက်မခံဘဲ အထက်ပါ ဒေသနာတော်ကို ဟောကြားတော် မူလေ သတည်း။

ထိုမဉ်တုန်းက ဤသို့တွေ့ကြုံခဲ့ရပုံကို မာဂဏ္ဍိ ပုဏ္ဏားကြီးက မိမိ၏ သမီး မာဂဏ္ဍိကို ဆက်သလာသောအခါ နောက်ကြောင်းပြန်၍ ဟော ကြားတော်မူ၏။

[မာဂဏ္ဍိ ပုဏ္ဏား သားအမိတို့အကြောင်း အပြည့်အစုံကို အပ္ပမာဒ ဝဂ်၊ သာမာဝတီမိဖုရား ဝတ္ထုတွင် ရှုပါ။)

ဒေသနာတော်

၁၈၁။ အကြင် ပညာရှိတို့သည် သမထဈာန်၌ လေ့လာအားထုတ်ကုန် ၏၊ ကာမဂုဏ်မှ ထွက်မြောက်ခြင်း၊ ကိလေသာ ငြိမ်းအေးခြင်း၌ မွေ့လျော်ကုန်၏။ သစ္စာလေးပါးတရားကို ကောင်းစွာ သိကုန် သော၊ သတိရှိကုန်သော ထိုပညာရှိတို့အား နတ်ဗြဟ္မာတို့သည် ချစ်မြတ်နိုးကုန်၏။

## နတ်ပြည်မှ ဆင်းသက်တော်မူခြင်း

တာဝတိံသာ နတ်ပြည်မှ သင်္ကဿနဂိုရ်မြို့သို့ ဘုရားရှင် ဆင်းသက်တော် မူလာစဉ် ဝမ်းမြောက်ဝမ်းသာ လျှောက်ထားလာသော အရှင်သာရိပုတ္တရာ အား အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

တန်ခိုးပြာဋိဟာ ပြုတော်မူခြင်း၊ နတ်ပြည်သို့ တက်ရောက်တော်မူခြင်း စသော ဘုန်းရှင်၏ ကြီးကျယ် ခမ်းနားလှသော ကိစ္စများသည် ရာဇဂြိုဟ်သေဋ္ဌေး၏ စန္ဒကူးသပိတ်မှ အစပြု၍ ဖြစ်ပေါ်လာကြ၏။ မိစ္ဆာဒိဋ္ဌိလည်း မဟုတ်၊ သမ္မာဒိဋ္ဌိလည်း မဟုတ်၊ ကြားနေသဘောထားရှိသော ရာဇဂြိုဟ်မြို့တော်မှ သေဋ္ဌေးတစ်ဦးသည် ဂင်္ဂါမြစ်မှ ရရှိသော စန္ဒကူးအစေးကို ပွတ်စင်တင်၍ သပိတ်ဖြစ်အောင် ထွင်းစေ၏။ ထို့နောက် ထိုစန္ဒကူးသပိတ်ကို အတောင်ခြောက်ဆယ်မြင့်သော ဝါးတိုင်ထိပ်တွင် ဆိုင်းနှင့်ဆွဲထားစေပြီးလျှင် "ဤလောက၌ ရဟန္တာရှိခဲ့လျှင် ဤသပိတ်ကို ကောင်းကင်မှ ကြွလာ၍ ယူတော်မူကြပါ။ သပိတ်ယူနိုင်သော ပုဂ္ဂိုလ်ကို သားမယားနှင့်တကွ ကိုးကွယ်ဆည်းကပ်ပါအံ့"ဟု ပြောဆိုကြွေးကြော်လေသည်။

ပူရဏကဿပ စသော တိတ္ထိဆရာကြီး ခြောက်ဦးတို့သည် စန္ဒကူးသပိတ်ကို တစ်ဦးလျှင် တစ်ရက်ကျလာ၍ တောင်းကြလေ၏။ သေဋ္ဌေးက "ကောင်းကင်မှ ကြွ၍ ယူတော်မူကြပါ" ဟု ဆိုသဖြင့် ပြန်သွားကြရ၏။ ခုနစ်ရက်မြောက်သောနေ့တွင်ကား နိဂဏ္ဌနာဋပုတ္တဆရာကြီး၏ တပည့်များက လာ၍တောင်းကြ၏။ သေဋ္ဌေးက ယခင်အတိုင်း ပြော၍လွှတ်လိုက်ရာ နိဂဏ္ဌနာဋပုတ္တ ဆရာကြီးသည် တပည့်များနှင့် ကြိုတင်ညှိနှိုင်းထားပြီးလျှင် သေဋ္ဌေးအိမ်သို့ ကိုယ်တိုင်လာ၍ တောင်း၏။ သေဋ္ဌေးက ယခင်အတိုင်း ပြောဆိုသောအခါ နိဂဏ္ဌနာဋပုတ္တ ဆရာကြီးသည် လက်တစ်ဖက် ခြေတစ်ဖက်ကို မြှောက်ကာ ကောင်းကင်သို့ ပျံတက်မည့်ဟန်ပြု၏။ ဤတွင် သူ့တပည့်များက ကြိုတင်ညှိနှိုင်းထားခဲ့သည့်အတိုင်း ဝိုင်း၍ဆွဲကြပြီးလျှင် "လူ့ခေါင်းခွံပမာ ယုတ်ညံ့လှစွာသော သပိတ်တစ်လုံးအတွက် လျှို့ဝှက်ထားသော တန်ခိုးများကို မပြချင်ပါနှင့် ဆရာကြီး"ဟု ဆိုကြ၏။ ဤသို့ ပရိယာယ်ဆင်သော်လည်း သေဋ္ဌေးက ပြောနေကျအတိုင်းသာ ပြော၍ လွှတ်လိုက်လေသည်။

ထိုနေ့တွင်ပင် အရှင်မဟာမောဂ္ဂလာန်နှင့် အရှင်ပိဏ္ဍောလဘာရဒွါဇတို့သည် ရာဇဂြိုဟ်မြို့သို့ ဆွမ်းခံဝင်ရန် ကျောက်ဖျာကြီးတစ်ခုပေါ်၌ သင်္ကန်းရုံနေကြ၏။ ထိုစဉ်တွင် သေသောက်ကြူးများက "အချင်းတို့၊ ရာဇဂြိုဟ်သေဋ္ဌေးသည် သပိတ်ကို ကောင်းကင်မှာ ချည်ထား၍ ရဟန္တာရှိလျှင် ကောင်းကင်မှလာ၍ ယူပါဟု ကြေညာထား၏၊ ယနေ့ ခုနစ်ရက်ရှိပေပြီ။ တစ်ဦးမျှ ကောင်းကင်မှ ပျံလာနိုင်သူ မရှိချေ။ ယခုမှပင် လောကတွင် ရဟန္တာမရှိကြောင်း သိရပေသည်"ဟု ဆိုကြ၏။ ထိုစကားကို ကြားလျှင်

အရှင်မောဂ္ဂလာန်က "ငါ့ရှင် ဘာရဒွါဇ၊ ဤသူတို့သည် ဘုရားရှင်၏ သာသနာတော်ကို စူးစမ်းလိုကုန်၏၊ ဆင်သည်လည်း၊ တန်ခိုးအာနုဘော်ကြီး၏၊ သွားပါလော့၊ သပိတ်ကို ကောင်းကင်မှယူ၍ ယူပါချေလော့" ဟု တိုက်တွန်း၏၊ အရှင်ပိဏ္ဍောလဘာရဒွါဇသည် အဘိညာဉ်၏ အခြေခံ ဖြစ်သော စတုတ္ထဈာန်ကိုဝင်စား၍ ထိုဈာန်မှထလာပြီး သုံးဂါဝုတ်ပမာဏ ရှိသော ကျောက်ဖျာကြီးကို ခြေဖျားဖြင့်ထပ်ယူလာ၍ ဝါဂွမ်းစုအလား ကောင်းကင်သို့ ယူလာပြီးလျှင် ရာဇဂြိုဟ်မြို့ပေါ်၌ ခုနစ်ကြိမ်တိုင်တိုင် လှည့်လည်၏၊ မြို့သူမြို့သားတို့သည် ကြောက်ကြလွန်းသဖြင့် ထိုထိုနေရာ တို့၌ ပုန်းခို၍ နေကြရလေသည်၊

ထိုနောက် အရှင် ပိဏ္ဍောလဘာရဒွါဇသည် ကျောက်ဖျာကို ဖယ်၍ မိမိကို မြင်နိုင်ကြစေရန် ပြသ၏၊ မြို့သူမြို့သားတို့က "အရှင် ပိဏ္ဍောလဘာရဒွါဇဘုရား၊ ကျောက်ဖျာကို မြဲမြဲစွာယူတော်မူပါဘုရား" ဟု လျှောက်ထားကြ၏၊ အရှင်ပိဏ္ဍောလဘာရဒွါဇသည် ကျောက်ဖျာကို ခြေဖျားဖြင့်ခတ်လိုက်ရာ ကျောက်ဖျာကြီးသည် မူလနေရာသို့ ပြန်ရောက် သွား၏၊ အရှင်ပိဏ္ဍောလဘာရဒွါဇသည် သေဋ္ဌေး၏အိမ်ရှေ့သို့ ကော်ဖမ်း တင်မှုကြသွား၏၊ သေဋ္ဌေးသည် အရှင်မြတ်ကို ကောင်းကင်မှဆင်း၍ ကြ လာပါရန် လျှောက်ထားပြီးလျှင် သပိတ်ကိုယူ၍ စတုမဓု အပြည့်ထည့်ကာ လှူဒါန်းလိုက်၏၊ မြို့သူမြို့သားအပေါင်းတို့သည် အရှင်ပိဏ္ဍောလဘာရဒွါဇ၏ တန်ခိုးပြာဋိဟာကို အားရဝမ်းသာ ချီးကျူးပြောဆိုကြကာ ဝေဠုဝန် ကျောင်းတော်ဝထိအောင် အုတ်အုတ်ကျက်ကျက် ပြောဆိုလျက် လိုက်ပါ လာကြ၏၊ ဘုရားရှင်သည် ထိုအုတ်အုတ်ကျက်ကျက် ပြောဆိုသံများကို ကြားသဖြင့် အရှင်အာနန္ဒာအား မေးမြန်း၍ သိရှိတော်မူသောအခါ အရှင် ပိဏ္ဍောလဘာရဒွါဇကို ရှုတ်ချတော်မူ၏၊ စန္ဒကူးသပိတ်ကို အစိတ်စိတ် အမြွှာမြွှာခွဲ၍ ပစ်စေတော်မူ၏၊ ထို့နောက် ရဟန်းများ၊ တန်ခိုးမပြရန် သိက္ခာပုဒ်ကိုလည်း ပညတ်တော်မူလေသည်၊

ရဟန်းများအား တန်ခိုးပြာဋိဟာမပြရန် တားမြစ်တော် မူထား သဖြင့် ပင်ကိုယ်ပင် တန်ခိုးပြနိုင်သော တိတ္ထိတို့သည် ထိုအချက်ကိုအားပြု ၍ မိမိတို့အား လူများ၊ အထင်ကြီးလာစေရန် "ငါတို့သည် ရဟန်းဂေါတမ နှင့် တန်ခိုးချင်းပြိုင်ကြကုန်အံ့" ဟု ကြွေးကြော်ကြကုန်၏၊ ဗိမ္ဗိသာရ မင်းကြီးသည် ထိုအကြောင်းကို ဘုရားရှင်ထံ ဝင်ရောက်၍ လျှောက်ထား လေရာ ဘုရားရှင်က—

"မင်းကြီး၊ တိတ္ထိတို့တန်ခိုးပြလျှင် ငါတို့လည်း ပြကြကုန်အံ့"

"အရှင်ဘုရား၊ တန်ခိုးမပြရန် သိက္ခာပုဒ် ပညတ်ထားသည် မဟုတ်ပါလော"

"မင်းကြီး၊ သိက္ခာပုဒ် ပညတ်ထားသည့် မှန်ပေ၏၊ သို့ရာတွင် သင်မင်းကြီးကို မေးဦးအံ့၊ သင်မင်းကြီး၏ ဥယျာဉ်တော်မှ သရက်သီးကို သင်မင်းကြီး စားခွင့် ရှိပါ၏လော"

"တပည့်တော် စားခွင့်ရှိပါသည် ဘုရား"

"မင်းကြီး၊ ထို့အတူပင်ဖြစ်၏၊ တန်ခိုးမပြရန် သိက္ခာပုဒ် ပညတ်ခြင်းသည် တပည့်ရဟန်းများအတွက်သာ ဖြစ်၏၊ ငါဘုရားအတွက် မဟုတ်ချေ၊ ငါဘုရားသည် တန်ခိုးပြာဋိဟာ ပြုပေအံ့"

"အရှင်ဘုရား၊ ဘယ်အချိန်၊ ဘယ်နေရာ၌ တန်ခိုးပြာဋိဟာပြုတော်မူမည်နည်း"

"မင်းကြီး၊ ဤနေ့မှနောက် လေးလလွန်မြောက်သော ဝါဆိုလပြည့်နေ့၌ သာဝတ္ထိမြို့တော်တွင် ပြုပေအံ့"

ဤသို့ မိန့်ကြားတော်မူပြီးလျှင် ဘုရားရှင်သည် နောက်ပါ ရဟန်းများနှင့်တကွ ရာဇဂြိုဟ်မြို့တော်၌ ဆွမ်းခံဝင်တော်မူပြီးလျှင် သာဝတ္ထိမြို့တော်သို့ ကြွတော်မူလေ၏၊ တိတ္ထိတို့သည်လည်း ရဟန်းများ၏နောက်မှ ထက်ကြပ်မကွာ လိုက်ပါလာကြပြီးလျှင် မေးမြန်းလာသမျှသော လူတို့အား "ငါတို့သည် ရဟန်းဂေါတမနှင့် တန်ခိုးပြိုင်ရန် လိုက်လာကြကုန်၏၊ ရဟန်းဂေါတမသည် ထွက်ပြေးသဖြင့် သူ့ကို ပြေးခွင့်မပေးဘဲ ငါတို့ လိုက်ပါနေကြရပေသည်" ဟု ပြောဆိုကြ၏၊ လူအပေါင်းတို့သည် "တန်ခိုးပြိုင်ပွဲကြီးကို ကြည့်ကြရကုန်အံ့" ဟု ဆိုကာ တိတ္ထိများနောက်မှ လိုက်ပါလာကြပြန်လေသည်။

သာဝတ္ထိမြို့တော်သို့ ရောက်ကြသောအခါ တိတ္ထိတို့သည် မိမိတို့ ဒါယကာများထံ နှိုးဆော်ပြီးလျှင် ရှားတိုင်တို့ဖြင့် မဏ္ဍပ်ကြီးဆောက်၍ ကြာညိုပန်းတို့ကို မိုးကြပြီးလျှင် "ဤမဏ္ဍပ်၌ တန်ခိုးပြကြကုန်အံ့" ဟု ပြောဆို၍ နေထိုင်ကြလေသည်။

ပသေနဒီ ကောသလ မင်းကြီးသည် ဘုရားရှင်ထံ ဝင်ရောက်ပြီးလျှင် "အရှင်ဘုရား၊ တပည့်တော်လည်း အရှင်ဘုရားတို့အတွက် မဏ္ဍပ် ဆောက်ပါအံ့" ဟု လျှောက်ထား၏၊ ဘုရားရှင်က "မင်းကြီး၊ ငါဘုရားအတွက် မဏ္ဍပ်ဆောက်ဖွယ် ကိစ္စမရှိပေ၊ ငါဘုရားသည် ကဏ္ဍမည်သော

ဥယျာဉ်စောင့်အား သရက်ပင်ရင်း၌ တန်ခိုးပြခဲ့ဟန် ရှိပေအံ့''ဟု မိန့်ကြားတော်မူ၏၊ ထိုစကားကိုကြားသောအခါ တိတ္ထိတို့သည် တစ်ယူဇနာအတွင်းရှိ သရက်ပင်အားလုံးကို ယနေ့မှပေါက်လာသော သရက်ပင်ပေါက်ငယ်ကိုပင် နုတ်ယူခုတ်လှဲ၍ တောထဲသို့ ပစ်ကြရန် အလုပ်အကျွေးတို့အား ပြောဆိုတိုက်တွန်းကြ၏၊ အလုပ်အကျွေးတို့ကလည်း တိုက်တွန်း ပြောဆိုသည့်အတိုင်း ပြုလုပ်ကြလေသည်။

ဝါဆိုလပြည့်နေ့နံနက်တွင် ဘုရားရှင်သည် နောက်ပါ ရဟန်းများနှင့်တကွ သာဝတ္ထိမြို့တော်သို့ ဆွမ်းခံကြွတော်မူ၏၊ ထိုစဉ်တွင် ကဏ္ဍမည်သော ဥယျာဉ်စောင့်သည် ခါကျဉ်ထပ်အတွင်း၌ ဝင်းမှည့်နေသော သရက်သီးတစ်လုံးကိုရရှိ၍ ကောသလမင်းကြီးထံ ဆက်သရန်ယူလာ၏၊ လမ်းတွင် ဘုရားရှင်နှင့် တွေ့ဆုံသောအခါ ''သရက်သီးကို မင်းကြီးထံ ဆက်သလျှင် ဆယ့်ခြောက်ကျပ်မျှသာ ရရှိမည်၊ ဘုရားရှင်ထံ ဆက်သလျှင်တော့ ကာလရှည်စွာ အကျိုးပေးလတ္တံ့''ဟု တွေးတောပြီးလျှင် ဘုရားရှင်အား ဆက်ကပ်၏၊ ဘုရားရှင်သည် သရက်သီးမှည့်ကို သပိတ်တော်ဖြင့် ခံယူပြီးလျှင် ထိုနေရာမှာပင် ထိုင်လိုဟန်ပြတော်မူ၏။ အရှင်အာနန္ဒာက သင်္ကန်းများ ခေါက်ခင်းပေးကာ သရက်သီးမှည့်ကို ရေစစ်ဖြင့် စစ်ထားသောရေဖြင့် ဖျော်၍ ဆက်ကပ်၏၊ ဘုရားရှင်သည် သရက်သီးအဖျော်ကိုဘုဉ်းပေးတော်မူပြီးလျှင် သရက်စေ့ကို ကဏ္ဍအား ပေးတော်မူ၍ ''ကဏ္ဍ၊ ဤသရက်စေ့ကို ဤနေရာမှာပင် စိုက်ပျိုးလော့''ဟု စေခိုင်းတော်မူ၏၊ ကဏ္ဍစိုက်စိုက်ပျိုးထားသော သရက်စေ့ပေါ်၌ ဘုရားရှင်က လက်ဆေးရေပက်ဖျန်းတော်မူလိုက်သောအခါတွင် ထွန်တုံးတမျှ တုတ်ခိုင်လှသော သရက်ပင် ပေါက်လာလေသည်၊

ထိုသရက်ပင်သည် ချက်ချင်းပင် ပင်စည် အတောင်ငါးဆယ်ရှိကာ အရပ်လေးမျက်နှာနှင့် အထက်ထည့်တည့်သို့လည်း အတောင် ငါးဆယ်စီရှိသော အကိုင်းကြီး ငါးခု ဖြာထွက်လာကြ၏၊ တစ်ခဏအတွင်းမှာ အဖူးအပွင့်များထွက်လာပြီးလျှင် အသီးများဝေဆာလာ၏၊ နောက်တော်ပါ ရဟန်းများသည် ထိုအပင်မှ သရက်သီးမှည့်များကို စားကြရကုန်၏။ ကောသလမင်းကြီးသည် ထိုအပင်ကို ခုတ်လှဲခြင်းမပြုနိုင်ရန် အစောင့်အရှောက်များချပေးထား၏၊ ကဏ္ဍမည်သော ဥယျာဉ်စောင့်က စိုက်ပျိုးထားသဖြင့် ထိုသရက်ပင်ကို ကဏ္ဍသရက်ပင်ဟု ခေါ်ဝေါ်ကြလေသည်၊

သေသောက်ကြူးတို့သည်လည်း ထိုအပင်မှ သရက်သီးကို စားကြပြီးလျှင် သရက်စေ့များဖြင့် တိတ္တိုတို့ကို ပစ်ပေါက်ကန်၏။ သိကြားမင်းက် စေခိုင်းအဖြစ် လေနတ်သားတို့သည်လည်း တိတ္တိုတို့၏ ကျောပ်ကို လေပွေကြီးဆင်၍ နုတ်ယူပြီးလျှင် မသန့်ရှင်းသောမြေပေါ်၌ ချပစ်၏။ အမိုးအကာမရှိဘဲ ထိုင်နေကြသော တိတ္တိများကို နေနတ်သားကလည်း နေဝန်းကြီးကို ဆွဲငင်နှိမ့်ချ၍ အပူတိုက်၏။ အပူဒဏ်ကြောင့် ချွေးပြိုက်ပြိုက်ကျနေကြသော တိတ္တိုများကို လေနတ်သားက လေမုန်တိုင်းဆင်ကာ မြူမှုန်များဖြင့် ပက်၏။ တိတ္တိုတို့မှာ တစ်ကိုယ်လုံး မြေနီခဲတုံးကြီးများကဲ့သို့ဖြစ်ကုန်ကြရ၏။ ထိုသို့ ရိစဉ်မှာပင် မိုးနတ်သားက မိုးရွာချပြန်သဖြင့် တိတ္တိုတို့မှာ နွားပြောက်မကဲ့သို့ ဖြစ်ကြရကုန်၏။ တန်ခိုးပြိုင်ပွဲကြီးကို ကြေးကြော်ထားပြီးမှ ဤသို့ အရှက်တကွဲ ဖြစ်ကြရသဖြင့် တိတ္တိတို့သည် မျက်နှာမူရာ အရပ်သို့ ပြေးကြကုန်၏။ ပုရဏကဿပဆရာကြီးမှာမူကား လမ်းတွင်တွေ့ရသော လယ်သမားတစ်ယောက်ထံမှ ယာဂုအိုးနှင့် ကြိုးကိုတောင်းယူပြီးလျှင် ထိုအိုးနှင့် ကြိုးကို လည်ပင်းမှာ ဆွဲနှောင်ကာ ရေနက်ထဲသို့ ခုန်ဆင်း၍သေ၏။ သေပြီးနောက် မဟာအဝီစိငရဲသို့ ကျရောက်လေသည်။

ဤသို့ တိတ္ထိများ ဖရိုဖရဲ ပြေးသွားကြပြီးနောက် ဘုရားရှင်သည် တန်ခိုးပြာဋိဟာ ပြတော်မူရန် ဂန္ဓကုဋီမှ ထွက်တော်မူ၍ ကျောင်းဦး၌ ရပ်တော်မူ၏။ ထိုအချိန်၌ ယံရဏီမည်သော အနာဂါမ်ဥပါသိကာမ၊ အနာဂါမ်သာလျှင်ဖြစ်သော စူဠအနာထပိဏ်သေဌေး၊ ခုနစ်အရွယ်မှာပင် ပဋိသမ္ဘိဒါလေးပါးရရှိသော စိရာမည်သော သာမဏေမကလေး၊ အရင်မဥပ္ပလဝဏ်နှင့် အရှင် မဟာမောဂ္ဂလာန်တို့သည် ဘုရားရှင်ကိုယ်စား တန်ခိုးပြာဋိဟာ အမျိုးမျိုးပြသရန်လျှောက်ထားကြ၏။ ဘုရားရှင်သည် တပည့်များ၏ လျှောက်ထားချက်ကို ပယ်တော်မူပြီးလျှင် သိကြားမင်းဖန်ဆင်းထားသော ရတနာစင်္ကြံထက်သို့ တက်ကြွတော်မူလေသည်။

ထိုစင်္ကြံသည် စကြဝဠာ၏ အနောက်အနားအရေးမှ အရှေ့နားရေးအထိ ကောင်းကင်ထက်မှ တည်ရှိ၏။ ဘုရားရှင်သည် တေဇောကသိုဏ်းကို အာရုံပြုသော စျာန်သမာပတ်ကို ဝင်စားတော်မူ၍ အထက်ပိုင်း ကိုယ်တော်မှ မီးလျှံများလွှတ်တော်မူ၏။ အာပေါကသိုဏ်းကို အာရုံပြုသော စျာန်သမာပတ်ကို ဝင်စားတော်မူ၍ အောက်ပိုင်းကိုယ်တော်မှ ရေအလျဉ်လွှတ်တော်မူ၏။ တစ်ဖန် မီးလျှံလွှတ်ရာမှ ရေအလျဉ်လွှတ်တော်မူ၏။ ရေ

အလျဉ်လွှတ်ရာမှ မီးအလျှံလွှတ်တော်မူ၏၊ မီးအလျှံနှင့် ရေအလျဉ်တို့သည် တစ်ခုနှင့် တစ်ခု မရောယှက်ဘဲ ဗြဟ္မာ့ပြည်ထိအောင် တက်သွားကြပြီး လျှင် စကြဝဠာအနားရေးတွင် ဆင်းသက်လာကြ၏။ ကိုယ်တော်မှ ထွက်သော ရောင်ခြည်တော် ခြောက်သွယ်တို့သည် တို့ အတူပင် ဗြဟ္မာ့ပြည်အထိ တက်ပြီးလျှင် စကြဝဠာအနားရေးသို့ ပြန်ကျလာ၏၊

ဘုရားရှင်သည် ဤသို့ တန်ခိုးပြာဋိဟာပြတော်မူရင်း ပရိသတ်များအားလည်း သစ္စာလေးပါး တရားကို ဟောတော်မူ၏။ ထို့နောက် နိမ္မိတရုပ်ဖွားတော်ကို ဖန်ဆင်းတော်မူပြီးလျှင် ကိုယ်တော်မြတ်နှင့်အတူ အမေးအဖြေ ပြုတော်မူ၍ တရားဟောတော်မူ၏။ ထိုတရားတော်ကို ကြားကြရသဖြင့် ကုဋေနှစ်ဆယ်သော သတ္တဝါတို့သည် သစ္စာလေးပါး တရားတော်ကို သိမြင်ကြလေသည်၊

ဤသို့ တန်ခိုးပြာဋိဟာပြတော်မူပြီးနောက် ဘုရားရှင်သည် ရှေးဘုရားရှင်တို့၏ ထုံးအတိုင်း အမြဲ လက်ယာခြေတော်ဖြင့် ယုဂန္ဓိုရ်တောင်ထိပ်သို့ ကြွလှမ်းတော်မူပြီးလျှင် လက်ဝဲခြေတော်ဖြင့် မြင်းမိုရ်တောင်ထိပ်သို့ လှမ်းတော်မူ၏၊ ဤသို့ အားဖြင့် ယူဇနာ ၆၈ သိန်းရှိသော ခရီးကို လှမ်းသော တာဝတိံသာနတ်ပြည်သို့ နှစ်လှမ်း သုံးဖဝါးဖြင့် ကြွတော်မူပြီးလျှင် သိကြားမင်းနေထိုင်ရာ ပဏ္ဍုကမ္ဗလာ ကျောက်ဖျာ၌ ဝါဆိုတော်မူ၏၊ အလျားယူဇနာ ခြောက်ဆယ်၊ အနံယူဇနာငါးဆယ်၊ အထု ဆယ့်ငါးယူဇနာရှိသော ထိုပဏ္ဍုကမ္ဗလာထက်၌ ဘုရားရှင်ထိုင်တော်မူလိုက်ရှိသာအခါ ကိုယ်တော်မြတ်သည် ကမ္ဗလာတစ်ခုလုံးကို လွှမ်းခြုံနေပြီးလျှင် သင်္ကန်းစမျှသာ ကျန်ရှိနေလေ၏။

တန်ခိုးပြာဋိဟာပြတော်မူရာမှ ဘုရားရှင် ကွယ်ပျောက်တော်မူသွားသဖြင့်လူအပေါင်းတို့ငိုယိုအမ်းတကြပြီးလျှင် ရှင်မဟာမောဂ္ဂလာန်အားမေးလျှောက်ကြကုန်၏၊ အရှင်မဟာမောဂ္ဂလာန်သည်မိမိကိုယ်တိုင် သိရှိပါသော်လည်း အခြားရဟန်းများ၏ ဂုဏ်ကျေးဇူးလည်းထင်ရှားစေဟု နှလုံးသွင်း၍ မိမိကိုယ်တိုင် မဖြေကြားဘဲ အရှင် အနုရုဒ္ဓါကို မေးလျှောက်ရန် မိန့်ကြား၏၊ မိန့်ကြားသည့်အတိုင်း မေးမြန်းသောအခါ အရှင် အနုရုဒ္ဓါက ''တာဝတိံသာနတ်ပြည်သို့ အဘိဓမ္မာတရားဟောရန် ကြွတော်မူ၏'' ဟုဖြေကြား၏၊ တစ်ဖန် ''ဘယ်အခါ ပြန်ကြွတော်မူပါမည်နည်း'' ဟုမေးလျှောက်ပြန်သောအခါ ''သုံးလတိုင်တိုင် အဘိဓမ္မာတရားတော်ကို ဟောကြားတော်မူပြီးလျှင် သင်္ကာသနဂိုရ်ပြည်သို့ ဆင်းသက်တော်မူလတ္တံ့'' ဟု မိန့်ကြား၏၊ စည်းဝေးလာကြသော လူအများသည် ''ဘုရားရှင်ကိုမဖူးမြင်

ရသေးလျှင် မပြန်ပြီ"ဟု ဆိုကာ ထိုနေရာမှာပင် သစ်ခက်တဲနန်းများ ထိုး၍ နေကြကုန်၏။ ထိုသူတို့ စွန့်ပစ်သော အညစ်အကြေးများကွယ်ပျောက်စေရန် မဟာပထဝီမြေကြီးက ပတ်ကြားအက်များပွင့်လုပ်၍ပေးသဖြင့် မြေပြင်တစ်ခုလုံး သန့်ရှင်း စင်ကြယ်၍ နေ၏။ ထိုပရိသတ်အားလုံးကို စူဠအနာထပိဏ်သေဋ္ဌေးက ဝါးတွင်းသုံးလပါတ်လုံး ယာဂု၊ ထမင်း၊ ခဲဖွယ်၊ ကွမ်း စသော စားသောက်ဖွယ်များနှင့်တကွ ဆီ၊ အမွှေး၊ နံ့သာပန်း၊ အဆင်တန်ဆာတို့ကို ပေးလှူ၏။ အရှင်မဟာမောဂ္ဂလာန်သည် ပရိတ်သတ်ကြီးအား တရားဟောကာ မေးသမျှသော ပုစ္ဆာကို ဖြေကြားနေ၏။

ပဏ္ဏုကမ္ဗလာ ကျောက်ဖျာ ပေါ်သို့ ဘုရားရှင် တိုင်အောင်မမှီသောအခါ စကြဝဠာပေါင်းတိုက်ဘစ်သောင်းမှ နတ်ဗြဟ္မာများစည်းဝေးကြကုန်၏။ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတ နတ်သားသည်လည်း တုသိတာနတ်ပြည်မှ ဆင်းလာ၍ ကိုယ်တော်မြတ်ကြီး၏ လက်ျာနံပါးမှ ရှိခိုးလျက်ရှိ၏။ အရှင် အနုရုဒ္ဓါကို ဆွမ်းဘစ်ယောင်းမစာမျှ လှူခဲ့၍ နတ်စည်းစိမ် ခံစားနေရသော ဣန္ဒကနတ်သားသည်လည်း လက်ျာနံပါးမှနေ၍ ရှိခိုးလျက်ရှိ၏။ သာသနာပကာလတွင် ကဆယ့်နှစ်ယူဇနာ ရှည်လျားသော ခုံလောက်အစဉ်အတန်းကိုပြုကာ နှစ်ပေါင်းတစ်သောင်းတိုင်တိုင်ချက်ပြုတ် ကျွေးမွေးလာခဲ့သော အင်္ကုရနတ်သားသည် ဟန်ခိုကြီးသော နတ်တို့ ရောက်လာသောအခါ ထိုနေရာမှ ဆုတ်ခွာပေးရပြီးလျှင် တစ်ဆယ့်နှစ်ယူဇနာ ဝေးသော အရပ်မှနေ၍ ဖူးမြော်ရ၏။ သာသနာတော်တွင်းမှ တစ်ယောက်မျှ လှူခဲ့ရသော ဣန္ဒကနတ်သားသည်ကား နေမြဲနေရာမှပင် ဆက်၍ ထိုင်ရ၏။

ဘုရားသည် အကျိုးပေးခြင်းမတူသော နတ်သား နှစ်ယောက်ကို အကြောင်းပြုပြီးလျှင် ဒါနကထာ ဒေသနာတော်ကို ဟောကြားလေ၏။

[ထိုဒေသနာတော်များကို တကျာဝဂ်၊ အင်္ကုရနတ်သားဝတ္ထုမှာရှုပါ။]

ထို့နောက်ဘုရားရှင်သည် ဝါဆိုလပြည့်နေ့မှစ၍ သုံးလတိုင်တိုင်၊ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားကို အမှူးပြု၍ စကြဝဠာ ပေါင်းတိုက်ဘစ်သောင်းမှ စည်းဝေးရောက်လာကုန်သော နတ်ဗြဟ္မာ အပေါင်းတို့အား "ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊ အဗျာကတာဓမ္မာ" စသော အဘိဓမ္မာ ဒေသနာတော်ကို ဟောကြားနေစဉ်တွင် လူတို့ရုပ်ဌာန်၌ ဆွမ်းခံချိန်ရောက်သောအခါ နိမ္မိတကိုယ်တော်စားကိုဖန်ဆင်းတော်မူပြီးလျှင် "ငါဘုရား ပြန်ကြွလာသည့်တိုင်အောင် ဤမျှသော ဒေသနာတော်ကို ဟောရစ်စေ"ဟု အမိန့်ရှိတော်မူ၏။ နိမ္မိတ ကိုယ်တော်စားက

ဒေသနာတော်မပျက် ဆက်လက်၍ဟောကြားတော်မူစဉ် ပကတိ ကိုယ်တော်မြတ်သည် ဟိမဝန္တာသို့ ကြွတော်မူကာ နဂလတာဒည်ဆေး တံပူကို ဝါးတော်မူ၍ အနဝတတ်အိုင်၌ မျက်နှာသစ်တော်မူ၏။ ထို့နောက် မြောက်ကျွန်းသို့ ကြွ၍ ဆွမ်းခံတော်မူပြီးလျှင် အင်ကြင်းပင်ရိပ်၌ ဆွမ်းဘုဉ်းပေးတော်မူလေသည်။

ထိုအခါ အရှင်သာရိပုတ္တရာသည် ဘုရားရှင်ရှိရာသို့ လာရောက်၍ ဝတ်ကြီးငယ် ပြုစု၏၊ ဆွမ်းဘုဉ်းပေး၍ ပြီးတော်မူသော်အခါ ဘုရားရှင်သည် ထိုနေ့မှာ ဟောကြားခဲ့သော အဘိဓမ္မာတရားကို အကျဉ်းချုပ်အားဖြင့် ဟောကြားတော်မူ၏၊ အရှင်သာရိပုတ္တရာကလည်း ဤကဲ့သို့ နေ့စဉ်နေ့တိုင်း ဘုရားရှင်ထံ အဘိဓမ္မာတရားအကျဉ်းချုပ်ကို နာယူခဲ့ပြီးလျှင် မိမိ၏ တပည့်ရဟန်း ငါးရာတို့အား မကျဉ်းမကျယ်နည်းဖြင့် တစ်ဖန် ပြန်၍ ဟောပြလေသည်။

ထိုရဟန်းငါးရာတို့သည် ကဿပမြတ်စွာဘုရား လက်ထက်တော်တုန်း လင်းနို့သား ငါးရာဖြစ်ခဲ့ကြ၏၊ ထိုလင်းနို့များနေထိုင်သော လိုဏ်ဂူကြီး အတွင်း၌ ရဟန်းနှစ်ပါးတို့သည် ကြုံကြွ၍အဘိဓမ္မာတရားများကိုရွတ်ဖတ် သရဇ္ဈာယ်ကြရာ လင်းနို့များမှာ တရားတော်၏ အနက်အဓိပ္ပာယ်ကိုမသိသော်လည်း တရားသံကိုကား ကြည်ညိုမိကြ၏၊ ထိုကောင်းမှုကြောင့် ထိုဘဝမှ သေလွန်သောအခါ နတ်စည်းစိမ်ကိုခံစားကြရ၏၊ ဘုရားရှင်သာသနာတော်တွင်ကား သာဝတ္ထိမြို့တော်မှ အမျိုးသားများဖြစ်ကာ ရေအစုံမီးအစုံတန်ခိုးတော်ပြာဋိဟာ ပြတော်မူပုံကို ကြည်ညိုသဖြင့် ရဟန်းပြုခဲ့ကြ၏၊ လင်းနို့သားငါးရာဘဝတုန်းက အဘိဓမ္မာဒေသနာတော်ကို ကြည်ညိုခဲ့ကြသဖြင့် ဘုရားရှင်နတ်ပြည်၌ သီတင်းသုံးတော်မူစဉ်မှာပင် အဘိဓမ္မာ ခုနစ်ကျမ်းကို ဆောင်နိုင်သော ပုဂ္ဂိုလ်တို့ ဖြစ်ကြလေသည်။

သီတင်းကျွတ်လဆန်း ၆ ရက်နေ့တွင် စည်းဝေးနေကြသော ပရိသတ်များက ဘုရားရှင်ဆင်းတော်မူလာမည့် နေ့ရက်ကိုသွား၍ လျှောက်ထားပေးပါရန် အရှင်မဟာမောဂ္ဂလာန်အား တောင်းပန်ကြ၏၊ အရှင်မဟာမောဂ္ဂလာန်သည် တောင်းပန်ချက်ကို လက်ခံပြီးလျှင် မြင်းမိုရ်တောင်၏ အလယ်အူကြောင်းမှ ဖောက်ထွင်း၍ တက်သွား၏၊ အရှင်မဟာမောဂ္ဂလာန်၏ အဓိဋ္ဌာန်ကြောင့် ထိုအရှင်မြတ်ကြီးကို ပတ္တမြားတုံးထဲမှ ဖြူဖွေးဖွေး သီကြိုးကဲ့သို့ အထင်းသား မြင်နေကြရ၏။ အရှင်မဟာမောဂ္ဂလာန်သည် ဘုရားရှင်၏ခြေတော်ကို ဦးခိုက်လျက် ထွက်ပြူလာပြီးလျှင် "အရှင်

ဘုရား၊ ပရိသတ်များသည် အရှင်ဘုရားကို ဖူးမြော်လိုကြပါကုန်၏။ ဘယ်အခါတွင် ဆင်းသက်တော်မူပါမည်နည်း''ဟု မေးလျှောက်၏။ ဘုရားရှင်က ''မောဂ္ဂလာန်၊ ဤနေ့မှ နောက် ခုနစ်ရက်မြောက်သော သီတင်းကျွတ်လပြည့်နေ့တွင် သာရိပုတ္တရာ နေထိုင်ရာဖြစ်သော သင်္ကဿနဂိုရ်မြို့တံခါး၌ ဆင်းသက်မည်''ဟု မိန့်ကြားတော်မူလိုက်၏။ ထိုအကြောင်းကို အရှင်မဟာမောဂ္ဂလာန်က ပရိသတ်များအား မိန့်ကြားလိုက်ရာ ပရိသတ်ကြီးသည် ယူဇနာ သုံးဆယ် ကွာဝေးသော သင်္ကဿနဂိုရ်မြို့တံခါးသို့ ရှေးရှု လာခဲ့ကြလေသည်။

ဘုရားရှင်သည် မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတာ နတ်သားကို သောတာပန်ဖြစ်အောင် တရား ဟောကြားတော် မူပြီးနောက် လူ့ပြည် ဆင်းရန် ပန်ကြားသောအခါ သိကြားမင်းသည် ရွှေစောင်းတန်း၊ ပတ္တမြား စောင်းတန်းနှင့် ငွေစောင်းတန်းတို့ကို ဖန်ဆင်း၏။ ထို စောင်းတန်းဦးသည် သင်္ကဿနဂိုရ်မြို့တံခါးသို့ ဆိုက်ရောက်၏။ ဘုရားရှင်သည် မြင်းမိုရ်တောင်ထိပ်တွင် ရေအစုံ မီးအစုံ တန်ခိုးပြာဋိဟာကို ပြတော်မူကာ ပတ္တမြား စောင်းတန်းမှ ဆင်းသက်တော်မူ၏။ ရွှေစောင်းတန်းမှ နတ်တို့လိုက်ပါလာကြ၏။ ငွေစောင်းတန်းမှ ဗြဟ္မာကြီးများ လိုက်ပါလာကြ၏။ ပဉ္စသိခ နတ်သားသည် ဗေလုဝ နတ်စောင်းကို သာယာစွာပျော်ဖွယ် တီးခတ်ပူဇော်ကာ လက်ယာနံပါးမှ လိုက်ပါလာ၏။ မာတလိနတ်သားသည် နတ်ပန်းပွင့်တို့ကိုကိုင်ကာ လက်ဝဲနံပါးမှ လိုက်ပါလာ၏။ မဟာဗြဟ္မာမင်းသည် ဘုရားရှင်ကို ထီးမိုး၍ပူဇော်ကာ သုယာမနတ်မင်းက သားမြီးယပ်ဖြင့် ပူဇော်၏။ ဘုရားရှင်၏ ဤသို့သော ဘုန်းကျက်သရေကို ဖူးမြင်ကြရသော ပရိသတ်ကြီး ထဲတွင် ဘုရားဆုကို မတောင့်တသောသူဟူ၍ မရှိတော့ချေ။

အရှင်သာရိပုတ္တရာသည် ဘုရားရှင်ကို စောင်းတန်းဦးမှ ရှိခိုးလျက် ဆီးကြိုပြီးလျှင် ''အရှင်ဘုရား၊ ယနေ့ နတ်လူအပေါင်းတို့သည် ဘုရားရှင်ကို ချစ်မြတ်နိုးစွာ တောင့်တ၍ နေကြပါသည်ဘုရား''ဟု လျှောက်ထား၏။ ထိုစကားနှင့်ဆက်စပ်၍ ဘုရားရှင်က စည်းဝေးနေကြသော ပရိသတ်ကြီးအား ဤဝတ္ထု၏ ရှေ့တွင်ပါသော ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ အဘိခမ္မာဆောင် ရဟန်းငါးရာတို့ ရဟန္တာ ဖြစ်ကြလေ၏။

ထိုစောင်းတန်းဦး၌ပင် ဘုရားရှင်သည် အရှင်သာရိပုတ္တရာအား

ဘုရားရှင်တို့သာ ပြကြားနိုင်သော ဗုဒ္ဓဝိသယပုစ္ဆာကို မေးတော်မူ၏၊ အရှင်သာရိပုတ္တရာသည် တစ်ကမ္ဘာလုံးမှာ ရွာသော မိုးရေမိုးပေါက်တို့ အနက် မဟာသမုဒ္ဒရာ၌ မည်မျှရွာသည်၊ မြေပေါ်၌ မည်မျှရွာသည်၊ တောင်ပေါ်၌ မည်မျှရွာသည်ဟု ရေတွက်မှတ်သားနိုင်သော ဉာဏ်ရှိသော်လည်း၊ ဗုဒ္ဓဝိသယပုစ္ဆာကိုကား၊ မိမိ၏ဉာဏ်ပညာသက်သက်ဖြင့် မဖြေနိုင်ပေ၊ ဘုရားက နည်းပေးတော်မူသောအခါ နည်းပေါင်းထစ်ရာ၊ နည်းပေါင်းတစ်ထောင်ဖြင့် ထင်မြင်သကော အကျယ်တဝင့် ဖြေကြားလေ၏။

[အရှင်သာရိပုတ္တရာ၏ ပညာဉာဏ်ကြီးမားပုံနှင့်ပတ်သက်၍ ဟောကြားထားသော ပဉှာသဘာဂဇာတ်ကို ကြည့်ပါ။ လိတ္တဝဂ်မှာ ရှိ၏။]

**ဒေသနာတော်**

၁၈၂။ လူ့အဖြစ်ကို ရခြင်းသည် ခဲယဉ်း၏၊ သတ္တဝါတို့၏ အသက်ရှင်ခြင်းသည် ခဲယဉ်း၏၊ သူတော်ကောင်းတရားကို ကြားနာရခြင်းသည် ခဲယဉ်း၏၊ ဘုရားရှင်တို့ ပွင့်ထွန်းပေါ်ပေါက်လာရခြင်းသည် ခဲယဉ်း၏။

## ဧရကပတ္တ နဂါးမင်း

ဗာရာဏသီ မြို့တော်မှ မနီးမဝေးဖြစ်သော ကုက္ကိုပင် ခုနစ်ပင်အောက်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဧရကပတ္တ အမည်ရှိသော နဂါးမင်းကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်၊

ဧရကပတ္တနဂါးမင်းသည်ကား ကဿပဘုရားရှင်၏ သာသနာတော်၌ ရဟန်းပြုကာ အနှစ် နှစ်သောင်းတိုင်တိုင် တရားအားထုတ်ခဲ့သူ ဖြစ်၏၊ သူသည် ဂင်္ဂါမြစ်မှာ လှေစီး၍သွားစဉ် မြက်မြက်ပင်တစ်ပင်ကို အမှတ်မထင် ဆွဲ၍ ဖြတ်မိခဲ့သော အာပတ်ကို ဒေသနာမကြားမိချေ။ သေခါနီးသော အခါတွင်ကား ထိုအာပတ်ကိုသတိရကာ ဒေသနာကြားလိုသဖြင့် ဒေသနာခံရန် ရဟန်းတစ်ပါးကို ရှာသော်လည်း ရှာ၍မရနိုင်ချေ။ သို့ဖြစ်၍ "ငါ၏ သီလသည် မစင်ကြယ်လှချေတကား" ဟု နှလုံးမသာမယာဖြစ်လျက် သေဆုံးလေရာ ဂင်္ဂါမြစ်တွင် လောင်းလှေပမာကာရှိသော နဂါးမင်းဖြစ်လေ၏၊ မြက်မြက်ရွက်ကို ဆွဲကိုင်ခဲ့ဖူးသောကြောင့် သူ့ကို ဧရကပတ္တ နဂါးမင်းဟု ခေါ်ဝေါ်ကြသေသည်။

နဂါးမင်းသည် မိမိ၏အဖြစ်ကို နှလုံးမသာမယာ ကြည့်ရှုပြီးလျှင်

လူ့ပြည်၌ ဘုရားတစ်ဆူပွင့်လျှင် သိနိုင်စေရန် လပြည့်၊ လကွယ် ဥပုသ်နေ့တွင် သမီးကို ပါးပျဉ်ပေါ်တင်ပြီးလျှင် တရားနှင့်စပ်သော သီချင်းများ သီဆိုစေ၏။ "ဤသီချင်း၏ အဖြေသီချင်းကို ရွတ်ဆိုနိုင်သူအား ကြီးကျယ်လှသော နဂါးမင်း၏ စည်းစိမ်နှင့်တကွ သမီးကိုပေးအံ့" ဟူ၍လည်း ကြေညာထား၏။ ဇမ္ဗူဒိပ်ကျွန်းသားတို့သည် နဂါးမကို ရယူလိုကြသဖြင့် မိမိတို့ ဉာဏ်စွမ်းရှိသရွေ့ အဖြေသီချင်းများကို စီစဉ်ရွတ်ဆိုကြ၏။ မေးခွန်းကို တိကျစွာမဖြေနိုင်သဖြင့် ထိုသီချင်းအားလုံး အရှုံးခံကြရလေသည်။

ဆယ့်ငါးရက်စေ့ကြိမ် ဤသို့ သီချင်းဆိုပွဲကြီး ပြုလုပ်လျက် ဘုရားတစ်ဆူနှင့်တစ်ဆူ ကာလကုန်ဆုံးက ဂေါတမဘုရားရှင် ပေါ်ထွန်းတော်မူ၏။

ဘုရားရှင်သည် လောကကို ကြည့်ရှုတော်မူသောအခါ ဧရကပတ္တနဂါးမင်းနှင့် ဥတ္တရလုလင်တို့ ကျွတ်တမ်းဝင်မည့်အရေးကို မြင်တော်မူသဖြင့် ဗာရာဏသီမြို့တော်နှင့် မနီးမဝေးရှိ ကုက္ကိုပင် ခုနစ်ပင်အောက်သို့ ကြွတော်မူ၏။ နဂါး၏ သီချင်းပွဲသို့ အဖြေသီချင်းဆိုရန် ထွက်လာခဲ့သော ဥတ္တရလုလင်ကို ခေါ်တော်မူကာ နဂါးမ၏သီချင်းကို ဖြေဆိုနိုင်သော သီချင်းကို သင်ကြားပေးတော်မူ၏။ ထို့နောက် ထိုအဖြေသီချင်းနောက်မှ လိုက်ပါလာဦးမည့် သီချင်းတစ်ပုဒ်၏ အဖြေသီချင်းကိုလည်း ဆင့်ပြီးပေးတော်မူ၏။ ဥတ္တရလုလင်သည် တရားစကားနှင့်စပ်သော သီချင်းများ ကြားနာသင်ယူနေစဉ်မှာပင် သောတာပန် ဖြစ်လေသည်။

ဥတ္တရလုလင်သည် ကြားလပ်မရှိအောင် ပြည့်ညပ်စွာ ရပ်နေသော ပရိသတ်များကို တိုးဝှေ့ကာ ပွဲခင်းထဲသို့ဝင်သွား၏။ ပွဲခင်းအလယ်ကောင်သို့ ဥတ္တရလုလင် ရောက်သွားသောအခါ နဂါးအသွင် ဖခင်နဂါးမင်း၏ ပါးပြင်ထက်တွင် ကလျက် သီချင်းဆိုလေသည်။

"အဘယ်အရာကို အစိုးရသူသည် မင်းမည်ပါသနည်း။ အဘယ်မင်းသည် လပ်မြက်ခြင်း၏ အုပ်ချုပ်ခြင်းကို ခံယူနေရပါသနည်း။ အဘယ့်ကြောင့် မြူမှုန့်ကင်းသူ မည်ပါသနည်း။ အဘယ့်ကြောင့် လူမိုက်ဟု ခေါ်ဆိုရပါသနည်း"

ဤအကြောင်းအရာများကို သီချင်းပြုလုပ်၍ သီချင်းဆိုပြီးတွင် ဥတ္တရလုလင်သည် ဘုရားရှင် ပေးတော်မူလိုက်သော သီချင်းကို တုံ့ပြန်သီဆို၍ ပြလေသည်။

"ခြေခက်ဒွာရကို စိုးရသူသည် မင်းမည်၏၊ ထပ်မက်ခြင်း ရှိနေသူသည် တပ်မက်ခြင်း၏ အုပ်ချုပ်ခြင်းကို ခံယူနေရ၏၊ ထပ်မက်ခြင်း ကင်းသောကြောင့် မြူမှုန်ကင်းသူမည်၏၊ တပ်မက်ခြင်းရှိသောသူကို လူမိုက်ဟု ခေါ်ဆိုရ၏"

ဤသို့သော အကြောင်းအရာများကို ဥတ္တရလုလင်က သိဆိုသော အခါ နဂါးမကသည်း နောက်ထပ် အမေးသီချင်းတစ်ပုဒ်ကို ဆိုပြပြန်လေ သည်၊

"လူမိုက်သည် အဘယ်တရားဖြင့် မျောပါရပါသနည်း၊၊ ပညာရှိ သည် အဘယ်တရားကို နုတ်ပယ်ပါသနည်း၊၊ အဘယ်သို့သော သူသည် ယောဂကုန်ခန်းပါသနည်း၊၊ ဤပြဿနာများကို ကျွန်မအား ဖြေဆိုပြပါ လော"

နဂါးမင်း၏ ဤအမေးသီချင်းကို ဥတ္တရလုလင်ကလည်း တုံ့ပြန်၍ သီချင်းဆိုလေသည်၊

"လူမိုက်သည် ဩဃလေးပါးဖြင့် မျောပါရ၏၊ ပညာရှိသည် တရားအားထုတ်ခြင်းဖြင့် ဩဃကို နုတ်ပယ်၏၊ ယောဂအားလုံးနှင့် မယှဉ် သောသူသည် ယောဂကုန်ခန်းသူ ဖြစ်၏"

ဤအဖြေ သီချင်းကို ကြားရသောအခါ နဂါးမင်းသည် "အချင်း တို့၊ လောက၌ ဘုရားရှင် ပွင့်တော်မူလာပေပြီတကား" ဟု အားရဝမ်းသာ ဖြစ်ကာ အမြီးဖြင့် ရေကိုပုတ်ခတ်လိုက်၏၊ ထိုသို့ ပုတ်ခတ်လိုက်သဖြင့် လှိုင်းတံပိုးကြီးများထကာ မြစ်ကမ်းနှစ်ဖက်မှ ပွဲကြည့်သူများ မျောပါသွား ကြ၏၊ နဂါးမင်းသည် ဇစ်ယောက်ဘလေမျှ မသေရအောင် ပါးပျဉ်းဖြင့် ဆယ်တင်ပြီးလျှင် ဥတ္တရလုလင်ကို ရှေ့ဆောင်ပြု၍ ဘုရားရှင်ရှေ့တော်သို့ ဝင်ရောက် ရှိခိုးပြီးလျှင် မိမိ၏ဖြစ်အင်ကို လျှောက်ထား၏၊ ထိုစကားနှင့် ဆက်စပ်၍ ဘုရားရှင်က ဤဝတ္ထု၏ ရှေ့တွင်ပါသော ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း၊၊

ဒေသနာတော်အဆုံး၌ နဂါးမင်းသည် သောတာပန် ဖြစ်သင့်သော် လည်း တိရစ္ဆာန်မျိုး ဖြစ်နေသောကြောင့် သောတာပန် မဖြစ်နိုင်ချေ၊ သို့ရာတွင် ပဋိသန္ဓေနေသောခါ၊ အရေဟောင်းစွန့်သောခါ၊ စိတ်လွတ် ကိုယ်လွတ် အိပ်ပျော်သောအခါ၊ အမျိုးတူချင်းကာမစပ်ယှက်သောအခါ၊

သေဆုံးသောအခါဟူသော အခါငါးမျိုးတို့၌ 'အတ္တ'ဘောကို မဖုံးကွယ်နိုင်သော နာငါးတို့၏ အားဒုက္ခငါးမျိုးမှ လွတ်ငြိမ်းခွင့်ပြီးလျှင် လုလင်အသွင်ဖြင့်သာ ထာဝစဉ် လှည့်လည်သွားလာခွင့် ရလေ၏။

ဒေသနာတော်

၁၈၃။ မကောင်းမှုဟူသမျှကို မပြုလုပ်ခြင်း၊ ကုသိုလ်ကောင်းမှုနှင့် ပြည့်စုံစေခြင်း၊ မိမိစိတ်ကို ဖြူစင်စေခြင်း ဤသည်ကား ဘုရားရှင်တို့၏ အဆုံးအမတော်ပေတည်း။

၁၈၄။ တိတိက္ခာဟု ဆိုအပ်သော သည်းခံခြင်းသည် မြတ်သော အကျင့်တည်း။ နိဗ္ဗာန်ကို အလွန်မြတ်၏ဟု ဘုရားရှင်တို့ ဟောတော်မူကုန်၏။ ရဟန်းဟူသည် သူတစ်ပါးကို မညှဉ်းဆဲပေ။ သူတစ်ပါးကို ညှဉ်းဆဲသောသူသည် ရဟန်းမဟုတ်ပေ။

၁၈၅။ သူတစ်ပါးကို မကဲ့ရဲ့ မစွပ်စွဲခြင်း၊ ပါတိမောက္ခ သံဝရသီလကို စောင့်ရှောက်ခြင်း၊ စားသောက်ဖွယ်တို့၌ အတိုင်းအရှည်ကို သိခြင်း၊ ဆိတ်ငြိမ်သော ကျောင်း အိပ်ရာ နေရာတို့၌ စောင့်ရှောက်နေထိုင်ခြင်း၊ သမာပတ် ရှစ်ပါးဟူသော အဓိစိတ္တသိက္ခာကို ပွားများအားထုတ်ခြင်း ဤသည်ကား ဘုရားရှင်တို့၏ အဆုံးအမတော်ပေတည်း။

## အရှင်အာနန္ဒာ (ဥပုသ်)

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အရှင်အာနန္ဒာ မေးလျှောက်သည်ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

တစ်နေ့သောအခါ အရှင်အာနန္ဒာသည် ဘုရားရှင်ထံ ချဉ်းကပ်လျက် "အရှင်ဘုရား၊ ဝိပဿီစသော ရှေးဘုရားရှင်တို့သည် ဤဥပုသ်ကိုပင်ပြုတော်မူကြလေသလော၊ အခြားဥပုသ်ကိုပင် ပြုကြလေသလော" ဟုမေးလျှောက်၏။ ဘုရားရှင်က "အာနန္ဒာ၊ ဝိပဿီမြတ်စွာဘုရားသည် ခုနစ်နှစ်တစ်ကြိမ် ဥပုသ်ပြုတော်မူ၏။ သိခီမြတ်စွာဘုရားနှင့် ဝေဿဘူမြတ်စွာဘုရားတို့သည် ခြောက်နှစ်တစ်ကြိမ် ဥပုသ်ပြုတော်မူကြ၏၊ ကကုသန် မြတ်စွာဘုရားနှင့် ကောဏာဂုံ မြတ်စွာဘုရားတို့သည် ခြောက်လတစ်ကြိမ် ဥပုသ်ပြုတော်မူ၏။ ဤသို့ ရှေးဘုရားရှင်တို့၏ ဥပုသ်ပြုရာ အချိန်ကာလ ကွာခြားကြသော်လည်း ဩဝါဒ ဂါထာစကားတော်တို့ကား ဤဂါထာတို့သာတည်း" ဟုမိန့်ကြားတော်မူပြီး၊ အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၁၀၆—၁၀၇။ အသပြာစသို့ ရွှေသွန်းပေးခြင်းဖြင့်လည်း ကာမဂုဏ်တို့၌ ရောင့်ရဲတင်းတိမ်ခြင်းကို မရနိုင်ပေ။ ကာမဂုဏ်တို့သည် သာယာဖွယ်မရှိကုန်၊ ဆင်းရဲကုန်၏ဟု သိ၍ ဘုရားရှင်၏ ထပည့်ဖြစ်သော ပညာရှိသည် နတ်ဖြစ်သော ကာမဂုဏ်တို့၌လည်း မမွေ့လျော်တော့ချေ။ တဏှာကုန်ရာ နိဗ္ဗာန်၌သာ မွေ့လျော်တော့၏။

# မမွေ့လျော်သော ရဟန်း

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် သာသနာတော်၌ ငြီးငွေ့သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ရဟန်းတစ်ပါး၏ ခမည်းတော်ကြီးသည် သား ရဟန်းအတွက် အသပြာတစ်ရာကို ညီလက်တွင် အပ်နှံထားခဲ့ပြီးလျှင် သေဆုံးသွား၏။ ညီထံသို့ ရဟန်းရောက်သွားသောအခါ ထိုအသပြာတစ်ရာကို ရဟန်းအား လှူဒါန်း၏။ ရဟန်းသည် အသပြာကိုပယ်၍ ပြန်လာခဲ့၏။ ဤသို့ ပြန်လာပြီးခါမှ ထိုအသပြာကိုအားကိုး၍ လူထွက်ရန် စိတ်ကူးပေါ်လာလေရာ သူ့ကို ဆရာဥပဇ္ဈာယ်တို့က ဘုရားရှင်ရှေ့တော်သို့ ပို့ဆောင်ကြ၏။ ဘုရားရှင်က ထိုအသပြာတစ်ရာကို ယူစေပြီးလျှင် အိပ်အသုံးအဆောင် နွားတစ်ရှဉ်း၊ မျိုးစေ့၊ ထမ်းပိုး၊ ထွန် တုံးစသည်ဖြင့် လူ့အသုံးအဆောင်များကို ဝယ်ခြမ်းရန် ဝေပုံချ၍ ပြတော်မူရာ အသပြာတစ်ရာဖြင့် မဝယ်လောက် မခြမ်းလောက် ဖြစ်နေ၏။ ဤတွင် ဘုရားရှင်က "ရဟန်း၊ ဤအသပြာတစ်ရာသည် နည်းလှ၏။ ဤအသပြာကိုအကြောင်းပြု၍ မည်သို့အလိုပြည့်ပါမည်နည်း"ဟု မိန့်ကြားတော်မူပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ ထိုရဟန်းသည် သောတာပန် ဖြစ်လေသည်။

ဒေသနာတော်

၁၀၈။ ကြောက်၍ ထိတ်လန့်ကုန်သော လူများစွာတို့သည် တောင်တို့ကိုလည်းကောင်း၊ တောတို့ကို လည်းကောင်း၊ အရံတို့ကို လည်းကောင်း၊ ကောစိုးသစ်ပင် စသော ကိုးကွယ်ရာတို့ကိုလည်းကောင်း ကိုးကွယ်ကြကုန်၏။

တဘုန္ဓာအကြိမ်

၁၈၉။ ဤသို့သော ကိုးကွယ်ခြင်းသည် ဘေးကင်းသော ကိုးကွယ်ခြင်း မဟုတ်ပေ။ ဤသို့သော ကိုးကွယ်ခြင်းသည် မြင့်မြတ်သော ကိုးကွယ်ခြင်း မဟုတ်ပေ။ ဤသို့သော ကိုးကွယ်ခြင်းကို အကြောင်းပြု၍ အလုံးစုံသော ဆင်းရဲခြင်းမှ မလွတ်မြောက်နိုင်တော့ပေ။

၁၉၀-၁၉၁။ အကြင်သူသည် မြတ်စွာဘုရားကို လည်းကောင်း၊ တရားတော်ကို လည်းကောင်း၊ သံဃာတော်ကို လည်းကောင်း ကိုးကွယ်ဆည်းကပ်၏။ ထိုသူသည် ဒုက္ခ၊ ဒုက္ခ၏ ဖြစ်ပေါ်ကြောင်း၊ ဒုက္ခ၏ လွတ်မြောက်ရာ၊ ဒုက္ခ၏ ချုပ်ငြိမ်းရာသို့ ရောက်စေတတ်သော မြတ်သော အင်္ဂါရှစ်ပါးရှိသော မဂ္ဂသစ္စာ ဟူသော အရိယသစ္စာလေးပါးတို့ကို မဂ်ပညာဖြင့် ကောင်းစွာ သိနိုင်၏။

၁၉၂။ ဤသို့သော ကိုးကွယ်ခြင်းသည် ဘေးကင်းသော ကိုးကွယ်ခြင်း ဖြစ်၏။ ဤသို့သော ကိုးကွယ်ခြင်းသည် မြင့်မြတ်သော ကိုးကွယ်ခြင်း ဖြစ်၏။ ဤသို့သော ကိုးကွယ်ခြင်းကိုအကြောင်းပြု၍ အလုံးစုံသော ဆင်းရဲခြင်းမှ လွတ်မြောက်နိုင်၏။

## အဂ္ဂိဒတ္တ ပုဏ္ဏား

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးနေတော်မူစဉ် အဂ္ဂိဒတ္တ ပုဏ္ဏားကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

မဟာကောသလမင်းကြီးနတ်ရွာစံသောအခါ သားတော်ပသေနဒီကောသလမင်းကြီးက ခမည်းတော်၏ ပုရောဟိတ်ဖြစ်သော အဂ္ဂိဒတ္တပုဏ္ဏားကြီးအား အဆေးဂရုပြု၏။ ပုဏ္ဏားကြီးသည်လျှင် ခရီးဦးကြိုဆို၏။ မိမိနှင့် တူမျှသော နေရာကိုပေး၏။ သို့ရာတွင် မင်းတို့၏စိတ်ကို ထာဝစဉ် စိတ်ချ၍ မရနိုင်သဖြင့် အဂ္ဂိဒတ္တပုဏ္ဏားကြီးသည် မင်းကြီးထံ ခွင့်တောင်းကာ တောထွက်၍ ရသေ့ပြု၏၊ အဂ္ဂိဒတ္တပုဏ္ဏားကို အတုယူ၍ လူအပေါင်းတို့ကလည်း ရသေ့ပြုလာကြကုန်၏။ အဂ္ဂိဒတ္တရသေ့ကြီးသည် အပည့်ရသေ့ တစ်သောင်းနှင့်တကွ အင်္ဂတိုင်း၊ မဂဓတိုင်းနှင့် ကုရုတိုင်း၊ တို့၏ နယ်စပ်၌ နေထိုင်၏၊ "တပည့်တို့၊ ကာမဝိတက် စသော မကောင်းသော စိတ်အကြံတစ်ခုခုကို တွေးကြံမိသောသူတို့သည် မြစ်ထဲမှ သဲတစ်ဆုပ်ကို ဆောင်ယူ၍ ဤနေရာ၌ စုပုံထားရမည်"ဟု ဩဝါဒပေး၏။ မကောင်းသော အတွေး

အကြံကို တွေးကြံမိသူတို့က သဲတက်ဆုပ်စီ ပုံလာကြသဖြင့် သဲပုံကြီးမှာ ပေါ်ပေါက်လာလေသည်။

အင်္ဂုဒ္ဒတ္တရသေ့ကြီးသည် ငပည့်ရသေ့များနှင့်အတူ အင်္ဂတိုင်း၊ မဂဓတိုင်းနှင့် ကုရုဘိုင်းတို့မှ ဆည်းကပ်လှူဒါန်းကြသော လူအပေါင်းအား "ထောင်ကို ကိုးကွယ်ကြကုန်၊ မထောကို ကိုးကွယ်ကြကုန်၊ အရံကိုကိုးကွယ်ကြကုန်၊ တောစိုးသစ်ပင်ကြီးများကို ကိုးကွယ်ကြကုန်။ ဤသို့ကိုးကွယ်ကြလျှင် ဆင်းရဲပေါ်သိမ်းမှ လွတ်မြောက်ရတတ်၏"ဟု ဟောဆုံးမပေး၏။ ဘုရားရှင်သည် အင်္ဂုဒ္ဒတ္တပုဏ္ဏား၏ ကျွတ်တမ်းဝင်မည့်အရေး၊ မြင်တော်မူကာဖြင့် ထိုရသေ့ဆရာပည့်တို့အား ဆုံးမရန် အရှင်မဟာမောဂ္ဂလာန်အား စေလွှတ်တော်မူလေသည်။

အရှင်မဟာမောဂ္ဂလာန်သည် အင်္ဂုဒ္ဒတ္တရသေ့ကြီးထံသို့ အလာတွင် ထိုရသေ့တို့ နေထိုင်ရာအရပ်၌ မိမိတန်ခိုးဖြင့် မိုးကြီးသည်းထန်စွာ ရွာစေ၏။ ရသေ့များ တစ်စုဘဝေးကြီးရှိနေလျှင် ထိန်းမနိုင်သိမ်းမနိုင် ဖြစ်လာနိုင်သဖြင့် လူစုခွဲပေးခြင်းဖြစ်၏။ ရသေ့အများတို့ ဝစ်ခက်ကျောင်းများသို့ အသီးသီးဝင်သွားကြသောအခါ အရှင်မဟာမောဂ္ဂလာန်သည် အင်္ဂုဒ္ဒတ္တရသေ့ကြီးထံ ကြွလာပြီးလျှင် တစ်ညတာမျှ ကျိန်းစက်ရန် နေရာတောင်း၏။ အင်္ဂုဒ္ဒတ္တရသေ့ကြီးသည် အရှင်မဟာမောဂ္ဂလာန်အား တပည့်ရသေ့များ စုပုံထားသော သဲပုံကြီးပေါ်မှာ နေရာပေး၏။ ထိုသဲပုံကြီးကို တန်ခိုးကြီးသော နဂါးကြီးထပ်ပတ်ကာ သိမ်းပိုက်ထားလေသည်။

နဂါးမင်းသည် မိမိထံသို့လာနေသော အရှင်မဟာမောဂ္ဂလာန်အား သတ်ဖြတ်ရန် အခိုးလွှတ်၏။ အရှင်မြတ်ကြီးကလည်း ထပ်ဆင့် ကသိုဏ်းကို အာရုံပြု၍ ဈာန်သမာပတ် ဝင်စားပြီးလျှင် အခိုးလွှတ်၏။ အခိုးနှစ်မျိုးလုံးသည် အရှင်မဟာမောဂ္ဂလာန်အား မနှိပ်စက်ဘဲ နဂါးမင်းကိုသာ နှိပ်စက်ကြ၏။ နဂါးမင်း၏တစ်ကိုယ်လုံး တောက်မီးလောင်ထားသကဲ့သို့ ခံစားရ၏။ နံနက်စောစောချိန်တွင် ရသေ့တို့သည် "ရဟန်းသေသည်၊ မသေသည်ကို သိကြရကုန်အံ့"ဟု ဆိုကာ သဲပုံဆီသို့ လာခဲ့ကြ၏။ သဲပုံထက်၌ အရှင်မဟာမောဂ္ဂလာန်သည် ယက်ဝယ်ဖွဲ့ခွေ ထိုင်နေလျက် နဂါးမင်းသည်ကား သဲပုံကြီးကို အခွေဖြင့် ရစ်ပတ်ပြီးလျှင် အရှင်မြတ်ကြီး၏ အထက်၌ ပါးပျဉ်းကြီးကိုမိုးလျက် စောင့်ပေးနေသည်ကို တွေ့ကြရလေသည်။

ရသေ့တို့သည် အရှင်မဟာမောဂ္ဂလာန်၏ တန်ခိုးအာနုဘော်ကို ချီးမွမ်းအံ့ဩကာ အရှင်မြတ်ကြီးကို ခြံရံ၍နေကြကုန်၏။ ထိုစဉ်ခိုက်တွင်

ဘုရားရှင် ကြွချီတော်မူလာရာ အရှင်မြတ်ကြီးအညီ နေရာမှထ၍ ရှိခိုးကာ မိမိ၏ဆရာဖြစ်ကြောင်း ရဟန်းတို့အား ပြောကြား၏၊ ရဟန်းတို့သည် "ဤသည်ကား တပည့်၏ ထန်ခိုးအာနုဘော်သာ ရှိသေး၏၊ ဆရာ၏တန်ခိုး အာနုဘော်ကား မည်မျှကြီးမားမည်နည်း" ဟု အံ့သြချီးမွမ်းကာ ဘုရားရှင် ကို လက်အုပ်ချီမိုး ရှိခိုးကြလေကုန်၏၊ ဤတွင် ဘုရားရှင်သည် အင်္ဂုဒတ္တ ရဟန်းကြီး၏ အဆုံးအမ ဩဝါဒပေးပုံကို မေးမြန်းတော်မူပြီးလျှင် အောက် ပါဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ ရဟန်းအားလုံးတို့သည် ရဟန္တာ ဖြစ်ကြပြီး လျှင် ဘုရားရှင်ထံတော်၌ ဟေဝိဘိက္ခု ရဟန်းအဖြစ်ကို ရကြကုန်၏၊ ထို့ နောက် ထိုရဟန်းများကို ကိုးကွယ်ဆည်းကပ်ခဲ့ကြသူများ ရောက်လာကြ လေရာ အရှင်အင်္ဂုဒတ္တသည် နေရာမှထ၍ အဖန်ဖန် ဖူးမြော်၍ ဘုရားရှင် ကို ရှိခိုးပြီးလျှင် ဘုရားရှင်သည် ဆရာဖြစ်၍ မိမိကား တပည့်ဖြစ်ကြောင်း ကြေညာလေ၏။

ဒေသနာတော်

၁၉၃။ ယောက်ျားအာဇာနည်သည် ပေါ်ပေါက်နိုင်ခဲ၏။ ထိုယောက်ျား အာဇာနည်သည် ခပ်သိမ်းသောအရပ်၊ ခပ်သိမ်းသောဇာမျိုးအနွယ် တို့၌ မပေါ်ပေါက်နိုင်။ အကြင်အမျိုးအနွယ်၌ ပညာရှိသော ယောက်ျားမြတ် အာဇာနည် ပေါ်ပေါက်လာ၏။ ထိုအမျိုးသည် ချမ်းသာခြင်းကို ရရှိ၏။

## အရှင်အာနန္ဒာ (အာဇာနည်)

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ်အရှင်အာနန္ဒာ ၏ မေးလျှောက်ခြင်းကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြား တော်မူလေသည်။

တစ်နေ့သ၌ အရှင်အာနန္ဒာသည် ယောက်ျားအာဇာနည် ဖြစ်ရာ အရပ်နှင့် ဖြစ်ရာ အမျိုးအနွယ်တို့ကို မေးလျှောက်၏။ ဘုရားရှင်က "အာနန္ဒာ၊ ယောက်ျားအာဇာနည် မည်သည်ကား အလျား ယူဇနာသုံးရာ၊ အနံ ယူဇနာနှစ်ရာငါးဆယ်၊ အဝန်းယူဇနာ ကိုးရာရှိသော မဇ္ဈိမဒေသတွင် မင်းမျိုးနှင့် ဥစ္စာများစွာရှိသော ပုဏ္ဏားမျိုးတို့၌သာ ဖြစ်၏" ဟု မိန့်ကြား တော်မူပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော် မူလေ သတည်း။

ဒေသနာတော်

၁၉၄။ ဘုရားရှင်တို့ ပွင့်ထွန်းလာခြင်းသည် ချမ်းသာခြင်း၏ အကြောင်းတည်း၊ သူတော်ကောင်း တရားတော် ဟောကြားခြင်းသည် ချမ်းသာခြင်း၏ အကြောင်းတည်း။ သံဃာ၏ ညီညွတ်ခြင်းသည် ချမ်းသာခြင်း၏ အကြောင်းတည်း။ စိတ်သဘောထား ညီညွတ်သူတို့၏ အားထုတ်ခြင်းသည် ချမ်းသာခြင်း၏ အကြောင်းပေတည်း။

## ရဟန်းများစွာ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ချမ်းသာခြင်း အကြောင်းကို ပြောဆိုနေကြသော ရဟန်းများကို အကြောင်းပြု၍ ဤ ဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ဇေတဝန်ကျောင်းတော်မှ ရဟန်းများစွာတို့သည် အမွန်မြတ်ဆုံး သော ချမ်းသာကို ပြောဆိုကြရာ အချို့က မင်းစည်းစိမ်ကိုပြောဆိုကြ၏၊ အချို့က ကာမဂုဏ်ချမ်းသာကို ပြောဆိုကြ၏၊ ထိုစဉ်တွင် ဘုရားရှင် ကြွချီတော်မူကာ အထက်ပါ ဒေသနာတော်ကို ဟောကြားတော် မူလေ သည်။

ဒေသနာတော်အဆုံး၌ ထိုရဟန်းအိုတို့သည် ရဟန္တာ ဖြစ်ကြလေ၏။

ဒေသနာတော်

၁၉၅–၁၉၆။ ပူဇော်ခြင်းကို ခံယူထိုက်ကုန်သော၊ သံသရာနယ်ချဲ့တရားတို့ကို လွန်မြောက်ပြီး ကုန်သော၊ စိုးရိမ် ပူဆွေး ငိုကြွေးခြင်းကို လွန်မြောက်ပြီးကုန်သော၊ ကိလေသာ ငြိမ်းအေး ပြီးကုန်သော၊ ဘေးရန် တစ်စုံတစ်ရာ မရှိကုန်သော မြတ်စွာဘုရားတို့ကို လည်းကောင်း၊ မြတ်စွာဘုရား၏ တပည့်တို့ကို လည်းကောင်း ပူဇော်သူ၏ ကောင်းမှုကို ဤကောင်းမှုသည် ဤမျှရှိ၏ဟု တစ်စုံတစ်ယောက်သောသူသည် ရေတွက်ခြင်းငှာ မတတ်ကောင်းပေ။

## ကဿပမြတ်စွာဘုရား၏ ရွှေစေတီ

သာဝတ္ထိမြို့တော်နှင့် ဗာရာဏသီမြို့အကြားရှိ တောဒေယျရွာအနီးသို့ဘုရားရှင် ရောက်ရှိတော်မူစဉ် ကဿပမြတ်စွာဘုရား၏ ရွှေစေတီတော်တည်ရာသည့် နေရာကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော် မူလေ သည်။

စတုတ္ထအကြိမ်

ဘုရားရှင်သည် နောက်ပါရဟန်းများနှင့်တကွ ထိုရွာအနီးသို့ရောက်ရှိတော်မူလေရာ ပုဏ္ဏားတစ်ယောက်သည် ဘုရားရှင်ကို ရှိမခိုးဘဲ နတ်ကွန်းဆစ်ခုကိုသာ ရှိခိုးနေ၏။ ဤတွင် ဘုရားရှင်က ရှိခိုးရခြင်းအကြောင်းကို မေးမြန်းတော်မူရာ ပုဏ္ဏားက "အရှင်ဂေါတမ၊ ဤနေရာကား ကျွန်ုပ်တို့၏ ဘိုးစဉ်ဘောင်ဆက် ကိုးကွယ်လာခဲ့သော စေတီနေရာအမှတ်ဖြင့် ရှိခိုးပါသည်" ဟု လျှောက်ထား၏။ ဘုရားရှင်သည် ရှိခိုးသော ပုဏ္ဏားကို ချီးမြှောက်စကား မိန့်ကြားတော်မူပြီးလျှင် မဇ္ဈိမနိကာယ်မှ ဃဋိကာရသုတ္တန်ကို ဟောကြားတော်မူ၏။ ထို့နောက် ကဿပမြတ်စွာဘုရား၏ စာဝ်ယူဇနာမြင့်သော ရွှေစေတီတော်ကို လည်းကောင်း၊ အခြား စေတီတော်ကို လည်းကောင်း ကောင်းကင်၌ ယူဆောင်၍ပြတော်မူကာ "ပုဏ္ဏား၊ ဤသို့ အဘောရှိကုန်သော ပူဇော်ထိုက်သော ဘုရားရှင်တို့၏ စေတီတော်အား ပူဇော်ခြင်းသည် ထင့်လျော်သည်သာတည်း" ဟု မိန့်ကြားတော်မူပြီးလျှင် အထက်ပါဒေသနာတော်ကို ဟောကြားတော် မူလေသတည်း။

ထိုရွှေစေတီတော်ကြီးသည် ကောင်းကင်၌ ခုနစ်ရက်တိုင်တိုင် တည်ရှိနေပြီးလျှင် ခုနစ်ရက်စေ့သောအခါ မိမိနေရာသို့ ရောက်သွားလေ၏။

# သုခဝဂ်

ဒေသနာတော်

၁၉၇။ ရန်ပြုတတ်သူတို့အလယ်၌ ငါတို့သည် ရန်မပြုဘဲ အလွန်ချမ်းသာ စွာ အသက်မွေးနိုင်ကြကုန်၏၊ ရန်ပြုတတ်သူအလယ်၌ ငါတို့သည် ရန်မပြုဘဲ နေနိုင်ကြကုန်၏။

၁၉၈။ ကိလေသာ အနှိပ်စက်ခံရသော သူတို့အလယ်၌ ငါတို့သည် ကိလေသာ အနှိပ်စက်မခံရဘဲ အလွန်ချမ်းသာစွာ အသက်မွေးနိုင် ကြကုန်၏၊ ကိလေသာ အနှိပ်စက်ခံရသော သူတို့အလယ်၌ ငါတို့ သည် ကိလေသာ အနှိပ်စက်မခံရဘဲ နေနိုင်ကြကုန်၏။

၁၉၉။ ကာမဂုဏ်ကို ကြောင့်ကြစိုက်သော သူတို့အလယ်၌ ငါတို့သည် ကာမဂုဏ်ကို ကြောင့်ကြမစိုက်ဘဲ အလွန်ချမ်းသာစွာ အသက်မွေး နိုင်ကြကုန်၏၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်သူတို့၏အလယ်၌ ငါ တို့သည် ကာမဂုဏ်ကို ကြောင့်ကြမစိုက်ဘဲ နေနိုင်ကြကုန်၏။

## ဆွေတော် မျိုးတော်တို့၏ ငြိမ်းချမ်းရေး

ကပိလဝတ်မြို့တော်၊ နိဂြောဓာရုံကျောင်းတော်၌ ဘုရားရှင် သီတင်း သုံးတော်မူစဉ် အချင်းချင်း တိုက်ခိုက်မှု စည်းဝေး ရောက်လာကြသော ဆွေတော်မျိုးတော်တို့ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟော ကြားတော်မူလေသည်။

သကျ၊ ကောလိယနှစ်ပြည်ထောင်သားတို့သည် နှစ်ပြည်၏အလယ်၌ ရှိသော ရောဟိဏီမြစ်ကို ဆည်ဖို့၍ ရေယာဉ်ကာ ‌ထောက်စိုက်ကြကုန်၏။ တစ်ခုသောနှစ်တွင် နယုန်လ၌ မြစ်ရေ နည်းပါးသဖြင့် နှစ်ဖက်သောလယ် များအတွက် ရေမလုံမလောက် ဖြစ်လာ၏၊ ဤတွင် နှစ်ပြည်ထောင်စလုံးရှိ

လယ်လုပ်သားတို့သည် စည်းဝေးကြရာတွင် ကောလိယ ပြည်သားတို့က "ဤရေကို နှစ်ဖက်ခလုံးက အသုံးပြုကြလျှင် နှစ်ဖက်စလုံးအတွက် မလုံမလောက် ဖြစ်လတ္တံ့။ ငါတို့ကောက်ပင်များသည် ရေတစ်ကြိမ်သောက်ရုံမျှဖြင့် ပြည့်စုံကြလတ္တံ့။ ထို့ကြောင့် ရေကို ငါတို့အား ပေးကြပါ"ဟု အဆိုပြု၏။ သကျပြည်သားတို့ကလည်း "သင်တို့၏ကျီများတွင် ကောက်ပဲ့သီးနှံများ ပြည့်လျှံနေကြစဉ် ငါတို့သည် ရွှေငွေ၊ ပတ္တမြား၊ အိတ်များ သယ်ဆောင်၍ လာဝယ်မနေနိုင်ပါ၊ ငါတို့၏ ကောက်ပင်များသည် ရေတစ်ကြိမ်သောက်ရုံမျှဖြင့် ပြည့်စုံကြလတ္တံ့။ ရေကို ငါတို့အား ပေးကြပါ"ဟု ဆိုကြ၏၊ ဤသို့ဖြင့် တစ်ဖက်ကို တစ်ဖက်က မလိုက်လျောကြဘဲ ငြင်းခုံနေကြရာ စိတ်မထိန်းနိုင်သူ တစ်ယောက်က အခြားတစ်ဖက်မှ လူများကို ထ၍ ထိုး၍ ရိုက်၏၊ အခြားသူများကလည်း ပြန်၍ရိုက်လေရာ ရန်ပွဲကြီးစွာ ဖြစ်လာတော့လေသည်။

ကောလိယပြည်သူပြည်သား လယ်လုပ်အားတို့က "သင်တို့အသည် ကပိလဝတ် မြို့သားတို့ကို အားကိုး၍ ကြုံးဝါးကြကုန်၏၊ ခွေး၊ မြေခွေးတို့ကဲ့သို့ မိမိနှမနှင့် ပေါင်းသင်းကြသူတို့၏ လက်နက် ဒိုင်းမြားတို့သည် ငါတို့အား မည်သို့ တတ်နိုင်ကြပါမည်နည်း"ဟု ဆိုကြကုန်၏၊ သကျပြည်သားတို့ကလည်း "သင်တို့သည် ကောလိယမြို့သားတို့ကိုအားကိုး၍ကြုံးဝါးကြကုန်၏၊ တိရစ္ဆာန်တို့ကဲ့သို့ ကလောင်ခေါင်းမှာ အောင်းနေကြရသူတို့၏ လက်နက်ဒိုင်းမြားတို့သည် ငါတို့အား မည်သို့တတ်နိုင်ကြမည်နည်း"ဟု ဆိုကြ၏၊ ဤသို့ မင်းမျိုးများ၏ ရှေးဖြစ်ဇာတ်ကြောင်းကို ပုတ်ခတ် ပြောဆိုလာကြသော့အခါ နှစ်ဖက်သော မင်းညီမင်းသားတို့သည် တပ်ကြီးများချီ၍ ထွက်လာကြကုန်၏၊ သကျ မင်းညီမင်းသားတို့သည် "မိမိနှမနှင့် ပေါင်းသင်းခဲ့ကြသူ၏ အစွမ်းကို ပြကြကုန်အံ့"ဟု ကြုံးဝါးလာကြ၏၊ ကောလိယ ပြည်သားတို့ကလည်း "ကလောပင်ခေါင်းမှာ အောင်းခဲ့သူများ၏ အစွမ်းကိုပြကြကုန်အံ့"ဟု ကြုံးဝါးလာကြလေသည်။

ထိုနေ့ နံနက်မိုးသောက်ချိန်၌ ဘုရားရှင်သည် လောကကို ကြည့်ရှုတော်မူလေရာ ဆွေတော်မျိုးတော်တို့၏ ခိုက်ရန်ကြီးစွာ ဖြစ်ပွားမည့်အရေးကို မြင်တော်မူသဖြင့် ရောဟိဏီမြစ်သို့ ကောင်းကင် ခရီးမှ ကြွတော်မူ၏၊ ဆွေတော် မျိုးတော်တို့သည် ဘုရားရှင်ကို မြင်ကြရလျှင် "အခြားသူများက ငါတို့ကို သတ်ချင်သတ်ကြစေတော့၊ ဘုရားရှင်ရှေ့တော်တွင် ငါတို့ကား မည်သူ့ကိုမျှ မထိုးသတ်လို"ဟု တွေးတောကာ လက်နက်များ

ကို စွန့်ပစ်ကြကုန်၏၊ ဤတွင် ဘုရားရှင်က အပိုး တန်းသော ရေအနည်းငယ်ကို အ ကြောင်းပြု၍ ဆိုးပြုတ်နိုင်သော မင်းမျိုးများ အပျက်အစီး မခံသင့်ကြောင်း ဆုံးမတော်မူပြီးလျှင် အလက်ပါ ဒေသနာတော်ကို ဟောပြတော် မူလေသတည်း။

ဒေသနာတော်

၂၀၀။ စိုးရိမ် ကြောင့်ကြခြင်း တစ်စုံတစ်ရာ မရှိကြသည်ဖြစ်၍ ငါတို့သည် အလွန်ချမ်းသာစွာ အသက်ရှင်နိုင်ကြကုန်၏၊ အာဘဿရဘြဟ္မာတို့ကဲ့သို့ ပီတိထည်း ဟူသော အစာကို စားသုံး၍ နေကြကုန်အံ့၊

# မာရ်နတ်မင်း

ပဉ္စသာလမည်သော ပုဏ္ဏားရွာမှ ဘုရားရှင် ဆွမ်းခံဝင်၍ပြန်ကြွတော်မူသောအခါ မာရ်နတ်၏ အမေးလျှောက်ခြင်းကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဘုရားရှင်သည် ပဉ္စသာလပုဏ္ဏားရွာမှ အမျိုးသမီးငါးရာတို့၏ သောတာပတ္တိမဂ်ဉာဏ် ရရှိနိုင်ကြောင်းကို သိရှိတော်မူ၍ ပဉ္စသာလပုဏ္ဏားရွာသို့ ကြွတော်မူ၏ သို့ရာတွင် မာရ်နတ်က ပူဇော်နေ ယှက်ထားသဖြင့် ရွာသူရွာသားတို့သည် ဘုရားရှင်ကို ဆွမ်းဘစ်ဇွန်းမျှ မလောင်းမိကြချေ၊ ဘုရားရှင်သည် ဆေး၍ထားခဲ့သော သပိတ်အတိုင်းသာ ပြန်ပို၍ ထိုရွာမှ ထွက်တော်မူလာ၏။ ထိုစဉ်အခါ ထိုရွာမှ အမျိုးသမီးငါးရာတို့သည် နက္ခတ်ပွဲသဘင် ဆင်နွှဲရန် မြစ်ဆိပ်မှာ ရေချိုးပြီး ပြန်လာကြရာ ဘုရားရှင်နှင့် တွေ့ဆုံသောအခါ ရှေ့တော်မှောက်၌ ရိုသေစွာ ရှိခိုး၍ထိုင်နေကြကုန်၏။ ထိုအချိန်တွင် မာရ်နတ်သည် ဘုရားရှင်ထံ လာရောက်ကာ "အရှင်ဘုရား၊ ဆွမ်းမရ၍ ဆာလောင်မူဒုက္ခ အနှိပ်စက်ခံနေပြီလော" ဟု မေးလျှောက်၏။ ထိုစကားနှင့် ဆက်စပ်၍ အမျိုးသမီး ငါးရာတို့အား၊ ဘုရားရှင်က တရားစကား ဟောကြားတော် မူလိုသဖြင့် အထက်ပါ ဒေသနာတော်ကို ဟောကြားတော် မူလေသတည်း။

ဒေသနာတော်အဆုံး၌ အမျိုးသမီး ငါးရာတို့သည် သောတာပန် ဖြစ်ကြလေ၏။

စတုတ္ထအကြိမ်

ဒေသနာတော်

၂၀၁။ အနိုင်ရသူသည် ရန်များလာတတ်၏။ ရှုံးသောသူသည်လည်း ဆင်းရဲစွာ နေရ၏။ ဏိလေသာ ငြိမ်းပြီးသောသူသည် အနိုင်အရှုံးကို ဖယ်စွန့်ပြီး ချမ်းသာစွာ နေရ၏။

## ကောသလမင်းကြီးစစ်ရှုံးခြင်း

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် စစ်ရှုံး၍ အိပ်စက်နေသော ကောသလမင်းကြီးကို အကြောင်းပြု၍ ဤ ဒေသနာတော်ကို ဟောကြားတော်မူလေသည်။

မဟာကောသလမင်းကြီး လက်ထက်တုန်းက မဂဓတိုင်းနှင့် စပ်နေသော ကာသိရွာကြီးကို နှမတော် ဝေဒေဟီမိဖုရားအတွက် ဗိမ္ဗိသာရမင်း အား ပေးထားခဲ့၏။ ဗိမ္ဗိသာရမင်းကြီးကို သားတော် အဇာတသတ်က နှိပ်စက်၍ သတ်ဖြတ်လေရာ မယ်တော် ဝေဒေဟီလည်း မကြာမီကွယ်လွန်၏။ ဤတွင် ပသေနဒီကောသလမင်းကြီးက ကာသိရွာကြီးကိုပြန်၍ သိမ်းပိုက်ရန် စစ်ကြီးချီ၍ တိုက်ခိုက်ရာ တူတော် အဇာတသတ်ကလည်း ပြန်၍ တိုက်၏။ ကောသလမင်းကြီးသည် ထိုစစ်ပွဲကို သုံးကြိမ်တိုင်တိုင် တိုက်ခိုက်၍ သုံးကြိမ်စလုံး ရှုံးခဲ့လေရာ "နို့နံ့မျှ မစင်သေးသော မင်းငယ်ကလေးကိုမျှ အနိုင်မတိုက်နိုင်ရသလော" ဟု စိတ်မချမ်းမသာဖြစ်ကာ အစာမစားဘဲ အိပ်ရာထဲမှာသာ အိပ်၍နေ၏။ ဤအကြောင်းကိုရဟန်းများကလျှောက်ထားကြလေရာ ဘုရားရှင်က အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၂၀၂။ ရာဂနှင့်တူသောမီးသည်မရှိ။ ဒေါသနှင့် တူသော အပြစ်သည် မရှိ။ ခန္ဓာနှင့်တူသော ဆင်းရဲခြင်းသည်မရှိ။ နိဗ္ဗာန်နှင့်တူသော ချမ်းသာခြင်းသည်မရှိ။

## သတို့သမီးတစ်ယောက်

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် မိမိ၏ သတို့သမီးကို လွန်စွာတပ်မက်သော သတို့သားတစ်ယောက်ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

သာဝတ္ထိမြို့တော်မှ လက်ထပ်မင်္ဂလာပွဲဖိတ်စာတွင် ဘုရားရှင်နှင့်တကွ သံဃာတော်များအား ပင့်ဖိတ်၍ ဆွမ်းဆက်ကပ်၏။ ထိုသားဖြစ်သူသည် ဘုရားရှင်ထံသို့ လာ၍ကောင်း၊ မဟာသာဝက ရှင်မြတ်ကြီးများ ထံသို့ လည်းကောင်း ဖူးမြော်ဆည်းကပ်ခြင်းမပြုဘဲ မိမိ၏ သတို့သမီး သွားလာ လုပ်ကိုင်နေသမျှကို လိုက်လံကြည့်ရှုနေ၏။ စိတ်ထဲမှာ တဏှာရာဂများ ထကြွနေသဖြင့် သတို့သမီးကို ဆွဲကိုင်ရန် ကြံစည်နေ၏။ သူ၏အကြံအစည် ကို ဘုရားရှင်သိတော်မူသဖြင့် သတို့သမီးကို သတို့သား မမြင်စေရန် တန် ခိုးတော်ဖြင့် ပြုတော်မူ၏။ ထို့တွင်မှ သတို့သားသည် ဘုရားရှင်ထံ ချဉ်းကပ် ၍ ဖူးမြော်လာရာ ဘုရားရှင်က အထက်ပါ ဒေသနာတော်ကို ဟောကြား တော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ သတို့သား၊ သတို့သမီးတို့သည် သောတာပန် ဖြစ်ကြလေ၏။ ထိုအခါတွင်မှ သတို့သားသည် သတို့သမီးကို မြင်ရလေ၏။

ဒေသနာတော်

၂၇၃။ ဆောလောင်မှုတ် သိပ်ခြင်းသည် အလုံးကဲ့ဆုံး ရောဂါသည်။ သင်္ခါရ တရားတို့သည် အလွန်ကဲ့ဆုံး ဒုက္ခတည်း။ နိဗ္ဗာန်သည် အလွန်ကဲ့ဆုံး ချမ်းသာတည်း။ ဤသို့ ပကတိအတိုင်း မှန်စွာ သိ၍ ပညာရှိသည် နိဗ္ဗာန် ချမ်းသာကို မျက်မှောက်ပြု၏။

## ဒါယကာတစ်ယောက်

အာဠဝီမြို့သို့ ဘုရားရှင်ကြွတော်မူစဉ် ဒါယကာတစ်ယောက်ကို အကြောင်း ပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

အာဠဝီမြို့မှ ဆင်းရဲသား ဒါယကာတစ်ယောက်၏ ကျွတ်တမ်းဝင် မည့် အရေးကို မြင်တော်မူသဖြင့် ဘုရားရှင်သည် နောက်ပါရဟန်းငါးရာ နှင့်တကွ သာဝတ္ထိမြို့တော်မှ ယူဇနာသုံးဆယ် ကွာလှမ်းသောအာဠဝီမြို့သို့ ကြွရောက်တော်မူ၏။ အာဠဝီမြို့သူမြို့သားတို့သည် ဘုရားရှင်နှင့်တကွ သံဃာ တော်များအား ပင့်ဖိတ်ပြီးလျှင် ဆွမ်းခဲဖွယ်တို့ဖြင့် ပူဇော်လုပ်ကျွေးကြကုန် ၏။ ဆွမ်းကိစ္စ ပြီးစီးသွားသောအခါ ဆွမ်းအနုမောဒနာတရား ဟော ကြားတော်မူရန် ဆွမ်းဒါယိကာများက ဘုရားရှင်၏သပိတ်တော်ကို လှမ်း ယူ၏။ ဘုရားရှင်သည် မျှော်မှန်းထားခဲ့သော ဒါယကာတစ်ယောက် ရောက် မလာသေးသဖြင့် တရားဟောတော်မမူသေးဘဲဆိတ်ဆိတ်နေတော်မူ၏။

ထိုဒါယကာသည်ကား ဆင်းရဲသား တစ်ယောက်ဖြစ်၍ ပျောက်သွားသော နွားတစ်ကောင်ကို တောထဲမှာ ရှာဖွေနေရ၏။ နွားကိုရှာ၍ တွေ့လာခါမှ နွားကို နွားအုပ်ထဲသို့ သွင်းထားပြီးလျှင် ဘုရားရှင်ထံသို့ ဝင်လာ၏။ ဒါယကာသည် ဆာလောင်မွတ်သိပ်နေသဖြင့် ဤအတိုင်း တရားဟောလျှင် တရားကို သိနိုင်မည်မဟုတ်ချေ။ ဤအကြောင်းကို ဘုရားရှင်သိတော်မူသဖြင့် သံဃာတော်များအား ဆက်ကပ်၍ကျန်သော စားသောက်ဖွယ်ရာများကိုကျွေးမွေးရန် မိန့်ကြားတော်မူ၏။ ဆွမ်းကျွေးပွဲ၌ ဝေယျာဝစ္စဆောင်ရွက်သူများကလည်း စားကောင်း သောက်ဖွယ်များကို ထိုဒါယကာ ရှေ့သို့ ပို့ဆောင်ပေးကြကုန်၏။ အစားအစာ ဟင်းတိမ်စွာ စားပြီးသောအခါ ထိုဒါယကာအား ဘုရားရှင်က တရားဟောတော်မူလေရာ ထိုဒါယကာသည် သောတာပန်ဖြစ်လေသည်။

ဘုရားရှင်သည် ဒါယကာတစ်ယောက်အား အစားအသောက်ကျွေးမွေးရန် ဤနေရာမှတစ်ပါး အခြားနေရာ၌ မိန့်ကြားမမူခဲ့ချေ။ သို့ဖြစ်၍ အာဠဝီမြို့မှပြန်လာကြသောအခါ ရဟန်းများက ထိုအကြောင်းကိုပြောဆိုကြ၏။ ဘုရားရှင်သည် ထိုစကားနှင့် ဆက်စပ်၍ တရားစကား ဟောကြားတော်မူလိုသဖြင့် အောက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၂၀၄။ အနာရောဂါကင်းခြင်းသည် အလွန်ကဲဆုံး လာဘ်တည်း။ ရောင့်ရဲ
ခြင်းသည် အလွန်ကဲဆုံး ဥစ္စာတည်း။ ချစ်ကျွမ်းဝင်သူသည် အလွန်
ကဲဆုံးဆွေမျိုးတည်း။ နိဗ္ဗာန်သည် အလွန်ကဲဆုံး ချမ်းသာတည်း။

## ကောသလမင်းကြီး

ဇေတဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အစားအသောက်လျှော့ချဖြင့် ကိုယ်ခန္ဓာပေါ့ပါးလာသော ကောသလမင်းကြီးကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ပသေနဒီကောသလမင်းကြီး ပွဲတော်တည်သောအခါ ဆန်တစ်စိတ် ချက်ကုန်၏။ ဟင်းပွဲများမှာလည်း ထိုထမင်းနှင့် လိုက်ဖက်အောင် များပြားလှ၏။ ကောသလမင်းသည် နံနက်ခင်း၌ထိုမျှ များပြားလှသောပွဲတော်စာများကို စားသောက်ပြီးလျှင် ဘုရားရှင်ရှေ့တော်မှောက်သို့ ဝင်ရောက်

လစေ၏၊ ထမင်းဆီ ယစ်နေခိုက်ဖြစ်၍ မင်းကြီးသည် ဘုရားရှင် ရှေ့တော်ဝယ် ကောင်းကောင်းမွန်မွန်မနေနိုင်ပေ၊ အိပ်ငိုက်ချင်စိတ်များ၊ လွှမ်းမိုးလာသော်လည်း မသင့်လျော်သဖြင့် အောင့်အည်းဖည်းခံ၍ နေထိုင်ရ၏၊ ဤတွင် ဘုရားရှင်က=

"အခါခပ်သိမ်း သတိနှင့်ပြည့်စုံသော၊ ရအပ်သော စားသောက်ဖွယ်တို့၌ အတိုင်းအရှည်ကို သိသော ထိုသူအား၊ ရောဂါဝေဒနာတို့ နည်းပါးကုန်၏၊ စားအပ်သော အစာအစာသည်လည်း အသက်ကို စောင့်ရှောက်သည်ဖြစ်၍ နှေးညံ့စွာ ကြေညက်၏"

ဤသို့ ဆုံးမတော်မူလေ၏။ ကောသလမင်းကြီးသည် ထိုဆုံးမစကားကို ကိုယ်တိုင်သင်ယူမှတ်သားရန် မစွမ်းနိုင်သဖြင့် တူတော် သုဒဿနလုလင်အား ဆင်ယူမှတ်သားထားရန် တာဝန်ပေး၏၊ ဘုရားရှင်သည် သုဒဿနလုလင်အား ဆုံးမစကားများ၊ သင်ကြားပေးပြီးလျှင် ရွတ်ဆိုရမည့်အချိန်နှင့် ဆောင်ရွက်ရမည့်ကိစ္စတို့ကို ညွှန်ပြတော်မူ၏။ သုဒဿန လုလင်ကလည်း မင်းကြီး ပွဲတော် တည်နေဆဲတွင် အနားမှထိုင်နေကာ မင်းကြီးက နောက်ဆုံးထမင်းတစ်လုပ်ကို လှမ်း၍နှိုက်မည်အပြုတွင်မှ ဘုရားရှင်၏ ဆုံးမစကားကို ရွတ်ဆို၏၊ ဤဘင်ကောသလမင်းကြီးသည် နောက်ဆုံး ထမင်းလုတ်ကို မစားတော့ဘဲ လက်ကိုဆေးတော့၏၊ နောက်တစ်နေ့တွင် သုဒဿနလုလင်သည် တစ်လုပ်စာမျှသောဆန်ကို လျှော့ချကာ နောက်တစ်ခါ ပွဲတော်တည်ချိန်၌လည်း ဤသို့ပင် ရွတ်ဆို၏၊ ထိုသို့ တစ်နပ်လျှင် တစ်လုပ်စာမျှ ဆက်လက်၍ လျှော့ချလာခဲ့ရာ ကောသလမင်းကြီးသည် တစ်စလယ်ချက်မျှဖြင့် တင်းတိမ်နိုင်လာခဲ့လေသည်၊

ပေါ့ပါးသွက်လက်စွာ သွားလာ လှုပ်ရှားနိုင်၍ စိတ်ချမ်းသာနေသော ကောသလမင်းကြီးသည် တစ်နေ့သ၌ ဘုရားရှင်ထံ ချဉ်းကပ်ပြီးလျှင် "အရှင်ဘုရား၊ တပည့်တော်သည် ယခု ချမ်းသာလာပေါပြီ၊ သမင်ကိုလည်း ကောင်းစွာလိုက်၍ ဖမ်းနိုင်စွမ်းရှိလာပါပြီ၊ ရှေးအခါက သည့်တော်သည် ကာသိရွာကို ရလိုမှုဖြင့် တူတော်မောင်အဇာတသတ်နှင့် အကြိမ်ကြိမ် စစ်တိုက်ခဲ့ရ၏၊ ယခု ထမီးတော် ဝဇိရကုမာရီကို တူတော်အား ပေးပြီးလျှင် ထို ကာသိရွာကိုလည်း သမီးတော်၏ရေချိုးကသယ်မှုန့်ဖိုးအတွက် ပေးလိုက်ပါပြီ၊ ဘိုးစဉ် ဘောင်ဆက်အမွေဆက်ခံလာခဲ့သော နန်းစဉ်တွင်မြစ်ကြီး ပျောက်နေသည်ကိုလည်း ရှာ၍ တွေ့ခဲ့ပါပြီ။ အရှင်ဘုရားတို့နှင့် အကျွမ်းဝင်လိုအဖြင့် သကျမင်းသမီး တစ်ပါးကိုလည်းနန်းတော်သို့ ဆောင်ယူ၍

ထားနိုင်ပါပြီ။ ထိုအကြောင်းများကြောင့် တပည့်တော် ချမ်းသာနေပါသည်ဘုရား'' ဟု လျှောက်ထား၏။ ထိုစကားနှင့် ဆက်စပ်၍ ဘုရားရှင်က ကောသလမင်းကြီးအား တရားစကားဟောကြားတော်မူလိုသဖြင့် ဤဝတ္ထုရှေ့မှာ ပါသောဒေသနာတော်ကို ဟောကြားတော်မူလေသည်။

[ကောသလမင်းကြီး ကွယ်လွန်ပုံကို ပုပ္ဖဝဂ်၊ ဝိဋူဍဘမင်း ဝတ္ထုတွင် ရှုပါ။]

ဒေသနာတော်

၂၀၅။ တရားတည်း ဟူသော နှစ်သိမ့်ခြင်း ပီတိအရသာကို သောက်သုံးရသောသူသည် ဆိတ်ငြိမ်ခြင်း၌ ရရှိသော တရားအရသာကိုလည်းကောင်း၊ ကိလေသာအေးချမ်းရာ နိဗ္ဗာန်၏အရသာကို လည်းကောင်း သောက်ရသောကြောင့် ပူပန်ခြင်းကင်း၏။ မကောင်းမှုမှလည်း ကင်း၏။

# အရှင်တိဿ

[အတ္တဝဂ်၊ အရှင်အတ္တဒတ္တ ဝတ္ထုနှင့် ထပ်တူဖြစ်သည်။ အမည်မျှသာကွာခြားသည်။]

ဒေသနာတော်

၂၀၆။ သူတော်ကောင်းတို့ကို ဖူးမြင်ရခြင်းသည် ကောင်း၏။ သူတော်ကောင်းတို့နှင့် ပေါင်းသင်းရခြင်းသည် အခါခပ်သိမ်း ချမ်းသာ၏။ လူမိုက်တို့ကို မတွေ့မြင်ရခြင်းသည် အမြဲပင် ချမ်းသာ၏။

၂၀၇။ လူမိုက်နှင့် ပေါင်းသင်း၍ လှည့်လည်သွားလာနေရသောသူသည် အချိန်ကြာမြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် ပေါင်းသင်းနေရခြင်းသည် ရန်သူနှင့် ပေါင်းသင်းနေရသကဲ့သို့ အခါခပ်သိမ်းဆင်းရဲရ၏။ ပညာရှိသူနှင့် ပေါင်းသင်းရခြင်းသည် ဆွေမျိုးတို့နှင့် ပေါင်းသင်းရသကဲ့သို့ ချမ်းသာ၏။

၂၀၈။ ထို့ကြောင့်သာလျှင် တည်ကြည်သော ပညာရှိထသော၊ အကြားအမြင်လည်း များသော၊ မဂ်တည်း ဟူသော ဝန်ကိုဆောင်လေ့ရှိသော၊ သီလအကျင့်လည်း ရှိသော မြတ်သော ထိုသို့သော သူတော်ကောင်းကို လ,သည် နက္ခတ်တို့ သွားရာလမ်းကြောင်းကို ဆည်းကပ်သကဲ့သို့ ဆည်းကပ်ရာ၏။

# သိကြားမင်း

ဝေဠုဝန်ရှိစဉ် ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဘုရားရှင်၏ အညစ်အကြေးများကို သုတ်သင်ပြုစုလာသော သိကြားမင်းကို အကြောင်းပြု၍ ဤဒေသနာ တော်ကို ဟောကြားတော် မူလေသည်။

ဘုရားရှင်သည် ဝေဠုဝန်ရှိ နောက်ဆုံး ဝါကပ်စဉ် သေဝမ်း သွန်သော ရောဂါဝေဒနာ ကျရောက်လာလေရာ သိကြားမင်းသည် ဘုရား ရှင်ကို ပြုစုရန် နတ်ပြည်မှ ဆင်းလာ၏။ သုံးဂါဝုတ်မျှရှိသော ကိုယ်ခန္ဓာကို ပယ်စွန့်ကာ လူတစ်ယောက်၏ အရွယ်ပမာဏကို ဖန်ဆင်း၍ ဘုရားရှင်၏ ခြေတော်များကို ဆုပ်နယ်၏။ ဘုရားရှင်က "သိကြားမင်း၊ ယူဇနာတစ်ရာ ကွာဝေးသော လူတို့၏အနံ့သည် နတ်တို့အတွက် လည်ပင်းမှာ ဆွဲထား သော အသေကောင်ပုပ်ကဲ့သို့ အလွန်တရာ စက်ဆုပ်ရွံရှာဖွယ်ဖြစ်၏။ သင်သည် သွားပါလော့၊ ငါဘုရားအား ပြုစုလုပ်ကျွေးသော ရဟန်းများရှိပါသည်" ဟု မိန့်တော်မူ၏။ သိကြားမင်းကလည်း "အရှင်ဘုရား၊ အရှင်ဘုရား၏ သီလ တည်းဟူသောအနံ့ကို မြင်းမိုရ်တောင်ထိပ်မှပင် ခံယူ၍ရပါ၍ဖြင့် လာခဲ့ပါသည်။ ကျွန်တော် ပြုစုပါမည်" ဟု လျှောက်ထားလေ၍ ဘုရားရှင် ၏ အညစ်အကြေးခွက်အား နံ့သာခွက်ကို ယူဆောင်သကဲ့သို့ ခေါင်းဖြင့် ရွက်၍ စွန့်ပစ်၏။ ဘုရားရှင် ကျန်းမာချမ်းသာတော် မူလာမှ ပြန်သွား လေသည်။

ရဟန်းတို့သည် သိကြားမင်း၏ ချစ်မြတ်နိုးခြင်းကို တအံ့တသြ ပြော ဆိုနေကြရာ ဘုရားရှင်က "ရဟန်းတို့၊ ငါ့အပေါ် သိကြားမင်း၏ ချစ် မြတ်နိုးခြင်းသည် အံ့သြဖွယ်ရာ မဟုတ်ချေ။ သိကြားမင်းသည် ငါဘုရား ဟောကြားသော သက္ကပဉှသုတ္တန်ကို ကြားနာရ၍ သောတာပန်ဖြစ်ကာ သက်တမ်းကုန်ခါနီးနေသော သိကြားအိုအဖြစ်မှ သိကြားပျိုဖြစ်လာရ၏" ဟု မိန့်တော်မူပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော် မူလေသတည်း။

# ပိယဝဂ်

## ဒေသနာတော်

၂၀၉။ မိမိကိုယ်ကို အားမထုတ်သင့်ရာ၌ အားထုတ်လျက် အားထုတ်သင့်ရာ၌ အားမထုတ်ဘဲ အကျိုးစီးပွားကို စွန့်လွှတ်၍ ချစ်ခင်ဖွယ်ရာ အာရုံကို စွဲယူသောသူသည် ကိုယ်တိုင် အားထုတ်သူတို့ ရရှိနိုင်သော အကျိုးစီးပွားကို လိုလားတောင့်တ၏။

၂၁၀။ ချစ်အပ်သောသူတို့နှင့်လည်း မပေါင်းဆင်းနှင့်။ မုန်းသောသူတို့နှင့်လည်း တစ်ရံတစ်ဆစ်မျှ မပေါင်းဆင်းနှင့်။ ချစ်အပ်သောသူကို မမြင်ရခြင်းသည်လည်း ဆင်းရဲ၏။ မုန်းသောသူကို မြင်ရခြင်းသည်လည်း ဆင်းရဲ၏။

၂၁၁။ ထို့ကြောင့် ဆက်ရှိ ဆက်မဲ့ မည်သည့်အရာဝတ္ထုကိုမျှ ချစ်ခင်ခြင်းကို မပြုရာ။ ချစ်ခင်ဖွယ်ရာတို့နှင့် ကွေကွင်းရခြင်းသည် မကောင်းသည်သာတည်း။ ချစ်ခြင်းမုန်းခြင်းမရှိသော သူတို့အား အနှောင်အဖွဲ့တို့ မရှိကြကုန်။

## မိသားစု သုံးဦး

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် တစ်ဦးနှင့်တစ်ဦး မမြင်ဘဲ မနေနိုင်ကြသော မိသားစု သုံးဦးကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

သာဝတ္ထိမြို့တော်ရှိ မိဘနှစ်ပါးတို့တွင် ချစ်လှစွာသော သားတစ်ယောက်ရှိ၏။ ထိုသားသည် အိမ်သို့ ကြွလာကုန်သော ရဟန်းတို့၏ တရားစကားကို ကြားနာရ၍ ရဟန်းပြုလိုသဖြင့် မိဘများထံ ရဟန်းပြုခွင့်တောင်း၏။ မိဘများက ခွင့်မပြုချေ။ မိခင် ဖခင်တစ်ဦးဦး အပြင်ထွက်စရာရှိလျှင် အိမ်မှာ ကျန်ရစ်သောသူက သားကို အပြင်မထွက်အောင်

စေခင့်ရှေ့ခက်ထားရ၏။ တစ်နေ့သည် ဖခင်ဖြစ်သူ အပြင် ထွက်သွားရာ မိခင်သည် တံခါးပေါက်ဝတွင် ချည်ငင်လျက်စောင့်ရှောက်နေ၏။ တံခါး ဘောင်တစ်ဘက်ကို ကျောဖြင့် မှီထား၍ အခြားတစ်ဘက်ကို ခြေဖြင့် ကန့်ထား၏။ သားသည် ကိုယ်လက်သုတ်သင်လိုခြင်းကို အကြောင်းပြ၍ မိခင်၏ခြေတို့ ဖယ်ပေးရန် တောင်းပန်၏။ မိခင်သည် ခြေထောက်ကို ကွေးပေးလိုက်ရာ သားသည် ရဟန်းများ၏ အနောက်သို့ အလျင်အမြန် ပြေးသွား၍ ရဟန်းပြု၏။ ချစ်လှစွာသော သား၏ ရဟန်းပြုသွားပြီ ဖြစ်၍ ဖခင်နှင့် မိခင်တို့လည်း ရဟန်းနှင့် ရဟန်းမများ ပြုကြလေတော့သည်။

ရဟန်းဘဝရောက်လာကြသည်တွင်လည်း သူတို့သုံးဦးသည် တစ်ဦး တစ်ဦး၊ ခွဲခွာ၍မနေကြကုန်။ ရဟန်းများ၏ ကျောင်းမှာဖြစ်စေ၊ ရဟန်းမ များ၏ ကျောင်းမှာဖြစ်စေ အတူတကွတွေ့ဆုံကာ စကားပြောလျက်သာ နေကြ၏။ သူတို့အတွက် အခြားသီတင်းသုံးဖော်များမှာ စိတ်အနှောင့် အယှက်ဖြစ်နေကြရ၏။ ထိုအကြောင်းကို ဘုရားရှင်ထံ လျှောက်ထားကြ ရာ ဘုရားရှင်က သူတို့သုံးဦးကို ခေါ်၍ စစ်မေးတော်မူပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ မိသားစု သုံးဦးတို့သည် ခွဲခွာ၍ မနေနိုင်ကြ သဖြင့် လူထွက်သွားကြလေ၏။

ဒေသနာတော်

၂၁၂။ ချစ်ခင်ခြင်းကြောင့် စိုးရိမ်ပူဆွေးခြင်း ဖြစ်ပေါ်လာရ၏။ ချစ်ခင် ခြင်းကြောင့် ကြောက်ရွံ့ခြင်း ဖြစ်ပေါ်လာရ၏။ ချစ်ခင်ခြင်းမှ ကင်းလွတ်သောသူအား အဘယ်မှာ စိုးရိမ်ပူဆွေးခြင်း၊ ကြောက် ရွံ့ခြင်း ရှိပါတော့မည်နည်း။

## သူကြွယ်တစ်ဦး

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် သေလေပြီး သော သားအတွက် စိုးရိမ် ပူဆွေးနေရသော သူကြွယ် တစ်ယောက်ကို အကြောင်းပြု၍ ဤဒေသနာကို ဟောကြားတော်မူလေသည်။

သာဝတ္ထိမြို့တော်မှ သူကြွယ်တစ်ဦးသည် သေဆုံးလေပြီးသော သားအတွက် သုသာန်သို့ နေ့စဉ် ရက်ဆက် သွားငိုကြွေးနေ၏။ တစ်နေ့ သ၌ ဘုရားရှင်သည် ထိုသူကြွယ်၏ ကျွတ်ထမ်းဝင်နိုင်စရာ အကြောင်းကို မြင်တော်မူသဖြင့် ဆွမ်းခံရာမှ အပြန်တွင် နောက်ပါ ရဟန်းတစ်ပါးနှင့်

တကာ့ ထိုသူကြွယ်၏အိမ်သို့ ကြွတော်မူ၏၊ သူကြွယ်သည် ဘုရားရှင်ကို အိမ်အတွင်းသို့ ပင့်ပြီးလျှင် ထိုင်စရာခင်း၍ ပေး၏၊ ဘုရားရှင်သည် အခင်းပေါ်၌ ထိုင်ေတာ်မူ၏။ သူကြွယ်အား သေခြင်းနှင့်စပ်သော တရားစကားများကို ဟောကြားတော်မူပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော် မူလေသတည်း။

[ထိုသူကြွယ်၏ထား သေဆုံးခြင်းနှင့် ပတ်သက်၍ ဟောကြားထားသော ဥဒါဝါဒတ်ကို ပဠက်နိပါတ်မှာ ရှုပါ။]

ဒေသနာတော်

၂၁၃။ မြတ်နိုးခြင်းကြောင့် စိုးရိမ်ပူဆွေးခြင်း ဖြစ်ပေါ်လာရ၏။ မြတ်နိုးခြင်းကြောင့် ကြောက်ရွံ့ခြင်း ဖြစ်ပေါ်လာရ၏။ မြတ်နိုးခြင်းကင်းလွတ်သောသူအား အဘယ်မှာစိုးရိမ် ပူဆွေးခြင်း၊ ကြောက်ရွံ့ခြင်း ရှိပါတော့မည်နည်း။

## ဝိသာခါ ကျောင်းအမကြီး

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် သေလေပြီးသော မြေးလေးအတွက် စိုးရိမ်ပူဆွေးနေရသော ကျောင်းအမကြီး ဝိသာခါကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ကျောင်းအမကြီး ဝိသာခါ၏ သားတစ်ယောက်မှ ပေါက်ဖွားလာသော မြေးမလေး သုဒတ္တာသည် သူကံလက်ချက်ချာ၍ လိမ္မာလှသဖြင့် အဘွားဖြစ်သူ၏ကိုယ်စား မှုဟန်းသံဃာကို ပြုစုလုပ်ကျွေးရ၏။ တစ်နေ့သ၌ ထိုမြေးမလေးသည် ရုတ်တရက် ကျရောက်လာသော ရောဂါကြောင့် သေဆုံးလေရာ ကျောင်းအမကြီး ဝိသာခါသည် မြေးမလေး၏ အသုဘကို မျက်ရည်စက်လက်နှင့် လိုက်၍ပို့ဆောင်ရ၏။ သုသာန်မှပြန်လာသောအခါတွင် မိမိ၏ စိုးရိမ်ပူဆွေးမှုများမှ ထက်သာခွင့်ရစေရန် ဘုရားရှင်ထံဝင်၍ရှိခိုး၏၊ ဘုရားရှင်က ငိုကြွေးရခြင်း၏ အကြောင်းကို မေးမြန်းတော်မူပြီးလျှင် ဝိသာခါအား ဤသို့ မေးတော်မူ၏။

"ဝိသာခါ၊ ဤသာဝတ္ထိမြို့တော်၌ လူဦးရေ မည်မျှရှိပါသနည်း"

"အရှင်ဘုရား၊ ခုနစ်ကုဋေ ရှိပါသည်"

"ဤမျှလောက်သော မြေးများရလျှင် သင်ယူလိုပါသလား"

"ယူလိုပါသည် ဘုရား"

"သို့ဖြစ်လျှင်ဘာဝတ္ထိမြို့တော်ကြီး၌ တစ်နေ့တစ်နေ့လျှင်လူမည်မျှ သေဆုံးပါသနည်း"

"အရှင်ဘုရား မြောက်မြားစွာပင် သေဆုံးကြပါသည်"

"ဝိသာခါ၊ ထိုသို့ဖြစ်လျှင် သင့်မှာ စိုးရိမ်ပူဆွေး ငိုကြွေးခြင်းမပြတ် ရသော ရက်ဟူ၍ မရှိနိုင်တော့ပြီ"

ဤသို့မိန့်ကြားတော်မူပြီးလျှင် ဘုရားရှင်က ဤဝတ္ထုနှင့် ရှေ့မှပ ပါသော ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

**ဒေသနာတော်**

၂၁၄။ မွေ့လျော်ခြင်းကြောင့် စိုးရိမ်ပူပန်ခြင်းဖြစ်ပေါ်လာရ၏။ ပူဆွေးခြင်း ဖြစ်ပေါ်လာရ၏။ မွေ့လျော်ခြင်းကြောင့်ကြောက်ရွံ့ခြင်း ဖြစ်ပေါ်လာရ၏။ မွေ့လျော်ခြင်းမှ ကင်းလွတ်သော သူအား အဘယ်မှာ စိုးရိမ်ပူဆွေးခြင်း၊ ကြောက်ရွံ့ခြင်း ရှိပါတော့မည်နည်း။

## လိစ္ဆဝီမင်းများ

ဝေသာလီမြို့တော် ကူဋာဂါရကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အချင်းချင်းခုတ်ထစ် သတ်ဖြတ်၍ သေဆုံးကြရသော လိစ္ဆဝီမင်းသားတို့အား အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ပွဲလမ်းသဘင်ကျင်းပသော နေ့တစ်နေ့၌ လိစ္ဆဝီမင်းသားတို့သည် တစ်ယောက်နှင့် တစ်ယောက် မတူညီသော အဆင်တန်ဆာတို့ကို ဝတ်ဆင်ကာ ဥယျာဉ်ကစားရန် မြို့မှ ထွက်လာကြကုန်၏။ ထိုစဉ် အခိုက်တွင် ဘုရားရှင်သည် နောက်ပါရဟန်းများနှင့်တကွ ဆွမ်းခံဝင်တော်မူလေရာ ထိုလိစ္ဆဝီမင်းသားများနှင့် တွေ့ဆုံတော်မူ၍ "ရဟန်းတို့၊ လိစ္ဆဝီမင်းသားများကို မြင်ကြကုန်၏လော၊ တာဝတိံသာ နတ်သားတို့ကို မတွေ့မြင်ဖူးကြလျှင် လိစ္ဆဝီမင်းသားတို့ကိုကြည့်ရှုကြကုန်လော့"ဟုမိန့်ကြားတော်မူ၏။ တာဝတိံသာနတ်တို့တူစွာ တင့်တယ်ထယ်ဝါလှသော လိစ္ဆဝီမင်းသားတို့သည် ဥယျာဉ်တော်သို့ခေါ်ယူလာခဲ့သော ပြည့်တန်ဆာမ တစ်ယောက်အတွက် ငြင်းပွားကြရာသေွးချောင်းစီးမျှ တိုက်ခိုက်ရန်ဖြစ်ကြကုန်၏။ ဖက်ရကြီးစွာရသူးသေဆုံးသူတို့ကို ညောင်စောင်းဖြင့် တင်၍ ယူလာကြရ၏။ ဤအကြောင်းများကို ရဟန်းများက လျှောက်ထားကြရာ ဘုရားရှင်သာ ထိုရဟန်းတို့အား အထက်ပါဒေသနာတော်ကိုဟောကြားတော်မူလေသည်။

ဓမ္မဒေသနာတော်

၂၁၅။ လိုချင်ခြင်းကြောင့် စိုးရိမ်ပူဆွေးခြင်း ဖြစ်ပေါ်လာရ၏။ လိုချင်ခြင်းကြောင့် ကြောက်ရွံ့ခြင်း ဖြစ်ပေါ်လာရ၏။ လိုချင်ခြင်းမှ ကင်းလွတ်သောသူအား အဘယ်မှာ စိုးရိမ်ပူဆွေးခြင်း၊ ကြောက်ရွံ့ခြင်း ရှိပါတော့မည်နည်း။

## အနိတ္ထိဂန္ဓသတို့သား

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် မပေါင်းရသေးသော သတို့သမီးအသုံး၍ စိုးရိမ်ပူဆွေးနေရသော အနိတ္ထိဂန္ဓသတို့သားကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

သာဝတ္ထိမြို့တော် သူဌေးတစ်ဦး အိမ်တွင် ဖွားမြင်လာသော သတို့သားတစ်ယောက်သည် ငြွှာဘွားမြင်မှ ဆင်းသက်လာသူဖြစ်၍ မိန်းမများ၏ အငွေ့အရိုက်ကို မခံနိုင်ပေ။ မိန်းမ၏ အနံ့ကိုပင် မခံနိုင်ပေ။ သို့ဖြစ်၍ သူ့ကို အနိတ္ထိဂန္ဓသတို့သားဟူ၍ မိဘများက အမည်မှည့်ကြရ၏။ အနိတ္ထိဂန္ဓ သတို့သား အရွယ်ရောက်လာသောအခါ မိဘများက အမျိုးအနွယ် မတိမ်ကောစေရန် သတို့သမီးတစ်ယောက်နှင့် လက်ထပ်ရန် တိုက်တွန်းလာ၏။ အနိတ္ထိဂန္ဓ သတို့သားက မိဘများ၏စကားကို ငြင်းပယ်၏။ မိဘများက အကြိမ်ကြိမ် အဖန်ဖန် တိုက်တွန်းကြသောအခါ ပန်းထိမ်ကျော်ငါးရာကို ခေါ်ယူပြီးလျှင် ရွှေစင်နိက္ခတစ်ထောင်ကို ပေးအပ်ကာ ချောမောလှပသော မိန်းမပျိုတစ်ယောက်၏ ရုပ်ပုံသဏ္ဌာန်ကို ထုလုပ်စေ၏။ မိဘများက အိမ်ထောင်ပြုရန် တိုက်တွန်းကြပြန်သောအခါ အနိတ္ထိဂန္ဓသတို့သားက "မိခင်ဖခင်တို့၊ ဤကဲ့သို့ လှပချောမောသော သတို့သမီးကို ဆောင်ယူနိုင်ကြပါလျှင် မိခင်ဖခင်တို့၏စကားကို လိုက်နာပါမည်" ဟု ပြောဆိုလေသည်။

မိဘများသည် သား၏ရွှေရုပ်ကဲ့သို့ လှပသော သတို့သမီးကို သား၏ဘုန်းကံကြောင့် ကေန်ရရှိလိမ့်မည်ဟု ယုံကြည်ကြသဖြင့် ထင်ရှားကျော်ကြားသော ပုဏ္ဏားဆရာကြီးများထံတွင် ရွှေစင်ရုပ်ကို ပေးအပ်၍ "ဤရွှေစင်ရုပ်ကဲ့သို့ ချောမောလှပသော သတို့သမီးကိုတွေ့လျှင် ဆောင်ယူခဲ့ကြပါ" ဟု မှာကြား၍ စေလွှတ်လိုက်ကြ၏။ ပုဏ္ဏားဆရာတို့သည် မဒ္ဒရာဇ်တိုင်း၊ သာဂလမြို့သို့ ဆိုက်ရောက်ကြသောအခါ ရေချိုးဆိပ်တွင် ရွှေစင်ရုပ်ကို ချထားကြပြီးလျှင် သင့်လျော်ရာမှစောင့်၍ ကြည့်နေကြ၏။ သာဂလမြို့မှ

သေငွေ့သမီးတစ်ယောက်၏ အထိန်းတော်မသည် ရေချိုးဆိပ်သို့ ရေချိုးရန် လာစဉ်တွင် ရွှေစင်ရုပ်ကို တွေ့ရသောအခါ "ဤသမီးသည်အဆုံးအမခက်လှချေတကား၊ ယခုပင်လျှင် သင့်ကို ငါအားရေချိုး၍ပေးခဲ့၏၊ သင်က ငါ့ထက် ရှေးဦးစွာ ဤရေဆိပ်သို့ လာနေရလေသ"ဟု ပြောဆိုကာ လက်ဖြင့်ပုတ်ခတ်၏၊ မာသော အတွေ့အထိကိုရရှိခါမှ ရွှေစင်ရုပ်ဖြစ်နေမှန်း သိရလေသည်။

ပုဏ္ဏားဆရာတို့သည် အထိန်းတော်မထံ မေးမြန်း၍ စုံစမ်းပြီးနောက် သေငွေ့အိမ်သို့ လိုက်လာကြကာ ရွှေစင်ရုပ်ကို သေငွေ့သမီးနှင့် ယှဉ်၍ ထားကြ၏၊ ဆယ့်ခြောက်နှစ်ရွယ် သေငွေ့သမီး၏ အလှအပသည် ရွှေစင်ရုပ်ကို ဖုံးလွှမ်း၍သွား၏၊ ပုဏ္ဏားဆရာတို့သည် သေငွေ့သမီး၏မိဘများထံ ရွှေစင်ရုပ်ကိုအပ်နှံပြီးလျှင် သတို့သမီးကိုလည်း အနိတ္ထိဂန္ဓ သတို့သားနှင့် လက်ထပ်ရန် စေ့စပ်ပြောဆိုကြ၏၊ သေငွေ့သမီးကလည်း လက်ထပ်ရန် သဘောတူသဖြင့် အနိတ္ထိဂန္ဓ သတို့သား၏ မိဘများက သေငွေ့သမီးကို ဆောင်ယူကြ၏၊ သတို့သမီးသည် နူးညံ့သိမ်မွေ့သူဖြစ်၍ ယာဉ်တော်ကိုမှ ရသောသောရောဂါဖြင့် လမ်းမှာပင် ကွယ်လွန်သွားလေသည်။

အနိတ္ထိဂန္ဓ သတို့သားသည် ရွှေစင်ရုပ်ထက်ပင် လှပချောမောသည် ဟူသော သတင်းစကားအရ သေငွေ့သမီးကို မမြင်ရခင်ကပင် ချစ်ခင်စွဲလမ်းနေ၏၊ "ထိုသေငွေ့သမီးသည် လမ်းမှာပင် သေဆုံးခဲ့ပြီ"ဟူသော သတင်းစကားကို ကြားရသော အခါတွင်ကား သောကဆောင်ကြီးတို့ ဖိစီးနှိပ်စက်ခံရကာ အစားအသောက်ကို ငြင်းပယ်လျက် အခန်းထဲမှာ အိပ်နေ၏၊ ဘုရားရှင်သည် အနိတ္ထိဂန္ဓသတို့သား၏ ကျွတ်တမ်းဝင်မည့်အရေးကို မြင်တော်မူသဖြင့် သူတို့အိမ်သို့ ဆွမ်းခံကြွလာတော်မူကာ အနိတ္ထိဂန္ဓ သတို့သားကို ရှေ့တော်သို့ ခေါ်ယူပြီးလျှင် အောက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ အနိတ္ထိဂန္ဓသတို့သားသည် သောတာပန် ဖြစ်လေ၏။

ဒေသနာတော်

၂၁၆။ တဏှာကြောင့် စိုးရိမ် ပူဆွေးခြင်း ဖြစ်ပေါ်လာ၏၊ တဏှာကြောင့် ကြောက်ရွံ့ခြင်း ဖြစ်ပေါ်၏၊ တဏှာမှ ကင်းလွတ်သော သူအား အဘယ်မှာ စိုးရိမ် ပူဆွေးခြင်း၊ ကြောက်ရွံ့ခြင်း ရှိပါတော့မည်နည်း။

ဝတ္ထုအကျဉ်း

# သူငယ်ငါးရာ

ရာဇဂြိုဟ်မြို့တော်သို့ ဆွမ်းခံဝင်ရန် ဘုရားရှင်ကြွလာတော်မူစဉ် အရှင်မဟာကဿပအား မုန့်လှူဒါန်းကြသော သူငယ်ငါးရာတို့ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ပွဲသဘင်ကျင်းပသော နေ့တစ်နေ့၌ ရာဇဂြိုဟ်မြို့တော်မှ သူငယ်ငါးရာတို့သည် မုန့်တောင်းထမ်းသူတို့နှင့်တကွ ဥယျာဉ်သို့ထွက်လာကြ၏။ ဘုရားရှင်နှင့်တကွ နောက်ပါရဟန်းငါးရာတို့ ဆွမ်းခံကြွလာသည်ကို ဖူးမြင်ရသောအခါ သူတို့သည် ဘုရားရှင်ကို ရှိခိုး၍ ဖယ်ခွာသွားကြ၏။ ပါလာသောမုန့်တို့ကို မလှူကြချေ။ ဘုရားရှင်သည် "ရဟန်းတို့၊ ထိုသူငယ်တို့သည် ငါဘုရားကိုလည်းကောင်း၊ သင်တို့ကိုလည်းကောင်း မုန့်အလှူခံရန် မဖိတ်ကြားကြသော်လည်း မုန့်ရှင်ဖြစ်သော ရဟန်းသည် ကား နောက်ကလာနေ၏၊ မုန့်တို့ကိုစားပြီးမှ သွားသင့်၏"ဟု မိန့်တော်မူပြီးလျှင် ရဟန်းအပေါင်းနှင့်တကွ သစ်ပင်ရိပ်တွင် ထိုင်တော်မူလေသည်။

နောက်မှ လိုက်လာသော အရှင်မဟာကဿပကို ဖူးတွေ့ရသောအခါတွင်ကား သူငယ်ငါးရာတို့သည် ရိုသေစွာရှိခိုးကြပြီးလျှင် မုန့်များကို တောင်းလိုက် လှူဒါန်းကြ၏။ အရှင်မဟာကဿပက ထိုမုန့်တို့ကို ဘုရားရှင်နှင့်တကွ နောက်ပါရဟန်းများအား လှူဒါန်းရန်ညွှန်ကြား၏။ သူငယ်တို့သည် အရှင်မဟာကဿပနှင့်အတူ လိုက်ပါကာ ဘုရားရှင်နှင့်တကွ သံဃာတော်များအား ကပ်လှူကြ၏။ မုန့်များဘုဉ်းပေး၍ပြီးသောအခါ သောက်ရေ ဆက်ကပ်ကြ၏။ ရဟန်းများက "သူငယ်တို့သည် မျက်နှာကြီးရာ လိုက်ပါ၍ လှူဒါန်းကြကုန်၏။ ဘုရားရှင်ကို လည်းကောင်း၊ မဟာသာဝက အရှင်မြတ်ကို လည်းကောင်း မလှူဒါန်းကြဘဲ အရှင်မဟာကဿပကိုသာ လှူဒါန်းကြကုန်၏"ဟု ကဲ့ရဲ့ကြကုန်၏။ ဘုရားရှင်သည် ထိုရဟန်းတို့၏စကားကို ကြားပယ်တော်မူပြီးလျှင် သူငယ်တို့အား တရားစကား ဟောကြားတော်မူလိုသဖြင့် အထက်ပါ ဒေသနာတော်ကို ဟောကြားတော် မူလေသတည်း။

ဒေသနာတော်အဆုံး၌ သူငယ်ငါးရာတို့သည် သောတာပန်ဖြစ်ကြလေ၏။

စတုတ္ထအကြိမ်

ဒေသနာတော်

၂၁၇။ သီလနှင့်လည်းကောင်း၊ ဥာဏ်ပညာနှင့် လည်းကောင်း ပြည့်စုံသော၊ တရား၌တည်သော၊ အမှန်တရားကို သိတတ်သော၊ မိမိပြုရမည့်ကိစ္စကို သိတတ်မသောသူကို လူအပေါင်းသည် ချစ်ခင်မြတ်နိုး၏။

## ပုဏ္ဏားတစ်ယောက်

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် လယ်တစ်ကွက်လုံး ပျက်စီးသွားသဖြင့် စိုးရိမ်ပူဆွေးနေသော ပုဏ္ဏားတစ်ယောက်ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

မိစ္ဆာအယူရှိသော ပုဏ္ဏားတစ်ယောက်သည် မြင်းကမ်းပါးရှိ မိမိလယ်ကို ထွန်ယက်စိုက်ပျိုးရန် သုတ်သင်ရှင်းလင်းနေ၏။ ဘုရားရှင်သည် ထိုပုဏ္ဏား၏ ကျွတ်ထမ်းဝင်မည့်အကြောင်းကို မြင်တော်မူသဖြင့် ပုဏ္ဏားထံသို့ ကြွတော်မူ၏။ ပုဏ္ဏားသည် ဘုရားရှင်ကို မြင်သော်လည်း ရိုသေစွာ ခရီးဦး ကြိုဆိုခြင်းမပြုဘဲ ဆိတ်ဆိတ်နေ၏။ ဘုရားရှင်က ပုဏ္ဏားကို စတင်၍ နှုတ်ဆက်တော်မူပြီးလျှင် “ပုဏ္ဏား၊ ဘာကိုပြုလုပ်နေပါသနည်း” ဟု မေးမြန်းတော်မူ၏။ ပုဏ္ဏားလည်း ဆိတ်ဆိတ် မနေသာတော့သဖြင့် “အရှင်ဂေါတမ၊ လယ်ကို သုတ်သင်ရှင်းလင်းနေပါ၏”ဟု ပြန်၍ လျှောက်ထားရ၏။ ဤမျှသော စကားဖြင့်ပင် ဘုရားရှင် ပြန်၍ကြွတော်မူလေသည်။

လယ်ထွန်သောအခါ၊ ကောက်စိုက်သောအခါ၊ ရေသွင်းသော အခါ၊ စပါးခင်းကို စောင့်ရှောက်သောအခါတို့တွင်လည်း ဘုရားရှင်သည် ဤသို့ပင် လာ၍လာ၍ မေးမြန်းတော်မူ၏။ ဤတွင် ပုဏ္ဏားသည် ဘုရားရှင်ကို ခင်မင်၍လာကာ “အရှင်ဂေါတမ၊ အရှင်ဘုရားသည် တပည့်တော်၏ လယ်ကို သုတ်သင်ရှင်းလင်းသောအခါမှစ၍ ကြွလာ၍ မေးမြန်းတော်မူခဲ့၏။ တပည့်တော်၏စပါးများ အထွက်ကောင်းခဲ့ပါလျှင် အရှင်ဘုရားကိုလည်း ခွဲဝေ၍ ပေးပါအံ့။ ယနေ့မှစ၍ အရှင်ဘုရားသည် တပည့်တော်၏ မိတ်ဆွေ ပါတည်း”ဟု လျှောက်ထားလေသည်။

စပါးနှံများ အောင်မြင်၍ နက်ဖြန်ရိတ်သိမ်းမည်ဟု ဆုံးဖြတ်ထားသော ညမှာပင် မိုးကြီး အည်းထန်စွာ ရွာသွန်းလေရာ အရှိန်ပြင်းစွာ စီးဆင်းလာသော ရေအလျဉ်သည် ပုဏ္ဏား၏ လယ်တစ်ကွက်လုံးမှ စပါးပင်များကို ထိုက်ယူသွား၏။ ပုဏ္ဏားသည် ဟင်းလင်းဖြစ်နေသော လယ်ကို

မြင်သောအခါ စိုးရိမ်သေးက ဖိစီး၍ အိမ်သို့ပြန်ပြီးလျှင် အစာမစားဘဲ အိပ်နေ၏။ ဘုရားရှင်သည် ပုဏ္ဏားအိမ်သို့ ကြွတော်မူပြီးလျှင် စိုးရိမ်သေးက ဖိစီးနှိပ်စက်ခံနေရသော ပုဏ္ဏားအား အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ ပုဏ္ဏားသည် သောတာပန်ဖြစ်လေ၏။

ဒေသနာတော်

၂၁၈။ နိဗ္ဗာန်ကို လိုလားသည်ဖြစ်၍ စိတ်ဖြင့် ထိတွေ့ကာ ကာမဘုံ၌ ကပ်ငြိခြင်းမရှိသောသူကို အထက်အလျဉ်ရှိ၍ အထက်စီးဆန်သူဟု ဆိုအပ်၏။

## အနာဂါမ်ရဟန်းတစ်ပါး

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် တရားထူးရကြောင်း မပြောဘဲ ပျံလွန်သွားသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ထိုရဟန်းသည် မိမိတရားထူးရကြောင်းကို မပြောကြားဘဲ ပျံလွန်သွားသဖြင့် သူ၏ တပည့်ရဟန်းများက ငိုကြွေးနေကြရာ ဘုရားရှင်က ထိုရဟန်းတို့ကို ခေါ်တော်မူကာ "ရဟန်းတို့၊ သင်တို့ စိုးရိမ်ပူဆွေး ငိုကြွေးခြင်း မပြုကြကုန်သလော့။ ထိုရဟန်းသည် အနာဂါမ်ဖိုလ်သို့ ဆိုက်ရောက်၏။ သို့ရာတွင် အနာဂါမ်ဖိုလ်သို့ လူတို့သည်လည်း ဆိုက်ရောက်နိုင်ကြသဖြင့် ရှက်သောကြောင့် မပြောကြားခြင်းဖြစ်ပေသည်" ဟုမိန့်တော်မူပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ ထိုရဟန်းတို့သည် ရဟန္တာ ဖြစ်ကြလေ၏။

ဒေသနာတော်

၂၁၉။ ကြာမြင့်စွာ ကွဲကွာ၍ ရပ်ဝေးမှ ချမ်းသာစွာ ပြန်ရောက်လာသော သူကို မြင်၍ ဆွေမျိုး မိတ်ဆွေတို့သည်လည်းကောင်း၊ ချစ်ကျွမ်းဝင်သူတို့သည်လည်းကောင်း သူပြန်လာပြီဟု ဝမ်းမြောက်ကြကုန်၏။

၂၂၀။ ထိုနည်းတူစွာပင် ဤပစ္စုပ္ပန်ဘဝမှ တမလွန်ဘဝသို့ ပြောင်းရွှေ့သွားသော၊ ကောင်းမှုကုသိုလ် ပြုလုပ်ခဲ့သော သူကိုလည်း၊ ဆွေမျိုးတို့သည် ပြန်ရောက်လာသော ချစ်ခင်သူကို ကြိုဆိုကြသကဲ့သို့ ကောင်းမှုတို့သည် ကြိုဆိုကြကုန်၏။

# နန္ဒိယသူကြွယ်

ပဗ္ဗဒါဝုန်တော၌ နန္ဒိယသူကြွယ်၏ကျောင်း၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် မသေခင်က နတ်ပြည်၌ ဘုံဗိမာန် ပေါက်နှင့်နေသော ထိုသူကြွယ်ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ဗာရာဏသီမြို့၌ သဒ္ဓါတရားနှင့် ပြည့်စုံသော မိတနှစ်ပါးမှ ပေါက်ဖွားလာသော နန္ဒိယသတို့သားသည် ဦးရီး၏သမီး ရေဝတီကို လက်ထပ်ရန် အလိုမရှိပေ။ ရေဝတီသည် သဒ္ဓါတရားမရှိသောကြောင့် ဖြစ်၏။ နန္ဒိယ၏ မိဘတို့က "ချစ်သမီး၊ သင်သည် ဤအိမ်၌ ရဟန်းသံဃာတို့၏ နေရာကို လိမ်းကျံသန့်ရှင်း၍ နေရာခင်းပါလော့။ သပိတ် ခြကို ချထားပါလော့။ ရဟန်းသံဃာများ ကြွတော်မူလာသောအခါ သပိတ်ကို ဆီးယူကာ နေရာ၌ ထိုင်တော်မူရန် လျှောက်ပါလော့။ သပိတ်များတွင် ဆွမ်းဘောဇဉ်များ လောင်း၍ ဆက်ကပ်ပါလော့။ ရဟန်းသံဃာများ ဆွမ်းဘုဉ်းပေးပြီးသောအခါ သပိတ်ကို စင်ကြယ်သောရေနှင့် ဆေးကြော၍ ပေးပါလော့။ ဤသို့ ပြုလျှင် သင့်ကို နန္ဒိယက နှစ်သက်ပါလိမ့်မည်"ဟု ဆုံးမသွန်သင်ကြ၏။ ရေဝတီအလည်း သွန်သင်ထားသည့်အတိုင်း လိုက်နာပြုလုပ်သဖြင့် နန္ဒိယက သူ့ကို လက်ထပ်ယူလေသည်။

မိဘများ ကွယ်လွန်သွားသောအခါ နန္ဒိယသည် အလှူရှင်ကြီးဖြစ်လာ၏။ ရဟန်းသံဃာများအား နေ့စဉ် အလှူပေး၏။ ခိုကိုးရာမဲ့သူများနှင့် ခရီးသည်များအတွက် အိမ်တံခါးဝတွင် စားစရာနှင့် ဝတ်စရာများ အသင့်ထား၍ ပေးလှူ၏။ ထို့နောက် မိဂဒါဝုန်တောတွင် ဘုရားရှင်အတွက် တိုက်ခန်းလေးခု၊ မုခ်ထွတ်လေးခုရှိသော ကျောင်းတော်ကြီးကို ဆောက်လုပ် လှူဒါန်း၏။ ညောင်စောင်း၊ အင်ပျဉ်စသော အသုံးအဆောင်များ ပြည့်စုံအောင် လှူဒါန်း၏။ အလှူကြီးပေးလျက် ထိုကျောင်းတော်ကြီးကို ရေစက်ချသည်နှင့် တစ်ပြိုင်နက်မှာပင် တာဝတိံသာနတ်ပြည်၌ ရတနာခုနစ်ပါးဖြင့် ပြီးသော ဘုံဗိမာန်ကြီးပေါ်ပေါက်လာလေသည်။

တစ်နေ့သ၌ အရှင်မဟာမောဂ္ဂလာန်သည် တာဝတိံသာနတ်ပြည်သို့ ကြွတော်မူလေရာ ထိုဘုံဗိမာန်ကြီး အနီးကို ရောက်ရှိ၏။ ဤတွင် နန္ဒိယသူကြွယ် ရောက်ရှိလာလျှင် ပြုစုလုပ်ကျွေးရန်အသင့်စောင့်ကြိုနေကြသော နတ်သမီးများသည် ဘုံဗိမာန်ပေါ်မှဆင်း၍ အရှင် မဟာမောဂ္ဂလာန်ထံ ချဉ်းကပ်လာကြပြီးလျှင် "အရှင်ဘုရား၊ တပည့်တော်တို့သည် မိဂဒါဝုန်

တောစဉ်တွင် တိုက်ကျောင်းကြီးစွာ ဆောက်လုပ်လှူဒါန်းသော နန္ဒိယသခင်ကို ပြုစုလုပ်ကျွေးရန် ဤဘုံဗိမာန်၌ ဖြစ်ပေါ်လာကြရပါသည်။ နန္ဒိယ သခင်ကို မမြင်ရသေးသဖြင့် ပျင်းရိငြီးငွေ့ကြပါသည်။ မြေခွက်ကိုခွဲ၍ ရွှေခွက်ကို ယူသကဲ့သို့ လူ့စည်းစိမ်ကို စွန့်လွှတ်ပြီးလျှင် ဤဘုံဗိမာန်သို့ လာ၍ နတ်စည်းစိမ်ကို ခံစားပါရန် နန္ဒိယသခင်အား မိန့်ကြားပေးပါ ဘုရား''ဟု လျှောက်ထားကြလေသည်။

အရှင်မဟာမောဂ္ဂလာန်သည် လူ့ပြည်သို့ပြန်ဆင်းလာ၍ ဘုရားရှင်ထံ ဝင်ရောက်ပြီးလျှင် ''အရှင်ဘုရား၊ လူ့ပြည်၌ နေကုန်သေးသော ကောင်းမှုရှင်တို့အတွက် နတ်စည်းစိမ်သည်ဖြစ်နှင့်၍ နေပါသလော'' ဟု မေးလျှောက်၏။ ဘုရားရှင်က ''မောဂ္ဂလာန်၊ သင်ကိုယ်တိုင် မြင်ခဲ့ပြီ မဟုတ်လော''ဟု မိန့်တော်မူပြီးလျှင် အထက်ပါဒေသနာတော်ကို ဟော ကြားတော်မူလေသတည်း။

# ကောဓဝဂ်

ဒေသနာတော်

၂၂၁။ အမျက်ကိုစွန့်ရာ၏၊ မာနကို ပယ်ရာ၏၊ သံယောဇဉ်ဟူသမျှကို
ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ်၊ မကြောင့်ကြသူတို့ထံသို့
ဆင်းရဲဒုက္ခတို့သည် မရောက်လာကြပေ။

## ရောဟိနီ မင်းသမီး

ကပိလဝတ္ထုမြို့တော် နိဂြောဓာရုံကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အရှင်အနုရုဒ္ဓါ၏နှမဖြစ်သော ရောဟိနီမင်းသမီးကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

အရှင်အနုရုဒ္ဓါသည် နောက်ပါ ရဟန်းငါးရာနှင့်တကွ ကပိလဝတ္ထုမြို့တော်သို့ ကြွတော်မူလေရာ ဆွေတော်မျိုးတော်များသည် လာ၍ ရှိခိုးနှုတ်ဆက်ကြ၏၊ ရောဟိနီမည်သော နှမတော် မင်းသမီးသည်ကား နူနာရောဂါစွဲကပ်နေသဖြင့် အရှင်အနုရုဒ္ဓါသည် နှမတော်ကို ခေါ်စေပြီးလျှင် နှမတော်၏ လက်ဝတ်တန်ဆာကို ရောင်း၍ ဆွမ်းစားကျောင်း ဆောက်လုပ်လှူဒါန်းရန် ညွှန်ကြားပြီး ဆွမ်းစားကျောင်းအတွက် သစ်သားစသော ပစ္စည်းများစုဆောင်းရှာဖွေပေးရန် ဆွေတော်မျိုးတော်များအား တာဝန်ပေး၏။ ဘုံနှစ်ဆင့်ရှိသော ဆွမ်းစားကျောင်းကို ဆောက်လုပ်နေစဉ်မှာပင် အဆက်ဆက်၌ ပျဉ်ခင်းသောအခါမှစ၍ အရှင်အနုရုဒ္ဓါသည် နှမတော် ရောဟိနီမင်းသမီးအား ဆွမ်းစားကျောင်းအောက်၌ မပြတ်တံမြက်လှည်းရန်၊ နေရာခင်းထားရန်၊ သောက်ရေအိုးတွင် ရေခပ်ထားရန် ညွှန်ကြား၏။ ညွှန်ကြားသည့်အတိုင်း ဆောင်ရွက်စဉ်မှာပင် ရောဟိနီ၏ နူနာရောဂါသည် ညိုးမှိန်၍လာလေသည်။

ဆွမ်းစားကျောင်းပြီးစီး၍ ရေဟိနီသည် ဘုရားရှင်နှင့်တကွ ရဟန်းသံဃာများကို ဆွမ်းစားကျောင်းသို့ ပင့်ဖိတ်၍ ဆွမ်းဆက်ကပ်၏။ နူနာရောဂါရှိနေသေးသဖြင့် ကိုယ်တိုင်ကား မလာရောက်ပေ။ ဘုရားရှင်သည် ရေဟိနီကို ရှေ့တော်သို့ ခေါ်တော်မူကာ နူနာရောဂါ ခံစားရခြင်း၏ အကြောင်းကို မိန့်ကြားတော်မူလေသည်။

လွန်လေပြီးသော အချိန်တွင် ရေဟိနီသည် ဗာရာဏသီမင်း၏ မိဖုရားကြီးဖြစ်ခဲ့၏။ သူသည် ကချေသည်မတစ်ဦးကို ရန်ငြိုးဖွဲ့ပြီးလျှင် ကချေသည်မ၏ အိပ်ရာ၊ ပဝါ၊ ကော်ဇော စသည်တို့၌ ခွေးလှေးယားသီးမှုန့်တို့ကို ဖြူး၍ထား၏။ ရယ်ရွှင်ဖွယ်ရာပြုသကဲ့သို့ ကချေသည်မ၏ ကိုယ်ပေါ်မှာလည်း ခွေးလှေးယားသီးမှုန့်များ ကြဲချ၏။ ကချေသည်မသည် တစ်ကိုယ်လုံး ယားယံလှသဖြင့် အဖုအပိမ့်များ ထလာရ၏။ အိပ်ရာထဲ၌ ဝင်အိပ်သော အခါတွင်လည်း ပို၍ယားယံစွာ ခံစားရ၏။ ဘုရားရှင်သည် ရေဟိနီမင်းသမီး၏ အတိတ်ကံကို ဤသို့ ဟောကြားတော်မူပြီးလျှင် ဤဝတ္ထု၏ ရှေ့တွင်ပါသော ဒေသနာတော်ကို ဟောကြားတော် မူလေသတည်း။

ဒေသနာတော်အဆုံး၌ ရေဟိနီမင်းသမီးသည် သောတာပန် ဖြစ်ကာ နူနာရောဂါ ပျောက်သွား၏။ ကိုယ်ရည်အဆင်းလည်း ရွှေကဲ့သို့ ဝါဝင်းစိုပြည်၏။ ထိုဘဝမှ စုတေသောအခါ သိကြားမင်း၏ အချစ်မြတ်နိုးဆုံးသော မိဖုရားဖြစ်လေ၏။

ဒေသနာတော်

၂၂၂။ လျင်မြန်စွာ ပြေးသွားနေသော ရထားကို လမ်းမှားအောင် စောင့်ရှောက်ဘိ သကဲ့သို့ အကြင် သူသည် ဖြစ်ပေါ်လာသော အမျက်ဒေါသကို ထားဆီးနိုင်၏။ ထိုသူကို လိမ္မာသော ရထားထိန်းဟု ငါဆို၏။ တိုမှတစ်ပါး ပကတိ ရထားထိန်းသည်ကား ရထားကြိုးကိုင်သာ မည်၏။

## ရဟန်းတစ်ပါး (သစ်ပင်ခုတ်သူ)

အာဠဝီမြို့တော်၊ အဂ္ဂါဠဝစေတီ၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် နတ်သားတစ်ပါး၏ ဘုံဗိမာန်ကို ဖျက်ဆီးသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

အာဠဝီမြို့တော်မှ ရဟန်းတစ်ပါးသည် ကျောင်းဆောက်လုပ်ရန် နှစ်လိုဖွယ်သော သစ်ပင်ကြီးတစ်ပင်ကို ခုတ်ဖြတ်လေရာ ထိုအပင်တွင် နေ

ထိုင်သော ရုက္ခစိုးနတ်က မခုတ်ရန် တောင်းပန်၏၊ တောင်းပန်၍ မရသော အခါ ရုက္ခစိုးနတ်သည် မိမိ၏သားငယ်ကို သစ်ပင်ခွကြားမှာ တင်ထားလိုက်၏၊ သားငယ်ကိုမြင်လျှင် ရဟန်းက မခုတ်ဖြတ်ဘဲ ရှောင်သွားစေရန် ဖြစ်၏။ သို့ရာတွင် တအားဝင့်၍ အရှိန်ယူထားသော ပုဆိန်ကို မထိန်းနိုင်သဖြင့် သားငယ်လေး၏ လက်မောင်းကို ဖြတ်မိ၏၊ ရုက္ခစိုးနတ်သည် သီလရှိသော ရဟန်းအား လက်စားချေ မသတ်ဖြတ်လိုသောကြောင့် လည်းကောင်း၊ မိမိကို နမူနာထား၍ အခြားနတ်များက ရဟန်းများကို သတ်ဖြတ်ကြမည်စိုးသောကြောင့် လည်းကောင်း ထိုရဟန်းကို မသတ်ဖြတ်ချေ၊ မျက်ရည်ရွဲစို ငိုကြွေးလျက် ဘုရားရှင်ထံသို့သာ လာ၍လျှောက်ထား၏၊ ဘုရားရှင်သည် ရုက္ခစိုးနတ်၏ အပြုအမူကို “ကောင်းပေစွ၊ ကောင်းပေစွ” ဟု ချီးမွမ်းတော်မူပြီးလျှင် အထက်ပါဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ ရုက္ခစိုးနတ်သည် သောတာပန် ဖြစ်လေ၏၊ ထို့နောက် ဘုံဗိမာန် ကင်းမဲ့နေသော ရုက္ခစိုးနတ်အား ဘုရားရှင်က ဂန္ဓကုဋိတိုက်အနီးရှိ အားလပ်နေသော သစ်ပင်တစ်ပင်တွင် နေရာပေးတော်မူလေ၏။

ဒေသနာတော်

၂၂၃။ အမျက်ဒေါသထွက်သူကို အမျက်မထွက်ခြင်းဖြင့် အောင်နိုင်ရာ၏။ မကောင်းသော စိတ်ရှိသောသူကို ကောင်းသော စိတ်ဖြင့် အောင်နိုင်ရာ၏၊ နှမြော တွန့်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်နိုင်ရာ၏၊ မဟုတ်မမှန် ပြောဆိုသောသူကို ဟုတ်တိုင်းမှန်စွာ ပြောဆိုခြင်းဖြင့် အောင်နိုင်ရာ၏။

## ဥတ္တရာဥပါသိကာမ

ဝေဠုဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ခေါင်းပေါ်၌ ကျိုက်ကျိုက်ဆူသော ထောပတ်ဖြင့် လောင်းချခံရသော်လည်း အမျက်မထွက်သော ဥတ္တရာဥပါသိကာမကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော် မူလေသည်။

ဥတ္တရာ ဥပါသိကာမသည် သေဋ္ဌေးမျိုးရိုးမှ ပေါက်ဖွားလာခဲ့သူ မဟုတ်ပေ။ ရာဇဂြိုဟ်မြို့တော်ရှိ သုမနသေဋ္ဌေးကြီးကို အမှီပြု၍နေရသော ‘ပုဏ္ဏ’ အမည်ရှိ သူဆင်းရဲနှင့် မယားတို့၏ သမီးဖြစ်၏၊ တစ်နေ့သည်၌ ရာဇဂြိုဟ်မြို့တော်၌ ခုနစ်ရက်ပတ်လုံး နက္ခတ်ပွဲသဘင် ပျော်ရွှင်ကစားရန် ကြွေး

ကြောင်၏။ သူဆင်းရဲ ပုဏ္ဏသည်ကား နက္ခတ်ပွဲသဘင်တွင် ပျော်ရွှင်စွာ ကစားမှုမပြုဘဲ သူ့ခနေသဌေးထံမှ နွားကိုဆောင်းယူကာ လယ်ထွန်မြဲ ထွန်နေ၏။ အရှင်သာရိပုတ္တရာသည် ခုနစ်ရက်ပတ်လုံး နိရောဓသမာပတ် ဝင်စားနေရာမှ ထသောပြီးလျှင် ပုဏ္ဏကို ကယ်ဆယ်တင်မြှောက်လိုသဖြင့် ပုဏ္ဏထံသို့ကြွလာပြီးလျှင် ရေတွင်း၏ကမ်းပါးရှိ ချုံတစ်ချုံကိုကြည့်ရှု၍ ရပ်နေ၏။ အရှင်မြတ်ကြီးသည် တံပူအလိုရှိနေကြောင်း သိရှိသဖြင့် ပုဏ္ဏသည် လယ်ထွန်ခြင်းကို ရပ်နားလော၍ အရှင်မြတ်ကြီးကို ရှိခိုးလျှက် တံပူတို့ ဖြတ်တောက်၍ လှူဒါန်း၏။ ထိုမှတစ်ဖန် အရှင်မြတ်ကြီးက သပိတ်နှင့်ရေစစ်ကို ကမ်းလင့်လေရာ ပုဏ္ဏသည် ရေစစ်ဖြင့် ရေကိုစစ်ပြီးလျှင် သပိတ်တွင်ထည့်၍ လှူလိုက်လေသည်။

ပုဏ္ဏတို့မိသားစုသည် ဆင်းရဲလှသဖြင့် သူများ၏အိမ်နောက်ဖေးတွင် တဲထိုး၍ နေကြရ၏။ ထို့ကြောင့် အိမ်စဉ်အတိုင်း ဆွမ်းခံကြွကောင်မူကြသော ရဟန်းများသည် ပုဏ္ဏထံသို့မရောက်နိုင်ကြချေ။ သို့ဖြစ်၍ အရှင်သာရိပုတ္တရာသည် ပုဏ္ဏ၏မယား ထမင်းလာပို့ချိန်နှင့်မှ ဆွမ်းခံဝင်၏။ သူဆင်းရဲမသည် လမ်းအကြား၌ အရှင်မြတ်ကြီးကို ဖူးရသောအခါ လှူဖွယ်ဝတ္ထုနှင့်အကွ အလှူခံပုဂ္ဂိုလ်တို့ပါ ပြည့်စုံနေသဖြင့် ဝမ်းမြောက် ဝမ်းသာဖြစ်ကာ "အရှင်ဘုရား၊ ဤဆွမ်းကို ယုတ်သည် သည်၊ မွန်မြတ်သည်ဟူ၍ မတွေးတောတော် မမူဘဲ အရှင်ဘုရားတို့၏တပည့်ကို ချီးမြှောက်သောအားဖြင့် အလှူခံတော်မူပါ"ဟု လျှောက်ထား၏။ အရှင်သာရိပုတ္တရာက သပိတ်ကို ညွှတ်၍ ပေးလိုက်ရာ သူဆင်းရဲမသည် ပုဏ္ဏအတွက် ချက်၍ယူလာသော ထမင်းနှင့် ဟင်းများကို လောင်းထည့်၏။ ထစ်ဝက်မျှလောင်းမိသောအခါ အရှင်သာရိပုတ္တရာက သပိတ်ကို လက်ဖြင့်ပိတ်၏။ သူဆင်းရဲမက "အရှင်ဘုရား၊ အရှင်ဘုရားတို့၏တပည့်အား ဤလောကဖြင့် ချီးမြှောက်တော်မမူဘဲ တမလွန်လောကဖြင့် ချီးမြှောက်တော် မူပါဘုရား"ဟု လျှောက်ထားကာ အားလုံးကို မခြွင်းမချန် လောင်းလှူလိုက်လေသည်။

ထို့နောက် သူဆင်းရဲမသည် ဆန်ရှာဖွေ၍ ထမင်း ဟင်း ချက်ပြုတ်ပြီးလျှင် ပုဏ္ဏထံသို့ပို့နှံသွား၏။ ပုဏ္ဏသည်လည်း မင်းပယ် တစ်ခုစာမျှကို ထွန်ယက်ပြီးစီး၍ ထမင်းဆာလှသဖြင့် မယားကိုစောင့်မျှော်နေ၏။ သူဆင်းရဲမသည် မိမိပြုခဲ့သော ကုသိုလ်ကောင်းမှုကို ပြောပြလေရာ ပုဏ္ဏသည် ထမင်းပို့နောက်ကျရသည်ကို လုံးအပြစ်မတင်ဘဲ မိမိ၏ ကုသိုလ်ကောင်းမှုကိုလည်း ပြောပြ၏။ နေပူမြင့်ခါမှ ထမင်းစားသောက်ရသဖြင့် ပုဏ္ဏသည်

မယား၏ ရင်ခွင်ထက်မှာပင် မေ့မေ့မေ့ပန်းပန်းနှင့် အိပ်ပျော်သွားရ၏။ အိပ်ရာမှ နိုး၍ ကြည့်လိုက်သော အခါကား မိမိထွန်ယက်ထားသော မြေကြီးခဲများအား ရွှေခဲများ၊ ဖြစ်နေသည်ကို တွေ့ကြရလေသည်။

ပုဏ္ဏတို့လင်မယားသည် အရှင်သာရိပုတ္တရာအား လှူဒါန်းရသော ကောင်းမှုကြောင့်ချက်ချင်းလက်ငင်း အကျိုးပေးလာသည်ကို ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ထမင်းခွက်ထဲကို ရွှေအပြည့်ထည့်ထားပြီးလျှင် ဗိမ္ဗိသာရမင်းကြီးထံ ဆက်သ၏။

"ကျွန်ရှိနေသော ရွှေတို့ကိုလည်း လှည်းပေါင်းတစ်ထောင် စေလွှတ်၍ တိုက်ယူတော်မူပါ"ဟု လျှောက်တင်၏။ မင်းကြီးကလည်း လှည်းပေါင်းတစ်ထောင် စေလွှတ်၍ တိုက်ယူစေ၏။ မင်းမှုထမ်းများသည် 'မင်းကြီး၏ ရွှေတည်း'ဟု ဆိုတဲ့ ကျုံးယူကြသောအခါ ရွှေခဲများသည် မြေကြီးခဲများဖြစ်ကုန်ကြ၏။ 'ပုဏ္ဏ၏ ဥစ္စာတို့တည်း'ဟူ၍ဆိုကာ ကျုံးယူတော့မှ ရွှေအတိုင်းတည်နေ၏။ ရွှေအစုံးလုံးကို သယ်ယူ၍ နန်းရင်ပြင်၌ စုပုံလိုက်သောအခါ အတောင်ရှစ်ဆယ်မျှ ရှိနေလေသည်။

ဤမျှလောက် များပြားလှသော ရွှေကိုပိုင်ဆိုင်သူ တစ်ဦး တစ်ယောက်မျှမရှိသဖြင့် ဗိမ္ဗိသာရမင်းကြီးသည် ပုဏ္ဏကို သူဌေးအရာပေးကာ သူဌေးဆောင်းထီးကိုပါ ချီးမြှင့်၏။ ထို့နောက်ပုဏ္ဏက 'အရှင်မင်းကြီး ကျွန်ုပ်သည် သူတစ်ပါး၏အိမ်နောက်ဖေးမှာ ကပ်နေရပါ၏။ ကျွန်ုပ်အတွက် အိမ်နေရာ ပေးသနားတော်မူပါ' ဟု လျှောက်တင်၏။ မင်းကြီးက ယခင်က သူဌေးတစ်ဦး နေခဲ့ဖူး၍ ယခု ချုံပိတ်ပေါင်းတို့ ဖုံးလွှမ်းသော နေရာကိုပေး၏။ ပုဏ္ဏအတွက် အိမ်ဆောက်ရန် ထိုနေရာကို ရှင်းလင်းကြသောအခါ အချင်းချင်းထိနေသော ရွှေအိုးတို့ကို တွေ့ကြရ၏။ ပုဏ္ဏ၏ ကုသိုလ်ကြောင့်ရသဖြင့် မင်းကြီးသည် ရွှေအိုးတို့ကို ပုဏ္ဏအား ပေးလိုက်၏။ ပုဏ္ဏ၏အိမ်တက်မင်္ဂလာ၊ ထီးဆောင်းမင်္ဂလာ ပွဲလုပ်ကြရာတွင် ခုနစ်ရက် တိုင်တိုင်ဘုရားရှင်နှင့်တကွ ရဟန်းသံဃာများအား အလှူပေး၏။ ဘုရားရှင်၏ ထုံးအနုမောဒနာတရားတော်ကို ကြားနာရသဖြင့် ပုဏ္ဏတို့ လင်မယားနှင့် သမီးဥတ္တရာတို့ သောတာပန်ဖြစ်ကြလေသည်။

ပုဏ္ဏမှီခိုနေခဲ့သော သုမနသူဌေးသည် မိမိ၏သားအတွက်ဥတ္တရာကို တောင်းလာ၏။ ပုဏ္ဏသူဌေးသည် မိစ္ဆာဒိဋ္ဌိဖြစ်နေသော သုမနသူဌေး အိမ်သို့ သမီး ဥတ္တရာကိုမပေးလိုပေ။ သို့ရာတွင် ချစ်ကျွမ်းဝင်နေသော အမျိုးကောင်းသားများစွာတို့က 'ရာဇဂြိုဟ် သူဌေးကြီးနှင့် ချစ်ကျွမ်း

ဝင်ခြင်းကို မဖျက်ဆီးပါနှင့်ဟု တေစင်းပန်ကြသဖြင့် ဇာမီးဥတ္တရာကို သုမနသေဌေးကြီးအိမ်သို့ ပို့ပေးလိုက်၏။ သုမနသေဌေးကြီးအိမ် ရောက် သောနေ့မှစ၍ ဥတ္တရာသည် မည်သည့်ရဟန်း၊ မည်သည့်ရဟန်းမကိုမျှ မဖူး ရတော့ချေ။ ဆွမ်းမလောင်းရ၊ တရားမနာရတော့ချေ။ ဤသို့ဖြင့် ဝါ တွင်းကာလ နှစ်လခွဲကျော်လွန်သွားသောအခါ ဥတ္တရာသည် ဖခင်သေဌေး ကြီးထံသို့ မိမိ၏အဖြစ်ကို သတင်းပို့၍ ပြောကြားစေ၏။ ဤတွင် ပုဏ္ဏ သေဌေးသည် သမီးထံ ငွေတစ်သောင်း ငါးထောင်ကို ပေးပို့ကာ "မြို့ စာန်ဆာမ သီရိမာအား တစ်နေ့ တစ်ထောင်ပေး၍ မိမိကိုယ်စား လင် ယောကျ်ားကို ပြုစုလုပ်ကျွေးစေပြီးလျှင် သမီးကိုယ်တိုင် ကုသိုလ်ကောင်းမှု ပြုလော့"ဟု မှာကြားလိုက်လေသည်။

ဖခင်သေဌေးကြီး၏ အမှာစကားအတိုင်း၊ ဥတ္တရာသည် သီရိမာကို ခေါ်၍ ဆယ့်ငါးရက်တမျှ မိမိ၏ကိုယ်စား လင်ယောကျ်ားအား ပြုစု လုပ်ကျွေးရန်မှာကြား၏။ လင်ယောကျ်ားကလည်း အဆင်း လှပသော သီရိမာကိုတွေ့လိုက်ရသည့်အခါ ချစ်ခင်စုံမက်သဖြင့် ဥတ္တရာ၏ ဆစီအစဉ်ကို လက်ခံလိုက်လေ၏။ လွတ်လပ်ခွင့်ရသော ဥတ္တရာသည် ဘုရားအမှူးရှိသော သံဃာတော်များအား ဆယ့်ငါးရက်ပတ်လုံး မိမိအိမ်သို့သာ ကြွတော်မူ ကြရန် လျှောက်ထားပြီးလျှင် ယာဂုကျိုရန်၊ မုန့်ကြော်ရန်မှစ၍ ကိစ္စအဝဝ ကို လှည့်လည်စီစဉ်နေ၏။ ဥတ္တရာ၏ လင်ယောကျ်ားသည် အိမ်ရှေ့ပြတင်း ပေါက်မှ အောက်သို့ လှမ်းကြည့်လိုက်သောအခါ ချွေးစိုစိုတွင် မြာရော မီးသွေးပါ လူး၍ပေနေသော ဥတ္တရာကို လှမ်းမြင်သဖြင့် "အော်၊ အလွန် မိုက်မဲလေစွကလား။ ဤသို့သောနေရာတွင် ဤသို့သော စည်းစိမ်ကိုမျှ မခံစားနိုင်ဘဲ ဦးပြည်းရဟန်းတို့အတွက် ဆောင်ရွက်နေပေသည် တကား" ဟု တွေးတောကာ ပြုံးရယ်ပြီးလျှင် တော်ရာသို့မျက်နှာလွှဲသွားလေသည်။

ဥတ္တရာကိုယ်စား သေဌေးသားကို ပြုစုလုပ်ကျွေးနေရသော သီရိမာ သည် မိမိကိုယ်တိုင် သေဌေး၏မယားဟု မှတ်ထင်နေကာ သေဌေးသား ပြုံးရယ်ရခြင်းအကြောင်းကို စူးစမ်း၏။ ဥတ္တရာကိုမြင်၍ ပြုံးရယ်ကြောင်း သိရသည်တွင် အလွန်တရာ မခံမရပ်နိုင်ဖြစ်လာသဖြင့် စားဖိုဆောင်မှ ကျိုက်ကျိုက်ဆူနေသော ထောပတ်ကို ယောက်ချိုနှင့် ခပ်၍ ယူလာခဲ့ပြီး လျှင် ဥတ္တရာ၏အပေါ်သို့လာခဲ့၏။ ဥတ္တရာသည်ကား သီရိမာ၏ အကြံ အစည်ကို ကြိုတင် သိရှိသော်လည်း "သူငယ်ချင်းမ သီရိမာသည် ငါ့ အပေါ် ကျေးဇူးများလှ၏။ သူငယ်ချင်းမကို အမှီပြု၍ ငါသည် အလှူ

ကိုကည်း ပေးစွင့်ရ၏။ ငါသည် သီရိမာအပေါ်၌ အမျက်မထွက်ခဲ့ပါ သော် ဤထောပတ်သည် မပူလောင်ပါစေသတည်း''ဟု သီရိမာအပေါ်၌ မေတ္တာ ဖြန့်ကျက်ထား၏။ ထို့ကြောင့် သီရိမာက ဥတ္တရာ၏ ခေါင်းပေါ်၌ ကျိုက်ကျိုက်ဆူနေသော ထောပတ်များ လောင်းချသောအခါ ထောပတ် သည် ရေစင်တမျှ အေးမြ၍နေလေသည်။

သီရိမာသည် ''ဤထောပတ်သည် အေး၍ဖြစ်ဟန်တူ၏''ဟု တွေး တောကာ သည့်ထက်ပူသော ထောပတ်ကို ယူရန် စားဖိုဆောင်သို့ ပြန်လာ ၏။ ဤတွင် ဥတ္တရာ၏ ကျွန်မတို့က သီရိမာကို ဝိုင်း၍ကန်ကျောက်ရိုက်ပုတ် ကြ၏။ ဥတ္တရာက တားမြစ်သော်လည်းမရပေ။ သို့ဖြစ်၍ ဥတ္တရာသည် သီရိ မာ ကိုယ်ပေါ်မှ မိုး၍ ကာကွယ်ပေးနေရ၏။ ထို့နောက် သီရိမာကို ရေနွေး ဖြင့် ရေချိုးစေပြီးလျှင် အကြိမ်တစ်ရာချက်ထားသော ဆီဖြင့် ဆုပ်နယ်ပြုစု ပေး၏။ ဤတွင် သီရိမာသည် နောင်တကြီးစွာ ရရှိကာ ဥတ္တရာ၏ ခြေကို ဦးခိုက်၍ တောင်းပန်၏။ ဥတ္တရာက ''ငါ့တွင် ဖခင်ဖြစ်သော ဘုရားရှင်ရှိ သေးသည်။ ဘုရားရှင်က သည်းခံပါသော် ငါသည်းခံပါ၏''ဟု ဆို၏။ သီရိမာသည်ကား ဘုရားရှင်နှင့် အကျွမ်းမဝင်သေးသဖြင့် ဥတ္တရာအိမ်သို့ ဘုရားရှင် ကြွရောက်တော်မူသောအခါ ဆွမ်းခဲဖွယ်နှင့်တကွ လာရောက်၍ ရှိခိုးကန်တော့၏။ ဘုရားရှင်က သီရိမာ၏ဖြစ်ပွားမှုကို မေးမြန်းတော်မူရာ သီရိမာက မိမိ၏ ဖြစ်ပွားမှုနှင့်တကွ ဥတ္တရာ၏ ညှန်ကြားချက်ကိုပါ လျှောက် ထား၏။ ဘုရားရှင်က ဥတ္တရာကို မေးမြန်းတော်မူရာ ဥတ္တရာကလည်း မိမိ စိတ်အဘောထားကို လျှောက်ထား၏။ ဤတွင် ဘုရားရှင်သည် ဥတ္တရာ၏ စိတ်သဘောထားကို ချီးကျူးတော်မူပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော် မူလေသတည်း။

ဒေသနာတော်အဆုံး၌ သီရိမာသည် အခြံအရံမိန်းမ ငါးရာနှင့် တကွ သောတာပန်ဖြစ်လေ၏။

[သီရိမာအဆုံးခန်းကို ဇရာဝဂ်၊ သီရိမာပြည့်တန်ဆာမ ဝတ္ထုမှာ ရှုပါ။]

ဒေသနာတော်

၂၂၄။ မှန်ကန်သော စကားကို ပြောဆိုရာ၏။ အမျက်မထွက်ရာ။ တောင်း လာသည်ရှိသော် အနည်းငယ်မျှကိုသော်လည်းကောင်း ပေးလှူ ရာ၏။ ဤအကြောင်းသုံးပါးတို့ဖြင့် နတ်ပြည်သို့ ရောက်ရာ၏။

စတုတ္ထအကြိမ်

# အရှင်မဟာမောဂ္ဂလာန်

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အရှင်မဟာမောဂ္ဂလာန် တွေ့မြင်ခဲ့ရသော နတ်သမီး၊ နတ်သားတို့ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

တစ်နေ့သ၌ အရှင်မဟာမောဂ္ဂလာန်သည် နတ်ပြည်သို့ ဒေသစာရီ လှည့်လည်လေရာ တန်ခိုးကြီးသော နတ်သားတစ်ယောက်၏ ဘုံဗိမာန်သို့ ရောက်ရှိ၏။ ဘုံဗိမာန်၏ပိုင်ရှင် နတ်သားသည် လည်း လာ၍ ရှိခိုး၏။ အရှင်မဟာမောဂ္ဂလာန်က "နတ်သား၊ သင်၏စည်းစိမ်သည် ကြီးကျယ် ခမ်းနားလှ၏။ အဘယ်သို့သော ကုသိုလ်ကောင်းမှုကိုပြုခဲ့၍ ဤသို့သော စည်းစိမ်ကို ခံစားရသနည်း" ဟု မေးမြန်း၏။ နတ်သားသည်ကား သေးငယ်လှသော မိမိ၏ကုသိုလ်ကောင်းမှုကို ပြောရန်ရှက်နိုးသဖြင့် "မေးတော်မမူပါနှင့် ဘုရား" ဟု တောင်းပန်၏။ အရှင်မဟာမောဂ္ဂလာန်က အတင်း အကြပ် မေးမြန်းသောအခါတွင်မှ "အရှင်ဘုရား၊ တပည့်တော်သည် အခြား ကုသိုလ်ကောင်းမှုကို မပြုနိုင်ပါ။ မှန်ကန်စွာ ပြောဆိုခြင်း သက်သက်ကို စောင့်ရှောက်နိုင်ခဲ့ပါသည်ဘုရား" ဟု လျှောက်ထားလေသည်။

ထို့အတူပင် အခြားသော ဘုံဗိမာန်မှ နတ်သမီးတို့ကိုလည်း အတင်း အကျပ်မေးမြန်းခါမှ နတ်သမီးများက မိမိတို့ ကုသိုလ်ကောင်းမှုကို ထုတ်ဖော် လျှောက်ထား၏။ နတ်သမီးတစ်ယောက်က "တပည့်တော်မသည် ဒါနစသော ကုသိုလ်ကောင်းမှုကို မပြုခဲ့ရပါ။ ကဿပဘုရားရှင်လက်ထက် တော်တုန်းက တပည့်တော်မသည် သူတစ်ပါး၏ ကျေးကျွန်ဖြစ်ခဲ့ရပါသည်။ တပည့်တော်မ၏ သခင်မသည် အလွန်တရာ ရက်စက်ကြမ်းကြုတ်ပါသည်။ ထွဲကိုင်မိသော လက်နက်ဖြင့် ဦးခေါင်းကို ရိုက်ခဲ့တတ်ပါသည်။ သို့ရာတွင် တပည့်တော်မ အမျက်မထွက်ခဲ့ပါ။ အမျက်ထွက်သည် ပြုလာသောအခါ တိုင်း "ဤသူကား သင်၏ အရှင်သခင်ပေတည်း၊ အမှတ်တံဆိပ် ရိုက်နှိပ်ရန် သော်လည်းကောင်း၊ နှာခေါင်း စသည်တို့ကို ဖြတ်တောက်ရန်သော် လည်းကောင်း အစိုးရပေ၏" ဟု မိမိကိုယ်ကိုဆိုဆုံးမပါသည်။ ထိုသို့ အမျက် မထွက်ခဲ့သော ကုသိုလ်ကောင်းမှုကြောင့် ဤစည်းစိမ်ကို ခံစားရပါသည် ဘုရား" ဟု လျှောက်ထား၏။ အလားတူပင် ကြံတစ်ချောင်းကို လှူခဲ့သူ၊ တည်သီးတစ်လုံးကို လှူခဲ့သူ၊ သခွားသီးတစ်လုံးလှူခဲ့သူ၊ ဖက်သက်သီးတစ် လုံးလှူခဲ့သူ၊ သင်္ဘောမြစ်တစ်ခုလှူခဲ့သူ၊ တမာရွက်တစ်ဆုပ်လှူခဲ့သူများကလည်း ထုတ်ဖော် လျှောက်ထားကြလေသည်။

အရှင်မဟာမောဂ္ဂလာန်သည် လူ့ပြည်သို့ သက်ဆင်း၍ ဘုရားရှင်ထံ ဝင်ရောက်ပြီးလျှင် "အရှင်ဘုရား၊ သေးငယ်လှသော ကုသိုလ်ကံမျှဖြင့် နတ်စည်းစိမ်ကို ရနိုင်ကောင်းပါ၏လော"ဟု မေးလျှောက်၏၊ ဘုရားရှင်က "မောဂ္ဂလာန်၊ သင်ကိုယ်တိုင် တွေ့ရပြီမဟုတ်လော"ဟု မိန့်ကြားတော်မူပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော် မူလေသတည်း။

ဒေသနာတော်

၂၂၅။ အကြင်သူတို့သည် ထူတစ်ပါးကို ညှဉ်းဆဲတတ်ကုန်။ ကာယ၊ ဒွါရ စသည်ဖြင့် အမြဲစောင့်စည်းကြကုန်၏၊ ထိုရဟန္တာ ပုဂ္ဂိုလ်တို့ သည် စိုးရိမ်ပူဆွေးခြင်း မရှိသော နိဗ္ဗာန်သို့ ရောက်ကြရကုန်၏။

## ဘုရားရှင်၏ ခမည်းတော် ပုဏ္ဏား

သာကေတမြို့သို့ ဘုရားရှင် ကြွတော်မူစဉ် ဘုရားရှင်၏ ခမည်းတော် ပုဏ္ဏားကြီး ပရိနိဗ္ဗာန်ပြုရခြင်းကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ဘုရားရှင်သည် ရဟန်းအပေါင်းနှင့်တကွ သာကေတမြို့သို့ ကြွတော်မူသောအခါ သာကေတမြို့မှ ပုဏ္ဏားကြီးနှင့် ပုဏ္ဏားမကြီးတို့သည် ဘုရားရှင်ကို သားဟုခေါ်ဝေါ်၍ အိမ်သို့ပင့်ပြီးလျှင် ချစ်ခင်မြတ်နိုးစွာ ပွေ့ဖက် လုပ်ကျွေးကြ၏။ သားသမီးများကိုလည်း "သင်တို့၏ အစ်ကိုကြီးကို ပြုစုလုပ်ကျွေးကြ"ဟု တိုက်တွန်းကြ၏။ အခြားသူများက ဘုရားရှင်ကို ပင့်ဖိတ်လိုလျှင် ပုဏ္ဏားကြီးထံ ပန်ကြား၍ ပင့်ဖိတ်ရ၏။ အခြားသူများက အပင့်အဖိတ် မရှိသောအခါ ဘုရားရှင်နှင့် နောက်ပါ ရဟန်းများသည် ပုဏ္ဏားကြီးအိမ်၌သာ ဆွမ်းဘုဉ်းပေးကြရကုန်၏။ ပုဏ္ဏားကြီးနှင့် ပုဏ္ဏားမကြီးတို့သည် ဤသို့ ကုသိုလ်ကောင်းမှုပြုရင်း တရားနာကြရသဖြင့် အနာဂါမ်ဖိုလ်သို့ ဆိုက်ရောက်ကြလေသည်။

ရဟန်းများသည် တရားသဘင်၌ စည်းဝေးမိသောအခါ "ငါ့ရှင်တို့၊ ဘုရားရှင်၏ ခမည်းတော်သည် သုဒ္ဓေါဒနမင်းကြီးဖြစ်၍ မယ်တော်သည် မဟာမာယာဒေဝီ ဖြစ်ကြောင်း၊ သိရှိပြီးဖြစ်ပါလျက် ပုဏ္ဏားကြီးသည် ဘုရားရှင်အား သားဟုခေါ်ဝေါ်၏၊ ဘုရားရှင်ကလည်း သည်းခံတော်မူ၏၊ အကြောင်းမည်သို့ ရှိသနည်း"ဟု ပြောဆိုကြ၏၊ ဘုရားရှင်သည် တရားသဘင်သို့ ကြွတော်မူပြီးလျှင် "ရဟန်းတို့၊ ဤပုဏ္ဏားကြီးသည် ရှေး

ယခင်က ဘဝပေါင်းရာတိုင်တိုင် ဆက်လက်၍ ငါဘုရား၏ ခမည်းတော် ဖြစ်ခဲ့၏၊ ဘဝပေါင်းရာတိုင်တိုင် ဘထွေးဖြစ်ခဲ့၏။ ဘဝပေါင်းရာတိုင်တိုင် ဘကြီးဖြစ်ခဲ့၏၊ ပုဏ္ဏေးမကြီးသည်လည်း ဘဝပေါင်းရာတိုင်တိုင် ဆက်လက်၍ ငါဘုရား၏ မယ်တော်ဖြစ်ခဲ့ဖူး၏။ ဘဝပေါင်းရာတိုင်တိုင် မိထွေးဖြစ်ခဲ့ဖူး၏။ ဘဝပေါင်းရာတိုင်တိုင် မိကြီးဖြစ်ခဲ့ဖူး၏၊ ဤသို့ ဘဝ သုံးထောင်တိုင်တိုင် ဤပုဏ္ဏားကြီးနှင့် ပုဏ္ဏေးမကြီးတို့ လက်ပေါ်တွင်ကြီးပြင်းခဲ့ရသဖြင့် သူတို့က သားဟု ခေါ်ဝေါ်ခဲ့ကြခြင်း ဖြစ်ပေသည်'' ဟု မိန့်ကြားတော် မူလေသည်။

ဘုရားရှင်သည် ဝါတွင်းသုံးလပတ်လုံး ထိုပုဏ္ဏားကြီးနှင့် ပုဏ္ဏေးမကြီးတို့၏ ပြုစုလုပ်ကျွေးမှုကို ခံယူတော်မူ၏။ သို့ဖြင့် ဝါကျွတ်လာသောအခါ ပုဏ္ဏားကြီးနှင့် ပုဏ္ဏေးမကြီးတို့သည် အရဟတ္တဖိုလ် မျက်မှောက်ပြုစာ၍ ပရိနိဗ္ဗာန် စံဝင်ကြကုန်၏။ သာကေတမြို့သူမြို့သားတို့သည် ဘုရားရှင်၏ ခမည်းတော် မယ်တော်တို့၏ အလောင်းများကို ပြာသာဒ်မှုစာင်၍ စည်ကားစွာ လိုက်ပို့ကြ၏။ ဘုရားရှင်သည်လည်း သုသာန်ထိအောင်လိုက်ရှိပို့တော်မူ၏၊ ရဟန်းတို့သည် ပုဏ္ဏားကြီးနှင့် ပုဏ္ဏေးမကြီးတို့ ပရိနိဗ္ဗာန်ပြုကြသည်ကို မသိကြသဖြင့် သူတို့၏လားရာဂတိကို မေးလျှောက်ကြရာ ဘုရားရှင်က ထိုအမေးကို ဖြေကြားရင်း တရားစကား ဟောကြားတော်မူလိုသဖြင့် အောက်ပါဒေသနာတော်ကို ဟောကြားတော် မူလေသတည်း။

ဒေသနာတော်

၂၂၆။ အစဉ်မပြတ်သိမ်း နိုးကြား ထကြွကုန်သည် ဖြစ်၍ နေ့ရော ညဉ့်ပါ သိက္ခာသုံးပါးကို ကျင့်ကြကုန်လျက် နိဗ္ဗာန်သို့ စိတ်ညွတ်ကြသော သူတို့အား အာသဝတရားတို့ ချုပ်ငြိမ်းကြကုန်၏။

## ကျွန်မ ပုဏ္ဏား

ဝေဠုဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် မုန့်လက်ကောက် လှူဒါန်းသော ကျွန်မပုဏ္ဏားကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော် မူလေသည်။

ရာဇဂြိုဟ် သေဌေး၏အိမ်မှ ကျွန်မပုဏ္ဏားမသည် ညဉ့်ချိန်ထိအောင် မောင်းထောင်းရင်း ချွေးများထွက်လာသဖြင့် လေသာ ရာအရပ်တွင် ရပ်၍ နားနေ၏၊ ထိုအချိန်တွင် မလ္လမင်းမျိုးမှ ရဟန်းပြုလာသော အရှင်ဒဗ္ဗသည်

မိမိလက်ညှိုးမှ မီးရောင်လင်းနေရန် စေ့စနစ်အဝတ်ညှာဥ်ဖြင့် ဖန်ဆင်းပြီးလျှင် တောင်ခြေကြား စသည်၌ ကျိန်းစက်လိုကြသော ရဟန်းများအား အိပ်ရာနေရာလိုက်၍ ခင်းပေး၏၊ ကျွန်မပုဏ္ဏားသည် တောင်ပေါ်၌ မီးရောင်တဝင်းဝင်းနှင့် သွားလာနေကြသော ရဟန်းများကို မြင်သော် “ငါသည် ဆင်းရဲလှသဖြင့် ဤအချိန်ထိ မအိပ်နိုင်သေး၊ ဤအရှင်ကောင်းတို့ကား အဘယ့်ကြောင့် မအိပ်ကြသေးသနည်း၊ ရဟန်းတစ်ပါးပါး မကျန်းမာ၍သော်လည်းကောင်း၊ မြွေဘေးရန်တွေ့ရ၍သော်လည်းကောင်း ဖြစ်ပေလိမ့်မည်”ဟု တွေးတော၏၊ ပုဏ္ဏားမသည် နံနက်စောစောထကာ ဆန်ကွဲကိုရေဆွတ်၍ ကြိတ်နယ်ပြီး မုန့်ယှက်လုပ်လျက် မီးမှာကင်ပြီး မုန့်ကျက်သောအခါ ရေဆိပ်ကမှ စားမည်ဟု ရည်ရွယ်၍ အဝတ်ထဲမှာ ထုတ်ယူကာ ရေခပ်ရန် ထွက်လာ၏၊ ထိုစဉ်ခိုက်မှာပင် ဘုရားရှင်ကသည်း ဆွမ်းခံကြွ၍ လာတော်မူလေရာ လှူဖွယ်ဝတ္ထုနှင့် အလှူခံပုဂ္ဂိုလ် နှစ်မျိုးလုံး ပေါင်းဆုံနေသဖြင့် ပုဏ္ဏားသည် အိုးကို တစ်နေရာတွင်ချ၍ ဘုရားရှင်ကို ရှိခိုးပြီးလျှင် “အရှင်ဘုရား၊ ညံ့ဖျင်းလှသော ဤအလှူကို ခံယူတော်မူ၍ တပည့်တော်အား ချီးမြှောက်တော်မူပါ ဘုရား”ဟု လျှောက်ထား၏၊ ဘုရားရှင်သည် အရှင်အာနန္ဒာထံမှ သပိတ်ကိုယူငင်၍ ပုဏ္ဏား၏မုန့်အလှူကို ခံယူတော်မူ၏၊ ထို့နောက် ဘုရားရှင်သည် မြို့ပြင်တစ်နေရာတွင် အရှင်အာနန္ဒာ ခင်းပေးသောနေရာ၌ ထိုင်တော်မူလျက် ပုဏ္ဏား လှူဒါန်းသော မုန့်ဆွမ်းကို ဘုဉ်းပေးတော်မူ၏၊ မုန့်ဆွမ်းဘုဉ်းပေး၍ ပြီးသောအခါ အရှင်အာနန္ဒာက သောက်တော်ရေ ဆက်ကပ်၏၊ သောက်တော်ရေ ဘုဉ်းပေးပြီးသောအခါ ဘုရားရှင်သည် ရပ်၍ကြည့်နေသော ပုဏ္ဏားကို ခေါ်တော်မူလျက် ယခုန်နေ့ညဉ့်တုန်းက မည်သို့တွေးတောခဲ့သည်ကို မေးမြန်းတော်မူ၏၊ ပုဏ္ဏားက မိမိတွေးတောခဲ့သည်ကို လျှောက်ထားသောအခါ ဘုရားရှင်သည် ပုဏ္ဏားအား တရားစကား ဟောကြားတော် မူလိုသဖြင့် အဆက်ပါဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ ပုဏ္ဏားမသည် သောတာပန် ဖြစ်လေ၏၊ ဘုရားရှင်သည်လည်း ပုဏ္ဏား၏ မုန့်ဆွမ်းဖြင့်ပင် ကိစ္စ ပြီးစီးတော် မူကာ ကျောင်းတော်သို့ ပြန်၍ ကြွတော်မူ၏။

[ပုဏ္ဏား၏ မုန့်ဆွမ်းကို ဘုရားရှင် ဘုဉ်းပေးခြင်းနှင့် ပတ်သက်၍ ဟောကြားတော်မူသော ကုဏ္ဍလကေသီဝတ္ထုကို တိကနိပါတ်မှာ ရှုပါ။]

စတုတ္ထအတွဲပြီး

ဒေသနာတော်

၂၂၇။ အိုအတုလ၊ ကဲ့ရဲ့ခြင်းသည် ရှေးရိုးစဉ်လာပေတည်း။ ဤကဲ့ရဲ့ခြင်းသည် ယခုမှ ဖြစ်ပေါ်လာသည် မဟုတ်ချေ။ ဆိတ်ဆိတ်နေသူကိုလည်း ကဲ့ရဲ့ကြကုန်၏၊ များစွာ ပြောပြောသူကိုလည်း ကဲ့ရဲ့ကြကုန်၏။ ချင့်ချိန်၍ ပြောဆိုသူကိုလည်း ကဲ့ရဲ့ကြကုန်၏။ လောကသွင် အကဲ့ရဲ့မခံရသူဟူ၍ မရှိချေ။

၂၂၈။ လုံးလုံးလျားလျား အကဲ့ရဲ့ခံရသူသည် လည်းကောင်း၊ လုံးလုံးလျားလျား အချီးမွမ်းခံရသူသည် လည်းကောင်း၊ ရှေးယခင်က မရှိခဲ့ဖူးချေ။ နောင်မှာလည်း ရှိလာမည် မဟုတ်ချေ၊ ယခုလည်း မရှိပါချေ။

၂၂၉–၂၃၀။ မကျိုးမပြတ်သော အကျင့်ရှိသော၊ ထက်မြက်သောပညာရှိသော၊ ပညာ သီလ သမာဓိနှင့် ပြည့်စုံသော အကြင်သူကို ပညာရှိတို့သည် ဟုတ်တိုင်းမှန်စွာသိ၍ နေ့တိုင်း နေ့တိုင်း ချီးမွမ်းကြကုန်ငြားအံ့။ ဇမ္ဗူနဒ ရွှေစင်နှင့် တူမျှသော ထိုသူကို အဘယ်သူသည် ကဲ့ရဲ့နိုင်ပါအံ့နည်း။ ထိုသူကို နတ်တို့သည်လည်း ချီးမွမ်းကြကုန်၏။ ဗြဟ္မာတို့သည်လည်း ချီးမွမ်းကြကုန်၏။

## အတုလ ဒါယကာ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အကဲ့ရဲ့ထူပြောသော အတုလဒါယကာကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

သာဝတ္ထိမြို့တော်မှ အတုလဒါယကာသည် အခြံအရံငါးရာနှင့်တကွ တရားနာရန် ဇေတဝန်ကျောင်းတော်သို့ လာလေရာ အရှင်ရေဝတထံသို့ ရောက်ရှိ၏၊ အရှင်ရေဝတသည်ကား ခြင်္သေ့ကဲ့သို့ တစ်ပါးတည်း ကိန်းအောင်းခြင်း၌ မွေ့လျော်သူဖြစ်၍ အတုလဒါယကာကို တစ်စုံတစ်ရာ မဟောကြားလိုက်ချေ။ အတုလဒါယကာသည် တစ်စုံတစ်ရာ မဟောကြားသော အရှင်ရေဝတကို မကျေမနပ်ဖြစ်ကာ အရှင်သာရိပုတ္တရာထံ ဝင်ရောက်ပြန်၏၊ အရှင်သာရိပုတ္တရာသည်အား အဘိဓမ္မာ တရားတော်ကို ရှည်လျားစွာ ဟောကြား၏၊ ရှည်လျားစွာ အဘိဓမ္မာတရား ဟောကြားသည်ကိုလည်း အတုလဒါယကာက မကျေနပ်ပြန်သဖြင့် အရှင်အာနန္ဒာထံ ဝင်ရောက်ပြန်၏၊ အရှင်အာနန္ဒာသည်ကား သိလွယ်မြင်လွယ်သော နည်းများကို အသုံးပြု၍ တရားအနည်းငယ်ကိုသာ ချင့်ချိန်၍ ဟောကြားလိုက်

၏၊ ဤသို့ ဟောကြားသည်ကိုလည်း မကျေနပ်ပြန်သဖြင့် အတုလဒါယကသည် နောက်ဆုံးတွင် ဘုရားရှင်ရှေ့တော်သို့ ဝင်ရောက်ကာ သူတွေ့ခဲ့ကြုံခဲ့ရပုံများကို လျှောက်ထား၏၊ ဤတွင် ဘုရားရှင်သည် ထိုစကားများနှင့် ဆက်စပ်၍ အတုလဒါယကအား တရားစကား ဟောကြားတော် မူလိုသဖြင့် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ အတုလ ဒါယကာနှင့်တကွ အခြံအရံ ဒါယကာငါးရာတို့ သောတာပန် ဖြစ်ကြလေ၏။

ဒေသနာတော်

၂၃၁။ ကာယဒုစရိုက်သုံးပါးကို မဖြစ်ပွားလေအောင် စောင့်ရှောက်ရာ၏၊ ကာယဒွါရဖြင့် ဒုစရိုက် ဝင်ရောက်လာမှုကို တားမြစ်ပိတ်ပင်ရာ၏၊ ကာယဒုစရိုက်ကို ပယ်စွန့်၍ ကာယသုစရိုက်ကို ကျင့်သုံးရာ၏။

၂၃၂။ ဝစီဒုစရိုက်လေးပါးကို မဖြစ်ပွားအောင် စောင့်ရှောက်ရာ၏။ ဝစီဒွါရဖြင့် ဒုစရိုက် ဝင်ရောက်လာမှုကို တားမြစ်ပိတ်ပင်ရာ၏။ ဝစီဒုစရိုက်ကို ပယ်စွန့်၍ ဝစီသုစရိုက်ကို ကျင့်သုံးရာ၏။

၂၃၃–၂၃၄။ မနောဒုစရိုက်သုံးပါးကို မဖြစ်ပွားအောင် စောင့်ရှောက်ရာ၏၊ မနောဒွါရဖြင့် ဒုစရိုက် ဝင်ရောက်လာမှုကို တားမြစ်ပိတ်ပင်ရာ၏။ မနောဒုစရိုက်ကို ပယ်စွန့်၍ မနောသုစရိုက်ကို ကျင့်သုံးရာ၏။

## ဆဗ္ဗဂ္ဂိယရဟန်းများ (ခြောက်ပိုနပ်)

ဝေဠုဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် သစ်သားဖိနပ်စီးသော ဆဗ္ဗဂ္ဂိယရဟန်းများကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ဆဗ္ဗဂ္ဂိယရဟန်းများသည် လက်နှစ်ဖက်ဖြင့် တောင်ဝှေးများထောက်လျက် ကျောက်ဖျာပေါ်တွင် ခေါက်ခေါက်သံမြည်အောင် သစ်သားဖိနပ်များ စီးကြလေရာ ဘုရားရှင်သည် သစ်သားဖိနပ်မစီးရန် ရဟန်းများအား သိက္ခာပုဒ် ပညတ်တော်မူပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

# မလာဝင်

ဒေသနာတော်

၂၃၅။ သင်သည် ယခုအခါ မြှေ့တော့သော ဖက်ရွက်ရေစက်ကဲ့သို့ ဖြစ်ခဲ့ပြီ။ သေမင်း၏ တမန်တို့သည်လည်း သင့်အနီး၌ တည်လာကြကုန်ပြီ။ ဆုတ်ယုတ်ပျက်စီးခြင်း၏ အစဉ်လည်း တည်ခဲ့ပြီ။ သင့်အား ဘဝတစ်ပါး၌ စားသုံးရန် ကောင်းမှုရိက္ခာလည်း မရှိချေ။

၂၃၆။ ထိုသင်သည် မိမိ၏ မှီခိုရာကျွန်းသဖွယ်ဖြစ်သော ကုသိုလ်ကောင်းမှုကို ပြုလော့။ အလျင်အမြန် အားထုတ်၍ ပညာရှိသူဖြစ်လော့။ အညစ်အကြေးကို ဖယ်ထုတ်၍ ကိလေသာ မရှိခဲ့ပါလျှင် အရိယာတို့နေထိုင်ရာ သုဒ္ဓါဝါသဘုံသို့ ရောက်လတ္တံ့။

၂၃၇။ သင်သည် ယခုအခါ အရွယ်လွန်ချေပြီ။ သေမင်း၏ အထံသို့ သွားချိန်ရောက်ခဲ့ပြီ။ ခရီးအကြား၌ ရပ်နားနေရန် သင့်မှာ အခွင့်မရှိချေ။ သင့်အား ဘဝတစ်ပါး၌ စားသုံးရန် ကောင်းမှုရိက္ခာလည်း မရှိချေ။

၂၃၈။ ထိုသင်သည် မိမိ၏မှီခိုရာ ကျွန်းသဖွယ်ဖြစ်သော ကုသိုလ်ကောင်းမှုကို ပြုလော့။ အလျင်အမြန် အားထုတ်၍ ပညာရှိသူ ဖြစ်လေလော့။ အညစ်အကြေးကို ဖယ်ထုတ်၍ ကိလေသာမရှိခဲ့ပါလျှင် ထပ်ဖန် ပဋိသန္ဓေနေခြင်း၊ အိုမင်းခြင်းသို့ မရောက်ရတော့လတ္တံ့။

## နွားသတ်သမား၏ သား

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ကောင်းမှုကုသိုလ်မပြုခဲ့ဖူးသော နွားသတ်သမား၏သား အဘိုးအိုကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

သာဝတ္ထိမြို့တော်မှ နွားသတ်သမားတစ်ယောက်သည် နွားများကို သတ်ဖြတ်ကာ ကောင်းနိုးရာရာ အသားများကို သားမယားများနှင့်အတူ ချက်၍စား၏။ သူတစ်ပါးကိုလည်း ရောင်း၏။ တစ်နေ့သ၌ နွားသတ်

စတုတ္ထအကြိမ်

ထိုမှသည် မိမိအတွက် ချက်ထားရန် မယားအား အမဲသားပေးခဲ့ပြီးလျှင် ရေချိုးရန် ထွက်သွား၏။ ထိုအခိုက်တွင် နွားသတ်သမား၏ မိတ်ဆွေ တစ်ယောက်သည် မိမိအိမ်တွင် ဧည့်သည်လာသဖြင့် သူတို့အိမ်သို့ လာ၍ အမဲသားဝယ်၏။ နွားသတ်သမား၏မယားက "ရောင်းချရန် မရှိတော့ပါ။ လင်ဖြစ်သူအတွက် ချက်ရန်သာ ရှိတော့သည်"ဟု ပြောပြ၏။ မိတ်ဆွေက ထိုအမဲသားကို တောင်းရာ နွားသတ်သမား၏ မယားက မပေးသဖြင့် မိမိ သဘောဖြင့်ပင် ဇွတ်အတင်း ယူဆောင်သွားလေသည်။

နွားသတ်သမားသည်ကား အမဲသားမပါဘဲ ထမင်းမစားနိုင်ပေ။ ထို့ကြောင့် ရေချိုးရာမှပြန်လာ၍ မိမိအတွက် အမဲသားမရှိတော့ကြောင်း သိရသောအခါ အိမ်နောက်ဖေးမှာ ထားသော နွား၏လျှာကို ဖြတ်ယူပြီး လျှင် မီးကျီးမှာကင်၏။ နွားလျှာကင်ကိုဖဲ့၍ ထမင်းလုတ် စားလိုက် သောအခါ သူ၏လျှာသည် ထမင်းခွက်ထဲသို့ ပြတ်ကျသွား၏။ လျှာအပြတ်ခံ ရသောနွားကဲ့သို့ သူ့ခံတွင်းမှသွေးများ ဒရဟော ယိုစီးလာ၏။ နွားကဲ့သို့ ပင် လေးဖက်ထောက်ကာ အော်မြည်၍ နေရလေသည်။

ထိုနည်းဖြင့်ပင် နွားသေသကဲ့သို့ သေ၏။ နွားသတ်သမားလည်း သေ၍ အဝီစိငရဲသို့ ကျရောက်၏။ နွားသတ်သမား၏ သားသည်ကား မိခင်က တိုက်တွန်းသဖြင့် တက္ကသိုလ်မြို့တော်သို့ ပြေးသွား၍ ရွှေပန်းထိမ်ဆရာကြီး တစ်ယောက်ထံတွင် ရွှေပန်းထိမ်အတတ်ကို သင်ယူ၏။ ပညာသင်၍ တတ် မြောက်သောအခါ ဆရာကြီးသည် ထိုတပည့်အား မိမိသမီးနှင့်လက်ထပ်၍ ပေးလေသည်။ ထိုပန်းထိမ်ဆရာမှ ပေါက်ဖွားလာသော သားများသည် ပညာတတ်ကြသောအခါ သာဝတ္ထိမြို့တော်သို့ သွား၍နေကြ၏။ သဒ္ဓါ တရားနှင့် ပြည့်စုံကြသဖြင့် ကုသိုလ်ကောင်းမှုပြုကြ၏။ သူတို့၏ ဖခင်သည် ကား တက္ကသိုလ်မြို့တော်မှာပင် နေ၍ ကုသိုလ်ကောင်းမှု တစ်စုံတစ်ရာ မပြုဘဲ အိုမင်းလာ၏။ ထိုတွင် သားများသည် ဖခင်အိုကိုခေါ်ယူကာ မိမိ တို့အိမ်သို့ ဘုရားရှင်နှင့်တကွ သံဃာတော်များကို နှစ်ရက်တိုင်တိုင် ပင့်ဖိတ် ၍ ဆွမ်းဆက်ကပ်ကြ၏။ ထိုဆွမ်းဆက်ကပ်ပွဲများတွင် ဘုရားရှင်သည် ဆွမ်း အနုမောဒနာတရား ဟောကြားရန် အလက်ပါဒေသနာတော် နှစ်ပုဒ်စီကို နှစ်ရက်ဆက်၍ ဟောကြားတော်မူလေသတည်း။ ဒေသနာတော် လေးပုဒ် အနက် ပထမနှစ်ပုဒ်သည် အနာဂါမိမဂ်ကို ဟောတော်မူ၍ နောက်နှစ်ပုဒ် တို့ဖြင့် အရဟတ္တမဂ်ကို ဟောတော်မူ၏။ ဥပါသကာကြီးသည်ကား မိမိ ဉာဏ်စွမ်းအားလျော်စွာ ပထမနေ့တွင် သောတာပတ္တိဖိုလ်ကိုရ၍ နောက်

ဆစ်နေ့တွင် အနာဂါမိဖိုလ်ကို ရလေ၏။ ဒေသနာတော်အဆုံး၌ ပုဏ္ဏားသည် သောတာပန် ဖြစ်လေ၏။

ဒေသနာတော်

၂၃၉။ ရွှေပန်းထိမ်သည်သည် ရွှေ၏အညစ်အကြေးကို တဖြည်းဖြည်း ထုတ်ပယ်သကဲ့သို့ ပညာရှိသည် မိမိ၏ ရာဂ စသော အညစ်အကြေး ကို အနည်းငယ် အနည်းငယ် အခွင့်ရတိုင်း အခွင့်ရတိုင်း အစဉ် အားဖြင့် ထုတ်ပယ်ရာ၏။

## ပုဏ္ဏားတစ်ယောက် (ဇရပ်ဆောက်သူ)

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ရဟန်းတို့ အတွက် ဇရပ်ဆောက်၍ လှူဒါန်းလေသော ပုဏ္ဏားတစ်ယောက်ကို အကြောင်း ပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

သာဝတ္ထိမြို့တော်မှ ပုဏ္ဏားတစ်ယောက်သည် နံနက်စောစော ထွက် လာ၍ ရဟန်းတို့ သင်္ကန်းရုံနေသည်ကို ကြည့်ရှုလေရာ သင်္ကန်းစွန်းတွင် မြက်ပင်မှ နှင်းများစိုရွှဲနေသည်ကို တွေ့မြင်ရ၍ ထိုနေရာမှ မြက်များကို ပေါက်တူးဖြင့် ရှင်းလင်းပေး၏။ နောက်တစ်နေ့တွင် ရဟန်းတစ်ပါး သင်္ကန်းစွန်းတွင် ဖုန်မှုန့်တို့ လူးပေသည်ကို တွေ့မြင်ရ၍ ထိုနေရာတွင် သဲများခင်းပေး၏။ တစ်ဖန် ရဟန်းတို့ သင်္ကန်းရုံနေစဉ် နေပူလှသဖြင့် ချွေးများ စိုကုန်သည်ကို တွေ့မြင်ရသဖြင့် မဏ္ဍပ်ဆောက်ပေး၏။ စွေမိုးကြီး ရွာနေသောအခါ မဏ္ဍပ်အောက်မှာ သင်္ကန်းရုံနေကြသော ရဟန်းများ သည် တစ်ကိုယ်လုံး ရွှဲစိုကုန်ကြသဖြင့် ထိုနေရာတွင် ဇရပ်ဆောက်၍ လှူ ဒါန်းလေသည်။

ဇရပ်ရေစက်ချပွဲ၌ ပုဏ္ဏားသည် ဘုရားရှင်နှင့်တကွ သံဃာတော် များအား ပင့်ဖိတ်၍ ဆွမ်းဆက်ကပ်၏၊ မိမိ၏ ကုသိုလ်ကောင်းမှုများကို လည်း လျှောက်ထား၏။ ထိုစကားနှင့်ဆက်စပ်၍ ဆွမ်းအနုမောဒနာ တရားဟောကြားတော်မူလိုသဖြင့် အထက်ပါဒေသနာတော်ကို ဟောကြား တော်မူလေသတည်း။ ဒေသနာတော်အဆုံး၌ ပုဏ္ဏားသည် သောတာပန် ဖြစ်လေ၏။

ဒေသနာတော်

၂၄၀။ သံမှဖြစ် သံချေးတက်၍ ဖြစ်ပေါ်လာသော သံချေးသည် ထိုသံ ကိုပင် ပြန်၍စားသကဲ့သို့ဖြစ် ဤအတူ မကောင်းမှု၌ ကျူးလွန်၍ ကျင့်သောအမှုများက ဒုဂ္ဂတိဘဝသို့ ပို့ဆောင်ကုန်၏။

တိဿတ္ထေရ်ကြီးမိ

# အရှင်တိဿ (သန်းဖြစ်သူ)

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် သင်္ကန်းကို စွဲလမ်း၍ သန်းဖြစ်ရသော အရှင်တိဿကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

သာဝတ္ထိမြို့တော်သား အရှင်တိဿသည် တောရွာကျောင်း တစ်ကျောင်း၌ ဝါဆို၍ နေထိုင်လေရာ ရှစ်တောင်ရှိသော သင်္ကန်းစကို ရရှိ၏။ ဝါကျွတ်သောအခါ ပဝါရဏာပြုပြီးလျှင် သာဝတ္ထိမြို့တော်သို့ လာ၍ အစ်မဖြစ်သူထံ သင်္ကန်းစကို အပ်နှံထား၏။ အစ်မဖြစ်သူသည် ထူထဲလှသော သင်္ကန်းကို နုပ်နုပ်စဉ်းကာ ဝါဂွမ်းအဖြစ်သို့ ရောက်အောင် ပြုလုပ်ပြီးမှ နူးညံ့ပါးလွှာသော သင်္ကန်းစဖြစ်အောင် ပြန်၍ရက်ယူ၏။ သို့ဖြစ်၍ မူလကရှစ်တောင်ရှည်သော သင်္ကန်းစသည် ကိုးတောင် ဖြစ်လာလေသည်။

သင်္ကန်းချုပ်ရန် အပ်၊ အပ်ချည်နှင့် သင်္ကန်းချုပ်ပေးမည့် ရဟန်းများ၊ သာမဏေများကို စုဆောင်းမိသောအခါ အရှင်တိဿသည် အစ်မဖြစ်သူထံလာ၍ သင်္ကန်းစကို တောင်း၏။ အစ်မဖြစ်သူက ယခင်သင်္ကန်းစကို ထူထဲကြမ်းတမ်းနေ၍ နူးညံ့ပါးလွှာသွားအောင် ပြုပြင် ရက်လုပ်ထားကြောင်း လျှောက်ထား၍ ကပ်လှူ၏။ အစ်မဖြစ်သူသည် သင်္ကန်းချုပ်သော ရဟန်းသာမဏေများအတွက် ယာဂုနှင့် ဆွမ်းများ ဆက်ကပ်၏။ သင်္ကန်းချုပ်၍ ပြီးသောနေ့၌ကား ထူးထူးခြားခြား ကောင်းမွန်သော ဆွမ်းဘောဇဉ်များ ဆက်ကပ်၏။ အရှင်တိဿသည် ချုပ်ပြီးသွားသော သင်္ကန်းကို သာယာတပ်မက်စွာ ကြည့်ရှု၍ "နက်ဖြန်ခါ၌ ဤသင်္ကန်းကို ဝတ်ရုံအံ့"ဟု နှလုံးသွင်းကာ ခေါက်သိမ်း၍ထား၏။ စားသောက်ထားသော အစားအစာများ မကြေနိုင်သဖြင့် အရှင်တိဿသည် ထိုညမှာပင် ကွယ်လွန်သွားရလေသည်။

အရှင်တိဿအတွက် သူနာပြုရဟန်းဟူ၍ မရှိခဲ့သဖြင့် သူပိုင်သော သင်္ကန်းစသော ပရိက္ခရာတို့သည် သံဃိကပစ္စည်း ဖြစ်ကြရ၏။ အရှင်တိဿ၏ အလောင်းကို သင်္ဂြိုဟ်ပြီးနောက် ထိုသင်္ကန်းတို့ကို ခွဲဝေယူကြရန် ထုတ်ယူလာကြသောအခါ ဘုရားရှင်သည် ဂန္ဓကုဋီတိုက်တော်ထဲမှ အရှင်အာနန္ဒာကို ခေါ်တော်မူပြီးလျှင် "အာနန္ဒာ၊ တိဿရဟန်း၏ သင်္ကန်းကို မခွဲဝေကြသေးဘဲ ခုနစ်ရက်ထားရန် ပြောချေလော့"ဟု စေခိုင်းတော်မူ၏။ ခုနစ်ရက်လွန်မြောက်၍ ရှစ်ရက်မြောက်ခါမှ ခွဲဝေယူကြရန် မိန့်ကြားတော်မူလေသည်။

ရဟန်းတို့သည် တရားသဘင်၌ စည်းဝေးကြကာ ဤသို့ မိန့်တော်မူရခြင်း အကြောင်းကို ပြောဆိုနေကြရာ ဘုရားရှင် ကြွတော်မူလာပြီးလျှင် "ရဟန်းတို့၊ တိဿရဟန်းသည် မိမိသင်္ကန်း၌ စွဲလမ်းမှုဖြင့် သန်းဖြစ်နေ၏။ သင်တို့က သူ့သင်္ကန်းကို ခွဲဝေရန် ယူလာသောအခါ ထိုသန်းသည် သင်္ကန်းပေါ်မှာ ပြေးလွှားလျက် 'ဤရဟန်းတို့သည် ငါ့ဥစ္စာကို လုယက်ကုန်၏'ဟု အော်မြည်နေ၏။ ထိုအသံကို ဒိဗ္ဗသောတအဘိညာဉ်ဖြင့် ငါဘုရားကြားသိသဖြင့် သင်တို့အား တားမြစ်စေ၏။ သင်တို့က သူ့ဥစ္စာကို ခွဲဝေ၍ယူကြလျှင် သူသည် သင်တို့ကို စိတ်ပြစ်မှား၍ ငရဲ၌ ကျရောက်နိုင်သောကြောင့် ဖြစ်၏။ ယခုအခါ၌ကား ထိုသန်းသည် သေဆုံး၍ တုသိတာဘုံ၌ ဖြစ်လေ၏။ ထို့ကြောင့် ခွဲဝေယူကြရန် ငါဘုရား ခွင့်ပြုလိုက်၏"ဟု မိန့်ကြားတော်မူ၏။ ထို့နောက် ထိုစကားနှင့်ဆက်စပ်၍ အလို တဏှာ၏ ဝန်လေးလှသောအဖြစ်ကို ထင်စွာပြ၍ တရားစကား ဟောကြားတော်မူလိုသဖြင့် အထက်ပါဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၂၄၁။ စာပေ ကျမ်းဂန် အတတ်ပညာတို့သည် သင်အံ ရွတ်ဖတ်မှုမပြုခြင်းလျှင် ပျက်စီးကြောင်း အညစ်အကြေး ရှိကုန်၏။ အိမ်တို့သည် ဂရုစိုက်မပြုခြင်းလျှင် ပျက်စီးကြောင်းအညစ်အကြေးရှိကုန်၏။ ပျင်းရိခြင်းသည် အဆင်းလှခြင်း၏ ပျက်စီးကြောင်း အညစ်အကြေး ဖြစ်၏။ မေ့လျော့ခြင်းသည် စောင့်ရှောက်သူ၏ ပျက်စီးကြောင်း အညစ်အကြေးဖြစ်၏။

# အရှင်လာဠုဒါယီ(မစင်တွင်းကျသူ)

ဇေတဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် တရားပလ္လင်ပေါ် တက်ပြီးခါမှ တရားဟောစရာ ရှာမရ၍ ဆင်းပြေးရသော အရှင်လာဠုဒါယီကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

သာဝတ္ထိမြို့တော်မှ အရိယာသာဝကများသည် ဇေတဝန်ကျောင်းတော်မှ တရားနာ၍ ပြန်ကြသောအခါ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်တို့၏ ဂုဏ်ကျေးဇူးများကို ချီးကျူးပြောဆိုကြကုန်၏။ ထိုသူတို့၏စကားကို အရှင်လာဠုဒါယီ ကြား၍ "ဒါယကာ၊ သာရိပုတ္တရာ၊ မောဂ္ဂလာန်တို့၏တရားကိုသာ နာရသေး၍ ငါတို့ ဤသို့ ပြောဆိုကြကုန်

များကို ရရှိနေ၏။ တစ်နေ့သ၌ ထွမ်းခံအပြန်ဝယ် လမ်းကြားတွင် အရှင်သာရိပုတ္တရာနှင့် တွေ့ဆုံလေရာ "အရှင်ဘုရား၊ မွန်မြတ်သော ဤဘောဇဉ်ကို ဆေးကုသခြင်းဖြင့် တပည့်တော် ရခဲ့ပါသည်။ အရှင်ဘုရားတို့သည် အခြားအရပ်၌ ဤသို့သော ဘောဇဉ်မျိုးကို မရနိုင်ပါ။ ဤဘောဇဉ်ကို ဘုဉ်းပေးတော်မူပါ။ တပည့်တော်သည် ဤသို့သော ဘောဇဉ်ကို အမြဲ မပြတ်လှူပါမည်"ဟု လျှောက်ထား၏။ အရှင်သာရိပုတ္တရာက စကားပြန်မပေးဘဲ ဖယ်ခွာ၍သွား၏။ ဤအကြောင်းကို ရဟန်းများက လျှောက်ထားကြသောအခါ ဘုရားရှင်က ထိုစကားများနှင့်ဆက်စပ်၍ တရားစကား ဟောကြားတော်မူလိုသဖြင့် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၂၄၆-၂၄၇။ လောကဝ၌ အကြင်သူသည် သူ့အသက်ကို သတ်၏၊ မဟုတ်မမှန်သော စကားကိုလည်း ပြောဆို၏၊ ပိုင်ရှင် မပေးသော သူ့ဥစ္စာကို ခိုးယူ၏၊ သူတစ်ပါး မယားကိုလည်း သွားလာ၏။ အရက်သေစာကိုလည်း သောက်စား၏၊ ဤသူသည် ဤသဝဋ္ဋပင်လျှင် မိမိ၏ အရင်းအမြစ်ကို တူးဖြို၏။

၂၄၈။ အို...ယောကျ်ား၊ မစောင့်စည်းသောသူတို့သည် ယုတ်ညံ့သော သဘောရှိကြကုန်၏ဟူ၍ သိလေလော့။ လောဘသည် လည်းကောင်း၊ ဒေါသသည် လည်းကောင်း သင့်ကို ကြာမြင့်စွာ ဆင်းရဲစေရန် မပြုလုပ်ပါစေနှင့်။

## ဒါယကာ ငါးယောက်(သီလတစ်ပါးစီ စောင့်သူများ)

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ပါဏာတိပါတမှ ရှောင်ကြဉ်မှုစသော သီလတစ်ပါးစီကို စောင့်ရှောက်ကြသော ဒါယကာ ငါးယောက်တို့ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ထိုဒါယကာ ငါးယောက်တို့သည် "ငါသည် ပြုနိုင်ခဲသော အမှုကို ပြု၏၊ စောင့်နိုင်ခဲသော အကျင့်ကို စောင့်၏"ဟု အသီးသီး ပြောဆိုငြင်းခုံကာ ဘုရားရှင်ထံ ဝင်ရောက်၍ ဤအကြောင်းကို လျှောက်ထား၏၊ ဤတွင် ဘုရားရှင်က "သီလငါးပါးလုံးပင် စောင့်ရှောက်ကြရန် ခဲယဉ်းကုန်၏"ဟု မိန့်တော်မူပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော် မူလေသတည်း။

ဒေသနာတော်အဆုံး၌ ဒါယကာငါးယောက်တို့သည် သောတာပန် ဖြစ်ကြလေသည်။

ဒေသနာတော်

၂၄၉။ လူအပေါင်းသည် မိမိယုံကြည်သည့် အားလျော်စွာ၊ မိမိကြည်ညို သည့် အားလျော်စွာ ပေးကမ်းလှူဒါန်း၏။ သောက်ဖွယ်စားဖွယ် စသည်ကို သူတစ်ပါးအား ပေးလှူရာ၌ မျက်နှာမသာသောသူသည် နေ့အခါ၌ လည်းကောင်း၊ ညဉ့်အခါ၌ လည်းကောင်း စိတ်တည် ကြည်ခြင်းကို မရနိုင်ပေ။

၂၅၀။ အကြင်သူသည် ဤမျက်နှာမသာခြင်း သဘောကို အကြွင်းမဲ့ ဖယ် ဖြတ်၏။ အမြစ်ပြတ် ပယ်နုတ်၏။ ထိုသူသည် နေ့အခါ၌ လည်း ကောင်း၊ ညဉ့်အခါ၌ လည်းကောင်း စိတ်တည်ကြည်ခြင်းကို ရ၏။

## အရှင်တိဿ (အငယ်)

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဒါယကာလှူ ဒါန်းလေသမျှ ကဲ့ရဲ့တတ်သော ရဟန်းငယ် အရှင်တိဿကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ရဟန်းငယ် အရှင်တိဿသည် ဒါယကာတို့ လှူဒါန်းလေသမျှကို ကဲ့ရဲ့ပြီးလျှင် မိမိဆွေမျိုးများကိုကား ချီးမြှောက်၏။ "ငါ၏ ဆွေမျိုးတို့ အိမ်ကား အံ့ဩဖွယ်ကောင်းလေစွ၊ အရပ်လေးမျက်နှာတို့မှ လာလေသမျှ ရဟန်းများအတွက် ရေတွင်းရေကန်သဖွယ် ဖြစ်၏" ဟု ပြောဆို၏။ သူ၏ ကြွားဝါမှုကို မသက်သာသော ရဟန်းများသည် အရှင်တိဿ၏ ဇာတိရပ်ရွာသို့ ရဟန်းနှစ်ပါး စေလွှတ်၍ စုံစမ်းစေရာ ထိုရွာမှ တံခါးစောင့်၏ သားသာ ဖြစ်ကြောင်းသိကြရ၏။ ဤသို့ အရှင်တိဿ၏ ဝါကြွားပြောဆိုမှုကို ရဟန်း များက လျှောက်ထားကြသောအခါ ဘုရားရှင်က ထိုစကားနှင့်ဆက်စပ်၍ တရားစကား ဟောကြားတော်မူလိုသဖြင့် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၂၅၁။ ရာဂနှင့်တူသော မီးသည် မရှိ။ ဒေါသနှင့်တူသော ဖမ်းစားတတ် သော အရာဝတ္ထုသည် မရှိ။ မောဟနှင့်တူသော ပိုက်ကွန်သည်မရှိ။ တဏှာနှင့်တူသော မြစ်သည်မရှိ။

# ဒါယကာ ငါးယောက် (တရားနာသူများ)

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် တရားနာရင်း တစ်ယောက် တစ်မျိုးစီ ပြုလုပ်နေကြသော ဒါယကာ ငါးယောက်ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော် မူလေသည်။

ဇေတဝန်ကျောင်းတော်သို့လာ၍ ဘုရားရှင်ထံမှ တရားနာနေကြသော ဒါယကာငါးယောက်တို့တွင် တစ်ယောက်သည် ထိုင်လျက်အိပ်ပျော်နေ၏၊ တစ်ယောက်သည် လက်ချောင်းဖြင့် မြေကြီးကို ရေးခြစ်နေ၏၊ တစ်ယောက်သည် သစ်ပင်ကိုလှုပ်နေ၏၊ တစ်ယောက်သည် ကောင်းကင်သို့ မော့ကြည့်နေ၏၊ ကျန်စတစ်ယောက်သည်သာ ရိုသေစွာ တရားနာနေ၏၊ ဤတွင် ဘုရားရှင်သည် ယပ်လေခတ်၍နေသော အရှင်အာနန္ဒာအား "အာနန္ဒာ၊ ထိုသူတို့တွင် ထိုင်လျက် အိပ်ပျော်နေသူကား ဘဝငါးရာတို့ပတ်လုံး မြွေမျိုး၌ဖြစ်၍ မိမိအခွေများပေါ်တွင် ခေါင်းတင်၍ အိပ်ခဲ့၏၊ မြေကိုရေးခြစ်နေသူကား ဘဝငါးရာတို့ပတ်လုံး တီမျိုး၌ဖြစ်ခဲ့၏၊ သစ်ပင်ကို လှုပ်ကိုင်နေသူကား ဘဝငါးရာတို့ပတ်လုံး မျောက်မျိုး၌ ဖြစ်ခဲ့၏၊ ကောင်းကင်ကို မော့ကြည့်နေသူကား ဘဝငါးရာတို့ပတ်လုံး ဗေဒင်သုံးပုံ ဆောင်သော ပုဏ္ဏားဖြစ်ခဲ့၏" ဟု မိန့်ကြားတော်မူလေသည်။

ထို့နောက် အရှင်အာနန္ဒာက "အရှင်ဘုရား၊ အဘယ်တရားကို အမှီပြု၍ သတ္တဝါတို့သည် တရားတော်ကို ကောင်းစွာ မနာကြားနိုင်ကြပါသနည်း" ဟု မေးလျှောက်ရာ ဘုရားရှင်က "အာနန္ဒာ၊ ရာဂ, ဒေါသ, မောဟနှင့် တဏှာတို့ကို အမှီပြု၍ တရားတော်ကို ကောင်းစွာ နာကြားရန် မတတ်နိုင်ကြပေ" ဟု မိန့်တော်မူပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၂၅၂။ သူတစ်ပါးတို့၏ အပြစ်ကို မြင်လွယ်၏၊ မိမိ အပြစ်ကိုကား မြင်နိုင်ခဲ၏၊ ထိုသူသည် ဖွဲကိုကြဲလွှင့်သကဲ့သို့ သူတစ်ပါးတို့၏ အပြစ်ကို ကြဲလွှင့်၏။ ကောက်ကျစ် စဉ်းလဲသော ငှက်မုဆိုးတို့သည် သစ်ရွက် စသည်ဖြင့် ဖုံးလွှမ်းသကဲ့သို့ မိမိ၏အပြစ်ကိုမူကား ဖုံးလွှမ်း၏။

# မေဏ္ဍက သူဌေးကြီး

မဂဓတိုင်းအတွင်းရှိ ဘဒ္ဒိယမြို့အနီး မြတ်စွာဘုရားရှင် သီတင်းသုံးတော်မူစဉ် မေဏ္ဍက သူဌေးကြီးကိုအကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

မေဏ္ဍကသူဌေးဟူသည်မှာ ရွှေဆိတ်ရုပ်များကိုပိုင်စိုးသောကြောင့် ဖြစ်၏။ ထိုမေဏ္ဍကသူဌေး၏အိမ်နောက်ဝယ် ရှစ်မင်းပယ်စာမျှ ရှိသောအရပ်၌ ဆင်ပမာဏ၊ မြင်းပမာဏ၊ နွားပမာဏရှိသော ရွှေဆိတ်ရုပ်များသည် ကျောချင်းထိစပ်လျက် ပေါ်ပေါက်လာကြ၏။ ထိုရွှေဆိတ်ရုပ်တို့၏ ပါးစပ်တွင် အဆင်းငါးမျိုးရှိသော ချည်ခင်ထွေးများကို ဆို့ပိတ်၍ထားကြ၏။ တစ်စုံတစ်ရာကို အလိုရှိခါမှ ထိုချည်ခင်ထွေးများကို ဆွဲထုတ်လိုက်၏။ ထိုအခါ ဆိတ်ပါးစပ်ထဲမှ ဇမ္ဗူဒိပ်တစ်ကျွန်းလုံး စားသောက်လောက်သော ထောပတ်၊ ဆီ၊ ပျား၊ တင်လဲ၊ အဝတ်ပုဆိုးနှင့် ရွှေငွေတို့ ထွက်ကြလာလေ လေသည်။

ဤသို့သောစည်းစိမ်ချမ်းသာကို ခံစားရခြင်း၏ အကြောင်းသော်ကား ဝိပဿီ မြတ်စွာဘုရား သာသနာတော်၌ ပြုလုပ်ခဲ့သော ကုသိုလ်ကောင်းမှု ဖြစ်ကြ၏။ ဝိပဿီဘုရား၏လက်ထက်တော်၌ ဇောတိက သူဌေးကြီး၏ အလောင်းအလျာသည် အပရာဇိတမည်သော သူကြွယ်ဖြစ်၍ ဝိပဿီမြတ်စွာဘုရား သီတင်းသုံးတော်မူရန် ဂန္ဓကုဋိကျောင်းတော်ကို ဆောက်လုပ်၏။ မေဏ္ဍကသူဌေးကြီး၏ အလောင်းအလျာသည်ကား ထိုသူကြွယ်၏ တူဖြစ်၍ ဝရဇာဇ ဟု အမည်တွင်ခဲ့၏။ ဝရဇာဇသူကြွယ်သည် ဦးရီးတော် ဂန္ဓကုဋိကျောင်းတော် ဆောက်လုပ်ရာတွင် ကုသိုလ်ပါဝင်ခွင့်တောင်း၏။ သို့ရာတွင် ဦးရီးတော်က ပါဝင်ခွင့်မပြုသဖြင့် ထိုဂန္ဓကုဋိကျောင်းတော်အနီးတွင် ကုဋ္ဋာရမည်သော ဇရပ်ကို ဆောက်လုပ်လေသည်။

[ဇောတိက သူဌေးကြီး၏ အကြောင်းအရာ အပြည့်အစုံကို ဗြာဟ္မဏဝဂ်၊ ဇောတိက သူဌေးကြီး ဝတ္ထုမှာ ရှုပါ။]

ဝရဇာဇသူကြွယ်သည် ထိုဇရပ်၏အလယ်၌ ရတနာမျိုးစုံချယ်လှယ်သော မဏ္ဍပ်ကို ဆောက်လုပ်ကာ ထိုမဏ္ဍပ်၏အလယ်တွင် တရားပလ္လင်ကို ထား၏။ ထိုတရားပလ္လင်၏တံကဲကို စန္ဒကူးသားဖြင့် ပြုလုပ်၏။ တရားပလ္လင်၏အခြေလေးခုနှင့် အပေါင်လေးခုတို့ကို တစ်ခဲနက်သော ရွှေနီဖြင့် ပြုလုပ်ထား၏။ အခြေလေးခုအောက်၌ ရွှေဆိတ်ရုပ်လေးရုပ်ဖြင့် ခံထား၏

၏။ ခြေနင်းခုံအောက်တွင်လည်း ရွှေဆိတ်ရုပ်နှစ်ခုဖြင့် ခံထား၏။ အခြား ရွှေဆိတ်ရုပ် ခြောက်စုံကိုကား ရတနာဇလ္လုပ်၏ ထက်ဝန်းကျင်မှ ဝန်းရံ ထားလေသည်။

ထိုကဲ့သို့ရဇရုပ်ကို ရေစက်ချသောအခါတွင်ကား ဝရဇောဇနသူကြွယ် သည် ဝိပဿိမြတ်စွာဘုရားနှင့်တကွ ရဟန်းပေါင်း ခြောက်သန်းရှစ်သိန်းကို ပင့်ဖိတ်ပြီးလျှင် လေးလတိုင်တိုင် အလှူကြီးပေး၏။ လေးလပြည့်သောအခါမှ တိစီဝရိတ်ကို လှူဒါန်း၏။ ထိုအလှူမှ သီတင်းအငယ်ဆုံး ရဟန်းရသော သင်္ကန်းသည် အဖိုးကစ်သိန်းထိုက်လေသည်။

ဝရဇောဇသူကြွယ်ထိုဘဝမှစုတေပြီးနောက် နတ်ပြည်၊ လူ့ပြည်တို့၌ ကျင်လည်ကာ ဤဘဒ္ဒကမ္ဘာဝယ် ဗာရာဏသီမြို့၌ သေင္ဌေးကြီး ဖြစ်လာ၏။ ဗာရာဏသီ သေင္ဌေးကြီးသည်တစ်နေ့သ၌ မင်းကိုခစားရန်သွားလေရာပုရော ဟိတ်ပုဏ္ဏားကြီးနှင့်တွေ့ဆုံမိ၏။ ပုရောဟိတ်ပုဏ္ဏားကြီးက ကောင်းကင်မှ နက္ခတ်များအရနေ့စက်သုံးနှစ်ကြာလျှင် ငါ်မှတ်ခေါင်းပါးသော ဒုဗ္ဘိက္ခန္တရ ကပ်ကြီးဆိုက်လိမ့်မည်ဟု ဟောကိန်းထုတ်လိုက်၏။ ဗာရာဏသီ သေင္ဌေးကြီး က ထိုစကားကိုမှတ်သားလာပြီးလျှင် မိမိ၏လယ်ကွက်များ၌ စပါးကိုတိုးချဲ့ စိုက်ပျိုးစေ၏။ အခြားမှလည်း ရသမျှကို ဝယ်၏။ ရလာသမျှသော စပါး ကို ကျီနှစ်ရာငါးဆယ်တို့၌ အပြည့်ထား၏။ ကျီနှင့် မဆန့်သမျှကို အိုး တုတ်ကြီးများနှင့် တည်ထား၏။ အိုးကုက်ကြီးများနှင့် မဆံ့သောစပါး များကို ကျင်းတူး၍ မြှုပ်ထား၏။ ထိုမှကြွင်းသော စပါးများကို ရွံ့နှင့် နယ်ကာ အိမ်နံရံတို့၌ ကပ်ကားစေလေသည်။

သုံးနှစ်ရောက်၍ ဒုဗ္ဘိက္ခန္တရကပ်ကြီး ဆိုက်ရောက် လာသောအခါ အခြံအရံအပေါင်းများနှင့်တကွ စားသုံးသဖြင့် ကျီများ၊ အိုးတုတ်များနှင့် သိုမှီးထားသော စပါးများလည်း ကုန်သွား၏။ ၎င်းတွင် သေင္ဌေးကြီးသည် အခြံအရံများကို ခေါ်ပြီးလျှင် "အမောင်တို့၊ တောင်ခြေသို့ သွား၍ အသက်မွေးကြကုန်လော့။ အစာရေစာပေါများသောအခါမှ ငါ့ထံသို့ လာလိုလျှင် လာကြကုန်လော့"ဟု ဆို၍ လွှတ်လိုက်၏။ အိမ်၌သေဌေးကြီး၊ သေဌေးကတော်၊ သားရေးသမီး၊ သေဌေးချွေးမနှင့် ပုဏ္ဏဇည်းသော ကျွန်၊ ဤငါးဦးတို့သာ ကျန်ရစ်ကြလေသည်။

ထိုသူငါးဦးတို့သည် တွင်းတူး၍ မြှုပ်နှံထားသော စပါး ကုန်သော အခါ နံရံမြေညက်တို့ကို ခွာကာ ရေနှင့်ဖျော်၍ထုတ်ယူရသော စပါးတို့ကို မောင်းထောင်းကာ ချက်၍စားကြရ၏။ နံရံမှရသောစပါးများ ကုန်သော

အခါ သေဋ္ဌေးကတော်သည် နံရံအောက်ခြေမှ ကျန်ကောင်းကျန်ရာ မြေ ညှက်တို့ကို စုဆောင်းလာရာ ဆန်ကာစစ်စလယ်ချက်ကို ထိုသူငါးဦး နောက်ဆုံး ထမင်းအဖြစ် စားကြရန်ခူးခပ်ပြီးလျှင် ငါးပုံ ပုံ၍ထား၏၊ ထိုစဉ်ခိုက်မှာ ပင် ဂန္ဓမာဒနတောင်ထိပ်၌ နိရောဓသမာပတ်ဝင်စားရာမှ ထတော်မူလာ သော ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် သူတို့ရှေ့မှောက်သို့ ဆွမ်းခံကြွရောက် တော်မူလာ၏၊ ငါးဦးသားတို့သည် မိမိတို့စေစုကို ပစ္စေကဗုဒ္ဓါအရှင်မြတ် အား မခြွင်းမချန် လှူဒါန်းကြပြီးလျှင် မိမိတို့လိုအပ်သော ဆုများကို အသီးသီး တောင်းကြ၏၊ ပစ္စေကဗုဒ္ဓါအရှင်မြတ်က "ဆုတောင်းတိုင်း ပြည့်စေသတည်း"ဟု ဆုပေးတော်မူပြီးလျှင် ဂန္ဓမာဒနတောင်သို့ ပြန်ကြွ တော်မူလေသည်။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်၏ အဓိဋ္ဌာန်ကြောင့် သူတို့ငါးဦး သည် ဂန္ဓမာဒနတောင် ရောက်သည့်တိုင် အရှင်ပစ္စေကဗုဒ္ဓါကို ဖူးမြင် နိုင်ကြ၏၊ ဆွမ်းခံသွားသော ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ကျန်သော ပစ္စေကဗုဒ္ဓါ အရှင်မြတ် ငါးရာတို့အား မိမိခံယူလာသော ဆွမ်းကိုဝေ၍ ပေးတော်မူလေသည်၊

သေဋ္ဌေးသည် ဆာလောင်မှုတ်သိပ်လှသဖြင့် တစ်နေ့လုံးအိပ်စက် ရာ ညနေချမ်းတွင် နိုးလာလျှင် "ရှင်မ အလွန်တရာ ဆာလောင်လှ၏၊ ထမင်းအိုးထဲ၌ ချီးကပ်နေသော ထမင်းလုံး ကလေးများ ရှိပါသေးသ လား"ဟု ဆို၏၊ သေဋ္ဌေးကတော်ကြီးက မရှိဟု မဆိုရက်သဖြင့် ယူ၍ပြရန် အိုးကို ဖွင့်လိုက်၏၊ ၎င်းတွင် ထမင်းအိုးထဲ၌ မြတ်လေးငုံ အဆင်းရှိသော ထမင်းများ ပြည့်မောက်နေသည်ကို တွေ့ရ၏၊ ထိုထမင်းအိုးသည် အိမ်မှ လူငါးယောက်လုံး စားသောက်ပြီးသည့်တိုင် ပြည့်မြဲတိုင်း ပြည့်နေ၏၊ ကျီများ၊ အိုးတုတ်များတွင်လည်း ရှေးယခင်အတိုင်း စပါးပြည့်နေ၏၊ ဇမ္ဗူဒိပ် တစ်ကျွန်းလုံးရှိ မျိုးရိက္ခာ အငှါလိုသူ၊ ထမင်းစားလိုသူတို့သည် သေဋ္ဌေးကြီးအိမ်သို့ လာ၍ ယူကြရလေသည်၊

ထိုသူငါးယောက်တို့သည် ထိုဘဝမှ စုတေသော် နတ်ပြည်၊ လူ့ပြည် တို့၌ ကျင်လည်နေကြ၏။ ၎င်းဘုရားရှင်၏ လက်ထက်တော်တွင် သေဋ္ဌေး ကြီး၊ သေဋ္ဌေးကတော်၊ သေဋ္ဌေးသား နှင့် ချွေးမတို့သည် ဘဒ္ဒိယမြို့ရှိ သေဋ္ဌေးမျိုးရိုးတွင် ပေါက်ဖွားလာကြကာ ရှေးယခင်အတိုင်း ပေါင်းဆုံ မိကြ၏၊ အိမ်ကျွန်ပုဏ္ဏသည်လည်း ပစ္စေကဗုဒ္ဓါအရှင်မြတ်နှင့် တွေ့ဆုံစဉ်က စစ်သူကြီး ရာထူးကို တောင်းလျှင် ရနိုင်သော်လည်း အရှင်ထခင်များကို ရှုစ်ခင် တွယ်တာလှသဖြင့် ၎င်းအတိုင်းဖြစ်သော ဆုတောင်းခဲ့၏၊ ထို့

ကြောင့် ရွေးယခင်အတိုင်း ဤအိမ်တွင် ကျွန်အဖြစ် အမှုထမ်းဆောင်ရလေသည်။

ဝိပဿီဘုရားရှင်ထံ ပြုလုပ်ခဲ့သော ကုသိုလ်ကံများကြောင့် ရွှေဆိတ်ရုပ်များပေါ်ပေါက်လာ၍ "မေဏ္ဍက သူဌေးကြီး" ဟု ဘွဲ့မည်ပြီးနောက် သူဌေးကြီးသည် မိမိ၏ ရှေးဆုတောင်း ပြည့်မပြည့်တို့ကို စမ်းသပ်လိုသဖြင့် ကျီနှစ်ရာငါးဆယ်တို့ကို သုတ်သင်ရှင်းလင်းစေပြီးလျှင် ဦးခေါင်းလျှော်ကာ ကောင်းကင်သို့ မော့ကြည့်လိုက်၏။ ထိုအခါမှပင် ကောင်းကင်မှ ဆလေးနီမိုးကြီး ရွာချကာ ကျီနှစ်ရာငါးဆယ်တို့ ပြည့်လျှံသွား၏။ သူဌေးကတော်ကလည်း မိမိ၏ရှေးဆုတောင်းကို စမ်းသပ်လိုသဖြင့် ထမင်းအိုးတစ်လုံးကို တံခါးမုခ်ဝတွင်ထားကာ ထမင်းအလိုရှိ၍ လာသူတိုင်းအား ရွှေယောင်းမဖြင့် ကော်၍ကော်၍ ပေး၏။ တစ်နေ့လုံး ပေးစေသော်လည်း ထမင်းအိုးသည် ယုတ်လျော့၍မသွားပေ။ ထထတင်ကြိမ် ယောင်းမရာမျှ ဆောင်၏။ ရှေးဘုရားရှင်များနှင့် သံဃာတော်တို့အားလည်း ဤသို့ပင် လက်ဝဲလက်ဖြင့် ထမင်းအိုးကို ကိုင်ကာ လက်ယာလက်ဖြင့် ယောက်မကို ကိုင်၍ ထွမ်းလောင်းခဲ့သဖြင့် ထိုသူဌေးကတော်၏ လက်ဝဲ လက်ဖဝါးပြင်၌ ပဒုမ္မာကြာအမှတ် ပေါ်လာ၏။ လက်ယာလက်ဖဝါးပြင်၌ လစန်းအမှတ်ပေါ်လာ၏။ ရဟန်းသံဃာအား ရေလှူရန် သွားလာခဲ့သဖြင့် ထိုသူဌေးကတော်၏ လက်ယာခြေဖဝါးပြင်၌ လဝန်းအမှတ်ပေါ်လာသော လက်ဝဲခြေဖဝါးပြင်၌ ပဒုမ္မာကြာအမှတ် ပေါ်လာ၏။ ထို့ကြောင့် ထိုသူဌေးကတော်အား 'စန္ဒပဒုမ္မာ' ဟု ခေါ်ဝေါ် သမုတ်ကြလေသည်။

သူဌေးသားသည်လည်း မိမိ၏ ရှေးဆုတောင်းကို စူးစမ်းလိုသဖြင့် အသပြာတစ်ထောင်အိတ်ကို ရှေ့မှာချပြီးလျှင် အသပြာ အလိုရှိသူတိုင်းအား အိတ်ထဲမှ ထုတ်၍ထုတ်၍ ပေးဝေ၏။ ပါလာသမျှ ခွက်များ ပြည့်အောင်ပေးဝေသော်လည်း အိတ်သည် ပြည့်မြဲတိုင်းသာ ပြည့်နေ၏။ သူဌေးချွေးမသည်လည်း မိမိ၏ ရှေးဆုတောင်းကို စူးစမ်းလိုသဖြင့် ကွင်းပြင်တွင် စပါးတောင်းကိုချလျက် မျိုးရိက္ခာအလိုရှိသူတိုင်းအား တောင်းထဲမှ ခပ်၍ခပ်၍ ပေးဝေသော်လည်း တောင်းသည် ပြည့်မြဲတိုင်းသာ ပြည့်နေ၏။ ကျွန်ပုဏ္ဏားသည်လည်း မိမိ၏ရှေးဆုတောင်းကို စူးစမ်းလိုသဖြင့် လယ်ဆင်း၍ထွန်သောအခါ ခုနစ်ခုမျှသော ထွန်ကြောင်းများ ဖြစ်လာ၏။

ဘုရားရှင်သည် ထိုကုသိုလ်ရှင်ငါးယောက်တို့၏ ကျွတ်တမ်းဝင်မည့်အရေးကို မြင်တော်မူသဖြင့် ဘဒ္ဒိယမြို့သို့ ကြွတော်မူ၏။ မေဏ္ဍကသူဌေး

ကြီးသည် ဘုရားရှင်ကြွတော်မူလာကြောင်း ကြားသိရသဖြင့် ဘုရားရှင်ထံ လာခဲ့သောအခါ တိတ္ထိများက တားမြစ်ကြ၏။ သေဋ္ဌေးကြီးက တားမြစ်သည်ကို မနာခံဘဲ ဘုရားရှင်ထံလာရောက်၍ တရားနာရလေရာ သောတာပန်ဖြစ်သွား၏။ တရားပွဲပြီးဆုံးသောအခါ သေဋ္ဌေးကြီးက မိမိအား တိတ္ထိတို့က တားမြစ်ကြသည့်အကြောင်းကို ဘုရားရှင်အား လျှောက်ထားလေရာ ဘုရားရှင်က ဤဝတ္ထုနှင့်စပ် ပါသော ဒေသနာတော်ကို ဟောကြားလေသတည်း။

ဒေသနာတော်

၂၅၃။ သူတစ်ပါး၏အပြစ်ကို အစဉ်ရှုလျက် အမြဲမပြတ် ကဲ့ရဲ့နေသော
သူအား အာသဝတရားတို့သည် တိုးပွားကြကုန်၏၊ ထိုသူသည်
အာသဝကုန်ခြင်းမှ ဝေးကွာ၏။

## အရှင်ဥဇ္ဈာနသညီ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် သူတစ်ပါးကို ကဲ့ရဲ့လိုသော အမှတ်သညာရှိသဖြင့် ဥဇ္ဈာနသညီ အမည်တွင်သော ရဟန်းတစ်ပါးကိုအကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေ၏။

အရှင်ဥဇ္ဈာနသညီ၏ အပြုအမူကို ရဟန်းများက ဘုရားရှင်ထံ လျှောက်ထားကြသောအခါ "ရဟန်းတို့၊ ဆုံးမပြုပြင်လိုသောသဘောဖြင့် ကဲ့ရဲ့တတ်သူကို အပြစ်မတင်သင့်ပေ၊ သူတစ်ပါးကို စစ်စစ်ပေါက်ပေါက် ရှာကြံ၍ ကဲ့ရဲ့သောသူအား ဈာန် စသောတရားများ ဖြစ်မလာနိုင်" ဟု မိန့်ကြားတော်မူပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၂၅၄။ ကောင်းကင်၌ ခြေရာမရှိပေ၊ သာသနာတော်၏ ပြင်ပ၌ မဂ်ဖိုလ်
ရသော ရဟန်းမရှိပေ၊ သတ္တဝါတို့သည် သံသရာချဲ့ထွင်တတ်သော
တရား၌ မွေ့လျော်ကုန်၏၊ ဘုရားရှင်တို့သည် သံသရာချဲ့ထွင်တတ်
သောတရားမှ ကင်းကုန်၏။

၂၅၅။ ကောင်းကင်၌ ခြေရာမရှိပေ၊ သာသနာတော်၏ ပြင်ပ၌မဂ်ဖိုလ်
ရသော ရဟန်းမရှိပေ၊ မြဲသော သင်္ခါရတရား မရှိပေ၊ ဘုရားရှင်
တို့အား တုန်လှုပ်ခြင်း မရှိပေ။

စတုတ္ထအကြိမ်

# သုဘဒ္ဒပရိဗိုဇ်

မလ္လမင်းတို့၏ အင်ကြင်းတော အတွင်း၌ ပရိနိဗ္ဗာန်ပြုရန် ဘုရားရှင် လျောင်းစက်တော်မူနေစဉ် သိလိုရာရာကို မေးလျှောက်လာသော သုဘဒ္ဒ ပရိဗိုဇ်ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော် မူလေ သည်။

သုဘဒ္ဒပရိဗိုဇ်သည် ရှေးဘဝတစ်ခု၌ အရှင်ကောဏ္ဍညနှင့်အတူ ညီအစ်ကို ဖြစ်ခဲ့ဖူး၏။ ထိုစဉ်က အစ်ကိုဖြစ်သူသည် ကောက်တစ်ကြိမ်စိုက်တိုင်း ကိုးကြိမ်ကိုးခါ အဦးအဖျားကို လှူဒါန်းခဲ့၏။ ထို့ကြောင့် ဤသာသနာ တော်တွင် ပထမဦးစွာ ကျွတ်တမ်းဝင်ခဲ့၏။ ညီဖြစ်သူကား နောက်ဆုံးမှ လှူဒါန်းသဖြင့် ဘုရားရှင် ပရိနိဗ္ဗာန်စံမည့်ညကျမှ မိမိသိလိုရာရာကို မေး လျှောက်ချင်စိတ် ပေါ်ပေါက်လာ၏။ ထို့ကြောင့် ဘုရားရှင် လျောင်း စက်တော်မူရာသို့ လာခဲ့ရာ အရှင်အာနန္ဒာက တားမြစ်၏။ ဘုရားရှင်က "သုဘဒ္ဒကို မတားပါနှင့်" ဟု မိန့်ကြားတော်မူသဖြင့် သုဘဒ္ဒပရိဗိုဇ်သည် ရှေ့တော် ဝင်ရောက်ခွင့်ရသော် "အို…အရှင်ဂေါတမ၊ ကောင်းကင်၌ ခြေရာရှိပါသလော။ ဤသာသနာတော်မှအပ၌ မဂ်ဖိုလ်ရသော ရဟန်း ရှိပါသလော။ မြဲသော သင်္ခါရတရား ရှိပါသလော" ဟု မေးလျှောက်၏။ ဘုရားရှင်က သူ့အမေးကို ဖြေတော်မူသောအားဖြင့် အထက်ပါဒေသနာ တော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ သုဘဒ္ဒပရိဗိုဇ်သည် အနာဂါမ် ဖြစ်လေ၏။ ထို့နောက် ထိုညမှာပင် ဘုရားရှင် ရှေ့တော်မှောက်၌ ရဟန်းပြုခွင့်ရကာ ရဟန္တာအရှင်မြတ်တစ်ပါး ဖြစ်လေ၏။

# ဓမ္မဋ္ဌဝဂ်

### ဒေသနာတော်

၂၅၆။ ဆုံးဖြတ်အပ်သောအမှုကို မှားယွင်းစွာ ပြောဆို ဆုံးဖြတ်ခြင်းကြောင့် တရား၌တည်သော တရားသူကြီး မဟုတ်ချေ။ ပညာရှိသည် ဟုတ်မှန်သော အကြောင်း၊ မဟုတ်မှန်သော အကြောင်းနှစ်ပါးလုံးကို မေးမြန်းစုံစမ်း၍ ဆုံးဖြတ်ရာ၏။

၂၅၇။ မချွတ်မယွင်း တရားနှင့်အညီ ညီတစ်ပါးတို့ကို အနိုင်အရှုံး ဆုံးဖြတ်ပေးသော ပညာရှိကို တရားစောင့်သော၊ တရား၌တည်သော တရားသူကြီးဟု ဆိုအပ်၏။

## တရားဆုံးဖြတ်သော အမတ်ကြီးများ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် တံစိုးစားကာ မတရားသဖြင့် တရားဆုံးဖြတ်သော အမတ်ကြီးများကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော် မူလေသည်။

တစ်နေ့သ၌ ရဟန်းတို့သည် သာဝတ္ထိမြို့တော် မြောက်တံခါး၊ အနီးရှိ ရွာ၌ တရားရုံးသို့ဝင်၍ မိုးခိုကြ၏။ ဤတွင် တရားဆုံးဖြတ်နေသော အမတ်ကြီးများသည် တံစိုးလက်ဆောင်ယူကာ ဥစ္စာရှင်မဟုတ်သူကို ဥစ္စာရှင် ဟုတ်၏ဟု ဆုံးဖြတ်ကြသည်ကို တွေ့ရ၏။ ကျောင်းတော်သို့ ရောက်သော အခါ ထိုရဟန်းများက ထိုအကြောင်းကို လျှောက်ထားကြရာ ဘုရားရှင်က အထက်ပါ ဒေသနာတော်ကို ဟောကြားတော် မူလေသတည်း။

### ဒေသနာတော်

၂၅၈။ စကားများများ ပြောထာမျှဖြင့် ပညာရှိမဖြစ်နိုင်ပေ။ ဘေးမသီ ရန်မခ ကြောက်ရွံ့ခြင်း ကင်းရှင်းသူကို ပညာရှိဟု ဆိုအပ်၏။

### ဧတုဒ္ဒ အကြိမ်

## ဆဗ္ဗဂ္ဂီရဟန်းများ (စကားများ)

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ထွမ်းစားဇရပ်ကို နေ့စဉ်ယှက်သော ဆဗ္ဗဂ္ဂီရဟန်းများကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ဆဗ္ဗဂ္ဂီရဟန်းတို့သည် ဆွမ်းစားဇရပ်သို့ ရဟန်းအများ စုဝေးလာကြသောအခါ "ငါတို့သာ လိမ္မာကုန်၏။ ငါတို့သာ ပညာရှိကုန်၏" ဟုဆိုကာ အခြားရဟန်းများကို ကျောကုန်းမှ တွန်းထိုးကြ၏။ ခေါင်းပေါ်မှ အမှိုက်သရိုက်ကာ နှင်ထုတ်ကြကုန်၏။ ထိုရဟန်းများသည် ထိုအကြောင်းကို လျှောက်ထားကြရာ ဘုရားရှင်က အထက်ပါဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

### ဒေသနာတော်

၂၅၉။ စကားများစွာ ပြောကာမျှဖြင့် တရားကိုဆောင်သူ မဖြစ်ပေ။ အကြင်သူသည် အနည်းမျှသော တရားစကားကို ကြားရရုံမျှဖြင့် သစ္စာလေးပါးတရားကို မင်္ဂဉာဏ်ဖြင့် သိမြင်၏၊ ထိုသစ္စာလေးပါး တရား၌ မမေ့လျော့သူသည် စင်စစ်အားဖြင့် တရားဆောင်သူ ဖြစ်၏။

## ဧကုဒါန ရဟန္တာ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဥဒါန်းဂါထာ တစ်ပုဒ်ကိုသာ ကျူးရင့် ဟောကြားလေ့ရှိသော ရဟန္တာတစ်ပါးကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

တောအုပ်တစ်ခု၌ သီတင်းသုံးသော ရဟန်းတစ်ပါးသည် ဥဒါန်းကျူးစရာ ဂါထာတစ်ပုဒ်ကိုသာ ရသဖြင့် ဧကုဒါနရဟန္တာဟု အမည်တွင်၏။ ထိုရဟန္တာသည် ဥပုသ်နေ့တစ်နေ့တွင် တောစောင့်နတ်များအား တရားနာရန် ဖိတ်ကြားပြီးလျှင် "အရဟတ္တဖိုလ်စိတ်၌ မမေ့မလျော့ အားထုတ်လေ့ရှိသော၊ အရဟတ္တမင်္ဂဉာဏ်၏ အကြောင်းဖြစ်သော 'သိက္ခာသုံးပါး၌ ကျင့်သုံးပြီးဖြစ်သော၊ တာဒိဂုဏ်နှင့်ပြည့်စုံသော၊ ငြိမ်းချမ်းသော၊ အခါခပ်သိမ်း သတိနှင့်ပြည့်စုံသော ရဟန္တာပုဂ္ဂိုလ်အား စိုးရိမ်ပူဆွေးခြင်းတို့ မဖြစ်ကြလေကုန်တကား" ဟူသော ဥဒါန်းစကားကို ဂါထာဖြင့် ကျူးရင့်ဟောကြား၏။ ဤတွင် တောစောင့်နတ်အပေါင်းတို့က သောသောညံမျှ သာဓုခေါ်ကြလေသည်။

တစ်နေ့သ၌ အခြံအရံ ရဟန်းငါးရာစီ ပါလာကြသော ပိဋကတ်သုံးပုံဆောင် ရဟန်းနှစ်ပါးတို့သည် ထိုကျောင်းတော်သို့ ရောက်လာကြ၏။ ထေရနေ ရဟန်းပုဂ္ဂိုလ်က "အရှင်ဘုရားတို့၊ တရားဟောတော်မူကြပါ။ ဤကျောင်းတိုက်ရှိ နတ်အပေါင်းတို့သည် သောတသောတည်မျှ သာခုခေါ်ကြပါမည်"ဟု လျှောက်ထား၏။ ပိဋကတ်သုံးပုံဆောင် ရဟန်းနှစ်ပါးတို့တွင် တစ်ပါးက အကျယ်ချဲ့၍ ဟောကြား၏၊ ကျန်တစ်ပါးက အကျဉ်းချုပ် ဟောကြား၏၊ တရားပွဲ ပြီးဆုံးသောအခါ ယာခုခေါ်သံ တစ်ခုမျှ ထွက်ပေါ်မလာ။ ကျောင်း၌ ရဟန္တာက သူဟောနေကျ ဥဒါန်းဂါထာကို ကျူးရင့်၍ ဟောကြားခါမှ သာခုခေါ်သံတို့ သောသောညံ၏။ ကျောင်းတော်သို့ ရောက်သောအခါ ရဟန်းတို့သည် ထိုအကြောင်းကို လျှောက်ထားသော် ဘုရားရှင်က အထက်ပါဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၂၆၀။ ထိုရဟန်း၏ ဦးခေါင်းသည် ဖွေးဖွေးဖြူ၏၊ ထိုသို့ ဦးခေါင်းဖြူကာမျှဖြင့် ထိုရဟန်းသည် ကြီးရင့်သူ မမည်ပေ။ ထိုရဟန်း၏ အရွယ်ရင့်အိုခြင်းကို အကျိုးမဲ့ ရင့်အိုခြင်းဟု ဆိုအပ်၏။

၂၆၁။ အကြင်ပုဂ္ဂိုလ်၌ သစ္စာလည်းရှိ၏၊ တရားလည်းရှိ၏။ ညှဉ်းဆဲခြင်း မရှိ၊ သီလစောင့်ခြင်းရှိ၏။ ဣန္ဒြေကိုလည်း ဆုံးမ၏။ ကိလေသာ ပျို့အန်ပြီးသော ထိုပညာရှိပုဂ္ဂိုလ်ကိုသာ ကြီးရင့်သူဟုဆိုအပ်၏။

## အရှင်လကုဏ္ဍကဘဒ္ဒိယ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ကိုယ်ခန္ဓာ ပုတို သေးငယ်လှသော အရှင်လကုဏ္ဍကဘဒ္ဒိယကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

အရှင်လကုဏ္ဍကဘဒ္ဒိယသည် ဘုရားရှင်ထံ သည်းကပ်၍ ပြန်လာစဉ် တွင် တောနေရဟန်း သုံးကျိပ်တို့နှင့် တွေ့ဆုံမိ၏။ တောနေရဟန်းများသည် သူ့ကို သာမဏေတစ်ပါးဟုသာ မှတ်ထင်ခဲ့ကြ၏၊ ဘုရားရှင်က ထိုပုဂ္ဂိုလ်မှာ ထေရ်ကြီးဖြစ်ကြောင်း မိန့်ကြားတော်မူလျှင် ထိုရဟန်းများက "အရှင်ဘုရား၊ အလွန်တရာ သေးငယ်လှပါချေသည်တကား"ဟုလျှောက်ထားကြ၏၊ ဤတွင် ဘုရားရှင်က ထိုစကားနှင့်ဆက်စပ်၍ တရားစကား ဟောကြားတော်မူလိုသဖြင့် အထက်ပါဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၂၆၂။ ငြူစူတတ်သော၊ ဝန်တိုတတ်သော၊ ကောက်ကျစ်စဉ်းလဲတတ်သောသူသည် ကောင်းသောစကားကို ပြောဆိုကာမျှဖြင့် လည်းကောင်း၊ ရုပ်အဆင်းလှပကာမျှဖြင့် လည်းကောင်း ကောင်းသောသဘောရှိသည် မည်သည်မဟုတ်။

၂၆၃။ အကြင်သူသည် ငြူစူခြင်းစသော ထိုသဘောကို အကြွင်းမဲ့ ပယ်ဖြတ်၏။ အမြစ်ဖြတ် ပယ်နုတ်ပြီး ဖြစ်၏။ ထိုကိလေသာအပြစ်ကို ထွေးအန်ပြီးသော ထိုပညာရှိကို ကောင်းသော သဘောရှိသူဟူ၍ ဆိုအပ်၏။

## ရဟန်းများဝတ္ထု (ငြူစူသူများ)

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် သူတစ်ပါး ပရိသတ်ကို ငြူစူတတ်သော ရဟန်းများကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော် မူလေသည်။

အခါတစ်ပါး၌ ရဟန်းငယ်နှင့် သာမဏေများသည် မိမိတို့အား စာပေပို့ချသော ရဟန်းများ၏ သင်္ကန်းဆိုးခြင်း စသော ဝတ်ကျောင်းဝတ်များကို ပြုလုပ်ပေးကြ၏။ အချို့သော မထေရ်တို့သည် ထိုစာချရဟန်းတို့ အခြံအရံများနေသည်ကို ငြူစူကာ မိမိတို့သာလျှင် ပရိသတ်၏ ပူဇော်ပသခြင်းကို ရယူလိုကြသဖြင့် ဘုရားရှင်ထံ ဝင်ရောက်ကာ "အရှင်ဘုရား၊ တပည့်တော်တို့သည် သဒ္ဒါအရာမှာ လိမ္မာကြပါကုန်၏။ အခြားပုဂ္ဂိုလ်များအထံ၌ စာပေကျမ်းဂန်များ သင်ယူ၍ပြီးဆုံးသော်လည်း တပည့်တော်တို့၏ သုတ်သင်တည်းဖြတ်မှုကို မခံယူဘဲ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း မပြုရန် ရဟန်းငယ်နှင့် သာမဏေများကို မိန့်ကြားပေးတော် မူပါဘုရား" ဟု လျှောက်ထားကြ၏။ ဘုရားရှင်သည် ထိုရဟန်းတို့၏ အတွင်းစိတ်ဓာတ်ကို သိရှိတော်မူသဖြင့် အထက်ပါဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ဒေသနာတော်

၂၆၄။ ခေါင်းတုံး တုံးထားကာမျှဖြင့် ရဟန်းမဖြစ်ပေ။ ကျင့်ဝတ်တစ်ခုခုမျှ မရှိသော၊ ချွတ်ယွင်းသော စကားကိုလည်း ပြောဆိုတတ်သော၊ လိုချင် မက်မောခြင်းနှင့် ပြည့်စုံသော ထိုသူသည် အဘယ်မှာ ရဟန်းဖြစ်နိုင်ပါမည်နည်း။

၂၆၅။ အကြင်ပုဂ္ဂိုလ်သည် အသေးစား အကြီးစားဖြစ်သော မကောင်းမှုတို့ကို အချင်းခပ်သိမ်း ငြိမ်းစေ၏။ ထိုပုဂ္ဂိုလ်ကို မကောင်းမှုအားလုံးကို ငြိမ်းစေတတ်သောကြောင့် ရဟန်းဟူ၍ ဆိုအပ်၏။

ဝတ္ထုအကျဉ်း

## အရှင် ဟတ္ထက

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် စကားလွှဲလွှဲ၍ ပြောဆိုတတ်သော အရှင်ဟတ္ထကကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

အရှင်ဟတ္ထကသည် တိတ္ထိများနှင့် ဝါဒချင်းပြိုင်ရန် တစ်နေရာရာတွင် ချိန်းဆိုထားပြီးလျှင် ချိန်းဆိုသော အချိန်မတိုင်မီ သွားရောက်ကာ "ကြည့်ကြကုန်လော့၊ တိတ္ထိတို့သည် ငါ့ကိုကြောက်၍ မလာကြကုန်။ ဤသို့မလာခြင်းသည်ပင်လျှင် တိတ္ထိတို့၏အရှုံးတည်း" ဟု မဟုတ်မမှန် ပြောဆို၏။ ထိုအကြောင်းကို ဘုရားရှင် ကြားသိတော်မူသောအခါ အရှင်ဟတ္ထကကို ခေါ်တော်မူပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

### ဒေသနာတော်

၂၆၄။ သူထစ်ဖါးထံမှ တောင်းစားကာမျှဖြင့် ရဟန်းမဖြစ်နိုင်ပေ။ တရားနှင့် မညီညွတ်သော အကျင့်ကိုယူ၍ ကျင့်ကာမျှဖြင့်ရဟန်းမဖြစ်ပေ။

၂၆၅။ အကြင်သူသည် ဆုဒ္ဓါနာတော်၌ မြတ်သော အကျင့်ရှိသည်ဖြစ်၍ ကောင်းမှု မကောင်းမှုကို ပယ်နုတ်လျက် ခန္ဓာငါးပါး ဟူသော လောကကို ဉာဏ်ဖြင့်ဆင်ခြင်၍ ကျင့်၏။ ထိုသူကို ရဟန်းဟူ၍ ဆိုအပ်၏။

## ပုဏ္ဏားတစ်ယောက် (ဆွမ်းခံစားသူ)

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် မိမိကိုယ်ကို ရဟန်းဟု ယူဆနေသော ပုဏ္ဏားတစ်ယောက်ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

သာဝတ္ထိမြို့တော်မှ ပုဏ္ဏားတစ်ယောက်သည် သာသနာတော်၏ အပြင်အပမှ ရဟန်းများထံ၌ ရဟန်းပြုပြီးလျှင် ဆွမ်းခံ၍ စားနေ၏။ တစ်နေ့သ၌ သူသည် ဘုရားရှင်ထံသို့ ဝင်ရောက်ပြီးလျှင် "အို...အရှင်ဂေါတမ၊ အရှင်ဂေါတမသည် 'ဆွမ်းခံ၍ လှည့်လည်လာသောကြောင့် ရဟန်းမည်၏' ဟု ဟောကြားဖူးပါသည်။ တပည့်တော်သည်လည်း ဆွမ်းခံ၍ အသက်မွေးပါ၏။ ထို့ကြောင့် တပည့်တော်ကို ရဟန်းဟု ခေါ်စေပါလော့" ဟု လျှောက်ထား၏။ ဘုရားရှင်သည် ထိုပုဏ္ဏား၏ လျှောက်ထားချက်ကို လက်မခံဘဲ အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

### ဒေသနာတော်

ဒေသနာတော်

၂၆၈-၂၆၉။ တွေဝေသော သဘောရှိ၍ အသိဉာဏ် ချို့တဲ့သူသည် ဆိတ်ဆိတ်နေကာမျှဖြင့် မုနိမမည်ပေ၊ အကြင် ပညာရှိသည်ကား ချိန်ခွင်ကိုကိုင်၍ ချိန်စက်ဘိသကဲ့သို့ ကောင်းမှု တည်းဟူသော အမြတ်တရားကို ယူငင်၍ မကောင်းမှု အကုသိုလ်တရားများကို ရှောင်ကြဉ်၏။ ထို့ကြောင့် ထိုပညာရှိသည် မုနိမည်၏၊ အကြင်သူသည် အဇ္ဈတ္တ၊ ဗဟိဒ္ဓ နှစ်ပါးတို့ကို သိ၏၊ ထိုသူသည် မုနိမည်၏။ ထိုအကြောင်းနှစ်ပါးကြောင့် မုနိဟု ဆိုအပ်၏။

# တိတ္ထိများ (ဆိတ်ဆိတ်နေသူများ)

ဝေဠုဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် လူတို့အား တရားဟောသော ရဟန်းများကို ကဲ့ရဲ့သော တိတ္ထိတို့ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ရဟန်းတို့သည် ဘုရားရှင် ခွင့်ပြုတော်မူသဖြင့် ဆွမ်းစားဇရပ်စသည်၌ အနုမောဒနာတရားများ ဟောကြားကြကုန်၏၊ လူတို့သည် တရားနာရ၍ အားတက်သရေဖြစ်ကာ ရဟန်းတို့ကို ပင့်ဖိတ်၍ လှူဒါန်းပူဇော်ကုန်၏၊ ဤသို့ လှူဒါန်းပူဇော်သည်ကို မနာလိုမရှုဆိတ်သဖြင့် တိတ္ထိတို့သည် "ငါတို့ကား ဆိတ်ဆိတ်နေခြင်းဖြင့် မုနိအကျင့်ကို ကျင့်ကြကုန်၏၊ ရဟန်းဂေါတမ၏ တပည့်တို့မှာကား ဆွမ်းစားဇရပ် စသည်တို့၌ စကားဖောင်အောင် ပြော၍ နေကြကုန်၏" ဟု ကဲ့ရဲ့ကြကုန်၏၊ ထိုအကြောင်းကို ရဟန်းများက လျှောက်ထားကြသောအခါ ဘုရားရှင်သည် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၂၇၀။ သတ္တဝါတို့ကို ညှဉ်းဆဲသတ်ဖြတ်သော အကြောင်းကြောင့် အရိယာ မဖြစ်ချေ။ သတ္တဝါတို့ကို ညှဉ်းဆဲ မသတ်ဖြတ်သော အကြောင်းကြောင့် အရိယာဟု ဆိုအပ်၏။

# တံငါသည်

သာဝတ္ထိမြို့တော်၏ မြောက်တံခါး အနီးရှိရွာမှ ဘုရားရှင် ဆွမ်းခံ၍ ပြန်လာတော်မူစဉ် လမ်းမှာ တွေ့ရသော တံငါသည် တစ်ယောက်ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော် မူလေသည်။

ဝတ္ထုအကျဉ်း

ဘုရားရှင်သည် ထိုတံငါသည် ကျွတ်တမ်းဝင်မည့် အကြောင်းကို သိမြင်တော်မူသဖြင့် ထိုရွာသို့ ဆွမ်းခံကြွ၍ ပြန်လာတော်မူရာ လမ်းတွင် ထိုတံငါသည်နှင့် တွေ့ဆုံသဖြင့် အမည်ကို မေးတော်မူ၏။ တံငါသည်က "တပည့်တော်သည် အရိယာအမည် ရှိပါသည်"ဟု လျှောက်ထားသဖြင့် ဘုရားရှင်က အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ တံငါသည် သောတာပန်ဖြစ်လေ၏။

ဒေသနာတော်

၂၇၁-၂၇၂။ သီလနှင့် ပြည့်စုံကာမျှဖြင့် လည်းကောင်း၊ ဓုတင်ဆောင်ကာမျှဖြင့် လည်းကောင်း၊ အကြားအမြင် များကာမျှဖြင့် လည်းကောင်း၊ သမာဓိ ရကာမျှဖြင့် လည်းကောင်း၊ ဆိတ်ငြိမ်ရာ၌ နေကာမျှဖြင့် လည်းကောင်း အာသဝေါ ကုန်ခန်းသော ရဟန္တာအဖြစ်သို့ မရောက်သေးဘဲလျက် ပုထုဇဉ်တို့ မမှီဝဲအပ်သော အနာဂါမိဖိုလ် ချမ်းသာကို ရနေပြီဟူ၍ ရဟန်းသည် စိတ်သက်သာရာ ရပ်နားခြင်းသို့ မရောက်ပါစေနှင့်။

## ရဟန်းများစွာ (သီလ, ဓုတင် စသည်)

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် သီလ စသည်နှင့် ပြည့်စုံသော ရမာန်းများကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ဇေတဝန်ကျောင်းတော်မှ အချို့သော ရဟန်းတို့သည် "ငါတို့သည် သီလနှင့် ပြည့်စုံကြကုန်၏။ ငါတို့သည် ဓုတင်ဆောင် ဖြစ်ကုန်၏။ ငါတို့သည် ဆိတ်ငြိမ်သောကျောင်း၌ နေလေ့ရှိကြကုန်၏။ ငါတို့သည် ဈာန်ရကုန်၏။ ငါတို့သည် အနာဂါမိဖိုလ်ကို ရကုန်၏။ ထို့ကြောင့် ငါတို့သည် အရဟတ္တဖိုလ်ကိုရရန် မခဲယဉ်းပေ"ဟု အသီးသီး တွေးတော ယူဆကြ၏။ တစ်နေ့သ၌ ထိုရဟန်းများသည် ဘုရားရှင် ရှေ့တော်မှောက် ဝင်ရောက်၍ မိမိတို့၏ တွေးတောယူဆပုံများကို အသီးသီး လျှောက်ထားလေရာ ဘုရားရှင်က အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ ထိုရဟန်းတို့သည် ရဟန္တာ ဖြစ်ကြလေကုန်၏။

# မဂ္ဂဝဂ်

## ဒေသနာတော်

၂၇၃။ လမ်းကြောင်း အားလုံးတို့တွင် အင်္ဂါရှစ်ပါးရှိသော မဂ်လမ်းကြောင်းသည် အမြတ်ဆုံးဖြစ်၏။ သစ္စာအားလုံးတို့တွင် အရိယာသစ္စာလေးပါးသည် အမြတ်ဆုံး ဖြစ်၏။ တရားအားလုံးတို့တွင် ရာဂကင်းရာ နိဗ္ဗာန်သည် အမြတ်ဆုံးဖြစ်၏။ အခြေနှစ်ချောင်း ရှိသော သတ္တဝါအားလုံးတို့တွင် မြတ်စွာဘုရားသည် အမြတ်ဆုံး ဖြစ်၏။

၂၇၄။ အင်္ဂါရှစ်ပါးရှိသော ဤမဂ်လမ်းကြောင်းသည်သာလျှင် ဉာဏ်အမြင် စင်ကြယ်ရေးအတွက် လမ်းကြောင်းအမှန် ဖြစ်၏။ ဤမဂ်လမ်းကြောင်းမှတစ်ပါး အခြားလမ်းကြောင်း မရှိချေ။ ထို့ကြောင့် သင်တို့သည် ဤမဂ်လမ်းကြောင်းသို့သာ လျှောက်သွားကြကုန်လော့။ ဤမဂ်လမ်းကြောင်းသည် မာရ်နတ်မင်း မမြင်နိုင်သော လမ်းကြောင်းပေတည်း။

၂၇၅။ သင်တို့သည် ဤ မဂ်လမ်းကြောင်းကို လျှောက်သွားကြကုန်သည် ရှိသော် ဆင်းရဲခြင်း၏အဆုံးကို ပြုကြရကုန်လတ္တံ့။ ငါဘုရားသည် ရာဂ စသည် ဆူးငြောင့်ကင်းသော လမ်းကြောင်းကို ကိုယ်တိုင်သိ၍ သင်တို့အား မဂ်လမ်းကြောင်းကို ဟောကြားအပ်၏။

၂၇၆။ သင်တို့သည် ကိုယ်တိုင် အားထုတ်ကြကုန်လော့။ ဘုရားရှင်တို့သည် လမ်းကြောင်းမှန်ကို ညွှန်ပြရုံမျှသာ ဖြစ်ကုန်၏။ ကျင့်ကြကုန်၍ ကိလေသာကို မီးရှို့မြိုက်ကြသော သူတို့သည်သာ မာရ်နတ်မင်း၏ အနှောင်အဖွဲ့မှ လွတ်မြောက်နိုင်ကုန်၏။

## ရဟန်းငါးရာ (လမ်းစကားပြောသူများ)

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် လမ်းစကား ပြောကြားနေကြသော ရဟန်းငါးရာ တို့ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ဝတ္ထုအကျဉ်း

ဘုရားရှင်သည် ရဟန်းများစွာနှင့်အတူ ဒေသစာရီ လှည့်လည်တော်မူပြီးလျှင် ဇေတဝန်ကျောင်းတော်သို့ ပြန်ရောက်တော်မူလာသောအခါ နေ့လက်ပါ ရဟန်းများစွာတို့အထဲမှ ရဟန်းငါးရာတို့သည် တရားသဘင်၌စုဝေးပြီးလျှင် လျှောက်လာခဲ့ရသော လမ်းကြောင်းတို့၏ အဆိုးအကောင်းကို ပြောဆိုနေကြ၏။ ထိုစဉ်တွင် ဘုရားရှင် ကြွလာတော်မူကာ အထက်ပါဒေသနာတော်ကို ဟောကြားတော် မူလေသတည်း။

ဒေသနာတော်အဆုံး၌ ထိုရဟန်းငါးရာတို့ ရဟန္တာ ဖြစ်ကြလေ၏။

### ဒေသနာတော်

၂၇၇။ အလုံးစုံသော သင်္ခါရတရားတို့သည် အမြဲမရှိကြကုန်ဟူ၍ အကြင်အခါက ဝိပဿနာပညာဖြင့် ရှုမြင်နိုင်၏။ ထိုအခါ၌ အလုံးစုံသော သင်္ခါရတရားတို့၌ ငြီးငွေ့၏။ ဤငြီးငွေ့ခြင်းသည် ထိုလေသာ စင်ကြယ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းပေတည်း။

## အနိစ္စလက္ခဏာ ၁

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ကမ္မဋ္ဌာန်းတရား ပွားများသော ရဟန်းငါးရာပတ်ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော် မူလေသည်။

ထိုရဟန်းငါးရာတို့သည် ဘုရားရှင်ထံတော်မှ ကမ္မဋ္ဌာန်း တောင်းယူ၍ တောသို့ဝင်ကာ ပွားများ အားထုတ်ကြပါသော်လည်း တရားထူးကို မရနိုင်ကြချေ။ သို့ဖြစ်၍ ဘုရားရှင်ထံ ပြန်လာကြကာ ကမ္မဋ္ဌာန်းတစ်မျိုး ပြောင်းပေးရန် လျှောက်ထားကြလေရာ ကဿပ မြတ်စွာဘုရားလက်ထက် တော်တုန်းက ထိုရဟန်းတို့သည် အနိစ္စလက္ခဏာကို အနှစ် နှစ်သောင်းတိုင်တိုင် ပွားများ အားထုတ်ခဲ့ဖူးကြသဖြင့် အနိစ္စလက္ခဏာကို ထင်စွာပြ၍ အထက်ပါဒေသနာတော်ကို ဟောကြားတော် မူလေသတည်း။

ဒေသနာတော်အဆုံး၌ ထိုရဟန်းငါးရာတို့ ရဟန္တာ ဖြစ်ကြလေကုန်၏။

### ဒေသနာတော်

၂၇၈။ အလုံးစုံသော သင်္ခါရတရားတို့သည် ဆင်းရဲကုန်၏ဟူ၍ အကြင်အခါ၌ ဝိပဿနာပညာဖြင့် ရှုမြင်နိုင်၏။ ထိုအခါ၌ အလုံးစုံသော သင်္ခါရတရားတို့၌ ငြီးငွေ့၏။ ဤငြီးငွေ့ခြင်းသည် ကိလေသာ စင်ကြယ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်းပေတည်း။

## ဒုက္ခလက္ခဏာ

**အထက်ပါ ဝတ္ထုအတိုင်းသာ ဖြစ်၏၊ လက္ခဏာမျှသာ ကွဲခြား၏၊**

ဒေသနာတော်

၂၇၉။ အလုံးစုံသော တရားတို့သည် အတ္တမဟုတ်ကုန် ဟူ၍ အကြင် အခါ၌ ဝိပဿနာပညာဖြင့် ရှုမြင်နိုင်၏။ ထိုအခါ၌ အလုံးစုံသော သင်္ခါရတရားတို့၌ ငြီးငွေ့၏။ ဤ ငြီးငွေ့ခြင်းသည် ကိလေသာ စင်ကြယ်ရာ နိဗ္ဗာန်သို့ရောက်ကြောင်း အကျင့်ပေတည်း။

## အနတ္တ လက္ခဏာ

**အထက်ပါအတိုင်းဖြစ်၏၊ လက္ခဏာမျှသာ ကွဲခြား၏။**

ဒေသနာတော်

၂၈၀။ ပျိုမျစ်နုထွား၍ ခွန်အားနှင့် ပြည့်စုံပါလျက် လုံ့လပြုသင့်သော အခါ၌ လုံ့လမပြုဘဲ ပျင်းရိထိုင်းမှိုင်း၍ စိတ်အကြံများ ပြား၍ နေသော ထိုပျင်းရိသူသည် ဗြာဖြင့်သာ ရယူနိုင်သော အရိယမဂ် ကို မရနိုင်ချေ။

## အရှင်တိဿ (ပေါင်ရိုးကျိုးသူ)

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဇမ္ဗူဒီပ၌ တရားအားထုတ်ရာမှ ပေါင်ရိုးကျိုးသွားရသော အရှင်တိဿကိုအကြောင်း ပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်၊

မိမိနှင့်အတူ ရဟန်းပြုခဲ့ကြသော မိတ်ဆွေရဟန်းများ တောသို့ ဝင်၍ တရားအားထုတ်ကြသည်တွင် အရှင်တိဿကား ဇေတဝန် ကျောင်း တော်မှာပင် နေရစ်၏၊ တောသို့ဝင်၍ တရားအားထုတ်သော ရဟန်း များသည် ရဟန္တာဖြစ်လာကြကာ ဘုရားရှင်ထံ ဝင်လာ၏၊ ဘုရားရှင်က ထိုရဟန်းများကို နှစ်သက်ဝမ်းမြောက်စွာ ဆီးကြို မိန့်ကြားတော်မူ၏၊ ဤတွင်မှ အရှင်တိဿသည်လည်း ဘုရားရှင်၏ ချီးမွမ်းစကားကို ရယူချင် လွန်းလှသဖြင့် တစ်ညလုံး စင်္ကြံသွားရန် တမင်ကမ်းပွားများ၏၊ သို့ရာတွင် ပွားများနေကျ မဟုတ်သဖြင့် မကြာမီမှာပင် ငိုက်မျဉ်းလာကာ စင်္ကြံဦး ကျောက်ဖျာပေါ်တွင် လဲကျသဖြင့် ပေါင်ရိုး ကျိုးသွားလေသည်၊

ပေါင်ရိုးကျိုး၍ အော်လိုက်သောအသံကို ကြားရသဖြင့် မိတ်ဆွေ ရဟန်းများသည် ဆီမီးထွန်းကာ လာ၍ပြုစုကြ၏၊ အရှင်တိဿကို ပြုစုပေး နေရင်းပင် အရုဏ်တက်လာ၏၊ သို့ဖြစ်၍ ထိုမိတ်ဆွေရဟန်းတို့သည် လမ်း

မှတ်ရှိသော ရွာတစ်ရွာမှ ဒါယကာတစ်ဦး၏ ပင့်လျှောက်ချက်ကို လက်ခံထားခဲ့ပါလျက် အချိန်မီ မသွားနိုင်ကြတော့ချေ။ ထိုအကြောင်းကို ကြားသိတော်မူသောအခါ ဘုရားရှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

[အရှင်တိဿအတွက် အခြားရဟန်းများ လာဘ်လွှဲရခြင်းနှင့် ဇတ်ဆက်၍ ဟောကြားထားသော ဝရုဏဇာတ်ကို ကောက်နုတ်ပါ၏၊ ဝရုဏဇာတ်၌ ရှုပါ]

ဒေသနာတော်

၂၈၁။ ဝစီဒုစရိုက်ကို ရှောင်ကြဉ်ခြင်းဖြင့် နှုတ်ကို စောင့်ရှောက်ရာ၏။ စိတ်ဖြင့် မနောဒုစရိုက်ကို ကောင်းစွာ စောင့်စည်းရာ၏။ ကိုယ်ဖြင့်လည်း အကုသိုလ်ကို မပြုရာ။ ထိုကမ္မပထ တရားသုံးပါးတို့ကို သုတ်သင်ပြီးလျှင် ဘုရားရှင် ဟောကြားတော်မူသော မဂ်ကို ပြီးစေရာ၏။

## ဝက်ပြိတ္တာ

ဝေဠုဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အရှင်မဟာမောဂ္ဂလာန် မြင်ခဲ့ရသော ဝက်ပြိတ္တာကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

အရှင်မဟာမောဂ္ဂလာန်သည် အရှင်လက္ခဏနှင့်အတူ ဂိဇ္ဈကုဋ်တောင်မှ ဆင်းသက်လာစဉ် ဝက်ပြိတ္တာကို တွေ့မြင်ခဲ့ရ၏။ ထိုပြိတ္တာ၏ ကိုယ်ခန္ဓာသည် သုံးဂါဝုတ်မျှရှိ၏။ ကိုယ်ခန္ဓာမှာ လူနှင့်တူ၍ ခေါင်းကား ဝက်နှင့်တူ၏။ အမြီးသည် ခံတွင်းထဲမှပေါက်နေ၏။ ခံတွင်းမှပင် ပိုးလောက်များ တဖွားဖွားကျနေ၏။ မမြင်စဖူးထူးခြားလှသော ဝက်ပြိတ္တာကို တွေ့မြင်ရသဖြင့် အရှင်မဟာမောဂ္ဂလာန် ပြုံးလေရာ အရှင်လက္ခဏက ပြုံးရခြင်းအကြောင်းကို မေး၏။ ထိုနေရာတွင် မဖြေဘဲ ဘုရားရှင် ရှေ့တော်မှောက် ရောက်မှ ဖြေဆိုမည်။ ဘုရားရှင်က အရှင်မဟာမောဂ္ဂလာန်၏စကားကို ထောက်ခံတော်မူပြီးလျှင် ထိုဝက်ပြိတ္တာ၏ ရှေးက ပြုခဲ့သော အကုသိုလ်ကံကို ဟောကြားတော်မူလေသည်။

ကဿပ ဘုရားရှင်လက်ထက်တော်၌ မထေရ်နှစ်ပါးတို့သည် ရွာငယ်တစ်ခု၌ စိတ်သဘောညီညွတ်စွာနေထိုင်ခဲ့ကြ၏။ မထေရ်ကြီးသည် ဝါတော် ခြောက်ဆယ်ရ၍ မထေရ်ငယ်မှာ ငါးဆယ့်ကိုးဝါရ၏။ အထက်အောက် တစ်ဝါမျှသာ ကွာခြားသော်လည်း မထေရ်ငယ်သည် မထေရ်ကြီး၏ သပိတ်

ယက်န်းကို ယူဆောင်၍ သွားလာလှည့်လည်၏၊ သာမဏေ တစ်ပါးကဲ့သို့ ဝတ်ကြီး ဝတ်ငယ်အားလုံးကို ပြုစု၏။ သူတို့နှစ်ပါးသည် တအူထုံ့ ဆင်း ညီအစ်ကိုရင်းကဲ့သို့ ချစ်ခင်ကြကုန်၏၊ တစ်နေ့သောအခါ၌ကား အေးချမ်းသာယာလှသော ထိုကျောင်းကလေးသို့ ဓမ္မကထိက ရဟန်းတစ်ပါး ဆိုက်ရောက်လာလေသည်။

ကျောင်းနေ မထေရ်နှစ်ပါးတို့သည် မိမိတို့ ဆွမ်းခံရွာများသို့ ဓမ္မကထိက ရဟန်းကို ပင့်ခေါ်၍ ချီးမြှောက်ကြ၏၊ သို့ရာတွင် ဓမ္မကထိက ရဟန်းကား ကျေးဇူးသိတတ်သူမဟုတ်ချေ၊ ကျောင်းနေ မထေရ်ကြီးများ ထွက်ပြေးအောင်ပြုလုပ်ပါက ဤကျောင်း၌ မိမိတစ်ပါးတည်းသာ နေခွင့် ရရန် ကြံစည်လျက်ရှိ၏၊ ကျောင်းနေ မထေရ်ကြီးနှစ်ပါးအား စိတ် စနိုး စနောင့်ဖြစ်အောင် အချိန်ယူ၍ ပြောကြားပြီးလျှင် မထေရ်ကြီးထံ ချဉ်း ရောက်၍ "အရှင်ဘုရား၊ မထေရ်ငယ်က တပည့်တော်ရောက်လာသည့် နေ့ က ဤသို့ ပြောခဲ့ပါသည်၊ 'သူ့ဟာ်တော့ကောင်း၊ သင်သည် အမျိုးသားကောင်း တစ်ဦးဖြစ်၏၊ ဤမထေရ်ကြီးကို လဇ္ဇီပေသလ ပုဂ္ဂိုလ်ကြီးဟူ၍ အစ်ထစ် ချမယုံမှတ်သင့်ပေ၊ မထေရ်ကြီးနှင့် ဆက်ဆံသောအခါ စူးစမ်းဆင်ခြင်၍ ပြုလော့'' ဟု ကုန်းတိုက်စကားဆို၏၊ မထေရ်ငယ်ထံ ရောက်သော အခါ၌ လည်း မထေရ်ကြီးက ဤသို့ ဆိုကြောင်းလုပ်ကြံပြောဆိုပြန်လေသည်။

နှစ်ပေါင်း မြောက်မြားစွာ အတူတကွ နေထိုင် လာခဲ့ကြသော မထေရ်နှစ်ပါးတို့သည် ထိုစကားတစ်ခွန်းတည်းနှင့်ပင် မီးမဖုတ်ရသေး သော မြေအိုးကဲ့သို့ ပြွန်းပြွန်းကွဲကုန်၏၊ အတူတကွ ဆွမ်းခံဝင်လာခဲ့ သော မထေရ်နှစ်ပါးသည် ထိုနေ့တွင်မူ သီးခြားစီ ဆွမ်းခံဝင်ကြ၏၊ ဆွမ်း စားဇရပ်သို့ ရှေးဦးစွာ ရောက်နှင့်နေသော မထေရ်ငယ်သည် မိမိစိတ်ကိုနှိုးဆော်၍ စောင့်ကြိုနေပြီးလျှင် နောက်မှ ရောက်လာသော မထေရ်ကြီး၏ သပိတ် သက်နီးကို ဆီးယူရန်ကမ်းလှမ်း၏၊ မထေရ်ကြီးက "ဆုံးမခက်သော ရဟန်း၊ ဆင်သွားလေလော့၊ သင်သည် ငါ၏ သပိတ်ကို မယူထိုက်ချေတကား" ဟု ဆိုကာ လက်ဖြောက်တီး၏၊ မထေရ်ငယ်ကလည်း "ကြော်၊ ကောင်းလေ စွ၊ တပည့်တော်သည်လည်း အရှင်ဘုရား၏ သပိတ်သက်နီးကို မယူတော့ ရန် ကြံစည်ပြီးပါပြီ" ဟု လျှောက်၏၊ ထို့နောက် မထေရ်နှစ်ပါး တို့သည် အေးချမ်းသာယာလှသော တောကျောင်းကလေးကိုစွန့်ပစ်ကာ တစ်လမ်းစီ ထွက်ခွာသွားကြလေတော့သည်။

စတုတ္ထအကြိမ်

ဓမ္မဒါထိက ရဟန်းသည် ထိုတောကျောင်းတစ်လေးမှစ၍ ကျောင်းထိုင် ပုဂ္ဂိုလ်ပြုလုပ်၍ နေထိုင်၏။ မထေရ် နှစ်ပါးသည်ကား တစ်ရွာမှ တစ်ရွာသို့ တစ်ကျောင်းမှ တစ်ကျောင်းသို့ ပြောင်းရွှေ့သွားလာ၍နေကြ၏။ ဘယ်နေရာမှာ ရောက်သော်လည်း မထေရ်နှစ်ပါးလုံးမှာ စိတ်ချမ်းသာမှုကို မရနိုင်ကြပေ။ တစ်ပါးကတစ်ပါးကို ပြောဆိုသည်ဟု ကြားရသော စကားကိုသာ တစိမ့်စိမ့်တွေး၍ စိတ်နာကျည်းနေကြရ၏။ ဤသို့ဖြင့် နှစ်အစ်ရာခန့် ကျော်လွန် သွားသောအခါ ထိုမထေရ် နှစ်ပါးတို့သည် ကျောင်းခန်းတစ်ခုမှာ ဆုံမိကြ၏။ ငယ်သည် မထေရ်ကြီးကို မှတ်မိသဖြင့် မျက်ရည်စက်လက်ကျကာ "အရှင်ဘုရား၊ အပည့်တော်သည် နှစ်ပေါင်းမြောက်မြားစွာ အရှင်ဘုရား၏ အပိတ်ဆက်နှံကို ယူ၍ သွားလာလှည့်လည်ခဲ့၏။ ထိုကာလအတွင်း၌ တပည့်တော်၏ မလျောက်ပတ်သောကံကြောင့် မိမိတို့ကို တွေ့မြင် ခဲ့ရပါသလော"ဟု လျှောက်ထား၏။ မထေရ်ကြီးက "ငါရှင်၊ မတွေ့ခဲ့ရပါ"ဟု ဖြေဆို၏။ ဤတွင် မထေရ်ငယ်က ဆက်လက်၍ "အရှင်ဘုရား၊ ထိုသို့ဖြစ်ပါလျက် ဓမ္မဒါထိက ရဟန်းအား အဘယ်ကြောင့် ပြောဆိုခဲ့ရပါသနည်း"ဟု မေးလျှောက်၏။ မထေရ်ကြီးက "ငါမပြောဆိုရပါ။ ငါ့ကိုလည်းသူက ဤသို့ပင် ဆင်ကမပြောကြောင်း ပြောဆိုဖူးပါသည်"ဟု ပြန်လည်မိန့်ကြား၏။ ဤတွင်မှ မထေရ်နှစ်ပါးတို့ ပြန်လည်သင့်မြတ်သွားကာ မိမိတို့တောကျောင်းသို့ ပြန်ပြီးလျှင် ဓမ္မဒါထိက ရဟန်းကို နှင်ထုတ်လိုက်ကြလေသည်။ ဓမ္မဒါထိက ရဟန်းသည် အနှစ်နှစ်သောင်းကာလပတ်လုံး တရားအားထုတ် ခဲ့ပါသော်လည်း ထိုဘဝမှ သေဆုံးသောအခါ ထိုမကောင်းမှုကံကြောင့် မဟာအဝီစိငရဲ၌ ကျရောက်ရ၏။ ဘုရားနှစ်ဆူတို့ ကြားကာလ တစ်ခုလုံး မဟာအဝီစိငရဲ၌ ကျခံရကာ ယခုအခါ ဂင်္ဂါကျ၌ ငါးတောင်၌ ဝက်ပြိတ္တာဖြစ်နေရ၏။ ဘုရားရှင်သည် ထိုဝက်ပြိတ္တာ၏မကောင်းမှုကံကို ဟောကြားတော်မူပြီးလျှင် စည်းဝေးနေကြသော ရဟန်းတို့အား တရားစကား ဟောကြားတော်မူလိုသဖြင့် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၂၈၂။ ကမ္မဋ္ဌာန်းတရား ပွားများ အားထုတ်ခြင်းကြောင့် ပညာဖြစ်ပေါ်လာ၏။ ပွားများအားထုတ်ခြင်းမပြုသောကြောင့် ပညာကုန်ခမ်း၏။ ပညာဖြစ်ပေါ်ခြင်း၊ ပညာဆုတ်ယုတ်ခြင်း၏ ဤလမ်းကြောင်း

နှစ်သွယ်ကိုသိ၍ စည်းတိုးပွားသောလမ်းကြောင်းဖြင့် မိမိကိုယ်ကို သိမ်းသွင်းရာ၏။

## အရှင်ပေါဋ္ဌိလ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် စာချဆရာ အကျော်အမော်ဖြစ်သော အရှင်ပေါဋ္ဌိလကို အကြောင်းပြု၍ ဤဒေသနာ တော်ကို ဟောကြားတော်မူလေသည်။

အရှင်ပေါဋ္ဌိလသည်ကား ဝိပဿီ စသော ဘုရား ခုနစ်ဆူလုံး၏ လက်ထက်တော်များတွင် ပိဋကတ်သုံးပုံဆောင်ဖြစ်ခဲ့၏။ ရဟန်း ငါးရာစီ ရှိသော ဂိုဏ်းကြီး ဆယ့်ရှစ်ဂိုဏ်းကို စာပို့ချနေ၏။ ဤသို့ ပရိယတ္တိ သာ သနာတော်ကို ကြိုးကြိုးစားစား ပြုစုနေပါသော်လည်း ဝဋ္ဋဆင်းရဲမှ ထွက်မြောက်ကြောင်းဖြစ်သော ပဋိပတ်လုပ်ငန်းခွင်ကိုကား မကူးခဲ့ပေ။ သို့ဖြစ်၍ အရှင်ပေါဋ္ဌိလ သတိသံဝေဂရလာစေရန် ဘုရားရှင်က သူရောက် လာသောအခါ "အချည်းနှီးသော ပေါဋ္ဌိလ၊ လာလော့"ဟု ခေါ်တော် မူ၏။ ရှိခိုးရာ၊ ထိုင်ရာ၊ သွားရာတို့၌လည်း ဤသို့ပင် ခေါ်တော်မူ၏။ အရှင်ပေါဋ္ဌိလကလည်း မိမိ၌ ချွန်းစသော တရားထူးများ မရရှိ၍ ဤသို့ ခေါ်တော်မူသည်ဟု သိရှိကာ သတိသံဝေဂရရှိလာ၏။ တောသို့ ဝင်၍ တရားအားထုတ်ရန် မိမိအပိတ်သက်နံးများကို မိမိဘာသာ ဖန်တီးကာ နံနက်စောစောကျောင်းမှထွက်လာ၏။ မိမိထံမှ တရားစာပေ သင်ယူ၍ ပြန်သွားသော နောက်ဆုံးရဟန်းနှင့်အတူ မထင်မရှား လိုက်ပါလာ၏။ ကျောင်းပရဝုဏ်၌ ထိုင်၍ သင်ယူလာခဲ့သော တရားစာပေကို ရွတ်ဖတ်နေ ကြသော ရဟန်းတို့ကလည်း မိမိတို့၏စာချဆရာကိုအမှတ်မထားမိကြပေ။ သို့ဖြစ်၍ အရှင်ပေါဋ္ဌိလသည် ယူဇနာ တစ်ရာ့နှစ်ဆယ် ကွာဝေးသော တောရကျောင်း၊ တစ်ကျောင်းသို့ ဆိုက်ရောက်လာလေသည်။

အရှင်ပေါဋ္ဌိလသည် ထိုကျောင်းရှိ ရဟန္တာ သုံးကျိပ်တို့ထံ ဝင်၍ ကမ္မဋ္ဌာန်းတောင်း၏။ အကြီးဆုံးသော မထေရ်သည် အရှင် ပေါဋ္ဌိလ၏ တရားစာပေပို့ချမှုကို အမှီပြု၍ မာန်မာနရှိနေသည်ကို သိရှိသဖြင့် ထိုမာန မာနကို ပယ်ချနိုင်စေရန် ဒုတိယမထေရ်ထံ လွှဲအပ်ဆိုက်၏။ ဒုတိယမထေရ် ကြီးကလည်း ထို့အတူပင် တတိယမထေရ်ထံ လွှဲပြန်၏။ ဤသို့ အဆင့်ဆင့် လွှဲအပ်လာကြရာ နောက်ဆုံး ခုနစ်အရွယ် သာမဏေလေးထံ ရောက်ရှိ လာလေသည်။

မာန်မာနကို ပယ်ထားပြီးသော အရှင်ပေါဋ္ဌိလသည် သာမဏေ

တလေးကိုလည်း ရိုသေစွာ ကမ္ဗဒ္ဓာန်းတော်ခင်း၏။ သာမဏေကလေးသည် အရှင်ပေါဋ္ဌိလ ဝတ်ရှုံလာသော အဖိုးတန် နှစ်ထပ်သင်္ကန်းကြီးကို သတိပြုမိ ကာ ထိုအရှင်၏ အဆုံးအခကို ခံယူလိုစိတ်ရှိမရှိကို စူးစမ်းလိုသဖြင့် "အရှင် ဘုရား၊ ဝတ်ရုံမြဲအတိုင်းထား၍ ရေကန်သို့ ဆင်းတော်မူပါဘုရား" ဟု လျှောက်ထား၏။ သာမဏေကလေး၏စကားတစ်ခွန်းတည်းနှင့်ပင် အရှင် ပေါဋ္ဌိလသည် ရေကန်သို့ ဆင်း၏။ သင်္ကန်းအစွန်းရေထိသောအခါ "အရှင် ဘုရား၊ ပြန်ကြွ တော်မူပါ" ဟု သာမဏေလေးလျှောက်၏။ ဤတွင် သာမ ဏေကလေးက "အရှင်ဘုရား၊ တောင်ပို့ တစ်လုံး၌ ကယ်ပေါက် ခြောက် ပေါက်ရှိ၏၊ ထိုကယ်ပေါက်ခြောက်ပေါက်တို့တွင် တစ်ပေါက်မြင့် ဖွတ်သည် အတွင်းသို့ ဝင်သွား၏။ ဤဖွတ်ကို ဖမ်းယူလိုသူသည် ကျန်သောအပေါက် များကို ပိတ်ပြီးလျှင် ဝင်သွားသောခြောက်ခုမြောက် အပေါက်ကို ဖျက် ခွဲကာ ဖမ်းယူနိုင်ပါ၏၊ ဤအတူပင် အရှင်ဘုရားတို့သည် ဒွါရခြောက်ပါး တို့တွင် စကျုံ့သော ဒွါရ ငါးပေါက်ကို ပိတ်ကာ မနောဒွါရ၌ ဆင်ခြင် သုံးသပ်တော်မူကြပါဘုရား" ဟု လျှောက်ထားလေသည်။

အရေးစာပေ အကြားအမြင် များပြီးသော အရှင်ပေါဋ္ဌိလသည် ဤမျှသော တရားဒေသနာဖြင့်ပင် အသိဉာဏ် ပွင့်လင်းလာတော့ မိမိကိုယ် စန္ဓာအတွင်း ဉာဏ်ကို သွင်း၍ ကမ္မဋ္ဌာန်းတရားပွားများ၏။ ဤတွင် ဘုရား ရှင်သည် ဂန္ဓကုဋိတိုက်အတွင်းမှ အရှင်ပေါဋ္ဌိလထံ ရောင်ခြည်တော်များ လွှတ်ကာ အထက်ပါဒေသနာတော်ကို ဟောကြားလေသတည်း။

ဒေသနာတော်အဆုံး၌ အရှင်ပေါဋ္ဌိလသည်သောတာပန်ဖြစ်လေ၏။

ဒေသနာတော်

၂၈၃။ ရဟန်းတို့၊ တဏှာတည်းဟူသော တောကို ခုတ်ဖြတ်ကြကုန်လော့။ ပကတိ သစ်ပင်ကို မခုတ်ဖြတ်ကြကုန်လင့်။ တဏှာဟူသော တော ကြောင့် ဇာတိဟူသော ဘေးဖြစ်၏။ တဏှာဟူသော တောကြီး တောငယ်ကို ခုတ်ဖြတ်၍ တဏှာတောမှ ထွက်မြောက် ကြကုန် လော့။

၂၈၄။ နို့မခွာသေးသော နွားငယ်သည် အမိနွားမသို့ ကပ်နေဘိသကဲ့သို့ ယောကျ်ားအား မိန်းမတို့၌ အနည်းငယ်မျှသော ကိလေသာတော မပြတ်သေးသမျှ ထိုယောကျ်ားသည် ကပ်ငြိသောစိတ် ရှိသည် ဖြစ်၍သာလျှင် သံသရာသို့ ကပ်ရောက်ရ၏။

စတုတ္ထအကြိမ်

## ရဟန်းအိုကြီးငါးပါး

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဆွမ်းအမ သေဆုံး၍ ငိုကြွေးနေသော ရဟန်းအိုကြီးငါးပါးကိုအကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

လူ့ဘဝတုန်းက မိတ်ဆွေဖြစ်ခဲ့ကြသော ရဟန်းအိုကြီး ငါးပါးတို့သည် ပရိယတ်စာပေများမသင်ကြားနိုင်တော့သဖြင့် ကျောင်းတိုက် အစွန်တွင် သစ်ရွက်မိုးကျောင်းဆောက်ကာ အတူတကွနေထိုင်ကြ၏။ သူတို့သည် သူကြွယ်ဘဝမှ ရဟန်းပြုလာသူများဖြစ်၍ မိမိတို့စိတ်တိုင်းကျ စားသောက်ကြရန် မိမိမယားဟောင်းများ အိမ်သို့သာ သွား၍ ဆွမ်းစားကြကုန်၏။ ရဟန်းအိုကြီးတစ်ပါး၏ မယားဟောင်းသည် စားကောင်းသောက်ဖွယ်ကို ချက်ပြုတ်တတ်သဖြင့် မဓုရပါစိကာ အမည်တွင်၏။ ရဟန်းအိုကြီး ငါးပါးလုံးအတွက် ကောင်းနိုးရာရာချက်ပြုတ်ကျွေး၏။ တစ်နေ့သော အခါတွင် မဓုရပါစိကာသည် ရောဂါတစ်ခုဖြင့် သေဆုံးသွားလေရာ ရဟန်းအိုကြီး ငါးပါးတို့သည် သစ်ရွက်မိုး ကျောင်းကလေးပေါ်တွင် အချင်းချင်း လည်ပင်းဖက်၍ ငိုကြွေးကြကုန်၏။ ထိုအကြောင်းကို ဘုရားရှင်ကြားသိတော်မူ၍ ထိုရဟန်းကြီး ငါးပါးကို ခေါ်တော်မူပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ဒေသနာတော်အဆုံး၌ ရဟန်းအိုကြီးငါးပါးတို့သည် သောတာပန် ဖြစ်ကြလေ၏။

[ထိုရဟန်းအိုကြီး ငါးပါးတို့၏ ဤအဖြစ်နှင့် ပတ်သက်၍ စော ကြားဘူးသော အမှတ်စဉ် ၁၄၆၊ ကာကဇာတ်ကို တေကနိပါတ်မှာ ရှုပါ။]

### ဒေသနာတော်

၂၈၅။ တန်ဆောင်မုန်းလ သရဒရာသီ၌ ပွင့်သော ကုမုဒြာကြာကို လက်ဖြင့် ဖြတ်သကဲ့သို့ မိမိ၏ချစ်ခြင်းကို ဖြတ်လေလော့။ မြတ်စွာဘုရားသည် နိဗ္ဗာန်ကို ဟောကြားတော်မူအပ်၏။ နိဗ္ဗာန်ရောက်ကြောင်း မဂ်ကိုသာလျှင် ပွားများလေလော့။

[illegible]

# ရွှေပန်းထိမ်သည်၏သား ရဟန်း

၁၀၈။ ဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အသုဘ ကမ္မဋ္ဌာန်းဖြင့် တရားမရနိုင်သော ရွှေပန်းထိမ်သည်၏သား ရဟန်းကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော် မူလေသည်။

အသင်းလှပသော ရွှေပန်းထိမ်သည်၏သားတစ်ယောက်သည် အရှင် သာရိပုတ္တရာထံတွင် ရဟန်းပြု၏။ ငယ်ရွယ်နုပျိုသူတို့အား ရာဂပွားတတ် သဖြင့် အရှင်သာရိပုတ္တရာသည် ထိုရဟန်းအား ရာဂကိုပယ်နိုင်ရန် အသုဘ ကမ္မဋ္ဌာန်းကိုပေး၏။ ရဟန်းသည် စောသို့ဝင်စား သုံးလတိုင်တိုင်ကမ္မဋ္ဌာန်း ပွားများသော်လည်း တရားထူးကို မရနိုင်ချေ။ သို့ဖြစ်၍ မိမိဆရာထံပြန်၍ လျှောက်ထားသောအခါ ကမ္မဋ္ဌာန်းမပြည့်စုံသေးဟုဆိုကာ ထိုကမ္မဋ္ဌာန်း ကိုပင် ထပ်၍ပေးလိုက်၏။ ဤသို့ သုံးကြိမ်တိုင်တိုင် ထပ်၍ပေးသော်လည်း ရဟန်းကား တရားထူးမရနိုင်ပေ။ သို့ဖြစ်၍ ရဟန်းသည် ဘုရားကိုယ်တော် တိုင် ချတော်မူကာမှ ကျွတ်တမ်းဝင်နိုင်သော ဗုဒ္ဓဝေနေယျ ဖြစ်မည်ဟု တွက်ဆကာ အရှင်သာရိပုတ္တရာသည် ထိုရဟန်းကိုဘုရားရှင်ထံ ခေါ်သွား၍ ဤအကြောင်းကို လျှောက်ထားလေသည်။

ဘုရားရှင်သည် သတ္တဝါဝေနေယျတို့၏ အတွင်းစိတ်ဓာတ်ကို သိ နိုင်သော အာသယာနုသယ ဉာဏ်တော်ဖြင့် ကြည့်တော်မူသောအခါ ထိုရဟန်း၏ အတွင်းစိတ်ဓာတ်သည် အသုဘကမ္မဋ္ဌာန်းနှင့် မသင့်လျော်ပုံကို သိမြင်တော်မူ၏။ ထိုမှ ဆက်လက်စူးစမ်းတော်မူသောအခါ ထိုရဟန်းသည် ဘဝငါးရာတို့တိုင်တိုင် ရွှေပန်းထိမ်သည်ဖြစ်ကာ နီမြန်းသော ရွှေကိုသာ အစဉ်သဖြင့် တပြောင်းပြန်ပြန်ခတ်ခဲ့ရ၏။ ထို့ကြောင့် တန်ခိုးတော်ဖြင့် လှည်းဘီးမျှရှိသော ပဒုမ္မာကြာပန်းကို ဖန်ဆင်း၍ ပေးတော်မူပြီးလျှင် အရွက်နှင့် အရိုးတို့မှ ရေပေါက်များ ယိုထွက်ကုန်သကဲ့သို့ ပြုတော်မူ၍ ရဟန်းထံပေးတော်မူ၏။ ဤကြာပန်းကို ကျောင်းအစွန် သဲပုံ၌ထား၍ ကြည့်ရှုကာ 'အနီအနီ' ဟု ပွားများရန်ညွှန်ကြားတော်မူ၏။ ထိုရဟန်းသည် ထိုကြာပန်းအနီးတွင် ထိုင်၍ ထိုကြာပန်းကို ကြည့်ရှုကာ 'အနီအနီ' ဟု ပွား များလေရာ ထိုတစ်ခဏမှာပင် ဈာန်အဆင့်ဆင့်ကို ရလေသည်။

ရဟန်းသည် ရရှိလာသော ဈာန်တို့သို့ဝင်စား၍ နေစဉ်တွင် ဘုရား ရှင်သည် ပဒုမ္မာကြာပန်းကြီးညှိုးနွမ်းသွားအောင် တန်ခိုးတော်ဖြင့်ပြုတော် မူ၏။ ရဟန်းသည် ဈာန်မှထသောအခါ ညှိုးနွမ်းနေသော ပဒုမ္မာကြာပန်း

ကြီးကို မြင်သဖြင့် ‘သက်မဲ့ဖြစ်သော ပဒုမ္မာကြာပန်းကြီးသည်ပင် ရှင့်ရော်ညှိုးနွမ်းရသေး၏၊ သက်ရှိဖြစ်သော ကိုယ်ခန္ဓာမှာကား အဘယ်ဆိုဖွယ်ရာရှိမည်နည်း၊ ဤခန္ဓာကိုယ်လည်း အိုမင်းရင့်ရော်ခြင်းသည် နှိပ်စက်မည်သာတည်း’’ဟု အနိစ္စလက္ခဏာကိုရှုမြင်၏၊ ထိုမှတစ်ဆင့် ဒုက္ခလက္ခဏာနှင့် အနတ္တလက္ခဏာတို့ကိုပါ ရှုမြင်လာ၏။ ထိုရဟန်းသည် ဘုံသုံးပါး၏ အပြစ်များကို သိမြင်လာ၏၊ ထိုခဏမှာပင် ရဟန်းနှင့် မနီးမဝေးရှိ အိုင်ထဲမှ ကုမုဒြာကြာများကို သူငယ်တို့က ချိုးယူ၍ ကုန်းပေါ်၌ ပုံထားကြရာ ကြာတို့မှာ အဖျားမှစ ညှိုးနွမ်းကြကုန်၏၊ ထိုကြာတို့ကို မြင်၍လည်း ရဟန်းသည် လက္ခဏာသုံးပါးကို ရှုမြင်ရ၏။ ထိုအချိန်တွင် ဘုရားရှင်သည် ဂန္ဓကုဋိတိုက်တော်မှနေ၍ ထိုရဟန်းထံသို့ ရောင်ခြည်တော်များ လွှတ်တော်မူပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော် မူလေသတည်း။

ဒေသနာတော်အဆုံး၌ ထိုရဟန်းသည် ရဟန္တာဖြစ်လေ၏။

ဒေသနာတော်

၂၈၆။ ဤအရပ်၌ မိုးအခါပတ်လုံး ငါနေအံ့ဟု၊ ဤအရပ်၌ ဆောင်းအခါ၊ နွေအခါတို့ပတ်လုံး ငါနေအံ့ဟု လူမိုက်သည် အမျိုးမျိုး အဖုံဖုံ ကြံစည်၏။ မိမိ၏ အသက်အန္တရာယ်ကိုကား မသိချေ။

## မဟာဓနကုန်သည်

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် သာဝတ္ထိမြို့တော်မှာပင် တစ်နှစ်တာလုံးနေမည်ဟု စိတ်ကူးနေသော မဟာဓန ကုန်သည်ကိုအကြောင်းပြု၍ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

မဟာဓနကုန်သည်သည် ဗာရာဏသီမြို့မှ ဝတ်ပုဆိုး အထည်တို့ကို လှည်းငါးရာ အပြည့်တင်လာ၍ သာဝတ္ထိမြို့တော်သို့ ရောက်လာ၏။ သာဝတ္ထိမြို့တော်တွင် ကုန်များရောင်းချ၍ မြစ်ကိုကူးမည်ဟု မြစ်ကမ်းနား၌ လှည်းများဖြုတ်၍ ညအိပ်ရပ်နားစဉ် မိုးကြီးသည်းထန်စွာ ရွာသွန်းသဖြင့် ခုနစ်ရက်တိုင်တိုင်မြစ်မှာရေကြီးနေ၏၊ မြို့သူမြို့သားတို့သည် ခုနစ်ရက်တိုင်တိုင် နက္ခတ်သဘင်ကဲစားနေကြ၍ ရောင်းဝယ်ရေးကိစ္စများ မပြီးပြတ်ပေ။ ဤတွင် မဟာဓနကုန်သည်သည် ‘ငါသည် ခရီးဝေးမှ လာခဲ့ရ၏။ တစ်ဖန် ပြန်လာရလျှင် အချိန်ကြာနေလိမ့်မည်။ ဤမြို့၌သာလျှင် တစ်နှစ်ပတ်လုံးနေ၍ ကုန်ရောင်းအံ့’ဟု ကြံစည်နေလေသည်။

ဘုရားရှင်သည် သာဝတ္ထိမြို့တော်၌ သီတင်းသုံးတော်မူစဉ် ထိုကုန်သည်၏ စိတ်အကြံကို သိ၍ ပြုံးတော်မူ၏။ ပြုံးရခြင်း အကြောင်းကို အရှင်အာနန္ဒာက မေးလျှောက်သောအခါ "အာနန္ဒာ၊ မဟာဓနကုန်သည် မိမိ၏အသက်အန္တရာယ်ကို မသိဘဲ ဤမြို့၌သာလျှင်တစ်နှစ်တာလုံးနေထိုင်၍ ကုန်ရောင်းရန် ကြံစည်နေ၏။ ထိုကုန်သည်သည် ခုနစ်ရက်ကြာလျှင် သေမင်းခံတွင်းသို့ သက်ဆင်းရလတ္တံ့"ဟု မိန့်ကြားတော်မူ၏။ အရှင်အာနန္ဒာသည် ဤအကြောင်းကို မဟာဓနကုန်သည်အား သွား၍ ပြောလေရာ မဟာဓနကုန်သည်သည် ကြောက်ရွံ့လှသဖြင့် ဘုရားရှင်နှင့်တကွ သံဃာတော်များအား ခုနစ်ရက်တိုင်တိုင်ပင့်၍ အလှူကြီးပေး၏။ ထိုအလှူတော်တွင် အနုမောဒနာပြုသောအခါ၌ ဘုရားရှင်က အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ မဟာဓနကုန်သည်သည် သောတာပန် ဖြစ်လေ၏။ ထို့နောက် 'ခေါင်းခဲသကဲ့သို့ ဖြစ်သည်'ဟု ပြောဆို၍ အိပ်နေစဉ်မှာပင် သေဆုံးကာ တုသိတာဘုံ၌ ဖြစ်လေ၏။

ဒေသနာတော်

၂၈၇။ သားသမီး၊ ကျွဲနွားတို့ဖြင့် ယစ်မူးမေ့လျော့လျက်၊ မရသေးသော ကာမဂုဏ်တို့ကို တောင့်တ၍၊ ရပြီးသော ကာမဂုဏ်တို့ကို တွယ်တာငြိကပ်နေသောသူကို ကြီးစွာသော ရေအလျဉ်သည် အိပ်ပျော်နေသော ရွာကို လွှမ်းမိုးတိုက်ယူသွားသကဲ့သို့ သေမင်းသည် ဆောင်ယူသွား၏။

# ကိသာဂေါတမီ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် သားသေကို ဆေးကုရန်လျှောက်ထားလာသော ကိသာဂေါတမီကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူသည်။

ကိသာဂေါတမီသည် သားသေကို ဆေးကုရန် လူမသေဖူးသော အိမ်မှမုန်ညင်းစေ့ကို ရှာမရသဖြင့်ကျောင်းတော်သို့ပြန်လာရာတွင်ဘုရားရှင်ကို အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

စတုတ္ထအကြိမ်

ဒေသနာတော်အဆုံး၌ ကိသာဂေါတမီသည် သောတာပန် ဖြစ်လေ၏။

[ကိသာဂေါတမီ ဝတ္ထု၊ အပြည့်အစုံကို သဟဿဝဂ်၊ အရှင်မကိသာဂေါတမီဝတ္ထုမှာ ရှုပါ။]

**ဒေသနာတော်**

၂၈၈။ သေမင်းနှိပ်စက်ခံရသော သူအား သေဘေးမှ ကယ်ဆယ် စောင့်ရှောက်နိုင်မည့် သားသမီးတို့ မရှိကုန်။ အမိအဖတို့ မရှိကုန်။ အဆွေခင်ပွန်းတို့သည်း မရှိကုန်။ ဆွေမျိုးတို့တွင် စောင့်ရှောက်နိုင်မည့်သူ မရှိချေ။

၂၈၉။ ပညာရှိသည် ဤအကြောင်းကို သိ၍ သီလကို စောင့်စည်းကာ နိဗ္ဗာန်ရောက်ကြောင်း ဖြစ်သော မဂ်ကို လျင်မြန်စွာသာ လျင် သုတ်သင်ရာ၏။

## ပဋာစာရာ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် လေးကဝံမျိုးစုံ တွေ့ကြုံရ၍ ရူးသွပ်ခဲ့ရသော ပဋာစာရာကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ရှေ့တော်မှောက် ရောက်လာသော ပဋာစာရာအား ဘုရားရှင်က တရားစကား မြွက်ကြားတော်မူသဖြင့် စိုးရိမ်ပူဆွေးမှုလျော့ပါးသွားသည့်နောင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ ပဋာစာရာသည် သောတာပန် ဖြစ်လေ၏။

[ပဋာစာရာ၏ ဝတ္ထု၊ အပြည့်အစုံကို သဟဿဝဂ်၊ အရှင်မ ပဋာစာရာ ဝတ္ထုမှာ ရှုပါ]

# ပကိဏ္ဏကဝင်

ဒေသနာတော်

၂၉၀။ အနည်းငယ်မျှသော ချမ်းသာကို စွန့်လွှတ်ခြင်းကြောင့် ကြီးကျယ်များပြားသော ချမ်းသာကို ရလတ္တံ့ဟု မြင်ခဲ့ပါမူ ကြီးကျယ်များပြားသော ချမ်းသာကို မြင်သော ပညာရှိသည် အနည်းငယ်မျှသော ချမ်းသာကို စွန့်လွှတ်ရာ၏။

## ကိုယ်တော်မြတ်၏ ရှေးကုသိုလ်ကံ

ဝေဠုဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ကြီးကျယ်များပြားစွာ အကျိုးပေးသော ကိုယ်တော်မြတ်၏ ရှေးကုသိုလ်ကံကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ကိုယ်တော်မြတ်၏ ရှေးကုသိုလ်ကံ အကျိုးပေးတော်မူသည့်ပုံကား ဝေသာလီမြို့တော်သို့ ကြွတော်မူရာတွင် သိသာထင်ရှားလှ၏။ ဝေသာလီမြို့တော်သည် လူဦးရေ များပြားလှ၏။ ခုနစ်ထောင် ခုနစ်ရာ ခုနစ်ယောက်သော လိစ္ဆဝီမင်းမျိုးတို့သည် အလှည့်ကျ မင်းပြုကြကုန်၏။ လိစ္ဆဝီမင်းမျိုး မဟုတ်သော လူများလည်း ထူထပ်စွာ နေထိုင်ကြ၏။ အခါတစ်ပါး၌ ဝေသာလီမြို့တော်ဝန်းကျင်၌ ကောက်ပဲသီးနှံတို့ ပျက်စီးကြလေရာ ထူထပ်စွာ နေထိုင်ကြသော သူဆင်းရဲတို့ ရှေးဦးစွာ သေဆုံးကြ၏။ သေဆုံးသူများပြားလှန်းသဖြင့် လူသေကောင်တို့ကို ဝေးဝေးလွှတ်လွှတ် မစွန့်ပစ်နိုင်ကြသဖြင့် မြို့တော်ဝန်းကျင်တွင် လူသေကောင်များ ပုံ့လွင့်ပုပ်ပွနေကြ၏။ သူသေကောင်များ၏ အပုပ်နံ့ကြောင့် ဘီလူးများ လာကြ၍ မြို့တွင်းသို့ ဝင်ကြ၏။ ဘီလူးများ သတ်ဖြတ်စားသောက်ကြသဖြင့်လည်း မြို့သူမြို့သားများ သေကြရပြန်၏။ လူသေကောင်များ၏ အနံ့ကြောင့် မသန့်

မရှင်းဖြတ်ရာမှ ကူးစက်ရောဂါဆိုးကြီး ကျရောက်လာသဖြင့်လည်း ထပ်မံ၍ သေကြရပြန်၏။ ဤသို့အားဖြင့် ဝေသာလီမြို့တော်ကြီးတွင် ကပ်ကြီးသုံးပါး ဆိုက်ရောက်နေလေသည်။

မင်းနှင့် တိုင်းသူပြည်သားတို့သည် ထိုကပ်ကြီးသုံးပါးမှ ကျော်လွှန်နိုင်ရေးအတွက် စည်းဝေးတိုင်ပင်ကြရာ ရာဇဂြိုဟ်မြို့တော် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေသော ဘုရားရှင်ကို ပင့်ကြရန် အများက သဘောတူ ဆုံးဖြတ်ကြ၏။ ထိုအစည်းအဝေးတွင် ဗိမ္ဗိသာရ မင်းကြီးနှင့်အတူ ဘုရားရှင်ထံ တရားနာရ၍ သောတာပန် ဖြစ်ခဲ့သော မဟာလိ မည်သော လိစ္ဆဝီမင်းလည်း ပါဝင်လေရာ ဘုရားရှင်ထံ သွား၍ ပင့်လျှောက်ရန် သူ့ကို တာဝန်ပေးကြ၏။ ဗိမ္ဗိသာရမင်းကြီးထံ ဆက်သရန် လက်ဆောင်ပဏ္ဏာများစွာနှင့်တကွ ပုရောဟိတ်ပုဏ္ဏားများကိုပါ ထည့်ပေးကြ၏။ မဟာလိသည် ဗိမ္ဗိသာရမင်းကြီးထံ ပထမဦးစွာဝင်၍ လက်ဆောင်ပဏ္ဏာများ ဆက်သပြီးလျှင် ဘုရားရှင်ထံ ဝင်ရောက်ရှိခိုး၍ ဝေသာလီမြို့တော်သို့ ကြွပါရန် ပင့်လျှောက်၏။ ဘုရားရှင်ကလည်း အကျိုးများမည့်အရေးကို မြင်တော်မူသဖြင့် ကြွချီရန် ဝန်ခံတော်မူလိုက်လေသည်။

ဤအကြောင်းကို ဗိမ္ဗိသာရမင်းကြီး ကြားသိသောအခါ "အရှင်ဘုရား၊ ဆိုင်းငံ့တော်မူပါ။ လမ်းပြင်ပါရစေဦး"ဟု လျှောက်ထား၏။ ရာဇဂြိုဟ်မြို့တော်မှ ဂင်္ဂါမြစ်အထိ ငါးယူဇနာရှည်သော ခရီးတစ်လျှောက်ကို ညီညာအောင် ပြုပြင်စေ၏။ တစ်ယူဇနာ တစ်ယူဇနာရှိတိုင်းမှာလည်း ကျောင်းတစ်ဆောင် တစ်ဆောင် ဆောက်လုပ်ထားစေ၏။ လမ်းတစ်လျှောက်တွင် သဲဖြူများခင်းထားစေ၍ အဆင်းငါးမျိုးရှိသော ပန်းများ ကြဲဖြန့် ပူဇော်ထားစေ၏။ တံခွန်ကုက္ကားများနှင့်တကွ ငှက်ပျောပင်များ စိုက်ထား၏။ ဘုရားရှင်သည် နောက်ပါ သံဃာတော်များနှင့်တကွ ထိုလမ်းမအတိုင်း ကြွချီတော်မူသောအခါ ဘုရားရှင်အတွက် ထီးဖြူနှစ်လက် ဆောင်းမိုးစေပြီးလျှင် ရဟန်းအစ်ပါး တစ်ပါးအတွက် ထီးဖြူတစ်လက်စီ ဆောင်းမိုးစေ၏။ ဗိမ္ဗိသာရမင်းကြီး ကိုယ်တိုင် အခြံအရံ မြောက်မြားစွာနှင့်တကွ ပန်းနံ့သာများ ကိုင်ဆောင် ပူဇော်ကာ လိုက်ပါ ပို့ဆောင်၏။ ကျောင်းတစ်ဆောင် တစ်ဆောင်သို့ ရောက်လေတိုင်း ထွမ်းစသော လှူဖွယ်ဝတ္ထုများ ဆက်ကပ်ပူဇော်၏။ ဤသို့ဖြင့် ဘုရားရှင်သည် ငါးယူဇနာခရီးကို ငါးရက်ကြွချီတော်မူကာ ဂင်္ဂါမြစ်ကမ်းပါးသို့ ဆိုက်ရောက်တော်မူလေသည်။

စတုတ္ထအကြိမ်

ဂင်္ဂါမြစ်ကို ဖြတ်ကူးနိုင်ရန် ဗိမ္ဗိသာရမင်းကြီးသည် လှေကြီးနှစ်စင်းကို တွဲစပ်ပြီးလျှင် ထိုအပေါ်၌ မဏ္ဍပ်ဆောက်လုပ်စေ၏။ ထိုမဏ္ဍပ်အလယ်တွင် နန်းဆင်များဖြင့် တန်ဆာဆင်ကာ ရတနာမျိုးစုံ တပ်ဆင်ထားသော ဘုရားနေရာတော်ကို ပြုလုပ်စေ၏။ ဤသို့ စမ်းနစ်းသိုက်မြိုက်စွာ ပြင်ဆင်ပြီးခါမှ ဘုရားရှင်နှင့်အတူ သံဃာတော်များအား လှေပေါ်သို့ ပင့်ဆောင်၏။ လှေကြီးများ ထွက်သွားသောအခါ လည်ပင်းထိနက်သော ရေထဲသို့ဆင်းကာ လိုက်ပါပို့ဆောင်ရင်း "အရှင်ဘုရား၊ အရှင်ဘုရား ပြန်ကြွတော်မူလာသည့်အထိ တပည့်တော် ဤနေရာမှ စောင့်ကြိုနေပါမည် ဘုရား"ဟု လျှောက်ထားလေသည်။

ဟိုဘက်ကမ်းမှ စောင့်ကြိုနေကြသော လိစ္ဆဝီမင်း၊ အပေါင်းတို့ကလည်း လည်ပင်းထိနက်သော ရေထဲသို့ဆင်းကာ ဘုရားရှင်ကို ကြိုဆိုကြ၏။ မြေပြင်ပေါ်သို့ ဘုရားရှင် ခြေတော်ချလိုက်မိသော အချိန်မှာပင် မိုးကြီးသည်းထန်စွာ ရွာချ၍ လူသေကောင်များ မျောပါသွားကြ၏။ သန့်ရှင်းစင်ကြယ်သော ခရီးတစ်လျှောက်တွင် လိစ္ဆဝီမင်းတို့သည် ဗိမ္ဗိသာရမင်းကြီးကဲ့သို့ပင် ပြုပြင်မွမ်းမံထားကာ ဘုရားရှင်နှင့်သံဃာတော်များကို ပင့်ဆောင်ကြ၏။ ဗိမ္ဗိသာရမင်းကြီး ပူဇော်သည်ထက် နှစ်ဆတက်၍ ပူဇော်ကြကုန်၏။ ဤသို့ဖြင့် သုံးယူဇနာရှိသောခရီးကို ဘုရားရှင်သည် သုံးရက်ဖြင့် ကြွချီတော်မူကာ ဝေသာလီမြို့တော်သို့ ဘုရားရှင် ရောက်တော်မူလျှင် သိကြားမင်းသည် နတ်အပေါင်း ခြံရံလျက် လာရောက်ပူဇော်၏။ ထို့ကြောင့် ဘီလူးအများအပြား ထွက်ပြေးသွားကြ၏။ ညနေချမ်းသို့ ရောက်ရောက်သောအခါ ဘုရားရှင်က အရှင်အာနန္ဒာအား ဝေသာလီမြို့တော်၏ တံတိုင်းသုံးထပ်အကြား၌ ရတနသုတ် အရံအတားကို ပြုလုပ်ရန် တာဝန်ပေးတော်မူ၏။ အရှင်အာနန္ဒာသည် ဘုရားရှင်၏ ကျောက်ညိုသပိတ်တော်တွင် ရေစင်ရေကောင်းများထည့်၍ ယူဆောင်ပြီးလျှင် လိစ္ဆဝီမင်းများ ခြံရံလျက် ဝေသာလီမြို့တော် တံခါးဝသို့ ကြွရောက်၏။ ဘုရားဆုကို တောင်းတော်မူသည်မှစ၍ ဘုရားရှင်၏ ဂုဏ်တော်များကို အောက်မေ့ပူဇော်ကာ ထိုနေရာမှစ၍ ရတနသုတ်ပရိတ်တော်ကို ရွတ်ဖတ်လေသည်။

ပရိတ်တော်ကို ရွတ်ဖတ်ရင်း အရှင်အာနန္ဒာ ဖျန်းပက်လိုက်သော ပရိတ်ရေတို့သည် ဘီလူးများ၏ ကိုယ်ပေါ်သို့ ကျရောက်ကုန်၏။ အမှိုက်ပုံများ၊ နံရံများတွင် ကပ်၍နေကြသေးသော ဘီလူးများသည် ပရိတ်ရေ ထိမှန်သောအခါ မနေနိုင်တော့ဘဲ လူထက်ငါ တံခါးဝမှ ထွက်ပြေးကြရ

၏။ တံခါးမဆံ့၍ ထွက်ခွင့်မသာသော ဘီလူးတို့သည် မြို့ရိုးကိုဖောက်၍ ပြေးကြရကုန်၏။ အချို့သော ပရိတ်ရေမျှားမှုမှ လူမမာများပေါ်သို့ ငွေပန်းဆိုင်းသဖွယ် ကျရောက်ကြလေရာ ထိုလူမမာတို့သည် ကျန်းမာ ပကတိ ချမ်းသာစွာရှိကြ၍ အရှင်အာနန္ဒာထံ ဝန်းရံလာကြလေသည်။

လူအပေါင်းတို့သည် မြို့လယ်ရှိ မင်းကွန်းကို နံ့သာရေများ ပက်ဖျန်း၍ အထက်မှလည်း ရွှေကြယ်များဖြင့် ဗိတာန်ကြက်ကြ၏။ ထို့နောက် ခင်းထားပြီးသောနေရာသို့ ဘုရားရှင်ကို ပင့်ဆောင်ကြ၏။ သိကြားမင်းသည် နတ်အပေါင်းခြံရံကာ ရပ်လျက်ပူဇော်နေ၏။ အရှင်အာနန္ဒာသည်လည်း ရောဂါပျောက်ကင်းလာသော လူမြောက်မြားစွာနှင့်အတူ လာရောက်ပူဇော်၏။ စည်ကားလှစွာသော ထိုပရိသတ်ကြီးအား ဘုရားရှင်က ရတနသုတ်ပရိတ်တော်ကို ခုနစ်ရက်တိုင်တိုင် ဟောကြားတော်မူလေရာ ရှစ်သောင်းလေးထောင်မျှသော ပရိသတ်များ ကျွတ်တမ်းဝင်ကြလေသည်။

ဝေသာလီမြို့တော်ကြီး၌ ကပ်သုံးပါးမှ လွတ်ကင်းသွားပြီဖြစ်၍ ဘုရားရှင်သည် လာလမ်းအတိုင်း ပြန်လည်တော်မူ၏။ လိစ္ဆဝီတို့ကလည်း အလာတုန်းကထက် နှစ်ဆတိုး၍ ပူဇော်ကာ လိုက်ပါပို့ဆောင်ကြ၏။ မြစ်ကမ်းပါးသို့ ရောက်သောအခါ ဂင်္ဂါမြစ်မှ နဂါးတို့သည် မြစ်ရေပြင်တစ်ခုလုံးကို ကြာငါးပါးဖြင့် ဖုံးလွှမ်းစေပြီးလျှင် မိမိတို့ ဖန်ဆင်းထားသော လှေများပေါ်သို့ တက်တော်မူရန် ဘုရားရှင်အား လျှောက်ထားကြ၏။ လူနှင့်နဂါးတို့က ပူဇော်ကြသဖြင့် ဘုမ္မစိုး နတ်များမှစ၍ အကနိဋ္ဌ ဗြဟ္မာ့ဘုံတိုင်အောင် နတ်ဗြဟ္မာ အပေါင်းတို့ကလည်း အစီးတက်သရေ ပူဇော်ကြ၏။ နဂါးပြည်မှစ၍ အကနိဋ္ဌဗြဟ္မာ့ဘုံတိုင်အောင် စကြဝဠာ အနားရေးနှင့်အပြည့် ထီးအဆင့်ဆင့် ဆောင်းမိုးကြကုန်၏။ ထီးတို့ အကြားအကြား၌ ပန်းဆိုင်း၊ ပန်းခိုင်၊ နံ့သာမှုန့်၊ နံ့သာခဲ တို့ဖြင့် ပူဇော်ကြလေသည်။

ဘုရားရှင်သည် နဂါးစသော ကုသိုလ်ရှင်အပေါင်းတို့၏ စိတ်ဆန္ဒကို သိတော်မူသဖြင့် လှေတစ်စင်း တစ်စင်း၌ ရဟန်းငါးရာနှင့်အတူ နိမ္မိတ ဘုရား တစ်ဆူ တစ်ဆူကို ဖန်ဆင်းတော်မူ၏။ နတ်အပေါင်းတို့သည် အာဝတ် တန်ဆာအပြည့်အစုံဆင်မြန်းကြ၍ ပွဲသဘင်ကြီးကျင်းပသကဲ့သို့ ကောင်းကင် တစ်ခုလုံး လှည့်လည်နေကြကုန်၏။ ကမ္ဘာသရက်ပင်ရင်း၌ ရေအစုံ မီးအစုံ

တန်ခိုးပြာဋိဟာ ပြတော်မူရာနှင့် နတ်ပြည်မှ ဆင်းသက်တော်မူရာတို့ဖြင့် ပြယွှာအားပေါင်းတို့ စည်းဝေးကြသကဲ့သို့ ဖြစ်လေသည်။

ဤသို့ စည်းဝေးဝင္ဂ တစ်ခုလုံး ပွဲသဘင်ကြီး ကျင်းပနေသကဲ့သို့ ဖြစ်နေသော အချိန်တွင် ဘုရားရှင်သည် နဂါးတို့၏ လှေကားစင်းထက်သို့ တက်ကြွတော်မူ၏။ နဂါးမင်းသည် ဘုရားရှင်နှင့်တကွ သံဃာတော်များကိုပါ နဂါးပြည်သို့ပင့်၍ တစ်ညလုံး တရားနာပြီးလျှင် နောက်တစ်နေ့ နံနက်၌ နတ်တို့၏ ခဲဖွယ်ဘောဇဉ်တို့ကို ဆက်ကပ်၏။ ဘုရားရှင်သည် နဂါးမင်းအား ဆွမ်းအနုမောဒနာတရား ဟောကြားပြီးလျှင် နဂါးပြည်မှ ပြန်ကြွတော်မူကာ လှေကားရှည်ဖြင့် တစ်ဖက်ကမ်းသို့ ကူးတော်မူ၏။ အသင့်စောင့်ကြိုနေသော ဗိမ္ဗိသာရမင်းကြီးကလည်း လိစ္ဆဝီမင်းတို့ထက် နှစ်ဆတိုး၍ ပူဇော်ကာ ဘုရားရှင်နှင့် သံဃာတော်များအား ဝေဠုဝန်ကျောင်းတော်သို့ ပင့်ဆောင်လေသည်။

ဝေဠုဝန် ကျောင်းတော်သို့ ရောက်ရှိ၍ ဒုတိယနေ့တွင် ရဟန်းတို့သည် ဘုရားရှင်အား အမျိုးမျိုးအဖုံဖုံ ပူဇော်ခြင်းတို့၏ အကြောင်းဖြစ်သော ကုသိုလ်ကံကို ဟောကြားတော်မူလေသည်။

ရှေးလွန်လေပြီးသော အခါတစ်ခု၌ ဘုရားရှင်သည် တက္ကသိုလ်မြို့၌ သင်္ခမည်သော ပုဏ္ဏားဖြစ်ခဲ့၏။ သင်္ခပုဏ္ဏား၏သားကား သုသိမမည်၏။ သုသိမ ဆယ့်ခြောက်နှစ်သားအရွယ်တွင် ပညာသင်လိုကြောင်း ဖခင်ထံ ပန်ကြားသဖြင့် ဖခင် သင်္ခပုဏ္ဏားက မိမိ၏မိတ်ဆွေဖြစ်သော ဗာရာဏသီမြို့မှ ပုဏ္ဏားတစ်ယောက်ထံ စေလွှတ်လိုက်၏။ သုသိမသည် ဆရာပုဏ္ဏားထံကြားသော ဗေဒင်သုံးပုံကို မကြာခင် တတ်မြောက်၏။ ဗေဒင်သုံးပုံကို ရွတ်ဖတ်သရဇ္ဈာယ်ခြင်း ဆင်ခြင်သုံးသပ်ရာ ထိုအတတ်ပညာ၏ အစနှင့် အလယ်ကိုသာမြင်၍ အဆုံးကို မမြင်ပေ။ သို့ဖြစ်၍ အကြောင်းကို ပြောကြားသောအခါ ဆရာပုဏ္ဏားက "ငါလည်းမမြင်ပေ" ဟု ဝန်ခံပြီးလျှင် "ဣသိပတနတောမှ ပစ္စေကဗုဒ္ဓါအရှင်မြတ်မူကား သိမြင်ကြပေလိမ့်မည်" ဟု လမ်းညွှန်လိုက်လေသည်။

သုသိမသည် ပစ္စေကဗုဒ္ဓါအရှင်မြတ်များထံ သွား၍ မေးလျှောက်သောအခါ အရှင်မြတ်များက ရဟန်းပြုမှ ပြောပြနိုင်မည်ဟု မိန့်ကြားကြသဖြင့် သုသိမသည် ရဟန်းပြု၏။ ပစ္စေကဗုဒ္ဓါအရှင်မြတ်များက ရဟန်းတို့၏ ကျင့်ဝတ်ချိုးစုံကို သင်ကြားပေးတော်မူကြ၏။ သုသိမသည် ပါရမီရှိပြီးသူဖြစ်၍ မကြာမီမှာပင် ကျင့်ဝတ်အားလုံးကို တတ်မြောက်၍ ကျင့်

သုံးလေရာ ထင်ရှားကျော်ကြားသော ပစ္စေကဗုဒ္ဓဝင်ဆူ ဖြစ်တော်မူ၏၊ သို့ရာတွင် သုသိမပစ္စေကဗုဒ္ဓါသည် သက်တော်မရှည်ဘဲ ကြာခင် ပရိနိဗ္ဗာန် ပြုသဖြင့် ဒါယကာ ဒါယိကာမများက သူ၏ ဓာတ်တော်များကို စေတီ တည်၍ ကိုးကွယ်ကြလေသည်။

သင်္ခပုဏ္ဏားကြီးသည် သားနှင့် အချိန်ကြာမြင့်စွာ ကွဲကွာနေခဲ့ရသဖြင့် သားနှင့်တွေ့ဆုံရန် ဗာရာဏသီမြို့သို့ လိုက်လာခဲ့၏။ စေတီ ပူဇော်နေကြသော လူအုပ်ကြီးဆီ ရောက်သောအခါ သားသုသိမအကြောင်းကို မေးမြန်း၏၊ ပူဇော်နေကြသူများက သုသိမပစ္စေကဗုဒ္ဓါ၏ အကြောင်းစုံကို ပြောပြလိုက်ကြသောအခါ သင်္ခပုဏ္ဏားကြီးသည် ဝမ်းနည်းကြက်လက် ငိုကြွေးကာ စေတီဝန်းကျင်မှ မြက်များကို နုတ်ပင်၏၊ ပုဆိုးဖြင့် သဲများကို ကျုံးလာပြီးလျှင် စေတီဝန်းကျင်၌ ကျဲဖြန့်၏၊ ရေကရားမှ ရေဖြင့် ဖျန်းပက်၏၊ တောပန်းတို့ဖြင့် ပူဇော်၏၊ တံခွန်ကုက္ကားများကို စေတီဝန်းကျင်၌ စိုက်ထူကာ စေတီတော်ထိပ်၌ မိမိ၏ ထီးကို ဖွဲ့ချည်၍ ပူဇော်၏။ ဘုရားရှင်သည် ဤသို့သေးငယ်သော ကုသိုလ်ကံကြောင့်ပင် ဤမျှ ကြီးကျယ် များပြားသော အကျိုးတရားများ ဖြစ်ပေါ်လာကြောင်း မိန့်ကြားတော်မူပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော် မူလေသတည်း။

### ဒေသနာတော်

၂၉၀။ သူတစ်ပါးအား ဆင်းရဲကိုဖြစ်စေလျက် မိမိ၏ ချမ်းသာကို အလိုရှိသော သူသည် ရန်နှင့် ရန်ချင်း ရောနှောခြင်းဖြင့် ရန်မှ မလွတ်နိုင်ချေ။

## ကြက်ဥစားသော မိန်းမ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ကြက်ဥစားရာမှ အပြန်အလှန် ရန်ငြိုးဖွဲ့ခဲ့ကြသော ဘီလူးမနှင့် အမျိုးသမီးတို့ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

သာဝတ္ထိမြို့တော်မှ သတို့သမီး တစ်ယောက်သည် လိပ်ဥကို စားရာမှ အခြားအစာများ မစားလိုတော့သဖြင့် သူ၏မိခင်က ကြက်ဥကို အစားထိုးကျွေးမွေးရ၏။ ထိုသတို့သမီးသည် ကြက်ဥကို ကြိုက်နှစ်သက်ကာ အိမ်ရှိကြက်မ၏ အဘိုင်းအတိုင်းသော ဥများကို ယူ၍စား၏။ ဤမှ စ၍ ကြက်မနှင့်ထိုသတို့သမီးတို့သည် ကာဠီဘီလူးမ ဝတ္ထုမှာကဲ့သို့ဘဝဆက်

တိုင်း ရန်ငြိုးဖွဲ့ကာ လူမိန်းမနှင့် ဘီလူးမအဖြစ်ဖြင့် ဘုရားရှေ့တော်မှောက် ရောက်လာကြရာ ဘုရားရှင်က အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ ဘီလူးမသည် သရဏဂုံတည်ကာ ငါးပါးသီလ ခံယူ၍ ရန်ငြိုးဖွဲ့ခြင်းမှ လွတ်မြောက်သွား၏၊ အမျိုးသမီးသည် သောတာပန်တည်လေ၏။

### ဒေသနာတော်

၂၉၂။ ပြုလုပ်သင့်သော အမှုကို စွန့်ပစ်၍ မပြုလုပ်သင့်သော အမှုကိုကား ပြုလုပ်လျက် မာနထောင်လွှားကြကုန်သော၊ မေ့လျော့ကြကုန်သောသူတို့အား အာသဝတရားတို့ တိုးပွားကြကုန်၏။

၂၉၃။ အကြင် သူတို့သည် ကာယဂတာသတိကို အမြဲတစေ ကောင်းစွာ အားထုတ်ကြကုန်၏။ ထိုသူတို့သည် မပြုလုပ်သင့်သော အမှုကို မမှီဝဲကြကုန်။ ပြုလုပ်သင့်သောအမှုကို အမြဲမပြတ် ပြုလုပ်ကြကုန်၏။ သတိရှိ၍ ကောင်းစွာ သိကုန်သော ထိုပုဂ္ဂိုလ်တို့အား အာသဝေါတရားကို ချုပ်ငြိမ်းကြကုန်၏။

## ဘဒ္ဒိယမြို့သား ရဟန်းများ

ဘဒ္ဒိယမြို့ မြတ်လေးတော၌ ဘုရားရှင်သီတင်းသုံးတော်မူစဉ်ဖိနပ်အမျိုးမျိုး ပြုလုပ်ကာ တန်ဆာဆင်နေသော ရဟန်းများကို အကြောင်းပြု၍ ဤဒေသနာတော်ကိုဟောကြားတော်မူလေသည်။

ဒေသနာတော်အဆုံး၌ ထိုရဟန်းတို့သည် ရဟန္တာ ဖြစ်ကြလေသည်။

### ဒေသနာတော်

၂၉၄။ ရဟန္တာပုဂ္ဂိုလ်သည် အမိကိုလည်းကောင်း၊ အဖကိုလည်းကောင်း သတ်ပြီးလျှင် ရေမြေပိုင်စိုးသော မင်းနှစ်ပါးကို လည်းကောင်း၊ အခွန်သိမ်းအမတ်နှင့်တကွ တိုင်းသူပြည်သား အပေါင်းကိုလည်းကောင်း သတ်ခြင်းကြောင့် ဆင်းရဲကင်းလျက် သွားလာရ၏။

၂၉၅။ ရဟန္တာပုဂ္ဂိုလ်သည် အမိကိုလည်းကောင်း၊ အဖကိုလည်းကောင်း၊ မင်းပုဏ္ဏားနှစ်ပါးတို့ကိုလည်းကောင်း သတ်ပြီးလျှင် ငါးခုမြောက်ဖြစ်သော ကျားဆိုးကို သတ်ခြင်းကြောင့် ဆင်းရဲကင်းလျက် သွားလာရ၏။

# အရှင်လကုဏ္ဍကဘဒ္ဒိယ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ရဟန္တာ ပုဂ္ဂိုလ် ဖြစ်သော အရှင်လကုဏ္ဍကဘဒ္ဒိယကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ဘုရားရှင်နေတော်မူရာသို့ လာရောက် ဆည်းကပ်ကြသော အာဂန္တု ရဟန်းများအား အနီးမှ ဖြတ်သွားသော အရှင် လကုဏ္ဍကဘဒ္ဒိယ ကို ညွှန်ပြတော်မူကာ အောက်ပါဒေသနာတော်ကို ဟောကြားတော်မူလေ သတည်း။

အထက်ပါ ဒေသနာတော်သည် တင်စား၍ ဟောကြားထားသော ဒေသနာဖြစ်၍ ပကတိဖြစ်သော အမိအဖ စသည်တို့ကို ယူရန်မဟုတ်ပေ။ တဏှာကို အမိ၊ မာနကို အဖ၊ သဿတဒိဋ္ဌိနှင့် ဥစ္ဆေဒဒိဋ္ဌိတို့ကို ရှေ့ဒေသနာတော်၌ မင်းနှစ်ပါး၊ နောက်ဒေသနာတော်၌ မင်းပုဏ္ဏားနှစ်ပါး၊ နန္ဒီရာဂကို အခွန်သိမ်းအမတ်၊ အာယတန ဆယ့်နှစ်ပါးကို တိုင်းသူပြည်သူအပေါင်း၊ ဝိစိကိစ္ဆာကို ကျားဆိုးဟူ၍ ပယ်သတ်ရမည့် ကိလေသာတို့ကို ပယ်သတ်ရန် ဟောကြားတော်မူခြင်းသာ ဖြစ်ပေသည်။

## ဒေသနာတော်

၂၉၆။ နေ့ရောညဉ့်ပါ အခါမလပ် ဘုရားဂုဏ်တော်ကို သတိပြုနေကုန်သော (ဂေါတမ မြတ်စွာဘုရား၏) တပည့်တို့သည် အခါခပ်သိမ်း ကောင်းသော နိုးကြားခြင်းဖြင့် နိုးကြားကြရကုန်၏။

၂၉၇။ နေ့ရောညဉ့်ပါ အခါမလပ် တရားဂုဏ်တော်ကို သတိပြုနေကုန်သော (ဂေါတမ မြတ်စွာဘုရား၏) တပည့်တို့သည် အခါခပ်သိမ်း ကောင်းသော နိုးကြားခြင်းဖြင့် နိုးကြားကြရကုန်၏။

၂၉၈။ နေ့ရောညဉ့်ပါ အခါမလပ် သံဃာဂုဏ်တော်ကို သတိပြုနေကြကုန်သော (ဂေါတမ မြတ်စွာဘုရား၏) တပည့်တို့သည် အခါခပ်သိမ်း ကောင်းသော နိုးကြားခြင်းဖြင့် နိုးကြားကြရကုန်၏။

၂၉၉။ နေ့ရောညဉ့်ပါ အခါမလပ် ကာယဂတာသတိ ပွားများကုန်သော (ဂေါတမ မြတ်စွာဘုရား၏) တပည့်တို့သည် အခါခပ်သိမ်း ကောင်းသော နိုးကြားခြင်းဖြင့် နိုးကြားကြရကုန်၏။

၃၀၀။ နေ့ရောညဉ့်ပါ အခါမလပ် ကရုဏာ ဘာဝနာ၌ မွေ့လျော်စိတ် ရှိကုန်သော (ဂေါတမ မြတ်စွာဘုရား၏) တပည့်တို့သည် အခါခပ် သိမ်း ကောင်းသော နိုးကြားခြင်းဖြင့် နိုးကြားကြရကုန်၏။

၃၀၁။ နေ့ရောညဥ့်ပါ အခါမလပ် မေတ္တာဘာဝနာ၌ မွေ့လျော်ကုန် သော (ဂေါတမ မြတ်စွာဘုရား၏)တပည့်တို့သည် အခါခပ်သိမ်း ကောင်းသော နိုးကြားခြင်းဖြင့် နိုးကြားကြရကုန်၏။

## ထင်းလှည်းသမား၏ သား

ဝေဠုဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ညအခါ မြို့ ပြင်၌ ဘီလူးအဆွဲခံရသော ထင်းလှည်းသမား၏ သားငယ်ကို အကြောင်း ပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ရာဇဂြိုဟ်မြို့တော်၌ မိစ္ဆာအယူရှိသောသူ၏သားနှင့် သမ္မာအယူရှိသူ ၏သားတို့သည် ခုံညင်းကစားကြရာ သမ္မာအယူရှိသူ၏သားက (နမောဗုဒ္ဓဿ) မြတ်စွာဘုရားအား ရှိခိုးခြင်း၏ ရှေ့ထား၍ ကစားလေရာ ကစားတိုင်း အနိုင်ရ၏။ ဤတွင် မိစ္ဆာအယူရှိသူ၏သားသည် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း ပွားများပုံကို လေ့လာသင်ယူ၏။ တစ်နေ့သော်၌ သူငယ်သည် ဖခင်နှင့်အတူ တောထဲမှ ထင်းများကို လှည်းနှင့်အပြည့် တိုက်လာကြက ညနေချမ်းအချိန်တွင် မြို့ အပြင် ရေကန်အနီး၌ လှည်းချွတ်၍ ထမင်းစားကြ၏။ နွားများသည် ရေ ကန်တွင် ရေသောက်ကြပြီးလျှင် အခြား နွားအုပ်များနှင့် ရောနှောကာ မြို့တွင်းသို့ လိုက်ပါသွားကြ၏။ ဖခင် လှည်းသမားသည် မြို့တွင်းကိုလိုက်၍ မိမိ၏နွားများကို ရှာဖွေဖမ်းဆီးသော ဆွဲလာရာ သူမရောက်မီကလေးမှာပင် မြို့တံခါးကြီး ပိတ်သွားလေတော့သည်။

ထိုညတွင် သူငယ်သည် တစ်ယောက်တည်းသာ လှည်းအောက်၌ အိပ်ရ၏။ သူငယ်တို့ လှည်းချွတ်သောနေရာတွင် သုသာန်နှင့်နီးသဖြင့် ဘီလူးနှစ်ကောင် တို့သည် သူငယ်အနားသို့ ရောက်လာကြ၏။ ဘီလူးနှစ်ကောင်တို့ အနက် တစ်ကောင်သည် သမ္မာအယူရှိ၍ တစ်ကောင်ကား မိစ္ဆာအယူရှိ၏။ မိစ္ဆာ ဘီလူးက သူငယ်ကိုဆွဲယူ၍ စားရန် အဆိုပြုရာ သမ္မာဘီလူးက တားမြစ်၏။ သို့ရာတွင် မိစ္ဆာဘီလူးသည် တားမြစ်သည်ကို လက်မခံဘဲ သူငယ်ကို ခြေ ထောက်မှဆွဲလေရာ သူငယ်သည် အလေ့အလာ ပြုထားပြီးသည့်အတိုင်း နမောဗုဒ္ဓဿဟု ရွတ်ဆိုလိုက်၏။ ဤတွင် မိစ္ဆာဘီလူးသည် ထိတ်လန့်တကြား လွှတ်လိုက်လေသည်။

ဤသို့ မပြုထိုက်သည်ကို ပြုမိသဖြင့် မိမိကိုယ်ကို ဒဏ်ပေးသောအား ဖြင့် သမ္မာဘီလူးသည် လှည်းနားတွင် တစ်ညလုံး စောင့်ရှောက်နေ၏။ မိစ္ဆာဘီလူးသည် နန်းတော်သို့ဝင်ရောက်ကာ ဗိမ္ဗိသာရမင်းကြီး၏ထံပွဲတော်

အုပ်တွင် ပွဲတော်စာ အပြည့်ထည့်၍ ယူလာ၏၊ ဘီလူးနှစ်ကောင်တို့သည် သူငယ်ကိုနှိုးပြီးလျှင် သူငယ်၏မိဘနှစ်ပါးကဲ့သို့ ပွဲတော်စာများ ကျွေးမွေးကြ၏၊ သူငယ်စားပြီး၍ အိပ်သွားပြန်သောအခါ ပွဲတော်အုပ်တွင် ဗိမ္ဗိသာရမင်းကြီး မြင်နိုင်စေရန် ဆန်ခိုးဖြင့်ဖန်ဆင်း၍ ဤအကြောင်းအရာကို စာတမ်းများ ရေးထားကြ၏၊ နံနက်လင်းသောအခါ ပွဲတော်အုပ်ကို လည်းထိမ္းထည့်ထား၍ ထွက်ခွာသွားကြလေသည်။

နောက်တစ်နေ့၌ မင်းကြီးပွဲတော်အုပ်ကို ရှာကုန်သော မင်းချင်းတို့သည် သူငယ်၏ လည်းထိမ္မ ပွဲတော်အုပ်ကို တွေ့သဖြင့် သူငယ်ကို မင်းကြီးရှေ့သို့ ခေါ်ဆောင်သွားကြ၏၊ ဗိမ္ဗိသာရမင်းကြီးက မေးစစ်သောအခါ သူငယ်က "ကျွန်းတော်၏ မိဘများ ဤပွဲတော်အုပ်မှ ပွဲတော်စာများ ကျွေးမွေ ခြင်းကိုသာ သိပါသည်" ဟု လျှောက်ထား၏၊ ဤတွင် သူငယ်၏ မိဘများကို ရှေ့တော်သို့ သွင်းရ၏၊ ဗိမ္ဗိသာရမင်းကြီးသည် ပွဲတော်အုပ်မှ စာတမ်းကို ဖတ်မိသော ဖြစ်ရပ်အမှန်ကို သိရှိလာသဖြင့် သူတို့သုံးယောက်လုံးကို ဘုရားရှင်ရှေ့တော်သို့ ခေါ်ဆောင်လာကာ "အရှင်ဘုရား၊ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းတစ်ခုတည်းကသာ စောင့်ရှောက်ပါသလော" ဟုမေး၏၊ ဘုရားရှင်က ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကသာ စောင့်ရှောက်သည်မဟုတ်ပေ၊ ဗုဒ္ဓါနုဿတိ အပါအဝင် ကမ္မဋ္ဌာန်း ခြောက်မျိုးလုံးပင် စောင့်ရှောက်ကြကုန်၏ဟု မိန့်ကြားတော်မူပြီးလျှင် အထက်ပါဒေသနာတော်ကိုဟောကြားတော်မူလေသည်။

ဒေသနာတော်အဆုံး၌ ထင်းလှည်းသမားတို့ မိသားစုသုံးယောက်လုံး သောတာပန် ဖြစ်ကြလေ၏၊ နောင်အခါ ရဟန်းပြုကြ၍ အားလုံး ရဟန္တာဖြစ်ကြလေကုန်သတည်း။

ဒေသနာတော်

၃၀၂။ စည်းစိမ်ကို စွန့်၍ ရဟန်းပြုနိုင်ခဲ၏၊ သူတော်မြတ်တို့၏ အကျင့်၌ မွေ့လျော်ခဲ၏။ အိမ်၌ မပြည့်မစုံနေရခြင်းသည် ဆင်းရဲ၏။ သဘော မတူသူတို့နှင့် အတူနေရခြင်းသည် ဆင်းရဲ၏။ သံသရာခရီးသွားရခြင်းသည် ဆင်းရဲခြင်းသို့ကျရောက်၏။ ထို့ကြောင့် သံသရာခရီးသည် မဖြစ်ရာ။ ဆင်းရဲခြင်းသို့ ကျရောက်သူ မဖြစ်ရာ။

စတုတ္ထအကြိမ်

# ဝဇ္ဇီတိုင်းသားရဟန်း

ဝေသာလီမြို့တော်အနီး မဟာဝုန်တော၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ရဟန်းဘဝ၌ငြီးငွေ့သော ဝဇ္ဇီတိုင်းသား ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ဝဇ္ဇီတိုင်းသား လိစ္ဆဝီမင်းသား တစ်ပါးသည် လှည့်ကျ‌ဖြင့် ရရှိနိုင်သော မင်းစည်းစိမ်ကို စွန့်လွှတ်ကာ ရဟန်းပြုပြီးလျှင် တောအုပ်တစ်ခု၌ နေ၏။ တစ်ခုသောလပြည့်ည၌ ဝေသာလီမြို့တော်ရှိ လိစ္ဆဝီမင်းသား အပေါင်းတို့သည် နက္ခတ်ပွဲသဘင် ဆင်ယင်ကျင်းပရန် မင်းခမ်းမင်းနား အသီးသီးဖြင့် မင်းလမ်းမသို့ ထွက်လာကြ၏။ အမျိုးမျိုးသော တူရိယာတို့ကိုလည်း တီးမှုတ်ကြကုန်၏။ တောနေရဟန်းသည် ကြွေးကြော်သံ ထိုအသံတို့ကို ကြားရသောအခါ အခြားမင်းသားများကဲ့သို့ မပျော်ပါးနိုင်တော့သော မိမိအဖြစ်ကို တွေးကာ—

"တောအုပ်၌ အသုံးမဝင်သော သစ်တုံးဆွေးကဲ့သို့ ငါတို့သည် တော၌ တစ်ယောက်တည်း နေကြရကုန်၏။ ဤသို့သော ညဉ့်မျိုး၌ အဘယ်သူသည် ငါတို့ထက် ပို၍ ယုတ်နိုင်ပါတော့မည်နည်း။"

ဤသို့ ပြောဆို၍ ငိုကြွေး၏။ ထိုရဟန်းအစပါးကို တောစောင့် နတ်တစ်ပါးက အသံပြု၍ ပြောဆိုသဖြင့် အချိန်မီ သတိသံဝေဂ ရရှိကာ ထိုရဟန်းသည် ဘုရားရှင်ရှိရာသို့ လာရောက်ရှိခိုး၏။ ဤတွင် ဘုရားရှင်က ဆင်းရဲခြင်း ငါးမျိုးတို့ကို တစ်ပေါင်းတည်း ပြတော်မူကာ အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ ထိုရဟန်းသည် သောတာပန် ဖြစ်လေ၏။

ဒေသနာတော်

၃၀၃။ သဒ္ဓါတရားလည်းရှိသော၊ သီလနှင့်လည်း ပြည့်စုံသော အခြံအရံ စည်းစိမ် ဥစ္စာနှင့်လည်း ပြည့်စုံသောသူသည် ရောက်လေရာရပ်၌ အပူဇော်ခံကြရ၏။

# စိတ္တ သူကြွယ်

ဇေတဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် လာဘ်ပူဇော်သကာ ပေါများလှသော စိတ္တသူကြွယ်ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

စိတ္တသူကြွယ်

မစ္ဆိကာသဏ္ဍမြို့မှ စိတ္တသူကြွယ်သည်ကား ဘုရားတပည့်သာဝကသံဃာတော်များ၏ တရားကို နာကြား၍ အနာဂါမိဖိုလ်သို့ ဆိုက်ရောက်ခဲ့၏။ သို့ရာတွင် ဘုရားရှင်ကိုကား တစ်ကြိမ်တစ်ခါမျှ မဖူးရသေးသဖြင့် ဘုရားဖူးသွားရန် ပြင်ဆင်၏။ လှည်းငါးရာနှင့် နှမ်း၊ ဆန်၊ ထောပတ်၊ တင်လဲ၊ အဝတ်အထည်တို့ကို အပြည့်တင်၏၊ "မြတ်စွာဘုရားထံ အဖူးမြော် ကြွရောက်လိုသော အရှင်များရှိပါလျှင် ကြွကြပါကုန်။ လမ်းတစ်လျှောက်၌ ဆွမ်းစသည်ဖြင့် မပင်ပန်းစေရန် ပြုစုလုပ်ကျွေးပါမည်"ဟု ရဟန်းငါးရာတို့ကို ပင့်လျှောက်၏။ ထို့အတူပင် ရဟန်းမငါးရာ၊ ဒါယကာငါးရာနှင့် ဒါယိကာမငါးရာတို့ကို ပင့်လျှောက် ဖိတ်ခေါ်၏။ မိမိ၏အခြံအရံများနှင့် ပေါင်းသော် အားလုံးပရိတ်သတ် သုံးထောင်ရှိ၏။ စိတ္တသူကြွယ် မြို့မှ ထွက်သောအခါ နတ်တို့က တစ်ယူဇနာစီကွာအဝေးတိုင်း၌ သစ်ခက်တဲများထိုးပေးကြ၏၊ ထိုသစ်ခက်တဲများတွင် စခန်းချလျက် စိတ္တသူကြွယ်ပါလာသော ပရိတ်သတ်သုံးထောင်အား ယာဂု၊ ထမင်း စသည် လိုလေသေးမရှိအောင် ပြုစုလုပ်ကျွေး၏။ နတ်တို့ကသည်း မိမိတို့ စားသုံးသော အာဟာရများကို ထည့်ပေးကြ၏။ ဤသို့အားဖြင့် ယူဇနာ သုံးဆယ်ရှိ ခရီးတွင် တစ်နေ့လျှင် တစ်ယူဇနာကျ သက်သောင့်သက်သာ သွားကြကာ တစ်လအကြာတွင် သာဝတ္ထိမြို့တော်သို့ ဆိုက်ရောက်ကြလေသည်။

စိတ္တကြွယ်ရောက်လာသောအခါ ဖြစ်ပေါ်လာမည့် ထူးဆန်းအံ့ဩဖွယ်ရာတို့ကို ဘုရားရှင်က ကြိုတင်၍ ဟောထားတော်မူသဖြင့် သာဝတ္ထိမြို့သူမြို့သားတို့သည် ယက်ဆောင်ပစ္စည်း ကိုယ်စီကိုင်လျက် လမ်းနှစ်ဖက်မှ စောင့်ကြိုနေကြကာ စိတ္တသူကြွယ်အား ပေးလှူကြ၏။ ဇေတဝန်ကျောင်းတော်နားသို့ ရောက်သောအခါ ရဟန်းငါးရာနှင့် ရဟန်းမငါးရာတို့ ဝင်ရောက်သွားကြပြီးနောက် စိတ္တသူကြွယ်က ဒါယိကာမကြီးများကို ခေတ္တဆိုင်းငံ့ကြပါရန် ပြောကြားပြီးနောက် ဒါယကာငါးရာ ခြံရံလျက် ဘုရားရှေ့တော်မှောက်ဝင်ရောက်၏။ ဘုရားရှင်၏ရောင်ခြည်တော်ခြောက်သွယ်အောက်ဝင်ရောက်ကာ ခြေတော်အစုံကိုဆုပ်နယ်၍ ရှိခိုး၏။ ထိုအခိုက်မှာပင် ကောင်းကင်မှ ပန်းမိုးကြီး ရွာချလာလေသည်။

စိတ္တသူကြွယ်သည် တစ်လတိုင်တိုင် ဇေတဝန်ကျောင်းတော်၌ နေထိုင်၍ ဘုရားရှင်နှင့်တကွ သံဃာတော်များအား ဆွမ်းဆက်ကပ်နေ၏။

အတူပါလာသော ပရိက္ခရာများကိုလည်း ကျေးမွေးနေ၏။ ထို့ရာတွင် မိမိလှည်းပေါ်မှ ပါလာသော ပစ္စည်းများကိုလည်း ထုတ်ယူ၍ မသုံးမချရပေ။ သူတစ်ပါးတို့ ပေးလာကြသော ပစ္စည်းများဖြင့်သာ ချက်ပြုတ်ကျွေးမွေးနေရ၏။ ထို့ဖြစ်၍ စိတ္တသူကြွယ်သည် ဘုရားရှင်ထံ ဝင်ရောက်ရှိခိုးပြီးလျှင် "အရှင်ဘုရား၊ အပည့်တော်သည် ဤကျောင်းတော်၌ တစ်နှစ်ဝတ်လုံး နေကြွားသော်လည်း တပည့်တော်၏ ပစ္စည်းကို လှူခွင့်ရမည်မဟုတ်ပါ။ ထို့ဖြစ်၍ လှည်းပေါ်ပါလာသော ပစ္စည်းများကို သိမ်းချ၍ ပြန်လိုပါသည်။ ပစ္စည်းများကို သိမ်းထားရမည့်နေရာကို ညွှန်ပြတော်မူပါဘုရား"ဟု လျှောက်ထား၏။ ဤတွင် ဘုရားရှင်သည် ရဟန်းများ၏ စားသောက်ကုန်ပစ္စည်းများ ထားသိုရန် သင့်လျော်သော ကပ္ပိယကုဋိအဆောက်အအုံကို ခွင့်ပြုတော်မူ၏။ အရှင်အာနန္ဒာကလည်း သင့်လျော်သော အဆောက်အအုံတစ်ခုကို ကပ္ပိယကုဋိသမုတ်ပြီးလျှင် ယင်းအဆောက်အအုံ၌ ပစ္စည်းထားခဲ့ရန် စိတ္တသူကြွယ်အား ညွှန်ကြား၏။ စိတ္တသူကြွယ်ကလည်း ညွှန်ကြားသည့်အတိုင်း ထားခဲ့၍ လှည်းခွက်များချည်း ပြန်သွားလေရာ နတ်တို့က ရတနာ ခုနစ်ပါးကို လှည်းပေါ်မှာ ပြည့်ထည့်ပေးကြလေသည်။

စိတ္တသူကြွယ် ပြန်သွားပြီးနောက်တွင် အရှင်အာနန္ဒာသည် ဘုရားရှင်ထံ ချဉ်းကပ်၍ "အရှင်ဘုရား၊ စိတ္တသူကြွယ်အား လာဘ်ပူဇော်သက္ကာရများပြားခြင်းသည် ဘုရားရှင်ထံ လာသောအခါမှသာ ဖြစ်ပါသလော"ဟု လျှောက်ထား၏။ ထိုအမေးကို ဖြေတော်မူသောအားဖြင့် ဘုရားရှင်က အောက်ပါ ဒေသနာတော်ကို ဟောကြားတော် မူလေသည်။

ထို့နောက်တစ်ဖန် အရှင်အာနန္ဒာက စိတ္တသူကြွယ်၏ ရှေးကုသိုလ်ကံကို မေးလျှောက်သဖြင့် ဘုရားရှင်က "အာနန္ဒာ၊ စိတ္တသူကြွယ်သည် ဤသို့သော ဂုဏ်ကျေးဇူးကို ရရှိနိုင်ရန် ပဒုမုတ္တရဘုရားရှင်ထံမှ ဆုတောင်းခဲ့၏။ ကဿပမြတ်စွာဘုရား လက်ထက်တော်တွင် သားမုဆိုး ဖြစ်၍ သဘာဝသောင်တွင်း၌ တရားအားထုတ်နေသော ရဟန်းတစ်ပါးကို တွေ့မြင်သဖြင့် ဆွမ်းဆက်ကပ်နိုင်ရန် အိမ်သို့ အလျင်အမြန်ပြန်၍ယူ၏။ လမ်း၌တွေ့ရသော ပန်းအမျိုးမျိုးကိုလည်း ခူး၍တင်ထားပြီးလျှင် တရားအားထုတ်နေသော ရဟန်းထံသွားရောက်၏၊ ရဟန်းထံမှ သပိတ်ကို တောင်းယူကာ ပါလာ

သော ထမင်းဟင်းများကို လောင်းလှူ၏၊ ပါလာသော ပန်းတို့ကိုလည်း ပူဇော်၏၊ ထိုကုသိုလ်စေတနာ ပြုစဉ်တုန်းက ဆုတောင်းခဲ့သည့်အတိုင်း ယခုဘဝမှာပြည့်စုံလာပေသည်''ဟု မိန့်ကြားတော်မူလေသည်။

[စိတ္တသူကြွယ်နှင့် အရှင်သုဓမ္မတို့အကြောင်းကို ဗာလဝဂ်၊ စိတ္တသူကြွယ်ဝတ္ထုမှာ ရှုပါ။]

**ဒေသနာတော်**

၃၀၄။ ဟိမဝန္တာတောင်သည် အဝေး၌ တည်ခဲ့သော်လည်း ထင်ရှား
သကဲ့သို့ သူတော်ကောင်းတို့သည် အဝေး၌ပင် နေသော်လည်း
ထင်ရှားကုန်၏။ ညအခါပစ်လွှတ်သောမြားတို့သည် မထင်ရှားကြ
ကုန်သကဲ့သို့၊ သူယုတ်မာတို့သည် အနီး၌ တည်နေကြသော်လည်း
မထင်ရှားကြကုန်။

# စူဠသုဘဒ္ဒါ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အနာထပိဏ် သူဌေးကြီး၏ သမီး၊ စူဠသုဘဒ္ဒါကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ဥဂ္ဂမြို့မှာနေသော ဥဂ္ဂသူဌေးနှင့် အနာထပိဏ် သူဌေးတို့သည် ငယ်သူငယ်ချင်းများ ဖြစ်ကြ၏၊ ဆရာတစ်ဦး ထံမှာ ပညာသင်ကြားခဲ့ကြ၏။ ထိုစဉ်ကပင် နောင်အခါတွင် သားသမီးယူ ပြုလုပ်ရန် ကတိပြုခဲ့ကြ၏။ သို့ဖြစ်၍ ဥဂ္ဂသူဌေးသည် အနာထပိဏ် သူဌေးကြီးအိမ်သို့ လာရောက်စဉ် အကျင့်သီလနှင့်ပြည့်စုံသော စူဠသုဘဒ္ဒါကို မြင်သောအခါ မိမိသားနှင့် လက်ထပ်ထိမ်းမြားရန် ကမ်းလှမ်းပြောဆို၏၊ အနာထပိဏ်သူဌေးကြီးကလည်း သဘောတူသဖြင့် ဝိသာခါ၏ လက်ထပ်ပွဲတုန်းက အတိုင်း အစစ ပြည့်စုံအောင် စီမံဖန်တီးပြီးလျှင် ဥဂ္ဂသူဌေးထံသို့ ပို့ဆောင်ပေးလေသည်။

ဥဂ္ဂသူဌေးသည်ကား၊ သာသနာ၏ အပြင်ဘက်မှ တိတ္ထိများကို ကိုးကွယ်ဆည်းကပ်သူဖြစ်လေရာ သူ့အိမ်၌ မင်္ဂလာပွဲ ကျင်းပသောအခါ အဝတ်မဲ့သော ထိုတိတ္ထိများကို ဖိတ်ခေါ်ရှိခိုးကျွေးမွေး၏။ စူဠသုဘဒ္ဒါကိုလည်း လာ၍ရှိခိုးဖူးမြော်ရန် အခေါ်လွှတ်ကြ၏။ စူဠသုဘဒ္ဒါကား၊ အဝတ်အစား မဝတ်သော တိတ္ထိတို့ကို ကြည့်ရှုရန် ရှက်လှသဖြင့် မလိုက်လာပေ။ ယောက္ခမများက အမျက်ထွက်၍ စူဠသုဘဒ္ဒါကို အိမ်မှနှင်ချကြ၏။ သို့ရာ

တွင် သာဝတ္ထိမြို့အော်မှ အနာထပိဏ်သူဌေးကြီး ထည့်လိုက်သောသူကြွယ် ရှစ်ဦးတို့က စူဠသုဘဒ္ဒါမှာ အပြစ်ရှိဟု ပြောဆိုကြသဖြင့် စူဠသုဘဒ္ဒါမှာ အိမ်မှထွက်ခွာ၍ မလာရတော့ပေ။

ဤတွင် ယောက္ခမများက စူဠသုဘဒ္ဒါကို ခေါ်စေပြီးလျှင် "စူဠသုဘဒ္ဒါ၊ သင်သည် ငါတို့၏ရဟန်းတို့ကို အရှက်မရှိဟု ဆိုဘိ၏။ သင်တို့၏ ရဟန်းတို့ကား မည်သို့ သဘောရှိပါသနည်း" ဟု မေးမြန်းကြ၏။ စူဠသုဘဒ္ဒါက ရဟန်းတို့၏ ဂုဏ်ကျေးဇူးကို စီကာပတ်ကုံး ပြောပြလေရာ သူဌေးတော် နှစ်သက်သွားကာ "သင်၏ရဟန်းများကို ငါတို့အား တတ်နိုင်လျှင် ပြပါ" ဟု တောင်းဆို၏။ စူဠသုဘဒ္ဒါသည် ဘုရား အစရှိသော သံဃာတော်များအား ဆက်ကပ်လှူဒါန်းဖွယ် ဝတ္ထုပစ္စည်းများကို စီမံဖန်တီးပြီးလျှင် ပြာသာဒ်အထက်သို့တက်၍ ဇေတဝန်ကျောင်းတော်ရှိရာ မျက်နှာမူ၍ ရှိခိုးသစ္စာဆိုခိုး၏။ ဘုရားဂုဏ်တော်တို့ကို အာရုံပြု၍ နံ့သာ အခိုးအထုံတို့ဖြင့် ပူဇော်၏။ ထိုသို့ပြုပြီးမှ "မြတ်စွာဘုရား၊ နက်ဖြန် ကျောင်းမှုပြုလိုပါ၍ ဘုရားအမှူးရှိသော သံဃာတော်များအား ပင့်ဖိတ်ပါ၏။ တပည့်တော်မ၏ ဤပန်းအထိမ်းအမှတ်ဖြင့် တပည့်တော်မ ပင့်ဖိတ်သည်ကို အသိအမှတ် ပြုတော်မူပါဘုရား" ဟု လျှောက်ထားကာ မြတ်လေး ပန်းရှစ်ဆုပ်ကို ပစ်မြှောက်လိုက်သည်။ မြတ်လေးပန်းတို့သည် ဇေတဝန် ကျောင်းတော်ထိအောင်သွားကြကာ ဘုရားရှင်၏ထက်မှ ပန်းမျက်နှာကြက် ဖြစ်နေကြလေသည်။

ထိုစဉ်ခိုက်မှာပင် အနာထပိဏ်သူဌေး ကြီးသည်လည်း ပရိသတ်များနှင့်အတူ တရားနာနေ၏။ တရားပွဲပြီးဆုံးသောအခါ နက်ဖြန် ကျောင်းမှုပြုရန် ဘုရားရှင်ကို လျှောက်လေရာ "ဒါယကာ၊ နက်ဖြန် ကျောင်းမှုပြုရန် စူဠသုဘဒ္ဒါ ပင့်လျှောက်သည်ကို လက်ခံထားပြီးပြီ" ဟု မိန့်တော်မူ၏။ အနာထပိဏ်သူဌေးက "အရှင်ဘုရား၊ စူဠသုဘဒ္ဒါသည် ဤနေရာမှ ယူဇနာ ရာ့ရှစ်ဆယ်ဝေးသော အရပ်၌နေသည် မဟုတ်လော" ဟု မေးလျှောက် လေရာ ဘုရားရှင်က "ဒါယကာသူဌေး၊ ဝေးသောအရပ်၌ နေသော်လည်း သူတော်ကောင်းသည် မျက်မှောက်မှာ ရောက်နေသကဲ့သို့ ထင်ရှား ပေ၏" ဟု မိန့်တော်မူပြီးလျှင် အောက်ပါဂါထာတော်ကို ဟောကြားတော် မူလေသည်။

စူဠသုဘဒ္ဒါ ပင့်ဖိတ်ရာသို့ ဘုရားရှင်နှင့် သံဃာတော်များ ကြွနိုင်စေ ရန် သိကြားမင်းသည် အထွတ်တပ်ဆော မကျောင်းဆောင် ငါးရာတို့ ပို့

ဆောင်ရန် ဝိသကြုံနတ်သားအား တာဝန်ပေး၏၊ ဝိသကြုံနတ်သား ဖန်ဆင်းပေးသော ကျောင်းဆောင်ငါးဖြင့် ဘုရားရှင်နှင့်တကွ သံဃာတော်ငါးရာတို့သည် ဥဂ္ဂသေဋ္ဌေးအိမ်သို့ ကောင်းကင်ခရီးဖြင့် ကြွတော်မူကြ၏။ စူဠသုဘဒ္ဒါ၏ ညွှန်ပြမှုကိုခံယူ၍ ဥဂ္ဂသေဋ္ဌေးနှင့်တကွ အိမ်သူအိမ်သားအပေါင်းတို့က ရှိသေစွာ ကြိုဆို၍ ဆွမ်းဘောဇဉ်များ ဆက်ကပ်ကြ၏။ ဤသို့ ခုနစ်ရက်တိုင်တိုင် ပင့်ဖိတ်ကာ အလှူကြီးပေး၍ တရားနာရသော အခါ ဥဂ္ဂသေဋ္ဌေးမှစ၍ ရှစ်သောင်းလေးထောင်သော တရားနာပရိသတ်များ သစ္စာလေးပါးသိကြ၏။ ဘုရားရှင်သည် စူဠသုဘဒ္ဒါကို ချီးမြှောက်ရန် အရှင်အနုရုဒ္ဓါကို ဥဂ္ဂမြို့မှာထားခဲ့၍ ဇေတဝန်ကျောင်းတော်သို့ ပြန်ကြွတော် မူလေသည်။

**ဒေသနာတော်**

၃၀၅။ မပျင်းမရိမှု၍ တစ်ယောက်တည်း နေ၊ တစ်ယောက်တည်း အိပ်၊ တစ်ယောက်တည်း လှည့်လည်သွားလာလျက် မိမိကိုယ်ကို ဆုံးမကာ တော၌ တစ်ယောက်တည်း မွေ့လျော်ရာ၏။

# အရှင် ကောဝိဟာရီ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် တစ်ဦးတည်းပါး တည်းနေထိုင်သော အရှင်ကောဝိဟာရီကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

အရှင်ကောဝိဟာရီ ဤသို့ နေထိုင်ပုံကို ရဟန်းများက ဘုရားရှင်ထံ လျှောက်ထားကြသောအခါ ဘုရားရှင်က အရှင်ကောဝိဟာရီ၏ အကျင့်ကို ထောက်ခံတော်မူကာ အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

# နိရယဝဂ်

ဒေသနာတော်

၃၀၆။ မဟုတ်မမှန် ပြောဆိုသောသူသည် ငရဲသို့ကျရောက်၏။ မိမိပြုလုပ်ပါလျက် မပြုလုပ်ဟု ပြောဆိုသောသူသည်လည်း ငရဲသို့ကျရောက်၏။ ထိုသူနှစ်ယောက်တို့သည် ယုတ်ညံ့သော အမှုရှိကုန်သည်ဖြစ်၍ နောင်တမလွန်ဘဝ၌ ငရဲခံရခြင်း တူကုန်ကြ၏။

## သုန္ဒရီ ပရိဗိုဇ်မ

ဇေတဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် တိတ္ထိတို့၏ သတ်ဖြတ်ခံရသော သုန္ဒရီပရိဗိုဇ်မကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

စိဥ္စမာဏဝိကာဝတ္ထုမှာကဲ့သို့ပင် တိတ္ထိတို့သည် မိမိတို့၏ တပည့်ဖြစ်သော သုန္ဒရီ ပရိဗိုဇ်မကို ဘုရားရှင်နှင့် ထင်ယောင်ထင်မှား ဖြစ်ကြစေရန် စေခိုင်းကြ၏။ ပုထုဇဉ်အချို့က ထင်ယောင်ထင်မှား ဖြစ်ချိန်ကန်သောအခါ တိတ္ထိတို့သည် သုန္ဒရီပရိဗိုဇ်မကို သတ်ဖြတ်ကာ ဘုရားကျောင်းတော်နံဘေးရှိ ပန်းမိုက်များကြားထဲမှာ ထားခဲ့ရန် သေသောက်ကြူးများအား ငွေပေး၍ စေခိုင်းကြလေသည်။

သေသောက်ကြူးများက ခိုင်းသည့်အတိုင်း ပြုလုပ်ပြီးသောအခါ တိတ္ထိတို့သည် သုန္ဒရီပရိဗိုဇ်မ ပျောက်ဆုံးနေကြောင်း အုတ်အုတ်ကျက်ကျက် ပြောဆိုကာ ကောသလမင်းကြီးထံ ဝင်ရောက်တိုင်ကြားကြ၏။ မိမိတို့သံသယဝင်ရာဌာန၌ ရှာဖွေကြရန် ကောသလမင်းကြီးထံမှ အမိန့်ရသဖြင့် တိတ္ထိတို့သည် ကျောင်းတော်နံဘေးမှ သုန္ဒရီပရိဗိုဇ်မ၏ အလောင်းကို ပန်းမိုက်များအောက်မှ ဖော်ယူကြပြီး လျှင် ထမ်းစင်နှင့်တင်၍ မြို့တွင်းမှာ လှည့်လည်ကြ၏။ "သာကီဝင်မင်းသား ရဟန်းတို့သည် မိမိတို့ဆရာ

ရဟန်းဝေါဟာရ၏ အမှုကိုဖုံးလွှမ်းစေရန် သုဒ္ဓရိပရိဗိုဇ်မကို သတ်ပစ်ကြကုန်၏'' ဟု ကြွေးကြော်ကြလေသည်။

တိတ္ထိတို့၏စကားကို အကြောင်းတိအမှန် ထင်မိသော ပုထုဇဉ်အချို့တို့သည် ရဟန်းများကို ဆဲရေးကြလေရာ ထိုရဟန်းများက ဘုရားရှင်ထံ လျှောက်ထားကြ၏၊ ဘုရားရှင်က ဆဲရေးသူတို့အား တုံ့ပြန်၍ ပြောဆိုနိုင်ကြရန် ရဟန်းများကို သင်ကြားပေးသော အားဖြင့် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ကာလကြာလမင်းကြီးသည် သုဒ္ဓရိအား သတ်ဖြတ်သောသူကို ဖော်ထုတ်နိုင်ရန် မင်းချင်းများကို စေခိုင်းလေရာ သေသောက်ကြူးမူး သေသောက်ရင်း ရန်ဖြစ်ကြရာမှ အမှုမှန်ပေါ်လာ၏၊ ဤတွင် မကောင်းမှုပြုသူများအားလုံး အပြစ်ဒဏ် ခံကြရသဖြင့် ဘုရားရှင်နှင့် သံဃာတော်များအား ထင်ယောင်ထင်မှား ဖြစ်သူများလည်း အမြင်မှန် ရသွားကြလေ၏။

**ဒေသနာတော်**

၃၀၇။ သင်္ကန်းကို လည်ပင်း ပတ်ကုန်သော၊ ယုတ်မာသော သဘော ရှိကုန်သော၊ ကိုယ်နှုတ်နှလုံးကို မစောင့်စည်းကုန်သော များစွာသော ထိုသူယုတ်မာတို့သည် ယုတ်မာသော မကောင်းမှုတို့ကြောင့် ငရဲသို့ ကျရောက်ရကုန်၏။

## ဒုစရိုက်အကျိုး ခံစားရသူများ

ဝေဠုဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အရှင်မဟာမောဂ္ဂလာန် တွေ့ခဲ့ရသော ရဟန်းပြိတ္တာကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

အရှင်မဟာမောဂ္ဂလာန်သည် အရှင်လက္ခဏနှင့်အတူ ဂိဇ္ဈကုဋ်တောင်မှ ဆင်းသောအခါ သပိတ်၊ သင်္ကန်း၊ ခါးပန်းကြိုး စသည်တို့၌ အလျှံပြောင်ပြောင် တောက်လောင်လျက် ခံစားနေကြရသော ရဟန်းပြိတ္တာငါးယောက်ကို တွေ့မြင်၍ပြုံး၏၊ အရှင်လက္ခဏက ပြုံးရခြင်းအကြောင်းကို မေးလေရာ အရှင်မဟာမောဂ္ဂလာန်က ဘုရားရှင် ရှေ့တော်ရောက်မှ ဖြေကြား၏၊ ဘုရားရှင်က အရှင်မဟာမောဂ္ဂလာန်၏ စကားကို ထောက်ခံတော်မူပြီးလျှင် ထိုရဟန်းပြိတ္တာ၏ ရှေးအကုသိုလ်ကံကို ဟောကြားတော်မူ၏၊ ထိုရဟန်းပြိတ္တာတို့သည် ကဿပမြတ်စွာဘုရား သာသနာတော်၌ ရဟန်းပြုကြပြီးလျှင် ရဟန်းတရားကို ကောင်းမွန်စွာမကျင့်ကြပေ။ ထိုအကုသိုလ်ကံကြောင့်

ဤသို့ ခံစားနေရပုံကို ဘုရားရှင်က ဟောကြားတော်မူပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော် မူလေသတည်း။

ဒေသနာတော်

၃၀၈။ သီလမရှိဘဲလျက်၊ ကိုယ်နှုတ်နှလုံးကို မစောင့်စည်းဘဲလျက်၊ ကိုင်း သူပြည်သားတို့ ပေးလှူသောဆွမ်းကို စားရခြင်းထက် မီးလျှံ ကဲ့သို့ ပူလောင်သော သံခဲတွဲကို စားရခြင်းက သာ၍ မြတ် သေး၏။

## ဝဂ္ဂုမုဒါမြစ်ကမ်းနေ ရဟန်းများ

ဝေဿလီမြို့တော်အနီး မဟာဝုန်တောကြီး၌ ဘုရားရှင် သီတင်းသုံးတော် မူစဉ် ဈာန်မဂ်ဖိုလ်တရားကိုမရဘဲ ရသည်ဟု ကြွားဝါ ပြောဆိုကြသော ဝဂ္ဂုမုဒါမြစ်ကမ်းနေ ရဟန်းများကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ဝဂ္ဂုမုဒါမြစ်ကမ်းနေ ရဟန်းများသည် လာဘ်ပေါ်များစေရန် ဈာန်မဂ်ဖိုလ်တရားများမရဘဲ ရသည်ဟု ကြွားဝါပြောဆိုနေကြရာ ထို ရဟန်းတို့အား ဘုရားရှင်က ခေါ်ယူ စစ်ဆေးတော်မူပြီး လျှင် အထက်ပါ ဒေသနာတော် ကို ဟောကြားတော် မူလေသတည်း။

ထို့နောက် ထိုရဟန်းတို့၏ ဤသို့သော ပြောကြားမှုကို အကြောင်း ပြု၍ စတုတ္ထပါရာဇိက သိက္ခာပုဒ်ကို ပညတ်တော်မူလေ၏။

ဒေသနာတော်

၃၀၉။ ခေလာကာမမှု နှစ်ဌာနလုံး၌ မေ့လျော့၍ သူတစ်ပါး မယားကို မှီဝဲသော သူသည် အကုသိုလ်ရခြင်း၊ အလိုရှိတိုင်း ချမ်းသာစွာ မအိပ်ရခြင်း၊ အကဲ့ရဲ့ခံရခြင်း၊ ငရဲခံရခြင်း၊ ဤ လေးပါးသော ဆင်းရဲကြောင်းတို့သို့ ကျရောက်ရ၏။

၃၁၀။ အကုသိုလ်ကိုလည်း ရ၏။ ယုတ်ညံ့သော လားရာဂတိသို့ ရောက်ရ ၏။ ကြောက်ရွံ့ ထိတ်လန့်သော မယားကျွး၏ ကြောက်ရွံ့ ထိတ် လန့်သော မိန်းမနှင့် ပျော်ပါးရခြင်းသည် အနည်းငယ်မျှသာ ဖြစ် ၏။ မင်းသည်လည်း ကြီးလေးသော အပြစ်ဒဏ်ကို ပေး၏။ ထို့ ကြောင့် ယောကျ်ားသည် သူတစ်ပါး မယားကို မမှီဝဲရာ။

စတုတ္ထအကြိမ်

# ခေမက သေဋ္ဌေးသား

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အနာထပိဏ် သေဋ္ဌေးကြီး၏ တူဖြစ်သော ခေမက သေဋ္ဌေးသားကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ခေမကသေဋ္ဌေးသားသည် ကဿပမြတ်စွာဘုရား၏ ရွှေစေတီတော်၌ ရွှေကုက္ကားနှစ်ခုကို တင်လှူခဲ့သဖြင့် အလွန် အဆင်းလှ၏။ သူ့ကိုမြင်သော မိန်းမများသည် များသောအားဖြင့် ဟန်ဆောင်၍ မနေနိုင်တော့ဘဲ ချစ်မိကြိုက်မိကြ၏။ ခေမက သေဋ္ဌေးသားကလည်း သူတစ်ပါးမယားများနှင့် ပျော်ပါး၍သာ နေ၏။ ထိုသို့ ပျော်ပါးနေသော ညအခါတွင် မင်းချင်းများက သူ့ကိုဖမ်း၍ ကောသလမင်းကြီးရှေ့သို့ ပို့ဆောင်ကြ၏။ ကောသလမင်းကြီးသည် အနာထပိဏ် သေဋ္ဌေးကို အားနာသဖြင့် အပြစ်မပေးဘဲ ပြန်လွှတ်လိုက်၏။ ခေမက သေဋ္ဌေးသားမှာ ရှောင်ကြဉ်ခြင်းမရှိဘဲ ဆက်လက်၍ ကျူးလွန်နေသဖြင့် ထပ်၍အဖမ်းခံရ၏။ ဤသို့ အဖမ်းခံရ၍ တတိယအကြိမ် လွှတ်မြောက်လာသော အခါတွင်ကား အနာထပိဏ်သေဋ္ဌေးကြီးသည် မိမိတူကို ဘုရားရှင်ထံတော်သို ခေါ်ဆောင်လာရ၏။ ဤတွင် ဘုရားရှင်က ခေမက သေဋ္ဌေးသားအား အထက်ပါဒေသနာတော်ကို ဟောကြားတော် မူလေလတည်း။

ဒေသနာတော်အဆုံး၌ ခေမက သေဋ္ဌေးသားသည် သောတာပန် ဖြစ်လေ၏။

## ဒေသနာတော်

၃၁၀။ မကောင်းသဖြင့် ကိုင်အပ်သော သမန်းမြက်သည် ကိုင်သောလက်ကို ရှသကဲ့သို့၊ မကောင်းသဖြင့် ကျင့်သုံးအပ်သော ရဟန်းအဖြစ်သည် ထိုရဟန်းကိုပင် ငရဲသို့ ဆွဲချ၏။

၃၁၂။ လျော့တိ လျော့ရဲ ပြုအပ်သော အမှုကိစ္စ တစ်စုံတစ်ခုသည်လည်းကောင်း၊ ညစ်နွမ်းသော အကျင့်သည်လည်းကောင်း၊ သံသယမကင်းဖွယ်ဖြစ်သော ရဟန်း အကျင့်သည်လည်းကောင်း အကျိုးမကြီးပေ။

၃၁၃။ အမှုကိစ္စကို ပြုလုပ်ခဲ့ပါလျှင် စေ့စပ်သေချာစွာ ပြုလုပ်ရာ၏။ ထိုအမှုကိစ္စကို စွဲမြဲစွာ အားထုတ်ရာ၏။ လျော့တိလျော့ရဲ ပြုအပ်သော ရဟန်းအဖြစ်သည် ကိလေသာမြူကို ထပ်လောင်း၍ ကြဲဖြန့်တတ်၏။

# ဆိုနိုင်ခက်သောရဟန်း

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဆိုနိုင်ခက်ခဲသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

မြက်ပင်ကို အမှတ်မဲ့ ဖြတ်မိသော ရဟန်းတစ်ပါးက ထိုရဟန်းထံ လာရောက်ပြောကြားကာ "မည်သို့ အပြစ်ရှိပါသနည်း" ဟု မေးမြန်း၏။ အမေးခံရသောရဟန်းက "မြက်ပင်ကို ဖြတ်ခြင်းဖြင့် အပြစ်တစ်စုံတရာမရှိချေ၊ ဒေသနာကြားလျှင်လွတ်နိုင်၏" ဟု ဆိုကာ သူကိုယ်တိုင်လည်း မြက်ပင်များကို ဆွဲနုတ်ပြ၏။ ထိုအဖြစ်ကို ဘုရားရှင်သိတော်မူသောအခါ ထိုရဟန်းကို ခေါ်ယူကဲ့ရဲ့တော်မူပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ ထိုရဟန်းသည် စောင့်စည်းမှု တည်နေ၏။ ထိုနေ့စက်တွင် ဝိပဿနာ ပွားများ၍ ရဟန္တာဖြစ်လေ၏။

ဒေသနာတော်

၃၁၄။ မကောင်းမှုကို ပြုခြင်းသည် မမြတ်ပေ၊ မကောင်းမှုသည် နောင်အခါတွင် ပူပန်စေတတ်၏၊ ကောင်းမှုကို ပြုခြင်းသည် မြတ်၏။ ယင်းကောင်းမှုကို ပြုခြင်းကြောင့် နောင်တ တစ်ဖန် မပူပန်ရပေ။

# ငြူစူသောမိန်းမ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင်သီတင်းသုံးတော်မူစဉ် မိမိ၏ ကျွန်မအပေါ် ငြူစူသော မိန်းမတစ်ယောက်ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ထိုမိန်းမ၏ လင်ယောကျ်ားသည် မိမိအိမ်မှ ကျွန်မနှင့် ဖောက်ပြားနေလေရာ ကျွန်မကို ငြူစူသဖြင့် ထိုမိန်းမသည် ကျွန်၏ ခြေများ၊ လက်များကို တုပ်နှောင်ပြီးလျှင် နှာခေါင်းကို ဖြတ်၏။ ထို့နောက် မိမိအမှုကို ဖုံးဖိနိုင်ရန် ကျွန်မကို လုံခြုံသော တိုက်ခန်းအခန်းမှာ ထည့်၍ တံခါးပိတ်ထားပြီးလျှင် လင်နှင့်အတူ ကျောင်းတော်သို့လာကာ တရားနာနေ၏။ ထိုစဉ်တွင် ထိုမိန်းမ၏ဆွေမျိုးများ အိမ်သို့လာရောက်ကြ၍ တံခါးကို ဖွင့်လိုက်ကြ၏။ ကျွန်မသည် ကျောင်းတော်သို့ လိုက်လာကာ ပရိသတ်လေးပါးအလယ်၌ ထိုအကြောင်းကို ဘုရားရှင်အား လျှောက်ထား၏။

၌တွင် ဘုရားရှင်က သူတို့သုံးဦးစလုံးအား တရားစကား ဟောကြားတော်မူလိုသဖြင့် အထက်ပါ ဒေသနာတော်ကို ဟောကြားတော် မူလေသတည်း။

ဒေသနာတော်အဆုံး၌ လင်မယားနှစ်ယောက်တို့သည် သောတာပန် ဖြစ်ကြလေ၏၊ ကျွန်မသည်လည်း ကျွန်အဖြစ်မှ လွတ်ငြိမ်းခွင့် ရလေ၏။

ဒေသနာတော်

၃၁၅။ တိုင်းစွန် ပြည်ဖျားဖြစ်သော မြို့ကို အတွင်းရော အပြင်ပါ လုံခြုံစေဘိသကဲ့သို့၊ ထို့အတူ မိမိကိုယ်ကို အတွင်းရော အပြင်ပါ လုံခြုံအောင် စောင့်ရှောက်ကြကုန်လော့။ အခါအခွင့်ကောင်းသည် သင်တို့အား ကျော်လွန်၍ မသွားပါစေနှင့်။ အခါအခွင့်ကောင်းကို ကျော်လွန်သူသည် ငရဲသို့ ကျရောက်ကုန်သည်ဖြစ်၍ စိုးရိမ်ရကုန်၏။

## ရဟန်းများစွာ (နယ်ခြားမြို့နေ)

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် နယ်ခြားမြို့၌ ဝါဆိုခဲ့သော ရဟန်းများစွာကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော် မူလေသည်။

ထိုနယ်ခြား၌ ဝါဆိုကြသော ရဟန်းများအား ပထမတစ်လတွင် ဒါယကာ၊ ဒါယိကာမများက ပြည့်ပြည့်စုံစုံ ပြုစုလုပ်ကျွေးနိုင်ကြ၏၊ ဝါလယ်တွင်ကား ခိုးသားများက မြို့ကို တိုက်ခိုက်ဖျက်ဆီးကာ ဖမ်း၍မိသမျှ လူတို့ကို ခေါ်သွားကြ၏၊ ထိုအခါမှစ၍ မြို့နေလူတို့သည် ခိုးသားများကို ကာကွယ်ရန် မြို့ကို အခိုင်အမာပြုပြင်နေရသဖြင့် ရဟန်းများကို ပြည့်ပြည့်စုံစုံ မပြုစုနိုင်ကြတော့ချေ။ ထိုရဟန်းတို့သည် ထိုကျောင်းတော်၌ ဆင်းတောင့်ဆင်းရဲ နေခဲ့ကြရပြီးလျှင် ဝါကျွတ်သွားအခါ ဘုရားရှင်က တရားစကား ဟောကြားတော်မူလိုသဖြင့် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ ထိုရဟန်းတို့သည် ရဟန္တာ ဖြစ်ကြလေ၏။

ဒေသနာတော်

၃၁၆။ ရှက်စရာမဟုတ်သည်၌ ရှက်တတ်ကုန်၍ ရှက်စရာဟုတ်သည်၌ မရှက်တတ်ကုန်သော မှားသော အယူရှိကုန်သော သတ္တဝါတို့သည် ဒုဂ္ဂတိဘဝသို့ ရောက်ကြကုန်၏။

၃၁၇။ ကြောက်စရာမဟုတ်သည်၌ ကြောက်စရာဟု ရှုလေ့ရှိကုန်၍ ကြောက်စရာ ဟုတ်သည်၌ ကြောက်စရာမဟုတ်ဟု ရှုလေ့ရှိကုန်သော မှားသော အယူရှိကုန်သော သတ္တဝါတို့သည် ဒုဂ္ဂတိဘဝသို့ ရောက်ကြရကုန်၏။

## နိဂဏ္ဌ တက္ကတွန်း

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ထွမ်းခွက်ကို အဝတ်ဖုံးကာ ကိုယ်လုံးတီးနေကြသော နိဂဏ္ဌတက္ကတွန်းတို့ကို အကြောင်းပြု၍ ဤဓမ္မဒေသနာတော်ကို ဟောကြားတော်မူလေသည်။

သာဝတ္ထိမြို့တော်၌ ဆွမ်းခံအောင် ရဟန်းတို့သည် ထိုတက္ကတွန်းများနှင့် တွေ့ကြသောအခါ "ငါ့ရှင်တို့၊ ကိုယ်လုံးတီးနေကြသော တက္ကတွန်းများထဲတွင် ဤတက္ကတွန်းတို့ကား ရှေ့တစ်ဖက်ကို ဖုံးလွှမ်းကြသော၍ အရှက်ရှိကြသေးသယောင်တကား" ဟု ဆိုကြ၏။ နိဂဏ္ဌတက္ကတွန်းတို့ကလည်း "ငါတို့သည် ရှက်သောကြောင့် ဖုံးလွှမ်းထားခြင်းမဟုတ်ပေ။ မြူမှုန့်၊ မြူမှုန့်များ စသည်တို့သည်လည်း အရှက်ရှိကြသည်သာဖြစ်၍ ထိုဝတ္ထုများ ဆွမ်းထဲသို့ မကျရောက်စေရန် ဖုံးထားခြင်းသာဖြစ်၏" ဟု ဆိုကြကုန်၏။ ထိုအကြောင်းကို ရဟန်းတို့က လျှောက်ထားကြသောအခါ ဘုရားရှင်က အထက်ပါ ဓမ္မဒေသနာတော်ကို ဟောကြားမူလေသတည်း။

ဒေသနာတော်အဆုံး၌ တက္ကတွန်းများစွာတို့သည် ထိုတ်လန့်ကြ၍ ရဟန်းပြုကြလေ၏။

### ဓမ္မဒေသနာတော်

၃၁၈။ အပြစ်မရှိသည်၌ အပြစ်ရှိ၏ဟု အယူရှိကြကုန်၍ အပြစ်ရှိသည်၌ အပြစ်မရှိဟု ရှုမြင်လေ့ရှိကုန်သော၊ မှားသော အယူရှိကုန်သော သတ္တဝါတို့သည် ဒုဂ္ဂတိဘဝသို့ ကျရောက်ကုန်၏။

၃၁၉။ အပြစ်ရှိသည်ကို အပြစ်ရှိသည်ဟုလည်းကောင်း၊ အပြစ်မရှိသည်ကို အပြစ်မရှိ ဟူ၍လည်းကောင်း သိကြကုန်သောကြောင့် ကောင်းသော သတ္တဝါတို့သည် သုဂတိဘုံဘဝသို့ ရောက်ကြကုန်၏။

## တိတ္ထိတို့၏ သာဝကများ

ဇေတဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် မိမိတို့၏ သားများအား ဘုရားကျောင်းသို့ မသွားရန် တားမြစ်ကြသော တိတ္ထိသာဝကများကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

သာဝတ္ထိမြို့တော်တွင် လူကြီးများသည် ဗုဒ္ဓသာဝကနှင့် တတ္ထိသာဝကဟူ၍ ကွဲပြားနေကြသော်လည်း သူတို့သားများမှာမူ အတူတကွ ကစားနေကြ၏။ သို့ဖြစ်၍ တတ္ထိသာဝကများသည် မိမိတို့သားများအား ဗုဒ္ဓသာသနာတော်ဘက်သို့ ပါသွားမည်စိုး၍ ရဟန်းမြင်လျှင် ရှိခိုးရန်၊ ဘုရားကျောင်းတော်သို့ မသွားရန် တားမြစ်ကြ၏။ တစ်နေ့သ၌ ကစားဖော်သူငယ်တို့သည် ဇေတဝန်ကျောင်းတော် နံဘေး၌ ကစားနေကြရာ ရေငတ်ကြသဖြင့် ဗုဒ္ဓသာဝက၏သားများသည် ကျောင်းတွင်းသို့ဝင်ရောက်သောက်၏။ တိတ္ထိသာဝကတို့၏ သားများမှာ မလိုက်ဝံ့ကြသဖြင့် မိမိတို့အတွက်ပါ ခပ်ခဲ့ကြပါရန် တောင်းပန်ကြ၏။ ဗုဒ္ဓသာဝကတို့၏ သားများက ကျောင်းတော်တွင်း၌ ရေသောက်ပြီးလျှင် ဘုရားရှင်ထံဝင်ရောက်ရှိခိုး၍ ကစားဖော်တို့ တောင်းပန်ပုံကို လျှောက်ထား၏။ ဘုရားရှင်က "သူတို့ကိုယ်တိုင်ရေလာသောက်ရန် လွှတ်လိုက်ကြကုန်"ဟု မိန့်ကြားတော်မူလေသည်။

သူငယ်တို့ကလည်း မိန့်ကြားတော်မူသည့်အတိုင်း ပြောကြလေရာ တတ္ထိသာဝက၏ သားများမှာ ကျောင်းတော်သို့ ဝင်၍ ရေသောက်ကာ ဘုရားရှင့်ထံတော်မှောက်သို့ ရောက်ကြရ၏။ ဤတွင် ဘုရားရှင်က သူငယ်တို့အား သာသနာတော်၌ မတုန်မလှုပ် သက်ဝင် ယုံကြည်လာစေရန် တရားဟောတော်မူကာ သရဏဂုံတို့၌ တည်စေတော်မူ၏။ ထိုသူငယ်တို့သည် အိမ်သို့ ပြန်၍ မိဘများအား ဤအကြောင်းကို ပြောပြလေရာ မိဘများသည် စိတ်မချမ်းမသာဖြစ်ကာ ငိုကြွေးကြရ၏။ ဗုဒ္ဓသာဝကများက သူတို့ကို တရားပြ၍ ဖျောင်းဖျကြခါမှ စိတ်သက်သာရလာကြကာ ဆွေမျိုးများနှင့် တကွကျောင်းတော်သို့လာ၍ မိမိတို့ သားများကို အပ်နှံကြကုန်၏။ ဤတွင် ဘုရားရှင်က သူတို့၏ စိတ်အလိုကို ချင့်ချိန်တော်မူကာ အောက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ တိတ္ထိသာဝကတို့သည် သရဏဂုံ သုံးပါးတို့၌ တည်ကုန်၏။ ထို့နောက် တရားတော်များ ဆင့်ကာဆင့်ကာ နာရသောအခါ သောတာပန်ဖြစ်ကြလေ၏။

# နာဂဝဂ်

ဒေသနာတော်

၃၂၀။ ဆင်ပြောင်ကြီးသည် စစ်မြေပြင်ရှိ လေးမှ ပစ်လွှတ်လိုက်၍ မိမိ
အပေါ် ကျရောက်လာသော မြားတို့ကို မတုန်မလှုပ် သည်းခံဘိ
သကဲ့သို့ ငါဘုရားသည် ကျူးလွန်စော်ကားသော စကားကိုသည်းခံ
အံ့။ လူအများသည် သီလမရှိသည်သာတည်း။

၃၂၁။ ယဉ်ကျေးသော ဆင်,မြင်း စသည်တို့ကိုသာ ပွဲသဘင်သို့ ဆောင်
ယူကုန်၏၊ ယဉ်ကျေးပြီးသော ဆင်,မြင်း စသည်တို့ကိုသာ မင်းသည်
စီး၏။ ကျူးလွန်စော်ကားသော စကားကို သည်းခံနိုင်သောသူသည်
ယဉ်ကျေးပြီးဖြစ်၍ လူတို့တွင် အမြတ်ဆုံးဖြစ်၏။

၃၂၂။ အဿတိုရ် မြင်းတို့သည် လည်းကောင်း၊ အာဇာနည် မြင်းတို့သည်
လည်းကောင်း၊ သိန္ဓောမြင်းတို့သည် လည်းကောင်း၊ ကုဉ္ဇရမည်
သော ဆင်ပြောင်ကြီးတို့သည် လည်းကောင်း ယဉ်ကျေးကြမှသာ
လျှင် မြတ်ကုန်၏။ ကိုယ်ရေစိတ်ပါ ယဉ်ကျေးပြီးသူသည် ထိုမြင်း
ထောင်း ဆင်ကောင်း ထက်တောင်တို့ထက် လွန်မြတ်၏။

## ကိုယ်တော်မြတ်၏ ယဉ်ကျေးခြင်း

ဃောသိတာရုံ ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ကောသမ္ဗီ
မြို့တော်တွင်း ဆွမ်းခံတော်မူစဉ် မာဂဏ္ဍီမိဖုရား၏ လူများက ဆဲရေးသော်
လည်း မိမိ၏ မတုန်မလှုပ် သည်းခံနိုင်ပုံကို အကြောင်းပြု၍ ဤဒေသနာ
တော်ကို ဟောကြားတော်မူလေသည်။

ကောသမ္ဗီမြို့တော်တွင်း၌ ဘုရားရှင် ဆွမ်းခံလှည့်လည်နေတော်မူ
စဉ် မာဂဏ္ဍီက တံစိုးလက်ဆောင်ပေး၍ ခိုင်းထားသောလူများက လမ်းဆုံ
လမ်းမများမှ ရပ်တာ ဘုရားရှင်ကို အမျိုးမျိုး ဆဲရေးကြ၏။ ဆဲရေးသည့်
ဒဏ်ကို မခံနိုင်သော် ဤမြို့တော်မှ ဘုရားရှင် ထွက်ပြေးစေရန်ဖြစ်၏၊ ဤ

တွင် အရှင်အာနန္ဒာက "အရှင်ဘုရား၊ မြို့သူမြို့သားတို့သည် အပည့်တော်တို့ကို ဆဲရေးကြပါသည်။ တပည့်တော်တို့ အခြားမြို့သို့ ပြောင်းရွှေ့ကြပါစို့ ဘုရား"

"အာနန္ဒာ၊ အခြားမြို့မှ မြို့သူမြို့သားများ ဆဲလျှင်ကော မည်သို့ပြုမည်နည်း"

"အရှင်ဘုရား၊ ထိုမှတစ်ဖန် အခြားမြို့သို့ ပြောင်းရွှေ့ကြပါမည် ဘုရား"

"အာနန္ဒာ၊ ဤသို့ မပြုသင့်ပေ။ အမိုက်ရှုက်ဖြစ်ပေါ်ရာ အရပ်၌သာလျှင် ထိုအမိကရှုက်ကို ငြိမ်းစေအပ်၏"

ဤသို့အားဖြင့် ဘုရားရှင်သည် အရှင်အာနန္ဒာ၏ လျှောက်ထားချက်ကို ငြင်းပယ်တော်မူပြီးလျှင် အထက်ပါဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ လမ်းဆုံလမ်းမတို့မှ ရပ်၍ ဆဲရေးသူတို့သည် သောတာပန် စသည် ဖြစ်ကြလေ၏။

ဒေသနာတော်

၃၂၃။ ဤဆင်ယဉ်၊ မြင်းယဉ်တို့ဖြင့် မရောက်ဖူးသေးသော အရပ်သို့ မရောက်နိုင်သည်သာတည်း။ စက္ခု စသော ဣန္ဒြေတို့ကို ဆုံးမသဖြင့်လည်းကောင်း၊ မိမိစိတ်ကို ကောင်းစွာ ဆုံးမသဖြင့်လည်းကောင်း ယဉ်ကျေးပြီးသော သူသည်သာ မရောက်ဖူးသေးသော နိဗ္ဗာန်သို့ ရောက်နိုင်၏။

## ဆင်ဆရာဖြစ်ဖူးသော ရဟန်း

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဆင်ဆရာဖြစ်ခဲ့ဖူးသော ရဟန်းကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

အစိရဝတီမြစ်ကမ်း၌ ဆင်ဆရာတစ်ဦးသည် ဆင်ကိုယဉ်ကျေးအောင် ဆုံးမနေရာ ဆုံးမ၍မရနိုင် ရှိနေ၏။ ဤတွင် ဆင်ဆရာဖြစ်ခဲ့ဖူးသော ရဟန်းသာ အခြားရဟန်းများမှတစ်ဆင့် ဆင်ကိုပိုင်နိုင်စွာ ဆုံးမနိုင်မည့်နည်းကိုပေးလေရာ ဆင်ဆရာသည် ထိုနည်းအတိုင်းလိုက်နာ၍ ဆင်ကို ပိုင်နိုင်စွာဆုံးမနိုင်၏။ ဤတွင် ဘုရားရှင်က ထိုရဟန်းကိုခေါ်၍ ရှုတ်ချတော်မူပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၃၂၄။ ပြင်းထန်စွာအမှန်ယစ်၍ နှိမ်နင်းရန် ခဲယဉ်းသော ဓနပါလ မည်သော ဆင်သည် အနှောင်အဖွဲ့ခံရသဖြင့် အစားအစာကို မစားနိုင်ချေ။ ဆင်သည် မိမိနေရာ ဆင်တောကိုသာ မှော်လျှင်၏။

## ပုဏ္ဏားအိုု၏သားများ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် သားများ၏ ပစ်ပယ်ခြင်းကို ခံခဲ့ရသော ပုဏ္ဏားအိုတစ်ယောက်ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

သာဝတ္ထိမြို့တော်မှ အသပြာရှစ်သိန်း ကြွယ်ဝသော ပုဏ္ဏားအို တစ်ယောက်သည် မိမိ၏သားလေးယောက်တို့ အိမ်ထောင်ပြုကြသောအခါ အသပြာတစ်သိန်းစီ ပေးလိုက်၏။ ထို့နောက် မိခင်ပုဏ္ဏေးမကြီး ကွယ်လွန်လေရာ ဖခင်ပုဏ္ဏားကြီး နေ့စက်အိမ်ထောင် ပြုလိုက်လျှင် ကျန်သော အသပြာလေးသိန်းကို မိမိတို့မရမည်စိုးကြသဖြင့် "မိမိတို့ ပြုစုလုပ်ကျွေးပါမည်"ဟု ဖခင်ကြီးကို ချော့မော့ ပြောဆိုကြပြီးလျှင် ကျန်ငွေကို ဝေပေးရန် တောင်းပန်ကြ၏။ ဖခင်ပုဏ္ဏားအိုကြီးကလည်း သားတို့၏စကားကို သဘောတူကာ မိမိဝတ်ရုံထားသော အဝတ်နှစ်ထည်ကိုသာ ချန်လှပ်၍ ကျန်အသပြာနှင့် အသုံးအဆောင်များကို ဝေ၍ပေးလိုက်၏။ ထို့နောက် ပုဏ္ဏားကြီးသည် သားကြီးအိမ်မှစတင်၍ နေထိုင်လေရာ သားကြီးနှင့်ချွေးမတို့က ရိုသေစွာ ပြုစုလုပ်ကျွေး၏။ နှစ်ရက် သုံးရက်ခန့် ရှိသောအခါတွင်ကား ပုဏ္ဏားကြီးရေချိုး၍ ပြန်လာသောအခါ ချွေးမက အိမ်ဝမှသိကြို၍ "ပုဏ္ဏားအိုကြီး၊ သင်သည် သားကြီးအား တစ်ရာတစ်ထောင် ပို၍ပေးခဲ့ပါသလော၊ အခြား သားများအိမ်သို့ မသွားတတ်ပြီလော" ဟု ဆို၏။ ပုဏ္ဏားအိုကြီးသည် အမျက်ထွက်၍ "အယုတ်တမာမ၊ ပျက်စီးလေလော့" ဟု ဆိုကာ ထိုအိမ်မှ ထွက်ခွာလာခဲ့လေသည်။

သားလတ်နှင့် သားငယ်များအိမ်တွင်လည်း ပုဏ္ဏားကြီးကား ဤသို့ ပင် တွေ့ကြုံရသဖြင့် ခိုကိုးရာမဲ့ ဖြစ်ကာ အဝတ်ဖြူဝတ်သော ပရိဗိုဇ်ပြုလုပ်၍ ဆွမ်းခံစားနေရ၏။ ဤသို့ဖြင့် အသက်အရွယ် ထောက်လာသည်တွင် အနေဆင်းရဲခြင်း၊ အစားဆင်းရဲခြင်းတို့ပါ ရောစွက်နေသဖြင့် အိုသင့်သည်ထက်ပို၍ အိုစာလာ၏။ အားအင်ကုန်ခန်း၍ ညှိုးနွမ်းလာ၏။ သူသည် မိမိ ရွေ့ရေးအတွက် ဓါးကိုးစရာ ဘာတစ်ခုမျှ မမြင်ရတော့သည့် အကွက်

ဘုရားရှင်ကို သတိရလာ၏။ "ဟန်ဆောင်ဂေါတမသည်ကား မျက်နှာထား ချိုသလောက်ပင်၊ စကားပြောလျှင်လည်း ချိုသာလှသည်။ အရှင်ဂေါတမ ထံ ချဉ်းကပ်ရလျှင် ကူညီစောင့်ရှောက်ပေလိမ့်မည်"ဟု တွေးတောကာ ဘုရားရှင်ထံ ဝင်ရောက်၍ မိမိ၏အဖြစ်ကို လျှောက်ထားလေသည်။

ဘုရားရှင်သည် လူအများ စုဝေးရာ ယခင်များ၌ ရွတ်ဆိုရန် အောက်ပါအကြောင်းအရာများကို ဂါထာစီကုံး၍ ပေးတော်မူ၏။

"အကြင်သားတို့ကြောင့် ကျွန်ုပ် နှစ်သက် ဝမ်းမြောက် ခဲ့ရ၏။ အကြင်သားတို့၏ ကြီးပွားခြင်းကို အလိုရှိခဲ့၏။ ခွေးတို့သည် ဝက်ကို ဟောင်၍ နှင်ထုတ်ကြသကဲ့သို့ ထိုသားတို့သည် မယားတို့နှင့် တိုင်ပင်ကာ ငါ့ကို နှင်ထုတ်ကြကုန်၏။

သူတော်မဟုတ် ယုတ်မာလှသော ရက်စက်သူတို့သည် အရွယ်လွန်သော ငါ့ကို စွန့်ကုန်လေပြီတကား။

အိုမင်းပြီဖြစ်၍ အသုံးမကျသော မြင်းကို အစာမကျွေးဘဲ ဖယ်ထားဘိသကဲ့သို့ သူမိုက်တို့၏ ဖခင်အိုသည် သူတစ်ပါးမှာ တောင်းစားနေရ၏။

"ငါ၏ လက်စွဲတောင်ဝှေးသည်ကား မြတ်သေး၏။ ငါ့ကို ရိုသေ လေးစားခြင်းမရှိသော သားတို့ကား မမြတ်ကုန်။ တောင်ဝှေးသည် ကြမ်းတမ်းသော နွားကိုလည်း တားမြစ်နိုင်၏။ ထို့ပြင် ကြမ်းတမ်းသော ခွေး ကိုလည်း တားမြစ်နိုင်၏။

တောင်ဝှေးသည် မှောင်မိုက်ထဲ၌ ရှေ့ဆောင်လမ်းပြဖြစ်၏။ နက် သောရေ၌ ထောက်တည်ရာရ၏။ ချော်လဲသော်လည်း တောင်ဝှေး၏ အစွမ်းအားဖြင့် ပြန်၍ ရပ်တည်နိုင်၏။ ထို့ကြောင့် တောင်ဝှေးသည် သားတို့ထက် မြတ်သေး၏"

ပုဏ္ဏားကြီးသည် ဤဂါထာတို့ကို အမိအရ သင်ယူပြီးလျှင် လူအများ စည်းဝေးရာသို့ ဝင်ရောက်လာ၏။ သူ၏ သားလေးယောက်တို့သည် ဝတ် စားတန်ဆာ အပြည့်အစုံဖြင့် အစည်းအဝေးတက်နေကြကာ သူ့ကို မမြင် ချင်ယောင်ဆောင်ကြ၏။ ဤတွင် ပုဏ္ဏားကြီးသည် ရိုသတ်ကို တောင်းပန် ပြီးလျှင် အထက်ပါဂါထာကို ရွတ်ဆိုပြလိုက်၏။ ထိုစဉ်အခါ၌ "မိဘ များကို ပြုစုလုပ်ကျွေးခြင်းမရှိသော သားဆိုးသားမိုက်များကို လူအများ က သတ်ပစ်ကြစတမ်း"ဟု ကျင့်ဝတ်တင်ခဲ့ပြီ၍ ထားကြလေရာ ထိုသား လေးယောက်တို့သည် ဆေးဘေးကို ကြောက်သဖြင့် ဖခင်အို၏ ခြေရင်းမှ ဝပ်စင်းလာကြ၏။ ဖခင်ပုဏ္ဏားအိုကြီးကား မိမိကို စွန့်ပစ်ရက်ကြသော

ဆားမျှားကိုပင် ဖခင်စိတ်ဖြင့် သည်းခံခွင့်လွှတ်ကာ သတ်မည်ဖြတ်မည် ပြုနေသူများကိုပင် တားမြစ်၍ ပေးလေသည်။

သားလေးယောက်တို့သည် ဖခင်အိုကြီးကို အင်းပျဉ်ပေါ်တင်၍ ထမ်းကာ အိမ်သို့ခေါ်၍ ကောင်းမွန်စွာ ပြုစုလုပ်ကျွေးကြ၏။ ယောက်ျားများကိုလည်း "ပြုစုလုပ်ကျွေးခြင်းမရှိလျှင် နှိပ်စက်မည်" ဟု ခြိမ်းခြောက်ထားကြ၏။ ချမ်းသာစွာ အိပ်စက်စားသောက်ရပြီးဖြစ်သော ပုဏ္ဏားအိုကြီးသည် ဘုရားရှင်ကို ကျေးဇူးတင်လှသဖြင့် မိမိရရှိသော ပုဆိုးအစုံကို ဘုရားရှင်ထံ လှူဒါန်း၏။ နေ့စဉ်ရနေသော ထမင်းအုပ် လေးအုပ်အနက်မှ နှစ်အုပ်ကို လှူဒါန်း၏။ ထိုနေ့သည်၌ သားအကြီးဆုံးအိမ်၌ မင်္ဂလာပွဲလုပ်ရှိရာ ဖခင်ကြီး၏သခ္ခာရ ဘုရားရှင်နှင့်တကွ ရဟန်းငါးရာတို့ကို ပင့်ဖိတ်ပြီးလျှင် ရေမရောအား နို့ဃနာဆွမ်းနှင့် မွန်မြတ်သော ခဲဖွယ်တို့ကို ပြုစုလုပ်ကျွေး၏။ ဘုရားရှင်က "သင်တို့သည် ကောင်းသောအမှုကို ပြုကြလေကုန်၏။ အမိအဖ တို့ကို ပြုစုလုပ်ကျွေးခြင်းကား ရှေးပညာရှိတို့၏ အလေ့အကျက်ပေတည်း" ဟု မိန့်တော်မူကာ အောက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ သားများ၊ ချွေးမများနှင့်တကွ ပုဏ္ဏားအိုကြီးတို့ သောတာပန် ဖြစ်ကြလေ၏။

(ဘုရားရှင် ယမိကို ပြုစုလုပ်ကျွေးပုံနှင့်ပတ်သက်၍ ဟောကြားထားသော မာတုပေါသကဇာတ်ကို ကောဒေသကနိပါတ်မှာ ရှုပါ။)

ဒေသနာတော်

၃၂၅။ ငိုက်မျဉ်းလျက်၊ မျောက်မျဉ်းအိပ်လျက်၊ အစားကြီးလျက် ကျွေး မွေးထားသော၊ ဝက်ကြီးကဲ့သို့ တလူးလူးတလိမ့်လိမ့် အိပ်လေ့ရှိ သော ပညာနဲ့သူသည် အနိစ္စ စသော လက္ခဏာတို့ကို မဆင်ခြင် နိုင်သောကြောင့် အပန်တလဲလဲ အမိဝမ်း၌ ပဋိသန္ဓေနေရ၏။

## ကောသလမင်းကြီး

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် များစွာ စား သောက်လာသဖြင့် ဘုရားရှင်ရှေ့မှာ ငိုက်မျဉ်းနေသော ကောသလမင်း ကြီးကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

[အစားကြီးလှသော ကောသလမင်းကြီးအား အစားလျှော့နိုင်ရန် ဘုရားရှင် ညွှန်တော်မူပုံကို သုခဝဂ်၊ ကောသလမင်းကြီးဝတ္ထုမှာ ရှုပါ။]

ဇာတ်လမ်းကြီမ်

ဒေသနာစကား

၃၂၆။ ဤစိတ်သည် ရှေးအခါက လိုရာအာရုံကို လိုက်စားလျက် အလိုရှိရာ၊ ကောင်းနိုးရာရာ လှည့်လည်ကျက်စားခဲ့လေပြီ။ ချွန်းကိုင်ထားသော ဆင်ထိန်းသည် အမုန်ယစ်သောဆင်ကို နှိပ်ကွပ်ဘိသကဲ့သို့၊ ယခု ငါသည် ထိုစိတ်ကို အသင့်အတင့် နှလုံးသွင်းခြင်းဖြင့် နှိပ်ကွပ်ပေအံ့။

# အရှင် သာနု

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် သာမဏေဘ၀ တုန်းက လူထွက်ရန်ကြံစည်ခဲ့ဖူးသော အရှင်သာနုကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ငယ်စဉ်ကပင် ရှင်ပြုလာခဲ့သော သာနုသာမဏေသည် ဥပဇ္ဈာယ်ဆရာ၊ နိဿယရည်းဆရာတို့အား ဝတ်ကြီးဝတ်ငယ်ပြုစုခဲ့၏။ လဆန်းရှစ်ရက်နေ့တိုင်း နံနက်စောစောထ၍ သောက်ရေအိုးစင်၌ ရေခပ်ထည့်၏။ တရားနာရာ အရပ်၌ တံမြက်လှည်း၏။ ညမှောင်လာသောအခါ ဆီမီးထွန်းညှိ၏။ ထို့နောက် တရားနာလာကြရန် ကြွေးကြော်၍ ပရိသတ်စု၏။ ပရိသတ်များ စုဝေးလာကြသောအခါ ရဟန်းအများက တိုက်တွန်းကြသဖြင့် သာနုသာမဏေပင် တရားပလ္လင်ပေါ်တက်ကာ သာယာသောအသံဖြင့် တရားဟော၏။ တရားဟောပြီး၍ တရားပလ္လင်မှ ဆင်းသောအခါ "ဤသို့ တရားဟောရသော ကုသိုလ်အဖို့ကို ငါ၏မိခင်ဖခင်တို့အား အမျှပေးဝေပါ၏" ဟု ဆို၍ အမျှပေး၏။ သူ၏အမျှပေးဝေသံကို ယခုဘ၀မှ မိခင်က မကြားမသိသော်လည်း ယခင်ဘ၀က မိခင်တော်ခဲ့သော ဘီလူးမကား တရားနာရင်း ကြားသိသဖြင့် ဝမ်းမြောက်စွာ သာဓုခေါ်လေသည်။

ဘီလူးမနှင့်အတူ တရားနာလာကြသော နတ်များနှင့် ဘီလူးများသည် သာနုသာမဏေကို ရိုသေလေးစားကြသဖြင့် သာနုသာမဏေ၏ မယ်တော်ကိုလည်း အရိုအသေပေးလာကြ၏။ နေရာဦး၊ ထမင်းဦးပေးလာကြ၏။ တန်ခိုးကြီးသော ဘီလူးတို့သည် ထိုဘီလူးမကို မြင်လျှင် လမ်းဖယ်ပေးရုံမက နေရာမှပင်ထပေးကြလေသည်။

သာနုသာမဏေ အသက်နှစ်ဆယ်သို့ ရောက်သောအခါ သာသနာတော်၌ မပျော်ပိုက်တော့သဖြင့် လူထွက်ရန် မိခင်အိမ်သို့ ပြန်လာ၏။ မယ်တော်ကြီးက လူ့ဘောင်မှာ နေရခြင်း၏ အပြစ်များကို ပြောပြပါသော်လည်း သာမဏေကား လက်မခံနိုင်ပေ။ သို့ဖြစ်၍ မယ်တော်ကြီးက "ချစ်

သား၊ ခေတ္တခနဦးလော့၊ ချစ်သားအတွက် ယာဂုနှင့် ဆွမ်းကို ချက်ပါဦးမည်။ ယာဂုသောက်ပြီး ဆွမ်းစားပြီးမှ ငါသွားလိုချင်သောအဝတ်ကို ထုတ်ပေးပါမည်'' ဟု ပြောဆိုနှစ်သိမ့်သား၏။ သားဖြစ်သူကို အချိန်ဆွဲထားလျက် မယ်တော်ကြီး ဆန့်ဆေးနေစဉ်တွင် မယ်တော်ဟောင်းဘီလူးမသည် သာနုသာမဏေ၏ စိတ်အကြံကို သိသဖြင့် လူထွက်ခြင်းကို တားဆီးနိုင်ရန် မယ်တော်၏ကိုယ်တွင် ဝင်ရှိုပူး၏။ လည်ပင်းနောက်ပြန်ဖြစ်ကာ တံတွေးများ ယိုစီးလျက် မြေပေါ်မှာ လဲကျအောင်ပြုလုပ်သားလေသည်။

''သာနုသာမဏေ လူထွက်မည်ကြံလျှင် ဤသို့ပင်လဲ၍ နှိပ်စက်ဦးမည်။ ကောင်းကင်တွင်ပျံနေသော်လည်း လွတ်မည်မဟုတ်'' ဟု ကြုံးဝါးပြီးလျှင် ဘီလူးမလည်း ထွက်ခွာသွား၏။ သာနုသာမဏေကား မိမိ၏အဖြစ်ကို မသိသေးပေ။ ဆံပင်ဖရိုဖရဲ စိုရွှဲနေသော မျက်ရည်ဖြင့် ငိုကြွေးနေသော မိခင်ကြီးကိုလည်းကောင်း၊ စုဝေးနေသော ပရိတ်သတ်ကိုလည်းကောင်း တွေ့မြင်ရသဖြင့် တအံ့တသြဖြစ်ကာ မယ်တော်ကြီးအား မေးမြန်း၏။ မယ်တော်ကြီးက ''ချစ်သား၊ မယ်တော်တို့ ငိုကြွေးရခြင်းမှာ ချစ်သားလူထွက်မည်ဆို၍ ငိုကြွေးခြင်းသာ ဖြစ်ပါသည်။ ကာမဂုဏ်ကို စွန့်ပစ်ကာ သာသနာတော်ဝင်ရောက်ပြီးခါမှ လူ့ဘောင်သို့ ပြန်ဆင်းလာသူသည် အသက်ရှင်သော်လည်း လူသေနှင့်မခြားပါ'' ဟု ပြောဆိုကာ ဘီလူးဖမ်းစားပုံကိုလည်း ပြောပြ၏။ ဤသို့ သာနုသာမဏေသည် လူထွက်ရန် အကြံကို စွန့်လွှတ်လိုက်လေသည်။

မယ်တော်ကြီးသည် သာမဏေ၏အသက် တွက်စစ် ကြည့်ကာ အသက်နှစ်ဆယ် ပြည့်နေပြီဖြစ်၍ သင်္ကန်းသုံးထည်နှင့်တကွ ရဟန်းပရိက္ခရာများစုဆောင်း၏။ မယ်တော်ကြီးလှူဒါန်းခဲ့သော ပရိက္ခရာများဖြင့်ပင် သာနုသာမဏေသည် ရဟန်းဘောင်သို့ တက်ရ၏၊ ထိုနောက် အရှင်သာနုသည် ဘုရားထံချဉ်းကပ်လေရာ ဘုရားရှင်က မိမိစိတ်ကို နှိပ်ကွပ်စေနိုင်ရန် အထက်ပါဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ သာနုသာမဏေနှင့်တကွ တရားနာနေကြသော နတ်များစွာတို့ပါ သစ္စာလေးပါးကို သိကြလေ၏။ အရှင်သာနုသည် ပိဋကတ်သုံးပုံကို သင်ယူတတ်မြောက်၍ ထင်ရှားကျော်ကြားသော ဓမ္မကထိကာ ပုဂ္ဂိုလ်ကြီးဖြစ်ပြီးလျှင် အသက်တစ်ရာ့နှစ်ဆယ်တွင် ပရိနိဗ္ဗာန်ပြုလေ၏။

ဒေသနာတော်

၃၂၇။ မငမ့ မလျော့ခြင်း၊ အပ္ပမာဒ တရား၌ မွေ့လျော်ကြကုန်လော့။ မိမိ စိတ်ကို စောင့်ရှောက်ကြကုန်လော့။ ညွန်၌ ကျွံနစ်နေသော ဆင်သည် မိမိကိုယ်ကို ညွန်ထဲမှထုတ်ဆောင်သကဲ့သို့ သင်တို့သည် ကိလေသာ ညွန်ထဲမှ မိမိကိုယ်ကို ထုတ်ဆောင်ကြကုန်လော့။

## ပါဝေယျက ဆင်ကြီး

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးနေတော်မူစဉ် မိမိကိုယ်ကို ညွန်ထဲမှ ထုတ်ဆောင်သော ပါဝေယျက ဆင်ကြီးကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော် မူလေသည်။

ရှေးယခင်ကတုန်းက အားခွန်ဗလကြီးမားခဲ့သော ပါဝေယျက ဆင်ကြီးသည် အရွယ်အိုမင်းသောအခါ ဆင်အားဆုတ်ယုတ် လာသဖြင့် ညွန်အိုင်တစ်ခုကို ဆင်းရာမှ ပြန်မတက်နိုင်ချေ။ ကောသလမင်းကြီးသည် မိမိ၏ဆင်ကြီး ညွန်နစ်နေသည်ကို ကြားသိသဖြင့် ဆင်ကြီးအား ညွန်ထဲမှ ထုတ်ဆောင်ပေးရန် ဆင်ထိန်းတို့အား အာပန်ပေး၏။ ဆင်ထိန်းသည် အနီးအနား၌ စစ်ပွဲကြီးဖြစ်နေသကဲ့သို့ သူ့ကြွက်နှင့်လုပ်ကာ စစ်စည်များ ထိုး ခတ်စေ၏၊ ဤတွင် ပါဝေယျကဆင်ကြီးသည် စစ်စိတ်စစ်မာန်များ ထက် လာကာ ညွန်ထဲမှ မိမိဘာသာ ရုန်း၍ ထွက်လာ၏။ ဤအကြောင်းကို ရဟန်းများက လျှောက်ထားကြသောအခါ ဘုရားရှင်က ထိုဆင်ကြီးကို ဥပမာပြုကာ အထက်ပါ ဒေသနာတော်ကို ဟောကြားတော် မူလေသ တည်း။

ဒေသနာတော်အဆုံး၌ ထိုရဟန်းတို့သည် ရဟန္တာ ဖြစ်ကြလေ၏။

ဒေသနာတော်

၃၂၈။ ပညာလည်းရှိ၊ အကျင့်လည်းတူ၊ ကောင်းစွာနေထိုင်၊ ခံ့ခိုင်သော သမာဓိရှိသော အဖော်ကို ရပါမူ ဘေးရန်ဟူသမျှကို နှိမ်နင်း၍ ထိုအဖော်နှင့်အတူ ဝမ်းမြောက်ဝမ်းသာ ကြည်ဖြူစွာ သတိ ယှဉ်လျက် ကျင့်သုံးရာ၏။

၃၂၉။ ပညာလည်းရှိ၊ အကျင့်လည်းတူ၊ ကောင်းစွာနေထိုင်၊ ခံ့ခိုင်သော သမာဓိရှိသော အဖော်ကို မရပါမူကား၊ မင်းသည် မိမိ နိုင်ငံကို စွန့်ပစ်ကာ တစ်ယောက်တည်းနေသကဲ့သို့ လည်းကောင်း၊

စတုတ္ထအကြိမ်

ဤပါလိလေယျက ဆင်မင်းသည် ဆင်အုပ်ကိုခွဲ၍ တောထဲ၌ တစ်စီး တည်း နေထိုင်ကဲ့သို့ လည်းကောင်း တဦးတည်းသာလျှင် ကျင့်သုံး ရာ၏။

၃၃၀။ တစ်ဦးတည်းကျင့်သုံးရခြင်းသည်မြတ်၏။ လူမိုက်နှင့် ပေါင်းဖေါ်၍ အကျိုးမရှိပေ၊ တောထဲ၌ ကြောင့်ကြခြင်းမရှိသော ဤဆင်ကြီး သည် ချမ်းသာစွာ စံနေထိုင်ရသကဲ့သို့၊ တစ်ဦးတည်း ချမ်းသာစွာ နေရာ၏။ မကောင်းမှုကို လုံးဝမပြုရာ။

## ရဟန်းများစွာ (ပါလိလေယျက)

ပါလိလေယျကတော၌ ပါလိလေယျလ ဆင်မင်း၏ အလုပ်အကျွေးကို ခံယူ၍ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အရှင်အာနန္ဒာနှင့် လိုက်ပါလာသော ရဟန်းငါးရာတို့အား ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

[ပါလိလေယျက တောသို့ ကြွ၍ သီတင်းသုံးတော်မူပုံ အကြောင်း စုံကို ယမကဝဂ်၊ ကောသမ္ဗီရဟန်းဝတ္ထုမှာ ရှုပါ။]

### ဒေသနာတော်

၃၃၁။ အရေးကိစ္စ ပေါ်ပေါက်လာသောအခါ အဆွေခင်ပွန်း ရှိခြင်းသည် ချမ်းသာ၏။ ရတတ်သမျှသော ပစ္စည်းဖြင့် ရောင့်ရဲခြင်းသည် ချမ်းသာ၏။ အသက်ကုန်ခါနီး၌ ကုသိုလ်ကောင်းမှု ရှိခြင်းသည် ချမ်းသာ၏။ ဆင်းရဲခြင်းအလုံးကို ပယ်ဖျက်ခြင်းသည် ချမ်းသာ၏။

၃၃၂။ လောက၌ အမိကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာကြောင်း ဖြစ်၏။ အဖကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာကြောင်း ဖြစ်၏။ လောက၌ ရဟန်းတို့ကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာကြောင်း ဖြစ်၏။ ထို့ပြင် မကောင်းမှုမှအပ ပြုပြီးကုန်သော ဘုရား၊ ပစ္စေက ဗုဒ္ဓါ၊ ရဟန္တာတို့ကို ပြုစုလုပ်ကျွေးရခြင်းသည် ချမ်းသာကြောင်း ဖြစ်၏။

၃၃၃။ သီလရှိခြင်းသည် အိုသည့်တိုင်အောင် ချမ်းသာ၏။ သဒ္ဓါတရား တည်တံ့နိုင်မြဲခြင်းသည် ချမ်းသာ၏။ ပညာကိုရခြင်းသည် ချမ်း သာ၏။ မကောင်းမှုကိုမပြုခြင်းသည် ချမ်းသာ၏။

## မာရ်နတ်မင်း (မင်းပြုရန်)

ဟိမဝန္တာအရပ်ရှိ တောကျောင်း၌ ဘုရားရှင် သီတင်းသုံးတော် မူစဉ် မင်းပြုရန် လှောက်ထားလာသော မာရ်နတ်မင်းကို အကြောင်းပြု၍ ဤ ဒေသနာတော်ကို ဟောကြားတော် မူလေသည်။

ထိုအချိန်၌ ဟိမဝန္တာ အနီးအပါးရှိ မင်းတို့သည် တိုင်းသူပြည်သားတို့ကို နှိပ်စက်ညှဉ်းပန်း၍ မင်းပြုကြကုန်၏။ ဘုရားရှင်သည် တရားသဖြင့် အပြစ်ဒဏ်ခံကြရကုန်မယ်ဆ သူတို့ကို မြင်တော်မူလေရာ သနားတော်မူလျှ၍ "မညှဉ်းပန်းသင့်သူကို မညှဉ်းပန်းကြဘဲ တရားသဖြင့် မင်းပြုကြအောင် ငါ စီမံဆောင်နိုင်မည်လော"ဟု ကြံစည်တော်မူ၏။ ထိုအကြံအစည်ကို မာရ်နတ်မင်း သိရှိက "ဘုရားရှင် မင်းပြုလျှင် မေ့မေ့လျော့လျော့ ရှိလာမည်ဖြစ်၍ မိမိအတွက် အခွင့်သာမည်"ဟု မျှော်လင့်ကာ ဘုရားရှင်ထံ ဝင်ရောက်လာကာ "အရှင်ဘုရား၊ အရှင်ဘုရားရှင်သည် မင်းစစ်အားဖြင့် ဣဒ္ဓိပါဒ် လေးပါးကို ပွားများပြီ သူဖြစ်ပါ၏။ အရှင်ဘုရားအလိုတော်ရှိ၍ ဟိမဝန္တာ တောင်ကြီးတစ်ခုလုံးကို ရွှေဖြစ်စေဟု နှလုံးသွင်းလျှင် ဟိမဝန္တာ တောင်ကြီးသည် ရွှေတောင်ကြီး ဖြစ်ရာ၏။ တပည့်တော်သည် ထိုရွှေများဖြင့် လိုအပ်သမျှပစ္စည်းများကို စုဆောင်းပေးပါမည်။ အရှင်ဘုရားတို့သည် တရားမင်း ပြုတော်မူကြပါဘုရား"ဟု လျှောက်ထားလေသည်။

ဘုရားရှင်က မာရ်နတ်မင်း၏ လျှောက်ထားချက်ကို လက်ခံတော်မမူဘဲ "ဟယ် မာရ်နတ်၊ တောင်ကြီးတစ်ခုလုံးက တောင်ကြီးနှစ်လုံးစာ ရွှေစင်အတိ ဖြစ်လာသော်လည်း လူတစ်ယောက်၏အလိုကို မပြည့်စေနိုင်ပေ။ ဟယ် မာရ်နတ်ယုတ်၊ သင်၏အဆုံးအမသည် တခြားဖြစ်၍ ငါ၏ အဆုံးအမကား တခြားသာတည်း"ဟု မိန့်တော်မူကာ အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

# တဏှာဝဂ်

## ဒေသနာတော်

၃၃၄။ မေ့မေ့လျော့လျော့ နေထိုင်သော သတ္တဝါအား တဏှာသည် မာလောနွယ်ကဲ့သို့ တိုးပွား၏။ သစ်သီးကို အလိုရှိသော မျောက်သည် တောတွင်း၌ တစ်ပင်မှ တစ်ပင်သို့ ခုန်လွှားကူးသန်းနေသကဲ့သို့ ထိုတဏှာတိုးပွားခြင်းသည် တစ်ဘဝမှ တစ်ဘဝသို့ ပြေးသွားရ၏။

၃၃၅။ ပြိတ်မြက်သည် မိုးရွာသောအခါ တိုးပွားသကဲ့သို့ လောက၌ ကပ်ငြိတွယ်တာ၍ ယုတ်မာသော ဤတဏှာ အညှဉ့်ဆဲခံရသူအား စိုးရိမ်ကြောင့်ကြမှုတို့သည် တိုးပွားကုန်၏။

၃၃၆။ ရေပေါက်သည် ကြာရွက်မှ လျောကျသကဲ့သို့ လောက၌ လွန်ဆန်နိုင်ခဲသော ယုတ်မာသော ထိုတဏှာကို ညှဉ့်ဆဲနိုင်ခဲ့ပါလျှင် ထိုသူ့ထံမှ စိုးရိမ်ကြောင့်ကြခြင်းတို့သည် လျောကျကုန်၏။

၃၃၇။ ထို့ကြောင့် ဤအရပ်၌ စည်းဝေးလာကြကုန်သော သင်တို့အား ငါသည် ကောင်းသောစကားကို ဆိုပေအံ့။ ပန်းမှုင်းဟု ခေါ်သော ပြိတ်မြက်၏ အမြစ်ကို အလိုရှိသူသည် ပြိတ်မြက်ပင်ကို တူးရသကဲ့သို့ နိဗ္ဗာန်ကို အလိုရှိလျှင် တဏှာ၏ အရင်းအမြစ်ကို တူးပစ်ကြကုန်လော့။ ရေအလျဉ်သည် ကျူပင်ကို ဖျက်ဆီးသကဲ့သို့ ကိလေသာမာန်သည် သင်တို့ကို အဖန်တလဲလဲ မဖျက်ဆီးစေလင့်။

## ကပိလရွှေငါးကြီး

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အစိရဝတီမြစ်မှ ဖမ်းဆီးမိသော ကပိလ ငါးကြီးကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

သာဝတ္ထိမြို့တော်တံခါးအနီးရှိ တံငါရွာတစ်ရွာတွင် တံငါသည် ငါးရာတို့ နေထိုင်ကြ၏။ ထိုသူတို့သည် ကဿပ မြတ်စွာဘုရား သာသနာတော်၌ ခိုးသားများဖြစ်ကာ ရွာသူရွာသားများက လိုက်လံဖမ်းဆီးသဖြင့်

စတုတ္ထအကြိမ်

စောစသို့ထွက်ပြေးလာကြ၏။ တောထဲမှာတွေ့ရသော ရဟန်းထစ်ပါးထံမှ သီလ ခံယူဆောက်တည်ကြပြီးလျှင် သူတို့သည် ရှာ သူရှာသား တို့အားစိတ် အေးဖြင့်ပင် မဖြစ်မှားဘဲ အသက်ခံကြရကား နတ်ပြည်သို့ ရောက်ကြ၏။ ဘုရားနှစ်ဆူ ကာလတစ်လျှောက် နတ်စည်းစိမ်ကိုခံစားကာ ဤဘုရားရှင်၏ သာသနာတော်၌ တင်္ဂါရွာတွင် ယခင်ဘဝများအတိုင်း တစ်စုတစ်ဝေး ကြီး ဖြစ်လာကြရ၏။ သူတို့သည် အစိရဝတီမြစ်ထဲ၌ ပိုက်ကွန်ပစ်၍ ငါးဖမ်းကြသောအခါ လှုဆော ငါးကြီးကို ဖမ်းမိကြလေသည်။

ငါးကြီးမှာ ရွှေအဆင်းကဲ့သို့ လှပနေသဖြင့် ဆုတော် လာဘ်တော် ရရှိလိမ့်မည်ဟု မျှော်လင့်ကာ လှေထဲမှထုတ်၍ ယူလာကြပြီးလျှင် ကောသလမင်းကြီးထံ ဆက်သကြ၏။ 'ဤရွှေငါးကြီးအကြောင်းကို ဘုရားရှင် သိတော်မူလိမ့်မည်'ဟု တွေးတော၍ ကောသလမင်းကြီးကလည်း ငါး ကြီးကို ယူစေ၍ ဘုရားရှင်ထံ သွားရောက်၏။ ဇေတဝန်ကျောင်းတော် ရောက်၍ ငါးကြီး ပါးစပ်ဟလိုက်သောအခါ ဇေတဝန်ကျောင်းတိုက်ကြီး တစ်ခုလုံး အပုပ်နံ့ ကြီး လွှမ်းမိုးသွားလေသည်။

ကောသလမင်းကြီးက ရွှေအဆင်းကဲ့သို့ အဆင်းလှခြင်းနှင့် အပုပ်နံ့ ထွက်ရခြင်းတို့၏ အကြောင်းကို မေးလျှောက်၏။ ဘုရားရှင်က "မင်းကြီး၊ ဤရွှေငါးသည် ကဿပမြတ်စွာဘုရား၏ သာသနာတော်၌ ကပိလမည်သော ရဟန်းတစ်ပါးဖြစ်ခဲ့၏။ ပိဋကတ်သုံးပုံဆောင်ဖြစ်ကာ ပရိယတ် ကျမ်းဂန် များ ပို့ချနိုင်သဖြင့် အခြံအရံနှင့် လာဘ်လာဘကိုမှီ၍ မာန်မာနနှင့် လော ဘတို့ ကြီးပွားကာ မှာသ့စကားကိုမျှ မနာယူခဲ့ဘဲနေခဲ့၏။ အပ်စပ်သော အမှုကို မအပ်စပ်ဟု ဆိုခဲ့၏။ မအပ်သောအမှုကို အပ်စပ်သည်ဟု ဆိုခဲ့၏။ အပြစ်ရှိသော အမှုကို အပြစ်မရှိဟု ဆိုခဲ့၏။ အပြစ်မရှိသောအမှုကို အပြစ် ရှိသည်ဟုဆိုခဲ့၏။ ဤသို့ဖြင့် ကဿပဘုရားရှင်၏ သာသနာတော်ကြီး ဆုတ်ယုတ်လာရ၏။ ထိုအကုသိုလ်ကံကြောင့် ကပိလရဟန်းသည် သေဆုံး သောအခါ အဝီစိငရဲသို့ ကျရောက်ရ၏၊ ဘုရားရှင်၏ဒေသနာတော်များ ကို ပို့ချခြင်း၊ ဘုရားရှင်ဂုဏ်တော်များကို ချီးကျူးခြင်းတို့ကြောင့် ရွှေ အဆင်းကဲ့သို့ လှပတင့်တယ်ရ၏။ မိမိစကားကိုနာယူသော ရဟန်းတို့ အား ဆဲရေးခဲ့သဖြင့် ခံတွင်းမှအပုပ်နံ့ ထွက်ရ၏"ဟု မိန့်တော်မူလေသည်။

ထို့နောက် ဘုရားရှင်က ငါးကြီးထံသို့ မျက်နှာ တော်မူကာ

"အို ငါးကြီး၊ သင်သည် ကပိလရဟန်းဖြစ်ခဲ့သည် မှန်ပါသလော" ဟု မေးတော်မူရာ "အရှင်ဘုရား၊ မှန်ပါသည်။ တပည့်တော် ကပိလရဟန်း

ဖြစ်ခဲ့ပါသည်''ဟု ငါကြီးက လျှောက်၏။ တစ်ဖန် ဘုရားရှင်က ဆက်လက်၍

''သင် ဘယ်အရပ်မှလာသနည်း''

''တပည့်တော် အဝီစိငရဲမှ လာခဲ့ပါသည်ဘုရား''

''သင့် နောင်တော်ကြီး ဖြစ်ခဲ့သော သောဓနမထေရ် အဘယ်သို့ ရောက်သွားသနည်း''

''ပရိနိဗ္ဗာန် စံသွားပါပြီဘုရား''

''သင်၏မိခင် သိက္ခာနီမ သာဓနီနှင့် နှမဖြစ်သူ သိက္ခာနီမ တာပနာ တို့ ယခုဘယ်ရောက်နေကြသနည်း''

''တပည့်တော် ဘက်က်နေ၍ ရဟန်းတို့ကို ဆဲရေးခဲ့သောကြောင့် အဝီစိငရဲမှာ ရောက်နေကြပါသည် ဘုရား''

''ယခု အသင်ဘယ်သို့ သွားမည်နည်း''

''တပည့်တော် အဝီစိငရဲသို့ သွားရပါလိမ့်မည်ဘုရား''

ဘုရားရှင်၏မေးခွန်းများကို ဖြေကြားပြီးလျှင် ကပိလငါးကြီးသည် စိတ်မချမ်းသာဖြစ်ကာ လောက် ဦးခေါင်းဖြင့် ရိုက်၍ သေဆုံး၏။ သူ လျှောက်ထားသည့်အတိုင်း အဝီစိငရဲသို့ ကျရောက်သွားလေသည်။

ဘုရားရှင်သည် ကပိလငါးကြီးအကြောင်း သိသာထင်ရှားအောင် မေးမြန်းတော်မူပြီးနောက် ပရိတ်သတ်တို့၏ စိတ်အလိုကို ကြည့်ရှုတော်မူ ၍ အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

တံငါသည် ငါးဖမ်းတို့သည် သတိသံဝေဂရရှိကာ ဘုရားရှင်ထံတွင် ရဟန်းပြုကြ၏။ ကြာမြင့်မှာ မဟန္တ ဖြစ်ကာ အာသဝက္ခယဉာဏ်ကို ဝင်စား ကြလေ၏။

ဒေသနာတော်

၃၃၈။ ခိုင်မြဲသော ဒေသောက်မြစ်ကို မဖျက်ဆီးဘဲ ဝင်စည်ကိုသာ ဖြတ် ထားသော သစ်ပင်သည် တစ်ဖန် ပေါက်ရောက် စည်ကားလာပြန် သကဲ့သို့ ဤအတူ ကိန်းအောင်းနေသော တဏှာကို မဖျက်ဆီးအပ် သေးသည် ရှိသော် ဆင်းရဲခြင်းသည် အဖန်ဖန်အထပ်ထပ် ဖြစ်လာ ၏။

၃၃၉။ အကြင်ပုဂ္ဂိုလ်အား ပြင်းပြင်းထန်ထန် နှစ်သက်ဖွယ် အာရုံသို့ စီးသွင်းကုန်သော သုံးဆယ့်ခြောက်ပါးသော တဏှာ ရေအလျဉ်တို့ သည် ရှိကြကုန်အံ့၊ မှားသောအယူရှိသော ထိုသူကို ရာဂနှင့် စပ် သော အားကြီးသော အကြံအစည်တို့သည် ဆောင်ယူသွားကုန်၏။

ဝတ္ထုပြီး

၃၄၀။ တဏှာ တည်းဟူသော ရေအလျဉ် တို့သည် အလုံးစုံသော အာရုံတို့၌ ယိုစီးကြကုန်၏၊ တဏှာတည်းဟူသော နွယ်သည် ဒွါရ ခြောက်ပါးမှ ဖြစ်၍ အာရုံခြောက်ပါး၌ တည်နေ၏။ ပေါက်လာ သော တဏှာတည်းဟူသော ထိုနွယ်ကိုရှုမြင်၍ ထိုတဏှာနွယ်မြစ်ကို မဂ်ပညာဖြင့် ဖြတ်လော့။

၃၄၁။ သတ္တဝါတို့အား အောက်မေ့ခြင်း၊ ချစ်ခြင်း၊ ဝမ်းမြောက်ခြင်း တို့သည် ဖြစ်ကုန်၏၊ ထိုသတ္တဝါတို့သည် သာယာနှစ်သက်ဖွယ်၌ မှီကုန်လျက် ကာမချမ်းသာကို ရှာမှီးကုန်သည်ဖြစ်၍ ပဋိသန္ဓေနေ ခြင်း၊ အိုခြင်းသို့ မုချ ကပ်ရောက်ကြကုန်၏။

၃၄၂။ တဏှာဖြင့် ဝန်းရံအပ်ကုန်သော သတ္တဝါတို့သည် ကျော့ကွင်း၌ မိသော ယုန်ကဲ့သို့ ထိတ်လန့်နေကြရ၏။ သံယောဇဉ် အစေးဖြင့် ကပ်ငြိနေကုန်သော သူတို့သည် အချိန်ကြာမြင့်စွာ ဖန်တလဲလဲ ဆင်းရဲရခြင်းသို့ ရောက်ကြရကုန်၏။

၃၄၃။ တဏှာဖြင့် ဝန်းရံအပ်ကုန်သော သတ္တဝါတို့သည် ကျော့ကွင်း မိသော ယုန်ကဲ့သို့ ထိတ်လန့်ကြကုန်၏။ ထို့ကြောင့် မိမိ ရာဂကင်း ခြင်းကို တောင့်တသော သူသည် တဏှာကို ပယ်ဖျောက်ရာ၏။

## ဝက်မကလေး

ဝေဠုဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ရာဇဂြိုဟ်မြို့ တော်တွင်း၌ ဆွမ်းခံကြွတော်မူစဉ် တွေ့မြင်ခဲ့ရသော ဝက်မကလေး တစ် ကောင်ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော် မူလေ သည်။

ဘုရားရှင်သည် ဝက်မကလေးကို လမ်းတွင် တွေ့မြင်တော်မူသဖြင့် ပြုံးတော်မူ၏၊ သွားတော်မှ ထွက်လာသော ဖြူဖွေးသော ရောင်ခြည် တော်များကို ဖူးတွေ့ရသဖြင့် ဘုရားရှင် ပြုံးတော်မူရကြောင်းကို အရှင် အာနန္ဒာ သိရှိသဖြင့် အကြောင်းရင်းကို မေးလျှောက်၏။ ဤတွင် ဘုရား ရှင်က "အာနန္ဒာ၊ ဤဝက်မကလေးသည် ကကုသန်မြတ်စွာဘုရား သာသနာ တော်၌ ဆွမ်းစားဇရပ်တစ်ဆောင်အနီးတွင် ကြက်မဖြစ်ခဲ့၏၊ ထိုသို့ဖြစ်စဉ် ကမ္မဋ္ဌာန်းစီးဖြန်းသော ရဟန်းတို့တရားသံကို ကြားနာရသဖြင့် ထိုဘဝမှ စုတေသော် ဥဗ္ဗရီမည်သော မင်းသမီးလေးဖြစ်လာ၏။ ဥဗ္ဗရီမင်းသမီးသည် အိမ်သာတက်ရာမှ ပိုးလောက်တို့ကို တွေ့မြင်၍ ပုဠုဝကသညာကို ပွားများ ကာ ပထမဈာန်ကိုရ၏၊ ထိုဘဝမှစုတေသော် ဗြဟ္မာ့ဘုံသို့ လားရာ၏၊

ဖြူဟွာ့ဘုံမှ စုတေလာပြီးနေစက် တပြောင်းပြန်ပြန် သံသရာလည်ရာမှ ယခု ဝက်မကလေး ဖြစ်လာရပေသည်''ဟု မိန့်ကြားတော်မူလေသည်။

ဤသို့သော မိန့်ကြားသံကို ကြားနာရ၍ သတိသံဝေဂ ရရှိကြကုန်သော ရဟန်းတို့အား ဘုရားရှင်က တဏှာ၏အပြစ်ကို ထင်ရှားစွာပြတော်မူလျက် အောက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ထိုဝက်မကလေးသည် ဘဝအမျိုးမျိုးသို့ ကျင်လည်ပြီးလျှင် သီဟိုဠ်ကျွန်း၊ အနုရာဓမြို့၏ တောင်ဘက်ရှိ ဘောဂဂ္ဂန္တရှာ၌ သုမနသေဌေးကြီး၏ သမီးဖြစ်လာ၏၊ သူ၏အမည်မှာ သုမနဖြစ်၏။ သူ့ကို ဒုဋ္ဌဂါမဏိမင်းကြီး၏အမတ် လကုဏ္ဏကအတိမ္ဗရအမတ်က ကြီးကျယ်ခမ်းနားစွာ လက်ထပ်ယူပြီးလျှင် မဟာပုဏ္ဏရွာသို့ ခေါ်သွား၏၊ ကောဋိပဗ္ဗတကျောင်း၌ သီတင်းသုံးနေသော အရှင်အနုရုဒ္ဓါမထေရ်မြတ်သည် မဟာပုဏ္ဏရွာတွင် ဆွမ်းခံရင်း သုမနကိုမြင်သောအခါ ''ငါ့ရှင်တို့၊ ဘုရားလက်ထက်တော်တုန်းက ဝက်မကလေးသည်ပင် လကုဏ္ဏကအတိမ္ဗရ အမတ်ကတော် ဖြစ်ရသေး၏'' ဟု မိန့်ကြားလေသည်။

သေဌေးသမီး သုမနသည် ထိုစကားကိုကြားရမှ မိမိဘဝအဆက်ဆက်ကို ပြန်လည်အောက်မေ့နိုင်သော ဇာတိဿရဉာဏ်ရရှိ၍ လင်အမတ်ကြီးထံ ခွင့်ပန်ကြားကာ ပဉ္စဗလကမည်သော ထေရီမထံတွင် ရဟန်းပြု၏၊ ဘိက္ခုနီ အရှင်မသုမနသည် တိဿကျောင်း၌ မဟာသတိပဋ္ဌာနသုတ်ကို ကြားနာရသဖြင့် သောတာပန်ဖြစ်၏၊ ဒမိဠကျေးကုလားတို့၏ မှုန့်ကို ဒုဋ္ဌဂါမဏိမင်းကြီးက နှိမ်နင်းပြီးချိန်တွင် ဆွေမျိုးတို့နေထိုင်ရာ ဘောဂဂ္ဂန္တရွာသို့သွား၍ ထိုရွာရှိ ကလ္လကျောင်းကြီး၌ အာသိဝိသောပမသုတ္တန်ကို ကြားနာရသောအခါ ရဟန္တာမ ဖြစ်သည်။

ရဟန္တာအရှင်မ သုမနသည် ပရိနိဗ္ဗာန်ပြုမည့်နေ့၌ ဓမ္မပဒဘာဏကပုဂ္ဂိုလ်အရှင် မဟာတိဿနှင့် တိုင်ပင်ပြီးလျှင် မဏ္ဍလာရာမကျောင်းတိုက်၌ စည်းဝေးလာကြသော ပရိသတ်လေးပါးတို့အား မိမိကျင်လည်ခဲ့ရသော ဘဝအမျိုးမျိုးကို ဟောပြလေ၏။

ဒေသနာတော်

၃၄၄။ အကြင်သူသည် လူ့ဘောင်တည်းဟူသော တောကိုစွန့်၍ အကျင့်တည်းဟူသော တောသို့သက်ဝင်ခဲ့၏၊ အိမ်ရာထောင်မှု တဏှာတောမှ လွတ်ပြီးပါလျက် အိမ်ရာထောင်မှု တဏှာတောသို့ ပြေးဝင်ပြန်၏၊ လာကြကုန်လော့။ ထိုပုဂ္ဂိုလ်ကို ရှုကြကုန်လော့။

ဝေဘုဒ္ဓအဖြိမ်

ထိုသူသည် အနှောင်အဖွဲ့မှ လွတ်ပြီးသော်လျှင် အခနှောင်အဖွဲ့သို့ သာလျှင် ပြေးဝင်၏။

## ရဟန်းလူထွက်

ဝေဠုဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် မြစ်မှ အာသဝေါ်ကုန် တံကျင်လှီးခံရသော ရဟန်းလူထွက်တစ်ယောက်ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

အရှင်မဟာကဿပ၏တပည့် ရဟန်းတစ်ပါးသည် စတုတ္ထစျာန်ကို ရပြီးသော်လည်း ဦးရီးဖြစ်သူ ရွှေပန်းထိမ်သည်၏သမီးကို ချစ်ကြိုက်၍ လူထွက်၏။ ဦးရီးရွှေပန်းထိမ်သည် တူရဟန်းလူထွက်အား သမီးနှင့် ထိမ်းမြားပေး၍ အိမ်မှာလက်ခံထား၏။ ရဟန်းလူထွက်သည် ခိုးသူများနှင့် ပေါင်းမိ၍ ခိုးဆိုးတိုက်ခိုက်ကာ အသက်မွေးလေရာ တစ်နေ့တွင် သူ့ကို မင်းချင်းများ ဖမ်းမိကြ၏။ မင်းချင်းများသည် သူ့ကို လက်ပြန်ကြိုးတုပ်ကာ ကြိမ်နှင့်ရိုက်လျက် သုသာန်သို့ ခေါ်သွားကြ၏။ ထိုစဉ်တွင် ဆရာဖြစ်သူ အရှင်မဟာကဿပသည် ထွမ်းခံရင်း မြင်သဖြင့် "ဒိုတပည့်၊ ရှေးအခါက သင်စီးဖြန်းခဲ့သော ကမ္မဋ္ဌာန်းကို တစ်ဖန်ဆင်ခြင်လော့"ဟု စာလည့်ကို သတိပေး၏။ ရဟန်းလူထွက်သည် သတိပေးသည့်အတိုင်း ဆင်ခြင်လေရာ တင်ခဏချင်းဖြင့် စတုတ္ထစျာန်ကို ပြန်လည်ရရှိလေသည်။

မင်းချင်းတို့သည် သုသာန်အရောက်တွင် ရဟန်းလူထွက်အား တံကျင်လှီးကြ၏။ ရဟန်းလူထွက်ကား မကြောက်ရွံ့ချေ။ မြင်းထန်လုအောဝေဒနာကို မျက်နှာမပျက်ဘဲ သည်းခံနေ၏။ သန်လျက်၊ လှံ၊ ခက်ရင်းစသော လက်နက်များနှင့် ချိန်ရွယ်သော်လည်း ကြောက်ရွံ့ခြင်း မရှိပေ။ ဤတွင် မင်းချင်းတို့သည် အံ့ဩဖြစ်ကာ ဗိမ္ဗိသာရမင်းကြီးထံ တင်လျှောက်ကြရာ မင်းကြီးက လွှတ်ရန် အမိန့်ပေးလိုက်၏။ ဘုရားရှင်ထံသို့လည်း ထိုအကြောင်းကို လူလွှတ်၍ လျှောက်ထား၏။ ဤတွင် ဘုရားရှင်က ရဟန်းလူထွက်ရှိရာသို့ ရောင်ခြည်တော်များ လွှတ်တော်မူပြီးလျှင် အထက်ပါဒေသနာတော်ကို ဟောကြားတော်မူလေတည်း။

ရဟန်းလူထွက်သည် ထိုဒေသနာတော်ကို ကြားနာရလျှင် ဥဒယဗ္ဗယ ကမ္မဋ္ဌာန်းစီးဖြန်း၍ သောတာပန်ဖြစ်၏။ ထို့နောက် ကောင်းကင်သို့ ပျံတက်ကာ ဘုရားရှင်ထံ လာရောက်၍ ရှိခိုးသွားသောအခါ ရဟန္တာ ဖြစ်လေ၏။

### ဒေသနာတော်

၃၄၅-၃၄၆။ သံဖြင့်ပြုလုပ်သော အနှောင်အဖွဲ့၊ သစ်သားဖြင့် ပြုလုပ်သော အနှောင်အဖွဲ့နှင့် မြက်လျှော်ဘွဲ့ဖြင့် ပြုလုပ်သော အနှောင်အဖွဲ့တို့ကို ခိုင်မြဲသော အနှောင်အဖွဲ့ဟူ၍ ပညာရှိတို့ မဆိုကုန်၊ ဝတ္ထုမြားနားတောင်းစသော ရတနာတို့၌ လည်းကောင်း၊ သားသမီး, မယားတို့၌လည်းကောင်း၊ လွန်စွာ တပ်နှစ်သက်တတ်သော၊ ငဲ့ကွက်တတ်သော တဏှာကိုသာ ခိုင်မြဲသော အနှောင်အဖွဲ့ဟု ပညာရှိတို့ ဆိုကုန်၏။ ယုတ်နိမ့်ရာသို့ ဆောင်တတ်သော၊ ဖွဲ့မှန်းမသိ ဖွဲ့သဖြင့် လျော့ရဲဟန်ရှိသော်လည်း လွတ်မြောက်ရန် ခဲယဉ်းသော ဤအနှောင်အဖွဲ့ကိုလည်း ရှန်းဖြတ်ကာ ကာမချမ်းသာကို ပယ်စွန့်လျက် တောထွက်ကြကုန်၏။

## နှောင်အိမ်

ဝေဠုဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ကောသလမင်းကြီး၏ နှောင်အိမ်၌ အချုပ်အနှောင် ခံနေကြရသော ရာဇဝတ်သားတို့ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော် မူလေသည်။

သာဝတ္ထိမြို့တော်၌ ဆွမ်းခံဝင်ကြသော ရဟန်း အချို့သည် ဖောက်ထွင်းခိုးယူမှု၊ လမ်းမှုလယက်တိုက်ခိုက်မှု၊ လူသတ်မှုတို့ဖြင့် သံခြေချင်းခတ်ခြင်း၊ ထိတ်တုံးခတ်ခြင်း၊ လက်ပြန်ကြိုးတုပ်ခြင်း စသော အချုပ်အနှောင်အမျိုးမျိုး ခံနေကြရသော ရာဇဝတ်သားများကို မြင်ခဲ့ကြ၏။ ထိုရဟန်းတို့သည် ကျောင်းတော်သို့ ရောက်သောအခါ ထိုရာဇဝတ်သားတို့ အချုပ်အနှောင် ခံနေကြရပုံကို လျှောက်ထားကြပြီးလျှင် "အရှင်ဘုရား၊ ဤအနှောင်အဖွဲ့တို့ထက်ပို၍ခိုင်မာသော အနှောင်အဖွဲ့ ရှိပါသေးသလော" ဟု လျှောက်ထားကြ၏။ ဤတွင် ဘုရားရှင်က ရဟန်းတို့၏ အမေးကို ဖြေကြားတော်မူလျက် အထက်ပါဒေသနာတော်ကို ဟောကြားတော် မူလေသတည်း။

[ထို နှောင်အိမ်နှင့်ပတ်သက်၍ ဟောကြားထားသော ဗန္ဓနာဂါရဇာတ်ကို ဒုကနိပါတ်၊ ဒသဝဂ်မှာ ရှုပါ။]

### ဒေသနာတော်

၃၄၇။ ပင့်ကူသည် မိမိရက်လုပ်ထားသော ပိုက်ကွန်၌ ကပ်ငြိနေရသကဲ့သို့၊ ဘတ္တဝါတို့သည် မြိုင်းစွာ တပ်မက်ကုန်သည်ဖြစ်၍ မိမိပြုလုပ်ထားသော တဏှာအကျင်သို့ ကျရောက်ရကုန်၏။ ပညာရှိတို့သည် တဏှာကိုဖြတ်၍ မငဲ့ကွက်ဘဲ ခပ်သိမ်းသော ဆင်းရဲခြင်းကို ပယ်စွန့်၍ သွားကုန်၏။

စတုတ္ထအကြိမ်

## အရှင်မခေမာ

ဝေဠုဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဗိမ္ဗိသာရမင်းကြီး၏ ခေမာမိဖုရားကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ခေမာမိဖုရားသည်ကား၊ ပဒုမုတ္တရ မြတ်စွာဘုရား ခြေတော်ရင်း၌ ကောင်းမှုကိုသိုလ်ပြုကာ ဆုမွန်ကောင်း တောင်းခဲ့ပြီဖြစ်၍ အလွန်တရာ အဆင်းလှ၏၊ သူတပါတို့ ချစ်ခင်နှစ်သက်ဖွယ်ဖြစ်၏။ ဗိမ္ဗိသာရမင်းကြီးသည် အရိယာသာဝကဖြစ်၍ ဘုရားကျောင်းဒါယကာ ဖြစ်နေသော်လည်း ခေမာမိဖုရားကား ဝေဠုဝန်ကျောင်းတော်သို့ မသွားဖူးချေ။ "မြတ်စွာဘုရားသည် ရုပ်အဆင်းကို ကဲ့ရဲ့တော်မူ၏"ဟူသော သတင်းစကားကိုကြားရသဖြင့် ရုပ်အဆင်း၌ တပ်မက်သူပီပီ ဘုရားရှင်ထံသို့ မသွားရောက်ပေ။ ဗိမ္ဗိသာရမင်းကြီးသည် ခေမာမိဖုရားအား ကျောင်းတော်သို့ သွားရန် တိုက်တွန်း၍ မရသဖြင့် ဝေဠုဝန် ဥယျာဉ်တော်ကြီး၏ သာယာလှပပုံ၊ မွှေ့လျော်ဖွယ် ကောင်းပုံတို့ကို သီချင်းများသီကုံးစေပြီးလျှင် ကချေသည်များအား သီဆိုစေ၏။ ထိုသီချင်းကိုကြားခါမှ ခေမာမိဖုရားသည် ဝေဠုဝန်ကျောင်းတော်သို့ သွားရောက်လေတော့သည်။

ဘုရားရှင်သည် ခေမာမိဖုရားအား ဇနပဒကလျာဏီတုန်းကကဲ့သို့ တရားပြတော်မူကာ....

"ခေမာ၊ နာကျင်ခြင်း၊ မစင်ကြွယ်ခြင်း၊ ပုပ်ခြင်း၊ အထက်သို့အန်ထွက်ခြင်း၊ အောက်သို့ ယိုစီးခြင်းသဘော ရှိကုန်သော၊ လူမိုက်တို့ အလွန်တရာ တောင့်တအပ်သော ခန္ဓာငါးပါးအပေါင်းကို ရှုလော့" ဟု ဟောကြားတော်မူလေသည်။

ခေမာမိဖုရားသည် ထိုဒေသနာတော်ကို နာရ၍ သောတာပန် ဖြစ်၏။ ထိုမှဆက်လက်၍ ဘုရားရှင်က ဤဝတ္ထု၏ရှေ့မှာပါသော ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ ခေမာမိဖုရားသည် ရဟန္တာမ ဖြစ်လေ၏။ ဗိမ္ဗိသာရမင်းကြီးအလည်း ရဟန်းပြုရန်ခွင့်ပြုသဖြင့် ရဟန္တာ အရှင်မခေမာသည် ရဟန်းပြုတော အဂ္ဂသာဝိကာ (အထူးမြတ်ဆုံးသော တပည့်မ) ဖြစ်လေ၏။

ဒေသနာတော်

၃၄၈။ ရှေး၌ဖြစ်သော ခန္ဓာ၌ တဏှာကို စွန့်လော့၊ နောင်တွင် ဖြစ်ပေါ်လာမည့် ခန္ဓာ၌ တဏှာကို စွန့်လော့။ အလယ်ဖြစ်သော ခန္ဓာ၌ တဏှာကို စွန့်လော့။ ဘဝသုံးပါး၏ အဆုံးသို့ ရောက်သည်ဖြစ်၍၊ အလုံးစုံသော ခန္ဓာ၌ တဏှာမှ လွတ်မြောက်သောစိတ် ရှိသည်ဖြစ်၍ တစ်ဖန် အိုခြင်း၊ နာခြင်းသို့ မကပ်လေနှင့်။

## အရှင်ဥဂ္ဂသေန

ဝေဠုဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အတောင်ခြောက်ဆယ်ရှိသော ဝါးလုံးထိပ်တွင် ကျွမ်းတစ်ပြနေသော ဥဂ္ဂသေနကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ဥဂ္ဂသေနသည်ကား ရာဇဂြိုဟ်မြို့တော်မှ သူဌေးသားတစ်ယောက်ဖြစ်၏၊ ရာဇဂြိုဟ်မြို့တော်သို့ လာရောက်၍ ဗိမ္ဗိသာရမင်းကြီးအား လာရောက် ဖျော်ဖြေကြသော ကချေသည်ငါးရာတွင် ထူးထူးခြားခြား ရုပ်ဆင်းအင်္ဂါ လှပသော ကချေသည်မ တစ်ယောက်လည်း ပါရှိ၏။ သူသည် ကျွမ်းသမား ကချေသည်၏ သမီးဖြစ်၍ အတောင်ခြောက်ဆယ် ရှိသော ဝါးလုံးတိုင်ထိပ်တွင်ရပ်ကာ အမျိုးမျိုး လှည့်လည်ကပြ၏၊ ဥဂ္ဂသေနသည် ထိုကချေသည်မကို အပ်မက်စွဲလမ်းလှသဖြင့် အိမ်သို့ပြန်ပြီးလျှင် အစားအသောက်ကို ဖြတ်တောက်၍ ညောင်စောင်းမှာ အိပ်နေ၏။ မိဘများက မေးမြန်းကြသောအခါ "ကချေသည်မကိုမှ မရလျှင် သေရပါတော့မည်" ဟု ပြောဆို၏၊ မိဘများက အမျိုးမျိုး ဖျောင်းဖျကြသော်လည်း နားမဝင်ပေ၊ နောက်ဆုံးတွင် မိဘများသည် ဥဂ္ဂသေန၏ သူငယ်ချင်းတစ်ယောက်ထံ အသပြာတစ်ထောင်ထုပ်ကို ပေးအပ်ကာ ဖခင်ဖြစ်သော ကျွမ်းသမား ကချေသည်ကြီးထံသို့ စေလွှတ်လိုက်ရလေသည်။

ကျွမ်းသမားကြီးက "သမီးကိုကား မထည့်နိုင်ပါ၊ ဥဂ္ဂသေနသာ မိမိတို့နှင့် အတူလိုက်နေနိုင်လျှင် သမီးနှင့် ပေးစားပါမည်" ဟု စကားပြန်လိုက်၏။ ဥဂ္ဂသေနသည် မိဘများတားမြစ်သည်ကို နားမထောင်ဘဲ ကချေသည်မနှင့် လက်ထပ်ကာ ကချေသည်မတို့ လှည့်လည်ရာသို့ လိုက်ပါနေ၏။ သို့ရာတွင် သူသည် အတတ်ပညာ တစ်စုံတစ်ရာမရှိသဖြင့် ထိုကချေသည်တို့ ရပ်နားသိုရာသို့ရောက်လျှင် ဆင်း၍လှည်းဖြုတ်ရ၏၊ နွားစာမြက်များ ရှာဖွေရ၏။ ကပြရာမှ ဆုချ၍ရသော အသုံးအဆောင်များကို ထုပ်ပိုးသယ်

ဆောင်ရ၏။ ထို့ကြောင့် တချေမသည် သားကလေးတစ်ယောက် ဖွားမြင်လာသောအခါ "လှည်းစောင့်သမားငါလား"ဟူ၍လည်းကောင်း၊ "ဥစ္စာထုပ်ထမ်းသမားငါလား"ဟူ၍လည်းကောင်း၊ "ဘာမျှမတတ်သူ၏သား" ဟူ၍လည်းကောင်း ပြောဆို ချော့မြူလေသည်။

ထိုကဲ့သို့ တချေမသည် မိမိ၏အဆင်းလှပခြင်း၊ ဥစ္စာများစွာ ရှိနေခြင်းတို့ကြောင့် လင်ဖြစ်သူ ဥဂ္ဂသေနကို မှီသည်ဟူ၍ပင် မထင်မှတ်ချေ။ သို့ဖြစ်၍ ဥဂ္ဂသေနသည် မိမိအဖြစ်ကို အရှက်ကြီး ရှက်ကာ ယောက္ခမ ကချေသည်ကြီးအထံမှ အတတ်ပညာများကို ကြိုးစား၍ သင်ယူ၏။ တစ်နှစ်ကာမျှ သင်ယူပြီးသောအခါ ဥဂ္ဂသေနကိုယ်တိုင် မြို့နိဂုံးစသည်တို့၌ ကပြနိုင်လာ၏။ ဤသို့ ခရီးစဉ်တစ်လျှောက် ကပြလာရာမှ ရာဇဂြိုဟ်မြို့တော် ရောက်လာသော "ခုနစ်ရက်မြောက်သောနေ့၌ ဥဂ္ဂသေန သေ့သည် အတတ်ပညာပြလိမ့်မည်"ဟု ကြေညာလိုက်လေသည်။

မြို့သူမြို့သားတို့သည် ပွဲသဘင်ကိုကြည့်ရှုရန် ညောင်စောင်း အဆင့်ဆင့်ကို ဖွဲ့ကြကုန်၏။ ဥဂ္ဂသေနလည်း ပွဲကြည့်ပရိသတ်ကြီး၏ ချီးမွမ်းထောပနာမှုကို ခံယူနိုင်ရန် အတောင်ခြောက်ဆယ်ရှိသော ဝါးလုံးထိပ်သို့တက်၍ ရပ်၏။ ထိုစဉ်ခိုက်မှာပင် ဘုရားရှင်သည် နောက်ပါ သံဃာတော်များနှင့်တကွ ဆွမ်းခံကြွတော်မူလေရာ ပရိသတ်တို့သည် ဥဂ္ဂသေနကို မကြည့်ကြတော့ဘဲ ဘုရားရှင်ရှိရာသို့ လှမ်း၍ကြည့်နေကြ၏။ ဘုရားရှင်အား ဥဂ္ဂသေနနှင့်တကွ ရှစ်သောင်းလေးထောင်သော ဝေနေယျတို့ ကျွတ်တမ်းဝင်မည့်အရေးကို မြင်တော်မူ၍ ကြွလာတော်မူခြင်း ဖြစ်၏။ ထိုအခါတွင် ဥဂ္ဂသေနကား "ဘုရားရှင်ကြွလာတော်မူ၍ မိမိထံသို့ပရိသတ်များက မကြည့်ကြတော့ချေတကား" ဟု နှလုံးမသာမယာ ဖြစ်နေလေသည်။

ဘုရားရှင်သည် ဥဂ္ဂသေန၏ နှလုံးမသာမယာဖြစ်ခြင်းကို သိတော်မူ၍ အရှင်မဟာမောဂ္ဂလာန်ကို စေလွှတ်တော်မူ၏။ ဥဂ္ဂသေနအား ကပြရန် တိုက်တွန်းစေတော်မူ၏။ အရှင်မဟာမောဂ္ဂလာန်ကလည်း ဝါးလုံးနားသို့ လာ၍ တိုက်တွန်း၏။ ဤတွင် ဥဂ္ဂသေနက "ဘုရားရှင်သည် ငါ၏ အတတ်ပညာကို ကြည့်တော်မူလိုပေတကား"ဟု အားတက်သရောဖြစ်ကာ အားပါးတရ ကျွမ်းထိုးမှောက်ခုံ အမျိုးမျိုးပြု၍ တစ်ဆယ့်လေးကြိမ်တိုင်တိုင် ကပြ၏။ ဤတွင် ဘုရားရှင်သည် ဝါးလုံးဖျားပေါ်မှ ဥဂ္ဂသေနကိုလှမ်း၍ ခေါ်တော်မူပြီးလျှင် အောက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

## စတုတ္ထအကြိမ်

ဒေသနာတော်အဆုံး၌ ဥဂ္ဂသေနသည် ဝါးလုံးထိပ်ဖျားမှာပင် ရဟန္တာဖြစ်လေ၏။ ရဟန္တာပုဂ္ဂိုလ် ဥဂ္ဂသေနသည် ဝါးလုံးထိပ်မှဆင်းကာ ဘုရားရှင်ခြေတော်ကို ဦးခိုက်၍ ရဟန်းပြုခွင့် တောင်း၏။ ဘုရားရှင်က ဧဟိဘိက္ခု ခေါ်တော်မူသဖြင့် ဥဂ္ဂသေနသည် လူ့အသွင်အပြင်များ ပျောက်ကာ သင်္ကန်း၊ သပိတ်၊ ပရိက္ခရာ အစုံအလင်ဖြင့် ဝါတော်ခြောက်ဆယ်ရပြီးသော မထေရ်ကြီးကဲ့သို့ ကြည်ညိုဖွယ်ရာ ရဟန်းတစ်ပါး ဖြစ်လေ၏။ အရှင်ဥဂ္ဂသေန၏ မယားဟောင်း ကချေသည်မသည်လည်း လင်ဖြစ်သူ၏ သွားရာလမ်းကြောင်းအတိုင်းလိုက်ကာ ရဟန်းပြုသဖြင့် ရဟန္တာ အရှင်မ ဖြစ်လေ၏။ တရားသဘင်၌ ရဟန်းတို့သည် အရှင်ဥဂ္ဂသေန၏ ရှေးကံနှင့်စပ်၍ ပြောဆိုနေကြရာ ဘုရားရှင် ကြွတော်မူလာ၍ ထိုအကြောင်းကို ဟောပြတော်မူ၏။ ''ရဟန်းတို့၊ ဥဂ္ဂသေနတို့ ဇနီးမောင်နှံသည် ကဿပ မြတ်စွာဘုရား၏ ရွှေစေတီတော်ကြီး တည်နေရာသို့သွား၍ ကူညီဆောင်ရွက်ရန် စားရေရိက္ခာကို လှည်းပေါ်တင်၍ သွားခဲ့ကြ၏။ လမ်းတွင် ရဟန္တာပုဂ္ဂိုလ်တစ်ပါးနှင့် တွေ့ရသဖြင့် ပါလာသော စားသောက်ဖွယ်တို့ကို လောင်းလှူကြ၏။ ပြီးလျှင် အရှင်မြတ်တို့ သိအပ်သောတရားကို သိရပါလို၏''ဟု ဆုတောင်းကြ၏။ ဆုတောင်းတိုင်း ပြည့်မည့်အရေးကို မြင်တော်မူသဖြင့် ရဟန္တာအရှင်မြတ်က ပြုံးတော်မူရာ ဇနီးသည်က ''ကျွန်မတို့၏ အရှင်မြတ်သည် ပြုံးတော်မူ၏။ ကချေသည်တစ်ဦး ဖြစ်လိမ့်မည်''ဟု ပြက်ရယ် ပြောဆို၏။ လင်ဖြစ်သူကလည်း ''ချစ်နှမ၊ ဟုတ်ပေလိမ့်မည်''ဟု ထောက်ခံချက်ပေး၏။ ဤသို့ ပြက်ရယ်ခြင်း၊ ထောက်ခံချက် ပေးခြင်းတို့ကြောင့် သူတို့နှစ်ယောက်လုံး ကချေသည် ဖြစ်ကြရ၏။ ရဟန္တာအရှင်မြတ်အား လှူခဲ့သဖြင့် ရဟန္တာ ဖြစ်ကြရ၏''ဟု မိန့်ကြားတော် မူလေ၏။

ဒေသနာတော်

၃၄၉။ ကာမဝိတက် နှိပ်စက်ခြင်း ခံရသော၊ ထက်သော ရာဂရှိသော၊ တင့်တယ်၏ဟု အဖန်တလဲလဲ ရှုမြင်သော သတ္တဝါအား တဏှာသည် အလွန်တိုးပွား၏။ ဤသူသည် မာရ်နတ်မင်း၏ အနှောင်အဖွဲ့ကို ခိုင်မြဲအောင် ပြု၏။

၃၅၀။ အကြင်သူသည် မိစ္ဆာဝိတက် ငြိမ်းခြင်း၌သာ မွေ့လျော်၏။ အခါခပ်သိမ်း သတိရှိသည်ဖြစ်၍ အသုဘအာရုံကို ပွားများ၏။ ဤသူသည် မာရ်နတ်မင်း၏ အနှောင်အဖွဲ့ကို ကင်းအောင် ပြု၏။ မာရ်နတ်မင်း၏ အနှောင်အဖွဲ့ကို ဖြတ်တောက်၏။

တဏှာဝဂ်ပြီး

## စူဠဓနုဂ္ဂဟပဏ္ဍိတ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အတိတ်ဘဝ တစ်ခု၌ လေးသမားငယ် ပညာရှိဖြစ်ခဲ့ဖူးသော ရဟန်းငယ်တစ်ပါးကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ထိုရဟန်းငယ်သည် မိမိ၏ဝတ်ရသော ယာဂုကို ဆွမ်းခံရန်ရွာသို့ ယူလာ၍ သောက်၏။ ထိုရွာတွင် သောက်ရေ မရှိတော့သဖြင့် မြို့ထဲရှိ အိမ်တစ်အိမ်သို့ဝင်၍ ရေအလှူခံရာ ထိုအိမ်မှ သတို့သမီးသည် ရဟန်းကိုမြင် လျှင်မြင်ချင်း ချစ်ခင်၍ သောက်ရေကိုလှူ၏။ "နောက်နောင် သောက် ရေလိုရှိလျှင်လည်း အိမ်သို့ ကြွလာပါ"ဟုလည်း ပင့်ဖိတ်၏။ နောက်နေ့၌ ရဟန်းငယ် ကြွလာသောအခါ သောက်ရေနှင့်တကွ ယာဂုကိုပါ ဆက်ကပ် ၏။ နောက်နေ့တွင်ကား အခြားအိမ်များကို ဆွမ်းခံသွားနေရအောင် ဆွမ်းနှင့်ဟင်းများ အပြည့်အစုံ ဆက်ကပ်၏။ ဤသို့ တစ်ရက်တစ်ရက် ရင်းနှီး လာသောအခါ "ဤအိမ်၌ အစစအရာရာ ပြည့်စုံပါသည်။ စီမံခန့်ခွဲနိုင် မည့် အိမ်ထောင်ဦးစီးတစ်ယောက်သာ လိုနေပါသည်"ဟု လျှောက်ထား လေသည်။

ရဟန်းငယ်သည် သတို့သမီး၏ စကားကြောင့် သာသနာတော်၌ မွေ့လျော်ခြင်း မပျော်ပိုက်ဘဲ နေရသဖြင့် အစားပျက်အအိပ်ပျက်ဖြစ်ကာ ကိုယ်ခန္ဓာပိန်ချုံးလာ၏။ အကြောပြိုင်းပြိုင်း ထလာ၏။ အာဂန္တုရဟန်းများမှတစ်ဆင့် ထိုရဟန်းငယ်၏ ဥပဇ္ဈာယ်ဆရာတို့ သိကြ ရ၏။ ဥပဇ္ဈာယ်ဆရာတို့သည် ထိုရဟန်းငယ်ကို ဘုရားရှင် ရှေ့တော်သို့ ပို့ဆောင်၍ လျှောက်ထားကြ၏။ ဤတွင် ဘုရားရှင်သည် ထိုရဟန်းငယ်ကို စစ်ဆေးတော်မူပြီးလျှင် အထက်ပါဒေသနာတော်ကို ဟောကြားတော် မူလေသတည်း။

ဒေသနာအဆုံး၌ ထိုရဟန်းငယ်သည် သောတာပန် ဖြစ်လေ၏။

(ထိုရဟန်းငယ်အား သတို့သမီး၏ ဖြားယောင်းခြင်းနှင့်ပတ်သက်၍ ဟောကြားတော်မူသော စူဠဓနုဂ္ဂဟပဏ္ဍိတဇာတ်ကို ပဋ္ဌကနိပါတ်မှ ရှုပါ။)

### ဒေသနာတော်

၃၅၀။ ရဟန်းကိစ္စ ပြီးဆုံးခြင်းသို့ ရောက်ပြီးသူသည် ထိတ်လန့်ခြင်းမရှိ၊ တဏှာကင်း၏၊ ကိလေသာကင်း၏။ ဘဝသို့ ရောက်ကြောင်း ဖြစ်သော တဏှာစသော ငြောင့်ဆူးသင်းတို့ကို ပယ်ဖြတ်ခဲ့ပြီ။ ဤခန္ဓာကိုယ်သည် နောက်ဆုံးဖြစ်၏။

၃၅၂။ တဏှာကင်းသော၊ စွဲလမ်းခြင်းမရှိသော၊ နိရုတ္တိပဋိသမ္ဘိဒါ၌ လိမ္မာသော၊ အက္ခရာ အပေါင်းကိုလည်း သိသော၊ ရှေ့နောက် အက္ခရာတို့ကိုလည်း သိသော၊ နောက်ဆုံး ကိုယ်ခန္ဓာရှိသော ထို ပုဂ္ဂိုလ်ကို စင်စစ်အားဖြင့် ကြီးမားသော၊ ပညာရှိသော ယောကျ်ား မြတ် ဟု ခေါ်ဆိုအပ်၏။

## မာရ်နတ်မင်း (ဆင်)

**ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် သားတော် ရာဟုလာအား** မာရ်နတ်လာ၍ ခြိမ်းခြောက်သည်ကို အကြောင်းပြု၍ **ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။**

သားတော် အရှင်ရာဟုလာသည် ရဟန်းဖြစ်ပြီးကာစ ဝါမရသေး မီမှာပင် ရဟန္တာဖြစ်၏။ တစ်ညသောအခါတွင် သိက္ခာမပြီးသေးသော ရဟန်း များသည် အရှင်ရာဟုလာ ကျိန်းစက်ရာသို့ ရောက်လာကြလေ ထိုရဟန်း များကို လေးစားသောအားဖြင့် နေရာဖယ်၍ ပေးခဲ့ပြီးလျှင် အခြားနေ ရာကို ရှာ၏။ အခြားမှာလည်း အိပ်နေရာမရှိသဖြင့် ဘုရားရှင် ကျိန်းစက် တော်မူရာ ဂန္ဓကုဋိတိုက်၏ မုခ်ဦး၌ ကျိန်းစက်၏။ မာရ်နတ်မင်းသည် "သားတော် ရာဟုလာ ဟူသော နှစ်သက်ဖွယ် လက်ချောင်းကလေးကို နှိပ်စက်လျှင် ဘုရားရှင် တည်းဟူသော ကိုယ်ခန္ဓာလည်း နာကျင်လိမ့် မည်"ဟု တွက်ဆကာ ဆင်ပြောင်ကြီး တစ်ကောင်ကဲ့သို့ ဖန်ဆင်းကာ အရှင် ရာဟုလာ၏ ဦးခေါင်းကို နှာမောင်းဖြင့် ရစ်ပတ်၏။ ကြိုးကြာသံကဲ့ သို့လည်း ကျယ်လောင်စွာ အော်ဟစ်၏။ ဘုရားရှင်သည် ဂန္ဓကုဋိတိုက်တော် တွင်းမှပင် ဤအဖြစ်ကို သိတော်မူ၍ အောက်ပါ ဒေသနာတော်ကို ဟော ကြားတော်မူလေသည်။

ဒေသနာတော် အဆုံး၌ မာရ်နတ်သည် ကွယ်ပျောက်သွားလေ၏။

### ❀ ဒေသနာတော်

၃၅၃။ ငါသည် အလုံးစုံသော တရားတို့ကို နှိမ်နင်း၍ တည်၏။ အလုံးစုံ သောတရားကို သိ၏။ အလုံးစုံသော တရားတို့၌ ကပ်ငြိတွယ်တာ ခြင်းမရှိ။ အလုံးစုံသော တေဘူမကတရားတို့ကို ပယ်စွန့်၏။ တဏှာ ကုန်ခန်းရာ အရဟတ္တဖိုလ်၌ ကိန်းလသောမှ လွတ်၏။ ကိုယ်တိုင်ထိုး သော ဉာဏ်ဖြင့် သိ၍ အဘယ်သူကို ငါ့ဆရာဟူ၍ ညွှန်ပြပါအံ့နည်း။

စတုတ္ထအကြိမ်

# ဥပက တက္ကတွန်း

ပေါဓိမဏ္ဍိုင်အောက်မှ မိဂဒါဝုန်သို့ ကြွချီတော်မူစဉ် လမ်းမှာတွေ့ရသော ဥပကတက္ကတွန်းကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ဘုရားရှင်နှင့် တွေ့ဆုံရသောအခါ ဥပကတက္ကတွန်းသည် "ငါ့ရှင်၊ သင်၏ဣန္ဒြေတို့သည် ကြည်လင်ကုန်၏၊ အရေအဆင်းသည် သန့်ရှင်းလှ၏၊ ပြိုးပြိုးပျက်ပျက် အရောင်ထွက်၏၊ သင်သည်အဘယ်သူ့ကိုရည်ရွယ်၍ ရဟန်းပြုခဲ့ပါသနည်း"ဟု မေးလျှောက်၏။ ဘုရားရှင်က သူ၏အမေးကို ငြင်းဆိုပြီး ဖြေကြားတော်မူရန် အထက်ပါဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ဒေသနာတော်အဆုံး၌ ဦးခေါင်းကိုလှုပ်၍ လျှာကိုထုတ်ပြီး ဘုရားရှင်ကို ရှောင်ကွင်းကာ မုဆိုးရွာတစ်ရွာသို့သွားလေ၏။

ဒေသနာတော်

၃၅၄။ တရားအလှူသည် အလှူအားလုံးကို အောင်နိုင်၏၊ တရားအရသာသည် အရသာ အားလုံးကို အောင်နိုင်၏၊ တရား၌မွေ့လျော်ခြင်းသည် မွေ့လျော်ဖွယ် အားလုံးကို အောင်နိုင်၏၊ တဏှာကုန်ရာ အရဟတ္တဖိုလ်သည် ဆင်းရဲခြင်းအားလုံးကို အောင်နိုင်၏။

# သိကြားမင်း၏ အမေး

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် သိလိုရာအချက်ကို မေးလျှောက်သော သိကြားမင်းကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

အခါတစ်ပါး၌ တာဝတိံသာနတ်ပြည်ရှိ နတ်အများတို့ အစည်းအဝေး၌ "အလှူဟူသမျှတို့တွင် အဘယ်အလှူသည် အမြတ်ဆုံး ဖြစ်သနည်း၊ အရသာဟူသမျှတို့တွင် အဘယ်အရသာသည် အမြတ်ဆုံး ဖြစ်သနည်း၊ မွေ့လျော်မှု ဟူသမျှတို့တွင် အဘယ်မွေ့လျော်မှုသည် အမြတ်ဆုံး ဖြစ်သနည်း၊ တဏှာတို့၏ ကုန်ခြင်းကို အဘယ့်ကြောင့် အမြတ်ဆုံးဟု ဆိုရသနည်း"ဟူသော ပြဿနာလေးချက်တို့ ပေါ်ထွက်လာကြ၏။ ထိုပြဿနာလေးချက်ကို မည်သည့်နတ်သားမျှ မဖြေဆိုနိုင်၍ စကြဝဠာတိုက် တစ်သောင်းရှိ နတ်သားများကို အဆင့်ဆင့် မေးမြန်းသော်လည်း ဖြေနိုင်သူ

မပေါပေ။ ဤသို့တစ်ဆယ့်နှစ်နှစ်တိုင်တိုင် ကြာသောအခါ နတ်အပေါင်းတို့သည် စတုမဟာရာဇ် နတ်မင်းကြီးတို့ထံမေးမြန်းကြရ၏။ စတုမဟာရာဇ် နတ်မင်းကြီးလေးပါးတို့ကလည်း မဖြေဆိုနိုင်သဖြင့် သိကြားမင်းထံ မေးမြန်းကြရကုန်၏၊ သိကြားမင်းကလည်း မဖြေဆိုနိုင်သဖြင့် ဘုရားရှင်ထံ လာရောက်၍ မေးမြန်းလေရာ ဘုရားရှင်က အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ဤဒေသနာတော်ကို ကြားနာရပြီးသောအခါ သိကြားမင်းက "အရှင်ဘုရား၊ ဤမျှလောက် ကြီးမားမြင့်မြတ်လှသော တရားအလှူပေးရာတွင် တပည့်တော်တို့ကိုလည်း အမျှပေးဝေတော် မူကြပါဘုရား" ဟု လျှောက်ထား၏၊ ဘုရားရှင်ကလည်း အယုတ်ဆုံးအားဖြင့် ဆွမ်းအနုမောဒနာတရား ဟောကြားရာ၌ပင် အမျှဝေရန် မိန့်ကြားတော် မူလေသည်၊

ဒေသနာတော်

၃၅၅။ စည်းစိမ်ဥစ္စာတို့သည် ပညာမဲ့သူကို ဖျက်ဆီးကုန်၏၊ နိဗ္ဗာန်တည်းဟူသော ထစ်ဘက်ကမ်းကို ရှာမှီးသူတို့ကိုကား မဖျက်ဆီးနိုင်ကုန်။ ပညာမဲ့သူသည် စည်းစိမ်ဥစ္စာကို တပ်မက်ခြင်းဖြင့် သူတစ်ပါးကို ဖျက်ဆီးသကဲ့သို့ မိမိကိုယ်ကိုလည်း ဖျက်ဆီး၏၊

## အပုတ္တက သေဋ္ဌေး

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အမွေဆက်ခံမည့် သားသမီးမရှိဘဲ စည်းစိမ်ဥစ္စာအများအပြားကို စွန့်ပစ်၍ သေဆုံးသွားရသော အပုတ္တက သေဋ္ဌေးကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်၊

ထိုပုတ္တကသေဋ္ဌေးသည်ကား၊ စည်းစိမ်ဥစ္စာ မြောက်မြားစွာရှိပါသော်လည်း ဆန်ကွဲထမင်းနှင့် ပုံးရည်တို့သာ စားရ၏။ ပိုက်ဆံလျှော်အဝတ်ကိုသာ ဝတ်ဆင်ရ၏။ ရထားအဟောင်းအမြင်းကိုသာ စီး၍၊ သစ်ရွက်ထီးကိုသာဆောင်းရ၏၊ ဤသို့ ကပ်ကပ်ကျစ်ကျစ် နေထိုင်ခဲ့ပါသော်လည်း အမွေဆက်ခံမည့် သားသမီးတစ်ယောက်မျှ မရှိသဖြင့် သူသေလွန်သောအခါ ရှိရှိသမျှ စည်းစိမ်ဥစ္စာတို့သည် မင်းဘဏ္ဍာ ဖြစ်ကြရလေသည်၊

စတုတ္ထအကြိမ်

ကောသလမင်းကြီးသည် ထိုစည်းစိမ်ဥစ္စာတို့ကို နေ့မြင့်ချိန်အထိ မင်းဘဏ္ဍာအဖြစ် သိမ်းဆည်းထားပြီး ဘုရားရှင်ထံ ဝင်ရောက် ရှိခိုးကာ ထိုသေဋ္ဌေးအကြောင်းကို လျှောက်ထား၏။ ဤတွင်ဘုရားရှင်က ထိုသေဋ္ဌေး၏ ချို့တဲ့စွာ စနေထိုင် စားသောက်ရခြင်း၏ အကြောင်း ဖြစ်သော ရှေးအကုသိုလ်ကံကို ဟောကြားတော်မူလေသည်။

ရှေးအခါက ထိုသူဌေးသည် သူကြွယ်တစ်ယောက်ဖြစ်ကာ တဂရသိခိ မည်သော ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား ဆွမ်းလောင်းရန် မယားအားပြောကြား၏။ သူသည် အခြားသို့ ထွက်သွားရာမှ ပြန်လာသော အခါ ဆွမ်းခံ၍ ပြန်လာတော်မူသော တဂရသိခိ ပစ္စေကဗုဒ္ဓါနှင့် ပြန်လည်တွေ့ဆုံရ၏။ အရှင်မြတ်၏ သပိတ်ထဲသို့ ကြည့်လိုက်သောအခါ မယားဖြစ်သူက ဖွယ်ဖွယ်ရာ လောင်းလှူလိုက်သော ဆွမ်းနှင့် ဟင်းလျာများကို တွေ့မြင်၍၊ သူကြွယ်သည် ဝမ်းမြောက်ဝမ်းသာ ဖြစ်မလာဘဲ "ဤမျှလောက် မွန်မြတ်သောအစားအစာတို့ကို ငါ၏ကျွန်များ၊ အမှုလုပ်များသာ စားသောက်ရလျှင် ငါ့၏အလုပ်များကိုအားတက်သရော လုပ်ကိုင်ကြကုန်လတ္တံ့။ ဤရဟန်းကား ဤအစာအစာများကို စားပြီးလျှင် အိပ်နေပေအံ့"ဟု စိတ်၌ပြစ်မှားမိ၏။ ထို့ပြင် ထိုသူကြွယ်သည် မိမိ၏တူ သူဌေးတစ်ယောက်ကို လက်ဆွဲ၍ လှည့်လည်လာစဉ် ငါ့မြေးသူ သူဌေးက မြင်မြင်သမျှ အသုံးအဆောင်တို့ကို သူ့ဖခင်၏ ဥစ္စာဟုဆိုသဖြင့် သတ်ပစ်ခဲ့လေသည်။

ထိုကံနှစ်မျိုးအနက် ပစ္စေကဗုဒ္ဓါအရှင်မြတ်အား ဆွမ်းလှူခဲ့ရသော ကုသိုလ်ကံကြောင့် နတ်စည်းစိမ်ကို ခံစားရ၏။ သေဋ္ဌေးအဖြစ်ကို ခုနစ်ကြိမ်တိုင်တိုင်ရ၏။ လှူပြီးမှ စိတ်၌ပြစ်မှားခဲ့သောကြောင့် မွန်မြတ်သော အရာဝတ္ထုများကို စားချင် သုံးချင်စိတ် မပေါ်ဘဲ နေရ၏။ တူကိုသတ်ခဲ့သော မကောင်းမှုကြောင့် နှစ်ပေါင်း သန်းပေါင်းများစွာ ငရဲခံရ၏။ သားသမီးအမွေခံမရှိ၍ ကျန်ရစ်သော စည်းစိမ်ဥစ္စာကို ခုနစ်ကြိမ်တိုင်တိုင် မင်းဘဏ္ဍာအဖြစ် အသိမ်းခံရလေသည်။

ဘုရားရှင်သည် အပုတ္တကသေဋ္ဌေး၏ ကံနှစ်မျိုးနှင့် အကျိုးပေးတို့ကို ဟောကြားတော်မူပြီးလျှင် "မင်းကြီး၊ ထိုအပုတ္တကသေဋ္ဌေး၏ ကုသိုလ်ကံ ဟောင်းသည် ကုန်ချေပြီ။ ကုသိုလ်ကံအသစ်ကိုလည်းမပြုခဲ့။ ယခုအခါ ထိုသေဋ္ဌေးသည် မဟာရောရုဝ ငရဲ၌ ခံနေရချေပြီ"ဟု မိန့်တော်မူကာ အောက်ပါ ဂါထာတော်ကို ဟောကြားတော်မူလေသတည်း။

## ဒေသနာတော်

၃၅၆။ လယ်ယာတို့ကို ပေါင်းမြက်တို့သည် ဖျက်ဆီးကုန်၏၊ ဤသတ္တဝါ အပေါင်းကို ရာဂသည် ဖျက်ဆီး၏၊ ထို့ကြောင့် ရာဂကင်းသော ပုဂ္ဂိုလ်တို့၌ လှူဒါန်းခြင်းသည် မြတ်၏။

၃၅၇။ လယ်ယာတို့ကို ပေါင်းမြက်တို့သည် ဖျက်ဆီးကုန်၏၊ ဤသတ္တဝါ အပေါင်းကို ဒေါသသည် ဖျက်ဆီး၏။ ထို့ကြောင့် ဒေါသကင်း ပုဂ္ဂိုလ်တို့၌ လှူဒါန်းခြင်းသည် အကျိုးကြီး၏။

၃၅၈။ လယ်ယာတို့ကို ပေါင်းမြက်တို့သည် ဖျက်ဆီးကုန်၏။ ဤသတ္တဝါ အပေါင်းကို မောဟသည် ဖျက်ဆီး၏။ ထို့ကြောင့် မောဟကင်း သော ပုဂ္ဂိုလ်တို့၌ ပေးလှူခြင်းသည် အကျိုးကြီး၏။

၃၅၉။ လယ်ယာတို့ကို ပေါင်းမြက်တို့သည် ဖျက်ဆီးကုန်၏။ ဤသတ္တဝါ အပေါင်းကို အလိုရမ္မက်သည် ဖျက်ဆီး၏။ ထို့ကြောင့် အလိုရမ္မက် ကင်းသော ပုဂ္ဂိုလ်၌ ပေးလှူခြင်းသည် အကျိုးကြီး၏။

## အင်္ကုရ နတ်သား

တာဝတိံသာနတ်ပြည် ပဏ္ဍုကမ္ဗလာကျောက်၌ ဘုရားရှင် သီတင်းသုံး တော်မူစဉ် သာသနာတော်တွင်းမှာ လှူဒါန်းခဲ့ရသော ဣန္ဒက နတ်သားနှင့် သာသနာပမှာ လှူခဲ့ရသော အင်္ကုရ နတ်သားတို့ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ဒေသနာတော်အဆုံး၌ ဣန္ဒက နတ်သားနှင့် အင်္ကုရ နတ်သားတို့ သည် သောတာပန် ဖြစ်ကုန်၏။

[ဤဝတ္ထု အပြည့်အစုံကို ဗုဒ္ဓဝင်၊ နတ်ပြည်မှ ဆင်းသက်တော်မူခြင်း ဝတ္ထုမှာ ရှုပါ။]

# ဘိက္ခုဝဂ်

ဒေသနာတော်

၃၆၀။ စက္ခုဒွါရ၌ စောင့်စည်းခြင်းသည် ကောင်း၏။ သောတဒွါရ၌ စောင့်စည်းခြင်းသည် ကောင်း၏။ ဃာနဒွါရ၌ စောင့်စည်းခြင်းသည် ကောင်း၏။ ဇိဝှါဒွါရ၌ စောင့်စည်းခြင်းသည် ကောင်း၏။

၃၆၁။ ကာယဒွါရ၌ စောင့်စည်းခြင်းသည် ကောင်း၏။ ဝစီဒွါရ၌စောင့်စည်းခြင်းသည် ကောင်း၏။ အလုံးစုံသောဒွါရတို့၌ စောင့်စည်းခြင်းသည် ကောင်း၏။ အလုံးစုံသော ဒွါရတို့၌စောင့်စည်းနိုင်သော ရဟန်းသည် ဆင်းရဲအားလုံးမှ လွတ်မြောက်၏။

## ရဟန်းငါးပါး(ဒွါရတစ်ခုစီစောင့်)

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဒွါရငါးပါးတို့တွင် ဒွါရ တစ်ပါးစီကိုသာ စောင့်စည်းကြသော ရဟန်းငါးပါးကို အကြောင်းပြု၍ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ထိုရဟန်းငါးပါးတို့သည် မိမိစောင့်စည်းနေသောဒွါရတစ်ပါးစီကိုသာစောင့်စည်းရန် ခဲယဉ်းသည်ဟု အချင်းချင်း ငြင်ခုံနေကြရာမှ ဘုရားရှင်ထံ ဝင်ရောက်၍ ဤအကြောင်းကို လျှောက်ထားပြီးလျှင် "အရှင်ဘုရား၊ တပည့်တော်တို့ ငါးပါးတွင် အဘယ်သူသည် ခဲယဉ်းစွာ စောင့်စည်းရပါသနည်း" ဟု မေးလျှောက်ကြ၏။ ဘုရားရှင်က "ရဟန်းတို့၊ ဒွါရအားလုံးတို့သည် စောင့်စည်းရန် ခဲယဉ်းကြသည်သာတည်း။ ရဟန်းမည်သည်ကား ဒွါရအားလုံးကို စောင့်စည်းသင့်သည် သာတည်း" ဟု မိန့်တော်မူပြီးလျှင် အထက်ပါဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ ရဟန်းငါးပါးတို့သည် သောတာပန် ဖြစ်ကြလေ၏။

[ဒွါရ အားလုံးကို စောင့်စည်းသင့်ပုံနှင့် ပတ်သက်၍ ဟောကြားထားသော တေလပတ္တဇာတ်ကို ကေကနိပါတ်၊ လိတ္တဝဂ်မှာ ရှုပါ။]

ဒေသနာတော်

၃၆၂။ အကြင်သူသည် လက်ကို စောင့်စည်း၏။ ခြေကို စောင့်စည်း၏။ နှုတ်ကို စောင့်စည်း၏။ တစ်ကိုယ်လုံး စောင့်စည်း၏။ ကမ္မဋ္ဌာန်း စီးဖြန်းခြင်း၌ မွေ့လျော်လျက် စိတ် တည်ကြည်၏။ တစ်ယောက် တည်းနေလျက် ရောင့်ရဲနိုင်၏။ ထိုသူကို ရဟန်းဟု ဆိုကြကုန်၏။

## ဟင်္သာသတ်သော ရဟန်း

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဟင်္သာ သတ်သော ရဟန်းကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော် မူလေသည်။

မိတ်ဆွေ ရဟန်းငယ်နှစ်ပါးတို့သည် အစိရဝတီမြစ်၌ ရေချိုးပြီး၍ ကမ်းပါး၌ နေလှုံနေကြစဉ် ဟင်္သာနှစ်ကောင် ပျံလာသည်ကို မြင်ရ သောအခါ ရဟန်းငယ်တစ်ပါးက ကျောက်စရစ်ခဲကို ကောက်ကိုင်က "ဟင်္သာတစ်ကောင်၏ မျက်စိကို ပစ်အံ့"ဟု ဆို၏။ အခြားရဟန်းတစ်ပါးက "သင် မပစ်နိုင်ပါ"ဟု ဆို၏။ ကျောက်စရစ် ကိုင်ထားသော ရဟန်းက "ဤဘက်မျက်စိ ထားလိုက်ဦး၊ ဟိုဘက်မျက်စိကို ပစ်အံ့"ဟု ဆိုက ကျောက်စရစ်ခဲတစ်လုံးဖြင့် ဟင်္သာ၏ နောက်ဘက်သို့ ပစ်လိုက်၏။ ကျောက် စရစ်သံကို ကြား၍ ဟင်္သာကလှည့်ကြည့်လိုက်သောအခါ ကျောက်စရစ်ဖြင့် မျက်စိကို ပစ်လိုက်၏။ ကျောက်စရစ်သည် မျက်စိနှစ်ဖက်လုံးကို ဖောက် ထွက်သွားသဖြင့် ဟင်္သာသည် ထိုရဟန်း၏ ခြေရင်းမှာ ကျ၍ သေရှာ၏။ ထိုအနီးမှာရှိနေကြသော ရဟန်းများက ထို ရဟန်းနှစ်ပါးကို ဘုရားရှင် ရှေ့တော်သို့ ခေါ်ယူ၍ လျှောက်ထားကြရာ ဘုရားရှင်က ထိုရဟန်းများကို ရှုတ်ချတော်မူပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူ လေသတည်း။

[ဟင်္သာသတ်သော ရဟန်းနှင့်ပတ်သက်၍ ဟောကြားထားသော ဂရုဓမ္မဇာတ်ကို တိကနိပါတ်၊ အရည္ဆဝဂ်၌ ရှုပါ။]

ဒေသနာတော်

၃၆၃။ အကြင်ရဟန်းသည် နှုတ်ကို စောင့်စည်း၏။ ပညာဖြင့် ဆင်ခြင်၍ ပြောဆိုလေ့ရှိ၏။ မပျံ့လွင့်သော စိတ်ရှိ၏။ အနက်အဓိပ္ပာယ်ကို လည်းကောင်း၊ ပါဠိကိုလည်းကောင်း ဟောပြောနိုင်၏။ ထိုရဟန်း၏ စကားသည် သာယာချိုမြိန်၏။

## ကောကာလိက ရဟန်း

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အရှင် သာရိပုတ္တရာနှင့် အရှင်မဟာ မောဂ္ဂလာန်တို့ကို ဆဲရေခဲ့သော ကောကာလိက ရဟန်းအကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ဝေဝဇ်ဆက်၏ နောက်လိုက်ဖြစ်သော ကောကာလိက ရဟန်းသည် အဂ္ဂသာဝက နှစ်ပါးကိုဆဲရေးသဖြင့် ဒေဝဒတ်ကဲ့သို့ ကျရောက်ခံစားရ၏။ ထိုအကြောင်းကို ရဟန်းများက လျှောက်ထားလေကြရာ ဘုရားရှင်က အောက်ပါဒေသနာတော်ကို ဟောကြားတော်မူလေသည်။

[ကောကာလိက၏ ပျက်စီးခြင်းနှင့် ပတ်သက်၍ ဟောကြားထားသော ကဗ္ဗာပဒကာတ်ကို ဒုကနိပါတ်၊ ဗိရဏတ္ထမ္ဘဇာတ်မှာ ရှုပါ။]

### ဒေသနာတော်

၃၆၄။ တရားနှာလျှင် မွေ့လျော်ရာရှိသော၊ တရား၌ မွေ့လျော်တတ်သော၊ တရားကို အဖန်ဖန်ကြံစည်တတ်သော၊ တရားကို အဖန်ဖန် အောက်မေ့တတ်သော ရဟန်းသည် သူတော်ကောင်းတရားမှ မဆုတ်ယုတ်ဧ။

## အရှင် ဓမ္မာရာမ

ဇေတဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဘုရားရှင်၏ ထံတော်မှာမနေဘဲ တရားအားထုတ်၍ သာနေသော အရှင် ဓမ္မာရာမကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ဘုရားရှင်သည် ဤနေ့မှ နောက်လေးလလွန်မြောက်လျှင် ပရိနိဗ္ဗာန်ပြုတော့မည်ဟု မိန့်ကြားတော်မူလေရာ အရှင်ဓမ္မာရာမသည် "ဘုရားရှင် ပရိနိဗ္ဗာန်စံဝင်တော်မမူမီ ရဟန္တာဖြစ်အောင် ကြိုးစားမည်"ဟု နှလုံးသွင်းကာ ဘုရားရှင်ထံတော်မှ ခွဲခွာပြီးလျှင် ဆိတ်ငြိမ်ရာတွင် တရားအားထုတ်နေ၏။ ဘုရားရှင်ထံတော်ပါး၌ ခြံရံနေကြသော ရဟန်းများက "အရှင် ဓမ္မာရာမသည် ဘုရားရှင်ကို ချစ်မြတ်နိုးခြင်းမရှိသဖြင့် လွတ်ရာကျွတ်ရာ သွားနေပါသည်ဘုရား"ဟု လျှောက်ထား၏။ ဘုရားရှင်က အရှင်ဓမ္မာရာမကို ခေါ်၍ မေးတော်မူလေရာ အရှင်ဓမ္မာရာမက မိမိ၏နှလုံးသွင်းမှုကို လျှောက်ထား၏။ ဘုရားရှင်သည် အရှင် ဓမ္မာရာမ၏ စကားကို သာခုခေါ်တော်မူပြီးလျှင် အောက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ အရှင်ဓမ္မဓရာမသည် ရဟန္တာဖြစ်လေ၏။

ဒေသနာတော်

၃၆၅။ မိမိလာဘ်လာဘကို မထေမဲ့မြင် မပြုရာ၊ သူတစ်ပါးတို့၏ လာဘ်လာဘကို တောင့်တသော ရဟန်းသည် စိတ်တည်ကြည်ခြင်းကို မရနိုင်ချေ။

၃၆၆။ ရဟန်းသည် လာဘ်လာဘ နည်းပါးစေကာမူ မိမိ၏ လာဘ်လာဘကို မထေမဲ့မြင် မပြုပါလေလင့်။ အသက်မွေးမှုစင်ကြယ်၍ မပျင်းမရိသော ထိုရဟန်းကို နတ်တို့ချီးချီးမွမ်းကြကုန်၏။

## ဒေဝဒတ်အသင်းအပင်းနှင့် ဆက်ဆံသောရဟန်း

ဝေဠုဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဒေဝဒတ်အသင်းအပင်းနှင့်ဆက်ဆံသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ဝေဠုဝန် ကျောင်းတော်မှ ရဟန်းတစ်ပါးသည် ဒေဝဒတ်အသင်းအပင်းမှ ရဟန်းတစ်ပါးနှင့် မိတ်ဆွေဖြစ်၏။ တစ်နေ့သ၌ ထိုရဟန်းသည် ဒေဝဒတ်၏ အသင်းအပင်းမှ ရဟန်းတစ်ပါးနှင့် တွေ့ဆုံကာ လိုက်ပါသွား၏။ ဒေဝဒတ်၏ ဒါယကာ၊ ဒါယိကာမများ အိမ်တွင် ပေါများလှသော ဆွမ်းဘောဇဉ်တို့ကို စားသောက်ကာ ဒေဝဒတ်၏ အသင်းအပင်းထဲတွင် နှစ်ရက် သုံးရက်ကြာမျှ နေထိုင်ခဲ့၏။ ထိုရဟန်း ဝေဠုဝန်ကျောင်းသို့ ပြန်ရောက်သောအခါ ရဟန်းများက ဘုရားရှင်ထံလျှောက်ထားကြ၏။ ဘုရားရှင်က ထိုရဟန်းကို ခေါ်ယူ၍ စစ်ဆေးတော်မူပြီးလျှင် အထက်ပါဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

[သူတစ်ပါးစကားကို လက်ခံလိုက်နာလေ့ရှိသော ထိုရဟန်းနှင့်ပတ်သက်၍ ဟောကြားထားသော မဟိဠာမုခဇာတ်ကို ကေကနိပါတ်၊ ကုရုင်္ဂဝဂ်မှာ ရှုပါ။]

ဒေသနာတော်

၃၆၇။ အကြင်ပုဂ္ဂိုလ်အား နာမ်ရုပ်တရားအားလုံး၌ ငါ၊ ငါ၏ ဥစ္စာဟုဖြတ်နှီး စွဲလမ်းခြင်းမရှိပေ။ ထိုတရားတို့ပျက်စီးသွားသော်လည်း စိုးရိမ်ခြင်းလည်း မရှိပေ။ ထိုပုဂ္ဂိုလ်ကို စင်စစ်အားဖြင့် ဘိက္ခုဟူ၍ ဆိုအပ်၏။

စတုတ္ထအကြိမ်

# ပဉ္စဂ္ဂဒါယကာ ပုဏ္ဏားကြီး

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ပဉ္စဂ္ဂဒါယကာမည်သော ပုဏ္ဏားကြီး၏ မေးလျှောက်ခြင်းကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

သာဝတ္ထိမြို့တော်မှ ပုဏ္ဏားကြီး တစ်ယောက်သည် လယ်ထဲ၌ကောက်ပင်များစိုက်သောအခါ လယ်ဦးဟူ၍ အလှူပေး၏။ ကောက်ပင်များ ရိပ်သိမ်း၍ တလင်းမှာနယ်သောအခါတွင်လည်း တလင်းဦး ဟူ၍လှူ၏။ ထိုစပါးတို့ကို ကျီစင်ထောင်း ဆန်ဖွပ်၍ ထမင်းချက်သော အခါတွင်လည်း ထမင်းဦးဟူ၍အလှူပေး၏။ ချက်ပြီးသောထမင်းများကို ဇလုံထဲမှာ ခူး၍ထည့်သောအခါ၌လည်း ဇလုံဦးဟူ၍ အလှူပေး၏။ ဤသို့ ကောက်ပင်ငါးပါးသော ငါးနေရာတို့၌ အဦးအဖျားကို ပေးလှူတတ်သောကြောင့် ထိုပုဏ္ဏားကို ပဉ္စဂ္ဂဒါယကာဟူ၍ ခေါ်ဝေါ်ကြရလေသည်။

တစ်နေ့သ၌ ဘုရားရှင်သည် ပဉ္စဂ္ဂဒါယကာ ပုဏ္ဏားကြီးတို့ ဇနီးမောင်နှံ နှစ်ယောက်လုံး ကျွတ်တမ်းဝင်မည့်အရေးကို မြင်တော်မူသဖြင့် ထိုပုဏ္ဏားကြီးအိမ်သို့ ဆွမ်းခံကြွတော်မူ၏။ ထိုအချိန်၌ ပုဏ္ဏားကြီးသည် အိမ်အဝင်ဝကို ကျောပေး၍ ထမင်းစားနေ၍ ဘုရားရှင်ကို မမြင်ရပေ။ ပုဏ္ဏားကြီးဇနီးကား ပုဏ္ဏားကြီးကို ခူးခပ်ကျွေးမွေးနေသဖြင့် ဘုရားရှင်ကို ဖူးမြင်ရ၏။ သို့ရာတွင် ပုဏ္ဏားကြီး၏ ချက်ထားသမျှ ထမင်းဟင်းများ လောင်းလှူလိုက်လျှင် နောက်ထပ် ချက်ရမည် စိုး၍ ပုဏ္ဏားကြီးကို အသိမပေးဘဲ ပုဏ္ဏားကြီးကျောမှာ ကုန်းကုန်းကြီး ရပ်လျက် ကာကွယ်ထားလေ၏။ ထိုသို့ ရပ်ထားရာမှ မျက်စိအစ်ဖက် စောင်း၍ ဘုရားရှင်ကြွသွားပြီလားဟု ကြည့်လိုက်ရာ ရပ်မြဲရပ်နေသည်ကို တွေ့ရသဖြင့် ပုဏ္ဏားကြီး ကြားမသွားစေရန် "ကန်တော့ပါ ဘုရား" ဟု တိုးတိုးကလေးဆို၏။ ဘုရားရှင်က ငါကြွမည် ဟူသော အနေအထားဖြင့် ခေါင်းကို လှုပ်ခါ၍ ပြတော်မူ၏။ တစ်လောကလုံး လေးစားနေကြသော ဘုရားရှင်ကိုယ်တော်တိုင်က ဤသို့လှုပ်ပြသည်ကို ပုဏ္ဏားကြီးမှာ မချုပ်နိုင် မထိန်းနိုင်တော့ဘဲ ရယ်မောမိလေသည်။

ထိုခဏမှာပင် ဘုရားရှင်ကလည်း ရောင်ခြည်တော်များ လွှတ်တော်မူလိုက်ရာ ပုဏ္ဏားကြီးသည် ဘုရားကို ဖူးမြင်ရ၏။ ဤတွင် ပုဏ္ဏားကြီးသည် ထမင်းစားရာမှ ကပျာကယာ ပြီးလျှင် "အို အရှင်ဂေါတမ ပြည့်စော

စားထားရှိ ထက်ဝက်ကျန်နေသော ဆွမ်းကို အလှူခံနိုင်ပါသည်လော''ဟု လျှောက်ထား၏။ ဘုရားရှင်က ''အို ပုဏ္ဏား၊ သူ့ဝဲ့ပါးကို အမှီပြု၍ အသက်မွေးရသောသူသည် အဦးအဖျားဖြစ်စေ၊ အလယ်ပိုင်းဖြစ်စေ၊ အကြွင်းအကျန်ဖြစ်စေ ရလာသမျှ ဆွမ်းများကို ချီးမွမ်းခြင်း၊ ကဲ့ရဲ့ခြင်း မပြုချေ''ဟု မိန့်ကြားတော်မူလေသည်။

ထိုစကားကိုကြားရသဖြင့် ပုဏ္ဏားကြီးသာ ဝမ်းသာအားရ ဖြစ်ကာ စားကြွင်းဖြစ်သော ထမင်းဟင်းများကို လောင်းလှူပြီးလျှင် ''အို-အရှင်ဂေါတမ၊ အရှင်ဘုရားသည် မိမိတို့ဓလေ့များကို ဘိက္ခုဟူ၍ ခေါ်ဝေါ်ကြကုန်၏၊ အဘယ်သို့သောအကျင့်ဝတ်များကြောင့် ဘိက္ခုခေါ်ပါသနည်း'' ဟု မေးလျှောက်၏။ ဘုရားရှင်သည် ထိုအမေးကိုဖြေတော်မူသောအားဖြင့် အထက်ပါဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ ပုဏ္ဏားကြီးနှင့် ပုဏ္ဏေးမကြီးတို့သည် အနာဂါမ်ဖြစ်ကြလေသည်။

ဒေသနာတော်

၃၆၈။ အကြင်ရဟန်းသည် မေတ္တာဘာဝနာကို ပွားများလေ့ရှိ၏။ မြတ်စွာဘုရား၏ သာသနာတော်၌ ကြည်ညို၏။ ထိုရဟန်းသည် သင်္ခါရတို့၏ငြိမ်းရာ ငြိမ်သက်လှစွာသော နိဗ္ဗာန်ချမ်းသာကို ရနိုင်၏။

၃၆၉။ ရဟန်း၊ ဤခန္ဓာကိုယ် တည်းဟူသော လှေမှ မိစ္ဆာဝိတက် တည်းဟူသော ရေကို သွန်ပစ်လော့၊ ထိုသို့ သွန်ပစ်လျှင် သင်၏ ခန္ဓာကိုယ် တည်းဟူသော လှေသည် လျင်မြန်စွာ သွားနိုင်လတ္တံ့။ ရာဂ, ဒေါသ, မောဟ တို့ကို ပယ်ဖြတ်လျှင် နိဗ္ဗာန်သို့ရောက်လတ္တံ့။

၃၇၀။ အောက်ပိုင်း သံယောဇဉ် ငါးပါးတို့ကို ဖြတ်ရာ၏။ အထက်ပိုင်း သံယောဇဉ်ငါးပါးတို့ကို ပယ်ရာ၏။ သဒ္ဓါစသော တရားငါးပါး တို့ကို အလွန်ပွားများရာ၏။ လောဘ စသော ငြိတွယ်ခြင်းငါးပါး တို့မှ လွန်မြောက်သော ရဟန်းကို သံသရာဝဲသြဃမှ ကူးမြောက်ပြီး သူဟူ၍ ဆိုအပ်၏။

၃၇၁။ ရဟန်း၊ အနိစ္စ စသည်ဖြင့် ကပ်ရှုလော့၊ မမေ့မလျော့ပါလင့်၊ သင်၏စိတ်ကို ကာမဂုဏ်၌ မမွေ့မလျော်စေလင့်။ မေ့လျော့သည် ဖြစ်၍ သံတွေခဲကို မမျိုလင့်၊ ကိလေသာမီးတို့ လောင်လာသည် ရှိသော် ဤသို့ အလောင်ခံရခြင်းသည် ဆင်းရဲပေစွဟု မငိုကြွေးလင့်။

ပထုဋ္ဌအကြိမ်

၃၇၂။ ပညာမရှိသောသူအား သမာဓိမရှိပေ။ သမာဓိမရှိ သောသူ အား ဝိပဿနာပညာ မရှိပေ။ အကြင်ပုဂ္ဂိုလ်၌ သမာဓိသည် လည်းကောင်း၊ ဝိပဿနာသည် လည်းကောင်း ရှိ၏။ ထိုသူသည် နိဗ္ဗာန်နှင့် ကျော်နီး၏။

၃၇၃။ ဆိတ်ငြိမ်ရာသို့ ဝင်ရောက်သော တရားကို ကောင်းစွာ ရှုမြင်သော ငြိမ်သက်သောစိတ် ရှိသော ရဟန်းအား လူသာမန်တို့နှင့် မထိုက် ထန်သော ဘာဝနာတရားတို့၌ မွေ့လျော်ခြင်းသည် ဖြစ်၏။

၃၇၄။ ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်း၊ ပျက်ခြင်းကို သုံးသပ်ဆင်ခြင်တိုင်း သုံးသပ်ဆင်ခြင်တိုင်း နှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းတို့ကို ရ၏။ ထိုနှစ်သက်ခြင်း၊ ဝမ်းမြောက်ခြင်းသည်ပင် တရားမှန်ကိုသိသော ပညာရှိတို့အဖို့ နိဗ္ဗာန် ရောက်ကြောင်း ပေတည်း။

၃၇၅။ ဤသာသနာတော်၌ ဣန္ဒြေကို စောင့်ထိန်းခြင်း၊ အာဇီဝ ပဉ္စမ နှစ်ပါးတို့၌ ရောင့်ရဲခြင်း၊ ပါတိမောက္ခ သီလ၌ စောင့်စည်းခြင်း အားဖြင့် စာတုပါရိသုဒ္ဓိ လေးပါးသည် ပညာရှိရဟန်းအဖို့ နိဗ္ဗာန် ရောက်ကြောင်း အကျင့်၌ အဦးအစပေတည်း။

၃၇၆။ စင်ကြယ်သော အသက်မွေးခြင်း ရှိကုန်သော၊ မပျင်းရိကုန်သော မိတ်ဆွေကောင်းတို့ကို ဆည်းကပ်လော့။ အာမိသ၊ ဓမ္မ ဟူသော ပဋိသန္ဓာရတရားတို့နှင့် ပြည့်စုံရာ၏။ ကျင့်ဝတ်တို့၌ လိမ္မာရာ၏။ ထို အကြောင်းတရားတို့ကြောင့် ဝမ်းမြောက်ခြင်းများပြားသည်ဖြစ်၍ ဒုက္ခ၏အဆုံးကို ပြုလတ္တံ့။

## ရဟန်းကိုးရာ(ခိုးသားဖြစ်ဖူးသူများ)

ဇေတဝန် ကျောင်းတော်၌ ဘုရားရှင်သီတင်းသုံးတော်မူစဉ် ခိုးသား ကိုးရာ ဖြစ်ခဲ့ဖူးသော ရဟန်းများကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟော ကြားတော် မူလေသည်။

ထိုခိုးသားတို့သည် အရှင်သာကေ၏ မယ်တော် သေဋ္ဌေးမကြီး၏ တိုက်အိမ်ကို ဖောက်ထွင်း ခိုးယူရန် ကြံစည်ကြသော်လည်း အစောင့် အရှောက် အရံအတား ခိုင်ခံ့စွာ ရှိ နေသဖြင့် အကြံမအောင်မြင်ကြပေ။ အရှင်သောဏ ဘုရားရှင်ထံမှ ပြန်ကြွလာသောအခါမှ ဖောက်ထွင်းခိုးယူရန် အခွင့်သာလာကြ၏။ အရှင်သောဏသည် အဝန္တိတိုင်း၊ ကုရရဃရမြို့မှ သေဋ္ဌေးမကြီး၏ တစ်ဦးတည်းသော သားဖြစ်ခဲ့၏။ တစ်ကုဋေ့တန်သော နားတောင်းကို ပန်ဆင်ခဲ့၏။ ထိုမြို့ကို အမှီပြု၍ ပဝတ္တတောင်၌ အရှင်မဟာ ကစ္စည်း သီတင်းသုံးနေလေရာ ထိုမထေရ်၏တရားကိုကြည်ညိုသဖြင့် ရဟန်း

ပြုခွင့် တောင်း၏။ အဝန္တိတိုင်းတွင် ရဟန်းသံဃာ ရှားပါးလှသဖြင့် ဥပသမ္ပဒကံ ပြုနိုင်လောက်သော သံဃာပြည့်စုံအောင် ရှာဖွေ၍ မရပေ။ သို့ဖြစ်၍ သုံးနှစ်တိုင်တိုင် သံဃာပြည့်စုံအောင် ရှာဖွေပြီးခါမှ အရှင်မဟာကစ္စည်းသည် သောဏသေဌေးကို ရဟန်းခံ၍ ပေးနိုင်လေသည်။

ရဟန်းအဖြစ်ကို ရပြီးသောအခါ အရှင်သောဏသည် ဥပဇ္ဈာယ်ဆရာထံမှ လမ်းညွှန်စကားကို နာယူပြီးလျှင် ဘုရားရှင်ထံ လာရောက်၍ ဖူးမြော်၏။ ဘုရားရှင်က သူ့ကို မိမိနှင့်အတူ ဂန္ဓကုဋိတိုက်ထဲ၌ အိပ်ခွင့်ပြုတော်မူကာ သုတ္တနိပါတ် ပါဠိတော်မှ အဋ္ဌကဝဂ်လာ သုတ္တန် တစ်ဆယ့်ခြောက်ခုတို့ကို ရွတ်ဖတ် သရဇ္ဈာယ်စေတော်မူ၏။ ရွတ်ဖတ်အပြီးတွင် ဘုရားရှင်က သာဓုခေါ်တော်မူ၏။ ဘုရားရှင်၏ သာဓုခေါ်သံကို ဘုမ္မစိုး နတ်၊ နဂါး၊ ဂဠုန် တို့မှစ၍ ဗြဟ္မာ့ပြည်တိုင်အောင် တစ်ခဲနက် သာဓုခေါ်ကြလေသည်။

ထိုအသံများကိုကြားသိသဖြင့် ဇေတဝန်ကျောင်းတော်နှင့် ယူဇနာ တစ်ရာ့နှစ်ဆယ် ကွာဝေးသော ကုရရဃရမြို့မှ အရှင်သောဏ၏ မယ်တော် သေဌေးကြီး၏ အိမ်စောင့်နတ်ကလည်း အသံကျယ်စွာ သာဓုခေါ်၏။ သေဌေးမကြီးက သာဓုခေါ်ရခြင်း အကြောင်းရင်းကို မေးသောအခါ အိမ်စောင့်နတ်က အထက်ပါ အကြောင်းကို ပြောပြ၏။ မယ်တော် သေဌေးမကြီးသည် ထိုစကားကို ကြားရသဖြင့် ငါးပါးသော ပီတိတို့ တစ်ကိုယ်လုံးပျံ့နှံ့ကာ အရှင်သောဏ ရောက်လာလျှင် တရားပွဲကြီး ကျင်းပမည်ဟု အားခဲထားလေသည်။

အရှင်သောဏသည် ဥပဇ္ဈာယ်ဆရာ မှာကြားလိုက်သည့်အတိုင်း နယ်စွန်နယ်ဖျား အရပ်များ၌ ရဟန်းငါးပါးဖြင့် ရဟန်းခံခွင့် စသော ဆုငါးမျိုးကို တောင်း၏။ ဘုရားရှင်ကလည်း ခွင့်ပြုတော်မူ၏။ ထို့နောက် ဥပဇ္ဈာယ်ဆရာရှိရာ ကုရရဃရမြို့သို့ ပြန်လာခဲ့၏။ ဤတွင် မယ်တော် သေဌေးမကြီးသည် တောကျောင်း၌ အလှူကြီးပေးကာ သား ရဟန်း အရှင်သောဏအား တရားဟောရန် လျှောက်ထား၏။ အရှင်သောဏကလည်း မယ်တော်ကြီး၏ တောင်းပန်စကားကို လက်ခံ၏။ ထိုညတွင် မယ်တော် သေဌေးမကြီးသည် ကျွန်မတစ်ယောက်ကိုသာ အိမ်စောင့်ထားခဲ့ပြီးလျှင် တရားမဏ္ဍပ်မှာ လာ၍ တရားနာနေလေသည်။

ဤတွင် စောစောက အခွင့်သာခဲ့ကြသော ခိုးသားကိုးရာတို့သည် တံတိုင်း ချနက်တပ်အောက်မှ ဥမင်လိုဏ်ခေါင်း တူးကြပြီးလျှင် စာကျွတိုက်

များကို ဖောက်ထွင်း၍ ခိုးယူကြ၏။ သေဋ္ဌေးမကြီးသည် တရားနာနေရာမှ အိမ်ပြန်လာရန် အားထုတ်လျှင် အားထုတ်သော နေရာမှာပင် ခုတ်သတ်ရန် ခိုးမှူးကြီး ကိုယ်တိုင်က အနားမှ ဓားကို လျှို့ဝှက်စွာကိုင်၍ စောင့်နေ၏။ အိမ်စေကျွန်မ ကျွန်နိုနရစ်သော ကျွန်းသည် ဘဏ္ဍာတိုက် တစ်ခုတစ်ခုကို ဖောက်တိုင်း သေဋ္ဌေးမကြီးကို လာ၍ပြော၏။ သေဋ္ဌေးမကြီးက တရားနာပျက်သွားမည်စိုး၍ ကျွန်မကို နှင်ရှိသာလွှတ်၏။ ပြန်လွှတ်ပြီးခါမှ ကျွန်မက ထပ်ကာထပ်ကာ ပြန်လာ၍ တိုင်ပြန်သောအခါတွင်ကား "နောက်ထပ် ခါ လာ၍ကိုင်လျှင် သင့်အား မြသင့်သမျှ ပြုတော့အံ့" ဟု ခြိမ်းခြောက် လိုက်လေသည်။

ခိုးမှူးကြီးသည် သေဋ္ဌေးမကြီး၏ စကားကြောင့် ထိတ်လန့်တကြား ဖြစ်ကာ ခိုးသားများထံသွား၍ ဖောက်ထွင်း ခိုးယူထားသမျှ ပစ္စည်းများ ကို နဂိုကတိုင်းပြန်ထားရန် ပြောဆို၏။ ခိုးသားတို့ကလည်း ခိုးမှူးကြီး၏ စကားအတိုင်း လိုက်နာကာ ခိုးမှူးကြီးနှင့်အတူလိုက်၍ တရားနာကြ၏။ နံနက်လင်း၍ အရှင်သောတာ တရားလွှင်မှ ဆင်းသွားသောအခါ ခိုးသား အားလုံးတို့သည် မယ်တော် သေဋ္ဌေးမကြီး၏ ခြေရင်း၌ ဝပ်စင်း၍ မိမိတို့ အပြစ်ကို ဝန်ချတောင်းပန်ကြ၏။ အရှင်သောတာထံ၌ ရဟန်းပြုခွင့် တောင်း ခံလေလည်း ပန်ကြားကြ၏။ အရှင်သောတာသည် သူတို့၏အဝတ်များမှ အမြိတ်များကို ဖြတ်စေပြီး လျှင် မြေနီဆိုး၍ သင်္ကန်းဖြစ်အောင် ချုပ်စေ ၏။ ထိုသင်္ကန်းတို့ဖြင့် သာမဏေပြုပေးပြီးမှ ပင်ဆင့်တက်၍ ရဟန်းပြု ပေး၏။ ထို့နောက် ရဟန်းတစ်ပါးစီအား ကမ္မဋ္ဌာန်းတစ်မျိုးစီ ပေးထား လေသည်။

ဘုရားရှင်သည် ဂန္ဓကုဋိကျောင်းတော်မှ ထိုရဟန်းတို့ တရားအားထုတ် နေရာသို့ ရောင်ခြည်တော်များ လွှတ်တော်မူပြီးလျှင် ထိုရဟန်းတို့စိတ်ဓာတ် စရိုက်အားလျော်စွာ အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေ သတည်း။

ဒေသနာတော်မှ ဂါထာတစ်ပုဒ်တစ်ပုဒ်အဆုံး၌ တစ်ရာ့ဆယ်ရာ သော ရဟန်းတို့သည် ရဟန္တာ ဖြစ်ကြလေ၏။ ဂါထာအားလုံး ဆုံးသော အခါ ရဟန္တာဖြစ်ရာတို့သည် ကောင်းကင်ခရီးဖြင့်ဘုရားရှင်ထံလာ၍ရှေ့ကတော ခြေတော်အစုံကို ဦးခိုက်ကြလေ၏။

ဒေသနာတော်

၃၇၇။ ရဟန်းတို့၊ မုလေးပန်းပင်တို့သည် ရင့်ရော် ညှိုးနွမ်းကုန်သော ပန်းပွင့်တို့ကို စွန့်လွှတ်သကဲ့သို့၊ ဤဆိုတူ သင်တို့သည် ရာဂကိုလည်းကောင်း၊ ဒေါသကို လည်းကောင်း စွန့်ကြကုန်လော့။

## ရဟန်းငါးရာ(မုလေးပန်း ရှုသူများ)

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် တရားအားထုတ်နေသော ရဟန်းငါးရာတို့ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ထိုရဟန်းငါးရာတို့သည် ဘုရားရှင်ထံမှ ကမ္မဋ္ဌာန်းကိုယူ၍ တောရ ကျောင်း၌ တရားအားထုတ်နေကြ၏။ ထိုစဉ်တွင် မုလေးပင်မှ ရင့် ရော်ညှိုးနွမ်းသော အပွင့်များ ကြွေကျလာသည်ကို တွေ့ကြရသဖြင့် "ငါတို့ လည်း ရာဂ စသည်တို့ကို စွန့်လွှတ်ကြကုန်အံ့" ဟု ကြံစည်ကုန်၏။ ဘုရားရှင် သည် ဂန္ဓကုဋိတိုက်တော်ထဲ တွင်မှ ရောင်ခြည်တော်များ လွှတ်ပြီး လျှင် ဆက်ပါ ဒေသနာတော်ကို ဟောကြားတော် မူလေသတည်း။

ဒေသနာတော်အဆုံး၌ ရဟန်းငါးရာတို့ ရဟန္တာဖြစ်ကြလေ၏။

ဒေသနာတော်

၃၇၈။ ကောင်းစွာ တည်ကြည်သည်ဖြစ်၍ ငြိမ်သက်သောကိုယ်၊ ငြိမ်သက် သောနှုတ်၊ ငြိမ်သက် သော စိတ်ရှိသော၊ လောကီစည်းစိမ် အာမိသ ပေါ်သည်ကို ထွေးအန်ပြီးသော ရဟန်းကို ငြိမ်းအေးသော ပုဂ္ဂိုလ်ဟူ၍ ဆိုအပ်၏။

## အရှင်သန္တကာယ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ငြိမ်သက်စွာ နေတတ်သော အရှင်သန္တကာယကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

အရှင်သန္တကာယသည် ခြင်္သေ့ဘဝမှ လာသူဖြစ်၍ ငြိမ်သက်စွာ နေ ထိုင်လေ၏။ ကိုယ်ခန္ဓာ စိတ်ဓာတ်ပိုင်း အားလုံး လှုပ်ရှားမှု ကင်းလျက် နေတတ် ၏။ ဤအကြောင်းကို ရဟန်းများက လျှောက်ထားကြလေရာ ဘုရားရှင်က အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ အရှင်သန္တကာယသည် ရဟန္တာ ဖြစ်လေ၏။

စတုတ္ထအကြိမ်

ဒေသနာတော်

၃၇၉။ ရဟန်း၊ မိမိကိုယ်တိုင် စစ်ဆေး မေးမြန်းလော့။ မိမိကိုယ်ကို ဆင်ခြင်သုံးသပ်လော့။ မိမိကိုယ်ကို မိမိကိုယ်တိုင် စောင့်ရှောက်သည် ဖြစ်၍ သတိရှိသော သင်သည် ချမ်းသာစွာ နေရလတ္တံ့။

၃၈၀။ မိမိသည်သာလျှင် မိမိ၏ ကိုးကွယ်ရာဖြစ်၏။ တစ်ပါးသူသည် အဘယ်မှာ ကိုးကွယ်ရာ ဖြစ်ပါအံ့နည်း။ မိမိသည်သာလျှင် မိမိ၏ လဲလျောင်းရာ ဖြစ်၏။ ထို့ကြောင့် မြင်းကုန်သည်သည် အမျိုးကောင်းသောမြင်းကို စောင့်ရှောက်သကဲ့သို့ မစောင့်ရှောက်ရာ၏။

# အရှင်နင်္ဂလကုလ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ထွန်တုံးနှင့် ပုဆိုးစုတ်ကို အားကိုး၍ လူထွက်ရန် ကြံစည်ခဲ့သော အရှင်နင်္ဂလကုလကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

အရှင်နင်္ဂလကုလကား လူ့ဘဝတုန်းက ပုဆိုးစုတ်တစ်ထည်နှင့် ထွန်တုံးတစ်ခုသာ ပိုင်ဆိုင်သော သူဆင်းရဲဘဝယောက်ျား ဖြစ်ခဲ့၏။ သူ့ကို ရဟန်းတစ်ပါးက သနားသောအားဖြင့် ကျောင်းသို့ခေါ်လာပြီးလျှင် မိမိကိုယ်တိုင် ရှင်ပြုပေး၏။ ချေးညှော်များကို သုတ်သင်ပေး၏။ မိမိ၏သင်္ကန်း၊ သပိတ်၊ ပရိက္ခရာများကို ပေး၍ ရှင်ပြု၏။ သူ၏ကိုယ်ပိုင် ပစ္စည်းဖြစ်သော ပုဆိုးစုတ်နှင့် ထွန်တုံးကို ရှင်ပြုရာဌာနဖြစ်သော ကျောင်းဝန်းအနီးရှိ သစ်ခက်ပေါ်မှာပင် ထားစေ၏။ လူ့ဘဝတုန်းက ထွန်တုံးတစ်ခုနှင့် ပုဆိုးစုတ်တစ်ထည်သာရှိခဲ့သဖြင့် ရဟန်းဖြစ်သောအခါ သူ့ကို အရှင်နင်္ဂလကုလဟု ခေါ်ဝေါ်ကြလေသည်။

အရှင်နင်္ဂလကုလသည် သာသနာ့အရိပ်ကိုခိုလှုံကာ လှုလှုပပဝတ်၍ ဝဝလင်လင် စားရသောအခါ လူထွက်လိုစိတ်ပေါ်လာသဖြင့် ဒဏ္ဍဝဂ်မှ အရှင်ပိလောတိကတိဿ မထေရ်ကဲ့သို့ မိမိကိုယ်ကိုဆုံးမ၍ ရဟန္တာဖြစ်ကာ ရဟန္တာတို့၏ အသုံးအနှုန်းကို ပြောဆိုရာတွင် အခြားရဟန်းများက ယုံကြည်သဖြင့် ဘုရားရှင်ထံ လျှောက်ထားကြ၏။ ဤတွင် ဘုရားရှင်က အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၃၈၁။ ဝမ်းမြောက်ခြင်း များပြားသော၊ သာသနာတော်၌ ကြည်ညိုသော ရဟန်းသည် သင်္ခါရတို့၏ ငြိမ်းရာ ငြိမ်သက် ချမ်းမြေ့သော နိဗ္ဗာန်ကို ရရာ၏။

စတုတ္ထအကြိမ်

# အရှင်ဝက္ကလိ

ဝေဠုဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဘုရားရှင်ကို အလွန်တရာ ကြည်ညိုလှသော အရှင်ဝက္ကလိကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော် မူလေသည်။

အရှင်ဝက္ကလိသည်ကား ဘုရားရှင်၏ ရူပကာယကို ကြည်ညိုလှသဖြင့် အမြဲတစေ ဖူးမြော်၍နေနိုင်စေရန် ပုဏ္ဏားမျိုးရိုးမှထွက်၍ ရဟန်းပြုလာသူ ဖြစ်၏။ ရဟန်းဘဝသို့ ရောက်ပြီးသည့်မှစ၍ အရှင်ဝက္ကလိသည် တရားစာပေ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ ကမ္မဋ္ဌာန်းဘာဝနာ ပွားများခြင်းတို့ကို မပြုပေ။ အချိန်ရှိသမျှ ဘုရားရှင်ကို မြင်လောက်သော နေရာမှ ဖူးမြော်ကြည်ညို၍သာ နေ၏။ ဘုရားရှင်သည် အရှင်ဝက္ကလိ၏ ဉာဏ်ပညာ ရင့်သန်လာအောင် စောင့်ဆိုင်းတော်မူကာ တစ်စုံတစ်ရာ မိန့်ကြားတော်မမူပေ။ အရှင်ဝက္ကလိ ဉာဏ်ရင့်သန်လာသောအခါတွင် "ဝက္ကလိ၊ ဤကိုယ်ကောင်ပုပ်ကို ကြည့်ရှုနေသဖြင့် သင့်မှာ ဘာအကျိုးရှိမည်နည်း။ စင်စင်အားဖြင့် တရားကို မြင်သောသူသည် ငါဘုရားကို ဖူးမြင်ရ၏။ ငါဘုရားကို ဖူးမြင်ရသောသူသည် တရားကိုမြင်၏"ဟု မိန့်ကြားတော်မူလေသည်။

ဤသို့ မိန့်ကြားတော်မူသော်လည်း အရှင်ဝက္ကလိသည် ဘုရားရှင်အပါးမှ မခွာနိုင်ချေ။ ဤတွင် ဘုရားရှင်သည် အရှင်ဝက္ကလိအား သတိသံဝေဂ ရနိုင်စေရန် ဝါဆိုခါနီးသောနေ့တွင် "ဝက္ကလိ၊ ငါဘုရား၏ အပါးမှ ထွက်ခွာသွားလေလော့"ဟု နှင်ထုတ်တော်မူ၏။ အရှင်ဝက္ကလိသည် "ဘုရားရှင်ကိုမှ ဖူးမြင်၍မနေရလျှင် အသက်ရှင်နေခြင်းဖြင့် ငါ့မှာ ဘာအကျိုးရှိတော့မည်နည်း"ဟု တွေးတောကာ ဂိဇ္ဈကုဋ်တောင်ထိပ်သို့ တက်လေ၏။ ဂိဇ္ဈကုဋ်တောင်ထိပ်မှ ခုန်ချအံ့ဆဲဆဲတွင် ဘုရားရှင်သည် အရှင်ဝက္ကလိထံသို့ ရောင်ခြည်တော်များ လွှတ်တော်မူပြီးလျှင် အောက်ပါ ဒေသနာတော်ကို ဟောကြားတော် မူလေသတည်း။

ဤဒေသနာတော်ကို ဟောကြားတော်မူပြီးလျှင် ဘုရားရှင်သည် လက်တော်ကို ဆန့်တန်း၍ "ဝက္ကလိ လာလော့၊ ငါဘုရားကို ဖူးမြော်လှည့်လော့"ဟု မိန့်ကြားတော်မူ၏။ အရှင်ဝက္ကလိသည် အလွန်တရာ နှစ်သက်ဝမ်းမြောက်လှသဖြင့် ဂိဇ္ဈကုဋ်တောင်ထိပ်မှ ရှေ့သို့ ခြေလှမ်း လာခဲ့ရာ ပထမခြေတစ်ဖက် တောင်ထိပ်၌ ရှိစဉ်မှာပင် ရှေ့ရှုထားသော ပီတိကို ခွာ၍ ရဟန္တာဖြစ်၏။ ထို့နောက် ဆက်လက်၍ ကောင်းကင်ခရီးဖြင့် ဘုရားရှင်ထံ

လာရောက်ရှိခိုးပြီး၊ နေ့ခင်းအခါတွင် ဘုရားရှင်သည် အရှင် ဝက္ကလိအား သဒ္ဓါဝိမုတ္တာအရာတွင် ဧတဒဂ် ထားတော်မူ၏။

ဒေသနာတော်

၃၈၂။ အကြင်ရဟန်းသည် ငယ်ရွယ်သေး၏လည်း မြတ်စွာဘုရားသာသနာ တော်၌ လုံ့လကြိုးကုတ် အားထုတ်၏၊ ထိုရဟန်းသည် တိမ်တိုက်မှ လွတ်သော လကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။

## သုမနသာမဏေ

ဝိသာခါ ဆောက်လုပ်လှူဒါန်းသော ပုဗ္ဗာရုံကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ခုနစ်နှစ်အရွယ်မှာ ရဟန္တာဖြစ်၍ ရဟန်းပြုခွင့်ရသော သုမနသာမဏေကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

သုမနသာမဏေသည်ကား အရှင်အနုရုဒ္ဓါနှင့် ပါရမီ ဖြည့်ဖက် ဖြစ်၏။ အရှင်အနုရုဒ္ဓါသည် ပဒုမုတ္တရမြတ်စွာဘုရားထံတော်၌ ကောင်းမှုကုသိုလ်ပြုပြီးလျှင် ဒိဗ္ဗစက္ခုရှိသောအရာ၌ ဧတဒဂ်ဆုကို ရရှိနိုင်ရန် ဆုတောင်းခဲ့၏။ ပဒုမုတ္တရဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူသောအခါ ဘုရားရှင်၏ ခုနစ်ယူဇနာရှိသော ရွှေစေတီတော်ကို ဆီမီးတစ်ထောင် ပူဇော်ခဲ့၏။ ဤကောင်းမှုကြောင့် လူ့စည်းစိမ်၊ နတ်စည်းစိမ်တို့ကို ကမ္ဘာတစ်သိန်းတိုင်တိုင် ခံစားရ၏။ ဤဘဒ္ဒကမ္ဘာတွင်ကား ဗာရာဏသီမြို့တွင် အန္နဘာရ ဟူသော အမည်ဖြင့် ဆင်းရဲဖြစ်လာ၏။ ဗာရာဏသီမြို့မှ သုမနသူဌေးကြီးထံ မြက်ရိတ် အလုပ်သမားအဖြစ်ဖြင့် အသက်မွေးရလေသည်။

တစ်နေ့သ၌ ဂန္ဓမာဒနတောင်၌ သီတင်းသုံးတော်မူသော ဥပရိဋ္ဌ ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ခုနစ်ရက်တိုင်တိုင် နိရောဓသမာပတ် ဝင်စားရာမှ ထတော်မူပြီးလျှင် အန္နဘာရအား ချီးမြှောက်တော် မူလိုသဖြင့် မြက်ရိတ်၍ ပြန်လာသော အန္နဘာရ၏ရှေ့တွင် ဆွမ်းရပ်တော်မူ၏။ အန္နဘာရသည် အရှင်မြတ်အား "ခဏတ စောင့်ဆိုင်းတော်မူပါ" ဟု လျှောက်ထား ပြီးလျှင် မိမိအိမ်သို့ သွား၍ကြည့်ရာ အသင့်ချက်ပြီးသော ထမင်းဟင်း များ ရှိနေသဖြင့် ပစ္စေကဗုဒ္ဓါ အရှင်မြတ်၏သပိတ်ကို ယူပြီးလျှင် မိမိ အတွက် ဖျော်ထားသော ထမင်းနှင့်ဟင်းများကို လောင်းထည့်၏။ ထို့ နောက် ပစ္စေကဗုဒ္ဓါ အရှင်မြတ်ထံလာ၍ ရိုသေစွာ ဆက်ကပ်ပြီးလျှင် "အရှင်ဘုရား၊ ဤဆွမ်း လှူရသော ကောင်းမှုကြောင့် တပည့်တော်သည်

သူဆင်းရဲမျိုး၌ မဖြစ်ရပါစေသား၊ မရှိဟူသောစကားကို မကြားရပါစေသား''ဟု ဆုတောင်း၏။ ''သင် တောင်းသည့်အတိုင်း ဖြစ်ပါစေ'' ဟု ပဒုမုတ္တရ ဘုရား၏ အနုမောဒနာကို ရ၏။ ...
ဤသို့ အန္နဘာရ သူဆင်းရဲက ပေးလှူသည်ကို သုမနသေဋ္ဌေးကြီး၏ ထီးချက်စောင့်နတ်ကကြား၍ သာဓုသုံး ကြိမ် ခေါ်၏။ သုမနသေဋ္ဌေးကြီးသည် ထိုသာဓု ခေါ်သံကိုကြား၍ ''ငါသည် နေ့စဉ်မပြတ် အလှူကြီးပေးနေပါလျက် ယခင်က သာဓုခေါ်ခဲ့၊ ငါ၏အလှူကို သင် ထီးချက်စောင့်နတ် မမြင်ခဲ့လေသလော''ဟု ဆို၏။ ဤတွင် ထီးချက်စောင့်နတ်က ''ငါသည် သင် သေဋ္ဌေး၏အလှူကို သာဓုခေါ်ပါ၊ အန္နဘာရ သူဆင်းရဲက ဥပရိဋ္ဌ ပစ္စေကဗုဒ္ဓါ အရှင်မြတ်အား ဆွမ်းလောင်းလှူခြင်းကိုသာ ကြည်ညိုလှ၍ သာဓုခေါ်ခြင်း ဖြစ်ပါသည်''ဟု ဆိုလေသည်။
သုမနသေဋ္ဌေးကြီးသည် မိမိအလှူထက်ပို၍ မြင့်မြတ်သော အန္နဘာရ၏အလှူကို ရယူလိုသဖြင့် အန္နဘာရကို ခေါ်ပြီးလျှင် အသပြာတစ်ကျပ်ပေး၍ ''ဤအလှူကို ငါ့အားပေးလော့''ဟု တောင်းခံ၏။ အန္နဘာရက ''အရှင်သေဋ္ဌေး၊ မပေးနိုင်ပါ''ဟု ဆိုသဖြင့် အသပြာ ထစ်ထောင်ထိအောင် တိုးပေး၏၊ အန္နဘာရကလည်း ''မပေးနိုင်ပါ'' ဟူ၍ပင် ဆို၏။ ဤတွင် သုမနသေဋ္ဌေးကြီးက ''အို....အချင်း၊ ဆွမ်းအလှူကို မပေးနိုင်လျှင် ရှိစေတော့။ ဤအသပြာတစ်ထောင်ကိုယူ၍ ဆွမ်းအလှူ၏အမျှကို ငါ့အား ဝေပေးပါလော့''ဟု ဆို၏၊ အန္နဘာရကလည်း ''အရှင်သေဋ္ဌေး၊ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ထံ လျှောက်ထားပြီးမှ ပေးနိုင် မပေးနိုင် သိရပါလိမ့်မည်'' ဟု အဖြေပေးလေသည်။
အန္နဘာရသည် ပစ္စေကဗုဒ္ဓါ အရှင်မြတ်ထံ အမီလိုက်ပြီးလျှင် ဤအကြောင်းကို လျှောက်ထား၏။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်က ''ဒါယကာ၊ အိမ်ခြေတစ်ရာရှိသော ရွာတစ်ရွာတွင် အိမ်တစ်အိမ်၌ ဆီမီးထွန်းညှိရာ၏။ ကျန်သော အိမ်တို့သည် မိမိဆီဖြင့် မီးစာကိုဆွတ်လာကြလျက် မီးညှိယူကြကုန်ရာ၏။ ဤသို့ဆိုလျှင် ရှေးဦးစွာ ထွန်းညှိထားသော ဆီမီးသည် ရှိသေးသလော၊ ကုန်သွားသလော''ဟု မေးတော်မူရာ-
''အရှင်ဘုရား၊ ကုန်မသွားပါ၊ ပိုမို၍သာ အရောင် တောက်ပလာပေရာ၏။
''ဒါယကာ၊ ဤဥပမာအတိုင်းသာလျှင် တစ်ယောက်ချိုမျှသော ယာဂုကို ပေးလှူသည်ဖြစ်စေ၊ တစ်ယောက်မျှသော ဆွမ်းကိုပေးလှူသည်

ဖြစ်စေ၊ မိမိအလှူကို သူတစ်ပါးအား အမျှပေးဝေလျှင် ပေးဝေစာည်နှင့် အမျှ ကိုးပွားပေအည်''

ဤသို့သော မိန့်ကြားချက်အရ အန္တဘာရသည် သုမနသေဋ္ဌေးကြီးအား မိမိ၏ထွမ်းအလှူမှ အမျှပေးဝေ၏။ သုမနသေဋ္ဌေးကြီးသည် ဝမ်းမြောက်ဝမ်းသာ သာဓုသုံးကြိမ် ခေါ်ပြီးလျှင် ''အမောင်၊ ဤနေ့မှစ၍ အလုပ်ကြမ်းများ မလုပ်ပါနှင့်တော့။ လမ်းထဲ၌ အိမ်တစ်ဆောင်ဆောက်၍ နေပါလော့၊ သင်အလိုရှိသမျှ ပစ္စည်းကို ငါ့ထံမှ ယူလှည့်ပါလော့''ဟု ပန်ကြား၏။ အန္တဘာရ၏ အလှူအကျိုးကား၊ ဤမျှသာ မကသေးပါ။ ပြည့်ရှင်မင်းကြီး ကိုယ်တိုင်က ထိုအလှူအကြောင်းကို ကြားသိရသဖြင့် ထိုနေ့မှစ၍ အန္တဘာရတို့ ခေါ်ယူကာ သေဋ္ဌေးအရာ ချီးမြှင့်လိုက်လေသည်။

အန္တဘာရသည် သုမနသေဋ္ဌေးကြီးနှင့် အဆွေ ခင်ပွန်း ဖြစ်ကာ ကုသိုလ်ကောင်းမှုများကို အသက်ထက်ဆုံး အတူတကွပြုခဲ့ကြ၏။ ထိုဘဝမှ စုတေကြသောအခါ နတ်ပြည်၌ဖြစ်ကြရ၍ နတ်စည်းစိမ်နှင့် လူစည်းစိမ်တို့ကို အကြိမ်ကြိမ်အဖန်ဖန် ခံစားရပြီးလျှင် ကပိလဝတ်မြို့တော်တွင် ဘုရားရှင်၏ ခမည်းတော် သုဒ္ဓေါဒန၏ ညီတော်ဖြစ်သော အမိတောဒန၏ အိမ်၌ မွေးဖွားလာ၏။ နောင်တော်ကြီး မဟာနာမ်၏ ညီငယ် အနုရုဒ္ဓါမင်းသား ဟူ၍ ထင်ရှားလာလေသည်။

[အရှင်အနုရုဒ္ဓါ ရှေးကောင်းမှု အကျိုးခံစားရပုံနှင့် ရဟန်းပြုပုံများကို ယမကဝဂ်၊ ဒေဝဒတ်(မြေမျိုခြင်း)ဝတ္ထုမှာ ရှုပါ]

ရဟန်းဘာကို ရရှိပြီးနောက် အရှင်အနုရုဒ္ဓါသည် မိမိနှင့်အတူ ကုသိုလ်ပြုဖက်ဖြစ်သော သုမနသေဋ္ဌေးကြီး၏ လားရာဂတိကို စူးစမ်း ဆင်ခြင်သောအခါ ဝိဉ္ဈတောအုပ်အတွင်း၊ တောင်ခြေရင်းရှိမုဏ္ဍရွာတွင် မဟာမုဏ္ဍသေဋ္ဌေး၏ သားငယ်ဖြစ်ကြောင်း သိရှိရ၏။ သားကြီးသည် မဟာသုမန မည်၍ သားငယ်ကား စူဠသုမန အမည်တွင်၏။ အရှင်အနုရုဒ္ဓါသည် ထိုအရပ်သို့ကြွသွားလျှင် အကျိုးများစွာ ဖြစ်ထွန်းမည့်အရေးကို မြင်တော်မူသဖြင့် ကောင်းကင်ခရီးဖြင့် ထိုရွာသို့ကြွတော်မူ၏။ မုဏ္ဍသေဋ္ဌေးသည် အရှင်အနုရုဒ္ဓါကို ကိုးကွယ်ဆည်းကပ်ဖူးသူဖြစ်၍ ဆွမ်းခံဝင်ရန် အကန်းရပ်နေသော အရှင်အနုရုဒ္ဓါကို အိမ်သို့ပင့်ကာ ရှိသေစွာ ဆွမ်းလုပ်ကျွေး၏။ ဝါဆိုခါနီးအချိန် ဖြစ်နေ၍ ဤရွာမှာပင် ဝါဆိုပါရန် လျှောက်ထား၏။ အရှင်အနုရုဒ္ဓါကလည်း လျှောက်ထားချက်ကို လက်ခံလိုက်လေသည်။

ဝါကျွတ်ရှိ ပဝါရဏာ ပြုပြီးသောအခါ မုဏ္ဍသူဌေးသည် အရှင်အနုရုဒ္ဓါအား ဝါဆိုသင်္ကန်း သုံးထည်နှင့်တကွ တင်လဲ၊ ဆန် စသည်တို့ကို လှူဒါန်းသည်။ အရှင်အနုရုဒ္ဓါသည် သင်္ကန်းကို အလှူခံနိုင်သော်လည်း တင်လဲ၊ ဆန် စသည်တို့ကိုကား အလှူမခံပေ။ "ဒါယကာ၊ ငါ့ထံတွင် ကပ္ပိယကာရက သော်လည်းကောင်း၊ သာမဏေ သော်လည်းကောင်း မရှိသဖြင့် အလှူမခံလိုပါ"ဟု မိန့်ကြား၏။ ဤတွင် မုဏ္ဍသူဌေးက ပထမဦးစွာ သားကြီးဖြစ်သော မဟာသုမနအား သာမဏေပြုရန် အပ်နှံ၏။ အရှင်အနုရုဒ္ဓါက မဟာသုမနကို အလိုမရှိသဖြင့် စူဠသုမနကို အပ်နှံရပြန်၏။ ခုနစ်နှစ်အရွယ်သာ ရှိသေးသော စူဠသုမနသည် ရှင်ပြုရန် ခေါင်းရိတ်ရှိပြီးသော အခါနီမှာပင် ရဟန္တာဖြစ်လေသည်။

အရှင်အနုရုဒ္ဓါသည် သုမနသာမဏေ၏ မိဘဆွေမျိုးများထံ ခွင့်ပန်ပြီးလျှင် သုမနသာမဏေနှင့်အတူ ဘုရားဖူးရန် ကောင်းကင်ခရီးဖြင့် လာခဲ့၏။ ဟိမဝန္တာအရပ်သို့ အရောက်တွင် တောကျောင်း တစ်ဆောင်သို့ သက်ဆင်းကြ၏၊ အရှင်အနုရုဒ္ဓါကား လုံ့လဝီရိယ ထက်သန်လှ၏။ ညဉ့်သုံးယံရှိသည့်အနက် ညဉ့်ဦးယံနှင့် ပစ္ဆိမယံတို့တွင် စင်္ကြံကြွ၍သာ နေ၏။ ထို့ကြောင့် အရှင်မြတ်၏ဝမ်းထဲတွင် လေပူများ ထကြွသောင်းကျန်းလာ၏။ သုမနသာမဏေသည် မသက်မသာ ခံစားနေရသော ဥပဇ္ဈာယ်ဆရာ၏ အဖြစ်ကို မေးလျှောက်ပြီးလျှင် "အရှင်ဘုရား၊ အဘယ်ဆေးဖြင့် ချမ်းသာဖူးပါသနည်း" ဟု မေးလျှောက်၏။ အရှင်အနုရုဒ္ဓါက "သာမဏေ၊ အနောတတ်ရေအိုင်မှ ရေဖြင့် ချမ်းသာဖူး၏။ အနောတတ်ရေအိုင်ကို အုပ်စိုးနေသော ပန္နဂနဂါးမင်းသည် ငါ့ကိုသိ၏။ သင်စွမ်းနိုင်ပါလျှင် သူ့ထံခွင့်ပန်၍ အနောတတ်ရေကို ဆောင်ပါလော့"ဟု မိန့်ကြားလေသည်။

သုမနသာမဏေသည် ယူဇနာငါးရာ ကွာဝေးသော အနောတတ်ရေအိုင်ထက်သို့ ကောင်းကင်ခရီးမှ လာခဲ့၏။ ထိုနေ့တွင်ကား ပန္နဂနဂါးမင်းသည် ကချေသည် နဂါးများနှင့်အတူ ပျော်ပျော်ပါးပါး ရေကစားရန် ပြင်ဆင်လျက်ရှိ၏။ သုမနသာမဏေ ကြွလာသည်ကို မြင်လျှင်မြင်ချင်း အမျက်ထွက်သွား၏။ "ဤဦးပြည်းသာမဏေသည် မိမိ၏ခြေမှုန့်ကို ငါ့ခေါင်းပေါ်မှာ ကျစေလျက် ကောင်းကင်မှလာနေ၏။ သူ့အား အနောတတ်ရေကို မပေးအံ့"ဟု တွေးတောကာ ကြီးမားလှစွာသော ပါးပျဉ်းကို

ဖန်ဆင်းပြီးလျှင် ယူဇနာ ငါးဆယ် ကျယ်ဝန်းသော အနောတတ်အိုင်ကို အလုံအခြုံ ဖုံးပိတ်ထားလေသည်။

သုမနသာမဏေသည် ပန္နဂနဂါးမင်းထံ အကြည်အသာ ပြောဆို၍ ရေခပ်ခွင့် တောင်းသော်လည်း မရချေ။ တန်ခိုးဖြင့် အနိုင်အထက်ပြု၍ ခပ်ယူမှ ရမည်ဖြစ်သဖြင့် သုမနသာမဏေသည် ဘုရားသာသနာ၏ အာနုဘော်ကိုပြခြင်းငှာ လေးကပါလ နတ်မင်းကြီးလေးပါး၊ သိကြားမင်း၊ သုယာမနတ်၊ သန္တုဿိတနတ်၊ နိမ္မာနရတိနတ် အစရှိသော နတ်ပြဟ္မာအပေါင်းအား အနောတတ်အိုင်ထက်၌ တစ်ခဲနက် စည်းဝေးလာကြရန် နှိုးဆော်ခေါ်ယူပြီးလျှင်—

"တန်ခိုးအင်အား ကြီးမားလှသော နဂါးမင်း၊ ငါ့စကားကို နားထောင်ပါလော့။ ငါသည် ဆေးအလို့ငှာ လာခဲ့ပါ၏။ ငါ့အား သောက်ရေအိုး တစ်လုံးကို ပေးပါလော့"ဟု တောင်း၏။

ပန္နဂနဂါးမင်းက "သာမဏေ၊ သင့်မှာ ယောကျ်ားတို့၏ လုံ့လ စွမ်းအားရှိခဲ့ပါလျှင် ငါ၏သောက်ရေကို ယူလေလော့"ဟု ဆို၏။ ဤတွင် သုမနသာမဏေသည် တစ်ဆယ့်နှစ်ယူဇနာ ရှိသော ပြဟ္မာမင်း၏ အသွင်ကို ဖန်ဆင်းပြီးလျှင် ကောင်းကင်မှ ဆင်းသက်ကာ နဂါးမင်း၏ ပါးပျဉ်းကို နင်းလိုက်၏။ နဂါးမင်း၏ ဦးခေါင်း စိုက်ကျသွားကာ ဖုံးထားအုပ်ထား သော ပါးပျဉ်း၏ လွတ်နေသော နေရာများမှ ထန်းလုံးမျှသော ရေများ ပန်းထွက်လာ၏။ သုမနသာမဏေသည် ကောင်းကင်ထက်မှပင် ရေကို အိုးနှင့် တစ်လုံးပြည့်အောင်ခံယူလိုက်ရာ နတ်ပြဟ္မာအပေါင်းက ကောင်း၏ သြဘာ ပေးကြလေသည်။

သုမနသာမဏေသည် အနောတတ်သောက်ရေကို ဆယ်ဆောင်ကာ အရှင်အနုရုဒ္ဓါအား ဆက်ကပ်၏။ ထိုစဉ်ခိုက်မှာပင် ပန္နဂနဂါးမင်းသည် ဒေါသကြီးလိုက်လာကာ "အရှင်ဘုရား၊ ရေကိုမသောက်ပါနှင့်။ သာမဏေ သည် တပည့်တော်မပေးဘဲ ခပ်ယူသွားခဲ့ပါသည်"ဟု လျှောက်ထား၏။ သုမနသာမဏေက "အရှင်ဘုရား၊ စွမ်းနိုင်လျှင် ခပ်ယူပါဆိုသဖြင့် ခပ်ယူ ခဲ့ခြင်းဖြစ်ပါသည် ဘုရား"ဟု လျှောက်ထား၏။ အရှင် အနုရုဒ္ဓါသည် ရဟန္တာပုဂ္ဂိုလ် မုသားမပြောကြောင်း သိသဖြင့် ရေကိုသောက်လိုက်၏။ ထိုခဏမှာပင် ထကြွနေသော လေပူများငြိမ်သက်သွား၏။ ထို့နောက် အရှင်အနုရုဒ္ဓါက တရားဟောသဖြင့် ပန္နဂနဂါးမင်းသည် အမျက်ပြေကာ

သုမနသာမဏေကို ကန်တော့ပြီး "အနောတတ် ရေကို အလိုရှိလျှင် တပည့်တော်ကိုယ်တိုင် လာပို့ပါမည်" ဟု လျှောက်ထား၍ ပြန်သွားလေသည်။

အရှင်အနုရုဒ္ဓါသည် သုမနသာမဏေနှင့်အတူ ဘုရားရှင် ရှိတော်မူရာ ပုဗ္ဗာရုံကျောင်းတော်သို့ ဝင်ရောက်သောအခါ ရဟန်းများသည် အရှင်အနုရုဒ္ဓါ၏ သပိတ်သင်္ကန်းများကို ဆီးကြိုယူကြ၏။ အချို့သော ရဟန်း၊ သာမဏေတို့သည် သုမနသာမဏေ၏ ဦးခေါင်း၊ နားရွက်၊ လက်မောင်းတို့၌ ကိုင်ကြပြီးလျှင် "ညီထွေး သာမဏေလေး၊ သာသနာတော်မှာ ပျော်ပါ၏လော" ဟု ကျီစား၏။ ဘုရားရှင်သည် အရှင်အနုရုဒ္ဓါတို့ ဆရာတပည့်၏ ရှိခိုးပူဇော်မှုကို ခံယူပြီးလျှင် သုမနသာမဏေ၏ တန်ခိုးစွမ်းအားကို သိစေလိုသဖြင့် "အာနန္ဒာ၊ ငါဘုရားသည် အနောတတ်ရေဖြင့် ခြေဆေးလို၏။ သာမဏေများအား အနောတတ်ရေ သယ်ဆောင်ရန် စေလွှတ်ပါလော့" ဟု မိန့်ကြားတော်မူ၏။ အရှင်အာနန္ဒာသည် ရှိရှိသမျှ သာမဏေငါးရာတို့ကို စည်းဝေးစေ၍ ထိုတာဝန်ကို ပေးသော်လည်း ယူနိုင်မည့်သူမရှိပေ။ အငယ်ဆုံးဖြစ်သော သုမနသာမဏေ၏ အလှည့်ကျခါမှ တာဝန်ယူနိုင်၏။ သုမနသာမဏေသည် ရွက်အိုး ခြောက်ဆယ်ဆန့်သည့်အိုးကြီးကို တန်ခိုးဖြင့် သယ်ဆောင်ကာ ကောင်းကင်ခရီးမှ လာခဲ့လေရာ ပန္နဂနဂါးမင်းသည် ရေအိုးကြီးကို ကိုယ်တိုင်ထမ်း၍ ကျောင်းတော်အထိ လိုက်ပို့ပါမည်ဟု လျှောက်ထား၏။ သာမဏေက "နဂါးမင်းကြီး နေရစ်ပါလေ။ ကျွန်ုပ်ကိုသာ ဘုရားရှင် စေခိုင်းသဖြင့် ကျွန်ုပ်ကိုယ်တိုင် သယ်ဆောင်ပါမည်" ဟု ဆိုလေသည်။

ဘုရားရှင်သည် ကောင်းကင်ခရီးမှ ရွေ့ရှူလာနေသော သုမနသာမဏေကို ရှုတော်မူကာ "ရဟန်းတို့၊ သုမနသာမဏေ၏ တင့်တယ်ခြင်းကို ရှုကြကုန်လော့" ဟု မိန့်တော်မူ၏။ သုမနသာမဏေသည် ရေအိုးကို သင့်ရာမှာ ချပြီးလျှင် ဘုရားရှင်ကို ရှိခိုး၍နေ၏။ ဘုရားရှင်က သုမန သာမဏေ၏ အသက်ကိုမေးတော်မူပြီးလျှင် "သုမန၊ ယနေ့မှစ၍ သင် ရဟန်းဖြစ်လော့" ဟု မိန့်ကြားတော်မူ၏။ ထိုသို့ မိန့်ကြားတော်မူခြင်းဖြင့် ခုနစ်နှစ်အရွယ်သာရှိသေးသော သုမန သာမဏေသည် ရဟန်းအဖြစ်ကို ရလေသည်။

ထိုအကြောင်းနှင့် ပတ်သက်၍ ရဟန်းတို့သည် တရားသဘင်၌ စည်းဝေးပြောဆိုနေကြရာ ဘုရားရှင် ကြွတော်မူလာပြီးလျှင် အောက်ပါဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

# ဗြာဟ္မဏဝဂ်

## ဒေသနာတော်

၃၈၃။ သူတော်ကောင်း၊ တဏှာတည်းဟူသော ရေအလျဉ်ကို ဖြတ်လော့၊ လုံ့လပြု၍ ကာမတို့ကို ပယ်နုတ်လော့။ မပြုပြင်အပ်သော နိဗ္ဗာန်ကို သိလော့၊ ရဟန္တာဖြစ်လေလော့။

## အလွန်ကြည်ညိုသော ပုဏ္ဏား

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အလွန်တရား ကြည်ညိုတတ်သော ပုဏ္ဏားတစ်ယောက်ကို အကြောင်းပြု၍ ဤဒေသနာ တော်ကို ဟောကြားတော်မူလေသည်။

ထိုပုဏ္ဏားသည် ဘုရားရှင်၏တရားတော်ကို ကြားနာရ၍ သာသနာ တော်ကို ကြည်ညိုသဖြင့် ဆွမ်းခံ ပုဂ္ဂိုလ် ဆယ့်ခြောက်ပါးကို နေ့စဉ်ပင့်၍ ဆွမ်းလောင်း၏။ ဆွမ်းခံရဟန်းတို့ ကြွလာသောအခါ "ရဟန္တာ အရှင် မြတ်တို့ ကြွကြွပါကုန်" ဟု ခရီးဦး ကြိုလေရာ ပုထုဇဉ်ရဟန်းနှင့် ရဟန္တာ ပုဂ္ဂိုလ်များပါ ဝိနယကုက္ကုစ္စ ဖြစ်ကြ၍ ထိုအိမ်သို့ ဆွမ်းခံ မကြွဘဲနေကြ ၏။ ပုဏ္ဏားသည် စိတ်မချမ်းမသာ ဖြစ်သော ဘုရားရှင်ထံသို့ ဝင်ရောက်၍ ဤအကြောင်းကို လျှောက်ထား၏။ ဘုရားရှင်သည် ထိုရဟန်းတို့ကို ခေါ် တော်မူကာ "ရဟန်းတို့၊ ဒါယကာတို့က ကြည်ညို၍ ခေါ်တော်မူခြင်း သည် အပြစ်မရှိပေ။ ပုဏ္ဏားက အလွန်ကြည်ညို၍ ခေါ်ဝေါ်သည့်အတိုင်း သင့်တို့သာလျှင် ရဟန္တာဖြစ်အောင် ကျင့်ပေသည်" ဟု မိန့်ကြားတော်မူ ပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

စတုတ္ထအကြိမ်

ဒေသနာတော်

၃၀၄။ သူတော်ကောင်းတို့သည် နှစ်ပါးစုံသော အမယ်ဝိပဿနာ တရားတို့၌ တစ်ဖက်ကမ်းခတ် ပေါက်ရောက်၏။ ထိုအခါ တရားမှန်ကို သိသော သူတော်ကောင်းအား ကာမ ယောဂ သံယောဇဉ်တို့ ချုပ်ငြိမ်းကုန်၏။

## ရဟန်းများစွာ (တရားနှစ်ပါး)

ဇေတဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အရပ်ဒေသ အသီးသီးမှ လာခဲ့ကြသော အာဂန္တု ရဟန်းများစွာတို့ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော် မူလေသည်။

အရှင်သာရိပုတ္တရာသည် ထိုရဟန်းတို့၏ ရဟန္တာဖြစ်မည့် အရေးကို မြင်သဖြင့် ဘုရားရှင်ကို ရှိခိုးပြီးလျှင် "အရှင်ဘုရား၊ တရားနှစ်ပါးကား အဘယ်ပါနည်း" ဟု မေးလျှောက်၏။ ထိုမေးလျှောက်ချက်ကို ဖြေတော်မူသောအားဖြင့် ဘုရားရှင်က အထက်ပါဒေသနာတော်ကို ဟောကြားတော် မူလေသတည်း။

ဒေသနာတော်အဆုံး၌ ထိုရဟန်းတို့သည် ရဟန္တာ ဖြစ်ကြလေ၏။

ဒေသနာတော်

၃၀၅။ အကြင်ပုဂ္ဂိုလ်အား အတွင်းအာယတန ခြောက်ပါးတည်းဟူသော ဤမှာဘက်ကမ်း သည်လည်းကောင်း၊ ပြင်အာယတန ခြောက် ပါးတည်းဟူသော ဟိုမှာဘက်ကမ်း သည်လည်းကောင်း၊ ကမ်းနှစ် ဘက်စလုံး သည်လည်းကောင်း မရှိပေ။ ပူပန်ခြင်းကင်းသော၊ ကို လေသာနှင့် မယှဉ်သော ထိုပုဂ္ဂိုလ်ကို ဗြဟ္မဏဟူ၍ ငါဘုရားဟော ကြား၏။

## မာရ်နတ်မင်း (ပုစ္ဆာမေး)

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ပုစ္ဆာမေးလာ သော မာရ်နတ်မင်း အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြား တော်မူလေသည်။

မာရ်နတ်မင်းသည် ယောကျာ်း တစ်ယောက် အသွင် ဖန်ဆင်း၍ ဘုရားရှင်ထံချဉ်းကပ်ပြီးလျှင် "အရှင်ဘုရား၊ ဤမှာ ဘက်ကမ်းမည်သည် အဘယ်ပါနည်း"ဟု မေးလျှောက်၏။ ဘုရားရှင်သည် မာရ်နတ်ဖြစ်ကြောင်း သိတော်မူသဖြင့် "မာရ်နတ်ယုတ်၊ ဤမှာဘက်ကမ်းကို သိသဖြင့် အသင့်

အား အဘယ်အကျိုး ရှိအံ့နည်း''ဟု မိန့်ကြားတော်မူပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၃၈၆။ အနိစ္စ စသော လက္ခဏာကို ကပ်၍ ရှုလေ့ရှိသော၊ ကိလေသာမြူ ကင်းလျက် နေထိုင်လေ့ရှိသော၊ ရဟန်းကိစ္စ ပြီးပြီးသော၊ အာသဝကင်းကွာပြီးသော၊ အရဟတ္တဖိုလ်သို့ ရောက်ပြီးသော ပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရားဟောကြား၏။

## ပုဏ္ဏားတစ်ယောက်

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဗြာဟ္မဏ ခေါ်ဝေါ်ခြင်းနှင့် ပတ်သက်၍ မေးလျှောက်လာသော ပုဏ္ဏားတစ်ယောက်ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

သာဝတ္ထိမြို့တော်မှ ပုဏ္ဏားတစ်ယောက်က ''အရှင်ဘုရား၊ တပည့်တော်သည် ဇာတိအားဖြင့် ဗြာဟ္မဏ ဖြစ်ပါ၍ တပည့်တော်အားလည်း ဗြာဟ္မဏဟု ဆိုသင့်သည်မဟုတ်ပါလော''ဟု မေးလျှောက်လေရာ ဘုရားရှင်က ထိုအမေးကို ပယ်လှန်တော်မူကာ အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ ထိုပုဏ္ဏားသည် သောတာပန် ဖြစ်လေ၏။

ဒေသနာတော်

၃၈၇။ နေမင်းသည် နေ့အခါ၌သာ တင့်တယ်၏။ လမင်းသည် ညအခါ၌သာ တင့်တယ်၏။ မင်းသည် မင်းမြောက်တန်ဆာများ ဆင်ယင်ထားမှသာ တင့်တယ်၏။ ရဟန္တာသည် ဈာနဝင်စားနေမှသာ တင့်တယ်၏။ အမှန်စင်စစ်ကား မြတ်စွာဘုရားသည်သာလျှင် အလုံးစုံသော နေ့ ည၌ ပတ်လုံး တန်ခိုးတေဇော်ဖြင့် တင့်တယ်၏။

## အရှင်အာနန္ဒာ (ကိုယ်ရောင်ကိုယ်ဝါ)

ပုဗ္ဗာရုံကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ကိုယ်ရောင် ကိုယ်ဝါနှင့်ပတ်သက်၍ လျှောက်ထားသော အရှင်အာနန္ဒာကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

သီတင်းကျွတ် လပြည့် ပဝါရဏာနေ့ ညနေချမ်း၌ ကောသလမင်းကြီးသည် မင်းမြောက်တန်ဆာများဆင်ယင်ကာ ပန်းနံ့သာများ ကိုင်စွဲလျက် ပုဗ္ဗာရုံကျောင်းတော်သို့ လာရောက်၏။ ထိုအခိုက်မှာပင် အရှင်

ကာဠ၀ဒ္ဒါယိသည်လည်း ပရိသတ်အစွန်မှာ ထိုင်က၁ ချ၁နှင့်ဝင်စဒ္ဒါးလျက်ရှိ၏။ ထိုမထေရ်အမည်မှာ 'ကာဠ'(ညိုသည်)ဟု ခေါ်ဝေါ် နေကြရသော်လည်း ကေတိ အသားအရေက ၀ါ၀င်းလျက်ရှိ၏။ ထိုခဏမှာပင် နေဝင်၍ လထွက်လာ၏။ အရှင်အာနန္ဒာသည် ကောသလမင်းကြီး၊ အရှင်ကာဠဒ္ဒါယိနှင့် နေလတို့၏ အရောင်ကိုတို့ကို ကြည့်ရှုပြီးလျှင် ဘုရားရှင်ကို ဖူးမြော်လိုက်၏။ ရှေ့ပိုင်းက အရောင်တို့ထက် ဘုရားရှင်၏ ကိုယ်ရောင် ကိုယ်ဝါများက သာလွန်ထွန်းတောက်၍ တင့်တယ်နေသည်ကို တွေ့ရသဖြင့် ၎င်းအကြောင်းကို လျှောက်ထားလေရာ ဘုရားရှင်က အထက်ပါ ဒေသနာတော်ကို မဟာကြားတော် မူလေသတည်း။

### ဒေသနာတော်

၃၈၇။ မကောင်းမှုကို ပယ်ပြီးသောကြောင့် ဗြဟ္မဏဟု ခေါ်ဆိုအပ်၏။ ကိလေသာကို ငြိမ်းစေတတ်သော အကျင့်ရှိသောကြောင့် သမဏဟု ခေါ်ဆိုအပ်၏။ မိမိ၏ကိလေသာ အညစ်အကြေးကို ထုတ်ပယ်တတ်သောကြောင့် ပဗ္ဗဇိတဟု ခေါ်ဆိုအပ်၏။

## ပုဏ္ဏားရဟန်းတစ်ပါး

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ပဗ္ဗဇိတအခေါ် အဝေါ်နှင့် ပတ်သက်၍ မေးလျှောက်သော ပုဏ္ဏားရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ပုဏ္ဏားတစ်ယောက်သည် သာသနာတော်၏ အပြင်အပရှိ ပရိဗိုဇ် ရဟန်းများထံ ရဟန်းပြုပြီးလျှင် ဘုရားရှင်ထံ ဝင်ရောက်၍ "အရှင်ဘုရား၊ အသည်ဖော်သည် ရဟန်းပြုပြီးသူဖြစ်ပါ၍ တပည့်တော်အားလည်း ပဗ္ဗဇိတ ခေါ်သင့်သည် မဟုတ်ပါလော" မေးလျှောက်၏။ ဘုရားရှင်က ထိုအမေးကို ပယ်လှန်တော်မူလျက် အထက်ပါဒေသနာတော်ကို ဟောကြားတော် မူလေသတည်း။

### ဒေသနာတော်

၃၈၈။ သူတော်ကောင်းတို့သည် မပုတ်ခတ်ရာ၊ သူတော်ကောင်းသည် မိမိအားပုတ်ခတ်တတ်သော ထိုသူအား အမျက်မထွက်ရာ။ သူတော်ကောင်းအား ပုတ်ခတ်ခြင်းသည် စက်ဆုပ်ဖွယ်ဖြစ်၏။ ပုတ်ခတ်သူအား အမျက်ထွက်သူသည် သာ၍စက်ဆုပ်ဖွယ်ဖြစ်၏။

၃၉၀။ ချစ်ခင် နှစ်သက်ခြင်းတို့ကြောင့် ဖြစ်ပေါ်လာသော ဒေါသကို မတားမြစ်နိုင်ခြင်းသည် သူတော်ကောင်းအတွက် အနည်းငယ်မျှ မမြတ်ပေ။ အကြင် အကြင်ဝတ္ထုမှ ညှဉ်းဆဲလိုသောစိတ်သည် ဆုတ်နစ်၏။ ထိုထိုဝတ္ထုမှ ဆင်းရဲခြင်းသည် ငြိမ်းသည်သာတည်း။

## အရှင်သာရိပုတ္တရာ (အရိုက်ခံရခြင်း)

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အမျက် မထွက်သော အရှင်သာရိပုတ္တရာကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

သာဝတ္ထိမြို့တော်ရှိ လူအပေါင်းတို့က "ငါတို့၏အရှင်သည် သည်းခံခြင်းအားဖြင့် အလွန်တရာ ပြည့်စုံပေစွ။ သူတစ်ပါးက ဆဲရေးကုန်သော်လည်းကောင်း၊ ရိုက်နှက်ကုန်သော်လည်းကောင်း၊ အနည်းငယ်မျှ အမျက် မထွက်ပေ"ဟု အရှင်သာရိပုတ္တရာ၏ ဂုဏ်ကျေးဇူးကို ချီးကျူးကြကုန်၏။ ဤတွင် မိစ္ဆာအယူရှိသော ပုဏ္ဏားတစ်ယောက်က "အမျက်မထွက်ခြင်းသည် အမျက်ထွက်အောင် လုပ်မည့်သူ မရှိသေး၍ ဖြစ်လိမ့်မည်။ အမျက်ထွက်အောင် ငါလုပ်ပြမည်"ဟု ဆို၏။ အရှင်သာရိပုတ္တရာ ဆွမ်းခံကြွလာသောအခါ နောက်မှလိုက်၍ အရှင်မြတ်၏ကျောကို တအားကုန်ရိုက်၏။ အရှင်သာရိပုတ္တရာကား မိမိအားရိုက်သူကို ပြန်၍ပင် မကြည့်ဘဲ ကြွသွားလေသည်။

ပုဏ္ဏားသည် တစ်ကိုယ်လုံး ပူလောင်လျက် အရှင်သာရိပုတ္တရာထံ မိမိအပြစ်ကို ထုတ်ဖော်လျှောက်ထား၍ ဝန်ချတောင်းပန်၏။ အရှင်သာရိပုတ္တရာသည် ပုဏ္ဏား၏အပြစ်ကို သည်းခံခွင့်လွှတ်ပြီးလျှင် ပုဏ္ဏားအား သတ်ဖြတ်ရန် ဝိုင်းလာကြသော လူများကိုလည်း တရားဟော၍ လွှတ်လိုက်၏။ ထိုအကြောင်းကို ရဟန်းတို့က တရားသဘင်၌ စည်းဝေး၍ ပြောဆိုနေကြရာ ဘုရားရှင်ကြွလာတော်မူပြီးလျှင် အထက်ပါဒေသနာတော်ကို ဟောကြားဟောကြားတော်မူလေသည်။

စတုတ္ထအကြိမ်

ဒေသနာတော်

၃၉၁။ အကြင်ပုဂ္ဂိုလ်အား ကိုယ်ဖြင့် လည်းကောင်း၊ နှုတ်ဖြင့်လည်း ကောင်း၊ စိတ်ဖြင့်လည်းကောင်း မကောင်းမှုပြုလုပ်ခြင်းမရှိပေ။ ကိုယ်၊ နှုတ်၊ စိတ်၊ သုံးပါးလုံးဖြင့် စောင့်ရှောက်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ငါဘုရား ဟောကြား၏။

## မဟာပဇာပတိ ဂေါတမီ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဘိက္ခုနီတို့၏ ကြည်ဖယ်ခြင်းခံရသော ပဇာပတိဂေါတမီ ထေရီမကြီးကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

မဟာပဇာပတိ ဂေါတမီသည် ဘုရားရှင်ထံမှ ဂရုဓမ်တရား ရှစ်ပါး ကို ခံယူဆောက်တည်ခြင်းဖြင့် ရဟန်းမ အဖြစ်ကို ရရှိလေရာ အခြား ရဟန်းမများကဲ့သို့ ဥပဇ္ဈာယ်ဆရာ ကမ္မဝါဆရာတို့ မရှိပေ။ သို့ဖြစ်၍ "မဟာ ပဇာပတိ ဂေါတမီသည် မိမိဘာသာ သင်္ကန်း တို့ကို ယူ၍ ဝတ်၏"ဟူ၍ သတင်းစကားဖြစ်ပွားလေရာ အခြား ဘိက္ခုနီများသည် ဝိနယကုက္ကုစ္စဖြစ်ကြသဖြင့် မဟာပဇာပတိဂေါတမီနှင့်အတူ ဥပုသ်ပဝါရဏာ မပြုကြဘဲ ဘုရားရှင်ထံ သွားရောက်၍ ဤအကြောင်းကို လျှောက်ထား ကြ၏။ ဘုရားရှင်က "ရဟန်းမတို့၊ ငါဘုရားသည်သာလျှင် မဟာပဇာပတိ ဂေါတမီ၏ ဥပဇ္ဈာယ်ဆရာဖြစ်၏။ ဤသို့သော ရဟန်း ပုဂ္ဂိုလ်တို့အား ကုက္ကုစ္စ မဖြစ်ထိုက်ပေ" ဟု မိန့်တော်မူပြီးလျှင် အထက်ပါ ဒေသနာတော် ကို ဟောကြားတော်မူလေသည်။

ဒေသနာတော်

၃၉၂။ အကြင်ပုဂ္ဂိုလ်ထံမှ မြတ်စွာဘုရားဟောကြားသောတရားကို သိရ ပြီးအံ့၊ ပုဏ္ဏားသည် မီးကို ပူဇော်သကဲ့သို့ ထိုပုဂ္ဂိုလ်ကို ရိုသေ စွာ ရှိခိုးရာ၏။

## အရှင်သာရိပုတ္တရာ(ရှိခိုးခြင်း)

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အရှင်အဿဇိ ရှိရာအရပ်သို့ ရှိခိုးသော အရှင်သာရိပုတ္တရာကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

စတုတ္ထအကြိမ်

အရှင်သာရိပုတ္တရာသည် အရှင်အဿဇိထံမှ ယေဓမ္မာ ဟေတုပ္ပဘဝါ စသော ဂါထာကို ကြားနာရ၍ သောတာပန်ဖြစ်ခဲ့၏။ ထိုကျေးဇူးကို ဆပ်သောအားဖြင့် အရှင်သာရိပုတ္တရာသည် အရှင်အဿဇိရှိရာ အရပ်သို့ ရှိခိုးကာ ဦးခေါင်းပြု၍ ကိန်းစက်၏။ ဤအကြောင်းကို မသိသောရဟန်းများက အရှင်သာရိပုတ္တရာသည် မိစ္ဆာအယူရှိနေသေးသောကြောင့် ယခုထက်တိုင် အရပ်မျက်နှာတို့ကို ရှိခိုးနေပါသေးသည် ဘုရား''ဟုဘုရားရှင်ထံ လျှောက်ထားကြ၏။ ဘုရားရှင်သည် အရှင်သာရိပုတ္တရာကို ခေါ်မေးတော်မူ၍ရဟန်းတို့၏ လျှောက်ထားချက်သို့ ပယ်လှန်တော်မူပြီးလျှင် အထက်ပါဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

[အရှင်မဟာမောဂ္ဂလာန်နှင့်အတူ အရှင်သာရိပုတ္တရာ ရဟန်းပြုပေးပုံကို ယမကဝဂ်၊ အရှင်သာရိပုတ္တရာဝတ္ထုမှာ ရှု ပါ။]

ဒေသနာတော်

၃၉၃။ ဆံကျစ်ထုံးခြင်းဖြင့်လည်းကောင်း၊ အနွယ်အားဖြင့်လည်းကောင်း၊ ဇာတ်အားဖြင့်လည်းကောင်း ဗြာဟ္မဏ မဖြစ်နိုင်ပေ။ သစ္စာဉာဏ်နှင့်လောကုတ္တရာ တရားရှိသော သူသည်သာလျှင် စင်ကြယ်သူလည်း ဖြစ်၏၊ ဗြာဟ္မဏလည်းဖြစ်၏။

## ဆံကျစ်ထုံးသော ပုဏ္ဏား

ဇေတဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဗြာဟ္မဏ အခေါ်အဝေါ်နှင့် ပတ်သက်၍ မေးလျှောက်သော ပုဏ္ဏားတစ်ယောက်ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော် မူလေသည်။

ဆံကျစ်ထုံးသော ပုဏ္ဏားတစ်ယောက်သည် ဘုရားရှင်ထံလာရောက်၍ ''အရှင်ဂေါတမ၊ ကျွန်ုပ်သည် အမိဘက် အဖဘက် နှစ်မျိုးစလုံး ပုဏ္ဏားမျိုးမှ ပေါက်ဖွားသူဖြစ်၍ ကျွန်ုပ်ကို ဗြာဟ္မဏဟု ခေါ်သင့်သည် မဟုတ်ပါလား''ဟု မေးလျှောက်၏။ ဘုရားရှင်က ထိုပုဏ္ဏား၏ အမေးကို ပယ်လှန်တော်မူပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၃၉၄။ ပညာမဲ့သောသူ ဆံကျစ်ထုံးခြင်းဖြင့် သင့်အား အဘယ်အကျိုးရှိအံ့နည်း။ သစ်နက်ရေ၍ဝတ်ခြင်းဖြင့် သင့်အား အဘယ်အကျိုးရှိအံ့

နည်း။ သင်၏ကိုယ်တွင်း၌ ကိလေသာတောကြီး ရှိနေ၏၊ အပြင်အပကိုသာ သင် သုတ်သင်ဘိ၏။

## စဉ်းလဲသောပုဏ္ဏား

ဝေသာလီမြို့တော် ကူဋာဂါရကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အုံ့ ဖွယ်သူရဲမြို့၍ ကောက်ကျစ်စဉ်းလဲသော ပုဏ္ဏားတစ်ယောက်ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ကောက်ကျစ်စဉ်းလဲသောပုဏ္ဏားတစ်ယောက်သည် ဝေသာလီမြို့တော် အနီး ရေခံတက်ပင်ပေါ်သို့ တက်၍ ခြေတစ်ဖက်ဖြင့် တွဲလောင်းချိတ်ထား ပြီးလျှင် "အို မြို့သူ မြို့သားတို့၊ နွားပြောက်ကျား ကောင်ရေတစ်ရာ၊ အသပြာများစွာနှင့် အလုပ်အကျွေး တစ်ယောက် ငါ့အား ပေးကြကုန်လော့၊ မပေးလျှင် ဤအပင်မှာပင် ငါသေ၍ ဝေသာလီမြို့ကြီးကို ဖျက်ဆီးအံ့"ဟု ပြောဆို၏။ မြို့သူ မြို့သားတို့သည် မြို့ပျက်မည်စိုးကြောက်၍ သူတောင်းသမျှ ပေးကြရကုန်၏။ ထိုအကြောင်းကို ရဟန်းများတလျှောက် ထားကြသောအခါ ဘုရားရှင်က အထက်ပါ ဒေသနာတော်ကို ဟောကြားတော် မူလေသတည်း။

[ကောက်ကျစ် စဉ်းလဲမှုနှင့် ပတ်သက်၍ တောကြောင်း ထားသော ဂေါဓရာဇာတ်ကို စတုက္ကနိပါတ် ကူဋဒူသကဝဂ်မှာ ရှုပါ။]

### ဒေသနာတော်

၁၄၉။ ပုံသကူသက်န်းကို ဝတ်ရုံအပ်၊ ကြုံလှီသော၊ အကြောပြိုင်းပြိုင်း ထသော၊ တောထဲ၌ တစ်ယောက်တည်း ဈာန်ဝင်နေလေ့ရှိသော ထိုပုဂ္ဂိုလ်ကို ငြာဟ္မဏဟူ၍ ငါဘုရားဟောကြား၏။

## အရှင်မ ကိသာဂေါတမီ

ဂိဇ္ဈကုဋ်တောင်၌ ဘုရားရှင်သီတင်းသုံးတော်မူစဉ် တောင်းကင်ခရီးမှလာ၍ ရှိခိုးသော ကိသာဂေါတမီကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

သိကြားမင်းသည် သန်းခေါင်ယံအချိန်၌ ဘုရားရှင်၏ တရားတော်ကို ကြားနာနေစဉ် ရှိခိုး၍ ပြန်သွားသော ထေရီမကို မြင်ရ၍ ဘုရားရှင်အား လျှောက်ထားရာ ဘုရားရှင်က "သိကြားမင်း၊ ဤ ဘိက္ခုနီကား ပံသကူ

ဓူတင်ဆောင် ထေရီတို့တွင် အထူးမြတ်သုံး တပည့်မလေးပေပေသည်း''ဟု မိန့်တော်မူပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော် မူလေသတည်း။

[ကိသာဂေါတမီ ထေရီ၏ အကြောင်းအပြည့်အစုံကို သဟဿဝဂ်၊ အရှင်မကိသာဂေါတမီဝတ္ထုမှာ ရှုပါ။]

ဒေသနာတော်

၃၉၆။ ပုဏ္ဏားမျိုး၌ဖြစ်သော၊ ပုဏ္ဏေးမ မိခင်မှ ပေါက်ဖွားလာသော သူကို ဗြာဟ္မဏဟု ငါဘုရား မဟောကြားပေ။ ထိုပုဏ္ဏားသည် ရာဂစသော ကြောင့်ကြခြင်းရှိလျှင် ဘောဝါဒီ အမည်ရှိ၏။ ထို ကြောင့်ကြောင့်ကြ ခြင်းမရှိ စွဲလမ်း ခြင်းလည်း မရှိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောကြား၏။

## ပုဏ္ဏား တစ်ယောက်

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဗြာဟ္မဏ ခေါ်ဝေါ်ခြင်းနှင့်ပတ်သက်၍လျှောက်ထားလာသော ပုဏ္ဏားတစ်ယောက်ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ထိုပုဏ္ဏားသည် ဘုရားရှင်ထံ ဝင်ရောက်၍ ''အရှင်ဂေါတမ၊ ကျွန်ုပ်သည် ပုဏ္ဏားမျိုးမှ မွေးဖွားသည်ဖြစ်၍ ကျွန်ုပ်အား ဗြာဟ္မဏဟု ခေါ်ဝေါ်သင့်သည်မဟုတ်ပါလော''ဟု မေးလျှောက်၏။ ဘုရားရှင်က ထိုပုဏ္ဏားမေးလျှောက်ချက်ကို ပယ်လှန်တော်မူပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ဒေသနာတော်အဆုံး၌ ထိုပုဏ္ဏားသည် သောတာပန် ဖြစ်လေ၏။

ဒေသနာတော်

၃၉၇။ အကြင်ပုဂ္ဂိုလ်သည် သံယောဇဉ်အားလုံးကို ပယ်ဖြတ်၍ ထိတ်လန့်ပူပန်ခြင်းမရှိပေ၊ ကပ်ငြိထတ်သော ကိလေသာကို ကျော်လွန်သော၊ ကိလေသာနှင့် မယှဉ်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏ ဟူ၍ ငါဘုရား ဟောကြား၏။

## အရှင် ဥဂ္ဂသေန

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် "ဝါးလုံးထိပ်ဖျားမှ ဆင်း၍ ပါ၍ သာသနာ့သုံး မခက်ကြပါ"ဟု လျှောက်ထားသော အရှင် ဥဂ္ဂသေနကို အကြောင်းပြု၍ ဤ ဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ထိုသို့ လျှောက်ထားခြင်းသည် ရဟန္တာပုဂ္ဂိုလ်တို့၏ လျှောက်ထားခြင်းဖြစ်၍ အခြားရဟန်းတို့က မယုံကြည်သဖြင့် ဘုရားရှင်ထံ လျှောက်ထားကြရာ ဘုရားရှင်က အထက်ပါ ဒေသနာတော်ကို ဟောကြားတော် မူလေသတည်း။

(အရှင်ဥဂ္ဂသေန၏ အကြောင်းအကျယ်ကို တကာဝဂ်၊ အရှင်ဥဂ္ဂသေနဝတ္ထုမှာ ရှုပါ။)

### ဒေသနာတော်

၃၉၇။ ဒေါသနှောင်ကြိုးကို လည်းကောင်း၊ တဏှာနှောင်ကြိုးကို လည်းကောင်း၊ အနုသယ ကိလေသာနှင့်တကွ မိစ္ဆာဒိဋ္ဌိထုံးကြိုးကို လည်းကောင်း ဖြတ်၍ အဝိဇ္ဇာတံခါး ကျည်မင်းတုပ်ကို နုတ်ပယ်ပြီးလျှင် သစ္စာလေးပါးသိသော ပုဂ္ဂိုလ်ကို ပြာဟ္မဏ ဟူ၍ ငါဘုရား ဟောကြား၏။

## ပုဏ္ဏားနှစ်ယောက်

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် နွားကောင်း နွားသန် ယှဉ်ပြိုင်ကြသော ပုဏ္ဏားနှစ်ယောက်တို့ကို အကြောင်းပြု၍ ဤ ဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ပုဏ္ဏားနှစ်ယောက်တို့သည် မိမိ၏နွား အားကောင်းကြောင်း၊ သန်မာကြောင်း ပြောဆိုငြင်းခုံကြရာ အစိရဝတီမြစ်သို့သွားကြပြီး လှည်းပေါ်မှာ သဲအပြည့်တင်ကာ နွားတပ်၍ မောင်းပြကြ၏။ လှည်းများမရွေ့၍ လျှော်ကြိုးတဲ တပ်ထားသော ကြိုးများသာ ပြတ်ကုန်၏။ အစိရဝတီမြစ်သို့ ရေချိုးလာကြသော ရဟန်းငါးရာတို့သည် ထိုအကြောင်းကိုမြင်၍ ဘုရားရှင်ထံ လျှောက်ထားကြ၏။ ဘုရားရှင်က "ရဟန်းတို့၊ အပဖြစ်သော ထိုလွန်ကြိုး

တို့ကို မည်သူမဆို ဖြတ်နိုင်သည်သာတည်း။ အတွင်းဖြစ်သော ကိလေသာ လွန်ကြိုးတို့ကိုသာ ဖြတ်သင့်၏''ဟု မိန့်ကြားတော်မူပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ ရဟန်းငါးရာတို့သည် သောတာပန် ဖြစ်ကြ လေ၏။

ဒေသနာတော်

၃၉၉။ အကြင်ပုဂ္ဂိုလ်သည် ဆဲရေးခြင်းကိုလည်းကောင်း၊ ပုတ်ခတ်ညှဉ်း ဆဲခြင်း၊ နှောင်ဖွဲ့ခြင်းကို လည်းကောင်း၊ သည်းခံ၏၊ သည်းခံခြင်း အင်အားရှိသော၊ သည်းခံခြင်း စစ်သည်ဗိုလ်ပါရှိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောကြား၏။

## အက္ကောသကဘာရဒွါဇပုဏ္ဏား

ဝေဠုဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဘုရားရှင်ကို ဆဲရေးသဖြင့် အက္ကောသကဟု အထူးပြု၍ ခေါ်ဝေါ်ခြင်း ခံရသော ဘာရဒွါဇပုဏ္ဏားကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြား တော် မူလေသည်။

အက္ကောသက ဘာရဒွါဇ ပုဏ္ဏား၏အစ်ကို ပုဏ္ဏားသည်လည်း ဘာရဒွါဇဟုပင် အမည်တွင်၏။ ထိုပုဏ္ဏား၏ဇနီးဖြစ်သူ ဓနဉ္စာနီ ပုဏ္ဏေးမ သည်ကား သောတာပန်ဖြစ်၍ ချေဆတ်ရာ၊ ချောင်းဆိုးရာ၊ ချော်ရာ တို့၌ 'နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ'ဟု ရွတ်ဆို ပူဇော်လေ့ရှိ၏။ တစ်နေ့သ၌ ဘာရဒွါဇပုဏ္ဏားသည် ပုဏ္ဏားတို့ကို ပင့်ဖိတ်၍ ကျွေးမွေးနေစဉ် ဓနဉ္စာနီပုဏ္ဏေးသည် ချော်ချော်သွားသဖြင့် နမောတဿ စသော ဘုရားရှိခိုးဥဒါန်းကို ကျူးရင့်မိ၏။ ဤတွင် ပုဏ္ဏားများသည် ဘုရားရှင်၏ ကျေးဇူးဂုဏ်နှင့်ယှဉ်သော စကားကို မခံမရပ်နိုင် ဖြစ်ကာ ထွက် ခွာသွားကြ၏။ ဤတွင် ဘာရဒွါဇပုဏ္ဏားသည် ဘုရားရှင်ကို အမျက်ထွက် ကာ ဘုရားရှင်ထံ လာရောက်၍ ဤသို့ ဝါဒတင်၏။

"အရှင်ဂေါတမ၊ အဘယ်ကို ဖြတ်တောက်သော် ချမ်းသာစွာ နေရသနည်း။ အဘယ်ကို ဖြတ်တောက်သော် မစိုးရိမ်ရသနည်း။ အဘယ် တရားတစ်ခုအား ဖြတ်တောက်ခြင်းကို နှစ်သက်သနည်း"

ဤသို့ ဒေါသထကြီး ဝါဒတင်လာခြင်းကို ဘုရားရှင်က တည်ကြည် အေးဆေးစွာ ဤသို့ ဖြေကြားတော်မူ၏။

"ပုဏ္ဏား၊ အမျက်ဒေါသကို ဖြတ်တောက်ဆောင် ချမ်းသာစွာ နေရ၏၊ အမျက်ဒေါသကို ဖြတ်တောက်သော် မစိုးရိမ်ရပေ။ အရင်းတွင် အဆိပ်ရှိ၍ အဖျားမှာ အရသာချိုသော အမျက်ဒေါသကို ဖြတ်တောက်ခြင်းကို အရိယာတို့ ချီးမွမ်းကြကုန်၏"

ဤသို့ ဖြေကြားသောတရားကို ကြည်ညိုသဖြင့် ဘာရဒွါဇပုဏ္ဏားသည် သာသနာတော်၌ ရဟန်းပြုကာ ရဟန္တာဖြစ်၏။ သူ၏ညီ အက္ကောသက ဘာရဒွါဇပုဏ္ဏားသည် မိမိ၏အစ်ကို ရဟန်းပြုသွားသဖြင့် ဘုရားရှင်ကို ရန်ငြိုးထားပြီးလျှင် ယုတ်မာကြမ်းတမ်းသော စကားများဖြင့် လာ၍ဆဲရေး၏။ ဘုရားရှင်က "ပုဏ္ဏား၊ သင် ပေးကမ်းသော စားသောက်ဖွယ်ကို သင်၏ဆွေမျိုးများက လက်မခံလျှင် ထိုစားသောက်ဖွယ်သည် သင်ထံမှာသာ ရှိနေသကဲ့သို့ ငါဘုရားသည်လည်း သင်ဆဲရေးသော စကားတို့ကို တုံ့ပြန်ကာ အမျက်ထွက်ခြင်းဖြင့် လက်မခံပေ။ ထို့ကြောင့် ထိုဆဲရေးခြင်းသည် သင့်အတွက်သာ ဖြစ်ပေသည်"ဟု မိန့်ကြားတော်မူလေသည်။

အက္ကောသက ဘာရဒွါဇပုဏ္ဏားသည် ဘုရားရှင်၏တရားကို ကြည်ညိုသဖြင့် ရဟန်းပြုကာ ရဟန္တာဖြစ်၏။ သူ၏ညီ ပုဏ္ဏားနှစ်ယောက်တို့သည်လည်း ဤနည်းပင် ရဟန္တာဖြစ်ကြ၏။ ထိုအကြောင်းကို ရဟန်းများက တရားသဘင်၌ စည်းဝေး၍ ပြောဆိုနေကြရာ ဘုရားရှင် ကြွလာတော်မူပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

## ဒေသနာတော်

၄၀၀။ အမျက်မထွက်သော၊ ဝတ်အကျင့် ရှိသော၊ တဏှာပြန့်ပြောခြင်း
မရှိသော၊ ယဉ်ကျေးသော၊ အဆုံးစွန်သော ကိုယ်ခန္ဓာရှိသော
ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏ ဟူ၍ ငါဘုရား ဟောကြား၏။

## အရှင်သာရိပုတ္တရာ (အဆဲခံရခြင်း)

ဝေဠုဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် မယ်တော်ကြီး၏ ဆဲရေးခြင်းကို ခံရသော အရှင်သာရိပုတ္တရာကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

အရှင် သာရိပုတ္တရာသည် နောက်ပါရဟန်းငါးရာနှင့်တကွ နာလကရွာရှိ မယ်တော် သာရိပုဏ္ဏေးမကြီးအိမ်သို့ ဆွမ်းခံကြွလာရာ ပုဏ္ဏေးမကြီးသည် ဆွမ်းလုပ်ကျွေးလျက် "အို....စားကြွင်းစား၊ ဤအိမ်၌ စားကြွင်း

ထမင်းနှင့် ပုံးရည်ကိုမျှသဖြင့် သူတစ်ပါးအိမ်၌ တောင်းစားရန် ရဟန်းပြုရသလောသလော။ ကုဋေရှစ်ဆယ်ဥစ္စာကို စွန့်ပစ်၍ ငါတို့အား ဖျက်ဆီးရန် ရဟန်းပြုသတိ။ ယခု စားစမ်းလော့''ဟု ရေရွတ်ဆဲဆို၏။ နောက်ပါရဟန်းများကိုလည်း ရေရွတ်ဆဲဆို၏။ ထိုအိမ်သို့ အရှင်သာရိပုတ္တရာ နောက်မှလိုက်ပါသွားခဲ့သော သံဃာတော် အရှင်ရာဟုလာက ဤအကြောင်းကို ဘုရားရှင်ထံ လျှောက်ထား၏။ ထိုစကားကို ကြားသိကုန်သော ရဟန်းတို့သည် တရားသဘင်၌ စည်းဝေးကြ၍ အရှင်သာရိပုတ္တရာ၏ ဂုဏ်ကျေးဇူးကို ချီးကျူးကြလေရာ ဘုရားရှင် ကြွလာတော်မူပြီးလျှင် အထက်ပါဒေသနာတော်ကို ဟောကြားတော် မူလေသတည်း။

ဒေသနာတော်

၄၀၁။ ကြာဖက်ပေါ်တွင် ရေမတင်သကဲ့သို့ လည်းကောင်း၊ ပွတ်ဆောက်ဖျားတွင် မုန်ညင်းစေ့ မတင်နိုင်သကဲ့သို့ လည်းကောင်း အကြင်ပုဂ္ဂိုလ်သည် ကာမတို့၌ လိမ်းကျံ ကပ်ငြိခြင်း မရှိ။ ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောကြား၏။

# အရှင်မ ဥပ္ပလဝဏ်

ဇေတဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးနေတော်မူစဉ် နန္ဒလုလင်၏ ကျူးလွန် စော်ကားခြင်း ခံရသော အရှင်မ ဥပ္ပလဝဏ်ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော် မူလေသည်။

ဤအကြောင်းနှင့် ပတ်သက်၍ လူအပေါင်းတို့သည် တရားသဘင်၌ ရဟန္တာပုဂ္ဂိုလ်တို့သည်လည်း အသားအသွေး စိုပြည် ဝဖြိုး နေကြသဖြင့် ကာမဂုဏ်ချမ်းသာကို သာယာကြသည်ထင်၏''ဟု ပြောဆိုကြ၏။ ဘုရားရှင်သည် တရားသဘင်သို့ ကြွတော်မူ၍ ''ရဟန္တာသည် ကာမဂုဏ်ခံစားခြင်း မရှိ''ဟု မိန့်တော်မူပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော် မူလေသတည်း။

(အရှင်မ ဥပ္ပလဝဏ်၏ အကြောင်းအကျယ်ကို ဗာလဝဂ်၊ အရှင်မ ဥပ္ပလဝဏ်ဝတ္ထုမှာ ရှုပါ။)

ဒေသနာတော်

၄၀၂။ အကြင်ပုဂ္ဂိုလ်သည် ဤဘဝ၌ပင် မိမိ၏ ဆင်းရဲကုန်ရာ နိဗ္ဗာန်ကို သိ၏။ ချအပ်ပြီးသော ခန္ဓာဝန်ရှိသော၊ ကိလေသာ မယှဉ်သော ပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောကြား၏။

တေ့ဗ္ဗ ကြိမ်

# ပုဏ္ဏားတစ်ယောက် (သက်န်းဆွဲသူ)

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ရဟန်းတစ်ပါး၏ သင်္ကန်းကို ဆွဲသွားသော ပုဏ္ဏားတစ်ယောက်ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ထိုပုဏ္ဏား၏ ကျွန်တစ်ယောက်သည် ကျွန်နှင့်တကွ ရဟန်းပြုပေးရာ ဟူသော သံကေတပုဒ် မပြည့်စုံ သေးမီတွင် အိမ်မှထွက်ပြေးလာ၍ ရဟန်းပြုသော ရဟန်းဖြစ်၏။ ထိုရဟန်းသည် ဘုရားရှင်နှင့်အတူ သာဝတ္ထိမြို့တော်သို့ ဆွမ်းခံပင်လာရာ သခင်ဟောင်းပုဏ္ဏားက မှတ်မိသဖြင့် သင်္ကန်းကို ဆွဲထား လေ၏။ ဤတွင် ဘုရားရှင်က "ပုဏ္ဏား၊ ဤရဟန်းသည် ခန္ဓာဝန်ကိုချပြီး သော ရဟန္တာ ပုဂ္ဂိုလ်ပေတည်း"ဟု မိန့်တော်မူပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ ပုဏ္ဏားသည် သောတာပန် ဖြစ်လေ၏။

### ဒေသနာတော်

၄၀၃။ နက်နဲသော ပညာရှိသော၊ ထက်မြက်သော ဉာဏ်ရှိသော၊ လမ်းမှန် ဟုတ်သည်၊ မဟုတ်သည်၌ လိမ္မာသော၊ အရဟတ္တဖိုလ်သို့ ရောက်ပြီးသော ထိုပုဂ္ဂိုလ်ကို မြတ်ဟူ၍ ငါဘုရား ဟောကြား၏။

# အရှင်မခေမာ

ဂိဇ္ဈကုဋ်တောင်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် လာရောက်၍ ရှိခိုးသော အရှင်မခေမာကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူ လေသည်။

သိကြားမင်းသည် သန်းခေါင်ယံအချိန်၌ ဘုရားရှင်၏တရားတော်ကို နာကြားနေစဉ် ရှိခိုး၍ပြန်သွားသော ထိုအရှင်မကို မြင်၍ ဘုရားရှင်ကိုမေး လျှောက်ထားရာ ဘုရားရှင်က "သိကြားမင်း၊ ဤဘိက္ခုနီကား နက်နဲသော ပညာရှိသော ငါဘုရား၏ တပည့်မ ခေမာပေတည်း"ဟု မိန့်ကြားတော် မူပြီးလျှင် အထက်ပါဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဓမ္မပဒဂါထာတော်

၄၀၉။ လူတို့နှင့် လည်းကောင်း၊ ရဟန်းတို့နှင့် လည်းကောင်း နှစ်ပါးစုံသော သူတို့နှင့် မရောနှောသော၊ ထကျောင်းကြောင်း အကျင့်ရှိသော၊ အလိုနည်းသော ထိုပုဂ္ဂိုလ်ကို ငြာဟ္မဏဟူ၍ ငါဘုရား ဟောကြား၏။

# အရှင်တိဿ (တောင်ဝှမ်း၌နေသူ)

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် တောင်ဝှမ်း၌ နေ၍ တရားအားထုတ်ခဲ့သော အရှင်တိဿကိုအကြောင်းပြု၍ ဤဒေသနာ တော်ကို ဟောကြားတော်မူလေသည်။

အရှင်တိဿသည် ဘုရားရှင်ထံတော်မှ ကမ္မဋ္ဌာန်းတောင်း၍ တောင် ဝှမ်းတစ်ခုသို့ လာခဲ့၏။ ထိုတောင်ဝှမ်း၌ မွေ့လျော်ဖွယ် ကောင်းသော လိုဏ်ဂူတွင် တရားအားထုတ်လျက် ရဟန်းကိစ္စပြီးစီးလိမ့်မည်ဟု တွေးတော မိ၏။ ထိုတောင်ဝှမ်းနှင့် မနီးမဝေးရှိ တောရွာတစ်ခုမှ ဒါယိကာမကြီးတစ် ယောက်သည် အရှင်တိဿကို မြင်လျှင်မြင်ချင်း မိမိသားနှင့် ထပ်တူ ထပ်မျှ ချစ်ခင်သဖြင့် အိမ်ထဲမှာပင့်၍ ဆွမ်းဆက်ကပ်၏။ ဤလိုဏ်ဂူကျောင်း ၌ပင် ဝါဆိုရန် လျှောက်ထား၏။ အရှင်တိဿသည်လည်း ဒါယိကာမကြီး၏ လျှောက်ထားချက်ကို လက်ခံကာ ထိုလိုဏ်ဂူမှာပင် ဝါဆိုလေသည်။

ထိုလိုဏ်ဂူ၌ နေထိုင်သော နတ်သည် အရှင်တိဿ ရောက်လာစဉ် တုန်းက သီလရှိသောရဟန်းနှင့် အတူမနေဝံ့သဖြင့် သားသမီးကိုလက်ဆွဲ ကာ တောသို့ထွက်ခဲ့ရ၏။ ဤလိုဏ်ဂူ၌ တစ်ညမျှသာနေ၍ နောက်နေ့ တွင် ပြန်သွားလိမ့်မည် ထင်ခဲ့၏။ ဤသို့ ပြန်လိမ့်နိုးနိုး မျှော်ကိုးရင်း ဆယ့် ငါးရက် ကျော်လွန်သောအခါတွင်မှ အဖြစ်မှန်တို့ သိရှိသွား၏။ အရှင် တိဿကိုလည်း မနေပါနှင့်ဟု နှုတ်က နှင်မထုတ်နိုင်ပေ။ သို့ဖြစ်၍ အရှင် တိဿကို နှင်ထုတ်နိုင်စေသည့် နည်းလမ်းများကိုရှာဖွေရာ ရဟန်းဖြစ်သည်မှစ၍ သီလစင်ကြယ်သော ပုဂ္ဂိုလ်ဖြစ်နေသဖြင့် ကြံစည်၍မရနိုင်ပေ။ နောက်ဆုံး တွင်မှ အကြံတစ်ခု ရလာသဖြင့် ဒါယိကာမကြီး၏သားကို ဖမ်းစားလိုက် လေသည်။

နတ်ဖမ်းစားခြင်းခံရသော သားသည် လည်ပင်းနောက်ပြန်ဖြစ်ကာ မျက်စိများ ပြူးထွက်နေ၏။ ပါးစပ်ထဲမှ တံတွေးများ ယိုစီးနေ၏။ မိခင် ကြီးသည် သားအတွက် စိုးရိမ်ပူပန်ကြီး အော်ဟစ်ငိုကြွေး၏။ နတ်သည် ကိုယ် ထင်မပြဘဲ အသံအက်သက်ဖြင့် "ငါသည် သင့်သားကို ဖမ်းစားထား၏။

ဗလိနတ်စေစေကျွေးနေ၍ အကျိုးမရှိပေ။ သင်တို့ဆရာ ရဟန်းထံမှ နှယ်ချိုတောင်းကြလေ။ ရလာသော နှယ်ချိုဖြင့် ဆီချက်ကာ သင်တို့သားကို နှာနှပ်လျှင် သူ့ကိုလွှတ်အံ့''ဟု ဆို၏။ ဒါယိကာမကြီးသည် ရဟန်းများအား ဒါယကာ၊ ဒါယိကာမများအား ဆေးမကုကောင်းသည်ကို သိသဖြင့် နှယ်ချိုတောင်းရန် ငြင်းဆို၏၊ နောက်ထပ်တစ်ဖန် နှယ်ချိုတောင်းရန် ပြောသည်ကိုလည်း ငြင်းဆို၏၊ အရှင်မြတ်၏ ခြေဆေးရည်ကို အတောင်းခိုင်းသည့်တွင်ကား ဝိနည်းတော်နှင့် ဆန့်ကျင်ဟု မသိသဖြင့် လက်ခံလိုက်လေသည်။

နောက်တစ်နေ့ အရှင်တိဿ ဆွမ်းခံထွက်လာသောအခါ ဒါယိကာမကြီးသည် ယာဂုကပ်ပြီး၍ ဆွမ်းဘောဉ်းပေးရသေးမီတွင် အရှင်မြတ်၏ခြေကို ရေဆေးပြီးလျှင် ခံယူထားသော ရေဖြင့် သား၏ဦးခေါင်းကို လောင်းလိုက်လေ၏။ မိမိ၏ အကြံအစည် အောင်မြင်သွားပြီဖြစ်၍ နတ်ကလည်း ထွက်ခွာသွား၏၊ အရှင်တိဿ လိုဏ်ဂူသို့ ပြန်လာသောအခါ နတ်သည် လိုဏ်ဂူဝမှာရပ်လျက် ''ဆေးဆရာကြီး၊ လိုဏ်ဂူထဲ မဝင်ပါနှင့်''ဟု ဟားမြစ်၏၊ အရှင်တိဿက ''အချင်းနတ်၊ ငါသည် တစ်ကြိမ်တစ်ခါမျှ ဆေးမကုခဲ့ပေ။ အဘယ့်ကြောင့် ဤသို့ဆိုသနည်း''ဟု မေး၏။ နတ်က ခြေဆေးရေပေးသော အကြောင်း လျှောက်ထား၏၊ ဤတွင် အရှင်တိဿသည် ''သြော်၊ ငါ၏အကျင့်သည် အံ့ဖွယ်ရှိပေစွ။ သာသနာတော်ကြီးနှင့် သင့်လျော်ပါပေစွ။ ငါ၏သီလ၌ မှဲ့စွန်းကိုလည်းကောင်း၊ အမည်းစက်ကို လည်းကောင်း နတ်သော်မျှ ရှာ၍မရနိုင်သဖြင့် သူငယ်၏ထိပ်မှ လောင်းရသော ခြေဆေးရေမျှကိုသာ ပြောနိုင်ရှာ၏''ဟု အားကြီးစွာ နှစ်သက်ခြင်း ဖြစ်လာ၏။ ထိုနှစ်သက်ခြင်းကိုခွာ၍ ဝိပဿနာရှုလေရာ ထိုနေရာမှာ ရပ်လျက်ပင် ရဟန္တာဖြစ်လေသည်။

ရဟန္တာဖြစ်ပြီးသော အရှင်တိဿသည် နတ်ကိုနှင်ထုတ်လိုက်ပြီးလျှင် ထိုလိုဏ်ဂူမှာပင် ဝါဆို၍နေထိုင်၏။ ဝါကျွတ်သောအခါ ဘုရားဖူးရန် ဇေတဝန်ကျောင်းတော်သို့ လာရောက်ပြီးလျှင် အထက်ပါ အကြောင်းအရာများကို ရဟန်းများအား ပြောပြ၏၊ နတ်က ဤသို့ပြောသော်လည်း အမျက်မထွက်ကြောင်းကို ပြောပြရာတွင် ရဟန္တာတို့၏ အသုံးအနှုန်းဖြစ်နေ၍ မယုံကြည်နိုင်သော ရဟန်းများက ဘုရားရှင်ထံ လျှောက်ထားကြ၏။ ဘုရားရှင်က အရှင်တိဿ၏စကားကို ထောက်ခံတော်မူပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေတော့သည်။

ဝတ္ထုပြီး

ဒေသနာတော်

၄၈၅။ အကြင်ပုဂ္ဂိုလ်သည် ထိတ်လန့်တတ်သော ပုထုဇဉ်သေက္ခ ပုဂ္ဂိုလ်တို့၌ လည်းကောင်း၊ တည်ကြည်ခိုင်ခံ့သော ရဟန္တာပုဂ္ဂိုလ်တို့၌ လည်းကောင်း တုတ်လက်နက်ကို ပယ်ချထားပြီးဖြစ်၍ မိမိလည်း မသတ်ပေ၊ သူတစ်ပါးကိုလည်း မသတ်စေပေ။ ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောကြား၏။

## ရဟန်းတစ်ပါး (အရိုက်ခံရသူ)

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် မယားနှင့်စပ်စပ်၍ အရိုက်ခံရသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလသည်။

ထိုရဟန်းသည် ဘုရားရှင်ထံတော်မှ ကမ္မဋ္ဌာန်းတောင်းပြီးလျှင် တောရသောက်တည်၍ တရားအားထုတ်ရာ မကြာမီ ရဟန္တာဖြစ်၏။ ရဟန္တာဖြစ်ပြီးနောက် မိမိ၏ဂုဏ်ကျေးဇူးကို ဘုရားရှင်ထံ လျှောက်ထားရန် ပြန်လာခဲ့၏။ ထိုစဉ်တွင် လင်နှင့်ရန်ဖြစ်၍ ထွက်လာခဲ့သော မိန်းမတစ်ယောက်သည် ခရီးသွားဖော်အဖြစ် အားကိုးပြုကာ ရဟန်းနောက်မှ လိုက်လာ၏။ မထေရ်တား ထိုအဖြစ်ကို မသိပေ။ မိန်းမ၏လင်ယောကျ်ားသည် အိမ်မှာ ရှာမတွေ့၍ ထိုလမ်းအတိုင်း လိုက်လာခဲ့ရာ မိန်းမနှင့်ရဟန်းတို့ကို မီလာ၏။ ယောကျ်ားက ရဟန်းကိုရိုက်နှက်ရန် ခြိမ်းခြောက်သောအခါ မယားဖြစ်သူ "ဤအရှင်သည် ကျွန်မကိုလည်းမမြင်ပါ၊ စကားလည်း မပြောပါ၊ အရှင်မြတ်ကို ဘာမျှမပြောပါနှင့်"ဟု တားမြစ်၏။ သို့ရာတွင် လင်ယောကျ်ားက နားမထောင်ဘဲ ရဟန်းကိုရိုက်နှက်ပြီးလျှင် မယားကို ဆွဲခေါ်သွားလေသည်။

ဇေတဝန်ကျောင်းတော်သို့ ရောက်သောအခါ ဝတ်ပြုသောရဟန်းများက ထိုရဟန်း၏ တစ်ကိုယ်လုံး ဖူးဖူးရောင်နေသည်ကို တွေ့ကြသဖြင့် မေးလျှောက်ကြ၏။ ထိုရဟန်းက ထိုအကြောင်းများကို ပြောပြကာ "ရိုက်နှက်သူအား အမျက်မထွက်ပါ"ဟု ဆို၏။ ဤအသုံးအနှုန်းမှာ ရဟန္တာပုဂ္ဂိုလ်တို့၏ အသုံးအနှုန်းဖြစ်နေ၍ မယုံကြည်နိုင်သော ရဟန်းများက ဘုရားရှင်ထံ ဝင်ရောက် လျှောက်ထားကြ၏။ ဘုရားရှင်က ထိုရဟန်း၏ စကားကို ထောက်ခံတော်မူပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၄၀၆။ ဆန့်ကျင်ဘက် ပြုသူတို့၌ မဆန့်ကျင်သော၊ ဒဏ်တုတ် ကိုင်ထားသူတို့၌ ဒဏ်တုတ်ကို ချထားပြီးဖြစ်၍ ရန်ငြိမ်းပြီးသော၊ စွဲလမ်းဆဲသော အရာတို့၌ စွဲလမ်းခြင်း မရှိသော ပုဂ္ဂိုလ်ကို ငါဘုရားသည် ဗြာဟ္မဏဟူ၍ ဟောကြား၏။

## သာမဏေ ကလေးများ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ပုဏ္ဏားတစ်ယောက်၏အိမ်ကို ဆွမ်းခံကြွကြရသော ရဟန္တာ သာမဏေလေးပါးကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

သာဝတ္ထိမြို့တော်မှ ပုဏ္ဏားမကြီး တစ်ယောက်သည် ရဟန်းလေးပါးအတွက် ဆွမ်းများချက်ပြုတ်ပြီးလျှင် "အရှင်မြတ်ကြီး လေးပါးကို ပင့်ပါချေ"ဟု ပုဏ္ဏားကြီးကို စေလွှတ်လိုက်၏။ ဆွမ်းစားလူအောက် သံကိစ္စ၊ သံကိစ္စ၊ ပဏ္ဍိတ သာမဏေ၊ သောပါက သာမဏေနှင့် ရေဝတ သာမဏေများ အလှည့်ကျကုန်၏။ ပုဏ္ဏားကြီးသည် အလှည့်ကျရာ သာမဏေငယ်ကလေးများကို ပင့်လာခဲ့ရာ ပုဏ္ဏားမကြီးသည် အလွန်တရာ အမျက်ထွက်၏။ မိမိ၏ မြေးလောက်မျှမရှိသေးသော သူငယ်တို့ကို ခေါ်လာရသလောဟု ပုဏ္ဏားကြီးကို မြည်တွန်ပြောဆိုကာ သာမဏေများအား ခင်းထားသော နေရာတွင် မထိုင်စေဘဲ နိမ့်သောနေရာမှာသာ ထိုင်စေ၏။ ထို့နောက် ပုဏ္ဏားကြီးအား "သွားပါချေ၊ ကြီးရင့်သော အရှင်မြတ်ကြီးများကိုသာ ပင့်ခဲ့ပါ"ဟု ကျောင်းသို့ စေလွှတ်ပြန်၏။ ပုဏ္ဏားကြီးသည် အရှင်သာရိပုတ္တရာကို ပင့်လာခဲ့၏။ အရှင်သာရိပုတ္တရာက သာမဏေတို့၏ ဂုဏ်ကျေးဇူးကို ချီးကျူးသောအားဖြင့် "အရှင်မြတ်ကြီးတို့၊ ဆွမ်းရကြပြီလော"ဟု မေး၏။ "မရသေးပါဘုရား"ဟု သာမဏေများက လျှောက်ထား၏။ အရှင်သာရိပုတ္တရာသည် လေးပါးစာမျှသာ ဆွမ်းချက်ထားသည်ကို သိသဖြင့် ဆွမ်းမခံဘဲ ပြန်ကြွသွား၏။ နောက်တစ်ဖန် ပင့်၍ ကြွလာသော အရှင်မဟာမောဂ္ဂလာန်လည်း ထို့အတူပင် ပြန်ကြွသွားလေသည်။

သာမဏေလေးပါးတို့သည် နံနက်စာ ဘာတစ်ခုမျှ မစားရသေးသဖြင့် ဆာလောင်မွတ်သိပ်စွာ ထိုင်နေကြရ၏။ သိကြားမင်းသည် ပဏ္ဍုကမ္ဗလာ ကျောက်ဖျာ တင်းမာလာသဖြင့် သာမဏေတို့၏ဒုက္ခကို သိမြင်တော်မူရာ ပုဏ္ဏားအိုကြီးသဏ္ဌာန် ဖန်ဆင်း၍ ထိုအိမ်သို့လာ၏။ ပုဏ္ဏားကြီးသည် ပုဏ္ဏားအိုကြီး

ကို ဆီးကြွ၏။ အရှင်မြတ်ကြီးတို့အတွက် ခင်းထားသောနေရာသို့ ကြွပါရန် ပန်ကြားပါ၏။ ပုဏ္ဏားအိုကြီးကား ထိုနေရာတွင်မထိုင်ဘဲ သာမဏေတို့ကို ရှိသေလေးမြတ်စွာ ရှိခိုးပြီးလျှင် သာမဏေတို့၏ အစွန်အဖျားသို့ သွား၍ ထိုင်နေလေသည်။

ပုဏ္ဏေးမကြီးသည် ပုဏ္ဏားအိုကြီး၏ အပြုအမူကို ကြည့်ရှုပြီးလျှင် "ဤပုဏ္ဏားကြီးသည် ရူးနေလေဘကား။ မိမိမြေးလောက်မျှ မရှိသေးသော သူငယ်တို့ကို ရှိခိုးဘိ၏" ဟု ရေရွတ်ပြောဆိုကာ ပုဏ္ဏားအိုကြီးကို ဆွဲထုတ်၏။ ပုဏ္ဏေးမကြီး တစ်ယောက်တည်း ဆွဲထုတ်၍မရသောအခါတွင် လင်မယားနှစ်ယောက်လုံး လက်လွှတ်ကြကာ ထိတ်လန့်အံ့ဩ ဆောက်တည်ရာမရ ဖြစ်ကြရ၏။ ဤတွင်မှ သိကြားမင်းက မိမိ၏အဖြစ်ကို ပြော ပြလေသည်။

သိကြားမင်းကိုယ်တိုင် ရောက်လာသဖြင့် ပုဏ္ဏားကြီးနှင့်ပုဏ္ဏေးကြီးတို့သည် သာမဏေများအတွက် လှူဒါန်းခြင်းကို ပြုကြ၏။ ထမင်းစားပြီးသောအခါ သာမဏေသုံးပါးတို့သည် အိမ်အမိုးကို သုံးနေရာမှဖောက်ထွင်း၍ လည်းကောင်း၊ တစ်ပါးသည် မြေကြီးကို ထွင်းဖောက်၍ လည်းကောင်း၊ သိကြားမင်းသည် တစ်နေရာမှ ဖောက်ထွင်း၍ လည်းကောင်း ထွက်ခွာသွားကြ၏။ ထို့ကြောင့် ထိုအိမ်သည် ငါးပေါက်ပေါက်ရှိသော အိမ်ဟု ထင်ရှားလေသည်။

ကျောင်းတော်သို့ ရောက်သောအခါ သာမဏေတို့သည် ရဟန်းတို့အား ဤအဖြစ်ကို လျှောက်ထားကြပြီးလျှင် "ပုဏ္ဏားလင်မယားတို့က ဤသို့ ပြုမူကြသော်လည်း အပည့်တော်တို့ အမျက်မထွက်ပါဘုရား" ဟု လျှောက်ထားကြ၏။ ဤအသုံးအနှုန်းမှာ ရဟန္တာတို့၏ အသုံးအနှုန်းဖြစ်နေ၍ မယုံကြည်ကြသော ရဟန်းများက လျှောက်ထားကြလေရာ ဘုရားရှင်က သာမဏေများ၏ စကားကို ထောက်ခံတော်မူပြီးလျှင် အထက်ပါ ဓမ္မဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဓမ္မဒေသနာတော်

၄၀၇။ မုန့်ညင်းစေ့သည် ပွတ်ဆောက်ဖျားမှ လျှောကျဘိ သကဲ့သို့ အကြင်သူအား ရာဂ၊ ဒေါသ၊ မာနနှင့် သူတစ်ပါး၏ဂုဏ်ကျေးဇူးကို ချေဖျက်ခြင်းတို့သည် လျှောကျကုန်၏။ ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောကြား၏။

စတုတ္ထအဖြစ်

## အရှင်မဟာပန္ထက

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ညီဖြစ်သူ အရှင်စူဠပန္ထကအား နှင်ထုတ်သော အရှင်မဟာပန္ထကကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ဝါတွင်းလေးလပတ်လုံး ဂါထာတစ်ပုဒ်မျှ အကျက်ခိုင်း၍မရသဖြင့် အရှင်မဟာပန္ထကသည် အရှင်စူဠပန္ထကကို ကျောင်းမှ နှင်ထုတ်လိုက်လေရာ အခြားရဟန်းများက ဓမ္မသဘင်၌ စည်းဝေးကြပြီးလျှင် "ရဟန္တာပုဂ္ဂိုလ်သည် အမျက်ထွက်သည် ထင်၏" ဟု ပြောဆိုကြ၏။ ဘုရားရှင်သည် တရားသဘင်သို့ ကြွလာတော်မူကာ ထိုစကားကို ပယ်လှန်တော်မူပြီးလျှင် အောက်ပါ ဒေသနာတော်ကို ဟောကြားတော် မူလေသည်။

[မဟာပန္ထက၊ စူဠပန္ထက အရှင်နှစ်ပါးတို့၏ အကြောင်းကို အပ္ပမာဒဝဂ်၊ အရှင်စူဠပန္ထကဝတ္ထု၌ ရှုပါ။]

### ဒေသနာတော်

၄၀၈။ အကြင်ပုဂ္ဂိုလ်သည် နားညံ့ပြုပြစ်မှား၊ အနက်အဓိပ္ပာယ် သိလွယ်စေသော၊ မှန်ကန်သော စကားကို ပြောဆိုရာ၏။ တစ်စုံတစ်ယောက်ကိုမျှ အမျက်ဒေါသဖြင့် မငြိစွန်းစေရာ။ ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောကြား၏။

## အရှင်ပိလိန္ဒဝစ္ဆ

ဝေဠုဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် "သူယုတ်လာလော့၊ သူယုတ်သွားလော့" ဟု ဆိုလေ့ရှိသော အရှင်ပိလိန္ဒဝစ္ဆကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော် မူလေသည်။

ထိုအကြောင်းကို ရဟန်းများက လျှောက်ထားကြသောအခါ ဘုရားရှင်သည် အရှင်ပိလိန္ဒဝစ္ဆကို ခေါ်ယူ စစ်ဆေးတော်မူကာ "ရဟန်းတို့၊ ပိလိန္ဒဝစ္ဆသည် ဘဝငါးရာတိုင်တိုင် တစ်ဆက်တည်း ပုဏ္ဏားမျိုး၌ဖြစ်၍ သူယုတ်ဟူ၍ ခေါ်ဝေါ် လေ့ကျက်ခဲ့၏။ ထိုအလေ့အကျင့်အားဖြင့် ခေါ်ဝေါ်ခြင်း ဖြစ်၏။ ရဟန္တာပုဂ္ဂိုလ်တို့အား အမျက်ဒေါသ မရှိချေ" ဟု မိန့်ကြားတော်မူပြီးလျှင် အောက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသည်။

စာတွဲအကြွင်း

### ဒေသနာတော်

၄၀၉။ ဤလောက၌ အကြင်ပုဂ္ဂိုလ်သည် ပိုင်ရှင်မပေးသော ဥစ္စာကို ရှည်သည် ဖြစ်စေ၊ တိုသည်ဖြစ်စေ၊ ငယ်သည်ဖြစ်စေ၊ ကြီးသည်ဖြစ်စေ၊ ကောင်းသည်ဖြစ်စေ၊ မကောင်းသည်ဖြစ်စေ၊ မခိုးယူပေ။ ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောကြား၏။

## ရဟန်းတစ်ပါး (ပွံ့သကူကောက်မိသူ)

**ဇေတဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်း သုံးတော်မူစဉ် ပုဏ္ဏား တစ်ယောက်၏ အပေါ်ဝတ်ရုံကို ပွံ့သကူ ကောက်မိသော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။**

သာဝတ္ထိမြို့တော်မှ မိစ္ဆာဒိဋ္ဌိ ပုဏ္ဏားတစ်ယောက်သည် အဖပါရုံ ပုဆိုးကို ကိုယ်နံ့မနံစေရန် တင်နေရာတွင် ချထားကာ အိမ်တံခါးဝသို့ ကြည့်လျက် ထိုင်နေ၏။ ရဟန္တာဖြစ်သော ထိုရဟန်းသည် မြို့တွင်း၌ ဆွမ်းဘုဉ်းပေးပြီး၍ ကျောင်းသို့ပြန်သွားစဉ် ပိုင်ရှင်ကိုမမြင်မိသဖြင့် ပံ့သကူ အမှတ်ဖြင့် ကောက်ယူလိုက်၏။ ပုဏ္ဏားသည် ထိုနေရာကို ချဉ်းကပ်လာကာ "ဦးပြည်းယုတ်၊ ငါ့အဝတ်ကို ခိုးယူသိ၏"ဟု ဆဲဆိုကြိမ်းမောင်း၏။ ရဟန္တာပုဂ္ဂိုလ်သည် "ပံ့သကူထင်မှတ်၍ ယူမိပါသည်"ဟု ပြောဆိုကာ ထိုအဝတ်ကို ပြန်ပေးလိုက်၏။ ကျောင်းသို့ ရောက်သောအခါ ထိုရဟန္တာ ပုဂ္ဂိုလ်က ထိုအကြောင်းကို ရဟန်းများအား ပြောပြလေရာ ရဟန်းများက ကျီစယ်လိုကြသဖြင့် "ငါ့ရှင်၊ ထိုအဝတ်သည် ရှည်သလော၊ တိုသလော၊ ကြမ်းသလော၊ နုသလော"ဟု မေးကြကုန်၏။ ရဟန္တာပုဂ္ဂိုလ်က "ငါ့ရှင်တို့၊ ထိုအဝတ်၌ တွယ်တာခြင်းမရှိပါ။ ပံ့သကူအမှတ်ဖြင့်သာ ကောက်ယူမိခြင်း ဖြစ်ပါသည်"ဟု ဖြေကြား၏။ ထိုအသုံးအနှုန်းသည် ရဟန္တာတို့၏ အသုံးအနှုန်းဖြစ်နေ၍ မယုံကြည်နိုင်သော ရဟန်းများက လျှောက်ထားကြလေရာ ဘုရားရှင်က ရဟန္တာ၏စကားကို ထောက်ခံတော်မူပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

### ဒေသနာတော်

၄၁၀။ အကြင်ပုဂ္ဂိုလ်အား ဤလောက၌ လည်းကောင်း၊ တမလွန်လောက၌ လည်းကောင်း မက်မောခြင်းတို့ မရှိကြကုန်၊ မက်မောခြင်း ကင်း၍ ကိလေသာနှင့် မယှဉ်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောကြား၏။

## အရှင်သာရိပုတ္တရာ (သက်နှီးပို့ရန်မှာခြင်း)

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဝါဆိုသင်္ကန်းများ ပို့လိုက်ရန် မှာကြားသော အရှင်သာရိပုတ္တရာကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော် မူလေသည်။

အရှင်သာရိပုတ္တရာသည် နောက်ပါတပည့် ငါးရာနှင့်အတူ ကျေးရွာ တစ်ကျောင်း၌ ဝါဆိုခဲ့၏။ ထိုကျောင်း၏ ဒါယကာ ဒါယိကာမတို့သည် အရှင်သာရိပုတ္တရာကို ကြည်ညိုကြသဖြင့် ဝါဆိုသင်္ကန်း မြောက်မြားစွာ ဆပ်လှူရန် တာဝန်ယူထားကြ၏။ ဝါကျွတ်သောအခါ အရှင်သာရိပုတ္တရာသည် ပဝါရဏာ ပြုပြီးလျှင် ထိုသင်္ကန်းများ ရောက်မလာသေးမီမှာပင် ဘုရားရှင်ရှိရာ ကြွလာ၏။ ထိုကျောင်း၌ ကျန်ရစ်ဦးမည့် ရဟန်းများအား ရဟန်းငယ်များနှင့် သာမဏေများအတွက် ဒါယကာတို့က ဝါဆိုသင်္ကန်း ဆပ်လာကြလျှင် ယူ၍သော်လည်း ပို့ကြပါ၊ သိမ်းထား၍သော်လည်း သတင်းပို့ကြပါဟု မှာထားခဲ့၏။ ဤစကားကို ကြားသိသော ရဟန်းများက တရားသဘင်၌ စည်းဝေးကြပြီးလျှင် "ငါ့ရှင်တို့၊ ယခုတိုင်အောင်လည်း အရှင်သာရိပုတ္တရာအား တဏှာရှိသေးသည် ထင်၏"ဟု ပြောဆိုကြ၏။ ဤတွင် ဘုရားရှင် ကြွလာတော်မူ၍ "ရဟန်းတို့၊ ငါ့သားတော်မှာ တဏှာမရှိပေ၊ လူတို့အတွက် ကောင်းမှုကုသိုလ် ဆုံးရှုံးမသွားစေရန် လည်းကောင်း၊ ရဟန်းငယ်နှင့် သာမဏေများအတွက် တရားနှင့်အညီ ရရှိသော လာဘ်လာဘများ ဆုံးရှုံးမသွားစေရန် လည်းကောင်း၊ သာရိပုတ္တရာက မှာကြားခြင်း ဖြစ်ပေသည်"ဟု မိန့်ကြားတော်မူပြီးလျှင် အောက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသည်။

### ဒေသနာတော်

၄၁၁။ အကြင်ပုဂ္ဂိုလ်အား စပ်ငြိတွယ်တာခြင်းတို့ မရှိကုန်၊ တရားမှန်ကို သိပြီးဖြစ်၍ သို့လော သို့လော တွေးတောနေရခြင်း မရှိပေ၊ အမြိုက်နိဗ္ဗာန်သို့ ရောက်ပြီးသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောကြား၏။

## အရှင်မဟာမောဂ္ဂလာန်(သက်နှီးပို့ရန်မှာခြင်း)

အရှင်သာရိပုတ္တရာ၏အတိုင်း ဖြစ်၏၊ ဘွဲ့မည်သာ ကွာခြား၏။

ဝတ္ထုအကြိမ်

ဒေသနာတော်

၄၁၂။ ဤလောက၌ အကြင်ပုဂ္ဂိုလ်သည် ကောင်းမှု မကောင်းမှု နှစ်ပါးစုံတို့ကို လည်းကောင်း၊ ကပ်ငြိတတ်သော တဏှာကိုလည်းကောင်း၊ လွန်မြောက်၏၊ စိုးရိမ်ပူဆွေးခြင်း မရှိသော၊ ကိလေသာမြူ ကင်းရှင်းသော စင်ကြယ်သော ပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောကြား၏။

## ရေဝတသာမဏေ (ရှားတောနေ)

ဇေတဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဘုန်းကံကြီးမားလှသော ရေဝတ သာမဏေကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော် မူလေသည်။

ရေဝတသာမဏေ နေထိုင်ရာ ရှားတောရွာမှ ပြန်လာကြသော ရဟန်းတို့သည် တရားသဘင်၌ စည်းဝေးကြ၍ “ငါ့ရှင်တို့၊ ရေဝတ သာမဏေ၏ လာဘ်လာဘတို့သည် အံ့ဩဖွယ် ရှိကုန်စွ၊ ကုသိုလ်ကံသည် အံ့ဩဖွယ် ရှိပေစွ၊ တောထဲမှ တစ်ပါးတည်းနေလျက် ရဟန်းငါးရာ အတွက် အလွှတ်ယပ်သော ကျောင်းငါးရာကို ဆောက်နိုင်ပေစွ” ဟု ချီးကျူးကြကုန်၏။ ဘုရားရှင်သည် တရားသဘင်သို့ ကြွတော်မူ၍ “ရဟန်း တို့၊ ငါ၏သားတော် ရေဝတအား ကုသိုလ်ကံသည်း မရှိတော့ပြီ၊ အကုသိုလ်ကံသည်း မရှိတော့ပြီ၊ ကံနှစ်မျိုးကို ပယ်အပ်ပြီးပြီ” ဟု မိန့်ကြား တော်မူပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော် မူလေ သတည်း။

ဒေသနာတော်

၄၁၃။ အညစ်အကြေး ကင်းသော ဆောသ လမင်းကြီးကဲ့သို့ ကိလေသာ စင်ကြယ်သော အထူးသဖြင့် ကြည်လင်သော၊ နှောက်ကျူခြင်း ကင်းသော၊ ဘဝတို့၌ သာယာတတ်သော တဏှာကုန်ခန်းပြီးသော ထိုပုဂ္ဂိုလ်တို့ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောကြား၏။

## အရှင်စန္ဒာဘ

ဇေတဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ချက်မှလရောင် ထွက်နေသော အရှင်စန္ဒာဘကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ထိုအရှင်စန္ဒာဘသည် ရှေးဘဝတစ်ခု၌ နယ်စွန်နယ်ဖျား၌ တောရွာ သားဆင်ယောက်ျား ဖြစ်ခဲ့၏။ ထိုစဉ်တွင် စန္ဒကူးသား လာ၍ ရှာဖွေသော

ဗာရာဏသီမြို့မှ စန္ဒကုမာရ်ကုန်သည်နှင့် မိတ်ဆွေဖြစ်ကာ စန္ဒကူးတောကိုလိုက်၍ပြ၏။ သို့ရာတွင် ထေရ်သာ ကိုယ်တိုင်ကား စန္ဒကူးဟူ၍ မသိပေ။ အကိုင်းနီနီနှင့် သစ်ပင်များဟူ၍သာ သိမှတ်ထား၏။ စန္ဒကူးကုန်သည်သည် စန္ဒကူးသားများကို လှည်းငါးရာနှင့် အပြည့်တင်ယူပြီးလျှင် "ဗာရာဏသီမြို့သို့ လာသောအခါ ဤအပင်များကို လှည်းနှင့်တင်ခဲ့ပါ"ဟု မှာကြားခဲ့၏။ ထို့နောက် အတန်ကြာသောအခါ ထေရ်သာသည် စန္ဒကူးသားများကို လှည်းနှင့်ဆောင်ကာ ဗာရာဏသီမြို့သို့ လာခဲ့၏။ ထိုစဉ်တွင် ကဿပမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပြီး၍ ကြွင်းရစ်သော ဓာတ်ခဲနက်မွေတော်တော်ကို ရွှေစေတီကြီး တည်ထားကြ၏။ စန္ဒကူးကုန်သည်သည် ထေရ်သာ၏ ခရီးဦးကြိုပြုကာ ပါလာသော စန္ဒကူးသားများကို ကျောက်ပျဉ်မှာ သွေးစေ၏။ သွေးထားသော စန္ဒကူးနှစ်များကို ရွှေစေတီတော်သို့ ယူ၍ ပူဇော်ကြရာ ထေရ်သာသည် စေတီတော် ဝမ်းပြင်၌ လဝန်းသဏ္ဌာန် သုတ်လိမ်း၍ ပူဇော်လေသည်။

ဤကောင်းမှုကြောင့် ထိုထေရ်သာသည် ဘုရားနှစ်ဆူတို့၏ကြားကာလတစ်လျှောက်လုံး နတ်စည်းစိမ်ကို ခံစားရ၏။ ဤဘုရားရှင် ပွင့်တော်မူသောအခါတွင်မူ ရာဇဂြိုဟ်မြို့တော်တွင် ပုဏ္ဏားသူဌေးအိမ်၌ မွေးဖွားလာ၏။ ကဿပမြတ်စွာဘုရား၏ စေတီတော်၌ လဝန်းသဏ္ဌာန် နံ့သာနှစ်ဖြင့် လိမ်းသုတ်၍ ပူဇော်ခဲ့သော ကောင်းမှုကြောင့် ထိုသတို့သား၏ ချက်မှ လရောင်ထွက်နေ၏။ ထို့ကြောင့် သူ့ကို 'စန္ဒာဘ'ဟု ခေါ်ဝေါ်ကြ၏။ စန္ဒာဘ အရွယ်ရောက်လာသောအခါ ဆွေမျိုးပုဏ္ဏားများက ယာဉ်ပေါ်မှာ တင်ပြီးလျှင် "ဤလုလင်၏ကိုယ်ကို လက်ဖြင့် ထိရကိုင်ရသောသူသည် စည်းစိမ်ဥစ္စာ တိုးပွား၏၊ ဂုဏ်သတင်း ကျော်စော၏"ဟု ပြောဆိုကာ လှည့်လည်ကြ၏။ သူတို့၏စကားကို ယုံကြည်သူတို့သည် အသပြာ တစ်ရာ၊ တစ်ထောင်ပေး၍ စန္ဒာဘ၏ကိုယ်ကို ထိကြရ၊ ကိုင်ကြရလေသည်။

စန္ဒာဘတို့အဖွဲ့သည် ခရီးစဉ်အတိုင်းလာခဲ့ကြရာ သာဝတ္ထိမြို့တော်သို့ ရောက်လာကြ၏။ ဇေတဝန်ကျောင်းတော်သို့ သွားရာလမ်းတွင် ခေတ္တစခန်းချကြ၏။ ပုဏ္ဏားတို့သည် ဇေတဝန်ကျောင်းတော်သို့ တရားနာသွားကြသော အရိယာသာဝကများအား "တရားနာသွားမည့်အစား စန္ဒာဘသတို့သားကို ကြည့်ကြပါ"ဟု ဖိတ်ခေါ်ကြ၏။ တရားနာသွားသူတို့အလည်း "သင်တို့ စန္ဒာဘထက် ငါတို့ဘုရားရှင်က ဆယ်လျှင် သာ၍ တန်ခိုးကြီး၏"ဟု ပြောဆိုကြ၏။ နှစ်ဖက်စလုံးကပင် အလျှော့မပေးဘဲ ငြင်းခုံနေ

ကြသူ အရိယာသာဝကတို့သည် လက်တွေ့ယှဉ်ပြိုင်သိနိုင်ကြရန် စန္ဒာဘကို ကျောင်းတော်သို့ ခေါ်လာကြလေသည်။ ကျောင်းတော်သို့ ရောက်လျှင် စန္ဒာဘ၏ အရောင်သည် ပျောက်ကွယ်သွား၏။ မီးသွေးတောင်းထဲမှ ထည့်ထားသော ကျီးကဲ့သို့ ဖြစ်နေ၏။ ဘုရားရှင်ရှေ့တော်မှ ထွက်ခွာလိုက်လျှင်ကား ယခင်အတိုင်း အရောင်ထွက်လာပြန်၏။ စန္ဒာဘသည် ဤသို့ ဖြစ်သည်ကို မန္တန်တန်ခိုးကြောင့် ဖြစ်သည်ဟု တွေးတောကာ "အရှင်ဘုရား၊ ကိုယ်ရောင် ပျောက်စေနိုင်သော မန္တန်ရှိလျှင် သင်ယူလိုပါ၏"ဟု ဘုရားရှင်ထံ လျှောက်ထား၏။ ဘုရားရှင်က "ရဟန်းပြုသူကိုမှ သင်ပေးမည်"ဟု မိန့်ကြားတော်မူသဖြင့် စန္ဒာဘသည် မန္တန်ရလိုမှုဖြင့် သာသနာတော်၌ ရဟန်းပြုလေသည်။

ဘုရားရှင်သည် အရှင်စန္ဒာဘအား မန္တန်အဖြစ်ဖြင့် ကမ္မဋ္ဌာန်းတရားများကို သင်ကြားပေးလေရာ ထိုကမ္မဋ္ဌာန်းကို ရှုပ်ပွားအားထုတ်ရင်း နှလုံးသွင်းမိသဖြင့် အရှင်စန္ဒာဘသည် သုံးရက်မျှဖြင့် ရဟန္တာဖြစ်၏။

သူ၏အဆွေမျိုး ပုဏ္ဏားများက "မန္တန်သင်ယူပြီးလျှင် ပြန်ကြပါစို့"ဟူ၍ ပြောလာကြသောအခါ အရှင်စန္ဒာဘက "သင်တို့သာ ပြန်သွားကြကုန်လော့။ ငါတို့ကား နောက်ကြောင်းတစ်ဖန် ပြန်သွားရန် မထိုက်တော့ပြီ"ဟု ပြောဆိုလိုက်၏။ ဤအသုံးအနှုန်းမှာ ရဟန္တာတို့၏ အသုံးအနှုန်းဖြစ်နေ၍ မယုံကြည်နိုင်သော ရဟန်းများက လျှောက်ထားကြ၏။ ဘုရားရှင်က အရှင်စန္ဒာဘ၏ စကားကို ထောက်ခံတော်မူပြီးလျှင် အောက်ပါဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

### ဒေသနာတော်

၄၁၃။ အကြင်ပုဂ္ဂိုလ်သည် ရာဂအညစ်အကြေးကို လည်းကောင်း၊ ကိလေသာညစ်ကြေးကို လည်းကောင်း၊ သံသရာသမုဒ္ဒရာကို လည်းကောင်း၊ မောဟအမိုက်မှောင်ကို လည်းကောင်း လွန်မြောက်ပြီးပေပြီ။ ဩဃလေးပါးကို ကူးမြောက်ပြီး ဖြစ်၏။ ပြည့်နိဗ္ဗာန်တစ်ဖက်ကမ်းသို့ ကပ်ရောက်၏။ ကိလေသာကို ရှို့မြိုက်လေ့ရှိ၏။ တဏှာထင်းသော၊ ဘဝလာ သို့လော တွေးတောခြင်း မရှိသော၊ အစွဲအလမ်းကင်း၍ ငြိမ်းအေးပြီးသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောကြား၏။

စတုတ္ထအကြိမ်

# အရှင်သီဝလိ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ခုနစ်နှစ်၊ ခုနစ်လ၊ ခုနစ်ရက်တိုင်တိုင် အမိဝမ်း၌ ကိန်းအောင်းခဲ့ရသော အရှင်သီဝလိကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

အရှင်သီဝလိ၏ ဇာတိရပ်ဌာနီကား ကုဏ္ဍကောလိယ မည်သော ရွာနိဂုံးကြီးဖြစ်၏။ ထိုရွာကြီးကို အမှီပြု၍ ကုဏ္ဍဓာနတော၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် အရှင်သီဝလိ၏မယ်တော် သုပ္ပဝါသာသည် ခုနစ်ရက်တိုင်တိုင် ကိုယ်ဝန်ဒုက္ခကို ပြင်းထန်စွာ ခံစားနေရ၏။ ဝေဒနာစကြောင့် မိန်းမောတွေဝေ၍ နေရ၏။ ဝေဒနာမှ သက်သာခွင့် ရသည့်အခိုက်တွင်ကား ဘုရားရှင်ကို သတိရပေသည်။ "မြတ်စွာဘုရားသည် ရှိရှိသမျှ တရားအလုံးစုံကို ဟုတ်တိုင်းမှန်စွာ ကိုယ်တော်တိုင် သိတော်မူပေစွတကား။ ဤကဲ့သို့သော ဆင်းရဲဒုက္ခကို ပယ်ဖျောက်ရန် တရားဟောကြားတော်မူပါပေ၏။ ထိုမြတ်စွာဘုရား၏ တပည့်သား သံဃာတော်တို့သည်လည်း ဤကဲ့သို့သော ဆင်းရဲဒုက္ခကို ပယ်ဖျောက်ရန် ကောင်းစွာ ကျင့်သုံးပါပေ၏။ နိဗ္ဗာန်သည် ဤသို့သော ဆင်းရဲဒုက္ခတို့ ကင်းရှင်းပေစွ"ဟု ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးများကို နှလုံးသွင်း၍နေ၏။ ထိုသို့နေရာမှ မိမိ၏ လင်ယောကျ်ားကို မိမိကိုယ်စား ဘုရားရှင်ထံ သွားရောက်ရှိခိုး၍ လျှောက်ထားရန် စေလွှတ်လိုက်၏။ လင်ယောကျ်ားကလည်း စေလွှတ်သည့်အတိုင်း သွားရောက် လျှောက်ထား၏။ ဤတွင် ဘုရားရှင်က "သုပ္ပဝါသာ မည်သော ကောလိယမင်းသမီးသည် ချမ်းသာပါစေ။ အနာရောဂါကင်းရှင်း၍ အနာရောဂါကင်းရှင်းသော သားကို မွေးနိုင်ပါစေ"ဟု ဆုပေးတော်မူလိုက်လေသည်။

ဘုရားရှင် ဆုပေးတော်မူသော ထိုခဏ၌ပင် သုပ္ပဝါသာမင်းသမီးသည် သီဝလိသတို့သားကို ချမ်းသာစွာ ဖွားမြင်၏။ သုပ္ပဝါသာတို့မိသားစုသည် ဘုရားအမှူးရှိသော သံဃာတော်များကို ပင့်ဖိတ်ကာ ခုနစ်ရက်တိုင်တိုင် အလှူကြီးပေးကြ၏။ မွေးဖွားခါစဖြစ်သော သီဝလိသတို့သားသည်လည်း ရေစစ်ကိုကိုင်ကာ သံဃာတော်များအား ရေကိုစစ်၍ ဆက်ကပ်၏။ ထိုသီဝလိ သတို့သားသည် အရွယ်ရောက်သောအခါ သာသနာတော်၌ ရဟန်းပြု၍ လာဘ်ပေါများသော အရာတွင် ဧတဒဂ် ဂုဏ်ထူးဆောင် ရဟန္တာပုဂ္ဂိုလ်ကျော်တစ်ပါး ဖြစ်လာလေသည်။

အရှင်သီဝလိ၏ ဤမျှလောက်ကြာအောင် အမိဝမ်း၌ ကိန်းအောင်း ခဲ့ရခြင်းသည်ကား ဗာရာဏသီမင်း ဖြစ်စဉ်တုန်းက မြို့တစ်မြို့ကို သွားရောက် ဝန်းရံထားခဲ့သော မကောင်းမှု၏ အကျိုးဖြစ်၏။ ထိုစဉ်က ဗာရာဏသီမင်းသည် မိမိအား ခုခံနေသော မြို့တစ်မြို့မှ တံခါးမကြီးများကို ခုနစ်နှစ်၊ ခုနစ်လပတ်လုံး ပိတ်ဆို့ထား၏။ ငယ်သော မလွယ်ပေါက်များကိုကား ပိတ်ထားမှုမရှိ၍ မြို့သူမြို့သားများမှာ စားရေရိက္ခာ မပြတ်ရရှိနေကြ၏။ ဤအကြောင်း မယ်တော် မိဖုရားကြီး ကြားသိသောအခါ မလွယ်ပေါက် များကိုပါ ပိတ်ဆို့ရန် ပြောကြား၏။ သားတော်မင်းကလည်း မယ်တော်၏ စကားအတိုင်း ပိတ်ဆို့လိုက်လေရာ ခုနစ်ရက်မြောက်သောနေ့တွင် မြို့သူ မြို့သားများက သူတို့မင်းကို သူတို့ဘာသာဖယ်ရှား၍ မြို့ကိုပါအပ်ကြ၏။ ဤ မကောင်းမှုများကြောင့် အဝီစိငရဲ၌ ကျရောက်ကြပြီးလျှင် အကျိုးအကြွင်း အဖြစ်ဖြင့် သားအမိနှစ်ယောက်စလုံး ဤကဲ့သို့ ဒုက္ခခံကြရခြင်း ဖြစ်လေ သည်။

တစ်နေ့သ၌ ရဟန်းတို့သည် တရားဇရပ်၌ စည်းဝေးကြစဉ် "ငါ့ရှင်တို့၊ ရှုကြကုန်လော့၊ ဤရဟန္တာဖိုလ်ကို ရောက်ရမည်ဖြစ်သော ဤ သူငယ်ပင်လျှင် ဤမျှလောက် ကာလပတ်လုံး အမိဝမ်း၌ ဆင်းရဲကြီးစွာ ကိန်းအောင်းခဲ့ရ၏။ ယခုသော်ကား ထိုရဟန်းသည် ဆင်းရဲဒုက္ခအားလုံးမှ လွတ်မြောက်သွားပေပြီ" ဟု ပြောဆိုနေကြ၏။ ထိုစဉ်တွင် ဘုရားရှင် ကြွ လာတော်မူ၍ ရဟန်းတို့၏စကားကို ထောက်ခံတော်မူပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော် မူလေသတည်း။

**ဒေသနာတော်**

၄၁၅။ ဤလောက၌ အကြင်ပုဂ္ဂိုလ်သည် ကာမဂုဏ်ကို စွန့်၍ အိမ်ရာ မထောင်ဘဲ ရဟန်းပြု၏။ ကာမဂုဏ်အားရုံ ခံစားခြင်းနှင့် ဘဝ သံသရာ ရှည်ခြင်း ကုန်ပြီးဖြစ်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ ၍ ငါဘုရား ဟောကြား၏။

## အရှင်သုန္ဒရသမုဒ္ဒ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ပြည့်တန်ဆာမ၏ ဖြားယောင်းမှုကို ခံခဲ့ရသော အရှင်သုန္ဒရသမုဒ္ဒကို အကြောင်းပြု၍ ဤ ဒေသနာတော်ကို ဟောကြားတော်မူလေသည်။

အရှင်သုန္ဒရသမုဒ္ဒကား အာဝတ္ထိမြို့တော်မှ သေင်္ဘောသားတစ်ယောက် ဖြစ်၏၊ ဘုရားရှင်၏ တရားတော်ကို နာကြားရာမှ ဘုရားရှင်ထံတော်တွင် ရဟန်းပြုရန် လျှောက်ထား၏၊ ဘုရားရှင်က "သုန္ဒရသမုဒ္ဒ၊ မိဘများ ခွင့်ပြုသော သားကို ငါဘုရား ရဟန်းပြုပေးရ၏" ဟု မိန့်ကြားတော် မူ၏ဖြင့် သုန္ဒရသမုဒ္ဒသည် ရဋ္ဌပါလ ဆတ္တိသားကဲ့သို့ပင် ခုနစ်ရက်တိုင် အစာ ငတ်ခံ၍ အခန်းမရှိသော မြေကြီးပေါ်မှာ လဲအိပ်ရှိ အကြင်းအထန်တောင်း ဆိုခါမှ ရဟန်းပြုခွင့်ကို ရရှိကာ သာဝတ္ထိမြို့တော်မှာ မနေတော့ဘဲ ရာဇဂြိုဟ်မြို့တော်၊ ဝေဠုဝန်ကျောင်းတော်သို့ သွားရောက် နေထိုင်၏။

ထို့မိဘတို့သည် ပွဲလမ်းသဘင် ကျင်းပသောနေ့၌ ကာမ်းတံနေ၊ တံပျော်စာပေါ်ကြီး လှည့်လည်လာကြသော သားသူငယ်ချင်းများကို မြင် ကြရ၍ ငိုကြွေးကြရ၏၊ ထိုစဉ်ခိုက်ကင် ပြည့်တန်ဆာမ တစ်ယောက်က "မိခင်၊ ဖခင်တို့၊ သင်တို့၏သားကို လူထွက်အောင် စွမ်းဆောင်နိုင်လျှင် ကျွန်မအား မည်သို့ ကျေးဇူးပြုပါမည်နည်း" ဟု မေးမြန်း၏။ မိဘများက "ဤအိမ်မှ စည်းစိမ်အားလုံးကို သမီးလက်သို့အပ်ကြပါမည်" ဟု ဆိုကြ၏၊ ဤတွင် ပြည့်တန်ဆာမသည် မိဘများထံမှ ရိက္ခာအလုံအလောက်အောင်း ထား အခြံအရံများစွာနှင့်အတူ ရာဇဂြိုဟ်မြို့တော်သို့ သွားလေသည်။

ပြည့်တန်ဆာမသည် အရှင်သုန္ဒရသမုဒ္ဒ ဆွမ်းခံကြလာသောအခါ မြိန်ရှက်ဖွယ်ရာ ချက်ပြုတ်ထားသော ဆွမ်းများ လောင်းလှူ၏၊ ဤသို့ နှစ်ရက် သုံးရက်မျှ လောင်းလှူပြီးလျှင် ပြည့်တန်ဆာမက "အရှင်ဘုရား၊ ဤအိမ်၌သာ ထိုင်၍ ဆွမ်းဘုဉ်းပေးတော်မူပါ" ဟု လျှောက်ထားကာ သပိတ်ကိုလှမ်းယူ၏၊ ပြည့်တန်ဆာမသည် အရသာကောင်းမွန်လှသော ဆွမ်းခဲဖွယ်များကို ဆက်ကပ်ပြီးလျှင် "အရှင်ဘုရား၊ ဤအိမ်၌သာလျှင် ချမ်းချမ်းသာသာ ဆွမ်းခံတော်မူပါ" ဟု လျှောက်ထား၏၊

ပြည့်တန်ဆာမသည် အရှင်သုန္ဒရသမုဒ္ဒအား အိမ်ဦးခန်းတွင် နှစ်ရက် သုံးရက်မျှ ဆွမ်းကပ်ပြီးလျှင် အိမ်ဦးခန်းမှတစ်ဆင့် အိမ်အလယ်ခန်းသို့ ရောက်အောင် ကြံစည်၏၊ အိမ်အလယ်ခန်းသို့ အရှင်သုန္ဒရသမုဒ္ဒ လိုက်ပါ ပြီးသည်တွင်လည်း ပြည့်တန်ဆာမသည် ကလေးများကို မုန့်ပေး၍ ခိုင်းစေ ပြီးလျှင် "အရှင်ဘုရား၊ ဤနေရာ၌ ကလေးများက အလွန် ဆူညံလှပါ သည်။ တပည့်တော်မ တားမြစ်၍ မရနိုင်ပါ၊ ပြာသာဒ်ထက်သို့ ကြွတော် မူပါ" ဟု လျှောက်ထားပြန်လေသည်၊ အရှင်သုန္ဒရသမုဒ္ဒ ပြာသာဒ်ထက်

သို့ ရောက်သောအခါတွင် ပြည့်တန်ဆာမသည် တံခါးများကို ပိတ်၍ မိန်းမတို့၏ မ ယာအမျိုးမျိုးဖြင့် ဖြားယောင်းပြီးလျှင်—

''အို....အရှင်၊ အရှင်သည် ကျွန်မ၏ နုပျိုစိုထွားသော လင်ယောကျ်ား ဖြစ်တော်မူပါ၏ ကျွန်မသည်လည်း အရှင်၏ နုပျိုသက်ထား ချစ်မယား ဖြစ်ပါအံ့။ အသက်ကြီးပြင်းအိုမင်းကြခါမှ တောင်ဝှေး ထောက်ကိုင် သွားရခါမှ နှစ်ယောက်စလုံး ရဟန်းပြုကြပါစို့''ဟု လျှောက်ထား လေသည်။

ဤတွင်မှ အရှင်သုန္ဒရသမုဒ္ဒာသည် ''ငါသည် အဆင်ခြင်မဲ့စွာပြုမိလေစွတကား။ ငါ၏အမှုကား ဝန်းလေးစွတကား''ဟု သံဝေဂကြီးစွာ ဖြစ်ပွားနေ၏။ ဘုရားရှင်သည် ဇေတဝန်ကျောင်းတော်မှာ သီတင်းသုံးတော်မူလျက် ထိုအကြောင်းကိုသိမြင်၍ ပြုံးတော်မူ၏။ အရှင်အာနန္ဒာက ပြုံးတော်မူရခြင်း အကြောင်းရင်းကို မေးလျှောက်သောအခါ ''အာနန္ဒာ၊ ရာဇဂြိုဟ်မြို့တော်ရှိ ဘုံခုနစ်ဆင့်ပြာသာဒ်ထက်၌ ပြည့်တန်ဆာမနှင့် သုန္ဒရသမုဒ္ဒ ရဟန်းတို့သည် စစ်ပွဲကြီး ခင်းနေကြ၏။ ထိုစစ်ပွဲ၌ သုန္ဒရသမုဒ္ဒရဟန်းသည် နိုင်၍ ပြည့်တန်ဆာမသည် ရှုံးလတ္တံ့''ဟု မိန့်ကြားတော်မူ၏၊ ထိုသို့မိန့်ကြားတော်မူပြီးနောက် အရှင်သုန္ဒရသမုဒ္ဒ ရှေ့မှောက်သို့ ရောင်ခြည်တော်များ လွှတ်ပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်အဆုံး၌ အရှင်သုန္ဒရသမုဒ္ဒသည် ရဟန္တာဖြစ်ကာ ပြာသာဒ်အမိုးကို တန်ခိုးဖြင့် ဖောက်ထွက်လာပြီးလျှင် ဘုရားရှင်ထံ လာရောက် ရှိခိုးလေ၏။

[ပြည့်တန်ဆာမက အရသာဖြင့် ဖြားယောင်းခြင်းနှင့် ပတ်သက်၍ ဟောကြားထားသော အမှတ်စဉ် ၁၄၊ ဝါတမိဂဇာတ်ကို ကောက်နိုပ်ပါတ်မှု ရှုပါ။]

ဒေသနာတော်

၄၁၆။ ဤလောက၌ အကြင်ပုဂ္ဂိုလ်သည် တဏှာကိုပယ်စွန့်၍ အိမ်ရာမဲ့ထောင်ဘဲ ရဟန်းပြု၏၊ တဏှာနှင့် ဘဝသံသရာ ကျင်လည်ခြင်း ကုန်ခန်းပြီးသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောကြား၏။

## ဇမ္ဗုလသေဋ္ဌေးကြီး

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဇမ္ဗုလသေဋ္ဌေးကြီးဘဝမှ ရဟန်းပြုလာသော ရဟန္တာအရှင်မြတ်ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

အရှင်ဇမ္ဗုလသည်ကား ဗာရာဏသီမြို့မှ သေဋ္ဌေး တစ်ယောက်နှင့် ဝိဇ္ဇာဓိုရ်တို့ ပေါင်းသင်းမိရာမှ ပေါက်ဖွားလာသော သားဖြစ်၏။ ရုပ်ရည်အဆင်း အလွန်ချောမောသော ဗာရာဏသီ သေဋ္ဌေးသမီးသည် အထိန်းအမျိုးသမီးကြီးတစ်ယောက်နှင့်အတူ ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်တစ်ခုထက်၌နေထိုင်၏၊ တစ်နေ့သ၌ ထိုသေဋ္ဌေးသမီးသည် လေသာပြတင်းကိုဖွင့်၍ အပြင်သို့ ကြည့်နေစဉ် ကောင်းကင်ခရီးမှ လှည့်လည်လာသော ဝိဇ္ဇာဓိုရ်တစ်ယောက်က တွေ့မြင်ကာ ချစ်ခင်စုံမက်သဖြင့် သေဋ္ဌေးသမီးထံ ဝင်ရောက်၍ ပေါင်းသင်းဆက်ဆံ၏၊ သေဋ္ဌေးသမီးသည် ထိုဝိဇ္ဇာဓိုရ်နှင့် ကိုယ်ဝန်ရှိကာ သားငယ်ကို ဖွားမြင်၏၊ ထို့နောက် သားငယ်ကို အိုးထဲ၌ထည့်၍ ပိတ်ကာ အပေါ်က ပန်းကုံးတင်ထားပြီးလျှင် အထိန်းအမျိုးသမီးအား ရေမျှောသွား၍ မျှောရန် စေခိုင်းလိုက်၏၊ ဤသို့ဖြင့် ဖွားခါစ ထားငယ်သည် မိမိပြုခဲ့သော အကုသိုလ်ကံ အစားလျော်စွာ ရေမျှော အမျှောခံရရှာလေသည်။

ဂင်္ဂါမြစ်၌ မျှောပါလာသော ထိုအိုးကို ရေချိုးနေကြသော အမျိုးသမီးနှစ်ယောက်က မြင်လိုက်ကြသဖြင့် ပထမအမျိုးသမီးက "မျှောပါလာသော အိုးသည် ငါ့အိုးတည်း" ဟု ဆို၏၊ ဒုတိယအမျိုးသမီးက "အိုးထဲရှိဥစ္စာသည် ငါ့ဥစ္စာ" ဟု ဆို၏၊ အမျိုးသမီး နှစ်ယောက်တို့သည် အိုးကို အတူတကွ ဆယ်ယူကြ၍ အထဲမှသားငယ်ကို တွေ့ကြရသောအခါ သူပိုင်သည် ငါပိုင်သည်ဟု ငြင်းခုံကြရာမှ မင်းထံ တင်လျှောက်ကြရာ မင်းကြီးက ဒုတိယအမျိုးသမီးကို အနိုင်ပေးလိုက်၏။ ထိုအမျိုးသမီးသည် ကား အရှင်မဟာကစ္စည်း၏ ဒါယိကာမဖြစ်၍ ဤသူငယ်ကို အရွယ်ရောက်လျှင် အရှင်မဟာကစ္စည်းထံ ရှင်ပြုပေးမည်ဟု ရည်ရွယ်ကာ မွေးစုကျွေးမွေး၏၊ သူငယ်ကို ဖွားပြီးခါစ ကိုယ်ဝန်အညစ်အကြေးများ ရေချိုးသန့်စင်ခြင်း မပြုခဲ့သဖြင့် ဆံပင်များ တွန့်လိမ် ကောက်ကွေး ကြသောကြောင့် သူ့ကို "ဇမ္ဗုလသတ္တိသား" ဟု ခေါ်ဝေါ်ကြရလေသည်။

သားအဖြစ် မွေးမြူထားသော အမျိုးသမီးသည် ဇမ္ဗုလသတ္တိသား ရှင်ပြုချိန်ရောက်လျှင် အရှင်မဟာကစ္စည်းထံအပ်နှံ၏၊ အရှင်မဟာကစ္စည်း

သည် ဇင်္ဂိလသတို့သားအား ဘုန်းကံကိုလည်းကောင်း၊ ဉာဏ်ပညာ ဇရင့်ကျက်သေးသည်ကို လည်းကောင်း ရှုမြင်သုံးသပ်ကာ တက္ကသိုလ်မြို့ရှိ ကုန်သည်တစ်ယောက်ထံတွင် အပ်နှံထားလိုက်၏။ ထိုကုန်သည်ထံတွင် ဆယ့်နှစ်နှစ်တိုင်တိုင် သိုလှောင်၍ထားသော ကုန်ပစ္စည်းများရှိ၏။ တစ်နေ့သ၌ ကုန်သည်သည် အခြားရွာသို့ ကိစ္စတစ်ခုနှင့် သွားရန်ရှိ၍ ဇင်္ဂိလသတို့သားအား လူကိုယ်စား ဈေးရောင်းနေရန် ခိုင်းထားခဲ့၏။ ဤတွင် မြို့စောင့်နတ်တို့သည် ဈေးဝယ်သူများကို ဇင်္ဂိလသတို့သား၏ ဆိုင်သို့သာ ပို့လွှတ်ကြသဖြင့် ကုန်ပစ္စည်းများသည် တစ်နေ့တည်းနှင့် ကုန်သွားလေတော့သည်။

ကုန်သည် ပြန်ရောက်လာ၍ ထိုအကြောင်းကို သိရသောအခါ "ဘယ်အလုပ်မျိုးမှာဆို အသက်မွေးရန် စွမ်းနိုင်သူပါတည်း" ဟု ဆိုကာ သမီးနှင့်လက်ထပ်ပြီး ပေးလိုက်၏။ ဇင်္ဂိလတို့အတွက် အိမ်တစ်ဆောင် သီးသန့်ဆောက်ပြီးလျှင် သမက်နှင့်သမီးကို ထိုအိမ်သို့ စေလွှတ်လိုက်၏။ ကိုယ်ပိုင်အိမ်၏ တံခါးခုံပေါ်သို့ ဇင်္ဂိလ၏ခြေတစ်ဖက် နင်းလိုက်မိသည်နှင့် တစ်ပြိုင်နက် အိမ်၏နောက်ဘက်တွင် အတောင်ရှစ်ဆယ်ရှိသော ရွှေတောင်ကြီး ပေါ်လာ၏။

ဤသို့ဖြင့် ဇင်္ဂိလသည် စည်းစိမ်ကြီးစွာ ခံစားလျက် အသက်အရွယ်ကြီးရင့်လာ၏။ သားသမီးတို့သည်လည်း အရွယ်ရောက်လာကြကုန်၏။ ဇင်္ဂိလသူဌေးကြီးသည် စည်းစိမ်ချမ်းသာ ခံစားနေရသည်ကို မပျော်မမွေ့တော့ဘဲ သာသနာတော်၌ ရဟန်းပြုရန် ဆန္ဒရှိလာ၏။ သို့ရာတွင် မင်းကြီး၏နိုင်ငံတော်၌ မိမိကဲ့သို့သော သူဌေးမျိုး ရှိခဲ့လျှင် ရဟန်းပြုခွင့် မရမည်စိုး၍ အခြားသူဌေး ရှိ မရှိ စုံစမ်းရန် အခိုင်းအစေများကို စေလွှတ်လိုက်၏။ မိမိကဲ့သို့ သူဌေးကိုတွေ့လျှင် လက်ဆောင်ပေးရန် ရွှေအုပ်၊ ရွှေနှင်းတံနှင့် ရွှေခြေနင်းတို့ကိုလည်း ပေးလိုက်၏။ ထိုသူတို့သည် အမြို့မြို့ အနယ်နယ်ကို ဖြတ်သန်းကြ၍ ဘဒ္ဒိယမြို့သို့ ရောက်သောအခါ မေဏ္ဍကသူဌေးကြီး၏ စည်းစိမ်ဥစ္စာများကို မြင်ကြရ၏။ မေဏ္ဍကသူဌေးကြီးထံတွင် လက်ဆောင်ပစ္စည်းများ ပေးအပ်၍ ပြန်လာကြပြီးလျှင် "မေဏ္ဍကသူဌေးကြီး၏ စည်းစိမ်ဥစ္စာကား အရှင်သူဌေးထက် သာလွန်ပါပေသည်" ဟု ပြောဆိုကြလေသည်။

[မေဏ္ဍကသူဌေးကြီး၏ အကြောင်းအကျယ်ကို မေဏ္ဍကသူဌေးကြီးဝတ္ထုမှာ ရှုပါ။]

ထို့နောက် ဇဋိလသေဋ္ဌေးကြီးသည် အဖိုးတစ်သိန်းထိုက်သော ကမ္ဗလာကို အပ်နှံပြီးလျှင် အခြွေအရံသင်္ဘောစယောက်ကို ရှိ၊ ရှိ စုံစမ်းရန် စေလွှတ်လိုက်ပြန်သည်။ ထိုသူတို့သည် အမြို့မြို့အနယ်နယ် လှည့်လည်ပြီးလျှင် ရာဇဂြိုဟ်မြို့တော်ရှိ ဇောတိကသေဋ္ဌေးထံ ရောက်လာကြ၏။ ပါလာသော ကမ္ဗလာကို ဇောတိကသေဋ္ဌေးကြီးက အဖိုးတစ်သိန်းပေး၍ ဝယ်ယူပြီးလျှင် ထိုကမ္ဗလာကို တံခါးမှခံ၌ တံမြက်လှည်း၍ အမှိုက်စွန့်သော ကျွန်မအား ပေးရန် စေခိုင်းလိုက်၏။ ဇဋိလသေဋ္ဌေး၏ အခိုင်းအစေတို့သည် ကမ္ဗလာကို ထိုကျွန်မအား ပေးလိုက်သောအခါ ထိုကျွန်မသည် ဂျူကျူပါအောင် ငိုကြွေးကာ ဇောတိက သေဋ္ဌေးကြီးထံ သွား၏။ "အရှင်သေဋ္ဌေးမင်း၊ ကျွန်မမှာ အပြစ်ရှိလျှင် ရိုက်ရန်မသင့်ပါလော၊ အဘယ့်ကြောင့် ဤမျှ ကြမ်းတမ်းသော ကမ္ဗလာကို ပေးရပါသနည်း" ဟု ပြောဆို၏။ ဇောတိက သေဋ္ဌေးကြီးက "ဟယ်-ကျွန်မ၊ သင်ဝတ်ရန်ပေးခြင်းမဟုတ်၊ ဤကမ္ဗလာကို သင့်အိမ်ရာခြေရင်း၌ထား၍ နံ့သာရည်ဖြင့် ခြေဆေးပြီးသောအခါ ခြေသုတ်ရန်မျှသာ ဖြစ်သည်။ ခြေသုတ်ရန်မျှပင် မစွမ်းနိုင်သလော" ဟု မေး၏။ ကျွန်မက "ခြေသုတ်ရန်ကား စွမ်းနိုင်ပါသည်" ဟု ဆိုကာ အဖိုးတစ်သိန်းထိုက်သော ကမ္ဗလာကို ယူသွားလေသည်။

[ဇောတိကသေဋ္ဌေးကြီး အကြောင်းအကျယ်ကို ဇောတိကသေဋ္ဌေးကြီးဝတ္ထုမှာ ရှုပါ။]

ဇဋိလသေဋ္ဌေးကြီးသည် ဤအကြောင်းကို ကြားသောအခါ အလွန်တရာ ဝမ်းမြောက်ဝမ်းသာ ဖြစ်၍ မင်းကြီးထံသွားကာ ရေယာဉ်ကြီးနှင့် ခွင့်ပန်၏။ မင်းကြီးကလည်း ရေယာဉ်ပြုခွင့် ပေးလိုက်၏။ ဇဋိလသေဋ္ဌေးကြီးသည် အိမ်သို့ပြန်ရောက်သောအခါ သားကြီး၏လက်သို့ ရွှေအရိုးတပ်၍ စိန်အသွားတပ်ထားသော ပေါက်တူးကိုပေးကာ "ရွှေတောင်ကို ပေါက်ယူချေ" ဟု စေခိုင်းလိုက်၏။ သားကြီးသည် ပေါက်တူးဖြင့် ရွှေတောင်ကို ပေါက်သောအခါ ကျောက်ပျဉ်ကို ပေါက်ရသကဲ့သို့ တင်းမာနေသည်ကို တွေ့ရ၏၊ ရွှေတောင်တုံးတစ်ဖဲ့မျှ ပဲ့မလာချေ။ သားလတ်ကို စေခိုင်းသောအခါတွင်လည်း ထို့အတူသာဖြစ်၏။ သားငယ်ကို စေခိုင်းသောအခါ တွင်ကား မြေမှုန့်အပုံကို ပေါက်ရသကဲ့သို့ တဖွားဖွား လွင့်ဥလာကုန်၏။ ဤတွင် ဇဋိလသေဋ္ဌေးသည် သားငယ်ကိုပြန်ခေါ်ပြီးလျှင် "ချစ်သားတို့၊ ဤရွှေတောင်သည် သားကြီးနှင့် သားလတ်တို့အတွက် မဟုတ်ချေ။ ငါနှင့် သားငယ်တို့အတွက်သာ ဖြစ်၏။ ထို့ကြောင့် သားသုံးယောက်စလုံး တစ်

ပေါင်းတည်းပြီး၍ သုံးဆောင်ကြကုန်လော့”ဟု သားတို့ကို ဆိုဆုံးမလေ ထည်၊

ဤသို့အားဖြင့် ဇဋိလသေဌေးကြီး ရေမျောခံရခြင်း၊ ရွှေတောင်ပေါက်ခြင်းနှင့် သားငယ်အတွက်သာ ဖြစ်ခြင်းတို့ကား သူတို့၏ ရှေးကံအတိုင်းသာဖြစ်၏၊ ဇဋိလသေဌေးကြီးသည် ကဿပမြတ်စွာဘုရား လက်ထက်တော်တွင် ရွှေပန်းထိမ်သည် ဖြစ်ခဲ့၏၊ ကဿပမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူ၍ ရွှေစေတီကြီး တည်ကြသောအခါ ရွှေခလုံလောက် ဖြစ်နေ၍ မြောက်ဘက်မုခ်ဦးကို မတပ်နိုင်ကြပေ၊ သို့ဖြစ်၍ စေတီတော် တည်ရာသို့ ရောက်လာသော ရဟန္တာအရှင်မြတ်တစ်ပါးက မြို့တွင်းသို့ လှည့်လည်၍ နှိုးဆော်လျှင် ရွှေပန်းထိမ်သည်၏ အိမ်ရှေ့သို့ ရောက်လာ၏။ ရွှေပန်းထိမ်သည်သည် မယားနှင့် စိတ်ဆိုးနေခိုက်ဖြစ်၍ ရဟန္တာအရှင်မြတ်၏ နှိုးဆော်သံကို ကြားရသည်တွင် “သင်၏ဘုရားကို ရေမှာ မျောလိုက်၍ သွားပါလော့”ဟု ကျိန်ဆဲလိုက်၏။ မယားဖြစ်သူက “အဘယ့်ကြောင့် ဘုရားရှင်ကို ဆဲရေးရပါသနည်း”ဟုဆို၏၊ ဤတွင်မှ ရွှေပန်းထိမ်သည် ဘုရားရှင်အား တောင်းပန်ရမည့် နည်းလမ်းကို ရဟန္တာ အရှင်မြတ်အား မေးလေရာ ရဟန္တာအရှင်မြတ်က “ရွှေပန်းခိုင်သုံးခုကို အုံးမှုတ်စိုက်၍ ဓာတ်တော်တိုက်မှာ ထည့်သွင်းကာ ပူဇော် ကန်တော့လေ”ဟု မိန့်ကြားလိုက်လေသည်။

ရွှေပန်းထိမ်သည်သည် ဘုရားရှင်ကိုပူဇော်ရန် ရွှေပန်းခိုင်များပြုလုပ်ရာတွင် သားများကို အကူအညီတောင်းခံ၏၊ သားကြီးနှင့်သားလတ်တို့က “ကျွန်ုပ်တို့သည် ဘုရားရှင်ကို မကျိန်ဆဲကြ၍ ဤအလုပ်သည် ကျွန်တော်တို့နှင့် မဆိုင်ပါ၊ ဖခင်သာလျှင် လုပ်ပါလော့”ဟု ဆိုကြ၏၊ သားငယ်သည်ကား “ဖခင်၏အလုပ်သည် သားတို့၏တာဝန်သာတည်း”ဟု ဆိုကာ ရွှေပန်းခိုင်များကို ကူညီလုပ်ကိုင်၏။ရွှေပန်းခိုင်များ ပြီးစီးသွားသောအခါ ကဿပဘုရားရှင်ကို ပူဇော်ကန်တော့၏၊ ဤသို့သော ကုသိုလ်ကံကြောင့် ဇဋိလသေဌေးကြီး အိမ်ထဲတွင် ရွှေတောင်ကြီး ပေါက်လာရ၏၊ ဘုရားရှင်ကို ကျိန်ဆဲခဲ့မိသောကြောင့် ဤဘဝနှင့်အတူ ခုနစ်ဘဝတိုင်တိုင် ရေအမျောခံခဲ့ရ၏၊ သားကြီးနှင့် သားလတ်တို့သည် ရွှေပန်းခိုင် ပြုလုပ်ရာတွင် မပါဝင်ခဲ့ကြသောကြောင့် ရွှေတောင်ကြီးကို တူးဖွဲ့၍မရနိုင်ကြပေ၊ သားငယ်သည်ကား ရွှေပန်းခိုင်ပြုလုပ်ရာတွင် ပါဝင်ကူညီခဲ့သောကြောင့် ရွှေတောင်ကြီးကို အမွေဆက်ခံနိုင်လေသည်။

ဇဋိလသေဋ္ဌေးကြီးသည် ရဟန်းပြုလေရာ မကြာမီ ရဟန္တာတစ်ပါး ဖြစ်၏။ တစ်နေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ စည်းဝေးကြ၍ "ငါ့ရှင်၊ သင်သည် ရွှေတောင်ကို လည်းကောင်း၊ သားတို့ကို လည်းကောင်း တွယ်တာပါသေးသလော"ဟု မေးမြန်းကြ၏။ အရှင်ဇဋိလက "တပည့်တော်မှာ အဘယ်အရာကိုမျှ တွယ်တာခြင်း မရှိတော့ပါ"ဟု လျှောက်ထား၏။ ဤအသုံးအနှုန်းမှာ ရဟန္တာတို့၏ အသုံးအနှုန်းဖြစ်နေ၍ မယုံကြည်နိုင်သော ရဟန်းများက ဘုရားရှင်ထံ လျှောက်ထားကြလေရာ ဘုရားရှင်က အရှင်ဇဋိလ၏ စကားကို ထောက်ခံတော်မူပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

### ဒေသနာတော်

၄၁၇။ ဤလောက၌ အကြင်ပုဂ္ဂိုလ်သည် တဏှာကို ပယ်စွန့်၍ အိမ်ရာမထောင်ဘဲ ရဟန်းပြု၏။ တဏှာနှင့် ဘဝသံသရာ ကျင်လည်ခြင်း ကုန်ခန်းပြီးသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရားဟောကြား၏။

## ဇောတိကသေဋ္ဌေး

ဝေဠုဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဇောတိကသေဋ္ဌေးကြီးဟောင်း ရဟန်းပြုလာသော ရဟန္တာအရှင်ကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ဇောတိကသေဋ္ဌေးကြီး၏ ကုသိုလ်ကောင်းမှုများကား ဗာရာဏသီမြို့၌ သူကြွယ်ညီနောင် ဖြစ်စဉ်ကပင် သိသာထင်ရှားခဲ့၏။ ထိုစဉ်တုန်းက ဇောတိကသေဋ္ဌေးကြီးသည် အစ်ကိုသူကြွယ်နှင့်အတူ ကျယ်ဝန်းလှသော ကြံခင်းကြီးစိုက်ပျိုးခဲ့၏။ တစ်နေ့သ၌ ညီသူကြွယ်သည် မိမိတို့ညီအစ်ကို နှစ်ယောက်အတွက် ကြံနှစ်ချောင်းကို ချိုးယူခဲ့၏။ ထိုစဉ်တွင် နိရောဓသမာပတ် ဝင်စားရာမှ ထတော်မူလာသော ပစ္စေကဗုဒ္ဓါ အရှင်မြတ် တစ်ပါးသည် သူ့ကိုချီးမြှောက်ရန် ဂန္ဓမာဒနတောင်မှ ကြွလာပြီးလျှင် သူ့ရှေ့မှာ ရပ်တော်မူသ၏။ ညီသူကြွယ်သည် အပေါ်ရုံပုဆိုးကို ခင်း၍ "အရှင်ဘုရား၊ ဤနေရာ၌ ထိုင်တော်မူပါဘုရား"ဟု လျှောက်ထား၏။ ပစ္စေက

ပုဒ္ဓါအရှင်မြတ် ထိုဖိတ်တော်မူသောအခါ ယူလာခဲ့သော ကြံချောင်း၏ အဖျားနှစ်ဖက်တွင် ချည်နှောင်ထားသော ကြိုးတို့ကိုဖြေကာ ပစ္စေက ဗုဒ္ဓါ အရှင်မြတ်၏ သပိတ်ထဲသို့ ဦးစိုက်၍ထားလိုက်၏။ ထိုစဉ်တုန်းက ကြံတို့ သည် တစ်နေရာရာမှ ဖြတ်လိုက်သောအခါ ရေစင်ထဲမှ ရေများကျလာ သကဲ့သို့ ထိပ်ဝနှစ်ဖက်မှ ကြံရည်များ သွန်ဆလိုလို ယိုကျလာကုန်၏။ ယန္တရားဖြင့်နှင့် ညှစ်နေရန် မလိုပေ။ ထို့ကြောင့်၍ သူကြွယ်သည် ကြံရည်များ ယိုကျမလာစေရန် ထိပ်ဖျားနှစ်ဖက်တွင် စည်းနှောင်၍ လာခဲ့ရ၍ ယခု ကြံရည်လှူလိုသောအခါတွင်ကား စည်းနှောင်ထားသော ကြိုးကိုဖြေလိုက်ရုံ မျှဖြင့် သပိတ်နှင့်အပြည့် ကြံရည်များ ယိုကျလာလေသည်။

ပစ္စေကဗုဒ္ဓါအရှင်မြတ်သည် ကြံရည်ကို ဘုဉ်းပေးတော်မူ၏။ ညီ သူကြွယ်သည် အစ်ကိုကြီးအတွက် ချန်ထားသော ကြံတစ်ချောင်းမှလည်း ကြံရည်များကို သွန်ချ၍ လောင်းလှူပြန်၏။ ဤတစ်ကြိမ်တွင်ကား ပစ္စေက ဗုဒ္ဓါ အရှင်မြတ်သည် ကြံရည်ကို ဆောင်ယူသွားလိုသော အဘောဖြင့်ထိုင် ၍သာ နေတော်မူ၏။ ဤတွင် ညီသူကြွယ်က ''အရှင်ဘုရား၊ တပည့်တော် သည် ဤသို့ ဦးဦးဖျားဖျား ကြံရည်လှူရသော ကောင်းမှုကြောင့် အရှင် ဘုရားတို့ ရရှိသော တရားကို ရနိုင်ပါလို၏''ဟု ဆုတောင်း၏။ ပစ္စေကဗုဒ္ဓါ အရှင်မြတ်သည် ဆုပေးတော်မူပြီးလျှင် ဂန္ဓမာဒနတောင်သို့ ကြွတော်မူ၍ ပစ္စေကဗုဒ္ဓါ အရှင်မြတ်ငါးရာတို့အား ကြံရည်များ ဝေငှ လှူဒါန်းတော် မူလေသည်။

ညီသူကြွယ်သည် အိမ်သို့ရောက်သောအခါ အလုံးစုံကို အစ်ကို သူကြွယ်အား ပြောပြ၏။ အစ်ကိုသူကြွယ်တာလည်း ''ဤကောင်းမှုကြောင့် ပစ္စေကဗုဒ္ဓါ အရှင်မြတ် ရရှိသောတရားကို ရနိုင်ရပါလို၏''ဟု အရပတ္တဖိုလ် တစ်ခုဘည်းကိုသာ ဆုတောင်းလိုက်လေသည်။

ထိုသူကြွယ်တို့ ကွယ်လွန်ကြသောအခါ နတ်ပြည်၌ ဖြစ်ကြရကုန်၏။ ဝိပဿီမြတ်စွာဘုရား ပွင့်တော်မူလာသောအခါတွင်မူ နတ်ပြည်မှစုတေ၍ ဗန္ဓုမတီမြို့တော်တွင် ယခင်ကအတိုင်း ညီအစ်ကိုဖြစ်လာကြ၏။ အစ်ကိုကြီး ၏အမည်ကို သေနဟုမှည့်ကြ၍ ညီကိုကား အပရာဇိတဟု မှည့်ကြ၏။ ညီအစ်ကို တို့ အရွယ်ရောက်သောအခါ ဝိပဿီဘုရားရှင်၏ ထံတော်သွား၍ တရားနာ ကြရာ အစ်ကိုဖြစ်သူ သေနသည် ညီဖြစ်သူထံ ခွင့်တောင်းပြီးလျှင် ရဟန်းပြု၏။ ရဟန်းပြု၍ မကြာမီမှာပင် ရဟန္တာ အရှင်မြတ်တစ်ပါး ဖြစ်လာလေ သည်။

စတုတ္ထအကြိမ်

အပရာဇိတသူကြွယ်သည် ခုနစ်ရက်တိုင်တိုင် အလှူကြီးပေးပြီးလျှင် နောင်တော်မြတ်ထံ ချဉ်းကပ်၍ "အရှင်ဘုရား၊ တပည့်တော်ကား ရဟန်း မပြုနိုင်ပါ။ အိမ်မှာပင်နေလျက် ကောင်းမှုကုသိုလ် ပြုလိုပါသည်။ အင် တဝဲ့လျောက်ပတ်သော ကုသိုလ်ကောင်းမှုကို ညွှန်ကြားတော်မူပါဘုရား" ဟု လျှောက်ထား၏။ အရှင်သေနကာ "ညီမောင်၊ ကောင်းပေစွ၊ ကောင်း ပေစွ။ မြတ်စွာဘုရား၏ ဂန္ဓကုဋိကျောင်းတော်ကို ဆောက်လေလော့" ဟု ညွှန်ကြားလိုက်လေသည်။

အပရာဇိတသူကြွယ်သည် အမျိုးမျိုးသော ကောင်းသော သစ်များကို စုဆောင်းစေပြီးလျှင် ချောမွတ်အောင် ရွေစေ၏။ ပြီးလျှင် ရတနာခုနစ် ပါးတို့ဖြင့် ခြယ်သှယ်မွမ်းမံကာ ဘုရားရှင် သီတင်းသုံးတော်မူရန် ဂန္ဓကုဋိ ကျောင်းတော်ကို ဆောက်လုပ်စေ၏။ အမိုးမှာလည်း ရတနာခုနစ်ပါး ခြယ်လှယ်ထားသော အုတ်ကြွပ်များပင် ဖြစ်၏။ အထွတ်ကို ရွှေနီဖလံဖြင့် ပြုလုပ်ထား၏။ အထွတ်ဦးစွန်းတို့ကို သန္တာဖြင့် ပြုလုပ်ထား၏။ ချက်နှစ် ကြက်ပြားကို ပတ္တမြားဖြင့် ပြုလုပ်ထား၏။ ဤသို့အားဖြင့် အပရာဇိတ သူကြွယ် ဆောက်လုပ်သော ဂန္ဓကုဋိကျောင်းတော်သည် ကနေသော ဥဒေါင်းကဲ့သို့ လှပဆင့်တယ်လေသည်။

ဂန္ဓကုဋိကျောင်းတော်၏ ရတနာခုနစ်ပါးဖြင့် ပြုလုပ်ထားသော ပြအင်းပေါက်ကြီး သုံးပေါက်တို့နှင့် တည့်တည့်နေရာတို့တွင် အုတ်ဆက်တော တို့ဖြင့် ရေကန်ကြီး သုံးခုကို အခိုင်အမာ ပြုလုပ်ထား၏။ ထိုကန်ကြီးများ ထဲတွင် နံ့သာရည်အပြည့် ထည့်သွင်းထား၏။ ကန်နံဘေးတွင် အဆင်း ငါးမျိုးရှိသော ပန်းပင်များ စိုက်ပျိုးထား၏။ ပန်းဝတ်မှုန်များသည် လေ နှင့်အတူ လိုက်ပါကာ ဘုရားရှင်၏ ကိုယ်တော်ပေါ်တွင် ကြဲဖြန့် ပူဇော်နိုင် ရန် ဖြစ်၏။ ထိုသို့ အပရာဇိတသူကြွယ်က ဂန္ဓကုဋိကျောင်းတော်ကို လိုလေ သေးမရှိအောင် ဆောက်လုပ်မွမ်းမံနေစဉ်တွင် သူ၏ တူတော်သူကလည်း ဂန္ဓကုဋိ ဆောက်လုပ်ရာ၌ ကုသိုလ်ပါဝင်ခွင့်ပြုရန် တောင်းပန်၏။ အပရာ ဇိတသူကြွယ်က ခွင့်မပြုသဖြင့် ဂန္ဓကုဋိ ကျောင်းတော်ရှေ့တွင် ကုဋ္ဌရည် သော ဇရပ်ကို ဆောက်လုပ်ပြီးလျှင် အမျိုးမျိုးသော ကုသိုလ်ကောင်းမှုကို ပြုလုပ်၏။ ထိုကောင်းမှုကြောင့်ပင် ဤဘုရားရှင်၏ သာသနာတော်ဝယ် မဟာကာလ သေဋ္ဌေးကြီး ဟူ၍ ထင်ရှား ကျော်ကြားသူ ဖြစ်လာလေသည်။

[မဟာကာလ သေဋ္ဌေးကြီး အကြောင်း အကျယ်ကို မလဝင်၊ မဟာကာလ သေဋ္ဌေးကြီး ဝတ္ထုမှာ ရှုပါ။]

ဂန္ဓကုဋိကျောင်းတော်ကို အဘက်ဘက်မှ ပြည့်စုံအောင် ဆောက်လုပ်မှုမ်းမပြီးသေးသောအခါ အပရာဇိတသူကြွယ်သည် အရှင်ယသနမှ တစ်ဆင့် ဘုရားရှင်ကို ပင့်လျှောက်၏။ ဝိပဿီဘုရားရှင်သည် ဂန္ဓကုဋိ ကျောင်းတော်သို့ ကြွတော်မူလာရာ ပြရဝုဏ်သို့ ရောက်သောအခါ ရပ်တန့်တော်မူ၏၊ ရပ်တန့်တော်မူခြင်းအကြောင်းကား၊ ပရဝုဏ်တွင် ပဆစ်ဒူးမြုပ်အောင် ကြဲထားသော ရတနာမျိုးစုံတို့ကြောင့်ဖြစ်၏။ "လူတို့သည် ကျောင်းတော်သို့ လာ၍ ကြည့်ရှုသော ရတနာတို့ကို ကောက်ယူသွားကြသော်လည်း ငါတို့ တားမြစ်ရန် မထင့်ပေ။ မတားမြစ်၍ ယူသွားကြသောအခါ" ပြည်၊ ငါတို့ အရှင်တို့သည် မိမိ၏ အလုပ်အကျွေး ဒါယကာတို့ ဆောင်ယူသည်ကိုမျှ မတားမြစ်ရဲပါကလား"ဟု ကျောင်းဒါယကာသည် အမျက်ထွက်မိလျှင် အပါယ်လားရှာလေလိမ့်မည်"ဟု သနားသောအားဖြင့် ရပ်တော်မူနေလေသည်။

အပရာဇိတသူကြွယ်ကား ထိုအဖြစ်ကို မသိသဖြင့် "ကြွတော်မူပါ ဘုရား"ဟု ထပ်ကာ ထပ်ကာ လျှောက်ထား၏။ သုံးကြိမ်မြောက် လျှောက်သည်တွင်ကား ဝိပဿီဘုရားရှင်သည် အရှင်ယသနကို ကြည့်ရှုတော်မူ၏။ အရှင်ယသနသည် ဘုရားရှင်၏ အလိုတော်ကိုသိသည်ဖြစ်၍ မိမိညီဖြစ်သူအား ဘုရားအလိုတော်ကို လျှောက်ထားတတ်ရန် သင်ကြားပေး၏။ အပရာဇိတသူကြွယ်က "အရှင်ဘုရား၊ လူတို့သည် သစ်ပင်ရိပ်သို့ ဝင်ပြီးလျှင် ဝံ့ကွက်ခြင်းမရှိဘဲ ပြန်ထွက်ကုန်သကဲ့သို့ လည်းကောင်း၊ မြစ်ကို ကူးမြောက်ပြီးလျှင် ကူးတို့လှေကိုငဲ့ကွက်ခြင်းမပြုဘဲ ထွက်သွားကြသကဲ့သို့လည်းကောင်း၊ ရတနာတို့၌ ငဲ့ကွက်ခြင်းမပြုဘဲ ကြွတော်မူပါဘုရား"ဟု လျှောက်ထား၏။ ဤသို့ လျှောက်ထားခါမှ ဘုရားရှင် ဝင်တော်မူလေသည်။

ထို့နောက် အပရာဇိတသူကြွယ်သည် ဂန္ဓကုဋိ ကျောင်းတော်၌ အစောင့်အရှောက်များ ချထားပြီးလျှင် အိတ်များ၊ တောင်းများနှင့်ယူသူများကို တားမြစ်စေ၏။ လက်နှင့်ယူသူများကိုကား ခွင့်ပြုစေ၏။ သေ ငွေးများကို လက်တစ်ဖက်ဖြင့်သာ ယူစေ၍ သူဆင်းရဲများကိုကား လက်နှစ်ဖက်ဖြင့် ယူခွင့်ပြုစေ၏၊ ဤသို့ ခွင့်ပြုထားသဖြင့် ရတနာများကုန်သွားသောအခါ သုံးကြိမ်ပြည့်အောင် ကြဲဖြန့်၏။ ဘုရားရှင်၏ ခြေတော်ရင်း၌လည်း အဖိုးအတိုင်းမသိ ထိုက်တန်သော ပတ္တမြားကို ထား၏။ "ရတနာများကိုယူရန်၊ ပတ္တမြားကိုကြည့်ရှုရန်၊ ဘုရားရှင်၏ ရောင်ခြည်တော်များကို

ဖူးမြော်ရန် လာကြသေသူတို့သည် ဆင်းရဲခြင်းမှ လွတ်ငြင်းကြကုန်လတ္တံ့”ဟု ရည်ရွယ်၍ ဤသို့ စီမံထားခြင်းဖြစ်ပေသည်။

တစ်နေ့သ၌ မိစ္ဆာအယူရှိသော ပုဏ္ဏားတစ်ယောက်သည် ဘုရားရှင်၏ ခြေတော်ရင်းမှာ ထားသော ပတ္တမြားကို ခါးတောင်းကျိုက်ထဲမှာ ဝှက်၍ ယူသွား၏။ ထိုအဖြစ်ကြောင့် အပရာဇိတသေနင်သည် စိတ်မချမ်းမသာဖြစ်ကာ ဝိပဿီဘုရားရှင်ကို လျှောက်ထား၏။ ဘုရားရှင်က မိမိပစ္စည်းကိုသူတစ်ပါးတို့ မယူဆောင်နိုင်သော နည်းလမ်းကိုညွှန်ပြတော်မူ၏။ ထိုဖြစ်၍ အပရာဇိတ သူကြွယ်သည် ဘုရားရှင်ကို ရှိခိုးပြီးလျှင် “အရှင်ဘုရား၊ ယနေ့မှစ၍ တပည့်တော်၏ ဥစ္စာကို မြတ်ဆာချည်မျှင်သော်လည်း အပည့်တော်ကို အနိုင်အထက်ပြု၍ မည်သူမျှ မယူနိုင်ပါစေသတည်း။ ရာဇပေါင်းများစွာသော မင်းတို့သည်လည်းကောင်း၊ ခိုးသားတို့သည်လည်းကောင်း ယူနိုင်ပါစေသတည်း။ မီးနှင့် ရေတို့လည်း မဖျက်ဆီးနိုင်ပါစေသတည်း”ဟု ဆုတောင်း၏။ ဝိပဿီ ဘုရားရှင်ကလည်း “တောင်းသောဆုနှင့် ပြည့်စုံပါစေသတည်း”ဟု ဆုပေးတော်မူ၏။ ထိုကျောင်းပူဇော်ပွဲ၌ ခြောက်သန်း ရှစ်သိန်းမျှရှိသော ရဟန်းများကို ကျောင်းတိုက်အတွင်းမှာ ကိုးလပတ်လုံး အလှူကြီးပေး၏။

ဤသို့အားဖြင့် အပရာဇိတ သူကြွယ်သည် တစ်သက်တာလုံးကုသိုလ်ကောင်းမှုပြု၍ ကွယ်လွန်သောအခါ နတ်ပြည်၌ဖြစ်၏။ နတ်စည်းစိမ်၊ လူ့စည်းစိမ်တို့ကို ကြိမ်ဖန်များစွာ ခံစားနေရာမှ ဤဘုရားရှင်၏ လက်ထက်တော်တွင် ရာဇဂြိုဟ်မြို့တော် သေဌေးတစ်ဦး၏ အိမ်တွင် ဖွားမြင်လာလေသည်။

ထိုသတို့သားဖွားမြင်သည်နှင့်တစ်ပြိုင်နက် ရာဇဂြိုဟ်မြို့တော် တစ်ခုလုံးရှိ လက်နက်များ၊ အဝတ်ဆင်များသည် အရောင်အဝါ တောက်ပလာကြကုန်၏။ ဖခင်သေဌေးကြီးသည် နံနက်စောစောဝ ဗိမ္ဗိသာရမင်းကြီးထံ စောရန်သွားသောအခါ မင်းကြီးက ထူးခြားလာသော အတိတ်နိမိတ်တို့၏ အကြောင်းကိုမေး၏။ သေဌေးကြီးက “ကျွန်တော်မျိုး အိမ်တွင် သတို့သားငယ် ဖွားမြင်လာသောကြောင့် ဖြစ်ပါသည်၊ ကုသိုလ်ကံနှင့် ပြည့်စုံသူ တစ်ယောက် ဖြစ်ပါသည်”ဟု လျှောက်တင်၏။ ဤတွင်ဗိမ္ဗိသာရမင်းကြီးက “ဤသို့ဆိုလျှင် သူငယ်ကို ကောင်းစွာ စောင့်ရှောက်လေ့လေလော့”ဟု မိန့်ကြားပြီးလျှင် သူငယ်၏ မုန့်ဖိုးအတွက် နေ့စဉ် အသပြာတစ်ထောင်ပေးစေ၏။ ထိုသူငယ်ကို အမည်မှည့်သောအခါ ရာဇဂြိုဟ်မြို့တော် အရောင်

အဝါတောက်ပခဲ့သည်ကို အကြောင်းပြု၍ "ဇောတိက သတို့သား" ဟု ခေါ်ဝေါ်ကြလေသည်။

ဇောတိကသတို့သား အရွယ်ရောက်၍ အိမ်ဆောက်ရန် မြေအပြင်ကို သုတ်သင်ရှင်းလင်းကြသောအခါ သိကြားမင်းသည် လက်သမားအသွင်ဖန်ဆင်း၍ ချဉ်းကပ်လာ၏၊ သိကြားမင်း လက်သမားသည် အခြားလက်သမားများကို ဖယ်ရှားပြီးလျှင် တစ်ဆယ့်ခြောက်မင်း ပယ်စာမျှရှိသော အရပ်ကို စိုက်ကြည့်လိုက်သေရာ ထိုနေရာအားလုံးသည် ကသိုဏ်းဝန်းကဲ့သို့ အညီအညွတ်ဖြစ်လာ၏၊ ထို့နောက် မြေပြင်ကို စိုက်ကြည့်၍ တောင့်တလျက်မှ ရတနာ ခုနစ်ပါးဖြင့် ပြီးသော ဘုံခုနစ်ဆင့်ပြာသာဒ်ကြီးပေါ်လာ၏၊ ထို့နောက် ရတနာ ခုနစ်ပါးဖြင့်ပြီးသော တံတိုင်းခုနစ်ထပ်တို့ ပေါ်လာကြပြန်၏၊ ပြာသာဒ်ကြီး၏ ထောင့်လေးခု၌ တစ်ယူဇနာ၊ သုံးဂါဝုတ်၊ ယူဇနာဝက်၊ တစ်ဂါဝုတ် အသီးသီးရှိသော ရွှေအိုးကြီးလေးလုံး ပေါ်ပေါက်လာကြ၏၊ ရှေးကပြုခဲ့သော ကောင်းမှုအားလျော်စွာ ထန်းပင်ပမာဏရှိသော ရွှေကြာပင်ကြီး လေးပင်သည်လည်း ပြာသာဒ်၏ ထောင့်များ၌ ပေါ်ပေါက်လာကြလေသည်။

ဗိမ္ဗိသာရမင်းကြီးသည် ဇောတိကသတို့သား၏ စည်းစိမ်ဥစ္စာများ ပေါ်ပေါက်လာပုံကို ကြားသိသဖြင့် သဌေးကြီးတို့ ဆောင်းထိုက်သော ထီးကို ပေးပို့၏၊ ဤသို့ဖြင့် ဇောတိက သဌေးကြီးဟူ၍ အမည်ကျော်ကြားလာ၏။ ထိုအချိန်တွင် ဇောတိကသဌေးကြီးနှင့် ကုသိုလ်ကောင်းမှုပြုလုပ်ဖက် ဖြစ်ခဲ့ဖူးသော မြေ ကျောက်ကျွန်းသူ အတုလကာယီကို နတ်တို့က ပို့သကြ၏၊ မြောက်ကျွန်းသူသည် သူနှင့်အတူ ဆန်တစ်စလယ်နှင့် ပတ္တမြားခုံလေးခုနက် သုံးခုတို့ကို ယူလာခဲ့၏။ ထမင်းချက်ချိန် ရောက်သောအခါ ထိုဆန်ကို အိုးထဲမှာထည့်ပြီးလျှင် ပတ္တမြားခုံလေးခုနက် သုံးလုံးပေါ်မှာ တည်ထားလိုက်၏။ ထိုအခါ ပတ္တမြားခုံလေးခုနက်တို့မှ မီးလျှံထွက်လာ၍ ထမင်းကျက်လျှင် အလိုလိုငြိမ်းသွား၏။ ဟင်းချက်သောအခါ၌လည်း ထို့အတူပင်ဖြစ်၏၊ ဤဆန်တစ်စလယ်ချက်ကိုပင် ဇောတိက သဌေးကြီးမောင်နှံ ရာသက်ပန်စား၍ နေကြ၏၊ ထိုတစ်စလယ်ချက်သည်ပင် အလိုရှိသောအခါ ဆန်လည်း အစီးဘာတ်ရာချက်မျှ ပွားများလာလေသည်။

တစ်နေ့သ၌ ဗိမ္ဗိသာရမင်းကြီးသည် ဇောတိကသဌေး၏ ရတနာပြာသာဒ်ကို ကြည့်ရှုရန်ရောက်လာ၏၊ ပထမတံခါးမုခ်မှာ သန့်ရှင်းရေးပြုလုပ်ရသော ကျွန်မသည် မင်းကြီးကို လက်ကမ်း၍ ကြိုဆို၏၊ ဗိမ္ဗိသာရ

မင်းကြီးမှာ သေဌေးကတော်အင်မတန်ကာ ရှက်ရွံ့ကာ ကျွန်မ၏လက်ကို မကိုင်ပါ ပေ။ အတွင်းဘက်တံခါးတို့မှ ကျွန်မများကိုလည်း ထိုအဘူပင် မထိကိုင်ပါ ပေ။ ထိုစဉ်တွင် ဇောတိက သေဌေးလာရောက် ကြိုဆိုကာ "အရှင်မင်းမြတ်၊ ကြွတော်မူပါ"ဟု လျှောက်ထား၏။ ဗိမ္ဗိသာရမင်း ကြီးသည် ပတ္တမြား ခင်းထားသော မြေကို အသွတ်ချနက်လှစွာသော ချောက်ကြီးကဲ့သို့ ထင်မှတ်နေ၍ မဆင်းစံ ပေ။ ဇောတိက သေဌေးက "အရှင်မင်းကြီး၊ တွင်းကြီးမဟုတ်ပါ၊ ကျွန်ုပ်၏နောက်မှ လိုက်တော်မူပါ" ဟု လျှောက်တင်၍ ရှေ့က သွားပြခါမှ ဗိမ္ဗိသာရမင်းကြီး လိုက်ပါခဲ့ လေသည်။

ထိုစဉ်တုန်းက အဇာတသတ် ခင်းသားငယ်သည် ခမည်းတော်၏ လက်ချောင်းများကို ဆွဲကိုင်ကာ လိုက်ပါလာလေရာ "ငါ၏ခမည်းတော် သည် မိုက်လေစွတကား၊ သေဌေးဆိုသူက ရတနာပြသာဒ်မှာ နေပါလျက် ခမည်းတော်မှာ သစ်သားနန်းတော်၌ နေရ၏၊ ငါသာ မင်းဖြစ်ခဲ့လျှင် ဤသေဌေးအား ထိုပြာသာဒ်မှာ နေခွင့်မပြုအံ့"ဟု ကြံစည်၍ ဆုံးဖြတ်ထား လေသည်။

ရတနာပြာသာဒ်ထက်သို့ ရောက်သောအခါ ဇောတိကသေဌေး ကြီးသည် ဗိမ္ဗိသာရမင်းကြီးအား နံနက်စာကျွေးမွေး၏။ ထမင်းမစား ရွှေခွက်ထဲဖြင့် နို့ဃနာကို တည်ထားပြီး ထိုအပေါ်မှတစ်ဖန် ရွှေခွက် ထဲခုကို တည်ကာ စားတော်ထမင်းကို ထည့်ပေး၏။ အောက်ရွှေခွက်မှ အငွေ့ဖြင့် အပေါ်ရွှေခွက်မှ စားတော်ထမင်းသည် ပူမို၍မြိန်ရှက်ဖွယ် ဖြစ် လာ၏။ ဗိမ္ဗိသာရမင်းကြီးသည် အနံ့အရသာကောင်းမွန်လှသော စား တော်ထမင်းများကို စားသောက်၍ အားမရအောင် ဖြစ်နေရာ ဇောတိက သေဌေးက "အရှင်မင်းကြီး၊ သင့်လျော်လောက်ပါပြီ၊ ဤထက်ပို၍ မစား သင့်ပါ။ အစားများသွားသဖြင့် အရှင်မင်းကြီးမှာ ထိုင်းထိုင်းမှိုင်းမှိုင်း ဖြစ် သွားပါလျှင် ကျွန်တော်မျိုးမှာ ကဲ့ရဲ့ဖွယ် ဖြစ်ပါလိမ့်မည်"ဟု လျှောက် တင်ရ၏။

သေဌေးကတော်သည်ကား မင်းကြီးရောက်လာကြောင်းကို မသိ သေးသဖြင့် သူ၏တိုက်ခန်းတွင်းမှာသာနေ၏။ ဗိမ္ဗိသာရမင်းကြီးက သေ ဌေးကတော်ကိုပါတွေ့ချင်ကြောင်း အမိန့်ရှိခါမှ မင်းကြီးအမိန့်ကို ပြောပြ ကြရ၏။ ဤသို့ ပြောက်ကျွန်းသူ သေဌေးကတော်သည် "ဪ၊ ငါတို့ ကား ကုသိုလ်ကောင်းမှုကို မသန့်မရှင်း ပြုမိခဲ့ကြ၍ ငါတို့ကို အစိုးရသော

သူ ရှိနေချေ်ဘကား''ဟု ညည်းညူပြောဆိုပြီး ထိုနောက် ဇောတိက သေဋ္ဌေးကာ မှာကြားလိုက်သည့်အတိုင်း ထန်းရွက်ယပ်ဝန်းကို ယူလာ၍ မင်းကြီးထံ ချဉ်းကပ်ပြီးလျှင် ယပ်လေခတ်၍ နေရလေသည်။

ထိုသို့ ယပ်လေခပ်နေစဉ်ပင် သေဋ္ဌေးကတော်၏ မျက်လုံးအစုံတို့မှ မျက်ရည်များတွေတွေကျလာ၏။ ဤအဖြစ်ကို ဗိမ္ဗိသာရမင်းကြီးတွေ့မြင်ရ၍ ''သေဋ္ဌေးကြီး မိန်းမသည်ကား ဘယ်ကြောင့်ငိုရသနည်း။ သင်တို့၏ စည်းစိမ်ကို ငါက လုယူမည်ထင်၍ သေဋ္ဌေးကတော်သည် ငိုယိုနေဘိ၏။ ငါက လုယူမည်မဟုတ်ကြောင်း ပြောပြ၍ သေဋ္ဌေးကတော်ကို ချော့မော့ပါလော့''ဟု မိန့်ကြား၏။ ဇောတိက သေဋ္ဌေးကြီးက ''အရှင်မင်းကြီး၊ သေဋ္ဌေးကတော်သည် ငိုယိုနေသည်မဟုတ်ပါ။ ကျွန်တော် မျိုးတို့သည် မီးရောင်နှင့် လုံးဝမထိတွေ့ဘဲ ပတ္တမြားရောင်ဖြင့်သာ နေကြပါသည်။ အရှင်မင်းကြီးတို့ကား မီးရောင်ဖြင့်နေကြပါသည်။ မီးရောင်ဖြင့်နေသော အရှင်မင်းကြီး၏ ကောင်းတော်မှ အနံ့ကို ရှူမိ၍ သေဋ္ဌေးကတော် မျက်ရည်ကျခြင်းဖြစ်ပါသည်။ ဤမှနေ၍ အရှင်မင်းကြီးတို့လည်း ပတ္တမြားရောင်ဖြင့် နေတော်မူကြပါကုန်''လျှောက်တင်ကာ သခွားသီးမျှရှိသော ပတ္တမြားတုံးကြီးကို ဆက်သလိုက်လေသည်။

ထိုနောက် အဇာတသတ်မင်းသား အရွယ်ရောက်လာသောအခါ ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို သတ်ဖြတ်၍ ထီးနန်းသိမ်းပိုက်၏။ ထိုမှ တစ်ဆင့် ဇောတိက သေဋ္ဌေး၏ ပြာသာဒ်ကို သိမ်းယူရန်စစ်တပ်ကြီးစွာဖြင့် ချီတက်လာ၏။ ဇောတိက သေဋ္ဌေးကြီး၏ တံတိုင်းနားသို့ ရောက်သော အခါ တံတိုင်းမှာ ထင်ဟပ်နေသော မိမိ၏ စစ်သည်ဗိုလ်ပါများကို မြင်လေရာ ဇောတိကသေဋ္ဌေးကြီး၏ စစ်သည်ဗိုလ်ပါများဟု ထင်မှတ်နေ၍ အနားသို့မကပ်ဝံ့ပေ။ ယင်းတံခါးမှုခ်ခုနစ်ခုတွင် နတ်ဘီလူးခုနစ်ယောက်တို့ကအစောင့်အရံများနှင့် စောင့်ရှောက်နေကြရာ ပထမတံခါးမုခ်မှာစောင့်နေသော ယမကောဋ္ဌနတ်ဘီလူးသည် မိမိ၏အခြံအရံများနှင့်တကွ တိုက်ထုတ်လိုက်သဖြင့် အဇာတသတ်မင်း၏ စစ်တပ်ကြီးပျက်စီး ဖရိုဖရဲပြေးသွားကြရလေသည်။

အဇာတသတ်မင်းသည် ကြံရာမရသဖြင့် ဝေဠုဝန်ကျောင်းတော်သို့ ဝင်လာခဲ့၏။ ထိုစဉ်တွင် ဇောတိက သေဋ္ဌေးကြီးသည်လည်း ဘုရားရှင်ထံ တော်တွင် ဥပုသ်စောင့်နေသည်ဖြစ်ရာ အဇာတသတ်မင်း လာသည်ကို မြင်လျှင် ထ၍ ရိုးဦးကြိုဆို၏။ အဇာတသတ်မင်းက''သေဋ္ဌေးကြီး၊ သင်၏စစ်သား

များကို ငါနှင့်စစ်တိုက်ရန် စေခိုင်းထားပြီးလျှင် သင်ကိုယ်တိုင်ကား ဤကျောင်းတော်သို့လာ၍ ဥပုသ်စောင့်ယောင် ဆောင်နေသည် မဟုတ်လောသလော''ဟု မေးမြန်း၏၊ ဇောတိကသေဌေးကြီးက ''အရှင်မင်းမြတ်၊ အရှင်တို့သည် ကျွန်တော်မျိုး၏ပြာသာဒ်ကို သိမ်းယူရန် သွားရောက်ကြသည် ထင်၏၊ ကျွန်တော်မျိုး၏ စိတ်အလိုတူစွာ မပေးခဲ့ပါလျှင် မင်းတစ်ထောင်လာ၍ယူသော်လည်း ကျွန်တော်မျိုးအိမ်ကို မယူနိုင်ပါ''ဟု လျှောက်တင်၏၊ အဇာတသတ်မင်းက ''သင် မင်းဖြစ်နေသလော''ဟု ဒေါသဖြင့် မေးမြန်း၏၊ ဇောတိက သေဌေးကြီးက ''အရှင်မင်းမြတ်၊ ကျွန်တော်မျိုးကား မင်းမဟုတ်ပါ၊ သို့သော် ကျွန်တော် မပေးသော ဥစ္စာကို မြတ်စွာ ချည်မျှင်မျှသော်လည်း မယူနိုင်ပါ။ ယခု ကျွန်တော်မျိုး၏ လက်ဆယ်ချောင်းတွင် လက်စွပ်နှစ်ဆယ် ရှိကြပါသည်။ စွမ်းနိုင်လျှင် ဖြုတ်၍ ယူတော်မူပါလော့''ဟု ဆို၍ လက်ကိုတမ်း၍ ပေးလိုက်လေသည်။

အဇာတသတ်မင်းသည်ကား ခွန်အားဗလ အလွန်ကောင်းသူ ဖြစ်၏၊ မြေပေါ်၌ ဒူးထောက်ထိုင်လျက်ခုန်လျှင် တစ်ဆယ့်ရှစ်တောင်အမြင့်သို့ ရောက်၏၊ ရပ်လျက်ခုန်လျှင် အတောင်ရှစ်ဆယ် အမြင့်သို့ရောက်၏၊ ဤမျှလောက် သန်စွမ်းသော အင်အားဖြင့် လက်စွပ်များကို ထိုမှဤမှလှည့်လည်၍ ချွတ်ပါသော်လည်း တစ်ကွင်းဆိုလေမျှ ကျွတ်မပါလာချေ။ ဤတွင် ဇောတိကသေဌေးကြီးက ''မင်းမြတ်၊ ဝတ်လုံစောင်ကို ဖြန့်တော်မူပါ''ဟု လျှောက်တင်၍ လက်များကို ဖြောင့်စွာထား၍ ညွှတ်ပေးလိုက်ရာ လက်စွပ်အားလုံး လျှောကျသွားလေသည်။

အဇာတသတ်မင်း၏ ဤသို့သော အမူအရာကို မြင်ရသဖြင့် ဇောတိက သေဌေးကြီးသည် လူ့ဘောင်၌နေထိုင်ရန် ငြီးငွေ့ထိတ်လန့်က ''အရှင်မင်းမြတ်၊ ကျွန်တော်မျိုးအား ရဟန်းပြုခွင့် ပေးတော်မူပါ''ဟု လျှောက်တင်၏။ အဇာတသတ်မင်းကလည်း ခွင့်ပြုလိုက်၏၊ ဇောတိက သေဌေးသည် ဘုရားရှင်ထံတော်၌ ရဟန်းပြုကာ မကြာမီပင် ရဟန္တာ ဖြစ်လေသည်။

အရှင်ဇောတိက် ရဟန္တာ ဖြစ်သွားသည်နှင့် တစ်ပြိုင်နက် ရတနာပြာသာဒ်နှင့်တကွ စည်းစိမ်အားလုံး ကွယ်ပျောက်သွား၏၊ တစ်နေ့သ၌ ရဟန်းတို့သည် တရားသဘင်၌ စည်းဝေးကြ၍ ''ငါ့ရှင်၊ ရတနာပြာသာဒ်၌ လည်းကောင်း၊ မိန်းမ၌လည်းကောင်း သင် တပ်မက်ပါသေးသလော'' ဟု မေးမြန်းကြ၏၊ အရှင်ဇောတိကက ''တပ်မက်ခြင်း မရှိတော့ပါ''ဟု

ဖြေကြား၏။ ဤအသုံးအနှုန်းမှာ ရဟန္တာတို့၏ အသုံးအနှုန်း ဖြစ်နေ၍ မယုံကြည်နိုင်သော ရဟန်းများက ဘုရားရှင်ထံလာ၍ လျှောက်ထားကြ၏။ ဘုရားရှင်က အရှင်ဇောတိက၏ စကားကို ထောက်ခံတော်မူပြီးလျှင် အထက်ပါ ဓမ္မဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၄၁၈။ အကြင်ပုဂ္ဂိုလ်သည် လူတို့၏ အစီးအပွားကို ပယ်စွန့်၍ နတ်တို့၏ အစီးအပွားကို လွန်မြောက်၏။ အလုံးစုံသော အစီးအပွားနှင့် မယှဉ်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောကြား၏။

## ကခချသည်၏သားရဟန်း(ပထမ)

ဝေဠုဝန် ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ကခချသည် ဘဝမှ ရဟန်းပြုလာသော ရဟန္တာ အရှင်မြတ်တစ်ပါးကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော် မူလေသည်။

ထိုရဟန်းသည် ဘုရားအမှူး ရှိသော သံဃာတော် များနှင့်အတူ ဆွမ်းခံဝင်လေရာ ကခချသည်၏သားတစ်ယောက် ကပြနေသည်ကိုတွေ့ရ၏။ ဤတွင် အခြားရဟန်းများက "ငါ့ရှင် ကခချသည်၏သားသည် သင် ကပြဖူးသကဲ့သို့ကပြ၍နေ၏။ သင်သည် ကပြခြင်း၌ တွယ်တာမှုရှိသေးသလော" ဟု မေးမြန်းကြ၏။ ထိုရဟန်းက "တွယ်တာခြင်း မရှိတော့ပါ" ဟု ဖြေဆို၏။ ဤအသုံးအနှုန်းမှာ ရဟန္တာတို့၏ အသုံးအနှုန်း ဖြစ်နေ၍ မယုံကြည်နိုင်သော ရဟန်းတို့က ဘုရားရှင်ထံ လျှောက်ထားကြလေရာ ဘုရားရှင်က ထိုရဟန်း၏ စကားကို ထောက်ခံတော်မူပြီး လျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော် မူလေသတည်း။

ဒေသနာတော်

၄၁၉။ ကာမဂုဏ်တို့၌ မွေ့လျော်ခြင်းကို လည်းကောင်း၊ ထိုယ်ငြိမ်ရာ၌ မမွေ့လျော်ခြင်းကို လည်းကောင်း၊ ပယ်စွန့်၍ ငြိမ်းအေးပြီးသော ဥပဓိ မရှိသော၊ အလုံးစုံသော လောကကို လွှမ်းမိုး၍ တည်သော၊ ရဲရင့်သော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရား ဟောကြား၏။

စတုတ္ထ—ကြွမ်

## ကချေသည်၏သား ရဟန်း(ဒုတိယ)

အထက်ပါ ဝတ္ထုအတိုင်း ဖြစ်၏။

**ဒေသနာတော်**

၄၂၁။ အကြင်ပုဂ္ဂိုလ်သည် သတ္တဝါတို့၏ သေခြင်းကို လည်းကောင်း၊ ဝဋ်သံသရာ၌ နေခြင်းကို လည်းကောင်း အချင်းခပ်သိမ်းသိ၏။ ငြိကပ်ခြင်း မရှိသော၊ သုဂတိသို့ ကောင်းစွာ ကျင့်သော၊ သစ္စာလေးပါးကို သိသော ထိုပုဂ္ဂိုလ်ကို ငါဘုရားသည် ဗြာဟ္မဏဟူ၍ ဟောကြား၏။

## အရှင် ဝင်္ဂီသ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် လူ့ဦးခေါင်းခွံများကို ခေါက်ကြည့်ကာ ထိုသူတို့၏ သွားရာဂတိကို ဟောကြားလေ့ရှိသော အရှင်ဝင်္ဂီသကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

အရှင်ဝင်္ဂီသသည် ပုဏ္ဏားဘဝတုန်းက ထိုအတတ်ပညာဖြင့် လှည့်လည်ဟောပြော၍ အသက်မွေးလေ့ရှိသူ ဖြစ်၏။ ဝင်္ဂီသပုဏ္ဏားနှင့် သူ့အဖွဲ့ ပုဏ္ဏားများသည် နယ်တကာ ရပ်တဆော လှည့်လည်ရာမှ သာဝတ္ထိမြို့တော်သို့ ရောက်လာကြ၏။ ထိုပုဏ္ဏားတို့သည် ကျောင်းတော်သို့ တရားနာလာကြသော အရိယာသာဝကများအား “ဝင်္ဂီသပုဏ္ဏားတို့ထံ လာ၍ဆွေမျိုးများ၏ သွားရာဂတိကို မေးကြကုန်လော့” ဟု တိုက်တွန်းကြ၏၊ တရားနာလာသူများက “ဝင်္ဂီသပုဏ္ဏားသည် ဘာကိုသိသနည်း။ ငါတို့ဘုရားရှင်နှင့်တူသူမရှိ”ဟု ဆိုကြ၏၊ နှစ်ဖက်လုံးက အလျှော့မပေးဘဲ ငြင်းခုံနေကြသဖြင့် “မည်သူသည် တကယ်သိသနည်း”ဟု လက်တွေ့သိနိုင်စေရန် ဝင်္ဂီသပုဏ္ဏားအား ဘုရားကျောင်းတော်သို့ ခေါ်ဆောင်လာကြလေသည်။

ဘုရားရှင်သည် ဝင်္ဂီသပုဏ္ဏားတို့ လာနေသည်ကို သိရှိတော်မူသဖြင့် ငရဲဘုံ၊ တိရစ္ဆာန်ဘုံ၊ လူ့ဘုံ၊ နတ်ဘုံတို့သို့ လားကြရသော ဦးခေါင်းခွံ လေးခုနှင့် ရဟန္တာပုဂ္ဂိုလ်၏ ဦးခေါင်းခွံတို့ကို ယူထားရန် စေခိုင်းတော်မူ၏၊ ဦးခေါင်းခွံများ ရောက်လာကြသောအခါ အစဉ်အတိုင်း ချထားစေတော်မူ၏၊ ဝင်္ဂီသပုဏ္ဏား ရောက်လာကြသောအခါ ထိုဦးခေါင်းခွံ

များကို ပြသ၍ သူတို့၏လားရာဂတိကို မေးမြန်းတော်မူ၏။ ဝင်္ဂီသပုဏ္ဏားသည် ဦးခေါင်းခွံ ငါးခုတို့ကို ခေါက်၍ကြည့်ပြီးလျှင် ရှေ့လေးခုတို့၏ လားရာဂတိကို အမှန်အတိုင်း ပြောပြနိုင်၏၊ ရဟန္တာပုဂ္ဂိုလ်၏ ဦးခေါင်းခွံကိုကား မပြောပြနိုင်တော့ချေ။ ဤတွင် ဘုရားရှင်က "ဝင်္ဂီသ၊ ထို ဦးခေါင်းခွံ၏ လားရာဂတိကို ငါဘုရား သိ၏"ဟု မိန့်ကြား၏။ ဝင်္ဂီသ ပုဏ္ဏားက ဤသို့ သိခြင်းမှာ မန္တန်ထန်ခိုးကြောင့် ဖြစ်သည်ဟု ထင်မှတ်၍ "ထိုသို့ သိနိုင်စွမ်းသော မန္တန်ကို တပည့်တော်အား သင်ပေးပါဘုရား"ဟု လျှောက်ထားလေသည်။

ဘုရားရှင်က "ဝင်္ဂီသ၊ ရဟန်းမဟုတ်သူအား ဤမန္တန်ကို သင်ပေးရန် မတတ်နိုင်"ဟု မိန့်ကြားတော်မူ၏။ ဝင်္ဂီသပုဏ္ဏားသည် "ဤမန္တန်ကို သင်ယူပြီးလျှင် ဇမ္ဗူဒိပ်တစ်ကျွန်းလုံး၌ ငါသည် အကြီးမြတ်ဆုံးဖြစ်ရအံ့" ဟု မျှော်လင့်ကာ ဘုရားရှင်တော်ထံတွင် ရဟန်းပြု၏။ ရဟန်းပြုပြီးသော အရှင်ဝင်္ဂီသအား ဘုရားရှင်က သုံးဆယ့်နှစ်ကောဋ္ဌာသ ကမ္မဋ္ဌာန်းကို မန္တန်၏ အခြေခံအဖြစ်ဖြင့် သင်ပေးတော်မူ၏။ အရှင်ဝင်္ဂီသသည် ထိုကမ္မဋ္ဌာန်းများကို ရွတ်ဖတ်သရဇ္ဈာယ်ရင်း နှလုံးသွင်းလေရာ သုံးရက်တာမျှဖြင့် ရဟန္တာဖြစ်၏။ သူ၏အဖွဲ့ဝင်ပုဏ္ဏားများက သူ့ထံလာရောက်၍ "မန္တန် သင်ယူပြီးပြီလော၊ သင်ယူပြီးလျှင် သွားကြပါစို့"ဟု လာခေါ်ကြရာ အရှင်ဝင်္ဂီသက "ဒါယကာတို့၊ ငါသည်ကား နောက်ကြောင်းတစ်ဖန် ပြန်သွားရန် မထိုက်တော့ပြီ"ဟု ပြောဆို၏။ ဤအသုံးအနှုန်းမှာ ရဟန္တာတို့၏ အသုံးအနှုန်းဖြစ်၍ မယုံကြည်နိုင်သော ရဟန်းတို့က ဘုရားရှင်ထံ လာရောက်ကာ လျှောက်ထားလေရာ ဘုရားရှင်က အရှင်ဝင်္ဂီသ၏စကားကို ထောက်ခံတော်မူပြီးလျှင် အောက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသည်။

## ဒေသနာတော်

၄၂၂။ အကြင်ပုဂ္ဂိုလ်အား အတိတ်ခန္ဓာ၌ လည်းကောင်း၊ အနာဂတ် ခန္ဓာ၌ လည်းကောင်း၊ ပစ္စုပ္ပန်ခန္ဓာ၌ လည်းကောင်း ကြောင့်ကြ ခြင်း မရှိပေ။ ကြောင့်ကြခြင်း မရှိသော၊ စွဲလမ်းခြင်း မရှိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏ ဟူ၍ ငါဘုရား ဟောကြား၏။

စတုတ္ထအကြိမ်

# အရှင်မ ဓမ္မဒိန္နာ

ဝေဠုဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ခက်ခဲသော အမေးပုစ္ဆာတို့ကို တိကျမှန်ကန်စွာ ဖြေဆိုခဲ့သော အရှင်မ ဓမ္မဒိန္နာကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

အရှင်မ ဓမ္မဒိန္နာသည်ကား ရာဇဂြိုဟ်မြို့နေ ဝိသာခသူဌေး၏ ဇနီးဖြစ်၏။ ဝိသာခသူဌေးသည် တစ်နေ့သ၌ ဘုရားရှင်ထံမှ တရားတော်ကို ကြားနာရ၍ အနာဂါမိဖိုလ်သို့ ဆိုက်ရောက်သွား၏။ အနာဂါမိပုဂ္ဂိုလ်တို့သည် ကာမရာဂနှင့် ဒေါသကို အကြွင်းမဲ့ ပယ်ပြီးဖြစ်၍ ဇနီးသည် ဓမ္မဒိန္နာအပေါ်၌ ကာမရာဂနှင့်ယှဉ်သော စိတ်သဘော မရှိတော့ပေ။ ယခင်နေ့များတုန်းက ဆိုလျှင်ကား ကျောင်းတော်မှ ပြန်လာလျှင် ဝိသာခသည် ဇနီးသည်အား ပြုံး၍ နှုတ်ဆက်နေကျ ဖြစ်၏။ ထိုနေ့တွင်ကား တံခါးဝမှ စောင့်ကြိုနေသော ဓမ္မဒိန္နာကို မကြည့်ဘဲ သူ့ဘာသာ အိမ်တွင်းသို့ ဝင်သွား၏။ ဓမ္မဒိန္နာကား 'တစ်ခုသော အကြောင်းကြောင့် အမျက်ထွက်နေသလော၊ ထမင်းပွဲကျမှ အကြောင်းမှန်ကို သိရတော့မည်'ဟု တွေးတောကာ ထမင်းပွဲ ပြင်ဆင်၍ ပေးပို့၏။ ခါတိုင်းနေ့တွင် ဇနီးသည်နှင့် ထမင်းလက်ဆုံ စားနေကျဖြစ်သော ဝိသာခသူဌေးသည် ထိုနေ့တွင်ကား ဓမ္မဒိန္နာကို မခေါ်တော့ဘဲ သူတစ်ယောက်တည်းသာလျှင် တိတ်ဆိတ်စွာ စားလေသည်။

ဓမ္မဒိန္နာသည် ထမင်းပွဲကို တိတ်ဆိတ်စွာ သိမ်းဆည်းကာ သက်တောင့်သက်သာ ထိုင်နေသော ဝိသာခထံသို့ ချဉ်းကပ်သွား၏။ ထိုအခါတွင်မှ ဝိသာခသူဌေးက "ဓမ္မဒိန္နာ၊ ဤအိမ်ရှိ စည်းစိမ်ဥစ္စာအားလုံးကို သင်တစ်ယောက်တည်းသာ ယူပါလေတော့။ ငါတို့ကား အနာဂါမိဖိုလ်၌ တည်ပြီးဖြစ်၍ တစ်စုံတစ်ရာမျှ စီမံခန့်ခွဲခြင်း မပြုလိုတော့ပြီ"ဟု ဆို၏။ ဤတွင် ဓမ္မဒိန္နာက "ရဟန်းပြုခွင့် ပေးပါ"ဟု တောင်းဆို၏။ ဝိသာခသူဌေးသည် ဓမ္မဒိန္နာ၏ တောင်းဆိုချက်ကို ခွင့်ပြုပြီးလျှင် ပူဇော်ပွဲကြီး ခမ်းနားစွာ ကျင်းပ၍ ဓမ္မဒိန္နာအား ဘိက္ခုနီများ၏ ကျောင်းသို့ ပို့ဆောင်ပေးလေသည်။

ရဟန်းပြုပြီးနောက် အရှင်မ ဓမ္မဒိန္နာသည် တောရွာဇနပုဒ်သို့ သွားရောက် နေထိုင်၍ တရားအားထုတ်လေရာ မကြာမီမှာပင် ရဟန္တာအရှင်မ တစ်ပါး ဖြစ်လာ၏။ ရဟန်းကိစ္စ ပြီးစီးသွားပြီဖြစ်၍ အရှင်မ ဓမ္မဒိန္နာသည်

"ငါ့ကိုအမှီပြု၍ ဆွေမျိုးများသည် ကောင်းမှုကုသိုလ် ပြုဖြစ်ကြကုန်အံ့"ဟု ရာဇဂြိုဟ်မြို့တော်သို့ ပြန်လာ၏။ ဝိသာခဥပါသကာသည်ကား ထိုအဖြစ်ကိုမသိသေးသဖြင့် "အရှင်မသည် သာသနာ့ဘောင်၌ ပျော်မှ ပျော်ပါ၏လော" ဟု သံသယဝင်ကာ၊ တိုက်ရိုက်အားဖြင့် မေးလျှောက်ရန်လည်း မသင့်လျော်သဖြင့် အရှင်မဓမ္မဒိန္နာထံသို့ ဝင်ရောက်ကာ တရားသဘောနှင့် ပတ်သက်သော မေးခွန်းများကို မေးမြန်း၏။ ဝိသာခဥပါသကာသည် သက္ကာယနှင့်၊ ဥပေက္ခာဝေဒနာ၊ အဝိဇ္ဇာ၊ ဝိဇ္ဇာတို့နှင့် တူညီသော တရားများကို မေးလျှောက်ပြီးလျှင်-

"အရှင်မ၊ ဝိမုတ္တိဟူသော အရဟတ္တဖိုလ်နှင့် တူညီသောတရားကား အဘယ်ပါနည်း"ဟု မေးလေရာ-

"ဒါယကာ ဝိသာခ၊ ဝိမုတ္တိဟူသော အရဟတ္တဖိုလ်နှင့် တူသောတရားကား နိဗ္ဗာန်ပေတည်း"

"အရှင်မ၊ နိဗ္ဗာန်နှင့်တူသော တရားကား အဘယ်ပါနည်း"

"ဒါယကာ ဝိသာခ၊ သင်၏ မေးခွန်းများ ကျော်လွန်၍ သွားချေပြီ။ အတုမရှိသော နိဗ္ဗာန်တရားကို အတုရှာ၍ ဖြေဆိုနေရလျှင် ဆုံးနိုင်တော့မည် မဟုတ်ချေ။ ဒါယကာ ဝိသာခ၊ ဘုရားရှင်တို့ သာသနာတော်အစ်ခုလုံးသည် နိဗ္ဗာန်မှ အကျုံးဝင်၏။ နိဗ္ဗာန်သာလျှင် လားရာရှိ၏။ နိဗ္ဗာန်မှာပင် လမ်းဆုံး၏။ ထို့ကြောင့် နိဗ္ဗာန်နှင့်တူသော တရားကို မပြောကြားနိုင်တော့ပါ။ ဤမျှဖြင့် မကျေနပ်သေးပါလျှင် ဘုရားရှင်ထံသို့ ချဉ်းကပ်၍ မေးမြန်းပါလော့"

ဤသို့ အရှင်မ ဓမ္မဒိန္နာက ဖြေဆိုခဲ့သည်ကို ဝိသာခဥပါသကာသည် ဘုရားရှင်ထံ လျှောက်ထားလေရာ ဘုရားရှင်ကလည်း "ဒါယကာ ဝိသာခ၊ ငါ၏သမီးတော် ဓမ္မဒိန္နာသည် အမေးပုစ္ဆာကို ကောင်းစွာ ဖြေဆိုခဲ့ပြီ။ ငါဘုရားကိုယ်တိုင် ထိုအမေးပုစ္ဆာကို ဖြေဆိုရလျှင်လည်း ဤသို့သာ ဖြေဆိုရပေလိမ့်မည်"ဟု မိန့်ကြားတော်မူပြီးလျှင် စည်းဝေးနေကြသော ပရိသတ်များအား တရားစကား ဟောကြားတော်မူလိုသဖြင့် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၄၂၁။ နွားလားဥသဘနှင့်တူသော၊ မြတ်သောလုံ့လရှိသော၊ သီလစသော မြတ်သော ဂုဏ်ကျေးဇူးတို့ကို ရှာမှီးလေ့ရှိသော၊ တဏှာ

ကင်းပြီးသော၊ ကိလေသာ အညစ်အကြေးကို ဆေးလျှော်ပြီးသော၊ သစ္စာလေးပါးကို သိသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏ ဟူ၍ ငါဘုရား ဟောကြား၏။

## အရှင်အင်္ဂုလိမာလ

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင် သီတင်းသုံးတော်မူစဉ် ဆင်ကြမ်းကြီးကို မကြောက်ရွံ့သော အရှင်အင်္ဂုလိမာလကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

ကောသလမင်းကြီး၏ အသဒိသအလှူတော်ကြီး၌ အရှင်အင်္ဂုလိမာလအား ထီးမိုးပေးရန် ဆင်ကြမ်းကြီးတစ်ကောင်အား စေခိုင်းကြ၏။ ထိုအလှူမှ ပြန်လာကြသော ရဟန်းများက "ငါ့ရှင် အင်္ဂုလိမာလ၊ ထီးမိုးပေးနေသော ဆင်ကြမ်းကြီးကို မကြောက်အသော"ဟု မေးမြန်းကြ၏။ အရှင်အင်္ဂုလိမာလ က "မကြောက်ပါ ဘုရား"ဟု ဖြေဆို၏။ ဤအသုံးအနှုန်းသည် ရဟန္တာတို့၏ အသုံးအနှုန်းဖြစ်နေ၍ မယုံကြည်နိုင်သော ရဟန်းတို့က ဘုရားရှင်အား လျှောက်ထားကြလေရာ ဘုရားရှင်က အရှင်အင်္ဂုလိမာလ၏ စကားကို ထောက်ခံတော်မူပြီးလျှင် အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဒေသနာတော်

၄၂၄။ အကြင်ပုဂ္ဂိုလ်သည် ရှေး၌ နေခဲ့ဖူးသော ခန္ဓာအစဉ်ကို သိ၏၊ နတ်ဘုံ၊ ငရဲဘုံတို့ကိုလည်း မြင်၏။ ဇာတိကုန်ရာ အရဟတ္တဖိုလ်သို့ ရောက်၏။ ထူးသော ဉာဏ်ဖြင့် သိ၍ နိဗ္ဗာန်သို့ ရောက်ပြီးသော ရဟန်းဖြစ်၏။ အလုံးစုံသော ကိလေသာတို့၏ ကုန်ကြောင်းအကျင့်ကို ကျင့်ပြီးသော ထိုပုဂ္ဂိုလ်ကို ဗြာဟ္မဏဟူ၍ ငါဘုရားဟောကြား၏။

## ဒေဝဟိတ ပုဏ္ဏား

ဇေတဝန်ကျောင်းတော်၌ ဘုရားရှင်သီတင်းသုံးတော်မူစဉ် ဘုရားရှင်အတွက် ရေနွေးနှင့် တင်လဲခဲပို့လှူလာသော ဒေဝဟိတ ပုဏ္ဏားကို အကြောင်းပြု၍ ဤဒေသနာတော်ကို ဟောကြားတော်မူလေသည်။

အခါတစ်ပါး၌ ဘုရားရှင်အား လေနာရောဂါ ထကြွနှိပ်စက်လေ ရာ ထိုစဉ်က အလုပ်အကျွေးဖြစ်သော အရှင် ဥပဝါဏနှင့်သည် ဘုရားရှင်

အတွက် ရေနွေးအရှာထွက်ခဲ့၏။ သာဝတ္ထိမြို့တော်တွင်းသို့ ရောက်သော အခါ အရှင် ဥပဝါနသည် ရေနွေးများကျိုလျက်ရှိနေသော ဒေဝဟိတ ပုဏ္ဏားကို တွေ့မြင်ရသဖြင့် ဘုရားရှင်၏ လေနာရောဂါကို ပြောပြကာ ရေနွေးအလှူခံ၏။ ဒေဝဟိတပုဏ္ဏားသည် "ငါ့အား အရှင်ဘုရားလေစွ" ဟု ဝမ်းမြောက်ဝမ်းသာဖြစ်ကာ ယောကျ်ားတစ်ယောက်အား ရေနွေးအိုးများကို ဆိုင်းနှင့်ထမ်းစေပြီးလျှင် အရှင်ဥပဝါနအား တင်လဲခဲပါ လှူဒါန်း လိုက်၏။ ဆိုင်းထမ်းသူနှင့်အတူ သူကိုယ်တိုင်လည်းလိုက်ပါလာ၏။ ကျောင်း တော်သို့ ရောက်သောအခါ အရှင် ဥပဝါနသည် ဘုရားရှင်အား ရေနွေး ဖြင့် ရေချိုးပေးပြီးလျှင် တင်လဲခဲကို ရေနွေးဖြင့် ဖျော်၍ ဆက်ကပ်၏။ သင့် လျော်သော ဆေးဝါးကို မှီဝဲရသဖြင့် ဘုရားရှင်၏ လေနာရောဂါသည် ထိုခဏမှစပင် ကင်းစင်သွားလေသည်။

ဒေဝဟိတပုဏ္ဏားသည် လေနာရောဂါ ကင်းစင် သွားပြီးသော ဘုရားရှင်ကို ဝမ်းမြောက်ဝမ်းသာ ဖူးမြင်လျက် "အရှင်ဘုရား၊ အဘယ် ပုဂ္ဂိုလ်၌ ပေးလှူသင့်ပါအံ့နည်း၊ အဘယ်ပုဂ္ဂိုလ်၌ ပေးလှူသော အလှူသည် အကျိုးကြီးစွာ ပေးနိုင်ပါသနည်း" ဟု မေးလျှောက်၏။ ဘုရားရှင်က ထိုမေးလျှောက်ချက်နှင့်စပ်ဆိုင်သော အလှူခံပုဂ္ဂိုလ်ကိုညွှန်ပြတော်မူခြင်းငှာ အထက်ပါ ဒေသနာတော်ကို ဟောကြားတော်မူလေသတည်း။

ဓမ္မပဒ ဒေသနာတော်နှင့် ဝတ္ထုတော်များ

ပြီးပါပြီ။

# အက္ခရာစဉ် အညွှန်း

## [ က ]


ကံကုသန်မြတ်စွာဘုရား ၃၇၃
ကလ္လာ၊ ဥယျာဉ်စောင့် ၃၆၄
ကပ္ပိလ ရွှေငါးကြီး ၄၈၃
ကဿပမြတ်စွာဘုရား ၃၇၃
ကဿပဘုရား၏ ရွှေစေတီ ၃၇၈
ကာဏကတိဿသားအမိ ၂၂၂
ကာဠ၊ အရှင် ၃၄၀
ကာလ(အနာထပိဏ်
သေဋ္ဌေးသား) ၃၅၇
ကာဠီမည်သောသုသာန်စောင့်မ ၃၀
ကာဠီ ဘိလုံးမ ၂၂
ကာဠုအမတ် ၃၅၆
ကာဠုဒါယီ၊ အရှင် ၄၄
ကိမိလ၊ အရှင် ၅၂
ကိသာဂေါတမီ၊ အရှင်မ ၂၆၈၊
၄၄၇
ကုက္ကုဋမိတ္တမုဆိုး ၂၈၂
ကုက္ကုဋသေဌေး ၈၁
ကုဏ္ဍလကေသီ၊ အရှင် ၂၅၁
ကုမ္ဘဃောသက သေဌေး ၉၁
ကုမာရကဿပအရှင် ၂၄၉၊ ၃၃၅၊
၃၃၇
ကောကမုဆိုး ၂၈၅
ကောကာလိကရဟန်း ၅၉၊ ၅၀၂
ကောဏာဂုံမြတ်စွာဘုရား ၃၇၃
ကောဏ္ဍည၊ အရှင် ၄၂၇
ကောဏ္ဍဓာန၊ အရှင် ၂၉၅
ကောတုဟလိက ၇၀
ကောလိတ ၃၅၊ ၃၈
ကောသမ္ဗီမြို့သား ရဟန်းများ ၂၅
ကောသလမင်းကြီး ၁၂၈၊ ၁၃၆၊
၃၅၄၊ ၃၆၃၊
၃၈၅၊ ၃၈၃၊
၄၆၅၊ ၄၆၈၊
၄၇၇၊ ၄၈၀၊
၄၈၄၊ ၄၉၇


## [ ခ ]


ခါဏုကောဏ္ဍည၊ အရှင် ၂၆၂
ခုဇ္ဇုတ္တရာ ကျွန်မ ၈၃
ခေမကသေဋ္ဌိသား ၄၆၇
ခေမာ၊ မိဖုရား ၄၉၀


## [ ဂ ]


ဂန္ဓဘသေဌေး၏ထမင်းစားပွဲ ၃၁၁
ဂရဟဒိန္နသူကြွယ် ၁၆၄
ဂေါဓိက၊ အရှင် ၁၆၃

# အကွဲရာစဉ် အညွှန်း


[ဃ]

ဃောသထ နတ်သား ၆၄
ဃောသက သေဌေး ၇၄

[စ]

စက္ခုပါလ၊ အရှင် ၉
စဏ္ဍပဇ္ဇောတမင်း ၈၀
စန္ဒကူးသပိတ် ၃၆၁
စန္ဒပဒုမ္မာ ၄၂၆
စန္ဒာဘ၊ အရှင် ၅၄၀
စပါးကြီးမြို့ပြတ္တာ ၂၉၉
စာလာ ၂၃၉
စိတ္တသူကြွယ် ၁၈၅၊၄၅၉
စိဉ္စမာဏဝိကာ ၃၅၂
စုန္ဒ၊ အရှင် ၁၀၇
စုန္ဒ၊ ဝက်သတ်သမား ၄၀
စူဠကာလ၊ အရှင် ၃၀
စူဠကာဠဥပါသကာ ၃၄၁
စူဠဓနုဂ္ဂဟပဏ္ဍိတ ၄၉၄
စူဠပန္ထက၊ အရှင် ၉၄
စူဠပါလ ၁၀
စူဠရထ နတ်သား ၁၆၂
စူဠသာရီ၊ အရှင် ၄၁၉
စူဠသုဘဒ္ဒါ ၄၆၂
စူဠအနာထပိဏ်သေဌေး ၃၆၈

[ဆ]

ဆတ္တပါဏိဒါယကာ ၁၄၅
ဆန္န၊ အရှင် ၂၀၇

[ဆ]

ဆဗ္ဗဂ္ဂီရဟန်းများ ၂၀၆၊ ၂၉၃
ဆိုနိုင်ခက်ခဲသောရဟန်း ၄၆၇
ဆံကျင်ထုံးသောပုဏ္ဏား ၅၂၄
ဆင်ဆရာဖြစ်ဖူးသောရဟန်း ၄၈၄
ဆွေတော်မျိုးတော်တို့၏
ငြိမ်းချမ်းရေး ၃၇၀

[ဇ]

ဇဋိလသေဌေးကြီး ၅၄၈
ဇာလိနီ နတ်သမီး ၂၃၂
ဇီဝက၊ ဆရာ ၂၂၇
ဇောတိက သေဌေးကြီး ၅၅၂
ဇနပဒကလျာဏီ ၄၅၊၃၂၁
ဇမ္ဗုက၊ အရှင် ၁၇၉

[တ]

တမ္ဗဒါဌိကခိုးသူသတ် ၂၄၅
တိဿ၊ အရှင်(ကမ္ဗလာန်းယူသူ) ၃၃၄
တိဿ၊ အရှင်
(ကောသမ္ဗီမြို့နေ) ၂၃၆
တိဿ၊ အရှင်(ကိုယ်ပုပ်သူ) ၁၂၀
တိဿ၊ အရှင်(ကျေးကက်သွေး
သမားဓါဆရာ) ၂၇၆
တိဿ၊ အရှင်
(တောစဉ်ဝှမ်းဥ်နေသူ) ၅၃၂
တိဿ၊ အရှင်(ရွာနိဂုံးနေ) ၁၀၆
တိဿ၊ အရှင်(သန်းဖြစ်သူ) ၄၁၅
တိဿ၊ အရှင်(အပယ်) ၂၁၄
တိဿရဟန်းကြီး (ရန်ဖြစ်သူ) ၂၀

[တ]
တိဿ
(တောကျောင်းနေ) ၁၉၀
တုသိတာနတ်ပြည် ၅၁
[ဒ]
ဒီဃကာရာယနစစ်သူကြီး ၁၃၅
ဒုသန ဆော ၁၇၀
ဒေဝဒတ် ၃၃၊ ၅၂၊ ၂၂၇
၃၃၆၊ ၃၃၉
ဒေဝဒဟိတပုဏ္ဏား ၅၆၇
[ဓ]
ဓနဉ္စယ သေဋ္ဌေး ၁၄၇
ဓမ္မဒိန္နာ အရှင်မ ၅၆၄
ဓမ္မာရာမ အရှင် ၅၀၂
ဓမ္မိက အရှင် ၂၂၅
ဓမ္မိက ဥပါသကာ ၅၀
[န]
နင်္ဂလကုလ အရှင် ၅၁၀
နန္ဒ အရှင် ၄၄
နန္ဒကျောင်းသား ၁၂၂
နန္ဒလုလင် ၁၈၇
နန္ဒိယသူကြွယ် ၃၉၇
နာဂသမာလ၊ အရှင် ၁၀၁
အရှင် နာဂိတ ၁၀၈
နာဠာဂိရိဆင်ကြီး ၅၇
နိဂဏ္ဌတက္ကတွန်း ၄၇၀
နိဂဏ္ဌတိတ္ထိများ ၁၆၅
နိဂဏ္ဌနာဋပုတ္တဆရာကြီး ၃၆၁
နိမ္မိတ ကိုယ်တော်စား ၃၆၇
နိသဘ အရှင် ၄၂
[ပ]
ပကာသနီယကံ ၅၆
ပစ္ဆိမဗောဓိ ၁၁၈
ပဉ္စဂ္ဂဒါယကာပုဏ္ဏားကြီး ၅၀၄
ပဉ္စသိခနတ်သား ၃၆၉
ပဋာစာရာ၊ အရှင်မ ၂၆၅၊ ၄၄၈
ပဋိသာရဏီယကံ ၁၉၇
ပဏ္ဍိတ သာမဏေ ၂၁၄၊ ၅၃၅
ပဏ္ဍုကမ္ဗလာ ၃၆၆၊ ၃၆၇
ပတိပူဇိကာ ၁၃၈
ပထမဗောဓိ ၁၀၈
ပဗ္ဗာဇနီယကံ ၂၀၇
ပါလိကလုလင် ၁၃
ပါလိလေယျကဆင်မင်း ၂၇
ပါလိလေယျကတော ၂၇
ပါဝေယျကဆင်ကြီး ၄၈၀
ပါဝေယျကတက္ကတွန်း ၁၄၃
ပိဏ္ဍောလဘာရဒွါဇ၊ အရှင် ၃၆၁
ပိလိန္ဒဝစ္ဆ၊ အရှင် ၅၃၇
ပိလောတိကတိဿ၊ အရှင် ၃၃၉
ပုက္ကုသာတိမင်း ၂၄၉
ပုဏ္ဏားစုံ ၃၄၈
ပုဏ္ဏားသေးငွေး ၄၀၃
ပုဏ္ဏ အိမ်ကျွန် ၄၂၄
ပူရဏကဿပဆရာကြီး ၃၆၅
ပေါက္ခရဝဿမိုး ၄၅
ပေါဋ္ဌိလ၊ အရှင် ၄၄၂
[ဗ]
ဗန္ဓုလစစ်သူကြီး ၁၂၉
ဗာဟုပုတ္တိကာ အရှင်မ ၂၇၄

[ဗ]

ဗဟုပဏ္ဍိက ရဟန်း ၃၀၀
ဗာဟိယဒါရုစိယ၊ အရှင် ၂၄၈
ဗိမ္ဗိသာရမင်းကြီး၊ ၃၇၊၉၂၊၃၆၂
၄၅၀၊၄၅၇၊၄၅၈
၄၉၀၊၄၉၈၊၅၅၆၊
၅၅၇၊၅၅၈
ဗိဠာလပဒက သူဌေး ၂၇၉
ဗေလဋ္ဌသီသ၊ အရှင် ၂၃၁
ဗောဓိမင်းသား ၃၃၁
ဗြဟ္မဒတ် ၂၀၉

[ဘ]

ဘဂု၊ အရှင် ၅၂
ဘတ္တာဘတိက ၃၁၂
ဘဒ္ဒဝဂ္ဂီ ညီနောင်သုံးကျိပ် ၁၈၁
ဘဒ္ဒဝတိ သေဋ္ဌေး ၇၆
ဘဒ္ဒိယ၊ အရှင် ၅၂

[မ]

မစ္ဆရိယကောသိယသူဌေး ၁၄၀
မဋ္ဌကုဏ္ဍလီ ၁၆
မဓုရပါစိက ၄၄၄
မလ္လိကာ စစ်သူကြီးကတော် ၁၂၉
မလ္လိကာ မိဖုရား ၁၄၅၊၁၇၂
၃၂၄၊၃၅၅
မဟာကပ္ပိန၊ အရှင် ၁၂၃၊၂၃၃
၅၀၇၊၅၅၄
မဟာကဿပ၊ အရှင် ၁၀၁၊၁၆၁
၂၃၀၊၂၇၅
၃၉၅၊၄၈၁

[မ]

မဟာကာလ ဥပါသကာ ၃၃၈
မဟာကာလ၊ အရှင် ၃၀
မဟာဒုက် ၂၁၄
မဟာဓနကုန်သည် ၂၈၁၊၄၄၆
မဟာဓနသူဌေးသား ၃၂၈
မဟာနာမ်၊ အရှင် ၁၉၅
မဟာနာမ်မင်းကြီး ၁၃၂
မဟာပဇာပတိဂေါတမီ ၄၅၊၅၂၃
မဟာပန္ထက ၉၄
မဟာပါလ၊ အရှင် ၁၀
မဟာဗြဟ္မာမင်း ၃၆၉
မဟာမောဂ္ဂလာန်၊ အရှင် ၃၃၊၉၅
၁၅၇၊၁၉၃၊
၁၉၄၊၂၃၂၊
၂၃၅၊၂၉၉၊
၃၆၀၊၃၆၆၊
၄၃၉၊၄၉၂၊
၅၃၅၊၅၃၉၊
မဟာယထနတ်သား ၁၆၂
မဟာလိ၊
လိစ္ဆဝီမင်းသား ၁၂၈၊၄၅၀
မဟာသေနပုဏ္ဏားကြီး ၁၉၁
မာဂဏ္ဍိပုဏ္ဏားကြီးနှင့်
ပုဏ္ဏေးမကြီး ၈၁
မာဂဏ္ဍိမိဖုရား ၄၇၃
မာတလိနတ်သား ၃၆၉
မာတိကာမာတာ
ဒါယိကာမကြီး ၁၁၀
မာရ်နတ်မင်း ၁၆၄၊၄၁၈

## အက္ခရာစဉ် အညွှန်း


၄၉၅၊၅၁၉

မခရိန္ဒတ်ခင်းဆိုကာမီးခါး ၃၅၉

မိဂါရမာတာ ၁၄၈

မိတ္တသူကြွယ် ၃၃

မူလသီရိ ၁၃၃

မေဃိယ၊ အရှင် ၁၀၈

မေတ္တာကမ်းလေး ငွေကြီး ၄၂၂

မေတ္တာ သုတ် ၁၁၉

မြေမြို့တွင်း ၁၉၂

[ ယ ]

ယသမင်းမင်္ဂလာ ဒွိန္နတ်တီလူ ၅၆၀

ယမကော်ဗေ ၄၅၊၃၄၅

ယဇ္ဇက်ိုယ်သေငွေ ၃၆၁

ယူမ၊ အရှင် ၂၀၅

ရာဟုလာ ၄၆၊၅၃၀

ရာဟုလာ၊ အရှင် ၄၉၅

ရွှေနန္ဒ၊ အရှင် ၃၂၁

[ ရ ]

ရေဝတ ၃၄၃၊ ၄၁၁

ရေဝတ သာသနာ

(ရှားတောနေ) ၂၃၉၊၅၃၅၊၅၄၀

ရေဝတီ ၃၀၉

ရောဟိနီနတ်သမီး ၄၀၀

[ လ ]

လကုဏ္ဍကဘဒ္ဒိယ၊အရှင်

၄၃၁၊ ၄၅၆

လာဇာနတ်သမီး ၂၃၄

လာဠုဒါယီ၊ အရှင်

၁၈၀၊ ၃၂၃၊ ၄၁၃

လိစ္ဆဝီမင်းများ

၁၂၉၊ ၃၉၂၊ ၄၄၉၊

[ ဝ ]

ဝက္ကလိ၊ အရှင် ၅၁၈

ဝင်္ဂီသ၊ အရှင် ၅၆၂

ဝဇ္ဇီတိုင်းသား ရဟန်း ၄၅၉

ဝါသေဋ္ဌတ္တိယ ၁၃၃

ဝါသုလဒတ္တာ ၃၉

ဝိဋ္ဋူဘ ၁၅၈

ဝိပဿီမြတ်စွာဘုရား ၃၃၃

ဝိသာခါနတ်သား ၄၆၃

ဝိသာခါ၏ကျောင်းအမကြီး

၆၂၊ ၁၄၆၊

၂၄၃၊ ၃၃၆၊ ၃၉၀

ဝေဒေဟိ မိဖုရားကြီး ၃၀၃

ဝေလာမ ပုဏ္ဏား ၂၃၃

ဝေရဉ္ဇပုဏ္ဏားကြီး ၂၂၄

ဝေဿဘူမြတ်စွာဘုရား ၃၃၃

ဝေဠုဝန်ဥယျာဉ် ၃၃

ဝက်ပြိတ္တာ ၄၃၉

[ သ ]

သက်သာနတ်ရှိမြို့တံခါး ၃၆၉

သခ်ပုဏ္ဏားကြီး ၄၅၃

သဒ္ဓိဝပုတ္တလုလင် ၃၃၀

သဋ္ဌိကူဋပြိတ္တာ ၁၉၄

သန္တကာယ၊ အရှင် ၅၀၉

သန္တတိအမတ်ကြီး ၃၀၆

သန္တုဿိတနတ်သား ၃၆၇


ရေဝတ္ထုကြိမ်

အက္ခရာစဉ် အညွှန်း


သပ္ပဒါသ၊ အရှင် ၂၆၃
သဘိယပရိဗိုဇ် ၂၄၉
သမ္ဘူတ၊ အရှင် ၃၄၇
သရဒလုလင် ၄၁
သာဂတ၊ အရှင် ၁၈၈
သာနု၊ အရှင် ၄၇၈
သာရိပုတ္တရာ၊ အရှင်
၃၃၊ ၃၅၊ ၄၈၊ ၂၀၂၊ ၂၀[illegible]၊
၂၀၇၊ ၂၃၉၊ ၂၅၅၊ ၃၆၉၊
၄၀၃၊ ၄၄၅၊ ၅၂၃
သိကြားမင်း ၁၀၃၊ ၁၈၂၊ ၂၁၆
၂၇၈၊ ၃၆၉၊ ၄၉၆၊ ၅၃၆
သိခီမြတ်စွာဘုရား ၃၇၄
သိဥ္စည်းဆရာကြီး ၃၉
သိရိဂုတ္တသူကြွယ် ၁၆၄
သိရိမာပြည့်တန်ဆာမ ၃၁၇
သိရိဝဍ္ဎလုလင် ၄၁
သိဝလိ၊ အရှင် ၂၄၁၊ ၅၄၃
သိသူပစာလာ ၂၃၉
သုခ သာမဏေ ၃၁၁
သုဇာ၊ သိကြားမင်းမိဖုရား ၁၆၈
သုဒတ္တ(ဝိသာခါ၏မြေး) ၃၉၁
သုဒဿနလုလင် ၃၈၆
သုန္ဒရသမုဒ္ဒ၊ အရှင် ၅၄၄
သုဒ္ဓေါဒနမင်းကြီး ၄၄၊ ၃၄၄
သုဓမ္မ၊ အရှင် ၁၉၅
သုနက္ခတ္တ၊ အရှင် ၁၀၈
သုန္ဒရီ ပရိဗိုဇ်မ ၁၆၅
သုပ္ပဗုဒ္ဓ နူနာသည် ၁၈၁
သုပ္ပဗုဒ္ဓမင်း ၂၉၁
သုပ္ပဝါသာ ၅၄၃
သုဘဒ္ဒပရိဗိုဇ် ၄၂၇
သုမင်္ဂလသူဌေးကြီး ၂၉၉
သုမန တံခါးစောင့်နတ် ၂၄
သုမန ပန်းသည် ၈၃၊ ၁၈၅
သုမနဒေဝီ(သူဌေးကတော်) ၁၄၇
သုမနသူဌေး ၄၀၄၊ ၅၁၂
သုမနသာမဏေ ၅၁၇
သုမန အရှင်မ ၄၈၇
သုယာမ နတ်မင်း ၃၆၉
သုသိမ ပစ္စေကဗုဒ္ဓါ ၄၅၄
သေန အရှင် ၅၅၃
သေယျသက အရှင် ၂၇၄
သောဏ အရှင် ၅၀၆
သောပါက သာမဏေ ၅၃၅
သောရေယျ သူဌေးသား ၁၀၃
သံကိစ္စ သာမဏေ ၂၅၈
သံဃဒါသီ ၁၅၁
သံဃရက္ခိတ ရဟန်းငယ် ၁၁၄

[ ဟ ]

ဟတ္ထက၊ အရှင် ၄၃၃
ဟတ္ထိကုစ္ဆိစောင်း မန္တန် ၆၈

[ အ ]

အက္ကောသကဘာရဒွါဇ
ပုဏ္ဏား ၅၂၈
အဂ္ဂိဒတ္တပုဏ္ဏား ၃၇၅
အင်္ကုရနတ်သား ၃၆၇၊ ၄၉၉
အင်္ဂုလိမာလ၊ အရှင် ၃၄၈၊ ၃၅၅
အဇာတသတ်မင်း ၃၈၃


စတုတ္ထအကြိမ်

## အက္ခရာစဉ် အညွှန်း


အတ္တဒတ္တ၊ အရှင် ၃၄၂

အတုလကဲမယီ မြောက်ကျွန်းသူ ၅၅၇

အတုလဒါယကာ ၄၁၁

အဒီန္နပုဗ္ဗကာ ၁၆

အဓိမစနိကရဟန်း ၃၂၀

အဓိပုတ္တအာခကော ၂၆၁

အနတ္တလက္ခဏာ ၄၃၀

အနုဘာရမြက်ရိတ်သမား ၅၁၂

အနာထပိဏ်သေဌေးကြီး ၆၊ ၂၇၆၊ ၃၅၇၊ ၄၆၂၊ ၄၆၇

အနိစ္စလက္ခဏာ ၄၃၇

အနိတ္တိဂန္ဓကုမာရသား ၃၆၃

အနုရုဒ္ဓါ၊ အရှင် ၂၇၊ ၅၂၊ ၂၃၂၊ ၃၆၆၊ ၄၀၀၊ ၅၁၂

အနေကဝဏ္ဏနတ်သား ၈၆

အနေသနအမှု ၂၀၇

အနေ့ဘဇမိဖုရား ၂၀၉

အနေ့စမာ၊ အရှင် ၄၂

အနေ့စမဒေသိမ်ဘုရား ၄၁

အပရာဇိတသူကြွယ် ၃၅၃

အပုတ္တကသေဌေး ၄၈၇

အဘယမင်းသား ၃၄၆

အလွှက်ပွဲရသော ၈၇

အဝရုဒ္ဓကဲ့ဘီလူး ၂၅၀

အဿဒိုသအာလူးတော်ကြီး ၃၅၄

အဿဇိ၊ အရှင် ၃၇

အဿဇိနှင့် ပုနဗ္ဗသုကရဟန်း ၂၀၆

အာနန္ဒာ၊ အရှင် ၂၀၊ ၁၆၇၊ ၃၇၇၊ ၃၇၃၊ ၃၅၇၊ ၄၇၆၊ ၅၅၀

အာယုဝဍ္ဍနသတို့သား ၂၅၇


[ ဣ ]


ဣန္ဒကနတ်သား ၃၆၇


[ ဥ ]


ဥဂ္ဂသေဌေး ၄၆၂

ဥဂ္ဂသေန ၅၂၇

ဥစ္စာနသညီ၊ အရှင် ၂၄၇

ဥတ္တရလုလင် ၃၇၁

ဥတ္တရာ၊ အရှင်မ ၃၂၀

ဥတ္တရာဒါယိကာမ ၄၀၂

ဥဒေနမင်းကြီး ၆၆

ဥပက သက္ကဘုမ္မိ ၄၈၅

ဥပစာလာ ၂၃၉

ဥပတိဿ ၃၅

ဥပနန္ဒ၊ အရှင် ၃၃၃

ဥပရိဋ္ဌစ္စကမုဒ္ဒါ ၅၁၃

ဥပ္ပလဝဏ်၊ အရှင်မ ၁၀၅၊ ၅၃၀

ဥပဝါန၊ အရှင် ၅၆၇

ဥပသာန ၂၃၉

ဥပါလိ၊ အရှင် ၃၃၆

ဥမ္မာဒိမင်းသမီး ၄၀၆


[ ဧ ]


ဧကဝိဟာရိ၊ အရှင် ၄၆၄

ဧကသာဋကပုဏ္ဏား ၂၇၂

ဧကုဒါနရဟန္တာ ၄၃၀

ဧရကပတ္တနဂါးမင်း ၃၇၀

ထေရဝါဒ ဗုဒ္ဓဘာသာဆိုင်ရာ သုတ ရသ ဓမ္မ စာစုများကို
သန့်သန့် ခန့်ခန့် ဖော်ပြထားသော
လစဉ်ထုတ် ဘာသာရေး မဂ္ဂဇင်း

ဓမ္မမဂ္ဂဇင်း

ဓမ္မလင်းရောင်၊ မိုက်မှောင် ဖယ်ခွာ
လမ်းသာကိုညွှန်း၊ သာ စခန်းသို့....

ထေရဝါဒ ဗုဒ္ဓသာသနာတော် သန့်ရေးနှင့် တည်တံ့ပြန့်ပွားရေး အတွက်
၁၉၉၀ ပြည့်၊ ဇန်နဝါရီလမှ စ၍ စီစဉ် ထုတ်ဝေသည်။